ပရိယတ္တိပိသာရဒ၊ ပဒ္ဒိပတ္တိသမာယုတ္တ၊ ပဋိဝေဓမာ ဓကာ၊ ဂုဏဥသုံ၊ ရုံကြီး
ရုံသည့်၊ ရန်ကုန်မြို့မ၊ တိဂုမ္ဘစေတီ၊ ရွှေမှီဗဟာန်း၊ ဝံမြန်းပျော်မွှီး၊
မဟာ အောင်မြေဘုံစံ-ကျောင်းတိုက်ကြီးသခင်၊
အဂ္ဂမဟာပဏ္ဍိတ တံဆိပ်တော်ရ

# "အသျှင်စန္ဒိမာ"

ဆရာတော်ဘုရားသည်၊
ဂုစ်ဝါအရ၊ ဂဏာဝါစက၊ စာချပုဂ္ဂိုလ်၊ ပဋ္ဌင်းပျို့အ ဖြစ်က၊
ထုတ်ပြတည်ထွင်၊ စီရင်ရေးသားတော်မူအပ်သော

# တရားပေါင်းချုပ်

ဿရုတ်ဘွဲ့ချီး
မူဟောင်းကြီးဖြစ်သော

# ဓမ္မပဒဝတ္ထုတော်ကြီး။

## တတိယတွဲ။

---

မူပိုင်ရှင်-မောင်ပေါ်ရင်
**ရတနာ့ဝါဒီပိဋကတ် ဆိုင်ကြီး။**
နံပါတ် ၇၀၊ ဘုရားကြီးဈေး၊ ရန်ကုန်မြို့။

---

ရန်ကုန်မြို့။ ဇမ္ဗူ့မိတ်ဆွေပိဋကတ်ပုံနှိပ်တိုက်။
၁၃၁၈-ခုနှစ်၊ တပေါင်းလ။

စာကြည့်တိုက်

# နိဒါန်း။

---

**ဇယတု။** ။အဂ္ဂါတိအဂ္ဂါသနှ၊ စက္ကာဝတိစက္ကာပါဠိ၊ ဒီပါတိ ဒီပုတ္တမ၊ ဥက္ကဋ္ဌနဂရာ၊မဟာမေဒနီ၊ဘူသိခရ၊တူညီမျှသဖြင့်၊ ပမာဏနိုင်း၊တိုင်းကြီး ပြည်ကြီး၊ဝေးနီးမချို၊ အမြို့မြို့တို့မှ၊ခွန်ပို့သုံ ဆောင်၊ ကုန်းဘောင်ကွာဒိန်၊ နရာသိပ်သည်၊ ရန်နှိမ်ပြီးသတ်၊ကျွန်ပြီးလတ်၍၊ သီးမှတ်တင့်ချိုး၊ရန်ကုန် မြို့တော်ကြီး၏၊ ရိပ်ထီးကြက်သရေ၊ ဆက်လက်ဝေ၍၊ တက်နေတမှု၊မက ထောင်သောင်း၊ ရောင်ပေါင်းရွှန်းအိ၊ ဝန်းဝန်းငြိသော၊ တိဂုမ္ဗစေတီတော် ကြီးမှ၊ရှေ့နီးမလှမ်း၊ ဗဟန်းဘောရုံ၊အခြည်တွင်၊ ယခင်ပထမ၊ သမဏ သိက္ခာ၊သုံးဝါအရောက်၊ ရွယ်တော်လောက်က၊ ပြောင်ပြောက်မသုဥ်၊ ရွယ်ရုံထင်၍၊ တည့်ထွင်အစ၊ စာချကျမ်းပြု၊ နှင်းနှစ်ချဉ်၍၊ ရွမ်းမှုသတ္တိ၊ ဗျတ္တိပါကဋ၊ကာရဏဖြင့်၊ ကာလမြင့်ရှည်၊အစွန့်တည်ကြသော၊ ရာဇဂုရု၊ လွှတ်တော်နှံကျော်၊တံဆိပ်တော်ရ-ဆရာတော်ကြီး ဘုရားတို့က၊နှစ်ပါးသော စကျဖြင့်၊အရှည်ကို မြော်ရှုလျက်၊ **စက္ကိန္ဒာဘိ သိရိပဝရ သဒ္ဓမ္မပါလ ကာဝိဓဇ၊ မဟာဓမ္မ ရာဇာဓိရာဇ** ရာဇဂုရု၊ လွှတ်ဘုရ်တ်နှိပ်၊ တံဆိပ်မင်းစံ၊ အလှူတော်ခံရသော၊ ၂၄ဋ္ဌမဘာည၊ ကျမ်းပြုလိမ်မာ၊ ဒုတိယအဓ္ဓကထာ ဆရာဟု၊ရှေးအခါ ခေါ်သမုတ်ကြသော၊ ဆရာတော်ဦးဗုဒ်၏၊ အခါဝတ္ထု ဗိမာန်ကို၊မိန်ဘန်ရော်ဘွန်း၍ မော်ကွန်းသုပိုက်၊ သခိုက်ပဉ္စတ်၊ချိုးမြောက် အပ်ရာ၊ **မဟာအောင်ဒမ်ရုံခုံခံ**၊ အာရုံကျောင်းတိုက်ကြီးနှင့် တကွ၊ အသီးသီးအဝဝ၊မိုးလမ်း ရေလမ်း၊အခန်းခန်းစာသင်တိုက် တို့၌၊သာပိုသ် လှည့်လည်၊မှုကြည်နှင့်ပြီး၊ သိတင်းသုံးတော်မူသော အဂ္ဂမဟာပဏ္ဍိတ၊ တံဆိပ်တော်ရ၊ဆရာတော် **အသျှင်ဓမ္မိန္ဒ** သူမြတ်သည်၊စီရင်တော်မူအပ် သော၊ မာဂဓ ဗျာကရုဏ်း၊ သဒ္ဒနီတိသုတ္တဝဏ္ဏာဒီပနီကျမ်း သမ္ဗောဓပ ဓေ ဒနီကျမ်း၊ သာခကဏ္ဍဒီပိကာကျမ်း၊ နိပ္ဖန္နရိုထိဒီပကကျမ်း၊ ဥပသဂ္ဂတ္ထ ဒီပကကျမ်း၊ ပစ္စင်္ဂဒါနဒီပကကျမ်း၊ မဓုရာသဘာဝနခါကျမ်း၊ ပဒမတ္တ သရုပဝဏ္ဏနာကျမ်း၊သတ္တုဂါဓဝစာတမ်း၊ ဝိနိစ္ဆယစာတမ်း၊သိဟဠ္ဍအဋ္ဌသ စာတမ်း၊ ဗျာကရဏကျမ်း၊ နဝကမ္မဝိနိစ္ဆယကျမ်း၊ အရှင်ဗုဒ္ဓဃောသ ဝတ္ထုစကားပြေကျမ်း၊ မြေပဒဝတ္ထုတော်ကြီး ပထမတွဲကျမ်း၊ဒုတိယ တွဲကျမ်း၊ တတိယတွဲကျမ်း၊ စတုတ္ထတွဲကျမ်း၊ ပဉ္စမတွဲကျမ်း၊ သဒ္ဒတ္ထ

# နိဒါန်း။

ဘောဒပိဏ္ဍာယောဇနာကျမ်း၊ ဋီကာကျော်နိသျှည်း ချန်က်ကျမ်း၊ သမန္တပါသာဒိကာဝိနယ အဋ္ဌကထာ နိသျှည်း ချန်က်ကျမ်းစသော ကျမ်းပေါင်းများစွာတို့တွင်၊ ပါဝင်ပြဆောင်ခဲ့ပြီးသော ဓမ္မပဒဝတ္ထုတော်ကြီးသည်၊ အတိုးတန်ခိုး၊ နူပျိုရှယ်ချစ်၊ စာချပုဂ္ဂိုလ်အဖြစ်၊ ရှစ်ဝါအခရက၊ ပါဝစနမြွေဟျာ၊ ဒေသနာပရိယတ်၊ ပိဋကတ်သုတ္တန်၊ ဝတ်ပြန်လမ်းဟောင်း ကျမ်းအပေါင်းတွင်၊ ကောင်းကင်ဘုံဆိပ်၊ ယုန်တံဆိပ်ကဲ့သို့၊ ဂုဏ်ဟိတ်ထင်ပေါ်၊ အစဉ်ကျော်သော၊ ပါဠိတော်ဓမ္မပဒ နှင့်၊ အဋ္ဌ-ဝတ္ထု၊ အနုသန္ဓေ၊ ဂဟေဆက်စပ်၊ ခက်ကင်ငုပ်ဝင်၊ ပုဒ်အစဉ်ကို၊ သင်္ချိုင်ဖွင့်ပြရာ၊ ဓမ္မပဒအဋ္ဌကထာကျမ်းကြီးတို့သည်၊ တခမ်းတသီး၊ အတိုးကာလ၊ ခါသမယက၊ အာဂမ မဂ်ဖိုလ်၊ တက်ခိုထုတ်ချောက်၊ ထွက်လမ်းပေါက်သူ၊ ရှင်နှင့်လူတို့ကို၊ သိမ်းယူစုပေါင်း၍၊ အလွန်ကောင်းသော၊ ကျမ်းဟောင်းအစစ်၊ ဖြစ်လင့်ကစား၊ မာဂဓဘာသာအားဖြင့်၊ ဟောထားသည်ဖြစ်၍၊ သချင်္ဂါရေကြည်၌၊ နေတည်တံ့နားသော၊ ရတနာ ရနံ့စပါးတို့ကဲ့၊ အများလွယ်ကူ၊ ဆယ်ယူသုံးဆောင်၊ မသုံးဆောင်နိုင်သကဲ့သို့၊ ရှိနေကြသည်များကို၊ ကာရုဉ်စိတ်ထားလျက်၊ နှစ်ပါးဘာသာ၊ သာယာပြေပြစ်၊ ကျမ်းလစ်ကြည်လင်၊ စီစဉ်ချောမွေ့၊ မနှောမွှေ့အောင်၊ များပြောပဲ့ပွဲစည်း၊ အလင်္ကာနည်းတို့ဖြင့်၊ တန်းဆာဆင်ပြီးလျှင်၊ "ဓမ္မပဒဝတ္ထုတော်ကြီး" ဟူသော အမည်အားဖြင့်၊ ထင်ရှားစေ၍၊ ရေးသားထားအပ်သော၊ ကျမ်းမြတ်-၅-ဆူ ဖြစ်တော်မူပါသတည်း။

---

## ဤကျမ်းကြီး-၅-ဆူမှ၊ ရယူရက်ခြင်း၊ လက်ငင်း အကျိုးခုင်းတို့ကား။

၁ ဓမ္မပဒ အဋ္ဌကထာကြီးကို၊ မှီသူမရှိ၍ ကိုးဖွင့်ပြီး ကြည့်ရှုနိုင်ခြင်း၊ ပဋိပဒဉ္စ ဓမ္မသဒ္ဓေါ်ကါမှ အကျိုး။

၂ ကျွတ်တမ်းဝင်သူ၊ ရှင်လူအများနှင့်၊ သက်တော်ထင်လျှာ၊ မြတ်ဘုရားကို၊ ကိုယ်တိုင်သွား၍၊ မြင်ကြသည့်အလား၊ စိတ်အားတန်းရှိ၊ တက်ဘိုးတောက်ပခြင်း သမုဇ္ဇာနှ အကျိုး။

၃ ပစ္စည်းပုဂ်လှူပျက်၊ ဘုန်းပွက်က၊ ယူလျက်ကြည့်လျှင်၊ နတ်ရေခင်ထို့ကြည်လင်ဖြူ၊ ရွှင်ပျနိုင်ခြင်း သဥ္စဟံသန အကျိုး။

နိဒါန်း။

၄ ပယ်နည်း ပွါးနည်း၊ နိဿယသည်းကျ၊ စိတ်ထည်းကပင်၊ ဆင်ခြင်ဆောက်တည်နိုင်ခြင်း **သမာဓိ၏** အကျိုး၊

၅ ကာဗျာအချာ၊ ဝိသနာပါရ်ကာ၊ တခါကြည့်လျှင်၊ အစဉ်**သဘော**၊ ရှိနိုင်ခြင်း၊ **ကာဝေယျ** အကျိုး။ ။အမျိုးမျိုးပြည့်နှက်**သော**၊ ကျမ်း-၅-ဆူကို လစန်းဂုဏ်ရည်၊ ပုဏ္ဏမီထွန်း၏ လပြည့်ဝန်းကြီး များသို၊ စက်ဘင်ပြီးပြီ ဖြစ်ပါကြောင်း။

၎င်းကို့သည်၊စက်တင်ပြီးလျှင်၊မကြာမတင်၊စာရှင်ဒါယကာ၊ကောင်းစွာ ပေါ် ပေါက်၍၊မလောက်နိုင်ခြင်းကြောင့်၊ အကြိမ်ကြိမ်၊စက်တင် ပုံနှိပ်ခဲ့ရပြီ ဖြစ်ပါကြောင်း။

၎င်းမှုကိုမူ၊ မချကြသူ၊ရှင်,လူ အပေါင်းတို့က၊ ထပ်လောင်း ဖန်ဖန်-စက်တင်ရန်တောင်းပန်ကြသောကြောင့်၎င်း။ ။ကျမ်းကြီး ၅ ဆူကို၊မူရင်း မပျက်၊ဆက်လက် စက်ဘင့်စေရန်၊ နိုင်ငံထင်ရှားသော မဟာဒေယျကြီး အများတို့က၊ စာသွားတတန်၊ တမန်ဆင့်လောင်း၊ မြင့်ညောင်းအောင်၊ ခွင့်တောင်း နှိုးဆော်၊ တိုက်တွန်း**တော်** မူကြသော ကြောင့်၎င်း၊ ၊ ဒုတိယမူပိုင်ရှိသူ၊ရှင်ဂုံဘုရားကြီးဈေး၊ **ရေတနဒ္ဒါဝါဒီပိဋကတ်** ဆိုင်ရှင်၊ ကျွန်တော် မောင်**ပေါ်**ရင်က၊ တကြိမ်ထက် တကြိမ်၊ တခါထက် တခါ၊ **သာ**သည့်ထက် **သာ**စေအောင်၊ ကောင်းစွာစိတ်ကြံ၊ အဓိဋ္ဌာန်ဖြင့်၊ ယခု-တဘန်-တတိယတွဲကို၊အားခဲ၍ ဆက်သက်ပုံနှိပ်ရာ၊ ကျမ်းပြုဆရာတော် ကိုယ်တိုင်၊ ကြံခိုင်စေ့ငု-ကြည့်ရှုစောင့်ရှောက်တော်မူသော မူအတိုင်း ဖြစ်ပါ၍၊ မှရချစ်တံ**သိမ့်**ပွယ်၊ စင်ကြယ်လှပ်သော၊ မွေပဒ၊ချိုမြသင်းကြည်၊ ခြသေ့်ဆိကို၊သိဂီရွှေနား၊ **သဒ္ဒါ**ပွါးလျက်၊နာကြား ဘတ်ရှုတော်မူနိုင်ကြ ပါစေသတည်း။

**ဆရာမောင်ဘုရား၏တပည့်**

**အဘယခေမိက ဗုဒ္ဓကျောင်းဆရာတော်**

**ဦးကေတုမာလာ။**

“ဆရာတော် - အသျှင်စန္ဒိမာမှု”

# ဓမ္မပဒဝတ္ထုတော်ကြီး - တတိယတွဲ။

## မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

### ၇ - အရဟန္တဝဂ်။


၃ ဗေလဋ္ဌသီသမထေရ်၏ဝတ္ထု .... .... .... ၁
သောတာပန်တည်ခြင်း .... .... .... ၂
၄ အနုရုဒ္ဓါမထေရ်သင်္ကန်းရသောဝတ္ထု .... .... ၃
ဇာလိနီနတ်သမီး .... .... .... .... ၄
ပံသုကူလသင်္ကန်း .... .... .... .... ၅
သောတာပန်တည်ခြင်း .... .... .... ၆
၅ မဟာကစ္စာယနမထေရ်၏ဝတ္ထု .... .... .... ၇
သိကြားနတ်မင်း .... .... .... .... ၈
သောတာပန်တည်ခြင်း .... .... .... ၉
၆ အရှင်သာရိပုတ္တရာ သည်းခံသောဝတ္ထု .... .... ၁၁
မထေရ်၌ ရန်ငြိုးဖွဲ့ခြင်း .... .... .... ၁၁
သာရိပုတ္တရာမထေရ်ကို လိုက်၍ခေါ်စေခြင်း.... .... ၁၂
သာရိပုတ္တရာမထေရ် လျှောက်ထားချက် .... .... ၁၂
မဟာပထဝီမြေကြီးနှင့် လှုပ်ခြင်း .... .... ၁၃
ကန်တော့ဝန်ချခြင်း .... .... .... .... ၁၄
ရဟန်းကိုးထောင်မှ အရဟတ္တဖိုလ်တည်ခြင်း .... ၁၄
၇ ကောသမ္ဗီ ပြည်၌နေသော တိဿမထေရ်၏ တပည့်ငယ်
သာမဏေဝတ္ထု .... .... .... .... ၁၆
ခုနစ်နှစ်သား သာမဏေ .... .... .... ၁၇
မြတ်စွာဘုရားထံ လျှောက်ထားခြင်း .... .... ၂၀
တိဿမထေရ်ပင်သည်ပဋိသမ္ဘိဒါပတ္တအရဟတ္တဖိုလ်တည်ခြင်း.... ၂၂

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၈ | အချင်းသာရိပုတ္တရားမနေထင်ရှ်၏ဖြစ်ဆိုးသောဝတ္ထု .... | ၂၂ |
| | ပဋိသန္ဓိဒါပတ္တအရဟာတ္တဖိုလ်ရခြင်း .... .... | ၂၄ |
| ၉. | အချင်းသာရိပုတ္တရား၏ ညီတော် တောကျောင်းနေ အချင်း ရေဝတစဝတ္ထု .... .... .... .... | ၂၅ |
| | အထွေးဆုံးရေဝတ .... .... .... .... | ၂၆ |
| | ရေဝတမင်္ဂလာဆောင် .... .... .... | ၂၇ |
| | ရဟန်းပြုလိုသော ရေဝတ .... .... .... | ၂၈ |
| | ရေဝတသည်ရှားတောသို့သိတင်းသုံးခြင်း .... .... | ၃၀ |
| | နတ်ဘိုကကျောင်းဆောက်လှူဒါန်းခြင်း .... .... | ၃၁ |
| | ဂန္ဓကုဋိကိုဘန်ဆင်းခြင်း .... .... .... | ၃၂ |
| | ရဟန်းကြီးနှစ်ပါး .... .... .... .... | ၃၂ |
| | ဝိသာခါ၏ကျွောက်သားချက် .... .... .... | ၃၄ |
| | သောတာပန်တည်ကြခြင်း .... .... .... | ၃၆ |
| | အရှင်သီဝလိ၏ငရှားအကြောင်း .... .... .... | ၃၇ |
| | ငွေတထောင် ပေးရသော ပျားရည် .... .... | ၃၉ |
| | ပြည့်ရှင်မင်းဖြစ်ခြင်း .... .... .... | ၄၂ |
| | ဘုရင့်မယ်တော်ကြီး .... .... .... | ၄၂ |
| | သောတာပန်တည်ခြင်း .... .... .... | ၄၄ |
| ၁၀ | မထင်ရှားသော တယောက်သော မိန်းမ ဝတ္ထု .... | ၄၅ |
| | ပြည့်တန်းဆာမ .... .... ... .... | ၄၇ |
| | ပဋိသန္ဓိဒါပတ္တရဟာန္တာဖြစ်ခြင်း.... .... .... | ၄၇ |


## ၈ သဟဿဝဂ်။


| | | |
|---|---|---|
| ၁ | တမ္ဗဒါဌိက ခိုးသားယောက်ျားဝတ္ထု .... .... | ၄၈ |
| | ခိုးသားငါးရာ .... .... .... .... | ၄၉ |
| | ခိုးသူသတ် တမ္ဗဒါဌိက .... .... .... | ၅၀ |
| | ရှုဘူးကျခြင်း .... .... .... .... | ၅၁ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| | အရှင်သာရိပုတ္တရာအား နှိယာဇုလ္လူခြင်း .... ... | ၅၂ |
| | တုသိတာနတ်ပြည်၌ဖြစ်ခြင်း .... .... .... | ၅၃ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း .... .... | ၅၆ |
| ၂ · | ဗာဟိယ ဒါရုစီရိယ မထေရ်ဝတ္ထု .... .... | ၅၇ |
| | ရဟန်းခုနစ်ပါး .... .... .... .... | ၅၉ |
| | ရဟန်းတော် ငါးပါး.... .... .... .... | ၆၁ |
| | အနာဂါမ်ဖြဟ္မာ .... ... .... .... | ၆၁ |
| | မြတ်စွာဘုရားထံသွားခြင်း .... .... .... | ၆၃ |
| | တရားဟောရန် လျှောက်ထားခြင်း .... .... | ၆၄ |
| | ပဋိသန္ဓိဒါပတ္တ ရဟန္တာဖြစ်ခြင်း .... ... | ၆၆ |
| | နွားမ၌ ပရိနိဗ္ဗာန်စံခြင်း .... .... ... | ၆၉ |
| | သောတာပန်တည်ခြင်း .... .... ... | ၇၀ |
| ၃ | ကုဏ္ဍလကေသီထေရီဝတ္ထု .... .... .... | ၇၁ |
| | ခိုးသူကိုအသပြာဘာထောင်ပေး၍ကြိုက်ခြင်း ... .... | ၇၂ |
| | ခိုးသူ၏သတ်ရန်အကြံ .... .... .... | ၇၅ |
| | သူဌေးသမီးတော်ဝှင်းပန်ချက် .... .... .... | ၇၈ |
| | သူဌေးသမီး၏ပညာစွမ်း .... .... .... | ၈၀ |
| | ခိုးသူသေဆုံးခြင်း .... .... .... .... | ၈၁ |
| | တောင်စောင့်နတ်ကဲ ချီးမွမ်းခြင်း .... .... | ၈၁ |
| | သူဌေးသမီးပရိဗိုဇ်မ .... .... .... | ၈၂ |
| | ဝါဒတထောင်တတ်သော ပရိဗိုဇ်မ .... .... | ၈၃ |
| | ပရိဗိုဇ်မနှင့် အရှင်သာရိပုတ္တရာ .... .... .... | ၈၄ |
| | ပဉှပြဿကိုမေးခြင်း .... .... .... .... | ၈၅ |
| | ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း .... .... | ၈၆ |
| | သောတာပန်တည်ကြခြင်း .... .... .... | ၈၇ |
| ၄ | အနေ့ဥပုသ်ကမည်းအား၏ ဝတ္ထု .... .... .... | ၈၈ |
| | ကြွေအန်ကစားမှု .... .... .... .... | ၉၀ |
| | သောတာပန်တည်ခြင်း .... .... .... | ၉၁ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၅ | အရှင်သာရိပုတ္တရာ မထေရ်၏ ဦးရီးဖြစ်သော ပုဏ္ဏားကြီး ဝတ္ထု။ .... .... .... .... .... | ၉၂ |
| | ဗြဟ္မာ့ပြည်တောင့်တသော အသူ .... .... | ၉၂ |
| | သောတာပန်တည်ကြခြင်း .... .... .... | ၉၃ |
| ၆ | အရှင်သာရိပုတ္တရာမထေရ်၏ ဘူတော်ပုဏ္ဏားဝတ္ထု .... | ၉၅ |
| | သောတာပန်တည်ခြင်း .... .... .... | ၉၆ |
| ၇ | အရှင်သာရိပုတ္တရာမထေရ်၏ အခေါ်ပုဏ္ဏားဝတ္ထု .... | ၉၇ |
| | သောတာပန်တည်ခြင်း .... .... .... | ၉၉ |
| ၈ | အာယုဝဍ္ဎနသတို့သား၏ ဝတ္ထု .... .... | ၁၀၀ |
| | အသက်ရှည်သော အစီအရင် .... .... .... | ၁၀၃ |
| | ကလေးကိုစားမည့် ဘီလူး .... .... .... | ၁၀၄ |
| | သောတာပန်တည်ခြင်း .... .... .... | ၁၀၅ |
| ၉ | သံကိစ္စသာမဏေ၏ ဝတ္ထု .... .... .... | ၁၀၆ |
| | ခုနစ်နှစ်သား သာမဏေ .... .... .... | ၁၀၇ |
| | မီးပုံကြီးအတွင်းမှ မွေးဖွားခြင်း.... .... .... | ၁၀၈ |
| | ရှင်သာမဏေပြုခြင်း ... .... . .... | ၁၀၉ |
| | ရဟန်းသုံးကျိပ် .... .... .... .... | ၁၁၀ |
| | ကျောင်းဆောက်လှူဒါန်းကြခြင်း.... .... .... | ၁၁၂ |
| | သူဆင်းရဲယောကျ်ား .... .... .... | ၁၁၃ |
| | နတ်ပူဇော်သော ခိုးသားငါးရာ ... .... .... | ၁၁၅ |
| | စားကြွင်းစားကြောင့် ရဟန်းသုံးကျိပ်ဒုက္ခ .... .... | ၁၁၇ |
| | သာမဏေကို သန်လျက်ဖြင့်ခုတ်သတ်ခြင်း ... .... | ၁၂၃ |
| | မကြောက်လန့်သောဘုရား .... .... .... | ၁၂၅ |
| | ခိုးသားငါးရာ ရဟန်းပြုကြခြင်း .... .... .... | ၁၂၆ |
| | ခိုးသားငါးရာပဒိုသတို့ဒါပဒ္ဒ ရဟန္တာဖြစ်ကြခြင်း .... | ၁၂၈ |
| | အဓိမုတ္တသာမဏေ ... .... .... .... | ၁၂၉ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| | ဒုဋ္ဌိမုဒ္ဒ သားတော်၏ မိဘများ.... .... | .... ၁၃၀ |
| | ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း .... | .... ၁၃၀ |
| ၁၀ | **ခါဏုကောဏ္ဍည မထေရ်၏ဝတ္ထု** .... | .... ၁၃၁ |
| | ခိုးသားငါးရာ .... .... .... | .... ၁၃၂ |
| | ခိုးသားငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း | .... ၁၃၃ |
| ၁၁ | **သပ္ပဒါသမထေရ်၏ဝတ္ထု** .... .... | .... ၁၃၄ |
| | အိုးဖြင့်ထည့်သော မြွေ .... .... | .... ၁၃၅ |
| | သင်ရန်းဖြင့်သတ်သေရန် ကြံခြင်း .... | .... ၁၃၇ |
| | ကျွန်ဖြစ်ခဲ့ဘူးသောမြွေ .... .... | .... ၁၃၈ |
| | သပိတ်ပရိက္ခရာ လိုချင်မှု .... .... | .... ၁၃၉ |
| | အရဟတ္တဖိုလ်ရခြင်း အကြောင်း .... | .... ၁၄၀ |
| | သောတာပန်တည်ခြင်း .... .... | .... ၁၄၁ |
| ၁၂ | **ပဋာစာရီထေရီမဝတ္ထု** .... .... | .... ၁၄၁ |
| | မိဘတို့စိတ်ထား .... .... .... | .... ၁၄၂ |
| | ပဋာစာရီလင်သား ဒုက္ခ .... .... | .... ၁၄၅ |
| | ပထမသားဦးဖွားခြင်း .... .... | .... ၁၄၆ |
| | လင်မြွေကိုက်၍ သေဆုံးခြင်း .... .... | .... ၁၄၇ |
| | မိုးရေထဲ၌ တညလုံးဒုက္ခ .... .... | .... ၁၄၈ |
| | သားငယ်နှစ်ယောက် သေဆုံးပြန်ခြင်း .... | .... ၁၅၀ |
| | မိဘများသေဆုံးသော သတင်း .... .... | .... ၁၅၁ |
| | အဝတ်အစားမကပ် ရူးသွပ်ခြင်း .... .... | .... ၁၅၃ |
| | မြတ်စွာဘုရားထံရောက်၍ သတိရခြင်း .... | .... ၁၅၄ |
| | ပူဆွေးသောမျက်ရည် သမုဒ္ဒရာမှက .... | .... ၂၅၇ |
| | အရူးပျောက်၍ သောတာပန်တည်ခြင်း .... | .... ၁၅၈ |
| | ပဋာစာရီ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဖြစ်ခြင်း | .... ၁၆၀ |
| ၁၃ | **ကိသာဂေါတမီ ထေရီမဝတ္ထု** .... .... | .... ၁၆၁ |
| | မီးသွေးမှ ရွှေ၊ ငွေပြန်ဖြစ်ခြင်း .... .... | .... ၁၆၃ |

## မာတိကာ။

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။

သားသေကိုပွေ့လျက် ဆေးဝါးရှာခြင်း .... .... ၁၆၄
တယောက်သော ပညာရှိ .... .... .... ၁၆၅
မရနိုင်သော မုန့်ညှင်းဆန် .... .... .... ၁၆၆
သားသေချင်လောင်းဖွင့်ပစ်ခြင်း.... .... .... ၁၆၇
သောတာပန်တည်ခြင်း .... .... .... ၁၆၇
ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဖြစ်ခြင်း .... .... ၁၆၈
ပံသုကူဆောင် ထေရီမ .... .... .... ၁၆၉
သားသမီးတို့ စိတ်သဘောထား.... .... .... ၁၇၀
ရဟန်းတရားကို ကြိုးစားအားထုတ်ခြင်း .... .... ၁၇၂
ပဋိသမ္ဘိဒါပတ္တ ရဟန္တာမဖြစ်ခြင်း .... .... ၁၇၃

---

### ဋ-ပါဝဂ်။

၁ ရူဠကောသလရာဇာမုဋ္ဌားကြီးဝတ္ထု .... .... ၁၇၄
တယောက်တလှည့် တရားနာခြင်း .... .... ၁၇၅
ကောသလာမှုကာသိုး အလှူ .... .... .... ၁၇၆
အဘိုးငွေတသိန်း ကမ္ဗလာ .... .... .... ၁၇၈
သမ္ဗစက္ကူဆုရခြင်း .... .... .... ၁၇၈
သောတာပန်တည်ခြင်း .... .... .... ၁၇၉
၂ သေယျသကမထေရ်ဝတ္ထု .... .... .... ၁၈၁
၃ လာဇာနတ်သမီးဝတ္ထု .... .... .... ၁၈၂
ရွှေဗိမာန်၌ နတ်သမီးဖြစ်ခြင်း .... .... .... ၁၈၄
ရွှေတင်ပြက်စီးနှင့် နတ်သမီး .. .... .... ၁၈၅
နတ်သမီး သောတာပန်တည်ခြင်း ... .... .... ၁၈၇
၄ အနာထပိဏ်သူဌေးကြီး၏ဝတ္ထု. .... .... ၁၈၈
ဆန်ကွဲထမင်းအလှူ.... .... .... .... ၁၉၀
အိမ်တံခါးစောင့်သောနတ် .... .... .... ၁၉၀

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ် |
|---|---|---|
| | သူဌေးကြီးက နတ်ကိုနှင်ခြင်း | ၁၉၁ |
| | နတ်သားက တောင်းပန်ဝန်ချခြင်း | ၁၉၃ |
| | တံခါးစောင့်နတ် သောတာပန်တည်ခြင်း | ၁၉၄ |
| ၅ | **အညတရပရိက္ခာရရဟန်း၏ဝတ္ထု** | ၁၉၆ |
| | သောတာပန်စသည်တည်ကြခြင်း | ၁၉၇ |
| ၆ | **ဗိဠာလပဒကသူဌေး၏ဝတ္ထု** | ၁၉၈ |
| | တယောက်သော ပညာရှိ | ၂၀၀ |
| | စိတ်ထားညံ့သောသူဌေး | ၂၀၁ |
| | သတ်ရန်အားထုတ်သောသူဌေးကြီး | ၂၀၂ |
| | ပညာရှိအား ဝန်ချတောင်းပန်ခြင်း | ၂၀၂ |
| | သူဌေးကြီး သောတာပန်တည်ခြင်း | ၂၀၃ |
| ၇ | **မဟာဓနကုန်သည်၏ဝတ္ထု** | ၂၀၄ |
| | မဟာဓနကုန်သည်နှင့် ခိုးသားငါးရာ | ၂၀၅ |
| | ရဟန်းငါးရာပြန်ကြခြင်း | ၂၀၇ |
| | ရဟန်းငါးရာ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း | ၂၀၈ |
| ၈ | **ကုက္ကုဋမိတ္တမုဆိုး၏ဝတ္ထု** | ၂၀၉ |
| | သူဌေးသမီးနှင့်မုဆိုး | ၂၁၀ |
| | ကုက္ကုဋမုဆိုးထံ မြတ်စွာဘုရားကြွတော်မူခြင်း | ၂၁၂ |
| | သားခုနစ်ယောက် | ၂၁၃ |
| | ချွေးမများနှင့် အတူလိုက်သွားခြင်း | ၂၁၃ |
| | သား,ချွေးမများနှင့်မုဆိုးသောတာပန်တည်ခြင်း | ၂၁၄ |
| | လင်မုဆိုးမသားသောတာပန် | ၂၁၅ |
| | ကုက္ကုဋမိတ္တမုဆိုးအတိတ်ဝတ္ထု | ၂၁၇ |
| | ကဿပ မြတ်စွာဘုရား စေတီတော် တည်ရာတွင် လှူဒါန်းကြခြင်း | ၂၁၇ |
| | စေတီတော်ကို ပြုခဲ့သောကောင်းမှု | ၂၁၈ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၉ | **ကောကခွေးမုဆိုး၏ဝတ္ထု** .... .... .... | ၂၂၀ |
| | ခွေးစာဖြစ်သောမုဆိုး .... .... .... | ၂၂၁ |
| | ခွေးမုဆိုးအတိတ်ဝတ္ထု .... .... .... | ၂၂၃ |
| | အရဟာတ္တဖိုလ်တည်သောရဟန်း .... .... | ၂၂၃ |
| ၁၀ | **မဏိကာရကုလူပကတိဿမထေရ်၏ဝတ္ထု** .... .... | ၂၂၄ |
| | ပတ္တမြားပျောက်မှု .... .... ... .... | ၂၂၅ |
| | မထေရ်အားရိုက်နှက်ခြင်း .... .... .... | ၂၂၆ |
| | ကြိုးကြာဌက်သေခြင်း .... .... .... | ၂၂၇ |
| | တောင်းပန်ခြင်းကိုလက်မခံ .... .... .... | ၂၂၇ |
| | ပရိနိဗ္ဗာန်ပြုခြင်း ... .... .... .... | ၂၂၈ |
| ၁၁ | **တယောဒနဝတ္ထု** .... .... .... .... | ၂၂၉ |
| | ဦးလောင်သေဆုံးသောကျီး .... .... .... | ၂၃၀ |
| | လှေသူကြီးမယား .... .... .... .... | ၂၃၁ |
| | အာဂန္တုရဟန်းခုနစ်ပါး .... .... .... | ၂၃၁ |
| | ကျီး၏အတိတ်ဝတ္ထု .... .... .... | ၂၃၃ |
| | လှေသူကြီးမယားအတိတ်ဝတ္ထု .... .... .... | ၂၃၄ |
| | ခွေးသတ်သေ မိန်းမ.... .... .... .... | ၂၃၅ |
| | ဂူတံခါးပိတ်သောနွားကျောင်းသားအတိတ်ဝတ္ထု .... | ၂၃၆ |
| | တဆဲ့လေးဘဝ ဝတ်ခံရခြင်း .... .... .... | ၂၃၇ |
| | ရဟန်းအများ သောတာပန်စသည်ဖြစ်ခြင်း .... .... | ၂၃၈ |
| ၁၂ | **သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီးဝတ္ထု** .... .... | ၂၃၉ |
| | သုပ္ပဗုဒ္ဓမင်းကြီး မြေကြီးသို့ဝင်ခြင်း .... .... | ၂၄၁ |


## ၁၀-ဒဏ္ဍဝဂ်။


| | | |
|---|---|---|
| ၁ | **ဆဗ္ဗဂ္ဂီရဟန်းဝတ္ထု** .... .... .... .... | ၂၄၄ |
| ၂ | **တနည်း ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထု** .... .... .... | ၂၄၅ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| ၃ | **များစွာသောသဘို့သားတို့၏ဝတ္ထု** .... .... | ၂၄၇ |
| | သောတာပန်တည်သောသတို့သားငါးရာ .... .... | ၂၄၈ |
| ၄ | **ကောဏ္ဍဓာနမထေရ်၏ဝတ္ထု** .... .... .... | ၂၄၉ |
| | နတ်သားအတိတ်ဝတ္ထု .... .... .... | ၂၅၀ |
| | မိန်းမပျိုကိုအဖော်ရဟန်းကမြင်ခြင်း .... .... | ၂၅၁ |
| | အနာထပိဏ်သူဌေးစသည်တို့အား ပြောကြားခြင်း .... | ၂၅၂ |
| | မိန်းမပျိုကိုစောင့်ဖမ်းခြင်း .... .... .... | ၂၅၃ |
| | ကောသလမင်းကြီးက ဆွမ်းဒါယကာခံခြင်း.... .... | ၂၅၄ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း .... .... | ၂၅၆ |
| ၅ | **ဝိသာခါ အစရှိကုန်သော ဒါယိကာမတို့၏ ဥပုသ်သုံးသော ဝတ္ထု** .... .... .... .... .... | ၂၅၈ |
| | မိန်းမငါးရာတို့ ဆုတောင်းပုံ လျှောက်ထားခြင်း .... | ၂၆၀ |
| ၆ | **စပါးကြီးမြွေပြိတ္တာဝတ္ထု** .... .... .... | ၂၆၁ |
| | ကဿပမြတ်စွာဘုရားကျောင်းတော်ကိုမီးရှို့ခဲ့ခြင်း .... | ၂၆၂ |
| | ကျောင်းဒါယကာသူဌေးကြီးစေတနာ .... ... | ၂၆၃ |
| | သူဌေးကြီးအား သတ်လိုသောသူခိုး .... .... | ၂၆၄ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း .... .... | ၂၆၆ |
| ၇ | **မဟာမောဂ္ဂလာန်မထေရ်ဝတ္ထု** .... .... .... | ၂၆၇ |
| | အရှင်မောဂ္ဂလာန်ကိုသတ်ခြင်း .... .... .... | ၂၆၈ |
| | တန်ခိုးပြတော်မူခြင်း .... .... .... | ၂၆၉ |
| | ခိုးသားတို့ကိုဖမ်းဆီးအပြစ်ပေးခြင်း .... .... | ၂၇၀ |
| | အရှင်မဟာမောဂ္ဂလာန်အတိတ်ဝတ္ထု .... .... | ၂၇၂ |
| | မယား၏ဂုံးစကား .... .... ... .... | ၂၇၂ |
| | မိဘနှစ်ပါးကိုပြစ်မှားသောသား.... .... .... | ၂၇၃ |
| | ရဟန်းတော်များသောတာပန်တည်ခြင်း .... .... | ၂၇၅ |
| ၈ | **ဗဟုဘဏ္ဍိကရဟန်း၏ဝတ္ထု** .... .... .... | ၂၇၇ |

| ဝတ္ထုဦးရေ၊ | ဝတ္ထုစဉ်။ | စာမျက်နှာနံပါတ်။ |
| --- | --- | --- |
| | များသောပန္နည်းဘဏ္ဍာ | ၂၇၀ |
| | ရေစောင့်ရက္ခိုသ်ဘီလူး | ၂၇၈ |
| | မင်းသားညီနောင်သုံးယောက်ဝတ္ထု | ၂၈၁ |
| | ဒေဝဓမ္မတရားကို ဟောကြားခြင်း | ၂၈၃ |
| | ဒေဝဓမ္မတရားကြောင့် ဘီလူးလက်မှလွတ်ခြင်း | ၂၈၄ |
| | ဘီလူးကိုတိုင်းပြည်သို့ခေါ်ခဲ့ခြင်း | ၂၈၅ |
| | ဇာတ်တော်ကိုပေါင်းခြင်း | ၂၈၅ |
| ၉ | **သန္တုတ်အမတ်ကြီး၏ဝတ္ထု** | ၂၈၇ |
| | ကချေသည်မလေးသေဆုံးခြင်း | ၂၈၁ |
| | သန္တုတ်အမတ်ကြီးရဟန္တာဖြစ်ခြင်း | ၂၉၀ |
| | သန္တုတ်အမတ်ကြီး ကောင်းကင်မှတရားဟောခြင်း | ၂၉၁ |
| | မြင်း,ရထားစသည်ကို ဘုရင်ကပေးခြင်း | ၂၉၃ |
| | မွေးပျံ့လှိုင်ကြိုင်သောစန္ဒကူးနံ့ | ၂၉၄ |
| | သမဏ-ဗြာဟ္မဏ ပြဿနာ | ၂၉၄ |
| ၁၀ | **ပိလောတိက တိဿမထေရ်ဝတ္ထု** | ၂၉၆ |
| | ပုဆိုးပိုင်းနှင့်အိုးခြမ်းကွဲ | ၂၉၇ |
| | အရဟတ္တဖိုလ်သို့ရောက်ခြင်း | ၂၉၇ |
| | သောတာပန်စသည်ဖြစ်ခြင်း | ၂၉၈ |
| ၁၁ | **သုခသာမဏေ၏ဝတ္ထု** | ၃၀၀ |
| | တသိန်းဘသိန်းတန်ထမင်းစားပွဲ | ၃၀၁ |
| | ဇနပုဒ်တောတွင်းသား | ၃၀၂ |
| | ထမင်းတနပ် သုံးနှစ်ကျွန်ခံခြင်း | ၃၀၃ |
| | ခမ်းနားကြီးကျယ်သော ထမင်းစားပွဲ | ၃၀၅ |
| | အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခြင်း | ၃၀၆ |
| | သူဌေးကြီးက စည်းစိမ်ထက်ဝက်ပေးအပ်ခြင်း | ၃၁၀ |
| | ဘဏ္ဍာဘဏ်ကသူဌေးကြီး | ၃၁၃ |
| | သုခကုမာရသတို့သား | ၃၁၄ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| | ခုနစ်နှစ်သား သာမဏေ .... .... .... | ၃၁၅ |
| | သိကြားမင်းနှင့် နတ်မင်းတို့ကစောင့်ခြင်း .... .... | ၃၁၆ |
| | မြတ်စွာဘုရားကိုယ်တော်တိုင်ထွက်ကြွတန့်ရပ်တော်မူခြင်း | ၃၁၇ |
| | သောတာပန်စသည် တည်ခြင်း .... .... .... | ၃၁၉ |


---

## ၁၁-ဇရာဝဂ်။


| | | |
|---|---|---|
| ၁ | **ဝိသာခါ၏ အဖေါ်မိန်းမတို့ဝတ္ထု** .... .... | ၃၂၀ |
| | အရက်သောက်သော မိန်းမငါးရာ .... .... | ၃၂၂ |
| | အရက်မူး၍ သိဆိုကခုန်ကြခြင်း.... .... .... | ၃၂၃ |
| | သောတာပန်တည်သော မိန်းမငါးရာ .... .... | ၃၂၄ |
| ၂ | **သိရိမာပြည့်တန်ဆာမ၏ဝတ္ထု** .... .... .... | ၃၂၆ |
| | သိရိမာကို ချစ်စွဲလန်းသောရဟန်း .... .... | ၃၂၈ |
| | သိရိမာကိုစွဲ၍ ဒုက္ခဖြစ်သောရဟန်း .... .... | ၃၂၉ |
| | သိရိမာကိုကြည့်ရှုရန် မင်းအာဏာ .... .... | ၃၃၀ |
| | သိရိမာကို ယူချင်သူမရှိ .... .... .... | ၃၃၁ |
| | ရှစ်သောင်းလေးထောင်သောသတ္တဝါတို့ကျွတ်တမ်းဝင်ခြင်း | ၃၃၂ |
| ၃ | **ဥတ္တရာမထေရီမ၏ဝတ္ထု** .... .... .... | ၃၃၃ |
| ၄ | **များစွာကုန်သော အဓိမာနိကရဟန်းတို့ဝတ္ထု** .... | ၃၃၅ |
| | ရဟန်းတော်ငါးရာ .... .... .... .... | ၃၃၆ |
| ၅ | **ဇနပဒကလျာဏီ ရူပနန္ဒာမထေရီမ၏ဝတ္ထု** .... .... | ၃၃၇ |
| | မြတ်စွာဘုရားထံ မသွားဘဲနေခြင်း .... .... | ၃၃၉ |
| | ဖန်ဆင်းအပ်သော တဆဲ့ခြောက်နှစ်ရွယ် မိန်းမငယ် .... | ၃၄၂ |
| | တဆဲ့ခြောက်နှစ်ရွယ်မိန်းမငယ်၏ ဖေါက်ပြန်ပုံ .... | ၃၄၄ |
| | ရူပနန္ဒာမထေရီမ သောတာပန်တည်ခြင်း .... .... | ၃၄၅ |
| | ရဟန္တာထေရီမဖြစ်ခြင်း .... .... .... | ၃၄၆ |
| ၆ | **မလ္လိကာမိဖုရား၏ဝတ္ထု** .... .... .... | ၃၄၇ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | စာမျက်နှာနံပါတ်။ |
|---|---|---|
| | မလ္လိကာသည် မင်းကြီးအားသွန်သင်ပြသခြင်း .... | .... ၃၄၈ |
| | တဆဲ့လေးကုဋေအလှူသည် မကာယနိုင် .... | .... ၃၄၉ |
| | အဝိစိမှလွတ်၍ ဂုဏ်တောဘုံ၌ဖြစ်ခြင်း .... | .... ၃၅၀ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း .... | .... ၃၅၂ |
| ၇ | **လာဠုဒါယီမထေရ်၏ဝတ္ထု** .... .... | .... **၃၅၄** |
| | အဂ္ဂိဒတ္တပုဏ္ဏားနှင့် သားသောမဒတ္တ .... | .... ၃၅၅ |
| | မင်းကြီးသည် ပုဏ္ဏားအားချီးမြှောက်ခြင်း .... | .... ၃၅၈ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း .... | .... ၃၆၀ |
| ၈ | **အာနန္ဒာမထေရ်၏ ဥဒါန်းဂါထာဝတ္ထု** .... | .... **၃၆၁** |
| ၉ | **မဟာဓနသူဌေးသား၏ဝတ္ထု** .... .... | .... **၃၆၃** |
| | သေသောက်ကြူးတို့ ညက်ဆင်ပုံ .... | .... ၃၆၄ |
| | ကုဋေရှစ်ဆယ်ကုန်ခြင်း .... .. . | .... ၃၆၅ |
| | အားလုံးကုဋေ တရာ့ခြောက်ဆယ်ကုန်ခြင်း.... | .... ၃၆၆ |
| | တောင်းခံစားသောက်ရသော သူဌေးလင်မယား | .... ၃၆၆ |
| | လူအများ သောတာပန်တည်ခြင်း .... | .... ၃၆၇ |


---

## ၁၂-အတ္တဝဂ်။


| | | |
|---|---|---|
| ၁ | **ဗောဓိမင်းသား၏ဝတ္ထု** .... .... | .... **၃၆၉** |
| | ဌက်ရှင်လေးသည့်ပုံ.... .... .... | .... ၃၇၀ |
| | သားသမီးမရနိုင်သော ဗောဓိမင်းသား .... | .... ၃၇၁ |
| | သွေပျက်သော လင်မယား .... .... | .... ၃၇၃ |
| | ဗောဓိမင်းသား သောတာပန်တည်ခြင်း .... | .... ၃၇၄ |
| ၂ | **ဥပနန္ဒသာကျပုတ္တမထေရ်၏ ဝတ္ထု** .... | .... **၃၇၅** |
| | မွေ့ကထိက ဥပနန္ဒ .... .... .... | .... ၃၇၇ |
| | ငါးကြင်းသားနှင့် ဖျံနှစ်ကောင် .... ... | .... ၃၇၈ |
| ၃ | **ပဓာနိကတိဿမထေရ်၏ဝတ္ထု** .... .... | .... **၃၈၀** |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| | တရားထူးမရသော ရဟန်းများ.... .... .... | ၃၈၁ |
| | တောသုသာန်ကကြွက် .... .... .... | ၃၈၂ |
| | ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း .... .... .... | ၃၈၄ |
| ၄ | **ကုမာရကဿပ၏မယ်တော် မထေရီမ၏ဝတ္ထု** .... | ၃၈၅ |
| | ကိုယ်ဝန်အတွက် အခက်ကြုံခြင်း .... .... | ၃၈၆ |
| | ကိုယ်ဝန်ဆောင်ကိစ္စ ငါသာခါ့ရှင်းလင်းချက်.... .... | ၃၈၇ |
| | ကုမာရကဿပ ရဟန်းပြုခြင်း .... .... .... | ၃၈၈ |
| | တဆဲ့ငါးရင်သော ပြဿနာ .... .... .... | ၃၈၉ |
| | မယ်တော်နှင့် ပြန်တွေ့ခြင်း .... .... .... | ၃၈၉ |
| | နိဂြောဓသေမင်မင်း .... .... .... .... | ၃၉၁ |
| | သာခသမင်မင်း .... .... .... .... | ၃၉၁ |
| | သမင်ကိုနှေ့စဥ်သတ်သော ဗာရာဏသီမင်း.... .... | ၃၉၃ |
| | သမင်အပေါင်း ကတ်ကောဝတ်ပြုခြင်း .... .... | ၃၉၃ |
| | ကိုယ်ဝန်ဆောင် သမင်မ .... .... .... | ၃၉၄ |
| | အသက်ကိုစွန့်၍ သမင်အပေါင်းတို့ကိုကယ်ခြင်း .... | ၃၉၄ |
| | ဘုရားလောင်းရွှေသမင်ကြောင့် ဘေးမဲ့ဖြစ်ခြင်း .... | ၃၉၅ |
| | ရွှေသမင်မင်းတရားဟော် .... .... .... | ၃၉၆ |
| | သားကိုဆုံးမခြင်း .... .... .... .... | ၃၉၇ |
| | ရွှေသမင်မင်းဩဝါဒကို လိုက်နာခြင်း .... .... | ၃၉၈ |
| | ဓာတ်ပေါင်းတော်မူခြင်း .... .... .... | ၃၉၉ |
| ၅ | **မဟာကာဠဥပါသကာဝတ္ထု** .... .... .... | ၄၀၀ |
| | မိန်းမချောနှင့် ခရီးသွား .... .... .... | ၄၀၂ |
| | မကောင်းကြံသော မင်းချင်းယောကျ်ား .... .... | ၄၀၂ |
| | ရဟန်းများသောတာပန်တည့်ခြင်း .... .... | ၄၀၃ |
| ၆ | **အရှင်ဒေဝဒတ်ဝတ္ထု** .... .... .... | ၄၀၄ |
| | အနန္တကမူသိုး .... .... .... .... | ၄၀၅ |
| | သင်္ကောင်းသော ဆတ်မင်း .... .... .... | ၄၀၆ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| | များစွာသောသူတို့ သောတာပန်တည်ကြခြင်း .... | ၄၀၇ |
| ၈ | **ကလမထေရ်၏ဝတ္ထု** .... .... .... | ၄၀၉ |
| | တရားမနာချင် တားမြစ်သောရဟန်း .... .... | ၄၁၀ |
| | ဥပါသိကာမ သောတာပန်တည်ခြင်း .... .... | ၄၁၁ |
| ၉ | **စူဠကာလဥပါသကာဝတ္ထု** .... .... .... | ၄၁၂ |
| ၁၀ | **အတ္တဒတ္ထမထေရ်၏ဝတ္ထု** .... .... .... | ၄၁၄ |
| | အတ္တဒတ္ထမထေရ် ... .... .... .... | ၄၁၅ |
| | အတ္တဒတ္ထမထေရ် ရဟန္တာဖြစ်ခြင်း .... .... | ၄၁၅ |


---

## ၁၃-လောကဝဂ်။


| | | |
|---|---|---|
| ၁ | **အညတရရဟန်းငယ်၏ဝတ္ထု** .... .... .... | ၄၁၇ |
| | ဝိသာခါ၏မြေး .... .... .... .... | ၄၁၇ |
| | ဆွမ်းခံရင်း ရန်ဖြစ်သောရဟန်း .... .... .... | ၄၁၈ |
| | ရန်ဖြစ်သောရဟန်း သောတာပန်တည်ခြင်း .... .... | ၄၁၉ |
| ၂ | **သုဒ္ဓေါဒနမင်းကြီး၏ဝတ္ထု** .... .... .... | ၄၂၀ |
| | မခည်းတော်အိမ်မကြွဘဲ ဆွမ်းခံကြွတော်မူခြင်း .... | ၄၂၁ |
| | သုဒ္ဓေါဒနမင်းကြီး သောတာပန်တည်ခြင်း .... .... | ၄၂၂ |
| ၃ | **ငါးရာကုန်သော ဝိပဿကရဟန်းတို့၏ဝတ္ထု** .... | ၄၂၃ |
| | ရဟန္တာဖြစ်သော တံလျှပ်ကမ္မဋ္ဌာန်း .... .... | ၄၂၂ |
| ၄ | **အဘယမင်းသား၏ဝတ္ထု** .... .... .... | ၄၂၅ |
| | ခုနစ်ရက်မင်းဖြစ်ခြင်း .... .... .... | ၄၂၆ |
| | အဘယမင်းသား သောတာပန်တည်ခြင်း .... .... | ၄၂၇ |
| ၅ | **သမ္မဇ္ဇနမထေရ်၏ဝတ္ထု** .... .... .... | ၄၂၈ |
| | သမ္မဇ္ဇနမထေရ် ရဟန္တာဖြစ်ခြင်း .... .... | ၄၂၉ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း .... .... | ၄၂၉ |
| ၆ | **အင်္ဂုလိမာလမထေရ်၏ဝတ္ထု** .... .... .... | ၄၃၀ |

| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| | ပုရောဟိတ်ပုဏ္ဏားး | ၄၃၁ |
| | အဟိ သကာလုလင် | ၄၃၂ |
| | မကောင်းကြံသော ကျောင်းသားများ | ၄၃၃ |
| | အဟိ သကာလုလင်ကိုသတ်ရန် ကြံစည်သောဆရာကြီး | ၄၃၄ |
| | ဆရာကြီးစေခိုင်းချက် | ၄၃၄ |
| | အင်္ဂုလိမာလကြောင့် ရွာတွေပျက်စီးကုန်ခြင်း | ၄၃၅ |
| | အင်္ဂုလိမာလမိခင် | ၄၃၆ |
| | အင်္ဂုလိမာလ မြတ်စွာဘုရားနှင့်တွေ့ခြင်း | ၄၃၇ |
| | အင်္ဂုလိမာလ ဧဟိဘိက္ခုရဟန်းဖြစ်ခြင်း | ၄၃၈ |
| | ကောသလမင်းကြီး အင်္ဂုလိမာလဖမ်းရန် ထွက်တော်မူခြင်း | ၄၄၀ |
| | ဘုရင့်စစ်သည်တော်များ ထွက်ပြေးကြခြင်း | ၄၄၂ |
| | ပစ္စည်းလေးပါး ဒါယကာခံခြင်း | ၄၄၂ |
| | ဆွမ်းအတွက် အခက်ကြုံခြင်း | ၄၄၄ |
| | မီးဖွါးခြင်းဒုက္ခ | ၄၄၄ |
| | မီးဖွါးလွယ်သော အင်္ဂုလိမာလပရိတ်တော် | ၄၄၅ |
| | အင်္ဂုလိမာလပရိတ်တော်၏ တန်းခိုး | ၄၄၆ |
| | အရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်ခြင်း | ၄၄၈ |
| | များစွာသောသူတို့ သောတာပန်တည်ခြင်း | ၄၅၀ |
| ၇ | ရက်ကန်းသည်သမီးငယ်၏ဝတ္ထု | ၄၅၁ |
| | ရက်ကန်းသည်မလေး | ၄၅၂ |
| | မြတ်စွာဘုရားသည် တရားမဟော | ၄၅၄ |
| | မြတ်စွာဘုရားထံသို့ သွားခြင်း | ၄၅၅ |
| | ပုစ္ဆာလေးခု | ၄၅၅ |
| | ရက်ကန်းသည်မလေးအား လူအများတကဲ့ရဲ့ရှုတ်ချခြင်း | ၄၅၆ |
| | ရက်ကန်းသည်မလေး သောတာပန်တည်ခြင်း | ၄၅၈ |
| | တုသိတာနတ်ပြည်၌ဖြစ်ခြင်း | ၄၅၉ |
| | အဘရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း | ၄၆၀ |
| ၈ | သုံးကျိပ်ကုန်သောရဟန်းတို့၏ဝတ္ထု | ၄၆၁ |

ဝတ္ထုဦးရေ။ ဝတ္ထုစဉ်။ မျက်နှာနံပါတ်။


များစွာသောသူတို့ သောတာပန်တည်ခြင်း .... .... ၄၆၂

၉ **စိဉ္စမာနဝိကာမိန်းမ၏ဝတ္ထု** .... .... .... ၄၆၃

အဆင်းလှသူ စိဉ္စမာနဝိကာ .... .... .... ၄၆၄
မိန်းမမာယာကို အသုံးပြုခြင်း .... .... .... ၄၆၅
ကိုယ်ဝန်ဆောင်ဟန်ပြလျက် စွပ်စွဲခြင်း .... .... ၄၆၆
စိဉ္စမာနဝိကာ မြေမျိုခြင်း .... .... .... ၄၆၇
မဟာပဒုမမင်းသား.... .... .... .... ၄၆၈
မိဖုရားကြီးများသောအချစ် .... .... .... ၄၇၀
မာယာဖြင့်တင်လျှောက်ချက် .... .... .... ၄၇၁
မတရားသောမင်းကြီး .... .... .... ၄၇၂
နဂါးပြည်၌စံပြီးမှ ရဟန်းပြုခြင်း .... .... ၄၇၃
မူဆိုးနှင့်တွေ့ခြင်း .... .... .... .... ၄၇၉
သားတော်အား အကြောင်းစုံမေးမြန်းခြင်း .... .... ၄၈၀
သားတော်ရသေ့အား ဝန်ချက်တောင်းခြင်း .... .... ၄၈၄
ဓာတ်တော်ကို ပေါင်းတော်မူခြင်း .... ... ၄၈၅
များစွာသောသူတို့ သောတာပန်တည်ခြင်း .... .... ၄၈၅

၁၀ **အသာဒိသာဒါနဝတ္ထု** .... .... .... .... ၄၈၆

မင်းနှင့်ပြည်သူ အပြိုင်အဆိုင်လှူဒါန်းကြခြင်း .... ၄၈၇
ပြည်သူတို့ မပြုနိုင်သော အသဒိသဒါန .... .... ၄၈၈
အင်္ဂုလိမာလနှင်ဆင်ရိုင်း .... .... .... ၄၈၉
တသဲ့လေးကုဋေတန်အလှူကြီး .... .... .... ၄၉၀
ကာလအမတ်နှင့်ဇုဏှအမတ် .... .... .... ၄၉၀
ကာလအမတ်ကိုတိုင်းပြည်မှနှင်ထုတ်တော်မူခြင်း .... ၄၉၃
ဇုဏှအမတ်သောတာပန်တည်ခြင်း .... .... ၄၉၄

၁၁ **အနာထပိဏ်သူဌေး၏ သားဖြစ်သော ကာလသဘိုသား၏ ဝတ္ထု** .... .... .... .... .... ၄၉၆

အသပြာကိုမက်၍ ဥပုသ်စောင့်သူ .... .... ၄၉၇
အသပြာကိုမက်၍ တရားနာရေ့သောတာပန်တည်ခြင်း .... ၄၉၇

ဝတ္ထုဦးရေ။ ဝိတ္ထုစဉ်။ မျက်နှာနံပါတ်။
သောဘာပန်တည်၍ အသပြာဘာသောင်မယူ .... ၄၉၉
စကြဝတေးမင်း စည်းပိမ် စသည်ထက် မြတ်သော သော-
တာပန် .... .... .... .... ၄၉၉

---

## ၁၄-ဗုဒ္ဓဝဂ်။

၁ **မာဂဏ္ဍိယပုဏ္ဏားကြီး၏ဝတ္ထု** .... .... .... ၅၀၁
သမီးမာဂဏ္ဍိကိုသိမ်းပိုက်ရန်လျှောက်ထားခြင်း .... ၅၀၂
မြတ်စွာဘုရား ခြေတော်ရာ .... .... .... ၅၀၂
မာရ်နတ်မင်းသမီးတော်သုံးယောက် .... .... ၅၀၃
မာဂဏ္ဍိပုဏ္ဏားကြီး ခင်ပွန်းလင်မယား အနာဂါမ် တည်
ခြင်း .... .... .... .... .... ၅၀၈
၂ **နတ်ပြည်မှ ဆင်းသက်တော်မူသော ဝတ္ထု** .... .... ၅၁၀
စန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီးများ .... .... ၅၁၁
ဝိဇ္ဇောလဘာချွန်ဖြေမထောင် .... .... .... ၅၁၃
သုံးဂါဝုတ်ရှိသော ကျောက်မျက်ကြီး .... .... ၅၁၃
သူဌေးကြီးသည် အရှင်ပိဏ္ဍောလအား လှူဒါန်းခြင်း .... ၅၁၄
တိတ္ထိတို့သည်တန်းခိုးပြိုင်ရန်အားထုတ်ကြခြင်း .... ၅၁၅
ဗိမ္ဗိသာရမင်းကြီး .... .... .... .... ၅၁၆
တိတ္ထိဆရာကြီးများ စိတ်မကောင်း ဖြစ်ကြခြင်း .... ၅၁၇
တိတ္ထိဆရာကြီးများ မလျှော် .... .... .... ၅၁၉
ဥယျာဉ်စောင့်ကဏ္ဍ.... .... .... .... ၅၂၀
အတောင်ငါးဆယ်မြင့်သော သရက်ပင် .... .... ၅၂၀
တိတ္ထိဆရာကြီးများ ထွက်ပြေးကြခြင်း .... .... ၅၂၂
ဃရဏီ ဥပါသိကာမ .... .... ၅၂၃
ဗုဒ္ဓအနုဿတိဘာ သူဌေး .... .... .... ၅၂၄
စိရအမည်ရှိသော သာမဏေယော .... .... ၅၂၅
ရဒ္ဓသာမဏေယော .... .... .... .... ၅၂၆

မာတိကာ။


| ဝတ္ထုဦးရေ။ | ဝတ္ထုစဉ်။ | မျက်နှာနံပါတ်။ |
|---|---|---|
| | ဥပ္ပလဝဏ်ထေရီမ .... .... .... .... | ၁၂၆ |
| | မဟာမောဂ္ဂလာန် .... .... .... .... | ၁၂၇ |
| | အဖွါးအိုနှင့် ဒုရားလောင်း နွားဥသဘာ .... .... | ၁၂၉ |
| | လှည်းငါးရာကိုတင်ဆောင်ခြင်း.... .... .... | ၁၃၀ |
| | အရုံအရုံသော ယမကာ ပြာဋိဟာ .... .... | ၁၃၃ |
| | မြတ်စွာဘုရားကိုယ်တော်နှင့်နိမ္မိတဘုရား .... .... | ၁၃၆ |
| | တာဝတိံသာ နတ်ပြည်တွင် ဝါဆိုတော်မူခြင်း .... | ၁၃၇ |
| | သိကြားမင်း၏ စိတ်အကြံ .... .... .... | ၁၃၈ |
| | လူအများတို့ ငိုကြွေးကြခြင်း .... .... .... | ၁၃၈ |
| | အရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားကြခြင်း .... | ၁၄၀ |
| | ရှုဋ္ဌအနာထပိဏ်သူဌေး .... .... .... | ၁၄၁ |
| | ရှုန္ဒကနှင့် အကိုရနတ်သား .... .... .... | ၁၄၂ |
| | ရှုန္ဒကနတ်သား ကောင်းမှု .... .... .... | ၁၄၆ |
| | အဘိဓမ္မာ တရားတော် .... .... .... | ၁၄၈ |
| | အဘိဓမ္မာ ရှေးဦးသင်ရဟန်းတော်များ .... .... | ၁၄၉ |
| | ယယ်တော်သန္တုတသိတနတ်သား သောတာပန်ဖြစ်ခြင်း | ၁၅၀ |
| | မြတ်စွာဘုရားအား လျှောက်ထားခြင်း .... .... | ၁၅၀ |
| | တာဝတိံသာမှ ဆင်းသက်တော်မူခြင်း .... .... | ၁၅၂ |
| | ရွှေ,ငွေ,ပတ္တမြား,စောင်းတန်း သုံးခု .... .... | ၁၅၃ |
| | အကျွတ်တရားရသူပေါင်း ကုဋေသုံးဆယ် .... .... | ၁၅၄ |
| | ပြဿနာ မေးတော်မူခြင်း .... .... .... | ၁၅၅ |
| | အရှင်သာရိပုတ္တရာ ပညာ .... .... .... | ၁၅၇ |
| | အတိတ်ဝတ္ထု .... .... ... .... | ၁၅၈ |

ဆရာတော် - အသျှင်စန္ဒိမာမှ

# ဓမ္မပဒဝတ္ထုတော်ကြီး။

တတိယတွဲ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

၇-အရဟန္တဝဂ်။ ၃-ဗေလဋ္ဌသီသတ္ထေရ်၏ ဝတ္ထု။

ယေသံ သန္နိစယော နတ္ထိ။ ။အစရှိသည့်၊ အာဒိမဂါထာ၊ အနက်ကသျှာ၊ ပါဠိဂါထာကို၊ တကျော်မြှေးသူ၊ အလေးမူလျက်၊ ရေးမှုပစ္စယ၊ ကမ္ဘာ့နှစ်ပါး တို့ကို၊ ပွါးများသိမြဲ၊ သိမ်းဆည်းပြုလုပ်၍၊ ဝဋ်ဒုက္ခ သံသရာမှ၊ အခါခါ ပြေးသွား၊ မှောက်မှား များတွေ၊ ဝေနေ အရပ်ရပ်တို့ကို၊ ဆုံးမတော် မူအပ်သော၊ သကတ်ဂုဏ် ဟိတ်အလာကြောင့်၊ သတ္တဝါမည်တော် မူသော မြတ်စွာဘုရားသခင်သည် ပြည့်ခွင်ဘုန်းဗွိ သာဝတ္ထိ ဘောင်စွန် ဇေတဝန်ရွှေကျောင်း၌ စံကိန်းအောင်းတင့်တယ်သပ္ပါယ်မှုဘလျက် အရှင် ဗေလဋ္ဌသီသ အမည်ရသော သာဝက မထေရ်တပါးကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့သတည်း။

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

မြတ်စွာဘုရားသခင်သည် ဘုရားဖြစ်တော်မူပြီးသည်မှ အစဉ်အတိုင်း ကြွတော်မူလာပြီးသော အခါ၊ ဥရုဝေလ တောအုပ်၌ ဥရုဝေလ အမည်ရှိကုန်သော ရသေ့တထောင်တို့ကို ဆုံးမ ကယ်ချွတ်တော်မူသော ကာလ အကျွတ်တရားကိုရကြကုန်သော အရှင်တထောင်တို့တွင် အကြီးဝင်သော အရှင်အာနန္ဒာမထေရ်၏ ဥပဇ္ဈာယ်ဆရာဖြစ်တော်မူသော အရှင်ဗေလဋ္ဌ

သိသမထေရ်သည် နံနက်ရိုးသောက် ကျရောက်သောအခါ၊ ဆွမ်းရှာခံ အံ့သောအလို့ငှါ၊ ရွာ၏အတွင်းသို့ ကြွသွားတော်မူပြီးသော်၊ တရသော လမ်းခရီးကိုရှာမှီးခံယူလျက် သုံးဆောင်ရန် အာဟာရသမျှဆွမ်းအားလုံး ကို ဘုဉ်းပေးတော်မူပြီးလျှင် တဖန်ကြွသွား တပါးသောသမ်းခရီးအကွက် ဌာနသို့ လှည့်လည် ပြီးသော်၊ ဟင်းခဲဘွယ် အမဲလျှာတို့ဖြင့် မရောမယှက် သက်သက်သော ဆွမ်းကိုသာခံယူ၍၊ ကျောင်းသို့ သွားရောက်ပြီးလျှင်။ သိမ္မီးသိမ်းဆည်း၍ ထားပြီးကာ "အမြဲမပြတ်ရွာအရပ်သို့ ဆွမ်းကပ်ခံယူ ခြင်းမည်သည် ဆင်းရဲငြိုငြင်ပင်ပန်းသော သဘောရှိ၏" ဟု ကြံဘောဝ်မူ၍၊ နှစ်ရက်,သုံးရက်တို့ပတ်လုံး ဈာန်ဟူသည်းဟူသော ချမ်းသာဖြင့် လွန်မြောက် စေပြီးသောအခါ၊ အာဟာရ သုံးဆောင်ခြင်းဖြင့် အလိုရှိသည် ရှိသော်၊ သိမ်းဆည်းသိမ္မီး၍ထားအပ်သောသိုထမင်းခြောက်ကို ရေနှင့်ရောနှော၍ သောက်မျိုသုံးဆောင်၏။ရဟန်းတို့သည် ထိုအကြောင်းကို သိရှိသောအခါ၊ ကဲ့ရဲ့ရှုတ်ချပြောဆိုကြပြီး၍ ထိုသို့သောအကြောင်းကို ရှုံးပေါင်းညွှတ်ပွား မြတ်စွာဘုရားသခင်အား လျှောက်ကြားကြကုန်၏။

## သောတာပန်တည်ခြင်း။

မြတ်စွာဘုရား သခင်သည် လျှောက်တင် ရှုံးပေါင်း ထိုသို့သော အကြောင်း၌ နောက်နှောင်း သက်သတ် အနာဂတ် ကာလဝယ် သိမ္မီး သိမ်းဆည်းခြင်းကို ပြုတင်သော သန္နိဓိကာရမှ ကြဉ်ရှောင်ကြစေခြင်းငှါ တပည့် သံဃာ အပေါင်းတို့အား ဖွင့်ညွှန်း ပြွက်ထုတ် သိက္ခာပုဒ် ပညတ်တော်မူ၏။ အရှင်ဗေလဋ္ဌသိသ မထေရ်သည်ကား သိက္ခာပုဒ်တော် မပညတ်မီ၊ အလိုနည်းသည်၏ အဖြစ်ကိုမှီ၍ ပြုအပ်သောကြောင့် ထို မထေရ်အား ထင်ရှားစိစစ် အပြစ်မရှိသည်ကို ပြတော်မူပြီးလျှင် အနု သန္ဓေကို စပ်၍ တရားဟောကြားတော် မူလိုသောကြောင့်-

> **ယေသံ သန္နိစယော နတ္ထိ၊ ယေ ပရိညာတဘောဇနာ။**
> **သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယေသ ဂေါစရော။**
> **အာကာသေဝ သကုန္တာနံ၊ ဂတိ တေသံ ဒုရန္နယာ။**

ဟူသော ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

**အနက်ကား။** ။ယေသံ ပုဂ္ဂလာနံ၊ အကြင် ပုဂ္ဂိုလ်တို့အား။ သန္နိစယော၊ ပစ္စည်းဥစ္စာ၌ အာသာ တပ်မက် သို၍ သိမ်းဆည်းခြင်းသည်။ နတ္ထိ၊ မရှိ။ ယေ ပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ပရိညာတဘောဇနာ၊ ဉာတ, တီရဏ, ပဟာန-ဟူ သုံးဝသုံးပါး၊ ပရိညာတ တရားတို့ဖြင့်၊ ပိုင်းခြားတိတိ၊ သိအပ်ပြီးသော ဘောဇဉ် ရှိကုန်၏။ သုညတော စ ဝိမောက္ခော၊ ရာဂစသည်တို့မှ ဆိတ်သော နိဗ္ဗာန်သည်၎င်း။ အနိမိတ္တော စ ဝိမောက္ခော၊ သုဘနိမိတ်စသည်တို့မှ ကင်းသော နိဗ္ဗာန်သည်၎င်း။ ယဿ-ယေသံ ပုဂ္ဂလာနံ၊ အကြင် ပုဂ္ဂိုလ်တို့၏။ ဂေါစရော၊ ကျက်စားရာ အာရုံသည်။ ဟောတိ၊ ဖြစ်၏။ အာကာသေ၊ အဇဋာဝနိးကျင်၊ ထက်ကောင်းကင်၌။ သကုန္တာနံ၊ လူးလာပျံသက်၊ ငှက်တို့၏။ ဂတိ၊ သွားရာ မှတ်ပြီးလမ်းခရီးကို။ ဒုရန္နယာ ဣဝ၊ ခြေရာကြောင်းငင်၊ မထင်မရှိ၊ မမြင် မသိနိုင်သကဲ့သို့။ တေသံ၊ ငါးပါး အာရုံ၊ ကာမဂုဏ်ကို၊ လုံးဝပယ်သတ်ဘင်၊ ထိုရဟန္တာအရှင်မြတ်တို့၏။ ဂတိ၊ သွားရာကို။ ဒုရန္နယာ၊ သိနိုင်ခဲလှ၏။ ။ ဤကားအနက်။

ဓမ္မပဒအရဟန္တဝဂ်၌၊သုံးခုမြောက်ဖြစ်သော
အရှင်ဗေလဋ္ဌသီသမထေရ်၏ ဝတ္ထုအစဉ်ကားပြီး၏။

---

## ၇-အရဟန္တဝဂ်။ ၄-အနုရုဒ္ဓါမထေရ်သင်္ကန်းခံသောဝတ္ထု။

**ယဿာသဝါ။** ။အစချီသော၊ ဒေသနာပါဌ်ထွက်၊ ဓမ္မစက်ကို၊ ဘဂဝါဘုံလုံး၊ အကျွန်းချုပ်၍၊ ဆုံးမသည်ဟိတ်းသကတ်ရိပ်ကြောင့်၊ ဝိသိဋ္ဌ ဩဘာ၊ထောမနာဖြင့်၊သတ္တာမည်တော်မူသော မြတ်စွာဘုရားသခင်သည် တောင်စဉ်ငါးရင်၊ မြီရံပတ်သော ပြည်မြတ်မဂဓိရ်၊ ရာဇဂြိုဟ်အနွှဲ့၊ ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်းစံပယ်တော် မူခိုက်အခါ၊ အနုရုဒ္ဓါ မဟာထေရ်မြတ်ကို၊ ရည်မှတ်သမှု၊ အကြောင်း ပြုသောအားဖြင့် ဟော ကြားတော်မူခဲ့လေသတည်း။

### အကြောင်း အစဉ်ပြဆိုရာ အစဉ်ကား ဤသို့ပေတည်း။
### ပစ္စုပ္ပန်ဝတ္ထု။

မြတ်စွာဘုရား သခင်သည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံး မူလေ့၊တနေ့သောအခါ၌ အနုရုဒ္ဓါ မဟာထေရ်မြတ်သည် ဝတ်ကျော်

မှုအင်သော သင်္ကန်းက ဟောင်းနွမ်း ဆွေးမြေ့သောကြောင့် သင်္ကန်း ချုပ်ရန် အလို၍၊ တမြက်ချေးစွန့်ရာ စသည်တို့၌ သင်္ကန်း လှည့်ပတ် ဖွေရှာတော်မူသတည်း။

## ဇာလိနီနတ်သမီး။

ထိုအခါ လွန်လေပြီသောအတိတ်ကာလ သုံးခုမြောက်ဘဝ၌၊ နှံသ မေတ္တာ၊ ကြင်နာခဲ့ဘူးသော မထေရ်၏ မယားဟောင်းသည် ကံကောင်း ကုသိုလ်၊ ပေးပစ်ချသဖြင့်၊ ဒေဝဂတိ၊ အဘိသမ္ဘုခါ၊ ရှာသရိသဂုဏ်၊ ပြည့်စုံလွန်စွာ၊ တာဝတိံသာ နတ်ပြည်၌ဖြစ်၍၊ ဇာလိနီ အမည်ရှိသော နတ်သမီးဖြစ်လေသတည်း။

ထိုနတ်သမီးသည် ကြီးမြတ်သော ဘုန်းကံဖြင့်၊ အတန်တန် အဖုံဖုံ၊ ပြည့်စုံသိမ်မွေ့၊ ချောမွေ့သော အဝတ် ပုဆိုးတို့ကို ပယ်ထားလျက်၊ လေးသစ်တဝါ၊ အမှိုက်ကြား၌၊ ပစ်ထားသောပုဆိုးအဝတ်ကို၊ စိတ်ညွတ် ဖွေကာ၊ လှည့်ပတ်ရှာသော မထေရ်ကိုမြင်လျှင် မထေရ်အရှင်၏အကျိုး၌ အလျား တဆယ့်သုံးတောင်၊ အနံအပြန့် လေးတောင်ရှိသော သုံးထည် ကုန်သော နတ်ပုဆိုးတို့ကိုယူခဲ့၍-

> "ငါသည် ဤနတ်သမီး၏အသွင်ဖြင့်အရှင်မထေရ်ကိုဆက်ကပ် လှူဒါန်းခဲ့အံ့၊ မထေရ်သည် ငါ၏အလှူကို ခံယူတော်မမူဘဲ ရှိပေ လိမ့်မည်"

ဟု ကြံပြီးသော် မထေရ် အဝတ် ပုဆိုး ရှာမှီးသော ရှေ့တည့်တည့်မှ တခုသော အမှိုက်ချေးစုဝယ် အကြင်သို့သော အခြင်းအရာ အားဖြင့် ထားအင်သည်ရှိသော် အဝတ်ပုဆိုး၏ အစွန်းအမြိတ်မျှသည် ထင်မြင်၏။ ထိုသို့သော အခြင်းအရာအားဖြင့် အစွန်းအမြိတ်ကို ပြပြီးသောကာလ တမြက်ချေး အမှိုက်တို့ဖြင့် ဖုံးအုပ်၍ထား၏။ မထေရ်သည်လည်း အစဉ် အတိုင်း ဖွေရှာလှည့်ပတ်၍ ထိုခရီးလမ်းဖြင့်ကြွတော်မူလာခဲ့သည်ရှိသော်၊ နတ်သမီး ချထားသော ပုဆိုးအစွန်းအမြိတ်တို့ကို မြင်၍ ပုဆိုးအစွန်း အမြိတ်ကို ကိုင်ဆွဲဘုတ်ငင်ယူသောကာလ ပြအပ်ခဲ့ပြီးသော ပမာဏ ရှိကုန်သော နတ်သမီးပစ်သော ပုဆိုးတို့ကို မြင်လျှင် "ဤအဝတ်ပုဆိုး

သည့်ကား မြင့်မြတ်ကောင်းမွန်သော ပံသုကူ ဖြစ်လေစွ”ဟု အောက်မေ့တော်မူပြီးသော်၊ ကောက်ယူ၍ ဖဲကြွတော်မူ၏။

**ပံသုကူလသင်္ကန်း။**

ထိုနောက် မထေရ်သင်္ကန်းကို ချုပ်လုပ်သောနေ့၌ မြတ်စွာဘုရားသခင်သည် ငါးရာကုန်သော ရဟန်းတို့ ခြံရံလျက် မထေရ်၏ကျောင်းသို့ ကြွ၍ သီတင်းသုံး နေထိုင်တော်မူ၏။ ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့သည်လည်း ကြွရောက်၍ ထိုင်နေကြကုန်၏။သင်္ကန်းကို ချုပ်လုပ်ခြင်း၌ အရှင်မဟာကဿပမထေရ်သည် အရင်း၌ထိုင်နေတော်မူ၏။အရှင်သာရိပုတ္တရာမထေရ်သည် အလယ်၌ ထိုင်နေတော်မူ၏။ အရှင်အာနန္ဒာ မထေရ်သည် အဖျား၌ ထိုင်နေတော်မူ၏။ ရဟန်းသံဃာ အပေါင်းသည် ချည်ကိုင်၍ လုံး၏။မြတ်စွာဘုရားသခင်သည် အပ်နဖါးတွင်း၌ အင်ကြိုးကို ထိုးငင်တော်မူ၏။ မဟာမောဂ္ဂလာန် မထေရ်သည် အကြင်သူသည် အပ်,အင်ချည် စသည်ဖြင့် အလိုရှိ၏၊ ထိုသို့ အလိုရှိသောသူကို အလိုရှိသည် အဘိုင်းယူပေးလျက် အနီး၌ လှည့်ပတ်စီစစ်၍ နေတော်မူ၏။

ဧာလိနီနတ်သမီးသည် ရွာ၏အတွင်းသို့ ဝင်သွား၍။

“ငါ၏အရှင်ဖြစ်သော အနုရုဒ္ဓါမထေရ်၏သင်္ကန်းကိုချုပ်လုပ်လျက် ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့ခြံရံပြီးလျှင် ငါးရာကုန်သော ရဟန်းတို့နှင့်တကွ မြတ်စွာဘုရား သီတင်းသုံးတော်မူ၏။ ယာဂုခဲဘွယ်စသည်တို့ကို ယူပြီးသည်ကာလ ကျောင်းတော်သို့သွားရောက်ကြကုန်သော၊ လှူဒါန်းကြကုန်လော့”

ဟု ဆွမ်းဘောဇဉ်ခဲဘွယ်တို့ကို ဆောက်တည်၍ လှူဒါန်းစေ၏။

မဟာမောဂ္ဂလာန် မထေရ်သည်လည်း နံနက်ဆွမ်းစားသော အချိန်အတွင်း၌ ဇမ္ဗူသပြေသီးကို ဆောင်ယူ၏။ ငါးရာကုန်သော ရဟန်းတို့သည် ကုန်အောင်ဘဉ်းပေး သုံးဆောင်ခြင်းငှါ မစွမ်းနိုင်။သိကြားမင်းသည် သင်္ကန်းချုပ်ရာအရပ်၌ မြေကြီးကို အပြေအပြစ်ပြုသဖြင့် တန်းဆာဆင်အပ်သော ဆိုးရေဖြင့် ထပ်ဘိသကဲ့သို့၊ ချောမွေ့ ကောင်းမွန်၏။ ရဟန်းတို့ သုံးဆောင်စားသောက်သည်မှ ကြွင်းကုန်သော ယာဂုခဲဘွယ် ဆွမ်းတို့ကား ကြီးစွာသော အစုအပုံသည် ဖြစ်လေ၏။ ရဟန်းတို့သည်

“ဤမျှလောက်ကုန်သော ရဟန်းတို့အား ဤမျှလောက်ကုန်သော ယာဂု ခဲဘွယ်ဆွမ်းစသည်တို့ဖြင့် မျှလောက်၏-ဟု ပမာဏအားတိုင်းအရှည့်ကို ကြံစည်သောက်ဆပြီးသည်ကာလ ဤမျှလောက်သော ယာဂုစသည်တို့ကို ဆောင်ယူခဲ့ကြကုန်လော-ဟု အဆွေအမျိုးတို့အားရင်း၊ အလုပ်အကျွေးတို့အားရင်း၊ဆိုအပ်ပါသည့် မဟုတ်တုံလော။အရှင် အနုရုဒ္ဓါမထေရ်သည် မိမိ၏ ဆွေမျိုးညာတိ အလုပ်အကျွေး ဒါယကာ ဒါယိကာမတို့များသည် အဖြစ်ကို သိမှုစေလိုသောကြောင့် ပြုလုပ်သေရာဘကား”ဟု များစွာ ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။

## သောတာပန်တည်ခြင်း။

ထိုအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့- အသင်တို့သည် အဘယ်သို့သောစကားကို ပြောကြားကုန်ဘိသနည်း-ဟု မေးတော်မူ၍ ဤမည်သော အကြောင်းပါ တည်းဟု ရုံးပေါင်း ညွှတ်တွား လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့ အသို့နည်း၊ အသင်တို့သည်“ဤသို့သဘောရှိသော များစွာသော ဆွမ်းယာဂုခဲဘွယ်ကို အနုရုဒ္ဓါသည် ဆွေမျိုးညာတိ အလုပ်အကျွေး ဒါယကာ ဒါယိကာမတို့ကိုဆောင်ယူစေသည်” မှတ်ထင်ကြကုန်သလော-ဟု မေးတော်မူပြန်သဖြင့် ဟုတ်မှန်ပါသည်ဟု ကြားလျှောက်လျှင်၊ ချစ်သားရဟန်းတို့- ငါ၏သားတော်ဖြစ်သော အနုရုဒ္ဓါသည် ဤသို့သဘောရှိသောစကားကို မဆိုပေ။

ထိုစကားမှန်၏ ချစ်သားရဟန်းတို့- ကုန်ပြီးသော အာသဝေါတရား ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာနှင့် စပ်သောစကားတို့ကို ပြောကြားမြွက်ဆိုခြင်း မပြုကြကုန်။ များစွာပိုလျှံကြွင်းကျန်၍ ရှိသော ဤဆွမ်းခဲဘွယ် ယာဂုတို့သည်ကား နတ်၏တန်ခိုးအာနုဘော်ဖြင့် ဖြစ်လေဘိသည်-ဟု မိန့်တော်မူပြီးသော် အနုသန္ဓိကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

> ယဿာသဝါ ပရိက္ခီဏာ၊ အာဟာရေ စ အနိဿိတော။
> သုညတော အနိမိတ္တော စ၊ ဝိမောက္ခော ယဿ ဂေါစရော။
> အာကာသေဝ သကုန္တာနံ၊ ပဒံ တဿ ဒုရန္နယံ။

ဟူသောဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်အား။ အာသဝါ၊ ကာမာသဝ စသည်ဆင့်ပွါး လေးပါးကုန်သော အာသဝေါတရားတို့သည်။ ပရိက္ခီဏာ၊ ကုန်ခန်းကုန်၏။ အာဟာရေ စ၊ အစာအာဟာရ၌လည်း။ အနိဿိတော၊ တဏှာဒိဋ္ဌိ ကပ်ငြိတွယ်တာ မှီခြင်းမရှိသည်။ ဟောတိ၊ ဖြစ်၏။ သုညတော စ ဝိမောက္ခော၊ ရာဂစသည်တို့မှ ဆိတ်သော နိဗ္ဗာန်သည်၎င်း။ အနိမိတ္တော စ ဝိမောက္ခော၊ သင်္ခါရနိမိတ်စသည်မှ ကင်းသော နိဗ္ဗာန်သည်၎င်း။ ယဿပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဂေါစရော၊ ကျက်စားရာအာရုံသည်။ ဟောတိ၊ ဖြစ်၏။ အာကာသေ၊ အာကာသဝန်းကျင်ထက်ကောင်းကင်၌။ သကုန္တာနံ၊ ငှက်တို့၏။ ပဒံ၊ ခြေရာကို။ ဒုရန္နယံ ဣဝ၊ သိနိုင်ခဲသကဲ့သို့။ တဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်၏။ ပဒံ၊ ခြေရာသဖွယ် ဖြစ်သော လားရာ ဂတိကို။ ဒုရန္နယံ၊ သိနိုင်ခဲ၏။ ။ဤကားအနက်။

ဓမ္မပဒအရဟန္တဝဂ်၌ လေးချပြောက်သော
အရှင်အနုရုဒ္ဓါမထေရ် သက်နိုးသော ဝတ္ထုစကားစဉ်ကား
ဤတွင်ပြီး၏။

—•—

## ၇-အရဟန္တဝဂ်။ ၅-မဟာကစ္စာယနမထေရ်၏ ဝတ္ထု။

**ယဿိန္ဒြိယာနိ**။ ။အစရှိသည့်၊ ပါဠိဂါထာ၊ ဒေသနာကို၊ ဝေနေယျာ ရိက်၊ ဘုံသုံးဘိုက်ကို၊ အထိုက်အလျောက်၊ ချီးမြှောက် ဆုံးမတော်မူသော သကတ်ပိသိဋ္ဌအလာကြောင့်၊ သတ္တုာမည်တော်မူသော မြတ်စွာဘုရား သခင်သည်၊ပြည်ခွင်ဘုမ္မိ၊ သာဝတ္ထိဂေါစရ၊ မိဂါရမာတာ၊ ပုဗ္ဗာရာမ၊ ကြင်မဝသည့်၊ နေဥယျာသူဌေးကြီး၏သမီး၊ ပြည့်သိုးလကျာ၊ ဝိသာခါ သည်၊မဟာလတာ တန်းဆာအစား၊ အရင်းထားလျက်၊ဘိုးပွါးကြည်ဖြူ။ ဆောက်လှူဆက်သအပ်သော ပုဗ္ဗာရာမကျောင်းတော်၌ မွေ့လျော်တော် မူလျက်၊ဇမ္ဗူရာဇာ်ရွှေစင် ပြောင်သကဲ့သို့၊ ကိုယ်ရောင်ထွန်းပ၊ အဆင်း လှသော ကစ္စာယနမထေရ်မြတ်ကို ရည်မှတ်သုမှု၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော်မူခဲ့ ပေသတည်း၊

## အကြောင်းအတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် ပဝါရဏာနေ့ ကြွသည့်နှင့်သော် မိဂါရမာတာ ဝိသာခါ ဒါယိကာမသည် ဆောက်လုပ် လှူဒါန်းအပ်သော ပြာသာဒ်၏အောက်၌ မဟာသာဝက အပေါင်းခြံရံလျက် မှုစံရွှင်ပြုံး သီတင်းသုံးထိုင်နေတော်မူ၏။ ထိုအခါ အရှင်ကဿပမထေရ်သည် ဝေးသိခေါင်ဘိ အဝန္တီတိုင်းတို့၌ သီတင်းသုံးတော် မူလျက်ပင်သော်လည်း မြတ်စွာဘုရား ထင်ရှားစံတော်မူရာ သာဝတ္ထိပြည်သို့ လာရောက်၍ တရားနာချီးမြှောက်သည် သာလျှင်တည်း။ ထိုကြောင့် သာဝကမထေရ်ရှင်တို့ စိစဉ်ထိုင်နေကုန်သည့်ကာလ၊ မဟာကဿပမထေရ်၏နေရာကို ချွင်းချန်လှပ်ထားလျက် အစဉ်အားလျော်စွာ ထိုင်နေကြကုန်၏။

နတ်တို့ကို အစိုးရတော်မူသော သိကြားနတ်မင်းသည် စာတုမဟာရာဇ်တာဝတိံသာ နှစ်ဖြာနှစ်ထပ် များစွာသောနတ်တို့နှင့် အတူတကွ သက်ဆင်းလာခဲ့၍ နတ်၌ဖြစ်သော ပန်းနံ့သာစသည်တို့ကို မြတ်စွာဘုရားသခင်အား ကြည်သင်ကော်ရော် ပူဇော်လှူဒါန်း ရပ်တည်လျက် ထို ဒေသ၌ ထိုင်နေတော်မူကြကုန်သော မဟာသာဝက မထေရ်မြတ်တို့ကို မပြတ်ကြည့်ရှု စိစစ်သည့်ကာလ မဟာကဿပမထေရ်ကို ကြည့်ရှု၍ မမြင်သောကြောင့်-

### သိကြားနတ်မင်း။

“အသို့နည်း ငါ၏အရှင် ဖြစ်တော်မူသော မဟာထေရ်ကို မဖူးမြင်ရချေသေးသည် တကား။ ယခုအခါ ထေရ်မဟာသည် ကြွလာတော်မူပါမူကား သြော်-ကောင်းလေစွ”ဟု ကြံဆင်ခြင်၏။

မဟာကဿပမထေရ်သည်လည်း ထိုခဏ၌ပင်လျှင် သီတင်းသုံးရာဖြစ်သော အဝန္တီတိုင်းမှတန်းဆုံးဖြင့် ကြွလာတော်မူခဲ့၍ မိမိအားအစဉ် ရောက်သောနေရာ၌ ထိုင်နေလျက် ကိုယ်ကိုပြတော်မူ၏။ သိကြားနတ်မင်းသည် မထေရ်ကိုမြင်လျှင် ကြည်လင်သွတ်လျှိုးရှိခိုးပြီးမှ ဖမျက်တော်တို့၌ မြဲစွာကိုင်လတ် သုံးသပ်ပြီး၍ “တပည့်တော်၏ အရှင်ဖြစ်တော် မူသော

အရှင်ဘုရား၏ ကြွလာတော် မူခြင်းသည်ကား သြော်-ကောင်းလေစွ။ တပည့်တော်သည် အရှင်မြတ်၏ ကြွလာတော် မူခြင်းကို သာလျှင် အဖန်ဖန်အထပ်ထပ် မပြတ်တောင့်တ မြော်သင့်၍သာ နေပါသည်ဘုရား” ဟု လျှောက်ကြားပြီးသည်ကာလ ပန်းနံ့သာစသည်တို့ဖြင့် ပူဇော်ပြီးသော် ရှိခိုးဦးချ၍ သင့်တင့်လျောက်ပတ်သောအရပ်၌ ချဉ်းကပ်ရပ်တည်၍နေ၏။ ရဟန်းအပေါင်းတို့က “သင်ကြားမင်းသည် မျက်နှာကြီးငယ် ရွေးချယ် ကြည့်ရှုပူဇော်ခြင်းကို ပြုလေဘိသည်၊ ကြွင်းကုန်သော မဟာသာဝကတို့အား ဤမျှလောက်သဘောရှိသော ပူဇော်သက္ကာရကို မပြုမူ၍၊ အရှင်မဟာကစ္စည်းမထေရ်ကို မြင်တည့်လျှင် လျင်စွာသောအဟုန်ဖြင့် ဖချက်တို့၌ ကိုင်ယူသုံးသပ်၍ တပည့်တော်၏ အရှင်ဖြစ်သော အရှင်မြတ်၏ ကြွလာတော်မူခြင်းသည်ကား သြော်-ကောင်းလေစွ၊ တပည့်တော်သည် အရှင်မြတ်၏ ကြွလာတော်မူခြင်းကိုသာလျှင် အဖန်ဖန်အထပ်ထပ် မပြတ်တောင့်တ၍နေပါသည် ဟု လျှောက်ကြားပြီးသောကာလ နှစ်ဘက်သော လက်တို့ဖြင့် ခြေတို့ကို ပွတ်သပ်ပူဇော် ကော်ရော်ရှိခိုးပြီးလျှင် သင့်တင့်လျှောက်ပတ်သော အရပ်၌ ရပ်တည်၍ နေဘိသည်”ဟု ကဲ့ရဲ့ရှုတ်ချ ဖရိုဖရဲ ပြောဆိုကြကုန်၏။

## သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ထိုရဟန်းတို့ ကဲ့ရဲ့ရှုတ်ချသော စကားကို ကြားတော်မူ၍ ချစ်သား ရဟန်းတို့ ငါ၏သားတော် ဖြစ်သော မဟာကစ္စည်းမထေရ်နှင့် တူကုန်သော စက္ခုစသော ဣန္ဒြေတို့၌ စောင့်ရှောက်အပ်သော ဒွါရရှိသော ရဟန်းတို့ကို နတ်တို့အားလည်း ချစ်မြတ်နိုးခြင်း ဖြစ်သည်သာလျှင် တည်း-ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**ယဿိန္ဒြိယာနိ သမထင်္ဂတာနိ၊**
**အဿာ ယထာ သာရထိနာ သုဒန္တာ။**
**ပဟီနမာနဿ အနာသဝဿ၊**
**ဒေဝါပိ တဿ ပိဟယန္တိ တာဒိနော။**

ဟူသောဂါထာကို ရွတ်ဆိုမိန့်ဟောတော်မူ၏၊

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ယဿ ဘိက္ခုနော၊ အကြင်ရဟန်း၏။ ဣန္ဒြိယာနိ၊ စက္ခုစသောဣန္ဒြေတို့သည်။ သာရထိနာ၊ ကြည့်ရှုမှတ်သိခြင်း ရထားထိန်းသည်။ သုဒန္တာ၊ သွန်သင်ပြသ ကောင်းစွာ ဆုံးမအပ်ကုန်သော အဿာ၊ မြင်းတို့ကဲ့သို့၊ သမထံ၊ ငြိမ်သက် တည်ကြည်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။ ပဟီနမာနဿ၊ စွန့်ပယ်ပြတ် သတ်အပ်ပြီးသော မာန်ရှိထသော၊ အနာသဝဿ၊ ယိုစီးတတ်သော သဘောအာသဝေါမရှိထသော။ တာဒိနော၊ လောကဓံကြောင့် ဖေါက်ပြန်ခြင်း မရှိထသော၊ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဒေဝါပိ၊ စတုမဟာရာဇ်,တာဝတိံသာ အစဖြာသော များစွာသော နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုး ကုန်၏။ ။ဤကားအနက်၊

ဓမ္မပဒအရဟန္တဝဂ်၌ ငါးခုမြောက်သော အရှင်မဟာကစ္စည်း
မထေရ်ကို သိကြားမင်းပူဇော်သော
ဝတ္ထုစကားစဉ်ကား ဤတွင် ရွေ့ပြီးဆုံး၏။

---

## ၇ အရဟန္တဝဂ်။ ၆ အရှင်သာရိပုတ္တရာ သည်းခံသော ဝတ္ထု။

**ပထဝီသမော။** ။အခါရှိသော၊ ဤဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ သုံးလွှာ ဘုံတိုက်၊ မကိုဋ်သရဖူ၊ ဆိုက်သောဟူသို့၊ အောင်သူဘွဲ့ခြာ၊ ဆရာမြတ်ဖျား၊ ဘောဘုရားသည်၊ ကြီးမားဆူဋ္ဌိ၊ တန်းဆိုးရှိသော၊ သာဝတ္ထုမည်သော ရသေ့၏ ပျော်မွေ့တည်ရာ၊ ဖျူပွင့်လာအခါကြောင့်၊ သာဝတ္ထိအမည် ရှိသောမြို့၏တောင်စွန်း၊ ဇေတဝန်ကျောင်းမြတ်၌၊ လေးရပ်သောဆူရိယာ ပထဖြင့်။ မှူတာသပ္ပါယ်တော် မူခိုက်အခါ၊ သာရိပုတ္တရာ၊ မဟာထေရ် မြတ်ကို၊ ကြောင်းစပ်လျော်အား၊ ရည်ညွှန်းထားလျက်၊ ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်းအတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ဝါကျွတ် ပြောက်သည်ဖြစ်၍ ဒေသစာရီ လှည့်လည် ကြွသွားတော် မူလိုသော ကြောင့် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်ပန်ကြား လျှောက်ထားရှိခိုး ပြီးသော် မိမိ၏အခတော် အခြံအရံဖြစ်သော ရဟန်းတို့နှင့် အဘူတကွ ထွက်ကြွတော်မူ၏၊ တပါးလည်းဖြစ်ကုန်သော များစွာကုန်သော ရဟန်း တို့သည် မထေရ်သို့ အစဉ်လိုက်ကြကုန်၏၊ အရှင်သာရိပုတ္တရာ မထေရ် သည် အမည်အနွယ်၏ အစွမ်းအားဖြင့် သိသာထင်ရှားကုန်သော ရဟန်း တို့ကို အမည်အနွယ်၏အစွမ်းအားဖြင့် မြွက်ခေါ်ပြောဆိုလျက် ဆုတ်နစ် ပြန်လည်စေတော်မူ၏။

### မထေရ်၌ ရန်ငြိုးဖွဲ့ခြင်း။

ထိုသို့ ပြန်လည်စေသော ရဟန်းတို့တွင် အမည်အနွယ်၏ အစွမ်း အားဖြင့် မထင်ရှားသော တပါးသောရဟန်းသည် ခြော်-အံ့ဩဘွယ် ရှိလေစွ။ အရှင်သာရိပုတ္တရာ မထေရ်သည် အမည်အနွယ်၏ အစွမ်း အားဖြင့် ချီးမြှောက်ပြောဆိုလျက် ဆုတ်နစ်ပြန်လည်စေတို့ရာ သင့်လျော် သည်မဟုတ်ပါ တကား။ မထေရ်သည် တပါးသော ရဟန်းတို့ကဲ့သို့ ငါ့ကို မချီးမြှောက် မပြောဆိုဘဲ ပြန်လည်စေဘိသည်''ဟု မထေရ်၌ ရန်ငြိုးကို ဖွဲ့၏၊

သာရိပုတ္တရာမထေရ်သည် များစွာသော ရဟန်းသင်္ဃာ၏အကြား၌ ထိုရဟန်းတပါးကို မမှတ်သားလိုက်မိ၊ မထေရ်၏ ဒုကုဋ်စွန်းသည်သည်း ထိုရဟန်း၏ကိုယ်ကို ထိခိုက်လေ၏၊ ထိုသို့ ထိခိုက်ခြင်းကြောင့်လည်း ရန်ငြိုးဖွဲ့သည်သာလျှင်တည်း၊ ထိုရဟန်းသည် ဤယခုအခါ၌သာရိပုတ္တရာ မထေရ်သည် ကျောင်း၏ဥပစာရကို လွန်မြောက်ခြင်း ဖြစ်လောက်ပေပြီ ဟု သိ၍ မြတ်စွာဘုရားသခင် ကိုယ်တော် မြတ်၏ အထံ တော်သို့ လျင်မြန်စွာချဉ်းကပ် ဝင်ရောက်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား-အရှင်သာရိပုတ္တရာသည် အရှင်ဘုရားတို့၏ အဂ္ဂသာဝက ရာထူး ရသော ဌာနန္တရပုဂ္ဂိုလ်-ဟု ကိုယ်ကိုတက်ကြွ မာနတရား အမြဲထား

လက် နားရင်းကိုခွဲဖျက် ဖြတ်တောက်ဘိသကဲ့သို့ ပုတ်ခတ်ထိပါးပြီးသော အခါ တပည့်တော်ကို သည်းမခံစေဘဲသောလျှင် ဒေသစာရီ လှည့်လည် မဲကြွတော် မူပါသည်ဘုရား-ဟု လျှောက်ကြားသည့်ကာလ၊ မြတ်စွာ ဘုရားသခင်သည် အရှင်သာရိပုတ္တရာမထေရ်ကို လိုက်၍ခေါ်စေ၏။

## သာရိပုတ္တရာမထေရ်ကို လိုက်၍ခေါ်စေခြင်း။

ထိုခဏ၌ မဟာမောဂ္ဂလ္လာန်မထေရ် အာနန္ဒာမထေရ်တို့သည် ငါတို့၏ နောင်တော်ကြီးဖြစ်သော အဂ္ဂသာဝက သာရိပုတ္တရာ မထေရ်မြတ်ကို ဤရဟန်း၏ ရန်ငြိုးဖွဲ့သည်အဖြစ်ကို မြတ်စွာဘုရားသခင်သည် မသိတော်မူမည်ကား မဟုတ်။ သိတော်မူလျက်ပင် ရှိပေရာသည်။ စင်စစ်မှာကား ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ကြုံးဝါးစေလိုသည် ဖြစ်ပေလတ္တံ့-ဟု ကြံကြဘုန်၏။ ကြံကြပြီး၍ကား သံဃာတို့ကို စည်းဝေး စေကုန်အံ့-ဟု သံကောက်ကိုယ်ကိုင်လျက် ထိုထိုသော ပရိဝုဏ်တံခါး စသည်တို့ကို ဖွင့်လှစ်ပြီးသော် အရှင်မြတ်တို့ ထွက်လှည့်ကြကုန်လော့၊ လာလှည့်ကြကုန်လော့၊ ဤယခုအခါ၌ 'အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားသခင်၏ မျက်မှောက်တော်ဝယ် ကေသရာဇာ ခြင်္သေ့မင်း ကဲ့သို့သောအသံကို ကြုံးရင့်လတ္တံ့-ဟု ပြောဆိုပြီးသည်ကာလ များစွာ သောရဟန်းသံဃာအပေါင်းကို စည်းဝေးစေကုန်၏။

သာရိပုတ္တရာ မထေရ်သည်လည်း ပြန်လာပြီးသော် မြတ်စွာဘုရား သခင်ကို ကြည်လင်ဝင်လျှိုး ရှိခိုးဦးချ၍ ထိုင်နေလေ၏။ ထိုအခါ သာရိ ပုတ္တရာမထေရ်ကို မြတ်စွာဘုရားသခင်သည် ရဟန်းငယ်လျှောက်ကြား သောအတိုင်း ပြန်ကြားမေးမြန်းတော်မူ၏။

## သာရိပုတ္တရာမထေရ် လျှောက်ထားချက်။

ထိုအခါ မထေရ်က ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ဤရဟန်းကို မထိပါးမပုတ်ခတ်-ဟု မလျှောက်ထား မူ၍ မိမိ၏ ဂုဏ်ကျေးဇူး စကားကို ကြားလျှောက် လိုသောကြောင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကြင်ပုဂ္ဂိုလ်အား မိမိ၏ ကိုယ်ခန္ဓာ၌ စက်ဆုပ်ရွံရှာ အဖြာဖြာသော အညစ်အကြေး တို့ဖြင့် ရစ်ထွေးယှက်ကျ၍ နေသည်ကို ကြည့်ရှုဆင်ခြင်တတ်သော ကာယဂတာ

သတိမထင်မြင် ထိုပုဂ္ဂိုလ်သည် ဤသာသနာ တော်၌ အမှတ် မထင် အကြင်တစုံ တယောက်သော မြတ်သော အကျင့်ရှိသော ပုဂ္ဂိုလ်ကို ထိပါးပုတ်ခတ် တိုးဝှေ့တိုက်ခိုက်၍ လှည့်လည် ဖဲကြွ သွားလာခြင်း ဖြစ်ပေရာ၏ ဟု လျှောက်ပြီး၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဥပမာမည်သည်မှာ မဟာပထဝီမြေကြီး၏ အထက်၌ စင်ကြယ် ကောင်းမြတ်သောဝတ္ထုကိုလည်း စွန့်ပစ်ကြကုန်၏ မစင်ကြယ် မကောင်း မြတ်သောဝတ္ထုကိုလည်း စွန့်ပစ်ကြကုန်၏၊ ထိုသို့စွန့်ပစ်ရာ နှစ်ဖြာသော ဝတ္ထုအပေါင်း ကောင်းမကောင်းအရာကို စာနာလိုက်စား အမျက်ပွါးခြင်း မရှိ၊ ပကတိသည်းခံခြင်း သဘောရှိသကဲ့သို့ အစရှိသောနည်းဖြင့် မိမိ၏ မြေကြီးနှင့်တူသော စိတ်ရှိသည့်အဖြစ်ကိုရင်း၊ ရေ,မီး,လေနှင့် တူသော စိတ်ရှိသည့်အဖြစ်ကိုရင်း မြို့အညစ်အကြေး ယှက်ထွေးလိမ်းကပ် မပြတ် ရှက်ဆောင်ရသော စဏ္ဍာလဒွန်းစဏ္ဍား သဘ်ရှသားကဲ့သို့ရင်၊ ဦးချိုပြတ် ပြီးသော နွားဥသဘကဲ့သို့ရင်း၊ မလွှားမပေ ညီမျှသောစိတ်ရှိသည့်အဖြစ်ကို ပြပြီးမှ ရွံဘွယ်စက်ဆုပ် မြွေကောင်ပုပ်ကဲ့သို့ မိမိ၏ကိုယ်ဖြင့် ရှက်နိုး ငြီးငွေ့သည်ကိုရင်း အညစ်အကြေး ရှက်ထွေးသိုးပုပ် ဆီသုတ်ပုဆိုး အပုပ်အိုးကဲ့သို့ မိမိ၏ကိုယ်ကို ရှက်ဆောင်ခြင်းကိုရင်း ပြတော်မူ၏။

## မဟာပထဝီမြေကြီး တုန်လှုပ်ခြင်း။

ဤ ၉-ပါးသော ဥပမာဆောင်ဖြင့် သာရိပုတ္တရာမထေရ်သည် မိမိ၏ဂုဏ်ကို ဖွင့်ဆိုသည်ရှိသော် ကိုးပါးသည်း ဖြစ်ကုန်သော အရာတို့၌ ရေလျှင် အဆုံးရှိသည်ကိုပြု၍ မဟာပထဝီမြေကြီးသည် ပြင်းစွာတုန်လှုပ်လေ၏။ မြို့အထပ်ထပ် ရစ်ပတ်လိမ်းကျံ ရှက်ဆောင်ရသော စဏ္ဍာလဒွန်းစဏ္ဍား သဘ်ရှသားဥပမာ ညစ်ပတ်မွဲယုတ် ခြေသုတ်ပုဆိုးဥပမာကို ဆောင်ပြ လျှောက်ကြားသောကာလ၌ စည်းဝေးလာရောက် ကြားနာရကုန်သော ပုထုဇဉ်ရဟန်းတို့သည် မျက်ရည်တို့ကို တည့်တန့်အံ့သောငှါ မစွမ်းနိုင် ကုန်သည်ဖြစ်၍ နှလုံးရင်ဝမ်း ကွဲဘမန်းမှု စွဲလန်းပူပန် အဝန်တန်သော မျက်ရည်စက်တို့သည် ကျထွက် ယိုစီးရှာ လေကုန်၏။ ကုန်ပြီးသော အာသဝေါ ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်အား တရား တည်းဟူသော ထိတ်လန့်တုန်လှုပ်ခြင်း ပြင်းစွာဖြစ်၏၊

## ကန်တော့ဝန်ချခြင်း။

အရှင်သာရိပုတ္တရာ မထေရ်သည် မိမိ၏ဂုဏ်ကျေးဇူး စကားကို လျှောက်ကြား ပြောဆိုစဉ်ကပင် ငြင်းခုံသောရဟန်းအား အလုံးစုံသော တကိုယ်လုံး၌ လွှန်၍ပူလောင်ခြင်း ဖြစ်လေ၏။ ထိုအခါ၌ပင်လျှင် ငြင်းခုံသောရဟန်းသည် မြတ်စွာဘုရားသခင်၏ ခြေတော်ရင်း၌ ဝပ်စင်းပြီးသော် မိမိငြင်းခုံသော အပြစ်ကိုပြ၍ အပြစ်ကို သည်းခံပိမ့် သော၌ လျှောက်ထားတောင်းပန်၏။ မြတ်စွာဘုရားသခင်သည် မထေရ်ကိုခေါ်တော်မူပြီးလျှင် ချစ်သားသာရိပုတ္တရာ မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ပျက်စီးဘွယ်သော ဘေးကြီးရောက်အောင် မိုက်ယောင်မူသော ဤရဟန်း၏ ကန်တော့ဝန်ချသည်ကို သည်းမခံသည်ဖြစ်ခဲ့တုံအံ့။ ထိုရဟန်း၏ ဦးခေါင်းဦးထိပ်သည် ခုနစ်စိတ်ခုနစ်ခြမ်းကွဲ၍ မြေသို့ကျရလတ္တံ့။ သို့ဖြစ်၍ သင်ချစ်သားသည် ထိုရဟန်းမိုက်၏ ဦးခေါင်းဦးထိပ် ခုနစ်စိတ်ခုနစ်ခြမ်း မကွဲမီအခါက သည်းခံပါလော-ဟု မိန့်တော်မူ၏။

သာရိပုတ္တရာမထေရ်သည်လည်း ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီမိုး ရှိခိုးပြီးသော် ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရား ထိုရဟန်း၏ အပြစ်အာစာရ ဟူသမျှကို တပည့်တော် သည်းခံပါ၏။ တပည့်တော်အား အကယ်၍ အပြစ်အာစာရ ရှိခဲ့ပါမူ ထိုအရှင် သည်လည်း သည်းခံပါစေသတည်း-ဟု ကန်တော့ဝန်ချလျှောက်ကြား၏။ များစွာသော ရဟန်းတို့သည် "ငါ့ရှင်တို့ ဤယခုအခါ သာရိပုတ္တရာမထေရ်၏မရေတွက် မနှိုင်းယှဉ်နိုင်သော ဂုဏ်ကျေးဇူး ဥပကာရကို ကြည့်ရှုကြပါ ကုန်လော့။ မဟုတ်မမှန် လိမ်လည်လှည့်ဖြား မုသာဝါဒစကားဖြင့် ပြောကြားစွပ်စွဲသော ဤသို့သဘောရှိသော ရဟန်း၏အပေါ်၌ အမျက်ဒေါသ အပြစ်အာစာရကို အနည်းမျှ မပြုမူ၍ မိမိကိုယ်ကို ဆောင့်ကြောင့် ထိုင်ပြီးလျှင် လက်အုပ်ချီမိုး ရှိခိုးပြီးသော် ထိုရဟန်းသည်သာ သည်းခံစေဘိသည်" ဟူသော စကားကို ဖြစ်စေကြကုန်၏။

## ရဟန်းကိုးထောင်မျှ အရဟတ္တဖိုလ်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ထိုစကားကို ကြားသိတော်မူ၍ ချစ်သား ရဟန်းတို့- အဘယ်သို့သော စကားကို ပြောကြား ကုန်ဘိသနည်း-ဟု

မေးတော်မူသော် ကာလ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤအမည်ရှိသော အကြောင်းပါဘည်းဟု ဂုံပေါင်းဝပ်တွား လျှောက်ထား သည်ရှိသော်၊ ချစ်သားရဟန်းတို့-သာရိပုတ္တရာနှင့် တူကုန်သော ပညာရှိတို့အား အမျက်ဒေါသ အပြစ်အခါစာချက်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ကုန် လတ္တံ့။ ချစ်သားရဟန်းတို့ ငါ၏ သားတော်ဖြစ်သော သာရိပုတ္တရာသည် မဟာပထဝီမြေကြီးနှင့်တူသော စိတ်ရှိ၏။ မြဲမြံခိုင်ကြံ့ဘသည့်ကြောင့် ဓိကထား အင်သော ကျောက်တိုင်ကြီးနှင့်လည်းတူသော စိတ်ရှိ၏၊ နွံ့စင်နောက်ကျု ခြင်း ကင်းခြင်းဝေးကွာ ကြည်လင် ဖြေလျှော့သော ရေနှင့် တူသော စိတ်လည်းရှိ၏ဟု မိန့်တော်မူပြီး၍၊ အနုသန္ဓေကိုစပ်၍ တရားဘောကို ဟောကြားတော်မူလိုသောကြောင့်-

ပထဝီသမော နောဝိရုဇ္ဈတိ၊
ဣန္ဒခီလူပမော တာဒိသုဗ္ဗတော။
ရဟဒေါဝ အပေတကဒ္ဒမော၊
သံသာရာ န ဘဝန္တိ တာဒိနော။ ။

ဟူသော ဂါထာကို မိန့်တော်မူ၏။

ထိုဂါထာ၏အဆုံး၌၊ ကိုးထောင်မျှလောက်ကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြသကုန်၏။

**အနက်ကား**။ ။ယော ပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည် ပထဝိသမော၊ မြေကြီးနှင့်တူစွာ သည်းခံသောအခြင်း အရာရှိသည်ဖြစ်၍၊ နော ဝိရုဇ္ဈတိ၊ မဆန့်ကျင်။ ဣန္ဒခီလူပမော၊တံခါးတိုင်သို့၊ မယိုင်မယိမ်းသော အကျင့်ရှိ၏။ တာဒိ၊လောကဓံတရား၊ ၄ပါးအလျောက်၊ တွေ့ကြုံရောက်လျှင်၊ မဖေါက် ပြန်ခြင်း သဘောရှိ၏။ သုဗ္ဗတော၊ကောင်းသော အကျင့်ရှိ၏၊ အပေတ ကဒ္ဒမော၊ ရွံ့ညွန် ကင်းသော၊ ရဟဒေါဝ၊ ရေကန်ကဲ့သို့။ ပသန္နဥဒ္ဒကော၊ ကင်းသောမှုန်၊ ကြည်လင်သော စိတ်ရှိ၏။ တာဒိနော၊ ထိုသို့ သဘော ရှိသော၊ ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။ သံသာရာ၊ သုဂတိ၊ဒုဂ္ဂတိသို့ ကျင်လည် ခြင်းတို့သည်။ န ဘဝန္တိ၊မဖြစ်ကုန်။ ။ဤကားအနက်။

ဓမ္မပဒအရဟန္တဝဂ်၌၊ခြောက်ခုမြောက်ဖြစ်သော အရှင်သာရိပုတ္တရာ မထေရ် သည်းခံသော ဝတ္ထုစကားအစဉ်သည်ကား ဤတွင်ရွေ့ပြီး၏။

## ၇-အရဟန္တဝဂ်။ ၇-ကောသမ္ဗီပြည်၌နေသော တိဿမထေရ်၏ တပည့်ငယ် သာမဏေဝတ္ထု။

**သန္တံ တဿ မနံ ဟောတိ။** ။စသည်ရှိသော၊ ဤဓမ္မဒေသနာ၊ ပါဠိ ဂါထာကို၊ သုံးဖြာဘုံဝန်၊ သိသာညွှန်မှ၊ မလွှန်နိုင်ကြ၊ ဒုက္ခတဝေနေ၊ ဝိုလ်ခြေတရာ့ဂိုဏ်ကို၊ ကရုဏာဉာဏ်၊ ထက်သန်နှိုးပင့်၊ ချီးမြှင့် လိုသော စေတနာဖြင့်၊ ကောင်းစွာ ချိုးမတင်သော၊ သကာတ် ဝိသိဋ္ဌ၊ ဂုဏ်ဟိတ် ညြဘာ၊ သောမနာဖြင့်၊ သဗ္ဗညုမည်ရှိ၊ စောနိုင်သည့်၊ ဝိပဿိတမ်းခွန်၊ အောင်လံလွှင့်သော၊ ဇေတဝန်ကျောင်းတော်၌၊ သေးတော်သော ဆုရှိသာ ပဆဖြင့်၊ မှုတတော် မူခိုက်အခါ၊ သာသနာဝယ်၊ သဒ္ဓါရှင်ထန်း၊ တိဿ ရဟန်း၏ တပည့်ငယ်၊ အသွယ်သွယ် အဖုံဖုံ၊ အလုံးစုံသော ဝတ်ကြီး ဝတ်ငယ် ကိစ္စဘို့ဖြင့်၊ ပြည့်စုံစွာပေသော၊ သာမဏေတပါးကို အကြောင်း ပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။ ပစ္စုပ္ပန်ဝတ္ထု။

ကောသမ္ဗီပြည်၌ နေလေ့ရှိသော တသောက်သော **အမျိုးကောင်းသားသည်** မြတ်စွာဘုရားသာသနာတော်ဝယ် သဒ္ဓါသမှု ရဟန်းပြုသဖြင့် ရအပ်သော ပဉ္စင်းအဖြစ်ရှိသည်ဖြစ်၍ ကောသမ္ဗီပြည်၌ နေလေ့ရှိသော ကောသမ္ဗိဝါသီ တိဿမထေရ်ဟု ထင်ရှားကျော်စော၏၊ ထိုမထေရ်အား ကောသမ္ဗီပြည်၌ ဝါဆို၍ ဝါကျွတ်ပြောက်သောအခါ အလှူအကျွေး ဒါယကာသည် တိစီဝရိတ် သင်္ကန်းကိုရင်း, ဘေသဇ္ဇ တင်လဲကိုရင်း, ယူဆောင်ခဲ့ပြီးလျှင် မထေရ်၏ ခြေရင်း၌ ထား၏။ ထိုအခါ ဥပါသကာ ကျောင်းဒါယကာကို မထေရ်က ဒါယကာ ဤဝတ္ထုကား အဘယ်နည်း ဟူ၍ မေးတော်မူ၏၊ ဒါယကာကလည်း အရှင်ဘုရား၊ အရှင်မြတ်တို့သည် တပည့်တော်၏ကျောင်း၌ ဝါကပ်ဆိုသည် မဟုတ်တုံလော၊ တပည့်တော်၏ ကျောင်း၌ ဝါကပ်ဆို၍ ဝါမှသပြောက်ကုန်သော အရှင်တို့အား ဤသို့သော လာဘ်လာဘကို ရအပ်ပါကုန်သည်၊ အရှင်ဘုရား အလှူခံတော်မူပါကုန် လော့ဟု လျှောက်သား၏။

မထေရ်ကလည်း ဒါယကာ- ရှိပါစေတော့။ ဤအလှူဝတ္ထုဖြင့် ငါ့အား အလိုမရှိဟု မိန့်တော်မူလျှင်၊ အရှင်ဘုရား-အဘယ် အကြောင်းကြောင့်

ပါနည်းဟု မေးလျှောက်၏။ ဒါယကာ - ငါ၏ အထံ၌ ကပ္ပိယကာရက ဖြစ်သော သာမဏေသည်လည်းတစုံတယောက်မျှမရှိဟု မိန့်တော်မူသည့် ကာလ၊ အရှင်ဘုရား ကပ္ပိယကာရက တစုံတယောက်မျှသော သူသည် အကယ်၍ မရှိသည်ဖြစ်အံ့၊ တပည့်တော်၏ သားငယ်သည် အရှင်မြတ်၏ ထံ၌ သာမဏေ ဖြစ်ပါလတ္တံ့ ဟု လျှောက်ကြား သဖြင့် မထေရ်က သည်းခံတော်မူ၏။

## ခုနစ်နှစ်သား သာမဏေ။

ဒါယကာသည် ခုနစ်နှစ်မျှလောက်သာရှိသေးသော မိမိ၏သားငယ်ကို မထေရ်၏ အထံသို့ ဆောင်ယူ၍ ဤသူငယ်ကို ရှင်ပြုပါကုန်လော ဟု ဆောင်နှင်း အပ်နှံ၏၊ ထိုအခါ မထေရ်သည် ထိုသူငယ်အား ဆံတို့ကို ဆုတ်နယ်သုံးသပ် ပြီးသောအခါ တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍ ဆံကို ရိတ်ပြီးသည့်ကာလ ရှင်သာမဏေပြု၏။ ထိုသာမဏေသည် သင်ရုန်း၏ အဆုံး၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့် တကွ အရဟတ္တဖိုလ်သို့ ရောက် လေ၏။

မထေရ်သည် သူငယ်ကို ရှင်ပြုပြီးသောကာလ၊ ထိုကောသမ္ဗီပြည်၌ လခွဲမျှလောက် ကာလပတ်သုံး သီတင်းသုံးတော်မူပြီးလျှင် မြတ်စွာဘုရား သခင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးပူဇော် ဖူးမျှော်ဘန်တော့အံ့ ဟု သာမဏေငယ်ကို ဘဏ္ဍာထုပ်ကို ယူစေပြီးလျှင်၊ သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်သို့ သွားသည်ရှိသော်၊ လမ်းခရီး အကြား၌ တရသော ကျောင်းသို့ တည်းခိုရန် ဝင်ရောက်၏။ သာမဏေငယ်သည် ကျောင်းသို့ ရောက်သောအခါ ဥပဇ္ဈာယ်ဆရာ၏ အိပ်ရာနေရာကို ကောင်းစွာ ပြုပြင်ဆင် သုတ်သင်၏၊ ထိုသို့ ဥပဇ္ဈာယ်ဆရာ၏ နေရာကို သုတ်သင်စဉ် ပင်လျှင် ညအခါကာလသို့ ကျရောက်သောကြောင့် မိမိနေရာကို ပြုပြင် သုတ်သင်ခြင်းငှါ မစွမ်းနိုင်သေး။ ထိုအခါ လာရောက်ခစား ထိုင်နေသော သာမဏေငယ်ကို မထေရ်က ငါ့ရှင်သာမဏေ အသင်၏အိပ်ရာနေရာကို ပြုပြင်သုတ်သင် ရပြီလော ဟု မေးတော်မူသဖြင့်၊ အရှင်ဘုရား တပည့် တော်၏နေရာကို သုတ်သင်ခြင်းငှါ၊ အခွင့်ကိုမရပါ ဟု လျှောက်ကြား၏။ ထိုသို့ဆိုပြီးကား၊ မောင်ရှင် သာမဏေ-ငါ၏ အိပ်ရာနေရာ အနီးအပါး ဖြစ်သော တိုက်ခန်း၏ အတွင်း၌သာလျှင် နေလေလော့။ ဤအရပ်ဒေသသို့

တခါတခေါက်မျှ မရောက်ဘူးသော အာဂန္တုကဖြစ်သော အသင်အား အပြင်ဘက်၌ ထွက်၍နေရခြင်းသည် ဆင်းရဲခြင်း ဖြစ်ပေလိမ့်မည်ဟု မိန့်တော်မူ၏။ ထိုနောက် အချိန်သို့ ကျရောက်သည့်ရှိသော်၊ သာမဏေကို ခေါ်၍ ကျောင်းအိပ်ရာသို့ ဝင်၏၊ မထေရ်သည်ကား ပုထုဇဉ်ဖြစ်သော ကြောင့် အိပ်ရာ၌ လျောင်းအိပ်ကာမျှဖြင့် သာလျှင် အိပ်ပျော် ခြင်းသို့ သက်လေ၏။

သာမဏေသည် ကြံဆင်ခြင်သည်မှာ ယနေ့ ဥပဇ္ဈာယ် ဆရာနှင့် အတူတကွ သုံးညဉ့်တို့ပတ်လုံး တမိုးတရံတည်းသော ကျောင်းအိပ်ရာ တိုက်ခန်း၌ နေရသော ငါအား အကယ်၍ လျောင်းအိပ်ခဲ့သည်ဖြစ်အံ့။ ငါ၏ဥပဇ္ဈာယ်ဆရာ မထေရ်သည် သဟသေယျ အာပတ်သို့ ရောက်ခဲ့ ပေရာသည်။ ဤယခု ညဉ့်၌ ငါသည် လျောင်းအိပ်ခြင်းကို မပြုမူ၍ ထိုင်နေ လျက်သာလျှင် ညဉ့်သုံးယာမ်ကို လွန်စေတော့အံ့ ဟု ကြံဆင်ခြင်၏။ ကြံပြီး၍ကား ဥပဇ္ဈာယ်ဆရာ၏ ညောင်စောင်းအနီး၌ ပလ္လင်ဖွဲ့ခွေ ထိုင်နေ လျက်သာလျှင် ညဉ့်ကို လွန်မြောက်စေ၏။ မထေရ်သည် မိုးသောက်သော ကာလ၌ အိပ်ရာမှထ၍ သာမဏေကို ပြင်ဘက်သို့ ထွက်စေ ခြင်းငှါ လျော်လောက်ပြီဟု ကြံ၍ ညောင်စောင်း၏နံပါး၌ ထားအပ်သော ယပ်ကို ကိုင်ယူပြီးလျှင် ယပ်ရွက်၏ အဖျားဖြင့် သာမဏေ၏ဖျာကို ဆောင့်၍ ယပ်ကို အထက်သို့ ပင့်တင် ပြီးသော်၊ သာမဏေ အပြင်ဘက်သို့ ထွက်လေလော့ ဟု မိန့်တော်မူ၏။ ယပ်ရွက်၏အရိုးသည် သာမဏေ၏ မျက်စိ၌ ထိခိုက်ပုတ်ခတ်မိသဖြင့် ထိုခဏ၌သာလျှင်မျက်စိကွဲပျက်သွား၏။

ထိုသာမဏေသည် အကြောင်းအဘယ်သို့ ပါနည်းဟု မေးလျှောက် သဖြင့်၊ သာမဏေယ် လျင်မြန်စွာထ၍ အပြင်ဘက်သို့ ထွက်လေ လော့ဟု မိန့်ဆိုတော်မူသည်ရှိသော်။ အရှင်ဘုရား၊ တပည့်တော်အား မျက်စိကွဲပျက်နှဲ့ပါပြီ ဟု ဤကဲ့သို့သော အခြင်းအရာစကားကို အနည်း ငယ်မျှ မလျှောက်မထားဘဲ တဘက်သောလက်ဖြင့် မျက်စိကို ဖုံးအုပ် ပြီးသောအခါ ပြင်ဘက်သို့ ထွက်သွားရှာ၏။ ဝတ်ကြီး, ဝတ်ငယ်ကို ပြုဘွယ်ကိစ္စ အခါကာလသို့ ကျရောက်သောအခါကာလ၌သည်း ငါ့အား မျက်စိကွဲပျက်၍ နှိုးချေပြီဟူ၍ ဆိတ်ဆိတ်မနေမူ၍ တဘက်သောလက်ဖြင့် မျက်စိကို ဖုံးအုပ်ပိတ်ထားပြီးသောအခါ တဘက်သောလက်ဖြင့် တံမြက်

ဆုတ်ကို ကိုင်ယူ၍ ဝစ္စကုဋိ, မျက်နှာသစ်ရေ အရပ်, လှင်ဆေးရော အရပ် တို့ကို တံမြက်လှည်းပြီးမှ မျက်နှာသစ်ရေ, လှင်ဆေးရေတို့ကို တည်ထား ပြီးသောအခါ ပရိဝုဏ်ကို တံမြက်လှည်း၏၊ ထိုသာမဏေငယ်သည် ဥပဇ္ဈာယ်ဆရာအား ဒန်ပူကို ပေးသည်ရှိသော်၊တဘက်သော လက်ဖြင့် သာလျှင် ပေး၏။

ထိုအခါ ဥပဇ္ဈာယ်ဆရာက သာမဏေကို မောင်ရှင် သာမဏေ အသင်သည် ဥပဇ္ဈာယ်ဆရာတို့အားပြုရသောဝတ်ကိုမသင်ကြားဘူးလေ သလော။ဥပဇ္ဈာယ်ဆရာတို့အား တဘက်သောလက်ဖြင့် ဒန်ပူပေးခြင်း၌ မအပ်သည်မဟုတ်လောဟု မိန့်တော်မူ၏၊ သာမဏေကလည်း အရှင် ဘုရား၊ ဆရာဥပဇ္ဈာယ်တို့အား တဘက်သောလက်ဖြင့် ဒန်ပူကို ပေးခြင်း ၌ မအပ်သည့်အဖြစ်ကို တပည့်တော်သိပါ၏။ထင်းသို့ပင် သိသော်လည်း တပည့်တော်အား တဘက်သော လက်သည် အချည်းနှီး မအားမလပ် ခဲ့ပါသောကြောင့် တဘက်သော လက်ဖြင့်သာ ပေးရပါသည်ဟု လျှောက် ကြား၏၊ မထေရ်ကလည်း သာမဏေ၊ အကြောင်း အသို့ပေနည်း ဟု မေးတော်မူလျှင်၊ သာမဏေသည် ဖြစ်ရင်း မူလမှစ၍ ထိုအကြောင်း အလုံးစုံတို့ကို အကုန်ပြောကြားလျှောက်ထား၏။မထေရ်သည် သာမဏေ လျှောက်ထားသော စကားကို ကြားသိလျှင် ထိတ်လန့် တုန်လှုပ်သော စိတ်ရှိသည်ဖြစ်၍၊ မောင်ရှင်သာမဏေ၊ ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွတကားဟု ပြောဆိုပြီးလျှင်။

“ခမာဟိ မေ သပ္ပုရိသ၊ နာ ဟမေတံ ဇာနာမိ။ အဝသ- ယော မေ ဟောဟိ”။

ဟူသောပါဠိဖြင့် ကန်တော့ဝန်ချ၍ လက်အုပ်ချီမိုး ရှိခိုးပြီးသော်၊ ခုနစ်နှစ် မျှသာရှိသော သာမဏေငယ်၏ခြေရင်း၌ ဆောင့်ကြောင့် ထိုင်လေ၏။

**ထိုပါဠိ၏အနက်ကား။** ။သပ္ပုရိသ၊ သည်းခံနှလုံး၊ ကျင့်သုံးနေနိုင် လှပေသော သူတော်ကောင်း။ မေ၊ မမ၊မသိသည်အလိုက်၊ရိုက်မှားမိသော ငါ့အား။ ခမာဟိ၊အပြစ်တဘန်၊ မစုံ့ဖြန်ဘဲ၊သည်းခံပါလေလော့။ အဟံ၊ သင်၏ ဆရာငါသည်။ ဧတံ ကာရဏံ၊ အသင်၏ မျက်စိကွဲပျက်သော ထိုအကြောင်းကို။န ဇာနာမိ၊ မသိလေ။ သပ္ပုရိသ၊ သူတော်ကောင်းအစစ်

ဖြစ်ပေသော မောင်ရှင် သာမဏေ။ တွံ၊ သင်သည်။ ဇမ္ဗု-မမ၊ မသိသည့်အလိုက် ရိက်မှားမိသော ငါ၏၊အဝသသယော၊ထောက်တည့် မှိခိုရာသည်။ ဟောဟိ၊ဖြစ်ပါလေလော့။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား** ။သည်းခံနိုင်သော အလေ့ အကျင့်နှင့် ပြည့်စုံပေသော သူတော်ကောင်း မသိသည့်အလိုက် ရိက်မှားမိသော ငါ့အား အပြစ်တဖန် မပြုဘဲ သည်းခံပါလော့၊ သင်၏ဆရာ ငါသည် အသင် သာမဏေ၏ မျက်စိကွဲပျက်သော အခြင်းအရာကို ငါမသိခဲ့လေ၊သူတော်ကောင်းအစစ် ဖြစ်ပေသော မောင်ရှင်သာမဏေ၊ အသင်သည် မသိသည့်အလျောက် ရိက်မှားမိသော ငါဆရာ မထေရ်အား ထောက်ဘည့်မှိခိုရာ ဖြစ်ပါစေလော့ဟု ကန်တော့ဝန်ချ တောင်းပန်၏။

ထိုအခါ မထေရ်ကို သာမဏေက အရှင်ဘုရား၊ အရှင်မြတ်အား တပည့်တော်သည် ဤကဲ့သို့သော အကြောင်းကို လျှောက်ထား ပြောဆိုခြင်းမှာ သည်ကဲ့သို့ ကန်တော့ဝန်ချ တောင်းပန် စေလိုသောကြောင့် ပြောဆိုလျှောက်ထားသည် မဟုတ်ပါ။အရှင်ဘုရားတို့၏ စိတ်ကို အမျက်ထွက်ခြင်းမှ အစဉ်စောင့်ရှောက်လိုသဖြင့် ဤသို့သောအကြောင်းစကားကို တပည့်တော် လျှောက်ထားခြင်း ဖြစ်ပါသည်။ ယခု ဤကဲ့သို့ ဖြစ်ရာ၌ အရှင်ဘုရားတို့အား အပြစ်အခွင့် ရှိမည် မဟုတ်၊ တပည့်တော်အားလည်း အပြစ်ရှိမည် မဟုတ်၊ စင်စစ်မူကား ကျင်လည်ပြေးသွားရာ သံသရာဝဋ်၏ သာလျှင် ဤသို့သော အပြစ်ဖြစ်ပါသည်။ အရှင်ဘုရားတို့သည် ကြောင့်ကြပူပန် အတန်တန် စိုးရိမ်ခြင်း မဖြစ်ပါစေလင့်။ တပည့်တော်သည် အရှင်မြတ်တို့အား ဤကဲ့သို့ နှလုံးမသာက်မသာ ကျင်နာပေါက်ပြန်ခြင်း မဖြစ်စေလိုကြောင်း ကောင်းစွာ စောင့်ရှောက်လိုသဖြင့် သာလျှင် အစဦးက မလျှောက်မကြားဘဲ ငံ့တံတခဆိတ် နေပါသည်ဟု လျှောက်ထား၏။မထေရ်လည်း သာမဏေငယ်က တရားပြသ၍ သက်သာရာကို ရစေပါသော်လည်း ကောင်းမွန်ချမ်းသာ သက်သာရာကို မရနိုင်ဘဲ ထိတ်လန့်တုန်လှုပ် ဖြစ်ပွါးလျှက်သာ သာမဏေငယ်၏ ထမ်းပိုး ရွက်ဆောင်အင်သော ဘဏ္ဍာထုပ်ကို မိမိကိုယ်တိုင် ရွက်ဆောင် ယူငင်၍ မြတ်စွာဘုရား၏ အထံတော်သို့ သွား၏။

## မြတ်စွာဘုရားထံ လျှောက်ထားခြင်း။

မြတ်စွာဘုရား သခင်သည်လည်း ထိုဆရာတပည့် နှစ်ဦးတို့၏ လာရောက်ခြင်းကို ကြည့်ရှုတော်မူလျက်သာလျှင် ထိုင်နေ သိတင်းသုံးတော်မူ၏၊ ထိုမထေရ်သည် မြတ်စွာဘုရားသခင်ကို ကြည်လင် ညွတ်ကျိုး၊ ရှိခိုးပြီးသော် မြတ်စွာဘုရားသခင်နှင့် အတူဘက္ကပဋိသန္ထာရကို ပြု၍ ဘုရားကိုယ်တော်မြတ်က "ချစ်သားရဟန်း၊ အသင့်အား မျှဘခန့်ကျန်းပါ၏လော၊တစုံတခုအလွန်အကဲဆင်းရဲကျင်နာမချမ်းသာခြင်း အကြောင်းရှိသလော" ဟု မေးတော်မူသောကြောင့် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်သားတော်အား ခန့်ကျန်းပါ၏။ တပည့်တော်အား တစုံတခု အလွန်အကဲ ဆင်းရဲကျင်နာ မချမ်းသာသော အကြောင်းမရှိပါ။ စင်စစ်မှာမူကား ဤသာမဏေငယ်ကဲ့သို့ ကြီးကျယ်မြင့်မြတ် လွန်ကဲသော ဂုဏ်ကျေးဇူး အထူးနှင့်ပြည့်စုံသော တပါးသောသူကို တပည့်တော်သည် တစုံတယောက်မျှ မတွေ့မထင် မမြင်ဘူးပါဟု လျှောက်ကြား၏။

ချစ်သားရဟန်း၊ ဤသာမဏေငယ်သည် အဘယ်ကဲ့သို့သော အမှုကို ပြုရရှက်ဆောင် ပေသနည်းဟု မေးတော်မူပြန်လျှင် ထိုမထေရ်သည် ဖြစ်ခြင်းမူလ အစမှပြန်၍ အကြောင်းမျိုး အလုံးစုံတို့ကို မြတ်စွာဘုရားသခင်အား အကုန်ပြန်ကြား လျှောက်ထားပြီးလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ဤသို့သော အကြောင်းကြောင့် တပည့်တော်သည် သည်းခံစေအင်သည်ရှိသော် သာမဏေငယ်က တပည့်တော်ကို "ဤအရာ၌ အရှင်ဘုရား အားလည်း အပြစ်မရှိ၊ တပည့်တော် အားလည်း အပြစ်မရှိ၊ ကျင်လည်ပြေးသွား သံသရာဝဋ် ဆင်းရဲ၏သာလျှင် ဤအပြစ်ဖြစ်လေသည်။ အရှင်ဘုရားတို့သည် စိုးရိမ်ကြောင့်ကြခြင်းကို မဖြစ်ကြပါစေကုန်လင့်" ဟု သက်သာရာကို ရစေသည်ဖြစ်၍သာလျှင် လျှောက်ထားပြောဆိုပါသည်။ တပည့်တော်၌ အမျက်ဒေါသ တက်ကြွဖြစ်ပွါးခြင်းကို မပြုပါ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ဤသို့ သဘောရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို တပည့်တော်သည် ရှေးအခါကာလက တစုံတယောက်မျှ မတွေ့မထင် မမြင်ဘူးပါ ဟု လျှောက်ထား၏။

## တိဿမထေရ် ပဋိသမ္ဘိဒါပတ္တ အရဟတ္တဖိုလ် တည်ခြင်း။

ထိုအခါ မယောရ်ကို ပြတ်စွာ ယုရာ သခင်က ချစ်သော ရပါနံ၊ ကုန်ပြီးသော အာသဝေါတရား ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့ မည်သည့် သော တရုံတယောက်သော သူအား အချုပ်ဒေါသ ယုက်ခြင်း မပြုကုန်၊ ပြစ်မှားခြင်း မရှိကုန်၊ငြိမ်းသက်တည်ကြည်သော နှုတ်ရွေ့ ငြိမ်းသက်တည် ကြည်သော စိတ်ရှိသည်သာလျှင် ဖြစ်ကုန်၏ ဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**သန္တံ တဿ မနံ ဟောတိ၊ သန္တာ ဝါစာ စ ကမ္မ စ၊**
**သမ္မဒညာ ဝိမုတ္တဿ၊ ဥပသန္တဿ တာဒိနော။ ။**

ဟူသော ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ကောသမ္ဗီပြည်၌ နေလေ့ရှိသော တိဿ မထေရ်သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ကြွင်းကုန်သော များစွာသော လူတို့သည်လည်း၊ အကျွတ် တရားကို ရလေကုန်၏။

**အနက်ကား။** ။သမ္မာ၊ အသင့်အားဖြင့်။ အညာ၊ သိ၍။ ဝိမုတ္တဿ၊ ငါးပါးသောဝိမုတ္တိဖြင့် ကိလေသာမှ လွတ်ထသော။ဥပသန္တဿ၊ငြိမ်းသက် စွာထသော၊ တာဒိနော၊ လောကဓံတရား ရှစ်ပါးအလျောက် တွေ့ကြုံ ရောက်လည်း၊ တောက်ပြန်ခြင်းသဘော မရှိထသော။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ မနံ၊ စိတ်သည်။ သန္တံ၊ ငြိမ်းသက်သည်၊ ဟောတိ၊ ဖြစ်၏။ ဝါစာ ဝါ၊စကားသည်၎င်း။ကမ္မံ စ၊အမှုသည်၎င်း။သန္တာဝ၊ ငြိမ်းသက်သည် သာလျှင်။ဟောတိ၊ဖြစ်၏။ ။ဤကားအနက်။

ဓမ္မပဒအရဟန္တဝဂ်၌၊ခုနစ်ခုမြောက်ဖြစ်သော ကောသမ္ဗီပြည်၌ နေလေ့ရှိသော တိဿမထေရ်၏ တပည့်ငယ်ဝတ္ထုကား ဤတွင်ရွေ့ပြီး၏။

---

## ၇-အရဟန္တဝဂ်။ ၈-အရှင်သာရိပုတ္တရာမထေရ် ဖြေဆိုသောဝတ္ထု။

**အဿဒ္ဓေါ။** ။အစရှိသော ဤဓမ္မဒေသနာ ပါဌ် ဂါထာကို၊ ဆယ်ဖြာ ကိလေ၊ အညီမွေ၍၊ အဝီရေကာ၊ လွန်တက်ကြွသည်၊ မာနမိုက်ကျူး၊

အာဠဝကာ၊ ဘီလူးမှစ၍၊ အထူးထူးသော သတ္တဝါ၊ ဝေနေယျာ အနိုက်တို့ကို၊ စရိုက်သင့်လျော်၊ သုံးမဝေါ် မှုတတ်သော သဘတ်၊ ဝိသိဒ္ဓအလာကြောင့်၊ သဗ္ဗညာ မည်တော်မူသော မြတ်စွာဘုရား သခင်သည် မြို့၏အခါ၊ အပြာပြာဘို့ဖြင့်၊ လွန်စွာရုံဘိ၊ ဂုဏ်သူ့ရှိသည့်၊ သာဝတ္ထိပြည်သား၊ ခွန်အားသဒ္ဓါ၊ လွန်စွာပွါးစည်း၊ ဆယ်မည် သုဒ္ဓ၊ ဒုက္ခိတသတ္တဝါတို့ကို၊ ဝေဖြာစွန့်ကြဲတတ်သော အလှူအကျင့်၊ ချီးမြှင့်တတ်သော အခါ၊ အနာထတို့၏ ခိုကိုးရာဖြစ်သောကြောင့်၊ အနာထပိဏ္ဍိက၊ နာမထင်ပေါ်၊ သူဌေးကျော်သည် ဆောက်လုပ် လှူဒါန်းတော် မူအပ်သော ဇေတဝန် ကျောင်းတော်၌ လေးချပ်သော ဣရိယာပထဖြင့် မှီတော်မူခိုက်အခါ လက်ျာတော်ရံ၊ ဌာနန္တရ၊ ရာထူးရသော၊ သာရိပုတ္တရာမထေရ်အား၊ဦးတည်မေးမြန်းအပ်သော အမေးပုစ္ဆာ၏ အဖြေဝိသဇ္ဇနာစကားကို အကြောင်း ပြုသော အားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အညွှန်း ဖွင့်ဆို အစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ သုံးကျိပ်မျှလောက် ကုန်သော တောကျောင်းနေရဟန်းတို့သည် မြတ်စွာဘုရားသခင်၏ ထံတော်မှောက်သို့ လာရောက်ဦးချ ထိုင်နေကြကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုရဟန်းတို့အား ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်၏ အကြောင်း ဥပနိဿယ ပြည့်ဝရုံလင်သည့် အဖြစ်ကို မြင်တော်မူသောကြောင့်၊ အရှင် သာရိပုတ္တရာမထေရ်ကို ခေါ်တော်မူပြီးလျှင်။ ချစ်သား သာရိပုတ္တရာ၊ အကြင်ပုဂ္ဂိုလ်သည် သဒ္ဓိန္ဒြေကို မပွါးများဘဲ၊ အကြိမ်များစွာ အလေ့အလာမပြုဘဲ အမြိုက်နိဗ္ဗာန်ကို ရ၏။ အမြိုက်နိဗ္ဗာန် အဆုံးရှိသည်ကို ပြု၏။ ထိုပုဂ္ဂိုလ်သည် ထင်ရှားတိတိ ရှိပေ၏ဟု ပြောဆိုအံ့။ ထိုစကားကို အသင် ယုံကြည်အံ့လောဟု မိန့်တော်မူပြီး၍၊ ဤနည်းအတူ ဝိရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေ, ပညိန္ဒြေ-ဟူ ဆိုအပ်ကုန်သော ဣန္ဒြေငါးပါးတို့ကို အကြောင်းပြုသော အားဖြင့် ပြဿနာကို မေးတော်မူ၏။

မထေရ်သည်လည်း ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဣန္ဒြေငါးပါးကို မပွါးများဘဲ အမြိုက်နိဗ္ဗာန်ကို ထင်ရှားသိရှိသော ဤအရာ၌

တပည့်တော်သည် မြတ်စွာဘုရားအား ယုံကြည်သောအားဖြင့် သွားရောက်အပ်သည်မဟုတ်ပါ။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအကြင်ပုဂ္ဂိုလ်တို့အား ထိုတရားကို သိမြင်တတ်သော ဉာဏ်ပညာဖြင့် ကိုယ်တိုင်မသိမမြင်၊ မျက်မှောက်မပြု မသွားရောက်ရ။ ထိုသူတို့သည်သာလျှင် ဤသို့သော အရာဌာန၌ သူတပါးကို ယုံကြည် ရည်ညွှန်းပြီးသောကာလသာ သွားရောက်ခြင်း ဖြစ်ရပါကုန်လိမ့်မည်ဟု ဤသို့ဆိုသော အခြင်းအရာအကျယ်ဝိတ္ထာရဖြင့် ပြဿနာကိုဖြေဆို၏။ ထိုသို့ဖြေဆိုသော စကားကိုကြား၍ ရဟန်းတို့သည် သာရိပုတ္တရာ မထေရ်ကား ရှေးကဖိဖိယူ၍ဘူးသော မိစ္ဆာအယူကို မစွန့်လွှတ်သေး။ ယနေ့ထက်တိုင်အောင်လည်း မြတ်စွာဘုရား ကိုယ်တော်မြတ်အား မယုံကြည် သေးသည်သာလျှင်တည်းဟူသော စကားကို ဖြစ်စေကြကုန်၏။

## ပဉ္စိန္ဒြိယပဥှ အရဟတ္တဖိုလ်ရခြင်း၊

မြတ်စွာဘုရားသခင်သည် ရဟန်းတို့ပြောဆိုကြသော ထိုစကားကို ကြားသိတော်မူ၍ ချစ်သားရဟန်းတို့ အဘယ်သို့သောစကားကို ပြောဆိုကြကုန်သနည်း၊ငါဘုရားက ဣန္ဒြေငါးပါးတို့ကို မပွါးများမူ၍ သမထဝိပဿနာကိုမပွါးမူ၍ မဂ်ဖိုလ်တို့ကို မျက်မှောက်ပြုခြင်းငှါမစွမ်းနိုင်သော သူမည်သည်ရှိ၏။ ချစ်သားသာရိပုတ္တရာ ထိုစကားကို အသင်ယုံကြည်ပါ၏လော-ဟု မေးတော်မူ၏။ ထိုသာရိပုတ္တရာသည် ဤသို့သော အခြင်းအရာဖြင့် မျက်မှောက်ပြုခဲ့သော ကြောင့် ထင်ရှားရှိသော ပုဂ္ဂိုလ်မည်၏။ သို့ဖြစ်၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် မယုံကြည်ပါဟု ပြန်၍လျှောက်ထားခြင်း ဖြစ်လေသည်၊ပေးလှူခြင်း၏ရင်း၊ ပြုအပ်သောကံ၏ရင်း၊ အကျိုးဝိပါက မရမရှိ-ဟု ပြောဆို သည်ကိုသာ မယုံကြည်ခြင်းဖြစ်လေ၏။ ဘုရားအစရှိသော ရတနာသုံးပါးဘုရား၏ဂုဏ်ကို မယုံကြည်မဟုတ်ပေ၊ စင်စစ်မှာမူကား ထိုသာရိပုတ္တရာသည် မိမိသည် ရအပ်ကုန်သော ဈာန်ဝိပဿနာ မဂ်ဖိုလ်တရားတို့၌ သူတပါးတို့အား ရည်ညွှန်း ယုံကြည်သောအားဖြင့် မသွား မရောက်ရလေ။ ထိုကြောင့် သာရိပုတ္တရာကို မကဲ့ရဲ့မရှုတ်ချအပ် ဟု မိန့်တော်မူပြီး၍ အနုသန္ဓေကို စပ်တော်မူပြီးသောအခါ-

**အဿဒ္ဓေါ အကတညူ စ၊ သန္ဓိစ္ဆေဒေါ စ ယော နရော။**
**ဟတာဝကာသော ဝန္တာသော၊ သ ဝေ ဥတ္တမပေါရိသော။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဂါထာ၏အဆုံး၌ သုံးကျိပ်မျှလောက်ကုန်သော ထိုတောကျောင်းနေရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်ကုန်၏။ ကြွင်းကုန်သော များစွာသောသူတို့သည်လည်း အကျိုးတရားကိုရကြလေကုန်၏၊

**အနက်ကား။** ။ယောနရော၊ အကြင်သူသည်၊ အဿဒ္ဓေါ၊ သူတပါးတို့စကားဖြင့်သာ မှတ်သားယုံကြည်ခြင်း ရှိသောသူမဟုတ်။ **အကတညူ** စ၊ အကြောင်းတရားတို့သည် ပေါင်း၍ပြုပြင် စီရင်အပ်သော နိဗ္ဗာန်ကိုကိုယ်တိုင်မျက်မှောက်အားဖြင့် သိလေ့ရှိသည်လည်း၊ ဟောဘိ၊ ဖြစ်၏။ သန္ဓိစ္ဆေဒေါ စ၊ လွတ်နိုင်ခဲစွာ သံသရာ တည်းဟူသော နှောင်အိမ်အစပ်ကို ခွဲဖြတ်ဖျက်ဆီးတတ်သည်လည်း၊ ဟောတိ၊ဖြစ်၏၊ ဟတာဝကာသော၊ကုသိုလ်ကံ အကုသိုလ်ကံ ဤနှစ်တန်တို့၏ စိမ့်ဖွံ့ပြိုးအကျိုးပေးခွင့်ကို ပယ်လှွင့် ဖြတ်တောက် အပ်ပြီးသည်လည်း။ ဟောဘိ၊ ဖြစ်၏။ ဝန္တာသော၊ အာသာဆန္ဒကို တစမကျန် ပျို့အန်ပြီးသည်လည်း ဟောတိ၊ ဖြစ်၏။သော ပုဂ္ဂိုလ်သည်။ ဝေ၊ စင်စစ်၊ ဥတ္တမပေါရိသော၊ ယောကျ်ားမြတ် မည်ပေ၏။ ။ဤကားအနက်။

မ္မေပဒအရဟန္တဝဂ်၌ ရှစ်ခုမြောက်သော အရှင်သာရိပုတ္တရာ
မထေရ်ဖြေဆိုသော ဝတ္ထုအစဉ်ကား
ဤတွင်ရွေ့ ပြီး၏၊

---

## ၇-အရဟန္တဝဂ်။ ၉-အရှင်သာရိပုတ္တရာ၏ညီတော် တောကျောင်းနေ အရှင်ရေဝတဝတ္ထု။

**ဂါမေ ဝါ ယဒိ ဝါ ရညေ။** ။အစဆွေသော ဒေသနာပါဠိကို၊ ဒိပတိထွန်းထား၊ဘုရားသခင်သည်၊ ပြည်ခွင်ဘုမ္မိ၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းတော်မူခိုက်အခါ၊ ရည်ဝါတွင်၊ မဟာဇေတဒဂ်၊

တံဆိပ်ခတ်ရသော ထက်မြက်သည့်၊ သာရိပုတ္တရာ ညီတော်၊ ထင်ပေါ် ကျော်စောသော ရှာ တောနေ အရှင်ရေဝတကို၊ အစတည်မှု၊ ရည်ညွှန်း ပြုသောအားဖြင့်၊ ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အညွှန်းပြုစုအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

ပညာဝါရာ မဟာ ဧတဒဂ် ဖြစ်တော်မူသော အရှင် သာရိပုတ္တရာ မထေရ်သည် ရှစ်ဆဲ့ရှစ် ကုဋေ [illegible] ပစ္စည်းဥစ္စာကို အသော တင်မက် မငဲ့ကွက်ဘဲ ပယ်ရှက်စွန့်ချ၍ ရဟန်းပြုတော်မူပြီးသည့်နောက် စာလာ၊ ဥပစာလာ၊ သီသုပစာလာ-ဟု ဆိုအပ်ကုန်သော တမိဝမ်းတွင်း ဖွားမြင်ကုန်သော သုံးယောက်ကုန်သော နှမတော်တို့ကိုရှင်း၊ ရေဝတ ဥပသေန ဟု ဆိုအပ်ကုန်သော တမိဝမ်းပေါက် နှစ်ယောက်ကုန်သော ညီတော်တို့ကိုရှင်း ဤသို့အားဖြင့် နှမညီငယ် ငါးယောက်တို့ကို သုန်းတောက် ပြတ်စွာ သာသနာဝယ် သင်္ဂါဟမှု ရဟန်းပြုစေ၏။

## အငယ်ဆုံး ရေဝတ။

အငယ်ဆုံးဖြစ်သော ရေဝတသတို့သား တယောက်သည်သာလျှင် အိမ်၌ ကြွင်းကျန်ရစ်ခဲ့၏။ ထိုအခါ မယ်တော်ဖြစ်တော်မူသော သာရီ ပုဏ္ဏေးမသည် ကြံဆင်ခြင်သည်မှာ "ငါ၏ သားတော်ကြီး ဖြစ်သော ဥပတိဿသည် ဤမျှလောက်သော စည်းစိမ်ချမ်းသာ ပစ္စည်း ဥစ္စာကို စွန့်ပယ်ပြီးသောအခါ ရဟန်းပြုပြီးသည့်ကာလ သုံးယောက်ကုန်သော နှမငယ်၊ နှစ်ယောက်ကုန်သော ညီငယ်တို့ကို မိမိသို့အစဉ်လိုက်၍ ရဟန်း ပြုစေဘိသည်၊ အငယ်ဆုံး ဖြစ်သော ရေဝတသားငယ် တယောက် သည်သာ အိမ်၌ကြွင်းကျန်ရစ် ခဲ့ပေတော့သည်၊ ဤရေဝတသားငယ် ကိုလည်းအကယ်၍ ရဟန်းပြုစေ ပြန်သည်ဖြစ်အံ့၊ ဤမျှလောက်သောငါတို့၏ ပစ္စည်းဥစ္စာ ရတနာရွှေငွေ မြေမြေသင်းပင်း ကျန်ရှင်းကျဲနွား စသည်တို့ သည် ပျက်စီးခြင်းသို့ ရောက်ပေတော့မည်၊ မိဘဘိုးဘိုး မျိုးရိုးအစဉ် အဆက်သည်လည်း ပြတ်ခြင်းသို့ရောက်ပေလတ္တံ့။ ထိုရေဝတသားငယ် ကို ငယ်စဉ်ကာလသရကပင် စာရင်းသင်္ကေတတွဲ့ဖွဲ့နှောင် အိမ်ရာထောင်ခြင်း ဖြင့် ဖွဲ့ပေးအံ့"ဟု ကြံ၏။ သာရိပုတ္တရာ မထေရ်သည်လည်း ရှေးဦး

စောစောက ပင်လျှင် ရဟန်းတို့ကို ငါ့ရှင်တို့-ငါ၏ ညီငယ်ဖြစ်သော ရေဝတသည် ရဟန်းပြုလိုသည်ဖြစ်၍ အကယ်၍လာရောက်ခဲ့အံ့၊ရောက် လျှင်ရောက်ချင်း ထိုရေဝတကို ရဟန်းပြုလိုက်ကြပါ ကုန်လော။ ငါ၏ မိခင်ဘခင် တို့သည်ကား မှားသော အယူအမြင်ရှိသော မိစ္ဆာဒိဋ္ဌိတို့ ဖြစ်လေကုန်သည်။ ထိုမိခင်ဘခင်တို့ကို ပန်ကြား ခွင့်တောင်း၍ နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ငါသည်သာလျှင် ထိုရေဝတ၏ အမိအဘ ဖြစ်တော့သည်-ဟု ပြောဆိုစေခိုင်း မှာထား၏။

## ရေဝတ မင်္ဂလာဆောင်။

မယ်တော်ဖြစ်သော သာရိပုဏ္ဏေးမသည်လည်း ရေဝတသတို့သားကို ခုနစ်နှစ်သားမျှသာ ရှိသေးပါလျက် အိမ်ရာထောင်ခြင်းဖြင့် ဖွဲ့နှောင်လို သည်ဖြစ်သောကြောင့် တူမျှသော ဇာတ်ရှိသောအမျိုး၌ သတို့သမီးငယ် တယောက်ကို ခွင့်ပန်တောင်းဆို ပြောကြား၍ နေ့အခါ၌ ရေဝတသတို့ သားကို အထူးထူးအပြားပြား များစွာသော တန်ဆာတို့ဖြင့် ဆင်ယင် ဝတ်စား ပျော်ပါးကြည်လင်စေ ပြီးသော် ကြီးကျယ်မြင့်မြတ်သော အခြံ အရံနှင့်တကွ ယူဆောင်၍ သတို့သမီး၏အမျိုးအိမ်သို့ သွားလေ၏။

ထိုအခါ ပူအပ်သော မင်္ဂလာရှိကုန်သော နှစ်ဦးကုန်သော သတို့သား သတို့သမီးငယ် တို့၏ ဆွေမျိုးဉာတိ တို့သည် စည်းဝေးကုန် ပြီးသော် ရေခွက်၌လက်ကိုချ၍ မင်္ဂလာတို့ကိုရွတ်ဆိုကြကုန်ပြီးလျှင် သတို့သမီး ငယ်၏ကြီးပွါးခြင်းကို တောင့်တကုန်သော အဆွေအမျိုးတို့သည် ချစ်သမီး အသင်၏ အဘွားကဲ့သို့မြင်အပ်သော တရားကိုမြင်၍ အသင်၏အဘွားမ ကဲ့သို့ ကြာမြင့်ရှည်စွာ ဇီဝိတိန္ဒြေအသက် မပျက်ကောင်းမွန်စွာ တည်နေ ပါလေလော-ဟု ပြောဆိုကြကုန်၏။

ရေဝတသတို့သားသည် ဤသူ၏အဘွားမှ မြင်အပ်သောတရားသည် အဘယ်သို့ပါလေနည်း-ဟု ကြံ၍ "ဤသူ၏အဘွားမသည် အဘယ်သို့ ဖြစ်ပါလေသနည်း"ဟု မေး၏။ ထိုအခါ ရေဝတသတို့သားကို ချစ်သား အသို့နည်း အသင်သည် ဤသူ၏ အဘွားမကို မမြင်သလော။ အသက် တရာ့နှစ်ဆယ်မြင့်ရှည်သော ကျိုးကြေသောသွားရှိသော ဖြူသောဆံပင် ရှိသော တွန့်သောအရေရှိသော မှဲ့မည်းတို့ဖြင့် ပေါက်ရောက်ဖျက်ဆီးအပ်

သောကိုယ်ရှိသော ကျဲတဲယိမ်းယိုင် ကောက်ကွေးသော အရိုးရှိသော ဤသက်ကြီး အိုမသည့် ထိုသူငယ်မ၏ အပွား ပေါ့ဘတ်ဘုံလော-ဟု ပြောဆိုကြကုန်၏။

ဘခင်တို့ အသို့နည်း၊ ဤသူငယ်မသည်လည်း ထိုအဘွားကဲ့သို့ပင် ဖြစ်လတ္တံ့လော-ဟု မေးသဖြင့် ချစ်သား ဤသူငယ်မ သည်သည်း အကယ်၍ အသက်မြင့်ရှည် တည်နေခဲ့သည်ဖြစ်အံ့ ထိုအဘွားမနှင့်အတူ ပင်သာလျှင် ဖြစ်ပေလတ္တံ့-ဟု ပြောဆိုကြကုန်၏ ရေဝတသတို့သားသည် စဉ်းစားကြံဆင်ခြင်သည်မှာ ''ဤသို့သဘောရှိသည့် မည်သော ကိုယ် သည်သည်း အိုခြင်းဘည်းဟူသောဒရာဖြင့် ပြင်းစွာနှိပ်စက်ဘင်းအပ်သည် ဖြစ်၍ ဤသို့သော ဖေါက်ပြန်ခြင်းသို့ ရောက်ရပေ လတ္တံ့။ ငါ၏ နောင်တော်ကြီးဖြစ်သော ဥပတိဿသည် ဤသို့ အကြောင်းဖြစ်အင်ကို မြင်တော်မူသည်ဖြစ်ပေလိမ့်မည်။ ငါသည်လည်း ယနေ့ပင်လျှင်ထွက်ပြေး တိမ်းရှောင် ပြီးသောကာလ ရဟန်းပြုခြင်းငှါ အပ်တော့သည်သာ'' ဟု ကြံ၍ ထိုနောက် အဆွေအမျိုးတို့သည် သတို့သားကို သတို့သမီးနှင့်အတူ တကွ တခုတည်းသောယာဉ်ထက်သို့တင်ပြီး၍ ယူဆောင်ပြီးသည်ကာလ ဖဲ့သွားကြကုန်၏။

## ရဟန်းပြုလိုသော ရေဝတ။

ရေဝတသတို့သားသည် အတန်ငယ်သွားမိသည်ရှိသော် ကိုယ်လက် သန့်ရှင်းသုတ်သင်ခြင်းကိစ္စကို ညွှန်ကြားပြောဆိုပြီးသောအခါ ယာဉ်ကို ရပ်တန့်ကြဦးလော၊ ကိစ္စပြီးဆုံးသောအခါ ငါလာခဲ့အံ့-ဟု ပြောဆိုပြီး သည်ကာလ ယာဉ်မှသက်ဆင်း၍ တခုသောချုံ၌ အတန်ငယ်ကြာမြင့်ခြင်း ကိုပြုပြီးသော် ပြန်လာခဲ့၏။ နောက်တဖန် အတန်ငယ် သွားမိပြန်သည် ရှိသော် ရှေးနည်းဖြင့်သာလျှင် တပါးသော ကိစ္စကို ရည်ညွှန်း ပြောဆို သက်ဆင်း လှည့်ပတ်ပြီး၍ တဖန်ပြန်၍ တက်၏။ နောက်တဖန်လည်း ရှေးနည်းအတူသာလျှင် ပြု၏။ ထိုအခါ သတို့သား၏ အဆွေအမျိုးတို့သည် ဤသူငယ်အား ကိစ္စထပြောက်ခြင်းတို့သည် ကြာခဏသာလျှင် ဖြစ်ရ လေကုန်သည်-ဟု အောက်မေ့ မှတ်ထင်၍ ရှေးကကဲ့သို့ မြဲမြံသော အစောင့်အရှောက်ကို မပြုကြကုန်။ သတို့သားသည်လည်း တဖန် အတန် ငယ်သွားမိပြန်သည်ရှိသော် ရှေးနည်းအတူသာလျှင် တပါးသောကိစ္စကို

ရည်ညွှန်းပြောဆို၍ ယာဉ်မှသက်ဆင်းပြီးလျှင် "အသင်တို့သည်ယာဉ်ကို မောင်းနှင်၍ ရှေ့မှသွားကြကုန်လော့၊ ငါသည် နောက်မှဖြည်းဖြည်း လိုက် လာခဲ့အံ့"ဟု ပြောဆို၍ ယာဉ်မှသက်ဆင်းပြီးလျှင် တရသောသချုံသို့ ရှေးရှု သွား၏။သတို့သား၏ အဆွေအမျိုးတို့သည်လည်းနောက်မှလိုက်လာလတ္တံ့ ဟူသောအမှတ်ဖြင့် ယာဉ်ကိုမောင်းနှင်၍ သွားကြကုန်၏။

ရေဝတ သတို့သားသည်လည်း ထိုအရပ်မှ ထွက်ပြေး၍ လာခဲ့ရာ တရသောအရပ်၌ သုံးကျိပ်မျှလောက်သော ရဟန်းတို့သည် နေကြကုန်၏။ ထိုရဟန်းတို့ထံသို့ သွားရောက်ပြီးသောအခါ ရှိခိုးဦးချ၍ အရှင်ဘုရားတို့ တပည့်တော်အား အစဉ်သနားသဖြင့် ရဟန်းပြုတော်မူကြကုန်လော-ဟု တောင်းပန် လျှောက်ထား၏။ ရဟန်းတို့က "ငါ့ရှင် သတို့သားငယ် အသင်သည် အတိုး ထိုက်တန်လှစွာ အာလုံးရုံသော တန်းဆာ တို့ဖြင့် ဆင်ယင်ဝတ်စား ထားအပ်ပေ၏၊ ငါတို့သည် အသင်အား ပြည့်ရှင် မင်းမြတ်၏ သားတော်ဟူ၍၎င်း၊အမတ်ကြီး၏သားဟူ၍၎င်း မသိကြကုန်။ အဘယ်သို့လျှင် ရဟန်းပြု၍ ပေးနိုင်ကုန်အံ့နည်း"ဟု ပြောဆိုကြကုန်၏။ အရှင်ဘုရားတို့ အရှင်မြတ်တို့သည် တပည့်တော်ကို မသိပါကုန်သလော ဟု မေးလျှောက်ပြန်လျှင် သတို့သားငယ် ပြော်-ဟုတ်ပေ၏။ ငါတို့မသိ ကြကုန်-ဟု ပြောဆိုသဖြင့် အရှင်ဘုရားတို့၊ တပည့်တော်သည် ဥပ- တိဿ၏ ညီငယ်ပါတည်း-ဟု လျှောက်၏။သတို့သားငယ်၊ ဥပတိဿ မည်သောသူသည် အဘယ်သူ ပေနည်း-ဟု မေးတော် မူကြပြန်သော ကာလ၊ ပြော်-ဟုတ်ပေ၏။ အရှင် ဘုရားတို့၊ အရှင်မြတ် တို့သည် တပည့်တော်၏ နောင်တော်ကို သာရိပုတ္တရာဟူ၍ ပြောဆိုသမုတ်ကြ ကုန်သည်။ထိုကြောင့် တပည့်တော်သည် ဥပတိဿဟူ၍ လျှောက်ထား သည်ကို မသိကြပါကုန်သည်ဟု လျှောက်၏။

ထိုအခါမှ ရဟန်းတို့က အသင်သည် သာရိပုတ္တရာမထေရ်၏ ညီငယ် ပေလော ဟု မေးတော်မူကြသဖြင့် ဟုတ်မှန်ပါသည်-ဟု လျှောက်ထား လျှင်၊ထိုသို့ တပြီးကား သတို့သားငယ်၊ လာလှည့်ခဲ့လော့။ အသင်၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာမထေရ်သည် အသင့်အားရဟန်း ပြုရန်အလို့ငှါ ခွင့်ပြုပြီး ဖြစ်သည်-ဟု ပြောဆိုပြီးလျှင် ရဟန်းတို့သည်

ရေဝတ သတို့သား၏ အဝတ်တန်ဆာ တို့ကို ချွတ်ပယ်၍ သင့်တင့် လျောက်ပတ်သော ကောင်းမြတ်သော အရပ်တချို့ သိုမြိုးသိမ်းဆည်း ထားစေပြီးသောအခါ ရဟန်းပြု၍ ရှင်သာရိပုတ္တရာမထေရ်အား သတင်း စကားကို ပြောကြားလိုက်ကြကုန်၏။

သာရိပုတ္တရာမထေရ်သည် ထိုသို့သောသတင်းစကားကို ကြားတော် မူ၍၊မြတ်စွာဘုရားသခင်အား ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တောကျောင်းနေ ရဟန်းတို့သည် တပည့်တော်၏ညီငယ် ရေဝတကို ရဟန်းပြုအပ်ပြီဟူ၍ သတင်းစကားကို ပြောကြားလိုက်ကြပါကုန်သည်။ တပည့်တော်သည် သွားရောက်၍ ထိုရေဝတကို ကြည့်ရှုပြီးသော အခါ ပြန်လာခဲ့ပါအံ့ ဟု လျှောက်ထား ပန်ကြား၏၊ မြတ်စွာဘုရား သခင် သည်လည်း ချစ်သား သာရိပုတ္တရာ၊ မသွားလေနှင့်ဦး၊သည်းခံဦးလော-ဟု မိန့်တော်မူ၍ သွားခြင်းငှါအခွင့်ကိုမပေး၊သာရိပုတ္တရာ မထေရ်သည်လည်း တဖန် နှစ်ရက်,သုံးရက်ကို လွန်မြောက်ပြန်သဖြင့် ပန်ကြားလျှောက်ထား ပြန်၏။မြတ်စွာဘုရားသခင်သည် ချစ်သား သာရိပုတ္တရာ၊သည်းခံဦးလော့။ ငါဘုရားသည်လည်း ထိုအရပ်သို့ ကြွသွားလိုက်ပါအံ့-ဟု မိန့်တော်မူ ပြီးသောအခါ သွားခြင်းငှါ အခွင့်ပေးတော်မမူ။

## ရေဝတသည် ရှားတော၌ သီတင်းသုံးခြင်း။

ရေဝတ သာမဏေသည်လည်း ငါသည် ဤအရပ်၌ အကယ်၍ နေခဲ့တုံသည်ဖြစ်ခဲ့အံ့။ အဆွေအမျိုးတို့သည် ငါ့ကိုဒ္ဓါစဉ်လိုက်၍ ခေါ်စေ ကုန်လတ္တံ့-ဟု ကြံ၍၊ထိုရဟန်းတို့၏ အထံ၌ အရဟတ္တမိုလ် တိုင်အောင် သောကမ္မဋ္ဌာန်းကို သင်ယူ၍ သပိတ်သင်္ကန်းကို ယူပြီးသောအခါ ဒေသ- စာရီ လှည့်လည် ကြွသွားသည်ရှိသော်၊ ထိုအရပ်မှ ယူဇနာသုံးဆယ်မျှ လောက် ဝေးကွာသော အရပ်၌ တခုသော ရှားတောသည် ရှိ၏။ထို ရှားတောသို့ ကြွရောက်သီတင်းသုံး နေတော်မူ၍၊ ဝါတွင်းသုံးလတို့၏ အတွင်း၌သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တမိုလ်သို့ရောက်လေ၏။ အရှင်သာရိပုတ္တရာမထေရ်သည်လည်း ပဝါရဏာပြုပြီးသော်၊ မြတ်စွာ ဘုရားကိုယ်တော်မြတ်သို့ ချဉ်းကပ်ဝပ်တွားလျက် ရေဝတသာမဏေ သီတင်းသုံးသော ထိုရှားတောသို့သွားရန်အထို့ငှါ ခွင့်ပန်လျှောက်ကြား၏။

မြတ်စွာဘုရားသခင်က ချစ်သားသာရိပုတ္တရာ၊ ငါတို့သည်လည်း သွား ပေအံ့ ဟု မိန့်တော်မူ၍၊ငါးရာကုန်သော ရဟန်းတို့နှင့်အတူတကွ ထွက် ကြွတော်မူ၏။

အတန်ငယ်သွားမိသည်ရှိသော်၊ အာနန္ဒာမထေရ်သည် နှစ်ဖြာသော ခရီးလမ်းတို့ကို တွေ့၍ ရပ်တန့်တော် မူပြီးသော်၊ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား၊ အရှင်ရေဝတ၏ နေရာဖြစ်သော အရပ်သို့ သွားရောက်အံ့သော လမ်းခရီး နှစ်ဖြာတို့တွင် ဤလမ်းခရီးကား ကွေ့ ကောက်သော လမ်းဖြစ်ပါသည်။ ယူဇနာ၃၀ခြောက်ဆယ်တိုင်တိုင် ဝေးကွာ လျက် လူတို့၏နေရာပါတည်း။ တခုသော လမ်းခရီးသည်ကား၊ဖြောင့်မတ် သောခရီးပါတည်း။• ယူဇနာ သုံးဆယ်မျှလောက်သော ဝေးကွာလျက် ဘီလူးတို့သိမ်းဆည်း စောင့်ရှောက်သော နေရာပါတည်း။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ နှစ်ကြောင်း နှစ်ဖြာကုန်သော ဤခရီး လမ်းတို့တွင် အဘယ်ခရီးဖြင့် ကြွတော်မူပါကုန်အံ့နည်း-ဟု မေးလျှောက် ၏။ချစ်သား အာနန္ဒာ၊ သီဝလိသည် ငါတို့နှင့်အတူတကွ လိုက်ပါလာ သည်မဟုတ်တုံလော-ဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သီဝလိမထေရ် ပါလာပါသည်-ဟု လျှောက်ထားလျှင်၊ ချစ်သား အာနန္ဒာ၊ ငါ့သားတော် သီဝလိသည် ပါလာသည် ရှိသော်၊ ဖြောင့်မတ်သော လမ်းခရီကိုသာလျှင် ယူလေလော့-ဟု မိန့်တော်မူ၏။

## နတ်တို့ကကျောင်းဆောက်လှူဒါန်းခြင်း။

မြတ်စွာဘုရားသခင်သည် "ငါသည် အသင်တို့အား ယာဂုဆွမ်း စသည်တို့ဖြစ်စေအံ့။ ဖြောင့်မတ်သော လမ်းခရီးကို ယူလေလော" ဟု မိန့်ဆိုတော်မမူဘဲ ကောင်းမှုဘုန်းကံ ရှိကုန်သော ထိုထိုသို့သောသူတို့ အား အကျိုးပေးခွင့် ကာလသင့်သည်ကို သိနှင့်တော်မူသည်အာ လျော်စွာ ချီးမြှင့်တော် မူလိုသောကြောင့်၊ ငါ၏သားတော် သီဝလိသည် ပါလာ ခဲ့သည်ဖြစ်အံ့၊ဖြောင့်မတ်သောလမ်းခရီးကို ယူလေလော ဟု မိန့်ဆိုတော် မူသတည်း။

ဘီလူးတို့သည်၊ သိမ်းဆည်း စောင့်ရှောက်အပ်သော ထိုတောအုပ် လမ်းခရီးသို့၊ မြတ်စွာဘုရား ကြွသွားတော်မူသည် ရှိသော် နတ်အပေါင်း

တို့သည် ငါတို့၏ အရှင်ဖြစ်တော်မူသော သီဝလိမထေရ်အား ပူဇော်သက္ကာရကို ပြုကြကုန်အံ့ဟုကြံ၍ တယူဇနာ တယူဇနာထက်၌ တဆောင်တဆောင်သော ကျောင်းတို့ကို ဘန်ဆင်းပြုလုပ်စေ၍ တယူဇနာမှအထက် ပိုလွန်တက်၍ ကြွသွားတော်မူခြင်းကို မပေးဘဲ တရသော ကျောင်း၌ တည့်တည့် တည်းခိုကျိန်းဝပ်စေပြီးမှ နံနက်မိုးသောက် ကျရောက်သောအခါ၊ စောစောကပင်လျှင် နတ်၌ဖြစ်သော ယာဂု စသည်တို့ကို ကိုင်ယူလက်စွဲကုန်လျက် ငါတို့၏အရှင်ဖြစ်သော သီဝလိမထေရ်သည် အဘယ်အရပ်၌ ထိုင်နေ သီတင်းသုံးတော် မူပါလိမ့်မည်နည်းဟု မေးမြန်း စိစစ်လှည့်လည်ကြကုန်၏။ သီဝလိမထေရ်သည် မိမိအား ရှေးရှုဆောင်ယူ ပေးလှူအပ်သော ယာဂုစသည်ကို ဘုရား အမှူးရှိသော သံဃာအား ပေးပို့လှူဒါန်းစေ၏။ ဤသို့သော အခြင်းအရာဖြင့် မြတ်စွာဘုရားသခင်သည် အခြံအရံနှင့်တကွ သီဝလိမထေရ်၏ ကောင်းမှု ဘုန်းကံကို သာလျှင် ခံစားတော်မူလျက်၊ ယူဇနာ သုံးဆယ်ရှိသော ကန္တာရ ခရီးလမ်းသို့ ကြွသွားတော်မူ၏၊

## ဂန္ဓကုဋိကို ဘန်ဆင်းခြင်း။

ရှားဘောနေ ရှင်ရေဝတ မထေရ်သည်လည်း မြတ်စွာဘုရား ကြွလာတော်မူသည်ကို သိ၍ မြတ်စွာဘုရား သခင်၏ သီတင်းသုံးတော်မူရာ ဖြစ်သော ဂန္ဓကုဋိကို ဘန်ဆင်းပြီးသောအခါ ငါးရာကုန်သော အသွင်တပ်သော ပြည့်သည်တို့ တည်းခိုရာကျောင်းတို့ကို၎င်း၊ ငါးရာကုန်သော စင်္ကြံတို့ ကို၎င်း၊ ငါးရာကုန်သော ညဉ့်သန့်ရာ နေ့သန့်ရာတို့ ကို၎င်း၊ ဘန်ဆင်း၍ ထားပေ၏၊ မြတ်စွာဘုရား သခင်သည် ကြွရောက်တော်မူ၍ ထိုအရှင်ရေဝတ၏အထံ၌ တလခွဲပတ်လုံး သီတင်းသုံး စံနေတော်မူ၏၊ ထိုသို့ အရှင်ရေဝတ၏အထံ၌ ဘုန်းလျှံသွန်ထား မြတ်ဘုရားသည် ကြွသွားသီတင်းသုံး နေတော်မူသော်လည်း၊ အရှင် သီဝလိမထေရ်၏ စည်ပင်ပြန့်ပြော များပြားသော လာဘ်လာဘအစု ကောင်းမှု ဘုန်းကံ ကိုသာ ခံစား၍ သီတင်းသုံးတော်မူ၏။

## ရဟန်းကြီးနှစ်ပါး။

မြတ်စွာဘုရားသခင်သည် အရှင်ရေဝတကျောင်းခွင်သို့ ကြွဝင်တော်မူစဉ်ကာလ၊ နောက်တော်၌ ပါလာသော များစွာသော ရဟန်းတို့တွင်

ကြီးမှ ရဟန်း ပြုကုန်သော ရဟန်းကြီး နှစ်ပါးတို့သည် ရွာတောသို့ ဝင်သောကာလ ဤသို့ ကြံဆင်ခြင်ကြကုန်သည်မှာ "ဤရဟန်း၏ ကျောင်း အရိပ်အာဝါသ ပရိဝုဏ်အရံ စသည်တို့သည် သင့်တင့် သပ္ပါယ်ဘွယ်ရာ လျောက်ပတ် အလွန်ကောင်းမြတ်လှပေ၏၊ ဤမျှလေးဘက်သော နဝကမ္မ အမှုကို ပြုစုအားထုတ်နေသော ထိုရဟန်းသည် ရဟန်းတို့၏ ကျင့်ကြံ အားထုတ်ဘွယ်ရာသော တရားကို အဘယ်မှာ အားထုတ်ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါအံ့နည်း၊ မြတ်စွာဘုရား သခင်သည် သာရိပုတ္တရာ မထေရ်၏ ညီငယ်ဖြစ်သောကြောင့် မျက်နှာကြီးငယ် ထောက်ရှုယ်သမှု ကြည့်ရှု ပြီးသောကာလ ရဟန်းပြုသစ်စဖြစ်သော ဤသို့ သဘောရှိသော သီတင်း ငယ်ရဟန်း၏အထံသို့ ကြွလာတော် မူခဲ့ချေသည်တကား" ဟု ကြံစည် ကြကုန်၏။

မြတ်စွာဘုရားသခင်သည်လည်းထိုနေ့မိုးသောက်ကျရောက်သောကာလ လောကကို ကြည့်ရှုတော် မူသည်ရှိသော်၊ ထိုရဟန်းကြီး နှစ်ပါးတို့ကို မြင်တော်မူ၍ ထိုရဟန်းကြီးနှစ်ပါးတို့၏စိတ်အကြံအစည်ကို သိတော်မူ၏။ မြတ်စွာဘုရားသခင်လည်း အရှင်ရေဝတ၏သီတင်းသုံးတော်မူရာဖြစ်သော ရွာတောကျောင်း၌ တလမျှတ်လုံးသီတင်းသုံး ကိန်းအောင်းတော်မူပြီး၍ ပြန်လည် လှည့်ကြွတော်မူလာခဲ့ သောနေ့၌ အကြင်သို့သော အခြင်းအရာ ဖြင့် မိဋ္ဌာန်တော်မူအပ်သည်ရှိသော်၊ ထိုရဟန်းကြီးတို့သည် မိမိတို့၏ သိမှတ် နေဘူး၊ဘိနပ်တို့ကို သတိလွတ်ကင်း မေ့လျော့ခြင်း ဖြစ်ပေကုန်ရာ၏။ ထိုသို့ သောအခြင်းအရာဖြင့် မိဋ္ဌာန်တော်မူပြီး၍ထွက်ကြွပြန်လည်တော်မူခဲ့သော အခါ ကျောင်းဥပစာရကို လွန်မြောက် အပြင်ပဘက်သို့ ရောက်သော ကာလ၌ မိဋ္ဌာန်တော်မူအပ်သော တန်ခိုးတော်ကို ဖြေဖျောက် စွန့်လွှတ် တော်မူပေ၏။ ထိုသို့တန်ခိုးတော်ကို ဖြေဖျောက် စွန့်လွှတ်သောအခါ ထိုရဟန်းကြီး နှစ်ပါးတို့သည် ငါသည် ဤသို့ ဤသို့သော ဝတ္ထုကို မေ့လျော့ခဲ့၏၊ မယူဆောင်မိခဲ့၊ ငါသည်လည်း မေ့လျော့ ခဲ့သည်ဟု နှစ်ဦးကုန်သော ရဟန်းကြီးတို့သည် အချင်းချင်း ပြောဆိုကြပြီးသော်၊ ဆုတ်နစ်ပြန်လည်ခဲ့၍ မိမိတို့၏ ပစ္စည်းမေ့လျော့ ကျန်ရစ်ခဲ့သော အရပ်ကို မမှတ်မိသောကြောင့် ရှားပင်မှပေါက်ထွက်သော သစ်ငုတ် ဆူးငြောင့် တို့ဖြင့် ထိုးကျင့်သည်ကို ခံရလျက် ဖွဲ့ည်ပတ်ရှာဖွေသောအခါ၊ တရသော

ရှားပင်၌ တွဲလည်းဆွဲအပ်သော မိမိ၏ ဘားလွှားတုပ်ကို တွေ့မြင်၍ ဖြေယူပြီးသောကာလ ဖဲသွားကြကုန်၏။ မြတ်စွာဘုရား သခင် သည်လည်း ရဟန်းသင်္ဃာအပေါင်းတို့ကို ယူတော်မူ၍ တလမျှဖြင့်သာလျှင် သိဝလိမထေရ်၏ ကောင်းမှု ဘုန်းကံကို ခံစားလျက်သာ ကြွသွားတော်မူပြီးသော်၊ပုဗ္ဗာရုံကျောင်းသို့ ဝင်စံတော်မူ၏။

တနေ့ရိုးသောက် နံနက်သို့ ရောက်သည်ရှိသော်၊ ရဟန်းကြီး နှစ်ပါးတို့သည် နံနက်စောစောကပင် ခံတွင်းကို ဆေးကြော၍ အာဂန္တုကဘတ်ကို ပြေတ်ငါမံ အားနတန် ပေးလှူလေ့ ရှိသော ဝိသာခါ ဒါယိကာမကြီး၏အိမ်သို့ သွားရောက် ယာဂုကို သောက်ကုန်အံ့ဟု ကြံပြီးလျှင်၊ အိမ်သို့ ကြွရောက်ပြီးသည့် ကာလ ယာဂုခဲဘွယ်ကို လဲလှယ်မျိုးသောက်စားသုံး၍ ထိုင်နေကြကုန်၏။

## ဝိသာခါ၏ လျှောက်ထားချက်။

ထိုအခါ ဝိသာခါ ဒါယိကာမကြီးက။ အရှင်ဘုရားတို့၊ အရှင်မြတ်တို့သည် မြတ်စွာဘုရား ကိုယ်တော်မြတ်နှင့်တကွ ရေဝတမထေရ်၏ စံဘည်ကိန်းအောင်း တောကျောင်းသို့ ကြွတော်မူကြပြီးသော ကာလ ပြန်လည်တော်မူခဲ့ကြသည် မဟုတ်တုံလောဟု မေးလျှောက်၏။ရဟန်းကြီးတို့ကလည်း ပြော်-ဒါယိကာမကြီး၊ဟုတ်ပေ၏။ ငါတို့သည် ရေဝတမထေရ်၏နေရာမှ ပြန်လည်၍လာခဲ့ပေသည်ဟု ပြောလျှင်။အရှင်ဘုရားတို့၊ ရေဝတမထေရ်သည် စံတည်နှလုံး သိတင်းသုံးရာဖြစ်သော ရှားတောကျောင်းပရိဂုဏ်သည် အခါချိုငြိကမ် လျောက်ပတ်မွေ့လျော် ပျော်ဘွယ်ရာကောင်းပါ၏လောဟု မေးလျှောက်ပြန်သတတ်။ ဒါယိကာမကြီး၊ ရေဝတမထေရ်၏ မွှေနှင့်ပြိုး သိတင်းသုံးရာဖြစ်သော ထိုတောကျောင်းသည်ကိန်းအောင်းမွေ့လျော် ပျော်ပါးနှစ်သက်ဘွယ်ရာ အဘယ်မှာ ကောင်းနိုင်ပါအံ့နည်း။ သက်သက်သော ရှားဆူးငုတ်တို့ဖြင့် ထွေးရှုပ် လိမ်ခက်မနှစ်သက်နိုင်ဘွယ်ရာ ပြိတ္တာတို့နေရာနှင့်သာတူ လေသည်ဟုပြောဆိုပြီး၍ ထသွား ဖဲကြွကုန်၏။

ထိုနောက်ခါးဝယ် ရဟန်းငယ်နှစ်ပါးတို့လည်း ကြွတော်မူလာကြကုန်၏။ဝိသာခါ ဒါယိကာမကြီးသည်လည်း ထိုရဟန်းငယ် နှစ်ပါးတို့အား

ယာဂုခဲဖွယ်ဘိုးကို ပေးလှူပြီး၍ ရှေးနည်းအတူသာလျှင် မေးလျှောက်ပြန်၏၊ ထိုရဟန်းငယ် နှစ်ပါးတို့က။ ဒါယိကာမကြီး၊ ရေဝတအရှင်သည် မျှရှင်နှလုံး သိတင်းသုံးရာ ဖြစ်သော ထိုအရပ်ဒေသကိုသာမည ဖြစ်သော ငါတို့ကဲ့သို့သော သူသည် ပြောဆိုချီးမွမ်း ထောမနာပြုခြင်းငှါ အဘယ်မှာ စွမ်းနိုင်ပါတော့အံ့နည်း၊ တာဝတိံသာ နတ်တို့ရွာဝယ် သုဓမ္မာနတ်သဘင်နှင့်သာ တူလှပေသည်။ တန်ခိုးကြီးမြတ်သော နတ်များ အပေါင်းတို့ တန်ခိုးဖြင့် ဖန်ဆင်း၍ ထားဘိသကဲ့သို့ ရှိပါပေသည်ဟု ပြောဆိုကြကုန်၏။

ဝိသာခါ ဒါယိကာမသည်လည်း ရှေးဦးစွာ ကြွလာတော်မူကုန်သော ရဟန်းတို့သည် မသင့်တင့် မသင့်ပါယ် မမွေ့လျော်ဖွယ်သော အကြောင်းစကား တပါးသော အခြင်းအရာဖြင့် ပြောဆိုကြကုန်၏၊ နောက်မှ ကြွတော်မူလာကြကုန်သော ရဟန်းတို့သည် သင့်တင့် သင့်ပါယ် ဖွယ်ရာ လျောက်ပတ် ကောင်းမြတ်သောအား တပါးသော အခြင်းအရာတို့ဖြင့် ပြောဆိုလေသည်၊ ထိုရဟန်းနှစ်မျိုးတို့တွင် ရှေးဦးပဌမ ကြွတော်မူလာကြကုန်သော ရဟန်းတို့သည် တရံဘခုပစ္စည်းဝတ္ထုကို မွေ့လျော်၍ ကျန်ရစ်ခဲ့သေးကြောင့် တန်ခိုးတော်ကို ဖြေလွှတ်သော ကာလ၌ ဆုတ်နစ်ပြန်လည်ကြွလာတော်မူကြကုန်သည် ဖြစ်ပေလိမ့်မည်။နောက်မှ ကြွတော်မူလာသော ဤရဟန်းတို့သည်ကား တန်ခိုးအဘိညာဏ် စိမ်ဖန်ဆင်းသော အခါ၌ သွားရောက်တော်မူကြသည် ဖြစ်ပေလိမ့်မည်။ မိမိက သိမြင်တတ်သော ဉာဏ်ပညာရှိသည်အားလျော်စွာ ကြံဆင်ခြင်ပြီး၍၊ မြတ်စွာဘုရားသခင်သည် ကြွဝင်တော်မူလာသော ကာလ၌ မေးလျှောက်တော့အံ့ဟု မြတ်စွာဘုရား ကြွတော်မူလာအံ့သော လမ်းခရီးကို ကြည့်ရှုမြော်ငံ့ဆိုင်းလင့်၍ နေ၏။

ထိုနောက် တရဟုတ် တခဏ ကာလမြင့်ကြာလျှင် မြတ်စွာဘုရားသခင်သည် သံဃာတော်အပေါင်း ခြံရံလျက် ဝိသာခါ ဒါယိကာမအိမ်သို့ ကြွသွားတော်မူပြီးသော် ခင်းထားအပ်သော မြတ်သောနေရာ၌ ထိုင်နေသိတင်းသုံးတော်မူ၏။ ဝိသာခါ ဒါယိကာမသည်လည်း ဘုရားအမှူးရှိ သံဃာအပေါင်းကို ကောင်းမွန်ရိုသေစွာ လုပ်ကျွေးပြုစုပြီး၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသော အခါ၌ မြတ်စွာဘုရား ကိုယ်တော် မြတ်ကို

ညွတ်ပျပ်ရိုကျိုး နှိမ့်ချပြီးသော်၊ ဘုန်းတော် အလွန်ကြီးတော်မူသော မြတ်စွာဘုရား၊အရှင်မြတ်တို့နှင့် အတူတကွ ကြွသွားတော်မူကြကုန်သော ရဟန်းတို့တွင် အချို့သော ရဟန်းတို့က အရှင်ရေဝတ၏ စံမျက်နှာအောင်း ကျောင်းနေရာ အရပ်သည် ရုပ်ခတ်ယှက်ဖုံး ရှားသုံး သစ်ငုတ်တို့ဖြင့် ဖုံးအုပ်ယှက်ဆီး တောကြီးအလယ် မတင့်တယ်မလျောက်ပတ်ဟု ပြောဆိုကြပါကုန်သည်။ အချို့သော ရဟန်းတို့ကသည်း မွေ့လျော်ပျော်ပါးဘွယ် တင့်တယ် လျောက်ပတ်၏ဟု ပြောဆိုကြပါကုန်သည်။ ဤသို့ အပြား စကားအချက် နှစ်စွန်းထွက်၍ ဆန့်ကျင်ဘက် ဖြစ်ခြင်းသည် အကြောင်း အဘယ်သို့ပါနည်းဟု မေးလျှောက်၏။

## သောတာပန်တည်ကြခြင်း။

မြတ်စွာဘုရားသခင်သည် ဝိသာခါ လျှောက်ထားသော ထိုစကားကို ကြားသိတော်မူ၍။ ဒါသိကာမ ဝိသာခါ၊ ရွာ၌မူသည်း ဖြစ်စေ၊ တော၌ မူသည်း ဖြစ်စေ၊အကြင်သို့သော ဌာနဒေသအရပ်၌ ကင်းပြတ် ကိလေသာ စင်ကြယ်စွာသော ရဟန္တာ ပုဂ္ဂိုလ်တို့သည် နှစ်လို့ရွှင်ပြုံး သိဘင်းသုံး နေကြကုန်၏။ထိုအရပ်ဒေသ ထိုဌာနတို့သည် မွေ့လျော် ပျော်ပါးဘွယ် ကောင်းလှပေသည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**ဂါမေ ဝါ ယဒိဝါ ရညေ၊ နိန္နေ ဝါ ယဒိဝါ ထလေ။**

**ယတ္ထ အရဟန္တော ဝိဟရန္တိ၊ တံ ဘူမိ ရာမဏေယျကံ။ ။**

ဟူသော ဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာပါဠိဂါထာ၏အဆုံး၌များစွာကုန်သောသူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ဂါမေဝါ၊ရွာ၌ရင်း။ယဒိ၊ထိုမြို့၊အရညေ၊တော၌ရင်း။ နိန္နေ ဝါ၊ တွင်းကျင်း လိုက်ကမ်း၊ ချိုင့်ဝှမ်းရာ အရပ်၌ရင်း။ ယဒိ၊ ထိုမှို့။ ထလေဝါ၊ ကုန်းမြေပြင်၌ရင်း။ ယတ္ထ၊အမှတ်မထင်၊အကြင် တစုံတခုသော အရပ်၌။အရဟန္တော၊ ဆိတ်ငြိမ်ဒေသ၊ရပ်ဌာန၌၊ပါပညစ်ကျူ၊ မကောင်းမှု ကို၊ မပြုပေဘာတ်၊ ရဟန္တာ အရှင်မြတ်တို့သည်၊ ဝိဟရန္တိ၊ ကာယဝိဝေ၊

ဝိဝေကဖြင့်၊ မွှတ္တွင့်ပြီး၊ သီတင်းသုံး နေထိုင်ကုန်၏။ တံ ဘူမိ၊ နိမ့်မြင့် စောင်းပြို၊ ထိုအရပ် မြေကြီးသည်၊ ရာမဏေယျကံ၊ နှလုံး ရွှင်ပျော်၊ မွေ့လျော်ဘွယ် ရှိသည်သာလျှင်တည်း။ ။ဤကား အနက်။

## အရှင်သီဝလိ၏ ရှေးအကြောင်း။

တပါးသော နောက်အခါ၌ ရဟန်းတော်တို့သည် ' ငါ့ရှင်တို့၊ သီဝလိ မထေရ်သည် အဘယ်သို့သော အကြောင်းကြောင့်၊ ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တို့ ပတ်လုံး အမိဝမ်းတိုက်၌ ကိန်းဝိုက်သခွေ ကိန်းအောင်း၍ နေရပါလိမ့်မည်နည်း။ ဘယ်သို့သော အကြောင်းကြောင့် ငရဲ၌ကျက်၍ ခံစားရပါလိမ့်မည်နည်း၊ အဘယ်သို့သော အကျိုးဆက် အာနိသင်သည် စိရင်ဝေဘန်သောကြောင့် ဤမျှလောက်သောလာဘ်သာဘ ပြန့်ပြောသည့် အဖြစ်၌ အထွဋ်အမြတ်၏ အဖြစ်သို့ ရောက်ရပါလိမ့်မည်နည်း'' ဟူသော စကားကို ဖြစ်စေကြကုန်၏၊ မြတ်စွာဘုရားသခင်သည် ရဟန်းတို့ ပြောဆိုကြသော ထိုစကားကို ကြားတော်မူ၍ ချစ်သားရဟန်းတို့၊ အဘယ်သို့သော စကားကို ပြောဆိုကြကုန်သနည်းဟု မေးသည် ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ထားသည့်ကာလ၊ မြတ်စွာဘုရားသည် ထိုအရှင်သီဝလိမထေရ်၏ ရှေး၌ပြုခဲ့ဘူးသော ပုဗ္ဗကမ္မကို ဟောကြားတော် မူလိုသည် ဖြစ်သောကြောင့် ဤသို့မိန့်တော်မူ၏။

ချစ်သားရဟန်းတို့၊ ဤဘဒ္ဒကပ် ကမ္ဘာမှ ပြန်ကာစဉ်ဆက် သင်္ချာ တွက်သော်၊ အထက်ကိုးဆဲ့တကမ္ဘာကာလ၌၊ လောကသုံးဘိုက်၊ ကြွေးကာ ရိုက်သို့၊ တုန်ခိုက်ချပ်ဆပ်၊ ပွဲတင်ထပ်သျှက်၊ ဝိပဿီ သခင်၊ ချစ်ရှင် ဘုရားသည်၊ ထင်ရှားလူ၌ ဖြစ်သတည်း။ ဘုရားစင်စစ် ဖြစ်တော်မူပြီးသော အခါ၊ မေတ္တာဖြင့်၊ တရိကာသ၊ ဇနပဒ-စာရိက၊ ဒေသ အလျှောက် ချီးမြှောက်၊ လှည့်လည်တော်မူလျက် ကြွခဲ့ရာ၊ ခမည်းတော် မင်းကြီး၏ သိမ်းဆည်း အုပ်ချုပ်ရာဖြစ်သော မြို့သို့ရှေးရှု ကြွရောက်တော် မူ၏။ ခမည်းတော် မင်းတရားလည်း ဘုံ့ချားအလှူးရှိသော သံဃာတော် အခါ ဂန္တုက အလှူဝတ်ကို ညီညွတ်သင့်တင့် ချီးမြှင့်စီမံပြီး၍၊ မြို့သူ,မြို့သား, ယောကျ်ား, မိန်းမ-ဟူသမျှတို့သည်, ငါ၏ အလှူဒါန ပြုလုပ်ရာ ဌာန၌

ချီးပဝန်းဝိုင်း ရှုမြော် အပေါင်း အဘော်တို့သည် ဖြစ်ပါကုန်လော့ ဟု မြို့သူ မြို့သားတို့၏ အဆံသို့ သဘင်စကား မှာထားစေခိုင်း၏။ မြို့၌နေသူ လူအပေါင်းတို့သည် ဦးခေါင်းဦး ဆံပိုင်သည်မှန်သော ရာဇသံ အာဏာကြောင့် ကောင်းစွာပြုပြု ရှက်ဆောင်ရပြီးမှ၊ ငါတို့သည်လည်း မင်းကြီး လှူဒါန်းအပ်သော ဤအလှူဝတ္ထုဒါနထက်ဆယ်ထက်ပိုလွန်ကောင်းမွန်မြတ်ထွန်း အလှူဝတ်ကိုညီ ညွတ်ပြုပြင် စီရင်ပေးလှူကုန်အံ့ဟု ညှိနှိုင်းတိုင်ပင်၍၊ မြတ်စွာဘုရားသခင်ကို ပင့်ဘိတ်ပြီးသော်၊ တဘန် မိုးသောက် နက်ဖြန် ရောက်သော နေ့၌၊ အလှူဝတ္ထုကို ပြုစီရင်၍ ပြည်ကြီးသခင် ဘုရင် မင်းမြတ်သည် ငါတို့ စီရင်အပ်သော အလှူဝတ္ထုကို ကြည့်ရှုတော်မူသွားပါစေသတည်း ဟူသော သတင်း စကားကို ကြားလျှောက်တင် သွင်းကုန်၏။

ပြည့်ရှင် မင်းမြတ်လည်း ထွက်ကြွတော်မူသွား၍ မြို့သူ မြို့သား လူများအပေါင်းတို့ စီရင်ပြုရအပ်သော အလှူဝတ္ထုကို ကြည့်ရှုသိမြင်ပြီးသော်၊ ဤလှူဘွယ် ဝတ္ထုထက် ဆယ်ထက်ပိုလွန် ကောင်းမွန်မြင့်မြတ်သည်ကို ပြုစီရင်ပြီးသည်ကာလ လှူဒါန်းဦးအံ့ဟု ကြံပြီးသော်၊ တဘန် မိုးသောက် ရောက်သောနေ့၌ မြတ်စွာဘုရားကို ပင့်ဘိတ်၍ မင်းကြီးက လှူဒါန်းပြန်၏ ဤသို့သောနည်းဖြင့် အသီးသီးအခ၀၀ သုံ့ထက်ငါ သာခ အောင်ဟု စိမ့်ပြုရကြည့်ရှု လှူဒါန်းကြကုန်သော်သည်း ပြည့်ရှင်မင်းကြီးသည် မြို့၌နေသူ လူများအပေါင်းတို့ကို ရှုံးစေခြင်းငှါ မစွမ်းနိုင်။ မြို့၌နေသူ လူများအပေါင်းတို့သည်လည်း ပြည့်ရှင်မင်းကြီးကိုရှုံးစေခြင်းငှါ မစွမ်းနိုင်။ ခြောက်ကြိမ်မြောက်သို့ ကျရောက်သောအခါ၌ မြို့သူမြို့သား အပေါင်းတို့သည် ဤသူတို့ ပြုရလှူဒါန်းသော အလှူဝတ္ထု၌ ဤအမည်ရှိသော အလှူဝတ္ထုသည်ကား မပါမရှိဟု ပြောဆိုဖြစ်ဘင်တို့ရာဖြစ်သော အခွင့်ကို မရအောင် ငါတို့ပြုရလှူဒါန်းအံ့ဟု ညီညွတ်တိုင်ပင် ကြံစည်၍၊ တဖန် မိုးသောက်ရောက်သောနေ့၌ အလှူဝတ္ထုကို ပြုရစီရံပြီးလျှင် ဤအလှူဝတ္ထု၌ ယှဉ်းချွတ်သွေ့ဖယ် အဘယ်ဝတ္ထုသည် မပါမရှိသနည်းဟု ကြည့်ရှုစစ်သည်ရှိသော်၊ "ရတနာစစ်ဖြစ်၍ မချက်ရသေးသောအားဖြင့် ဖိန်းပိုသောပျား လဘို့ချည်ဘုရားသာမပါမရှိသည်ကို ကြည့်ရှု၍မြင်ကုန်၏၊ ချက်အင်ပြီးသော ပျားချည်တို့သည်ကား များစွာပင် ပါရှိပေ၏။ ထိုအခါ လူများအပေါင်း

တို့သည် မကျိုမချက်ရသေးသော အသစ်ဖြစ်သော ပျားရည် အလိုငှါ မြို့တံခါး လေးမျက်နှာတို့၌ လေးထောင်သော အသပြာတို့ကို ယူစေပြီးသောကာလ စေလွှတ်ကြကုန်၏၊

## ငွေတထောင်ပေးရသောပျားရည်။

ယင်းသို့သော အခါ၊ ဇနပုဒ်နေသူ လူတယောက်သည် ရွာစားကို တွေ့ရှုကြည့်မြင်ခြင်းငှါ လာခဲ့သည်ဖြစ်သော်၊ လမ်းခရီး အကြား၌ ပျားလဘိုကို တွေ့မြင်၍၊ပျားကောင်တို့ကို ထွက်ပြေးစေပြီးသော်၊ သစ်ခက်ကို ချိုးဖဲ့ဖြတ်တောက်၍ သစ်ခက် တုတ်တံနှင့် တကွသော ပျားလဘိုကို ယူပြီးလျှင် ရွာစားအား ပေးဆောင်အံ့ဟု ကိုင်ယူဆွဲငင်၍ မြို့သို့ဝင်၏။

ပျားရည် အလိုငှါ ဖွေရှာလှည့်ပတ်သော မြို့သားတို့သည် ဇနပုဒ်သား ထိုယောက်ျားကို တွေ့မြင်၍၊ အချင်းယောက်ျား၊ အသင့် ပျားလဘိုကို ငါတို့အား ရောင်းအံ့လောဟု မေးသဖြင့်။ အရှင်၊ အကျွန်ုပ်သည် မရောင်းလိုပါဟု ဆိုသောကြောင့် အဆွေယောက်ျား၊ အသင်သည် ဤအသပြာ တကျပ်ကို ယူဆောင်၍ သွားပါ။ ငါ့အား ပျားလဘိုကို ပေးခဲ့ပါဟု တောင်း၏။ ဇနပုဒ်သား ယောက်ျားလည်း စဉ်းစား ကြံဆင်ခြင်သည်မှာ ဤပျားလဘိုသည် တမတ်မျှသော်လည်း အဘိုးမထိုက်။ သို့ပါလျက်ကို ဤယောက်ျားသည် တကျပ်သော အသပြာကို ပေး၏။ ဤသူ၌ အသပြာ များစွာ ပါဟန်တူချေသည်။ တန့်ရပ် ပြောဆိုပြီးသည့်ကာလ ဆသက် တံပိုး အဘိုးတိုးအောင် ကြံဆောင်လှည့်ပတ် ပွါးစေခြင်းငှါ အပ်၏ဟု ကြံ၏၊ ကြံပြီး၍ကား၊ အရှင်၊ကျွန်ုပ်သည် မပေးနိုင်ပါဟု ဆို၏။ ထိုသို့ တပြီးကား နှစ်ကျပ်သော အသပြာတို့ကို ယူလော့ဟု ပေးသဖြင့် မရောင်းနိုင်ပါဟု ဆိုပြန်လျှင်။ အတန်တန်သော အသပြာတို့ကို ပွါးများတိုးတက်၍သာ ပေးလာသဖြင့် အသပြာ တထောင်သို့ ကျသော်အခါ မိမိ၌ ပါလာသော အသပြာတထောင်အိပ်ကို အကုန်အပ်နှင်း၍၊ ဤအသပြာတို့ကို အသင်ယူပါလော့၊အသင်၏ ပျားလဘိုကို ငါ့အား ပေးခဲ့ပါလော့ဟု ဆို၏။

ထိုအခါ ဇနပုဒ်သား တောတွင်းယောက်ျားက၊ အရှင်၊အသင်သည် ရူးသွင်သော ဝေဒနာ စွဲကပ်ပါသလော၊ သို့တည်းမဟုတ် ပစ္စည်းဥစ္စာ

အသပြာတို့သည် လွန်စွာများပြား သိုသားစရာ နေရာဒေသ မရမရှိ၍ပင် ဤမျှလောက် ပေးဘိလေသလော။ တမတ် မျှလောက်သာ အဘိုးထိုက်တန်သော ပျားရည်ကို အသပြာ တထောင် ပေးဆောင်ဘိသည်ကား အကြောင်း အဘယ်သို့ပေနည်းဟု မေးမြန်း ပြောဆို၏။

အရှင်၊ ငါသည် ပျားလဘ်ကား ဤမျှလောက်သော အဘိုးထိုက်တန်သည်ကို သိ၏။ သို့သော်လည်း ငါအားပြုဘွယ် ကိစ္စအမှု တရံတခု ရှိပေသည်။ ထို့ကြောင့် ငါသည် တထောင်သော အသပြာတို့ကို ပေးမည် ဆိုပေသည်-ဟု ပြော၏။ အရှင်၊ အသင်တို့ ပြုရဆောင်ရွက် အပ်သော ကိစ္စဘူသည် အဘယ်ပါနည်း-ဟု မေးမြန်းသဖြင့်၊ အချင်း ယောကျ်ား လူအများသည် ရဟန်းသင်္ဃာတော်အပေါင်း ခြောက်သောင်း ရှစ်ထောင် မှလောက် အခြံအရံရှိသောဝိပဿီသခင် ဘုရားရှင်အား ကြည်ညိုသော စေတနာဖြင့် လှူဒါန်းဆက်ကပ်ဘို့ရာ ကြီးစွာသော ဒါနကို ကောင်းစွာ စီရင်အပ်၏။ ထိုသို့ စီရင်ရာ၌ လှူဒါန်းဘွယ်ရာ ကောင်းမွန်စွာသော ပစ္စည်းဝတ္ထုအလုံးစုံသည် အကုန် ပြည့်စုံပါသျက်၊ မကျို မချက်ရသေးသော ပျားရည် တခုသည် သာလျှင် မပါ မရှိချေသည်။ ထို့ကြောင့် ငါသည် အသင့်အား အသပြာတထောင်ထုပ်ကို ဖြည်ဘုတ်မနေး ပေး၍ ဝယ်ယူပေသည်-ဟု ပြော၏။

ဇနပုဒ်သား ထိုယောကျ်ားကလည်း အရှင်၊ အသင် ပြောသောအဘိုင်း ဤသို့ဖြစ်ခဲ့ပါမူ ငါသည် အဘိုးအရင်းဖြင့် မပေးသွင်း မရောင်းချသိုပါ။ ကုသိုလ်ဒါန၌ အဘို့ဘာဂကို အကယ်၍ ရသည်ဖြစ်အံ့၊ ပေးပါမည်-ဟု ပြောဆိုသောကာသဝယ်ယူသော မြို့သားသည်လျင်မြန်စွာသွားပြီ သော်၊ မြို့သူမြို့သား လူအချားအပေါင်းတို့အား ထိုအကြောင်းကို ပြောကြား၏။ မြို့သူမြို့သားလူအများအပေါင်းတို့သည်လည်း ဇနပုဒ်သားယောကျ်ားအား ဖြစ်ပွါးသော သဒ္ဓါတရား၏ အားကြီးသည့် အဖြစ်ကိုသိ၍ ကောင်းပါပေ၏ ကောင်းပါပေ၏ ကုသိုလ်အဘို့ကို ရသည်ဖြစ်ပါစေတော့-ဟုပြောဆို ဝန်ခံပြီးလျှင်၊ ဘုရားအမှူးရှိသောသံဃာကို ပင့်ဘိတ်ဆိုင်နေ စေပြီး၍၊ ယာဂုခဲဘွယ်ကို ဆက်ကပ် လှူဒါန်းပြီးလျှင်၊ ကြီးစွာသော ဖွဲ့ခွက်ကို ဆောင်ယူစေပြီးသော် ပျားလဘ်ကို ညှစ်စေကုန်၏။

ထိုဇနပုဒ်သား ယောက်ျားသည်ပင်လျှင် လက်ဆောင်ပေးရန်အကျိုးငှါ နွားခိုးအိုးတလုံးကိုလည်း ဆောင်ယူအပ်ခဲ့သည်ဖြစ်၍ ထင်ရှားမှုပေ၏။ ဇနပုဒ်ယောက်ျား တောတွင်းသားသည် နို့ရေကို ရွှေခွက်၌ သွန်းလောင်း ထည့်သွင်းပြီးသော်၊ ပျားညှော်ဖြင့် ရောနှော ဖျော် ကဲဖျော်၍ ဘုရားအမှူး ရှိသော သံဃာတော်အား အရင်းပဌမ အစကစ၍ အစဉ်အတိုင်း ပေးလှူ ဆက်ကပ်၏၊ ထိုနို့ ပျားရည်သည် အလိုရှိတိုင်း ခံယူသုံးဆောင်တော်မူကြ ကုန်သော ခြောက်သောင်း ရှစ်ထောင်မှုသောက်ကုန်သော အလုံးစုံသော သံဃာတော်တို့အား ပြည့်စုံလုံလောက်ရုံမျှမကမူ၍ ပိုလွန်ကြွင်းကျန်ခြင်း ဖြစ်သည်သာလျှင်တည်း။

ဤနေရာ၌ အနည်းငယ်မျှသော ပျားရည်သည် များစွာ ကုန်သော ရဟန်းတို့အား အဘယ်ကြောင့် ပြည့်စုံလုံလောက် အဆုံးသို့ရောက်နိုင်ပါ လိမ့်မည်နည်းဟူ၍ မကြံစည်မတွေးတောအပ်။ ထိုစကားမှန်၏၊အနည်း ငယ်မျှသော ထိုပျားရည်သည် မြတ်စွာဘုရား၏ တန်းခိုးတော်ကြောင့် အလုံးစုံသော ရဟန်းတို့အား ပြည့်စုံလုံလောက်၍ အဆုံးသို့ရောက်ပေ၏။ မြတ်စွာဘုရား တန်းခိုးတော် အရာသည် မကြံစည်အပ် မကြံစည်ထိုက်။ ကြံစည်တွေးတောလေငြားသော်လည်း တစုံဘခုကိုမျှမရဘဲ ရူးသွပ်ခြင်း အတိုမျှသာ ဖြစ်ပေရာ၏။ ။ထိုကြောင့် ရင်းအဋ္ဌကထာ၌

ဧဝံ ထောကံ မဓု ကထံ တာဝ ဗဟူနံ ပါပုဏာတီတိ န စိန္တေတဗ္ဗံ၊တဉ္စိ ဗုဒ္ဓါနုဘာဝေန ပါပုဏာတိ။ ဗုဒ္ဓဝိသယော စ န စိန္တေတဗ္ဗော၊ စတ္တာရိ ဟိ အစိန္တေယျာနိ ဝုတ္တာနိ၊တာနိ စိန္တေ န္တော ဥမ္မာဒဿေဝ ဘာဂီ ဟောတီတိ။ ။

ဟု မိန့်တော်မူခဲ့၏။

**အနက်အား**။ ။ဧဝံ၊ ဤသို့၊ ထောကံ၊ အနည်းငယ်သော။ မဓု၊ ပျား သည် တာဝ၊ ထိုမျှလောက်၊ ဗဟူနံ၊ များစွာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့ အား။ကထံပါပုဏာတီတိ၊ အဘယ်ကြောင့် ရောက်နိုင်ပါလိမ့်မည်နည်းဟု၊ န စိန္တေတဗ္ဗံ၊မကြံစည်အပ်။ ဟိသစ္စံ၊ ထိုစကားမှန်၏၊ တံ၊ ထိုအနည်းငယ် မျှသောပျားသည်။ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား တန်းခိုးတော်ဖြင့်။ဝါ၊ ကြောင့်။ ပါပုဏာတိ၊ ရောက်နိုင်၏။ ဗုဒ္ဓဝိသယော စ၊ ဘုရားရှင်၏

တန်းခိုးတော် အရောက်ကိုလည်း၊ န စိန္တေတဗ္ဗော၊ မကြံစည်အပ်။ ဟိ၊သို စကားသင့်စွ၊ စတ္တာရိ၊ လေးပါးကုန်သော၊ အစိန္တေယျာနိ၊ မကြံစည်အပ်သည်တို့ကို၊ဝုတ္တာနိ၊ဟောတော်မူအပ်ကုန်၏။တာနိ စတ္တာရိ အစိန္တေယျာနိ၊ ထိုလေးပါးကုန်သော မကြံစည်အပ်သည် တို့ကို။ စိန္တေန္တော၊ ကြံစည်သည် ရှိသော်၊ ဥမ္မာဒဿ၀၊ ရူးသွပ်ခြင်း၏ သာသျှင်။ ဘာဂီ၊ အတို့ရှိသည်၊ ဟောတိ၊ ဖြစ်၏။ ဤသို့။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏၊ ။ ဤကားအနက်။

## ပြည့်ရှင်မင်းဖြစ်ခြင်း။

ဓနပုဒ်သား ထိုယောကျာ်းသည်လည်း ဤမျှလောက်သော ကုသိုလ်ကောင်းမှုကံကို ဇီဝိတအားတုတ် ပြုလုပ်ပြီးသော် အသက်၏ အဆုံးသို့ ကျရောက်သောအခါနတ်ပြည်၌ဖြစ်၍ ဤမျှလောက်သောသံသရာကာလကို ကျင်လည်ပြေ သွား၍သာ လာခဲ့ရာ၊တပါးသောအခါဝယ် နတ်ရွာမှ ရွေ့ခဲ့ပြီသော် ဗာရာဏသီ ပြည့်ရှင် ဘုရင် မင်းမြတ်၏ အမျိုး၌ ဖြစ်၍ ခမည်းတော်မင်းမြတ်သည် နတ်ချင်ပြောင်းကျွန် သေသွန်သည် ရှိသော် ပြည့်ရှင်မင်း၏အဖြစ်သို့ ရောက်လေ၏၊ ထိုမင်းမြတ်သည် တရံရောအခါ တခုသောမြို့ကို တိုက်ခိုက်သိမ်းယူအံ့-ဟု သွားရောက်ပြီးသော်၊ စစ်သည် ဗိုလ်ပါများစွာတို့ဖြင့် ဝန်းရံ၍ထား၏၊မြို့သူမြို့သားလူတို့အားလည်း စစ်ကို တည်းထိုးမည်လော၊ မင်းအဖြစ်ကိုတည်း ပေးအပ်မည်လော ဟူသော သတင်းစကားကို ပြောကြားစေလွှတ် လိုက်၏၊ မြို့သူမြို့သား လူများ အပေါင်းတို့လည်း ငါတို့သည် မင်းအဖြစ်ကိုလည်း ပေးအင်ဆောင်နှင်း ခြင်းငှါအလိုမရှိ။ စစ်ဆင်တိုက်ခိုက်ခြင်းငှါလည်း အလိုမရှိဟု ပြောဆို ပြန်ကြားပြီသော်၊ မြို့၏ တံခါးငယ်တို့ဖြင့် ထွက်၍ ထင်း,ရေ တို့ကို ဆောင်ယူခြင်းစသော အသုံးရုံကုန်သော အမှုကိစ္စတို့ကို ပြုရရှက်ဆောင် ကြကုန်၏၊ ဗာရာဏသီပြည့်ရှင် မင်းမြတ်သည်လည်း လေးခုကုန်သော မြို့၏တံခါးမကြီးတို့ကို စောင့်ရှောက် လုံခြုံစေလျက် ခုနစ်နှစ်ခုနစ်လတို့ ပတ်လုံး မြို့ကိုဝန်ရံပိတ်ပင်၍ ထား၏။

## ဘုရင့်မယ်တော်ကြီး။

ထိုနောက် မင်းကြီး၏ မယ်တော်ဖြစ်သော မိဖုရားကြီးက ငါ၏သား တော်သည် အဘယ်ကဲ့သို့ ပြုလုပ်ပါသိမ့်မည်နည်း မေးသည် ကာလ၊

အရှင်မိဖုရားကြီး၊ ဤသို့အမည်ရှိသော အခြင်းအရာဖြင့် ပြုလုပ်ပါသည်ဟု ပြောကြားလျှောက်တင်သဖြင့် အကြောင်းဖြစ်အင်ကို ကြားသိရသည်ရှိသော်၊ ငါ၏သားတော်သည် မိုက်မဲတွေဝေလေစွတကား။ သွားတည့် ကြချေ၊ မြို့တံခါးငယ်တို့ကိုလည်း ဆို့ပိတ်တားမြစ် ဝန်းရံရမည်အဖြစ်ကို တင်လျှောက်ချေကုန်လော့-ဟု စေလွှတ်လိုက်၏၊ မင်းကြီးသည်လည်း မယ်တော်စေလွှတ်လိုက်သော သတင်းစကားကို ကြားသိရ၍ မယ်တော် မိဖုရားကြီးစေခိုင်းသောအတိုင်းကို ပြုပေ၏၊ မြို့သူမြို့သားအပေါင်းတို့သည် အပြင်ဘက်သို့ ထွက်သွားလှည့်လည် အဘည်ဘည်သော အမှုကြီးငယ် ဟူသမျှတို့ကိုပြုလုပ်ဆောင်ရွက်ခွင့်ကိုမရကုန်သည်ဖြစ်၍၊ ခုနစ်ရက်မြောက် ကုရောက်သောနေ့၌ မိမိတို့၏ပြည့်ရှင်မင်းမြတ်ကို မိမိတို့ သတ်ပြီးသော အခါ ဝန်းရံလာသော ထိုမင်းကြီးအား မင်းအဖြစ်ကို ပေးအပ်ကြကုန်၏၊

ထိုမင်းကြီးသည် ဤမှလောက်သော အကုသိုလ်ကံကို စီမံအားထုတ် ပြုလုပ်ခဲ့ပြီးသော်၊ အသက်၏အဆုံးဝယ် အဝီစိငရဲ၌ဖြစ်ရပြီး၍ ဤမြေကြီး သည့် အထက်သို့ တယူဇနာ မျှလောက် မြင့်မောက် တက်ကြွသည့် တိုင်အောင်ကျက်၍ ခံစားခဲ့ရပြီးသော်၊ လေးရကုန်သော မြို့တံခါးကြီးတို့ကို တားဆီးပိတ်ပင်ခဲ့ဘူးသော မကောင်းမှုကြောင့် ထိုအဝီစိငရဲမှ ရုတေ့ သေလွန်ပြောင်းကျွန်၍ လာခဲ့သည်ရှိသော်၊ သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော ရှေးအတိတ်ဘဝက မယ်တော် ဖြစ်ခဲ့ဘူးသော သုပ္ပဝါသအမည်ရှိသော မိန်းမ၏ ဝမ်းတိုက်၌ ကိန်းပိုက်သန္ဓေ တည်နေ စွဲယူ၍ ခုနစ်နှစ် ခုနစ်လတို့ပတ်လုံး အမိဝမ်း၌ ကိန်းအောင်းရ၏၊ ဖွါးမြင် သည့်ကာလ ခုနစ်ရက်မျှတို့ ပတ်လုံးလည်း အမိ၏ ယောနိဝ၌ ဗီသာ ကန့်လန့် တွေဝေမိန်းမော နှစ်မြောခံစားရ၏၊

ချစ်သားရဟန်းတို့၊ သိဝလိမထေရ်သည် ထိုအခါကာလက မြို့ကို ဝန်းရံပိတ်ပင် သိမ်းယူအပ်သောမကောင်းမှုကံကြောင့် ဤမှလောက်သော ကာလပတ်လုံး ငရဲ၌ကျက်စားခဲ့ရပြီးလျှင်၊ လေးရကုန်သော တံခါးငယ် တို့ကို ပိတ်ထားသောအဖြစ်ကြောင့် ထိုငရဲမှရုတ်ပြောင်းကြွေ သေလွန်၍ လာခဲ့ပြီးသောအခါ၊ ထိုသုပ္ပဝါသ အမည်ရှိသော မိခင်၏ဝမ်း၌ ပဋိသန္ဓေ တည်နေစွဲယူ၍ ခုနစ်နှစ်ခုနစ်လခုနစ်ရက်တို့ပတ်လုံး ကိန်းအောင်း၍နေရ၏၊ အသစ်စက်စက် ယိုထွက်ကျသာစဖြစ်သော ပျားရည်ကို ပေးလှူ ပူဇော်

သည့်အမှုကြောင့်၊ လာဘ်သဘာ ပြန့်ပြောသည်၏ အဖြစ်၌ အဘွင့် အမြတ်သို့ ရောက်လေဘိသည်-ဟု မိန့်တော်မူ၏

**သောတာပန်တည်ခြင်း။**

နောက်တဖန် တနေ့သောနေ့၌ ရဟန်းတို့သည် ဇေတဝန်ကျောင်းတော်တွင် မောင်ရှင်သာမဏေ၏ လာဘ်လာဘ သည်လည်း အံ့သြဘွယ် ရှိပေစွ၊ ဇေတဝန်ကျောင်းတွင် မောင်ရှင်သာမဏေသည် သြော်-ကောင်းမှု ဘုန်းကံ ရှိပေစွ၊ တပါးတပါးသော ရဟန်းတော်အား အထွဋ်တင်သော ပြာသာဒ် စကြံပရိဝုဏ် အခါခါ တရစီစီသောအားဖြင့် ငါးရာကုန်သော ရသစ် မွန်ချွန် အထွဋ်တင်သော ပြာသာဒ်၊ ငါးရာကုန်သော စကြံ၊ ငါးရာကုန်သော နေ့သန့်ရာ၊ ညဉ့်သန့်ရာတို့ကို ပြုလေဘိသည်ဟူသော စကားကို ဖြစ်စေကြ ကုန်၏။ မြတ်စွာဘုရားသခင်သည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့၊ ယခုအခါ အဘယ်သို့သောစကားကို ပြောကြားစည်းဝေးကုန်ဘိသနည်း ဟု မေးတော်မူသည့်ကာလ၊ ဤအမည်ရှိသော အကြောင်းပါ တည်း-ဟု လျှောက်ကြားသည်ရှိသော်၊ ချစ်သားရဟန်းတို့၊ ငါ၏သားတော်အား ကောင်းမှုသည်းမရှိ၊ မကောင်းမှုသည်းမရှိ၊ နှစ်ဦးနှစ်ပါးစုံသော ကုသိုလ် အကုသိုလ်ကို ထိုထိုသော မဂ်ဖိုလ်ဉာဏ်ဖြင့် ပယ်သုန်စွန့်ပစ် အပ်ပြီဟု-မိန့်တော်မူပြီးမှ ဗြာဟ္မဏဝဂ်၌လာသော-

**ယော ဓ ပုညဉ္စ ပါပဉ္စ ဥဘော သင်္ဂံ ဥပစ္စဂါ။**
**အသောကံ ဝိရဇံ သုဒ္ဓံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။**

ဟူသောဂါထာကို ဟောကြားတော်မူ၏။

ဤဒေသနာတော်၏ အဆုံး၌လည်း များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ဣဓ သာသနေ၊ ငါဘုရားသည် ဟောကြားမိန့်ရာ ဤသာသနာတော်၌။ ယော ပုဂ္ဂလော၊ အမှတ်မထင် အကြင်တရုံတယောက် သောပုဂ္ဂိုလ်သည်။ ပုညဉ္စ၊ ကာမရူပ အရူပ-ဟု ဆိုအပ်သော သုံးပါးကုန် သော ချမ်းသာတို့ကို ခံစားရစေတတ်သော ကောင်းမှု ကုသိုလ်ကိုရင်း။ ပါပဉ္စ၊ အပါယ်လေးဝ၊ ကျရောက်စေတတ်သော အကုသိုလ်ကိုဥင်း။ ဥဘော၊

ကုသိုလ်,အကုသိုလ် ထိုထိုအကျွန် နှစ်ပါးရုံ့ဘို့ကို၊ ဆင်ခြေတွဲ၊ ဖွင့်လွှတ်၍။ သဥ်၊ ရာဂအစရှိသော ကပ်ငြိတတ်သော တဏှာကို ဥပစ္စဂါ၊ လွန်မြောက် ပြီ၏၊ အသောကံ၀ မြစ်ပြတ်ကင်း စိုးရိမ်ခြင်းမရှိထသော။ ဝိရဇံ၊ ရာဂစမှု ညစ်မြေးဟူသည့် မြူလည်း ကင်းစင်ထသော၊ သုဒ္ဓံ၊ ညစ်ငြူးတဘ်စွာ ကိလေသာမရှိသောကြောင့် စင်ကြယ်ထသော။ ။တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို အပပြုပြီးဟူ၍။ အဟံ၊ သ တို့ဆရာ ငါဘုရား သည်။ ဗြူမိ၊ ဟောတော်မူပေ၏။ ။ဤကားအနက်။

ဓမ္မပဒအရဟန္တဝဂ်၌၊ ကိုးခုမြောက်သော အရှင်သာရိပုတ္တရာ၏
ညီတော် တောကျောင်းနေ အရှင်ရေဝတ၏
ဝတ္ထုကား ဤတွင် ရွေ့ပြီး၏။

---

## ၇ အရဟန္တဝဂ်။ ၁၀·မထင်ရှားသော တယောက်သော မိန်းမဝတ္ထု။

ရမဏီယာနိ။ ။အစရှိသည့်၊ ပါဠိဂါထာ ဤသို့သော ဒေသနာကို၊ သတ္ထာသေးထပ်၊ တရားမြတ်ကို၊ တတ်အပ်မသိ၊ အဘိမုဋ္ဌ၊ သဘာဝကြောင့်၊ ဒုက္ခအတည်တည်၊ ကျင်လည်ပြေသွား၊ ခံစားနစ်မွန်းရကျွန်သော အလုံးရုံ သတ္တဝါတို့အား ထိုလေးပါးကုန်သော သစ္စာတို့ဖြင့် ပြလျက်၊ သုံးမတော် မူတတ်သော မြတ်စွာဘုရားသခင်သည်၊ ရှေးအဘိတ၊ သာဝတ္ထိမည်သော ရွှေ့သည်၊ ပျော်မွေ့သော သိမ်ရကို၊ မှတ်ကာတည်ဘိ၊ သာဝတ္ထိ မည်သော မြို့ကြီး၏တောင်စွန်၊ ဇေတဝန်ကျောင်းမြတ်၌၊ ချဉ်းကပ်ရှင်ပြိုး သီတင်းသုံးတော် မူခိုက်အခါ၊ မထင်မရှားသော မိန်းမတယောက်ကိုမြော် ထောက်သမှုအကြောင်းပြုသောအားဖြင့်ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ဒိဋ်စဉ်မပြတ် ဆွမ်းခံရပ်လျက် ပိဏ္ဍပါတ်ခူတင်ကို ဆောက်တည် သောရဟန်း တပါးသည် ဘုရားကိုယ်တော်မြတ်၏အထံ၌ သင်္ကမ်းစီးဖြန်း ကမ္မဋ္ဌာန်းကိုယူ၍ ရှေးမှုအခါက စည်းကာပြန့်ပြောလှသျက် နောက်မှ သိုယွင်းအိုမင်းပျက်စီးလေပြီးသော ဥယျာဉ်ဟောင်းကြီးတခုသို့ ကြွသွား

ဝင်ရောက်တော်မူပြီးသောအခါ ရဟန်းတို့တရားကို ဒေသနာတော်၍ ဆိတင်း သုံးတော်မူ၏။

## ပြည့်တန်း ဆသမ။

တယောက်သောပြည့်တန်းသခင်မိန်းမသည်တယောက်သောယောကျ်ား နှင့်အတူတကွ "ငါသည် ဤအမည်ရှိသောအရပ်သို့ သွားနှင့်ပေအံ့၊အသင် သည် ငါသွားနှင့်သော ထိုအရပ်သို့ မကြာမတင် လျင်မြန်စွာ လိုက်၍ လာခဲ့ပါ"ဟု ချိန်းချက်မှာထား ပြောဆို၍သွား၏၊ ချိန်းချက်မှာထားခဲ့သော ထိုယောကျ်ားသည်လည်း မလာမရောက်ဘဲ နေသည်ဖြစ်သောကြောင့် ထိုမိန်းမသည် မိမိချိန်းချက်မှာထား ယောကျ်ားလာအံ့သောခရီးလမ်းကို ဆန့်တန်းကြည့်ရှုကာ လာမိမ့်နိုးနိုး မြော်ကိုးငံ့ဆိုင်း ကြန့်ကြာသောအခါ ထိုယောကျ်ားလာသည်ကို မမြင်လျှင်၊ ဆန့်ကျင်သော သဘောရှိသည် ဖြစ်၍၊ထိုမှဤမှ လှည့်သည်ဖွေရှာ ဥယျာဉ်တွင်းသို့ ဝင်လာသည်ရှိသော် ပလ္လင်ဖွဲ့ခွေဆိုင်နေတော်မူသောမထေရ်ကိုတွေ့မြင်၍၊ဝန်းကျင်လည်းမှဘ်ထို ဤအရပ်ကို တပ်မှတ်ကြည့်ရှုသောအခါ တစုံတယောက်သော သူကိုမျှ မတွေ့မမြင်သောကြောင့်၊ ငါချိန်းချက်မှာထားခဲ့သော ယောကျ်ားသည် လည်းမပေါ်သာ၊ ဤနေရာ၌ ကောင်းစွာ ငြိမ်သက်သော ရှုမြှော်ဖြင့် ထိုင်နေ သောရဟန်းကို ငါအစွမ်းရှိသ၍ မာယာကို ပြုပြီးသည့်ကာလ လှည့်ပတ် ရတော့မည်-ဟု ကြံပြီးလျှင်-

မထေရ်၏ရှေ့တည့်တည့်က ရပ်နေပြီးသောကာလ ဝတ်ရုံ၍ ထားသောပုဆိုးအဝတ်ကို ဖြည်လျှော်ပြောင်းလဲ၍ ဝတ်၏၊

တုံးဖွဲ့ ကောင်းမွန်စွာ ထားအပ်သော ဆံပင်ကို ဖြည်ကာ ဖြည်ကာ မကြာခဏ တုံးဖွဲ့၏၊

လက်ဝါး လက်ရပ်ကို ရိုက်ပုတ် ခတ်တီးလျက် အသည်းနှလုံး ကြေမည့်ပမာ ပြင်းစွာရယ်၏။

မထေရ်အားထိတ်လန့်ဘုန်လှုပ်ခြင်း သံဝေဂသည်ဖြစ်၍ အလုံးစုံသော ကိုယ်ကို မိဘ်ဖြင့် ဖြန့်နှံ့ပြီးသောကာလ "အကြောင်းကား အဘယ် သို့သောအကြောင်း ဖြစ်ပါသိမ့်မည်နည်း"ဟု စဉ်းစားဆင်ခြင်၏။မြတ်စွာ

ဘုရားသခင်သည်လည်း ငါဘုရား၏အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် ရဟန်းတရားကို အားထုတ်အံ့ဟူ၍ သွားသောရဟန် အား အဘယ်သို့ သောအရပ်၌ နေလေသနည်း၊အဘယ်သို့သောအခြင်းအရာဖြင့် ဖြစ်လေ သနည်းဟု ရှုစမ်းဆင်ခြင်တော်မူသည်ရှိသော်၊မထေရ် အရှင်မြတ်အား မလျော်ပတ် မသင့်တင့် မပြုကျင့်ထိုက်သောအမူအရာ ယုတ်မာသော အလာစာချဖြင့် ပြာ ယောင်းဖြောင်းဖြသောထိုမိန်းမကိုမြင်ဘော်မူ၍ မထေရ် အား ထိတ်လန့်တုန်လှုပ်ခြင်း သံဝေဂရောက်သော စိတ်ရှိသည်၏အဖြစ်ကို သိတော်မူသောကြောင့် ဂန္ဓကုဋိတိုက် ကျောင်းတော်၌ သိတင်းသုံးတော် မူလျက်သာလျှင်၊ ချစ်သားရဟန်း ကာမကို ရှာဒွီးလေ့ ရှိကုန်သော သူတို့ အား ရှုပါရုံအစရှိသော အာရုံတို့သည် တည်ရာဖြစ်၏၊ ကင်းသော ရာဂ ရှိကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား အာရုံမဟုတ်သောအရာလျှင်တည်ရာ ဖြစ်၏ဟု ထိုရဟန်းနှင့်အတူတကွ စကားမိန့်ဆိုတော်မူ၏။

## ပဋိသန္ဓိဒါပဋ္ဌ ရဟန္တာဖြစ်ခြင်း။

မိန့်ဆိုတော်မူပြီး၍ ကိုယ်တော်ရောင်ကို ဖွန့်လွှတ်ပြန့်နှံ့တော် မူစေ ပြီးသောအခါ ထိုရဟန်းအား တရားဟောတော်မူလိုသည်ဖြစ်၍-

**ရမဏီယာနိ အရညာနိ၊ ယတ္ထ နရမတီဇနော။**

**ဝီတရာဂါ ရမိဿန္တိ၊န တေ ကာမဂဝေသိနော။ ။**

ဟူသောဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။အရညာနိ၊ပွင့်ဖုံပွင့်ချပ် အထပ်ထပ်တို့ဖြင့် ပင်လက် ပင်စောက် မြင့်မောက်လွန်ပေါသော တောတို့သည်။ ရမဏီယာနိ၊ လူသံ မနီး ကိုယ်ဘည်းကျင့်ပျော် မွေ့လျော်ဘွယ် ရှိလှကုန်၏၊ တတ္ထ၊စိမ့်မြိုင် ရိပ်သီး အကြင်တောကြီး၌။ ဇနော၊ကာမဂုဏ်တွင် ပူးဝင်သောင်းသောင်း လူ့အပေါင်းတို့သည်။နရမတိ၊တဘ္ဘာသွင် သံသောအဥ်မရှိသော ကြောင့် မမွေ့လျော်နိုင်။ ဝိတရာဂါ၊ တပ်မက်တတ်စွာ တဏှာ ကင်းပြီးသော ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ရမိဿန္တိ၊ ကမ္မဋ္ဌာန်းမွေ့ အာရုံ တွေ့၍ မွေ့လျော်ကုန်လတ္တံ့။တေ၊ ထိုရဟန္တာပုဂ္ဂိုလ်တို့သည်။ ကာမဂဝေသိ နော၊ကာမဂုဏ်ကို ရှာဒွီးလေ့ရှိကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ။ ဤကားအနက်။

တရားဒေသနာ ပါဠိဂါထာ၏အဆုံး၌ ထိုမထေရ်သည် ပလ္လင်ဖွဲ့ခွေ ထိုင်နေသော ထိုနေရာ၌ပင်လျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ အထက်ကောင်းကင်ခရီးဖြင့် ကြွလာခဲ့ပြီးသောအခါ မြတ်စွာဘုရားသခင်၏ဂုဏ်ကို ချီးမွမ်းထောမနာ ခြင်းကိုပြုလျက်၊ မြတ်စွာဘုရားသခင်၏ ရွှေစက်ပဒုံ ခြေတော်ရံတို့ကို ကြည်ယုံဝပ်လျှိုး ရှိခိုးပြီးသော ကာလ ပဲကြွတော်မူလေ၏၊

ဓမ္မပဒအရဟန္တဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော မထင်ရှားသော
တယောက်သောမိန်းမ၏ ဝတ္ထုစကားစဉ်သည်ကား
ဤတွင်ရွေ့ပြီး၏။

---

ဣတိ ဟံသာဝတီနဂရဿ တိဂုမ္ဗစေတိယဿ ဥတ္တ
ရနံ ဒိသာဘာဂေ မဟာအာရညိက ဝိဟာရေဝသန္တေန
စန္ဒိမာဘိလဒ္ဓနာမေန အဂ္ဂဝံသထေရေန ဂဏဝါစကေန
ဘိက္ခုနာ မရမ္မဘာသာယ ဒေသေန္တော ကတော ဓမ္မပဒဋ္ဌ
မဟာပကရဏေ သတ္တမ အရဟန္တဝဂ္ဂဿ မရမ္မဘာသာ
သဝဏ္ဏနာ နိဋ္ဌိတာ။ ။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ ခုနစ်ခုမြောက်ဖြစ်သော
အရဟန္တဝဂ်သည် ဤတွင်ရွေ့ပြီးဆုံး၏။

---

## ၈ သဟဿဝဂ်။ ၁-တမ္ဗဒါဌိက ခိုးသားယောကျ်ားဝတ္ထု။

**သဟဿမပိ စေ ဝါစာ။** ။အစချီသော၊ ဤဂါထာပါဌ်၊ မှာပါဌ်ကို၊ နတ်အသုရာ၊ ဗြဟ္မာ၊ ဂဠုန်၊ ကုမ္ဘဏ်ယက္ခ၊ ဂန္ဓဗ္ဗမနုဿ၊ အစဖြာသော၊ ရာဇာမင်းစစ်တို့၊ သင်းကျစ်မကိုဋ်၌၊ ဝိုက်အပ်သော ခြေတော်ရုံတို့ဖြင့်၊ အလုံးစုံသတ္တဝါတို့ကို၊ ကောင်းစွာ ဆုံးမတော်မူတတ်သော၊ သကာတ်ဂုဏ် အလာဖြင့်၊ သဗ္ဗညုမည်တော်မူသော မြတ်စွာဘုရားသခင်သည် ကမ္ဘာ ပျက်က၊ နောက်ဆုံးကျလျက်၊ တည်ကရှေးဦး၊ ဂုဏ်ချောင် မြူးသဖြင့်၊ အထူးထူးသော မင်းတို့၊ မျှတင်းမှီခို၊ ရာဇဂြိုဟ်ပြည်ကြီး၏အနီး၊ မြောက်ချီး သင့်မွန်၊ ဝေဠုဝန် မင်းကျောင်း၌ ဟိန်းအောင်းတော်မူသိုက်အခါ၊ ကြမ်းထမ်း

စွာသော သဘောသဘာဝ ရှိသည့်အားလျော်စွာ များစွာသော ခိုးသားတို့ကို သတ်လျက် မပြတ်အသက်မွေးလေ့ရှိသော တမ္ဗဒါဌိကခိုးသတ်ယောက်ျားကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ခိုးသားငါးရာ။

တယောက်ယုတ် ငါးရာကုန်သော ထိုခိုးသား အပေါင်း တို့သည် ရွာ,နိဂုံး,ဇနပုဒ်တို့ကို တရပ်တခဲ့ဖြင့် ဖျက်စီးအောင် ဖျက်ဆီး လုယူခြင်း စသည်ကိုပြုလျက် အသက်မွေးခြင်းကို ပြုကြကုန်၏။ ထိုအခါ တကိုယ်လုံး ပြောက်ကျားလျက် နီသောကျင်စွယ်ရှိသော တမ္ဗဒါဌိက အမည်ရှိသော တယောက်သော ယောက်ျားသည် ထိုခိုးသူ၏အထံသို့ သွား၍"ငါသည်လည်း အသင်တို့နှင့်အတူတကွ အသက်မွေးလိုပါသည်" ဟု ဆို၏။ ထိုအခါ ခိုးသူတို့လည်း ထိုယောက်ျားကို မိမိတို့ အထက်က အကြီးအမှူးဖြစ်သော ခိုးသူကြီးအား ပြ၍။ "အရှင်၊ ဤသူသည်လည်း အကျွန်ုပ်တို့၏အထံ၌ နေခြင်းငှါအလိုရှိသည်ဟူ၍ လာရောက်ပါသည်"ဟု ပြောကြကုန်၏။

ထိုအခါ သူခိုး အကြီးအမှူးသည် ထိုတမ္ဗဒါဌိက အမည်ရသော ယောက်ျားကို ကြည့်ရှု၍၊ ဤယောက်ျားကား အမိ၏ သားမြတ်ကိုသော် လည်း ဖြတ်၍၊ အဘ၏ လည်ချောင်းသွေးကို သော်လည်း ထုတ်ယူ၍ စားသောက်ခြင်းငှါ စွမ်းနိုင်သော အသွန်ကြမ်းကြုတ် ခက်ထန်လှစွာသော သူပေတည်းဟု ကြံပြီးလျှင်။ "အမောင်တို့၊ထိုသူအား ငါတို့၏ အထံ၌ နေရန် ကိစ္စမရှိပေ"ဟု ပယ်လိုက်၏၊ တမ္ဗဒါဌိက အမည်ရသော ထို- ယောက်ျားသည် ဤသို့သော အခြင်းအရာဖြင့် အကြီးအမှူး ဖြစ်သော ခိုးသူကြီးသည် ပယ်ရှားအပ်သော်သည်း သွားရောက် ချဉ်းကပ်၍ ထို- ခိုးသူအကြီးအမှူး၏ သာလျှင် ချစ်ခင်လှစွာသော အတွင်းနေ ခိုးသား တယောက်ကို လုပ်ကျွေးပြုစုလျက် နှစ်သက်- ချစ်ခင်စေ၏။ ထိုခိုးသား သည်လည်း တမ္ဗဒါဌိက အမည်ရသော ခိုးသားကို ခေါ်ဆောင်ယူ၍ ခိုးသူအကြီးအမှူး၏အထံသို့ ချဉ်းကပ်ပြီးလျှင်။"အရှင်၊ဤယောက်ျားသည် သင့်တင့် ကောင်းမြတ်ပါ၏၊ အကျွန်ုပ်အားလည်း ကျေးဇူး ဥပကာရ များ ပြားလှပါသည်။ ထိုယောက်ျားကို ချီးမြှင့်တော်မူပါကုန်သော့" ဟု

အထပ်ထပ်အဖန်ဖန် တောင်းပန်ပြောဆို၍ ခိုးသူအကြီးအမှူးကို နှစ်သက်ဝန်ခံစေ၏။

## ခိုးသူသတ်တမ္ဗဒါဌိက။

ထို့နောက် တနေ့သ၌ မြို့သူ မြို့သား အပေါင်းတို့သည် မင်းချင်းယောက်ျားတို့နှင့် အတူတကွ တပေါင်းတည်း ဖြစ်ပြီးသော ကာလ၊ ထိုငါးရာသော ခိုးသူတို့ကို ဘမ်းယူနှောင်ဖွဲ့ ပြီးသော်၊ တရားဆုံးဖြတ်သော အမတ်ကြီးထံသို့ ခေါ်ဆောင်ကုန်၏။ တရားဆုံးဖြတ်သော အမတ်တို့သည်လည်း ငါးရာကုန်သော ထိုခိုးသူတို့အား ပုဆိန်ဖြင့် ဦးခေါင်းကို ဖြတ်ပိုင်းခြင်းကို ခိုင်းစေ အာဏာ ပေးကုန်၏။ ထိုနောက်မှ အဘယ်သူသည် ဤခိုးသူတို့ကို သတ်အံ့နည်းဟု ရှာမှီးကုန်သည် ရှိသော်၊ ထို-ခိုးသူတို့ကို သတ်ခြင်းငှါ အလိုရှိသော တစုံတယောက်သော သူကို ရှာဖွေခေါ်ငင် မတွေ့မြင်သောကြောင့် ခိုးသူအကြီးအမှူးကို "အသင်သည် ဤခိုးသူတို့ကို သတ်ပါလော၊ ဤခိုးသူတို့ကို သတ်အပ်သည် ရှိသော် အသင်အား အသက်ရှည်ခြင်းကို ရပါလတ္တံ့၊ ချီးမြှင့်သော လာဘ်လာဘ ကိုလည်း ရပါလတ္တံ့။ သို့ဖြစ်၍ ထိုခိုးသားတို့ကို သတ်ပါလော့" ဟု ပြောဆိုကြကုန်၏။

ခိုးသူအကြီးအမှူးလည်း မိမိကိုမှီ၍နေကြသော သူတို့ဖြစ်သောကြောင့် ထိုခိုးသူတို့ကိုသတ်ခြင်းငှါ အလိုမရှိသောအားဖြင့် ငြင်းပယ်၏။ဤသို့သော အကြောင်းဖြင့် တခုယုတ် ငါးရာကုန်သော ခိုးသူတို့ကို မေးကုန်၏။ အလုံးစုံသော ခိုးသူတို့သည်လည်း သတ်ခြင်းငှါ အလိုမရှိ ကုန်သောကြောင့် ပယ်ကြကုန်၏။ အလုံးစုံသော ခိုးသူတို့နောက်ဆုံး၌ ပြောက်ကျားသော ကိုယ်ရှိသော တမ္ဗဒါဌိက အမည်ရသော ယောက်ျားကို ရှေးနည်းအတူသာလျှင် ပြောဆို၍ မေးမြန်းကြကုန်၏။ တမ္ဗဒါဌိက ခိုးသူသည်လည်း ကောင်းပါပြီဟု ဝန်ခံပြီးသောကာလ၊ ထိုအလုံးစုံသော ခိုးသူတို့ကို သတ်၍ မိမိ အသက်ကိုရှင်း ချီးမြှင့်သော လာဘ်လာဘကိုရှင်း ရ၏။ ဤသို့သော အကြောင်းဖြင့် မြို့၏ တောင်မျက်နှာမှလည်း ငါးရာသော ခိုးသူတို့ကို ဘမ်းဆောင်ခဲ့ပြီးသော်၊ တရားဆုံးဖြတ်သော အမတ်တို့အား ပြ၍ ထိုအမတ်တို့က ဦးခေါင်းကို ဖြတ်ခြင်းငှါ စေခိုင်းသည် ရှိသော်၊

ခိုးသူအကြီးအမှူးကိုအစပြု၍ ပေးအပ်ကုန်သည့်ကာလ တရံတယောက်မျှ သတ်ဝံ့မည်သူ ထွက်ပြူပေါ်ပေါက်သည်ကို မမြင်သောကြောင့် မှော်ယာမန် နေ့၌ တယောက်သော ယောကျ်ားသည် ငါးရာသော ခိုးသူတို့ကိုသတ်၏။ ထိုယောကျ်ားသည် ယာရအတိအရပ်မှာနေသနည်းဟု မေးမြန်းစိစစ်သည့် ကာလ ဤမည်သော အရပ်ဌာန၌ ငါတို့သည် တွေ့မြင်၏ဟု ဆိုသည် ရှိသော်၊ ထိုတမ္ဗဒါဌိက အမည်ရှိသော ယောကျ်ားကို ခေါ်စေပြီးလျှင်။ အချင်းယောကျ်ား၊ အသင်သည် ဤခိုးသူတို့ကို သတ်ပါလေသော့။ ထိုသို့ သတ်အပ်သည် ရှိသော်၊ အသင်အား ပူဇော် ချီးမြှင့်သော လာဘ်ကို ရပေသတ္တံ့ဟု ပြောဆိုတိုက်တွန်း နိုင်းစေကုန်၏။

ထိုတမ္ဗဒါဌိက သည်လည်း ကောင်းပြီဟု ဝန်ခံ၍ ထိုအလုံးရုံသော ခိုးသူတို့ကို သတ်ဖြတ်ပြီးသောအခါ ပေးကမ်း ချီးမြှင့်သော လာဘ်ကို ခံယူ၏။ ထိုနောက် တမ္ဗဒါဌိက ခိုးသတ်ယောကျ်ားကို ဤသူကား ခိုးသား တို့ကို သတ်ဖြတ်သော အရာဌာန၌ သင့်တင့် ကောင်းမြတ်၏။ အမြဲ ခိုးသားတို့ကိုသတ်ဖြတ်သောအရာ၌ ထိုသူသာလျှင် ချီးမြှင့်၍ထားသည်ကို ပြုကုန်အံ့ဟု တိုင်ပင် ပြောဆိုကြသောကာလ ခိုးသားတို့ကို သတ်ဖြတ် သော ရာထူးကို တမ္ဗဒါဌိက ယောကျ်ားအား မြှောက်စား ချီးပင့်ခြင်းကို ပြုပြီးလျှင်၊ လာဘ်ပူဇော်သက္ကာရကို ပေးသနားကြကုန်၏။

ထိုတမ္ဗဒါဌိကခိုးသတ်ယောကျ်ားသည် အနောက်မျက်နှာအရပ်မှရင်း, တောင်မျက်နှာ အရပ်မှရင်း ဆောင်ယူ ခဲ့အပ်ကုန်သော ငါးရာ ငါးရာ ကုန်သော ခိုးသူတို့ကိုလည်း သတ်ပေ၏။ ဤသို့သော အခြင်းအရာ လေးမျက်နှာတို့မှ ဆောင်ယူအပ်ခဲ့ကုန်သော နှစ်ထောင်ကုန်သော ခိုးသူ တို့ကိုသတ်ပြီးသော်၊ ထိုအခါမှစ၍နေ့တိုင်းနေ့တိုင်းဆောင်ယူအပ်ကုန်သော နှစ်ယောက် သုံးယောက်ကုန်သောလူတို့ကို အစဉ်မပြတ် သတ်ပြီးလျှင် အနှစ်ငါးဆယ်တို့ပတ်လုံး ခိုးသတ်အမှုကိုသာ ပြု၍နေ၏။

## ရာထူးကျခြင်း။

ထိုတမ္ဗဒါဌိက ခိုးသတ်ယောကျ်ားသည် အရွယ်ကြီးရင့် ဒိုမင်းသော အခါ၌ တချက်တည်းသော လုံ့လပယောဂဖြင့် ဦးခေါင်းကို ပြတ်အောင် ဖြတ်ခြင်းငှါ မစွမ်းနိုင်လေ။ နှစ်ကြိမ်,သုံးကြိမ် ရွယ်ချိန်ပုတ်ခတ် ပိုင်းဖြတ်၍

သတ်ရသဖြင့် အသတ်ခံရသော သူတို့ကို ပင်ပန်းစေ၏။ မြို့သူ မြို့သား တို့သည် တပါးသော ခိုးသတ် ယောင်္ကျားသည် ဖြစ်ပေါ် ပေလတ္တံ့။ ဤသူသည်ကား အသတ် ခံရသောသူကို ပင်ပန်းစေသည်ဖြစ်၍ သတ် ဖြတ်၏။ ဤသူသတ်ယောကျ်ားဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်းဟု ကြံကြကုန်ပြီးလျှင်၊ ထိုမြှောက်စား ချီးပင့်အပ်သော ရာထူးမှ ပယ်ရှားကြ ကုန်၏။

တမ္ဗဒါဋ္ဌိက ခိုးသတ်ယောင်္ကျားသည် ရှေးအခါကာလ ခိုးသတ်အမှုကို ပြုစဉ်က ဆောင်ယူအပ်သော ပုဆိုးဖြင့် ဝတ်ရုံခြင်း၄ါရင်း, ဆီဦးထောပတ် နှင့်တကွသော ယာဂုကို သောက်ခြင်း၄ါရင်း, မြတ်လေးပန်း စသည်တို့ကို ပန်ဆင်ခြင်း၄ါရင်း, နံ့သာတို့ကို လိမ်းကျံခြင်း၄ါရင်း, ဤလေးပါးကုန်သော အရာတို့ကို မသုံးဆောင် မခံစားရ။ ခိုးသတ်၏ရာထူးမှ လျောကျသော နေ့၌ ငါ့အား နို့နှင့် ရောသော ယာဂုကို စီရင်ကျိချက်၍ ပေးကုန်လော့ဟု အလုပ်အကျွေးတို့အား မှာထား ပြောဆို၍ နူးညံ့သိမ်မွေ့သော အဝတ် မြတ်လေးပန်း လိမ်းကျံဘွယ်ရာ နံ့သာတို့ကို ယူဆောင် စေ၍ မြစ်ဆိပ်သို့ သွားရောက် ရေချိုး သုံးသပ်ပြီးသောအခါ နူးညံ့စွာလော အဝတ်ကို ဝတ်ရုံ၍ မြတ်လေးပန်းတို့ကို ပန်ဆင် ပြီးလျှင် နံ့သာတို့ဖြင့် လိမ်းကျံအပ် ပြီးသော ကိုယ်ရှိသဖြင့် အိမ်သို့ပြန်လာခဲ့ပြီးသည်ကာလ ထိုင်နေ၏။

## အရှင်သာရိပုတ္တရာအား နို့ယာဂုလှူခြင်း။

ထိုအခါ တမ္ဗဒါဋ္ဌိက ခိုးသတ်ယောကျ်ား၏ အလုပ်အကျွေးတို့သည် ဆီဦး ထောပတ်ဖြင့် စီရင်အပ်သော နို့ယာဂုကို ဆောင်ယူ ခဲ့ပြီးလျှင် ရှေ့မှ တည်ထား၍ လက်ဆေးရေကို ဆောင်ယူကြကုန်၏။ ထိုအခိုက် ခဏ၌ အရှင်သာရိပုတ္တရာသည် သမာပတ်မှထတော်မူ၍ ယနေ့ ငါသည် အဘယ်၌ ဆွမ်းအလို့ငှါ ကြွရောက်လှည့်လည်အပ်သနည်းဟု မိမိတို့၏ ဆွမ်းခံရာကို ကောင်းစွာ ကြည့်ရှု ဆင်ခြင်တော်မူသည် ရှိသော်၊ ထို- တမ္ဗဒါဋ္ဌိက ခိုးသတ်ယောကျ်ား၏အိမ်၌ စီရင်အပ်သော ယာဂုကိုမြင်၍၊ အသို့နည်း ဤယောကျ်ားသည် ငါကြွသွားသည်ရှိသော် ငါ့အား ချီးမြှင့် လှူဒါန်းခြင်းကို ပြုအံ့လော၊ မပြုအံ့လောဟု စူးစမ်းဆင်ခြင်တော်မူပြန်သည် ရှိသော်၊ ငါ့ကိုမြင်က ငါ့အား ချီးမြှင့်လှူဒါန်းခြင်းကို ပြုလတ္တံ့။ ထိုသို့

ချီး၍ဖြင့် လျှူဒါန်းခြင်းကို ပြုခြင်းကြောင့် ထိုအမျိုးကောင်း သားသည် ကြီးစွာသော စည်းစိမ်ချမ်းသာကို ရပေလတ္တံ့ဟု သိတော်မူ၍ သက်နီးကို ရုံတော်မူပြီးသော်၊ သပိတ်ကို လက်စွဲကိုင်ယူ၍ ထိုတမ္ဗဒါဌိက ခိုးသတ် ယောကျ်ား၏ အိမ်တံခါး၌ ရပ်ကာမျှဖြင့် သာလျှင် မိမိ၏ ကိုယ်ကို ပြတော်မူ၏။

တမ္ဗဒါဌိက ခိုးသတ်ယောကျ်ားသည် အရှင်သာရိပုတ္တရာမထေရ်ကို မြင်၍ ကြံဆင်ခြင်သည်မှာ ငါသည် မြင့်ရှည်စွာသော ကာလပတ်လုံး ခိုးသူတို့အား သတ်ဖြတ်သော အမှုကို ပြုလုပ်ရသည် ဖြစ်၍ များစွာ ကုန်သော သူတို့ကို သတ်အပ်ကုန်၏၊ ဤယခုအခါ ငါ၏ အိမ်၌လည်း နို့ယာဂုကို စီရင်အပ်၏။မထေရ် အရှင်မြတ်သည်လည်း ကြွလာတော်မူ၍ ငါ၏ အိမ်တံခါးဝ၌ ကြွရောက်ရပ်တည်တော်မူ၏။ ဤယခုအခါ ငါသည် အရှင် မထေရ်မြတ်အား ပေးလှူဘွယ်အစု ပစ္စည်းဝတ္ထုကို ကြည့်ရှု ပေးလှူခြင်းငှါ အပ်ပေသည်ဟု ကြံ၏။ ကြံပြီး၍ကား ရွှေမှာတည်ထား အပ်သောယာဂုကို ပယ်ပြီးသော်အခါ မထေရ်၏ ထံမှောက်သို့ သွား ရောက်ချဉ်းကပ် ညွတ်ကြိုး ရှိခိုးဦးချပြီးလျှင် အိမ်၏ အတွင်းသို့ ပင့်သွင်း ထိုင်နေ သီတင်းသုံးစေပြီးမှ အရှင်မြတ်၏သပိတ်၌ နို့ယာဂုကို ထည့် လောင်း၍ ဆီဦး ထောပတ်ကို ထပ်၍ သွန်လောင်းပြီးသော် မထေရ် အရှင်မြတ်ကို ယပ်ခပ်လျက် တည်နေ၏။

## ဓာတ်သီတာနတ်ပြည်၌ဖြစ်ခြင်း။

ထိုအခါ၌ တမ္ဗဒါဌိက ခိုးသတ် ယောကျ်ား အားလည်း မြင့်ရှည် စွာသော နေ့ညဉ့်တို့ပတ်လုံး တရံတခါမျှ မရစဘူး မသုံးဆောင်ရဘူး သဖြင့် အထူး စီရင်အပ်သော နို့ယာဂုကို သောက်ခြင်းငှါ အားကြီး စွာသော အလိုဆန္ဒသည် ဖြစ်လေ၏။ အရှင်သာရိပုတ္တရာ မထေရ်သည် ထိုခိုးသတ်ယောကျ်ား၏ အလိုအဇ္ဈာသယကိုသိ၍။ဒါယကာ၊အသင်သည် မိမိ၏ယာဂုကို သောက်ဦးလော့ဟု မိန့်တော်မူ၏။ ထိုတမ္ဗဒါဌိက ခိုးသတ် ယောကျ်ားသည်တပါးတယောက်သောသူ၏လက်၌ ယပ်ကို ပေးပြီးသော် ယာဂုကိုသောက်၏။ မထေရ်လည်း ယပ်ခပ်၍ တည်သော ယောကျ်ားကို ဒါယကာ၊ သွားလေလော့။ ငါ့အား ယပ်မခပ်နှင့်တော့ဟု မိန့်တော်မူ၏။

တမ္ဗဒါဌိက ခိုးသတ် ယောကျ်ားသည် မိမိ အလိုဆန္ဒ ရှိသမျှလောက် ဝမ်းပြည့်အောင် ယာဂုကို သောက်ပြီးသော်၊ ထလာခဲ့၍ မထေရ်ကို ယပ်လေ ခပ်လျက်သာလျှင် တည်နေ၍ ဆွမ်းစားခြင်းကိစ္စ ပြီးသော အခါ၊ မထေရ်၏ သဒိတ်ကိုယူ၏။ မထေရ်သည် ထိုယောကျ်ားအား တရားအနုမောဒနာကို ဟောခြင်းငှါ အားထုတ်၏။

ထိုတမ္ဗဒါဌိကခိုးသတ်ယောကျ်ားသည် မိမိ၏စိတ်ကို ဟောကြားတော်မူအပ်သော မထေရ်၏တရားစကား၌ နှလုံးသွင်းခြင်းငှါ သက်ဝင်ယုံကြည်ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်လေ။ မထေရ်သည် ထိုသို့သော အကြောင်းကို မှတ်၍။ ဒါယကာ၊ မိမိ၏စိတ်ကို ငါဟောကြားအပ်သော တရားဒေသနာသို့ အစဉ်လျှောက်သောအားဖြင့် သက်ဝင် ယုံကြည်ခြင်းကို အဘယ်ကြောင့် ပြုခြင်းငှါ မစွမ်းနိုင်ပါသနည်းဟု မေးတော်မူသည့် ကာလ။ ဘုန်းတော်ကြီးတော အရှင်ဘုရား၊ တပည့်တော်သည် ခြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး ကြမ်းကြုတ် ခက်ထန်သော အမှုကို ပြုရအပ်သဖြင့် များစွာသော လူတို့ကို သတ်ဖြတ်ခဲ့ဘူးပါသည်၊ ထိုကြောင့် တပည့်တော်သည် မိမိ ပြုအပ်သော မကောင်းမှု အကုသိုလ်ကံကို ကြံစည်အောက်မေ့လျက်၊ မိမိ၏စိတ်ကို အရှင်မြတ်၏ တရားဒေသနာတော်သို့ အစဉ်လျှောက်သော အားဖြင့် သက်ဝင်ယုံကြည် နှလုံးသွင်းခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ပါ ဟု လျှောက်ကြားလျှင်။ မထေရ်သည် ထိုယောကျ်ားအား လှည့်စားဦးအံ့ ဟု ကြံ၍-

"ဒါယကာ၊ အသို့ပေနည်း။ အသင်သည် မိမိအလိုအားလျော်စွာ ပြုပေသလော။ သို့တည်းမဟုတ် တပါးသောသူတို့သည် ပြုစေအပ်သည်ဖြစ်၍ ပြုပေသလော"ဟု မေးတော်မူ၏။

အရှင်ဘုရား၊ပြည့်ရှင်မင်းမြတ်သည် ပြုစေအပ်သည်ဖြစ်၍ ပြုရပါသည် ဟု လျှောက်ကြားလျှင်-

"ဒါယကာ၊ အသို့နည်း။ ဤသို့ သူတပါးသည် ပြုစေအပ်သည်ဖြစ်၍ ပြုလုပ်ရသောအသင့်အား အကုသိုလ်ဖြစ်သလော"ဟု မိန့်တော်မူ၏။

ထိုသို့မိန့်တော်မူလျှင် နုံ့နှေးသော ဉာဏ်သဘောရှိသော ခိုးသတ် ယောကျ်ားဒါယကာသည် မထေရ်က ဆိုအပ်သည်ရှိသော်၊ "ငါ့အား

အကုသိုလ်မရှိ”ဟု အမှတ်ရှိသည်ဖြစ်၍၊ ထိုသို့တပြီးကား အရှင်ဘုရား တို့သည် တရားစကားကို ဟောကြားတော် မူပါလော့ ဟု လျှောက်၏။ မထေရ်သည် ဆွမ်းအနုမောဒနာ ဒေသနာကို ကောင်းစွာ ဟောပြတော် မူသည်ရှိသော်၊ ထိုခိုးသတ်ယောကျ်ားသည် တည်ကြည် နိုင်ခံ့သော စိတ်ရှိသည်ဖြစ်၍ မထေရ် ဟောကြားသော တရားတော်ကို နာလျက် သောတာပတ္တိမဂ်၏ အောက်အဘို့ဖြစ်သော အနုလောမခန္တိကိုဖြစ်စေ၏။ အရှင်သာရိပုတ္တရာ မထေရ်လည်း အနုမောဒနာကို ပြုပြီးသည့်ကာလ ဖဲကြွတော်မူ၏၊ ခိုးသတ်ယောကျ်ား ဒါယကာသည် မထေရ်အရှင်မြတ်ကို နောက်ထပ်စဉ်စိုက် အနည်းငယ် လိုက်ပို့ပြီးလျှင် ဆုတ်နစ်ပြန်လှည့်၍ လာခဲ့ရာ။ တယောက်သောဘီလူးမသည် သားငယ်ရှိသော နွားမ၏အသွင် ပြုပြင်ဖန်ဆင်း အတင်း လိုက်လာ၍ ရင်၌ ဓှေ့ခတ် ပြီးသော ကာလ သတ်လေ၏၊ ထိုခိုးသတ်ယောကျ်ားသည် နွားမဓှေ့ခတ်သော ဒဏ်ဖြင့် ပြင်းထန်ဝေဒနာ ကျင်နာသောဒုက္ခဖြင့် သေလွန်ခြင်းကိုပြုခဲ့ရာ၊ တုသိတာ နတ်ပြည်၌ဖြစ်လေ၏။

တရားသဘင်အစည်းအဝေးခွင်၌ ကြွလာဝင်ရောက်ကုန်သော ရဟန်း တို့သည် ခိုးသတ်ယောကျ်ားကြီးသည် အနှစ်ငါးဆယ်ဘို့ကာလပတ်လုံး ကြမ်းကြုတ်ခက်ထန်သော ခိုးသတ်အမှုကိုပြု၍ ယနေ့ပင်လျှင်ထိုခိုးသတ်၏ အဖြစ်မှလွတ်၏။ယနေ့ပင်လျှင် အရှင်သာရိပုတ္တရာမထေရ်အား ဆွမ်းကို ပေးလှူ၍ ယနေ့ပင်လျှင်သေလွန်ခြင်းကို ပြုခဲ့၏။အသို့နည်း၊ ထိုခိုးသတ် ယောကျ်ားသည် ယခုအခါအဘယ်အရပ်၌ ဖြစ်ပါလိမ့်မည်နည်း ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူခဲ့၍၊ ချစ်သားရဟန်းတို့၊ငါဘုရား ကြွတော်မူလာခဲ့သောအခါ၌ အဘယ်သို့ သော စကားကိုပြောကြားစည်းဝေးနေထိုင်ကြကုန်သနည်း-ဟု မေးတော် မူသော့ကြောင့်၊ဤအမည်ရှိသော အကြောင်းပါတည်း-ဟု လျှောက်ကြား သည်ရှိသော်၊ချစ်သားရဟန်းတို့၊ ထိုခိုးသတ်ယောကျ်ားသည် တုသိတာ နတ်ပြည်၌ ဖြစ်လေသည်-ဟု မိန့်တော်မူ၏။

## များစွာသောသူတို့ သောတာပန် တည်ခြင်း။

ထိုအခါ ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့သည် အဘယ်ကဲ့သို့သော စကားကိုမိန့်ကြားတော် မူကြပါကုန်သနည်း။ အနှစ်ငါးဆယ်ရှိသော ဤမျှလောက်သော ကာလပတ်လုံး ဤမျှလောက်သော အတိုင်းအရှည်ရှိသော များပြားလှစွာသော လူတို့ကို သတ်ဖြတ်၍ တုသိတာနတ်ပြည်၌ ဖြစ်နိုင်ပါသလော-ဟု လျှောက်ကြားကုန်သဖြင့်၊ ချစ်သား ရဟန်းတို့၊ ဩော်-ဟုတ်လှ ပေ၏။ ထိုခိုးသတ်ယောကျ်ားသည် ကြီးကျယ်မြင့်မြတ် ကောင်းမွန်သော အဆွေခင်မွန်းကို ရအပ်၏။ ငါ့သားတော် သာရိပုတ္တရာ၏ တရားဒေသနာကို ကြားနာရ၍ အနုလောမဉာဏ်ကိုဖြစ်စေပြီးလျှင် ဤခိုးသတ်ယောကျ်ား၏ဘဝမှ ရတော့ ပြောင်းကျွန် သေလွန်သည်ရှိသော် တုသိတာနတ်ပြည်၌ ဖြစ်လေသတည်း ဟု မိန့်တော်မူပြီး၍-

**သုဘာသိတံ သုဏိတွာန၊ နဂရေ စောရဃာတကော။**
**အနုလောမခန္တိံ လဒ္ဓါန၊ မောဒတိ တိဒိဝံ ဂတော။ ။**

ဟူသော ဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။နဂရေ၊ ရာဇဂြိုဟ်ဟု မှည့်ခေါ်သမြိုး မြို့တော်ကြီး၌။ စောရဃာတကော၊ ခိုးသူအပေါင်းကို ထောင်းထောင်း ကြေညက် ခုတ်ဖျက်သတ်ဖြတ်သော ယောကျ်ားသည်၊ သုဘာသိတံ၊ အရှင်သာရိပုတ္တရာ ထေရ်မဟာသည် ကောင်းစွာ ဟောကြားအပ်သော တရားတော်ကို။ သုဏိတွာန၊ ကြားနာရ၍။ အနုလောမခန္တိံ၊ အနုလောမခန္တိကို။ လဒ္ဓါန၊ ရ၍။ တိဒိဝံ၊ တုသိတာနတ်ပြည်သို့။ ဂတော၊ လားကပ်ထုတ်ချောက် ရောက်ရသည်ဖြစ်၍။ မောဒတိ၊ မွေ့လျော်ရ၏။ ။ဤကားအနက်။

ဤသို့ ဟောကြားတော် မူပြီးသော အဆုံး၌ ရဟန်းတို့က တဖန် "ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ အနုမောဒနာတရား မည်သည် အားကြီးလှသည်မဟုတ်ပါ။ ထိုယောကျ်ားပြုခဲ့သောအကုသိုလ်ကောင်းမှုကံက များပြား လှပါသည်၊ ဤမျှလောက် တခဏ အနည်းငယ်သော တရားကိုကြားနာရသဖြင့် အဘယ်ကြောင့် တရားအထူးကို ဖြစ်စေနိုင်ပါသနည်း ဟု မေးလျှောက်ကြပြန်၏။ မြတ်စွာဘုရား ကိုယ်တော်မြတ်က

ချစ်သားရဟန်းတို့၊ ငါဘုရား ဟောကြားအပ်သော တရားတော်ကို အနည်းသည်ဟူ၍ရင်း၊ များသည်ဟူ၍ရင်း၊ အတိုင်းအရှည် ပမာဏကို မယူကြပေဘုန်လင့်။ တခွန်းသောစကား တလုံးသော အက္ခရာဖြစ်လင့် ကစား၊ အကျိုးစီးပွါး များသည်ကို မှီကုန်သည်ဖြစ်၍ မြတ်ကုန်သည် သာလျှင်တည်း-ဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကိုစပ်၍ တရားဘော်ကို ဟောကြားတော် မူလိုပြန်သောကြောင့်-

**သဟဿ မပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။**
**ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။ ။**

ဟူသော ဂါထာကို မိန့်တော်မူ၏၊

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။အနတ္ထပဒသံဟိတာ၊ တော့ဖွဲ့တောင့်ဖွဲ့ အကျိုးမဲ့ သောပုဒ်နှင့်စပ်သော။ဂါထာ စကားသည်၊သဟဿမပိ၊ ပုဒ်ပေါင်းတထောင် မြားမြောင်စွာ ရှိသည်မူလည်း။ စေ ဟောတိ၊အကယ်၍ ဖြစ်စေကာမူ။ ပါပိကာ၊ယုတ်မာစွာ၏။ယံ ပဒံ၊အကြင်ပုဒ်ကို။ သုတွာ၊ကြားနာရသည် ရှိသော်၊ ဥပသမ္မတိ၊ ရာဂစသော မီးတို့သည် ညီးညီး ပြောင်ပြောင် တောက်လောင်ခြင်းမှ ငြိမ်းအေး၏၊ တံ အတ္ထပဒံ၊ ရာဂငြိမ်းပြီး။ အကျိုး စီးပွါးနှင့်စပ်သော ထိုပုဒ်သည်။ ဧကမ္ပိ ပဒံ၊တခုသော ပုဒ်ပင်ဖြစ်စေကာမူ။ သေယျော၊ ကောင်းမွန်သင့်မြတ်၏၊ ။ဤကားအနက်။

မ္မေပဒသဟဿဝဂ်၌ ရှေးဦးစွာသော တမ္ဗဒါဌိက ခိုးသတ်ယောကျ်ား၏ ဝတ္ထုကား ဤတွင်ရွေ့ပြီး၏။

---

၈-သဟဿဝဂ်။ ၂-ဗာဟိယဒါရုစီရိယမထေရ်ဝတ္ထု။

**သဟဿမပိစေဂါထာ။** ။အစဖြာသော၊ ဤဂါထာပါဌ်၊ရခပါဌ်ကို၊ နှစ်ရပ်မိဘ၊သင်ပေးချသဖြင့်၊သဟဿဝဂ်ဒါ၊ ဆောင်ယူကာဖြင့်၊ ဒိပါကျွန်း ရပ်၊လှည့်ပတ် ဖွေရှာလျက်၊ ငါသာဘတ်မြောက်၊ ငါ၏ အောက်သာဟု၊ ရိမောက်တက်ကြွ၊ မာနတမ်းခွန်၊ အလွန်ထူရိက်၊ သစ္စက ပရိဗိုဇ်ကို၊

အထိုက်သင့်လျော်၊ ဆုံးမတော်မူဘတ်သော သတ္တဝါအလားကြောင့်၊ သတ္တဝါ မည်တော်မူသော ဘုရားသခင်သည်၊ ပြည့်ခွင်ဘုန်း၊ သာဝတ္ထိတောင်စွန်၊ ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်းစံရွှေ ယ်ဘော်မူရိုက်ကာလ၊ ဗာဟိယ ဒါရုစိရိယ အမည်ရသော မိပ္ပတိည၊ ထေရ်မဟာကို၊ ရည်ကာညွှန်းမှု၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူနဲ့ပေသတည်း။

## အကြောင်း အစဉ်ပွတ္တိအစဉ်ကား ဤသို့တည်း။

တရံသောအခါ၌ များစွာကုန်သောသူတို့သည် လှေဖြင့်မဟာသမုဒ္ဒရာ သို့ ကူသန်းသွားရောက် ကြကုန်သည် ရှိသော်၊ မဟာ သမုဒ္ဒရာ၏ အတွင်း၌ လှေကွဲပျက်သဖြင့် ငါး၊လိပ်၊မကာရ်းတို့၏ အစာဖြစ်ကုန်၏။ ထိုလူအပေါင်း တို့တွင် တယောက်သော ကုန်သည်သည် တခုသော ပျဉ်ချပ်ကိုဆွဲယူ၍ လှုံ့လကြီးစွာ အားထုတ်ကူးသွားသည် ရှိသော်၊ သုပ္ပါရကဆိပ်ကမ်းသို့ ဆိုက်ကပ်မိလေ၏။ ထိုကုန်သည်ယောကျ်ားအား ဝတ်ရုံအပ်သော အဝတ်အရုံသည် မရှိလေ တစုံတခုသော အဝတ်ကို ကြည့်ရှု ရှာဖွေသည်ရှိသော် မတွေ့မမြင်သောကြောင့်၊ ခြောက်သော ထင်းသစ်ကို လျှော်တို့ဖြင့် ရစ်ပတ် ချည်နှောင်၍ ဝတ်ရုံခြင်းကို ပြုပြီးသည့် ကာလ နတ်ကွန်းစဉ်မှ အိုးခြမ်းခွက်ငယ်ကို ကိုင်ယူလက်စွဲလျက် သုပ္ပါ ရကသဘောသဆိပ်ရွာသို့ သွားလေ၏။

လူအပေါင်းတို့သည် ထိုယောကျ်ားကိုမြင်၍ ယာဂုထမင်းစသည်တို့ကို ပေးကမ်း ချီးမြှင့်ပြီးလျှင်၊ ဤယောကျ်ားကား တပါးသောရဟန္တာ ဖြစ်ပေ လိမ့်မည်-ဟု ချီးမွမ်းပြောဆို ကြကုန်၏ ဝတ်ရုံအပ်သော အဝတ်တို့ကို ဆောင်ယူပေးကမ်းအပ်သည်ရှိသော် ငါသည်အကယ်၍ ဤအဝတ်တို့ကို ဝတ်သော်လည်း ဝတ်မိခဲ့အံ့ ရုံသော်လည်း ရုံမိခဲ့အံ့၊ ငါ့အား လာဘ် ပူဇော်သက္ကာရ ဆုတ်ယုတ်ပျက်စီးခြင်း ဖြစ်ပေလတ္တံ့-ဟု ကြံ၍။ ထိုအဝတ် တို့ကိုပယ်စွန့်ပြီးလျှင် သစ်သားသားနှင်းကိုသာလျှင် ဝတ်ရုံသုံးဆောင်၏။ ထိုအခါ များစွာသောသူတို့သည် ရဟန္တာပေတည်း-ဟု ပြောဆိုသခုတ် သောစကားကိုကြား၍ ထိုယောကျ်ားအား ဤသို့သော စိတ်အကြံသည် ဖြစ်၏၊ "လောက၌ ရဟန္တာဟူ၍ရှင်း အရဟတ္တမဂ်သို့ ရောက်ကုန်သည် ဟူ၍ရှင်း သခုတ်မေါ်ဆိုအပ်ကုန်သော အကြင်ပုဂ္ဂိုလ်တို့သည် ရှိကြ

ကုန်၏။ ထိုပုဂ္ဂိုလ်တို့တွင် ငါသည်လည်း တယောက်ယောက် ဖြစ်တန်ရာ၏''ဟု ကြံစည်အောက်မေ့မှတ်ထင်၍ နေလေ၏။

ရဟန်းခုနစ်ပါး၊

အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား သာ နာတော်သည် ကဖြည်းဖြည်း ဆုတ်နစ်ခဲ့သည်ရှိသော်၊ သာမဏေစသည်တို့၏ ဖေါက်ပြန်ပျက်စီးသော အမူအကျင့်ကိုမြင်၍၊ ခုနစ်ပါးကုန်သောရဟန်းတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကုန်ရကား၊ အကြင်မျှလောက်ကာလအတွင်း၌မြတ်စွာဘုရားသခင်၏သာသနာတော်သည် ပျောက်ကွယ်ခြင်းမဖြစ်သေး၊ ထိုမျှလောက်ကာလအတွင်း၌ ငါတို့သည် မိမိ၏ဘည်ရာဖြစ်သောတရားကို ကြိုးစားအားထုတ် ပြုလုပ်ကြကုန်အံ့ဟု တိုင်ပင်ညှိနှိုင်းတ်ပြီးသည့်ကာလ၊ဘုရားကိုယ်စား တည်ထားအပ်သော ရွှေစေတီကြီးကို အသီးသီးအဝဝဦးချညွှတ်လျှိုး ရှိခိုးပြီးလျှင် တောသို့ဝင်ကုန်သည်ရှိသော်၊တခုသောတောင်ကိုမြင်၍မိမိဇီဝိတ်ခြွေအသက်ပျက်ဘွက်မည်ကိုကြောင့်ကြ၍ အာလယ ရှိကြကုန်သော သူတို့သည် ဤနေရာ ဌာနကဆုတ်နစ်ပြန်လည်ကြကုန်လော။ မိမိဇီဝိတ်ခြွေအသက် ပျက်စီးအံ့သည်ကို မကြောင့်ကြ၊ အာလယ ကင်းသောသူတို့သည် ဤတောင်သို့ တက်ကုန်လော့-ဟု ပြောဆို၍၊လှေကားကိုချည့်ဖွဲ့ပြီးသော် အလုံးစုံခုနစ်ပါးကုန်သောရဟန်းတို့သည် ထိုတောင်သို့ ရှေးရှုတက်၍၊ လှေကားကို ပယ်ချက်ချပစ်လိုက်ပြီးလျှင်၊ ရဟန်းတရားကို အားထုတ်ကုန်၏။

ထိုခုနစ်ပါးကုန်သော မထေရ်တို့တွင် အကြီးအမှူးဖြစ်သော သံဃာထေရ်သည် တညဉ့်ကိုလွန်ကာမျှဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ရောက်လေ၏၊အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုသံဃာထေရ်သည် အနော တတ္တအိုင်၌ နာဂလတာ ဒန်ပူကိုခဲ၏။ ခံတွင်းကို ဆေးကြော ပြီးလျှင် ဥတ္တရကုရုကျွန်းမှဆွမ်းကို ဆောင်ယူ၍ ကြွင်းသော ခြောက်ပါးကုန်သော ရဟန်းဘို့ကို၊ငါ့ရှင်တို့၊အသင်တို့သည်ဤဒန်ပူကိုခဲ၍ ခံတွင်းကိုဆေးကြောပြီးသည့်ကာလ၊ ဤဆွမ်းကို ဘဉ်းပေး သုံးဆောင် ကြကုန်လော့-ဟု ပြောဆိုပေးလှူ၏။

ကြွင်းကုန်သော ရဟန်းတို့က အရှင်ဘုရား၊ အသို့ပေနည်း။ အကျွန်ုပ်တို့သည် ရှေးအဘို့ကာလက အကြွင်သူသည် ရှေးဦးစွာအရဟတ္တဖိုလ်သို့ရောက်၏၊ ထိုသူသည် ဆောင်ယူအပ်သော ဆွမ်းကို ကြွင်းကုန်သော သူတို့သည် သုံးဆောင်စားသောက်ကုန်အံ့ ဟု ဤကဲ့သို့သော ကတိကဝတ်ကို ပြုကြပါကုန်လော-ဟု မေးလျှောက်သဖြင့် ငါ့ရှင်တို့၊ ရှေးအဘို့က ဤသို့သော ကတိကဝတ်ကို မပြုရပေ-ဟု ပြောဆိုသည်ရှိသော်၊ ထိုသို့တပြီးကား တပည့်တော်တို့သည်လည်း အရှင်ဘုရားတို့ကဲ့သို့ တရားအထူးကိုဖြစ်စေကုန်ပြီးသောကာလ ကိုယ်တိုင်ယူဆောင်၍ သုံးဆောင်စားသောက်ကြတော့အံ့ ဟု ပြောဆို၍၊သံဃထေရ်သည်ပေးသူ့အပ်သော ဆွမ်းကို အလိုမရှိကြကုန်။

နှစ်ရက်မြောက်သော နေ့၌ နှစ်ယောက်မြောက် သံဃထေရ်သည် အနာဂါမိဖိုလ်သို့ ရောက်၏၊ အနာဂါမိဖြစ်ပြီးသော ထိုမထေရ်သည်လည်း ရှေးနည်းအတူသာလျှင် ဆွမ်းကိုယူဆောင်၍ ကြွင်းသောငါးပါးကုန်သော ရဟန်းတို့ကို ဘိတ်မန်ပေးလျှ၏၊ ထိုငါးပါးသော ရဟန်းတို့ ကလည်း အရှင်ဘုရား၊ အသို့ပေနည်း၊ အကျွန်ုပ်တို့သည် ရှေးအဘို့ကာလက မဟာထေရ်သည် ရှေးဦးစွာ ဆောင်ယူအပ်သော ဆွမ်းကို မစားမသုံးမူ၍ နောက်မှတဖန် အနုထေရ်သည် ဆောင်ယူအပ်သော ဆွမ်းကို စားသုံးကုန်အံ့-ဟု ဤကဲ့သို့သော ကတိကဝတ်ကို ပြုအပ်ပါကုန် သလော-ဟု မေးလျှောက်သဖြင့် ငါ့ရှင်တို့၊ဤသို့သော ကတိကဝတ်ကိုမူကား မပြုအပ်ပေဟု ပြောဆိုသောကာလ၊ ဤသို့သော ကတိကဝတ်ကို မပြုအပ်သည်ရှိသော်၊အရှင်ဘုရားတို့ကဲ့သို့ တရားအထူးကိုဖြစ်စေ၍ မိမိ၏ယောကျ်ားအဖြစ်တည်းဟူသော အစွမ်းသတ္တိအခြင်းအရာဖြင့် စားခြင်းငှါစွမ်းနိုင်သည်ရှိသော် စားသုံးကုန်အံ့-ဟု ဒုတိယမထေရ်သည် ဆောင်ယူလှူဒါန်းအပ်သော ဆွမ်းကိုလည်း အလိုမရှိကုန်။

ထိုခုနစ်ပါးကုန်သော မထေရ်တို့တွင် အရဟတ္တဖိုလ်သို့ရောက်သော မထေရ်သည် ပရိနိဗ္ဗာန်ပြုလေ၏။ အနာဂါမိ တည်သော မထေရ်သည် ဗြဟ္မာ့ပြည်၌ဖြစ်လေ၏။ ကြွင်းကျန်ကုန်သော ငါးပါးကုန်သော မထေရ်တို့သည် တရား အထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင် ကုန်သည့် ဖြစ်၍ ခြောက်တတ်ပြီးသောကာလ ခုနစ်ရက်မြောက်သောနေ့၌ သေလွန်ခြင်းကို

ပြုကုန်သည်ရှိသော်၊ နတ်ပြည်၌ဖြစ်၍ ဘုရားပွင့်တော်မူသော ဤယခု အခါ၌ ထိုနတ်ပြည်မှ ရွေ့လ ပြီးလျှင် ထိုထိုသို့သော အမျိုးတို့၏အိမ် တို့၌ ဖြစ်ကြကုန်၏။

## ရဟန်းတော် ငါးပါး။

ထိုမထေရ် ငါးပါးတို့တွင် တပါးသောမထေရ်သည် ပက္ကုသာတိမင်းကြီး ဖြစ်လာ၏။

တပါးသော မထေရ်သည် အရှင်ကုမာရကဿပ မထေရ် ဖြစ်လာ၏။

တပါးသော မထေရ်သည် ဗာဟိယဒါရုစိရိယ မထေရ် ဖြစ်လာ၏။

တပါးသော မထေရ်သည် အရှင်ဒဗ္ဗအမည်ရှိသော မလ္လာမင်းသား ရဟန်းဖြစ်လာ၏။

တပါးသောမထေရ်သည် သုဘိယပရိဗိုဇ် ဖြစ်လာ၏။

ထိုငါးပါးသော မထေရ်တို့တွင် အနာဂါမ်ဖြစ်၍ ဗြဟ္မာ့ပြည်သို့ လားလေသော ဘုရားသားတော် ရဟန်းချင်းဖြစ်၍ သားချင်းတော်စပ်သော အနာဂါမ် ဗြဟ္မာကြီးအား ဤသို့သော အကြံသည်ဖြစ်၏။

## အနာဂါမ်ဗြဟ္မာ။

ဤဗာဟိယဒါရုစိရိယသည် ရှေးအခါကာလ ကဿပမြတ်စွာဘုရား သာသနာဖြစ်ပေါ် တောက်ပစဉ်က ငါနှင့်အတူတကွ တက်ရဖြစ်သော စောင်းတန်းလှေကားကို ငယ်ဖွဲ့ချည်နှောင်၍ တောင်ထိပ်၏အထက်သို့ တက်ရောက်ပြီးလျှင် ရဟန်းတရားကို အားထုတ်ပြုလုပ်ခဲ့ဘူး၏၊ ဤယခု အခါဝယ် လောက၌ထင်ရှားကုန်သော ရဟန္တာ-ဟု သရုတ်အပ်ကုန် သော ရဟန္တာတို့တွင် ငါလည်း တယောက် ဖြစ်တန်ရာ၏-ဟု ဤ ကဲ့သို့သောအယူကိုယူပြီးလျှင် လှည့်လည်၍နေသည်ရှိသော် ပျက်စီးခြင်း ကြီးစွာ ပျက်စီးခဲ့ရာ၏။ ယခုအခါ ငါသည် ထိုဗာဟိယ ဒါရုစိရိယကို ထိတ်လန့်ခြင်း ဖြစ်စေအံ့''ဟု ကြံ၏။ထိုသို့ကြံပြီးသည်မှနောက်၌ ဗာဟိယ ဒါရုစိရိယသို့ ချဉ်းကပ်၍ အချင်း ဗာဟိယဒါရုစိရိယ၊ အသင်သည်

ရဟန္တာလည်းမဟုတ်၊ အရဟတ္တမဂ်သို့လည်းမရောက်၊ အကြင်သို့သော အကျင့်ဖြင့် အသင်သည် ရဟန္တာမူလည်း ဖြစ်ရာ၏။ အရဟတ္တ မဂ်သို့ သော်လည်း ရောက်ရာ၏။ထိုသို့သောအကျင့်သည်လည်း အသင့်အား မရှိ ဟု ပြော၏။

ဗာဟိယ ဒါရုစီရိယသည် ကောင်းကင်၌ ရပ်တည်လျက် စကားပြော ဆိုသော အနာဂါမ်ဖြဟ္မာကြီးကိုကြည့်ရှုလျက်သြော် အံ့ဘွယ်ရှိစွတကား။ ဝန်လေးသောအမှုကို ပြုမိလေစွတကား ငါသည် မိမိကိုယ်ကို ရဟန္တာ ဖြစ်ပေသည်-ဟု ကြံမိပေ၏။ ဤသူသည်လည်း ငါ့ကို 'အသင်သည် ရဟန္တာမဟုတ်သေး။ အရဟတ္တမဂ်သို့ မရောက်သေး"ဟူ၍ ပြောဆို လာ၏။လောက၌ တပါးသော ရဟန္တာမည်သည် ရှိသေးယောင်တကား ဟု ကြံ၏။

ကြံပြီးသည့်နောက်၌ ထိုအနာဂါမ်ဗြဟ္မာကြီးကို အို-အချင်းနတ်မင်း၊ ဤယခုအခါ လောက၌ ရဟန္တာသည်၎င်း၊ အရဟတ္တမဂ်သို့ရောက်သော ပုဂ္ဂိုလ်သည်၎င်း ရှိပါသေးသလော-ဟု မေးသဖြင့်၊အနာဂါမ်ဗြဟ္မာကြီးက ထိုဗာဟိယ ဒါရုစီရိယအား အချင်းဗာဟိယ ဒါရုစီရိယ၊ မြောက်မျက်နှာ ဖြစ်သောဇနပုဒ်၌ သာဝတ္ထိအမည်ရှိသောမြို့သည် ရှိ၏၊ထို သာဝတ္ထိ အမည်ရှိသောမြို့၌ ဥယျာဉ်ဘုရားငါးပါးတို့ကို သူတပါးမဆို အလိုလို ကိုယ်တော်တိုင်သာလျှင် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် အကြွင်းအကျန် မရှိ သိမြင်တော်မူတတ်သော လူ,နတ်,ဗြဟ္မာ' သတ္တဝါသေ၌နှင်း မင်း ဟူသမျှတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော "အရဟံ,သမ္မာ, ယသ,သိရိ,ကာမ,ပယတ္တ" တည်းဟူသော ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသခင်သည် ဤယခုအခါ၌များစွာသော သတ္တဝါတို့အား တရားတည်းဟူသော လမ်းကြောင်းဖြင့် ကောင်းစွာ ညွှန်ပြဆုံးမဟောကြားလျက် အထင်အရှား သီတင်းသုံးစံနေတော်မူ၏။

အချင်း ဗာဟိယ ဒါရုစီရိယ၊ ထိုမြတ်စွာဘုရားသည် ကိလေသာ အာသဝေါ တရားတို့ကို ပယ်ရှားသုတ်သင် ကုန်စင်ပြီးသော အားဖြင့် ရဟန္တာအစစ်လည်း ဖြစ်တော်မူ၏။သူတပါးတို့အား ကိလေသာတရား

တို့ကို ပယ်ရှားသတ်ပစ် ရဟန္တာဖြစ်စေခြင်း၌ တရားဒေသနာကိုလည်း ကောင်းစွာဟောကြား ပြသတော်မူပေသည်-ဟု ပြောကြား၏။

## မြတ်စွာဘုရားထံ သွားခြင်း။

ဗာဟိယ ဒါရုစိရိယသည် ညဉ့်အတွင်း၌ အနာဂါမ်ဖြဟ္မာကြီးပြောကြား သောစကားကိုကြား၍ တက်ကြွဘုန်လှုပ်သောစိတ်ရှိသဖြင့် ကြားသိအပ် သော ထိုခဏ၌ပင်လျှင် သုပ္ပါရကရွာမှထွက်ခဲ့၍ အလုံးစုံသော ညဉ့် သုံးယာမ်ဖြင့် သာဝတ္ထိပြည်သို့ သွားလေ၏၊ ယူဇနာနှစ်ရာရှိသော ခရီးကို တညဉ့်ချင်းဖြင့်သာလျှင် သွားရောက်လေ၏။

ယူဇနာနှစ်ရာ ဝေးကွာသော ထိုသာဝတ္ထိပြည်သို့ တညဉ့် ချင်းဖြင့် သွားရောက်နိုင်ခြင်းမှာ ဗြဟ္မာမင်း၏ အာနုဘော်ကြောင့် မှတ်ရာ၏။အချို့ကုန်သော ဆရာမြတ်တို့သည်ကား ဘုရားသခင်၏ အာနုဘော်တော်ကြောင့် ,သွားရောက်နိုင်သည်ဟု မိန့်ဆိုတော် မူကြကုန်၏။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌-

ဂစ္ဆန္တော စ ပန ဒေဝတာနု ဘာဝေန ဂတော၊
ဗုဒ္ဓါနုဘာဝေနာတိပိ ဝဒန္တိ ယောဝ။ ။

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ပန၊ အထူးကို ဆိုဦးအံ့၊ ဂစ္ဆန္တော စ၊ သွားသည် ရှိသော်လည်း။ ဒေဝတာနုဘာဝေန၊ ဗြဟ္မာမင်း၏ အာနုဘော်ဖြင့်။ ဝါ၊ ကြောင့်။ ဂတော၊သွား၏။ ဗုဒ္ဓါနုဘာဝေန၊ မြတ်စွာဘုရား အာနုဘော် တော်ဖြင့်၊ဝါ၊ကြောင့်။ ဂတော၊သွား၏။ဝါ၊ရောက်၏။ ဣတိပိ၊ဤသို့လည်း၊ အာစရိယာ၊ ဆရာမြတ်တို့သည်။ ဝဒန္တိ ယေဝ၊ ဆိုကြကုန်သည်သာ လျှင်တည်း။ ။ဤကားအနက်။

ထိုဗာဟိယဒါရုစိရိယသည် သာဝတ္ထိပြည်သို့ ရောက်သော ခဏ၌ မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည် မြို့တွင်းသို့ ဆွမ်းခံခြင်း၌ ကြွဝင်တော်မူ၏။ ထိုဗာဟိယ ဒါရုစိရိယသည် နံနက် ဆွမ်းဘုဉ်းပေး ပြီးသည်ဖြစ်၍ ကိုယ်၏ ပျင်းရိခြင်းမှ လွတ်စေခြင်း၌ လွင်တီးခေါင်၌

စကြာ ကြွသွားကုန်သော များစွာကုန်သော ရဟန်း အပေါင်း တို့ကို အရှင်တို့၊ ဤယခုအခါ၌ မြတ်စွာဘုရား သခင်သည် အဘယ်အရပ်မှာ ရှိပါသနည်း ဟု မေး၏၊ ရဟန်းတို့သည် မြတ်စွာဘုရားကား သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော် မူသည်ဟု ပြောဆိုကြပြီးမှ၊ ထိုဗာဟိယဒါရုစီရိယကို သင်သည် ဘယ်အရပ်မှ လာခဲ့ပေသနည်း ဟု မေးကြကုန်၏၊

သုပ္ပါရကရွာမှ လာခဲ့ပါသည်ဟု ပြောဆိုသည်ရှိသော်၊ ဘယ်အခါ၌ ထွက်၍လာခဲ့သနည်းဟု မေးပြန်သဖြင့် ယမန်နေ့ ညချမ်းအခါက ထွက်၍ လာခဲ့ပါသည် ဟု ပြောလျှင်၊ အသင်သည် ဝေးသော အရပ်မှ လာခဲ့ ရပေ၏။ဤနေရာ၌ ထိုင်ကုန်ဦးလော့။ခြေတို့ကိုဆေးကြော၍ ဆီဖြင့်လိမ်းကျံ ပြီးသောကာလ၊ အနည်းငယ် သက်သာရာကို ရစေဦးလော့၊ သာဝတ္ထိ ပြည်တွင်း၌ ဆွမ်းခံခြင်းကိစ္စ ပြီးဆုံး၍ ပြန်ကြွတော်မူလာသော ကာလ၌၊ မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ ရပါလတ္တံ့ ဟု ပြောဆိုကုန်၏။

**တခုဏမောဟနိမ်ချေတော်မူခြင်း။**

အရှင်ဘုရားတို့၊တပည့်တော်သည် မြတ်စွာဘုရား ကိုယ်တော်မြတ် ၏ရင်း၊ တပည့်တော်၏ရင်း၊ အသက်အန္တရာယ် ငြိတွယ် ကျရောက် သောသွန်ရမည်ကို မသိနိုင်ပါ။ တညဉ့်ချင်းဖြင့်သာလျှင် တရံတခုသော အရပ်၌ အနည်းငယ်မျှ ရပ်တန့်ခြင်း အနည်းငယ်မျှ ထိုင်နေခြင်း မရှိမူ၍ ယူဇနာနှစ်ရာရှိသော ခရီးသို့ လာခဲ့ရပါသည်၊ မြတ်စွာဘုရား သခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးပြီးသော ကာလမှ သက်သာရာကို ရပါစေတော့ အံ့ဟု ပြောဆိုပြီးသော်၊ အလွန်ပင်ပန်းသော သဘောရှိသျက်သာလျှင် သာဝတ္ထိမြို့တွင်းသို့ ဝင်သွား၍ မနှိုင်းမယှဉ်နိုင်သော ဘုရား အသရေ တော်ဖြင့် ဆွမ်းခံခြင်းငှါ လှည့်လည် ကြွသွားတော်မူသော မြတ်စွာဘုရား သခင်ကို တွေ့မြင်သောကာလ ဂေါတမနွယ်ဘွား ရှင်တော် ဘုရားကို ဖူးမြင်ရခြင်းသည် တပည့်တော်အား ကြာမြင့် လှချေပြီတကား ဟု ပြောဆိုမြည်တမ်းလျက် မြတ်စွာဘုရားသခင်ကို မြင်သော အရပ်မှစ၍ ညွတ်ကိုင်းသော ကိုယ်ရှိသည် ဖြစ်၍ သွားရောက်ပြီးသော် ခရီးအကြား၌ သာလျှင် ငါးပါးသော တည်ရာရှိသော ရှိခိုးခြင်းဖြင့် ရှိခိုးဦးချ၍ ဖမျက် တော်တို့၌ မြဲစွာကိုင်ပြီး၍-

"ဒေသေတု မေ ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု သုဂတော ဓမ္မံ၊ယံ မမဿ ဒီဃရတ္တံ ဟိတာယ သုခါယ"။

ဟူသော ပါဠိတို့ဖြင့် လျှောက်ကြား၏။

**အနက်ကား။** ။ဘန္တေ၊ ရွှေဘုန်းတော်ရောင်၊ ပြောင်ပြောင် တောက်ပ တော်မူလှပေသော၊ ဘဂဝါ၊ မြတ်စွာဘုရား၊ ယံ၊ သော ဓမ္မော၊ အကြင် တရားတော်သည်။ မမ၊ တပည့်တော်အား။ ဒီဃရတ္တံ၊ မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး၊ ဟိတာယ၊ စီးပွါးခြင်းငှါ၊ သုခါယ၊ ချမ်းသာခြင်းငှါ။ အဿ၊ ဖြစ်ရာ၏၊ မေ-မမ၊ ယူဇနာ နှစ်ရာ၊ ဝေးကွာ ဒေသ၊ ရပ်ဌာနမှ၊ လာရောက်ရသော တပည့်တော်အား။ တံ ဓမ္မံ၊ ထိုတရားတော် မြတ်ကို။ ဒေသေတု၊ ကရုဏာတရား၊ ရှေးရှုထားလျက် ဟောကြားတော်မူပါလော့။ သုဂတော၊ နိဗ္ဗာန်ရောက်ကြောင်း တရားကို။ ကျိုးကြောင်း ထောက်မြော်၊ ဆိုတော် မူပေတတ်သော မြတ်စွာဘုရား။ မေ-မမ၊ ယူဇနာ နှစ်ရာ၊ ဝေးကွာဒေသ၊ ရပ်ဌာနမှ၊ လာရောက်ရသော တပည့်တော်အား၊ တံ ဓမ္မံ၊ ထိုတရားတော်မြတ်ကို။ ဒေသေတု၊ ကရုဏာတရား၊ ရှေ့ရှုထားလျက် ဟောကြားတော်မူပါလော့။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ရွှေဘုန်းတော်ရောင် ပြောင်ပြောင်တောက်ပတော် မူလှပေသော မြတ်စွာဘုရား၊ ယူဇနာနှစ်ရာ ဝေးကွာဌာန ရင်ဒေသမှ လာရောက်ရသော တပည့်တော်အား တရားတော် မြတ်ကို ကရုဏာ တရား၊ ရှေးရှုထားလျက် ဟောကြားတော်မူပါလော့။ နိဗ္ဗာန်ရောက်ကြောင်း စကားကောင်းကို၊ ကျိုးကြောင်း ထောက်မြော်၊ ဆိုတော်မူတတ်သော မြတ်စွာဘုရား၊ ယူဇနာနှစ်ရာ ဝေးကွာဒေသ၊ ရပ်ဌာနမှ၊ လာရောက် ရသော တပည့်တော်အား တရားတော်မြတ်ကို ကရုဏာတရား၊ ရှေးရှု ထားလျက်၊ ဟောကြားတော်မူပါလော့။ မြတ်စွာဘုရား ဟောကြားတော် မူအပ်သော တရားတော်သည် တပည့်တော်အား မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး၊ စီးပွါးချမ်းသာ၊ များစွာတိုးပွါးခြင်းငှါ ဖြစ်ပါလတ္တံ့ဟု တောင်းပန် လျှောက်ထား၏။

ထိုအခါ မြတ်စွာဘုရား ကိုယ်တော်မြတ်က။ အချင်း ဗာဟိယဒါရု စီရိယ၊ ငါဘုရားသည် မြို့တွင်းသို့ ဆွမ်းခံကြွဝင်ဆဲသောအခါ ဖြစ်၍ အခါကာလ မဟုတ်သေးဟု ပယ်ရှားမိန့်ဆိုတော် မူသဖြင့် ဗာဟိယ-

ဒါရုစိရိယက။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ သံသရာ၌ လှည့်လည်ပြေးသွား၍ နေရသော သတ္တဝါတို့မည်သည်မှာ ကဗ္ဗိကာရ အဘဟာရကို မရဘူးသည်ဟူ၍ မရှိပါ၊ အရှင်ဘုရားတို့၏ရင်း၊ တပည့်တော်၏ရင်း၊ အသက် ဇီဝိတိန္ဒြေ၏ အန္တရာယ် ပြုတွယ် ကျရောက် ထွင်းဖေါက်ပျက်စီး သေလွန်ရမည်ကို မသိနိုင်ပါ၊ တရားတော်ကိုသာ ဟောကြားတော်မူပါလော့ ဟု တောင်းပန် လျှောက်ထား၏. မြတ်စွာ· ဘုရားသခင်သည် နှစ်ကြိမ်မြောက် လျှောက်ထားသည်ကိုလည်း ပယ်ရှားတော်မူသည်သာလျှင်တည်း။.

[ယင်းသို့ နှစ်ကြိမ်တိုင်တိုင် ပယ်ရှားတော်မူခြင်းမှာ မြတ်စွာဘုရားသခင်အား ဤသို့သော အကြံတော်သည် ဖြစ်ပေသတတ်၊ "ဤသူအား ငါဘုရားကို ဖူးမြင်ရသော ကာလမှစ၍ အလုံးရုံသော ကိုယ်ကို ပီတိဖြင့်မပြတ် အထပ်ထပ် ဖြစ်ပွါးလွှမ်းမိုး၍ နေ၏။ အားကြီးသော ပီတိအဟုန် ရှိသောကြောင့် တရားတော်ကို ကြားနာရသော်လည်း တရားတော်ကို ထိုးထွင်း၍ သိမြင်ခြင်းငှါ မစွမ်းနိုင်ပေ လတ္တံ့။ ထိုအားကြီးလှစွာသော ပီတိ အဟုန်ကို ပယ်ရှားသက်သာစေလျက်၊ လျစ်လျူရှုခြင်း ဥပေက္ခာ ဖြစ်စေဦးတော့။ တည့်ချင်းဖြင့်သာလျှင် ယူဇနာနှစ်ရာ ဝေးကွာသောရပ်ဌာနခရီးကို တဟုန်တည်း လာရောက်ရသည်၏အဖြစ်ကြောင့်၊ ပြင်းပြပူလောင်လျက် အလွန်လျှင် ပင်ပန်းခြင်း ရှိ၏။ ထိုပင်ပန်းပူလောင်ခြင်း သည်လည်း အနည်းငယ်မျှ ငြိမ်းချမ်း သက်သာမြဲရာကို ရစေဦးတော့" ဟု ဤသို့သော အကြံတော်သည်ဖြစ်၏။ ထိုကြောင့် နှစ်ကြိမ်တိုင်တိုင် ပယ်ရှားတော်မူသတည်း၊]

**ပဉ္စမသိက္ခာဒါပဒ၌ ရဟန္တာဖြစ်ခြင်း။**

ထိုနောက်တဖန် ထပ်မံ၍ သုံးကြိမ်မြောက် တောင်းပန် လျှောက်ထားပြန်၏၊ ထိုအခါမှ မြတ်စွာဘုရားသည် လမ်းခရီးအကြား၌ တန့်ရပ်တော်မူသက်သာလျှင်-

"တသ္မာ တိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗံ့ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတိ"။

ဤသို့စရှိသောနည်းဖြင့် တရားတော်ကို ဟောကြားတော်မူ၏။

ဗာဟိယဒါရုစီရိယသည် မြတ်စွာဘုရား ပေါ်ကြွားတော်မူအပ်သော တရားတော်ကို နာလျက်သာလျှင် အလုံးစုံသော အာသဝေါ တရားတို့ကို ကုန်ခန်း စေလျက် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက် လေ၏။

ထိုအရဟတ္တဖိုလ်သို့ ရောက်သော ခဏ၌သာလျှင် မြတ်စွာဘုရား သခင်ကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား အစဉ်သနားသဖြင့် ရဟန်း ပြုတော်မူပါဘုရား" ဟု ရဟန်း အဖြစ်ကို တောင်းပန် လျှောက်ကြားသဖြင့် အသင်အား သပိတ် သင်္ကန်း ပြည့်စုံ ပြီလောဟု မေးတော်မူသည် ရှိသော်၊ မပြည့်စုံသေးပါဟု လျှောက်ကြား သည့် ကာလ၊ မြတ်စွာဘုရား ကိုယ်တော်မြတ်က ထိုသို့တပြီးကား သပိတ် သင်္ကန်းကို ရှာမှီးချေဦးလော့ဟု မိန့်ဆိုတော်မူပြီး၍ ဖဲကြွတော်မူ၏။

[အသို့ပေနည်း၊ မြတ်စွာဘုရားသခင်သည် ဤကဲ့သို့ ရဟန်း ပြုပါမည့် အကြောင်းနှင့် တောင်းပန် လျှောက်ထား အပ်သည် ရှိသော်၊ "ဧဟိ ဘိက္ခု" ခေါ်တော်မူသည်ဖြစ်၍ ရဟန်းအဖြစ်ကို ပေးသနားတော်မူသည် မဟုတ်ဘုံသော။ ဤဗာဟိယဒါရုစီရိယကို သပိတ်,သင်္ကန်း အရှာအဖွေ စေခိုင်းပြီးသော ကာလ အဘယ် ကြောင့် ရဟန်းအဖြစ်ကို မပေးတော်မူပါသနည်း ဟူဘုံခဲ့အံ့၊

ရဟန်းပြုရပါမည့်အကြောင်း တောင်းပန် လျှောက်ကြားသော အခါ၌ "ဧဟိ ဘိက္ခု" ရဟန်း အဖြစ်ဖြင့် မြတ်စွာဘုရား ရဟန်း အဖြစ်ကို ပေးသနားတော် မူခြင်းမှာ တန်းဆိုးဖြင့်ပြီးသော သပိတ် သင်္ကန်းဖြစ်လတ္တံ့သော ကောင်းမှုအဆောက်အဦရှိသော သူအား သာလျှင် "ဧဟိ ဘိက္ခု" ခေါ်တော်မူလေသည်၊ ထိုဗာဟိယ- ဒါရုစီရိယကား အနှစ် နှစ်သောင်းတို့ ကာလပတ်လုံး ရဟန်း တရားကို အားထုတ်လျက် ရဟန်း မည်သည်ကား မိမိသည် ပစ္စည်း ပရိက္ခရာတို့ကို ရသည် ရှိသော်၊ တပါးသော သူကို ထောက်ကွက် တွယ်တာ ညာတာ ခွဲခြမ်း ပေးကမ်းခြင်းငှါ မသင့်။ မိမိသည်သာလျှင် သုံးဆောင်ခြင်းငှါ အင်သည် ဟု နှလုံးသွင်း

ပြီးသည့်ကာလ၊ တပါးသော ရဟန်းအားသော်လည်း သပိတ်ဖြင့်ရင်း၊ သင်္ကန်းဖြင့်ရင်း၊ ချီးမြှင့် ပေးကမ်းခြင်းကို မပြုစဘူး။ ထို့ကြောင့် ထိုဗာဟိယဒါရုစီရိယအား တန်းဆိုးဖြင့်ပြီးသော သပိတ်သင်္ကန်း မဖြစ်လတ္တံ့ဟု သိတော်မူ၍ "ဧဟိ ဘိက္ခု" အဖြစ်ဖြင့် ရဟန်းအဖြစ်ကို မပေးလေသတည်း။]

ထို့ကြောင့် ရင်းအဋ္ဌကထာ၌-

သော ကိရ ဝိသတိဝဿသဟဿာနိ သမဏဓမ္မံ ကရောန္တော "ဘိက္ခုနာမ အတ္တနာ ပစ္စယေ လဘိတွာ အညံ အနောလောကေတွာ သယမေဝ ပရိဘုဥ္ဇိတုံ ဝဋ္ဋတိ"တိ ဧကဘိက္ခုဿာပိ ပတ္တေန ဝါ စီဝရေန ဝါ သင်္ဂဟံ န အကာသိ။ တေနဿ ဣဒ္ဓိမယ ပတ္တစီဝရံ န ဥပ္ပဇ္ဇတီတိ ဉတွာ ဧဟိဘိက္ခု ဘာဝေန ပဗ္ဗဇ္ဇံ န အဒါသိ။

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။သော၊ ထိုဗာဟိယဒါရုစီရိယသည်။ ဝိသတိဝဿသဟဿာနိ၊ အနှစ် နှစ်သောင်းတို့ ကာလပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော ပြုလျက်။ ဝါ၊ ပြုသည်ရှိသော်၊ ဘိက္ခုနာမ၊ ရဟန်းမည်သည်ကား၊ အတ္တနာ၊ မိမိသည်၊ ပစ္စယေ၊ ပစ္စည်းဥစ္စာတို့ကို။ လဘိတွာ၊ ရ၍။ ဝါ၊ ရသည်ရှိသော်၊ အညံ၊ တပါးသောသူကို။ အနောလောကေတွာ၊ မငဲ့ညှာ မကြည့်ရှုမူ၍။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ပရိဘုဥ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိမနသိကရိတွာ၊ ဤသို့နှလုံးသွင်း၍။ ဧကဘိက္ခုဿာပိ၊ တပါးသောရဟန်းအားသည်း။ ပတ္တေန ဝါ၊ သပိတ်ဖြင့်ရင်း။ စီဝရေန ဝါ၊ သင်္ကန်းဖြင့်ရင်း။ သင်္ဂဟံ၊ သင်္ဂြိုဟ်ထောက်ပံ့ချီးမြှင့်ခြင်းကို န အကာသိ ကိရ၊ မပြုခဲ့ဘူးသတဲ့။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုဗာဟိယဒါရုစီရိယအား။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်းဆိုးဖြင့် ပြီးသော သပိတ်,သင်္ကန်းသည်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်ပေလတ္တံ့။ ဣတိ၊ ဤသို့။ ဉတွာ၊ သိတော်မူ၍။ ဝါ၊ သိတော်မူသောကြောင့်။ ဧဟိဘိက္ခုဘာဝေန၊ ဧဟိဘိက္ခုအဖြစ်ဖြင့်။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ န အဒါသိ၊ ပေးတော်မမူ။

## နွားမွေ့၍ ပရိနိဗ္ဗာန်စံခြင်း။

ထိုဗာဟိယဒါရုစီရိယသည်လည်း သံပိတ် သက်န်းကို ရှာမှီးလျက် လှည့်လည်စဉ်ပင်လျှင်၊ တစ်သက်သော ဘီလူးမသည် နွားမ၏အသွင်ဖြင့် လျင်မြန်စွာ ပြေးလိုက်လာခဲ့၍ လက်ဲပေါင်း၌ ဝှေ့ခတ် တိုက်ပြီးလျှင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

မြတ်စွာဘုရား သခင်သည် ဆွမ်းခံခြင်း၌ လှည့်လည်တော် မူ၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသဖြင့် များကုန်သော ရဟန်းတို့နှင့် အတူတကွ ထွက်ကြွတော်မူသည် ရှိသော်၊ တံမြက်ချေးပုံရာ ဖြစ်သော အရပ်၌ ကျနေသော ဗာဟိယဒါရုစီရိယ၏ ခန္ဓာကိုယ်ရုပ်အလောင်းကို တွေ့မြင်၍ ချစ်သားရဟန်းတို့၊ တစ်ခုသော အိမ်တံခါး၌ တည်သော ညောင်စောင်းကို ဆောင်ယူစေပြီးလျှင် ဤခန္ဓာကိုယ် ရုပ်အလောင်းကို မြို့မှထုတ်ဆောင်၍ မီးတိုက်သင်္ဂြိုဟ်ပြီးလျှင်၊ စေတီကို တည်ထား ပြုရကြကုန်လော့ ဟု ရဟန်းတို့ကို ခိုင်းစေတော်မူ၏။ ရဟန်းတို့လည်း ဘုရား အမိန့်တော် အတိုင်း ပြုကြကုန်၏။ ပြုရှုက်ဆောင်ပြီးသောကာလ ကျောင်းတော်သို့ ပြန်သွားကြပြီးလျှင် မြတ်စွာဘုရား သခင်သို့ ချဉ်းကပ်၍ မိမိတို့ပြုအပ် ခဲ့ပြီးသော ကိစ္စကို ကြားလျှောက်ပြီးသော်၊ ထိုဗာဟိယ ဒါရုစီရိယ၏ တမလွန်ဘဝ လားရာဂတိကို မေးလျှောက်ကြကုန်၏၊ ထိုအခါ မြတ်စွာ-ဘုရား သခင်သည် ရဟန်း အပေါင်းတို့အား ထိုဗာဟိယဒါရုစီရိယ၏ နိဗ္ဗာန်ယူသိမ်း ငြိမ်းပြီးသည်၏ အဖြစ်ကို မိန့်တော်မူပြီးသည့်ကာလ-

ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ခိပ္ပါဘိညာနံ ယဒိဒံ ဗာဟိယော ဒါရုစီရိယော။

ဟု ခိပ္ပါဘိညာအရာ၌ ဧတဒဂ် ထားတော်မူ၏။

**အနက်ကား။** ။ဘိက္ခဝေ၊ သံသရာဘေး၊ လာမည့် ရေးကို၊ တွေး-တော ကြောက်တတ်၊ သားတော်မြတ်ဖြစ်ကုန်သော ရဟန်းတို့။ မမ၊ ငါ-ဘုရားသခင်၏၊ သာဝကာနံ၊ တပည့်သာဝက ဖြစ်ကုန်သော၊ ဘိက္ခူနံ-ခိပ္ပါဘိညာနံ၊ အလျင်အမြန် ထိုးထွင်းသော အသိဉာဏ် ရှိကုန်သော ရဟန်းတို့တွင်။ ယဒိဒံ ယော၊ အကြင် ဗာဟိယော ဒါရုစီရိယော၊ အကြင်

ဗာဟိယဒါရုစိရိယသည်။ အဓိပ္ပါယ်ရှိ၏။ဇတ်-ဇသော ဗာဟိယဒါရုစိရိယော၊ ထိုဗာဟိယ ဒါရုစိရိယသည်၊ အဂ္ဂ-အဂ္ဂေါ၊ လွန်ကဲ ထူးမြတ်၏။ ။ ဤကားအနက်။

## သောတာပန်တည်ကြခြင်း။

ထိုနောက်ရဟန်းတို့က ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ "အရှင်ဘုရားတို့က ဗာဟိယ ဒါရုစိရိယသည် အရဟတ္တဖိုလ်သို့ ရောက်သည်ဟူ၍ မိန့်ဆိုတော်မူကြကုန်၏ အဘယ်အခါ၌ ထိုဗာဟိယ ဒါရုစိရိယသည် အရဟတ္တဖိုလ်သို့ ရောက်ပါသနည်း"ဟုမေးလျှောက်ကုန်သဖြင့်၊ "ချစ်သားရဟန်းတို့၊ငါဘုရား၏ တရားတော်ကို ကြားနာရသောကာလ၌အရဟတ္တဖိုလ်သို့ ရောက်လေသည်"ဟု မိန့်တော်မူသျှင် အရှင် ဘုရားတို့သည် အဘယ်အခါ၌ ထိုဗာဟိယဒါရုစိရိယအား တရားတော်ကိုဟောကြားပါသနည်း-ဟု မေးလျှောက်ကြပြန်သည်ရှိသော်၊ ချစ်သားရဟန်းတို့၊ဆွမ်းခံခြင်းအလို့ငှါလှည့်လည်ကြွသွားသော ငါဘုရားသည် လမ်းခရီးအကြား၌ တန့်နားရပ်တည်တော်မူသျက် ဟောကြားတော်မူအပ်သည်-ဟု မိန့်တော်မူ၏။ရဟန်းတို့ကလည်း ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် လမ်းခရီးအကြား၌ တန့်နားရပ်တည်၍ ဟောကြားတော်မူအပ်သော တရားတော်မြတ်သည်ကား အနည်းငယ်မျှသာဖြစ်ပါသည်၊အသို့ပေနည်း။ ထိုခဏကာလ အခိုက်အတန့်ဖြစ်သော အနည်းငယ်မျှသာဖြစ်သောတရားသည် အရဟတ္တဖိုလ်တည်းဟူသော တရားအထူးကိုဖြစ်စေနိုင်ပါသလော-ဟု မေးလျှောက် ကုန်ပြန်သဖြင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့၊ အဘယ့်ကြောင့်နည်း။ ငါဘုရား တရားတော်ကို နည်းသည် ဟူ၍၎င်း၊ များသည် ဟူ၍၎င်း ပမာဏကို ယူကြကုန်သလော၊ ချစ်သားရဟန်းတို့၊ငါဘုရားတရားကို အနည်းအများကို ပမာဏမထားကြကုန်ငှာပေလင့်။ အကျိုးစီးပွါးမဲ့ကုန်သော အထောင်မက များပြားကုန်သော ဂါထာတို့သည်လည်း မြတ်လှသည် မဟုတ်။ အကျိုးစီးပွါးနှင့်စပ်သော အကျိုးစီးပွါးကိုမှီသော တခုသော ဂါထာပါဒ၌ ပဒပင်သော်လည်း မြတ်လှသည် သာလျှင်တည်း ဟု မိန့်တော်မူပြီး၍၊ အနုသန္ဓေကို စပ်တော်မူ၍ တရားတော်ကို ဟောကြားတော် မူသို သောကြောင့်-

**သဟဿံ အပိ စေ ဂါထာ၊ အနတ္ထပဒသံဟိတာ။**

**ဧကံ ဂါထာပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။ ။**

ဟူသောဂါထာပါဠိကို မိန့်တော်မူ၏။

**အနက်ကား။** ။အနတ္ထပဒသံဟိတာ၊ ဘေးမဲ့တောင့်ဖွဲ့ အကျိုးမဲ့သောပုဒ်နှင့်စပ်သော။ဂါထာ.ဂါထာသည်။သဟဿံအပိ၊ အလွန်မြားမြောင်တထောင်မျှလောက်ရှိသည်မူလည်း။ စေဟောတိ၊အကယ်၍ဖြစ်စေကာမူ၊ ပါပိကာ၊လောကီ လောကုတ္တရာ နှစ်ဖြာကျိုးဆုတ် ယုတ်မာစွာ၏။ ယံ ဂါထာပဒံ၊အကြင်ဂါထာကို။ သုတွာ၊ကြားနာရသည်ဖြစ်၍။ ဝါ၊ကြားနာရသည်ရှိသော် ဝါ၊ ကြားနာရသောကြောင့်။ ဥပသမ္မတိ၊ ကိလေသာမီး။ ညီးညီးပြောင်ပြောင် တောက်လောင်ခြင်းမှ ငြိမ်းအေး၏ တံ ဂါထာပဒံ၊ ထိုဂါထာပုဒ်သည်။ ဧကံပိ၊ တဂါထာပင် ဖြစ်သော်လည်း။ သေယျော၊ လောကီ လောကုတ် အဟုတ်ပွါးစီး ကြီးကျယ်မွန်မြတ် လှပေ၏၊ ။ ဤကားအနက်။

မွေပဒသဟဿဝဂ်၌ နှစ်ခုမြောက်သော ဗာဟိယဒါရုစိရိယမထေရ်၏ ဝတ္ထုစကားစဉ်ကား

ဤတွင်ရွေ့ပြီး၏။

---

**၈-သဟဿဝဂ်။ ၃ ကုဏ္ဍလကေသီထေရီမဝတ္ထု။**

**ယောစဂါထာသတံဘာသေ။** ။အစရှိသော၊ ဤဒေသနာ၊ ပါဠိဂါထာကို၊ ငါးဖြာကာမဂုဏ်၊ အာရုံပြောထူ၊ နတ်နှင့်လူတို့ကို၊ ကယ်ယူဆုံးမ၍၊ထိုကာမချမ်းသာ၏ အပြစ်များစွာတို့ကို ကောင်းစွာဟော်ပြတော်မူအတ်သော၊သကာတ်ဝိသိ၊ ဂုဏ်ပင်တ်အလားကြောင့်၊သဗ္ဗညု မည်တော်မူသော မြတ်စွာဘုရား သခင်သည်၊ ဆယ်အင် ပြည့်။ ဂုဏ်ဘုံထူးရှိသော သာဝတ္ထိ. မြို့ကြီး၏တောင်စွန်၊ ဇေတဝန်ကျောင်းမြတ်၌၊ ချည်းကပ်ရှင်ပြီး၊ သီတင်း သုံးတော် မူခိုက်ခဏ၊ ကုဏ္ဍလကေသီ၊ ထေရီမ တပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း၊ အညွှန်းပွင့်နှင့်အစဉ်ကား ဤသို့တည်း။

### ပဌမပုံနှိပ်ဝတ္ထု။

ငါးလုံးတောင်ညို၊ ရံပတ်ခိုသော၊ ရာဇဂြိုဟ်ပြည်ကြီး၌၊ ပဌမည်းဥစ္စာ၊ ချမ်းသာကြွယ်ဝ၊ ပေါများလှသော၊ သူဌေးကြီး တယောက်အား တဆဲ့ခြောက်နှစ်ရွယ်၊ နူနယ်ပျိုမြစ်၊ ဆစ်ပြစ်ချောမွေ့၊ သိမ်မွေ့နူးညံ့၊ သန့်ပြန့်လှပ၊ ရူမဝလို၊ နှစ်မျိုးဘွယ် ရှိလှသော သမီးငယ်တယောက် ရှိ၏၊ ထိုသမီးငယ်၊ အရွယ်တွက်စစ်၊ တဆဲ့ခြောက်နှစ်လောက် ရှိသော အခါ ချစ်ခင်ဘွယ်ရာသော ယောကျ်ားတပါး၌ ဖေါက်ပြားသော စိတ်ရှိသဖြင့် တပ်မက်နှစ်သက် လျှပ်ပေါ်လော်လည်မည်ကို စိုးရိမ်ကြောင့်ကြ ပူပန်ခြင်းရှိကြသောကြောင့် အမိအဘ နှစ်ပါးတို့သည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အပြင် ကြက်သရေရှိသော တိုက်ခန်း၌ အလုပ်အကျွေးဖြစ်သော ကျွန်းမ တယောက်ကိုသာ ပေးလျက် သမီးငယ်ကို ထိန်းသိမ်းစောင့်ရှောက်လျက် ထားကြကုန်၏။

## ခိုးသူကိုအသပြာတထောင်ပေး၍ ကြိုက်ခြင်း။

ထိုအခါ တနေ့သ၌ ခိုးသူအမှုကို ပြုကျင့်သော တယောက်သော အမျိုးသားကို ဖမ်းယူပြီးလျှင် ကြိုးသက်ပြန်တို့ဖြင့် တုပ်နှောင်၍ လမ်းဆုံလမ်းမတိုင်း၌ကြိမ်တို့ဖြင့်ရိုက်နှက်ပုဘ်ခတ်ပြီးသောအခါ ခိုးသားကို သတ်ရာဖြစ်သော အရပ်သို့ ဆောင်ယူကြကုန်၏၊ သူဌေး သမီးသည် များစွာသောလူအပေါင်း၏ အသံကိုကြား၍၊ဤအသံသည်ကား အဘယ်သို့သောအသံ ဖြစ်ပါလိမ့်မည်နည်း ဟု ပြာသာဒ်အပြင်ထက်၌ဘည်သျက်လေသောက်ပြူတင်းကို ဖွင့်လှစ်၍ ကြည့်ရှုသည် ရှိသော်၊ တုပ်နှောင်၍ ထားအပ်သော ခိုးသူယောကျ်ားကိုမြင်သဖြင့် ချစ်ခင်နှောင်ဖွဲ့ တပ်မက်ညွတ်သောစိတ်ရှိသည်ဖြစ်၍ ဤလုလင်ယောကျ်ားကို ငါ့ခင်ပွန်းဖြစ်စေဟု တောင့်တမြဲတမ်း စွဲလမ်းပြီးသည့်ကာလ၊ အာဟာရကို ပယ်ချ စွန့်ပစ်၍ ညောင်စောင်း၌ အိပ်နေလေ၏။

ထိုအခါ မိခင်ဖြစ်သောသူဌေးကတော်သည် ထိုကဲ့သို့အစာအာဟာရ မစားသောက်သည်ကိုသိ၍ လျှင်မြန်စွာ ချဉ်းကပ်လာရောက် ပြီးလျှင်၊

ချစ်သမီး၊ အကြောင်းအဘယ်သို့ ရှိပေသနည်း ဟု မေးမြန်းစိစစ်သည့် ကာလ သူဌေးသမီးက-

"သစေ တံ စောရဃာတိ ဂဟေတွာ နိယျမာနံ ပုရိသံ လဘိ- ဿာမိ၊ ဇီဝိဿာမိ။ နောစေ လဘိဿာမိ၊ ဇီဝိတံ မေ နတ္ထိ။ ဣဓ မေဝ မရိဿာမိ။"

ဟူသောဂါထာပါဠိဖြင့် ပြန်ကြားပြောဆို၏။

**အနက်ကား**။ ။အမွ ငယ်ကလေးက မွေးကျွေးပြုဖြင် ကျေးဇူးရှင် ဖြစ်ပေသော အိုမိခင်။ စောရဃာတိ၊ ခိုးသူဟူ၍။ ဂဟေတွာ၊ တုပ်နှောင် ဘမ်းယူ၍၊ နိယျမာနံ၊ ကြိမ်ဖြင့်ရိုက်ပုတ် ထုတ်ဆောင်၍ သွားပေသော။ တံပုရိသံ၊အဆင်းအရွယ် နုနယ်လှပ လှပေသောထိုသူလင် ယောကျ်ားကို။ အဟံ၊ မိခင်၏သမီး ဖြစ်သော ကျွန်တော်မသည်။ သစေလဘိဿာမိ၊ အကယ်စင်စစ် ရသည် ဖြစ်ခဲ့ပါအံ့၊ ဝေံသတိ၊ ဤသို့ ရသည်ရှိသော်။ ဇီဝိဿာမိ၊အသက်ရှည်ရှည် နေရပါဘောအံ့။နောစေလဘိဿာမိ၊အကယ် စင်စစ် မရသည်ဖြစ်ခဲ့ပါတုံအံ့။ ဝေံသတိ၊ဤသို့ မရခဲ့သည်ရှိသော်၊ မေ မမ၊မိခင်၏သမီးဖြစ်သော ကျွန်ဘော်မအား၊ ဇီဝိတံ၊ ဇီဝိတ်ခြေသည်။ နတ္ထိ၊ရှိတော့မည်မဟုတ်ပါ။ ဣဓမေဝ၊ဤအိပ်ရာညောင်စောင်း၌သာလျှင်။ မရိဿာမိ၊ရတော့ပြောင်းကြွ သေလွန်ရပါလတ္တံ့။ ။ဤကားအနက်။

အဓိပ္ပါယ်ကား၊ ။ငယ်ကလေးက မွေး ကျွေးပြုဖြင် ကျေးဇူးရှင်ဖြစ် ပေသော အိုမိခင်-ခိုးသူဟူ၍ဘုပ်နှောင်ဘမ်းယူသည့်ကာလ ထုဘ်ဆောင် ၍သွားသော အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ လှပလှစွာသော ထို လုလင်ယောကျ်ားကို မိခင်၏သမီးဖြစ်သော ကျွန်ဘော်မသည် အကယ် စင်စစ် ရသည်ဖြစ်ခဲ့ပါအံ့၊ အသက်ရှည်ရှည် တည်နေရပါလိမ့်ဦးမည်။ ထို လုလင်ယောကျ်ားကို အကယ်၍ မရငြားလို့ဆိုမှဖြင့် မိခင်၏သမီးဖြစ်သော ကျွန်တော်မအား အသက်၊ ရှည်တော့မည် မဟုဘ်ပါ။ ဤအိပ်ရာညောင် စောင်း၌သာလျှင် ဘပြောင်းခွေခွေ သေလွန်ပြောင်းကြွ၍ သွားရပါလတ္တံ့ ဟု ပြောကြား၏။ ထိုသို့ ပြောကြားသောစကားကို မိခင်ဖြစ်သောသူဌေး ကတော်သည် ကြား၍-

အမ္ဗမာ ဖဝံ ကရိ၊အမှာကံ ဓေဝ်ယာစ ဝေဘာဂေနစ သဒ္ဓိံ
ဧကံ အညံ့ သမာနဓာဇကံ လဘိဿသိ။ ။

ဟူသောပါဠိဖြင့် တားမြစ်တောင်းပန်၏။

**အနက်ကား**။ ။အမ္ဗ၊ချစ်သမီး။ ဖဝံ၊မထင်မရှား ခိုးသူ ယောက်ျား၌ မေတ္တာတရားဖြင့် ဤသို့ဖြစ်၍ပါး ချစ်ခင်ခြင်းကို။ တွံ၊သင်ချစ်သမီးသည်။ မာကရိ၊ မပြုပါလေလင့်။ အမှာကံ၊ငါတို့အား ဝါ ငါတို့၏၊ ဓေဝ်ယာစ၊ ဓေတ်အားဖြင့်ရင်း။ ဘော ဂေနစ၊ စည်းစိမ်ချမ်းသာအားဖြင့်ရင်း။ သဒ္ဓိံ၊ တူမျှသော၊ သမာနဓာဇကံ၊ တူမျှသော ဓေတ်အမျိုးရှိသော၊ အညံ၊ တပါးသော။ ဧကံပုရိသံ၊ တယောက်သော ယောက်ျားကို၊ တွံ၊သင်ချစ်သမီးသည်။လဘိဿသိ၊ ရပါလတ္တံ့။ ၊ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ချစ်သမီး၊ ဤမထင်ရှားသော ခိုးသူယောက်ျား၌ မေတ္တာတရား ပွါးများချစ်ခင်ခြင်းကို ချစ်သမီးသည်မပြုပါလင့်၊ ငါတို့အား ဇာတ်အားဖြင့်ရင်း၊ စည်းစိမ်အားဖြင့်ရင်း တူမျှသော အမျိုးဇာတ်ရှိသော တယောက်သောယောက်ျားကို အသင်ချစ်သမီးသည် ရပါလိမ့်မည် ဟု ပြောဆိုတားမြစ် တောင်းပန်လျှင် မိခင်၊ ကျွန်တော်မအား တပါးသော ယောက်ျားဖြင့် အလိုဆန္ဒ ကိစ္စတရံတခုမျှ မရှိပါ။ ခိုးသူဟူ၍ ဖမ်းယူ တုပ်နှောင်၍သွားအပ်သော ဤလုလင်ယောက်ျားကို အကယ်၍မရခဲ့သည် ရှိသော်၊ကျွန်တော်မသည် သေရပါတော့မည်ဟု ပြောကြား၏၊ မိခင် ဖြစ်သောသူဌေးကတော်သည် မိမိသမီးကို တားမြစ်ပြောဆို ဖြားယောင်း ဖြောင်းဖြပါသော်သည်း သိကြားလိမ်မာ သက်သာရာကို နေစေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍၊ဘခင်ဖြစ်သောသူဌေးကြီးအားအကြောင်းမျိုး အလုံးစုံ တို့ကို အကုန်ပြန်ကြားဖေ၏။ ဘခင်ဖြစ်သောသူဌေးကြီးလည်း သမီး၏ အထံသို့ချဉ်းကပ်၍အထပ်ထပ်အဖန်ဖန်တောင်းပန်တားမြစ်ပါသော်လည်း သိကြားလိမ်မာ သက်သာရာကို ရစိမ့်သောငှါ မစွမ်းနိုင်သောကြောင့်။ ငါသည် အဘယ်သို့ပြုလုပ် ပါမည်နည်းဟု ကြံပြီးသော်၊ခိုးသူကို ဖမ်းယူ ချည်နှောင်၍သွားသော မင်းချင်းယောက်ျားအပေါင်းတို့အား အသင်တို့ သည် ဤအသပြာတို့ကိုယူပြီးသည့်ကာလ၊ ဤခိုးသူကို အသက်သေဘေးမှ ချမ်းသာပေးပြီးသောအခါ ငါ၏အထံသို့ ပေးဖို့လိုက်ပါလေဟု တထောင်သော အသပြာထုပ်ကို ဖို့လိုက်၏။

မင်းချင်းယောက်ျား မှားလည်း ကောင်းပြီဟုဝန်ခံလျက် သူဌေးကြီးကစေလွှတ်လိုက်သော တံစိုးလက်ဆောင် တထောင်သောအသပြာကိုယူ၍ ထိုခိုးသူကိုလွှတ်ပြီးသည့်ကာလ သူဌေးကြီး၏အထံသို့ဖို့လိုက်ပြီးလျှင် တပါးတယောက်သော သူကိုသတ်၍ ခိုးသူကိုသတ်အပ်ပြီဟု မင်းကြီးအား ကြားလျှောက် နှစ်သက်စေ၏။ သူဌေးကြီး သည်လည်း ရောက်လာသော ခိုးသူယောက်ျား လုလင်ငယ်အား မိမိ၏သမီးငယ်ကို ပေးအပ်ဆောင်နှင်း ထိမ်းမြားထား၏။ သူဌေးသမီးသည်လည်း ထိုအခါကာလမှစ၍ ငါ၏အရှင် ခင်ပွန်းလင်ကို ချစ်ခင်နှစ်သက် ရုံမက်မြတ်နိုးခြင်းကိုဖြစ်စေအံ့ဟု ကြံ၍ အလုံးစုံသော အဝတ်တန်းဆာတို့ကို ဆင်ယင်ဝတ်စားပြီးသော်၊ မိမိကိုယ်တိုင်သာလျှင်ထိုအရှင်ခင်ပွန်း လင်ယောက်ျား၏ စားသုံးရန်ဖြစ်သော ယာဂုထမင်းဟင်း အစရှိသည့်တို့ကို စီမံချက်ပြုတ်ပြုရလုပ်ကျွေးပေ၏။

## ခိုးသူ၏အကြံ။

နှစ်ရက်သုံးရက်ကိုလွန်သဖြင့် ခိုးသူက ကြံဆင်ခြင်သည်မှာ အဘယ်အခါကာလ၌ ငါသည် ဤသူဌေးသမီးကို သတ်ပြီးလျှင် ထိုသူဌေးသမီးဝတ်ဆင်သော တန်းဆာတို့ကို ယူပြီးသည့်ကာလ တခုသော သူရာတင်းကုပ်၌ ရောင်းချဖလှယ်၍ ဝယ်ယူစားသောက်ခြင်းငှါ ရပါအံ့နည်းဟုကြံ၏၊ ကြံပြီး၍ကား ထိုခိုးသူသည် တခုသောအကြောင်းသည် ရှိ၏ဟု အကြံရသဖြင့် အစာအာဟာရကို ပယ်ချဖွဲ့ပစ် မစားမသောက် မူ၍ ညောင်စောင်း၌ အိပ်နေ၏။

## သူခိုး၏သတ်ရန်အကြံ။

ထိုအခါ သူဌေးသမီးသည် ငါ့မိအရှင်ခင်ပွန်းလင်ဖြစ်သော ထိုခိုးသူယောက်ျားအထံသို့ချဉ်းကပ်၍ အရှင်ချစ်လင်၊အသင်အား အကြောင်းအသို့ရှိလေသနည်း။ တိုးတက်ကျင်နာ နှိပ်စက်လာသော တစုံတခုသော ရောဂါပင်ရှိသလော-ဟု မေး၏။ချစ်နှမ၊ငါ့အား တစုံတခုသော ရောဂါကျင်နာနှိပ်စက်ခြင်း မရှိပေ-ဟု ပြောဆိုသည်ရှိသော်၊ အမောင်ချစ်လင်၊ ဤသို့တစုံတခုသောရောဂါ ကျင်နာနှိပ်စက်ခြင်းမရှိခဲ့သော်၊ ကျွန်တော်မ၏ မိခင်ဘခင်တို့က အရှင့်အား အမျက်ထွက်ကြသောကြောင့် အစာမယူ

လျစ်လျူဥပေက္ခာ မသက်သာမချမ်းသာဘဲ ရှိပါသလော-ဟုမေးပြန်သဖြင့် ချစ်နှမ၊အသင်၏ မိခင်ဘခင်နှစ်ပါးတို့ကလည်း ငါ့အားအချက်ဘွက်ခြင်း မရှိပေ-ဟု ပြန်ပြောသည်ရှိသော်၊ အမောင်ချစ်လင်၊ ထိုသို့မေးမြန်းအပ် သောအကြောင်းတို့တွင် တရံဘရမျှ မဟုတ်ခဲ့သည်ရှိသော်၊ အဘယ် မည်သောအကြောင်းကြောင့် မကောင်းစိတ်မှာ မချမ်းသာဘဲရှိပါသနည်း ဟု မေးသဖြင့်၊ချစ်နှမ၊ ငါ့ကိုနှောင်ဖွဲ့ ထုတ်ဆောင်သောအခါ၊ ငါသည် ထိုနေ့၌ ခိုးသူတို့ကိုချသတ်သောတောင်ဝှမ်းဝယ် စောင့်ရှောက်သိမ်းဆည်း သောနတ်အား ပူဇော်ခြင်းအမှုကို ပြုပါမည် ဟု ဝန်ခံမိသည်။ ထိုသို့ ဝန်ခံခြင်းဟူသော အကြောင်းကြောင့်လည်း ဇီဝိတ်ခြွေအသက်ကို မပျက် ကွက်မူ၍ ရပေသည်။ အသင် ချစ်နှမကိုလည်း ထိုနတ်မင်း မစသော အာနုဘော်တော်ကြောင့်သာလျှင် ရအပ်ပေသည်။ အသင်ချစ်နှမ၊ ထို နတ်မင်းအား ပူဇော်ခြင်းအမှုကို ဖြစ်စေအံ့-ဟု ကြံမိပေသည်။ ထိုသို့ ကြံစည်မိသောအရာသည် မပြည့်စုံသေးသောကြောင့် မိမိ၏စိတ်၌ မချမ်း မသာ ရှိရသေသည် ဟု ပြန်ပြော၏။

သူဌေးသမီးကလည်း အမောင်ချစ်လင်၊ ဤသို့သော အကြောင်းကို ကြံစည်စိုးရိမ်ပြီးသောကာ နှလုံးမသက်သာ မချမ်းသာသည်ကိုမပြုပါလင့်။ နတ်အားပူဇော်ခြင်းအမှုကို အဘယ်ဝတ္ထုဖြင့် အလိုရှိသည်-ဟု မိန့်ဆို တော်မူပါလော့။ ကျွန်တော်မသည် မရရအောင် ကြံဆောင် ရှာဖွေ၍ ပေးပါမည်ဟုပြော၏။

ချစ်နှမ၊ရေမရောသော နို့အဖျော်ထမင်းဖြင့်၎င်း၊ ပေါက်ပေါက်လျှင် ငါးခုမြောက်သော ကြက်ရိုးပန်းတို့ဖြင့်၎င်း၊ အလိုရှိသည်ဟု ပြောလျှင်။ ချစ်လင်၊ကောင်းပါပြီ။ ကျွန်တော်မသည် ပြုရစီမံအံ့-ဟု ဝန်ခံပြီးလျှင်။ သူဌေးသမီးသည် နတ်အား ပူဇော်ဘွယ်ဖြစ်သော ပစ္စည်းဝတ္ထုအလုံးစုံ တို့ကို အကုန်ပြုပြင်စီရင်ပြီးသည့် ကာလ၊ အမောင်ချစ်လင်၊ လာလှည့်။ နတ်အားပူဇော်ခြင်းငှါ သွားကြကုန်အံ့-ဟု ဆို၏။

ချစ်နှမ၊ထိုသို့တပြီးကားအသင်၏ဆွေမျိုးဉာတိတို့ကိုဆုတ်နစ်ပြန်လည် စေ၍ အသင်၏အလုပ်အကျွေး ကျွန်းမတို့နှင့် အတူတကွ သွားကြကုန်အံ့၊ အသင်၏ကိုယ်ကို အဘိုးများထိုက်သော အဝတ်တန်းဆာတို့ကို ယူပြီး

သည့်ကာလ တန်ဆာ ဆင်လေသော့၊ ငါတို့သည် နှစ်ယောက် ရှင်ပြု ချမ်းသာစွာ ကစားမြူးထူးလျက် သွားကြကုန်အံ့ ဟု ပြော၏၊ သူဌေးသမီး သည်သည်း မိမိ၏အရှင် ခင်ပွန်းလင်ပြောဆိုတိုင်းပင် ပြု၏၊

ထိုနောက် တောင်ခြေရင်းသို့ ကျရောက်သောအခါ သူဌေးသမီးကို ချစ်နှမ၊ ဤတောင်ခြေရင်းမှ အထက်သို့ ငါတို့နှစ်ယောက်တည်းသာလျှင် တက်သွားကြ ကုန်အံ့၊ ကြွင်းသော လူတို့ကို ဆုတ်နစ် ပြန်လည်စေ၍ ပူဇော်တို့ရာဖြစ်သောခွက်ကို အသင်ချစ်နှမကိုယ်တိုင် ပင့်မြှောက်ချီငင်၍ ယူခဲ့ပါလော့-ဟု ပြော၏၊ သူဌေးသမီးသည် ထိုသို့ပြောဆိုတိုင်းပင်ပြု၏၊ ခိုးသူသည် သူဌေးသမီးကို လှည့်ပတ်ခေါ်ဆောင်ပြီးသောအခါ စောရပပါတတောင်ထက်သို့ တက်နှင့်၏။

စောရပပါတတောင်ဟူသည်ကား၊ ထိုတောင်၏ တဘက်သော နံပါးဖြင့် လူတို့သည်တက်ကြ၏။ တဘက်သောနံပါး၌ ခိုးသားတို့ကို ချသတ်သော ကမ်းပါးပြတ်ရှိ၏။ ထိုတောင်ထိပ်၌ တည်သဖြင့် ထိုတဘက်သော နံပါးဖြင့်သာလျှင် ခိုးသူတို့ကိုကျစေကုန်၏၊ ထို ကမ်းပါးပြတ်၌ ချအပ်သော ခိုးသူတို့သည် အပိုင်းပိုင်း ဖြစ်၍ မြေကြီး၌ ကျကုန်၏ ထို့ကြောင့် ၎င်းတောင်ကိုစောရပပါတတောင် ဟူ၍ ခေါ်ဆိုသမုတ်အပ်၏။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌-

တဿ ဟိ ဧကေန ပဿေန မနုဿာ ဘိရုဟန္တိ။ ဧကံ ပဿံ ဆိန္နပပါတံ၊ တတ္ထ ပဗ္ဗတမတ္ထကေ ဌိတာ ဧကေန ပဿေန စောရေ ပါတေန္တိ။ တေ ခဏ္ဍာခဏ္ဍံ ဟုတွာ ဘူမိယံ ပတန္တိ။ တသ္မာ စောရ ပပါတောတိ ဝုစ္စတိ။ ။

ဟု မိန့်တော်မူ၏၊

**အနက်ကား။** ။ဟိ ယသ္မာ၊ အကြင်ကြောင့်။ တဿ ပဗ္ဗ တဿ၊ ထိုတောင်၏။ ဧကေနပဿေန၊ နံပါးတဘက်ဖြင့်။ မနုဿာ၊ လူတို့သည်၊ အဘိရုဟန္တိ၊ တက်ကြကုန်၏။ ဧကံပဿံ၊ နံပါး တဘက်သည်။ ဆိန္နပပါတံ၊ ကမ်းပါးပြတ်သည်၊ ဟောတိ၊၏။

တဏ္ဍပဒ္ဓတမဏ္ဍကော၊ ထိုတောင်ထိပ်ထက်၌၊ ဌိတာ၊ ရပ်တည်ဘုန်
လျက် တေနပသေန၊ ကမ်းပါးပြတ်ဖြစ်သောထိုနံပါးဖြင့်၊ စောရေ၊
ခိုးသူတို့ကို။ ပ်တေန္တိ၊ ကျစေကုန်၏။ တော၊ ထိုကျသွားသောခိုးသူ
တို့သည်။ ခဏ္ဍာခဏ္ဍာ၊ အပိုင်းပိုင်း အတုံးတုံး၊ ဟုတွာ၊ ဖြစ်ဘုန်၍။
ဘူမိယံ၊ မြေ၌၊ ပ်ဘန္တိ၊ ကျကုန်၏၊ တသ္မာ၊ ထိုကြောင့်။ သောပဗ္ဗ
တော၊ ထိုဘောင်ကို။ စောရပပါတောတိ၊ စောရပပါတ ဟူ၍။
ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤကားအနက်။

## သူဌေးသမီးတောင်းပန်ချက်။

သူဌေးသမီးသည် ခိုးသားတို့ချသတ်ရာဖြစ်သော တောင်ထိပ်ထက်၌ တန့်ရပ်ရှိ၍ အမောင်ချစ်လင်၊ အသင်သည် အလိုရှိဘိုင်း နတ်မင်းအား ပူဇော်ခြင်းအမှုကို ပြုပါလော့-ဟု ပြောဆို၏။ ခိုးသူ ယောကျ်ားသည် စကားမပြော ဆိတ်ဆိတ်သာလျှင် နေ၏။တဖန် သူဌေးသမီးက အမောင်ချစ်လင်၊အဘယ်ကြောင့် ဆိတ်ဆိတ်နေပါသနည်းဟု မေးသည်ရှိသော်၊ ချစ်နှမ၊ငါအား နတ်ကိုပူဇော်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ငါသည် နတ်ကိုပူဇော်လိုသောကြောင့်မဟုတ်၊ အသင့်အား လှည့်ပတ်ဖြားယောင်း ဖြောင်းဖြ မရရအောင်ခေါ်ဆောင်ယူငင်၍ လာခဲ့ပေသည်ဟုပြောဆိုသည် ရှိသော်-

အမောင်ချစ်လင်၊ကျွန်တော်မအားအဘယ်သို့သောအကြောင်းကြောင့် လိမ်လည်လှည့်ပတ် ခေါ်ဆောင်ခဲ့ပါသနည်းဟု မေးပြန်သဖြင့်၊ ချစ်နှမ၊ အသင့်ကိုသတ်ပြီးသည့်ကာလ အသင်ဝတ်ဆင်သော အဝတ်တန်းဆာ ပစ္စည်းဥစ္စာတို့ကို ယူငင်ပြီးလျှင် တွက်ပြေးခြင်းငှါ အလိုရှိ၏။ ထိုကြောင့် အသင့်အား လှည့်ပတ်ခေါ်ဆောင် ခဲ့ပေသည်ဟုပြောသျှင်-

သူဌေးသမီးသည် သေအံ့သောဘေးဖြင့်တွေးတောခြိမ်းချောက်လွှန်စွာ ကြောက်သည်ဖြစ်၍ အမောင်ချစ်လင်၊အရှင်သည် အဘယ်သို့သောစကား ကိုပြောကြားမိန့်ဆိုတော်မူဘိသနည်း ကျွန်ဘော်မသည်ရင်း၊ဝတ်ဆင်အပ် သောအဝတ်ဘန်းဆာပစ္စည်းဥစ္စာတို့သည်ရင်းအရှင်ချစ်လင်၏ပစ္စည်းဥစ္စာ ချည်းသာ မဟုတ်ဘုံလော၊ အမောင်ချစ်လင်၊ ဤကဲ့သို့ မပြုပါလင့်-ဟု

အဖေန်တလဲလဲ တောင်းပန် အပ်သော်လည်း အသင်သည် ငါ့အား မတောင်းပန်လင့်။ အသင့်အား သတ်တော့မည်ဟူသော ပြောသည့်ကာလ-

အမောင်ချစ်လင်၊ ဤကဲ့သို့တားမြစ်လို့မှ မရမှု၍ ထွက်ပြေးလိုခဲ့သည် ဖြစ်သော်၊ ကျွန်တော်မ သေလွန်သဖြင့် အရှင်အား အဘယ်အကျိုး ရှိပါ အံ့နည်း၊ အဝတ်တန်းဆာ ပစ္စည်းဥစ္စာ အလုံးစုံတို့ကို အကုန်သိမ်းယူ၍ ကျွန်တော်မအား ဇီဝိတ်ဗြွေအသက်ကို ပေးသနားတော်မူပါလော။ ဤနေ့ ကာလ ဤအခါမှစ၍ ကျွန်တော်မကို အိမ်၌ခိုင်းစေအပ်သော ကျွန်မဟူ၍ မှတ်တော်မူပါ၊ ကျွန်တော်မသည် အိမ်ကျွန်မကဲ့သို့ အရှင်ချစ်လင်၏ မှု ကိစ္စ ပြုလုပ်ဘွယ် ဟူသမျှတို့ကို ပြုလုပ်ရွက်ဆောင်ပါမည်ဟု အတည် တည်သောအကြောင်းတို့ဖြင့် တောင်းပန်လိုသည် ဖြစ်သောကြောင့်-

ဣမေ သုဝဏ္ဏ ကာယုရာ၊ သဗ္ဗေ ဝေဠုရိယာ မယာ။
သဗ္ဗံ ဂဏှာဟိ ဘဒ္ဒန္တေ၊ မမံ့ ဒါသီတိ သာဝယ။ ။

ဟူသော ဂါထာကို ရွတ်၏။

**အနက်ကား။** ။ဘဒ္ဒန္တေ၊ အသက် သေတေးမှ၊ ချွေးကာ ယူဝင် ရပေသော၊ အို-အမောင် ချစ်လင်။ သုဝဏ္ဏကာယုရာ၊ ရွှေဖြင့် ပြုအပ်ကုန် သော၊ သဗ္ဗေ၊ အလုံးစုံကုန်သော ဣမေ အလက်ာရ၊ ဤအဝတ်တန်းဆာ တို့သည်။ ဝေဠုရိယာမယာ၊ ကျောက်မျက်ဖြင့် ပြီးပါကုန်၏။ ဘဒ္ဒန္တေ၊ အမောင် ချစ်လင် အိုသခင်၊ သဗ္ဗံ၊ကြွင်းမဲ့ ဥဿုံ၊ အလုံးစုံ ကိုလည်း။ ဂဏှာဟိ၊ယူတော်မူပါလော့။ မမံ၊အသင့်ကြင်ဖေါ်၊ကျွန်တော်မကိုလည်း။ ဒါသီတိ၊ ခိုင်းစေအပ်သော ကျွန်မ၏ အဖြစ်ကိုလည်း။ သာဝယ၊ ပြီးပါ စေလော့။ ။ဤကားအနက်။

ဤသို့သော စကားတို့ဖြင့် ပြောကြားတော့ငင်းပန်သည်ရှိသော်၊ ခိုးသူ ယောကျ်ားသည် ထိုစကားကို ကြား၍။ ချစ်နှမ၊ အသင့်ကို မသတ်ဘဲ လွှတ်လိုက်သဖြင့် အသင် သွားရောက်အပ်သည် ရှိသော်၊ အမိအဘ တို့အား ပြောကြားပေလတ္တံ့။ အသင့်ကို သတ်အံ့သာလျှင် ကာညီး၊ အသင်သည် ပြင်းစွာငိုကြွေး၍ မနေနှင့်တော့၊ အသင် ဝတ်ဆင်သော ပစ္စည်းဥစ္စာ တန်းဆာအရပ်တို့ကို ထုပ်ပိုးခြင်းကို ပြုဘိလော့၊ အသင့်ကို

သတ်ပြီးသည့် ကာလ အသင် ဝတ်သင်သော ပစ္စည်းဥစ္စာ တန်းဆာ အလုံးစုံကို အကုန်ငါယူ၍ သွားတော့မည်ဟု ပြောဆိုလိုသောကြောင့်-

မာ ဗာဠ္ဟံ ပရိဒေဝေသိ၊ ခိပ္ပံ ဗန္ဓာဟိ ဘဏ္ဍိကံ။
န တုယှံ ဇီဝိတံ အတ္ထိ၊ သဗ္ဗံ ဂဏှာမိ ဘဏ္ဍကံ၊ ။

ဟူသော ဂါထာကို ရွတ်၏၊

**အနက်ကား**။ ။ဘဒ္ဒေ၊ ချစ်နှမ ဗာဠှံ၊ ပြင်းပြစွာ။ မာပရိဒေဝေသိ၊ စိုးရိမ်ပူဆွေး၊ မငိုကြွေး မမြည်တမ်းပါနှင့်တော့၊ ခိပ္ပံ၊ သေသေချာချာလျင်လျင်၊ ရှောင်တခင်။ ဘဏ္ဍိကံ၊ အဝတ် တန်းဆာ ဘဏ္ဍာထုပ်ကို။ ဗန္ဓာဟိ၊ ထုပ်ဖွဲ့ပါလေလော့။ တုယှံ၊ အသင် ချစ်နှမအား ၊ ဝါ၊ ၏၊ ဇီဝိတံ၊ အသက် ဇီဝိတ်ခြွေသည်။ န အတ္ထိ၊ ရှိတော့မည်မဟုတ်၊ သဗ္ဗံ၊ အလုံးစုံသော၊ ဘဏ္ဍကံ၊ အဝတ်တန်းဆာ ဘဏ္ဍာအစုကို။ အဟံ၊ ငါသည်။ ဂဏှာမိ၊ ယူတော့အံ့၊ ။ ဤကားအနက်။

သူဌေးသမီး၏ပညာစွမ်း။

ထိုသို့ပြောဆိုသောစကားကို ကြားသိရသည်ရှိသော်၊ သူဌေးသမီးသည် ပြော်-ဤအမှုသည် ဝန်လေးသောအမှု ဖြစ်လေစွတကား၊ ပညာမည်သည် ချက်ပြုတ်၍ စားသောက်ရခြင်းအကျိုးငှါ ပြုပြင်အပ်သည် မဟုတ်ပေ။ စင်စစ်သော်ကား ဝိစစ်ကြံဖန်ခြင်းငှါ ပြုပြင်အပ်၏၊ ဤသူအား ငါသည် ပြုအပ်သော အမှုကို သိစေအံ့ဟု ကြံ၏။ ကြံပြီးသည်မှနောက်၌ သူဌေးသမီးက။ အမောင်ချစ်လင်၊ အကြင်အခါ၌ အသင့်ကို ခိုးသူဟူ၍ မင်းချင်းယောကျ်ား အာဏာသားတို့သည် ဘမ်းဆီး တုပ်နှောင်လျက် သတ်-ခြင်းငှါ ထုတ်ဆောင်၏၊

ထိုအခါ ကျွန်တော်မသည် ဤလုလင် ယောကျ်ားကိုမှ မရခဲ့လျှင် သေရပါတော့မည့် အကြောင်းနှင့် ဖြောင်းဖြပူဆာ များစွာသော စကားတို့ဖြင့် မိခင်ဘခင်တို့အား ပြောကြားအပ်ပေ၏၊ ထိုသို့ ပြောကြားခြင်းဟူသော အကြောင်းကြောင့် မိခင်ဘခင်တို့သည် တထောင်မျှလောက်သော အသပြာတို့ကို စွန့်လွှတ်၍ မင်းချင်း ယောကျ်ား အာဏာသားတို့အား ပေးသွင်းပြီးလျှင်၊ ခေါ်ဆောင်ယူငင် ပြီးသည့်ကာလ အိမ်၌ ကျွန်တော်မနှင့် ထိမ်းမြား လက်ထပ်ခြင်းကို ပြုကုန်၏၊ ထိုနေ့ ကာလ

ထိုမှစ၍ အရှင်ချစ်လင်အား ကျွန်တော်မသည်အသက်သေဘေးမှ ရွေးယူခြင်း,သူဌေးတို့၏ စည်းစိမ်ချမ်းသာကို ပေးခြင်းအစရှိသော ကြီးစွာသော ကျေးဇူးဥပကာရကိုပြုအပ်ပါသည်။ယခုအခါကျွန်တော်မသည်ကောင်းစွာ ထင်ထင် ရှုမြင်ပြီးသည့် ကာလ၊ အမောင် ချစ်လင်ကို ဖူးမျှော်ခြင်းငှါ အလိုရှိပါသည်၊ အရှင်၏ကိုယ်ကို အလိုရှိတိုင်း ဖူးမျှော်ရအောင် အခွင့်ကို ပေးသနားတော်မူပါလော့ဟု ပြော၏။ ခိုးသားယောကျ်ားသည် ချစ်နှမ၊ ကောင်းလှပေ၏၊ ကောင်းစွာ ရှုမြင်အပ်သည်ကို ပြုပြီးသည် ကာလ ရှိခိုးဖူးမြော်လေလော့ဟု ခွင့်ပေး၍ တောင့်စွန်း၌ ရပ်တည်၏။

### ခိုးသူသေဆုံးခြင်း။

ထိုအခါ သူဌေးသမီးသည် ခိုးသားယောကျ်ားကို သုံးကြိမ်ထက်ျာရစ် လှည့်လည်သည်ကိုပြု၍ လေးပါးသော အရပ်မျက်နှာတို့၌ ရှိခိုးပြီးသော်။ အမောင် ချစ်သင်၊ အရှင့်အား ဤယခု ကျွန်တော်မ ဖူးမြင်ရခြင်းသည် အဆုံးစွန်သော ဖူးမြင်ရခြင်းပါတည်း၊ အရှင်သည်လည်း ကျွန်တော်မအား ရှုမြင်ရခြင်းသည် အဆုံးစွန် ရှုမြင်ရခြင်းပါတည်း။ဤမှရှေ့ကြ၊ နောက်-ကာလ၌၊ ကျွန်တော်မသည် အသင်ချစ်လင်အား ဖူးမြင်ရခြင်းသည်ရင်း၊ အရှင်သည် ကျွန်တော်မအား ရှုမြင်ရခြင်းသည်ရင်း မရှိတော့ပါပြီ ဟု ရှေ့မှရင်း,နောက်မှရင်း,လည်ကို ဖက်ယမ်း၍ သတိမေ့လျော့သည် ဖြစ်၍ တောင်စွန်း၌ ရပ်တည်နေသော ခိုးသားယောကျ်ားကို နောက်အဘို့က ရပ်နေပြီးသည့်ကာလ ကာဖက်သော လက်ဖြင့် ပခုံး၌ ကိုင်လျက် တဖက်သော လက်ဖြင့် အောက်ပိုး ကျိုက်အပ်သော ပုဆိုးစွန်း၌ ကိုင်လျက် ဘောင်ချောက် ကမ်းပါးပြတ်၌ တွန်း၍ ချပစ်လိုက်၏၊

ခိုးသားယောကျ်ားသည် တောင်ဌမ်း၌ ထိခိုက်ပုတ်ခတ်မိအပ်သည် ဖြစ်၍ အပိုင်းအပိုင်း အတုံးအတုံး ဖြစ်ပြီးလျှင် မြေကြီး၌ကျ၏။

### တောင်စောင့်နတ်က ချီးမွမ်းခြင်း။

စောရပပါတ တောင်ထိပ်၌ စောင့်ရှောက်သော နတ်သည် ထိုနှစ်ဦး-သော သူတို့၏ အပြုအမူ အခြင်းအရာ မြင်၍ ထိုမိန်းမအား ကောင်းချီးကို ပေးပြီးလျှင် ချီးမွမ်းထောမနာလိုသည့် ဖြစ်သောကြောင့်-

န သောသ သဗ္ဗေသု ဌာနေသု၊ ပုရိသော ပဟောတိ ပဏ္ဍိတော၊
ယတ္ထ သော ဇာယတိ ဓီရော၊ တံ ကုလံ သုခမေဓတိ။ ။

ဟူသော ဂါထာကို ရွတ်ဆို၏၊

**အနက်ကား**။ ။ဘော၊ အို-အချင်းတို့၊ သဗ္ဗေသု၊ အလုံးစုံကုန်သော၊ ဌာနေသု၊ အရပ်တို့၌။ သော ပုရိသော၊ ထိုယောကျ်ားသည်။ ပဏ္ဍိတော၊ ပညာရှိသည်၊ န ပဟောတိ၊ မပေါ်တတ်၊ တတ္ထ တတ္ထ၊ ထိုထိုသို့သော အရာ၌။ ဝိစက္ခဏော၊ စိစစ်ဆင်ခြင်တတ်သော၊ ဇာတိပိ၊ မိန်းမသည်လည်း၊ ပဏ္ဍိတာ၊ ပညာရှိသည်။ ပဟောတိ၊ ဖြစ်၏။ ။ဤကားအနက်။

## သူဌေးသမီး ပရိဗိုဇ်မ။

ထိုသူဌေးသမီးသည်လည်း ချစ်လင်ယောကျ်ားဖြစ်သော ခိုးသားကို တောင်ချောက် ကမ်းပါးပြတ်၌ တွန်းချ သတ်ပစ်ခဲ့ပြီး၍ စဉ်းစားကြံဆင်ခြင်သည်မှာ အကယ်၍ ငါသည် အိမ်သို့ ပြန်သွားခဲ့သည် ဖြစ်ခဲ့အံ့၊ အသင်၏ အရှင်ခင်ပွန်းလင်သည် အဘယ်မှာနည်းဟု မေးမြန်း စိစစ်ကြကုန်လတ္တံ့။ ဤသို့မေးမြန်းသည်ရှိသော်၊ ငါက သတ်ပစ်ခဲ့သည်ဟု ပြောခဲ့လျှင် ဆုံးမ ခက်ခဲလှသော သူယုတ်မ၊ အသင်သည် တထောင်သော အသပြာကို ပေး၍ ထိုယောကျ်ားကို ခေါ်ဆောင်စေပြီးလျှင် ယခုတဖန် မိမိသည် ပင်လျှင် ထိုယောကျ်ားကို သတ်ပြန်ပြီသည်ဟု ဝန်းဝိုင်း၍ နှုတ်လှံ ထိုးကြကုန်လတ္တံ့။ ထိုသူသည် ငါ၏ အဝတ်တန်းဆာ အလို့ငှါ ငါ့ကို သတ်မည်ပြုသည် သို့ဖြစ်၍ ငါက ရှေးဦးစွာ သတ်ပစ်လိုက်ပေသည်ဟု ပြောဆိုသော်လည်း ငါ၏စကားကို မယုံမကြည်ဘဲ ရှိကြကုန်လတ္တံ့။ ငါအား အိမ်သို့ပြန်သွားသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု ကြံ၏။

ကြံပြီး၍ကား ထိုအရပ်၌ပင်လျှင် အဝတ်တန်းဆာ အတိုးဆိုက်သော ပစ္စည်းဥစ္စာတို့ကို စွန့်ပစ်၍ တောသို့ဝင်ပြီးလျှင် အစဉ်အတိုင်း လှည့်-လည်၍ လာခဲ့ရာ ပရိဗိုဇ်တို့၏ နေရာဖြစ်သော ကျောင်းအရပ်တခုသို့ ရောက်၍။ အရှင်ဘုရားတို့၊ ကျွန်တော်မသည် အရှင်မြတ်တို့၏ အထံ၌ ရဟန်းပြုလိုပါသည်။ ကျွန်တော်မအား ရဟန်းအဖြစ်ကို ပေးသနားတော်မူပါကုန်လော့ ဟု တောင်းပန်၏။

ထိုအခါ ပရိဗိုဇ်တို့သည် သူဌေးသမီးကို ရဟန်းပြုကြကုန်၏။ ရဟန်း ပြုပြီးသောအခါ သူဌေးသမီးသည် အရှင်ဘုရားတို့၊ အရှင်မြတ်တို့၏ ရဟန်းအဖြစ်၌ အဘယ်သည် မြတ်ပါသနည်းဟု မေးလျှောက်သဖြင့်။ ချစ်နှမ၊ ဆယ်ပါးကုန်သော ကသိုဏ်း၌ ပရိကံကို ပြုပြီးသည့်ကာလ၊ ဈာန်ကိုမူလည်း ဖြစ်စေရာ၏။ ဝါဒဘောင်ကို သင်ယူမူလည်း သင်ယူရာ၏၊ ဤသည်လျှင် ငါတို့၏ ရဟန်းအဖြစ်၌ မြတ်သော အကျိုးစီးပွါး တည်းဟု ပြော၏။

## ဝါဒဘောင်တတ်သော ပရိဗိုဇ်မ။

အရှင်ဘုရားတို့၊ တပည့်တော်မသည် ရှေးဦး စွာဈာန်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ပါလတ္တံ့။ ဝါဒဘောင်ကို သင်ယူပါအံ့ ဟု လျှောက်ထား၏။ ထိုအခါ ပရိဗိုဇ်မကို ဝါဒဘောင်ကို သင်ယူစေပြီး၍၊ ချစ်နှမ၊ အသင် အား ဤယခုအခါ၌ အတတ်ပညာကို ကောင်းစွာ သင်ယူ တတ်မြောက် အပ်ပေပြီ။ အသင်သည် ဇမ္ဗူဒိပ်ကျွန်း အပြင်၌ လှည့်လည်၍ မိမိနှင့် အတူတကွ အမေးပုစ္ဆာ ပြဿနာကို ဖြေဆိုခြင်းငှါ စွမ်းနိုင်သောသူကို ရှာဖွေကြည့်ရှုပါလေလော့ဟု ပြောဆိုကြပြီးသည့်ကာလ ထိုပရိဗိုဇ်မ၏ လက်၌ သပြေခက်ကို ပေး၍၊ ချစ်နှမ၊ သွားလေလော့၊ လူဖြစ်သော အကြင် သူသည် အသင်နှင့်အတူတကွ အမေးပုစ္ဆာကို ဖြေဆို၏၊ ဖြေဆိုခြင်းငှါ စွမ်းနိုင်သော ထိုသူ၏ ခြေရင်း အလုပ်အကျွေး ဖြစ်လေလော့။ ရဟန်း ဖြစ်သော အကြင်ပုဂ္ဂိုလ် တစုံတယောက်သည် အကယ်၍ စွမ်းနိုင်သည် ဖြစ်ခဲ့အံ့၊ ထိုပုဂ္ဂိုလ်၏အထံ၌ ရဟန်းပြုလေလော့ဟု ပြောဆိုမှာထား၍ လွှတ်လိုက်ကြကုန်၏၊

ထိုပရိဗိုဇ်မသည် လက်၌ ကိုင်စွဲအပ်သော သပြေခက်ကို အကြောင်း ပြုသော အားဖြင့် ဇမ္ဗုပရိဗိုဇ်မဟု အမည်ရှိသည် ဖြစ်၍ ထိုအရပ်မှ ထွက်ခဲ့ပြီးသော်၊ မြင်တိုင်းမြင်တိုင်းသော သူတို့ကို ပြဿနာကို မေးမြန်း လျက် လှည့်လည်၏၊ ထိုဇမ္ဗုပရိဗိုဇ်မနှင့် အတူတကွ စကားပြောဆို ခြင်းငှါ စွမ်းနိုင်သော သူမည်သည် တစုံတယောက်မျှ ရှိသည် မဖြစ်။ ဤအရပ် ဤလမ်းခရီးမှ ဇမ္ဗုပရိဗိုဇ်မ လာသည်ဟု ကြားသိသည်ရှိသော်၊ လူတို့သည် မတွေ့မမြင်သော အရပ်သို့ ပုန်းလျှိုး ထွက်ပြေးကြကုန်၏။

ထိုပရိဗိုဇ်မသည် ရွာနိဂုံးဇနပုဒ်သို့ ဆွမ်းခံခြင်းအလို့ငှါ ဝင်သည်ရှိသော်၊ ရွာတံခါး၌ သဲရသဲပုံကို ပြုပြီးသည်ကာလ ထိုသဲရသဲပုံထက်၌ သပြေခက်ကို စိုက်ပြီးလျှင်၊ငါနှင့်အတူတကွ စကားပြောဆိုခြင်းငှါ စွမ်းနိုင်သောသူသည် ဤသပြေခက်ကို ချိုးဖဲ့စေသတည်း ဟု ပြောဆိုပြီးမှ ရွာသို့ဝင်လေ၏၊သပြေခက်ရှိရာသော ထိုအရပ်၌နေသူ ချဉ်းကပ်ခြင်းငှါ စွမ်းနိုင်သော သူမည်သည် တရံတယောက်မျှ မရှိလေ၊ ထိုပရိဗိုဇ်မသည်လည်း ရှိဟောင်းဖြစ်သော သပြေခက်သည် ညှိုးနွမ်းပြန်သည်ရှိသော်၊ဘပ်းသော အသစ်ဖြစ်သော သပြေခက်ကို ကိုင်ဆွဲယူငင်ပြန်၏၊

## ပရိဗိုဇ်မနှင့် အရှင်သာရိပုတ္တရာ။

ဤသို့သော အကြောင်းဖြင့် လှည့်လည်၍လာခဲ့ရာ သာဝတ္ထိပြည်သို့ ရောက်၍ မြို့တံခါး၌ သဲပုံသဲရကို ပြုပြီးလျှင် သပြေခက်ကို စိုက်ထားပြီးသော်၊ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင် ပြောဆို၍ မြို့တွင်းသို့ဆွမ်းခံခြင်းငှါ ဝင်၏။ များစွာကုန်သော ရွာသူသားယောက်ျားတို့သည် သပြေခက်ကို ဝန်းဝိုင်း၍ရံ ကြည့်ရှုရပ်တည်ကြကုန်၏၊

ထိုအခါ အရှင်သာရိပုတ္တရာမထေရ်သည် ဆွမ်းအလို့ငှါ လှည့်လည်၍ ပြီးပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိသည်ဖြစ်၍ သာဝတ္ထိမြို့တွင်းမှ ထွက်ကြွတော်မူလာခဲ့သည် ရှိသော် သပြေခက်ကို ဝန်းရံ ကြည့်ရှုရပ်တည်ကြကုန်သော သူယောက်ျားတို့ကို မြင်တော်မူ၍။ ဤဝတ္ထုကား အကြောင်းအဘယ်သို့ရှိသနည်းဟု မေးတော်မူ၏။ထိုသူယောက်ျားတို့သည် မထေရ်အား ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားကုန်၏။ ထိုသို့ တပြီးကား သူယောက်ျားတို့၊ ဤသပြေခက်ကို နင်းနယ်၍ ပစ်လိုက်ကြကုန်လော့ဟု မိန့်တော်မူသည် ရှိသော်၊ တပည့်တော်တို့သည် ထိုပရိဗိုဇ်မကို ကြောက်ရွံ့လှပါကုန်သည်ဟု လျှောက်ထားသဖြင့်။ သူယောက်ျားတို့ ငါသည် ပြဿနာကို ဖြေဆိုအံ့၊ အသင်တို့သည် ဤသပြေခက်ကို ချိုးဖဲ့နင်းနယ်၍ ပစ်လိုက်ကြကုန်လော့ဟု မိန့်တော်မူ၏။ ထိုသူယောက်ျားတို့သည် မထေရ်၏ စကားဖြင့် ဖြစ်သော နှစ်သက် ဝမ်းသာခြင်း ရှိသည်ဖြစ်၍ မထေရ် မိန့်ဆိုတော်မူတိုင်း သပြေခက်ကို ချိုးဖဲ့နင်းနယ်လျက် ဖရိုဖရဲကြဲမြောက် ပစ်လွှင့်ကုန်၏။

ပရိဗိုဇ်မသည် မြို့တွင်းမှ ပြန်လာခဲ့၍ ထိုသူငယ်တို့ကို ရေရွတ်ငြီးလျှင် အသင်တို့နှင့်တကွ ငါ့အား အမေးပုစ္ဆာ ပြဿနာဖြင့် ပြောဆိုဘွယ်ကိစ္စ မရှိ၊ အဘယ်ကြောင့် ငါ၏ သပြေခက်ကို ချိုးဖဲ့နင်းနယ်ကြကုန်ဘိသနည်းဟု ဆို၏။ သူငယ်တို့ကလည်း ငါတို့သည် မိမိဘာသာအားဖြင့် ချိုးဖဲ့နင်းနယ် ကြကုန်သည် မဟုတ်၊ အရှင် သာရိပုတ္တရာ မထေရ်သည် ချိုးဖဲ့နင်းနယ် စေအပ်သည်ဖြစ်၍ ပြုအပ်ကုန်သည် ဟု ဆိုကြကုန်သည်ရှိသော်၊ အရှင်သာရိပုတ္တရာ အနီးသို့ ချဉ်းကပ်၍။ အရှင်ဘုရား၊ အရှင်တို့သည် သပြေခက်ကို ချိုးဖဲ့နင်းနယ် စေအပ်ကုန်သည် ဟူသည် ဟုတ်မှန်ပါသလောဟု မေးလျှောက်သဖြင့်၊ နှမ၊ ဪ-ဟုတ်ပေ၏ ဟု မိန့်တော်မူသည်ရှိသော် ထိုသို့တပြီးကား အကျွန်ုပ်နှင့်တကွ ပြဿနာကို ဖြေဆိုကုန်အံ့လောဟု မေးလျှောက်လျှင်။ နှမ၊ ကောင်းပြီ ဖြေဆိုအံ့ဟု ဝန်ခံတော်မူ၏။

ထိုဇမ္ဗုပရိဗိုဇ်မသည် ညချမ်းသောအခါ၌ ပြဿနာကို မေးခြင်းငှါ အရှင်သာရိပုတ္တရာမထေရ်၏ အထံသို့ သွားလေ၏၊ အလုံးစုံသော မြို့သည် ချောက်ချား တုန်လှုပ်၏၊ နှစ်ဦးကုန်သော ပညာရှိတို့၏ ပြောဆိုသော စကားကို ကြားနာကုန်အံ့ဟု မြို့သူ မြို့သား အပေါင်းတို့သည် ပရိဗိုဇ်မနှင့် အတူတကွသာလျှင် သွားရောက်၍ မထေရ်ကိုရှိခိုးပြီးလျှင် သင့်တင့် လျောက်ပတ်သော အရပ်၌ ထိုင်နေကြကုန်၏။

## ဗုဒ္ဓပဉှာကိုမေးခြင်း။

ပရိဗိုဇ်မသည် အရှင်သာရိပုတ္တရာမထေရ်ကို အရှင်ဘုရား၊ ပြဿနာကို မေးပါအံ့ဟု လျှောက်ကြား၏။ နှမ၊ မေးလော့ဟု မိန့်တော်မူသည်ရှိသော်၊ ထိုပရိဗိုဇ်မသည် ဝါဒတထောင်ကို မေး၏။ မေးတိုင်း မေးတိုင်းသော ပြဿနာကို မထေရ်သည် ဖြေဆိုတော်မူ၏၊ ထိုနောက် ပရိဗိုဇ်မကို မထေရ်က အသင်၏ အမေးပုစ္ဆာသည် ဤမျှပင်သာ ရှိသလော၊ ဤမှ တပါး အခြားသော အမေးပုစ္ဆာ ရှိသေးသလော ဟု မေးတော်မူ၏။ အရှင်ဘုရား၊ ဤမျှလောက်သာပါတည်းဟု ကြားလျှောက်သည်ရှိသော်။ နှမ၊ အသင်သည် ငါ့အား များစွာသော ပုစ္ဆာတို့ကို မေးအပ်ကုန်၏။ ငါတို့သည်လည်း အသင့်အား တခုသော ပုစ္ဆာကို မေးကုန်အံ့။ အသင်-

သည့် ငါတို့၏ အမေးပုစ္ဆာကို ဖြေဆိုလတ္တံ့လောဟု မေးတော်မူသဖြင့်။ အရှင်ဘုရားတို့၊ ဤယခုအခါ၌ သင်မြင်သည်ရှိသော် ဖြေဆိုပါအံ့ မေးတော်မူပါကုန်လော့ဟု လျှောက်၏။ မင်းသရဲသည် တချမည်သည် အဘယ်နည်း ဟူသောအမေးပုစ္ဆာကိုမေးတော်မူ၏။ ထိုပရိဗိုဇ်မသည် ဤသို့သောအမေးပုစ္ဆာမည်သည် ဤသို့ဖြေဆိုအပ်၏ဟု မသိနိုင်သည်ဖြစ်၍၊ အရှင်ဘုရား၊ ဤပြဿနာသည် အဘယ်အမည် ရှိသနည်းဟု မေးလျှောက်၏။ နှမ၊ ဗုဒ္ဓပဉှာ မည်သော ပြဿနာပေတည်း ဟု မိန့်တော်မူသဖြင့်၊ အရှင်-ဘုရားတို့၊ ထိုပြဿနာကို တပည့်တော်မအားလည်း ပေးတော်မူပါကုန်လော့ဟု လျှောက်ကြား၏ မထေရ်က ငါကဲ့သို့ သဘောရှိသော ရဟန်းအဖြစ်သည် အကယ်၍ ဖြစ်ခဲ့အံ့ ပြဿနာကို ပေးအံ့ဟူ၍ မိန့်တော်မူသည်ရှိသော်၊ ထိုသို့တပြီးကား တပည့်တော်မကို ရဟန်း ပြုပါကုန်လော့ဟု တောင်းပန်၏၊ မထေရ်သည် ရဟန်းမိန်းမတို့အား အကြောင်းကြား၍ ရဟန်းပြုစေ၏၊

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း။

ထိုပရိဗိုဇ်မသည် ရဟန်းပြုပြီး၍ ပဉ္စင်းအဖြစ်ကို ရသဖြင့် ကုဏ္ဍလ-ကေသီထေရီမ မည်သည်ဖြစ်၍။ နှစ်ရက်,သုံးရက်ကို လွန်သဖြင့် သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ရဟန်းအပေါင်းတို့သည် တရားသဘင်၌။ ငါ့ရှင်တို့၊ကုဏ္ဍလကေသီထေရီမအား မြတ်စွာ-ဘုရား တရားတော်ကို ကြားနာရခြင်း များစွာမရှိ။ ရဟန်းကိစ္စအပြီးဆုံးသို့ ရောက်လေသည်၊ တယောက်သော ခိုးသူယောကျ်ားနှင့် အတူတကွ ကြီးစွာသော စစ်ဆင်ခြင်း အမှုကိုပြု၍ ထိုခိုးသူကို အောင်မြင်ပြီးသည့် ကာလ လာခဲ့ပေသတတ် ဟူသော စကားကို ဖြစ်စေကြကုန်၍။ မြတ်စွာ-ဘုရား သခင်သည် တရားသဘင် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူလာခဲ့၍။ ချစ်သားရဟန်းတို့၊ ငါဘုရား ကြွလာတော်မူသဲသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကြကုန်ဘိသနည်းဟု မေးတော်မူသည့် ကာလ၊ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့၊ ငါဘုရားသည် ဟောကြားတော် မူအပ်သော တရားတော်ကို နည်းသည် ဟူ၍ရင်း, များသည် ဟူ၍ရင်း၊ အတိုင်းအရှည် ပမာဏကို မရေတွက်ကြပေကုန်

လင့် ဟု မိန့်တော်မူပြီး၍။ ချစ်သား ရဟန်းတို့၊ အကျိုးစီးပွါး မဲ့သော စကားသည် ပုဒ်ပေါင်း တထောင်ပင် ဖြစ်လေငြားသော်လည်း မြင့်မြတ်သည် မဟုတ်။အကျိုးစီးပွါးနှင့်စပ်သော တခုသောပုဒ်သည် မြင့်မြတ်သည် သာလျှင်တည်း။ ချစ်သားရဟန်းတို့၊ အဇ္ဈတ္တိကဖြစ်သော ကိလေသာ တည်းဟူသော ခိုးသူကို အောင်မြင်ခြင်းမှတပါး ကြွင်းသော ခိုးသူတို့ကို အောင်စွမ်းနိုင်သေသသူအား အောင်ခြင်းမည်သည် မဟုတ်. မိမိ၏ အဇ္ဈတ္တ သန္တာန်၌ ရှိသော အစမထင် ကျင်လည်ပြေးသွားရာ သံသရာတည်း-ဟူသော ဝဋ်ဆင်းရဲ၌ အမြဲမပြတ် အထပ်ထပ် ကိန်းအောင်းတိုက်ခိုက် သတ်ဖြတ်၍ နေသော အလွန်ကြီးမား ခိုင်ခံ့သော ကိလေသာ တည်း-ဟူသော ခိုးသူကို အောင်မြင်သော သူအားသာလျှင် အောင်ခြင်းမည် သည် ဖြစ်ပေသည်ဟု မိန့်တော်မူပြီးသောအခါ၊

## သောတာပန် တည်ကြခြင်း။

အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသော ကြောင့်-

**ယော စ ဂါထာသတံ ဘာသေ၊ အနတ္ထပဒသဉှိတံ။**
**ဧကံ ဓမ္မပဒံ သေယျော၊ ယံ သုတွာ ဥပသမ္မတိ။ ။**
**ယော သဟဿံ သဟဿေန၊ သင်္ဂါမေ မာနုသေ ဇိနေ။**
**ဧကဉ္စ ဇေယျ မတ္တာနံ၊ သဝေ သင်္ဂါမဇုတ္တမော။ ။**

ဟူသော ဂါထ. တို့ကို ဟောကြားတော်မူ၏။

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ၊ယော စ ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်လည်း။ အနတ္ထပဒသဉှိတံ၊ တောသွဲ့ တောင်ဖွဲ့၊အကျိုးမဲ့သော စကားနှင့် စပ်သော။ ဂါထာသတံ၊ အရေမက၊ များပြားလှသော ဂါထာကို။ ဘာသေ၊ ရွတ်ဆို ရာ၏။တသ္မ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ ဂါထာသတံ၊ အရေမက၊ များပြား လှသော. ဂါထာသည်။န သေယျော၊မမြတ်..ယံ ဓမ္မပဒံ၊အကြင် တပုဒ်.သော တရားတော်ကို။ သုတွာ၊ ကြားနာရ၍။ ဝါ၊ ကြားနာရသည် ရှိသော်။ ဝါ၊

ကြားနာရသောကြောင့်။ ဥပသမ္ပတိ၊ ကိလေသာမီး၊ ညီးညီး ပြောင်ပြောင်၊ ဘောက်လောင်ခြင်းမှ၊ငြိမ်းလေ၍။ ဧကံ၊တရသော တံမြွေပဒ်၊ကိလေသာ-မီး၊ငြိမ်းပြီးမှန်စွာ ခန္ဓာစသည်တို့နှင့် စပ်ဆိုင်သော၊ ထိုတရားတော်သည်၊ သေယျော၊ အထူးသဖြင့် ချီးမွမ်းအပ်၍ မြင့်မြတ်၏။

ယော၊အကြင် သူရဲကောင်းသည်၊ သံဂါမေ၊စစ်ချင်းရင်ဆိုင် ရှေးရှုကိုင်၍ ပြိုင်အပ်သော မြေပြင်၌၊ သဟဿေန-သဟဿံ၊ ထောင်ကိုတည်ရောက် ထောင်ကိုမြှောက်၍ တသန်းလောက် အရေအတွက်ရှိကုန်သော၊ မာနုသေ၊ လူတို့ကို။ ဇိနေ၊ အောင်စွမ်းနိုင် ရာ၏၊ သော၊ ထိုသူရဲကောင်းသည်၊ သံဂါမဇုတ္တမော၊ စစ်မြေပြင်၌ အောင်စေတတ်သောယောက်ျားမြတ်သည် နဟောတိ၊မဖြစ်သေး။ ယောစ၊အကြင်သူရဲကောင်းသည်လည်း၊အတ္တာနံ၊ ကိုယ်တွင်းပူဆာ ကိလေသာကို။ဧကံ၊ တကြိမ်တခါမျှလည်း၊ဇေယျ၊ အောင်စွမ်းနိုင်ရာ၏၊ ဝေ၊စင်စစ်။သ-သော၊ ထိုသူရဲကောင်းသည်။ သံဂါမဇုတ္တမော၊ စစ်မြေချက်နှာ အောင်သူတကာတို့ထက်မြတ်သည်။ ဟောတိ၊ဖြစ်၏၊ ဣ၊ဤကားအနက်၊

ဓမ္မပဒသဟဿဝဂ်၌ ၁ုံးရမြောက်ဖြစ်သော ကုဏ္ဍလကေသီ
ထေရီမ၏ဝတ္ထုစကားစဉ်ကား ဤတွင်
ရွေ့ပြီး၏။

---

**၈-သဟဿဝဂ်၊ ၄-အနတ္ထပုစ္ဆကပုဏ္ဏားဝတ္ထု။**

**အတ္တာဟဝေ။** ။အစဟွေသောဤဒေသနာ၊ပါဠိဂါထာကို၊သတ္ထာသဒ္ဓြ၊ရွဲငြိမြေးငင်၊အလွန်သျှင်ကြီးကျယ်သှသော မာန်မာနရှိသောဗကဗြဟ္မာကြီးကို အသီးသီးသော ဓမ္မဒေသနာတို့ဖြင့် ဘောင်းစွာဆုံးမ ညွှန်ပြဟောကြားတော် မူသော ,မြတ်စွာဘုရား သခင်သည် ပြည့်အင်ဖြိုးဘိဂုဏ်ထူးရှိသော၊သာ ၁ တ္ထိပောင်စွန်၊ ဇေတဝန်ကျောင်း၌၊ ဘုန်းအောင်းတော်မူသျက်၊ အကျိုးစီးပွါးမဲ့ကို၊ မြဲ့မြဲ့ထင်ထင်၊ အစဉ် မေးမြန်းတတ်သော အရကြောင့် အနတ္ထပုစ္ဆက အမည်ရသော ပုဏ္ဏားကြီး တယောက်အား အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း၊

အကြောင်း အညွှန်းပြတ္တို အခြဲကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်၊ တယောက်သော ပုဏ္ဏားကြီးသည် "အသို့နည်း၊ မြတ်စွာဘုရားသခင်သည် အကျိုးစီးပွါးတိုးပွါးမြင့်မြတ်ရန် အကြောင်းကောင်းသည်ကို သိလေသလော သို့တည်းမဟုတ် ဆုတ်ယုတ်ပျက်စီး အချည်းနှီး အကျိုးခဲ့ကိုသော်လည်း သိလေသလော၊ထိုသို့သော အကြောင်းကို မေးလျှောက်ဦးအံ့"ဟု ကြံ၍၊မြတ်စွာဘုရားသခင်၏အထံသို့ လျှင်မြန်စွာသွားရောက်ချဉ်းကပ်ပြီး၍၊ဘုန်းတော် ကြီးမြတ်တော်မူလှသော အရှင်ဘုရား၊အရှင်မြတ်တို့သည် အကျိုးစီးပွါး တိုးပွါးရန်အကြောင်း ကောင်းမြတ်သည်ကိုသာ သိကုန်ပါသလော တပါးလည်းဖြစ်သော အကျိုးစီးပွါး ဆုတ်ယုတ်ပျက်စီး အချည်းနှီးကိုလည်း သိပါသေးသလောဟု လျှောက်၏၊ဘုရားကိုယ်တော်မြတ်က ပုဏ္ဏားကြီး၊ငါဘုရားသည် အကျိုးစီးပွါးတိုးပွါးမြင့်မြတ် သည်ကိုလည်းသိတော်မူ၏။ အကျိုးစီးပွါး ပျက်ပြားဆုတ်ယုတ် သည်ကိုလည်း သိတော်မူ၏ဟု မိန့်တော်မူလျှင်။ ထိုသို့ဆိုပြီးသည်ကား အရှင်ဘုရား တပည့်တော်အား အကျိုးစီးပွါး ပျက်ပြားစေတတ်သည်ကို ဟောကြားတော်မူကုန်လော့ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ပုဏ္ဏားကြီးအား-

**ဥဿုရသေယျံ အာလဿံ၊စဏ္ဍိက္ကံ ဒီဃသောဏ္ဍိယံ။**
**ဧကဿဒ္ဓါန ဂမနံ၊ပရဒါရူပသေဝနံ။**
**ဧတံ ဗြဟ္မဏ သေဝဿု၊အနတ္ထံတေ ဘဝိဿတိ။ ။**

ဟူသောဂါထာကို ဟောတော်မူ၏။

**အနက်ကား**။ ။ဥဿုရသေယျံ၊ အချိန်မသင့် နေမြင့်အောင်အိပ်ခြင်းငင်း၊အာလဿံ၊ ပျင်းရိသည်၏အဖြစ်ငင်း။ စဏ္ဍိက္ကံ၊ ကြမ်းကြုတ်သည်၏အဖြစ်ငင်း၊ ဒီဃသောဏ္ဍိယံ၊ မြင့်ရှည်စွာသေတင်းကုပ်သို့ သွားရောက်ခြင်း သေကိုသောက်စားခြင်းငင်း။ ဧကဿဒ္ဓါနဂမနံ၊ တယောက်ထည်းတည်း အခွန့်ရှည်သောခရီးသို့ သွားခြင်းငင်း။ ပရဒါရူပသေဝနံ၊သူတပါးမယား

ကိုသွားလာစပ်ယှက် မှိုဝဲခြင်းငှာ။ ပြောဘွယ်သောပုဏ္ဏားကြီး။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံကို။ သေဝသည်၊ မှိဝဲလေလော့ တော၊ သင်ပုဏ္ဏားကြီးအား အနတ္ထံ၊ အကျိုးစီးပွါး ပျက်ပြားဆုတ်ယုတ်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ။ ဤကားအနက်။

ထိုသို့ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော စကားတော်ကို ကြား၍ ပုဏ္ဏားကြီးသည် ဂေါတမစရိယ,ဂေါတမဇေဿက ဖြစ်တော်မူသော မြတ်စွာဘုရား၊ ကောင်းပါပေ၏၊ ကောင်းပါပေ၏။ အရှင်မြတ်တို့သည် အကျိုးစီးပွါးတိုးတက် မြင့်မြတ်သည်ကိုလည်း သိတော်မူဘုန်၏။အကျိုး စီးပွါးပျက်ပြားဆုတ်ယုတ် တတ်သည်ကိုလည်း သိတော်မူပေဘုန်၏ဟု ကောင်းချီးပေး၏။ ဤသို့ကောင်းချီး ပေးသည်ရှိသော် မြတ်စွာဘုရား သခင်က၊ပုဏ္ဏားကြီး၊ အကျိုးစီးပွါးမရှိသည် ရှိသည် တိုးတက်ပွါးများ ဆုတ်ယုတ်ပျက်စီးသည်ကို သိတတ်သောအရာ၌ ငါဘုရားနှင့်တူသော တစုံတယောက်သောသူမည်သည် မရှိ-ဟု မိန့်တော်မူ၏။

## ကြွေအန်ကစားမှု။

ထိုနောက် မြတ်စွာဘုရားသည် ပုဏ္ဏားကြီး၏ အဇ္ဈာသယကိုသိခြင် တော်မူ၍၊ပုဏ္ဏားကြီး၊အသင်သည် အဘယ်အမှုဖြင့် အသက်မွေးသနည်း ဟု မေးတော်မူသည်ရှိသော်၊ အို-အရှင်ဂေါတမ၊ ကြွေအန်လောင်းတန်း ကစားခြင်း အမှုဖြင့် အသက်မွေးပါသည်ဟု လျှောက်၏။ အသို့နည်း၊ ကြွေအန်လောင်းတမ်း ကစားခြင်းအမှုကို ပြုသောအသင်အား အောင် နိုင်ခြင်းဖြစ်သလော၊သို့တည်းမဟုတ် ရှုံးခြင်းပင်လောဟု မေးတော်မူလျှင် ရှင်ဂေါတမ၊အောင်နိုင်သော အခါရှိသည်လည်း ဖြစ်ပေ၏။ ခုံးရှုံးသော အခါလည်းဖြစ်ပေ၏ဟု လျှောက်ကြားသည်ရှိသော် ပုဏ္ဏားကြီး၊ ဤသို့ သူတပါးကို ကြွေအန်ကစားခြင်း တည်းဟူသော အနည်းငယ်မျှသော အောင်နိုင်ခြင်းဖြင့် အောင်နိုင်သော သူ၏အောင်ခြင်းသည် မြတ်လှသည် မဟုတ်သေး။ အကြင်ပုဂ္ဂိုလ်သည် ကိလေသာကို အောင်နိုင်ခြင်းဖြင့် မိမိ ကိုယ်ကို အောင်စွမ်းနိုင်၏၊ ထိုပုဂ္ဂိုလ်၏ အောင်နိုင်ခြင်းသည် သာလျှင် မြင့်မြတ်ပေ၏။

## သောတာပန်တည်ခြင်း။

ထိုစကားမှန်၏။ ပုဏ္ဏားကြီး၊ ထိုကိလေသာကို အောင်နိုင်၍ထားသော သူကို တရံတယောက်သော သူသည် ပြန်၍အောင်နိုင်ခြင်းကို ပြုခြင်းငှါ မစွမ်းနိုင်ဟု မိန့်တော်မူပြီးသော်။ အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**အတ္တာ ဟဝေ ဇိတံ သေယျော၊ ယာ စာ ယံ ဣတရာ ပဇာ။**
**အတ္တ ဒန္တဿ ပေါသဿ၊ နိစ္စံ သညတစာရိနော။ ။**
**နေဝ ဒေဝေါ န ဂန္ဓဗ္ဗော၊ န မာရော သဟ ဗြဟ္မုနာ။**
**ဇိတံ အပဇိတံ ကယိရာ၊ တထာရူပဿ ဇန္တုနော။ ။**

ဟူသောနှစ်ဂါထာကို ဟောကြားတော်မူ၏၊

ထိုဒေသနာတော် ပါဌ်ဂါထာတို့၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။အတ္တာ၊ ကိုယ်တွင်း ပူဆာ ကိလေသာကို။ ဇိတံ၊ အောင်နိုင်စွမ်းခြင်းသည်။ ဟဝေ၊ စင်စစ်။ သေယျော၊ မြင့်မြတ်၏။ ဣတရာ၊ မိမိကိုယ်ကိုအောင်စွမ်းသော သူမှတပါးသော။ ယာပဇာ၊ အကြင်သတ္တဝါ အပေါင်းသည်၊ ပရံ၊ သူတပါးကို။ ဇိနာတိ၊ အောင်စွမ်းနိုင်၏။ တဿာ ပဇာယ၊ ထိုသူတပါးကို အောင်စွမ်းနိုင်သောသူ၏။ အယံဇယော၊ ဤသို့သောအောင်ခြင်းသည်။ နသေယျော၊ မမြတ်သေးသည် သာလျှင်တည်း။ အတ္တဒန္တဿ၊ မိမိကိုယ်ကို ထိုထိုနည်း နည်းဖြင့်ပြ၍ ဆုံးမပြီးထသော။ နိစ္စံ၊ အမြဲ။ သညတစာရိနော၊ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကိုစောင့်စည်းသော အကျင့်ရှိထသော၊ တထာရူပဿ၊ ထိုသို့သဘောရှိထသော၊ ဇန္တုနော၊ သတ္တဝါဟုဆိုအပ်သော၊ ပေါသဿ၊ ယောကျ်ား၏။ ဇိတံ၊ အောင်စွမ်းနိုင်ခြင်းကို။ ဒေဝေါ၊ နတ်သည်ရင်း။ အပဇိတံ၊ ပြန်၍တဖန်ရှုံးပြန်လေအောင်။ နကယိရာ၊ မပြုနိုင်ပေရာ။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗသည်မူလည်း၊ နကယိရာ၊ မပြုနိုင်ပေရာ။ ဗြဟ္မုနာ၊ ဗြဟ္မာမင်းနှင့်။ သဟ၊ တကွ။ မာရော၊ မာရ်မင်းသည်။ န ကယိရာ၊ မပြုနိုင်ပေရာ။ ။ဤကားအနက်။

မြေ့ပဒသဟဿဝဂ်၌ လေးခုမြောက်သော အနတ္ထပုစ္ဆကပုဏ္ဏားကြီး၏ ဝတ္ထုစကားစဉ်သည်ကား ဤတွင်ရွေ့ပြီး၏။

## ၈ သဟဿဝဂ်။ ၅-အရှင်သာရိပုတ္တရာမထေရ်၏ဦးရီး ဖြစ်သော ပုဏ္ဏားကြီး၏ဝတ္ထု။

**မာသေ မာသေ။** ။အစချီသော၊ဤဒေသနာ၊ပါဠိဂါထာကို၊ တဏှာ မောဟာ၊ ဒေါသညီးညီး၊ သုံးပါးသော မီးတို့ဖြင့်၊ ဟီးဟီးပြောင်ပြောင်၊ တောက်လောင်စွဲငြိ၊ ထင်ရှားရှိကုန်သော၊ တိဘုမ္မခေတ်၊ ခေါက်ရစ် လှည့်ပတ်၊အရပ်ရပ်သော သတ္တဝါတို့ကို၊သုံးဖြာသော မီးငြိမ်းဆေး၊တရား တည်းဟူသောရေအေးဖြင့်၊ ဆေးတင်ဆွတ်ဖြန်း၊ ငြိမ်းချမ်းစေတတ်သော သကာတ်အလာကြောင့် သဗ္ဗညုမည်တော်မူသောမြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်မှန် ဝေဠုဝန်မင်းကျောင်း၌ ကိန်းအောင်း စံပယ်တော်မူ လျက်၊ပြိုင်ဘက်မရှာ၊ ပညာဇေတဂ်၊ အဂ္ဂသာဝက၊ ဘုရားလက်ရုံး၊ဘုန်း ရှိမှဟာ၊သာရိပုတ္တရာ၊ မထေရ်၏ဦးရီးဖြစ်သော၊ ပုဏ္ဏားမ၏မောင်တော် ဖြစ်သောပုဏ္ဏားကြီးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

အရှင်သာရိပုတ္တရာမထေရ်သည် တရံရောအခါ မယ်တော်၏မောင် ဖြစ်သော ပုဏ္ဏားကြီး၏အထံသွား၍ အသို့ပေနည်း၊ဒါယကာပုဏ္ဏားကြီး၊ တစုံတခုသာလျှင် ဖြစ်သော ကုသိုလ် ကောင်းမှုကို ပြုပါ၏လောဟု မေးတော်မူလျှင်၊အရှင်ဘုရား၊ တပည့်တော်သည် ကုသိုလ်ကောင်းမှုကို ပြုပါ၏ဟုလျှောက်၏။ ဒါယကာပုဏ္ဏားကြီး၊ အဘယ်သို့သော **ကုသိုလ်** ကောင်းမှုကို ပြုလုပ်သနည်းဟု မေးတော်မူပြန်သည်ရှိသော်၊အရှင်ဘုရား၊ တပည့်တော်သည် လတိုင်းလတိုင်း တထောင်သောအသပြာကို စွန့်ကြဲ သဖြင့် အလှူဒါနကို ပေးကမ်းလှူဒါန်းပါ၏ဟု လျှောက်၏။

### ဗြဟ္မာပြည်တောင့်တသောအလှူ။

ဒါယကာပုဏ္ဏားကြီး၊ အသင်သည်အဘယ်သူ့အား ပေးလှူသနည်းဟု မေးတော် မူပြန်သည့်ကာလ အရှင်ဘုရား၊ တပည့်တော်သည် နိဂဏ္ဌ တို့အား ပေးလှူပါသည်ဟု လျှောက်၏။ အဘယ်သို့သောဆုကိုတောင့်တ

ရည်သန်ပြီးသည့်ကာလ ပေးကမ်းလှူဒါန်းသောဒါနကို ပြုလုပ်သနည်း-ဟု မေးတော်မူပြန်လျှင် အရှင်ဘုရား၊ဗြဟ္မာ့ပြည်ကို ဟောင့်တရည်သန်ပြီး သောကာလ ပေးကမ်းလှူဒါန်း ပါသည်-ဟု လျှောက်သည် ရှိသော်၊ ပုဏ္ဏားကြီး၊အသို့ပေနည်း။ ဤသို့ပြုလုပ်ခြင်းသည် ဗြဟ္မာ့ပြည်သို့သွားရာ လမ်းကြောင်း ကောင်းမြတ်သောလမ်းခရီးဟူ၍ ထင်မှတ်ပေသလော ဟု မေးတော်မူလျှင် အရှင်ဘုရား၊ဩော်-ဟုတ်မှန်ပေ၏၊ မှတ်ထင်မိပေသည် ဟု လျှောက်၏။

ဤကဲ့သို့သော အကြောင်းကို အဘယ်သူ ပြောဟောသနည်း ဟု မေးတော်မူပြန်သည်ရှိသော်၊ အရှင်ဘုရား၊ တပည့်တော် မှီဝဲဆည်းကပ် သောဆရာဘို့က ပြောဟောပါသည်ဟု လျှောက်ထားသဖြင့် ဒါယကာ ပုဏ္ဏားကြီး၊အသင်သည် ဗြဟ္မာ့ပြည်သို့ရောက်ခြင်းအကြောင်း ကောင်း မြတ်သောဗြဟ္မာ့ပြည်လမ်းခရီးကို မသိ၊အသင်၏ မှီဝဲဆည်းကပ်ရာဆရာ ပြုလုပ်သူတို့သည်လည်း မသိ၊ပုဏ္ဏားကြီး၊ ငါတို့ဆရာဖြစ်တော်မူသော မြတ်စွာဘုရား ကိုယ်တော်မြတ် တပါးတည်းသာလျှင် ဗြဟ္မာ့ပြည်သို့ ရောက်ခြင်း၏အကြောင်း၊ ကောင်းမွန်သောလမ်းခရီးကို သိတော်မူသည်။ ပုဏ္ဏားကြီး၊လာလှည့်၊အသင့်အားဗြဟ္မာ့ပြည်၏ခရီးလမ်းကြောင်းဖြစ်သော ကောင်းမွန်သော ဥပဒေသကို မြတ်စွာဘုရားအား ဟောကြားတော် မူစေဖို့ ဟု မိန့်ဆိုပြောငြတော်မူပြီးသည့်ကာလ၊ထိုပုဏ္ဏားကြီးကို ဘုရား သခင်၏ အထံတော်သို့ ခေါ်ဆောင်ခဲ့၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ဤပုဏ္ဏားကြီးသည် ဤကဲ့သို့လျှောက်ထားပါသည် စသည် တို့ဖြင့် ပြောဆိုမေးမြန်း စိစစ်ခဲ့သမျှသောအကြောင်းအလုံးစုံကို အကုန် ပြန်ကြား လျှောက်ထားပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၊တပည့်တော်သည် တောင်းပန်ပါ၏။ ထိုပုဏ္ဏားကြီးအား ဗြဟ္မာ့ ပြည်၏လမ်းခရီးကို ညွှန်ကြားဟောပြတော် မူပါကုန်လော့ဟု လျှောက်၏။

## သောတာပန်တည်ကြခြင်း။

မြတ်စွာဘုရားသခင်က ပုဏ္ဏားကြီး၊ဤသို့ပြောဆို ပြုလုပ်သောဟူသည် ဟုတ်မှန်ပေသလော-ဟု မေးတော်မူ၍ ရှင်ကြီးဂေါတမ၊ဩော် ဟုတ်မှန် လှပေသည်-ဟု လျှောက်သည်ရှိသော်၊ ပုဏ္ဏားကြီး၊ အသင်သည် ဤသို့

ပေးကမ်းလှူဒါန်း စွန့်ကြဲသဖြင့် အနှစ်တရာပတ်လုံး ပေးလှူအပ်သော ဒါနထက်သော်လည်း တမဟုတ်တခဏမျှ ကြည်ညိုလှစွာသော စိတ်ဖြင့် ငါဘုရား၏တပည့်သား သဿာတော်အား ကြည့်ရှုဖူးမြော်ခြင်းသည်ရင်း၊ တယောက်ချိုတဖွန်းမျှသောဆွမ်းကို ပေးကမ်းလှူဒါန်းခြင်း ဒါနသည်ရင်း၊ အကျိုးကြီးမြတ် လှပေသည်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူသိုသောကြောင့်-

**မာသေ မာသေ သဟဿေန၊**

**ယော ယဇေထ သတံ သမံ။**

**ဧကဉ္စ ဘာဝိတတ္တာနံ၊**

**မုဟုတ္တမ္ပိ ပူဇယေ။**

**သာယေဝ ပူဇနာ သေယျော၊**

**ယဉ္စေ ဝဿသတံ ဟုတံ။ ။**

ဟူသော၍ဂါထာကို ဟောကြားတော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ပုဏ္ဏားကြီးသည် သောတာပတ္တိ ဖိုလ်သို့ ရောက်လေ၏။ တပါးကုန်သော များစွာကုန်သော သူတို့သည်လည်း သောတာပတ္တိဖိုလ်စသည်သို့တို့ ရောက်ကုန်၏။

**အနက်ကား**။ ။ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ မာသေ မာသေ၊ လတိုင်းလတိုင်း။ သဟဿေန၊ တထောင်သော ဥစ္စာကိုစွန့်လျက်။ သတံသမံ၊ အနှစ်တရာပတ်လုံး၊ ယဇေထ၊ လောကီ လူများအပေါင်းအား ကောင်းစွာပူဇော်၏။ ယော ပန ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်ကား၊ ဘာဝိတတ္တာနံ၊ သီလသမာဓိ အစရှိသော ဂုဏ်ကျေးဇူး တရားအထူးဖြင့် ပွါးအပ်သောကိုယ်ရှိကုန်သော ရဟန်းတို့အား၊ ဧကဉ္စ၊ တကြိမ်သော်လည်း။ မုဟုတ္တမ္ပိ၊ တမုဟုတ်မျှသော်လည်း။ ပူဇယေ၊ ပူဇော်ရာ၏။ တေသံ၊ ထို ပူဇော်ကြသော ပုဂ္ဂိုလ်နှစ်ဦးတို့၏။ ပူဇနာသု၊ ပူဇော်ခြင်းတို့တွင်။ သာ ယေဝ ပူဇနာ၊ ထိုသီလသမာဓိ အစရှိသော ဂုဏ်ကျေးဇူး တရားအထူးဖြင့် ပွါးအပ်သောကိုယ်ရှိကုန်သော ရဟန်းတို့အား တခဏမျှပူဇော်ခြင်းသည် သာလျှင်။ သေယျော၊ မြတ်၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဟုတံ၊

လောကီလူများအပေါင်းအား ပူဇော်ခြင်းသည်။ ယင်္ဂေသောယော။ မဖြတ်။ ။ ဤကားအနက်။

မြွပဒသဟဿဝဂ်၌ ငါးခုမြောက်သော အရှင်သာရိပုတ္တရာ
မထေရ်၏ ဦးရီးဖြစ်သော ပုဏ္ဏားကြီး၏ဝတ္ထု
စကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ဂ-သဟဿဝဂ်။ ၆-အရှင်သာရိပုတ္တရာမထေရ်၏ တူတော် ပုဏ္ဏားဝတ္ထု။

**ယောစဝဿသတံဇန္တု။** ။အစပြုသည့်၊ မြွေပဒေသ၊ ဤမြွေဒေသနာ၊ ပါဠ်ဂါထာကို၊ ရသာဝါဒ၊ အခမ္မအလင်္ဘ၊ မသဘိစခု၊ စွပ်ဖွဲလာသော စိဥ္စမာ မိန်းမကို၊ လုံ့လမကျ၊ မရှုမာန်ချက်၊ သက်သက်သော ရှွေဘုန်းတော်ဖြင့် အောင်မြင်ဆုံးမတော်မူတတ်သော့ သတ္တိအလာကြောင့် သဗ္ဗညုမည်တော် မူသောမြတ်စွာဘုရားသခင်သည်၊ ဝန်းကျင်မိုလ်ခြေ၊ ခိုနေစည်ကား၊ ကြီးပွါး ထွန်းပ၊ မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၏ အစွန်၊ ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်းတော်မူသျက်၊ အရှင်သာရိပုတ္တရာထေရ်မဟာ၏နှမတော်သား တူဖြစ်သောပုဏ္ဏားကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ ပေသတည်း။

### အကြောင်း အကျဉ်းချုပ်အမှီ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

တရံရောအခါ အရှင်သာရိပုတ္တရာမထေရ်သည် မိမိ၏တူဖြစ်သော ပုဏ္ဏား၏အထံသို့ ချဉ်းကပ်ကြွရောက်တော်မူ၍ ပုဏ္ဏား၊ အသင်သည် တရံ တခုသောကုသိုလ်ကောင်းမှုကို ပြုဖူးအားလုံးပါ၏လောဟု မေးတော်မူ လျှင် အရှင်ဘုရား၊ပြုပါ၏-ပြုဖူးအားလုံးပါ၏ဟု လျှောက်ကြား၏၊ အဘယ် သို့သော ကုသိုလ်ကောင်းမှုကို ပြုသနည်းဟု မေးတော်မူပြန်သည်ရှိသော် အရှင်ဘုရား၊လတိုင်းလတိုင်း တကောင်တကောင်သော ဆိတ်ကိုသတ်ပြီး သည့်ကာလ မီးကိုလုင်ကျွေးပူဇော်ပါသည်ဟု လျှောက်၏။ အဘယ်အကျိုး ငှါ ဤသို့ ပြုလုပ်သနည်းဟု မေးတော်မူပြန်လျှင် အရှင်ဘုရား၊ ဤသို့ပြုလုပ်

ခြင်းသည့် ဖြဟ္မာ့ပြည်သို့ရောက်ခြင်းအကြောင်း ကောင်းမြတ်သောလမ်းခရီးအစဉ်ဖြစ်ပေသတတ်၊ ထိုကြောင့် တပည့်တော်ပြုပါသည်ဟု လျှောက်ကြား၏။ အသင့်အား ဤသို့သောအကြောင်းကို အဘယ်သူပြောသနည်းဟု မေးတော်မူပြန်သဖြင့် အရှင်ဘုရား၊ တပည့်တော် မှိဝဲဆည်းကပ်သော ဆရာမြတ်တို့သည် ဆိုးမပြောဟော အပ်ပါသည်ဟု လျှောက်၏။ ပုဏ္ဏား၊ အသင်သည် ဖြဟ္မာ့ပြည်၏လမ်းခရီး ရောက်ကြောင်း ကိုလည်း ကောင်းစွာ မသိ အသင်၏ မှိဝဲဆည်းကပ်ရာ ဆရာပြုသုပ်သောသူတို့သည်လည်း ဖြဟ္မာ့ပြည်၏လမ်းခရီး ရောက်ရာရောက်ကြောင်းကို ကောင်းစွာ မသိကြလေ။ အသင်ပုဏ္ဏား၊ လာလှည့်။ ငါတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်၏အထံသို့သွားကြကုန်အံ့ ဟုပြောဆိုပြီးသည့်ကာလ၊ ထိုတူတော်ဖြစ်သောပုဏ္ဏားကို မြတ်စွာဘုရားသခင်၏အထံသို့ခေါ်ဆောင်ခဲ့ပြီးသော် ထိုအကြောင်းအလုံးစုံကို အကုန်ပြန်ကြားလျှောက်ထားပြီး၍၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့သည် ဤပုဏ္ဏားအား ဖြဟ္မာ့ပြည်၏လမ်းကြောင်းကို ပြောကြားဆုံးမြတော်မူပါကုန်လောဟု တောင်းပန်လျှောက်ကြား၏။

## သောတာပန်တည်ခြင်း။

မြတ်စွာဘုရားကိုယ်တော်မြတ်က ''ပုဏ္ဏား ဤသို့ပြုသုပ်သော ဟူသည့် ဟုတ်မှန်ပေသလော'' ဟု မေးတော်မူ၍၊ အရှင်ဂေါတမ၊ ဤသို့လျှောက်ထားတိုင်း ဟုတ်မှန်ပါပေ၏ဟု လျှောက်ကြားသည် ရှိသော် ပုဏ္ဏား၊ အနှစ်တရာပတ်လုံးလည်း ဤသို့မီးကို လုပ်ကျွေးသောသူအား ထိုမီးကို လုပ်ကျွေးခြင်းသည် ငါဘုရား၏တပည့်သား သာဝကတော်အား တခဏမျှ ပူဇော်ခြင်းသည်ကိုသော်လည်း မမှီနိုင်ဟု မိန့်တော်မူပြီးသော် အနုသန္ဓိကို စပ်၍ တရားတော်ကို ဟောကြားတော် မူသိုသောကြောင့်-

> ယော စ ဝဿသတံ ဇန္တု၊ အဂ္ဂိံ ပရိစရေ ဝနေ။
> ဧကဉ္စ ဘာဝိတတ္တာနံ၊ မုဟုတ္တမပိ ပူဇယေ။
> သာယေဝ ပူဇနာ သေယျော၊ ယဉ္စေ ဝဿသတံ ဟုတံ ။

ဟူသောဤဂါထာကို ဟောတော်မူသတည်း။

ဂါထာဒေသနာတော်၏အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ပုဏ္ဏားမှ တပါးသည်းဖြစ်သော များစွာသော သူတို့သည် လည်း သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ယော စ ဇန္တု၊ အကြင် သတ္တဝါ သည်လည်း။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး ။ဝနေ၊ တော၌။ အဂ္ဂိံ၊ မီးကို၊ ပရိစရေ၊ လုပ်ကျွေးရာ၏။ ယော စ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ဘာဝိတတ္တာနံ၊ သီလ,သမာဓိ-အစရှိသော ဂုဏ်ကျေးဇူးအထူးဖြင့် ပွါးအပ်သော ကိုယ်ရှိကုန်သော ရဟန်းတို့အား။ ဧကံ၊ တကြိမ်တခါ။ မုဟုတ္တမပိ၊ တခဏ မျှလည်း။ ပူဇယေ၊ ပူဇော်ရာ၏၊ တေသံ၊ ထိုသို့ ပူဇော်ကြသော ပုဂ္ဂိုလ် နှစ်ဦးတို့၏၊ ပူဇနာသု၊ ပူဇော်ခြင်း တို့တွင်။ သာယေဝ ပူဇနာ၊ ထိုသီလ, သမာဓိ-အစရှိသော ဂုဏ်အထူးဖြင့် ပွါးအပ်သောကိုယ်ရှိသော ရဟန်း တို့ကို ပူဇော်ခြင်းသည်သာလျှင်။ သေယျော၊ မြင့်မြတ်၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ယံ ဟုတံ၊ မီးကို ပူဇော်လုပ်ကျွေးခြင်းသည်။ ယဉ္စေ- သေယျော၊ မမြင့်မြတ်သည်သာလျှင်တည်း။ ။ဤကားအနက်။

ဓမ္မပဒသဟဿဝဂ်၌၊ ခြောက်ခုမြောက်ဖြစ်သော အရှင်သာရိပုတ္တရာ၏ တူတော် ပုဏ္ဏားဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ဂ-သဟဿဝဂ်။ ၇-အရှင်သာရိပုတ္တရာမထေရ်၏ အဆွေပုဏ္ဏားကြီးဝတ္ထု။

**ယံကိဉ္စိယိဋ္ဌံ။** ။အစရှိပြသည့်၊ ဓမ္မဒေသနာ၊ ဤဂါထာပါဌ်၊ ခုဓပါဌ်ကို၊ သုံးရပ်ဘုံသူ၊ ဝေနေလူတို့ကို၊ ကြည်ဖြူ ကရုဏာ ငဲ့ရှုရှုကာဖြင့် ကောင်းစွာ ဆုံးမတတ်သော၊ သဗ္ဗညုတ်ဝိသိဋ္ဌ၊ ဂုဏ်ထူးဟိတ် အလာကြောင့်၊ သဗ္ဗညာ မည်ဘိ၊ စောမုနိသည်၊ ဖိဝ်ဘိနုဂိုရ်၊ ရာဇဂြိုဟ် နဂရ၊ ဂေါစရမြို့ပြ၊ ဝေဠုဝန် ကျောင်းတော်၌၊ ကိန်းအောင်း စံပယ်တော်မူသောအခါ၊ သာရိပုတ္တရာ အရှင်၏၊ ပေါ့သွင်ဌာန၊ လူ့ဘဝက၊ သဟာယစင်စစ်၊ အဆွေ ခင်မွန်းဖြစ်သော ပုဏ္ဏားကြီးကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေ သတည်း။

## အကြောင်း အဦးပွဲတွင်အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တရံရောအခါ၊ အရှင်သာရိပုတ္တရာမထေရ်သည် လူဖြစ်စဉ် ကာလက မိမိ၏အဆွေ ခင်ပွန်းဖြစ်သော ပုဏ္ဏားကြီးအထံသို့ ကြွသွားချဉ်းကပ်တော်မူ၍၊အချင်းပုဏ္ဏားကြီး၊အသို့ပေနည်း တရုံတခုသော ကုသိုလ်ကောင်းမှုကို ပြုရအားထုတ်ပါ၏လော ဟု မေးတော်မူသဖြင့်။ အရှင်ဘုရား၊ ကြွင်-ပြုရအားထုတ်ပါ၏ဟု လျှောက်၏ အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုရအားထုတ်ပါသနည်း ဟု မေးတော်မူပြန်သည်ရှိသော်။ အရှင်ဘုရား၊ များစွာသော ပစ္စည်းဥစ္စာကို စွန့်ကြဲသဖြင့် ယဇ်ပူဇော်ခြင်း အမှုကို ပြုပါသည်ဟု လျှောက်၏ ပုဏ္ဏားကြီး၊ အဘယ်သို့သော အကျိုး၌ တောင့်တရည်သန်ပြီးသည့်ကာလ ပြုလုပ်သနည်းဟု မေးတော်မူပြန်လျှင်။ အရှင်-ဘုရား၊ ဗြဟ္မာ့ပြည်သို့ ရောက်ခြင်းအကြောင်း ကောင်းမြတ်သော လမ်းခရီး ဖြစ်ပေလိမ့်မည် ဟု ရည်သန်ပြီးသည့်ကာလ ပြုလုပ်ပါသည် ဟု လျှောက်၏ အသင်အား ဤကဲ့သို့သောအကြောင်းကို အဘယ်သူသည် ပြောဟော ဆုံးမသနည်းဟု မေးတော်မူပြန်သည်ရှိသော်၊ အရှင်ဘုရား၊ တပည့်တော် မှီဝဲဆည်းကပ်အပ်သော ဆရာမြတ်တို့သည် ဆုံးမပြော-ဟောအပ်ပါသည်ဟု လျှောက်၏။

အချင်းပုဏ္ဏားကြီး၊ အသင်သည် ဗြဟ္မာ့ပြည်၏ ခရီးလမ်းကြောင်းကိုလည်း ကောင်းစွာမသိ။အသင် မှီဝဲဆည်းကပ်ရာ ဆရာတို့သည်လည်း ကောင်းစွာမသိ။ ပုဏ္ဏားကြီး၊ လာလှည့်။ ငါတို့ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားအထံသို့ သွားကြကုန်အံ့ဟု ပြောဆိုပြီးသည့်ကာလ၊ ထို-ပုဏ္ဏားကြီးကို မြတ်စွာဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့၍ ထို-အကြောင်း အလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထား ပြီးသော်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့သည် တပည့်တော်၏ အဆွေ ခင်ပွန်းဖြစ်သော ဤပုဏ္ဏားကြီးအား ဗြဟ္မာ့ပြည်၏ လမ်းခရီးကို ကောင်းစွာ ညွှန်ပြဆုံးမ ဟောကြားတော် မူပါကုန်လော့ ဟု လျှောက်ကြား တောင်းပန်၏။

## သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်က "ပုဏ္ဏားကြီး၊ ဤသို့ ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလော" ဟု မေးတော်မူ၍။ ရှင်ဂေါတမ၊ ဤသို့ လျှောက်ထားသောအတိုင်း ဟုတ်မှန်ပါပေ၏ဟု ဝန်ခံလျှောက်ထားသည် ရှိသော်၊ ပုဏ္ဏားကြီး၊ အသင်သည် တနှစ်ပတ်လုံး ယဇ်ပူဇော်ခြင်းကို ပူဇော်သဖြင့် လောကီဘုံသား လူများအပေါင်းအား ပေးလှူအပ်သော အလှူဒါနသည် ကြည်ညိုလှစွာသော ပသန္နစိတ်ဖြင့် ငါဘုရား၏ တပည့်သား ရဟန်းတော် တို့အား ရှိသေညွတ်ဖျင်း ရှိခိုးရသော သူတို့အား ထင်ရှား ဖြစ်ပေါ်သော ကောင်းမြတ်သော ကုသိုလ် စေတနာ၏ လေးဘို့ တဘို့မျှလောက်သော်လည်း အဘိုးမထိုက်။ မမြင့်မြတ် ဟု မိန့်တော်မူ ပြီးလျှင်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသော ကြောင့်-

> **ယံကိဉ္စိ ယိဋ္ဌဉ္စ ဟုတဉ္စ လောကေ၊**
> **သံဝစ္ဆရံ ယဇေထ ပုညပေက္ခော။**
> **သဗ္ဗမ္ပိ တံ န စတုဘာဂမေတိ၊**
> **အဘိဝါဒနာ ဥဇ္ဇုဂတေသု သေယျော။ ။**

ဟူသော ဤဂါထာပါဠိကို မိန့်တော်မူ၏။

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ သာရိပုတ္တရာ မထေရ်၏ အဖေါ် အဆွေ ခင်မွန်းဖြစ်သော ပုဏ္ဏားကြီးသည် သောတာပတ္တိဖိုလ်သို့ ရောက်-လေ၏။ တပါးလည်း ဖြစ်ကုန်သော များစွာသော သူတို့သည် သောတာ-ပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏၊

**အနက်ကား။** ။လောကေ၊ လောက၌။ ပုညပေက္ခော၊ ကောင်းမှုကို ငဲ့သည်ဖြစ်၍။ ယံကိဉ္စိ၊ အလုံးစုံသော၊ ယိဋ္ဌဉ္စ၊ ထိမ်းမြား မင်္ဂလာ စသည် အခါ၌ လှူသော အလှူကိုရင်း။ ဟုတဉ္စ၊ ပကတိသောအခါ၌ လှူအပ်သော အလှူကိုရင်း။ သံဝစ္ဆရံ၊ တနှစ်ပတ်လုံး။ ယဇေထ၊ ပူဇော်ရာ၏၊ သဗ္ဗမ္ပိ၊ အလုံးစုံသည်း ဖြစ်သော။ တံ ယာဂံ၊ ထိုပေးလှူ ပူဇော်ခြင်းသည်။ ဥဇ္ဇု-ဂတေသု၊ မစ္ဆိမပဋိပတ်၊ အကျင့်မြတ်ကို၊ ဖြောင့်မတ်စွာ ကျင့်ကုန်သော အရိယာ ပုဂ္ဂိုလ်တို့၌။ အဘိဝါဒနာ အဘိဝါဒနာယ၊ ရှိခိုးခြင်း ကုသိုလ်

စေတနာ၏၊ စာဘုဘာဝ၊ လေးဘို့တဘို့ကို နှ ဖတ်၊ မမိမရောက်နိုင်။ တသွာ၊ ထိုသို့မမိ မရောက်နိုင်သောကြောင့်။ ဥဇ္ဇုဂတောသု၊ မဇ္ဈိမပဋိပတ်၊ အကျင့်မြတ်ကို၊ ဖြောင့်မတ်ပွာ ကျင့်ကုန်သော အရိယာပုဂ္ဂိုလ်တို့၌။ ဝါ၊တို့အား။ အဘိဝါဒနာ၊ရှိခိုးခြင်းသည်။ သေယျော၊မြင့်မြတ်၏။ ။ဤကားအနက်၊

မွေ့ပဒ သဟာသဝဂ်၌ ခုနစ်ခုမြောက်သော အရှင်သာရိပုတ္တရာ မထေရ်၏ အဖေါ်ပုဏ္ဏားကြီးဝတ္ထု စကားစဉ်ကား ဤတွင်ရွေ့ ပြီး၏။

---

ဂ-သဟာသဝဂ်။ ဂ-အာယုဝဍ္ဎနသတို့သား၏ဝတ္ထု။

**အဘိဝါဒနသီလိဿ။** ။ဤသို့ စသည့်၊ မွေ့ဒေသနာ၊ ပါဠိဂါထာကို၊ ဆဲ့တခြောမီး၊ လောင်မိုးစ၍၊ ငြိုးငြိုးတွားကာ၊ ခံစားရှာသော၊ သတ္တဝါ မိုလ်ခြေ၊ ဝေနေတသင်းကို မြင်လျှင်၊ ကိုယ်တော်ပင် ခံစားရသည့် ပမာ၊ ကျင်နာ သနားတော်မူလှသော၊ အတော်ကာရုဏ စေတနာ၊ ဆဲ့တခြော ထို-မီးတို့ ငြိမ်းကြီးငြိမ်းရာ၊ နိဗ္ဗာန်ဘာ အောင်ရပ်သို့၊ ကပ်ရောက်စေ နှလုံး ထားလျက်၊ တရားတော် အရပ်ရပ်တို့ဖြင့်၊ ဆုံးမတော် မူဘတ်သော မြတ်စွာဘုရား သခင်သည်၊ စည်ပင် အိမ်ခြေ၊ လူနေများလှ၊ ဒိဃာလမ္ဗိက ရွာကို ဆွမ်းခံရာ အမှီပြုလျက်၊ စိမ်းနုဝေဆာ၊ ပွင့်ချပ်ဖြာသော၊ အရညဝါ တောကျောင်း၌ ကိန်းအောင်း စံပယ်တော် မူသောအခါ၊ ဒိဃာယုအမည် ရှိသော သတို့သားကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

**အကြောင်း အကျဉ်းမှုကို အစဉ်ကား ဤသို့ပေတည်း။**

ပစ္စုပ္ပန်ဝတ္ထု။

ဒိဃာလမ္ဗိကမြို့၌ နေငလှရှိကုန်သော အဖေါ်ခင်ပွန်း ဖြစ်ကုန်သော နှစ်ယောက်သော ပုဏ္ဏားတို့သည် သာသနာဘော်မှအပ ဗာဟိရက ဖြစ်သော ရသေ့ရဟန်း၏အဖြစ်ကို ပြုလုပ်ကြကုန်၍၊ လေးဆဲ့ရှစ်နှစ်တို့ ပတ်လုံး ဖြင်းပြုသော အကျင့်ကို ကျင့်ကြံအားထုတ် ပြုလုပ်ကြကုန်၏။ ထိုနှစ်ယောက်သော ပုဏ္ဏားတို့တွင် တယောက်သောပုဏ္ဏားသည် ငါ၏

အမျိုးအဆက်သည် ပျက်စီးပေလတ္တံ့။ လူထွက်တော့အံ့ ဟု ကြံပြီး၍၊ မိမိပုံအပ်သော အကျင့်ကို သူတပါးအား ရောင်းချပြီးလျှင် တရာသော နွား၊ တရာသော အသပြာနှင့်တကွ ခင်ပွန်းမယားကိုခ၍ ပစ္စည်းဥစ္စာကို စည်ပင်ပြန့်ပွါး တည်ရှိစေ၏၊ထိုနောက် ထိုပုဏ္ဏား၏ မယားခင်ပွန်းမသည် တယောက်သော သားကို ဖွါးမြင်လေ၏၊ ရသေ့ရဟန်းအဖြစ်၌ တည်-ရှိရစ်ခဲ့သော အဖေါ်ခင်ပွန်း ရသေ့သည် အရပ်တပါးသို့ သွားရောက် နေထိုင်ပြီးလျှင် တဘန်ပြန်လာ၍ ဒီဃလမ္ဗိကမြို့သို့ ရောက်လာ၏။ ရသေ့ အဖြစ်မှ ထွက်ရောက် လျှောကျ လူ့ဘောင်၌ နေမှုသော ထိုပုဏ္ဏားသည် အဖေါ်ခင်ပွန်းဖြစ်သော ရသေ့၏ ကြွရောက်လာသောအဖြစ်ကို ကြား-သိ၍ သားမယားကို ခေါ်ဆောင်ပြီးသည့် ကာလ၊ ရသေ့ကို ဖူးမြော်ခြင်းငှါ သွားရောက်၍၊ ရသေ့၏ ထံမှောက်သို့ ကျရောက်သော အခါ သားငယ်ကို မိခင်၏လက်၌ ပိုက်ပွေ့ ယူထားရန် ပေးပြီး၍ မိမိသည် ရှေးဦးစွာ ရှိခိုး၏။မိခင်သည်လည်း သားငယ်ကို တဘန် ဖခင်၏ လက်၌ ပေးအပ်ပြန်၍ မိမိသည် ရှိခိုး၏၊ အဖေါ်ခင်ပွန်း ဖြစ်သော ရသေ့က "ဒီဃာယုကာ ဟောထ" အသင်တို့အား ရှည်သောအသက် ရှိသည် ဖြစ်ကြပါစေကုန်သတည်းဟု ဆုတောင်း မြွက်ဆို၏။ သားငယ်ကို ရှိခိုး စေသည်ရှိသော်၊ ဆိတ်ဆိတ်သာလျှင် ဖြစ်၍နေ၏၊

ထိုအခါ ရသေ့ကို "အရှင်ဘုရား၊ တပည့်တော်တို့သည် ရှိခိုးကြ ကုန်သည်ရှိသော်၊ရှည်သောအသက် ရှိသည်ဖြစ်ကြပါစေကုန်သတည်း" ဟု မိန့်ဆိုဆုပေးတော်မူပါလျက်၊ဤသူငယ် ရှိခိုးသောအခါ၌ အဘယ်ကြောင့် မိန့်ဆို ဆုပေးတော် မမူပါကုန်သနည်း၊ ဤသူငယ်အား အဘယ်သို့သော အန္တရာယ် ငြိတွယ်ခြင်း ရှိပါသနည်းဟု မေးလျှင်။ ဒါယကာ ပုဏ္ဏား၊ အသင်၏သားငယ်အား ရောဂါအန္တရာယ် ငြိတွယ် ကျရောက်ဘို့ရာ ရှိပေ သည်ဟု ပြောဆို၏။ အရှင်ဘုရား၊ ဤသူငယ်အား အဘယ်မျှလောက် အသက်ဇီဝိတိန္ဒြေရှည်ပါအံ့နည်းဟုမေးလျှောက်ပြန်သော်၊ဒါယကာပုဏ္ဏား ခုနစ်ရက်မျှလောက်သာ ဇီဝိတိန္ဒြေ အသက်၊ မပျက်တည်နေ၊ ရှည်ပေလိမ့် မည်ဟု မိန့်တော်မူ၏၊ အရှင်ဘုရား၊ ထိုအန္တရာယ် ငြိတွယ်ကျရောက် မည်ကို တားမြစ် နိုင်ဘွယ်ရာသော အကြောင်း ရှိပါသလောဟု မေး-လျှောက်ပြန်သဖြင့်။ ဒါယကာ၊ ငါသည်ကား တားမြစ်နိုင်ဘွယ်ရာသော

အကြောင်းကို မသိဟု ပြောဆို၏။ အရှင်ဘုရား၊ အဘယ်သူသည် သိနိုင်ပါအံ့နည်းဟု မေးလျှောက်ပြန်လျှင်၊ ဒါယကာ၊ ရဟန်းဂေါတမဖြင့်လျှင် သိနိုင်ရာ၏၊ ထိုရဟန်းဂေါတမ၏ ထံမှောက်သို့ သွားရောက် ချဉ်းကပ်ပြီးသည့်ကာလ မေးလျှောက်လေလော့ဟု ပြောဆိုသဖြင့်။ အရှင်ဘုရား၊ ထိုရဟန်းဂေါတမ၏ ထံမှောက်သို့ သွားရောက်ချဉ်းကပ်ရမည့် အရာ၌ အကျင့်မှ ဆုတ်ယုတ်ပျက်စီးမည်ကို ကြောက်ရွံ့လှပါသည်ဟု လျှောက်လျှင်။ ဒါယကာ အသင်သည် အသင်၏ သား၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်း အကယ်၍ ရှိသည် ဖြစ်ခဲ့ပါအံ့၊ အကျင့်မှ ဆုတ်ယုတ် ပျက်စီးအံ့သည်ကို ကြံစည် တွေးတောခြင်းကို မပြုမူ၍၊ ထိုရဟန်း ဂေါတမ၏ အထံသို့သာ သွားရောက် ပြီးသည့်ကာလ မေးလျှောက်လေတော့ ဟု ပြောဆို၏။

ထိုပုဏ္ဏားသည် မြတ်စွာဘုရား စံစား စံပယ်ရာ ဖြစ်သော တော-ကျောင်းသို့ သွားရောက်ချဉ်းကပ်၍ ရှေးဦးစွာ မိမိသည် ရှိခိုး၏။ မြတ်စွာ-ဘုရား သခင်သည် "ဒီဃာယုကောဟောဟိ" အသင်အား ရှည်သော အသက် ဇီဝိတ်ငွေ့ ရှိသည်ဖြစ်ပါစေသော့ဟု မိန့်ဆို ဆုပေးတော်မူ၏။ မယားခင်ပွန်းမ ရှိခိုးသော အခါ၌သည်း ထိုအတူသာ မိန့်ဆိုဆုပေးတော်မူ၍ သားငယ်အား ရှိခိုးစေသောအခါ၌ ဆိတ်ဆိတ်သာ သိတင်းသုံးနေတော်မူ၏။ ထိုပုဏ္ဏားသည် ရှေးနည်းအတူသာလျှင် မေးလျှောက်၏။ မြတ်စွာဘုရားသခင်သည်လည်း ရှေးနည်းအတူသာလျှင် ဖြေဆိုတော်မူ၏။

[ရှေးဦးအစ ပဌမကာ ဖြေဆိုလိုက်သော သာသနာတော်မှ အပ ဗာဟိရကရသော့ရဟန်းပြုသော ထိုပုဏ္ဏားသည် သဗ္ဗညုတ ဉာဏ်တော်ကိုထိုးထွင်း၍မသိဘဲသာလျှင် မိမိ၏လောကီဖြစ်သော အတတ် မန္တန်သည် သဗ္ဗညုတ ဉာဏ်တော်နှင့် နှီးနှောပေ သတတ်။ စင်စစ်မူကား အန္တရာယ် တားမြစ်ခြင်း၏ အကြောင်းကို မသိမမြင်လေ။ ။ထို့ကြောင့် ဋီကာဆရာက-

သော ကိရ ဗြာဟ္မဏော သဗ္ဗညုတဉာဏံ အပဋိဝိဇ္ဈိတွာဝ အတ္တနော မန္တံ သဗ္ဗညုတဉာဏေန သံသန္ဒေသိ။ ပဋိဗာဟနူ-ပါယံပန န ဇာနာတိ။

ဟု မိန့်ဆိုတော်မူ၏။

**အနက်ကား**။ ။သော ဖြာဟ္မဏော၊ ဗာဟိရက ရသေ့ ရဟန်း ဖြစ်သော ထိုပုဏ္ဏားသည်၊ သမ္ဗုဒ္ဓတညာဏံ၊ သဗ္ဗညုတ ဉာဏ်ကို။ အပဋိဝိဇ္ဈိတွာဝ၊ ထိုးထွင်း၍ မသိမူ၍သာလျှင်။ အတ္တနော၊ မိမိ၏။ မန္တံ၊ လောကီ မန္တန်သည်၊ သဗ္ဗညုတညာဏေန၊ သဗ္ဗညုတ ဉာဏ်တော်နှင့်။ သံသန္ဒေသိ ကိရ၊ နှီးနှောပေသတတ်၊ ပန၊ စင်စစ်သော်ကား၊ ပဋိဗာဟန္တ-ပါယံ၊ တားမြစ်ခြင်း အကြောင်းကို။ န ဇာနာတိ၊ မသိလေ၊ ။ဤကား-အနက်၊]

## အသောက်ရှည်သော အစီအရင်။

ပုဏ္ဏားသည် မြတ်စွာဘုရား သခင်ကို"အရှင်ဘုရား၊ အန္တရာယ်ကို တားမြစ်နိုင်ခြင်းအကြောင်း တစုံတခုမျှ ရှိပါအံ့လော"ဟု မေးလျှောက်၏။ ပုဏ္ဏားကြီး၊ အန္တရာယ်ကို တားမြစ်ခြင်းငှါ စွမ်းနိုင်သည် ဖြစ်ပေရာ၏ဟု မိန့်တော်မူလျှင်။ အရှင်ဘုရား၊ အဘယ်သို့ ဖြစ်ပါအံ့နည်းဟု မေးလျှောက်သဖြင့်။ ပုဏ္ဏား၊ အသင်သည် မိမိအိမ်တံခါး၌ မဏ္ဍပ်ကို ဆောက်လုပ်ပြီးသည့် ကာလ၊ ထိုမဏ္ဍပ်၏ အလယ်၌ အင်းပျဉ်ကိုပြု၍ ဝန်းရံပြီးသော် ရှစ်ခုသော နေရာတို့ကိုရင်း, တဆဲ့ခြောက်ခုသော နေရာတို့ကိုရင်း ခင်းစေပြီး၍၊ ထိုနေရာတို့၌ ငါဘုရား၏တပည့်သား သဃာ်တော်တို့ကို နေထိုင်စေပြီးလျှင် ခုနစ်ရက်ပတ်သိမ်း အစဉ်မပြတ် ပရိတ်အရံအတားကို အကယ်၍ ပြုခြင်းငှါ စွမ်းနိုင်သည်ဖြစ်အံ့၊ထိုသူငယ်အား ဤသို့သောအန္တရာယ်သည် ပျက်စီး ပပျောက်ပေရာ၏ ဟု မိန့်တော်မူ၏။

အရှင်ဂေါတမ၊ အကျွန်ုပ်သည် မဏ္ဍပ်စသည်တို့ကို မိန့်ဆိုတော်မူသည့်အတိုင်း ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါ၏။ အရှင်ဘုရားတို့၏ တပည့် သာဝကတို့ကိုမူကား အဘယ်သို့ ရနိုင်ပါအံ့နည်း ဟု မေးလျှောက်၏။ မြတ်စွာဘုရားသခင်က "ပုဏ္ဏား၊အသင်သည် ဤမျှလောက် အဆောက်အအုံ လောက်လုံပြည့်ဝအောင် ပြုသည်ရှိသော်၊ ငါဘုရားသည် ငါ၏ တပည့်သားဖြစ်သော သဃာ်တော်တို့ကို စေလွှတ်လိုက်အံ့"ဟု မိန့်တော်မူသဖြင့်။ အရှင်ဂေါတမ၊ ကောင်းလှပါပြီဟု ဝန်ခံလျှောက်ထား ပြန်သွားပြီးသည်ရှိသော်၊ ထိုပုဏ္ဏားသည် မိမိ၏အိမ်တံခါး၌ အလုံးစုံသော ကိစ္စကို တာဝတည်း ပြီးဆုံးစေပြီး၍ မြတ်စွာဘုရားသခင်၏ အထံသို့ သွားရောက်

လျှောက်ထား၏။ မြတ်စွာဘုရား သခင်သည် ရဟန်းတို့ကို စေလွှတ်တော်မူ၍၊ ရဟန်းတို့သည် ကြွသွားကုန်ပြီးသော်၊ ခင်းထားအပ်သော ထိုနေရာ၌ ထိုင်နေကုန်၍၊ သူငယ်ကို အခင်းပျဉ်ထက်၌ အိပ်စေကုန်ပြီးလျှင်၊ ရဟန်းတို့သည် ခုနစ်ညဉ့် ခုနစ်နေ့ပတ်လုံးမပြတ် ပရိတ်တော်ကို ရွတ်ဘတ်သရဇ္ဈာယ်ကြကုန်၏။

## ခလေးကိုစားမည့်ဘီလူး။

ခုနစ်ရက်မြောက်သောနေ့၌ မြတ်စွာဘုရားသခင်သည် ကိုယ်တော်တိုင်ကြွတော် မူလာ၏။ ထိုမြတ်စွာဘုရား ကြွလာတော် မူသည် ရှိသော် အလုံးစုံသော စကြဝဠာ၌ရှိကုန်သော နတ်တို့သည် စည်းဝေးကြကုန်၏။ အဝရုဒ္ဓကအမည်ရှိသော တယောက်သော ဘီလူးသည် တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး ဝေဿဝဏ်နတ်မင်းကြီးကို ခစားလုပ်ကျွေးလျက် ထိုနတ်မင်းကြီးအထံမှ ဆုကိုရသည်ရှိသော် ဤနေ့မှနောက် ခုနစ်ရက်မြောက်သောနေ့၌ ဤသူငယ်ကို ယူလေလော့ဟူသော ဆုကိုရ၏။ ထို့ကြောင့် ထိုအဝရုဒ္ဓကဘီလူးသည်လည်း လာရောက်၍ရပ်တည်၏၊ မြတ်စွာဘုရားသခင်သည် ထိုအရပ်သို့ ကြွသွားတော်မူသည်ရှိသော် တန်ခိုးကြီးကုန်သော နတ်တို့သည် စည်းဝေးလာရောက် ကြကုန်သည်ရှိသော် တန်ခိုးငယ်ကုန်သောနတ်တို့သည် နေရာအခွင့်ကိုမရကုန်သည်ဖြစ်၍ ဆုတ်နစ်ဆုတ်နစ်၍သာ တဆဲ့နှစ်ယူဇနာရှိသော အရပ်တို့သို့ ဖဲသွားရကြကုန်၏။ အဝရုဒ္ဓကဘီလူးသည်လည်း ထိုတဆဲ့နှစ်ယူဇနာ မျှလောက်သော အရပ်၌ပင်လျှင် ဖဲသွား၍ နေရ၏။

မြတ်စွာဘုရားသခင်သည် အလုံးစုံသော ညဉ့်ပတ်လုံး ပရိတ်အရံအတားကိုပြုတော်မူ၏၊ ခုနစ်ရက်ကို လွန်မြောက်သည်ရှိသော် အဝရုဒ္ဓကဘီလူးသည် သူငယ်ကို ယူခြင်းငှါ မရ၍ ရှစ်ရက် မြောက်သောနေ့အရုဏ်တက်ကာမျှ၌ သူငယ်ကို ဆောင်ယူပြီးလျှင် မြတ်စွာဘုရားသခင်ကို ရှိခိုးစေကုန်၏၊ ဘုရားကိုယ်တော်မြတ်သည် "ဒီဃာယုကော ဟောတု" အသင်အား ရှည်သောအသက်ရှိသည် ဖြစ်စေလော့ဟု ဆုပေးမိန့်ဆိုတော်မူ၏။ ပုဏ္ဏားက အရှင်ဂေါတမ၊ ဤသူငယ်သည် အဘယ်မျှလောက်အသက်ရှည်သည်ဖြစ်၍ လူ့ပြည်၌ တည်ပါလတ္တံ့နည်းဟု မေးလျှောက်

သဖြင့် ပုဏ္ဏား၊ဤသူငယ်သည် အသက်တရာ့နှစ်ဆယ် ရှည်သည်ဖြစ်၍ တည်နေပေသတ္တံ့ဟု မိန့်ဆိုတော်မူ၏။ ထိုအခါ သူငယ်အား အာယုဝဍ္ဎန ကုမာရဟူသော အမည်ကိုပြုကြကုန်၏။ ထိုအာယုဝဍ္ဎနသတို့သားသည် ကြီးပွါးခြင်းကိုစွဲ၍ အရွယ်သို့ ကျရောက်သည်ရှိသော် ငါးရာကုန်သော ဥပါသကာတို့ဖြင့် ခြံရံလျက် လှည့်လည်သွားလာ၏။

ထိုအခါ တနေ့သ၌ တရားသဘင် အစည်းအဝေးခွင်ဝယ် ရဟန်း အပေါင်းတို့သည် "ငါ့ရှင်တို့၊ အာယုဝဍ္ဎန သတို့သားကို ကြည့်ရှုကြပါ ကုန်လော။ ထိုအာယုဝဍ္ဎနသတို့သားသည် ခုနစ်ရက် မြောက်သောနေ့၌ အကယ်၍ သေလွန်သည်ဖြစ်ခဲ့အံ့ ဤကဲ့သို့ ငါးရာသော ဥပါသကာတို့ဖြင့် ခြံရံလျက် လှည့်လည်သွားလာခြင်း မရှိနိုင်ပေရာ ထိုအာယုဝဍ္ဎနသတို့သား သည် ဤယခုအခါ၌ အသက် တရာ့နှစ်ဆယ် တည်နေရသည် ဖြစ်၍ ငါးရာသော ဥပါသကာတို့ဖြင့် ခြံရံလှည့်လည်၍ နေရပေသည်၊ငါ့ရှင်တို့၊ ဤသတ္တဝါတို့အား အသက်ကိုပွါးစေတတ်သော အကြောင်းတရားသည် ရှိသေးယောင်တကား"ဟူသောစကားကို ဖြစ်စေကြကုန်၏။

**ဒေသနာပန်တည်ခြင်း။**

မြတ်စွာဘုရားသခင်သည် တရားသဘင် အစည်းအဝေးခွင်သို့ ကြွဝင်တော်မူလာခဲ့၍ ချစ်သားရဟန်းတို့၊ ငါဘုရားကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်ကဲ့သို့သော တရားစကားကို ပြောကြားစည်းဝေး ထိုင်နေကြကုန်သနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသောအကြောင်း ပါတည်းဟု လျှောက်ကြားသည် ရှိသော် ချစ်သားရဟန်းတို့၊ စင်စစ် အားဖြင့် အသက်သာလျှင် တိုးပွါးသည်မဟုတ်သေး ဤသတ္တဝါတို့သည် မိမိထက်ဂုဏ်အားဖြင့် မြင့်မြတ်ကြီးကျယ်ကုန်သော သူတို့ကို ရိုသေ မြတ်နိုး ရှိခိုးကုန်သည်ရှိသော် အရိုအသေပြုကုန်သည်ရှိသော် လေးပါးသောအကြောင်းတို့သည် ပွါးကုန်၏၊ ဘေးရန်အန္တရာယ် ငြိတွယ်ခြင်းမှ လွတ်မြောက်ကုန်၏၊ မိမိ၏ဇနကကံ စိမ့်ပစ်ချတိုင်း အသက်အပိုင်းအခြား ကာလပတ်လုံး တည်နေရကုန်၏ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**အဘိဝါဒနသီလိဿ၊ နိစ္စံ ဝုဍ္ဎာပစာယိနော။**

**စတ္တာရော ဓမ္မာ ဝဍ္ဎန္တိ၊ အာယု ဝဏ္ဏော သုခံ ဗလံ။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာပါဠိဂါထာ၏အဆုံး၌ အာယုဝဍ္ဎန သတို့သားသည်လည်း ငါးရာကုန်သော ဥပါသကာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်လေ၏။ တပါးလည်းဖြစ်ကုန်သော များစွာကုန်သောသူတို့သည်လည်း သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။အဘိဝါဒနသီလိဿ၊ အရိုအသေ၍ရှိခိုးလေ့ရှိသော။ နိစ္စံ၊အမြဲမပြတ်။ဝုဍ္ဎာပစာယိနော၊အသက်သိက္ခာ ဝါအားဖြင့်ကြီးသောသူ ဂုဏ်အားဖြင့် ကြီးသောသူတို့ကို အရိုအသေပြုထသော။ပုဂ္ဂလဿ၊ပုဂ္ဂိုလ်အား။အာယု၊ အသက်ရှည်ခြင်း၎င်း။ ဝဏ္ဏော၊အဆင်းလှခြင်း၎င်း၊ သုခံ၊ ချမ်းသာခြင်း၎င်း ဗလံ၊ ခွန်အား၎င်း၊ ဣတိ၊ဤသို့၊ စတ္တာရော၊လေးပါးကုန်သော၊ဓမ္မာ၊ ဂုဏ်ကျေးဇူးတရားတို့သည်။ ဝဍ္ဎန္တိ၊တနေ့တခြား တိုးပွါးလေကုန်၏။ ။ဤကားအနက်။

ဓမ္မပဒ သဟဿဝဂ်၌ ရှစ်ခုမြောက်သော အာယုဝဍ္ဎန
သတို့သား၏ ဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ့ပြီး၏။

---

## ၈ သဟဿဝဂ်။ ၉-သံကိစ္စသာမဏေဝတ္ထု။

**ယော စ ဝဿသတံ ဇီဝေ။** ။အစ ဒွေသော၊ ဤဒေသနာ၊ ပါဠိဂါထာကို၊အဝိဇ္ဇာမောဟ၊ ဤသို့စသည်၊ သုံးလောကသတ္တဝါကို။လင်းရာမထင်၊မမြင်စေလတ်၊ မိုက်မဲစေတတ်သော မှောင်အတိုက်သော တရားအစုတို့ကို နယပဒေသ၊ ဉာဏ်သန်လျက်ဖြင့်၊ ခုတ်ဖျက်၍ သုတ်သင်၊ ကြည်လင်စေသောအားဖြင့်ဟောကြားဆုံးမတော်မူတတ်သော ဂုဏ်မြတ်ကြောင့်၊တုနှိုင်ခက်ကြေငြာ၊ သတ္ထာဟူသောအမည်ဖြင့်၊ အတည်ဘည်ထင်ရှားသော ဘုရားကိုယ်တော်မြတ်သည်၊ သမာပတ်စျာန်၊ လျှင်မြန်သိမ်မွေ့၊ရသေ့တာပသ၊ သာဝတ္ထုအရှင်သည်၊ မှန်ကင်နေမှု၊ အမှိုပြုတိ

သည့်၊သာဝတ္ထိဘောင်စွန်၊ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းနေဒ္ဓလျက်၊ သံကိစ္စသာမဏေတပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိပြည်ကြီး၌ နေထိုင်ကြကုန်သော သုံးကျိပ်မျှလောက်ကုန်သော အမျိုးသားတို့သည် မြတ်စွာဘုရားသခင်၏ တရားစကားကို ကြားနာရသည်ဖြစ်၍ ဘုရားသာသနာတော်၌ စိတ်ဖြင့်နှစ်လေး ရင်ကိုပေးပြီးသည့်ကာလ ရဟန်းပြုကြကုန်၏၊ ထိုရဟန်းတို့သည် ပဉ္စင်းအဖြစ်ကိုခံယူပြီးနောက် ငါးဝါမြောက်သို့ ကျရောက်ကုန်သည်ရှိသော် မြတ်စွာဘုရားသခင်သို့ ကြည်လင်ညွတ်လျှိုး ရှိခိုးချဉ်းကပ်ပြီး၍ မြတ်စွာဘုရား သာသနာတော်၌ အားထုတ်အပ်သော ဓုရတို့သည် ဂန္ထဓုရ, ဝိပဿနာဓုရ အားဖြင့် နှစ်ပါးကုန်သောဓုရတို့ကို ကြားနာသိရှိရပြီး၍ အိုမင်းကြီးရင့်သောအရွယ်သို့ကျရောက်လေပြီးသောအခါ၌ ရဟန်းပြုရသဖြင့် ဂန္ထဓုရ၌ အားထုတ်ခြင်းကိုမပြုမူ၍ ဝိပဿနာဓုရကိုသာလျှင် ဖြည့်ခြင်းငှါအလိုရှိသည်ဖြစ်၍ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို ဟောကြားစေပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊တပည့်တော်တို့သည် တခုသော တောအုပ်သို့ သွားပါကုန်အံ့"ဟု မြတ်စွာဘုရားသခင်ကို ပန်ကြားလျှောက်ထားကုန်၏။

### ခုနစ်နှစ်သားသာမဏေ။

မြတ်စွာဘုရားသခင်က အဘယ်သို့သောအရပ်သို့ သွားကုန်လတ္တံ့နည်း-ဟု မေးတော်မူသည်ဖြစ်၍ ဤအမည်ရှိသောအရပ်သို့ သွားပါကုန်အံ့-ဟု ကြားလျှောက်သည်ရှိသော် ထိုအရပ်၌ တံယောက်သောစားကြွင်းစားယောက်ျားကို အမှီပြုပြီးသည့်ကာလ ထိုသုံးကျိပ် မျှလောက်သော ရဟန်း တို့အား ကြောက်မက်ဖွယ်သော ဘေးကြီး ဖြစ်သတ္တံ့။ ထိုကြောက်မက်ဖွယ်သော ဘေးကြီးသည် သံကိစ္စသာမဏေ လိုက်ပါသွားရောက်သည်ရှိသော် ငြိမ်းပျောက်ပေလတ္တံ့။ထိုသို့ ငြိမ်းပျောက်သော

အခါ၌ သုံးကျိပ်မျှလောက် ကုန်သော ထိုရဟန်းတို့အား ရဟန်းကိစ္စ ပြီးဆုံးပြည့်စုံခြင်းသို့ ရောက်ပေလတ္တံ့-ဟု သိမြင်တော် မူ၏။ သံကိစ္စ သာမဏေမည်သည်ကား အရှင်သာရိပုတ္တရာမထေရ်၏ တပည့်ဖြစ်သော ခုနစ်နှစ် အရွယ်မျှလောက်သာရှိသော သာမဏေပေတည်း။

ထိုသံကိစ္စသာမဏေ၏ အကြောင်း အတ္ထုပ္ပတ္တိ
အစဉ်ကား ဤသို့တည်း။

**မီးပုံကြီးအတွင်းမှ မွေးဖွါးခြင်း။**

ထိုသံကိစ္စသာမဏေ၏မိခင်သည် သာဝတ္ထိပြည်၌ ပစ္စည်းဥစ္စာကြွယ်ဝ ချမ်းသာသော အမျိုးတဦး၏ သမီးတည်း။ ထိုသံကိစ္စသာမဏေသည် ဝမ်း၌ပဋိသန္ဓေတည်နေ ကိန်းအောင်းစဉ်ပင်လျှင် မိခင်ဖြစ်သော အမျိုးသမီးသည် တခုသောအနာ နှိပ်စက်လာ သဖြင့် ထိုအနာ၌ပင်လျှင် သေလွန်ခြင်းကိုပြုလေ၏ ထိုမိန်းမအလောင်းကို သုသာန်သင်းချိုင်းသို့ထုတ်ဆောင် ၍ မီးတိုက် အပ်သည်ရှိသော် ဝမ်းပိုက်သားကို ထား၍ ကြွင်းသော အသားအရေတို့ကို မီးလောင်ကျွမ်းလေ၏။ ထိုအခါ ထိုမိန်းမဝမ်းပိုက် သားကို ထင်ပုံထက်မှချ၍ နှစ်ဘက်သော အရပ်တို့၌ ထံမိုဝါးတို့ဖြင့် ထိုးကုန်၏ ထံမို့ဝါး၏ အစွန်းသည် သူငယ်၏မျက်စိအစွန်းကို ထိုးခတ် ထိခိုက်၏။ဤသို့သော အခြင်းအရာအားဖြင့် ဝမ်းပိုက်သားကိုထိုးကြိတ်၍ မီးကျီးရဲ၌ထည့်ပြီးလျှင် မီးကျီးတို့ဖြင့်သာလျှင် ဖုံးလွှမ်း၍ ဖဲသွားကြ ကုန်၏။ ဝမ်းပိုက်သားကို မီးလောင်ကျွမ်းလေ၏၊ မီးကျီးရဲ အထက်၌ ရွှေဆင်းတုနှင့် တူသော သူငယ်သည် ပဒုမာကြာတိုက်၌ လျောင်းအိပ်ဘိ သကဲ့သို့ဖြစ်၏။

[ထိုစကားမှန်၏။ ပစ္ဆိမဘဝိကသားဖြစ်သော သတ္တဝါ အား မြင်းမိုရ်တောင်ကြီးဖြင့် လွှမ်းမိုးဘိညှပ်အပ်သော်လည်း အရဟတ္တ ဖိုလ်သို့မရောက်ဘဲ အသက်ကုန်ခြင်းမည်သည် မရှိ။ထိုကြောင့် ၎င်းသူငယ်သည် ဇီဝိတိန္ဒြေ အသက် ပျက်စီးခြင်း မဖြစ်လေ သတည်း။

ထိုကြောင့် ရှင်းအဋ္ဌကထာ၌-

ပဋ္ဌိမ ဘာဝိကာဿ သတ္တဿ ဟိ သိနေရုနာ ဩဠ္ဌဂ္ဂရိယမာနဿာ
ပိ အရဟတ္တံ အပ္ပတွာ ဇီဝိတက္ခယောနာမ နတ္ထိ။ ။

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ ပဋ္ဌိမဘာဝိကဿ၊ ပဋ္ဌိမဘာဝိကဖြစ်သော။ ဝါ၊အဆုံးဖြစ်သောဘဝနှင့် ယှဉ်သော။သတ္တဿ၊ သတ္တဝါအား၊ သိနေရုနာ၊ မြင်းမိုရ်တောင်ဖြင့်၊ ဩဠ္ဌဂ္ဂရိယမာနဿာပိ၊ ဘိသွပ် လွှမ်းမိုး အပ်သော်လည်း။ အရဟတ္တံ၊ အရဟတ္တ ဖိုလ်သို့။ အပ္ပတွာ၊မရောက်မူ၍၊ ဇီဝိတက္ခယောနာမ၊ အသက်ကုန်ခြင်းမည်သည်။ နတ္ထိ၊မရှိ၊ ။ဤကားအနက်။ ]

တဖန် မိုးသောက် ရောက်သောနေ့၌ ထင်းပုံကို မီးငြိမ်းကုန်အံ့ ဟု လာကုန်သည်ရှိသော် ထိုသို့သော အခြင်းအရာဖြင့် လျောင်းအိပ်နေသော သူငယ်ကို မြင် လျှင် ဤမျှလောက်သော ထင်းသစ်တို့သည် ကုန်ကျွမ်း ကုန်သည်ဖြစ်၍ အလုံးစုံသောမိခင်၏ သူငယ်ကို မီးလောင်ကျွမ်း ပါလျက် သူငယ်ကို မီးမလောင်မကျွမ်း၊ အကြောင်းအသို ဖြစ်လတ္တံ့နည်း-ဟု အံ့ဩဖွယ်သရဲ မဖြစ်ဘူးမြဲသော စိတ်ရှိကုန်သည်ဖြစ်၍ သူငယ်ကို ယူပြီး လျှင် ရွာသို့သွားရောက် ၍သည့်ကာလ နိမိတ်ဘတ်တတ်သောသူတို့ကို မေးမြန်းကြကုန်၏၊ နိမိတ်ဘတ်တတ်သော သူတို့က ဤသူငယ်သည် အကယ်၍ အိမ်ရာ့ဖွဲ့နှောင်သော လူ့ဘောင်၌ နေသည်ဖြစ်အံ့။ အမျိုး ခုနစ်ဆက်တိုင်အောင် အဆွေအမျိုးတို့သည် ပင်ပန်းဆင်းရဲခြင်း ဖြစ်ကုန် လတ္တံ့။အကယ်၍ သာသနာထမ်း ရဟန်းပြုခဲ့သည်ဖြစ်အံ့ ငါးရာကုန်သော ရဟန်းတို့ဖြင့် ခြံရံလျက် လှည့်လည်ရလတ္တံ့ဟု ပြောဆိုကြကုန်၏။

### ရှင်သာမဏေပြုခြင်း။

ထိုအခါ သူငယ်၏ မျက်စိအစွန်းထောင့်၌ ကောက်ချိတ်၍ နေခြင်းဖြင့် ပျက်စီးသည့်အဖြစ်ကြောင့် သံကိစ္စဟူသောအမည်ကို ဖြူကြကုန်၏။ ထို သူငယ်အား နောက်အခါ၌လည်း သံကိစ္စဟူသော အမည်သည် ထင်ရှား လေ၏။ထိုနောက် သူငယ်ကို အဆွေအမျိုးတို့သည် "ရှိစေတော့ကြီးပွါး

သောကာလ ငါတို့၏အရှင် ဖြစ်တော်မူသော သာရိပုတ္တရာ မထေရ်၏ အထံ၌ ရဟန်းပြုစေကုန်အံ့''ဟု နှလုံးသွင်း၍ မွေးမြူကြကုန်၏။ သံကိစ္စ သတို့သားသည် ခုနစ်နှစ်သားအရွယ်သို့ ကျရောက်သောအခါ အဆွေ အမျိုးတို့က ချစ်သား၊ အသင့်အား မိခင်၏ဝမ်းတိုက်၌ ကိန်းဝပ်တည် နေစဉ်ကာလ၌ပင်လျှင် အသင်၏မိခင်သည် သေလွန်လေသည် သေလွန် ပြီးသော ထိုအသင့်မိခင်၏ကိုယ်ကို မီးတိုက်အပ်သည်ရှိသော် လောင် ကျွမ်း၍သွားသော်လည်း အသင့်ကိုမလောင်ကျွမ်း။ ကြွင်းကျန်၍ရှိခဲ့သည် ဟု ပြောဆိုကြကုန်၏။ သတို့သားသည် အဆွေအမျိုးတို့၏ ပြောဆိုသော စကားကိုကြား၍ ငါသည်ဤသို့သဘောရှိသော ကြောက်မက်ဘွယ်သော ဘေးကြီးမှလွတ်ပေသတတ်၊ အိမ်ရာထောင်သောလူ့ဘောင်၌ နေသဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ရဟန်းပြုတော့အံ့ဟုကြံ၍ အဆွေအမျိုးတို့အား အကြောင်းကိုကြား၏၊ အဆွေအမျိုးတို့ကလည်း ''ချစ်သား၊ ကောင်းလှ ပေပြီ''ဟု ဝန်ခံ၍ အရှင်သာရိပုတ္တရာမထေရ်၏အထံသို့ ခေါ်ဆောင်ခဲ့ ပြီးသော် အရှင်ဘုရား၊ ဤသူငယ်ကို ရဟန်းပြုတော် မူပါကုန်လော-ဟု ဆောင်နှင်းအပ်နှံကုန်၏။ မထေရ်သည် တစပဉ္စက ကမ္မဋ္ဌာန်းကို ပေး၍ ရှင်သာမဏေပြုတော်မူ၏။ ထိုသူငယ်သည် သင်ရုန်းရိတ်ပြီးသည့် အဆုံး၌ သာလျှင် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ ဤ သာမဏေသည် သံကိစ္စသာမဏေမည်၏။

## ရဟန်းသုံးကျိပ်။

မြတ်စွာဘုရား သခင်သည် ''ထိုသံကိစ္စ သာမဏေသည် လိုက်ပါ သွားရောက်သည်ရှိသော် ကြောက်မက်ဘွယ်သော ဘေးကြီးသည်လည်း ငြိမ်းပျောက်လတ္တံ့၊ ထိုရဟန်းတို့အားလည်း ရဟန်းကိစ္စသည် ပြီးဆုံး ပြည့်စုံခြင်းသို့ ရောက်လတ္တံ့''ဟု သိမြင်တော်မူ၍၊ အို ချစ်သား ရဟန်းတို့၊ အသင်တို့၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာ မထေရ်ကို ကြည့်ရှု ဖူးမျှော်ပြီးသည့်ကာလ သွားကြကုန်သော့ဟု မိန့်တော်မူ၏။ ထိုသုံးကျိပ် မျှလောက်သော ရဟန်းတို့သည်လည်း ကောင်းပါပြီဟု ဝန်ခံ လျှောက်-ထား၍၊ အရှင်သာရိပုတ္တရာ မထေရ်၏အထံသို့ သွားရောက်ကြသည့် ကာလ။ ငါ့ရှင်တို့၊ အကြောင်း အဘယ်သို့နည်း ဟု မေးတော်မူသည် ရှိသော်။ အရှင်ဘုရား၊ တပည့်တော်သည် မြတ်စွာဘုရား အထံတော်၌

ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ ဝင်လိုကုန်သည် ဖြစ်သောကြောင့် ခွင့်ပန်လျှောက်ကြားပါကုန်သည်၊ ထိုသို့ လျှောက်ကြားသောအခါ၊ တပည့်တော်တို့အား မြတ်စွာဘုရားက အသင်တို့၏ နောင်တော်ကြီး ဖြစ်သော သာရိပုတ္တရာကို ကြည့်ရှုဖူးမျှော်ပြီးသည့်ကာလ၊ သွားကြကုန်လော့ဟု မိန့်တော်မူသိုက်ပါသည် ထိုကြောင့် အရှင်ဘုရား၏ ထံမှောက်သို့ လာရောက်ကြပါကုန်သည်ဟု လျှောက်၏၊

မထေရ်သည် "မြတ်စွာဘုရား သခင်သည် ဤရဟန်းတို့ကို တစုံတခုသော အကြောင်းဖြစ်အံ့ကို သိမြင်တော်မူသောကြောင့် ဤအရပ်သို့ စေလွှတ်လိုက်သည် ဖြစ်ပေကုန်လတ္တံ့ဟု ထိုအကြောင်းသည် အဘယ်သို့သော အကြောင်းနည်းဟု ဆင်ခြင်တော်မူသည်ရှိသော်။ မြတ်စွာဘုရား သိမြင်တော်မူသော အကြောင်း အခြင်းအရာကို သိတော်မူ၍။ ငါ့ရှင်တို့၊ အသင်တို့အား အလုပ်အကျွေးဖြစ်သော သာမဏေ တစုံတယောက်ရှိပါသလော ဟု မေးတော်မူသျှင်။ အရှင်ဘုရား၊ မရှိပါဟု လျှောက်၏၊ အကယ်၍ မရှိနဲ့လျှင် ဤသံကိစ္စ သာမဏေကို ခေါ်ယူ၍ သွားကုန်လော့ဟု မိန့်သည့်ကာလ၊ အရှင်ဘုရား၊ ဤအကြောင်းကား မသင့်ပါ။ သာမဏေကို အမှီပြုပြီးလျှင် တပည့်တော်တို့အား ကြောင့်ကြခြင်း ပလိဗောဓ ဖြစ်ပါလိမ့်မည် တော၌ နေကုန်သော တပည့်တော်တို့အား သာမဏေဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု လျှောက်ကုန်၏၊ ငါ့ရှင်တို့၊ ဤသာမဏေကို အမှီပြု၍ အသင်တို့အား ပလိဗောဓ မရှိ။ စင်စစ်သော်ကား အသင်တို့ကို မှီ၍ ဤသာမဏေအား ပလိဗောဓ ဖြစ်လိမ့်မည်။ မြတ်စွာဘုရား သခင်သည်လည်း အသင်တို့ကို ငါ၏အထံသို့ စေလွှတ်လိုက်ခြင်းသည် အသင်တို့နှင့် အတူတကွ သာမဏေကို ထည့်လိုက်စေလိုသော တော်င့်တခြင်းဖြင့် တောင့်တတော်မူသျက် စေလွှတ်လိုက်ပေသည် သို့ဖြစ်၍ ဤသာမဏေကို ခေါ်ယူပြီးသည့်ကာလ သွားကြကုန်လော့ဟု မိန့်တော်မူ၏၊

ထိုရဟန်းတို့ သည်လည်း ကောင်းပါပြီ ဟု ဝန်ခံ၍ သာမဏေနှင့်အတူတကွသာလျှင် သုံးကျိပ်တပါးကုန်သော ရဟန်းတို့သည် မထေရ်ကို ပန်ကြား ခွင့်တောင်းလျက် ကျောင်းမှ ထွက်ခဲ့ပြီးသည့် ကာလ၊ဒေသစာရီ လှည့်လည်ကြကုန်သည် ရှိသော်။ ယူဇနာ တရာနှစ်ဆယ်ထက်၌ အမျိုး

ဒိမ်ခြေ တထောင်ရှိသော တရသောရွာသို့ ရောက်ကုန်၏၊ လူတို့သည် ထိုရဟန်းတို့ကိုမြင်လျှင် ကြည်ရွှင် ညွတ်နူးသော စိတ်ရှိကုန်သည်ဖြစ်၍ ရိုသေကောင်းမွန်စွာ လုပ်ကျွေးပြီးသည့် ကာလ အရှင်ဘုရားတို့၊ အဘယ် အရပ်သို့ ကြွကုန်လတ္တံ့နည်းဟု မေးလျှောက်ကုန်သည်ရှိသော် ဒါယကာ-တို့၊ ချမ်းသာသော အရပ်သို့ သွားကုန်အံ့ဟု မိန့်ဆိုကုန်သဖြင့် ခြေရင်း၌ ဝပ်ပြီးလျှင်၊ အရှင်ဘုရားတို့၊ အရှင်မြတ်တို့သည် ဤအရပ်ကို အမှီပြု၍ ဝါတွင်းသုံးလပတ်လုံး သီတင်းသုံးကုန်သည်ရှိသော်၊ တပည့်တော်တို့သည် ငါးပါးသော သီလကို ကောင်းစွာဆောက်တည်၍ ဥပုသ် စောင့်သုံးခြင်း အမှုကို ပြုပါကုန်အံ့၊ အရှင်မြတ်တို့သည် ဝါကပ်ဆိုတော်မူကြပါကုန်လော့ ဟု တောင်းပန်ကြကုန်၏၊ မထေရ်တို့သည်လည်း ဝန်ခံကြကုန်၏။

## ကျောင်းဆောက်လှူဒါန်းကြခြင်း။

ထိုအခါ လူတို့သည် မထေရ်တို့၏ ညဉ့်သန့်ရာ, နေ့သန့်ရာ စင်္ကြံ ကြွရာဖြစ်သော သစ်ရွက်မိုးသော ကျောင်း, စရပ်တို့ကို ဆောက်လုပ် စီရင်၍ ယနေ့ ငါတို့၏အလှည့်၊ နက်ဖြန် ငါတို့၏အလှည့် စသည်တို့ဖြင့် အားထုတ်ခြင်းသို့ ရောက်သည်ဖြစ်၍ လုပ်ကျွေးခြင်းကို ပြုကြကုန်၏၊ မထေရ်တို့သည် ဝါသို့ ကပ်သောနေ့၌၊ ငါ့ရှင်တို့၊ ငါတို့သည် သက်တော် ထင်ရှား ရှိတော်မူသော မြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကို ယူခဲ့၏။ ပဋိပတ္တိနှင့် ပြည့်စုံခြင်းမှကြဉ်၍ မြတ်စွာဘုရားသခင်ကို နှစ်သက် စေခြင်းငှါ မစွမ်းနိုင်ပေရာ။ ငါတို့အား အပါယ်လေးပါး တံခါးတို့သည် ဟင်းလင်း ပွင့်သည်သာလျှင် ဖြစ်ကုန်၏ ထို့ကြောင့် ငါတို့သည် နံနက် စောစောကပင်လျှင် ဆွမ်းခံသော အချိန်အခါကိုရင်း၊ ညချမ်းသောအခါ၌ မထေရ်အား ခစားသော အချိန်အခါကိုရင်း၊ ကြဉ်ထား၍ တပါးသော ကာလ၌ နှစ်ပါးသော ရဟန်းတို့သည် တခုသောနေရာ၌ တွေ့ဆုံနေထိုင် သည် မဖြစ်ကုန်အံ့။ အကြင် ရဟန်းအား မချမ်းမသာ အနာရောဂါ အစရှိသော တစုံတခုသော အမှုကိစ္စသည် ဖြစ်ခဲ့အံ့၊ ထိုရဟန်းသည် ကျောက်စည်ကို ထိုးခတ်ရာ၏. ထိုကျောက်စည် ထိုးခတ်သော အမှတ်ဖြင့် ထိုရဟန်း၏အထံသို့သွား၍ ဆေးကုခြင်းအမှုကို ပြုကြကုန်အံ့။ ဤအခါ-မှစ၍ ညဉ့်အတို၌ရင်း၊ နေ့အတို၌ရင်း၊ မမေ့မလျော့ကုန်သည် ဖြစ်၍၊ ကမ္မဋ္ဌာန်းကို အားထုတ်ကုန်အံ့ဟု ကတိကဝတ်ကို ပြုကြကုန်၏။

## သူရဲယောကျ်ားး။

ထိုရဟန်းတို့သည် ဤသို့ရှိသော ကတိကဝတ်ကို ပြု၍ နေကြကုန်သည် ရှိသော်။ တယောက်သောသူဆင်းရဲယောကျ်ားသည် သမီးကိုမှီ၍အသက် မွေးမြူလျက်၊ ထိုအရပ်၌ ဝတ်မွတ်ခြင်း ဖြစ်သည်ရှိသော်၊ တပါးတသောက် သော သမီးကိုမှီ၍ အသက် မွေးမြူလိုသောကြောင့် ခရီး အစဉ် အတိုင်း သွား၏။ မထေရ်တို့သည်လည်း ရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်ပြီး၍ သိတင်းသုံးရာ အရပ်သို့ လာခဲ့ကုန်သည် ရှိသော်၊ ခရီးလမ်း အကြား ဖြစ်သော တခုသောမြစ်၌ ရေချိုးပြီးသော်၊ သဲရထက်၌ ထိုင်နေကြကုန်၍ ဆွမ်းစားခြင်းကိစ္စကို ပြုကြကုန်၏၊ ထိုဆွမ်းစားသောခဏ၌ ခရီးသွား ယောကျ်ားသည် ထိုအရပ်သို့ ရောက်လာခဲ့၍၊ဘင့်အခပ် လျောက်ပတ်သော အရပ်၌ တည်နေ၏။

ထိုအခါ ဒါယကာကို မထေရ်တို့က အဘယ်အရပ်သို့ သွားမည် နည်းဟု မေးကုန်၏၊ထိုယောကျ်ားသည် အကြောင်းအလုံးစုံကို အကုန် ပြန်ကြားလျှောက်ထား၏။ မထေရ်တို့သည် ထိုယောကျ်ား၌ သနားခြင်း ကရုဏာကို ဖြစ်စေ၍၊ ဒါယကာ၊ အသင်သည် အလွန် ဆာမွတ်ဟန် ရှိပေသည်၊ သွားတဲ့ချေ၊ သစ်ရွက်ကို ဆောင်ယူခဲ့လော့၊ အသင့်အား ငါတို့သည် တပါးတပါးသော ရဟန်းထံမှ တခုတခုစီသော ထမင်းခဲကို ပေးကုန်အံ့ ဟု ပြောဆို၍ ထိုယောကျ်ားသည် သစ်ရွက်ကို ဆောင်ယူ ခဲ့သည်ရှိသော်၊မိမိတို့သည် သုံးဆောင် စားသောက်အပ်သော အမှာ်ဖြင့် သာလျှင် လက်သုတ်ဟင်းသျှာတို့ဖြင့် ရဘင်၍ တခုတခုသော ထမင်းခဲကို ပေးကုန်၏။

[ထိုရဟန်းတို့သည် ဤသို့ ပေးကမ်း ချီးမြှင့်ခြင်းသည်ကား ဆွမ်းစားသောအခါ၌ လာရောက်သော ဧည့်သည် အာဂန္တုအား ဆွမ်းကို ပေးလိုသော ရဟန်းသည် အဦး ဖြစ်သော ဆွမ်းကို မပေးမူ၍၊ မိမိသုံးဆောင်အပ်သော အမှာ်ဖြင့်သာလျှင် အနည်း-ငယ်ကို သော်ရင်း၊ များစွာကို သော်ရင်း၊ပေးကမ်း အပ်ပေ၏။ ထိုကြောင့် ရဟန်းတို့သည် ပေးကမ်း ချီးမြှင့်ခြင်း ထိုအခြင်း အရာကို ပြုကုန်၏၊

ထိုကြောင့် ရှင်းအာနန္ဒကထေရ်-

ဧတေဒဝ ကိရ ဘန္တေ ဘောဇနကာလေ အာဂတဿ ဘန္တေ
ဒေမာတိနေန ဘိက္ခုနာ အဂ္ဂံ ဘန္တေ အဒတွာ ဘုဥ္စန္တံ နိယာမေ နေဝ
ထောကံ ဝါ ဗဟုံ ဝါ ဒါတဗ္ဗံ၊တသ္မာ တေပိ တထာ အဒံသု။

ဟု မိန့်တော်မူ၏၊

**အနက်ကား**။ ။ဧတေဒဝ ဘန္တေ၊ ထိုဆွမ်းကို ပင်လျှင်။ ဘောဇနကာလေ၊ သုံးဆောင်သော အခါ၌။ အာဂတဿ၊ လာသော သူအား။ ဘန္တေ၊ ဆွမ်းကို။ ဒေမာတိနေန၊ ပေးကမ်းလိုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ အဂ္ဂံ ဘန္တေ၊ ဆွမ်းဦးကို။ အဒတွာ၊ မပေးမူ၍။ ဘုဥ္စန္တံ နိယာမေ နေဝ၊ မိမိ သုံးဆောင်အပ်သော အမှတ်ဖြင့်သာလျှင်။ ထောကံ ဝါ၊ အနည်းငယ်မျှကို သော်၎င်း။ ဗဟုံ ဝါ၊အများကိုသော်၎င်း။ ယသ္မာ၊အကြင်ကြောင့်။ ဒါတဗ္ဗံ၊ ပေးအပ်၏၊ တသ္မာ၊ထိုကြောင့်။ တေပိ၊ ထိုရဟန်းတို့သည်လည်း။ တထာ၊ ထိုသို့သော အခြင်းအရာဖြင့်။ အဒံသု ကိရ၊ ပေးကြကုန်သတတ်။ ။ ဤကားအနက်။]

ထိုအခါ ဒါယကာသည် ထမင်းစားခြင်းကိစ္စ ပြီးဆုံးသော အခါ မထေရ်တို့ကို ရှိခိုးဦးချ၍။ အရှင်ဘုရားတို့၊ အသို့ပေနည်း။ အရှင်တို့ကို တရုံတယောက်သော သူသည် ပင့်ဖိတ်အပ်ပါကုန်သလော ဟု မေး-လျှောက်၏။ဒါယကာ၊ငါတို့ကို တရုံတယောက်သော သူသည် ပင့်ဖိတ်ခြင်းမရှိ၊ လူတို့သည် နေ့တိုင်းနေ့တိုင်း ဤသို့ သဘောရှိသည်သာလျှင် ဖြစ်သော အစာအာဟာရကို ပေးလှူကုန်၏ဟု ပြော၏၊ထိုယောကျ်ားသည် ကြံဆင်ခြင်သည်မှာ၊ "ငါတို့သည် အမြဲမပြတ် အခါကာလ ပတ်လုံး ထကြွလုံ့လ ဥဿာဟရိယတို့ကို ကောင်းစွာ ဖြစ်စေလျက်၊အမှုကိစ္စကို ပြုလုပ်ရွက်ဆောင်ရပါသော်လည်း ၊ ဤသို့ သဘောရှိသော အစာအာဟာရကို ရခြင်းငှါ မတွေ့နိုင်ကုန်။ ငါအား ဘယ်ါးသောအရပ်သို့ သွားသဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း။ ဤမထေရ်ရဟန်းတို့၏ အထံ၌သာလျှင် အသက်မွေးမြူ၍ နေတော့အံ့" ဟု ကြံ၏၊ ကြံပြီး၍ကား မထေရ်ရဟန်းတို့ကို ဒါယကာက၊ တပည့်တော်သည် ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုလုပ်ရွက်ဆောင်၍၊ အရှင် ဘုရားတို့၏ အထံတော်၌ နေခြင်းငှါ အလိုရှိပါ

သည် ဟု လျှောက်ကြား၏၊ ရဟန်းတို့ကလည်း။ ဥပါသကာ၊ ကောင်းပါပြီဟု ဝန်ခံ၏။ ထိုသောကျားသည် မထေရ်အရှင်မြတ်ဘို့နှင့် အတူတကွ အရှင်မြတ်တို့၏ သိတင်းသုံးရာ အရပ်သို့ လိုက်သွား၍ ကောင်းမွန်စွာ ဝတ်ကြီး ဝတ်ငယ်ဘို့ကို ပြုလျက်၊ ရဟန်းဘို့ကို အလွန်နှစ်သက်စေလျက် နှစ်လတို့ကို လွန်မြောက်သဖြင့် သမီးကို ရှုမြင်လိုသည် ဖြစ်၍၊ ငါသည် အကယ်၍ မထေရ် အရှင်မြတ်ဘို့ကို ပန့်ကြား ခွင့်တောင်းအံ့သည် ဖြစ်ခဲ့အံ့၊ ငါ့ကို မလွှတ်ပေလတ္တံ့။ မပန်ကြားဘဲသာလျှင် သွားတော့အံ့ ဟု ကြံ၍၊ ထိုရဟန်းဘို့အား အကြောင်းကို မကြားမူ၍သာလျှင် ထွက်သွားလေ၏ ဤသို့ရဟန်းတို့အား မပန်ကြားဘဲ သွားခြင်းသည်သာလျှင် ထိုသူ၏ ကြမ်းထမ်း ချော်ချွတ်သော အမှုပေတည်း။

## နတ်ပူဇော်သော ခိုးသားငါးရာ

ဤယောကျ်ားသည် ရဟန်းတို့အား မပန်မကြားမူ၍ ထွက်သွားခဲ့သည်ရှိသော်၊ ထိုယောကျ်ားသွားသော လမ်းခရီးဖြစ်သော တခုသော တောအုပ်၌ ငါးရာကုန်သော ခိုးသူတို့အား "အကြင်သူသည် တောအုပ်သို့ ဝင်လာ၏၊ ထိုသူကို သတ်ပြီးသည့်ကာလ၊ ထိုသူ၏ အသားအသွေးဖြင့် အရှင်တို့အား ပူဇော်ခြင်းအမှုကို ပြုပါကုန်အံ့" ဟု နတ်အား တောင်းပန် လျှောက်ထားခြင်းကို ပြုပြီးသည့်ကာလ၊ စောင့်စား ဆိုင်းငံ့၍ နေရာ။ ခုနစ်ရက် မြောက်သည် ဖြစ်လေ၏။ ထိုခုနစ်ရက် မြောက်သော နေ့မှာမူကား ခိုးသူအကြီးအမှူးသည် သစ်ပင်သို့တက်၍ ကြည့်ရှုသည်ရှိသော်၊ ခရီးအစဉ်အတိုင်း ရှေးရှုလာသော ထိုယောကျ်ားကို မြင်၍ ခိုးသူတို့အား အမှတ်ပေး၏၊ ခိုးသူတို့သည် ထိုယောကျ်ား တောအုပ်၏ အလယ်သို့ ဝင်ရောက်သောအဖြစ်ကိုသိ၍ ဝန်းဝိုင်း ဘမ်းယူပြီးသော်၊ မြဲမြံစွာ တုပ်နှောင်၍၊ ပွတ်ကျေပွတ်ခုံနှင့်တကွ မီးကို ဖြစ်စေပြီး၍၊ ထင်းတို့ကို ရဆောင်းပြီးသည့်ကာလ၊ ကြီးစွာသော မီးပုံကြီးကို ပြုပြီးလျှင် တံပို့တို့ကို ချွေကုန်၏။

ထိုယောကျ်ားသည် ခိုးသူတို့ ပြုလုပ်သော ထိုအမှုအရာတို့ကို မြင်၍၊ အရှင်တို့၊ ဤအရပ်၌ ဝက်သသည်လည်း မရှိ၊ သား၊ သမင် စသည်တို့ကိုလည်း မမြင်၊ အဘယ်ကြောင့် ဤသို့သောအမှုကို ပြုလုပ်ကြကုန်သနည်း ဟု

မေးသဖြင့်၊အသင့်ကို သတ်ဖြတ်၍ အသင်၏ အသားအသွေးဖြင့် နတ်အား ပူဇော်ခြင်းအမှုကို ပြုကုန်အံ့ ဟု ပြောဆိုကြကုန်၏၊ ထိုယောက်ျားသည် သေခြင်းတည်းဟူသော ဘေးဖြင့် ခြိမ်းချောက်အပ်သည် ဖြစ်၍ ရဟန်းတို့၏ကျေးဇူးဥပကာရကို အောက်မေ့ခြင်းငှါ မစွမ်းနိုင်ဘဲ သက်သက် မိမိ၏ ဇီဝိတိန္ဒြေအသက်ကို စောင့်ရှောက်လိုသည် ဖြစ်သောကြောင့်၊ အရှင်တို့၊ အကျွန်ုပ်သည် စားကြွင်းစားပါတည်း။ စားကြွင်းတည်းဟူသော ထမင်းကို စား၍ ကြီးပွါးရကုန်သော စားကြွင်းစားတို့ မည်သည် သူယုတ်မာ ပါတည်း၊ ရဟန်းတော် အရှင်မြတ်တို့သည်ကား၊ ဟုတ်ဟုတ် ညာညား-သော အမျိုးမှထွက်၍ ရဟန်းပြုအပ်သည်လည်း ဖြစ်သော မင်းမျိုးတို့ ပေတည်း။ ဤအမည်ရှိသော အရပ်၌ သုံးကျိပ် တပါးမျှလောက်ကုန်သော ရဟန်းတို့သည် နေကြကုန်၏၊ထိုရဟန်းတို့ကို သတ်၍ ပူဇော်ခြင်း အမှုကို ပြုကုန်ဘိလော့၊ ဤသို့ ပြုအပ်သည်ရှိသော် အသင်တို့အား နတ်မင်းသည် အလွန် နှစ်သက်ပေလိမ့်မည်ဟု ပြော၏၊

ခိုးသူတို့သည် ထိုသူ၏စကားကို ကြားသိ၍၊ဤသူသည် ကောင်းသော စကားကို ပြောကြား ညွှန်ပြအပ်၏၊ဤသူယုတ်ကို ပူဇော်သဖြင့် အဘယ် အကျိုးရှိပါအံ့နည်း။ မင်းမျိုးတို့ကို သတ်ပြီးသည့် ကာလ၊ ပူဇော်ခြင်း အမှုကို ပြုကုန်အံ့ဟု ကြံ၍၊လာလှည့်။ ထိုရဟန်းတို့၏ နေရာကို ညွှန်ပြလော့ဟု ပြောဆိုပြီးသော်၊ ထိုယောက်ျားကိုပင်လျှင် ခရီးညွှန် ပြုလုပ်၍ ထိုအရပ်သို့ သွားရောက်သည့်ကာလ၊ ကျောင်း၏အလယ်၌ တပါးသော ရဟန်းကိုမျှ မမြင်ရသောကြောင့် ရဟန်းတို့သည် အဘယ်မှာနည်း ဟု မေးကြကုန်၏။ ထိုယောက်ျားသည် ဤအရပ်၌ နှစ်,လတို့ပတ်သုံး နေအပ်သည်၏အဖြစ်ကြောင့် ထိုရဟန်းတို့၏ ပြုလုပ်ပြောဆိုအပ်သော ကတိ-ကဝတ်ကို သိသည်ဖြစ်၍သာလျှင် မိမိ၏ နေ့သန့်ရာ, ညဉ့်သန့်ရာတို့၌ အသီးသီး ထိုင်နေကုန်ပါသည်၊ တခုသော ကျောက်စည်ကို ထိုးခတ်ပါကုန်လော့၊ ထိုကျောက်စည်ကို ထိုးခတ်သော အသံဖြင့် စုဝေးပါကုန်လတ္တံ့ ဟု ပြော၏။

ခိုးသူအကြီးအမှူးသည် ကျောက်စည် ထိုးခတ်၏။ ရဟန်းတို့သည် ကျောက်စည်သံကို ကြား၍၊အခါ မဟုတ်သည်၌ ကျောက်စည်ကို ထိုးခတ်အပ်၏၊ တစုံတယောက်သော ရဟန်းအား မချမ်းမသာ တစုံတခုသော

အကြောင်း အခြင်းအရာသည် ဖြစ်ပေသိမ့်မည် ဟု ကြွတော်မူလာခဲ့ကြ၍ ကျောင်း၏အလယ်၌အစဉ်အတိုင်းအားဖြင့်ခင်းထားအပ်ကုန်သောသစ်သား အခင်းပျဉ်နေရာတို့၌ ထိုင်နေကုန် ၏၊ အကြီးအမှူးဖြစ်သော သံဃာထေရ်သည် ခိုးသူတို့ကို ကြည့်ရှု၍၊ ဥပါသကာတို့၊ အဘယ်သူသည် ဤကျောက်စည်ကို ထိုးခတ်အင်သနည်းဟု မေးတော်မူ၏၊ ခိုးသူအကြီးအမှူးက၊ အရှင်ဘုရား၊ တပည့်တော်တို့သည် တီးခတ်အပ်ပါသည် ဟု လျှောက်သဖြင့်၊ အဘယ် အကြောင်းကြောင့် တီးခတ်အပ်သနည်းဟု မေးပြန်လျှင်၊ အကျွန်ုပ်တို့သည် တောအုပ်ကို စောင့်ရှောက် သိမ်းဆည်းသော နတ်အား တောင်းပန် လျှောက်ကြားအပ်ပါသည်၊ ထိုသို့ တောင်းပန် လျှောက်ကြားအပ်သည် ဖြစ်သောကြောင့်၊ ပူဇော်ခြင်း အမှုကိုပြုခြင်းငှါ တပါးသော ရဟန်းကို ယူ၍ သွားလိုပါသည်၊ သို့ဖြစ်၍ ကျောက်စည်ကို တီးခတ်ပါသည် ဟု လျှောက်၏၊

## စားကြွင်းစားကြောင့် ရဟန်းသုံးကျိပ် ဒုက္ခ။

ခိုးသူတို့ပြောဆိုသောစကားကိုကြားလျှင်၊မထေရ်ကြီးက ကြွင်းသော မထေရ်ငယ်တို့ကို·

> အာဝုသော ဘာတိကာနံ ဥပ္ပန္နကိစ္စံ နာမ ဇေဋ္ဌဘာတိကေန နိတ္ထရိတဗ္ဗံ။ အဟံ အတ္တနော ဇီဝိတံ တုမှာကံ ပရိစ္စဇိတွာ ဣမေဟိ သဒ္ဓိံ ဂမိဿာမိ၊ မာ သဗ္ဗေသံ အန္တရာယော ဟောတု။ အပ္ပမတ္တာ သမဏဓမ္မံ ကရောထ။

ဟူသော ပါဠ်ဖြင့် ပြောဆိုတော်မူ၏။

**အနက်ကား**။ ။အာဝုသော၊ငါ့ရှင်တို့။ဘာတိကာနံ၊ ညီ,သား,အစ်ကို တို့အား။ ဥပ္ပန္နကိစ္စံ နာမ၊ ဖြစ်ပေါ်လာသော ကိစ္စမည်သည်ကား။ ဇေဋ္ဌ-ဘာတိကေန၊ နောင်တော် ကြီးသည်။ နိတ္ထရိတဗ္ဗံ၊ ထုတ်အပ်၏။ သဗ္ဗေသံ၊ အလုံးစုံကုန်သော သူတို့အား။ အန္တရာယော၊ အန္တရာယ်သည်။ မာ-ဟောတု၊မဖြစ်ပါစေလင့်။ (ဣတိ မနသိကရိတွာ၊ဤသို့ နှလုံးပြု၍)။ အဟံ၊ ငါသည်။ အတ္တနော၊ မိမိ၏။ ဇီဝိတံ၊ အသက် ဇီဝိတိန္ဒြေကို။ တုမှာကံ၊ အတုမ္ဟေ့ ပျော်၊အသင်ညီတော်တို့အား၊ ပရိစ္စဇိတွာ၊စွန့်လွှတ်၍။ ဣမေဟိ၊ ဤခိုးသူတို့နှင့်။ သဒ္ဓိံ၊ အတူတကွ။ ဂမိဿာမိ၊ လိုက်သွား တော့အံ့။

တုမှေ၊ ဒုတမွေ လျော်၊ အသင်ညီတော်တို့သည်။ အပ္ပမတ္တာ၊ မမေ့-မလျော့ကုန်သည်ဖြစ်၍။ သမဏဓမ္မ၊ ရဟန်းတရားကို။ ကရောထ၊ ကြိုးစား အားထုတ်၊ ပြုလုပ်စေကြကုန်လော့။ ။ဤကား အနက်၊

**အဓိပ္ပါယ်ကား**။ ။ငါ့ရှင်တို့၊ ညီ,သား, အစ်ကိုတို့အား၊ ဖြစ်ပွါး ပေါ်ပေါက်၊ ရောက်လာသော ကိစ္စမည်သည့်၌၊ အကြီးဆုံး ဖြစ်သော နောင်တော်သည်သာလျှင်၊ ရှက်ဆောင် အားထုတ်၊ ပြုလုပ်ပြီးမြောက်စေရသည်။ အသက် အန္တရာယ်၊ ငြိတွယ်ကျရောက်၊ ပေါ်ပေါက်လာသော ဤအန္တရာယ်သည် အလုံးစုံကုန်သော သူတို့အား မဖြစ်ပါစေလင့်တော့ဟု မိတ်၌ယူကျုံး၊ နှလုံးသွင်းပြီးသည့်ကာလ၊ ငါသည် မိမိ၏ အသက်ကို အသင်တို့၏ အတွက်၊ ခိုးသူတို့၏ လက်၌ စွန့်လွှတ်၍၊ ထိုခိုးသူဘို့နှင့် အတူတကွ လိုက်ပါသွားတော့မည်။ချစ်ညီ ဖြစ်ကုန်သော အသင်တို့သည် မမေ့မလျော့ မပေါ့မသွမ်းဘဲ၊ ရည်ညွှန်း ဈေးရှုသည့်အတိုင်း၊ ရဟန်း တရားကိုကြိုးစားအားထုတ်ရစ်ကြကုန်လော့ဟု ပြောဆိုမှာထား၏။ထိုသို့ မထေရ်ကြီး ပြောဆိုမှာထားသောစကားကိုကြားလျှင်၊နှစ်ပါးမြောက်သော ဒုတိယမထေရ်က-

ဘန္တေ ဇေဋ္ဌဘာတု ကိစ္စံနာမ ကနိဋ္ဌဿ ဘာရော၊ အဟံ ဂမိဿာမိ၊တုမှေ အပ္ပမတ္တာ ဟောထ။

ဟူသော ပါဠိဖြင့် လျှောက်ထား တောင်းပန်၏။

**အနက်ကား**။ ။ဘန္တေ၊နောင်တော်သခင် အရှင်ဘုရား၊ဇေဋ္ဌဘာတု ကိစ္စံနာမ၊နောင်တော်အကြီးဆုံး၏ ကိစ္စတာဝန်မည်သည်ကား၊ကနိဋ္ဌဿ၊ မိမိအောက်ရွယ် ညီအငယ်၏၊ ဘာရော၊ ဝန်ပါတည်း။ အဟံ၊ အရှင့် အောက်ရွယ် ညီငယ်ဖြစ်သော တပည့်တော်သည်။ဂမိဿာမိ၊လိုက်သွား ပါအံ့။တုမှေ၊ အရှင်တို့သည်။ အပ္ပမတ္တာ၊မမေ့မလျော့ ရဟန်းတရားကို အားထုတ်ကုန်သည်။ဟောထ၊ ဖြစ်ကြပါကုန်လော၊ ။ဤကား အနက်။

**အဓိပ္ပါယ်ကား**။ ။နောင်တော်သခင် အရှင်ဘုရား၊ နောင့်တော် အကြီးတို့၏ရွက်ဆောင်ဘွယ်ရာ ကိစ္စတာဝန်မည်သည်မှာ မိမိအောက် ရွယ် ဒုတိယ ညီငယ်၏အတွက် ၊ တာဝန်ဖြစ်ပါသည်။ အရှင်ဘုရား၏

အောက်ရွယ်ညီငယ်ဖြစ်သော တပည့်တော်သည် ခိုးသတ်ယောကျ်ား တို့နှင့်အတူတကွ လိုက်ပါ၍သွားပါအံ့ အရှင်ဘုရားတို့သည် မမေ့မလျော့ မပေါ့မသွမ်း ကောင်းမွန်စွာရဟန်းတရားကို ကြိုးစားအားထုတ်ရစ်ကြပါ ကုန်လော့-ဟု ပြောဆိုလျှောက်ထား၏။

ဤသို့သော အကြောင်းဖြင့်သာလျှင် တပည့်တော်သည် လိုက်သွား ပါမည်ဟုဝန်ခံ၍ အစဉ်အတိုင်း သုံးကျိပ်သောရဟန်းတို့သည် အသီးသီး ပြောဆိုကြကုန်၏။

ဤသို့သုံးကျိပ်သောရဟန်းတို့သည် သူတပါး၏အတွက်မိမိအသက်ကို စွန့်လွှတ်ပြီးသည့်ကာလ ပြောဆိုဝန်ခံခြင်းမှာ တယောက်တည်းသော အမိကဖွါးမြင်အပ်သော ညီသားအစ်ကိုတို့လည်း မဟုတ်ကြ၊တယောက် တည်းသောအဘ၏ သားတို့လည်းမဟုတ်ကြ။ တပ်မက်ခြင်းရာဂကင်း ကုန်သောရဟန္တာလည်း မဟုတ်ကုန်သေး၊ စင်စစ်မှာမူကား ငါသည် လိုက်သွား၍အသက်ကို အသေခံသည်ရှိသော် ကြွင်းကျန်ရစ်ခဲ့ကုန်သော ရဟန်းတို့သည် ဖြောင့်တန်းကောင်းမွန်စွာ ချမ်းသာသောအားဖြင့် ရဟန်း တရားကို အားထုတ်ရစ်ကြပေလိမ့်မည်ဟု သူတပါး၏အကျိုး၌သာလျှင် အစဉ်အတိုင်း မိမိ၏ဇီဝိတိန္ဒြေအသက်ကို ငဲ့ကွက်တွယ်တာ ညှာတာ ခြင်းမရှိဘဲ စွန့်လွှတ်ကြကုန်းသတည်း၊ ထိုသုံးကျိပ်သောရဟန်းတို့တွင် တဦးတယောက်သောရဟန်းမျှ အသင်သည် လိုက်သွားလေလော့-ဟု ဆိုခြင်း၌ါ စွမ်းနိုင်သော့မည်သည် မဖြစ်လေ။သံကိစ္စ သာမဏေသည် ထိုရဟန်းတို့စကားကိုကြား၍-

ဘန္တေ တုမှေ တိဋ္ဌထ၊ အဟံ တုမှာကံ ဇီဝိတံ ပရိစ္စဇိတွာ ဂမိဿာမိ။ ။

ဟူသောပါဠိဖြင့် လျှောက်ကြားတောင်းပန်၏။

**အနက်ကား။** ။ဘန္တေ၊အရှင်ဘုရားတို့။တုမှေ၊အရှင်ဘုရားတို့သည်၊ တိဋ္ဌထ၊မွေ့လျော်နှင့်ပြီး ဤဝိဟာင်းသုံးတည်နေတော် မူကြပါကုန်လော့။ အဟံ၊ တပည့်တော်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား၊ ဇီဝိတံ၊ အသက်ကို၊ ပရိစ္စဇိတွာ စွန့်လွှတ်၍။ ဂမိဿာမိ၊ လိုက်သွားပါအံ့။ ။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အရှင်ဘုရား၊ အရှင်မြတ်တို့သည် ဤအရပ်ဒေသ ဤဌာနန္ဒ မှတ၍ ရှင်ပြုံးသိတင်းသုံး တည်နေတော်မူကြပါကုန်"တပည့်တော် တို့သည် အရှင်ဘုရားတို့အား တရားကို အားထုတ်ရန်အတွက် မိမိ အသက်ကိုစွန့်လွှတ်လျက် သတ်ဖျက်ပယ်ချရန် ရည်သန်ခေါ်ငင်လာသော ခိုးသားအပေါင်းတို့နှင့် လိုက်သွားပါအံ့ဟု လျှောက်၏၊ထိုအခါ ရဟန်း တို့က-

အာဝုသော မယံ သဗ္ဗေ ဧကတော မာရိယမာနာပိ တံ ဧကကံ
နဲ ဝိသဇ္ဇိဿာမ။ ။

ဟူသောပါဠိဖြင့် ပြောဆိုကြကုန်၏။

**အနက်ကား**။ ။အာဝုသော၊ ငါ့ရှင်သာမဏေ။ သဗ္ဗေ၊ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။မယံ၊ငါတို့သည်။ ဧကတော၊တပြိုင်နက်တချက်တည်း။ မာရိယမာနာပိ၊ရတော့ချုပ်ကြွေ၊ သေသွန်ရကုန်သော်သည်း၊ တံ၊အသင် မောင်ရှင်သာမဏေကို။ဧကကံ၊တယောက်အထည်းတည်း၊ နဝိသဇ္ဇိဿာ မ၊မလွှတ်ပါကုန်လတ္တံ့။ ။ဤကားအနက်၊

**အဓိပ္ပါယ်ကား**။ ။ငါ့ရှင်သာမဏေ၊ကြွင်းမဲ့ဥဿုံ အလုံးစုံဖြစ်ကုန် သော ငါတို့တရသည် ယခုမနေ သေလွန်ပြောင်းကြွ ပျက်စီး ရကုန် သော်လည်း အသင် မောင်ရှင်သာမဏေကို တယောက် ထည်းတည်း ငါတို့မလွှတ်ပါကုန်လတ္တံ့ဟု ပြောဆိုကုန်၏။

သံကိစ္စသာမဏေက အရှင်ဘုရားတို့၊ အရှင်မြတ်တို့သည် အဘယ် သို့သော အကြောင်းကြောင့် တပည့်တော်ကို မလွှတ်ပါကုန်သနည်းဟု မေးလျှောက်၏"ငါ့ရှင်သာမဏေ၊ အသင်သည် တရားစစ်သူကြီးအစစ် ဖြစ်ပေသော အရှင် သာရိပုတ္တရာ မထေရ်မြတ်၏ ရင်းချာလှစွာသော တပည့်သာမဏေပေတည်း ငါတို့သည် အသင့်ကိုအကယ်၍ လွှတ်လိုက် ကုန်သည်ဖြစ်အံ့ ငါ၏သာမဏေကို ခေါ်ဆောင်ယူငင်၍ သွားပြီးသည့် ကာလ ခိုးသူတို့အား ဆောင်နှင်းအပ်နှံ ထည့်ပေးလိုက် ကုန်ဘိသည်ဟု မထေရ်သည် ငါတို့အား ကဲ့ရဲ့ပြစ်တင်တော် မူပေသတ္တံ့။ထိုသို့ မထေရ် ကဲ့ရဲ့ပြစ်တင်သည်ကို ငါတို့ဖြေရှင်း ငြိမ်းပျောက်စေခြင်းငှါ မစွမ်းနိုင်ပါ

ကုန်လတ္တံ့၊ ထိုကြောင့် အသင်မောင်ရှင်သာမဏေကို ငါတို့မလွှတ်နိုင်ပါ ကုန်ဟု ပြောကြကုန်၏ သံကိစ္စ သာမဏေက အရှင်ဘုရားတို့၊ မြတ်စွာ ဘုရားသခင်သည် အရှင်မြတ်တို့ကို တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာမထေရ်၏ အထံသို့စေလွှတ်တော် မူခြင်းသည်လည်း တပည့်တော်အား ဥပဇ္ဈာယ်ဆရာသည် အရှင်ဘုရား တို့နှင့်အတူတကွ စေလွှတ်ထည့်ပေးစေလိုတော်မူသည်။ ထိုသို့ထည့်ပေး စေလိုတော်မူသောအကြောင်းမှာလည်း ဤယခုဖြစ်လတ္တံ့သောအကြောင်း ဖြစ်အင်ကို သိမြင်တော်မူနိုင်သောကြောင့် ထည့်ပေးစေလိုတော်မူသည်။ သို့ဖြစ်၍ အရှင်ဘုရားတို့သည် ဤအရပ် ဒေသ၌ ရဟန်းတို့ တရားကို ကြိုးစားအားထုတ် ပြုလုပ်ပြီးသည့်ကာလ သီတင်းသုံး တည်နေရစ်တော် မူကြပါကုန်လော့။ တပည့်တော်သည်သာလျှင် ခိုးသူတို့နှင့် အတူတကွ လိုက်သွား ပါတော့မည် ဟု ပြောဆို၍ မထေရ် အရှင်မြတ် တို့သည် အထပ်ထပ် အဖန်ဖန် တောင်းပန်တားမြစ်ပါသော်လည်း မရ။ ထိုသံကိစ္စ သာမဏေသည် သုံးကျိပ်သောရဟန်းမထေရ်တို့ကို ကြည်လင်ညွတ်လျိုး ရှိခိုးဦးချပြီးလျှင် အရှင်ဘုရားတို့၊ တပည့်တော်အား အပြစ်ကြီး အပြစ် ငယ်သည် အကယ်၍ ရှိသည်ဖြစ်ပါအံ့၊ အရှင်မြတ်တို့သည် သည်းခံတော် မူကြပါကုန်လော့ဟု ကန်တော့ဝန်ချ တောင်းပန်၍၊ ခိုးသားတို့နှင့် အတူ-တကွ ထွက်၏။

ထိုအခါ သုံးကျိပ်သော ရဟန်းတို့အား ကြီးစွာ ထိတ်လန့်တုန်လှုပ် ပြီးသောကာလ၊ သောကတရား ဖြစ်ပွါးလာသဖြင့် မျက်ရည်ဖြင့် ပြည့်-ကုန်သော မျက်စိရှိကုန်သည်ဖြစ်၍၊ နှလုံးသားသည် ပြင်းပြစွာ တုန်လှုပ် ခြင်းဖြစ်၏။ အကြီးအမှူးဖြစ်သော မဟာထေရ်က ခိုးသူတို့ကိုခေါ်၍-

ဥပါသကာ အယံ ဒဟရကော, တုမှေ အင်္ဂ ကရေဟန္တေ
သုလ္လာနိ တန္တင္ကန္တေ ပညာနိ အဓ္ဓုရှေန္တေ ဒိသွာ ဘာသိသတိ၊
ရူမံ ကောမန္တေ ၶပေတွာ တာနိ ဂဇ်စ္စာနိ ကရေယျာထ။ ။

ဟူသော ပါဠိဖြင့် ပြောဆို မှာထားလိုက်၏။

**အနက်ကား။** ။ဥပါသကာ၊ ဒါယကာတို့။ အယံ ဒဟရကော၊ ခုနစ် နှစ်ရွယ်၊ လူမငယ်ဖြစ်သောဤသူငယ်ကလေးသည်။ တုမှေ၊ သင်တို့သည်။

အဋ္ဌိ ၊မီးကို။ကရောင်နှင့်၊ပြုကုန်သည်တို့ကို။သုလာနှိ၊တံစို့တို့ကို။တစ္ဆူနှင့်၊ ရွေသည်တို့ကို၊ ပဏ္ဏာနိ၊သစ်ရွက်တို့ကို။ အစ္ဆုရနှင့် ဖြန့်ခင်းသည်တို့ကို။ ဒိသွာ၊မျက်မှောက်ရှေ့တွင်ပြုပြင်သည်ကိုမြင်ရသည်မှ်သော် ဘါယိသသတိ၊ တုန်လှုပ်ကြောက်ရွံ့လတ္တံ့။ဣမံ၊ချနစ်နှစ်ရွယ်လူမမယ်ဖြစ်သောဤသူငယ် ကလေးကိုဇကေမနှင့်၊မမြင်ကွယ်အပ် တရသောအရပ်၌၊ဌပေတွာ၊ထား၍။ တာနိကိစ္စာနိ၊ ပြုပြင်ဘွယ် ဟူသမျှ၊ ထိုအလုံးစုံသော ကိစ္စတို့ကို။ ကရေ ယျာထ၊ပြုကြပါကုန်လော့။ ၊ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ဒါယကာတို့၊ချနစ်နှစ်ရွယ်၊ဤသူငယ် ကလေးသည် အသင်တို့သည် မီးကို ပြုပြင်သည်တို့ကိုရင်း၊ တံစို့ရွေသည်တို့ကိုရင်း၊ သစ်ရွက်ဖြင့် ခင်းသည်တို့ကိုရင်း မြင်ရသည်မှ်သော်၊ တုန်လှုပ် ရွံ့ကြောက် ခြင်း ဖြစ်ပါလတ္တံ့၊သို့ဖြစ်၍ ချနစ်နှစ်ရွယ် လူမမယ်ဖြစ်သော ဤသူငယ် ကလေးကို မမြင်ဖုံးကွယ်ရာဖြစ်သော တရသော အရပ်၌ ထားပြီးမှ၊ ချက်ဆောင်ဘွယ် ဟူသမျှ ထိုအလုံးစုံသော ကိစ္စတို့ကို ပြုလုပ်ကြကုန် လောဟု ပြောဆိုမှာထားလိုက်၏။

## သာမဏေကို သန်လျက်ဖြင့် ခုတ်သတ်ခြင်း။

ခိုးသူတို့သည် သာမဏေကိုယူ၍ သွားပြီးသည့် ကာသ၊ ဖုံးကွယ်ရာ ဖြစ်သော သင့်တင့်သော အရပ်၌ ထားပြီး၍၊ ပြုဖွယ်ရှက်ဆောင်ဘွယ် ဖြစ်သော အသုံးစုံသော ကိစ္စတို့ကို ပြုလုပ်ကြကုန်၍၊ ကိစ္စပြီးဆုံးသော အခါ၌ ခိုးသူ အကြီးအမှူးသည် သန်လျက်ကို အိမ်မှ ချွတ်နှုတ်ပြီး၍၊ သာမဏေအခင်သို့ ချဉ်းကပ်လာ၏၊ သာမဏေသည်လည်း သိတင်းသုံး ထိုင်နေတော်မူသည် မှ်သော်၊ ဈာန်ကို ဝင်စားသည် ဖြစ်၍ သာလျှင် သိတင်းသုံး ထိုင်နေတော်မူ၏၊ ခိုးသူ အကြီးအမှူးဖြစ်သော သူသည် သန်လျက်ကို ပြန်လှန် ရွယ်ချိန်၍၊သာမဏေ၏ ပခုံး၌ ခုတ်ပိုင်းသည် ဖြစ်၍ ကျစေ၏၊သန်လျက်သည် ညွတ်ခွေပေလိပ်ပြီးလျှင် အသွားကိုအသွားချင်း ထိခိုက်လေ၏။ ထိုခိုးသူကြီးသည် ကောင်းစွာ မဆောင်အပ် မခုတ်ပိုင်း အပ်သည် ဖြစ်သောကြောင့်သာ ဤသို့ ဖြစ်ရလေသည်ဟု အောက်မေ့ မှတ်ထင်သဖြင့် အဖန်ဖန် အထပ်ထပ် သန်လျက်သွားကို ဖြောင့်မတ်

အောင် ပြု၍ ချတ်ဖြတ်၏။ သန်လျက်သည် ထန်းရွက်ကဲ့သို့ ချစ်ပတ်ခွေလိပ်လျက် ထူထဲလှစွ သော အသားရင်းသို့သာ ပေလိပ်၍သွား၏၊

[ထိုစကားမှန်၏၊ သာမဏေကို ရှာန်ဝင်စားသော အခိုက်အတန့် ကာလ၌ မြင်းမိုရ်တောင်ကြီးဖြင့် လွှမ်းမိုး ဘိသော်အပ်သော်လည်း သတ်ခြင်းငှါ စွမ်းနိုင်သော မည်သည် မရှိ။ ဤ-သန်လျက် ငယ်ဖြင့် ချတ်ပိုင်း သတ်ဖြတ်ရာ၌ အဘယ်မှာ-ဆိုဘွယ်ရာ ရှိပါအံ့နည်း၊

ထိုကြောင့် ရင်းအဋ္ဌကထာ၌-

သာမဏေရ ဟိ တသ္မိံကာလေ သိနေရုနာ အဝတ္ထရန္တောပိ မာရေတုံ သမတ္ထော နာမ နတ္ထိ ပဂေဝ အသိနာ။

ဟု မိန့်တော်မူ၏၊

**အနက်ကား**။ ။ဟိ သစ္စံ၊ ထိုစကားမှန်၏။ သာမဏေရ သာမဏေကို၊ တသ္မိံကာလေ၊ ထိုအခါ၌။ သိနေရုနာ၊ မြင်းမိုရ် တောင်ကြီးဖြင့်။ အဝတ္ထ-ရန္တောပိ၊ ဘိစီးလွှမ်းမိုးအပ်သော်သည်း။ မာရေတုံ၊ သတ်ခြင်းငှါ။ သမတ္ထော နာမ၊ စွမ်းနိုင်ခြင်းမည်သည်၊ နတ္ထိ၊ မရှိ။ အသိနာ၊ သန်လျက်ဖြင့် သတ်ဖြတ်ရာ၌၊ ပဂေဝ၊ အဘယ်မှာလျှင် ဆိုဘွယ်ရာ ရှိပါအံ့နည်း။ ။ဤကား-အနက်၊]

အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲသော ထိုသို့သော တန်းခိုးတော်ကို မြင်၍ ခိုးသူအကြီးအကဲသည် ကြံဆင်ခြင်သည်မှာ၊ "ရှေးအခါ၌ ငါ၏ သန်လျက်သည် ကျောက်သည်တိုင်ကို သော်၎င်း၊ ရှားနှစ်သစ်ငုတ်ကို သော်၎င်း၊ သစ်ညှောက် သစ်ညွန့်ကဲ့သို့ အပိုင်းအပိုင်း ပြတ်စေ၏၊ ဤယခုအခါ၌ တခါတည်း ထန်းရွက်ကို ချစ်ပတ်ခွေလိပ်ဘိသကဲ့သို့ ဖြစ်လေဘိသည်၊ ဤသန်လျက်မည်သည် စိတ် စေတနာ မရှိဘဲဖြစ်၍ပင်သော်လည်း ဤ-မောင်ရှင်သုံငယ်၏ ဂုဏ်ကျေးဇူး အထူးကို သိဘိသေး၏။ငါသည် စိတ်-စေတနာဒရှိသည် ဖြစ်ပါလျက်၊ မသိချေတကား" ဟု စဉ်းစား ကြံစည်အောက်မေ့၏။ ကြံစည်ပြီးသောအခါ ထိုခိုးသူကြီးသည် သန်လျက်ကို မြေကြီး၌ ပယ်ချစွန့်ပစ်၍ သာမဏေ၏ ခြေရင်း၌ ရင်ဖြင့် ဝပ်စင်းပြီးသော်၊

"အရှင်ဘုရား၊ တပည့်တော်တို့သည် ဥစ္စာပဟူသော အကြောင်းကြောင့်၊ တောအုပ်၌ ဝင်ရောက် နိုးအောင်း နေကြပါသည်၊ တပည့်တော်တို့ကို အဝေးမှသာ လျှင် မြင်ကုန်သည် ရှိသော်၊ တထောင် မှုလောက်လည်း ဖြစ်ကုန်သော လူတို့သည် ရစ်လည်၍ နှိပ်စက်ကုန်၏ နှစ်ခွန်း သုံးခွန်း သော စကားတို့ကို ပြောဆိုခြင်းငှါ မစွမ်းနိုင်ကြကုန်ပါ၊ အသင် မောင်ရှင်သာမဏောမှာမူကား တုန်လှုပ်ပူပန်ခြင်းမျှလည်း မရှိ၊ မောင်ရှင်သာမဏော၏ မျက်နှာသည် မှုက်မိုဝ၌ ဦးသစ်စသော ရွှေကြာပွင့်သို့၎င်း၊ ကောင်းစွာ ပွင့်သင်သော မဟာလှေကားပွင့်ကဲ့သို့၎င်း၊ ကြည်လင်သန့်ရှင်း ထွန်းလင်း စံပယ် တင့်တယ်ခြင်း ရှိပါပေသည်။ အဘယ်သို့သော အကြောင်းကြောင့် ပါနည်း" ဟု မေးမြန်း လျှောက်ထားလိုသောကြောင့်-

တာသော တုယှံ့ ဘယံ နတ္ထိ၊ ဘိယျော ဝဏ္ဏော ပသီဒတိ။
ကသ္မာ န ပရိဒေဝေသိ ဧဝရူပေ မဟဗ္ဘယေ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။ဘာတ၊ မောင်ရှင်သာမဏောငယ်။ ဧဝရူပေ၊ ဤသို့ သဘောရှိသော၊ မဟဗ္ဘယေ၊ **သေခအံ့**နီး၊ တွေ့အပ်သော ဘေးကြီး၌။ တုယှံ၊ အသင်မောင်ရှင် သာမဏောအား။ တာသော၊ တုန်လှုပ် ထိတ်လန့်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဘယံ၊ ကြောက်ခြင်းသည်၊ နတ္ထိ၊ မရှိ၊ ဘိယျော၊ လွန်စွာ၊ ဝဏ္ဏော၊ အဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏၊ ကသ္မာ၊ အဘယ် ကြောင့်။ တွံ၊ သင်မောင်ရှင်သာမဏေသည်။ န ပရိဒေဝေသိ၊ မမြည်တမ်း မငိုကြွေးပါလေနည်း၊ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။မောင်ရှင် သာမဏေငယ်၊ ဤသို့ သဘောရှိသော သေ ခါနီး၊ ဘေးကြီးစင်စစ်၊ ဖြစ်တွေ့သောအခါ၌၊ အသင် မောင်ရှင် သာမဏေအား တုန်လှုပ်ပူပန်ခြင်း, ထိတ်လန့်ခြင်းမရှိ, ကြောက်ခြင်း မရှိ။ ရှေးအခါကထက် ကဲလွန်ပိုမို ပြီးသောကာသ၊ အဆင်း သဏ္ဌာန် ကြန်အင် လက္ခဏာ လှပကြည်လင် လေဘိသည်၊ အဘယ် သို့သော အကြောင်းကြောင့် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းခြင်း မရှိပါလေသနည်း ဟု မေးလျှောက်၏။

## မကြောက်လန့်သောတရား။

သာမဏေသည် ဈာန်မှ ထတော်မူ၍၊ ထိုခိုးသားကြီးအား တရားဟောကြားတော် မူလိုသောကြောင့် "ဒါယကာ ရွာသူကြီး၊ ကုန်ပြီးသော အာသဝေါရှိသော ရဟန္တာပုဂ္ဂိုလ်၏ ခန္ဓာကိုယ် အတ္တဘောခဲ့ည်သည် ဦးခေါင်းထက်၌ သည့်ပိုး ရွက်ဆောင်၍ ထားအပ်သော လေးစွာသော ဝန်ကဲ့သို့ ဖြစ်ပေ၏။ ထိုခန္ဓာကိုယ်သည် ကွဲသော်ငြား၊ ပျက်စီးသော်ငြား၊ နှစ်သက်သည် သာလျှင်တည်း၊ ထို့ကြောက် တုန်လှုပ် ထိတ်လန့်ခြင်း မဖြစ်"ဟု မိန့်တော်မူပြီး၍-

နတ္ထိ စေတသိကံ ဒုက္ခံ၊ အနပေက္ခဿ ဂါမဏိ။
အတိက္ကန္တာ ဘယံ သဗ္ဗံ၊ ခီဏသံယောဇနော ဣသိ။ ။
ခီဏာယ ဘဝနေတ္တိယာ၊ ဒိဋ္ဌေ ဓမ္မေ ယထာတထာ။
နိဗ္ဗုယံ မရဏံ ဟောတိ၊ ဘာရဝေါရောပနံ ယထာ။ ။

ဟူသော နှစ်ဂါထာတို့ကို ရွတ်ဆိုတော်မူ၏။

**အနက်ကား**။ ။ဂါမဏိ၊ ဒါယကာခိုးသားရွာသူကြီး။ အနပေက္ခဿ၊ ငဲ့ကွက်တွယ်တာ ညှာတာခြင်း မရှိထသော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းသည်။ နတ္ထိ၊ မရှိ။ ခီဏသံယော ဇနော၊ ကြွင်းမဲ့ ဥဿုံ၊ ကုန်ပြီးသော သံယောဇဉ် ရှိသော၊ ဣသိ၊ ရဟန္တာ ပုဂ္ဂိုလ်သည်။ သဗ္ဗံ၊ အလုံးစုံသော။ ဘယံ၊ ထို့ကြောက်ခြင်း ဘေးကို။ အတိက္ကန္တော၊ လွန်မြောက်ပြီ။ ဝါ၊ လွန်မြောက်ပြီးထသော။

ဘဝနေတ္တိယာ၊ ဘဝတည်းဟူသော ကြိုး၏၊ ခီဏာယ၊ ကုန်သဖြင့်။ ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်ထင်ထင်၊ မြင်အပ်သော သစ္စာလေးပါး တရားအရာ၌။ ယထာတထာ၊ မချွတ် ဧကန်၊ ဟုတ်မှန်တိုင်း သိမြင်ပြီးထသော၊ ခီဏာသဝ၊ ရဟန္တာပုဂ္ဂိုလ်သည်၊ ဘာရဝေါရောပနံ ယထာ၊ ဦးခေါင်းထက်၌ ရွက်ဆောင် သည့်ပိုးအပ်သော ဝန်ကို ပစ်ချခြင်းကဲ့သို့။ နိဗ္ဗုယံ၊ ထို့ခြင်း၊ ကြောက်ခြင်းဘေးမှ ကင်းသော မရဏံ၊ စုတိချုပ်ကြွေ၊ သေလွန်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကားအနက်။

**အဇ္ဈတ္တိယကား။** ။ဒါယကာ ခိုးသားရွာသူကြီး၊ ငဲ့ကွက် တွယ်တာ၊ ညှာတာခြင်း မရှိသော၊ ကုန်ခန်း ပျက်စီးပြီးသော အာသဝေါ ရှိသော ရဟန္တာ ပုဂ္ဂိုလ်အား စိတ်၌ ဖြစ်သော ဆင်းရဲငြိုငြင် ပင်ပန်းခြင်း ဒုက္ခ မည်သည် မရှိ၊ ကြွင်းမဲ့ညသုံ ကုန်ပြီးသော သံယောဇဉ် ရှိသော ရဟန္တာ ပုဂ္ဂိုလ်သည် အလုံးရုံသော ရွံ့ကြောက်ခြင်း ဘေးကို လွန်မြောက်ပြီး ဖြစ်ပေ၏၊ ဘဝတည်းဟူသော ကြိုး၏ အကုန်ပျက်စီး အချည်းနှီး ဖြတ်တောက်သဖြင့်၊ မျက်မှောက် ထင်ထင် သိမြင်အင်သော သစ္စာလေးပါး တရားအစု၌ မချွတ်ကေန် ဟုတ်မှန်တိုင်း သိမြင်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် "ဦးခေါင်းထက်၌ ဝန်ကို ရွက်ဆောင် သည်ပိုး ရသော သူသည် ဝန်ကို ပစ်ချတိသကဲ့သို့၊ ရွံ့ခြင်း,ကြောက်ခြင်းဘေးမှ ကင်းသော ယောသွန်ခြင်းသည် ဖြစ်ပေသည်"ဟု မိန့်ဆိုတော်မူ၏။

## ခိုးသားငါးရာ ရဟန်းပြုကြခြင်း။

ထိုသာမဏေ ပြောဟောသော တရား စကားကို ကြားနာရသည့် ရှိသော် ငါးရာကုန်သော ခိုးသူတို့ကြည့်ရှု၍ အသင်တို့သည် အဘယ် သို့ပြုကုန်လတ္တံ့နည်းဟု ဆို၏ အရှင်၊အသင်တို့သည် အဘယ်အကြံရှိပါ သနည်းဟု ခိုးသားတို့ကမေးသဖြင့် အို အချင်းတို့၊ ငါအား ရှေးဦးမွာ ဤသို့ သဘောရှိသော တန်းခိုးဇုဒ္ဓိဂုဏ်ကို မြင်ရသည့် ဖြစ်၍ အိမ်ရာ ဖွဲ့နှောင်သောလူ့ဘောင်၌ နေဘွယ်ကိစ္စမရှိတော့ပြီ။ အရှင်မြတ်၏အထံ တော်၌သာ ရဟန်းပြုတော့အံ့ဟု ပြော၏ ခိုးသူတို့က အရှင်၊အကျွန်ုပ်တို့ သည်လည်း အတူတကွပင် ရဟန်းပြုကြကုန်တော့အံ့ဟု ပြန်ပြောသဖြင့် အမောင်တို့၊ ကောင်းလှပေပြီဟု ပြောဆိုဝန်ခံ၏၊ထိုနောက် ငါးရာကုန် သောခိုးသားတို့သည် မောင်ရှင်သာမဏေကို ရှိခိုးဦးချပြီးသည့်ကာလ၊ ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏၊ သံကိစ္စသာမဏေသည် ထိုခိုးသား တို့အား မိမိတို့စွဲကိုင်သော သန်လျက်သွားတို့ဖြင့်သာလျှင် ဆံတို့ကိုရင်း၊ အဝတ်၏အစွန်းမြိတ်အဆာတို့ကိုရင်း ရိတ်ဖြတ်ပြီးလျှင်နီသော မြေညက်ဖြင့် တပ်ဆိုး၍ ထိုအဝတ်သင်္ကန်းတို့ကို ဖုံးလွှမ်းဝတ်ရုံစေပြီးသော် ဆယ်ပါး ကုန်သောသီလတို့၌ ဆောက်တည်စေ၍ ထိုခိုးသူရဟန်းတို့ကိုခေါ်ဆောင် ပြီးသည့်ကာလ လာခဲ့ရာ လမ်းခရီးအကြား၌ စဉ်းစားဆင်ခြင်သည်မှာ- "အကယ်၍ ငါသည် ဘာကျောင်း၌ ကြွင်းကျန်ရစ်ခဲ့သော ထိုမထေရ်

တို့ကိုမတွေ့မြင် မသိရှိဘဲလျက် သွားခဲ့တုံအံ့။ မထေရ်အရှင်တို့သည် ရဟန်းတရားတို့ အားထုတ်ပြုလုပ်ခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ ခိုးသူတို့သည် ငါ့ကိုယူဆောင်ထွက်လာခဲ့သောအခါမှစ၍ ထိုမထေရ်ရဟန်းတို့တွင် တပါးသောအရှင်မျှသည်း မျက်ချည်ကိုတည်တန့် သိမ်းဆည်းခြင်းငှါ မစွမ်းနိုင်လေ။ ငါတို့သာမဏေငယ်သည် ခိုးသားတို့သတ်အပ်သည်ဖြစ်၍ သေပင် သေရလေပြီလော သို့တည်းမဟုတ် မသေဘဲပင် တည်၍နေ ချေသေးမည်လောဟုတွေးတောကြံစည်လျက်မတည်ညိစိတ်ဘမ်း ကမ္မဋ္ဌာန်းကို ရှေးရှုခြင်းငှါ မရပေသတ္တံ့။ ထိုသို့ဖြစ်သောကြောင့် ငါသည်ထိုရဟန်းတို့နှင့် တွေ့ဆုံသိမြင်ရပြီးသည့် ကာလမှ သွားတော့အံ့ဟု ကြံ၏၊ ကြံဆင်ခြင်ပြီး၍ ထိုသံကိစ္စသာမဏေသည် ရဟန်းငါးရာခြံရံလျက် သုံးကျိပ်ကုန်သောမထေရ်အရှင်သီတင်းသုံးတော်မူရာဖြစ်သော တောကျောင်းသို့ သွားရောက် ပြီးသည့်ကာလ မိမိကိုယ်ကို ပြသဖြင့် သက်သာ ရာကို ရစေ၏။

မထေရ်တို့က "သူတော်ကောင်းအစစ် ဖြစ်ပေသော ငါ့ရှင်သံကိစ္စ သာမဏေ၊အသင့်အား အဘယ်သို့သော အကြောင်းဖြင့် အသက်ဇီဝိတ်ခြွေကိုပေးပေသနည်း"ဟု မေးကုန်သည်၌သော်အရှင်ဘုရားတို့၊ဤခိုးသားတို့သည် တပည့်တော်အား သတ်လိုကုန်သည် ဖြစ်၍ လုံ့လ ပြုကုန်သော်လည်း သတ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် တပည့်တော်၏ဂုဏ်ကျေးဇူး၌ အသူးကြည်ညိုသည်ဖြစ်၍ တပည့်တော်၏တရားကို ကြားနာရသည်ဖြစ်၍ ရဟန်းပြုကြကုန်၏၊ အရှင်ဘုရားတို့၊ တပည့်တော်သည် အရှင်တို့အားတွေ့မြင်လိုသောအားဖြင့် လာရောက်ပါသည်၊ တပည့်တော်၏ အလိုဆန္ဒ ကိစ္စပြီးဆုံးပေပြီ။ တပည့်တော်သည် သွားပါတော့အံ့ အရှင်မြတ်တို့သည် မမေ့လျော့ ရဟန်းတရားကို အားထုတ်တော်မူကြပါကုန်လော့၊ တပည့်တော်သည် ဘုရားသခင်အထံသို့ သွားပါတော့မည်ဟု ပြောဆိုလျှောက်ထားပြီးမှ ထိုမထေရ်အပေါင်းတို့ကို ကောင်းစွာညွှတ်လျှိုး ရှိခိုးပြီးသော် မိမိ၏တပည့်ဖြစ်ကုန်သော ငါးရာကုန်သောခိုးသားရဟန်းတို့ကိုခေါ်ယူလျက် လာခဲ့ရာ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ် အထံသို့ ရှေးဦးစွာ ဝင်ရောက် ချဉ်းကပ်ရှိခိုး ဦးချ၏၊

## ဒိုးသားငါးရာ ပဒိသန္တိဒါပတ္တ ရဟန္တာဖြစ်ကြခြင်း။

အရှင်သာရိပုတ္တရာမထေရ်က "ငါ့ရှင်သံကိစ္စ၊ အသင်အား အတွင်းနေ တပည့်တို့ကို ရအောင်ပေးသလော" ဟု မေးတော်မူသည်ရှိသော် 'မြတ်-ဟုတ်ပါ၏အရှင်ဘုရား' ဟု ဝန် ၍ အလုံးစုံဖြစ်သမျှသော အကြောင်းကို ကြားလျှောက်၏၊ မထေရ်က "ငါ့ရှင်သံကိစ္စ၊ သွားချေ မြတ်စွာဘုရား သခင်ကို ကြည်ညိုလင်ညွှတ်လျှိုး ရှိခိုးဖူးမြင်လေလော့" ဟု ခိုင်းစေတော်မူ သည်ရှိသော် ကောင်းပါပြီအရှင်ဘုရားဟုဝန်ခံလျှောက်ထားသျှက်မထေရ် ကို ရှိခိုး၍ ထိုရဟန်းတို့ကိုခေါ်ယူပြီးလျှင် မြတ်စွာဘုရား အထံတော်သို့ သွား၏၊ ဘုရားသခင်ကလည်း "ချစ်သား သံကိစ္စ၊ အသင့်အား အတွင်းနေ တပည့်တို့ကို ရအောင်ကုန်သလော" ဟု မေးတော်မူသည်ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်လှပါသည်ဟု ဝန်ခံ၍၊ အလုံး-စုံသော အကြောင်းတို့ကို ပန်ကြား လျှောက်ထား၏။ မြတ်စွာ ဘုရား သခင်သည် 'ချစ်သားရဟန်းတို့၊ အသင်တို့သည် ဤသို့ ပြုလုပ်ခဲ့သော ဟူသည် ဟုတ်မှန်ပေသလော" ဟု မေးတော်မူ၍။ အရှင်ဘုရား၊ ဟုတ်မှန် ပါသည်ဟု ကြားလျှောက်သည်ရှိသော် ချစ်သား ရဟန်းတို့၊ အသင်-တို့အား ခိုးသူအမှုကိုပြု၍ သီလ ကင်းရှင်းသော ဒုဿီလ၏ အဖြစ်၌ တည်ပြီးလျှင်၊ အနှစ်တရာပတ်လုံး အသက် ရှည်ရသောထက် ဤယခုအခါ သီလ၌တည်၍ တနေ့ တခဏ်မျှသော်လည်း အသက် ရှည်ရခြင်းသည် မြတ်၏ဟု မိန့်တော်မူပြီး၍ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောတော် မူလိုသောကြောင့်-

> ယော စ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
> ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏၊

**အနက်ကား**။ ။ယော စ ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ် သည်လည်း။ ဒုဿီလော၊ သီလအလျှင်း၊ ကင်းရှင်းကျိုးထွက်၊ ပျက်စီးသည် ဖြစ်၍။ အသမာဟိတော၊ စိတ်၌နှစ်မျိုး၊ ကုသိုလ်၌မတည်သည်ဖြစ်၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး၊ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နှ သေယျော၊ မမြင့်မြတ် သည်သာလျှင်တည်း၊ သီလဝန္တဿ၊ ဝိပဿနာရတို့ကို သီလတို့ဖြင့်

ပျိုအန်တတ်သော။ ရှာယိနေ၊ အာချမ္ဗဏာပါဒိပဏ္ဍာန, လက္ခဏာပါဒိပဏ္ဍာန, နှစ်ဝသောချာန်တို့ဖြင့် ရှာန်ရှိထသော ပုဂ္ဂလသည် ပုဂ္ဂိုလ်၏၊ ကောသာံ၊ တနေ့တရက်မျှ၊ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြင့်မြတ်၏။ ။ ဤကားအနက်၊

ထိုဒေသနာဂါထာ၏အဆုံး၌ ငါးရာကုန်သောရဟန်းတို့သည် ပဋိသမ္ဘိဒါ ပတ္တတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေကုန်၏ စည်းဝေးရောက် လာကုန်သော များစွာသော လူအပေါင်းတို့ အားလည်း အကျိုးရှိသော ဓမ္မဒေသနာသည် ဖြစ်၏။

## အဓိမုတ္တသာမဏေ။

ဤဒေသနာ ဂါထာ၌ ပင်လျှင် အဓိမုတ္တ သာမဏေ၏ အကြောင်း ဝတ္ထုကိုလည်း ဟောကြားတော်မူသည် ဖြစ်သောကြောင့်။ ထို အဓိမုတ္တ သာမဏေ၏ အကြောင်းကိုဆက်၍ ဆိုလိုက်ဦးအံ့၊

နောက်အဘို့ ဖြစ်သော တပါးသော အခါ၌ သံကိစ္စသာမဏေသည် ပဉ္စင်းအဖြစ်ကိုရ၍ ဆယ်ဝါပြည့်ပြောက် မထေရ်၏အဖြစ်သို့ ရောက်သည် ရှိသော်၊ အလုပ်အကျွေး သာမဏေကို မွေး၏၊ ထိုသာမဏေသည်ကား သံကိစ္စမထေရ်၏သာလျှင် နှမ၏သား တူဖြစ်သော အဓိမုတ္တ အမည် ရှိသော သာမဏေပေတည်း၊

ထိုနောက်အခါ သံကိစ္စမထေရ်သည် သာမဏေ အသက် ပြည့်သော ကာလ၌ ခေါ်တော်မူ၍။ မောင်ရှင်သာမဏေ၊ အသင့်အား ပဉ္စင်းအဖြစ်ကို ငါတို့ ပြုရရှက်ဆောင်၍ ပေးကုန်အံ့၊ သွားတဲ့ချေ။ အဆွေအမျိုးတို့၏ အထံ၌ နှစ်အပိုင်းအခြားကို သေချာစွာ မေးမြန်းစိစစ်၍ လာခဲ့လော့ဟု မှာထား၍ လွှတ်သိုက်၏ အဓိမုတ္တသာမဏေသည် မိခင်ဘခင်တို့အထံသို့ သွားသည် ရှိသော်၊ အကြားဖြစ်သော လမ်းခရီး၌ ငါးရာကုန်သော ခိုးသူတို့သည် နတ်ကို ပူဇော်ခြင်းအလို့ငှါ ဘမ်းဆောင်အပ်သည့် ကာလ၊ ထိုခိုးသား တို့အား တရားကို ဟောကြား၏။ ခိုးသားတို့သည် ကြည်ညိုသော စိတ်ရှိ ကုန်သည်ဖြစ်၍ မောင်ရှင်သာမဏေ၊ အသင့်အား ငါတို့သည် လွှတ်သိုက် ပါကုန်အံ့။ အသင်သည် ဤအရပ်ဒေသ ဤဌာန၌ ငါတို့ရှိသည့်အဖြစ်ကို

တရံတယောက်သော သူအား မပြောကြားအပ်ပေ ဟု ပြောဆိုသဖြင့်၊ ဝန်ခံသည်ရှိသော် လွှတ်လိုက်၏။

**အဓိမုတ္တသာမဏေ၏မိဘများ။**

အဓိမုတ္တသာမဏေသည် ခိုးသူတို့ လွှတ်လိုက်သည်ဖြစ်၍ လာခဲ့သည်ရှိသော်၊ ခရီးရင်ဆိုင်အားဖြင့် ခိုးသူတို့ နေရာဖြစ်သော ထိုလမ်းခရီးသို့ သာလျှင် အစဉ်အတိုင်း လာကြကုန်သောအမိအဘတို့ကို မြင်လျက်လည်း ခိုးသူတို့ မှာထားအပ်သော သစ္စာစကားကို စောင့်ရှောက်သော အားဖြင့် မပြောမကြားသေ။ ခရီးအစဉ်အတိုင်း လာကြကုန်သည်ရှိသော်၊ ခိုးသူတို့သည် သာမဏေ၏ မိခင်ဘခင်တို့ကို ဘမ်းယူပြီးလျှင် နှိပ်စက် ညှဉ်းပန်းအပ်သည့်ကာလ၊ ချစ်သား အဓိမုတ္တ၊ အသင် ချစ်သားသည်လည်း ခိုးသူတို့နှင့် အတူတကွ တိုင်ပင်ညီညွတ် သဘောတူ တပေါင်းတည်း ဖြစ်ချေယောင် တကား၊ ငါတို့အား ဤအရပ်ဒေသ၌ ခိုးသူတို့ရှိသည့် အဖြစ်ကို မပြောမကြားသေ။ အကယ်၍ ပြောကြား သိ ပါဘိမူကား၊ ဤလမ်းခရီးဖြင့် ငါတို့ မလာပေရာ ဟု ပြောဆို ငိုကြွေးမြည်တမ်းကြကုန်သော သာမဏေ၏မိခင်ဘခင်တို့၏ အသံကို ခိုးသူတို့ကြားသိ၍၊ ထို မောင်ရှင်သာမဏေသည် မိမိ၏ မိခင်ဘခင်တို့အား သော်လည်းမပြောမကြားဘဲ တည်နိုင်ပါပေသည်ဟုအတိုင်းထက်အလွန်ကြည်ညိုသောစိတ်ရှိကုန်သည်ဖြစ်၍ ထိုအဓိမုတ္တသာမဏေ၏အထံ၌ ရဟန်းအဖြစ်ကို တောင်းပန်ကြကုန်၏၊ အဓိမုတ္တ သာမဏေသည်လည်း သံကိစ္စသာမဏေကဲ့သို့ ထိုအလုံးစုံသော ခိုးသူတို့ကို ရဟန်းပြုစေ၍၊ ဥပဇ္ဈာယ် ဆရာဖြစ်သော သံကိစ္စ မထေရ်၏ အထံသို့ ခေါ်ဆောင်ခဲ့ပြီး၍၊ သံကိစ္စ မထေရ်က မြတ်စွာဘုရား အထံသို့ ခေါ်လွှတ်အပ်သည် ဖြစ်၍ သွားရောက်ပြီးလျှင် ထိုအကြောင်း အလုံးစုံကို အကုန်ကြားလျှောက်ကုန်၏။

**ပဒီသမ္ဘိဒါမဂ္ဂ ရဟန္တာ ဖြစ်ကြခြင်း။**

မြတ်စွာဘုရား သခင်သည် ချစ်သား ရဟန်းတို့၊ဤသို့ ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလော ဟု မေးတော်မူ၍၊ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည် ဟု လျှောက်သည် ရှိသော်၊

ရှေးနည်းဖြင့်သာလျှင် အနုသန္ဓိကိုစပ်၍ တရားတော်ကိုဟောကြားတော်မူလိုသောကြောင့်-

"ယောစ ဝဿသတံ ဇီဝေ"။

ဟူသော ဤဂါထာကိုပင် မိန့်တော်မူ၏။

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

[ဤဝတ္ထု၌ သံကိစ္စသာမဏေ၏ မိခင်သေသွားနှင့် သုသာန်၌ မီးတိုက်သောအခါ လူငယ်ကို ရသောအရာ၌ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် ဤအဋ္ဌကထာသည် အဆိုမညီကြ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌မူကား မိခင် အလောင်းကို မီးတိုက်သောအခါ တံပိုဖြင့် ထိုး၍ မျက်စိ အဘောင်အစွန်းကို ထိုးမိသဖြင့် သူငယ်၏ အသံကို ကြား၍ မီးပုံ ထင်းစီးသက်မှ ချခွဲ ယူငင်ရသည် ဟု ဆို၏။ ကြံဆင်ခြင်ကြလေကုန်။]

မွေပဒသဟာဿဝဂ်၌ ကိုးခုမြောက်ဖြစ်သော သံကိစ္စသာမဏေ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၈-သဟဿဝဂ်။ ၁၀-ခါဏုကောဏ္ဍညမထေရ်၏ဝတ္ထု။

**ယော စ ဝဿသတံ** ။ ။အစချီသော၊ မိုးကွာခံ ဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ ထောင့်ငါးရာ အခမ္မ၊ ကိလေသ အဆိုးညစ်တို့၊ ပယ်လွှတ်လောင်ကျွမ်းရာကိုသော ခံစားကာဖြင့်၊ သံသရာဝဋ်၊ ခန္ဓာဝဋ်မှ၊ မလွှတ်ရှည်ကြာ၊ ကျင်လည်လာခဲ့၍၊ သမ္ဗာဒဗ္ဗ၊ လောကင်္ကေုံလုံ၊ ပြည့်စုံထင်ရှား၊ ဘုရားဖြစ်အံ့သော ယခုဘဝမှ၊ မိမိကဘဖန်၊ ထိုမီးလျှံတို့ကို၊ ငြိမ်း၍ ကျွမ်းလောင်စေတတ်သော ဂုဏ်သကတ်အလာကြောင့်၊ သဗ္ဗညာမည်ရှိ၊ မုနိ-ထွဋ်ထား၊ ဘုရား ကိုယ်တော်မြတ်သည်၊ အရှင်ရှင်သော ရတနာတို့ဖြင့် လွှန်စွာရုံဘိ၊ ဂုဏ်သုံး ၄ိသည့်၊ သာဝတ္ထိပြည်၏ ဘောင်စွန် ဇေတဝန်-ကျောင်းရှိပ်၌၊ ချဉ်းကပ်ရှင်ပြီး၊ သီတင်းသုံးတော်မူခိုက် အခါ၊ သမာပတ်ရှာနှံချမ်းသာကို ကောင်းစွာဝင်စားခြင်းငှါ ပြုလေ့ရှိသော ခါဏုကောဏ္ဍည

မသေရဲမြတ်ကို အကြောင်း စပ်သျှ၊ ညည်ညွှန်း ပြုသောအားဖြင့် ဟော-ကြားတော်မူခဲ့ပေသတည်း၊

## အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ထိုကောလဉ္ဇည မထေရ်သည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင်၊ ထွက်ခွါသွားရောက် တောကျောင်း၌ သီတင်းသုံးတော်မူလျက်၊တရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ပြီးသည် ၄ှသော် မြတ်စွာဘုရားအား ကြားလျှောက်အံ့ဟု မိမိကိန်းအောင်းသော တောကျောင်းမှလာခဲ့ရာ၊လမ်းခရီးအကြား၌ ပင်ပန်းသော သဘောရှိသော ကြောင့် လမ်းမှဖဲ၍ တောထဲသို့ ဝင်ကြွပြီးသည့် ကာလ၊ တရသော ကျောက်ဖျာအပြင်၌ ထိုင်နေသီတင်းသုံးလျက် ဈာန်ကိုဝင်စားတော်မူ၏၊

### ခိုးသားငါးရာ။

ထိုအခါ ငါးရာကုန်သော ခိုးသူတို့သည် ရွာတရွာကို ဖျက်ဆီးလုယက်၍၊မိမိ၏ခွန်အား စွမ်းပကား အားလျော်စွာ ပစ္စည်းဥစ္စာ ဘဏ္ဍာတို့ကို ထုပ်ပိုးချည်နှောင် ဦးခေါင်းဖြင့် ရွက်ဆောင်၍ သွားကြကုန်သည်ရှိသော်၊ ဝေးသောခရီးသို့ရောက်၍ပင်ပန်းသော သဘောရှိကုန်ရကား၊“ငါတို့သည် ဝေးသော အရပ်မှ လာကြကုန်ပြီသည်။ ဤကျောက်ဖျာ၌ တခဏမျှ အပန်းဖြေ နားနေပြီးသည့် ကာလ၊ သက်သာရာကို ရစေကုန်အံ့” ဟု ပြောဆို တိုင်ပင်၍၊လမ်းခရီးမှ ဖဲပြီးသည့်ကာလ၊ တောထဲသို့ သွားဝင် ကျောက်ဖျာပြင်သို့ ရောက်ကြသဖြင့်၊မထေရ်ကို မြင်သော်လည်း အရှိန်မဲ့သောအခါ ဖြစ်သောကြောင့်၊ ဤသည်ကား သစ်ငုတ်ဟူသော အမှတ် သညာ ရှိသည်ဖြစ်ကုန်၏၊ ထိုနောက် တယောက်သော ခိုးသားသည် မထေရ်၏ ဦးခေါင်း၌ ဘဏ္ဍာထုပ်ကို တင်ထား၏။ တယောက်သော ခိုးသူသည်လည်း မထေရ်ကို မှီပြီးသည့်ကာလ ဘဏ္ဍာထုပ်ကိုထား၏။ ဤသို့သော နည်းဖြင့် ငါးရာကုန်သော ခိုးသူတို့သည် ငါးရာကုန်သော ဘဏ္ဍာထုပ်တို့ဖြင့် ဝန်းရံရပုံ သိုမှီးထားပြီးမှ၊ မိမိတို့သည်လည်း စောင့်-ရှောက်ထိုင်နေလျက် အိပ်ပျော်ခြင်းသို့ သက်ကုန်၏။ နေအရုဏ်တက်သော ကာလ အိပ်ရာမှနိုးကြ၍၊ မိမိတို့၏ ဘဏ္ဍာထုပ်တို့ကို ယူကြကုန်သည်

ရှိသော်၊ မထေရ်ကိုမြင်၍ ဘီလူးဟူသော အမှတ်သညာဖြင့် ပြေးခြင်းငှါ အားထုတ်ကုန်၏။

ထိုအခါ ခိုးသားတို့ကို မထေရ်က"ဒါယကာတို့မကြောက် မလန့်ကြကုန်လင့်။ငါသည် မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်းဖြစ်သည်" ဟု မိန့်တော်မူ၏။ထိုခိုးသူတို့သည် မထေရ်၏ခြေရင်း၌ ဝပ်စင်း ဦးချ၍ "အရှင်ဘုရား၊ တပည့်တော်တို့သည် သစ်ငုပ်ဟူသော အမှတ်ရှိသည် ဖြစ်၍ ဤသို့ပြုမိပါကုန်သည်။ သည်းခံတော်မူပါလော့" ဟု မထေရ်ကို သည်းခံစေပြီး၍၊ ခိုးသူ အကြီးအမှူးက ငါသည် အရှင်မြတ်၏အထံ၌ ရဟန်းပြုတော့အံ့ဟု ဆိုသည်ရှိသော်၊ ကြွင်းကုန်သော သူတို့က ငါတို့သည်လည်း ရဟန်းပြုကုန်တော့အံ့ ဟု ဆိုကြပြီးလျှင်၊ အလုံးစုံသော ခိုးသူတို့သည် တူသောအလိုဆန္ဒ ရှိကုန်သည်ဖြစ်၍၊ မထေရ်ကို ရဟန်း ပြုပါမည့်အကြောင်းနှင့် တောင်းပန် လျှောက်ကြားကြကုန်၏။ မထေရ်လည်း သံကိစ္စ သာမဏောသည် ငါးရာသော ခိုးသားတို့အား ရဟန်းပြုသောအသားကဲ့သို့၊များစွာအကုန် အလုံးစုံသော ထိုခိုးသူတို့ကို ရဟန်းပြုစေတော်မူ၏။ထိုအခါမှစ၍ မထေရ်အား "ခါဏုကောဏ္ဍည" ဟူသော အမည်သည် ထင်ရှားသေး၏၊

## ခိုးသားငါးရာ ပဒီသမွှိဒါပဒ္ဒရဟန္တာဖြစ်ခြင်း။

ခါဏုကောဏ္ဍည မထေရ်သည် ထိုငါးရာသော ရဟန်းတို့နှင့် အတူ တကွ မြတ်စွာဘုရားအထံတော်သို့ သွားရောက်၍၊ "ချစ်သားကောဏ္ဍည၊ အသို့ပေနည်း။အသင့်အား အတွင်းနေ တပည့်တို့ကို ရအပ်ကုန်သလော" ဟု မြတ်စွာဘုရား မေးတော်မူသည်ရှိသော်။ ထိုဖြစ်ခြင်း အကြောင်း အလုံးစုံကို အကုန် ပြန်ကြား လျှောက်ထားပေ၏၊ မြတ်စွာဘုရားက။ "ချစ်သားရဟန်းတို့၊ဤသို့ ပြုလုပ်သောဟူသည် ဟုတ်မှန်ပေသလော" ဟု မေးတော်မူသည့် ကာလ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဩော်-ဟုတ်မှန်ပါ၏၊ တပါးသောသူအား ဤသို့သဘောရှိသော တန်ခိုး အာနုဘော်ကို တပည့်တော်တို့ မတွေ့မမြင်ဘူးပါ၊ ထိုကြောင့် ရဟန်း ပြုကြပါကုန်သည်ဟု ရှိခိုးနားတော် ကြားလျှောက်သည်ရှိသော် ချစ်သား- ရဟန်းတို့၊ ဤသို့ သဘောရှိသော ပညာအလျှင်း ကင်းရှင်း ချို့ငဲ့သော

အမှုန့်တည်၍ အနှစ်တရာပတ်လုံး အသက် ရှည်ရသောထက် ဤယခု-အခါ ပညာနှင့် ပြည့်စုံသဖြင့် ရောက်အပ်ကုန်သော စိတ်ရှိကုန်သော အသင်တို့အား တနေ့တရက်မျှ အသက်ရှည်ရခြင်းသည် မြင့်မြတ်၏ဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**ယော စ ဝဿသတံ ဇီဝေ၊ ဒုပ္ပညော အသမာဟိတော။**
**ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနော။ ။**

ဟူသော ဂါထာကို မိန့်ဆိုတော်မူ၏၊

ထိုဂါထာ၏အဆုံး၌ ငါးရာကုန်သောရဟန်းတို့လည်း ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ကြွင်းကုန်သော များစွာသော သူတို့သည်လည်း အကျွတ်တရားကို ရကြကုန်၏၊

**အနက်ကား။** ။ယော စ ပုဂ္ဂလော. အကြင် ပုဂ္ဂိုလ် သည်လည်း။ ဒုပ္ပညော၊ပညာအလျှင်း၊ ကင်းရှင်းချို့ငဲ့၊ မဲ့သည်ဖြစ်၍၊ အသမာဟိတော၊ ကောင်းမှု ကုသိုလ်၌၊နှစ်မျို့သောက်တည်၊မတည်ကြည်သော စိတ်ရှိသည် ဖြစ်၍။ ဝဿသတံ၊ သချာတွက်စစ်၊အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ နှ သေယျော၊ မမြင့်မြတ်၊ သီလဝန္တဿ၊ ပိပ္ပနိုသာရတို့ကို သီလဖြင့် ပျိုအနိတတ်သော၊ ဈာယိနော၊ အာရမ္မဏူပနိဇ္ဈာန, လက္ခဏူပနိဇ္ဈာန-နှစ်ပါးကုန်သော ဈာန်တို့ဖြင့် ဈာန်ရှိထသော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တနေ့တရက်မျှ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြင့်မြတ်၏၊ ။ဤကားအနက်။

ဓမ္မပဒသဟဿဝဂ်၌ "ဆယ်ခုမြောက်ဖြစ်သော ခါဏုကောဏ္ဍည မထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

**၈ သဟဿဝဂ်။ ၁၁-သပ္ပဒါသမထေရ်ဇာတ်ဝတ္ထု။**

**ယော စ ဝဿသတံ ဇီဝေ။** ။အစဝေွှသော၊ ဒေသနာ သံချဉ္ဇာန်၊ သာရက္ကိုသြဝါ၊ ပါဠိဂါထာကို၊ မဟာဗောဓိ၊ အသဒိဒုမ၊ ယင်းမူလ၌၊ အဓိဋ္ဌာနအခါ၊ သာမ္မာဝါယာမ၊ လုံ့လမကွင်ဖြင့်၊ အစဉ်မပြတ်၊ လောင်ကျွမ်း

တတ်သော၊ ဆယ်ချပ်ကီးလေ၊ မီးထွေထွေကို၊ ပယ်ခွဲ တတ်တတ်၊ ငြိမ်းသတ်တော်မူနိုင်သည့် ဂုဏ်ဟိတ် အလာကြောင့်၊ သဗ္ဗညုဟူသော တံဆိပ် နာမံဖြင့်၊ ကျော်သျှံ ထင်ရှား၊ ဘုရားကိုယ်တော် မြတ်သည်၊ ပြည့်ရပ်ဘုန်မွှ၊ သာဝတ္ထိ ဂေါစရ၊ ဥာနုရိပ်မြုံ၊ ဇေတဝန် မှူးဘုံ၌၊ လေးရုံသော ယာပထဖြင့်၊ မှုတတော် မူခိုက်အခါ၊ သုဒ္ဒါသ အမည်ရှိသည့်၊ မထေရ် တပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း၊

## အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိပြည်၌နေလေ့ရှိသောတယောက်သောအမျိုးသားသည်ဘုရားမြတ်စွာဟောကြားသောဒေသနာကိုကောင်းစွာကြားနာရသည်ဖြစ်၍တက်ကြွသဒ္ဓါ၊သာသနာဝယ် ကောင်းစွာချည်ရှု၊ ဟန်း ပြုပြီးသည်မှ၊ နေဘက်-အကျွန်၊ချအပ်သော ပဥ္စင်းအဖြစ် ရှိသည်ဖြစ်၍နေ၏ နောက်အတွိဖြစ်သော အခါ၌ မထေရ်သည် သာသနာတော်ထမ်း ရဟန်း၏အဖြစ်၌ မမွေ့လျော် ငြီးငွေ့ ဆန္ဒကျင်ခြင်း ဖြစ်လေ၏။ ထိုအခါ မထေရ်သည် ငါကဲ့သို့ သဘောရှိသော အမျိုးကောင်းသားအား ဘုရား သာသနာတော်ထမ်း ရဟန်းဖြစ်ပြီး သျှက်၊ ယုတ်လျော့ပျက်စီး၍ လူအဖြစ်သို့ တဖန် ပြန်ရောက် ရမည့်သနစ် လူ၏အဖြစ်မည်သည် စင်စစ်မသင့်တင့်။ ရဟန်း၏အဖြစ်၌ တည်နေလျက် လူ့ဘောင်သို့ ထွက်ရမည်ထက်၊ အသက် သေဆုံးရ ခြင်းသည် မြတ်သေးသည်ဟု ကြံ၍ မိမိ၏ သေလွန်တိုရာ အကြောင်း ကိုသာ ရှာကြံဆည်းဘိုးသျှက် လှည့်လည်၏၊

ထိုအခါ တနေ့သ၌ နံနက်စောစောကလျှင် ပြုအပ်ပြီးသော ဆွမ်း-စားခြင်းကိစ္စ ရှိကုန်သော ရဟန်းတို့သည် ကျောင်းသို့ သွားရောက်၍ မီးတင်းကုပ်၌ မြွေကို တွေ့မြင်ကြသည် ရှိသော်၊ ထိုမြွေကို တခုသော အိုး၌ ထည့်သွင်းပြီးသည့် ဂ ၁သ၊အိုးကို လုံစွာပိတ်၍ ယူဆောင်ပြီးလျှင် ကျောင်းမှ ထွက်သွားကြကုန်၏။

### ခိုးဖြင့်သည့်သောမြွေ။

သာသနာတော်၌ ငြီးငွေ့ဆန္ဒကျင်သော ထိုရဟန်းသည်လည်း ဆွမ်း စားခြင်းကိစ္စကို ပြုပြီး၍ ရွာမှထွက်လာခဲ့သည် ရှိသော်၊ မြွေလွှတ်ရန်

သွားကြကုန်သောရဟန်းတို့ကို တွေ့မြင်၍ ငါ့ရှင်တို့၊ဤဝတ္ထုသည်ကား အဘယ်ဝတ္ထုနည်းဟုမေးသဖြင့် ငါ့ရှင်၊မြွေသင်္ကာ တည်းဟု ပြောသျှင် ဤမြွေဖြင့် အဘယ်သို့ပြုကုန်လတ္တံ့နည်းဟု မေးပြန်သည့်ကာလ ငါ့ရှင်၊ ထိုမြွေကိုလွှတ်အံ့ဟု ယူလာခဲ့ကြပေသည်ဟု ပြော၏။မထေရ်သည် ထို ရဟန်းတို့ ပြောဆိုသောစကားကိုကြား၍ ဤမြွေဖြင့်ငါ့ကို ကိုက်ခဲစေပြီး သည့်ကာလ သေလွန်တော့အံ့ဟု ကြံပြီးမှ ငါ့ရှင်တို့၊ ဆောင်ယူခဲ့ကြကုန် လော့ ငါ့ကိုပေးလိုက်ကြကုန်လော့၊ ဆောင်ယူသွားပြီးသည့်ကာလ ငါ စွန့်လွှတ်ပေအံ့ဟု ပြောဆိုပြီးလျှင် ရဟန်းတို့လက်မှ မြွေထည့်သော အိုးကိုဆောင်ယူခဲ့၍ တခုသောအရပ်၌ ထိုင်နေပြီးသော်၊ ထိုမြွေဖြင့် မိမိ ကိုယ်ကို ကိုက်ခဲစေ၏။မြွေသည် ကိုက်ခဲခြင်းငှါ အလိုမရှိ၊ မထေရ်သည် အိုးထည်းသို့လက်ကိုထည့်၍ထိုမှဤမှမြွေကိုမွှေနှောက်၏၊ကြမ်းထမ်းသော မွေ၏ခံတွင်းကိုဖွင့်၍ မြွေ၏ခံတွင်းသို့ လက်ကိုသွင်း၏၊ ထိုသို့ပြုလုပ်ပါ သော်လည်း မြွေသည်မ ထေရ်ကို မကိုက်လေ၊ ယင်းသို့သော အခါမှ မထေရ်သည် ဤမြွေကား လျှင်မြန်ထက်မြက်သော အဆိပ်ရှိသော ကြမ်း ခက်သောမြွေမဟုတ်ဟု နှလုံးသွင်း၍ ထိုမြွေကိုပယ်စွန့်ပြီးလျှင် ကျောင်းသို့ သွားလေ၏၊

ကျောင်းသို့ရောက်သောအခါ ထိုမထေရ်ကို ရဟန်းတို့က ငါ့ရှင်၊ အသင့်အား မြွေကိုစွန့်လွှတ်ခဲ့ပြီလောဟုမေးကြသဖြင့် ငါ့ရှင်တို့၊အသင်တို့ ယူဆောင်ခဲ့သောထိုမြွေသည်ထက်မြက်လျှင်မြန်ပြင်းထန်ကြမ်းကြုတ်သော အဆိပ်ရှိသောမြွေမဟုတ်ဟု ပြော၏ ငါ့ရှင် အသို့ဆိုသနည်း။ဤမြွေသည် ကြမ်းကြုတ် ခက်ထန် လျှင်မြန်သော အဆိပ်ရှိသော မြွေသာတည်း၊ ကြီးစွာသောပါးပျဉ်းကိုပြု၍ ရှူးရှူးဟူသောအသံကို မြည်လျက်နေသော ကြောင့် ငါတို့သည် ဆင်းရဲငြိုငြင်ပင်ပန်းစွာ ဖမ်းယူရကုန်၏ အသင် အဘယ်ကြောင့် ဤသို့ဆိုသနည်းဟု မေးကြလျှင် ငါ့ရှင်တို့၊ ငါသည် လက်ချောင်းကို ထိုမြွေအား ကိုက်စေသော်လည်း မကိုက် ခံတွင်းကိုဖွင့်၍ လက်ကို ထည့်ပါသော်လည်း ထိုမြွေကို ကိုက်စေခြင်းငှါ မတတ်နိုင်။ ထိုကြောင့် ငါဆိုပေသည်ဟုပြော၏။ထိုသို့ ပြောဆိုသောစကားကိုကြား၍ ရဟန်းတို့သည် ဆိတ်ဆိတ်နေကြကုန်၏။

## သင်ရုန်းဓားဖြင့်သတ်သေရန်ကြံခြင်း။

ထိုနောက် တနေ့သ၌ ရဟန်းတို့သည် ရေချိုးသည်ရှိသော်၊ နှစ်ရသုံးရ ကုန်သော သင်ရုန်းဓားတို့ကိုယူ၍ ကျောင်းသို့ သွားရောက် ပြီးသျှင် ကြွင်းကျန်သော သင်ရုန်းကို မြေ၌ချထား၍ တရသောသင်ရုန်းဖြင့် တပါး သောရဟန်းသည် ရဟန်းတို့အံကို ရိတ်ချ၍ နေ၏၊ သာသနာတော်၌ ဆန့်ကျင်ငြီးငွေ့သော ထိုမထေရ်သည် မြေ၌ချထားအပ်သောသင်ရုန်းကို ယူ၍ ဤသင်ရုန်းဖြင့် လည်ကိုလှီးဖြတ် မိမိကိုယ်ကို မိမိသတ်သေအံ့ဟု နှလုံးသွင်းပြီးသောကာလ တရသောသစ်ပင်ရင်း၌ သည်ပင်းကိုတုံးထက်သို့ တင်၍ သင်ရုန်းသွားကိုလည်မျို၌ တင်ထားသည်ကိုပြုပြီးသော်၊ ပဉ္စင်း ဖြစ်သောကာလမှစ၍ မိမိ၏သီလကို ဆင်ခြင်သည်ရှိသော် မိုးခိုးမှုတ်မိ သူရိမ်ဆီးနှင်း အညစ်အကြေးကင်းသည်ဖြစ်၍ ထွန်းလင်းတောက်ပသော သသာကံနတ်ယုန်ပြာသာဒ်သဝန်းကဲ့သို့၎င်း၊ ကောင်းစွာသုတ်သင်ဆေးကြော အပ်ပြီးသော ပတ္တမြားဘုံးကဲ့သို့၎င်း ကျိုးပေါက်ပြောက်ကြားခြင်းမရှိသော ပြီတွယ်သက်မြေး အညစ်အကြေးကင်းသော သီလကိုမြင်လေ၏။ သီလ ကို ဆင်ခြင်ကြည့်ရှုသော ထိုမထေရ်၏ တကိုယ်လုံးကို ပြန့်နှံ့သောနှစ်သက် ခြင်း ပီတိသည်ဖြစ်၏၊ မထေရ်သည် ပီတိကိုခွါပြီးလျှင် ဝိပဿနာကို ပွါးများသည်ရှိသော်၊ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍ သင်ရုန်း ကိုယူပြီးလျှင် ကျောင်းအလယ်သို့ ပြန်ဝင်လာ၏။

ထိုအခါ မထေရ်ကိုရဟန်းတို့က ငါ့ရှင်၊ အသင်သည်အဘယ်အရပ်သို့ သွားသနည်းဟု မေးကြကုန်၏ ငါ့ရှင်တို့၊ ငါသည် ဤသင်ရုန်းဖြင့် မိမိ၏ လည်ကိုဖြတ်၍ သေတော့အံ့ဟု သွားပေသည်ဟုပြောသဖြင့် ငါ့ရှင် ထို သို့သေရအံ့သောငှါသွားသဖြင့် အဘယ်ကြောင့်မသေသနည်းဟု မေးကြ ပြန်လျှင် ငါ့ရှင်တို့၊ ဤယခုအခါ၌ ငါသည် လက်နက်ကိုဆောင်ယူခြင်းငှါ ထိုက်ပေပြီ၊ ထိုစကားမှန်၏၊ ငါသည် ဤသင်ရုန်းဖြင့် လည်ကိုဖြတ်အံ့ဟူ၍ ကြံအောက်မေ့ပြီးသည့်ကာလ သွား၏၊ ဤသို့ချမှာမှုကား ဉာဏ်တည်း ဟူသောသင်ရုန်းဖြင့် အလုံးစုံသော ကိလေသာတို့ကို ဖြတ်အပ်ပေပြီဟု ပြော၏၊ ရဟန်းတို့သည် ဤမထေရ်သည်ကား မဟုတ်မမှန်သောအားဖြင့် တပါးသော ဥတ္တရိမနုဿဓမ္မတရားကို ပြောကြားပြောဆို ၏သည်ဟု မြတ်စွာဘုရားသခင်အား လျှောက်ကြားကုန်၏၊

မြတ်စွာဘုရားသည် ထိုရဟန်းတို့စကားကိုကြားသိတော်မူ၍ ချစ်သားရဟန်းတို့၊ကုန်ပြီးသော အာသဝေါရှိသော ပေဿကာဝတို့ မည်သည်ကား မိမိလက်ဖြင့် မိမိကိုယ်ကို ဇီဝိတိန္ဒြေအသက်မှ ပယ်ဖျက်ချသတ်ခြင်းကို မပြုကုန်ဟု မိန့်တော်မူ၏။ထိုအခါ ရဟန်းတို့က 'ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ အရှင်ဘုရားတို့က ဤမထေရ်ကို ကုန်ပြီးသော အာသဝေါတရားရှိသော ပေဿကာဟူ၍ မိန့်ဆိုတော်မူကြကုန်၏၊ ဤသို့ ပေဿကာ ဖြစ်ခဲ့သည်ရှိသော် အရဟတ္တဖိုလ်သို့ ရောက်စေတတ်သော အကြောင်းဥပနိဿယ ပြည့်စုံခြင်းရှိပါလျက် အဘယ်သို့သောအတွက်ကြောင့် လူထွက်လိုသည်ဖြစ်၍ သာသနာတော်၌ မမွေ့မလျော်နေ့ကျင်ခြင်း ဖြစ်ရလေသနည်း၊ ထိုမထေရ်၏ အရဟတ္တဖိုလ်သို့ ရောက်ခြင်း အကြောင်းကား အဘယ်ပါနည်း၊ထိုမြွေသည် အဘယ်ကြောင့်မထေရ်ကို မကိုက်ပါသနည်းဟု" မေးလျှောက်၏။

## ကျွန်ဖြစ်ခဲ့ဘူးသောမြွေ

ချစ်သားရဟန်းတို့၊ ကိုမြွေသည် ဤမထေရ်၏ သုံးခုမြောက်သော ကိုယ်၏အဖြစ်၌ ကျွန်အမှုလုပ်သည် ဖြစ်ပေ၏၊ ထိုကြောင့် မြွေသည် မိမိ အရှင်ဖြစ်သောမထေရ်၏ကိုယ်ကို ကိုက်ခြင်းငှါမစွမ်းနိုင်။ဤသို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် မေးလျှောက်အပ်သော အကြောင်း တပါးကို ဖြေကြားတော်မူ၏။ ထိုအခါ ကာလမှစ၍ ထိုရဟန်းသည် သပ္ပဒါသမထေရ်မည်သည် ဖြစ်လေ၏။

## အတိတ်ဝတ္ထု။

ထိုနောက် ကြွင်းကျန်သော အကြောင်းနှစ်ပါးကို ဟောကြားတော်မူပြန်၏၊ ချစ်သားရဟန်းတို့၊ ကဿပမြတ်စွာဘုရားသခင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသောကာလ၌ တယောက်သောအမျိုးကောင်းသားသည် ဟောကြားတော်မူအပ်သော မြတ်စွာဘုရားသခင်၏ တရားစကားကိုနာခဲ့၍ ထိတ်လန့် နှလုံးလှုပ်လှသော သံဝေဂတရား ရှိရကား သာသနာတော်၌ ရဟန်းပြု၍ ပဉ္စင်း အဖြစ်ကို ရ၏၊ ထိုရဟန်းသည် နောက်အဘို့၌ မမွေ့လျော်ခြင်း ဖြစ်သည်ရှိသော် အဖေါ်ဖြစ်သော တပါးသောရဟန်းအား အကြောင်းကို ကြား၏။ ထိုရဟန်းသည် သာသနာ

တော်၌ မပျော်မွေ့သော ထိုအခါ ရဟန်းအား အစဉ်မပြတ်သာလျှင် လူ၏အဖြစ်၌ အပြစ်ကိုပြ၍ ဆုံးမပြောဆို၏ သာသနာတော်၌ မပျော်မွေ့သော ရဟန်းသည် ထိုသို့သော စကားကို ကြား၍ သာသနာတော်၌ မွေ့လျော်ပြီးလျှင် ရှေးမမွေ့လျော်စဉ်အခါ၌ မဆေးကြော မသုတ်သင် အပ်သည် ဖြစ်၍ အညစ်အကြေးတို့ဖြင့် လိမ်းကပ်၍ နေသော ရဟန်း ပရိက္ခရာတို့ကို တရသောထုံးအိုင်၏ကမ်းနား၌ ပွတ်သင်ဆေးကြောခြင်း ကိုပြုလျက် ထိုင်နေ၏။ တရားစကား ဟောကြားသောရဟန်းသည်လည်း ပရိက္ခရာတို့ကိုဆေးကြော၍ သုတ်သင်နေသော ရဟန်း၏အထံ၌သာ လျှင် ထိုင်နေ၏။

## သပိတ်ပရိက္ခရာသိုချင်မှု။

ထိုအခါ အဘော်ဖြစ်သောတရားစကားဟောကြားတူးသောရဟန်းတို့ ပရိက္ခရာဆေးကြောသုတ်သင်သော ရဟန်းက "ငါ့ရှင်၊ ငါသည် သာသနာ တော်၌ မမွေ့လျော်၍ ရှေးအခါ၌ကာ လူထွက်ဖြစ်သည် ရှိသော်၊ ဤ ပရိက္ခရာတို့ကို အသင်အားပေးလှူခဲ့မည်ဟု နှလုံးသွင်းမိ ပေသည်"ဟု ပြော၏၊ ထိုရဟန်းက ကြံသင်သည်မှာ ဤရဟန်းသည် သာသနာတော်၌ ရဟန်းဖြစ်သဖြင့်ရင်း၊ လူထွက်သဖြင့်ရင်း ငါ့အား အဘယ်အကျိုးရှိအံ့ နည်း။ ဤပရိက္ခရာတို့ကိုရအောင် ဖျက်ဆီးအံ့-ဟု ကြံ၏။ ကြံစည် ပြီးသော ကာလမှ စ၍ ထိုရဟန်းသည် "ငါ့ရှင်၊ ငါတို့အား သာသနာတော်၌ အသက်ရှည်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါတို့ သည် အိုးခြမ်းခွက်ကို လက်၌ ကိုင်စွဲလျက် သူတပါး အမျိုးအိမ်တို့၌ ဆွမ်းအလို့ငှါ လှည့်လည်တောင်းခံလျက် စားသောက်ကြရကုန်၏။ သား မယားတို့နှင့်အတူတကွ အလွှာပ သလ္လာပကိုမျှလည်း မပြုကြရကုန်"။ ဤသို့ အစရှိသည် တို့ကို ပြောဆိုလျက် လူ့အဖြစ်၏ ဂုဏ်ကျေးဇူး စကားကို များစွာပြော၏။

အဘော်ဖြစ်သောရဟန်းသည် ထိုရဟန်း၏စကားကို ကြား၍ တဖန် ဆန့်ကျင်ခြင်းဖြစ်လာသဖြင့် ဤရဟန်းသည် ငါ့အား ရှေးဦးစွာ သာသနာ တော်၌ ဆန့်ကျင်ခြင်း ဖြစ်သည်ဟု ပြောသည်ရှိသော် လူ၏အဖြစ်၌ အပြစ် အာဒီနဝကိုပြ၍ ဆုံးမသွန်သင်၏၊ ဤသခုအခါ၌ အစဉ်မပြတ်

အထပ်ထပ်အဖန်ဖန် လူအဖြစ်၏ ၎င်းကျေးဇူးစကားကို ပြောကြား၏။ အကြောင်းအသို့နည်းဟူ ကြံအောက်မေ့သည်ရှိသော် ငါသုံးဆောင်ရာ ဖြစ်သော ဤရဟန်းပရိက္ခရာတို့၌ လိုချင်သေးလောဘကြောင့် ဖြောင်းဖြ ပြောဆိုခြင်း ဖြစ်လေသည်ဟု သိ၍ မိမိအလိုလိုသာလျှင် မိမိ၏စိတ်ကို သုံးမလျက် ဆုတ်နှစ်စေ၏။

ချစ်သားရဟန်းတို့၊ ဤရဟန်းအား ကဿပမြတ်စွာဘုရားလက်ထက်၌ တပါးသောရဟန်းအား သာသနာတော်မှ ဆန့်ကျင်စေသည့်အဖြစ်ကြောင့် ဤယခုအခါ၌ မိမိသည် သာသနာတော်၌ မမွေ့လျော်ခြင်း ဖြစ်ရလေသည်၊ ချစ်သားရဟန်းတို့၊ ထိုရဟန်းသည်ပင်လျှင် ကဿပမြတ်စွာဘုရားလက်ထက်၌ အနှစ် နှစ်သောင်းတို့ ကာလ ပတ်လုံး ရဟန်းတရားကို အားထုတ်သည်းပွားခဲ့ဘူး၏၊ ထိုကောင်းမှုကြောင့် ဤယခုအခါ၌ အရဟတ္တဖိုလ်၏ ဥပနိဿယအကြောင်း ပြည့်ဝခြင်း ဖြစ်ရလေသည်ဟု မိန့်တော်မူ၏။

## အရဟတ္တဖိုလ်ခြင်းအကြောင်း။

ရဟန်းတို့သည် ဤသို့သော အကြောင်းကို မြတ်စွာဘုရား အထံမှ ကြားနာခဲ့ပြီး၍ ထိုထက်အလွန် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၊ ဤရဟန်းသည် သင်ရုန်းသွားကို လည်ချောင်းဆက်၌ တင်ထား ကာမှုကာလဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ရောက်ပေသတတ်၊ ဘုန်းတော် ကြီးတော်မူသောမြတ်စွာဘုရား၊ ခဏမတ္တ ဤမျှလောက်သောကာလဖြင့် အရဟတ္တမဂ်ကို ရခြင်းဖြစ်နိုင်ပါမည်လော" ဟု မေးလျှောက်ကြကုန်၏။

ချစ်သားရဟန်းတို့၊ ဩဇာ-ဟုတ်ပေ၏၊ အားထုတ်အပ်သော ဝီရိယ ရှိသောရဟန်းအား ခြေကိုပင့်ကြွ၍ မြေကြီး၌နင်းချသည်ရှိသော်၊ ကြွအပ် သောခြေတို့သည် မြေကြီးသို့ မရောက်မီပင်လျှင် အရဟတ္တ မဂ်သည် ဖြစ်နိုင်၏၊ ချစ်သားရဟန်းတို့၊ ပျင်းရိပေါ့လျော့သောပုဂ္ဂိုလ်၏ အနှစ်တရာ ပတ်လုံး အသက်ရှည်တည်နေရသောထက် အားထုတ်အပ်သော ဝီရိယ ရှိသောပုဂ္ဂိုလ်၏ တခဏမျှ အသက်ရှည် ရခြင်းသည် မြင့်မြတ်သည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

ယော စ ဝဿသတံ ဇီဝေ၊ ကုသီတော ဟီနဝီရိယော။
ဧကာဟံ ဇီဝိတံ သေယျော၊ ဝီရိယမာရဘတော ဒဠှံ ။

ဟူသော ဂါထာကို မိန့်တော်မူ၏။

## သောတာပန်တည်ခြင်း။

ထိုဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ယော စ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်ကား။ ကုသီ-တော၊ ကာမဝိတက် ဗျာပါဒဝိတက် ဝိဟိံသာဝိတက်တို့သည် နှိပ်စက်အပ်သောအားဖြင့် ပျင်းရိသည်ဖြစ်၍။ ဟီနဝီရိယော၊ ယုတ်သောဝီရိယရှိသည်ဖြစ်၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက် ရှည်ရာ၏။ တံ၊ ထိုအသက်ရှည်ခြင်းသည်၊ နသေယျော၊ မမြင့်မြတ် ဒဠှံ၊ မြဲစွာ၊ ဝီရိယမာရဘတော၊ အားထုတ်အပ်သော ဝီရိယရှိသောသူ၏။ ဧကာဟံ၊ တနေ့ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ရခြင်းသည်။ သေယျော၊ မြင့်မြတ်၏။ ။ ဤကားအနက်။

ဓမ္မပဒသဟဿဝဂ်၌ တဆဲ့တခုမြောက်ဖြစ်သော သပ္ပဒါသထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီးဆုံး၏။

---

## ၈-သဟဿဝဂ်။ ၁၂-ပဋာစာရီထေရီမဝတ္ထု။

**ယော စ ဝဿသတံ။** ။အစရှိသော၊ သုတ္တန်ဒေသနာ၊ ဤဂါထာကို၊ တဏှာဒေါသ၊ မောဟာသုံးချက်၊ ထွေးနှောက်ယှက်၍၊ အဆက်မပြတ်၊ လှည့်လည်ပတ်သဖြင့်၊ ရှုံးသွပ်ရသူ၊ ဝေနေလူတို့ကို၊ ကြည်ဖြူကရုဏာ၊ ရှေးရှုကာဖြင့်၊ ကောင်းစွာ ဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည်၊ လိုဒေါင်ရုံတိ၊ ဂုဏ်ထူးနှံ့သည့်၊ သာဝတ္ထိမြို့လကျာ၊ သချာမှန်လှ၊ တကောသ ကွာလောက်တွင်၊ ဆောက်လုပ်ကြည်ဖြူ၊ ပေးလှူဆက်သအပ်သော၊ ဇေတဝန် မဟာဝိဟာရ၌ ယာပထလေးသော်တို့ဖြင့် မှုတတော်မူခိုက်အခါ ပဋာစာရီထေရီမကို အကြောင်းပြုအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အဋ္ဌုပ္ပတ္တိအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

ထိုပဉ္စာစာရီဘိက္ခုနီမသည် သာဝတ္ထိပြည်၌ ကုဋေလေးဆယ် ဥစ္စာကြွယ်သဖြင့် ကြီးကျယ်သော စည်းစိမ်ချမ်းသာ ရှိသော သူဌေးကြီး၏သမီးဖြစ်ပေသတတ်၊ ဒသဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ အလွန်တရာလှ ချောမြ သိမ်မွေ့နူးညံ့၏၊ ထိုပဉ္စာစာရီ သဘောသမီးငယ်၏ တဆဲ့ခြောက်နှစ် တွက်စစ်ကြီးမြောက်အရွယ်ရောက်သောအခါ နှစ်ဖြာကုန်သော ဘမိတို့သည် ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ် အထက်၌ ခက်ခဲသော အစောင့် အရှောက်တို့ကို ပြုလျက်နေစေကုန်၏၊ ယင်းသို့ ခက်ခဲသော အစောင့်အရှောက်တို့ဖြင့် နေစေပါသော်လည်း ပဉ္စာစာရီသဘောသမီးသည် မိမိ၏အလုပ်အကျွေးဖြစ်သော သတို့သားငယ်တယောက်နှင့် အတူတကွ ဘောက်ပြန်လွန်ကျူး ပြုကျင့်၏

## မိဘတို့ခိုးတိုးသော။

ထိုနောက် ပဉ္စာစာရီ၏အမိအဘ ဖြစ်ကြကုန်သော သူဌေးခင်ပွန်းလင်မယားတို့သည် မိမိတို့နှင့် အမျိုးဇာတ်အားဖြင့် တူမျှသောအမျိုး၌ တယောက်သောသတို့သား၏ ထိမ်းမြားပေးဆောင်ရန် တောင်းဆိုလာသောသတင်းစကားကို ဝန်ခံပြောဆိုပြီးသည့်ကာလ ထိမ်းမြားဆောင်နှင်းရန်နေ့ရက်ကို ချိန်းချက်ပြောဆို၍ ထားကြကုန်၏၊ ထိုချိန်းချက်ပြောဆိုထားအပ်သောနေ့ရက်သို့ နီးကပ်လာသည်ရှိသော် ပဉ္စာစာရီသဘောသမီးသည် မိမိ၏ခင်ပွန်းလင်ဖြစ်သော ထိုအလုပ်အကျွေးယောကျ်ားငယ်အား-

မံ ကိရ အသုကကုလဿနာမ ဒဿန္တိ၊ မယိ ပတိကုလံ ဂတကာလေ မမ ပဏ္ဏာကာရံ ဂဟေတွာ အာဂတောပိ တတ္ထ ပဝေသနံ နလာဘိဿသိ၊ သစေ တေ မယိ သိနေဟော အတ္ထိ။ ဣဒါနေဝ မံ ဂဟေတွာ ယေနဝါ တေနဝါ ပလာယဿု။ ။

ဟူသောပါဠိဖြင့် ပြောဆို၏၊

**အနက်ကား**။ ။သာမိ၊ အမောင် ချစ်လင်၊ မံ၊ အသင့်ကြင်ဖေါ်၊ ကျွန်တော်မကို။ အသုကကုလဿနာမ၊ ဤအမည်ရှိသော အမျိုးအား၊ ဒဿန္တိ ကိရ၊ ဆောင်နှင်းပေးအပ်ကြကုန်လိမ့်တဲ့။ မယိ၊ ကျွန်တော်မ

သည့် ပတိကုလံ၊ အမျိုးဘပါး၏ အိမ်သို့။ ဂတကာလေ၊ လိုက်ပါသွားရောက်သည့် ရှိသော်၊ မမ၊ ကျွန်တော်မ၏၊ ပဏ္ဏာကာရံ၊ လက်ဆောင်ပဏ္ဏာကာရကို။ ဂဟေတွာ ယူ၍။ အာဂတော ဒါ၊ လာသော်သည်း၊ တတ္ထ၊ ထိုအမျိုးအိမ်၌ တွံ၊ အသင်ချစ်သင်သည်။ ပဝေသနံ၊ ဝင်ရောက်ခြင်းကို။ န လဘိဿသိ၊ အခွင့်မရပါလတ္တံ့။ တော၊ အသင် ချစ်လင်သည်။ မယိ၊ အသင့်ကြင်ဖေါ်၊ ကျွန်တော်မ၌ သိနေ့ဟော၊ မေတ္တာသက်ဝင် ချစ်ခင်ခြင်းသည့် သဒေ အတ္ထိ၊ အကယ်၍ရှိသည့်ဖြစ်ခဲ့ပါအံ့၊ ဧဒိနေဝ၊ ဤယာရအခါကပင်လျှင်၊ ယံ၊ ကျွန်တော်မကို။ ဂဟေတွာ၊ ကြံဆောင် ခိုးယူ၍။ သေနေ ၁ါ တေနဝါ၊ ဟုတ်ဟုတ်ငြားငြား၊ ပလာယဿု၊ တချပ်တကျေး ထွက်ပြေးတော်မူပါသော ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အမောင်ချစ်သင် အသင့်ကြင်ဖေါ် ကျွန်တော်မကို အမိအဘနှစ်ပါးတို့က ဤအမည်ရှိသောအမျိုးအား ထိမ်းမြား ဆောင်နှင်းပေးအပ်လိုက်ကုန်လတ္တံ့။ ကျွန်တော်မသည် ထိုအမျိုးတပါးအခြားအိမ်သို့ လိုက်ပါ သွားရောက်ရသော ကာလ၌ ကျွန်တော်မအား ပေးဖို့ရန် လက်ဆောင် ပဏ္ဏာကာရတို့ဖြင့် ကြံဖန်လည်ဆယ် ပြီးသည့် ကာလ၊ အမောင်ချစ်လင် လာရောက်သော်လည်း ကျွန်တော်မ၏ ထံသို့ ထွက်ဝင်လာခွင့်ကို ရတော့မည် မဟုတ်၊ သို့ဖြစ်၍ အမောင် ချစ်သင်သည် ကျွန်တော်မ၌ မေတ္တာသက်ဝင် ချစ်ခင်ရုံမက်ခြင်း အကယ်၍ ရှိခဲ့သည် ဖြစ်ပါအံ့။ ထိမ်းမြားမည့်နေ့ရက်သို့ မရောက်မီ ဤယာရအခါကပင်လျှင် ကျွန်တော်မကို မရရအောင်ကြံဆောင် ခိုးယူပြီးသည့်ကာလ ဟုတ်ဟုတ် ငြားငြား တချပ်တကျေး အဝေးဒေသသို့ ထွက်ပြေး တိမ်းရှောင်တော် မူပါလောဟု ပြော၏။

သဘိုသားလည်း သူဌေးသမီး ပြောဆိုသော ထိုစကားကို ကြား၍ ချစ်နှမ ကောင်းလှပေပြီဟု ဝန်ခံပြီးလျှင်-

တေနဟိ အဘံ သွေပ်တော ဝ နဂရဒွါရသာ အမုကဌာနေ နာမ ဝသာမိ၊ တွံ ဝကေန ဥပါယေန နိက္ခမိတွာ တတ္ထ အာဂစ္ဆေယျာသိ။ ။

ဟူသောပါဠိဖြင့် မှာထား၏။

**အနက်ကား**။ ။ဘဒ္ဒေ၊ ချစ်နှမ။ တေနပတိ၊ ထိုသို့တပြီးကား။ အဟံ၊ အသင့်ချစ်လင်ဖြစ်သော အကျွန်ုပ်သည်၊ သေ့ူနက်ဖြန်၊ ပါဘာတေ၊ နံနက် စောစောကပင်လျှင်။ နဂရဒွါရတော၊ သာဝတ္ထိဟု မည်သော ကျော်ကြား မြို့ တံခါး၏ အသုက်၌ နေနာမ၊ ဤအမည်ရှိသော အရပ်၌၊ ဝသာမိ၊ စောင့် ဆိုင်း၍သာ နေနှင့်ပါအံ့ တွံ၊ မေဘ္ဘာသာ်ဝင် အသင် ချစ်နှမသည်။ ဧကေနဥပါယေန၊ လိမ်သည့်လှည့်ပြု တရုံဘခုသောအကြောင်းဖြင့်၊ နိက္ခမိတွာ၊ အိမ်မှ ထွက်ခွါခဲ့၍ တတ္ထ၊ စောင့်စားရာမှန် ထိုရပ်ဌာနသို့၊ အာဂစ္ဆေယျာသိ။ မသွေပိုက်ပိုက် လိုက်လာခဲ့ပါလော့။ ။ဤကားအနက်

**အဓိပ္ပါယ်ကား**။ ။သင် ချစ်နှမ၊ အသင် ပြောဆိုသော အတိုင်း ဟုတ်လေ တပြီးကား၊ အသင့်ချစ်သင်ဖြစ်သော အကျွန်ုပ်သည် နက်ဖြန် နံနက် အရုဏ်တက်သော နေ့၌၊ နံနက် စောစောကပင်လျှင် သာဝတ္ထိ မြို့ကြီးတံခါး၏ အနီးအပါးဖြစ်သော ဤအမည်ရှိသော နေရာ ဌာနက၊ အသင်ချစ် မကို စောင့်ဆိုင်းပြီးသည့်ကာလ နေနှင့်ပါအံ့၊ အသင်သည် လိမ်လည်လှည့်ပြု တရုံဘခုသော အကြောင်းဖြင့် ကြံဆောင်ပြီးလျှင်၊ နေအိမ်မှ ထွက်ခွါ၍ စောင့်စားငံ့လင့်၍ နေရာဖြစ်သော ထိုအရပ်သို့ မသွေပိုက်ပိုက် လိုက်၍သာလာခဲ့ပါလော ဟု ချိန်းချ ် ပြောဆိုမှာထား၏။ ယင်းသို့ မှာထားပြီး၍၊ နှစ်ရမြောက်သောရက်၏ မိုးသောက်လင်းစင်သော အခါ၊ ချိန်းချက်သော နေရာဌာနနှ့ သွားရောက် စောင့်ဆိုင်း မြော်သင့်၍ နေ၏၊ သူဌေးသမီးသည်လည်း နံနက် စောစောကပင် ညစ်နွမ်းသော အဝတ်ကို ဝတ်ချုံ၍၊ ဆံပင်တို့ကို ဖရိုဖရဲ ကြဲစေပြီး၍၊ ဆန်ကွဲဖွဲစသည်ဖြင့် ကိုယ်ကို လိမ်းကျံပြီးစွန်း စေပြီးသောကာလ အိုးကိုယူ၍ ကျွန်မတို့နှင့် အတူတကွ သွားဘိသကဲ့သို့၊ နေအိမ်မှ ထွက်ခဲ့ပြီးသော်၊ ချိန်းချက် မှာထားရာဖြစ်သော ထိုအရပ်သို့ သွားလေ၏။

အလုပ်အကျွေး ထိုယောကျ်ာသည် သူဌေးသမီးကို ယူဆောင်၍၊ ဝေးစွာသော အရပ်သို့ သွားရောက်ပြီးလျှင်၊ တရသော ရွာ၌ နေထိုင် ခြင်းကိုပြု၍၊ တော၌ လယ်ထွန်ခြင်းအမှုကို ပြုလုပ်ရှက်ဆောင် ပြီးသည့် ကာလ၊ ထင်းသစ်ရွက်တို့ကို ဆောင်ယူ၍ အသက်မွေးမှုရ၏။

## ပဥ္စာစာရီလင်္ကာဒုက္ခ။

သူဌေးသမီးသည် အိုးဖြင့် ရေကိုရွက်ဆောင်၍ မိမိလက်ဖြင့် ဆန်စပါးထောင်းခြင်း, ထမင်း ဟင်းချက်ခြင်း စသည်တို့ကို ပြုလုပ်လျက်၊ ပင်ပန်း နွမ်းနယ် ဆင်းရဲသည် ဖြစ်၍၊ မိမိ ယုတ်မာသဖြင့် ပြုခဲ့သော မကောင်းမှု၏အကျိုးကို ခံစားရလေ၏။ ထိုနောက် သူဌေးသမီး၏ ဝမ်း၌ ပဋိသန္ဓေ တည်နေလေ၏ ပဋိသန္ဓေ ကိုယ်ဝန်ရင့်သည် ရှိသော်၊ ထိုသူဌေး သမီးသည် မိမိ အရှင်ခင်ပွန်းလင်ကို-

ဧတု ကောစိ ဥပကာရကော နတ္ထိ၊ မာတာပိတရော နာမ
ပုတ္တေသု မုဒုဟဒယာ ဟောန္တိ၊ တေသံ သန္တိကံ မံ နေဟိ။ တတ္ထ
မေ ဂဗ္ဘဝုဋ္ဌာနံ ဘဝိဿတိ။

ဟူသော ပါဠိဖြင့် တောင်းပန်၏။

**အနက်ကား။** ။သာမိ၊ အမောင်ချစ်လင်။ ဧတ၊ ငါတို့နေရာ။ ဤရပ်ရွာ၌ ကောစိ၊ တစုံတယောက်သော။ ဥပကာရကော၊ ကျေးဇူးပြုတတ်သော သူသည်။ နတ္ထိ၊ မရှိ။ မာတာပိတရောနာမ၊ ကျေးဇူးရှင် မိခင် ဘခင်တို့ မည်သည်ကား။ ပုတ္တေသု၊ ရင်သွေးဖြစ်ကြုံး၊ သမီး,သားတို့၌။ မုဒုဟဒယာ၊ နူးညံ့သော နှလုံးရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ပါကုန်၏၊ တေသံ၊ ကျေးဇူးအရှင်၊ ထိုမိခင်ဘခင်တို့၏။ သန္တိကံ၊ စံတော်မူရာ၊ ထံတော်သာသို့။ မံ၊ အသင့်ကြင်ဖေါ်၊ ကျွန်တော်မကို။ နေဟိ၊ ဆောင်ယူ ပို့လိုက်ပါလော့။ တတ္ထ၊ ထိုမိခင် ဘခင်တို့၏ အထံ၌။ မေ-မမ၊ ကျွန်တော်မအား။ ဝါ၊ ၏။ ဂဗ္ဘဝုဋ္ဌာနံ၊ ကိုယ်ဝန်မှ ထမြောက်ခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါလတ္တံ့။ ။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။အမောင် ချစ်လင်၊ ငါတို့နေရာ၊ ရပ်ရွာဒေသ၊ ဤဌာန၌၊ ကျေးဇူးဥပကာရ၊ မကြည့်ရှု၊ ပြုရမည့်သူ တစုံတယောက်မျှ မရှိ။ မွေးကျွေးပြုပြင် ကျေးဇူးရှင်ဖြစ်ကုန်သော မိခင်ဘခင်တို့ မည်သည် ကား ရင်သွေး ဖြစ်သော သမီး, သားတို့၌ ဖြစ်ပွါးသော မေတ္တာဖြင့် ချစ်ခင်နူးညံ့သော စိတ်နှလုံး ရှိပါကုန်၏။ ကျေးဇူးရှင်ဖြစ်သော ထိုမိခင် ဘခင်တို့၏ နေရာဖြစ်သော အရပ်ဒေသသို့ အသင့်ကြင်ဖေါ် ဖြစ်သော ကျွန်တော်မကို ဆောင်ယူလိုက်ပို့ဆော် မူလိုက်ပါလော့။ ထိုမိခင်ဘခင်တို့

နေရာဖြစ်သော အရှင်ဒေဝသည် ကျွန်တော်မအား ကိုယ်ဝန်မှထမြောက်ခြင်း ဖြစ်ပါလတ္တံ့ဟု တောင်းပန်ပြောဆို၏၊ ခင်ပွန်းလင်ဖြစ်သော ထိုယောကျ်ား သည် ပြောဆို တောင်းပန်သော စကားကို ကြား၍-

ကိံ ဘန္တေ ကထေသိ၊ မံ ဒိသွာ တဝ မာတာ ပိတရော ဝိဝိဓာနိ ကမ္မကရဏာနိ ကရေယျုံ၊ န သက္ကာ မယာ ဂန္တုံ။

ဟူသော ပါဠိဖြင့် ပယ်ရှား၏။

**အနက်ကား**။ ။ဘန္တေ၊ အိုချစ်နှမ၊ ကိံကထေသိ၊ အဘယ်သို့ ပြောဆိုဘိလေသနည်း။ တဝ၊ အသင်ချစ်နှမ၏၊ မာတာပိတရော၊ မွေးကျေး ပြုပြင်၊ ကျေးဇူးရှင် ဖြစ်ကုန်သော မိခင်ဘခင်တို့သည်။ မံ၊ အသင့်ချစ်လင်၊ ခင်ပွန်းရှင်ဖြစ်သော အကျွန်ုပ်ကို၊ ဒိသွာ၊ ကြည့်ရှုထင်ထင်၊ မြင်ကြကုန်၍။ ဝါ၊ မြင်ကြကုန်သည်ရှိသော် ဝိဝိဓာနိ၊ အထူးထူးအပြားပြား များကုန်သော။ ကမ္မကရဏာနိ၊ ကမ္မကရဏ်တို့ကို။ ဝါ၊ ချုပ်နှောင်ရိုက်ခတ်ခြင်း စသည် တို့ကို၊ ကရေယျုံ၊ ပြုလုပ်ကြပေကုန်ရာ၏။ မယာ၊ ငါသည်၊ ဂန္တုံ၊ သွားအံ့ သောငှါ။ န သက္ကာ၊ မစွမ်းနိုင်။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အိုချစ်နှမ၊ အသင်သည် အဘယ်ကဲ့သို့သော စကားကို ပြောကြားဘိလေသနည်း၊ အသင်ချစ်နှမ၏ မွေးကျေးပြုပြင် ကျေးဇူးရှင် ဖြစ်ကုန်သော မိခင်ဘခင်တို့သည် အသင်၏ ချစ်လင် ခင်ပွန်း ရှင်ဖြစ်သော အကျွန်ုပ်ကို ကြည့်ရှုထင်ထင် မြင်ကြကုန်သည်ရှိသော်၊ အထူးထူး အပြားပြား များကုန်သော ချုပ်နှောင် ရိုက်ပုတ်ခြင်းတို့ကို ပြုလုပ်ပေကုန်ရာ၏၊ ထိုသို့သော အကြောင်းကြောင့် အသင့် မိခင်ဘခင် တို့၏ စံရာဖြစ်သော ထိုအရပ်သို့ပြန်၍ တဖန် သွားရောက်လိုက်ဖို့အံ့သော ငှါ မဝံ့မစွမ်းနိုင်ပါဟု ပယ်ရှားတားမြစ် ကန့်ကွက်၏။

### ပဌမသားဦးဖွါးခြင်း။

သူဌေးသမီးသည် အဖန်ဖန် အထပ်ထပ် မပြတ်တောင်းပန် ပြောဆို ပါသော်သည်း၊ တောင်းပန် ပြောဆိုသော အခွင့်ကို မရသည်ဖြစ်သော ကြောင့်၊ ထိုခင်ပွန်း လင်ယောကျ်ား၏ တောတွင်းသို့ ထွက်သွားသော ကာလ၌၊ အိမ်နီးချင်းတို့ကို ခေါ်၍၊ ကျွန်တော်မ၏ ခင်ပွန်း လင်ယောကျ်ား

သည် တောမှပြန်လာ၍ ကျွန်တော်မကို အကယ်၍ မတွေ့မြင်ခဲ့သည် ရှိသော်၊ ဘယ်အရပ်ကို သွားပါလိမ့်မည်နည်းဟူ၍ မေးပါလတ္တံ့။ ထိုသို့ မေးမြန်းသောအခါ ကျွန်တော်မ၏ မိမိအမျိုးအိမ်သို့ သွားသည့်အဖြစ်ကို ပြောကြားတော်မူလိုက်ပါကုန်လော့ဟု ပြောဆိုမှာထား၍၊ အိမ်တံခါးတို့ကို ပိတ်ပြီးသော် ဖဲသွားလေ၏။

ခင်ပွန်းလင်ယောကျ်ားသည်လည်း တောမှပြန်လာ၍ မိမိ၏မယားကို မတွေ့မမြင်သည် ရှိသော်၊ အိမ်နီးချင်းတို့ကို မေးမြန်း ပြီးလျှင် ထိုသို့ ဖြစ်ခြင်းအကြောင်းခင်းစကားကို ကြားသိရသဖြင့် ထိုမယားကို ဆုတ်နစ် ပြန်လည်စေအံ့ဟု နှလုံးသွင်းပြီးလျှင်၊ အစဉ်တစိုက် လိုက်သွား၍ မယားကို တွေ့မြင်သောအခါ၊ များစွာသော အခြင်းအရာတို့ဖြင့် တောင်းပန် ပြောဆို ပါသော်လည်း၊ ဆုတ်နစ် ပြန်လည်စေခြင်းငှါ မစွမ်းနိုင်လေ။ ထိုနေ့ဝက် တခုသောနေရာ၌ သူဌေးသမီးအား ကမ္မဇလေတို့သည် လှုပ်လေကုန်၏။ ထိုသို့ ကမ္မဇလေတို့သည် လှုပ်သည်ရှိသော် သူဌေးသမီးသည် တခုသော ချုံကြားသို့ ဝင်သွား၍ အရှင်ချစ်လင်၊ ကျွန်တော်မအား ကမ္မဇလေတို့သည် လှုပ်လေကုန်ပြီ ဟု ပြောဆိုလျက် မြေကြီး၌ လျောင်းအိပ် ပြီးလျှင်၊ ဘယ်ညာတစောင်း တပြောင်းပြန်ပြန် လည်လျက် ငြိုငြင် ပင်ပန်းစွာ သားငယ်ကို ဖွါးမြင်ပြီး၍၊ အမောင် ချစ်လင်၊ အကြင် သားငယ်ကို ဖွါးမြင်ခြင်း အကျိုးငှါ၊ ကျွန်တော်မသည် အမျိုးအိမ်သို့ သွားရာ၏၊ ထို-သားဖွါးခြင်း၏ အကျိုးကိစ္စသည် ငြိးပေပြီဟု တဖန် သာလျှင် ထိုခင်ပွန်း လင်နှင့် အတူတကွ မိမိတို့နေရာအရပ်သို့ ပြန်လာ၍ နေထိုင်ခြင်းပြု၏။

### လင့်မြွေကိုက်၍သေဆုံးခြင်း။

ထိုသူဌေးသမီးအား တပါးသော အခါ၌ တဖန် ကိုယ်ဝန်တည်ပြန် သေ၏။ ကိုယ်ဝန် ရင့်မာသည်ရှိသော်၊ ရှေးနည်း အတူသာလျှင် ခင်ပွန်း အရှင်လင်ကို တောင်းပန်ပြောဆို၍ အခွင့်ကို မရသဖြင့်၊ သားငယ်ကို ရင်ခွင်ထက်၌ ပိုက်ဖက်ပွေ့ယူပြီးသည့် ကာလ၊ ရှေးနည်း ဖဲသွားသည် ရှိသော်၊ ခင်ပွန်းလင်သည် အစဉ်လိုက်လာ၍ ဆုတ်နစ် ပြန်လည်ခြင်းငှါ တောင်းပန် ပြောဆိုပါသော်သည်း၊ ဆုတ်နစ်ပြန်လည်ခြင်းငှါ အလိုမရှိ ငြင်းပယ်ဘိ၏၊ ထိုသူတို့ ပြောဆို သွားကုန်စဉ်ဖြစ်သော ထိုခဏ၌ အခါ

မဲ့သော မိုးစိမ်းကြီးသည် သည်းစွာရွာလာ၏။ထက်ဝန်းကျင်သော အရပ်မျက်နှာအတို့မှ အရောင်ပြောင်ပြောင်တောက်သော မီးတောက်မီးလျှံကဲ့သို့ လျှပ်စစ်တို့ဖြင့် ထွက်ကုန်၏။မိုးစိမ်းသံတို့ဖြင့် ပြိုကွဲဘိသကဲ့သို့ သည်းထန်စွာသော မိုးစိမ်းကြီးသည် လေတို့ဖြင့် မပြတ်ဘိုးဘေ့ တိုက်ခတ်လျက်၊ ပိတ်ချပ် မိုက်မှောင်သော ကောင်းကင် ရှိသည် ဖြစ်လေ၏၊ ထိုခဏ၌ သာလျှင် ခင်ပွန်းမယားအား သားကို ဖွါးမြင်ခြင်း၌ အချိန်သင့်သော-ကြောင့် ကမ္ဗဇလေတို့သည် လှုပ်ကုန်၏။ ထိုခင်ပွန်းမသည် မိမိ လင်-ယောကျ်ားကို ခေါ်၍-

သာမိ ကမ္ဗဇဝါတာ မေ စလိတာ၊န သက္ကောမိ သန္ဓာရေတုံ၊ အနေ့ာဝသကဋ္ဌာနံ မေ ဇာနာဟိ။

ဟူသော ပါဌ်ဖြင့် ပြောကြား၏။

**အနက်ကား**။ ။သာမိ၊ချစ်လင်။ မေ-မမ၊အသင့်ကြင်ပေါ်၊ကျွန်တော်မအား၊ ကမ္ဗဇဝါတာ၊ကံကြောင့်ဖြစ်သော လေအဟုန်တို့သည်၊ စလိတာ၊ တုန်လှုပ်ချေကုန်ပြီ။ သန္ဓာရေတုံ၊တည်တန့်၍ နေအံ့သော၄ါ။န သက္ကောမိ၊ မစွမ်းနိုင်ချေပြီ။ မေ-မမ၊ ကျွန်တော်မအား။ ဝါ၊ ၏။ အနေ့ာဝသကဋ္ဌာနံ၊ မိုးမစွတ်သော အရပ်ကို။ ဇာနာဟိ၊မွေ့ရှာပြုတို့၊ သိတော်မူပါသော့။ ။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အမောင်ချစ်လင်၊ အသင့်ကြင်ပေါ် ကျွန်ဘော်မအား ကံကြောင်ဖြစ်သော လေအဟုန် တို့သည် တုန်လှုပ် ချေကုန်ပြီ၊ တည်တန့်၍နေအံ့သော၄ါ မစွမ်းနိုင်ချေပြီ။ကျွန်တော်မအား မိုးမစွတ်-သော အခုင်ဒေသ ဌာနတခုကို ရှာကြံကြည့်ရှု၍ ပေးသနားတော်မူပါ ဟု တောင်းပန် ပြောဆို၏။

ထိုလင် ယောကျ်ားသည် လက်၌ပါရှိသော ဓါးခွပ်ကို ကိုင်စွဲလျက်၊ ထိုမှဤမှ လှည့်သည်ပူးစမ်း ရှာဖွေသည်ရှိသော်၊ တခုသော တောင်ပို့ ထိပ်ထက်၌ ပေါက်ရောက်သော ချုံပိတ်ပေါင်းကို တွေ့၍၊ ဖြတ်ပိုင်းခြင်း ၄ါ အားထုတ်၏ ထိုအခါ တောင်ပို့မှထွက်၍ ကြမ်းကြုတ် ထက်မြက် လျင်မြန်သော အဆိပ်ရှိသော မြွေသည် ခဲလေ၏။ ထိုမြွေခဲသော ခဏ၌ သာလျှင် ယောကျ်ား၏ လုလင်ကိုယ်သည် အတွင်း၌ တက်ကြွကုန်သော

အဆိပ်ရေတို့ကြောင့် မီးတောက်လျှံတို့ဖြင့် လောင်စွဲဘိသကဲ့သို့၊ ညှိုမဲ့သော အဆင်းရှိသည်ဖြစ်၍ ထိုမြွေခဲရာအရပ်၌ပင် လဲလေ၏၊

## မိုးသည်းခရီးထဲ၌တည်လုံးဒုက္ခ။

မသားခင်ပွန်းမသည်လည်း ကြီးစွာသော ဆင်းရဲဒုက္ခကို ခံစားလျက် ခင်ပွန်းအရှင် မိမိလင်သည် ယခုလာလိမ့်မည်ဟု ကြည့်ရှုလျက်၊ လာသည်ကို မမြင်ဘဲသာလျှင် တပါးသော သားငယ်ကို ဖွါးမြင်လေ၏၊ နှစ်ယောက်ကုန်သော သားငယ်တို့သည် လေသ မိုးသည်းရွာ တိုက်ခိုက်မြေစွာသော အဟုန်ကြောင့်၊ ဘုန်ချမ်းပြင်းပြ၊ ခိုကိုးရာ မရသဖြင့်၊ သည်းခံအံ့သော၄ါ မစွမ်းနိုင်ဘဲလျက်၊ ကျယ်စွာသော အသံဖြင့် ပြင်းထန်စွာ ဟာစ်အော်ငိုကြွေး မြည်တမ်းကြကုန်၏၊ မိခင် မိန်းမလည်း နှစ်ယောက်ကုန်သော သားငယ်တို့ကို မိမိ၏ရင်ကြား၌ ထားသည်ကို ပြု၍ နှစ်ဘက်ကုန်သောဒူး, နှစ်ဘက်ကုန်သော လက်တို့ဖြင့် မြေ၌ ထောက်ပြီးသော်၊ အထက်က ဝပ်မှောက်သုက်၊ကြံဘက်မက်ဘွယ်သော ဒုက္ခကို ခံစား၍ တည်တန့်၍ နေသဖြင့်သာလျှင် အလုံးစုံသော တညဥ့်လုံးကို လွန်မြောက်စေသောအားဖြင့် အလုံးစုံ တကိုယ်လုံးသည် သွေးမရှိဘိ သကဲ့သို့၊ ဖြော့တော့သော အဆင်းရှိသည် ဖြစ်လေ၏။

ထိုမိန်းမသည် နေအချဏ်တက်၊ မိုးသည်းသက် ကြေပျောက်၊ လင်းစင်ခြင်းသို့ ရောက်သည်ရှိသော်၊သားတစ် အဆင်းနှင့်တူသော နုနယ်သော သားငယ်ကလေးကို ရင်ခွင်ဖြင့်ပိုက်ဖက်၍ အကြီးဖြစ်သော သားငယ်ကို လက်ဝယ်ကိုင်ဆွဲလျက်။ ချစ်သား၊ လာလှည့်။ အသင်၏ဘခင်သည် ဤလမ်းခရီးဖြင့် မိုးသည်းမှောင်မိုက်သော အကာသအခါ၌ သွားဟန်ရှိသည် ဟုပြောဆိုလျက်၊ မိမိ၏ခင်ပွန်းလင် သွားရာလမ်းခရီးဖြင့် လိုက်သွားသည်ရှိသော်၊ တောင်ပို့၏ ထိပ်ထက်၌ သေလွန်ခြင်းကိုပြု၍ လဲကျလျောင်းလျက်၊ညှိုမဲ့သောအဆင်း ကြမ်းခက်မာတောင့်သော ကိုယ်ရှိသော ထိုခင်ပွန်းလင် သူ့သေကောင်၏ အလောင်းကို တွေ့မြင်၍၊ ငါ့ကို အမှီပြုပြီးသည့်ကာလ၊ ငါ၏အရှင် ခင်ပွန်းလင်ဖြစ်ပေသော ယောက်ျားသည် လမ်းခရီးအကြား၌ သေလွန်ရချေပြီဖော့ ငိုကြွေးမြည်တမ်းလျက်၊ သားကြီး,

သားငယ်ကို လက်ဝယ်ကိုင်ဆွဲ ရင်ခွင်ထဲ၌ သားငယ်ကို ပိုက်လျက် တစိုက်စိုက် သွားရှာလေ၏

**"သားငယ်နှစ်ယောက်သေဆုံးပြန်ခြင်း၊**

အလုံးရုံသော ညဉ့်ပတ်လုံး မိုးသည်းစွာ ရွာအပ်သည်ဖြစ်သော-ကြောင့် ဒူးပမာဘာ,ခါးပဏာမရှိသော ရေဖြင့် ပြည့်သော အစိရဝတီမြစ်ကို တွေ့မြင်၍ မိမိ၏ဉာဏ်ပညာ နုံ့နှေးသည့် အဖြစ်ကြောင့် နှစ်-ယောက်သော သားငယ်တို့နှင့် အတူဘက္ကွ ခေါ်ကူးခြင်းငှါ မစွမ်းနိုင်ဘဲ၊ သားသူငယ် အကြီးကို ဤမှာဘက်ကမ်း၌ ထားခဲ့၍၊ အငယ်အထွေးဖြစ်သော သားငယ်ကလေးကို ထိုမှာ ဘက်ကမ်းသို့ သွားရောက်ပြီးလျှင် သစ်ခက်ကိုခင်း၍၊ထိုသစ်ခက် အခင်းထက်၌ အိပ်နေစေပြီးသော်၊ ကြွင်းကျန်ရစ်ခဲ့သော သားအကြီးကို ယူဆောင်ခြင်းငှါ၊ သားအကြီး၏ထံသို့ သွားလေ၏၊ မိုက်ခဲနူးနယ် ငယ်ရွယ်လှစွာသော သားကို စွန့်ပစ်ပယ်ထားသျက်၊ ရဲရဲဘင်းဘင်းကူးသွားခြင်းငှါ မစွမ်းနိုင်ရကား၊ အဖန်ဖန်အထပ်ထပ် မပြတ်ပြန်လည်၍ ကြည့်လျက်သာလျှင် ကူးသွား၏၊ ထိုသို့ကူးသွားသောမိန်းမ၏မြစ်လယ်သို့ ကျရောက်သောအခါ၌ တကောင်သော သိန်းစွန်သည် နုံ့ယ်နီတွေး၊ ကလေးသူငယ်ကို မြင်၍၊ သားတစ်ဟူသော အမှတ်ရှိသဖြင့်၊ ကောင်းကင်မှ သက်ပြီးသည်ကာလ၊ ထိုးသုတ်ချီဆောင်လေ၏။

သူဌေးသမီးဖြစ်သော ထိုမိန်းမသည် သားငယ်ကို ထိုးဆောင်ချီယူခြင်းငှါ သက်သော ထိုသိန်းစွန်ကို မြင်၍ နှစ်ဘက်သော လက်တို့ကို မြှောက်ကြွရိုက်တီး၍၊ သူးသူးဟူ၍ သုံးကြိမ်တိုင်တိုင် ကျယ်စွာသော အသံကို ဟစ်အော်ကြွေးကြော်၏၊ သိန်းစွန်သည် ဝေးသည့်အဖြစ်ကြောင့် ထိုဟစ်အော် ကြွေးကြော်သော အသံကို မကြားမူ၍သာလျှင် သူငယ်ကို ယူဆောင်ပြီးသည့် ကာလ၊ ကောင်းကင်သို့ ပျံတက်၍သွား၏၊ ဤမှာဘက်ကမ်း၌တည်ရှိသော သားအကြီးသည် မြစ်၏အလယ်၌ နှစ်ဘက်သော လက်မောင်းတို့ကို ရိုက်မြှောက်တီးခတ်ပြီးလျှင်၊ ကျယ်စွာသော အသံကို ဟစ်အော်ကြွေးကြော်သော မိခင်ကို မြင်၍၊ မိခင်သည် ငါ့ကို ခေါ်ဘိလေသည်ဟူသော အမှတ်ဖြင့် ရေသို့ သက်ဆင်း၍ လာခဲ့ရာ၊ ကြီးစွာသော

ရေအဟုန် တိုက်ခတ်သည့်ဖြစ်၍၊ခေ္ဒကျရောက် မျောပါလေ၏၊ဤသို့သော အခြင်းအရာဖြင့်၊ ထိုသူဌေးသမီး၏ အနွေးနှနယ် သားသူငယ်ကို သိန်း-စွန်သည် ယူဆောင်၏၊ သားကြီးသည် ရေဖြင့် မျောပါ၍သွား၏၊ ထို-သူဌေးသမီးသည်-

ဥဘော မေ ပုတ္တာ ကာလကတာ၊ ပန္ထေ မေ ပတိ မတော၊
ဟူသော ပါဌ်ဖြင့် ငိုကြွေးမြည်တမ်း၏။

**အနက်ကား**။ ။မေ-မမ၊ ငါ၏။ ဥဘော ပုတ္တာ၊ ရင်သွေးဖြစ်ကြသော နှစ်ယောက်သော သားငယ်ကို။ သေနေန၊ သိန်းစွန်သည်။ ဂဟိတော၊ ယူဆောင် လေပြီ။ ဥဘော ပုတ္တာ၊ ရင်သွေးဖြစ်ကြသော သားအကြီးသည်။ ဥဒကေန၊ ရေဖြင့်။ ဝုယှော၊နစ်မွန်းမျောပါရလေပြီ။ မေ-မမ၊ ငါ၏။ ပတိ၊ ခင်ပွန်းအရှင်၊ ငယ်ချစ်လင်သည်။ ပန္ထေ၊ တောမြိုင်အုပ်ကြီး၊ လမ်းခရီး၌။ မတော၊သေလွန်ခဲ့လေပြီ။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ငါ၏ ရင်သွေးဖြစ်ကြသော သားအငယ်ကို သိန်း-စွန်သည် ထိုးဆောင်ချီယူသွားလေပြီ။ ရင်သွေးဖြစ်ကြသော တယောက်သော သားအကြီးသည် ရေဖြင့် မျောပါနစ်မွန်း သွားလေပြီ။ငါ၏ ခင်ပွန်းအရှင် ငယ်ချစ်လင်သည် တောမြိုင်အုပ်ကြီး လမ်းခရီး၌ ဓုတ်ချုပ်ကြွေ၊ သေလွန်ခဲ့ရချေပြီဟု အသွေသွေသော အကြောင်းတို့ကို ရုံးပေါင်း တဆို၊ ငိုယိုမြည်တမ်း ဟစ်အော်လျက် ခရီးအစဉ်အတိုင်း သွားသည်ရှိသော်၊ သာဝတ္ထိပြည်မှ ရှေးရှုလာသော တယောက်သော ယောကျ်ားကို တွေ့-မြင်၍၊ဘခင်၊ဘခင်သည် အဘယ်အရပ်၌ နေပါသနည်း ဟု မေး၏။

## မိဘများသေဆုံးသောသတင်း။

ချစ်သမီး၊သာဝတ္ထိပြည်၌ နေပေသည်ဟုပြောလျှင် ဘခင်၊ သာဝတ္ထိပြည်၌နေခဲ့ပါလျှင် ထိုသာဝတ္ထိပြည်၌ ဤအမည်ရှိသောခရီးမဝယ် ဤသို့သဘောရှိသော ဤအမည်ရှိသော အမျိုးမည်သည်ရှိပါသည်။ ထိုအမျိုးသူဌေးကြီးကို ဘခင်သိပါ၏လောဟု မေးသဖြင့် ချစ်သမီး၊ ထိုအမျိုးကို သိပါ၏ ယင်းသို့ပင် သိသော်လည်း ဤသို့သောအကြောင်းတို့ မမေးပါလင့်။အဘင်သည်အကယ်၍ တပါးသော့အကြောင်းကို သိလိုသည်ဖြစ်အံ့

မေးပါလော့ဟု တောင်းပန်ပြောဆို၏၊ ဘခင်၊ တပါးသောအကြောင်းဖြင့် မေးမြန်းဘွယ်ရောက်၍ ကျွန်တော်မအား မရှိပါ။ ထိုသူတို့၏အကြောင်း အခြင်းအရာကိုသာ မေးလိုပါသည်ဟု ပြော၏။ ချစ်သမီး၊ ငါသည် မပြော လိုသည် ဖြစ်သောကြောင့် အဖန်ဖန် အထပ်ထပ် အားဖြင့် တားမြစ် တောင်းပန်ပါသော်သည်း အခွင့်ကိုမရ အသင်သိလိုသော ဆန္ဒရှိလှပေလျှင် ပြောဆို ရတော့မည်၊ ချစ်သမီး၊ ယမနေ့ တည့်ဖူပတ်လုံး မိုးစင်းကြီး သည်းထန်စွာ ရွာသည်ကို သင်မြင် ပါ၏လောဟု မေးသဖြင့် ဘခင်၊ ကျွန်တော်မသည် သိမြင်ပါ၏။ ကျွန်တော်မကိုယ်တိုင်ပင်လျှင် ထိုအလုံးရုံ သောညဥ့်ပတ်လုံး မိုးစင်းကြီးသည်းထန်စွာ ရွာခြင်းကြောင့် ဆင်းရဲဒုက္ခ ရောက်ခဲ့ပါသည်။ တပါးသောသူအား ရောက်ရသည်မဟုတ် ကျွန်တော်မ အား မိုးစင်းကြီးသည်းထန်စွာ ရွာ သွန်းချသဖြင့် ဒုက္ခတွေ့ရောက်ထမြောက် ခဲ့ရသောအကြောင်းကို နောက်မှ အသင်ဘခင်အား ပြောဆိုပါဦးမည်၊ ကျွန်တော်မအား ထိုသူဌေးကြီးတို့၏အိမ်၌ဖြစ်သော အကြောင်းသတင်း စကားကို ပြောကြားတော်မူပါဦးလောဟု အတန်တန်တောင်းပန်သဖြင့်-

အမ္မ အဇ္ဇရတ္တိံ သေဋ္ဌိဿ သေဋ္ဌိဘရိယာယ သေဋ္ဌိပုတ္တဿ တိ
တယောပိ ဇနေ ဝါတရုက္ခ အဝတ္ထရမာနံ ဂေဟံ ပတိ။ တေ ကေစိ
တကာသ ဧဝသင်္ကု၊ သော ရမော ပဉ္ဇာသယတိ အမ္မ၊ ။

ဟူသောပါဠိဖြင့် ပြောကြား၏။

**အနက်ကား**။ ။အမ္မ၊ ချစ်သမီး၊ အဇ္ဇရတ္တိံ၊ ယနေ့ညဥ့်၌၊ သေဋ္ဌိဿ၊ သူဌေးရင်း၊ သေဋ္ဌိဘရိယာယ၊ သူဌေး၏မယားရင်း သေဋ္ဌိပုတ္တဿ၊ သူဌေး၏ သားရင်း၊ ဣတိ၊ ဤသို့။ တယောပိဇနေ၊ သုံးယောက်ကုန်သော သူတို့သည်။ ဝါတရုက္ခအဝတ္ထရမာနံ၊ ပြင်းထန်စွာထအပ်သော လေကြီးသည် လွှမ်းမိုး တိုက်ခတ်အပ်သည် ဖြစ်၍။ ဝါ၊ သော။ ဂေဟံ၊ အိမ်သည်။ ပတိ၊ ပြိုခဲ့သည် ဖြစ်၍။ မတာ၊ သေသွန်ကြကုန်၏။ အမ္မ၊ ချစ်သမီး တေ၊ ထိုသုံးယောက် ကုန်သောသူတို့ကို။ ကေစိတကာသ၊ တချို့သောသော ထင်းပုံ၌။ ဧဝသင်္ကု၊ မီးတိုက်သဂြိုဟ်ရကုန်၏။ သော-သောရမော၊ ထိုမီးတိုက်ရာမှထသော မီးခိုးသည်။ ပဉ္ဇာသယတိ၊ ကြည့်ရှုစဉ် ပင်လျှင် ဤကမြင်၍ ထင်လျှား ပါ၏။ ။ဤကား-အနက်။

**အဓိပ္ပါယ်ကား။** ။ချစ်သမီး၊ ယနေ့ညဉ့်၌ သူဌေးကြီး, သူဌေး၏ မယား,သူဌေး၏သားအားဖြင့် ဤသုံးယောက်သောသူတို့သည်ပြင်းထန်စွာ ထအစ်သောလေကြီးသည် တိုက်ခတ်သွန်းရိုးအစ်သည်ဖြစ်၍ အိမ်သည် ပြို၏ ထိုသို့ပြိုခြင်းကြောင့် ထိုသုံးယောက်ကုန်သောသူတို့သည် ရတိချုပ် ကြွေသေလွန် ကြရသဖြင့် တခုတည်းသောထင်းပုံထက်၌ သုံးယောက် ရ၍ မီးတိုက်သင်္ဂြိုဟ်ကြရကုန်၏။ ချစ်သမီး၊ယခု ဤကကြည့်ရှုထင်ထင် မြင်ရသော ထိုမီးခိုးသည် ထိုမီးတိုက်သော အရပ်က ထသော မီးခိုး ပေတည်းဟု လက်ညှိုးညွှန်ပြ ပြောဆို၏။

**အဝတ်အစားမကပ်ရူးသွပ်ခြင်း။**

သူဌေးသမီးသည် ညွှန်ကြားပြသ ပြောဆိုသော ထိုစကား၌ ဝတ်၍ ထားအပ်သောမိမိအဝတ်သည် လျှောကျသည်ကို အမှတ်မရ။ ရူးသွပ် သောဥမ္မတ္တကအဖြစ်သို့ ရောက်၍ မွေးဖွါးတိုင်းသော အခြင်းအရာဖြင့် သချင်း မြည်တမ်းဟစ်အော်လျက်-

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတိ မတော။
မာတာ ပိတာစ ဘာတာစ၊ ဧကစိတကသ္မိံ ဍယှရေ။ ။

ဟူသောဂါထာဖြင့် ငို၏၊

**အနက်ကား။** ။မယှံ၊ ငါ၏။ ဥဘော ပုတ္တာ၊ ရင်သွေးဖြစ်ငြားနှစ်ယောက် သားတို့သည်၊ ကာလင်္ကတာ၊ သေလွန်ရကုန်ပြီ။ မယှံ၊ ငါ၏။ ပတိ၊ ခင်ပွန်း အရှင် ယယ်ချစ်သင်သည်၊ ပန္ထေ၊ လမ်းခရီး၌။ မတော၊ သေလွန်ရလေပြီ။ မာတာ စ၊ မိခင်ရင်း။ ပိတာ စ၊ ဘခင်ရင်း။ ဘာတာ စ၊ မောင်ကြီးရင်း။ဣတိ၊ ဤသို့။တယောအနေ၊ သုံးယောက်ကုန်သော သူတို့ကို။ ဧကစိတကသ္မိံ၊ တခုတည်းသောထင်းပုံ၌။ ဍယှရေ၊ မီးတိုက်ရကုန်ပြီ။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ငါ၏ရင်သွေးဖြစ်ငြား နှစ်ယောက်သောသားတို့ သည် ရဘိချုပ်ကြွေ သေလွန်ကုန်ပြီ ငါ၏ အရှင်ယယ်ချစ်သင်သည်လည်း လမ်းခရီး၌ သေလွန်ရချေပြီ။ ငါ၏ မိခင်, ဘခင်, မောင်ကြီး အားဖြင့် သုံးယောက်ကုန်သောသူတို့ကို တခုတည်းသောထင်းပုံ၌ သုံးယောက်ရ၍ မီးတိုက်ရချေပြီဟု ငိုကြွေး မြည်တမ်း ပြောဆိုလျက် အဝတ် မကပ်

အရပ်ရပ်သို့ လှည့်ပတ်ပြေးသွားလေ၏၊ လူတို့သည် ထိုမိန်းမကိုမြင်ကြကုန်၍ သူရူးမ,သူရူးမ တည်းဟု ပြောဆိုကုန်လျက် အမှိုက်မြေမှုန့်ကို ယူပြီးလျှင် ဦးခေါင်းထက်၌ မြောက်ကြကုန်ပြီးမှ ခဲအခုတ်ကျောက်တို့ဖြင့် ပစ်ခတ်ကုန်၏၊

**မြတ်စွာဘုရားထံရောက်၍ သဘာရခြင်း။**

မြတ်စွာဘုရားသခင်သည် ဇေတဝန်ကျောင်းတော်ကြီး၌ လေးပါးသော ပရိသာတ်တို့၏အလယ်ဝယ် တင့်တယ်စွာ သီတင်းသုံးတော်မူ၍ တရားတော်ကိုဟောကြားတော်မူလျက် ဇေတဝန်ကျောင်းတော် မြတ်စွာဘုရားတရားဟောရာသို့ ရှေးရှုလာသော ကမ္ဘာတသိန်းကာလပတ်လုံး ဖြည့်အပ်သော ပါရမီရှိသော ဆုတောင်းပတ္ထနာနှင့် ပြည့်စုံသော ထိုသူဌေးသမီးကိုမြင်တော်မူ၏။

ထိုသူဌေးသမီးသည် ပဒုမုတ္တရ မြတ်စွာဘုရားသခင်၏ လက်ထက်တော်၌ ပဒုမုတ္တရ မြတ်စွာဘုရား သခင်သည် တပါးသော ဝိနည်းကို ဆောင်သောရဟန်းမိန်းမကို လက်မောင်း၌ ကိုင်ပြီးသည့်ကာလ နန္ဒဝန်ဥယျာဉ်၌ ထားဘိသကဲ့သို့ ဇေတဒဂ်အရာ၌ ထားအပ်သည်ကိုတွေ့မြင်၍ "တပည့်တော်မ သည်လည်း အရှင်ဘုရားကဲ့သို့သော သဘောရှိသော မြတ်စွာဘုရားသခင်၏ အထံတော်၌ ဝိနည်းကိုဆောင်ကုန်သော ရဟန်းမိန်းမတို့၏အကြား၌ အထွဋ်အမြတ်ရာထူးကို ရပါလို၏"ဟု ကုသိုလ်ကောင်းမှုကို ပြုရအားထုတ် ပြီးသောအခါ ဆုတောင်း ပတ္ထနာခြင်းကို ဖြစ်စေ၏၊ပဒုမုတ္တရ မြတ်စွာဘုရားသည် အနာဂတံသ ဉာဏ်တော်ကို ဖြန့်တော်မူ၍ ကြည့်ရှုတော်မူသည်ရှိသော် ဆုတောင်းပတ္ထနာသည့်အတိုင်း ပြည့်စုံမည့်အဖြစ်ကို သိမြင်တော်မူ၍ နောင်အခါ ဂေါတမအမည်ရှိသော ဘုရား၏ သာသနာတော်၌ ဤဒါယိကာမသည် ပဋာစာရီ ဟူသော အမည်ဖြင့် ဝိနည်းကိုဆောင်ကုန်သောရဟန်းမိန်းမတို့တွင် အထွဋ်အမြတ်ဖြစ်လတ္တံ့ဟု ဗျာဒိတ်စကား ကြားတော်မူ၏။

ဤသို့ပြုအပ်သော ဆုတောင်းပတ္ထနာခြင်းရှိသည်ဖြစ်၍ ပြည့်ဝသော ကောင်းမှု အဆောက်အဦ ရှိသော ထိုသူဌေးသမီးကို မြတ်စွာဘုရားသခင်သည် အဝေးမှသာလျှင် ရှေးရှုလာသည်ကို မြင်တော်မူ၍ ဤဒါယိ

ကာမဗွား ငါဘုရားကိုထား၍ တပါးတယောက်သော ကိုးကွယ်ရာကို ဖြစ်ခြင်းငှါ စွမ်းနိုင်သော သူမည်သည် တစုံတယောက်မျှမရှိ။ အကြင် သို့သောအခြင်းအရာဖြင့် မိဋ္ဌာန်ဘော်မူအပ်သည့်ရှိသော် ထိုဒါယိကာမ သည် တပါးသောလမ်းခရီးသို့ ဖဲကြွသွားရောက်ခြင်းမရှိ၊ ကျောင်းတော် သို့သာ ရှေးရှုလာရာ၏။ ထိုသို့သော အခြင်းအရာဖြင့် မြတ်စွာဘုရား မိဋ္ဌာန်အောက်မေ့ခြင်းကို ပြုတော်မူ၏၊ ပရိသာတ်တို့သည် တရားဟော ကြား၍ သိတင်းသုံးတော်မူသော မြတ်စွာဘုရားသခင်၏ အထံသို့ ရှေးရှု လာသော ထိုဒါယိကာမကိုမြင်လျှင် ဤသူရူးမကို ဤအရပ်သို့သာရောက် ခြင်းအခွင့်ကို မပေးကြကုန်လင့်။ တားမြစ်ခြင်းကို ပြုကုန်ဘိ လော့ဟု ပြောဆိုကြကုန်၏။

မြတ်စွာဘုရားကိုယ်တော်မြတ်က ဖဲသွားကြကုန်လော့၊ မဟာန့်တား မကာန့်ကွက်ကြ ကုန်လင့်ဟု မိန့်တော်မူပြီး၍ မနီးမဝေးသောအရပ်သို့ ရောက်လာသောအခါ၌- "သတိံ့ ပဋိလဘာဟိဘဂိနီ"။ ။ဘဂိနီ၊နှမ။ သတိံ၊ သတိကို။ ပဋိလဘာဟိ၊ ရပါစေလော၊ ။"နှမ၊ အသင်သည် သတိကိုရှိပါစေလော့ဟု မိန့်တော်မူ၏။ သူဌေးသမီးသည် မြတ်စွာဘုရား မိန့်တော်မူသောသိုခဏာ၌ပင်လျှင် ဘုရား၏တန်းခိုးတော်ကြောင့် သတိကို ရ၏၊ထိုသို့ သတိရသောအခါ၌ ငိမ်အားဝတ်၍ထားအပ်သော အဝတ် ကျွတ်ပြုတ်လျှောကျသည်၏အဖြစ်ကို အောက်မေ့ဆင်ခြင်မိ၍ ရှက်ခြင်း ကြောက်ခြင်းကို ဖြစ်ပြီးလျှင် ဆောင့်ကြောင့်ထိုင်နေ၏။

ထိုအခါ တယောက်သော ယောကျ်ားသည် ထိုသူဌေးသမီးအား အပေါ်ရုံ ပုဆိုးကို ပစ်၍ ပေးလိုက်၏၊ ထိုသူဌေးသမီးသည် ပစ်လွှင့်၍ ပေးလိုက်သော အဝတ်ကို ကောက်ယူဝတ်ရုံ၍ မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်ပြီးလျှင် ဦးသစ်စ ဖြစ်သောရွှေစင်၏ အဆင်းကဲ့သို့ ဝင်းဝင်း တောက်ပ ရောင်မြူးကြွသော ဘုရားခြေတော်ရုံတို့၌ ညွှတ်ရုံပြားပြား ငါးပါးသောတည့်ရာဖြစ်သော ရှိခိုးခြင်းတို့ဖြင့် ရှိခိုးဦးချပြီး၍-

ဘန္တေ အဝဿယော မေ ဟောထ၊ ပတိဋ္ဌာ မေ ဟောထ။
ဧကံ့ကဉ္စိမေ ပုတ္တံ့ သေနော ဂဏှိ၊ ဧကော ဥဒကေန ဝုယှော။ ပန္တေ

မေ ပတိ မတော။ မာတာပိတရော စ မေ ဘာတာ စ ဂေဟာနိ
အဂ္ဂိဝတ္ထတာ ဇေကမ္ဗကာယာ ရှာယန္တို။ ။

ဟူသောပါဠိဖြင့် လျှောက်ကြားတောင်းပန်၏။

**အနက်ကား**။ ။ဘန္တေ၊ မြတ်စွာဘုရားတော်သခင် ရှင်ပင်ဘုရား၊ မေ-မမ၊ တပည့်တော်မ၏။ အခဝသယော၊ မိုးခိုကိုးကွယ် ရာသည်။ ဟောသ၊ ဖြစ်တော် မူကြပါကုန်လော။ မေမ-မမ၊ တပည့်တော်မ၏။ ပတိ ဒွါ၊ တည်ရာသည်။ ဟောသ၊ ဖြစ်တော်မူကြ ပါကုန်လော။ ဟိယသ္မာ၊ အကြင် ကြောင့်။ မေ-မမ၊ တပည့်တော်မ၏ ဇေကံပုတ္တံ ရင်သွေးဖြစ်ပြား တယောက် သောသားငယ် အစွေးကို။ သေနော၊ သိမ်းစွန်သည်။ ဂဏှိ၊ ထိုးဆောင် ချီယူပါသည်ဘုရား။ ဇေကာပုတ္တော၊ ရင်သွေးဖြစ်ပြား အကြီးဖြစ်သော တယောက်သောသားသည်။ ဥဒကော၊ ပြင်းစွာဒီးဒီး စီးသင်းသောဖြစ်ရေဖြင့်၊ ဝုယှော၊ နစ်မွန်းမျောပါး ပါသည်ဘုရား။ မေ-မမ၊ တပည့်တော်မ၏ ပတိ၊ ချစ်လင်သည်။ ပန္ထေ၊ တောမြိုင်နက်ကြီး လမ်းခရီး၌။ မတော၊ သေလွန်ခဲ့ပါ ရသည်ဘုရား။ မေ မမ၊ တပည့်တော်မ၏။ မာတာပိတရော၊ မိခင်ဘခင် တို့ကိုလည်း။ ဝါ၊ တို့သည်လည်း။ ဘာတာစ၊ မောင်ကြီးကိုလည်း။ ဝါ၊ သည်လည်း။ ဂေဟာနိ၊ အိမ်ဖြင့်။ အဂ္ဂိဝတ္ထတာ၊ ပိပြုဖိသွပ် သတ်အပ်ကုန်သည်ဖြစ်၍။ ဝါ၊ ကုန်သောကြောင့်။ ဇေကစိတကာယ၊ တခုတည်းသော ထင်းပုံထက်၌။ ရှာယန္တိ၊ မီးတိုက်သင်္ဂြိုဟ် ရကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဘုမ္မေ၊ အရှင် ဘုရားတို့သည် မေ-မမ၊ တပည့်တော်မ၏။ အခဝသယော၊ မိုးခိုကိုးကွယ် ရာသည်။ ပတိ ဒွါ၊ ထောက်ရာတည်ရာသည်။ ဟောသ၊ ဖြစ်တော်မူကြပါ ကုန်လော။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ဘုန်းတော် အလွန် ကြီးတော်မူလှ ပါသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ၏ မှီခိုကိုးကွယ်ရာ ထောက်တည်ရာ ဖြစ်ပါကုန်လော။ တပည့်တော်မ၏ ရင်သွေးဖြစ်သော သားသုံငယ်အစွေး ကလေးတယောက်ကို သိမ်းစွန်သည် ချီဆောင်ယူ ငင်၍သွားပါသည်။ ရင်သွေးဖြစ်ပြား တယောက်သော သားအကြီးသည် မြစ်ရေ၌မျောပါး နစ်မွန်း၍သွားပါသည်။ တပည့်တော်မ၏ ခင်မွန်းအရှင် လင်ယောကျ်ားသည် ကန္တာရခရီး တောလမ်းခရီး၌ သေလွန် ခဲ့ရပါ

သည်။တပည့်တော်မ၏ မိခင်ဘခင်တို့သည်၎င်း၊ မောင်အကြီးသည်၎င်း၊ နေအိမ်ပြိုကျ၍ ဘိသုပ်အပ်ကုန်သည်ဖြစ်၍ ရဟတ်သေလွန် ကြကုန်သဖြင့် တခုတည်းသောထင်းပုံထက်၌ သုံးယောက်သုံးလောင်း ပေါင်းရပြီးသည့်ကာလ မီးတိုက်ချပါကုန်ပြီ။ ထိုကြောင့် အရှင်ဘုရားတို့သည် တပည့်တော်မ၏ မှီခိုကိုးကွယ်ရာ ထောက်တည်ရာ ဖြစ်ပါကုန်လော့ဟု ရှိခိုးနားတော် ကြားလျှောက်၏။

## ပူဆွေးသောမျက်ရည် သမုဒ္ဒရာမကာ။

မြတ်စွာဘုရားသခင်သည် ထိုသူဌေးသမီး လျှောက်သောစကားကို ကြားတော်မူ၍ ပဋာစာရီ၊အသင်သည် မစိုးရိမ် မကြောင့်ကြလင့်။ မှီခိုကိုးကွယ်ရာ ထောက်တည်ရာ ဖြစ်ခြင်းငှါစွမ်းနိုင်သော ငါဘုရားသခင့်၏ ထံမှောက်သို့ လာရောက်ချဉ်းကပ်၍သာ ရှိပေသည်၊ ပဋာစာရီ၊အသင့်အား ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌ ရင်သွေးဖြစ်ငြား တယောက်သောသားငယ်ကို သိန်းစွန်သည် ယူဆောင်၍သွားခြင်း၊ တယောက်သောသားငယ်သည် ရေဖြင့်မျောပါး နစ်မွန်းခြင်း၊ခင်ပွန်းအရှင် လင်ယောက်ျားသည် လမ်းခရီး၌သေလွန်ခဲ့ခြင်း၊ မိခင်ဘခင် မောင်အကြီးဘို့သည် အိမ်ပြိုကျခြင်းဖြင့် ဘိသုပ်အပ်သည်ဖြစ်၍ သေလွန်ခြင်းတို့ကြောင့် မိမိစိတ်ကိုမျှမမိ အမိုးမရ လောက်အောင် စိုးရိမ်ပူဆွေး ငိုကြွေး မြည်တမ်းခြင်း၌ သောကပရိဒေဝတရားတို့သည် ဖြစ်ပွါးတောက်လောင် ရဘိသကဲ့သို့ ဤနည်းအတူသာလျှင် အစမထင် ကျင်လည်ပြေးသွားရာ ရှေးဝေးသွားစွာသောသံသရာ၌ သားအစရှိသည်တို့၏ ရုတ်ချုင်ကြွေ သေလွန်သောအခါ ဝယ် ငိုကြွေးမြည်တမ်းရသောအသင်၏ မျက်စိမှကျထွက် ယိုစီးသော မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏ ရေအရတို့ထက်ပင်သော်လည်း များပြားလှသေး၏ဟု မိန့်တော်မူပြီး၍-

> စတုသု သမုဒ္ဒေသု ဇလံပရိတ္တကံ၊
> တတော ဗဟုံ အဿုဇလံအနပ္ပကံ။
> ဒုက္ခေန ဖုဋ္ဌဿ နရဿ သောစနာ၊
> ကိံ ကာရဏာ အမ္မ တုဝံ ပမဇ္ဇသိ။ ။

ဟူသော၍ဂါထာကို မိန့်တော်မူ၏။

**အနက်ကား**။ ။အမ္ဗ၊ချစ်သမီးပဋာစာရီ၊ စတုသုသမုဒ္ဒေသု၊ လေးစင်းကုန်သော သမုဒ္ဒရာတို့၌၊ ဇလံ၊ရေသည်။ပရိတ္တံ၊ နည်းသေး၏ တတော၊ ထိုလေးစင်းကုန်သော သမုဒ္ဒရာတို့၏ရေထက်။ အနပ္ပကံ၊ မရေတွက်နိုင်များပြားလှစွာသော။ အဿုဇလံ၊မျက်ရည်သည်။ ဗဟု၊များလှ၏၊ဒုက္ခေန၊ဆင်းရဲခြင်းဖြင့်။ ဖုဋ္ဌဿ၊တွေ့ထိသော။ နရဿ၊သူများ အပေါင်းအား။ သောစနံ၊ စိုးရိမ်ပင်ပန်းရခြင်းသည်၊ ဟောတိ၊ဖြစ်၏။ (တနည်းကား။) သောစနာ၊ ကြောင့်။ အနပ္ပကံ၊ သော။ အဿုဇလံ၊ သည်။ဗဟု၊၏။ အမ္ဗ၊ချစ်သမီးပဋာစာရီ။ ကိံကာရဏာ၊ အဘယ်ကဲ့သို့သော အကြောင်းကြောင့်။ဝုဝံ၊သင်သည်၊ ပမဇ္ဇသိ၊မေ့လျော့ဘိသနည်း။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ချစ်သမီးပဋာစာရီ၊ လေးစင်းကုန်သောသမုဒ္ဒရာတို့၌ရှိသော ရေအပေါင်းအရသည် အနည်းငယ်မျှသာ ဖြစ်၏၊ ဆင်းရဲပင်ပန်းခြင်းဖြင့် တွေ့ထိကျရောက်သော သူအား စိုးရိမ်ပူဆွေးခြင်းကြောင့် ဖြစ်ပေါ်ကျရောက် လာသော မရေတွက်နိုင်သော မျက်ရည်အရသည် ထိုလေးစင်းကုန်သော သမုဒ္ဒရာတို့၌ရှိသော ရေအပေါင်း အရထက်ပင် သော်လည်း များပြားလှသေး၏။ ချစ်သမီးပဋာစာရီ၊ အဘယ်သို့သော အကြောင်းကြောင့် မေ့လျော့လေဘိ သနည်းဟု မိန့်တော်မူ၏။ ဤသို့ မြတ်စွာဘုရားသခင်သည် အစမသင် ကျင်လည်ပြေးသွား သံသရာဝဋ် ဒုက္ခ အနမတဂ္ဂပရိယာယ စကားကို ဟောကြားတော် မူသည်ရှိသော် ထိုပဋာစာရ်သူဌေးသမီး၏ကိုယ်၌ စိုးရိမ်ပူပန်ခြင်းသောကသည် အနည်းငယ်ခေါင်းပါးခြင်းသို့ ရောက်လေ၏။

## အရှုံးပျောက်၍ သောတာပန်တည်ခြင်း။

ထိုနောက် သောကတရားနည်းပါးသည့်အဖြစ်ကို သိတော်မူပြီးသော် တဖန် မြတ်စွာဘုရား သခင်သည် ထိုသူဌေးသမီးကို ခေါ်တော်မူ၍ ပဋာစာရီ ရင်သွေးဖြစ်သော သားအစရှိသည်တို့မည်သည်ကား တမလွန် လောကသို့ ပြောင်းကြွသေလွန်၍ သွားရသောသူအား ပုန်းအောင်းမှီခိုကိုးကွယ်ရာအဖြစ်ကို ဖြစ်စေခြင်းငှါမစွမ်းနိုင်ကုန်။ထိုကြောင့် သားသမီး အစရှိသည်တို့သည် ထင်ရှား ရှိပါကုန်သော်သည်း ပုန်းအောင်းမှီခိုကိုးကွယ်ရာမရှိသည်သာတည်း။ ပညာရှိသောသူသည် သီလကိုသုတ်သင်

စင်ကြယ်စေ၍ မိမိ၏နိဗ္ဗာန်ရောက်ခြင်း အကြောင်းဖြစ်သော ခရီးကောင်း ကိုသာလျှင် ပြုရပြင်ဆင် သုတ်သင်ခြင်း၌ အပ်၏ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နံ ပိ ဗန္ဓဝါ။
အန္တကေနာ ဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။ ။

ဧတမတ္ထံ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။ ။

ဟူသော ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူ၏။

**အနက်ကား**။ ။ပုတ္တာ ရင်သွေး ဖြစ်ကြသော၊ သမီး, သားတို့သည်။ တာဏာယ၊ သံသရာရေးကြောင့်၊ စိုးမရှောင့် ရအောင်၊ စောင့်ရှောက်ခြင်း၌။ န သန္တိ၊ တရံတဆစ်၊ မဖြစ်မရှိကုန်။ ပိတာ၊ ကျေးဇူးရှင် ဖြစ်ကုန်သော မိခင်ဘခင်တို့သည်။ တာဏာယ၊ ၌။ န သန္တိ၊ ကုန်။ ဗန္ဓဝါ၊ အကျွမ်း တဝင်၊ ခင်မင်သောမိတ်၊ မိတ်ဆွေခင်ပွန်းတို့သည်လည်း။ တာဏာယ၊ ၌။ န သန္တိ၊ ကုန်၊ အန္တကေန၊ သေမင်း မိက်သည်။ အဓိပန္နဿ၊ နှိပ်စက် ကလူ၊ ညှဉ်းဆဲမူအပ်သော သူအား၊ ဉာတီသု၊ ဆွေမျိုး ဉာတ်တို့၌။ တာဏတာ၊ ကိုးကွယ်လည်းလျောင်း၊ ပုန်းအောင်းရာ၏ အဖြစ်သည်။ နတ္ထိ၊ မရှိ။ ဧတမတ္ထဝသံ၊ ဤသို့သော တရားသဘောအလိုကို။ ဉတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသော သူသည်။ သီလသံဝုတော၊ သီလကို လုံခြုံအောင် စောင့်ရှောက်လျက်။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ နိဗ္ဗာနဂမနံ၊ နိဗ္ဗာန်သို့ ရောက်ခြင်း အကြောင်းဖြစ်သော၊ ဝါ၊ နိဗ္ဗာန်သို့ သွားတတ်သော၊ မဂ္ဂံ၊ ကုသိုလ်လမ်းကြောင်း ခရီးကောင်းကို။ ဝိသောဓယေ၊ သုတ်သင်ရာ၏။ ။ ဤကားအနက်။

ဒေသနာတော်၏အဆုံး၌ ပဋာစာရီ သူဌေးသမီးသည် မဟာပထဝီ မြေထု၌ မြေမှုန့်ရပမာဏ များပြားလှကုန်သော ကိလေသာတို့ကို လောင် ကျွမ်းစေလျက် သောတာပတ္တိဖိုလ်၌ တည်လေ၏။ တပါးလည်း ဖြစ်ကုန်- သော များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ထိုသူဌေးသမီးသည် သောတာပန်ဖြစ်ပြီး၍ မြတ်စွာဘုရား

သခင်ကို ဦးအင်ညွတ်လျှို့ ရှိခိုးဝပ်တွားပြီးသည့် ကာလ၊ ရဟန်းပြုပါမည့် အကြောင်းကို တောင်းပန် လျှောက်ကြား၏ မြတ်စွာဘုရား သခင်သည် ရဟန်းမိန်းမတို့၏အထံသို့ စေလွှတ်၍ ရဟန်းပြုစေ၏။ ထိုသူဌေးသမီးသည် ရအပ်သော ပဋိသန္ဓေ ဖြစ်ငြိ ရှိသည်ဖြစ်၍၊ ရောင်တခင် လျှင်မြန်သော အကျင့် ရှိသည် ဖြစ်သောကြောင့်၊ ပဋာစာရီ ဟူ၍သာလျှင် အမည် ထင်ရှား လေ၏။

## ပဋာစာရီ-ပဋိသမ္ဘိဒါပဋ္ဌာနာရဟာန္တာမ,ဖြစ်ခြင်း။

ထိုပဋာစာရီ ဘိက္ခုနီမသည် တနေ့သော အခါ၌ အိုးဖြင့် ရေကို ယူဆောင်ပြီးလျှင်၊ ခြေတို့ကို ဆေးလျက်၊ ရေကို သွန်းလောင်း၏။ ထို-သွန်းလောင်းအပ်သော ရေသည် အနည်းငယ်သော အရပ်သို့ သွား၍ ပြတ်၏။ နှစ်ကြိမ်မြောက်၌ သွန်းလောင်းအပ်သော ရေသည် ရှေးဦးစွာ လောင်းအပ်သော ထိုရေထက် အနည်းငယ် ဝေးစွာသွားလျက် ပြတ်-ပြန်၏ သုံးကြိမ်မြောက်၌ သွန်းလောင်းအပ်သော ရေသည် နှစ်ကြိမ်မြောက် သွန်းလော းအပ်သော ရေထက်လည်း အနည်းငယ်ဝေးကွာစီးသွားလျက် ပြတ်ပြန်၏ ပဋာစာရီဘိက္ခုနီမသည် ထိုအာရုံကိုပင်လျှင်ယူ၍၊ သုံးပါးသော အရွယ်တို့ကို ပိုင်းခြားပြီးလျှင်။ ငါသည် ရှေးဦးစွာ သွန်းလောင်းအပ်သော ရေကဲ့သို့ ဤသတ္တဝါတို့သည် ပဌမအရွယ်၌ သေလွန်ကုန်၏။ ထိုပဌမ သွန်လောင်းအပ်သော ရေထက် အနည်းငယ် ဝေးကွာ စီးသွားသော နှစ်ကြိမ်မြောက် သွန်းလောင်းအပ်သော ရေကဲ့သို့၊ ဤသတ္တဝါတို့သည် မဇ္ဈိမ အရွယ်၌လည်း သေလွန်ကုန်၏။ နှစ်ကြိမ်မြောက် သွန်းလောင်း အပ်သော ထိုရေထက်အနည်းငယ်ဝေးကွာစီးသွားသော သုံးကြိမ်မြောက် သွန်းလောင်းသော ရေကဲ့သို့၊ ဤသတ္တဝါတို့သည် အဆုံးဖြစ်သော ပစ္ဆိမ အရွယ်ကို မလွန်မြောက်နိုင်ဘဲ၊ ထိုပစ္ဆိမ အရွယ်၌သာလျှင် သေလွန် ရကုန်၏ဟု အောက်မေ့ ကြံစည်၏။ မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိ တိုက်၌ သီတင်းသုံး စံနေတော် မူသျက်သာလျှင် ကိုယ်ရောင်တော်ကို လွှတ်၍၊ ထိုပဋာစာရီ ဘိက္ခုနီမ၏ ရှေ့တူရူ မျက်မှောက်၌ ရပ်တည်၍ မိန့်ဆိုတော် မူဘိသကဲ့သို့။ ပဋာစာရီ၊ ဤသို့သော အခြင်းအရာအားဖြင့် ငါးပါးကုန်သော ခန္ဓာတို့၏ဖြစ်ခြင်း,ပျက်ခြင်းကို မကြည့်ရှုမဆင်ခြင်သော သူ၏ အနှစ်တရာတိုင်တိုင် အသက်ရှည်ရသောထက် ထိုခန္ဓာ ငါးပါး

တရားတို့၏ ဖြစ်ခြင်း,ပျက်ခြင်းကို ဆင်ခြင်သောသူ၏ တနေ့ တရက် တခဏမျှသော်သည်း အသက် ရှည်ရခြင်းသည် မြင့်မြတ်၏ဟု မိန့်တော် မူပြီးမှ၊ အနုသန္ဓေကို စပ်၍ တရားဘော်ကို ဟောကြားတော် မူလိုသော ကြောင့်-

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာဂါထာ၏ အဆုံး၌၊ ပဋာစာရီ ဘိက္ခုနီမသည် ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ နောင်အခါ၌ မြတ်စွာ-ဘုရားသခင်သည် ထိုပဋာစာရီ ဘိက္ခုနီမကို ဝိနည်းအရာ၌ တေဒဂ် ထားတော်မူ၏။

**ထိုဂါထာ၏ အနက်ကား**၊ ။ယော စ ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ် သည်ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့၏ ဖြစ်ခြင်း,ပျက်စီး ခြင်းကို။ အပဿံ-အပဿန္တော၊ ပညာဖြင့်မရှုမြင်ဘဲ၊ ဝဿသတံ၊ သန်းခေါင်ကစ် အနှစ်တရာပတ်လုံး၊ ဇီဝေ၊ အသက်ရှည်အံ့၊ န သေယျော၊ မမြင့်မြတ်သည်သာတည်း ။ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါး၊ ရုပ်,နာမ် တရားအစု တို့၏ ဖြစ်ခြင်း, ပျက်စီးခြင်းကို။ ပဿတော၊ ပညာဖြင့်၊ ရှုမြင်သော ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တနေ့တရက်မျှ၊ ဇီဝိတံ၊ အသက် ရှည်ရခြင်းသည်။ သေယျော၊ မြင့်မြတ်၏၊ ။ဤကားအနက်။

မြေပဒသဟဿဝဂ်၌ တဆဲ့နှစ်ခုမြောက်သော ပဋာစာရီထေရီမ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၈ သဟဿဝဂ်။ ၁၃-ကိသာဂေါတမီထေရီမဝတ္ထု။

**ယော စ ဝဿသတံ**။ ။အစချီသော၊ ရဟန္တမံဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ သံသရာဝဋ်၊ ဩဃာညွတ်၌၊မလွတ်ကင်းဘိ၊ ဇွတ်နှင်းမိ၍၊ မချိပြင်းပြ၊ များဒုက္ခကို၊ သုခထင်မှတ်၊အစဉ်ကပ်လျက်၊ အထပ်ထင်သော သံယောဇဉ်ကို၊ အစဉ်တမိုက်၊ အရှည်လိုက်ကုန်သော၊ အမိုက်ဝေနေ၊

ဝိုလ်ခြေ တသင်းတို့ကို၊ ကြောက်ရင်း မူလ၊ ထင်မြင်အောင် ပြလျက်၊ ဆုံးမတော်မူတတ်သော၊ လူ နတ်တို့ဆရာ၊ မြတ်ဗုဒ္ဓတို့ထွတ်ထား၊ ဘုရား-သခင်သည်၊ ပြည့်စွင်ဘုန်းရှိ၊ သာဝတ္ထိတောင်နှင့်၊ ဇေတဝန် ဖွဲ့ကျောင်း၌၊ ကိန်းအောင်းတော် မူနိုက်၊ ဝမ်း၌ လွယ်ဖွါး၊ ရင်သွေး သားကြောင့်၊ ဖေါက်ပြား ဝိပ္ပလ်၊ မတော်မှန် ဘို့၊ မြွေ ကြီးလှည့်ပတ်၊ ချဉ်းလာကင်သော၊ မဟာဒွန်၊ လှန်ကြွယ် သေည့်၊ ဂ်သဘောတမီ၊ အမည် ကျော်ပေါက်၊ ဒါယိကာမ, တယောက်ကို၊ မြော်ထောက်သမျှ၊ အကြောင်း ပြုသော အားဖြင့်၊ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အညွှန်းပုဂ္ဂိုလ်အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိ ပြည်ကြီးဝယ် တယောက်သော သူဌေး၏ အိမ်၌ ကုဋေ လေးဆယ် ကုန်သော ပစ္စည်းဥစ္စာ ငွေသပြာတို့သည် မီးဆွေး ဖြစ်၍ တည်ကုန်၏၊ သူဌေးကြီးသည် မီးဆွေး ဖြစ်ကုန်သော ထိုပစ္စည်းဥစ္စာ အသပြာတို့ကို မြင်၍၊မရွှင်ပိတ်ပျက်၊နှင်စက်ပူပန်၊ပြင်းထန် ဖြစ်ပေါ်သော သောကနှင့်သည် ဖြစ်သောကြောင့်။ အစာ အာဟာရကို ပယ်ချစွန့်ပစ်၊ ခွေရစ်ညှိုးလျော်၊အိပ်ရာ ညောင်စောင်း၌ အိပ်နေ၏။ထိုသူဌေး၏ အဖေါ် ခင်ပွန်း အကျွမ်းဝင်သော မိတ်ဆွေ တယောက်သည် အိမ်သို့ လာ-ရောက်၍။ အချင်း၊ အဘယ်သို့သော အကြောင်းကြောင့်၊ မကောင်းပူပန်၊ ဝိုလ္လာသ၊ သောက ဖြစ်ပွါးဘိသနည်းဟု မေးမြန်းသဖြင့်၊ ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြားသည်နှင့်သော် အိုအဆွေ၊ မပိုးရိမ်, မပူပန် ပါလင့် ငါသည် အကြောင်းတခု၊ ပြုရခန် အရေးကို၊ တွေးတော ကြံမိ၊ သိရှိပါ၏၊ ထိုအကြောင်းကိုသာ ကောင်းစွာ ပြုဘိလော့ ဟု ပြော၏။ အဆွေ၊အဘယ်ကဲ့သို့ ပြုရပါအံ့နည်းဟု ပြန်၍ မေးသည့်ကာလ မိမိ၏ အိမ်ဈေး၌ ဖျာတို့ကို ဖြန့်ခင်း၍၊ ထိုဖျာ အခင်းထက်၌ ပစ္စည်း ဥစ္စာ အသပြာမှ ဖြစ်ကုန်သော မီးဆွေးကို အစုအပုံ ပြုပြီးသည့် ကာလ။ မီးဆွေးကို ရောင်းသည့်ပမာ အနီး၌ မိမိက ထိုင်နေပါသော့ လာတိုင်း လာတိုင်းကုန်သော လူတို့တွင် အကြင်သူတို့သည် "သူဌေးကြီး၊သူတပါး တို့မှာ အဝတ်အထည်,ဆီ,ပျား,တင်လဲ,သကာ စသည်တို့ကို ရောင်းချ

ကုန်၏ အသင့်မှာ မီးဆွေးကို ရောင်းချသျက် ထိုင်နေဘိသည်တကား''ဟု ပြောဆိုကုန်သတ္တံ့၊ ထိုသို့ ပြောဆိုကုန်သော လူတို့ကို''အချင်းတို့၊ မိမိ၏ ပစ္စည်းဥစ္စာကို မိမိ မရောင်းချသည် ရှိသော် အဘယ်သို့ ပြုရမည်နည်း''ဟု ပြန်၍ ပြောဆိုပိုက်ဘိလော့၊ အကြင် လူတို့သည်ကား ''သူဌေးကြီး၊ တပါးသော သူတို့မှာ အဝတ်အထည်,ဆီ,ပျား,တင်လဲ,သကာ စသည် တို့ကို ရောင်းချကုန်၏ အသင့်မှာကား ရွှေ,ငွေ,အသပြာတို့ကို အဘယ် ကြောင့် ရောင်းဝယ်၍ ထိုင်နေဘိသနည်း'' ဟု ဆိုပေလိမ့်မည်။ ထိုသူကို ရွှေ,ငွေ,ဟူသည် အဘယ်မှာနည်း ဟု မေးရမည်၊ ဤအရအပုံကြီးသည် ရွှေ,ငွေ,မဟုတ်သော ဟု ပြောလျှင်၊ ထိုရွှေငွေကိုယူ၍ ပေးပါလော ဟု ပြော၍၊ထိုသူကောက်ယူ၍ ပေးအပ်သည်ကို လက်တို့ဖြင့် ခံယူပါလော့၊ ဤသို့ ပေးအပ်သည်ကို ခံယူအပ်သည်ရှိသော်၊ အသင်၏ လက်၌လည်း ရွှေ,ငွေ,ဖြစ်ပေလတ္တံ့။ ထိုသို့ ကောက်ယူပေးသော သူသည် အကယ်၍ သတို့သမီးဖြစ်ခဲ့အံ့။ အသင်၏အိမ်၌ရှိသော သားအားယူဆောင်ထိမ်းမြား၍ ကုဋေလေးဆယ်ကုန်သော ပစ္စည်းဥစ္စာတို့ကို ထိုသတို့သမီးအား ဆောင်-နှင်း၍ ထိုသူတို့ ပေးကမ်းချီးမြှင့်အပ်သည်ကို ခံယူသုံးဆောင်လေလော့၊ အကယ်၍ သတို့သားဖြစ်ခဲ့အံ့၊အသင်၏အိမ်၌ အရွယ်ရောက်ပြီး သမီးငယ် တယောက်ကို ချီးမြှောက်ထိမ်းမြား ထိုသူအား ပေး၍၊ကုဋေလေးဆယ် ကုန်သော ထိုရွှေ,ငွေ,တို့ကို နှင်းအပ်ပြီးလျှင်၊ ထိုသူတို့ ပေးကမ်းချီးမြှင့် အပ်သည်ကို ခံယူသုံးစားဘိလော့ဟု ပြော၏။

## မီးဆွေးမှရွှေငွေပြန်ဖြစ်ခြင်း။

သူဌေးကြီးသည် ဤအကြောင်းသည်ကား ကောင်းမြတ် သင့်တင့် လျောက်ပတ်၏ ဟု ကြံ၍၊ မိမိ၏ အိမ်ဈေး၌ မီးဆွေးတို့ အရအပုံကို ပြုပြီးသော်၊ ရောင်းချဘိသကဲ့သို့ ထိုင်နေ၏။အကြင်သူတို့သည် ''သူဌေး-ကြီး၊ သူတပါးတို့မှာ အဝတ်အထည်, ဆီ,ပျား, တင်လဲ, သကာ တို့ကို ရောင်းချကြကုန်၏၊ အသင့်မှာ အဘယ်သို့သော အကြောင်းကြောင့် မီးဆွေးတို့ကို ရောင်းချခြင်းကို ပြုဘိသနည်း'ဟု ပြောဆိုကုန်၏၊ ထို-လူတို့အား, မိမိ၏ပစ္စည်းကို မရောင်းချသည်ရှိသော်၊ အဘယ်သို့ ပြုရမည်နည်း ဟု ပြန်ပြော၏။

ထိုအခါ ကြုံလှီသော ကိုယ်ရှိသည့်၏ အဖြစ်ကြောင့် ကိသာဂေါတမီ ဟူ၍ အမည်အားဖြင့် ထင်ရှားသော ရှေးအခါက ပဉ္စည်းဥစ္စာ ကြွယ်ဝ ချမ်းသာသော သူဌေးမျိုးဖြစ်၍ နောက်မှ ပဉ္စည်းဥစ္စာ ပျက်စီးနွမ်းပါးသော အမျိုး၏ သတို့သမီးတယောက်သည် မိမိ၏ တစုံတခု ပြုဘွယ်ကိစ္စဖြင့် အိမ်ဈေးတံခါးသို့ သွားရောက်သည့် ကာလ ထိုသူဌေးကို တွေ့မြင်၍။ ဘခင်၊ ကြွင်းကုန်သော လူတို့သည် အဝတ်အထည်၊ ဆီ၊ ပျား၊ တင်လဲ၊ သကာ အစရှိသည်တို့ကို ရောင်းချပါကုန်သည်၊ အသင် ဘခင်သည် အဘယ်ကြောင့် ရွှေ၊ ငွေ၊ တို့ကို ရောင်းချ ထိုင်နေကုန်ဘိသနည်း" ဟု ပြော၏၊

"ချစ်သမီး၊ ရွှေ ငွေ၊ တို့သည် အဘယ်မှာနည်း" ဟု မေးလျှင်။ "ဘခင်၊ အရှင်သည် ထိုရွှေ၊ ငွေ၊ တို့ကိုသာလျှင် ကိုင်လျက် ထိုင်နေပါသည် မဟုတ်လော" ဟု ပြောသဖြင့်၊ "ချစ်သမီး၊ ထိုရွှေ၊ ငွေ၊ ကို ငါ့အား ယူငင်၍ ပေးပါလော့" ဟု ဆို၏။ ထိုကိသာဂေါတမီသည် တလက်ဆွမ်း ပြည့်မျှ လောက်သော ရွှေ၊ ငွေ၊ တို့ကို ကျုံးယူ၍၊ သူဌေးကြီး၏လက်ထဲ၌ ထည့်ထား၏။ ထိုလက်၌ ထည့်ထားလိုက်အပ်သော မီးသွေးသည် ရွှေ၊ ငွေ၊ ဖြစ်လေ၏၊ ထိုနောက် သူဌေးကြီးက "ချစ်သမီး၊ အသင်၏ နေအိမ် အဘယ်မှာနည်း" ဟု မေး၍ ဤအမည်ရှိသော အမျိုးနေအိမ်ပါတည်းဟု ပြောသည် ရှိသော်၊ ထိုသတို့သမီးအား အပိုင်ရသော အရှင်ခင်ပွန်းလင် မရှိသည်၏ အဖြစ်ကို သိ၍ ထိုပဉ္စည်းဥစ္စာတို့ကို သိမ်းဆည်း သိုမှီးစေပြီးလျှင်၊ ထိုသတို့သမီးကို မိမိ၏သားအား ဆောင်ယူစေပြီး၍၊ ကုဋေ လေးဆယ် ကုန်သော ပဉ္စည်းဥစ္စာအသပြာရွှေငွေတို့ကို ဆောင်နှင်းပေးအပ်ခံယူစေ၏။ ထိုအလုံးစုံသော မီးသွေးအရသည် ရွှေ၊ ငွေ၊ သာလျှင် ဖြစ်လေ၏။

## သားသေကိုပွေ့လျက် ဆေးဝါးရှာခြင်း။

နောက်ဖြစ်သော တပါးသော အခါ ကိသာဂေါတမီအား ပဋိသန္ဓေ ကိုယ်ဝန်တည်နေလေ၏။ ပဋိသန္ဓေ တည်နေပြီးမှ ဆယ်လကိုလွန်မြောက်သဖြင့် တယောက်သော သားငယ်ကို ဖွါးမြင်၍၊ ထိုသားငယ်သည် အရွယ်ကြီးပွါး ခြေဖြင့်သွားလာ လှည့်ပတ် နိုင်လောက်သော အခါ၌ သေလွန်ခြင်းကို ပြုလေ၏။ ထိုကိသာဂေါတမီသည် ရှေးအခါက သေလွန်

လေသောသူကို မတွေ့မမြင်ဘူးသေးသောကြောင့်၊ သားငယ်၏အလောင်း ကိုဒီးတိုက်သဖြိုဟ်ခြင်းငှါသင်းချိုင်း ပုသာန်သို့ ထုတ်ဆောင်သည်တို့ကို တားမြစ်ပိတ်ပင်၍၊ ငါ၏သားငယ်အား ကုစားနိုင်သော ဆေးကို မေးမြန်း ရှာဖွေဦးမည်ဟု ပြောချက်၊ သူ့သေကောင် သားငယ် အလောင်းကို ရင်ခွင်ထက်ဖြင့် ဖိုက်ဖက် ပွေ့ယူပြီးသော အခါ၊ ငါ၏ သားငယ်အား အသက် တဖန် ရှင်ပြန်အံ့သောငှါ ကုစား နိုင်သော ဆေးကို သိရှိကြဘုန် သလောဟု မေးမြန်း၍၊အိမ်စဉ်အတိုင်း လှည့်လည်လေ၏။

ထိုအခါ ကိသာဂေါတမီကို လူအပေါင်းတို့ကချစ်သမီး၊ အသင်သည် သေလွန်ပြီးသော မိမိ၏သားကို ကုစားနိုင်သော ဆေးရှိ ပါသလောဟု မေးမြန်းလျက် လှည့်ပတ်ဘိသည်မှာ အသင့်အား ရူးသွပ်ခြင်းဖြစ်လေပြီ ဟု ပြောဆိုကြဘုန်၏၊ဤသို့ ပြောဆိုပါကုန်သော်လည်း ကိသာဂေါတမီ သည် ဤသူတို့ မသိကြသောကြောင့်သာ ဖိုပေလိမ့်မည်။ ငါ၏သားကို ထင်ရှားတဖန် ပြန်၍အသက်ရှင်အောင် ကုစားနိုင်သော့သူ မချွတ်တရုံ တယောက်ဖြင့် ရှိတန်ရာ သည်ဟု အောက်မေ့ ပြီးလျှင် လှည့်လည် မေးမြန်းသည်သာဘည်း။

## တယောက်သောပညာရှိ။

ထိုနောက် တယောက်သောပညာရှိသော ယောကျ်ားသည် တွေ့၍ ကြံဆင်ခြင်သည်မှာ ဤသူငယ်မသည် ယခုဖိုက်ထား သေလွန်သွားသော သားသူငယ်သည် ရှေးဦးစွာဖွါးမြင်အပ်သော သားဖြစ်ပေလိမ့်မည်။ရဘိ ချုပ်ကြေသေလွန်သည်ကို မတွေ့မထင် မမြင်ဘူးသည်ဖြစ်ပေလိမ့်မည်။ ငါသည် ဤသူငယ်မ၏ ကိုးကွယ်မှီခိုရာ ဖြစ်ခြင်းငှါ အပ်၏ဟုကြံ၏။ကြံ ပြီး၍ကား''ချစ်သမီး၊ငါသည် ဆေးကိုမသိ ဆေးကိုသိ၍ ကုစားနိုင်သော သူကို မူကား သိပါ၏''ဟု ပြော၏၊ ဘခင်၊ အသင်သည် မသိလျှင် အဘယ်သူသိပါသနည်းဟု မေးသဖြင့် ချစ်သမီး၊ လူသုံးပါးတို့၏ သရေ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်ကား သိပါ၏၊ အသင်သည် ထိုမြတ်စွာဘုရားအထံတော်သို့ သွားရောက်၍ မေးလျှောက်ပါလေလော့ ဟု ပြောလိုက်၏၊ဘခင်၊ ကောင်းပါပြီ။ မြတ်စွာဘုရား အထံတော်သို့ သွားရောက်မေးမြန်းပါအံ့ဟု ဝန်ခံပြောဆို၍ မြတ်စွာဘုရားအထံတော်သို့

သွားရောက်ပြီးသော် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ သင့်တင့် လျောက်ပတ်သောအရပ်၌ ထိုင်နေပြီးသည့်ကာလ အရှင်ဘုရား၊ အရှင်မြတ်တို့သည် တပည့်တော်မ၏သား၊ အား ကုစားနိုင်သောဆေးကို သိနားလည်သောဟူသည် ဆေးတစ်မှုန့်ပါ ဘုန်းသလောဟု မေးလျှောက်၏။ ဩော်-ဟုတ်မှန်ပေ၏ဟု မိန့်တော်မူလျှင် အရှင်ဘုရား၊ အဘယ်သို့သော ဝတ္ထုကို ရခြင်းငှါအလိုပါသနည်းဟု မေးလျှောက်သဖြင့် တလက်ဆုပ်မျှလောက်သော မုန်ညင်းဆန်ကို ရခြင်းငှါအလိုပေသည်ဟု မိန့်တော်မူ၏ အရှင်ဘုရား၊ အရှင်မြတ်အလိုရှိသော မုန်ညင်းဆန်ကို ရပါလတ္တံ့။ အဘယ်သူ၏အိမ်၌ မုန်ညင်းဆန်ကိုရခြင်းငှါအလိုပါသနည်းဟုမေးလျှောက်သဖြင့် အကြင်သူ၏ အိမ်၌သားသည်၎င်း၊ သမီးသည်၎င်း၊ တစုံတယောက်သောသူမျှ မသေလွန်ဘူး။ ထိုသူ၏အိမ်၌ဖြစ်သော မုန်ညင်းဆန်ကို ရခြင်းငှါ အလိုပေသည်ဟု မိန့်တော်မူ၏။

## မရနိုင်သောမုန်ညင်းဆန်။

ကိသာဂေါတမီသည် ကောင်းပါပြီဘုရားဟု ဝန်ခံ လျှောက်ထား၍ မြတ်စွာဘုရားကိုရှိခိုးပြီးသော် သားငယ်သူသေကောင်ကို ရင်ခွင်ထက်၌ ပိုက်ဖက်ပွေ့ယူပြီးလျှင် ရွာသို့ဝင်ရောက်၍ ရှေးဦးစွာသော အိမ်တံခါး၌ ရပ်တည်ပြီး၍ ဤအိမ်၌မုန်ညင်းဆန် ရှိပါသလော။ရှိခဲ့လျှင် ကျွန်တော်မသား၏ဆေးအလို့ငှါ မုန်ညင်းဆန်ကို ပေးသနားပါကုန်လောဟု ပြောသဖြင့် ရှိပါ၏ဆိုသည်ရှိသော် ထိုသို့တပြီးကား ပေးသနားပါကုန်လော့ဟု ဆို၏။အိမ်ရှင်ဖြစ်သော ယူဆောင်၍ မုန်ညင်းဆန်တို့ကို ပေးကြကုန်သည်ရှိသော် ဤအိမ်၌ သားသည်၎င်း၊ သမီးသည်၎င်း သေဘူးသော တစုံတယောက်သောသူမရှိပါသလောဟု မေးသဖြင့် ချစ်သမီး၊အသို့ပြောဆိုဘိသနည်း။ အသက်ရှည်ရှည် တည်နေသော အမျိုးအိမ်တို့ မည်သည် နှစ်ယောက် သုံးယောက်သော သူတို့သော်၎င်း၊ များစွာသော သူတို့သော်၎င်း၊ သေလွန်ဘူးကြကုန်သည် သာတည်း။ မသေလွန်ဘူးသောသူ မည်သည်မရှိဟု ပြောသည်ရှိသော် ထိုသို့တပြီးကား အသင်တို့၏မုန်ညင်းဆန်တို့ကို ပြန်ယူကုန်လော။ထိုမုန်ညင်းဆန်ဖြင့် ငါ၏သားအားဆေးအမှုကိုမပြုနိုင်။အလိုမရှိဟု ပြန်၍ပေး၏။ ဤသို့သောနည်းဖြင့်သာလျှင် အစဖြစ်သောအိမ်မှစ၍ မေးမြန်းလှည့်လည်၏။

## သားသေချင်းအလောင်းပစ်စွန့်ခြင်း။

ထိုကိသာဂေါတမီသည် တရွာသောအိမ်၌ပင်သော်လည်း မုန်ညင်းဆန်တို့ကိုမရဘဲ ညနေချမ်းအခါသို့ ကျရောက်သောအခါ၌ ကြံဆင်ခြင်သည့်မှာ ဩော် အံ့ဘွယ်ဒိုလေစွ။ ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွ။ ငါသည်သာလျှင် သားငယ်သေလွန်ဘိသည် ဟူသော အမှတ်သညာကို ပြုမိပေသည်။ အလုံးစုံသောရွာတို့၌ အသက်ရှည့်ရှည် တည်နေရသော သူတို့သည် များစွာ သေလွန်ကုန်၏ဟု ကြံ၏။ ဤသို့ ကြံစည်ပင်လျှင် သားငယ်၌ဖြစ်သောချစ်ခြင်းသည် နည်းပါးသည်ဖြစ်၍ နှလုံးခိုင်မာခြင်းသို့ ရောက်လေ၏၊ ကိသာဂေါတမီသည် သားငယ်၏ရုပ်အလောင်းကို တော၌ စွန့်ပစ်ပြီးသော် မြတ်စွာဘုရား အထံတော်သို့ သွားရောက် ချဉ်းကပ် ညွတ်ပျပ်ဝပ်လျိုး ရှိခိုးပြီးချ၍ထိုင်နေ၏။

ထိုအခါ ဘုရား ကိုယ်တော် မြတ်က ကိသာဂေါတမီ၊ အသို့နည်း။ အသင့်အား တလက်ဆွမ်းမျှလောက်သော မုန်ညင်းဆန်ကို ရပါ၏လောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မရခဲ့ပါ၊ အလုံးစုံသောရွာတို့၌ အသက်ရှည့်ရှည်တည်နေ ရကုန်သောသူတို့သည် များစွာပင် သေလွန်ကြရပါကုန်သည်ဟု လျှောက်၏။

## သောတာပန်တည်ခြင်း။

ထိုအခါ မြတ်စွာဘုရားသခင်က ကိသာဂေါတမီ၊ အသင်သည် ငါ၌သာလျှင် သားငယ်သေဆုံးဘိသည်ဟူ၍ အောက်မေ့မှတ်ထင် သလော။ သတ္တဝါတို့အား ဤသေလွန်ခြင်း သဘောတရားသည် အမြဲနိစ္စထာဝရ သဘောတည်း။ ပြတ်ရိုက်ရန် တဟုန်တည်းစီးဆင်း၍နေသော ကြီးစွာသော ရေအယဉ်ကဲ့သို့ သေမင်းသည် မပြည့်စုံနိုင်သောအလိုအဇ္ဈာသယရှိကုန်သောအလုံးစုံသော သတ္တဝါတို့ကိုဆွဲငင်ယူဆောင်လျက် အပါယ်သေးပါးတည်းဟူသော မဟာသမုဒ္ဒရာ၌ ထည့်သွင်းလိုက် လေတော့သည်ဟု မိန့်တော်မူပြီး၍ တရားဘော်ကို ဟောကြားတော်မူလိုသောကြောင့်-

> တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမာနသံ နရံ။
> သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

**အနက်ကား။** ။ပုတ္တပသုသမ္မတ္တံ၊ သမီးနှင့်သား ကျွဲနွားဥစ္စာ တပ်မက်ကာဖြင့် ကောင်းစွာယစ်မူး မေ့လျော့ထသော၊ ဗျာသတ္တမာနသံ၊မရေ သေးသည်ကိုတောင့်တချပြီးသည်ကို တွယ်တာ လွန်စွာ တပ်ငြိသောစိတ် ရှိထသော တံ၊ ထိုလူကို သုတ္တံ ဂါမံ၊ အိပ်ပျော်ခိုက်သော ရွာတစ္စာလုံးကို။ မဟောဃော၊ ကြီးသောရေအယဉ်သည်။ အာဒါ ၊ အကုန်မကျန် တိုက်လှန်မျှောယူ၍ ဂစ္ဆတိယထာ၊ သွားသကဲ့သို့ မစ္စု၊ သေမင်းသည်။အာဒါယ၊ ယူ၍ ဂစ္ဆတိ၊သွား၏၊ ။ဤကားအနက်။

ဒေသနာဂါထာ၏အဆုံး၌ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ တပါးကုန်သော များစွာကုန်သော သူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။ ထို ကိသာဂေါတမီသည် တဖန် ရဟန်းပြုပါရမည့် အကြောင်းနှင့် တောင်းပန် လျှောက်ကြား၏။ မြတ်စွာဘုရား သခင်သည် ဘိက္ခုနီမတို့၏အထံသို့ စေလွှတ်၍ ရဟန်း ပြုစေ၏၊ ကိသာဂေါတမီသည်ရဟန်းပြုပြီးသည်မှနောက်၌ ပဉ္စင်း၏အဖြစ်ကို ရ၍ ကိသာဂေါတမီထေရီမဟု ထင်ရှားလေ၏။

**ပဋိသမ္ဘိဒါပတ္တရဟန္တာမ ဖြစ်ခြင်း။**

ထိုထေရီမသည် တနေ့သောအခါ ဥပုသ်အိမ်၌ သုတ်သင်သော အလှည့်အကြိမ်သို့ရောက်၍ ဆီမီးညှိထွန်းထိုင်နေလျက် ဆီမီးလျှံတို့သည် ပျက်စီးသည်တို့ကိုရင်း၊ ဖြစ်သည်တို့ကိုရင်း ကြည့်ရှု၍ ဤမီးလျှံအတူသာ လျှင် ဤသတ္တဝါတို့သည် ဖြစ်လည်း ဖြစ်ကုန်၏။ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာန်သို့ရောက်ကုန်သော သူတို့သည်သာလျှင် မထင်ကုန်သတည်းဟု သောအာရုံကိုယူ၏။ မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်း သုံးတော်မူလျက်သာလျှင် ကိုယ်ရောင်တော်ကိုလွှတ်၍ ထိုထေရီမ၏ မျက်မှောက်၌ ထိုင်ပြီးသည့်ကာလ ပြောဟောဘိသကဲ့သို့ ကိသာဂေါတမီ၊ ဤဆီမီးလျှံ အတူသာလျှင် ဤသတ္တဝါတို့သည် ဖြစ်လည်း၊ ဖြစ်ကုန်၏။ ချုပ်လည်းချုပ်ကုန်၏။ နိဗ္ဗာန်သို့ရောက်ကုန်သော သူတို့သည် သာလျှင် မထင်ကုန်သည်၊ ဂေါတမီ၊ နိဗ္ဗာန်ကို မမြင်ကုန်သော သူတို့အား အနှစ် တရာတိုင်တိုင် အသက်ရှည်ရသောထက် နိဗ္ဗာန်ကို မြင်သောပုဂ္ဂိုလ်၏ တခဏမျှလည်း ဖြစ်သော အသက်ရှည်ရခြင်းသည် မြင့်မြတ်သည်လျှင်

တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟော ကြားတော်မူလိုသောကြောင့်-

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏၊

**အနက်ကား။** ။ယော စ ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်ကား။ အမတံ ရုပ်ကိုချုပ်ကြွေ သေလွန်ခြင်း ကင်းသော၊ ပဒံ၊ ဘုရားပစ္စေကဗုဒ္ဓါ ရဟန္တာတို့ စံရာအမှန် ပြည်နိဗ္ဗာန်ကို။ အပဿံ-အပဿန္တော၊ ကြည့်ရှု ထင်ထင် မသိမမြင်ဘဲ၊ ဝဿသတံ၊ သချာတွက်စစ် အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှည်အံ့၊ နု သေယျော၊ မြင့်မြတ်၊ အမတံ၊ သော ပဒံ၊ ကို။ ပဿတော၊ ကြည့်ရှုသင်ထင် သိမြင်သော၊ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တနေ့တရက်မျှ၊ ဇီဝိတံ၊ အသက်ရှ ည်ရခြင်းသည်၊ သေယျော၊ မြင့်မြတ် ၏။ ။ဤကားအနက်။

ထိုဒေသနာတော်၏အဆုံး၌ ကိသာဂေါတမီထေရ်မသည် ပဋိသမ္ဘိဒါ တို့နှင့်တကွ အရဟတ္တဖိုလ်၌ တည်လေ၏။

ထိုနောက် တပါးသောအခါ၌ မြတ်စွာဘုရား သခင်သည် ဂိစ္ဈကုဋ် တောင်ထက်ဝယ် မျှတသိတင်းသုံးတော်မူစဉ်အခါ နှစ်ထပ်သော နတ် ရွာကိုအစိုးရသော သိကြားမင်းသည် ပဥ္စမယာမ်၏အဆုံး၌ အခြွေအရံ ဖြစ်သော နတ်ပရိသတ်နှင့်တကွ မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်၍ ဝပ်တွားညွတ်လျိုးရှိခိုးပြီးသော် အသက်ထက်ဆုံး နှလုံးသွင်းအောက်မေ့ အပ်သော တရားစကားကို ကြားနာသျက် သင့်ဘင့်လျောက်ပတ်သော တခုသောအရပ်၌ ထိုင်နေ၏။

### ပံသုကူလဆောင်ထေရီမ။

ထိုခဏ၌ ကိသာဂေါတမီထေရ်မသည် မြတ်စွာဘုရားကို ဖူးမြင်အံ့ ဟုနှလုံးသွင်း၍ ကောင်းကင်ခရီးဖြင့် လာ သော် သိကြားမင်းကိုမြင်၍ ဆုတ်နစ် ပြန်လည်၏၊ သိကြားမင်းသည် ဆုတ်နစ် ပြန်လည်သော ထို မထေရ်မကိုမြင်သောကြောင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမထေရ်မသည် အဘယ်အမည်ရှိပါသနည်း၊ ဤသို့ရှေးရှုလာလျက်သော

လျှင် အရှင်ဘုရားတို့ကို မြင်သည့်ကာလ ဆုတ်နစ်ပြန်လည်၍ **သွားပါ သည်ဟု** ဘုရားသခင်ကို မေးလျှောက်၏၊ ဘုရားကိုယ်တော် မြတ်က ဒါယကာသကြားမင်း၊ ဤမထေရ်မသည် ပံ့သုကူသင်္ကန်းကိုဆောင်ကုန် သောမထေရ်မတို့တွင် အထွန်းအမြတ်ဖြစ်သော ကိသာဂေါတမီ အမည် ရှိသောငါဘုရား၏ သမီးတော်ပေတည်းဟု မိန့်တော်မူပြီး၍-

**ပံသုကူလဓရံ ဇန္တုံ၊ ကိသံ ဓမနိ သန္ထတံ။**
**ဧကံ ဝနသ္မိံ ဈာယန္တံ၊ တမဟံ ဗြူမိ ဗြာဟ္မဏံ။ ။**

ဟူသောဗြာဟ္မဏဝဂ်လာ ဤသို့သောဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာဂါထာ၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ပံသုကူလဓရံ၊ မြေမှုန့် အလိမ်းအလိမ်း ကပ်သော ပံသုကူသင်္ကန်းကို ဆောင်ထသော။ ကိသံ၊ ကြုံလှီထသော။ ဓမနိသန္ထတံ၊ အကြောပြိုင်းပြိုင်း ထသော ကိုယ်ရှိထသော။ ဧကံ၊ အဖော်မလျှောက် တယောက်ထည်းတည်း။ ဝနသ္မိံ၊ လူသံကင်းဆိတ် တောမြိုင်ရိပ်၌၊ ဈာယန္တံ၊ ဈာန်ဝင်စားလေ့ ရှိထသော၊ တံဇန္တုံ၊ သတ္တဝါဆို ထိုပုဂ္ဂိုလ်ကို။ ဗြာဟ္မဏံ မကောင်းမှုကို အပပြုပြီးသောသူဟူ၍။ အဟံ၊ သင်တို့ဆရာ ဘုရားငါသည်။ ဗြူမိ၊ မိန့်ဆိုတော်မူပေ၏။ ။ဤကားအနက်။

ဓမ္မပဒသဟာသဝဂ်၌ တဆဲ့သုံးခုမြောက်ဖြစ်သော ကိသာဂေါတမီ၏ ဝတ္ထုစကားဥဇ်ကား ဤတွင်ရွေ့ပြီးဆုံးပြီ။

---

၈ သဟဿဝဂ်။ ၁၃ - ဗဟုပုတ္တိကာထေရိမဝတ္ထု။

ယော စ ဝဿသတံ။ ။အစခိုသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိ ဂါထာကို၊ နတ်ရွာလူ့ဘုံ၊ ပြဟ္မာ့ဘုံဟု၊ အခုံလူပြော၊ ကာမဂုဏ် တောသို့ သား၊ မက်မောပြေးဝင် ဘေးမမြင်သော၊ ဝန်းကျင်သတ္တဝါ၊ ဝေနေယျာတို့ကို၊ ထိုကာမဂုဏ်တည်းဟူသောတော၊ အခါကုံကြော မှုးအလောလော အဖန်ဖန်၊ အတန်တန် ရွေးနုတ်၊ ငင်ထုတ်တော် မူဘုတ်သော၊ သုံးရပ်ထွန်းထား၊ မြတ်စွာဘုရားသည်၊ ရှေးဖျားယခေါင်၊ နိဗ္ဗူကို အောင်ကြသည့်၊ နောင်

တော်မြတ်များ၊ ဘုရားတို့မရွှန်းရာ၊အောင်ချာနက်သန်၊ ဇေတဝန်ကျောင်း ရှိန်၌၊စံတော်မူသော အခိုက်အခါ၊ များစွာသောသားသမီး၊ ပွါးစီးသည့် အရကြောင့်၊ ဗဟုပုတ္တိကာ အမည် ရှိသော မထေရီမ တပါးအား အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

## အကြောင်း အဋ္ဌုပ္ပတ္တိအစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိပြည်ဝယ် တခုသောအမျိုး၌ ခုနစ်ယောက်ကုန်သောသား, ခုနစ်ယောက်ကုန်သော သမီးတို့သည် ရှိသည်ဖြစ်ကုန်၏ ထိုအလုံးစုံသော သားသမီးဘို့သည် အရွယ်သို့ရောက်ကုန်သည်ရှိသော် အသီးသီး အိမ်ရာ တည်ထောင်ခြင်းကို ဖြစ်စေကြ၍ မိမိဘာသာ အားဖြင့် ပျော်ရွှင်ချမ်းသာခြင်းသို့ ရောက်ကုန်၏၊ထိုသူဘို့အားနောက်အတို့ဖြစ်သော အခါတပါး၌ ဘခင်သည် သေလွန်ခြင်းကိုပြု၏။ မိခင်ဖြစ်သော ဥပါသိကာမကြီးသည် ခင်ပွန်းအရှင်လင်ယောကျ်ားသည် ပျက်စီး၍သွားသော် လည်း ပစ္စည်းဥစ္စာ စည်းစိမ် ချမ်းသာကို သားသမီး တို့အား ခွဲခြမ်းဝေဘန်၍မပေးကမ်း၊ထိုအခါ သားသမီးတို့က မိခင်၊အကျွန်ုပ်တို့၏ဘခင် သည် သေလွန်ပျက်စီး၍သွား သည်ရှိသော် မိခင်အား တယောက်သည်း တည်း ပစ္စည်းဥစ္စာ ကောင်းစွာတည်စေ တိုးပွါးစေလျက် ကြည့်ရှုပြုပြင် စီရင်ခြင်းဖြင့် အဘယ်အကျိုး ရှိပါအံ့နည်း၊အကျွန်ုပ်တို့သည် တယောက် တည်းသော မိခင်ကို မလုပ်မကျွေး မပြုရနိုင်ပါလတ္တံ့လော ဟု ပြောဆို ကြကုန်၏ မိခင်သည်လည်း ထိုသားသမီး ဘို့ပြောဆိုသောစကားကိုကြား၍ သော်လည်း ဆိတ်ဆိတ်နေသဖြင့် သားသမီးတို့သည် အဖန်ဖန်အထပ်ထပ် မပြတ်ပြောဆိုသည် ရှိသော် မိခင်သည် "ငါ့အား သားသမီးဘို့သည် ပြုရလုပ်ကျွေး ကုန်လတ္တံ့။ ဤပစ္စည်းဥစ္စာတို့ကို ကြည့်ရှု စီစစ်စီမံပြုဘုရ သဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း" ဟု နှလုံးသွင်းပြီးသည့် ကာလ အလုံးစုံသောဥစ္စာနှစ်ကို သားသမီးတို့အား အညီအမျှခွဲဝေ၍ပေး၏။

## သားသမီးဘို့စိတ်သဘောသာ။

ထိုနောက် နှစ်ရက်သုံးရက်ကိုလွန်မြောက်သဖြင့် သားအကြီး၏အိမ်သို့ သွား၍ရောက်၏။ သားအကြီးမယားသည် "ဩော်အံ့ဘွယ်ရှိစွ။ ပစ္စည်း

ဥစ္စာကို ခွဲဝေ၍ပေးစဉ်အခါ ငါ၏အရှင်ခင်ပွန်းလင်သည် အကြီးအကဲဖြစ်ပါလျက် တင်းတရမျှကိုပိုလွန်၍ ပေးကမ်းသည် မဟုတ်ပါဘဲလျက် နှစ်ဘို့နှစ်ပုံကိုပေးရသောကဲ့သို့ ယခုငါတို့၏ ဤအိမ်သို့လာရောက်၍နေသည်” ဟု စောင်းမြောင်းချုတ်ချယ် ပြောဆို၏ ကြွင်းကုန်သောသားတို့၏အိမ်သို့ သွားရောက်ပြန်သော်လည်း မယားတို့က ဤနည်းအတူသာလျှင်ပြောဆိုကြကုန်၏ သမီးအကြီးကို အစပြုပြီးသည့်ကာလ သမီးတို့အိမ်သို့ သွားရောက်သောအခါ၌လည်း ဤနည်းအတူသာလျှင် ပြောဆိုကြကုန်၏။

ထိုဥပါသိကာမကြီးသည် သားသမီးတို့ မထီမဲ့မြင် ပြုအပ်သည့်၏ အဖြစ်သို့ရောက်၍ ဤသားသမီးတို့၏အထံ၌နေသဖြင့် ငါ့အား အဘယ်အကျိုးရှိအံ့နည်း လူ့အဖြစ်မှထမြောက်အောင် ခွါရှောင်၍ ရဟန်းဘောင်၌ ရဟန်းပြုပြီးသည့်ကာလ အသက်ရှည်တော့အံ့ဟု ကြံပြီးသော် ရဟန်းမိန်းမတို့၏ ကျောင်းသို့ သွားရောက်၍ ရဟန်းခံရပါမည့်အကြောင်းကို တောင်းပန်ပြောဆို၏။ ဘိက္ခုနီမတို့သည် ထိုဥပါသိကာမကြီးကို ရဟန်းပြု၍ ပေးကြကုန်၏။

## ရဟန်းတရားကိုကြိုးစားအားထုတ်ခြင်း။

ထိုဥပါသိကာမကြီးသည် ရအပ်သောပဥ္စင်းအဖြစ်ရှိသည်ဖြစ်၍ ဗဟုပုတ္တိကာမထေရီမဟု ထင်လျှား၏။ ထိုမထေရီမသည် အရွယ်လွန်ပြီး ကြီးရင့်သောအခါ၌ ငါသည်ရဟန်းပြုရပေသည်၊ မမေ့မလျော့သည်ဖြစ်၍ ရဟန်းတရားကို ကြိုးစားအားထုတ်မှသာ သင့်လျော်ချေ ညိဟု ကြံ၍ ရဟန်းမိန်းမတို့အား ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးသည့်ရှိသော် အလုံးစုံသောညဉ့်ပတ်လုံး ရဟန်းတရားအားထုတ်ခြင်းကို ပြုအံ့ဟူ၍ ပြာသာဒ်၏ အောက်၌ တခုသောသည်တိုင်ကို လက်ဖြင့်ကိုင်လျက် ထိုသည့်တိုင်ကို လည်လျက်သာလျှင် ရဟန်းတရားအားထုတ်ခြင်းကိုပြု၏။ အမိုက်တိုက်ဖြင့်ပြီးသော ဤသို့သောနေရာ၌ငါ့အား စင်္ကြံသွားသည်ရှိသော် သစ်ပင်၌ရင်း၊ ညောင်စောင်း၌ရင်း တရံတခုသောအရပ်၌ ဦးခေါင်းကို ထိပါးတိုက်ခိုက်ပေရာ၏ဟု နှလုံးပြု၍ သစ်ပင်ကို လက်ဖြင့်ကိုင်၍ လှည့်လည်ရင်ပတ်လျက်သာလျှင် မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကိုသာပြုလုပ်အံ့ဟု တရားတော်ကို အောက်မေ့ဆင်ခြင် အစဉ်နှလုံးသွင်း၍သာ ရဟန်းတရားကို ကြိုးစားအားထုတ်ပြုလုပ်၏။

## ပဋိသမ္ဘိဒါပတ္တ ရဟန္တာမ ဖြစ်ခြင်း။

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံး၍နေတော်မူလျက်သာလျှင် ကိုယ်ရောင်ကို လွှတ်တော်မူ၍ မထေရီမ၏ ရှေ့တူရူမျက်မှောက်၌ ထိုင်နေသီတင်းသုံးဘော်မူပြီးလျှင် မထေရီမနှင့်အတူတကွစကားမိန့်ဆိုတော် မူဘိသကဲ့သို့ ချစ်သမီး ဗဟုပုတ္တိကာ၊ ငါဘုရားဟောကြားသောတရားတော်ကို မအောက်မေ့မဆင်ခြင် မထင်မြင်သောပုဂ္ဂိုလ်၏ သန်းဝတွက်စစ် အနှစ်တရာပတ်လုံး အသက်ရှည်ရှည်တည်နေရသောထက် ငါဘုရားသည် ဟောကြား ဖွင့်တော်ဘော် တရားတော်ကိုအောက်မေ့ဆင်ခြင် ထင်မြင်သောပုဂ္ဂိုလ်၏ တရဟုတ္တ တခဏမျှသော်လည်း အသက်ရှည်ရခြင်းသည် မြင့်မြတ်သည်သာတည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဓမ္မမုတ္တမံ။**
**ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဓမ္မမုတ္တမံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာ ဂါထာ၏အဆုံး၌ ဗဟုပုတ္တိကာ မထေရီမသည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။ယော စ ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်ကား။ ဥတ္တမံ၊ ညစ်ညမ်း ယုတ်မာ၊ အဝိဇ္ဇာကို၊ ပယ်ခွါနုတ်အပ်၊ မြတ်တော်မူထသော၊ မွေ့မဂ်လေးတန် ဖိုလ်လေးတန်၊ နိဗ္ဗာန်အားဖြင့်၊ ကိုးပါးသောလောကုတ္တရာ တရားကို။ အပဿံ အပဿန္တော၊ မကြည့်ရှု မဆင်ခြင်၊ မထင်မြင်ဘဲ။ ဝဿသတံ၊ သန်းဝတွက်စစ်၊ အနှစ်တရာပတ်လုံး၊ ဇီဝေ၊ အသက်ရှည်အံ့ သော ပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ န သေယျော၊ မမြင့်မြတ်။ ဥတ္တမံ၊ သော၊ မွေ့၊ကို။ ပဿတော၊ အောက်မေ့ဆင်ခြင် ထင်မြင်သော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏။ ဧကာဟံ၊ တနေ့တရက်မျှ။ ဇီဝိတံ၊အသက်ရှည်ရခြင်းသည်။ သေယျော၊မြင့်မြတ်၏၊ ။ဤကားအနက်။

မွေ့ပဒသဟာသဝဂ်၌ တဆဲ့လေးခုမြောက်ဖြစ်သော ဗဟုပုတ္တိကာ မထေရီမ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

ဣတိ ဟံသာဝတီနဂရဿ တိဂုမ္ဘစေတီယဿ ဥတ္တရာနု ဒိသာဘာဂေ မဟာအာရာမေ ဝိဟာရေဝသန္တေန စန္ဒိမာဘိလဒ္ဓနာမေန အဓ္ဗဝသိဘေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာ သဒေသေန္တော တော ဓမ္မပဒဋ္ဌ မဟာပကရဏေ အဋ္ဌမ သဟဿဝဂ္ဂဿ မရမ္မဘာသာ- သဗ္ဗော နိဋ္ဌိတော၊

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ ရှစ်ခုမြောက်သော
သဟဿဝဂ်သည် ဤတွင်ရွေ့ပြီးဆုံး၏။

## ၉ ပါပဝဂ်။ ၁ စူဠေကသာဋကပုဏ္ဏားကြီးဝတ္ထု။

**အဘိတ္ထရေထ ကလျာဏေ။** ။အစဉ်တွေ့သော၊ ဤဒေသနာ၊ ပါဠိ ဂါထာကို၊ လွန်စွာညစ်ဘိ၊ မဿရိယမြွေ၊ အကုသလ အလိုသို့လိုက်၍၊ ငိမိ၌သင်ရှားမှုသော ပစ္စည်းဝတ္ထုကိုမျှ၊ စွန့်ချပေးသျှ၊ မကြည်ဖြူနိုင်သော သတ္တဝါတို့ကို၊ သဒ္ဓါတရား၊ ထင်ရှားဖြစ်ပေါ်စေပြီးသောကာလ၊ ထို အကုသလကမ္မ မဿရိယ တရားညစ်ကို တားမြစ် ပယ်ချအောင် ဆုံးမ တတ်သော သတ္တိအလားကြောင့်၊ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား သည်၊ သမ္ပိအတ္ထိ၊ ဗျူပ္ပတ္တိဖြင့်၊ သာဝတ္ထိမည်သော မြို့ကြီး၏ တောင်စွန်၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းစံပယ်တော် မူခိုက်ခါ၊ စူဠေကေ- သာဋကအမည်ရှိသော ပုဏ္ဏားကြီး တယောက်ကို၊ ညွှန်ထောက်သမျှ၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

[ဝိပဿီ မြတ်စွာဘုရားသခင်၏ လက်ထက်တော် ၌လည်း ဧကသာဋက ပုဏ္ဏားကြီးတယောက်။ ယခု ငါတို့မြတ်စွာဘုရား လက်ထက်တော်၌လည်း ဧကသာဋက ပုဏ္ဏားကြီး တယောက် အားဖြင့် နှစ်ဦးနှစ်ယောက်ရှိ၏။ ထိုကြောင့် ရှေးဝိပဿီ မြတ်စွာ ဘုရား လက်ထက်တော်က ဖြစ်ဘူးသော ဧကသာဋက ပုဏ္ဏား ကြီးကို မဟာဧကသာဋက ပုဏ္ဏားကြီး ဟူသော အမည်ဖြင့် မှတ်ရာ၏။ ယခုဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ဖြစ်သော ပြဆိုလတ္တံ့သော ဧကသာဋက ပုဏ္ဏားကြီးကို စူဠေကသာဋက ပုဏ္ဏားကြီးဟု ခွဲခြား၍ မှတ်သားရာ၏။]

## အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိပြည်၌ နေလေ့ရှိသော တဦးသော ပုဏ္ဏားကြီးအား လွှမ်းရုံ အပ်သော အပေါ်တင် ပုဆိုးသည် တထည်မျှသာ ရှိသောကြောင့်၊ ဧကသာဋကဟူသော အမည်ရှိပေ၏။ မယားဖြစ်သော ပုဏ္ဏေးမအားရင်း၊ မိမိအားရင်း၊ နှစ်ဦး နှစ်ယောက်သော သူတို့အား ထိုတထည်မျှသော အပေါ်ထင်ပုဆိုးသာ ရှိ၏ ထိုကြောင့် ပုဏ္ဏားကြီးသည် တရံတခါသော ကိစ္စဖြင့် အိမ်မှ အပပြင်ဘက်သို့ ထွက်သွားလှည့်လည်သော အခါ၌ ပုဏ္ဏေးမသည် အိမ်တွင်း၌ နေရ၏ ပုဏ္ဏေးမသည် တရံတခါသောကိစ္စဖြင့် အိမ်မှအပပြင်ဘက်သို့ထွက်သွားလှည့်လည်သောအခါ၌ ပုဏ္ဏားကြီးသည် အိမ်တွင်း၌နေရ၏။ ထိုအခါ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမနှစ်ဦးတို့သည် ထို အပေါ်ရုံ ပုဆိုးကို တလှည့်စီသာလျှင် ရုံရ၏။

### တယောက်တလှည့်တရားနာခြင်း။

ထိုအခါ တနေ့သ၌ မြတ်စွာဘုရား ကျောင်းတော်ဝယ် တရားနာ ကြွေးကြော်အပ်သည် ရှိသော်၊ ပုဏ္ဏားကြီးက၊ "အို ရှင်မ၊ မြတ်စွာဘုရား ကျောင်းတော်၌ တရားနာ ကြွေးကြော်အပ်၏၊ အသို့ပေနည်း၊ အသင်သည် နေ့အခါ ဖြစ်သော အလှည့်အကြိမ်၌ တရားနာခြင်းငှါ သွားအံ့လော။ သို့တည်းမဟုတ် ညဉ့်အခါဖြစ်သော အလှည့်အကြိမ်၌တည်း သွားပါအံ့လော၊ အပေါ်သိုင်းခြုံ ဝတ်ရုံအပ်သော ပုဆိုးသည် တထည်သာရှိသော ကြောင့်၊ ငါတို့နှစ်ယောက် အတူတကွ တပြိုင်နက်တည်း သွားခြင်းငှါ မတတ်ကောင်း"ဟု ပြော၏ ပုဏ္ဏေးမက။ အရှင်ချစ်လင်၊ ကျွန်တော်မသည် နေ့အခါဖြစ်သော အလှည့်အကြိမ်၌ သွားပါအံ့ဟု ပြောဆို၍ အပေါ်တင် ပုဆိုးကို ရုံပြီးလျှင် သွားလေ၏

ပုဏ္ဏားကြီးသည် တနေ့ပတ်လုံး အိမ်၌သာလျှင် အချိန်ကုန်လွန်စေ၍ ညဉ့်အခါဖြစ်သော အလှည့်အကြိမ်၌ သွားရောက်ပြီးသော်၊ မြတ်စွာ ဘုရားသခင်၏ ရှေ့တည့်တည့်မှ ထိုင်နေလျက်သာလျှင် တရားတော်ကို နာ၏။ ထိုသို့ တရားတော်ကို ကြားနာရသောအခါ ပုဏ္ဏားကြီး၏ တကိုယ်

လုံး၌ ပျံ့နှံ့လျက် ငါးပါးသော အခဆင်းရှိသော ပီတိသည် ဖြစ်၏။ ထို- ပုဏ္ဏားကြီးသည် မြတ်စွာဘုရားသခင်ကို ပူဇော်လှူဒါန်းလိုသည် ဖြစ်၍၊ အကယ်၍ ငါသည် ဤအပေါ်ရုံ ပုဆိုးကို ပေးလှူခဲ့သည် ဖြစ်အံ့ ပုဏ္ဏေးမ အဘးရင်း၊ ငါ့အဘးရင်း၊ ဝတ်ရုံဘို့ရာ ရှိတော့သည်မဟုတ်ဟု ကြံ၏၊ ထိုနောက် မပေးလှူလို ဝန်တိုလျှို့ဝှက်သောမစ္ဆေရစိတ်တထောင်သည် ဖြစ်၏။ တဖန် ပေးလှူလိုသော သဒ္ဓါစိတ်သည် ဖြစ်ပေါ် လာပြန်သည် ရှိသော်၊ ထို- သဒ္ဓါစိတ်ကို ငိတ်ပင်တားဆီးနှိပ်စက်လျက်၊ ဘဖန် မစ္ဆေရစိတ်တထောင် ဖြစ်ပြန်၏။ ဤသို့သော အခြင်းအရာအားဖြင့် အားကြီးစွာသော မစ္ဆေရ စိတ်သည် နှောင်ဖွဲ့၍ ယူဘိသကဲ့သို့ သဒ္ဓါစိတ်ကို နှိပ်စက် တားမြစ် ပြီးလျှင်၊ ထိုမြတ်စွာဘုရားအား ဤအပေါ်ရုံပုဆိုးကို ပေးလှူရသည်ရှိသော် သင့်လျော်မည်လော၊ မသင့်လျော်မည်လော ဟု တွေးတော ကြံစည်စဉ် ပင်လျှင်၊ ညဉ့်၏ပဌမယာမ် ကုန်ခမ်းခြင်းသို့ ရောက်လေ၏။

## ကောသာဠက ပုဆိုးအလှူ။

မဇ္ဈိမယာမ်သို့ ရောက်သောအခါ၌လည်း ထိုနည်းတူစွာ ယုတ်မာ သော မစ္ဆေရစိတ်တို့သည် ဆို့ပိတ် ယှက်မြေးသောကြောင့် ပေးလှူ ခြင်းငှါ မစွမ်းနိုင်သေး။ ပစ္ဆိမယာမ်သို့ ရောက်သည် ရှိသော်၊ ထိုပုဏ္ဏား ကြီးသည် ကြံဆင်ခြင်သည်မှာ 'ငါ၏ သဒ္ဓါစိတ်သည် မစ္ဆေရစိတ်နှင့် အတူတကွ ပြိုင်ဆိုင်၍ စစ်ထိုးကြကုန်စဉ်ပင်လျှင်၊ ပဌမ,မဇ္ဈိမ နှစ်ဌာန နှစ်ယာမ်တို့ကို လွန်မြောက်ခဲ့ချေပြီ မပေးမလှူလို ဝန်တိုလျှို့ဝှက်တတ်သော မစ္ဆေရစိတ်သည် ဤမျှသောအခြင်းအရာဖြင့် ငါ့အား ပွါးများ၍လာခဲ့သည် ရှိသော်၊ ငရဲ,တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ် လေးဘုံသော အပါယ်တို့မှ ဦးခေါင်း ထွက်ပေါ်ခြင်းငှါမျှကို သော်လည်း မပေးပေလတ္တံ့။ ယခုအခါ ငါသည် ထိုအပေါ်ရုံပုဆိုးကို လှူဒါန်းပူဇော်တော့အံ့" ဟု ကြံ၏၊ ကြံပြီး ၍ကား ထိုပုဏ္ဏားသည် ဆို့ပိတ် မြေးယှက် တတ်သော တထောင်မျှ လောက်သော မစ္ဆေရစိတ်ကို နှိပ်စက်ဘိစီး၍ သဒ္ဓါစိတ်ကို ရှေ့သွား ပြုပြီးလျှင်၊ အပေါ်ရုံပုဆိုးကိုယူ၍ မြတ်စွာဘုရား ခြေတော်ရင်း၌ ရပ် တင်ထားပြီးလျှင်။ ။"ဇိတံ မေ၊ ဇိတံ မေ"။ ။'ငါ့အားအောင်အလံပြီ၊ ငါ့အား အောင်အလံပြီး' ဟု သုံးကြိမ်တိုင်တိုင် ကျယ်စွာသောအသံဖြင့် ဟစ်အော် ကြွေးကြော်ခြင်းကို ပြု၏။

သာဝတ္ထိ ပြည်ကြီးရှင် ဘုရင်ပသေနဒီ ကောသလ မင်းကြီးသည် တရားတော်ကို ကြားနာသလျှက်၊ ပုဏ္ဏားကြီး ကြွေးကြော်သော ထိုအသံကို ကြားတော်မူ၍၊ မင်းချင်း ယောကျ်ားတို့ကို "အချင်းတို့၊ ဤသူကို မေးကြကုန်လော့။ ဤသူသည် တရံတခုကို အောင်မြင်ပေသိမ့်မည်" ဟု မိန့်ဆိုစေခိုင်းတော်မူ၏၊ မင်းချင်း ယောကျ်ားတို့သည် သွားရောက်ချဉ်းကပ်မေးအပ်သည် ရှိသော်၊ ထိုအကြောင်းအလုံးစုံကို အကုန် ပြန်ကြား၏၊ ပသေနဒီကောသလမင်းကြီးသည် ပုဏ္ဏားပြောသော စကားကို ကြား-သိတော်မူလျှင်၊ ဤပုဏ္ဏားကား ပြုနိုင်ခဲလှသောအမှုကို ပြုရလူဒါန်းပေ၏။ ငါသည် ထိုပုဏ္ဏားအား ချီးမြှင့်ခြင်းကို ပြုအံ့ ဟု နှလုံးသွင်းတော်မူ၍ တရံသော ပုဆိုးအစုံကို ပေးမို့၏။ ထိုပုဏ္ဏားသည် မင်းကြီးပေးမို့သော ပုဆိုးအစုံကိုလည်း မြတ်စွာဘုရား သခင်အားသာလျှင် လှူဒါန်းပူဇော်၏။ မင်းကြီးသည် တဖန် နှစ်စုံသော ပုဆိုး၊ လေးစုံသော ပုဆိုး၊ ရှစ်စုံသော ပုဆိုး၊ တဆဲခြောက်စုံသော ပုဆိုးတို့ကို နှစ်ဆတက်တိုးသည်ကို ပြု၍ ပေးကမ်းချီးမြှင့်တော်မူ၏ ပုဏ္ဏားကြီးသည် ထိုပုဆိုးတို့ကို မြတ်စွာဘုရား အားသာလျှင် ပေးလှူပူဇော်ပြန်၏ ထိုနောက် တဖန် မင်းကြီးသည် ပုဏ္ဏားအား သုံးဆဲ့နှစ်စုံသော ပုဆိုးတို့ကို ပေးပို့စေပြန်၏။ ပုဏ္ဏားကြီးသည် မိမိအား ပြည့်ရှင်မင်းကြီးက ဆထက်တင်ပိုး တိုး၍တိုး၍သာ ပေးသနားအပ်သည့်အဖြစ်ကို သိသောကြောင့် ရတိုင်းရတိုင်းသော ပုဆိုးတို့ကို စွန့်လွှတ် ပေးလှူလေဘိသည်ဟု သူတပါးတို့ ကဲ့ရဲ့ရှုတ်ချ စကားပြောကြသည်မှ လွတ်စေခြင်းငှါ ထို သုံးဆဲ့နှစ်စုံသော ပုဆိုးမှ မိမိအလို့ငှါ ပုဆိုးတစုံ၊ ပုဏ္ဏေးမ အလို့ငှါ ပုဆိုးတစုံ အားဖြင့် နှစ်စုံသော ပုဆိုးတို့ကို ယူထား၍ ကြွင်းကုန်သော သုံးဆယ်ကုန်သော ပုဆိုး အစုံတို့ကို မြတ်စွာဘုရား အားသာလျှင် ပေးလှူပူဇော်လေ၏။ ပသေနဒီ ကောသလမင်းကြီးသည်ထို ပုဏ္ဏား၌ ခုနစ်ကြိမ် တိုင်တိုင် ပေးကမ်းချီးမြှင့် ရပြီးသော်လည်း၊ နောက်၌တဖန် ပေးကမ်းချီးမြှင့်လိုသော စိတ်ရှိသည်သာလျှင်တည်း။

[မဟာဧကသာဋကပုဏ္ဏားကြီးနှင့် ရုဋ္ဌဧကသာဒုကပုဏ္ဏားကြီးတို့၏ အထူးမှာကား၊ ၊ဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ဖြစ်ပေါ်သော ဧကသာဒုကပုဏ္ဏားသည် ခြောက်ဆဲ့လေးစုံကုန်သော ပုဆိုးတို့တွင် နှစ်စုံကုန်သော ပုဆိုးတို့ကို ထုတ်နုတ်

ယူငင်၏။ ယခု ဂေါတမဘုရား လက်ထက်တော်၌ ဖြစ်သော စူဠဧကသာဋက ပုဏ္ဏားသည်ကား သုံးဆဲ့ နှစ်ရုံသော ပုဆိုး တို့တွင်၊ နှစ်ရုံသော ပုဆိုးကို ဝတ်နုတ်ယူငင်၏၊ ဤမျှလောက်သာ ထူးသတည်း။ ။ဤကားအမှာ။]

## အဘိုးငွေတသိန်း ကမ္ဗလာ။

ပသေနဒီမင်းမြတ်သည် မင်းချင်းယောကျ်ားတို့ကို။ ဒိုအချင်းတို့၊ ဤပုဏ္ဏားကြီးသည် ပြုနိုင်ခဲလှစွာသော ခဲယဉ်းသော အမှုကို ပြုပေ၏။ ငါ၏ နန်းတော်တွင်း၌ရှိသော အဘိုးတသိန်း ထိုက်သည် ဖြစ်၍ နူးညံ့ သိမ်မွေ့ ချောမွေ့ ကောင်းမွန် လှစွာသော ကမ္ဗလာ နှစ်ထည်တို့ကို ဆောင်ယူခဲ့ကုန်လော့ဟု ခိုင်းစေတော်မူသဖြင့်။ မင်းချင်း ယောကျ်ားတို့ လျင်မြန်စွာ ပြန်သွားဆောင်ယူ ဆက်သအပ်ကုန်သည် ရှိသော်၊ မင်းကြီး သည် အဘိုးတသိန်း ထိုက်သော ထိုကမ္ဗလာ နှစ်ထည်တို့ကို ပုဏ္ဏားကြီး အား ပေးစေ၏၊ ပုဏ္ဏားကြီးသည် ဤကမ္ဗလာတို့ သည်ကား အဘိုး ထိုက်သည်ဖြစ်၍ အလွန်မွန်မြတ်၏။ ငါ၏ကိုယ်၌ ရုံချုံသုံးဆောင်ခြင်းငှါ မထိုက်။ မြတ်စွာဘုရား သာသနာတော်အားသာလျှင် သင့်လျော် လျောက် ပတ်ထိုက်တန်လေသည်ဟု ကြံ၍၊ တထည်သော ကမ္ဗလာကို ဂန္ဓကုဋိ တိုက်အတွင်း၌ မြတ်စွာဘုရား လျောင်းအိပ်တော် မူရာဖြစ်သော နေရာ၏ အထက်ဝယ် ဗိတာန် ကြက်သည်ကိုပြု၍ ဖွဲ့ချည်၏။ တထည်သော ကမ္ဗလာကို မိမိအိမ်၌ အမြဲဆွမ်းဘုဉ်းပေးသော ရဟန်းတပါး၏ ဆွမ်းစား ခြင်းကိစ္စကို ပြုရာအရပ်၌ ဗိတာန်ကြက်၍ ဖွဲ့ချည်၏၊

## သဗ္ဗစတုက္ကဆုရခြင်း။

ပသေနဒီကောသလမင်းကြီးသည် ညချမ်းသောအခါ၌ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ဆည်းကပ်၍ ဗိတာန်ကြက်ထားသော ထို- ကမ္ဗလာကို မှတ်မိသောကြောင့် "ဘုန်းတော် ကြီးတော်မူသော မြတ်စွာ ဘုရား၊ ဤဗိတာန်ကို အဘယ်သူသည် ပူဇော်လှူဒါန်းခြင်းကို ပြုအပ်ပါ သနည်း"ဟု မေးလျှောက်၍။ တကာတော် မင်းကြီး၊ ဧကသာဋကပုဏ္ဏား ကြီးသည် ပြုလှူပေသည်ဟု မိန့်တော်မူသည်ရှိသော်၊ ပုဏ္ဏားကြီးသည် တကာတော်၏ ကြည်ညိုနှစ်သက်သော အရာ၌သာလျှင်၊ ကြည်ညို

လှူဒါန်းပြုပါပေသည်ဟု လျှောက်ထား ပြန်လည်လာခဲ့ပြီးလျှင်၊ ပုဏ္ဏားကြီးကို ခေါ်တော်မူ၍ လေးစီးသော ဆင်၊ လေးစီးသော မြင်း၊ လေးထောင်သော အသပြာ၊ လေးယောက်သော မိန်းမ၊ လေးယောက်သော ကျွန်မ၊ လေးယောက်သော ယောကျ်ား၊ လေးရွာသော ရွာမြတ်အားဖြင့် ခုနစ်လီခုနစ်ကြိမ် တိုင်တိုင် လေးခုအပေါင်းရှိသော သဗ္ဗစတုက္ကမည်သော ဆုကို ပုဏ္ဏားကြီးအား ပေးသနားတော်မူ၏၊

## သောတာပန်တည်ခြင်း။

ရဟန်းတို့သည် တရားသဘင်၌။ငါ့ရှင်တို့၊ဩော် အံ့ဘွယ် ရှိစွတကား၊ စူဠေကသာဋကပုဏ္ဏားကြီးအား ပြုအပ်သောကုသိုလ်ကံသည် တမုဟုတ္တတခဏာမျှဖြင့်သာ သဗ္ဗစတုက္က မည်သောဆုကို ရရှိခံစား ရလေသည်။ ဤယခုအခါ၌ ပြုအပ်သော ကုသိုလ် ကောင်းမှု သည် ယနေ့ပင်လျှင် အကျိုးပေးလေသည် ဟူသော စကားကို ဖြစ်စေကြကုန်၏၊

မြတ်စွာဘုရား သခင်သည် တရားသဘင်သို့ ကြွဝင်တော်မူလာ၍။ ချစ်သားရဟန်းတို့၊ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်ကဲ့သို့သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကြကုန်သနည်းဟု မေးတော်မူ၍။ဤအမည်ရှိသောအကြောင်းပါတည်းဟု လျှောက်ထားသည်ရှိသော်။ချစ်သားရဟန်းတို့၊ဤဧကသာဋက ပုဏ္ဏားကြီးသည် ပဌမယာမ်၌ ငါဘုရားအား အကယ်၍ ပေးလှူခြင်းငှါ စွမ်းနိုင်ခဲ့သည်ဖြစ်အံ့၊ အလုံးစုံအပေါင်းအရ တဆဲ့ခြောက်ရသော သဗ္ဗသောဠသကဆုကို ရပေရာ၏၊ မဇ္ဈိမယာမ်၌ အကယ်၍ လှူခြင်းငှါ စွမ်းနိုင်ခဲ့သည် ဖြစ်အံ့၊ အလုံးစုံအပေါင်းအရ ရှစ်ခု အရေအတွက်ရှိသော သဗ္ဗဋ္ဌကမည်သော ဆုကို ရပေရာ၏။ယခုအခါပုဏ္ဏားကြီးသည် အားကြီးသော ပစ္ဆိမယာမ်၌သာလျှင် လှူဒါန်းအပ်သည့် အဖြစ်ကြောင့်၊ သဗ္ဗစတုက္ကဆုကို ရလေ၏၊ ချစ်သားရဟန်းတို့၊ ကောင်းမှုကုသိုလ်ကံကို ကြံစည်အားထုတ် ပြုလုပ်လိုသဖြင့် ဖြစ်ပေါ်လာသောစိတ်ကို မယုတ်စေမူ၍၊ ကြံစည်ဖြစ်ပေါ်သော ခဏ၌သာလျှင် ပြုရအားထုတ်အပ်၏၊ နှဲ့နှေးကြန့်ကြာ သဖြင့် ပြုရအားထုတ်အပ်သော ကုသိုလ်ကံသည် အကျိုးပေးသည် ရှိသော်၊ နှဲ့နှေးသည် ဖြစ်၍သာလျှင် အကျိုးကို ပေးတတ်၏။ ထိုကြောင့် ကြံစည် ဖြစ်ပေါ်သော အခြားမဲ့၌သာလျှင် ကုသိုလ် ကောင်းမှုကို ပြုရအားထုတ်အပ်၏ ဟု

မိန့်တော်မူပြီးသော်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**အဘိတ္ထရေထ ကလျာဏေ၊ ပါပါ စိတ္တံ နိဝါရယေ၊**
**ဒန္ဓံ ဟိ ကရောတော ပုညံ၊ ပါပသ္မိံ ရမတိ မနော။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာဂါထာ၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ဟိ-ယသ္မာ၊အကြင့်ကြောင့်။ ပုညံ၊ ဒါန,သီလ၊စသည်ပေါင်းရ၊ ကောင်းမှု ကုသိုလ်ကို။ ကရောတော၊ ဆည်းပူး ကြိုးကုတ်၊ ပြုလုပ်သောသူ၏။မနော၊စိတ်သည်။ဒန္ဓံ၊နှဲ့နှေးတတ်၏၊ တသ္မာ၊ထိုကြောင့်။ ကလျာဏေ၊ ကောင်းသောအမှု၊ ကုသိုလ် တရားတို့ကို။ အဘိတ္တရေထ၊ ဆောသောလျင်လျင်၊ ခံတမင် ပြုကြကုန်လေ့။ ပါပသ္မိံ၊ ဒုစရိုက်၊ ပါပ ညစ်ကျုး၊မကောင်းမှု၌၊ မနော၊သတ္တဝါတို့၏ စိတ်သည်၊ ရမတိ၊မွေ့လျော် ပျော်မြူးတတ်၏၊ တသ္မာ၊ ထိုကြောင့်။ ပါပါ၊ ဒုစရိုက်၊ ပါပညစ်ကျုး၊ မကောင်းမှုမှ၊ စိတ္တံ၊ စိတ်ကို။ နိဝါရယေ၊ တားမြစ်ရာ၏။ ။ဤကား-အနက်။

ဓမ္မပဒပါဠိပါဝဂ်၌ ရှေးဦးစွာသော စူဠေကသာဋက ပုဏ္ဏားကြီး၏ ဝတ္ထုအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၂-သေယျသကမထေရ်ဝတ္ထု။

**ပါပဉ္စေ ပုရိသော။** ။အစရှိသော၊ ဤဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ တဏှာစရိုက်၊ အလိုလိုက်၍၊ မိုက်မှား သတ္တဝါ၊ဝေနေယျာ တရတို့ကို၊ ကြည့်ရှုစရိုက်၊ အထိုက်သင့်လျော်၊ ဆုံးမတော်မူတတ်သော၊ လူ,နတ်မဟာ ပရမေသကျ၊ ဂေါတမန္ဘယ်ဘွား၊ ရှင်တော် ဘုရားသည်၊ သိကြားဝေဇယန်၊ နန်းဗိမာန်ကို၊ ရည်သန်မြော်ရှု၊ ပြက်ရယ်ပြုဘိသို့၊ အဘုမရှိ၊ ဓိပတိအမွန်၊ ဇေတဝန် ကျောင်း၌၊ ကိန်းအောင်း စံယာတော် မူသောကာလ၊ သေယျသက အမည်ရသော မထေရ်တပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အရှုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။
### ပစ္စုပ္ပန်ဝတ္ထု။

ထိုသေယျသကရဟန်းသည် လာဠုဒါယီမထေရ်၏ အတူနေတပည့်တည်း။ ထိုသေယျသကရဟန်းသည် နောက်တရံအခါ၌ မိမိသည် သာသနာတော်၌ မမွေ့လျော်နိုင်သောအခြစ်ကို ဆရာဖြစ်သော လာဠုဒါယီမထေရ်အား ပြောကြား၍ ထိုဆရာဖြစ်သော လာဠုဒါယီမထေရ်သည် ပဉ္စမသံဃာဒိသိသ်အမှုနှင့်တိုက်တွန်းဆောက်တည် ပြုလုပ်စေသောကြောင့် သာသနာတော်၌ မမွေ့လျော်ခြင်း ဖြစ်တိုင်းဖြစ်တိုင်း ထိုပဉ္စမသံဃာဒိသိသ်အမှုကိုပြု၏၊ မြတ်စွာဘုရားသခင်သည် ထိုသို့သော အပြုအမူကို ကြားသိတော်မူ၍ ထိုသေယျသကရဟန်းကို ခေါ်စေတော် မူပြီးလျှင် သေယျသက၊ အသင်သည် ဤသို့ ပြုလုင်သော ဟူသည် ဟုတ်မှန်ပေ သလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည်ဟု လျှောက်ထားသည်ရှိသော် အသင်သည်ဝန်လေးသော အမှုကို အဘယ်ကြောင့်ပြုဘိသနည်း၊ မဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား၊ ဤသို့သောအမှုကို ပြုကျင့်ခြင်းငှါမသင့်တင့်မလျောက်ပတ်ဟု အထူးထူးအပြားပြား များစွာသောအခြင်းအရာတို့ဖြင့် ကဲ့ရဲ့ရှုတ်ချတော်မူပြီးသော် သိက္ခာပုဒ်ကိုပညတ်တော်မူ၍ ဤသို့သဘောရှိသော အမှုကို ပြုကျင့်လွန်ကျူးခြင်းသည် မျက်မှောက်ပစ္စုပ္ပန် အတ္တဘော၌၎င်း၊ တမလွန်လောက နောက်နောင်သော ဘဝ၌၎င်း အလွန်အကဲ ဆင်းရဲ ဒုက္ခကို ဖြစ်စေတတ်သည် သာလျှင်တည်းဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

> **ပါပ ဧဝ ပုရိသော ကယိရာ၊ နနံ ကယိရာ ပုနပ္ပုနံ။**
> **န တမှိ ဆန္ဒံ ကယိရာထ၊ ဒုက္ခော ပါပဿ ဥစ္စယော။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံး၌ များစွာ ကုန်သော သူတို့သည် သောတာပတ္တိဖိုလ်သည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ပုရိသော၊ ယောကျ်ားသည်၊ ပါပံ၊ ဒုစရိတ ပါပ ညစ်ကျုံ မကောင်းမှုကို။ ဧကကယိရာ၊ အကယ်၍ပြုမိမှားအံ့။ နံ၊ ပါပံ၊ ထို

မကောင်းမှုကို ပုနပ္ပုနံ၊ အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ် နကယိရာ၊ မပြုပေရာ။ တမှိ၊ ထိုမကောင်းမှုကိုပြုကျင့်ခြင်း၌၊ ဆန္ဒံ၊ အလိုဆန္ဒကို။ န ကယိရာထ၊ မပြုဘန်ရာ။ ပါပဿ ဒုစရိဘ ပါညစ်ကျူ မကောင်းမှု၏၊ ဥစ္စယော၊ ပွါးစေခြင်းသည်၊ ဒုက္ခော၊ ပစ္စုပ္ပန်ဘဝလွန် နှစ်တန်ဘဝ ဆင်းရဲခြင်း ဒုက္ခကို သာလျှင်။ အာဝဟတိ၊ ရွက်ဆောင် တတ်၏။ ။ ဤကားအနက်။ ။

ဓမ္မပဒပါပဝဂ်၌ နှစ်ခုမြောက်ဖြစ်သော သေယျသကမထေရ်၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၃-လာဇာနတ်သမီးဝတ္ထု။

**ပုညံ စေ ပုရိသော ကယိရာ။** ။ အစပြုသော၊ ဤဂါထာတွက်၊ ဓမ္မ စက်မုက္ခမန်၊ သာမုက္ကံဒေသနာ၊ ပါဠိဂါထာကို၊ ဆယ်ဖြာဘုသာ၊ ပုည ဝတ္ထုကို၊ ပြုဖွယ်အားထုတ်သောအရာ၌၊ ဟောနိုင်သော၊ ဖွံ့ဖြိုးကြွယ်သည်ကို၊ ဒိဋ္ဌမသိ၊ အဘိရုဍ္ဍ၊ ဝေနေယျသတ္တဝါတို့ကို၊ ဆယ်ဖြာသော ပုညကိရိယာ ဝတ္ထု၌ ပြုဖွယ်အားထုတ်အောင် ဖွင့်ဆောင်ဟောပြ ဆုံးမတော်မူတတ်သော ဂုဏ်သကတ်အလာကြောင့် ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင် သည်၊ ပြည်ခွင်ဘုမ္မိ၊ သာဝတ္ထိတောင်လက်ျာ၊ တကောသ ကွာဝေးလောက်၌ သောက်သုပ်ပေးလှူအပ်သော မြင့်မြတ်ရိပ်မွန် ဇေတဝန်ဝိဟာရ၌ မှီဘာ စံပျော်တော်မူလျက် ကြည်ဖြူသဒ္ဓါ စေတနာ ပွက်မြောက်၍ ပေါက်-ပေါက်ပန်းအလှူကို ရတာဝေ ကဿပမထေရ်ကို ကြည်ဖြူ လှူဒါန်းသည့် အတွက် အထက်နတ်ပြည်သို့ ရောက်ရသော လာဇာ အမည်ရှိသော နတ်သမီးကို အကြောင်းထားလျက် ဟောကြားတော်မူခဲ့ပေသတည်း။

### ဤအကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။
### ပစ္စုပ္ပန်ဝတ္ထု။

အရှင်မဟာကဿပ မထေရ်မြတ်သည် ရာဇဂြိုဟ်ပြည်၏ အနီးဖြစ် သော ပိပ္ပလိဂူလိုဏ်၌ သီတင်းသုံးတော်မူလျက် ဈာန်ကိုဝင်စားတော်မူ၍ ခုနစ်ရက်မြောက်သောနေ့၌ ဈာန်မှထမြောက်တော်မူသည်ရှိသော် ဒိဗ္ဗ-စက္ခုဖြင့် ဆွမ်းခံရာ အရပ်ကို သဘင်မှတ်ကြည့်ရှုတော် မူသည့်ကာလ

သလေးနှံကိုယူ၍ ပေါက်ပေါက်ကို ပြုလျက် နေသော သလေးခင်းစောင့်သော တယောက်သောမိန်းမကို မြင်တော်မူ၍ "အသို့နည်း၊ ဤဒါယိကာမသည် သဒ္ဓါတရားရှိသလော၊ သဒ္ဓါတရားမရှိသလော"ဟု ဖူးစမ်းဆင်ခြင်တော်မူသည် ရှိသော် သဒ္ဓါတရား ရှိသည်အဖြစ်ကို သိတော် မူပြီး၍ ငါ့အားသပြိုတ်ချိုးမြင့် ပေးကမ်းလှူဒါန်းခြင်းကိုပြုခြင်းငှါ စွမ်းနိုင်အံ့လောဟု တက်၍တဖန် ဆင်ခြင်တော် မူပြန်သည်ရှိသော် ရဲရင့် တန့်ဘ ည် ကြည်လင်သန့်ရှင်းသော အမျိုးသမီးသည်ငါ့ကို သပြိုတ်ချိုးမြင့်ပေးကမ်းခြင်းကိုပြုလတ္တံ့။ ထိုသို့ပြုခြင်းကြောင့်လည်း ကြီးကျယ် မြင့်မြတ်သော စည်းစိမ် ချမ်းသာကို ရပေလတ္တံ့ဟု သိမြင်တော် မူပြီးသည့် ကာလ သင်္ကန်းကိုရုံတော်မူပြီး၍ သပိတ်ကိုယူပြီးလျှင် သလေးခင်း၏ အနီး၌သော လျှင်ရပ်တည်တော်မူ၏။ အမျိုးသမီးသည် မထေရ်ကို မြင်ကတည်းကပင်လျှင် ကြည်ညိုသောစိတ်ရှိသဖြင့် ငါးပါးသော အဆင်းရှိသောပီတိဖြင့် တွေ့ထိ အားကြီးသော ကိုယ်ရှိရကား ဘုန်းတော် ကြီးတော်မူသော အရှင်ဘုရား ခေတ္တ ရပ်တည်တော်မူပါဦးဟု လျှောက်ကြား၍ ပေါက်ပေါက်တို့ကို ယူပြီးသည့်ကာလ လျင်စွာသောအဟုန်ဖြင့် သွားရောက်ပြီးလျှင် မထေရ်၏သပိတ်၌ထည့်လောင်း၍ ငါးပါးသောတည်ခုရှိသော ရှိခိုးခြင်းဖြင့် ကြည်လင်ညွတ်လျိုး ရှိခိုးဦးချပြီးသော်-

"ဘန္တေ ဝုမေ့ဘိ ဒိဋ္ဌမ္မေသ ဘာဂီ အသသံ"။

ဟူသောပါဌ်ဖြင့် ဆုတောင်းပတ္ထနာခြင်းကို ပြု၏၊

**အနက်ကား**။ ။ဘန္တေ၊ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပပေသော အရှင်ဘုရား၊ ရှုမိနာပညာကမ္မေန၊ ဤသို့ပြုရ လှူဒါန်း အပ်သော ကောင်းမှုကုသိုလ်ကံကြောင့်၊ဝုမေ့ဘိ၊ အရှင်ဘုရားတို့သည်၊ ဒိဋ္ဌမ္မေသ၊ မျက်မှောက်ထင်ထင် သိမြင်အပ်သော တရား၏။ ဘာဂီ၊ အဘို့ရှိသည် အသသံ၊ ဖြစ်ရပါလို၏၊ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပပေသော အရှင်ဘုရား၊ ဤသို့ပြုရလှူဒါန်းအပ်သော ကောင်းမှု ကုသိုလ်ကံကြောင့် အရှင်ဘုရားတို့သည် မျက်မှောက်ထင်ထင် သိမြင်အပ်သော တရား၏ အဘို့ရှိသည်ဖြစ်ရပါလို၏ဟု ဆုတောင်းပတ္ထနာခြင်းကိုပြု၏။

## ရွှေဗိမာန်၌နတ်သမီးဖြစ်ခြင်း၊၊

မထေရ်ကလည်း "ဤသို့ အသင်ဆုတောင်းတိုင်း ဖြစ်စေလော့"ဟု အနုမောဒနာကိုပြုတော်မူ၏။ ထိုအမျိုးသမီးသည်လည်း မထေရ်ကိုရှိခိုး ဦးချ၍ မိမိပြုလုပ် လှူဒါန်းအပ်သော ဒါနကိုဆင်ခြင်လျက် ဆုတ်နစ်ပြန် လည်၍လာခဲ့၏၊ ထိုအမျိုးသမီးသွားလာရာဖြစ်သော လယ်ကန်သင်းလမ်း ခရီး၌ တရသောတွင်းဝယ် ကြမ်းထမ်းသောအဆိပ်ရှိသော တကောင် သောမြွေသည် အိပ်နေ၏၊ထိုမြွေသည် မထေရ် ကြွသွားသည် ရှိသော် သလုံး မြင်းခေါင်းကို သင်္ကန်းဖြင့် ဖုံးလွှမ်းအပ်သည် ဖြစ်သောကြောင့် မထေရ်အား ကိုက်ခဲခြင်းငှါ မစွမ်းနိုင်။ အမျိုးသမီးဒါယိကာမသည် မိမိ ပြုလှူအပ်သော ဒါနကိုအောက်မေ့၍ ဆုတ်နစ်ပြန်လည်ခဲ့သောအခါ မြွေ ရှိသောထိုနေရာသို့ ရောက်လာသဖြင့် မြွေသည်တွင်းမှ ထွက်လာ၍ ထို အမျိုးသမီးကို ကိုက်ခဲပြီးသည့်ကာလ ထိုနေရာ၌ပင် လည်းကျစေ၏။

ထိုလယ်စောင့်အမျိုးသမီးသည် ကောင်းမှုကိုဆင်ခြင် ကြည်ရွှင်သော စိတ်ဖြင့် ရတ်ချည်းကြွေ သေလွန်ခြင်းကိုပြုခဲ့သည်ရှိသော် တာဝတိံသာ နတ်ပြည်ဝယ် ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်ကြီး၌ အိပ်ပျော်သော ယောကျ်ား နိုးလာသော အလားကဲ့သို့ အလုံးစုံသော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော သုံးဂါဝုတ်ပမာဏရှိသော အတ္တဘောခန္ဓာကိုယ် ဖြင့် ဖြစ်လေ၏။ထဆဲ့နှစ်ယူဇနာရှိသော နတ်၌ဖြစ်သော နတ်ဝတ်ပုဆိုးကို ဝတ်၍ ကာထည်ကိုသိုင်းရုံလျက် နတ်သမီးတထောင် ခြံရံပြီးလျှင် မိမိ ရှေးဘဝကပြုခဲ့ဘူးသော ကောင်းမှုကိုပြခြင်းငှါ ဗိမာန်၏တံခါး၌ ရွှေဖြင့် ပြီးသောပေါက်ပေါက်ပန်းတို့ဖြင့်ပြီးသော တွဲလည်းဆွဲသော ရွှေခွက်တို့ဖြင့် တန်းဆာဆင်လျက်ဘည်၏။

ထိုနတ်သမီးသည် မိမိ၏ စည်းစိမ်ချမ်းသာကို ကြည့်ရှု၍အဘယ်သို့နည်း ငါသည် အဘယ်သို့သော ကုသိုလ်ကောင်းမှုကို ပြုခဲ့ ဒါးသုတ်ခြင်း ကြောင့် ဤသို့သောစည်းစိမ်ချမ်းသာကို ရပါလိမ့်မည်နည်းဟု နတ်တို့ မျက်စိဖြင့် ကြည့်ရှုဆင်ခြင်အပ်သည် ရှိသော် အရှင်မဟာ ကဿပ မထေရ်အား လှူဒါန်းအပ်သော ပေါက်ပေါက်ပွင့် အလှူ၏အကျိုးဖြင့် ရရှိ ပေသည်ဟု သိလေ၏။ ထိုနတ်သမီးသည် "ငါသည် အနည်းငယ်မျှသော

ကောင်းမှုကံကြောင့် ဤသို့သဘော၇်သော စည်းစိမ်ချမ်းသာကြီးကိုရဘိလေသည်၊ ယခုအခါ ငါသည် မေ့လျော့၍နေခြင်းငှါ မသင့်သေး၊ အရှင်မထေရ်မြတ်အား ဝတ်ကြီးဝတ်ငယ် ပြုရရွက်ဆောင်ထွယ်ရာဖြစ်သော အမှုကိစ္စကို ပြုရရွက်ဆောင်၍ ဤစည်းစိမ်ချမ်းသာ မြဲ၇ှည်စွာတည်သည်ကိုပြုအံ့”ဟု ကြံ၍ နံနက်စောစောကပင် ရွှေဖြင့်ပြုးသော တံမြက်ဆုပ်ကိုင်ငင်း၊ အမှိုက်ကျုံးယူ၍ စွန့်ပစ်ရာ ရွှေဖြင့်ပြီးသောခြင်းတောင်းကိုင်း ကိုင်ယူဆွဲငင်၍ သက်ဆင်းလာရောက်ပြီးသောကာလ အရှင်မဟာကဿပမထေရ်၏ ပရိဝုဏ်ကိုတံမြက်လှည်းပြီး၍ သောက်ရေသုံးဆောင်ရေတို့ကို တည်ထား၏။

## ရွှေတံမြက်စည်းနှင့်နတ်သမီး။

မထေရ်သည် ထိုသို့ပြုရလုပ်ကိုင်၍ ထားသော အခြင်းအရာကိုတွေ့မြင်၍ တစုံတယောက်သော သူငယ်သည်ငင်း၊ တစုံတယောက်သော သာမဏေသည်ငင်း ဝတ်ကြီးဝတ်ငယ်ကို ပြုအပ်သည်ဖြစ်ပေသိမ့်မည်ဟု ထင်မှတ်၍နေတော်မူ၏၊ ထိုလာဓာနတ်သမီးသည် နှစ်ရက်မြောက်သောနေ့၌လည်း ရှေးနည်းအတူပင် ပြု၏။ မထေရ်ကလည်း ရှေးနည်းအတူသာလျှင် မှတ်ထင်အောက်မေ့တော်မူ၏။ သုံးရက်မြောက်သောနေ့၌မထေရ်သည် ထိုနတ်သမီး၏ တံမြက်လှည်းသံကို ကြား၍ တံခါး၏သံကောက်ပေါက်တို့ဖြင့် ပြန့်နှံ့ဝင်ရောက်လာသော ကိုယ်ရောင်ကိုမြင်လျှင် တံခါးကိုဖွင့်လှစ်တော်မူပြီးသော် ဤ၌ တံမြက်လှည်းသောသူကားအဘယ်သူဖြစ်သနည်းဟု မေးတော်မူ၏၊ အရှင်ဘုရား၊ တပည့်တော်မသည်အရှင်ဘုရားတို့၏ အလုပ်အကျွေးဖြစ်သော လာဓာမည်သော နတ်သမီးပါတည်းဟု လျှောက်၏။

ငါ့အား ဤသို့အမည်ရှိသော အလုပ်အကျွေး ဒါယိကာသည် မရှိချေတကားဟု မိန့်တော်မူပြီးသည့်ကာလ အရှင်ဘုရား တပည့်တော်မသည် သလေးခင်းကိုစောင့်ရှောက်၍နေစဉ် အရှင်ဘုရားကြွလာတော်မူ၍ ပေါက်ပေါက်ပွင့်တို့ကိုလှူဒါန်းပြီး၍ ဝမ်းမြောက်သောစိတ်စေတနာနှင့် ဆုတ်နစ်ပြန်လည်ရာ အဆိပ်ထန်သော မြွေသည် ခဲအပ်သည် ဖြစ်သောကြောင့်

ရဝင်ပြောင်းကြွေ သေလွန်နဲ့သည့်ဖြစ်၍ တာဝတိံသာနတ်ပြည်၌ ဖြစ်ရ ပါသည် အရှင်ဘုရား၊ တပည့်တော်မသည် အရှင်ဘုရားကို အမှီပြုပြီး သည့်ကာလ ဤသို့သောစည်းစိမ်ချမ်းသာကို ရအင်ပါသည်ဖြစ်ပါ၍ ဤ ယခုအခါ၌လည်း အရှင်ဘုရားတို့အား ဝတ်ကြီးဝတ်ငယ်ကိုပြုပြီးလျှင် စည်းစိမ်ချမ်းသာကို အမြဲထာဝရ နိုင်ခံ့တည်တံ့ခြင်းကို ပြုလုပ်အံ့ဟု နှုလုံးသွင်းပြီးသည့်ကာလ လာရောက်ပြုရပါသည်ဟု လျှောက်၏။

နတ်သမီး၊ ယမန် လွန်ခဲ့ပြီးသော နေ့၌လည်း အသင်သည်ပင် ဤ အရပ်၌ တံမြက်လှည်းအင်လေသလော။ အသင်သည်ပင်လျှင် သောက် ရေသုံးဆောင်ရေတို့ကို တည့်ထားအပ်ပေသလောဟု မေးတော်မူသဖြင့် ဟုတ်မှန်ပါသည်အရှင်ဘုရားဟု လျှောက်သည့်ရှိသော် အသင်နတ်သမီး၊ ဖဲသွားလေလော အသင်ပြုအပ်ပြီးသော ဝတ်ကြီးဝတ်ငယ် မှာမူကား ပြုအပ်သည် ပင်ဖြစ်စေတော့။ ဤအခါမှစ၍ နောက်နောင်ကာလကို ဤဌာန ဤအရပ်သို့ မလာခဲ့ လေလင့်ဟု မိန့်တော်မူ၏။ လာဇာ နတ်သမီးသည် အရှင်ဘုရား၊ တပည့်တော်မကို မဖျက်ဆီးပါကုန်လင့်။ အရှင်ဘုရားတို့၏ ဝတ်ကြီးဝတ်ငယ်ကို ပြုပြီးသည့်ကာလ စည်းစိမ်ချမ်းသာ၏ မြဲမြံခိုင်ခံ့ တည်တန့်သည့်ကိုပြုခြင်းငှါ တပည့်တော်မအား အခွင့်ကို ပေးသနား တော်မူပါကုန်လောဟု တောင်းပန်၏။

အသင်နတ်သမီး၊ ဖဲသွားပါလေလော ငါ့အား နောင်အခါ၌ ဆန်း- ကြယ်သော ယပ်ကိုကိုင်ယူ၍ ပရိသာတ် အလယ်ဝယ် တင့်တယ်စွာ ထိုင်နေသီတင်းသုံးပြီးသည့်ကာလ တရားတော်ကို ဟောကုန်သော မြေ ကထိကပုဂ္ဂိုလ်တို့သည် ''မဟာကဿပ မထေရ်ကြီးအား တယောက် သောနတ်သမီးသည်လာရောက်၍ ဝတ်ကြီးဝတ်ကိုပြုပြီးလျှင် သောက်ရေ သုံးဆောင်ရေကို တည့်ထား လုပ်ကျွေးဘူးသတဲ့''ဟု ဤကဲ့သို့ပြောဆို အပ်သည်ကို မပြုပါလေလင့်။ ဤအခါမှစ၍ နောက်နောင်သော အခါ၌ ဤအရပ်သို့ မလာပါနှင့်။ ဖဲသွားပါလေလော့ဟု မိန့်တော်မူ၏။ လာဇာ နတ်သမီးသည် အရှင်ဘုရားတို့၊ တပည့်တော်ကို မဖျက်ဆီးပါကုန်လင့် ဟု အဖန်တလဲလဲ တောင်းပန်သည်သာလျှင်တည်း မထေရ်က ''ဤနတ် သမီးသည် ပြောဆိုအပ်သောငါ၏စကားကို မနာမယူ''ဟု ကြံတော်မူ၍

"အသင်နတ်သမီးသည် မိမိ၏ပမာဏကို မသိလေစွတကား"ဟု မိန့်တော်မူ၍ လက်ဖျစ်တီး၏၊

နတ်သမီးသည် ထိုအရပ်၌ ဘည်နေခြင်းငှါ မစွမ်းနိုင်သည်ဖြစ်ရကား ကောင်းကင်သို့တက်၍ လက်အုပ်ချီကိုး ရှိခိုးပြီးသော်-

"ဘန္တေ မယာ လဒ္ဓသမ္ပတ္တိံ မာ နာသေထ၊ ထာဝရံ ကာဘုံ ဒေထ"။

ဟူသောပါဌ်ဖြင့် ငိုကြွေးမြည်တမ်းလျက် ကောင်းကင်၌ရပ်တည်၏။

**အနက်ကား**။ ။ဘန္တေ၊ ရှင်ဘုန်းတော်သခင် အရှင်ဘုရားတို့။မယာ၊ တပည့်တော်မသည်။ လဒ္ဓသမ္ပတ္တိံ၊ ရအပ်သော စည်းစိမ်ချမ်းသာကို။ မာနာသေထ၊ ဖျက်ဆီးတော် မမူကြပါကုန်လင့်။ ထာဝရံ၊မြဲမြံခိုင်ခံ့ တည်တန့်သည်ကို။ကာဘုံ၊ ပြုခြင်းငှါ၊ဒေထ၊ ခွင့်ပေးသနားတော်မူကြပါကုန်လော။ ။ဤကားအနက်၊

## နတ်သမီးသောကပွာပနိုတည်ခြင်း။

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက်သာလျှင် ထိုလာဒုနတ်သမီး ငိုကြွေးသောအသံကိုကြား၍ ကိုယ်ရောင်တော်ကို လွှတ်ပြီးလျှင် နတ်သမီး၏ မျက်မှောက်၌ ထိုင်နေသည်ဖြစ်၍ ပြောဟောဘိသကဲ့သို့နတ်သမီး၊ငါ၏သားတော် ဖြစ်သော ကဿပအား စောင့်စည်းသည်ကို ပြုခြင်းသည်သာလျှင် ဝန်ပေတည်း၊ ကောင်းမှုကို အလိုရှိကုန်သော သူတို့အားကား "ဤသို့သောအမှု ဝတ္ထုအရာသည် ငါတို့အားအကျိုးစီးပွါးများ၏"ဟု မှတ်သားပြီးသည့်ကာလ ကောင်းမှုကို ပြုခြင်းသည်သာလျှင် ဝန်ပေတည်း၊ ထိုစကားသင့်စွ။ ကောင်းမှုကိုပြုရခြင်းသည် ယခုပစ္စုပ္ပန် ဤပစ္စုပ္ပန်ဘဝ၌၎င်း၊ တမလွန်လောက နောက်နောင်သောဘဝ၌၎င်း၊ ချမ်းသာသောအကျိုးအနိသင်ကိုသာ ခံစားရလေ ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

ပုညဉ္စေ ပုရိသော ကယိရာ ကယိရာထေနံ ပုနပ္ပုနံ။
တမှိ ဆန္ဒံ ကယိရာထ သုခေါ ပုညဿ ဥစ္စယော။ ။

ဟူသောဤဂါထာကို မိန့်တော်မူ၏

ထိုဒေသ၌ ပါဠဂါသ၏အဆုံး၌ လာအနုတ်သဓိးသည် လေးဆဲ့ငါး ယူဇနာမျှလောက် ရှိသော ကောင်းကင်ထက်၌ တည့်လျက် သာချင် သောဘာပထ္တမိုလ်သို့ ရောက်လေ၏။

**အနက်ကား**။ ။ပုရိသော၊ယောက်ျားသည်။ ပုညံ၊ဒါနသီလ ဘာဝနာ ပေါင်းရ ကောင်းမှုကုသိုလ်ကို။ စေကယိရာ၊ အကယ်၍ပြုငြားအံ့။ နံ ပုညံ၊ ဒါနသီလ ဘာဝနာပေါင်းရ ထိုကောင်းမှု ကုသိုလ်ကို။ ပုနပ္ပုနံ၊အဖန်ဖန် အထပ်ထပ်။ကယိရော၊ ပြုရာ၏ တမ္ဘိ၊ ထိုကောင်းမှုကုသိုလ်ကို ပြုခြင်း၌။ ဆန္ဒံ၊နှစ်သက်ဆန္ဒ အားထုတ်ခြင်းလုံ့လကို။ ကယိရာထ၊ ပြုကုန်ရာ၏။ ပုညဿ၊ကောင်းမှု ကို။ဥစ္စယော၊ဆည်းပူးသောအားဖြင့် ပွါးများစေခြင်းသည်။ သုခေါ၊ပစ္စုပ္ပန်သံသရာ နှစ်ဖြာသမ်းကောင်း ချမ်းသာခြင်း အကြောင်း ပေတည်း။ ။ဤကားအနက်။

မြွေပဒပါဠိပဝင်၌ သုံးရပြောက်သော လာအနုတ်သဓိး၏
ဝတ္ထုစကားငယ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၄-အနုဘထပိဏ်သူဌေးကြီး၏ဝတ္ထု။

**ပါပေါ ပိ ပဿတိ ဘဒြံ**။ ။အစရှိသော၊ ဤသုတ္တန်ဒေသနာ၊ ပါဠိ ဂါထာကို၊ မြတ်စွာဘုရား၊ မိန္နာမွှန်၍၊ဘုန်သံသံရော၊ အိုင်တကျော၌၊ ကျွံ ကာချွါးဘိ အမွှားဘိသည့်၊ အဝင်ဒုက္ခိတ၊ ဝေနေယျတို့ကို၊ဘဒ္ဒကဋ္ဌနာ၊ ယသောဒရာမျက်ရှု၊ သားရာဟုနှင့်၊အတူမပြား၊ ကရုဏာရှေ့ထားလျက်၊ ဟောကြားဆုံးမတော်မူတတ်သော မြတ်စွာဘုရားသခင်သည် ထက်ခွင် အာလိန်၊ တာဝတိံ ဝယ် ဒေဝိန်ထွတ်ဖြား၊ မိုးယံသိကြား၏၊ စံစားပျော် မြန်း၊ဝေဇယန်နတ်နန်းကို၊ ဖန်ဆင်းပြသ၊ လူ့ပြည်၌ ချထားဘိသကဲ့သို့၊ အဝှလရိပ်မွှန်၊ဇေတဝန်ရွှေကျောင်း၌ ကံနှိုးအောင်းစခွါယ်တော် မူလျက် ထက်မြက်သံ၌ ၏၊ ရှိလှစွာသည့်၊ အနာထပိဏ်မည်သော၊ ကျောင်းတကာ သူဌေးကို၊ အရေးတခု အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## ခကြောင်းအကျဉ်းမှတ်ဦး အစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု

အနာထပိဏ်သူဋ္ဌေးကြီးသည် ကျောင်းကိုဆောက်ခြင်း ရည်ညွှန်း၍ သာလျှင် ငါးဆယ့်လေးကုဋေသော အသပြာကို ဘုရားသာသနာတော်၌ ဖြန့်ကြဲလှူဒါန်းပြီး၍ မြတ်စွာ ဘုရားသခင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသည်ရှိသော် နေ့တိုင်းနေ့တိုင်း တနေ့သုံးကြိမ်ခစား ခြင်းငှါ မြတ်စွာဘုရားအထံတော်သို့ သွား၏၊ သွားသည်ရှိသော်လည်း သာမဏေ တို့သည်ရှင်း၊ ရဟန်းငယ် တို့သည်ရှင်း "သူဋ္ဌေးကြီးသည် အဘယ်သို့သောဝတ္ထုကိုယူ၍ လာသနည်း။မယူဘဲပင် လာသလော"ဟု ကြည့်ရှုကြကုန်လတ္တံ့ဟု နှလုံးသွင်း၍ အချည်းနှီးသောလက်ဖြင့် သွား-ရောက်ဆည်းကပ်ဘူးသော မည်သည်မရှိ။ နံနက်စောစော၌ သွားသည်ရှိသော် ယာဂုကိုသာလျှင် ယူ၍သွား၏၊ နံနက်ဥာစားပြီး၍ သွားသည်ရှိသော် ထောပတ်ဆီဦးအစရှိသော ဆေးတို့ကို ယူ၍သွား၏။ ညချမ်းသောအခါ၌ ပန်းနံ့သာ အခိုးအထုံ စသည်တို့ကို လက်စွဲကိုင်ယူလျက် ကျောင်းတော်သို့သွား၏။ ဤသို့သောနည်းဖြင့်သာလျှင် အမြဲသောကာလ ပတ်လုံး နေ့တိုင်းနေ့တိုင်း အလှူဒါနကိုပေးလှူ၍ သီလကိုစောင့်ရှောက်၏။

နောက်အခါ၌ အနာထပိဏ်သူဋ္ဌေးကြီးအား ဥစ္စာကုန်ခြင်းသို့ ရောက် လေ၏"ရောင်းဝယ်၍ အံ့သော်က် မွေးကုန်သော ကုန်သည်တို့သည်လည်း သူဋ္ဌေးကြီးလက်မှ တဆဲ့ရှစ်ကုဋေ ဟု ဆိုအပ်သော ဥစ္စာကို ချေးမြီ ချေးငှါး ယူငင်ကုန်၏ မိဘ,ဘေး,ဘိုး အမျိုး အစဉ်အဆက်မှ ရအပ်သော မြစ်၏ကမ်းနားး၌,သိုမှီးမြှုပ်နှံ၍ ထားအပ်သော တဆဲ့ရှစ်ကုဋေမှလောက် သော ငွေတို့သည်လည်း ရေဖြင့် တိုက်ခိုက်အပ်သည် ဖြစ်၍၊ ကမ်းပါး ပြိုကွဲသောကြောင့် မဟာသ မုဒ္ဒရာသို့ ပါဝင်လေကုန်၏။ ဤသို့ အစဉ် အတိုင်းအားဖြင့် ထိုအနာထပိဏ် သူဋ္ဌေးကြီးအား ပစ္စည်းဥစ္စာ ကုန်-ခြင်းသို့ ရောက်လေ၏၊ ထိုသူဋ္ဌေးကြီးသည် ဤသို့ ပစ္စည်းဥစ္စာ ကုန်ခန်း သော်လည်း သံဃာတော်အား အလှူဒါနကို ပေးလှူသည်သာလျှင်တည်း။ မွန်မြတ်သည်ကိုပြု၍မူကား ပေးလှူခြင်းငှါ မစွမ်းနိုင်လေ။

## ဆန်ကွဲထမင်းအလှူ။

ထိုအနာထပိဏ်သူဌေးကြီးကို တနေ့သ၌ မြတ်စွာဘုရား သခင်က၊ ဒါယကာသူဌေးကြီး၊အသင်၏အိမ်၌ အလှူဒါနကို ပေးလှူရပါ၏လောဟု မေးတော်မူသည် ရှိသော်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အလှူဒါနကို ပေးလှူရပါ၏၊ ထိုသို့ ပေးလှူရပါသော်သည်း ရှေးအခါက ကဲ့သို့ မွန်မြတ်သော ပဉ္စည်း ဝတ္ထုကို ပြုရပေးလှူခြင်းငှါ မစွမ်းနိုင်ဘဲ ပအုံးရေလျှင်နှစ်ခုမြောက်သော ဆန်ကွဲထမင်းကိုပေးလှူရပါတော့သည်ဟု လျှောက်၏။ထိုအခါသူဌေးကြီးကို မြတ်စွာဘုရားသခင်ကဒါယကာသူဌေး ကြီး၊ခေါင်းပါးယုတ်ညံ့သောအလှူဝတ္ထုကို ငါသည်ပြုရပေးလှူရလေသည် ဟု မအောက်မေ့ မကြံစည်လင့်။ စိတ်မွန်မြတ်သည်ရှိသော်၊ ဘုရား-အစရှိသောသူတော်ကောင်းတို့အား ပေးကမ်းလှူဒါန်းအပ်သော ဒါနသည် ခေါင်းပါးယုတ်ညံ့ခြင်း မည်သည်မရှိ။ စင်စစ်သော်ကား အသင် သူဌေး ကြီးသည် ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့အား အလှူဒါနကို ပေးလှူ ရ၏။ ငါဘုရားသည် ဝေလာမပုဏ္ဏား ဖြစ်စဉ် အခါ၌ အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ခုံလောက်ချင်း စပ်သည်ကိုပြု၍၊ကြီးစွာသော အလှူကြီးကို ပေးကမ်း လှူဒါန်းသောအားဖြင့် ဖြစ်စေအပ်သော်လည်း သရဏဂုံ သုံးပါး နှင့် ပြည့်စုံသောသူ တစုံတယောက်မျှကိုလည်း မရမရှိ။ ဤသို့ ဖြစ်သော ကြောင့် ဒါယကာသူဌေးကြီး မြတ်သောအလှူခံ ပုဂ္ဂိုလ်မည်သည် အလွန် ရခဲတွေ့ကြုံခဲ၏။ ထိုကြောင့် အသင်သည် ငါအား ခေါင်းပါးယုတ်ညံ့သော အလှူဝတ္ထုကို ပေးလှူရလေသည်ဟု မကြံစည် မအောက်မေ့ လေလင့်ဟု မိန့်တော်မူပြီး၍၊ သူဌေးကြီးအား ဝေလာမသုတ်ကိုဟောကြားတော်မူ၏။

## အိမ်တံခါးစောင့်သောနတ်။

ထိုနောက် သူဌေးကြီး၏ အိမ်တံခါးမုခ်၌ စောင့်ရှောက်သိမ်းဆည်း သော နတ်သည် မြတ်စွာဘုရားသခင်သည်၎င်း၊တပည့်သား သာဝကတော် တို့သည်၎င်း၊ အိမ်သို့ ကြွဝင်ကုန်သည်ရှိသော်၊ ထိုဘုရား သာဝကတို့၏ တန်ခိုးတော်ကြောင့် မိမိနေရာ၌ တည်ဘုံ့အံ့သောငှါ မစွမ်းနိုင်သည် ဖြစ်၍၊ အကြင်သို့သော အခြင်းအရာဖြင့် ပြုလုပ်ပြောဆိုအပ်သည် ရှိသော်၊ ဤဘုရားသာဝကတို့သည် ဤသူဌေးကြီးအိမ်သို့ မကြွဝင်ကုန် ထိုသို့သော

အခြင်းအရာဖြင့် သူဌေးကြီးကို ကဲ့ပြား ပျက်စီးအောင် ပြောဆိုပေအံ့ ဟု ကြံ၍ ထိုစကားကိုပြောဆိုလိုပါသော်လည်း စည်းစိမ်ဥစ္စာ ပြည့်စုံကြွယ်ဝ အဖိုးရသော အခါ၌ တစုံတခုကိုမျှ ပြောဆိုခြင်းငှါ မစွမ်းနိုင်လေ။ ဤယခု အခါ၌မူကား သူဌေးကြီးသည် ပစ္စည်းဥစ္စာ များစွာကုန်ခန်း ပင်ပန်း ဆင်းရဲခြင်းသို့ ရောက်လေပြီ။ ငါသည် ပြောဆိုအပ်သည်ရှိသော် ငါ၏ စကားကို မှတ်သား နာယူလိမ့်မည်ဟု အောက်မေ့ မှတ်ထင်ပြီးလျှင်၊ ညဉ့်အခါ၌ သူဌေးကြီး၏ ကြက်သရေရှိသော အိပ်ရာ တိုက်ခန်းသို့ဝင်၍ ကောင်းကင်၌ ရပ်တည်၏။

## သူဌေးကြီးက နတ်ကိုနှင်ထုတ်ခြင်း။

ထိုအခါ ကောင်းကင်၌ ရပ်တည်သော နတ်ကိုမြင်၍၊ ဤသူသည် အဘယ်သူပေနည်းဟု သူဌေးကြီးက မေးသဖြင့်၊ သူဌေးကြီး၊ ငါသည် အသင်၏ လေးခုမြောက် တံခါးမုခ်၌ စောင့်ရှောက်သော နတ်ပါတည်း။ အသင့်အား အဆုံးအမ ဩဝါဒကို ပေးခြင်းအလို့ငှါ လာရောက်ပေ-သည်ဟု ပြော၏။ ထိုသို့ဘပြီးကား၊ အသင်၏ အဆုံးအမ စကားကို ပြောကြားပါလော့ဟု တောင်းပန်သည်ရှိသော်၊ သူဌေးကြီး၊ အသင်သည် နောက်အခါ်ကာလကို အနည်းငယ်မျှ ငဲ့ကွက်ခြင်း ကြည့်ရှုခြင်းမရှိမူ၍ သာလျှင်၊ ရဟန်းဂေါတမ၏ သာသနာ၌ များစွာသော ပစ္စည်းဥစ္စာကို ဖရိုဖရဲ စွန့်ကြဲပေးကမ်း လှူဒါန်းလေဘိသည်၊ ဤယခုအခါ ပစ္စည်းဥစ္စာ ကုန်ခန်းပင်ပန်း ဆင်းရဲခြင်း ဖြစ်ပါသော်လည်း ထိုရဟန်း ဂေါတမကို မစွန့်လွှတ်သေးသည်သာလျှင်တည်း၊ ဤသို့ ဖြစ်ခဲ့သည်ရှိသော် နှစ်ရက်, သုံးရက်ကို လွန်မြောက်သဖြင့် သာလျှင် ဆာလောင် မွတ်သိပ်ခြင်းကို ဖျောက်ခြင်းငှါ စားလောက်ရုံမျှ အစာ အာဟာရကိုသော်သည်း မရ-ပေသတတ်။ အသင့်အား ရဟန်းဂေါတမဖြင့် အဘယ်အကျိုး ရှိအံ့နည်း၊ အလွန်အကြူး အလှူ စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းမှ ကြဉ်ရှောင်၍ ကုန်-သွယ်ခြင်း, ရောင်းဝယ်ခြင်း အမှုကြီးငယ်၌ ဖုံ့လ ဥဿာဟကို ယှဉ်စေလျက်၊ပစ္စည်းဥစ္စာကို တည့်စေဦးလော့ဟု ပြောဆို၏။

သူဌေးကြီးက "အသင်နတ်သည် ငါ့အား ပေးအပ်သော အဆုံးအမသည် ဤသည်ပင်လော" ဟု မေးသဖြင့်။သူဌေးကြီး၊ ဩော်-ဟုတ်ပေသည် ဟု ဝန်ခံသည်ရှိသော်၊ သွားလေလော့၊ အသင်ကဲ့သို့ သဘော

ငှသော နတ်တို့၏ အရာ အထောင် အသောင်း အသိန်းဖြင့် သော်လည်း ငါ့ကို ဝှန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ပေ လတ္တံ့။ အသင်သည် မသင့် မလျောက်ပတ်သော စကားကို ပြောဆို၏၊ အသင်နတ်သည် ငါ၏အိမ်၌ ၄ သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ လျင်လျင်မြန်မြန် ငါ၏ နေအိမ်မှ ယခုထွက်သွားပါလော့ ဟု နှင်ထုတ်လိုက်၏။ ထိုနတ်သားသည် သော-တာပန် အရိယာသာဝကဖြစ်သော သူဌေးကြီး၏ စကားကို ကြား၍၊ ရပ်တည်၍ နေခြင်းငှါ မစွမ်းနိုင်ရကား ကလေးသူငယ်တို့ကို ကိုင်ဆွဲ ယူငင်၍ ထွက်သွားရရှာ၏၊ ထွက်သွားပြီးသောအခါ တပါးသော နေရာ၌ နေဘို့ရာ အခွင့်ဌာနကို မရနိုင်သောကြောင့် သူဌေးကြီးကို ကန်တော့ ဝန်ချတောင်းပန် သည်းခံစေပြီးသောကာလ၊ ထိုနေရာဌာန၌ပင် နေရတော့ အံ့ဟု နှလုံးသွင်း၍ မြို့စောင့်နတ်သို့ ချဉ်းကပ်ပြီးသော်၊ မိမိ ပြုအပ်သော အပြစ်ကို ကြား၍။ အချင်းနတ်မင်း၊ လာလှည့်ပါလော့၊ သူဌေးကြီး၏ အထံသို့ အကျွန်ုပ်ကို ဆောင်ယူ၍ သူဌေးကြီးကို သည်းခံစေပြီးလျှင် အကျွန်ုပ်၏ နေရာအရပ်ကို ပြန်၍ ပေးပါစေလော့ဟု ပြော၏၊

မြို့စောင့်နတ်ကလည်း ''အသင်သည် မသင့် လျောက်ပတ်သည်ကို ပြောဆို ပြစ်မှားအပ်၏။ ငါသည် ထိုသူဌေးကြီး၏အထံသို့ သွားရောက် တောင်းပန်ခြင်းငှါ မစွမ်းနိုင်'' ဟု ထိုနတ်၏ စကားကို ပယ်လိုက်၍၊ ထိုနတ်သားသည် တဖန် စတုမဟာရာဇ် နတ်မင်းကြီးတို့၏ အထံသို့ တက်သွား ပြောကြားပါသော်လည်း ထိုနတ်မင်းကြီးတို့က ပယ်ရှားလိုက် သောကြောင့်၊သိကြားနတ်မင်း၏အထံသို့ ချဉ်းကပ်ပြီးလျှင်။ထိုအကြောင်း အခြင်းအရာ အလုံးစုံကို အကုန်ဖြန့်ကြားလျှောက်ထားပြီးသော်၊နတ်တို့ကို အစိုးရတော်မူသော အရှင်သိကြားမင်း၊အကျွန်ုပ်သည် နေရာကို မရသည် ဖြစ်၍ ကလေးသူငယ်တို့ကို လက်ဖြင့် ကိုင်ဆွဲ အမြဲမပြတ် လှည့်ပတ် သွားလာ ကိုးကွယ်ရာမဲ့၍ နေပါသဖြင့်၊ အရှင် သိကြား မင်းသည် အကျွန်ုပ်၏ နေရာကို တောင်းပန် ပြောဆို ပေးသနားတော်မူပါဦး ဟု အထပ်ထပ် အဖန်ဖန် တောင်းပန် လျှောက်ကြား၏၊

## သိကြားမင်းညွှန် ကြားချက်။

ထိုအခါ သိကြားမင်းက အချင်း နတ်သား၊ ငါသည် အသင်၏ အကြောင်းကြောင့် အနာထပိဏ် သူဌေးကြီးကို တောင်းပန် ပြောဆို

ခြင်း၌ါ မစွမ်းနိုင် တရသော အကြောင်းကို မှုကား အသင့်အား ငါ-ညွှန်၍ ပြောဆိုခဲ့ဟု ဆိုသဖြင့် "ကောင်းလှပါပြီ အရှင် သိကြားမင်း၊ မိန့်ဆိုတော် မူပါလော့" ဟု တောင်းပန်သည့် ကာလ၊ သွားဘဲ့ချေ။ သူဌေးကြီး၏ စာရင်းကိုင် အစောင့်အရှောက်၏ အသွင်ကိုယူပြီးလျှင်၊ သူဌေးကြီးလက်မှ စေလွှတ်ဘိသကဲ့သို့သော ကမ္မည်းစာကို ယူဆောင်၍ သူဌေးကြီး၏အထံမှ ကြွေးမြီကို ချေးငှါးယူဆောင်၍ ရောင်းဝယ်သွားလာကုန်သော ကုန်သည်တို့၏အထံမှ တဆဲ့ရှစ်ကုဋေမျှလောက်သော အသပြာငွေကို မိမိ၏တန်ခိုးဖြင့် ရအောင် သုတ်သင်ယူဆောင်၍ အချည်းနှီးသော တိုက်ခန်း၌ ပြည့်စေလော့။ သမုဒ္ဒရာသို့ ပါဝင်လေသော သူဌေးကြီး၏ မိဘ,ဘေး, ဘိုး,အမျိုး ဥစ္စာဖြစ်သော တဆဲ့ရှစ်ကုဋေ မျှလောက်သော ဥစ္စာသည်ရှိ၏။ ထိုဥစ္စာတို့ကို မိမိအာနုဘော်ဖြင့် ယူဆောင်၍ တိုက်ခန်း၌ ပြည့်စေလော့။ တပါးသည်းဖြစ်သော ဤအမည်ရှိသော အရပ်၌ အရှင်စိုးပိုင်သူမရှိသော တဆဲ့ရှစ်ကုဋေသော ဥစ္စာသည်ရှိ၏။ ထိုဥစ္စာကိုလည်း ယူဆောင်၍ ကျိကြတိုက်ခန်းတို့၌ ပြည့်စေလော့၊ ဤသို့အားဖြင့် ငါးဆဲ့-လေးကုဋေကုန်သော ပစ္စည်းဥစ္စာတို့ကို တိုက်ခန်း၌ ပြည့်စေခြင်း တည်း-ဟူသော ဒဏ်အမှုကို ပြုပြီးသည့် ကာလ၊ သူဌေးကြီးကို သည်းခံစေလော့ဟု မိန့်ဆိုညွှန်ကြား၏။

## နတ်သား၏တောင်းပန်ဝန်ချခြင်း။

ထိုနတ်သည်လည်း "ကောင်းပါပြီ၊ အရှင်သိကြားမင်း" ဟု ဝန်ခံ၍ ပြောဆိုအပ်သော နည်းဖြင့်သာလျှင်၊ အလုံးစုံသော အမှုကိစ္စတို့ကို ပြုရ-ရွက်ဆောင်ပြီးသော်၊ တဖန် သူဌေးကြီး၏ ကြက်သရေရှိသော အိပ်ရာတိုက်ခန်းသို့ဝင်၍ ကိုယ်ရောင်ကိုလွှတ်ပြီးလျှင် ကောင်းကင်၌ ရပ်တည်၍၊ ဤသူကား အဘယ်သူနည်း ဟု မေးသည်ရှိသော်။ အရှင် သူဌေးမင်း၊ ငါသည် အသင်၏နေအိမ် စတုတ္ထမုခ် တံခါးဝ၌ စောင့်ရှောက်ရသော ပညာမရှိ မသိ မလိမ္မာ မိုက်မဲစွာသော နတ်ပါတည်း။ ငါသည် မိမိ၏ မိုက်မဲသည့် အဖြစ်ကြောင့် အသင် သူဌေးကြီးတို့၏ အထံ၌ မလျှော်ကန် မသင့်မြတ် မလျော်ပတ်သော အကြောင်စကားကို ပြောကြား မိပါသည်။ ထိုစကားကို ငါ့အား အပြစ်မထားမူ၍ သည်းခံပါကုန်လော့။ ငါသည်

သိကြားနတ်မင်း၏ ပြောဆိုသွန်ကြားအပ်သော စကားဖြင့် ငါးဆဲ့လေးကုဋေသော ပစ္စည်းဥစ္စာကို ဆောင်ယူ ရဆောင်း၍ အချည်းနှီးသော အသင်၏တိုက်ခန်း ကျီကြားထဲ့လွှားထားရာတို့ကို ပြည့်စေခြင်း တည်း-ဟူသော ဒဏ်အမှုကိုလည်း ပြုအပ်ပါပြီ။ ငရုံတရမှုသော နေရာကို မရသည်ဖြစ်၍ ငါသည်လည်း ပင်ပန်းလှပါပြီဟု တောင်းပန် ဝန်ချ၏။

အနာထပိဏ် သူဌေးကြီးသည်လည်း "ဤနတ်သည် ငါသည် ဒဏ်-ထားခြင်း အမှုကို ပြုအပ်ပါပြီဟု ပြော၍၊ မိမိ၏အပြစ်ကိုလည်း ဝန်ခံ၏၊ ထိုနတ်ကို မြတ်စွာဘုရား သခင်အား ပြဦးအံ့" ဟု ကြံ၏။ ကြံပြီး၍ကား သူဌေးကြီးသည် ထိုနတ်ကို မြတ်စွာဘုရားသခင် အထံတော်သို့ ခေါ်-ဆောင်၍၊ ထိုနတ်သည် ပြုအပ်သောအမှု အလုံးစုံတို့ကို အကုန်ပြန်ကြား လျှောက်ထား၏။ နတ်သည် မြတ်စွာဘုရား ခြေတော်ရင်း၌ ဦးခေါင်းဖြင့် ဝပ်စင်းထိခိုက်၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်-တော်သည် မိုက်မဲတွေဝေသည့် အဖြစ်ကြောင့် အရှင်ဘုရားတို့၏ ဂုဏ်-ကျေးဇူးတော်ကို မသိမှု၍၊ ယုတ်မာညစ်ကျူ မကောင်းမှု ဖြစ်သော စကားကို ပြောကြား မြွက်ဆိုမိပါသည်၊ ထိုစကားကို တပည့်တော်အား အပြစ်မထားဘဲ သည်းခံတော် မူပါကုန်လော့ဟု မြတ်စွာဘုရား သခင်ကို ကန်တော့ဝန်ချ သည်းခံစေပြီး၍၊ သူဌေးကြီးကိုလည်း ကန်တော့ဝန်ချ သည်းခံစေ၏။

**တံခါးစောင့်နတ် သောတာပန်တည်ခြင်း။**

မြတ်စွာဘုရားသခင်သည် ကောင်းသောအမှု မကောင်းသောအမှု တို့၏ အကျိုးကဲ့ပြားသည့် အစွမ်းအားဖြင့် သူဌေးကြီးကိုရင်း တံခါးစောင့် နတ်ကိုရင်း၊ ဆုံးမတော်မူလိုသည် ဖြစ်၍။ ဒါယကာသူဌေးကြီး၊ ဤပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌၊ ပါပညစ်ကျူ မကောင်းမှုကို ပြုသောပုဂ္ဂိုလ်သည် အကြင် မျှလောက် မိမိပြုအပ်သော မကောင်းမှု အကျိုးပေးသည် အကျိုးမပေး သေး၊ ထိုမျှလောက်သော ကာလပတ်လုံး သင့်တင့် ကောင်းမြတ်သော အခါကိုတို့ကို တွေ့ကြုံထင်မြင်ရသေး၏။ အကြင်အခါ၌ကား ထိုမကောင်းမှု ကို ပြုသောပုဂ္ဂိုလ်အား မိမိပြုအပ်သော မကောင်းမှုကံသည် အကျိုးကို ဖြစ်စေ၏။ ထိုအခါ၌ ယုတ်မာသော အကျိုးအာနိသင်ကိုသာလျှင် တွေ့မြင်

ခံစားရလေ၏။ ကောင်းမှုကုသိုလ်ကို ပြုသော ပုဂ္ဂိုလ်သည်လည်း အကြင်မျှလောက် ကာလပတ်လုံး မိမိပြုအပ်သော ကောင်းမှု ကုသိုလ်သည် အကျိုးကို မဖြစ်စေသေး၊ ထိုမျှလောက် ကာလပတ်လုံး မကောင်းသော အကျိုးအာနိသင်ကို တွေ့မြင်ရသေး၏၊ အကြင်အခါ၌ကား မိမိပြုအပ်သော ကုသိုလ်ကောင်းမှုသည် အကျိုးကိုဖြစ်စေ၏။ ထိုအခါ၌ ကောင်းမြတ်သော ဝတ္ထုအာရုံကိုသာလျှင် တွေ့ကြုံ ရှုမြင်ရလေတော့သည် ဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**ပါပေါ ပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။ ။**

**ဘဒြော ပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။ ။**

ဟူသော ဤနှစ်ဂါထာတို့ကို မိန့်တော်မူ၏။

ထိုဒေသနာ နှစ်ဂါထာတို့၏အဆုံး၌ ထံခါးစောင့်နတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ကြွင်းကုန်သော သူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ ပြုသစ်စ ဖြစ်သော မကောင်းမှုအကုသိုလ်ကံသည် န ပစ္စတိ၊ အကျိုးကို မဖြစ်စေသေး တာဝ၊ ထိုမျှလောက်၊ ပါပေါပိ၊ မကောင်းမှုကို ပြုလုပ်သော သူသည်လည်း။ ဘဒြံ၊ ကောင်းသော ချမ်းသာ၊ ဥစ္စာစီးပွါးကို။ ပဿတိ၊ တွေ့မြင်ရသေး၏။ ယဒါစ၊ အကြင်အခါ၌ကား၊ ပါပံ၊ မကောင်းမှု အကုသိုလ် ကံသည်။ ပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။ အထ တသ္မိံ ကာလေ၊ ထိုမကောင်းမှု အကုသိုလ်ကံသည် အကျိုးကို ဖြစ်စေသောအခါ၌၊ ပါပေါ၊ အကုသိုလ်ကို ပြုလုပ်သော သူယုတ်မာသည်။ ပါပါနိ၊ ယုတ်ယုတ် မာမာ၊ ကြီးစွာသော ဆင်းရဲဒုက္ခတို့ကို။ ပဿတိ၊ တွေ့မြင်ရလေ၏၊

ယာဝ၊ အကြင်မျှလောက်။ ဘဒြံ၊ ပြုသစ်စသော ကောင်းမှု ကုသိုလ်ကံသည်။ န ပစ္စတိ၊ အကျိုးကို မဖြစ်စေသေး၊ တာဝ၊ ကောင်းမှု ကုသိုလ်ကံ အကျိုးမပေးသော ထိုမျှလောက် ကာလပတ်လုံး။ ဘဒြောပိ၊ ကောင်းမှု

ကုသိုလ်ကံကို စိမ်အားထုတ်၊ ပြုလုပ်ပေရှောင်း၊ ကောင်းသော သူသည်လည်း၊ ပါပံ၊ ရှေးကာကံ ဟောင်း၊ မကောင်းကျိုး၊ ဝဋ်ဒုက္ခကို။ ပသသတိ၊ တွေ့မြင်ရသေး၏။ ယဒါ၊ အကြင်အခါ၌ ကား၊ ဘဒြ၊ အသစ် ဖြစ်သော ကုသိုလ်ကောင်းမှုကံသည်၊ ပစ္စတိ၊ အကျိုးကို ဖြစ်စေ၏။ အထ-တသ္မိံ ကာလေ၊ ထိုကုသိုလ် ကောင်းမှုကံသည်အကျိုးကို ဖြစ်စေသော အခါ၌၊ ဘဒြော၊ ကောင်းသောသူသည်။ ဘဒြာနိ၊ ကောင်းသော ချမ်းသာ ဥစ္စာ စည်းစိမ်တို့ကို။ ပသသတိ၊ တွေ့မြင်ရလေ၏။ ။ဤကားအနက်။

မြေပဒပါပဝဂ်၌ လေးခုမြောက်ဖြစ်သော အနာထပိဏ်သူဌေး ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၅-အသညတပရိက္ခာရ ရဟန်း၏ဝတ္ထု။

**မာ ဝမညေထ ပါပဿ။** ။ဤသို့စသည့်၊ မြေဒေသနာ၊ ပါဠိဂါထာကို။ မြတ်စွာဘုရား၊ ပေးသနားသည့်၊ လေးပါးသော ပစ္စည်းတို့ကို၊ သိမ်းဆည်း ညွတ်ထွေ၊ မရှိသောဘဲ၊ မထေခဲ့မြင်၊ ပြုကုန်သော သူတို့ကို၊ ကြည်ဖြူ စေတနာ၊ ကရုဏာဖြင့်၊ ကောင်းစွာဆုံးမတော်မူတတ်သော မြတ်စွာ-ဘုရား သခင်သည်၊ ထက်ခွင်ဝတ်၊ ဇေတဝနာ၊ ဆိုင်ကျေးလက်သုံး၊ အရန်းနန်း တ,န်၊ ညက်ပြည့် လောက်လုံ၊ ဝိသုကြုံ နဘ်သားသည်၊ အချား လျှပိုလ်၊ ရှုစေလိုသဖြင့်၊ ပုဋ္ဌိုလ်ထိုက်တန်၊ ဝေဖယံအသု၊ ဖန်ဆင်းပြုသကဲ့သို့၊ ကြည့်ရှုမငြီး၊ ဇေတဝန်ကျောင်းကြီး၌၊ မျှသီးစံပယ်တော်မူသော ကာလ၊ အသညတပရိက္ခာရ အမည်ရသော ရဟန်းတပါးကို အကြောင်းပြုသော အားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

တိုရဟန်းသည် အမှတ်မထင် အကြင် တရံတခုသော ညောင်စောင်း အင်းပျဉ် အစရှိသော ရဟန်းတို့ အသုံးအဆောင်ကို အပြင်ဘက်၌ ထိုင်နေ သုံးဆောင်ပြီးသော်၊ ထုံနေရာ၌သာလျှင် စွန့်ပစ်၍ ထားခဲ့၏။ အသုံးအဆောင် ပရိက္ခရာ ပစ္စည်းဥစ္စာသည် မိုးစွတ်ခြင်း, နေပူခြင်း, ခြခဲခြင်း-စသည်တို့ဖြင့် ပျက်စီး၏။ ထိုရဟန်းကို ရဟန်းအပေါင်းတို့က။

ငါ့ရှင်၊ အသုံးအဆောင် ပရိက္ခရာမည်သည် သိမ်းဆည်း၍ ရိုစင်းမစွတ် နေမပူ ခြမခဲသော၊ အရပ်တို့၌ ထားအပ်သည် မဟုတ်ပါတုံလော ဟု ပြောဆိုသည်ရှိသော်၊ ငါ့ရှင်တို့၊ငါသည် အနည်းငယ်မျှ တခဏသာလျှင် သုံးဆောင်၏။ ဤနေရာအရပ်၌လည်း တခဏမျှသာ ထားပါသည်။ ထို-အသုံးအဆောင်အား ပျက်စီးစေလိုသော စိတ်လည်း ငါ့အား မရှိပါ။ ထိုခဏခေတ္တမျှ ထားခဲ့ခြင်းကြောင့်၊ ပျက်စီးခြင်း၏ အကြောင်းလည်း ဖြစ်မည် မဟုတ်ဟု ပြောဆိုပြီးသည့် ကာလ။ရှေးနည်း အတူသာလျှင် ပြု၏။ ရဟန်းတို့သည် ထိုရဟန်းပြုသော အမှုအရာကို မြတ်စွာဘုရား သခင်အား ကြားလျှောက်ကြကုန်၏။

## သောတာပန်စသည်တည်ကြခြင်း။

မြတ်စွာဘုရားသခင်သည် ထိုရဟန်းကိုခေါ်စေတော်မူပြီးသောကာလ "ချစ်သားရဟန်း၊ အသင်သည် ဤသို့ ပြုလုပ်သောဟူသည် ဟုတ်မှန် ပေသလော"ဟု မေးတော်မူ၏။ မြတ်စွာဘုရား မေးတော်မူသော်လည်း ထိုရဟန်းသည် "မြတ်စွာဘုရား၊ ထိုအသုံးအဆောင် ပစ္စည်းဥစ္စာတို့ကို ခဏခေတ္တအပြင်ဘက်၌ ထားခြင်းကြောင့် အဘယ်အပြစ်ရှိပါသနည်း။ တပည့်တော်သည် ထိုပစ္စည်းဥစ္စာ ပရိက္ခရာတို့ကို ပျက်စီးစေလိုသော စိတ်လည်းမရှိပါ။ဤမျှလောက်ကာလ ထားကာမတ္တမျှဖြင့် ပျက်စီးခြင်း၏ အကြောင်းလည်း ဖြစ်နိုင်မည်မဟုတ်ပါ"ဟု ရှေးနည်း အတူသာလျှင် မထေ့ခဲ့မြင်ကိုပြု၍ လျှောက်ထား၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် ထိုရဟန်းကို ချစ်သားရဟန်း၊ ရဟန်းတို့မည်သည် ဤသို့ပြုလုပ်ခြင်းငှါ မအပ်။မကောင်းမှု အကုသိုလ်မည်သည် အနည်းငယ်ဟူ၍ မထေ့ခဲ့မြင် မပြုအပ်၊ လွင်တီးခေါင်၌ ထားအပ်သော ဟင်းလင်းပွင့်သောအဝရှိသော အိုးခွက်သည် မိုးရွာသွန်းသည့်ရှိသော် တစက်တပေါက်သော မိုး-ပေါက်၏ကျကာမျှဖြင့် အကယ်၍ကား မပြည့်။ထိုသို့ တစက်သောမိုး ရေပေါက်ကျကာမျှဖြင့် မပြည့်သော်လည်း အဖန်ဖန်အထပ်ထပ် မပြတ် မိုးရွာသွန်းသည်ရှိသော် တစက်တပေါက်သော မိုးရေပေါက်သည် ကျလာဖန်များသဖြင့် ကြီးစွာသောအိုးစရည်းပင်သော်သည်း ပြည့်ရလေ ဘိသကဲ့သို့ ထိုအတူသာလျှင် မကောင်းမှု ပြုလုပ်သော ပုဂ္ဂိုလ်သည်

အစဉ်အတိုင်းအားဖြင့် များစွာကြီးကျယ်သောမကောင်းမှုအရကို ပြုလုပ်သည့်၏ဒုဖြစ်သို့ ရောက်လေ၏ဟု မိန့်တော်မူပြီးလျှင် အနုသန္ဓေကိုစပ်၍ တရားဟောကို ဟောကြားတော်မူလို သောကြောင့်-

**မာ ဝမညေထ ပါပဿ၊ န မန္တံ အာ ဂမိဿတိ။**
**ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။**
**ဗာလော ပူရတိ ပါပဿ၊ ထောကံ ထောကမ္ပိ အာစိနံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည့်တို့သို့ ရောက်လေကုန်၏။

'မြတ်စွာဘုရား သခင်သည် လွင်တီးခေါင်၌ ညောင်စောင်းစသော အိပ်ရာနေရာခင်း၍ပြကတေ့အတိုင်းမသိမ်းဆည်းမသိုမှီးသော ရဟန်းအား ဤအမည်ရှိသောအာပတ် သင့်စေဟု သိက္ခာပုဒ်ပညတ်တော်မူ၏။

**အနက်ကား**။ ။မန္တံ၊ အနည်းငယ်သော မကောင်းမှုကံ၏ အကျိုးသည်။ န အာဂမိဿတိ၊ မလာမရောက်လတ္တံ့ဟု။ ပါပဿ၊ ယုတ်မာညစ်ကျူ မကောင်းမှုကို။မာဝမညေထ၊ မထေမဲ့မြင် မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန၊ မိုးရေပေါက်သည် ကျရောက်ဖန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီးသည်လည်း။ပူရတိဝိယ၊ ပြည့်ရလေသကဲ့သို့။ဧဝံ ဘသာ၊ဤအတူ၊ ဗာလော၊သူမိုက်သည်၊ ထောကံထောကမ္ပိ၊ အနည်းငယ်အနည်းငယ်သည်း၊ အာစိနံ၊ဆည်းပူးဖန်များသည် ရှိသော်။ပါပဿ၊ ယုတ်မာညစ်ကျူမကောင်းမှုဖြင့်။ပူရတိ၊ပြည့်လေသည်သာလျှင်တည်း။ ။ ဤကားအနက်။

ဓမ္မပဒပါဠိဝဂ်၌ ငါးခုမြောက်ဖြစ်သော အသညာဘပရိက္ခာရ ရဟန်း၏ဝတ္ထုစကားစဉ်ကား ဤတွင်ဌေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၆-ဗိဠာလပဒကသူဌေး၏ဝတ္ထု။

**မာဝမညေထပုညဿ**။ ။ဤသို့စသည့်၊ ဓမ္မဒေသနာ၊ ပါဌ်ဂါထာကို၊ သတ္တုါတရား၊ နည်းပါးသုတ်လျော၊ 'သွမ်းပေါ်သော သဘ္ဘဝါကိုမြင်လျှင်၊

ကြည်ရွှင်သဖြင့်၊ ပွါးစိမ့်ငှါဖြင့်၊ ကောင်းစွာဆုံးမတော် မူဘတ်သော၊ လူ, နတ်ထွန်ထား၊ မြတ်ဘုရားသည်၊ သိကြားမာဃဝ၊ အုပ်ချုပ်ရှုံးသည့်၊ အယုဇ္ဈပူရာ၊ ပြည်နဂရာကဲ့သို့၊ ရတနာပွါးဘိ၊ ဂုဏ်သိဒ္ဓိနှင့်၊ သာဝတ္ထိပြည်သကျာ၊ တောင်မျက်နှာအစွန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းတော်မူသော အခါ၊ မိတ္တာလပဒက အမည်ရသော၊ သုတ္တေးကြီးကိုအမှုတခု၊ အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း၊

## အကြောင်း အကျဉ်းချုပ်အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

တရံသောအခါ သာဝတ္ထိပြည်၌ နေလေ့ရှိကြကုန်သော သူတို့သည် အပေါင်းအစုကိုဖွဲ့သဖြင့် ရဟန်းသံဃာတော် အပေါင်းအား အလှူကို ပေးလှူကုန်၏၊ထိုအခါ တနေ့သ၌ မြတ်စွာဘုရားသခင်သည် အနုမောဒနာ ကိုပြုသည်ရှိသော် ဒါယကာတို့၊ဤလောက၌-

၁-အချို့သောသူသည် မိမိသည်သာလျှင် ပစ္စည်းဥစ္စာကို ပေးလှူ၏။ သူတပါးကို မဆောက်မတည် မလှူဒါန်းစေ။ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝအရာဌာန၌ စည်းစိမ်ချမ်းသာ၏ ပြည့်စုံ ခြင်းကိုရ၏၊အခြွေအရံ၏ ပြည့်စုံခြင်းကို မရမရှိ။

၂-အချို့သောသူသည် မိမိ၏ ပစ္စည်းဥစ္စာ တို့ကို စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းကိုမပြု၊ သူတပါးကိုသာလျှင် နှိုးဆော် တိုက်တွန်း လှူဒါန်းပေးကမ်း ဆောက်တည်စေ၏၊ ထိုသူသည် ဖြစ်တိုင်းဖြစ်-တိုင်းသော ဘုံဘဝဌာန၌ အခြံအရံပြည့်စုံခြင်းကို မှကားရ၏။ မိမိအား ပစ္စည်း ဥစ္စာ သုံးဆောင် ခံစားဘွယ်ရာ ဖြစ်သော စည်းစိမ်မရှိ။

၃-အချို့သောသူသည် မိမိ၏ ပစ္စည်းဥစ္စာကိုလည်း မစွန့်ကြဲမပေး ကမ်း။သူတပါးကိုလည်း မဆောက်တည်မလှူဒါန်းစေ။ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာန၌ ပစ္စည်းဥစ္စာ စည်းစိမ် ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်းမရ၊အခြံအရံ၏ ပြည့်စုံခြင်းလည်း မရှိ။စားကြွင်းစား ဖြစ်ပြီးသည်ကာလ လှည့်လည်ရ၏။

၄-အချို့သောသူသည် မိမိ၏ပစ္စည်းဥစ္စာကိုလည်း စွန့်ကြဲပေးကမ်း လှူဒါန်း၏။သူတပါးကိုလည်း နှိုးဆော်ဆောက်တည် လှူဒါန်းစေ၏၊ ထိုသူသည် ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဘဝဌာနနှဲ့ ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကိုလည်းရ၏၊ အခြံအရံ၏ပြည့်စုံ ခြင်းကိုလည်း ရ၏ဟု ဟောကြားတော်မူ၏။

[ဤနေရာ၌ ပါဠိသာခကကို အလိုရှိတော်မူကြပါမူ ပဋ္ဌမတွဲ စာအုပ် အရှင် ဒေဝဒတ်၏ သက်နီးရသော ဝဂ္ဂပ္ပ၌ ကြည့်ရှု၍ ယူတော်မူကြပါကုန်။ပါဠိချင်းတူသောကြောင့် မထည့်သွင်းလိုက် ပေပြီ။]

## တယောက်သောပညာရှိ။

ထိုအခါ ပညာရှိသောတယောက်သော ယောကျ်ားသည် မြတ်စွာ ဘုရားဟောကြားတော်မူအပ်သော ထိုတရားတော်ကိုကြား၍ ဤသို့သော အကြောင်းသည် ဖြစ်-အံ့ဘွယ် ရှိစွတကား။ ငါသည် ယခုအခါ၌ နှစ်ပါးစုံသော အကျိုး၏ ပြည့်စုံခြင်းကို ဖြစ်စေ တတ်သော ကုသိုလ် ကောင်းမှုကို စိမ်အားထုတ်ပြုလုပ်ပေအံ့ဟု ကြံပြီးလျှင် မြတ်စွာဘုရား သခင်သည်နေရာမှထ၍ ကြွသွားတော်မူသောအခါ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊အရှင်မြတ်တို့သည် နက်ဖြန် တပည့်တော်တို့၏ ဆွမ်းကိုခံယူတော်မူပါလော့ဟု ပင့်လျှောက်၏။ဒါယကာ၊ အသင့်အား အဘယ်မျှလောက်ကုန်သော သင်္ဃာတို့ဖြင့် အလိုရှိဘိသနည်းဟု မေးတော် မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊အလုံးစုံသော ရဟန်း သင်္ဃာတော်တို့ဖြင့် အလိုရှိပါသည်ဟု လျှောက်ကြား သဖြင့် မြတ်စွာဘုရားကိုယ်တော်မြတ်သည် သည်းခံတော်မူ၏။

ထိုပညာရှိ ယောကျ်ားသည် ရွာတွင်းသို့ဝင်၍ အိုမိခင် ဘခင်တို့၊ အကျွန်ုပ်သည်နက်ဖြန်ခါ၌ဆွမ်းအလို့ငှါ ဘုရားအမှူးရှိသောသင်္ဃာတော်ကို ပင့်ဘိတ်အပ်၏။အကြင်သူသည် အကြင်မျှလောက် အရေအတွက် ရှိကုန် သော ရဟန်းတို့အား ပေးကမ်း လှူဒါန်းခြင်းငှါ စွမ်းနိုင်၏။ထိုသူသည် ထိုမျှလောက် ရဟန်းတို့၏ ယာဂုအစရှိသည်ကို စိမ်ချက်ပြုတ်ချန် အသို့ငှါ

ဆန်အစရှိသောဝတ္ထုကို ပေးဘိလော တခုသောအရပ်၌ ပေါင်းရချက်ပြုတ်စေ၍ အလှူကိုလှူဒါန်းကုန်အံ့ဟု ကြွေးကြော်သျက် လှည့်လည်၏။

## စိတ်သားညှိုးသောသူဌေး။

ထိုအခါ တယောက်သော သူဌေးသည် လှည့်လည် ကြွေးကြော်ရပ်ခံလျက် မိမိအိမ်ဈေးတံခါးဝသို့ ရောက်လာသော ထိုယောကျ်ားကို မြင်လျှင် "ဤသူသည် မိမိအား စွမ်းနိုင်သောက် ရုံသော ချပာန်းတို့ကို မပင့်ဘိတ်မူ၍ အလုံးစုံသောရွာကို ဆောက်တည် လှူဒါန်း စေလျက် လှည့်လည်လေဘိသည်"ဟု အမျက်ထွက်၍ အသင်သည် ယူဆောင်အပ်သောခွက်ကို ဤသို့ယူခဲ့လော့ဟု ပြောဆိုပြီးလျှင် လက်သုံးချောင်းတို့ဖြင့် ကိုင်ယူ၍ အနည်းငယ်မျှသောဆန်ကို ထည့်လှူ၏၊ ထိုအတူ ပဲနောက် ပဲကြီးတို့ကိုလည်း အနည်းငယ်အနည်းငယ် ထည့်လှူ၏၊ ထိုအခါကာလမှ စ၍သူဌေးကြီးသည် မိဂ္ဂါလပဒသူဌေးမင်းသည် ဖြစ်လေ၏ ထောပတ်၊ တင်လဲစသည်တို့ကို ပေးလှူသောအခါလည်း ပအုပ်ချက်အထွင်နှု၌ထည့်၍ တခုသောအထောင့်ကို ပြုပြီးလျှင် အပေါက်အပေါက် အစက်အစက်ကို ယိုစီးစေလျက် အနည်းငယ်အနည်းငယ်ချကိုသာလျှင် ထည့်လှူ၏။ပညာရှိဒါယကာယောကျ်ားသည် ကြွင်းကုန်သော တပါးသောသူတို့ ပေးလှူအပ်သောပစ္စည်းဝတ္ထုကို တပေါင်းတည်းရသည်ကိုပြု၍ ဤသူဌေးကြီးလှူအပ်သောအနည်းငယ်မျှသော ပစ္စည်းဝတ္ထုကို အသီးအခြားပြု၍သာလျှင် ခံယူ၏။

သူဌေးကြီးသည် ထိုပညာရှိသောကျ်ား ပြုလုပ်သော အမှုအရာကို ကြည့်ရှု၍ ဤသူသည် ငါပေးလှူအပ်သော အနည်းငယ်မျှသောပစ္စည်း-ဝတ္ထုကို အဘယ်ကြောင့် အသီးအခြား ပြုပြီးသည့်ကာလ ခံယူပါ-လိမ့်မည်နည်းဟု ကြံပြီးလျှင် ထိုပညာရှိယောကျ်ား၏ နောက်မှနောက်မှ အစဉ်တပိုက်သိုက်၍ ကြည့်ရှုစိမ့်သောငှါ တယောက်သော အလုပ်-အကျွေး ယောကျ်ားငယ်ကို "အချင်း၊ သွားတဲ့ချေ ဤသူသည် ငါ၏ အမှုကို တစုံတခု ပြုရပြောဆိုရှိ၏၊ ထိုအကြောင်းကို သိအောင်ပြုလေလော့"ဟု မှာထားစေလွှတ်လိုက်၏။ ထိုပညာရှိယောကျ်ားသည် အစဉ်အတိုင်း သွားရောက်၍ "သူဌေးကြီးအား အကျိုးများသည် ဖြစ်ပါစေ-

သတည်း”ဟု ညည်းညူနှိုးပြီးသည့်ကာလ ယာဂု ဆွမ်းမုန့်တို့၏ အလိုငှါ တခုနှစ်ရသောဆန်တို့ကို ဝေမျှထည့်သွင်း၍ ပဲနောက်ပဲကြီးတို့ကိုလည်း ထိုနည်းတူစွာ သည့်ပြီး၍ ဆီ,တင်လဲ အစရှိသော အပေါက်အစက်တို့ကို လည်း အလုံးစုံသော ဘောဇဉ်တို့၌ထည့်၏။အလုပ်အကျွေး ယောကျ်ား ငယ်သည် ပြန်သွား၍ သူဌေးကြီးအား ပြောကြား၏၊

## သတင်းရန်အား ဆုတ်သောသူဌေးကြီး။

သူဌေးကြီးသည် ထိုသို့ ပြောကြားသော စကားကို ကြား၍လည်း ဤသူသည် ပရိသတ် အလယ်၌ ငါ၏ကျေးဇူးမဲ့ ကဲ့ရဲ့ ရှုတ်ချသော စကားကိုအကယ်၍ ပြောဆိုသည်ဖြစ်အံ့ ငါ၏အမည်ကို ထုတ်ဘော် ပြောဆိုကာမျှ၌သာလျှင် ထိုယောကျ်ားကိုပုတ်ခတ် ရိုက်လဲ၍သတ်အံ့ဟု ကြံ၍ အဝတ်ရုံ၏အတွင်း၌ သန်လျက်ငယ်ကို ဖွဲ့၍ နက်ဖြန်နံနက်ရောက်သော နေ့၌ သွားရောက်၍ ဆွမ်းပြုရ လုပ်ကျွေးသော နေရာ၌ ရပ်တည်၏။ ထိုပညာရှိ ယောကျ်ားသည် ဘုရားအမှူးရှိသော ရဟန်း သံဃာ အပေါင်းကို ပြုစုလုပ်ကျွေး ပြီး၍။ မြတ်စွာဘုရား သခင်ကို “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊တပည့်တော်သည် လူများ အပေါင်းကို ကောင်းစွာဆောက်တည် ကြည်ညိုစွာ ထည့်ဝင်စေပြီးသည့် ကာလ ဤအလှူဒါနကိုပေးကမ်းလှူဒါန်း အပ်ပါသည်။ထိုသို့ လှူဒါန်းရာ၌ ထည့်ဝင်ကြသော လူတို့သည် မိမိ၏အစွမ်းသတ္တိ ရှိသည့်အလျောက် များစွာကုန်သော ဆန်အစရှိသော အလှူဝတ္ထုတို့ကိုရှင်း၊ အနည်းငယ် မျှသော ဆန်အစရှိသော အလှူဝတ္ထုတို့ကိုရှင်း ထည့်ဝင် လှူဒါန်းကြပါ ကုန်သည်၊ထိုအလုံးစုံသော သူတို့အား အကျိုးကြီးမြတ်သည် ဖြစ်ပါစေ သတည်း”ဟု ကြားလျှောက်၏။

## ပညာရှိအား ဝန်ချတောင်းပန်ခြင်း။

သူဌေးကြီးသည် ထိုသို့လျှောက်ကြားသောစကားကိုကြား၍ စဉ်စား ကြံဆင်ခြင်သည်မှာ ငါသည် “ဤအမည်ရှိသောသူဌေးသည် လက်ဖြင့် ယူပြီးသော ကာလ ဆန်အစရှိသော အလှူကို ပေးလှူပါကုန်သည်”ဟု ငါ၏အမည်ကို ထုတ်ဘော်ပြောဆိုသည်ရှိသော် အမည်ကိုပြောဆိုကာ မျှ၌ ဤသူကို သတ်အံ့ဟူ၍ လာခဲ့ပေသည်။ ဤယောကျ်ား သည်ကား

အလုံးရုံသူကျုံး ပေါင်းရုံးသည်ကို ပြု၍ အကြင်သူသည် ကွမ်းစားခွက်စသည်တို့ဖြင့် ချင့်တွက်နိုင်းသှဉ်၍ ပေးသူပါသည်၊ အကြင် သူတို့သည်လည်း လက်သုံးချောင်းဖြင့် ဖြစ်ယူ၍ ပေးသူပါသည်၊ ထိုအလုံးရုံးသောသူတို့အား အကျိုးကြီးမြတ်သည် ဖြစ်ပါစေသတည်းပြော်ဆို ချောက်ထား၏။

ငါသည်ဤသို့သဘောရှိသော သုံတော်ကောင်းကိုအကယ်၍ သည်းမခံခဲ့စေသည်ဖြစ်အံ့ နတ်ဘို့လက်နက် မိုးလိုးကြိုးစက် မည်သည် ငါ၏ဦးထိပ်ထက်၌ ကျပေလတ္တံ့ဟု ကြံ၏ ကြံပြီး၍ယား သူခွေးကြီးသည် ထိုပညာရှိသောကျွား၏ခြေရင်း၌ ဝပ်စင်းပြီးသော် အရှင်၊အကျွန်ုပ်အား သည်းခံပါလော့ဟု ပြော၏။ ဤအမှုကား အဘယ်နည်းဟု ထိုပညာရှိယောကျ်ားက မေးသည်ရှိသော် မိမိပြုလုပ်ကြံစည်မိခဲ့သော အလုံးရုံကို အကုန်ပြန်ကြား၏။

## သူခွေးကြီးသောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ထိုအမှုအရာကိုမြင်တော်မူ၍ ဤအမှုကား အဘယ်နည်းဟု အလှူဒါနကိုနှိုးဆော်တိုက်တွန်း၍ ပေးသူသောပညာရှိယောကျ်ားကို မေးတော်မူ၏၊ ထိုယောကျ်ားသည် လွန်ခဲ့သောနေ့မှစ၍ ဖြစ်ခဲ့သမျှသောအကြောင်း အလုံးရုံကို အကုန်လျှောက်ကြား၏၊ ထိုအခါ မြတ်စွာဘုရားသခင်က သူခွေးကြီးကို အသင်သူခွေးကြီး၊ဤသို့ ပြုလုပ်သောဟူသည် ဟုတ်မှန်ပေသလော ဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည်ဟု ဝန်ခံလျှောက်ထားသည်ရှိသော် ဒါယကာသူခွေးကြီး၊ဘုသိုလ်ကောင်းမှုမည်သည် အနည်းငယ်ဟူ၍ မအောက်မေ့အပ်၊ငါကဲ့သို့ သဘောရှိသော ဘုရားအမှူးရှိသော ရဟန်းသံဃာတော် အပေါင်းအား စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းဒါနကို ပြုလုပ်လှူဒါန်း၍ အနည်းငယ်မျှတကားဟု မမှတ်ထင်အပ်။ ထိုစကားမှန်၏။ ပညာရှိသောသူတို့သည် ကောင်းမှုကိုပြုသည်ရှိသော် အထက်သို့ချက်နှာမူ၍ထားသဖြင့် ဟင်းလင်းပွင့်သောအိုးသည် ရေဖြင့်ပြည့်ကုန်ဘိသကဲ့သို့ အစဉ်အတိုင်း ကုသိုလ်ကောင်းမှုဖြင့် ပြည့်ကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားဒေသနာကိုဟောကြားတော်မူလိုသောကြောင့်-

မာဝမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
ဓီရော ပူရတိ ပုညဿ၊ ထောကထောကမ္ပိ အာစိနံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

ထိုဒေသနာပါဠိဂါထာ၏အဆုံး၌ သူဌေးကြီးသည် သောတာပတ္တိဖိုလ် သို့ရောက်လေ၏၊ ထိုမှတပါး များစွာသော ပရိသာတ်တို့ သည်လည်း အကျွတ်တရားကို ရကုန်၏။

**အနက်ကား။** ။မန္တံ၊ အနည်းငယ်သော ကောင်းမှု ကုသိုလ်ကံ အကျိုးသည်၊ နအာဂမိဿတိ၊ မလာမရောက်လတ္တံ့ဟု။ မာဝမညေထ၊ မင်ထေမဲ့မြင် မအောက်မေ့ရာ။ ဥဒဗိန္ဒုနိပါတေန၊ ထက်ဝန်းကျင်လျှောက် မိုးစင်းရေပေါက်သည် ကျရောက်ဖန်များသဖြင့်။ ဥဒကုမ္ဘောပိ၊ ရေအိုးကြီး သည်လည်း၊ ပူရတိယထာ၊ ပြည့်ရသကဲ့သို့၊ ဧဝံတထာ၊ ထိုအတူ သာလျှင်၊ ဓီရော၊ ကြောင်းကျိုးမြင်သိ ပညာရှိသည်။ ထောကံထောကမ္ပိ၊ အနည်းငယ်အနည်းငယ်လည်း။ ပုညံ၊ ကောင်းမှုကို၊ အာစိနံ-အာစိနန္တော၊ ဆည်းပူးသည် ဖြစ်သော်။ ပုညဿ၊ ကောင်းမှုဖြင့်။ ပူရတိ၊ ပြည့်၏။ ။ ဤကားအနက်။

ဓမ္မပဒပါပဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော ဗိဠာလပဒက
သူဌေးကြီး၏ ဝတ္ထုစကားစဉ်ကား ဤတွင်
ရွှေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၇-မဟာဓနကုန်သည်၏ဝတ္ထု။

**ဝါဏိဇောဝ ဘယံ မဂ္ဂံ။** ။အစခံသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ ဝါလုကန္တာရ၊ ဤသို့ သည်၊ ဘယထုပြောတောကြီးအကွက် လွန်နံ့ခက်၍၊ စိတ်သောက်သော၊ ဆင်းရဲရှာသော၊ များစွာသော ကုန်သည် အပေါင်းကို၊ ရင်းလမ်းကြောင်းမှ၊ ကောင်းစွာထွက်ပေါက်၊ ကူးမြောက် လွယ်အောင်၊ ရှက်ဆောင်ပြုပြီး၊ လှည်းမှူးကြီးပမာ၊ သံသရာကန္တာရ၊ ဇာတိစသောဒုက္ခဖြင့်၊ ရှုတ်ပွနက်နဲ၊ ခရီးခဲမှ၊ ထုတ်ဆွဲကယ်တင်၊ အစဉ်

နည်းလမ်းပေးကမ်းဆုံးမ၊ ဝေနေယျတို့၏အဦး၊ လှည်းမူးစင်စစ်၊ ဖြစ်တော်မူသောမြတ်စွာဘုရားသည်၊ အများပုဂ္ဂိုလ်၊ သိုထိုလူအပေါင်း၊ ခိုအောင်းရာအရပ်၊ သာဝတ္ထိပြည်မြတ်မှ၊ တောင်စပ်ယွန်းဘိ၊ ဘုမ္မိရိပ်မွန်၊ ဇေတဝန်ရှုကျောင်း၌ ကိန်းအောင်းစံပယ်တော်မူစဉ်အခါ မဟာခနကုန်သည်တဦးကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ထိုမဟာခနကုန်သည်၏အိမ်၌ ငါးရာကုန်သောခိုးသူတို့သည် ခိုးဖောက်ယူငင်ခြင်းငှါ အခွင့်အခါကိုရှာမှီးလျက် ကြည့်ရှုဆိုင်းလှည့်လည်နေရာ တစုံတခု ပြုလုပ်ခိုးဖောက်ယူငင်ဘို့ရာဖြစ်သောအခါ မရကုန် နောက်အခါတို့ဖြစ်သော တပါးသောအခါ၌ မဟာခနကုန်သည်သည် ငါးရာကုန်သော လှည်းတို့ကို ပစ္စည်းဘဏ္ဍာတို့ဖြင့် ပြည့်စေ၍ ရဟန်းတော်အရှင်တို့အား "တပည့်တော်သည် ဤအမည်ရှိသော အရပ်သို့ ကုန်ကူးသန်းခြင်းငှါ သွားပါအံ့၊ အကြင်ရဟန်းတော်တို့သည် ထိုအရပ်သို့ ကြွသွားတော်မူလိုကုန်၏ ကြွသွားတော်မူလိုကုန်သော ထိုရဟန်းတော်တို့သည် ထွက်ကြွမူကြပါကုန်လော့။ လမ်းခရီးအကြား၌ ဆွမ်းဘောဇဉ်တို့ဖြင့် မနွမ်းနယ်မပင်ပန်းဘဲ ဖြစ်ပါကုန်လိမ့်မည်"ဟု သတင်းစကား လျှောက်ကြားမှာထားလိုက်၏။ ထိုသို့သော သတင်းစကားကိုကြား၍ ငါးရာကုန်သော ရဟန်းတို့သည် ထိုကုန်သည်နှင့်အတူတကွ ထွက်ကြွတော်မူကြကုန်၏။

## မဟာခနကုန်သည်နှင့်ခိုးသားငါးရာ။

ထိုငါးရာကုန်သော ခိုးသားတို့သည်လည်း မဟာခနကုန်သည်ထွက်သွားသည်ဟု ကြားသိသောကြောင့် လမ်းခရီး ဖြစ်သော တောအုပ်၌ သွားရောက်စောင့်ဆိုင်း တည်နေကုန်၏၊ ကုန်သည်လည်း သွားရောက်၍ ခိုးသူစောင့်ဇုံသော တောအုပ်အဝဖြစ်သော တခုသောရွာ၌ တည်းခိုနေထိုင်ခြင်းကိုပြု၍ နှစ်ရက်သုံးရက်တို့ ကာလပတ်လုံး နွားလှည်း တို့ကို ပြုပြင်စီရင်၏။ ထိုသို့ငံ့ဆိုင်း ပြုပြင်နေသော အခါ၌လည်း မိမိနှင့်အတူ ပါလာသော ရဟန်းတို့အား အမြဲမပြတ် နိစ္စဘတ်ဆွမ်းဝတ်ဖြင့် မချွတ်မယွင်းရအောင် ပြုရလုပ်ကျွေး ပေးလှူသည်သာသာလျှင်တည်း။

ခိုးသူတို့သည် ထိုကုန်သည်ကား အလွန်မြင့်ကြာ၍ လာခဲလှသည်။ သွားတဲ့ချေ။ ထိုမဟာဓနကုန်သည်၏ ရှေ့သို့ထွက်အံ့သော နေ့ကို သိအောင် ပြုပြီးသည့်ကာလ၊ လာခဲ့လေ့ဟု တယောက်သော ခိုးသူကို ပြောဆို လွှတ်ကုန်၏၊ ထိုစေလွှတ်အပ်သော ခိုးသူသည် ရွာသို့သွားရောက်၍ မိမိ အပေါခင်ပွန်း ချစ်ကျွမ်းဝင်သော လူတယောက်ကို၊ အချင်း၊ မဟာဓန ကုန်သည်ကြီးသည် အဘယ်အခါ၌ ရွာမှထွက်၍ သွားလတ္တံ့နည်း ဟု မေး၏။ ထိုလူကလည်း နှစ်ရက်,သုံးရက်ကို လွန်မြောက်က သွားပေသိမ့် မည်ဟု ပြောပြီးသော်၊ အဘယ်အကျိုးငှါ အသင် မေးမြန်းဘိသနည်းဟု ပြန်၍မေး၏၊ ထိုအခါ ခိုးသူယောက်ျားက။ အချင်း ငါတို့ ငါးရာကုန်သော ခိုးသူတို့သည် ထိုမဟာဓန ကုန်သည်ကို လုယက်ဖျက်ဆီး ပစ္စည်းဥစ္စာကို ယူခြင်းအကျိုးငှါ တောအုပ်၌ လာရောက်စောင့်ငံ့ နေကြပေသည် ဟု ပြော၏။

ဤမှတပါး ခင်ပွန်း ယောက်ျားကလည်း ထိုသို့တပြီးကား အသင် သွားလေလော့ လျင်စွာ ထွက်ပေလတ္တံ့ ဟု ပြောဆို လွှတ်သိုက်ပြီးလျှင်။ အသို့နည်း၊ ငါသည် ခိုးသူတို့ကိုဘည်း တားမြစ်ရအံ့လော၊ သို့တည်း မဟုတ် ကုန်သည်ကိုတည်း တားမြစ်ရအံ့လော ဟု ကြံဆင်ခြင်ပြီး၍၊ ခိုးသူတို့ဖြင့် ငါ့အား အဘယ်အကျိုး ရှိအံ့နည်း၊ မဟာဓနကုန်သည်ကို အမှီပြုပြီးသည့်ကာလ ငါးရာကုန်သော ရဟန်းတို့သည် ပင်ပန်း နွမ်းနယ်ခြင်း မရှိ၊ ဆွမ်းဘောဇဉ် အာဟာရတို့ဖြင့် မျှတဘည်နေ အသက်ရှည် ရကုန်၏။ ကုန်သည်အား အမှတ်သညာကို ပေးအံ့ဟု ကြံ၍၊ ထိုယောက်ျားသည် ကုန်သည်၏ အထံသို့ သွားပြီးသော်။ အရှင် ကုန်သည်တို့၊ အသင် တို့သည် အဘယ်သို့သော နေ့ရက်၌ သွားကုန်လတ္တံ့နည်း ဟု မေးသဖြင့်၊ သုံးရက်မြောက်သောနေ့၌ သွားပေအံ့ဟု ဆိုသည်ရှိသော်၊ အကျွန်ုပ်၏ စကားကို လိုက်နာသည်ကို ပြုကုန်လော့၊ ဤအမည်ရှိသော တောအုပ်၌ ငါးရာကုန်သော ခိုးသူတို့သည် အသင် ကုန်သည် လာလတ္တံ့သည်ကို မြော်ငံ့ဆိုင်းလင့်၍ တည်ကုန်၏၊ မသွားကြပါကုန်လင့်ဦး ဟု ပြောဆို တားမြစ်သည်ရှိသော်၊ အသင် အဘယ်ကြောင့် သိနိုင်သနည်းဟု မေး သဖြင့်၊ ထိုခိုးသူတို့၏ အတွင်း၌ အကျွန်ုပ်၏ အပေါခင်ပွန်းသည် ရှိ၏။ ထိုအပေါခင်ပွန်း ပြောကြားသော စကားဖြင့် သိအပ်ပါသည် ဟု ပြော၏၊

ထိုသို့တပြိုကား ငါ့အား ဤလမ်းခရီးသို့ သွားသဖြင့် အဘယ်အကျိုးရှိအံ့နည်း ဆုတ်နစ်ပြန်လည်ပြီးသောကာလ အိမ်သို့သာလျှင်သွားတော့အံ့ဟု ပြော၏ ထိုကုန်သည်ကြီးမသေ၍ ကြာမြင့်ပြန်သည်ရှိသော်၊ တဖန် ခိုးသူတို့ စေလွှတ်အပ်သော ခိုးသူသောကျွားသည် သွားရောက်၍၊ မိမိ အပေါ်ခင်ပွန်းဖြစ်သော ထိုယောကျ်ားကို မေးမြန်းသဖြင့် သတင်း စကားကို ကြားသိရသည် ရှိသော်၊ လျင်စွာ မြန်စွာလာခဲ့၍ ကုန်သည်ကြီးသည် ဆုတ်နစ်ပြန်လည်၍ အိမ်သို့သာလျှင် သွားပေလိမ့်သတတ်ဟု ခိုးသူတို့အား ပြောကြား၏၊

ခိုးသူတို့သည် ထိုစကားကိုကြား၍ မိမိတို့ဆိုင်းငံ့နေသော တောအုပ်မှ ထွက်ပြီးလျှင်၊ ဤမှတပါးဖြစ်သော အပြန်ဖြစ်သော လမ်းခရီး၌ ဆိုင်းငံ့မြော်လင့်၍ တည်နေကြကုန်၏၊ ထိုကုန်သည်ကြီး မလာ၍ ကြာမြင့်သည်ရှိသော်၊ တဖန်လည်း ထိုငါးရာကုန်သော ခိုးသားတို့သည် ယခင်စေနိုင်းအပ်သော ယောကျ်ားကိုပင် ကုန်သည်ကြီး အထံသို့ သတင်းစကားကို ကြားသိရန်အလို့ငှါ စေလွှတ်ကြကုန်၏။ ထိုခိုးသားသည်လည်း ရှေးနည်းအတူသာလျှင် မိမိ အပေါ်ယောကျ်ား၏ အထံသို့ သွား၍ မေးမြန်းစိစစ်သောကြောင့်၊ ထိုခိုးသားတို့၏ အပြန် လမ်းခရီး၌ တည်ရှိသည့် အဖြစ်ကိုသိ၍ တဖန် ထိုယောကျ်ားသည် ကုန်သည်ကြီးအား ပြောကြားပေ၏။

## ရဟန်းငါးရာပြန်ကြွခြင်း။

မဟာခနကုန်သည်ကြီးလည်း ငါ့အား ဤအရပ်၌ တရုံတခုချို့နဲ့ခြင်း အမှုမရှိ။ ဤသို့ ဖြစ်ခဲ့သည် ရှိသော်၊ ဤအရပ်မှ တပါးသော အရပ်သို့ မသွားသေးမူ၍၊ ဤအရပ်၌ပင်လျှင် နေဦးတော့မည် ဟု ကြံပြီးလျှင်၊ ရဟန်းတို့၏ အထံသို့ သွားရောက်၍၊ အရှင်ဘုရားတို့၊ ခိုးသူတို့သည် တပည့်တော်ကို ဖျက်ဆီးလုယက်ခြင်းငှါ လမ်းခရီး၌ စောင့်ဆိုင်း ငံ့လင့်၍ နေကြပါကုန်သည် တဖန် ဆုတ်နစ်ပြန်လည်အံ့ဟု ကြံပြန်ပါသော်လည်း၊ ထိုအကြောင်းကို ခိုးသူတို့ကြား၍ အပြန်လမ်းခရီး၌ စောင့်ဆိုင်းငံ့လင့်၍ နေကြပါကုန်ပြီ။ တပည့်တော်သည် ဤအရပ်မှ တပါးသော အရပ်သို့

မသွားနိုင်သေးဘဲ၊ အနည်းငယ်မျှ ဤအရပ်ဒေသ၌ပင်လျှင် နေရပါလိမ့်ဦးမည်၊ သို့ဖြစ်၍ ဤအရပ်၌ သိတင်းသုံးတော် မူလိုကုန်သော အရှင်ကောင်းတို့သည်လည်း သိတင်းသုံးတော် မူကြပါကုန်လော့၊ ဖဲကြွတော်မူလိုကုန်သော အရှင်ကောင်းတို့ သည်လည်း အရှင်မြတ်တို့ အလိုရှိ နှစ်သက်တော်မူသည့်အတိုင်း ပြုတော်မူပါကုန်လေ့ဟု လျှောက်၏။

ရဟန်းတို့သည် "ဒါယကာ၊ ဤသို့ ဖြစ်ခဲ့သည်ရှိသော်၊ ငါတို့သည် ဆုတ်နစ်ပြန်လည်ကုန်တော့မည်"ဟု မဟာခနကုန်သည်ကြီးကို ပန်ကြား ပြီးသော်၊ တဖန် သာဝတ္ထိပြည်သို့သာလျှင် ပြန်သွား၍၊ မြတ်စွာဘုရား သခင်ကို ကြည့်လင် ညွတ်လျှိုး ရှိခိုးဦးချ ပြီးသည့်ကာလ ထိုင်နေကြ ကုန်၏၊

## ရဟန်းငါးရာ ပဒိုသဏ္ဌိဒါပဌာ္နရဟန္တာဖြစ်ခြင်း။

မြတ်စွာဘုရား သခင်က၊ ချစ်သားရဟန်းတို့၊ အသို့ပေနည်း၊ အသင် တို့သည် မဟာခနကုန်သည်နှင့် အတူတကွ မသွားကြကုန်သလောဟု မေးတော်မူသည် ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ သြော်-ဟုတ်မှန် ပါပေ၏။ မဟာခနကုန်သည်ကြီးအား လုယက် ဖျက်ဆီး ခြင်း၌၊ နှင်ဘက်သော လမ်းခရီးတို့၌ ခိုးသူတို့ထ၍ နေပါကုန်သည်။ ထို့ကြောင့် မဟာခန ကုန်သည်ကြီးသည် ထိုအရပ်၌သာလျှင် တည်နေ ရပါတော့သည်၊ တပည့်တော်တို့သည်ကား ပြန်လာခဲ့ပါကုန်သည် ဟု လျှောက်ကြားသည်ရှိသော်၊ ချစ်သားရဟန်းတို့၊ များစွာသော ပစ္စည်း ဥစ္စာရှိသော ကုန်သည်သည် ဖျက်ဆီးလုယက် လတ္တံ့သော ခိုးသူတို့၏ ရှိသည့်အဖြစ်ကြောင့် ခိုးသူရှိသော ထိုလမ်းခရီးကို ကြဉ်ရှောင်သကဲ့သို့ ပင်း၊ အသက် ရှည်လိုသော သောက်ျားသည် လျှင်မြန်စွာ လတ်တလော သေစေတတ်သော အဆိပ်ကို ကြဉ်ရှောင်ဘိ သကဲ့သို့ပင်း၊ ငါဘုရားသာသနာ ကို ထွန်းသော ရဟန်းကောင်းသည်လည်း သုံးပါးသော ဘဝတို့ကို ခိုးသူတို့ဖြင့် ထသော ခရီးလမ်းနှင့် တူကုန်သည်ဟု သိ၍၊ ယုတ်မာညစ်ကျု မကောင်းမှုကို ကြဉ်ရှောင်ခြင်း၌ သင့်လျော် လျှောက် ပတ်ပေသည်ဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**ဝါဏိဇောဝ ဘယံ မဂ္ဂံ၊ အပ္ပသတ္ထော မဟဒ္ဓနော။**
**ဝိသံ ဇီဝိတုကာမောဝ၊ ပါပါနိ ပရိဝဇ္ဇယေ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာ ပါဠိဂါထာ၏ အဆုံး၌ ထိုငါးရာကုန်သော ရဟန်းတို့သည် ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

**အနက်ကား။** ။အပ္ပသတ္ထော၊ နည်းသော ကုန်သည် အပေါင်းအဖော် ရှိသော၊ မဟဒ္ဓနော၊ ကြွယ်ဝချမ်းသာ၊ များစွာသော ပစ္စည်းဥစ္စာရှိသော။ ဝါဏိဇော၊ ကုန်သည်သည်။ ဘယံ မဂ္ဂံ၊ ခိုးသူတားဆီး၊ ဘေးရှိသော လမ်းခရီးကို။ ဝဇ္ဇေတိ ဣဝ၊ ကြဉ်ရှောင်သကဲ့သို့။ ဇီဝိတုကာမော၊ အသက်မသေ၊ တည်နေလိုသောသူသည်။ ဝိသံ၊ လောလောလတ်လတ်၊ သေစေတတ်သောအဆိပ်ကို။ ဝဇ္ဇေတိ ဣဝ၊ ကြဉ်ရှောင်သကဲ့သို့။ ပဏ္ဍိတော၊ ပညာရှိသော။ ဘိက္ခု၊ ရဟန်းသည်၊ ပါပါနိ၊ အနည်းငယ်မျှသာဖြစ်သော မကောင်းမှုတို့ကို သော်လည်း၊ ပရိဝဇ္ဇယေ၊ ကြဉ်ရှောင် ရာ၏။ ။ ဤကားအနက်။

ဓမ္မပဒပါဠိပဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော မဟာဓနကုန်သည်၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၉-ပါပဝဂ်။ ၈-ကုက္ကုဋမိတ္တမုဆိုး၏ဝတ္ထု။

**ပါဏိမှိ စေ ဝဏော နာသ။** ။ဤသို့စသည့်၊ ဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ ပါဠာဘိပါတာ၊ အာဒိစသည့်၊ ပါပဒုစရိုက်၊ အပြစ်မိုက်ကို၊ နှစ်မြိုက်များစွာ၊ ဝေနေယျာတသင်းတို့အား၊ သနားရင်း ကရုဏာဖြင့်၊ ကောင်းစွာ ဆုံးမတော်မူတတ်သော လူ,နတ်,မကိုန်၊ သုံးတိုက် အဓိပတိ၊ မုနိထွဋ်ထား၊ မြတ်စွာဘုရားသည်၊ မြွှသာ ဇမ္ဗူရာဇ်၊ သွန်းသစ် တမျှ၊ ဗိမ္ဗိသာရမင်းကြီးသည်၊ စီးပွါးသဒ္ဓါ၊ ကောင်းစွာ ဆောက်လုပ် လှူဒါန်းအပ်သော ဝေဠုဝန် ကျောင်းတော်၌ ကိန်းအောင်း မျှာတော်မူလျက်၊ ကုက္ကုဋမိတ္တ၊ အမည်ရသော၊ နေသာဒအမျိုး၊ မုဆိုးတဦးကို၊ အကြီးအမှူးထားလျက်၊ ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္ဆုပ္ပန်ဝတ္ထု။

ရာဇဂြိုဟ်ပြည်ကြီး၌ အဆင်းသဏ္ဍာန် လှပသော တယောက်သော သူဌေးသမီးကို အရွယ်သို့ရောက်သည်ရှိသော်၊ အမိ၊ အဘ နှစ်ပါးတို့သည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏အထက် ကြက်သရေရှိသော တိုက်ခန်း၌ အစောင့်အရှောက် အလို့ငှါ တယောက်သော အလုပ်အကျွေးကိုပေး၍ မွေးမြူခြင်းကို ပြုကြကုန်၏။

တနေ့သောကာလ ညနေချမ်းအခါ၌ လေသောက်ပြူတင်းဖြင့် ခရီးမ,ကို ကြည့်ရှုသည် ရှိသော်၊ ငါးရာကုန်သော ကြေ့ကွင်း၊ ငါးရာကုန်သော တံပို့တို့ကို ကိုင်ပ,ူ သျက်၊ သား,သမင်တို့ကို သတ်၍၊ အသက်မွေးမြူသော ငါးရာကုန်သော သမင်သားတို့ကို သတ်၍၊ ထိုအသားတို့ဖြင့် လှည်းတို့ကို ပြည့်စေပြီးလျှင်၊ လှည်းဦး၌ ထိုင်နေ၍ ထိုအသားတို့ကို ရောင်းစားခြင်းငှါ မြို့သို့ ဝင်ရူဝင်လာသော ကုက္ကုဋမိတ္တမုဆိုးကို မြင်၍၊ ထိုကုက္ကုဋမိတ္တမုဆိုး၌ ချစ်ခင် တပ်ညွတ်သော စိတ်ရှိရကား၊ အလုပ်အကျွေး၏ လက်၌ လက်ဆောင်ကို ပေး၍ သွားဘဲ့ချေ၊ သား,သမင်အသေတို့ကို ရောင်းချခြင်းငှါ လှည်းဖြင့် မြို့သို့ ရှေးရှုလာသော ထိုသူ၏ ပြန်သွားအံ့သော အခါကို သိပြီးသည့်ကာလ လာခဲ့လော့ ဟု မှာထား စေလွှတ်၏။

### သူဌေးသမီးနှင့်မုဆိုး။

အလုပ်အကျွေး မိန်းမသည်လည်း ကုက္ကုဋမိတ္တ မုဆိုး၏ အထံသို့ သွားရောက်၍၊ လက်ဆောင် ပဏ္ဏာကာရကို ပေးပြီးလျှင် ပြန်အံ့သော အခါကာလကို မေးမြန်း၏။ မုဆိုးကလည်း ယနေ့ သား, ဟင်းမျိုးကို ကုန်အောင် ရောင်းချပြီးသော ကာလ၊ နံနက် စောစောမှသာလျှင် ဤ-အမည်ရှိသော တံခါးဖြင့် ထွက်သွားပေအံ့ဟု ပြော၏၊ အလုပ်အကျွေး မိန်းမသည် မုဆိုးပြောဆိုသော စကားကို မှတ်သားနာယူခဲ့၍ ပြန်လာပြီးလျှင်၊ ထိုသူဌေးသမီးအား ပြောကြား၏။

သူဌေးသမီးသည် မိမိသည် ယူခြင်းငှါ သင့်လျော် လျောက်ပတ် ကောင်းမြတ်သော အဝတ် တန်းဆာ ပစ္စည်း ဥစ္စာကို ထုပ်ပိုးပြုပြင်

စီရင်၍၊ နံနက် စောစောမှသာလျှင် ညစ်နွမ်းသော အဝတ်ကို ဝတ်၍၊ ရေအိုးကို ယူပြီးလျှင် ကျွန်မတို့နှင့် အတူတကွ ရေဆိပ်သို့ သွားဘိသကဲ့သို့ ထွက်ခဲ့ပြီး၍၊ ထိုမုဆိုး လာလတ္တံ့သော လမ်းခရီးက ကြည့်ရှုမြော်ငံ့၍ တည့်နေလင့်၏၊ ကုက္ကုဋမိတ္တမုဆိုးသည် နံနက် စောစောက ပင် လှည်းကိုမောင်းနှင်ထွက်လာခဲ့၏ သူဌေးသမီးသည် လှည်းမောင်းနှင်သောအခါ၊ လှည်း၏ နောက်မှသာလျှင် လိုက်သွား၍။

ကုက္ကုဋမိတ္တ မုဆိုးသည် သူဌေးသမီးကို မြင်၍၊ အသင် ချစ်နှမ၊ အသင်သည် အဘယ်သူ၏ သမီးပေနည်းဟု မေး၍၊ အသင် ချစ်နှမ၊ အသင့်ကို ငါတို့ အဘယ်သူ၏ သမီးဟူ၍ မသိကုန်။ သင်သည် ငါ၏ နောက်သို့ မလိုက်လာပါလင့် ဟု တားမြစ်ပြောဆို၏။

အရှင်၊ အသင်သည် ကျွန်တော်မကို ခေါ်ဆောင်သည် မဟုတ်ပါ။ ကျွန်တော်မ အလိုအလျောက် လိုက်လာပါသည် အရှင်သည် ဆိတ်ဆိတ်သာလျှင် ဖြစ်၍သာလျှင် မိမိ၏ လှည်းကို မောင်းနှင်ပါလော့ ဟု ပြော၏။ ကုက္ကုဋမိတ္တမုဆိုးသည် ထိုသို့ ပြောဆိုပါသော်သည်း အဖန်ဖန် အထပ်ထပ် တားမြစ်သည်သာလျှင်တည်း၊

ထိုအခါ သူဌေးသမီးက၊ အရှင်၊ အသရေမည်သည် မိမိ၏ထံမှောက်သို့ လာရောက်သည်ကို တားမြစ်ခြင်းငှါ မသင့်မလျော်ပါ ဟု ပြော၏။ ကုက္ကုဋမိတ္တမုဆိုးသည်လည်း ယုံမှားမဲ့ ဤသတို့သမီးသည် ငါ၌ မေတ္တာသက်ဝင် ချစ်ခင် ဇွဲမ်းညွတ်၍ လိုက်လာတော့သည် ဟု လာသောအကြောင်းကိုသိ၍၊ သူဌေးသမီးကို လှည်းထက်သို့ တင်ယူပြီးလျှင်သွား၏၊ သူဌေးသမီး၏ မိခင်ဘခင်တို့သည်လည်း ထိုမှဤမှ ရှာဖွေ ကြည့်ရှုစေ၍ မတွေ့မမြင်ကုန်သည်ရှိသော် ငါတို့၏ သမီးသည် သေလွန်သည် ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ မှတ်ထင်၍၊ သူသေ၏ အတွက်ကို ရည်မှတ်ပြီးလျှင် ကျွေးမွေးလှူဒါန်းခြင်း ဟု ဆိုအပ်သော မတကဘတ်ကို ပြုကြကုန်၏။ ထိုသူဌေးသမီးသည်လည်း ကုက္ကုဋမိတ္တမုဆိုးနှင့် အတူတကွ သင့်နေကြ၍ သံဝါသကို အစွဲပြုပြီးသောကာလ အစဉ်အတိုင်း ခုနစ်ယောက်ကုန်သော သားတို့ကို ဖွါးမြင်လေ၏။ ထိုသားတို့သည် အစဉ်အားဖြင့် ကြီးပွါးသည့် အလျောက် အရွယ်သို့ ရောက်သည်ရှိသော် ထိုက်လျောက်

သော သတို့သမီးတို့နှင့် ထိမ်းမြားလက်ထပ်၍ အိမ်ရာ ဖွဲ့နှောင်ခြင်းကို ပြု၏၊

## ကုက္ကုဋမိတ္တ မုဆိုးထံ မြတ်စွာဘုရား ကြွတော်မူခြင်း။

ထိုနောက် တနေ့သ၌၊ ဘုန်းတိုက် မကုမှ၊ ဒုဘုလ ခေါင်ဖျား၊ ဘုရား ကိုယ်တော်မြတ်သည် မိုးသောက်ယာမ် အခါ၊ နံနက်အ၌ သောကကို ကြည့်ရှုတော်မူသည်ရှိသော် သား၊ ချွေးမတို့နှင့် တကွသော ကုက္ကုဋမိတ္တ မုဆိုးကို ဉာဏ်တော် တည်းဟူသော ကွန်ယက်သို့ ဝင်လာသည်ကို မြင်တော်မူ၍၊ ထိုသူတို့သည် အသို့ဖြစ်ပေသတ္တံ့နည်းဟု ဆင်ခြင်တော် မူပြန်သည်ရှိသော် တကျိပ်ငါးယောက်ကုန်သော ထိုသူတို့အား သောတာ ပတ္တိမဂ်၏ အကြောင်းဥပနိဿယ ပြည့်စုံလင်သည်ကို မြင်တော်မူသော ကြောင့်၊ နံနက်စောစောကပင်လျှင် သပိတ်သင်္ကန်းကို ယူတော်မူပြီးသည့် ကာလ၊ ကုက္ကုဋမိတ္တ မုဆိုး၏ ကြော့ကွင်း ထောင်ထားရာ အရပ်သို့ ကြွသွားတော်မူ၏။ မြတ်စွာဘုရား ကြွသွားတော်မူသော ထိုနေ့ပတ်လုံး ကြော့ကွင်း၌ ဖွဲ့မိသော တကောင်မျှသော သား၊ သမင်ရှိသည် မဖြစ်၊ မြတ်စွာဘုရားသခင်သည် ထိုကြော့ကွင်း၏ အရင်း၌ ခြေတော်ရာကိုပြ၍ နေ့တည့်တည့်မှ တခုသော ချုံ၏အောက် အပြင်ဖြစ်သော ချမ်းမြသော အရိပ်၌ ထိုင်တော်မူ၏၊

ကုက္ကုဋမိတ္တမုဆိုးသည် နံနက် စောစောကပင်လျှင်၊ လေးကိုယူ၍ ကြော့ကွင်း ထောင်ထားရာ အရပ်သို့ သွားရောက်ပြီးလျှင်၊ အစမှစ၍ ကြော့ကွင်းတို့ကို ကြည့်ရှုသျှက်၊ ကြော့ကွင်း၌ တကောင်သော သား၊ သမင်မျှမိသည်ကို မတွေ့မြင်ဘဲ မြတ်စွာဘုရား ခြေတော်ရာကို မြင်သ၏၊ ထိုအခါ ကုက္ကုဋမိတ္တမုဆိုးအား အဘယ်သူသည် ငါ၏ ကြော့ကွင်း၌ ဖွဲ့မိသော သား၊ သမင်တို့ကို အလျှင်ဖြေချွတ် လွှတ်၍ လှည့်သည်တိ သနည်း ဟု ကြံ၏။ ကြံပြီး၍ကား ခြေရာရှင် ဖြစ်သော မြတ်စွာဘုရား၌ ရန်ငြိုးဖွဲ့ပြီးသည့် ကာလ၊ အစဉ်အလျောက်လိုက်၍ သွားသည်ရှိသော်၊ ချုံရင်း၌ ထိုင်နေ သီတင်းသုံးတော် မူသော မြတ်စွာဘုရား သခင်ကို တွေ့မြင်၍၊ ဤသူသည် ငါ၏ သား၊ သမင်တို့ကို ဖြေလွှတ်အပ်သည် ဖြစ်ပေ လိမ့်မည်။ ဤသူကို သတ်ပေအံ့ဟု ကြံ၍၊ လေးကို ဆွဲငင်၍ တင်၏။

မြတ်စွာဘုရား သခင်သည်ဘား လေးကို ဆွဲငင်တင်ယူခြင်း အခွင့်ကို ပေးတော်မူ၍၊ လေးညှို့ကို ချခြင်း,ပစ်လွှတ်ခြင်း, အခွင့်ကို ပေ တော်မမူ၊ ထိုမုဆိုးသည် လေးကို ပစ်လွှတ်ခြင်းငှါရင်း၊ ချ,ခြင်းငှါလည်း၊ မစွမ်းနိုင်သောကြောင့်၊ နံရိုးတို့သည် ကျိုးထွက်အံ့သကဲ့သို့၊ ခံတွင်းမှ တံထွေး အလိမ်းလိမ်း ယိုစီးကပ်ငြိလျက် ပင်ပန်းနွမ်းနယ်သော သဘောရှိသည် ဖြစ်၍၊ မတုန်မလှုပ် တည်နေ၏။

## သားနှင့်ခုနစ်ယောက်။

ထိုအခါ မယားခင်ပွန်းမက၊ သားတို့၏ အိမ်သို့သွား၍၊ ချစ်သားတို့၊ အသင်တို့၏ဘခင်သည် ခါတိုင်းနှင့်မတူမူ၍ ယခုအခါ အလွန်ကြာမြင့်ချေသည်၊ အသင်တို့၏ ဘခင်ထံသို့ အမြန် လိုက်သွားပါကုန်လော့ ဟု မိခင်က စေလွှတ်အပ်သည် ဖြစ်သောကြောင့် ခုနစ်ယောက်သော သားတို့သည် အသီးသီး လေးတို့ကို ကိုင်ဆွဲယူငင်ပြီးသည့် ကာလ။ လိုက်သွားကြသဖြင့်၊ မတုန်မလှုပ် လေးကို မပစ်လွှတ် မချနိုင်ဘဲ တည်နေသော ဘခင်ကိုရင်း၊ ချုံရင်း၌ တည်နေတော်မူသော မြတ်စွာဘုရား သခင်ကိုရင်း၊ တွေ့မြင်၍။ ဤသူသည် ငါတို့ဘခင်၏ ရန်သူဖြစ်ပေလိမ့်မည်ဟု အောက်မေ့၍၊ ခုနစ်ယောက်ကုန်သော သားတို့သည် လေးတို့ကို ဆွဲငင်၍ တင်ကုန်၏။ မြတ်စွာဘုရား တန်းခိုးတော်ကြောင့် ထိုခုနစ်ယောက်သော သားတို့သည်လည်း ဘခင်နှင့် အသားတူစွာ လေးကိုဆွဲငင်၍ တင်ခြင်းငှါ စွမ်းနိုင်ပါလျက်၊ ပစ်လွှတ် ချသွားခြင်းငှါ မစွမ်းနိုင်ဘဲ မတုန်မလှုပ် တည်နေကြကုန်၏။

## ချွေးမများနှင့်အတူ လိုက်သွားခြင်း။

ထိုအခါ သားတို့၏ မိခင်ဖြစ်သော မိန်းမသည် ‘ငါ၏ အရှင်ခင်ပွန်းလင်သည် အလွန်ပင် ကြာမြင့်သည်ဟူ၍ ခုနစ်ယောက်ကုန်သော သားတို့ကို နောက်ထပ် တဖန် စေလွှတ်ပြန်ပါသည်။ ထိုသားတို့သည်လည်း မပေါ်လာ။ အလွန်ပင် ကြာမြင့်ချေသည်ဟု အောက်မေ့ ကြံဆင်ခြင်ပြီးသောကာလ၊ ခုနစ်ယောက်ကုန်သော ချွေးမတို့နှင့် အတူတကွ လိုက်သွား၍၊ လေးကို ကိုင်ငင်ဆွဲတင်လျက် မတုန်မလှုပ် တည်နေကုန်သော ခင်ပွန်းလင်နှင့်တကွသော သားတို့ကို မြင်၍၊ အဘယ်သူသည် ဤသူတို့၏

သေးဘို ကိုင်ငင်ဆွဲထားပါလိမ့်မည်နည်း” ဟု ကြံ၍၊ထို-ဤဒေသ ရပ်-ဌာနကို ကြည့်ရှုသည့်ရှိသော်၊ မြတ်စွာဘုရားကို မြင်၍၊ မောင်းနှစ်ဘက် တို့ကို မြှောက်ချီပြီးသည့် ကာလ၊ ကျွန်တော်မ၏ ဘခင်ကို မဖျက်ဆီး ကြပါကုန်လင့်ဟု ကျယ်စွာသော အသံကိုပြု၍ ဟစ်အော်၏၊

ကုဏ္ဍလူမိတ္တမှုဆိုးသည့် မယားခင်ပွန်းမ ဟစ်အော်သော ထိုအသံ ကိုကြား၍ ငါ့အား ပျက်စီးခြင်း ဖြစ်လေစွတကား၊ ဤသူသည် ငါ၏ သောကျွမပေတကား။ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွဟုကြံ၏၊ မုဆိုး၏သားတို့သည်လည်း ဤသူသည် ငါတို့၏ အဘိုးဖြစ်ပေသတကား။ ငါတို့သည် ဝန်လေးသောအမှုကို ပြုမိလေကုန်သည်ဟု ကြံစည်အောက် မေ့ကုန်၏· ကုဏ္ဍလူမိတ္တ မှုဆိုးသည် ဤသူကား ငါ၏ သောက္ခမပေ တည်းဟု မေတ္တာစိတ်ကိုဖြစ်စေ၏၊ မုဆိုး၏သားတို့သည်လည်း ငါတို့ ၏အဘိုးပေတည်းဟူသော မေတ္တာစိတ်ကိုဖြစ်စေကုန်၏၊

## သား ချွေးမများနှင့်မှုဆိုး သောတာပန်တည်ခြင်း။

ထိုအခါ သူဌေးသမီးသည် ထိုသားလင်ခင်ပွန်းတို့၏ လက်၌ရှိသော လေးတို့ကို လျင်စွာဆွဲယူစွန့်ပစ်ပြီး၍ ငါ၏ဘခင်ကို သည်းခံစေကြကုန် လော့ ဟု ပြော၏၊ မြတ်စွာဘုရားသခင်သည် ထိုသူတို့၏ နူးညံ့သော စိတ်ရှိသည်အဖြစ်ကို သိတော်မူ၍ လေးကိုချခြင်းငှါ ခွင့်ပေးတော်မူ၏။ ထိုအလုံးစုံသော သူတို့သည် မြတ်စွာဘုရားသခင်ကို ရှိခိုးဦးချ၍ အရှင် ဘုရားတို့၊ တပည့်တော် တို့အား သည်းခံတော် မူပါကုန်လော့ ဟု လျှောက်ကြား သည်းခံစေပြီးကာလ သင့်တင့်လျှောက်ပတ်သော အရပ်၌ ထိုင်နေ ကြကုန်၏။ ထိုသို့ ထိုင်နေကြသောအခါ မြတ်စွာဘုရား သခင် သည် ထိုသူတို့အား အစဉ်သော တရားစကားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ကုဏ္ဍလူမိတ္တ မှုဆိုးသည် သား ခုနစ်ယောက် ချွေးမခုနစ်ယောက်တို့နှင့် အတူတကွ မိမိလျှင်တဆဲ့ငါးယောက်မြောက် ဖြစ်၍ သောတာပတ္တိဖိုလ်၌ တည်လေ၏။

မြတ်စွာဘုရား သခင်သည် ဆွမ်းအလို့ငှါ လှည့်လည် တော်မူ၍ ညချမ်းသောအခါ၌ ကျောင်းတော်သို့ ကြွတော်မူ၏။ထိုအခါ အာနန္ဒာ မထေရ်သည် ဘုရား ကိုယ်တော်မြတ်သို့ ချဉ်းကပ်၍ ဘုန်းတော်ကြီး တော်မူသောမြတ်စွာဘုရား၊ အဘယ်အရပ်သို့ ကြွတော်မူပါကုန်သနည်း

ဟု မြတ်စွာဘုရားကို မေးလျှောက်၏။ ချစ်သားအာနန္ဒာ၊ ကုဏ္ဍလကေသီမှုဆိုး၏ အထံသို့ ကြွသွားပေသည်ဟု မိန့်တော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်တို့သည် ထိုမှုဆိုးကိုပါဏာတိပါတကို ပြုကျင့်ခြင်းမှ ပစ်စွန့်ဝေးစွာ မပြုကျင့်ဘို့ရာအကြောင်း ကောင်းစွာသော နည်းဥပဒေသဖြင့် ဆုံးမခြင်းကို ပြုတော်မူအပ်ပါသလော ဟု လျှောက်ထားသဖြင့် ချစ်သားအာနန္ဒာ သြော်-ဟုတ်ပေ၏။ ငါဘုရားသည် ထိုကုဏ္ဍလကေသီ မှုဆိုးလျှင် တဆဲ့ငါးယောက် မြောက်သော သူတို့၏ မတုန်မလှုပ်သော အစလသဒ္ဓါ၌ တည်ပြီးသည့်ကာလ သုံးပါးကုန်သော ရတနာတို့၌ ယုံမှားခြင်း ကင်းသည်ဖြစ်၍ ပါဏာတိပါတကံကို မပြုမလုပ်သောအဖြစ်ဖြင့် ဖြစ်စေအပ်လေပြီဟု မိန့်တော်မူ၏။

**လင်မှုဆိုး,မယား သောတာပန်တည်ခြင်း။**

ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ထိုမှုဆိုးအား ခင်ပွန်းမမယားသည် ရှိပါသလောဟု မေးလျှောက်သဖြင့် ချစ်သားရဟန်းတို့၊ သြော် ရှိပေ၏။ ထိုခင်ပွန်းမ မယားသည် အမျိုးမိဘတို့ အိမ်၌နေစဉ် သတို့သမီး အဖြစ်ကပင် သောတာပတ္တိဖိုလ်သို့ ရောက်လေသည် ဟု မိန့်တော်မူ၏။ ထိုနောက် ရဟန်းတို့သည် တရားသဘင်အစည်းအဝေးခွင်၌ ငါ့ရှင်တို့၊ ကုဏ္ဍလကေသီမှုဆိုး၏ ခင်ပွန်းမယားသည် ငယ်ရွယ်စဉ်ဖြစ်သော သတို့သမီးအဖြစ်၌ပင် သောတာပတ္တိဖိုလ်သို့ရောက်၍ ထိုမှုဆိုး၏အိမ်သို့ သွားရောက်ပြီးလျှင် ခုနစ်ယောက်သော သားတို့ကို ရပေသတတ်။ ထို ခင်ပွန်းမ မယားသည် ဤမျှလောက်သောကာလပတ်လုံး အရှင် လင်-ယောကျ်ားဖြစ်သော မှုဆိုးက လေးကို ဆောင်ယူခဲ့လော့၊ မြှားတို့ကို ဆောင်ယူခဲ့လော့။ လှံကို ဆောင်ယူခဲ့လော့၊ ပိုက်ကွန်ကို ဆောင်ယူခဲ့လော့ ဟု စေခိုင်းပြောဆိုသည်ရှိသော် ထိုအလုံးစုံသော ဝတ္ထုတို့ကို ယူဆောင်၍ ပေး၏။ ထိုမှုဆိုးသည် ထိုမယားခင်ပွန်းမယူ၍ ပေးအပ်ကုန်သောလေးမြှားစသည်တို့ကိုကိုင်ယူ၍ သွားရောက်ပြီးသည့်ကာလ ပါဏာတိပါတအမှုကို ပြု၏၊ အသို့ ပေနည်း။ သောတာပန် ပုဂ္ဂိုလ်တို့သည်လည်း သူတပါး၏ ဇီဝိတိန္ဒြေအသက်ကို ပယ်ဖျက်ချသတ်ခြင်းတည်းဟူသော ပါဏာတိပါတ အမှုကို ပြုလုပ်ကြကုန်လေ သလော ဟူသော စကားကို ဖြစ်ကြစေကုန်၏။

မြတ်စွာဘုရားသခင်သည် ကြွလာတော်မူပြီး၍ ချစ်သားရဟန်းတို့၊ ငါဘုရားကြွတော်မူလာဆဲသော ဤယခုအခါ၌ အဘယ်သို့သောစကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူသဖြင့် ဤအမည်ရှိသော စကားပါတည်းဟု လျှောက်ကြားကုန်သည် ရှိသော် ချစ်သားရဟန်းတို့၊ သောတာပန်ပုဂ္ဂိုလ်တို့သည် သူတပါး၏ ဇီဝိတိန္ဒြေ အသက်ကို ပယ်ဖျက်ချသတ်ခြင်းတည်းဟူသော ပါဏာတိပါတအမှုကို မပြုကုန်၊ ထိုမိန်းမသည်ကား အရှင်လင်၏စကားကို လိုက်နာခြင်းကိုပြုအံ့ ဟု ထိုသို့သောအခြင်းအရာဖြင့် ပြုလေ၏၊ ဤလေး, မြားစသည်တို့ကို ယူသွား၍ ထိုအရှင်လင်ယောကျ်ားသည် သူတပါး၏အသက်ကို သတ်-ဖျက်ခြင်းပြုစေသတည်းဟူ၍သော စိတ်သည် ထိုမိန်းမအား မရှိ။ ထိုစကားမှန်၏။ လက်ဝါးအပြင်၌ အနာမရှိသည်ရှိသော် အဆိပ်ကို ကိုင်ယူသော သူအား ထိုအဆိပ်သည် အစဉ်လောင်ကျွမ်း စေခြင်းငှါ မစွမ်းနိုင်ဘိ သကဲ့သို့ ထိုအတူသာလျှင် အကုသိုလ် စေတနာ မရှိသဖြင့် စင်စစ် အကုသိုလ်ကို မပြုမလုပ်သောသူအား လေးအစရှိသည်တို့ကို ဆောင်၍ ပေးလေငြားသော်လည်း အကုသိုလ်မည်သည်မဖြစ်ဟု မိန့်တော်မူပြီး-သော် အနုသန္ဓေကို စပ်၍ တရားဘော်ကို ဟောကြားတော် မူသို သောကြောင့်-

**ပါဏမှိ စေ ဝဏော နာဿ၊ ဟရေယျ ပါဏိနာ ဝိသံ။**
**နာဗ္ဗဏံ ဝိသ မန္ဝေတိ၊ နတ္ထိ ပါပံ အကုဗ္ဗတော။ ။**

ဟူသောဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။ပါဏမှိ၊ လက်ဝါးအပြင်၌၊ ဝဏော၊ အနာသည်၊ စေနာဿ၊ အကယ်၍ မရှိသည်ဖြစ်ခဲ့အံ့၊ ပါဏိနာ၊ လက်ဖြင့်။ ဝိသံ အဆိပ်ကို ဟရေယျ၊ ဆောင်ယူခြင်းငှါစွမ်းနိုင်ရာ၏ ဝိသံ၊ အဆိပ်သည်။ အဗ္ဗဏံ၊ အနာမရှိသောလက်ကို၊ နအနွေတိ၊ အစဉ်တပိုက် လိုက်ခြင်းငှါမစွမ်းနိုင်၊ ဧဝံတထာ၊ ထိုအတူ။ အကုဗ္ဗတော၊ တပါးသောသတ္တဝါကို သေစေသို-သောစေတနာဖြင့်မပြုသောသူအား ပါပံ၊ ဒုစရိုက်၊ ပါပည်စ်ကျူ၊ အကုသိုလ် မှုသည် နတ္ထိ၊ မရှိ၊ ။ဤကားအနက်။ ၊

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာ ပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏၊

## ကုက္ကုဋမိတ္တမုဆိုးအတိတ်ဝတ္ထု။

နောက်အဘို့ဖြစ်သော တပါးသောအခါ၌ ရဟန်းတို့သည် ငါ့ရှင်တို့၊ သား,ချွေးမတို့နှင့် အတူတကွ ကုက္ကုဋမိတ္တမုဆိုးအား အဘယ်သို့လျှင် သောတာပတ္တိမဂ်၏ ဥပနိဿယအကြောင်း ကောင်းစွာပြည့်ဝစုံလင်ခြင်း ဖြစ်ပါလိမ့်မည်နည်း၊ အဘယ်သို့သောအကြောင်းကြောင့် မုဆိုး၏အမျိုး၌ ဖြစ်ရပါလိမ့်မည်နည်းဟူသောစကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ကြွလာတော်မူ၍ ချစ်သားရဟန်းတို့၊ ငါဘုရားကြွတော်မူလာဆဲသော ယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကြကုန်သိ သနည်းဟု မေးတော်မူ၍ ဤ-အမည်ရှိသောစကားပါတည်းဟု လျှောက်ထားကြသည်ရှိသော်ချစ်သား-ရဟန်းတို့၊လွန်လေခဲ့ပြီးသော ဤဘဒ္ဒကမ္ဘာ၌ ကဿပ မြတ်စွာဘုရား၏ စေတီတော်ကို စိမံကြကုန်သည်ရှိသော် ဤစေတီ၏ အင်္ဂတေမြေညက်သည် အဘို့ဖြစ်လတ္တံ့နည်း, ရေသည် အဘို့ဖြစ်လတ္တံ့နည်းဟု ပြောဆိုကြကုန်၏။ထိုနောက် ထိုသူတို့အား စိမ်းရွှေသော မြင်းသီလာဖြင့် ပြီးသော မြေညက်သည် ဖြစ်ပေလတ္တံ့။နှမ်းဆီသည် ရေကိစ္စကို ပြီးစေလတ္တံ့ ဟု ကြံကြကုန်၏၊ ကြံပြီး၍ကား ထိုလူများအပေါင်းတို့သည် စိမ်းရွှေသော မြင်းသီလာကျောက်ကို ထောင်းကြိတ်၍ ဆီဖြင့်ကြိတ်နယ်ပြီးလျှင် အုတ်နှင့် စေ့စပ်ပြီးသည့်ကာလ ရွှေဖြင့်စီကုန်လျက် အတွင်းအဘို့၌ စီကြကုန်၏။

### ကဿပမြတ်စွာဘုရား စေတီတော်တည်ရာတွင် ဈာဒါနိုးကြခြင်း။

အပြဖြစ်သောမျက်နှာဝန်းမူကား တခဲနက်သောရွှေဖြင့်ပြီးသောအုတ်ဘို့သည်သာလျှင် ဖြစ်ကုန်၏၊ တချပ်တချပ်သော ရွှေအုတ်သည် အတိုးတသိန်းထိုက်၏၊စေတီပြီးလူ့ခါနီး၌ ဓာတ်တော်ကို ဌာပနာသိုမြှုပ်အံ့သော အခါ၌ လူများအပေါင်းတို့သည် ဓာတ်တော်ကို သိုမြှုပ်ဌာပနာသောအခါ များစွာသောပဋ္ဌည်းဥစ္စာဖြင့် အလိုရှိကုန်၏၊ အဘယ်သူကိုအကြီးအမှူး ပြုကုန်အံ့နည်းဟု ကြံစည်ပြောဆို တိုင်ပင်ကုန်၏။

ထိုအခါ ရွာပြင်၌ နေလေ့ရှိသော တယောက်သော သူဌေးသည် ဓာတ်တော်ကို သိုမြှုပ်ဌာပနာရာ၌ ငါသည် အကြီးအမှူး ဖြစ်ပေအံ့ဟု

တကုဋေသောငွေတို့ကို ထည့်လှူ၏၊ ထိုသို့ ထည့်လှူသည်ကိုမြင်၍ မြို့ကြီး၌ နေသောဤဒါခမည်ရှိသော သူဌေးကြီးသည် ပစ္စည်းဥစ္စာကိုသာ ရှာမှီး-စုဆောင်း၍ နေဘိသည်။ ဤသို့သဘောရှိသော ဘုရားစေတီတော်ကြီး၌ သော်လည်း အကြီးအမှူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်။ ရွာငယ်၌နေသော သူဌေးသည် တကုဋေမျှလောက်သော ငွေကို ထည့်လှူပြီးသောကာလ အကြီးအမှူး ပြုလေဘိသည်ဟု မြို့ကြီး၌နေသောသူဌေးကို ကဲ့ရဲ့ရှုတ်ချ ကြကုန်၏။

မြို့ကြီး၌ နေသော သူဌေးသည်လည်း ထိုသို့တို့ ကဲ့ရဲ့ရှုတ်ချသော စကားကိုကြား၍ ငါသည် နှစ်ကုဋေသော အသပြာ ငွေတို့ကို ထည့်လှူ၍ အကြီးအမှူးပြုပေအံ့ဟု ပြောပြီးသည့်ကာလနှစ်ကုဋေသောအသပြာငွေတို့ ကိုထည့်လှူ၏။ ရွာငယ်၌နေသောသူဌေးသည် ငါသည်သာလျှင် အကြီး-အမှူးဖြစ်ပေအံ့ဟုပြော၍ သုံးကုဋေသောအသပြာငွေတို့ကိုပေးလှူ၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် တလှည့်စီတက်ပွါး၍ လာခဲ့ရာ မြို့ကြီး၌နေသော သူဌေးသည် ရှစ်ကုဋေသောဥစ္စာတို့ကို ပေးလှူ၏၊

ရွာငယ်၌နေသော သူဌေး၏အိမ်၌ အလုံးစုံသော ငွေအသပြာသည် ကိုးကုဋေသာရှိ၏။ မြို့ကြီး၌နေသောသူဌေးမူကား ကုဋေလေးဆယ်ရှိ၏။ ထို့ကြောင့် ရွာငယ်၌နေသော သူဌေးက ကြံတွေး ဆင်ခြင်သည်မှာ-“ငါသည်အကယ်၍ ကိုးကုဋေပေးလှူပါမည်ဟု ဆိုခဲ့အံ့၊ ထိုသို့ ဆိုခဲ့သည်ရှိသော် ငါ၏အိမ်၌ ဥစ္စာမရှိသည်၏အဖြစ်သည် ထင်ရှားပေသတ္တံ့။”ဟု ကြံ၏၊ ကြံပြီး၍ကား ထိုရွာငယ်၌နေသောသူဌေးက ငါသည်ဤမျှလောက် ပမာဏရှိသော ရှစ်ကုဋေသော ပစ္စည်းဥစ္စာကို ပေးလှူပါအံ့။ ငါ၏သား ခုနစ်ယောက်, ချွေးမခုနစ်ယောက် မယားနှင့်တကွ စေတီတော်၌ ဘုရားကျွန်သည်ဖြစ်ပါအံ့ ပြောဆို၍ ခုနစ်ယောက်သောသား, ခုနစ်ယောက်-သောချွေးမ, မယားခင်ပွန်းမတို့ကိုယူ၍ မိမိကိုယ်နှင့်တကွ စေတီတော် အား ဆောက်နှင်း၏။

## စေတီတော်ကို ပြုခဲ့သောကောင်းမှု။

မြို့ကြီး၌နေသော သူဌေးသည် ငါသည်ပစ္စည်းဥစ္စာပေးခြင်းငှါစွမ်းနိုင် ၏။ ဤသူသည်ကား သားမယားနှင့်တကွသော မိမိ၏ကိုယ်ကို ဆောက်

နှင်းပေးလှူနိုင်ပေ၏။ ဤသူသည်သာလျှင် အကြီးအမှူး ဖြစ်ပါစေတော့ဟု ပြောဆိုပြီးသောကာလ ထိုသူကို အကြီးအမှူးအဖြစ်ကို ပြုကြကုန်၏။

ချစ်သား ရဟန်းတို့၊ ဤသို့သော အစဉ်အတိုင်းအားဖြင့် ထိုတကျိပ် ခြောက်ယောက်ကုန်သော သူတို့သည် စေတီတော်၏ ဘုရားကျွန် ဖြစ်ကြကုန်၏၊ တိုင်းပြည်နေသူ ဗိုလ်လူအများတို့က ထိုသူတို့အား အစဉ် သနားသဖြင့် တော်လှန်သည်ကို ပြုကုန်၏။ ထိုသို့ ပြုကုန် သော်လည်း စေတီတော်၌သာ ဝတ်ကြီး ဝတ်ငယ်ကို ပြုရသုတ်သင်လျက် အသက် ရှည်သမျှ ကာလပတ်လုံး တည်နေပြီး၍ ထိုဘဝမှ ရတော့သည်ရှိသော် နတ်ပြည်၌ ဖြစ်ကုန်၏။ တဆူသောဘုရားရှင်၏ အကြားကာလပတ်လုံး ထိုသူတို့သည် နတ်ပြည်၌ သာလျှင် တည်နေရကုန်ပြီးသော် ယခုအခါ ငါဘုရားပွင့်တော်မူသောအခါ၌ ခင်ပွန်းမ မယားသည်နတ်ပြည်မှရတော့ လာခဲ့၍ ရာဇဂြိုဟ်ပြည်၌ သူဌေးသမီး၏ အဖြစ်ဖြင့် ဖြစ်လေ၏။ ထို-သူဌေးသမီးသည် သတို့သမီးအဖြစ်ဖြင့် ငယ်စဉ်ကပင် သောတာပတ္တိဖိုလ်သို့ရောက်လေ၏။ မသိမမြင်အပ်သေးသော သစ္စာ၄ါသော သဏ္ဍာဝါ မည်သည့် ပဋိသန္ဓေသည် ဝန်လေးလှ၏။ ထိုသူဌေးသမီး၏ ခင်ပွန်းအရှင် လင် ယောကျ်ားသည် လှည့်လည် ပြောင်းသွားသည် ရှိသော် မုဆိုး၏ အမျိုး၌ဖြစ်လေ၏။ ထိုကြောင့် သူဌေးသမီးသည် ထို မုဆိုးယောကျ်ား အား .မြင်ရကာမျှနှင့် တပြိုင်နက်သာလျှင် ရှေး၌ဖြစ်ဘူးသော ချစ်ခင်ခြင်း သည် လွှမ်းမိုးလေ၏။ ။ထိုစကားမှန်၏၊

**ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။**
**ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။ ။**

ဟူသောဂါထာကို မြတ်စွာဘုရားဟောကြားတော်မူခဲ့၏၊ ။ဤဂါထာ၏ အနက်ကို အောက်ဖြစ်သော ပဌမတွဲကျမ်း သာကေတ သူဌေးကြီး ဝတ္ထုမှာ ကြည့်ရှုကြလေကုန်။

ထိုသူဌေးသမီးသည် ရှေး၌ဖြစ်ဘူးသော ချစ်ခင်ခြင်း ရှိသည် ဖြစ်၍ သာလျှင် မုဆိုး၏နေအိမ်သို့ သွားရောက်ရလေ၏။ ထိုသူတို့၏ သားတို့ သည်လည်း နတ်ပြည်မှရတော့လာခဲ့၍ ထိုသူဌေးသမီး၏ဝမ်း၌ ပဋိသန္ဓေ ကို တည်နေစွဲယူကုန်၏၊ ချွေးမတို့သည်လည်း ထိုထိုသို့သော အမျိုး

တို့၏အိမ်၌ ဖြစ်ကြကုန်၍ အရွယ်သို့ရောက်ကုန်သည်ရှိသော် ထိုမှုဆိုး၏ အိမ်သို့သာလျှင် သွားရောက်ကြကုန်၏။

ချစ်သား ရဟန်းတို့၊ ထိုအလုံးစုံသော သူတို့သည် ကဿပဘုရား သာသနာဘော် ထွန်းလင်းတောက်ပစဉ်အခါက စေတီကိုပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်၏ အစွမ်းကြောင့် သောတာပတ္တိဖိုလ်သို့ ရောက်လေ ကုန်သည်ဟု မိန့်တော်မူ၏။

ဓမ္မပဒပါဠိပဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ကုက္ကုဋမိတ္တမုဆိုး၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၉-ကောကခွေးမုဆိုး၏ဝတ္ထု။

**ယော အပ္ပဒုဋ္ဌဿ။** ။ဤသို့အစရှိသည့်၊ ဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ ကိုးဖြာအာဃာတ၊ ဝတ္ထုရသဖြင့်၊ ဒေါသအမျက်၊ မထွက်သင့်မှု၊ ညာဏ်ဖြင့် ယူ၍၊ မရှုသတိ၊ ကြံမကြည့်ဘဲ၊ အတိကောဓ၊ ဒေါမနဖြင့်၊ ကောပတင်ဖွဲ့၊ ရန်ငြိုးခွဲကုန်သော၊ နုန့်နဲ့ဝေနေ၊ ဖိုလ်ခြေတသင်း၊ ခပင်းညသုံ၊ အလုံးစုံ တို့ကို၊ အကုန်မကျန်၊ ကရုဏာ ရှုညာဏ်ဖြင့်၊ ဆုံးမတတ်သော သကာတ် ဂုဏ်ရှင်၊ ဘုရားသခင်သည်၊ ဝန်းကျင်ဖိုလ်လူ၊ သောသော ဆူလျက်၊ ကြည်ဖြူ နှင့်ပြုံး၊ မျှသုံးနေရာ၊ အဂ္ဂါသမွတ်၊ သာဝတ္ထိပြည် မြတ်၌၊ တောင်ရပ်ဒက္ခိ၊ တည်ရှိအမွန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းစံပယ် တော်မူသောကာလ၊ ကောကအမည်ရှိသော ခွေးမှုဆိုးကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

**အကြောင်း အထွေထွေကို အစဉ်ကား ဤသို့ပေတည်း။**

ပစ္စုပ္ပန်ဝတ္ထု။

ထိုမှုဆိုးသည် တနေ့သောနံနက်အခါ၌ လေးကိုယူပြီးသည့် ကာလ ခွေးအပေါင်းတို့ဖြင့် ခြံရံလျက် တောသို့သွားသည်ရှိသော် ခရီးအကြား၌ ဆွမ်းအလို့ငှါ ကြွတော်မူသော တပါးသောရဟန်းကို တွေ့မြင်၍ အမျက် ထွက်ပြီးလျှင် ငါအား ယနေ့ သူယုတ်မာကို တွေ့မြင်ရ၏။ ယနေ့တစုံတခု ကိုမျှ ရသည်မဖြစ်လတ္တံ့ဟု ကြံ၍ ဖဲသွား၏။

မထေရ်သည်လည်း ရွာ၌ဆွမ်းအလို့ငှါ လှည့်လည်၍ ပြုအင်ပြီးသော ဆွမ်းစားခြင်းကိစ္စရှိသဖြင့် တဖန်ကျောင်းသို့ ပြန်ကြွလာ၏၊ ခွေးမူဆိုးသည်လည်း တောကိုလှည့်လည်၍ တရုံတခုသောသားကောင်ကို မရ-သောကြောင့် ပြန်လည်ခဲ့သည်ရှိသော် တဖန် မထေရ်ကိုမြင်၍ ယနေ့ငါသည် ဤသူယုတ်ကိုမြင်ရသောကြောင့် တောသို့သွားသည် ရှိသော် တရုံတခုသောသားကိုမျှ မရ။ ဤယခုအခါ၌ ငါ၏ထံသို့ ရှေးရှုလာသောအားဖြင့် တွေ့မြင်ရပြန်သည်။ သူယုတ်ကိုခွေးတို့ဖြင့် ကိုက်ခဲစေအံ့ ဟုအမှတ်ကိုပေး၍ ခွေးတို့ကို လွှတ်၏၊ မထေရ်သည် ဒါယကာ၊ ဤသို့မပြုပါလင့်ဟု တောင်းပန်၏။ ငါသည် ယနေ့ အသင့်ကို မျက်မှောက်တွေ့မြင်ရသည့်အဖြစ်ကြောင့် တရုံတခုသော သားဟင်းမျိုးကိုမရ။ တဖန်လည်း ငါ၏မျက်မှောက်ဖြစ်၍ လာပြန်ဘိသည်။အသင့်ကို ခွေးတို့ဖြင့်ကိုက်ခဲ့စေအံ့ဟုဆို၍ ခွေးတို့ကိုလွှတ်သည်သာလျှင်တည်း။ မထေရ်သည်လျင်စွာသောအဟုန်ဖြင့် တခုသောသစ်ပင်သို့ ပြေးတက်၍ တသူမျှပမာဏရှိသောအရပ်၌ ထိုင်နေ၏၊

ခွေးတို့သည် သင်ပင်ကိုဝန်းရံကုန်၏ မူဆိုးသည်သွား၍ အသင့်အားသစ်ပင်သို့တက်ပြေးသော်လည်းလွတ်ခြင်းမရှိဟု ပြောပြီးလျှင် မထေရ်၏ခြေဘဝါးအပြင်၌ မြှားသွားဖြင့်ထိုး၏။ မထေရ်က "ဒါယကာ၊ဤသို့မပြုပါလင့်၊ငါ့အား သက်သာကိုပေးပါလော့"ဟု အဖန်ဖန်အထပ်ထပ် မပြတ်ပြောဆိုတောင်းပန်သည်သာတည်း။

## ခွေးစာဖြစ်သောမူဆိုး။

ခွေးမူဆိုးသည် မထေရ်၏တောင်းပန်သော စကားကို မနာမယူမူ၍ အဖန်ဖန်အထပ်ထပ် ထပ်ကာထပ်ကာ မြှားသွားဖြင့်ထိုး၏။ မထေရ်သည် တခုသော ခြေဘဝါးအပြင်၌ မြှားသွားဖြင့် ထိုးအပ်သည်ဖြစ်၍ အလွန်ကျင်နာသည်ရှိသော် ထိုခြေကိုပင့်၍ နှစ်ခုမြောက်သော တဘက်သောခြေကိုတွဲလွဲဆွဲပြန်၏။ ထိုတွဲလွဲဆွဲအပ်သောခြေကိုထိုး၍ ကျင်နာပြန်သည်ရှိသော် တဘက်သောခြေကိုချ၍ ထိုခြေကိုတင်ပြန်၏၊ ဤသို့သောနည်းဖြင့် ချကာပင့်ကာ လဲလှယ်သော မထေရ်၏ ခြေနှစ်ဘက်တို့ကို မြှားသွားဖြင့် ထိုး၏။မထေရ်၏ကိုယ်သည်မီးရှူးဖြင့်မြိုက်ဘိသကဲ့သို့ဖြစ်၏။မထေရ်သည်

ပြင်းထန်စွာသောဝေဒနာကို ခံစားရသည်ဖြစ်၍ သတိကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်လေ၊ မိမိခြုံအပ်သောသင်္ကန်းသည် အရုံပျက်စီး၍ကျွတ်ကျသည်ကိုမမှတ်မိ၊ ထိုသင်္ကန်းသည်ကျသည်ရှိသော် ကောကမှုဆိုးကိုဦးခေါင်းမှစ၍ လွှမ်းခြုံပြီးလျှင် ကျလေ၏၊

ခွေးတို့သည် မထေရ်ကျပြီဟူသောအမှတ်ဖြင့် သင်္ကန်း၏အတွင်းသို့ ဝင်၍ မိမိအရှင်ကို စားသောက်ကိုက်ခဲ၍ အရိုးမျှကြွင်းသည်ကိုပြုကုန်၏။ ခွေးတို့သည် ကိုက်ခဲစားသောက်ပြီးသောအခါ သင်္ကန်းအတွင်းမှထွက်၍ အပပြင်ဘက်၌ တည်ကြကုန်၏။ ထိုအခါ၌ မထေရ်သည် ခွေးတို့အား တရသောသစ်ခြောက်ကိုင်းကိုချိုး၍ ပစ်၏၊ ခွေးတို့သည် မထေရ်ကိုမြင်၍ ငါတို့သည် မိမိအရှင်ကိုသာလျှင် ခဲအပ်လေကုန်ပြီဟု သိသောကြောင့် တောသို့ပြေးဝင်ကြကုန်၏။

မထေရ်သည် ငါ၏သင်္ကန်းတွင်းသို့ ဝင်သောကြောင့် ဤဒါယကာမှုဆိုးသည် သေကြေပျက်စီးခြင်းသို့ ရောက်ရ၏၊ အသို့ပေနည်း။ ငါ၏သီလသည် အပြစ်ဒဏ္ဍာစာရမဂ္ဂမှု၍ စင်ကြယ်ကောင်းမွန်စွာ တည်ရှိပါဦးမည်လောဟု အလိုလိုကုက္ကုစ္စဖြစ်စေ၏။ မထေရ်သည် သစ်ပင်မှ သက်ဆင်း၍ မြတ်စွာဘုရားအထံတော်သို့ သွားရောက်ပြီးလျှင် အစမှစ၍ ထိုဖြစ်ရင်းအကြောင်းကို ဒူးပေါင်း ညွှတ်တွား လျှောက်ထား ပြီးသည့် ကာလ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏သင်္ကန်းကို မှီ၍ ထိုဒါယကာသည် သေကြေပျက်စီးရပါသည်။ အသို့နည်း၊ တပည့်-တော်အား ရဟန်းအဖြစ် မရှိပါပြီလောဟု မေးလျှောက်၏။

မြတ်စွာဘုရားသခင်သည် ထိုရဟန်းလျှောက်ထားသော စကားကို ကြားတော်မူ၍ ချစ်သားရဟန်း၊ အသင်၏သီလသည် ညစ်နွမ်းကျိုးပေါက်ပျက်စီးခြင်းမရှိ။ အသင့်အား ရဟန်းအဖြစ်ရှိပါ၏။ ထိုမုဆိုးသည် မပြစ်-မှားထိုက်သော သူအား ပြစ်မှား ဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ရလေသည်။ ထိုမုဆိုးသည် သက်သက် ဤယခုဘဝ၌ သာလျှင် ပျက်စီးခြင်းသို့ ရောက်ရသည်မဟုတ်သေး။ ရှေးလွန်လေပြီးသောဘဝ၌ လည်း မပြစ်မှားထိုက်သောသူအား ပြစ်မှားဖျက်ဆီးခြင်းကြောင့် ပျက်စီး ခြင်းသို့ ရောက်ဘူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ထိုအကြောင်း ကို ထင်ရှားပြတော်မူလိုသောကြောင့် အတိတ်ကိုဆောင်တော်မူ၏၊

## ခွေးမုဆိုးအတိတ်ဝတ္ထု။

ချစ်သားရဟန်း၊ ရှေးလွန်လေပြီးသောအခါ၌ တယောက်သောဆေး-သမားသည် ဆေးအမှုကို ပြုရကုစားရန်အလို့ငှါ ရွာသို့ လှည့်လည်သည်ရှိသော် တစုံတခု ပြုရကုစားဘွယ်အမှုကို မရမရှိသောကြောင့် ဆာ-လောင်မွတ်သိပ်ရကား ရွာမှထွက်သွား၍ ရွာ၏တံခါး၌ ကစားမြူးထူး၍ နေကုန်သောသူငယ်တို့ကိုတွေ့မြင်လျှင် ဤသူငယ်တို့ကိုမြွေဖြင့်ကိုက်စေ၍ ဆေးအမှုကို ကုစားပြုလုပ်ပြီးသည့်ကာလ အာဟာရကိုပေးတော့မည်ဟု ကြံ၍ တခုသောသစ်ပင်၏ အခေါင်းဖြစ်သောတွင်း၌ ဦးခေါင်းကိုထုတ်၍ အိပ်နေသော မြွေကို ပြပြီးလျှင် အို-အချင်းသူငယ်တို့၊ ဤသည်ကား ဆက်ရက်ငယ် (ဇရက်)တည်း။ ထိုဆက်ရက်ငယ်ကို ဖမ်းယူကြကုန်လော့ဟု ပြော၏။ ထိုအခါတယောက်သောသူငယ်သည် မြွေ၏လည်ပင်း၌ မြဲစွာ ကိုင်ဆုပ်မိလျှင် ဆက်ရက်ငယ် မဟုတ်။ မြွေ၏အဖြစ်ကို သိ၍ ဟစ်အော်မြည်တွန်လျက် မနီးမဝေးသောအရပ်၌ တည်းနေသော ဆေး-သမား၏ဦးထိပ်ထက်သို့ ပစ်ချလိုက်၏။ မြွေသည် ဆေးသမား၏ကျောက်-ကုန်းရိုးကို မြဲစွာ ရစ်ပတ် ပြီးလျှင် ခဲအပ်သည် ဖြစ်၍ ထိုနေရာ၌ပင် အသက်ကုန်ခြင်းသို့ ရောက်စေ၏။

## အရဟတ္တဖိုလ်တည်သောရဟန်း။

ချစ်သားရဟန်းတို့၊ ဤကောကအမည်ရှိသော ခွေးမုဆိုးသည် ဤသို့သော အခြင်းအရာဖြင့် ရှေးအခါကလည်း မပြစ်မှားအပ်သော သူကို ပြစ်မှားဖျက်ဆီးခြင်းကြောင့် ပျက်စီးခြင်းသို့ ရောက်ဘူးသည် သာလျှင် တည်းဟု ဤသို့သောအတိတ်ကိုဆောင်တော်မူပြီးလျှင် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**ယော အပ္ပဒုဋ္ဌဿ နရဿ ဒုဿတိ၊**
**သုဒ္ဓဿ ပေါသဿ အနင်္ဂဏဿ။**
**တမေဝ ဗာလံ ပစ္စေတိ ပါပံ၊**
**သုခုမော ရဇော ပဋိဝါတံဝ ခိတ္တော။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာပါဠိဂါထာ၏ အဆုံး၌၊ ထိုရဟန်းသည် အရဟတ္တဖိုလ်၌ တည်လေ၏။ ထိုရဟန်းမှ တပါးကုန်သော များစွာကုန်သော သူတို့သည် လည်း အကျွတ်တရားကို ရကုန်၏။

**အနက်ကား**။ ။ယော ဗာလော၊ မသိမလိမ္မာ၊ ပညာကင်းကြိုက်၊ အကြံင် မိုက်သောသူသည်။ အပ္ပဒုဋ္ဌဿ၊ မပြစ်မှားထိုက်သော။ သုဒ္ဓဿ၊ စင်ကြယ်ထသော၊ အနင်္ဂဏဿ၊ ကိလေသာဟူ၊ မြူအညစ်အကြေး မရှိထသော။နရဿ ပေါ်သဿ၊ရှင်ဦးတင်မှတ်၊ သတ္တဝါဟု ဆိုအပ်သော ရဟန္တာ အရှင်မြတ်အား။ ဒုဿတိ၊ ပြစ်မှား၏။ ပဋိဝါတံ၊ လေတင်- လေညာသို့။ ခိတ္တော၊ ပစ်လွှင့်အပ်သော။ သုခုမော၊ သိမ်မွေ့ နူးညံ့သော။ ရဇော၊မြူသည်။ တမေဝ၊ ထိုပစ်လွှင့်တတ်သော သူကိုသာလျှင်။ ပစ္စေတိ ဣဝ၊ ရှေးရှုလာဘိသကဲ့သို့။ တမေဝဗာလံ၊ ပြစ်မှားတတ်သော ထိုသူမိုက် သို့သာလျှင်။ ပါပံ၊ ယုတ်မာညစ်ကျူ၊ မကောင်းမှု အကျိုးသည်။ ပစ္စတိ၊ ရှေးရှုလာ၏။ ။ဤကားအနက်။

ဓမ္မပဒပါဠိ၊ ဝဂ်၌ ကိုးခုမြောက်ဖြစ်သော ကောကမည်သော
ခွေးမုဆိုး၏ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၁၀-မဏိကာရကုလူပကတိဿမထေရ်၏ဝတ္ထု။

**ဂဗ္ဘ မေကေ**။ ။အစရှိသော၊ ဥစ္စာဗိုဒ်မှန်း၊ မိန့်ရွှေခွန်းကို၊ ကျွန်း- ဇမ္ဗူဒိပ်၊ မြေမဟိဒ်၏၊ အတိသရ၊ သိခခေါင်မော့၊ ကုန်း အကြော့တွင်၊ ကန်တော့နက်ခံ၊ ဘက်မတန်သား၊ အောင်သံကြူးပ၊ ကွန့်မြူးခသည့်၊ ဒုမရာဇာ၊ မဟာဗုဒ္ဓဟော၊ အပင်ခြေဝယ်၊ ရှေးသံသရာ၊ အမှန်ပါသား၊ ကိလေသာစက်၊ သုံးထောင်ဝက်ကို၊ လေးမဂ် ဝရဇိန်၊ ပစ်ခွင်းချိန်၍၊ အကြိမ်ကြိမ် သတ်တော်မူသော၊ လူ, နတ်, ဦးခိုက်၊ သုံးတိုက် သခင်၊ ဘုရားရှင်သည်၊ ပြည်ခွင်သာဝတ္ထိ၊ နရဝီအမွန်၊ တောင်စွန်ရင်စောင်း၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းတော်မူသော အခါတပါး၊ ပတ္တမြား ထွင်းသမား၏ အိမ်သို့ အချိန်မပြတ်၊ ဆွမ်းကပ်ခံလေ့ရှိသော၊ တိဿ မထေရ်ကို အကြောင်း ပြုသော အားဖြင့် ဟောကြားတော် မူခဲ့ပေ သတည်း။

## အကြောင်း အည့ဒ္ဓပ္ပစ္စည်းအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

ထိုတိဿမထေရ်သည်၊ တယောက်သော ပတ္တမြား ထွင်းသမား၏ အိမ်၌ တဆဲ့နှစ်နှစ်တို့ကာလပတ်လုံး ဆွမ်းဘုဉ်းပေးတော်မူ၏၊ ထိုအိမ်၌ သမီး,ခင်ပွန်း,လင်မယားနှစ်ယောက်တို့သည် မထေရ်၏မိခင်,ဘခင်အရာ၌ တည်ပြီးသည့်ကာလ မထေရ်ကို လုပ်ကျွေး ပြုရကြကုန်၏၊ ထိုနောက် တနေ့သ၌ ပတ္တမြားထွင်းသမားဖြစ်သော ထိုဒါယကာသည် မထေရ်၏ ရှေ့မှာအသားဟင်းမျိုးကို ဖြတ်လှီးချတ်ခင်း၍ ထိုင်နေ၏၊ ထို ထိုင်နေသော ခဏ၌ သာဝတ္ထိပြည်ရှင် ဘုရင်ပသေနဒိ ကောသလ မင်းကြီးသည် တခုသော ပတ္တမြား ရတနာကို ဤပတ္တမြားကို ပွတ်၍ ထွင်းပြီးသည့် ကာလ၊ငါ့အား ဖို့ဆက်လာစေသတည်းဟု စေလွှတ်ပေးမှုလိုက်၏။

## ပတ္တမြား ပျောက်မှု။

ပတ္တမြား ထွင်းသမားသည် သွေးအလိမ်းလိမ်းသော၊ မိမိလက်ဖြင့် သာလျှင် ထိုပတ္တမြားကိုကိုင်ယူ၍၊ ပဒုပ်ထက်၌ တင်ထားပြီးလျှင် လက်ကို ဆေးကြောခြင်းငှါ၊ အိမ်တွင်းသို့ ဝင်သွား၏၊ထိုအိမ်၌ မွေးမြူထားအပ်သော ကြိုးကြာငှက်တကောင်လည်းရှိ၏ ထိုကြိုးကြာငှက်သည် သွေးလိမ်းကပ်သောအနံ့ဖြင့် သားဟင်းမျိုးဟု အမှတ်ရှိ၍၊ထိုပတ္တမြားကုံးကို မထေရ်၏ ရှေ့တွင် ကြည့်ရှု၍ မြင်စဉ်ပင်လျှင် ကောက်ယူ၍မျိုလေ၏ ပတ္တမြား ထွင်းသမားသည် အိမ်တွင်းမှ ထွက်လာ၍ ပတ္တမြားကို ကြည့်ရှု၍ မမြင်သည်ရှိသော်၊ ပတ္တမြားတုံးကို အဘယ်သူ ယူသနည်းဟု မယား ကိုရင်း,သားသမီးကိုရင်း၊ အစဉ်အတိုင်း မေးမြန်း၍ ထိုသူတို့က မယူပါ ကုန်ဟု ပြောဆိုကြသည်ရှိသော် မထေရ်သည် ခိုးယူသည် ဖြစ်ပေ လတ္တံ့ဟု ကြံ၍၊မယားနှင့်အတူတကွ "ရှင်မ မထေရ်သည် ပတ္တမြားဘုံးကို ခိုးယူသည် ဖြစ်ပေလိမ့်မည်" ဟု တိုင်ပင်ပြောဆို၏။

မယားကလည်း၊အမောင်ချစ်လင်၊ဤသို့ မဆိုပါလင့်။ဤမျှလောက်သော ကာလပတ်လုံး ငါသည် မထေရ်၏ တစုံတခု ချွတ်ယွင်းသောအမှုကို မတွေ့မမြင်ဘူးပါ။ထိုမထေရ်သည် အသင်၏ ပတ္တမြားတုံးကို ယူလိမ့်မည် မဟုတ်ပါ ဟု ပြော၏။

ပတ္တမြား ထွင်းသမားသည် မထေရ်ကို "အရှင်ဘုရား၊ ဤအရပ်၌ ထားအပ်သော ပတ္တမြားရတနာကို အရှင်ဘုရားတို့သည် ယူအပ်ပါကုန်သလော"ဟု မေးလျှောက်သည့်ကာလ။ ဒါယကာ၊ ငါသည် မယူပေဟု ပြော၏။ အရှင်ဘုရား၊ ဤအရပ်ဒေသ ဤဌာန၌ တပါးသောသူ တစုံ-တယောက်မျှ ရှိသည် မဟုတ်၊ အရှင်ဘုရားတို့သည်သာလျှင် ယူအပ်သည် ဖြစ်ပေလိမ့်မည်။ တပည့်တော်၏ ပတ္တမြားရတနာကို ပေးပါကုန်လော့ ဟု တောင်း၏။ ထိုပတ္တမြား ထွင်းသမားသည် အဖန်တလဲလဲ မေးမြန်း တောင်းဆို၍၊ မထေရ် ဝန်မခံသည်ရှိသော်၊ တဖန် မယားကို "ရှင်မ၊ မထေရ်သည် ပတ္တမြားကို ခိုးယူအပ်သည်ဖြစ်ပေလိမ့်မည်၊ ထိုမထေရ်ကို နှိပ်စက်ညှဉ်းပန်း၍ မေးဦးအံ့"ဟု ပြော၏ မယားကလည်း "အမောင်ချစ်လင်၊ ငါတို့အား မပျက်စီးပါစေလင့်။ ပြည့်ရှင်မင်းမြတ်က ပတ္တမြား၏ အတွက်ကြောင့် နှိပ်စက် တောင်းဆိုသည့်အခါ၊ မပေးမဆပ်နိုင်သဖြင့်၊ ငါတို့သည် ကျွန်အဖြစ်သို့ ရောက်ရပါမူကား မြတ်ပါသေး၏၊ ဤသို့သဘော ရှိသော ရဟန်းတော်သခင် မထေရ်ကို အပြစ်မြင်၍ စွပ်စွဲ ပြောဆိုခြင်းငှါ မသင့်လျော်ပါ"ဟု ကောင်းပန် ပြောဆို၏၊

## မထေရ်အား ရိုက်နှက်ခြင်း။

ထိုပတ္တမြား ထွင်းသမားက "ရှင်မ၊ ငါတို့အကုန် အလုံးစုံတို့သည် ကျွန်အဖြစ်သို့ ရောက်ရကုန်သော်လည်း ပတ္တမြားလောက် အဘိုးထိုက်သည်မဟုတ်ကုန်ဟု ပြောဆိုပြီးမှကြိုးကိုယူပြီးလျှင် မထေရ်၏ဦးခေါင်းကို ရစ်ပတ်ချည်နှောင်၍ ဒုတ်လုံးတံဖြင့် ရိုက်နှက်၏။

မထေရ်၏ ဦးခေါင်းမှရင်း၊ နား နှာခေါင်းတို့မှရင်း၊ သွေးတို့သည် ယိုစီးကျထွက်လာကုန်၏ မျက်စိတို့သည် ပြူးပြူးထွက်အံ့သော အခြင်းအရာသို့ ရောက်ကုန်၏။ မထေရ်သည် ပြင်းစွာ ခံစားရ၍ ဒုက္ခဝေဒနာဖြင့် ကျင်နာပြင်းပြ ဆင်းရဲဒုက္ခသို့ ရောက်လေရကား၊ မြေကြီး၌ လဲလေ၏။ ကြိုးကြာငှက်သည် သွေးအနံ့ဖြင့်လာ၍ မထေရ်ကျထွက်သော သွေးကို သောက်၏။ ထိုအခါ ပတ္တမြားထွင်းသမားသည် မထေရ်၌ ထွက်ပွါး၍ နေသော အမျက်၏ အစွမ်းဖြင့် ကြိုးကြာကို "အသင်သည် အဘယ်ကို ပြုသနည်း" ဟု ဆို၍ ခြေဖြင့် ကျောက်ကန်ပုတ်ခတ်၍ ပစ်လိုက်၏။

ထိုကြိုးကြာ ငှက်သည် တချက်တည်း ကျောက်ကန် ပုတ်ခတ်ခြင်းဖြင့် သာလျှင် သေ၍ ပက်လက်လဲနေ၏။

### ကြိုးကြာငှက် သေခြင်း။

မထေရ်သည် ထိုကြိုးကြာငှက် သေသည်ကို မြင်၍၊ ဒါယကာ၊ ဦးခေါင်း၌ ရစ်ပတ် ချည်နှောင်အပ်သော ကြိုးကို ဖြေဦးစွာ ငါ့အား လျှော့သည်ကို ပြု၍၊ ဤကြိုးကြာငှက် သေလွန်သည်ကိုရင်း၊ မသေဘဲပင် ရှိဦးမည်ကိုရင်း ကြည့်ရှုပါဦးလော့ ဟု ပြော၏။ ထိုအခါ မထေရ်ကို ပတ္တမြားထွင်းသမားက “ဤကြိုးကြာငှက်သည် သေလေပြီ၊ ဤကြိုးကြာငှက် သေရတိသကဲ့သို့ အသင်သည်လည်း သေရလတ္တံ့” ဟု ပြော၏၊ ဒါယကာ၊ အသင်၏ ပတ္တမြားတုံးကို ဤကြိုးကြာငှက်သည် မျို၍ ထားအပ်ပေသည်။ အကယ်၍ ဤကြိုးကြာငှက် မသေသည်ဖြစ်အံ့ ငါသည် အသင် ရိုက်နှက်သော ဒဏ်ရာကြောင့် ဤနေရာ၌ပင် သေလွန်၍ သွားရသော်လည်း၊ အသင့်အား ပတ္တမြားတုံးကို မပြောကြားပေလတ္တံ့ ဟု မိန့်တော်မူ၏။

ပတ္တမြားထွင်းသမားသည် ကြိုးကြာငှက်၏ ရင်ကိုခွဲ၍ ကြည့်ရှုသည် ရှိသော်၊ ပတ္တမြားတုံးကို တွေ့မြင်၍ တုန်လှုပ်ထိတ်လန့် ကြောက်ရွံ့သော စိတ်ရှိသည်ဖြစ်၍၊ မထေရ်၏ ခြေရင်း၌ ဝပ်စင်းဦးချပြီးလျှင်။ အရှင်ဘုရားတို့၊ တပည့်တော်တို့အား သည်းခံတော်မူပါကုန်လော့။ မသိသည်၏ အဖြစ်ကြောင့် တပည့်တော် ပြုမိပါသည် ဟု လျှောက်၏၊ ဒါယကာ၊ အသင့်အားလည်း အပြစ်သည် မရှိ၊ ငါ့အားလည်း အပြစ်မရှိ၊ စင်စစ်မှာကား သံသရာ ဝဋ်ဆင်းရဲ၏သာလျှင် အပြစ်ဖြစ်လေသည် အသင့်အား ငါသည်းခံ၏ ဟု မိန့်တော်မူ၏၊

### တောင်းပန်ခြင်းကို လက်ခံခြင်း။

အရှင်ဘုရား အရှင်တို့သည် အကယ်၍ သည်းခံကုန်သည် ဖြစ်အံ့။ ပကတိသော အမှတ်ဖြင့်သာလျှင် တပည့်တော်၏ အိမ်၌ ထိုင်နေသီတင်းသုံးတော်မူ၍၊ ဆွမ်းကို ခံယူဘုဉ်းပေးသုံးဆောင်တော် မူပါလော့ ဟု လျှောက်၏။ ဒါယကာ၊ ငါသည် ဤအခါမှစ၍ သူတပါးတို့၏ အိမ်မိုး အတွင်းသို့ မသွားမဝင်တော့အံ့။ ဤအပြစ်သည် အိမ်တွင်းသို့ ဝင်ခြင်း၏

အပြစ်သာလျှင် အပြစ်ဖြစ်လေသည်။ ဤအခါမှစ၍ ခြေတို့သည် ကျိုးပျက်ကုန်သည် နှင့်သော်သာလျှင်၊ အိမ်၏ တံခါး၌ ထိုင်နေ သိတင်းသုံးလျက် ဆွမ်းကို ခံယူသုံးဆောင်တော်မူမည် ဟု မိန့်ဆိုတော် မူပြီးသော် ရတင်ကို ဆောက်တည်၍-

> ပဗ္ဗတိ ရုနိနော ဘတ္တံ၊ ထောကံ ထောကံ ကုလေ ကုလေ။
> ပိဏ္ဍိကာယ စရိဿာမိ၊ အတ္တိ ဇင်္ဃဗလံ မမံ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။ဥပါသက၊ ဒါယကာ၊ မုနိနော၊ မြတ်စွာ ဘုရား ဟောကြားသည်ကိုသိသော မုနိမည်သော ရဟန်းအား။ ဝါ၊၏။ကုလေကုလေ၊အမျိုးအိမ် အမျိုးအိမ်တိုင်း၌။ ထောကံ ထောကံ၊ အနည်းငယ် အနည်း ယ်သော၊ ဘတ္တံ၊ဆွမ်းကို။ ပဗ္ဗတိ၊ ချက်၏။ ယာဝ၊ အကြင် ရွေ့လောက်။ မမံ၊ငါ့အား၊ ဝါ၊၏။ဇင်္ဃဗလံ၊ တဇ္ဇိခံတစလောင်း၊ လည်ရ ဆောင်း၍၊ တောင်းရမ်းနိုင်သော သလုံးမြင်းခေါင်းအား အစွမ်းသည်။ အတ္တိ၊ နှိ၏၊ တာဝ၊ထိုမျှလောက်။ ပိဏ္ဍိကာယ၊ စားသုံးမျှတ၊ အာဟာရ ဆွမ်းအလို့ငှါ။ စရိဿာမိ၊ အိမ်စဉ်မပြတ်၊ လှည့်ပတ်ပေတော့အံ့။ ။ ဤကားအနက်။

## ပရိနိဗ္ဗာန်ပြုခြင်း။

ဤသို့ မိန့်ဆိုတော်မူပြီး၍ မထေရ်သည် မကြာမီပင်လျှင် ပဏ္ဍုမြား ထွင်းသမား ရိက်ခတ်သော ထိုအနာတို့ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကြိုးကြာ၄က်သည် ပဏ္ဍုမြားထွင်းသမား ထိုယောက်ျား၏မယားဝမ်းဝယ် ပဋိသန္ဓေ တည်နေလေ၏၊ ပဏ္ဍုမြားထွင်းသမားသည် သေလွန်ခြင်းကိုပြု၍ ငရဲ၌ဖြစ်လေ၏၊ ပဏ္ဍုမြားထွင်းသမား၏ မယားခင်ပွန်းမသည် မထေရ်၏ နူးညံ့သော စိတ်နှလုံး ရှိသည့်၏ အဖြစ်ကြောင့်၊ သေလွန်ခြင်းကို ပြု၍ နတ်ပြည်၌ ဖြစ်လေ၏။

ရဟန်းတို့သည် မြတ်စွာဘုရား သခင်ကို ထိုသူတို့၏ တမလွန် လောကကို မေးလျှောက်ကြကုန်၏။ ဘုရားကိုယ်တော်မြတ်က။ချစ်သား- ရဟန်းတို့၊အချို့သောသူတို့သည် အမိ၏ဝမ်းတိုက်၌ ဖြစ်ကုန်၏။ ယုတ်မာ

ညစ်ကျုံ၊မကောင်းမှုကိုပြုကုန်သော အချို့ကုန်သော သူတို့သည် ငရဲ၌ ဖြစ်ကုန်၏ ပြုအပ်သော ကောင်းမှုရှိကုန်သော အချို့ကုန်သော သူတို့သည် နတ်ပြည်၌ ဖြစ်ကုန်၏၊ကိလေသာ အာသဝေါတရားမရှိကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့သည်ကား ပရိနိဗ္ဗာန် ပြုကုန်၏ဟု မိန့်တော်မူပြီးသော်၊ အနု-သန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**ဂဗ္ဘ မေကေ ဥပ္ပဇ္ဇန္တိ၊ နိရယံ ပါပကမ္မိနော။**
**သဂ္ဂံ သုဂတိနော ယန္တိ၊ ပရိနိဗ္ဗန္တိ အနာသဝါ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏၊

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ဧကေ၊ အချို့သော သူတို့သည်၊ ဂဗ္ဘံ၊ အမိဝမ်း၌။ ဝါ၊သို့။ ဥပ္ပဇ္ဇန္တိ၊ကပ်ရောက်ဖြစ်ရလေကုန်၏။ ပါပကမ္မိနော၊ မကောင်းမှုကို ပြုလုပ်သော သူတို့သည်။နိရယံ၊ငရဲ၌။ဝါ၊သို့၊ ဥပ္ပဇ္ဇန္တိ၊ကုန်၏။သုဂတိနော၊ ကောင်းသော ဂတိ၊ ခေါက်ရှိရန် အကြောင်း၊ ကောင်းမှုကို ပြုသော သူတို့သည်။ သဂ္ဂံ၊ နတ်ပြည်သို့။ ယန္တိ၊ ရောက်ကုန်၏။ အနာသဝါ၊ အာသဝေါ ကင်းပြီးသော ရဟန္တာတို့သည်။ ပရိနိဗ္ဗန္တိ၊ ပရိနိဗ္ဗာန် ပြုကုန်၏။ ။ဤကားအနက်။

ဓမ္မပဒပါပဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော မဏိကာရကုလူပက
တိဿမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ချုပ်ပြီး၏။

---

## ၉ ပါပဝဂ်။ ၁၁ တယောဇနဝတ္ထု။

**၁ အဋ္ဌုပ္ပတ္တိကား။** ။အစထွေသော၊ ဤဒေသနာ၊ ပါဠိ ဂါထာကို၊ ဆဲ့တဖြာမီး၊ အလျှံညီး၍၊ ဒိုးဒိုးပြင်းပြ၊ လောင်ကျွမ်း လှသည်ကို၊ သုခ ထင်မှား၊ အစဉ်အားဖြင့်၊ လိုက်စားဖွန်ဆူ၊များဗိုလ်လူကို၊ ဓမ္မာနုဒ၊ ဦးသစ် စသို့၊ဘဒ္ဒကပ္ပနာ၊ သော်ခရာပိုက်ထွေး၊ ရင်သွေးမျက်ရှု၊ သားရဟုကဲ့သို့၊ ကရုဏာညက်၊ ထက်သန် လုံ့လ၊ဥဿာဟဖြင့်၊ ခံဝံ့မတော်မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ဆယ်အင် သံဟိတ်၊ ဖန် မဆိတ်သား၊

အဝတ်သာရ၊ နာမသိဒ္ဓိ၊ သာဝတ္ထိလက်ျာ၊ တောင်မျက်နှာမြေခွင်၌ တည်ထွင်စိုက်မွန်၊ ကောင်းမျိုးလွန်သော၊ ဇေတဝန် မှူကျောင်း၌၊ ကိန်းအောင်းစံပယ်တော်မူသောအခါ၊ ကျီးသဘက္ကဝါးလှေသူကြီးမယား၊ တောကျောင်းနေ ရဟန်း ခုနစ်ပါး အသားဖြင့်၊ သုံးဦးကုန်သော သူတို့ကို ရုံးပေါင်းလျက်၊ အကြောင်းတရ၊ ရည်ညွှန်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း၊

## အကြောင်း အညွှန်းပြဆိုအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

မြတ်စွာဘုရားသခင်သည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်း စံပယ်တော် မူရိုက်အခါ၊ များစွာသော ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို ဖူးမြော်ခြင်းငှါ လာကြကုန်သည်ရှိသော်၊ လမ်းခရီး အကြား၌ တခုသောရွာသို့ ဆွမ်းအလို့ငှါ ကြွဝင်တော်မူကြကုန်၏။

## မီးလောင်သေဆုံးသော ကျီး။

ရွာ၌နေသူ လူအပေါင်းတို့သည်လည်း ထိုရဟန်းတို့၏ သပိတ်တို့ကို ယူ၍၊ ဆွမ်းစားစရပ်၌ ထိုင်နေသီတင်းသုံးစေပြီးလျှင်၊ ယာဂု,ခဲဘွယ်တို့ကို ပေးလှူ၍၊ ဆွမ်းစားချိန်ကို ငံ့လင့်လျက် တရားကိုနာ၍ ထိုင်နေကြကုန်၏။ ထိုခဏ၌ ထမင်းကိုချက်၍ ဟင်းလျာကို စီရင်ချက်ပြုတ်သော တယောက်သော မိန်းမ၏အိုးမှ မီးလျှံသည် ထပြီးလျှင် အခုမိုးကို လောင်၏။ ထိုမီးလောင်ရာအရပ်မှ တခုသော မြက်သက်ငယ်အခွေသည် ထပြီးသည့်ကာသ၊ မီးတောက်၍သာလျှင် ကောင်းကင်သို့ တက်လေ၏။ ထိုခဏ၌ တကောင်သော ကျီးသည် ကောင်းကင်၌ ပျံသွားသည်ရှိသော်၊ ထိုမြက်သက်ငယ်အခွေ၌ လည်ကိုတိုးဝင်၍ မြက်နွယ်ဖြင့်ရစ်ပတ်လျက် မီးလောင်ပြီးသည့်ကာလ ရွာ၏အလယ်၌ ကျ၏။

ရဟန်းတို့သည် ထိုအခြင်းအရာကိုမြင်၍။ ငါ့ရှင်တို့၊ ကျီးသတ္တဝါသည် ပျက်စီးခြင်းသို့ ရောက်သည်ကို ကြည့်ရှုကြပါကုန်လော့၊ ပြုအပ်သော ကံမည်သည့် "ဩဝါဒ-ဝန်လေးလေစွ"။ ဤကျီး၏ရခွာန် ပြုအပ်သော ကံကို မြတ်စွာဘုရားသခင်ကို ကြည့်ထား၍ အဘယ်သူ သိနိုင်လတ္တံ့နည်း။

ထိုကျွဲးတိရစ္ဆာန်၏ ပြုအပ်သော ကံကို မြတ်စွာဘုရားအား မေးလျှောက်ကုန်အံ့ဟု ကြံ၍ ဖဲသွားကြကုန်၏။

## လှေသူကြီးမယား။

တပါးလည်းဖြစ်ကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းအလို့ငှါ လှေထက်သို့တက်စီး၍ သွားကြကုန်သည် ရှိသော် လှေသည် သမုဒ္ဒရာ၌ မတုန်မလှုပ် တန့်ရပ်၍နေ၏။ လူတို့သည် ဤလှေ၌ ယုတ်မာသောသူ ပါရှိသည် ဖြစ်ပေရာ၏ဟု ပြောဆိုတိုင်ပင်၍ သူယုတ်စာရေးတံကိုချကုန်၏၊ လှေသူကြီး၏မယား ခင်ပွန်းမသည် ပဌမအရွယ် တင့်တယ်လှပ ရှုချင်ဘွယ်ရှိလှ၏၊ သူယုတ်စာရေးတံသည် ထိုလှေသူကြီး၏ မယားခင်ပွန်းမအား ကျရောက်လေ၏။ သူယုတ်စာရေးတံကို တဖန် ပြန်၍ ချကုန်ဦးလောဟု ပြောဆို၍ သုံးကြိမ်တိုင်အောင် ချအပ်ကုန်သော်လည်း သုံးကြိမ်တိုင်အောင် ထိုလှေသူကြီး၏ မယားအား သာလျှင် ကျရောက်လေ၏၊ လူတို့သည် "အရှင်၊ အသို့ပြုအံ့နည်း"ဟု ဆို၍ လှေသူကြီး၏ မျက်နှာကိုကြည့်ကြကုန်၏၊ လှေသူကြီးသည် ထိုမိန်းမ၏အကျိုးငှါ လူများအပေါင်းကို ပျက်စီးစေခြင်းငှါ မတတ်ကောင်း။ ထိုမိန်းမကို ရေ၌ပစ်စွန့်ကြကုန်လော့ဟု ဆို၏။ ရေ၌ပစ်စွန့်အံ့ဟူ၍ ကိုင်ငင်ဆွဲယူသည် ရှိသော် ထိုမိန်းမသည်သေအံ့သောဘေးမှ တွေးတော၍ကြောက်လှသည်ဖြစ်သောကြောင့် ကျယ်စွာသောအသံဖြင့် ဟစ်အော်ခြင်းကို ပြု၏၊

## ဗီဝဂန္တု ရဟန်းခုနစ်ပါး။

ထိုအသံကိုကြား၍ လှေသူကြီးသည် ဤမိန်းမအား ပျက်စီးကုန်သော အဝတ်တန်ဆာတို့ဖြင့် အဘယ်အကျိုး ရှိတော့အံ့နည်း၊ အလုံးစုံသော အဝတ်တန်ဆာတို့ကို ချွတ်ယူ၍ တခုသော ပုဆိုးပိုင်းကို ဝတ်စေ၍ စွန့်ပစ်ကြကုန်လော့ ယင်းသို့ စွန့်ပစ်သော အခါ၌လည်း ထိုမိန်းမသည် ရေ၌ပေါ်လောပေါ်၍နေသည်ကို ငါသည်ကြည့်ရှုခြင်းငှါ မစွမ်းနိုင်။ အကြင်သို့သောအခြင်းအရာဖြင့် ထိုမိန်းမသည်ရေ၌မပေါ်ဘဲ တကြိမ်တခါတည်း နစ်မြုပ်၍ သွားသဖြင့် ငါမမြင်ရ ထိုသို့သောအခြင်းအရာဖြင့် တခုသော သဲအိုးကို လည်၌ မြဲစွာဖွဲ့ချည်ပြီးလျှင် သမုဒ္ဒရာ၌ ပစ်ချကုန်လော့ဟု စေခိုင်း၏၊ ထိုသူတို့သည်လည်း လှေသူကြီးခိုင်းစေသောအတိုင်း ပြုလုပ်ကြ

ကုန်၏။ ရေ၌ပစ်ချအပ်သော ထိုမိန်းမကိုလည်း ကျရာအရပ်၌ **သားလျှင်** ငါးလိပ်တို့သည် လုယက်ကိုက်စားကုန်၏၊

ရဟန်းတို့သည် ထိုသို့သောအကြောင်းဖြစ်ခြင်းကို သိရှိရသည့်ရှိသော် မြတ်စွာဘုရားသခင်ကိုထား၍ တပါးတယောက်သော အဘယ်မည်**သော** **သူ**သည် ထိုမိန်းမ၏ကံကို သိနိုင်ပေအံ့နည်း၊ ထိုမိန်းမပြုအပ်**သော** ကံကို မြတ်စွာဘုရားအထံသို့ ရောက်သည့်ကာလ မေးလျှောက်ကုန်အံ့ဟု နှလုံး သွင်း၍ အလိုရှိသောအရပ်သို့ ရောက်သည့်ရှိသော် ထွေမှ **သက်ဆင်း၍** ဖဲသွားကြကုန်၏။

တပါးလည်းဖြစ်ကုန်သော ခုနစ်ပါးကုန်သော ရဟန်းတို့သည် မြတ်စွာ ဘုရား**သခင်**ကို ဖူးမြော်ခြင်းအလို့ငှါ ခရီးအစဉ်အတိုင်း လာခဲ့ကုန်**သည့်** ရှိသော် ညချမ်းသောအခါ၌ တခုသောကျောင်းသို့ဝင်ရောက်၍ တည်းခို နေထိုင်ရန်အရပ်ကို မေးလျှောက်ကြ ကုန်၏။ တခုသော လိုဏ်၌လည်း ခုနစ်ခုကုန်သော ညောင်စောင်းတို့**သည်** ရှိကုန်၏၊ ထိုခုနစ်**ပါးကုန်သော** အာဂန္တုကရဟန်းတို့အား ထိုညောင်စောင်းတို့ကိုရ၍ လိုဏ်၌အိပ်ကြ- ကုန်**သည့်**ရှိသော် ညဉ့်အဘို့၌အိမ်အတွင်းမျှလောက်ရှိသော ကျောက်သည် လိမ့်ကျလာ၍ လိုဏ်တံခါးကို ပိတ်ဆို့၍နေ၏၊

အာဝါသိကရဟန်းတို့သည် ငါတို့သည်ဤလိုဏ်ကို အာဂန္တုရဟန်း တို့အား နေရာပြုပြင် စီရင်ခင်းကျင်း၍ ပေးအပ်**ကုန်သည်**ဖြစ်၍ ဤလိုဏ်၌ ရောက်ရှိကုန်၏။ ဤကျောက်ကြီး **သည်**လည်း လိုဏ်တံခါး ပိတ်လျက် တည်၏။ထိုကျောက်ကိုပယ်ပစ်ကုန်အံ့ဟု ပြောဆို၍ထက်ဝန်းကျင်ရွာကြီး ခုနစ်ရွာတို့မှ လူအပေါင်းတို့ကို စည်းဝေးစေ၍ လုံ့လပြုပြီး**သည့်**ကာလ ပယ်ရှားပါကုန်သော်လည်း နေရာမှရွေ့ရှားတုန်လှုပ်စေခြင်းငှါမစွမ်းနိုင်ကုန်။ အတွင်း၌တည်ရှိကုန်သော ရဟန်းတို့သည်လည်း လုံ့လကိုပြုကုန်**သည်** **သာလျှင်**တည်း။ဤသို့ အတွင်းရောအပြင်ပါ များစွာ**သော**လူစုသည် လုံ့လ ပြုသော်လည်း ခုနစ်ရက်ပတ်လုံး ကျောက်ကိုရွေ့ရှား တုန်လှုပ်စေခြင်းငှါ မစွမ်းနိုင်ကုန်၊ အာဂန္တုကရဟန်းတို့သည် ခုနစ်ရက်ပတ်လုံး ပြင်းထန်စွာ ဆာလောင်မွတ်သိပ်သော ကိုယ်ရှိကုန်**သည်**ဖြစ်၍ ကြီးကျယ်**သော**ဆင်းရဲ ဒုက္ခကိုခံစားရကုန်၏၊ ခုနစ်ရက်မြောက်သောနေ့၌ ကျောက်သည်အသိုလို **သာလျှင်** လိမ့်၍သွား၏။

ရဟန်းတို့သည် ငါတို့အား ဤကဲ့သို့ ယုတ်မာညစ်ညမ်းသောအကျိုး ဝိပါက်ကို မြတ်စွာဘုရား သခင်ကို ထား၍ တပါး တယောက်သော အဘယ်မည်သောသူသည် သိနိုင်ပါလတ္တံ့နည်း။ မြတ်စွာဘုရားကို မေး-လျှောက်ကုန်အံ့ဟု ကြံ၍ ဖဲသွားကြကုန်၏။

ထိုရဟန်းတို့လည်း လမ်းခရီးအကြား၌ ကျီးသေကိုတွေ့ခဲ့သောရဟန်း၊ လှေမှသက်ဆင်းခဲ့သော ရဟန်းတို့နှင့် ပေါင်းဆုံမိ၍ အလုံးစုံသောရဟန်း တို့သည် တပေါင်းတစုတည်းသာလျှင် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ် ဝင်လျှိုး ရှိခိုးပြီးသော် သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေကြပြီး လျှင် မြတ်စွာဘုရားသခင်သည် ပဋိသန္ထာရကထာစကား ပြောကြား-အပ်သည်ရှိသော် မိမိတို့တွေ့မြင်ခဲ့ရ ဖြစ်ခဲ့ရတိုင်းသောအကြောင်းတို့ကို အစဉ်အတိုင်း မေးလျှောက်ကြကုန်၏၊ မြတ်စွာဘုရားသခင်သည်လည်း ထိုသုံးဦးသော သူတို့၏ ပြုခဲ့ဘူးသော မကောင်းမှု အကုသိုလ် ကံကို အစဉ်အတိုင်း ဤသို့မိန့်တော်မူ၏။

## ကျီး၏အတိတ်ဝတ္ထု။

ချစ်သားရဟန်းတို့၊ ရှေးဦးစွာ အသင်တို့မေးလျှောက်အပ်သော ထိုကျီး တိရစ္ဆာန်သည် မိမိပြုအပ်ခဲ့သောကံကိုသာလျှင် ခံစားရလေ၏။ ချစ်သား ရဟန်းတို့၊ ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ လယ်သုပ်သမား ယောကျ်ားတယောက်သည် မိမိ၏နွားကိုဆုံးမခြင်းငှါ မစွမ်းနိုင်။ ထိုနွား သည် မောင်းနှင်အပ်သော်လည်း အနည်းငယ်သွား၍အိပ်၏။ တပြန်ကြိမ် ထုတ်ဖြင့်ပုတ်ခတ်ရိုက်နှက်ထစေသော်လည်း အနည်းငယ်သွား၍ ရှေးနည်း အတူသာလျှင် တဖန်အိပ်ပြန်၏။ လယ်သုပ်သမား ထိုယောကျ်ားသည် ထို နွားကိုလုံ့လပြု၍ တားမြစ်ဆုံးမခြင်းငှါ မစွမ်းနိုင်သောကြောင့် ပြင်းစွာ-ထွက်သောအမျက်ရှိသည်ဖြစ်၍ ဤအခါမှစ၍ အသင်အား ချမ်းသာစွာ အိပ်ရပေတော့မည်ဟု ပြောဆို၍ ကောက်ရိုးရကဲ့သို့ပြုပြီးလျှင် ကောက်ရိုး ဖြင့်နွား၏လည်ကို ရစ်ပတ်၍ မီးတိုက်၏။ နွားသည် ထိုအရပ်၌ ပင်လျှင် မီးလောင်၍ သေလေ၏။

ချစ်သားရဟန်းတို့၊ ထိုအခါ၌ ဤကဲ့သို့သော မကောင်းမှုအကုသိုလ် ကံကိုပြုခဲ့ခြင်းကြောင့် ထိုကျီးတိရစ္ဆာန်သည် မိမိပြုခဲ့သောထိုမကောင်းမှု

ကံ၏အကျိုးဆက်ဖြင့် ရှည်စွာသော နေ့ညဥ့်ပတ်လုံး ငရဲ၌ကျက်ရပြီး၍ အကျိုးကြွင်း၏အစွမ်းဖြင့် ခုနစ်ကြိမ်တိုင်တိုင် ကျီးတိရစ္ဆာန်၏အမျိုး၌ ဖြစ်၍ ဤနည်းအတူသာလျှင် ကောင်းကင်၌မီးလောင်၍ သေလွန်ရဘူးပြီဟု မိန့်တော်မူ၏။

## လှေသူကြီးမယားအဝတ်တ်ဝတ္ထု။

ထိုနောက် မြတ်စွာဘုရား ကိုယ်တော်မြတ်က ချစ်သား ရဟန်းတို့၊ နှစ်ခုမြောက် အသင်တို့ မေးလျှောက်အပ်သော လှေသူကြီး၏ မယား-ဖြစ်သော ထိုမိန်းမသည်လည်း မိမိပြုအပ်သောအကုသိုလ်ကံကိုသာလျှင် မိမိခံစားရလေသည်။ ချစ်သားရဟန်းတို့၊ ထိုမိန်းမသည် ရှေးလွန်လေ-ပြီးသောအခါ ဗာရာဏသီပြည်၌ တယောက်သော သူကြွယ်၏မယားဖြစ်ပေသတတ် ရေကိုရွက်ဆောင်ခြင်း, စပါးထောင်းခြင်း,ထမင်းချက်ခြင်းအစရှိသော အလုံးစုံသောအမှုကိစ္စတို့ကို ကိုယ်တိုင် မိမိလက်ဖြင့်သာလျှင် ပြုလေ့ရှိ၏။

ထိုမိန်းမအား အိမ်၌မွေးမြူထားအပ်သော တကောင်သောခွေးသည် ရှိ၏။ထိုမိန်းမသည် အလုံးစုံသောအမှုကိစ္စတို့ကိုပြုလုပ်၍ နေသည်ရှိသော် ထိုခွေးသည် ကြည့်ရှုသျက်သာလျှင် ထိုင်နေ၏။ လယ်တောသို့ ထမင်းကို မို့ခြင်းငှါ ယူဆောင်သွားသည်ရှိသော်၎င်း၊ ထင်းသစ်ရွက် စသည်တို့၏ အကျိုးငှါ တောသို့သွားသည်ရှိသော်၎င်း ထိုမိန်းမနှင့်အတူတကွသာလျှင် လိုက်သွား၏။ ထိုသို့သွားသည်ကိုမြင်သောအခါ ပျိုမျစ်နုနယ် လုလင်ယ် တို့က အချင်းတို့၊ခွေးမုဆိုးသည် ထွက်သွားလေပြီ။ယနေ့ ငါတို့သည် သားဟင်းမျိုးဖြင့် စားရကုန်တော့အံ့ဟု ပြက်ရယ်ပြုကုန်၏။

သူကြွယ်မသည် ထိုသူငယ်တို့ ပြက်ရယ်ပြုသော စကားဖြင့် ရှက်နိုးလှသည်ဖြစ်၍ ခွေးကိုခဲတုတ်စသည်တို့ဖြင့် ပစ်လွှင့်ပုတ်ခတ်၍ ထွက်-ပြေးစေ၏။ခွေးသည် အနည်းငယ်ထွက်ပြေးပြီး၍ ဆုတ်နစ်တဖန် အစဉ်တပိုက် လိုက်ပြန်သည်သာလျှင်တည်း။

[ထိုခွေးသည် သူကြွယ်မ၏ သုံးခုမြောက်သော အတ္တဘော-ခန္ဓာကိုယ်၏ အဖြစ်၌ ခင်ပွန်းအရှင် လင်ယောကျ်ား ဖြစ်ပေ-သတတ်။ထိုကြောင့် ချစ်ခင်ခြင်းကို ဖြတ်ခြင်းငှါ မစွမ်းနိုင်ပေ။ထို

စကားမှန်၏။ အစမထင် ကျင်လည်ရာဖြစ်သော သံသရာ၌မယားသည်ရင်း၊ လင်သည်ရင်း မဖြစ်ဘူးသောသူမည်သည် အကယ်၍ကားမရှိ၊ ထိုသို့ပင်ဖြစ်သော်လည်း နီးသောအတ္တဘော၏အဖြစ်၌ ဖြစ်ကုန်သော ဆွေမျိုးတို့၌ ကဲလွန်သော ချစ်ခင်ခြင်းသည် ဖြစ်-တတ်၏။ ထိုကြောင့် ထိုခွေးသည် သူကြွယ်ခကို စွန့်လွှတ်ခွါရှောင်၍ နေခြင်းငှါ မစွမ်းနိုင် လေသတည်း။ ။ထိုကြောင့် ရင်းအဋ္ဌကထာ၌-

**သော** ကိရဿ တတိယေ အတ္တဘာဝေ ဘဒ္ဒါအဟောသိ။ တသ္မာ သိနေဟံ ဆိန္ဒိတုံ န **သက္ကော**တိ။ ကိဉ္စာပိ ဟိ အနမတဂ္ဂေ သံသာရေ ဇာယာဝါ ပတိဝါ အဘူတပုဗ္ဗာနာမ နတ္ထိ။ အဝိဒူရေ ပန အတ္တဘာဝေ ဉာတကေသု အဓိမတ္တော သိနေဟော ဟောတိ။ တသ္မာ သော သုနခေါ တံ ပိဇဟိတုံ နသက္ကောတိ။ ။

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။သော သုနခေါ၊ ထိုခွေးသည်။ အဿ၊ ထိုမိန်းမ၏။ တတိယေ အတ္တဘာဝေ၊ သုံးခုမြောက်သော ကိုယ်၏အဖြစ်၌။ ဘဒ္ဒါ၊ ခင်ပွန်းအရှင်ယောက်ျားသည်။ ယသ္မာ၊ အကြင်ကြောင့်။ အဟောသိ ကိရ၊ ဖြစ်ဘူးသတတ်။ တသ္မာ၊ ကြောင့်။ သိနေဟံ၊ ချစ်ခြင်းကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်လေ။ ဟိ-သစ္စံ၊ ထိုစကားသည်မှန်၏။ အနမတဂ္ဂေ၊ မသိအပ်သောအစရှိသော၊ သံသာရေ၊ သံသရာ၌။ ဇာယာဝါ၊ မယားသည်ရင်း၊ ပတိဝါ၊ လင်သည်ရင်း။ အဘူတပုဗ္ဗာ နာမ၊ မဖြစ်ဘူးသောသူမည်သည်။ ကိဉ္စာပိနတ္ထိ၊ အကယ်၍ကားမရှိ၏ရှင့် ပန၊ သင်းသို့ပင်မှိသော်လည်း။ အဝိဒူရေ၊ မနီးမဝေးသော။ အတ္တဘာဝေ၊ ကိုယ်၏အဖြစ်၌ ပဝတ္တေသု၊ ဖြစ်ကုန်သော။ ဉာတကေသု၊ အဆွေအမျိုးတို့၌။ အဓိမတ္တော၊ လွန်ကဲသော၊ သိနေဟော၊ ချစ်ခြင်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ သော သုနခေါ၊ ထိုခွေးသည်။ တံ ဇာယံ၊ ထိုမိန်းမကို။ ပိဇဟိတုံ၊ စွန့်လွှတ်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်လေသတည်း။ ။ဤကား-အနက်။]

ခုနစ်ရက် ခုနစ်ရက်တို့ ကာလပတ်လုံး ဖြတ်သော အစာဟာအာရှိသည် ဖြစ်ကုန်၏။ ချစ်သားရဟန်းတို့၊ ထိုအခါ၌ အသင်တို့သည် ခုနစ်ယောက်သော နွားကျောင်းသား သူငယ်တို့ဖြစ်၍၊ ထိုသို့သော မကောင်းမှုကံကို ပြုခဲ့ဘူး၏ဟု၊ ဤသို့ အစဉ်အတိုင်းအားဖြင့် ထိုရဟန်းတို့ မေးလျှောက်အပ်သော အမေးပုစ္ဆာကို မြတ်စွာဘုရား သခင်သည် ဖြေကြား မိန့်ဆိုတော်မူ၏။

## ရဟန်းအများ သောတာပန်စသည်ဖြစ်ခြင်း။

ထိုအခါ တပါးသော ရဟန်းက မြတ်စွာဘုရား သခင်ကို''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အသို့ပေနည်း။ မကောင်းမှု အကုသိုလ်ကံကို ပြုမိသောကြောင့် ကောင်းကင်၌ ပျံတက်သော သူအားရင်း၊ သမုဒ္ဒရာသို့သွားသော သူအားရင်း၊တောင်ကြားသို့ဝင်သော သူအားရင်း၊ လွတ်မြောက်ခြင်း မရှိပါသလော'' ဟု မေးလျှောက်၏။ မြတ်စွာဘုရား သခင်က'' ချစ်သားရဟန်း၊ ဟုတ်မှန်လှပေ၏။ မကောင်းမှု ပြုမိသော သူအား ကောင်းကင် အစရှိသည်တို့တွင် တပုံတခုမျှ လွတ်မြောက်နိုင်သော အရပ်မည်သည် မရှိ။ကောင်းကင်,သမုဒ္ဒရာ,တောင်,လိုဏ်ခေါင်းတို့၌ တည်နေသော်လည်း အကုသိုလ် မကောင်းမှုကံမှ မလွတ်နိုင်ပေရာ'' ဟု မိန့်တော် မူပြီးသော်၊ အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူသိုသောကြောင့်-

**န အန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊**
**န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။**
**န ဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထဋ္ဌိတော မုဉ္စေယျ ပါပကမ္မာ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာပါဌ်ဂါထာ၏အဆုံး၌ ထိုရဟန်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။အန္တလိက္ခေ၊ အဇဋာကပြင်၊ ထက်ကောင်းကင်၌။ ဌိတောပိ၊ တည်နေ သော်လည်း။ ပါပကမ္မာ၊ ဒုစရိတ၊ ပါပညစ်ကျူး၊ မကောင်းမှုမှ။န မုစ္စေယျ၊မလွတ်နိုင်ပေရာ။ သမုဒ္ဒမဇ္ဈေ၊ ရေပြင်ကျယ်စွာ၊

သရုန္ဒရာ အလယ်၌။ ဋ္ဌိတောပိ၊ တည်နေသော်လည်း။ ပါပကမ္မာ၊ မှာ န မုစ္စေယျ၊ရာ။ ပဗ္ဗတာနံ၊ တောင်တို့၏ ဝိဝရံ၊ အကြား လိုဏ်ခေါင်းသို့။ ပဝိဿ၊ဝင်၍လည်း။ ပါပကမ္မာ၊မှ။န မုစ္စေယျ၊ရာ။ ယတ္ထ၊အကြင်အရပ်၌။ ဋ္ဌိတော၊ တည်၍။ ဝါ၊ တည်သည်ရှိသော်၊ ပါပကမ္မာ မကောင်းမှု ကံမှ။ မုစ္စေယျ၊ လွတ်မြောက်ရာ၏။ သော ဇဂတိပ္ပဒေသော၊ ထိုလွတ်ရာ အရပ် သည်၊ န ဝိဇ္ဇတိ၊မရှိ။ ။ဤကားအနက်၊

မြွပဒပါပဝဂ်၌ တဆဲ့တခုမြောက်ဖြစ်သော တယောဇန ဝတ္ထုစကားအစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၉-ပါပဝဂ်။ ၁၂-သုပ္ပဗုဒ္ဓသာကီဝင်မင်းကြီး၏ဝတ္ထု။

န အန္တလိက္ခေ။ ။အစရှိသော၊ ဤဒေသနာ၊ ပါဌ် ဂါထာကို၊ ဥက္ကာမုခ၊ မင်းမှစ၍၊ သကျနွယ်ရိုး၊ မင်းအမျိုး တို့သည်၊ တန်းခိုး ကမ္ဘ၊ အလျှံကြွသဖြင့်၊ မာနတရား၊ တက်ပွါးလွန်ကဲ၊ နှလုံးထဲ၌၊ ဝင်စွဲသမှု၊ သာကီယတို့ကို၊ ဆုံးမတော်မူဘတ်သော၊ ဂုဏ်ဟိတ် အလာကြောင့်၊ သတ္တာ မည်တော်မူသော၊ မြတ်စွာဘုရား သခင်သည်၊ ရှေးတီးကာလ၊ ယောင်းမူလဝယ်၊ ကပိလ ရသေ့၊ ပျော်မွေ့ရှင်မြန်း၊ ကျောင်းသခ်မ်းကို၊ ရွှေနန်းဦးချ၊ တည်ထောင်သည့် အရကြောင့်၊ ကပိလဝတ္ထု၊ သာစွကနက်၊ မွေးချက်တော်ကြွေရာ ဖြစ်သောပြည်ကို၊ အမှီပြုရှောင်း၊ နိဂြောဓချုံ ရွှေကျောင်း၌၊ ကိန်းအောင်း စံပယ်တော်မူလျက်၊ အဘက်မတူ၊ တောင်-ဇမ္ဗူတွင်၊ ပြိုင်သူ ကင်းပျောက်၊ ကိုယ်ရောင် တောက်သဖြင့်၊ ချီးမြှောက် ထိုက်စွာ၊လကျာရွှေညီ၊ မဟောသိဘ္ဘသ၊ ဘဒ္ဒကစ္စနာ၊ ယသော်ဓရာဒေဝီ၏ ခမည်းတော်၊မယ်တော်၏ မောင်တွေး ဖြစ်တော်မူသော၊ သုပ္ပဗုဒ္ဓ၊ နာမ-ဘွဲ့တွင်၊ သာကီဝင် မင်းကြီးကို၊ အသီးရည်ရွ၊ အကြောင်း ပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။ •

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

မွေ့ပ္ပန်ဝတ္ထု။

ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မြတ်စွာဘုရားသခင်ကို၊ ဤသိဒ္ဓတ်မင်းသား-သည် ရင်သွေးဖြစ်သော ငါ၏ သမီးတော်ကို စွန့်ပစ်ပယ်ထားလျက်

တောသွက် ကြွသွားလေသည်။ တတန်၊ ဘုန်းကံကြီးမား၊ ငါ၏သားတော် ဒေဝဒတ် ကိုလည်း လူဒါတ် ပယ်ရှောင် သာသနာတော် ဘောင်၌ ယူဆောင် ရဟန်းပြုစေပြီး၍၊ မိမိ၏ခန်သူအရာ၌ တည်ထားလေသည် တချက်ဟု၊ ဤနှစ်ပါးသော အကြောင်း အချက်တို့ဖြင့် မြတ်စွာဘုရား သခင်၌ ရန်ငြိုးတင်ဖွဲ့ခြင်းကိုပြု၍ တနေ့သ၌ ထိုသိဒ္ဓတ္ထမင်းသား ဘုရား-ဂေါတမအား ပင့်ဘိဘ်ရာ အရင်သို့ သွားရောက်၍ စားသောက်ခြင်း အခွင့်ကို မပေးအံ့ ဟု ကြံပြီးလျှင်၊ မြတ်စွာဘုရား ကြွတော်မူအံ့သော ခရီးကို တားမြစ်ပိတ်ပင်၍၊ခရီးမ၌ သေအိုသောက်လျက် ထိုင်နေ၏၊

ထိုနောက် မြတ်စွာဘုရားသခင်သည် ရဟန်း သံဃာတော်အပေါင်း ခြံရံလျက် ကြွတော်မူသည်ရှိသော်၊မြတ်စွာဘုရား ကြွတော်မူလာပါသည် ဟု သုပ္ပဗုဒ္ဓမင်းကြီးအား လျှောက်ကြားကြကုန်၏၊ သုပ္ပဗုဒ္ဓမင်းကြီးက။ အို-အချင်းတို့၊ရှေ့မှ ဖယ်ရှောင်၍သွားကြကုန် ဟု ထိုသိဒ္ဓတ္ထမင်းသားအား ပြောကြား လိုက်ကြပါကုန်လော့။ ဤသိဒ္ဓတ္ထ မင်းသားထက် ငါသည် အရွယ်အားဖြင့် ကြီးရင့်သည် သို့ဖြစ်၍ ငါသည် ထိုသိဒ္ဓတ္ထမင်းသားအား ခရီးကို ဖယ်ရှောင်၍မပေးနိုင်ဟု ပြော၏၊အဖန်တလဲလဲပြောဆိုတောင်းပန် ပါသော်လည်း၊ ရှေးနည်း အတူသာလျှင် ပြော၍ထိုင်နေ၏။ မြတ်စွာဘုရား သခင်သည် ဝရီးတော်၏အထံမှ သွားအံ့သော လမ်းခရီးကို မရသည် ဖြစ်၍၊ထိုအရင်မှ ဆုတ်နစ်ပြန်လည်၍ ကြွသွားတော်မူ၏။

သုပ္ပဗုဒ္ဓ မင်းကြီးသည်လည်း တယောက်သော အလုပ် အကျွေး ယောကျ်ားကို "အချင်း၊သွားတဲ့ချေ။ထိုသိဒ္ဓတ္ထ မင်းသား၏ ပြောဆိုသော စကားကို မှတ်သားနာယူ၍ လာခဲ့လော့"ဟု စေလွှတ်လိုက်၏။မြတ်စွာ-ဘုရားသခင်သည်လည်း ဆုတ်နစ်ပြန်လည်လျက် ပြုံးရွှင်ခြင်းကို ပြုတော် မူသည်ရှိသော်၊အရှင်အာနန္ဒာ မထေရ်က။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ပြုံးရွှင်တော် မူခြင်း၏ အကြောင်းကား အဘယ်သို့ ရှိပါသနည်းဟု လျှောက်၏။ချစ်သား အာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်းကြီးကို မြင်၏-လော ဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ မြင်ပါ၏ဟု လျှောက်သည်ရှိသော်။ ချစ်သားအာနန္ဒာ၊ ထိုသုပ္ပဗုဒ္ဓ မင်းကြီး သည် အလွန်ဝန်လေးသော အမှုကိုပြုအပ်ပေ၏၊ ငါကဲ့သို့သော သဘော

ရှိသော ဘုရားအား ကြွသွားရာဖြစ်သော လမ်းခရီးကို အခွင့် မပေးသော အားဖြင့် တားမြစ်ပိတ်ပင်သည့် အရကြောင့်၊ယနေ့မှ ခုနစ်ရက် မြောက်-သော နေ့ဝယ်၊ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်း လှေကားရင်း၌ မြေကြီးသို့ ဝင်ရလတ္တံ့ဟု မိန့်တော်မူ၏။မင်းချင်း ယောက်ျားသည်လည်း မြတ်စွာဘုရား မိန့်ဆိုတော်မူသော ထိုစကားကိုကြား၍၊သုပ္ပဗုဒ္ဓမင်းကြီး၏ အထံသို့ သွားရောက်ပြီးလျှင်၊ငါ၏ တူတော်သည် အဘယ်ကဲ့သို့သော စကားကို ပြောဆိုဘိသနည်းဟု မေးသဖြင့်၊ ကြားခဲ့တိုင်းသော စကားကို ပြန်ကြားလျှောက်တင်၏။

## သုပ္ပဗုဒ္ဓမင်းကြီး မြေကြီးသို့ဝင်ခြင်း။

သုပ္ပဗုဒ္ဓမင်းကြီးသည် မင်းချင်းယောက်ျား လျှောက်တင်သော ထို-စကားကိုကြား၍၊ဤယခုအခါ၌ ငါ့တူတော်၏ စကားသည် ချွတ်ယွင်းသည်ဟူ၍ မရှိ။စင်စစ်အားဖြင့်သာလျှင် ထိုသိဒ္ဓတ္ထမင်းသားသည် အကြင်သို့သောစကားကို ပြောဆို၏။ထိုပြောဆိုသော အတိုင်းသာလျှင် ဖြစ်တတ်လေသည်။ ဤသို့ ဖြစ်သော်လည်း ထိုသိဒ္ဓတ္ထ မင်းသားကို ယခုအခါ ငါသည်မုသာဝါဒဖြင့်နှိပ်အံ့ ထိုသိဒ္ဓတ္ထမင်းသားသည်ငါ့ကိုခုနစ်ရက်မြောက်သောနေ့၌ မြေကြီးသို့ ဝင်ရလတ္တံ့ဟု မမှတ်မသား သာမည အားဖြင့် မပြောမဆိုမူ၍၊ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်း လှေကားရင်း၌သာလျှင် မြေကြီးသို့ ဝင်ရလတ္တံ့ဟု ပြောဆို၏။ ဤအခါမှစ၍ ငါသည် ထိုအရပ်သို့ မသွားဘဲနေအံ့ ထိုသို့ နေသည်ရှိသော် ထိုအရပ်၌ ငါသည် မြေကြီးသို့ မဝင်ရလတ္တံ့။ ယင်းသို့ မဝင်ရသောအခါ ထိုသိဒ္ဓတ္ထမင်းသားအား မုသာဝါဒဖြင့် နှိပ်အံ့ဟု ကြံ၏။

ကြံပြီး၍ကား ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မိမိ၏ အသုံးအဆောင် အလုံးစုံကို ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်သို့ တင်၍၊ စောင်းတန်း လှေကားကို ပယ်ဖြုတ် စေပြီးလျှင်၊ တံခါးကို ပိတ်စေ၍ တခုသော တံခါး၌ နှစ်ယောက် နှစ်ယောက်ကုန်သော လက်ဝဲ လက်ယာ လက်ပမ်းသည်တို့ကို ထားပြီးလျှင်၊ အကယ်၍ ငါသည် မေ့လျော့သဖြင့် ပြာသာဒ် အောက်သို့ သက်လိုသည် ဖြစ်အံ့၊ ငါ့ကို တားမြစ်ကြကုန်လော ဟု ပြောဆို မှာထား၍၊ ခုနစ်ဆင့် မြောက်သော ပြာသာဒ်၏အပြင် ကြက်-သရေရှိသော တိုက်ခန်း၌ နေ၏။

မြတ်စွာဘုရား သခင်သည် ထိုအကြောင်းကို ကြား၍။ ချစ်သား-ရဟန်းတို့၊သုပ္ပဗုဒ္ဓမင်းကြီးသည်သက်သက်ပြာသာဒ်အပြင်ထက်သို့တက်-နေရုံ မဟုတ်သေး။ အာကာသထက်ကောင်းကင်သို့ ပျံတက်၍ နေသည်ဖြစ်စေ၊ လှေဖြင့် သမုဒ္ဒရာရေအပြင်သို့ ပြေးဝင်၍ နေသည်ဖြစ်စေ၊ တောင်ကြား လိုဏ်ခေါင်းသို့ ခိုအောင်း ပုန်းဝင်သည် ဖြစ်စေ၊ ငါဘုရားတို့ မိန့်ဆို အပ်သော စကား မည်သည် မှန်သည်လည်း ရှိ၏။ မမှန်သည်လည်း ရှိတတ်၏ဟု နှစ်ဖြာ,နှစ်ကွဲဖြစ်သော မည်သည်မရှိ၊ ငါဘုရား မိန့်တော်မူအပ်သောနေရာ၌သာလျှင် ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် မြေသို့ဝင်ရလတ္တံ့ဟု မိန့်တော်မူပြီးလျှင်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**နအန္တလိက္ခေ န သမုဒ္ဒမဇ္ဈေ၊**
**န ပဗ္ဗတာနံ ဝိဝရံ ပဝိဿ။**
**နဝိဇ္ဇတေ သော ဇဂတိပ္ပဒေသော၊**
**ယတ္ထဋ္ဌိတံ နပ္ပသဟေယျ မစ္စု။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ-ပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား**။ ။အန္တလိက္ခေ၊ အဇဋာကာသပြင်၊ ထက်ကောင်းကင်၌ ဌိတောပိ၊ တည်သော်လည်း။ မစ္စုနာ၊ သေမင်း၏ လက်မှ။န မုစ္စေယျ မလွတ်နိုင်ပေရာ၊ သမုဒ္ဒမဇ္ဈေ၊ရေထုပြောစွာသမုဒ္ဒရာ၏အလယ်၌။ဌိတောပိ သော်လည်း။မစ္စုနာ၊မှ၊နမုစ္စေယျ၊ရာ၊ပဗ္ဗတာနံ တောင်တို့၏။ဝိဝရံ၊အကြား လိုဏ်ခေါင်းသို့။ ပဝိဿ၊ဝင်သော်လည်း။မစ္စုနာ၊မှ။န မုစ္စေယျ၊ ရာ။ယတ္ထ အကြင်အရပ်၌။ ဌိတံ၊တည်သောသူကို။မစ္စု၊သေမင်းသည်။ နပ္ပသဟေယျ၊ မညှဉ်းဆဲနိုင်ပေရာ။ သော ဇဂတိပ္ပဒေသော၊ ထိုသေမင်း မညှဉ်းဆဲသော အရပ်သည်။ န ဝိဇ္ဇတေ၊မရှိလေ။ ။ဤကားအနက်။

ခုနစ်ရက်မြောက်သောနေ့၊ မြတ်စွာဘုရား ကြွသွားတော်မူရာ လမ်းခရီးကို ပိတ်ထားသောအချိန်အခါ၌ ပြာသာဒ်၏ အောက်ဝယ် သုပ္ပဗုဒ္ဓမင်းကြီး၏မင်္ဂလာမြင်းတော်သည် မြည်ဟီးလျက်၊ ထိုထိုသို့သော နံရံကို။ တိုက်မိုက် တိုး၍၏။ ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် ပြာသာဒ်၏ အထက်၌၊

နေလျက်သာလျှင် မြင်းသံကို ကြား၍၊ဤအသံသည်ကား အဘယ်နည်းဟု မေးလျှင်၊မင်္ဂလာမြင်းတော်၏ အသံပါဟု တင်လျှောက်၏။ ထိုမြင်းသည် ကား သုပ္ပဗုဒ္ဓမင်းကြီးကို မြင်ရမှ ငြိမ်သက် ကောင်းမွန်စွာ နေတတ်၏။

ထိုအခါ သုပ္ပဗုဒ္ဓမင်းကြီးသည် မင်္ဂလာမြင်းတော်ကို ဘမ်းလိုသည် ဖြစ်၍ ထိုင်နေရာမှ ထပြီးလျှင် တံခါးသို့ ရှေးရှုသွား၏၊ တံခါးတို့သည် အလိုလိုသာလျှင် ပွင့်ကုန်၏။စောင်းတန်း လှေကားသည် မိမိ၏ အနီး၌ သာလျှင် ရောက်တည်လာ၏၊တံခါး၌ စောင့်ရှောက်ကုန်သော လက်ဖွဲ့ လက်ပမ်းသည်တို့သည် ထိုသုပ္ပဗုဒ္ဓမင်းကြီး၏ လည်၌ကိုင်၍ အောက်သို့ ရှေးရှု တွန်းထိုး ချပစ်လိုက်ကြကုန်၏။ ဤသို့သော နည်းဖြင့် သာလျှင် ခုနစ်ခုကုန်သော အဆင့် အပြင်တို့၌ တံခါးတို့သည် အလိုလိုသာလျှင် ဟင်းလင်းပွင့်ကုန်၏ စောင်းတန်း လှေကားတို့သည် ပယ်ဖြုတ်၍ ထားအပ် ကုန်သော်လည်း၊ထိုထားမြဲတိုင်းသော နေရာ၌သာလျှင် တည်ရှိကုန်၏၊ ထိုထိုသို့သော တံခါးတို့၌ အစောင့်အရှောက်ထားကုန်သော လက်ဖွဲ့ လက်ပမ်းတို့သည်လည်း လည်၌ ကိုင်၍သာလျှင် အောက်သို့ ရှေးရှု တွန်းပစ်လိုက်ကြကုန်၏။

ထိုနောက် သုပ္ပဗုဒ္ဓ မင်းကြီးသည် ပြာသာဒ်၏ အောက်ဖြစ်သော စောင်းတန်း လှေကားရင်း၌ ကျရောက်ကာမျှဖြင့်သာလျှင် မဟာပထဝီ မြေကြီးသည် မြည်ဟီးကွဲချ၍ ခံ၏၊ ထိုသုပ္ပဗုဒ္ဓမင်းကြီးသည် သွားရောက် ပြီးသည့်ကာလ၊အဝီစိငရဲ၌ ဖြစ်ရလေသတည်း။

ဓမ္မပဒပါပဝဂ်၌ တဆဲ့နှစ်ခုမြောက်ဖြစ်သော သုပ္ပဗုဒ္ဓသာကီဝင် မင်းကြီး၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

ဣတိ ပဏ်သာဝတီနဂရဿ ဝိဂုမ္ဗစေဝိယာဿ ဥတ္တ ရာနု ဒိသာဘာဂေ မဟာအာချည်ကပိဟာရေ ဝသတ္တေန စန္ဒိမာဘိလဒ္ဓနာမေန အဘ္ဓဝဿိကေန ဂဏာဝါစကေန ဘိက္ခုနာ မရမ္မဘာသာ သ ဒေဇဿသတ္တောကတော ဓမ္မပဒတ္ထော

မဟာပဘာရဇ္ဇော နဝမပါပဝဂ္ဂဿ မရမ္မဘာသဋ္ဌေဿ
နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာ၌ ကိုးခုမြောက်ဖြစ်သော ပါပဝဂ်
သည်ကား ဤတွင်ရွေ့ ပြီးလေသတည်း။

---

## ၁၀-ဒဏ္ဍဝဂ်၊ ၁-ဆဗ္ဗဂ္ဂီရဟန်းဝတ္ထု။

**သဗ္ဗေ တသန္တိ။** ။အစရှိသည့်၊သုတ်ဖြေဇာ၊ထောမနာ ထိုက်သော၊ အမြိုက်ဒေသနာ၊ ဤဂါထာကို၊ သဗ္ဗဝိတပါး၊ သနားငဲ့ညှာ၊ ကြွင်နှာခြင်း မရှိ၊ အဇိတ်ဒုဋ္ဌ၊ ကောဓရှေးရှု၊ နှိပ်စက်မှုသော၊ ဗိုဟ်လုပတသင်း၊ ခပင်း ဥဿုံ၊အလုံးရုံတို့ကို၊ အကုန်ဆုံးမတတ်သော မြတ်စွာဘုရား သခင်သည်၊ ပြည့်ခွင်ဘုမ္မိ၊ သာဝတ္ထိ ဘောင်ရပ်၊ ဇေတဝန် ကျောင်းမြတ်၌၊ ချဉ်းကပ် နှင်ပြီး၊ သိတင်းသုံးတော်မူသျက်၊ ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို၊ ရည်မှန်းသမှု၊ အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အစဉ်ပွတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပဌမပြုမှုဝတ္ထု။

တပါးသောအခါ၌ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ကျောင်းအိပ်ရာ နေရာတို့ကို ပြုပြင်ဆင် သုတ်သင် ပြီးစီးကြသည်ရှိသော်၊ဆဗ္ဗဂ္ဂီရဟန်း တို့က၊ငါတို့သည် သိတင်းကြီး ဖြစ်ကုန်သည်။ထိုနေရာသည် ငါတို့အား ရောက်ထိုက်ရထိုက်ပေသည် ဟု ပြောဆိုသဖြင့်၊ သတ္တရသဝဂ္ဂီ ရဟန်း တို့က၊ငါတို့သည် မပေးကုန်၊ ငါတို့သည် ရှေးဦးစွာ ပြုပြင်ဆင်သုတ်- သင်အပ်သည်ဟု ဆိုသည်ရှိသော်၊ ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့ကို ရိုက်နှက် ပုတ်ခတ်ကုန်၏၊ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် သေအံ့သောဘေးဖြင့် တွေးတော ရွံ့ကြောက်ကုန်သည် ဖြစ်၍၊ ကျယ်- စွာသော အသံကို မြည်တွန်ဟစ်အော်ကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုသတ္တရသဝဂ္ဂီရဟန်းတို့ ဟစ်အော်သော အသံကို ကြား၍၊ ဤအသံ သည်ကား အဘယ်နည်း ဟု မေးတော်မူသည်ရှိသော်၊ ဤအမည်ရှိသော အကြောင်းပါဟု ကြားလျှောက်ကြသဖြင့်။ ချစ်သား ရဟန်းတို့၊ ဤအခါမှ

စ၍ ရဟာန်းမည်သည် ဤသို့သဘောရှိသောအမှုကို မပြုအပ်,မပြုထိုက်။ အကြင်ရဟာန်းသည် ပြုကျင့်နဲ့ငြားအံ့၊ ထိုရဟာန်းသည် ဤအခမည်ရှိသော အာပတ်သို့ ရောက်စေသတည်းဟု ပဟာရဒါနသိက္ခာပုဒ်ကို ပညတ်တော်မူပြီး၍။ ချစ်သား ရဟာန်းတို့၊ရဟာန်း မည်သည်မှာ ငါသည် ဒဏ်မှ ထိတ်လန့်တုန်လှုပ်၏။ သေခြင်းမှ ကြောက်ရွံ့ဘိသကဲ့သို့၊ ထို့အတူ သာသျှင်တပါးသော သတ္တဝါတို့သည်လည်း ဒဏ်မှ ထိတ်လန့်ခြင်း, သေခြင်းမှ ကြောက်ရွံ့ခြင်း ဖြစ်ကြပေလိမ့်မည်ဟု သိ၍ သူတပါးကို မပုတ်မခတ်အပ်,သူတပါးကို မသတ်မဖျက်ဆီးအပ် ဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော်မူသိုသောကြောင့်-

**သဗ္ဗေ တသန္တိ ဒဏ္ဍဿ၊သဗ္ဗေ ဘာယန္တိ မစ္စုနော။**
**အတ္တာနံ ဥပမံ ကတွာ၊န ဟနေယျ န ဃာတယေ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။

**အနက်ကား။** ။သဗ္ဗေသတ္တာ၊ ကြွင်းမဲ့ဥဿုံ၊ ခပ်သိမ်း ကုန်သော သတ္တဝါတို့သည်။ ဒဏ္ဍဿ၊ဒဏ်မှ။ တသန္တိ၊ထိတ်လန့်ကုန်၏။ သဗ္ဗေသတ္တာ၊ တို့သည်။ မစ္စုနော၊ **သေရအံ့သည်မှ**၊ ဘာယန္တိ၊ ကြောက်ရွံ့ကုန်၏။ အတ္တာနံ၊တွယ်တာနှစ်မျို့၊ မိမိကိုယ်ကို။ ဥပမံကတွာ၊ထောက်ဆနိုင်းစာ၊ ဥပမာပြု၍။ ဖါဏော၊ တပါးသော သတ္တဝါတို့ကို။ န ဟနေယျ၊ မညှဉ်းဆဲရာ။န ဃာတယေ၊ မသတ်ဖျက်ရာ။ ။ဤကားအနက်။

ဓမ္မပဒ ဒဏ္ဍဝဂ်၌ ရှေးဦးစွာသော သဗ္ဗဂ္ဂိရဟာန်းတို့၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၀-ဒဏ္ဍဝဂ်။ တနည်း-သဗ္ဗဂ္ဂီရဟာန်းတို့ဝတ္ထု။

**သဗ္ဗေ သတန္တိ။** ။အစရှိသည့်၊ ဤဓမ္မဒေသနာ၊ ပါဌ် ဂါထာကို၊ ဒေသနာသြဝါဒ၊ ဆုံးမတားမြစ်အင်သည်ကို၊ ပယ်လှပ်ချန်ထား၊ ကြောင်းတပါးကိုပြစ်မှားတတ်စွာ၊ သတ္တဝါရာဇတို့ကို၊ မရှုံ့ပေက္ခာ၊ကရုဏာ-

ဖြင့်၊ထပ်ကာ၊မပြတ်၊ ဆုံးမတတ်သော၊ သကာတ်ဂုဏ် အလာကြောင့်၊ သတ္တာမည်ဘိ၊ စောမုနိသည်၊ သာဝတ္ထိကနက်၊ တောင်ဘက်ရိပ်မွန်၊ဇေ- တဝန်ဖြူကျောင်း၌၊ ကိန်းအောင်းစမ္ပယ်တော်မူလျက်၊ ဆဗ္ဗဂ္ဂီရဟန်းတရ တို့ ကိုပင်လျှင် အကြောင်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပြန် သတည်း။

## အကြောင်း အကျဉ်းမျှသာ အစဥ်ကား ဤသို့တည်း။

### ပဉ္စဝဂ္ဂီဝတ္ထု။

တပါးသောအခါ၌ ရှေးနည်းအတူသာလျှင် သတ္တရသဝဂ္ဂီရဟန်းတို့ သည် ကျောင်းအိပ်ရာ နေရာတို့ကို ပြုရပြင်ဆင် သုတ်သင်ပြီးစီးသည် ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့က ငါတို့သည် သီတင်းကြီးဖြစ်ကုန်၏၊ ဤနေရာ သည် ငါတို့အား ရောက်ကုန်၏။ ငါတို့ ရထိုက်ကုန်၏ဟု ပြောဆိုသဖြင့် သတ္တရသဝဂ္ဂီ ရဟန်းတို့က ငါတို့မပေးနိုင်ကုန်။ ငါတို့သည် ရှေးဦးစွာ သုတ်သင်အပ်ကုန်သည်ဟု ပြောဆိုကုန်သည်ရှိသော် ဆဗ္ဗဂ္ဂီရဟန်းတို့- သည် သတ္တရသဝဂ္ဂီရဟန်းတို့ကို လက်ဝါးပျက်ဖြင့် ရွယ်ချီးချောက်လှန့် ကုန်၏။

သတ္တရသဝဂ္ဂီ ရဟန်းတို့သည် ကြောက်ရွံ့ကုန်သောကြောင့် ဟစ်- အော်ကြသောအသံကို မြတ်စွာဘုရား ကြားတော်မူ၍ ဤအသံသည် အဘယ်အသံနည်းဟု မေးတော်မူလျှင် ဤအမည်ရှိသော အကြောင်းပါ တည်းဟု လျှောက်ကြားသဖြင့် ချစ်သားရဟန်းတို့၊ ဤအခါမှစ၍ ရဟန်း မည်သည် ဤသို့ သဘောရှိသော အမှုကို မပြုရ၊ မပြုထိုက်၊ အကြင် ရဟန်းသည် ဤသို့သဘောရှိသောအမှုကို ပြုခဲ့ငြားအံ့၊ ထိုရဟန်းအား ဤအမည်ရှိသောအာပတ်သို့ ရောက်စေဟု တလသတ္တိက သိက္ခာပုဒ်ကို မြွက်ထုတ်ပညတ်တော်မူပြီး၍ ချစ်သားရဟန်းတို့၊ရဟန်း ‘မည်သည်ကား ငါသည်ဒဏ်မှ ထိတ်လန့်ကြောက်ရွံ့သကဲ့သို့ ထိုအတူတပါးသောသူတို့ သည်လည်း ထိတ်လန့်ကြောက်ရွံ့ ပေသဘတ်။ငါသည် ငါ၏အိုးဝဇ်ခန္ဓာ အသက်ကိုချစ်မြတ်နိုးသကဲ့သို့ ထိုအတူသာလျှင် တပါးသောသူတို့သည်- လည်း မိမိတို့၏အသက်ကို ချစ်မြတ်နိုးခြင်း ဖြစ်ကြပေလိမ့်မည်ဟု သိ၍ သူတပါးကို မပုတ်ခတ်အပ်။ မသတ်ဖျက်အပ်ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကိုဟောကြားတော် မူလိုသောကြောင့်-

**သဗ္ဗေ တသင်္ခ ဒုက္ခာသ၊ သဗ္ဗေသံ ဇီဝိတံ ပိယံ။**
**အတ္တာနံ ဥပမံ ကတွာ၊ န ဟနေယျ န ဃာတယေ။ ။**

**ဟူသော**ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာ ပါဠိဂါထာ၏အဆုံး၌ များစွာကုန်သောသူတို့သည် သော-တာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။သဗ္ဗေသတ္တာ၊ အလုံးစုံသော သတ္တဝါ တို့သည်။ ဒုက္ခာသ၊ ဒဏ်မှ။ ဝါ၊အား။ တသင်္ခ၊ ကြောက်ရွံ့ထိတ်လန့်ကုန်၏။သဗ္ဗေသံ၊ ခပ်သိမ်းကုန်သောသူတို့သည်။ဝါ၊တို့အား။ဇီဝိတံ၊ မိမိ၏ဇီဝိတိန္ဒြေအသက်ကို။ပိယံ၊ချစ်ဖြတ်နိုးအပ်၏။ အတ္တာနံ၊ချစ်ခင်နှစ်မြို့ မိမိကိုယ်ကို။ ဥပမံ-ကတွာ၊ ထောက်ဆနိုင်းစာ၊ ဥပမာပြု၍။ ပါဏော၊တပါးသော သတ္တဝါ တို့ကို။ နဟနေယျ၊ မညှဉ်းဆဲရာ။ နဃာတယေ၊ မသတ်ဖျက်ရာ။ ။ ဤကားအနက်။

ဓမ္မပဒဒုက္ခာဝဂ်၌ နှစ်ခုမြောက်ဖြစ်သော တနည်းဖြစ်သော ဆဗ္ဗဂ္ဂိ ရဟာန်းတို့၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၀-ဒုက္ခာဝဂ်။ ၃-များ စွာသောသတို့သားတို့၏ဝတ္ထု။

**သုခကာမာနိ ဘူတာနိ။** ။အစရှိသည့်၊ဤဓမ္မဒေသနာ၊ပါဠိဂါထာကို၊ မလိမ္မာလှယ်၊သူငယ်ပမာ၊အဝိဇ္ဇာမောဟ၊ပြန့်ပြောကြ၍၊လောကခေတ်စပ်၊ ဘုံသုံးရပ်၌၊ မပြတ်ပြေးသွား၊ အများသတ္တဝါ၊ ဖိုလ်ပါတရုကို၊ မဟာ-ကာရုဏိက၊ ဥဏ္ဏာသက်ရုံး၊ ရွှေဘုန်းတော်ရောင်၊ ပြောင်ပြောင်ထွန်းပ၊ ဆုံးမတတ်သည့်အခုကြောင့်သတ္တဝါဆိုင်၊ဂုဏ်ဟိတ်ထင်ရှား၊မြတ်ဘုရား သည်၊များပိဘုန်းဌက်၊ ဝတ်ယက်ယူသဘ္ဘဝါတို့၊ ဖြာဖြာပွင့်ရှက်၊ကြာမျိုး ထွက်သော၊အိုင်ထက်၌ ရဝေးသကဲ့သို့၊ညစ်ကြေး ကင်းလေသော၊ အဖြာဖြာ တို့ကို၊ ပယ်ခွါစွန့်မြောက်၊ နိဗ္ဗာန်သို့ရောက်လိုသူ၊ ဗိုလ်သူအပေါင်းတို့၊ ဦးခေါင်းညွတ်ပျပ်၊ ဆည်းကပ်လာရောက်ရာ၊ မဟာဝိဟာရ၊ ဇေတဝန်-ကျောင်းမ၌၊ မှုတစမွယ်တော်မူနိုက်အခါ၊ များစွာသော သတို့သားငယ် တို့ကို၊အကြောင်းတခု ရည်ညွှန်းပြုသော အားဖြင့် ဟောကြားတော် မူနဲ့ ပေသတည်း။

## အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ မြတ်စွာဘုရား သခင်သည် သာဝတ္ထိ မြို့တွင်း၌ ဆွမ်းခံခြင်းငှါ လှည့်လည်ကြွဝင်တော် မူသည်ရှိသော် ခရီးအကြား၌ များစွာကုန်သော သတို့သားငယ်တို့သည် ကြမ်းထမ်းသောအဆိပ်ရှိသော မြွေတကောင်ကို တုတ်လှံတံဖြင့် ရိုက်နှက်ပုတ်ခတ်သည့်တို့ကို တွေ့မြင်တော်မူ၍ သူငယ်တို့၊အသင်တို့သည် အဘယ်သို့သောအမှုကို ပြုကြကုန်သနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ မြွေကိုတုတ်လှံတံဖြင့် ရိုက်နှက်ပုတ်ခတ်ပါသည်ဟု လျှောက်၏၊အဘယ် အကြောင်းကြောင့် ရိုက်နှက်ပုတ်ခတ်ကုန်သနည်းဟု မေးတော်မူပြန်လျှင် ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား၊ ကိုက်ခဲ အပ်သည်မှ ကြောက်သောကြောင့် ရိုက်နှက်ပုတ်ခတ် ပါသည်ဟု လျှောက်ကြားကုန်-သည်ရှိသော် သူငယ်တို့၊အသင်တို့သည် မိမိအားချမ်းသာသည်ကို ပြုအံ့ဟု ဤသို့ သူတပါးကို ရိုက်နှက်ပုတ်ခတ်ခြင်းသည် ဖြစ်တိုင်းဖြစ်တိုင်း-သောဘုံဘဝ၌ ချမ်းသာကို ရသည်မဖြစ်ပေလတ္တံ့။ မိမိချမ်းသာခြင်းကို တောင့်တသောသူသည် သူတပါးကိုညှဉ်းဆဲပုတ်ခတ်ခြင်းငှါ မအပ် ဟု မိန့်တော်မူပြီးလျှင် အနုသန္ဓိကိုစပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

> သုခကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန ဝိဟိံသတိ။
> အတ္တနော သုခ မေသာနော၊ ပေစ္စ သော န လဘတေ သုခံ။ ။
>
> သုခ ကာမာနိ ဘူတာနိ၊ ယော ဒဏ္ဍေန န ဟိံသတိ။
> အတ္တနော သုခ မေသာနော၊ ပေစ္စ သော လဘတေ သုခံ။ ။

ဟူသောဤနှစ်ဂါထာတို့ကို ဟောတော်မူ၏၊

### သောတာပန်တည်သောသတို့သားငါးရာ။

**အနက်ကား။** ။ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။သုခံ၊ချမ်းသာကို။ ဧသာနော၊ရှာမှီးအံ့ဟူ၍။ သုခကာမာနိ၊ မိမိပမာ ချမ်းသာကို အလိုရှိကုန်သည်သာလျှင် ဖြစ်ကုန်သော။ဘူတာနိ၊ သတ္တဝါ

တို့ကို။ ဒဏ္ဍေန၊ တုတ်လှံကန်ဖြင့်။ ဝိဟိံသတိ၊ ပုတ်ခတ် ညှဉ်းပန်း၏။ သောပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန်လောက နောင်ဘဝ၌။ သုခံ၊ လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ န လဘတေ၊ မရ။

ယော ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။ သုခံ၊ ချမ်းသာကို။ ဧသာနော၊ ရှာမှီးအံ့ဟူ၍။ သုခကာမာနိ၊ မိမိပမာ ချမ်းသာကိုအလိုရှိကုန်-သည်သာလျှင်ဖြစ်ကုန်သော ဘူတာနိ၊ သတ္တဝါတို့ကို။ ဒဏ္ဍေန၊ တုတ်လှံကန်ဖြင့်။ န ဟိံသတိ၊ မပုတ်ခတ်မညှဉ်းပန်း။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ပေစ္စ၊ တမလွန်လောက နောင်ဘဝ၌၊ သုခံ၊ လူ့နတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို။ လဘတေ၊ ရ၏။ ။ဤကားအနက်။

ထိုဒေသနာတော်၏ အဆုံး၌ ငါးရာကုန်သော ထိုသတို့သားငယ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်၏။

ဓမ္မပဒဒဏ္ဍဝဂ်၌ သုံးခုမြောက်ဖြစ်သော များစွာသော
သတို့သားငယ်တို့၏ ဝတ္ထုစကားအစဉ်ကား
ဤတွင်ရွေ့ပြီး၏။

---

## ၁၀-ဒဏ္ဍဝဂ်။ ၄-ကောဏ္ဍဓာနမထေရ်၏ဝတ္ထု။

မာ ဝေါစ ဖရုသံ ကိဉ္စိ။ ။အစရှိသော၊ သုဘမင်္ဂလာ ပြဲစေပြည့်နှက်၊ ဤသို့သောခမ္ဘရက်ကို။ အမျက်ဒေါသ၊ ကောဓောဘူ၊ သူလည်းမနှစ်မျို၊ ကိုယ်လည်းမသက်သာ၊ ယုတ်မာကြမ်းကြုတ်၊ ဖရုသဝါစာစကားတို့ဖြင့်၊ ပြောကြားတတ်ဘိ၊ အတိဒုက္ခိတ၊ ဝေနေယျသတ္တဝါတို့ကို၊ လွန်စွာသနား တော်မူလျက်၊ ကြည်ဖြူစွာ ဆုံးမတတ်သော မြတ်စွာဘုရား သခင်သည် အောင်စည်ဆော်နှက်၊ ကနက်ဘုမ္မိ၊ သာဝတ္ထိပြည်ကြီး၏ တမ်းခွန်၊ တောင်စွန် ဌာန၊ ဇေတဝန် မဟာဝိဟာရ၌ ယာပထလေးဘော်ဖြင့်၊ မှုတဘော် မူသော ကာလ၊ ကောဏ္ဍဓာနမထေရ်ကို၊ ဦးတည်သမှု၊ အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အသွယ်သွယ်ဖြင့် အစဉ်ကား ဤသို့ပေတည်း။
### ပဉ္စပုပ္ဖနီဝတ္ထု။

ထိုကောသမ္ဗာခေန်မထေရ်အား ရဟန်းပြုအံ့သောနေ့မှစ၍ လူမိန်းမနှင့်တမူ သညာအာနိတ္ထသဖြင့် အဆင်းရူပကာ လှပစွာသော တခုသောမိန်းမရုပ်သည် မထေရ်နှင့်အတူတကွ လိုက်ပါလှည့်လည်၏၊ မထေရ်သည် ထိုမိန်းမရုပ်ကိုမမြင်ရ။ တပါးသော လူများအပေါင်းသည်ကား ကြည့်ရှုထင်ထင် မြင်ရ၏။ ကောသမ္ဗာခေန်မထေရ်သည် ရွာ၏အတွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင် လှည့်လည်သည် ရှိသော် လူတို့သည် မထေရ်အား တခုသောဆွမ်းကိုပေးလှူ၍ အရှင်ဘုရား၊ဤဆွမ်းသည် အရှင်ဘုရားအား ဖြစ်ပါစေလော့၊ဤဆွမ်းသည်ကား အရှင်ဘုရား၏ အဘော်ခင်ပွန်းမအား ဖြစ်ပါစေလော့ဟု ပြောဆို၍ နှစ်ကြိမ်မြောက်သောဆွမ်းကိုလည်း လှူဒါန်းကြကုန်၏။

### နတ်သားအတိတ်ဝတ္ထု။

ထိုကောသမ္ဗာခေန်မထေရ်၏ ရှေး၌ပြုခဲ့ဘူးသော မကောင်းမှုကံသည် အဘယ်နည်းဟူမူကား-

ကဿပမြတ်စွာဘုရားသခင်သည် လူတွင်ထင်ရှား ဘုရားဖြစ်တော်မူသောအခါ၌အဘော်ခင်ပွန်းဖြစ်ကုန်သောနှစ်ပါးကုန်သောရဟန်းတို့သည် တယောက်တည်းသောမိခင်တို့၏ဝမ်းမှ ဖွါးမြင်အံ့သော ညီရင်းအစ်ကိုတမျှ ပမာဏကဲ့သို့ အလွန်လျှင် အကျွမ်းတဝင် ချစ်ခင်ညီညွတ်သည် ဖြစ်ကြကုန်၏။

တပါးကုန်သော အသက်ရှည်ကုန်သော ဘုရားတို့၏ လက်ထက်၌ တနှစ်ကိုတကြိမ်တကြိမ်သော်၎င်း၊ခြောက်လကိုတကြိမ်တကြိမ်သော်၎င်း ရဟန်းတို့သည် ဥပုသ်ပြုခြင်းအကျိုးငှါ စည်းဝေးကြကုန်၏။ ထိုကြောင့် ရဟန်းနှစ်ပါးတို့သည်လည်း ဥပုသ်အိမ်သို့သွားကုန်အံ့ဟု ပြောဆိုတိုင်ပင်၍ နေရာအရပ်မှ ထွက်လာကြကုန်၏။ တာဝတိံသာ နတ်ပြည်၌ ဖြစ်သော တယောက်သောနတ်သည် ထိုရဟန်းနှစ်ပါးတို့ကိုမြင်၍ ဤရဟန်းနှစ်ပါးတို့သည် အလွန်လျှင် အကျွမ်းတဝင် ခင်မင်ညီညွတ်ကုန်၏၊

အသို့နည်း ငါတို့သည် ဤရဟန်းနှစ်ပါးတို့ကို ကွဲပြားအောင်ခွဲခြင်းငှါ စွမ်းနိုင်ပါအံ့လောဟု ကြံပြီးလျှင် မိမိသည် မိုက်သည့်အဖြစ်ကြောင့် ကြံမိသည်၏အခြားမဲ့၌သာလျှင် သက်ဆင်းလာခဲ့၍ ထိုနှစ်ပါးသော ရဟန်းတို့တွင် တပါးသော ရဟန်းက ငါ့ရှင်၊ တခဏမျှ ငံ့လင့်ပါဦး။ ငါသည် ကိုယ်လက်သန့်စင်ခြင်းကိစ္စဖြင့် အလိုရှိပါသည်ဟု ပြောဆိုပြီးသည့်ကာလ တခုသောချုံ၏အတွင်းသို့ ဝင်သွားသည်ရှိသော် ထိုနတ်လည်းတယောက်သောမိန်းမ၏ရုပ်အသွင်ကို ဖန်ဆင်း၍ မထေရ်ဝင်သွားသော ချုံတွင်းသို့ လိုက်ပါဝင်သွား၍ မထေရ်ထွက်လာသောအခါ၌ တဖက်သောလက်ဖြင့် ဆံထုံးကို ပွတ်သပ်ကိုင်မ၍ တဖက်သောလက်ဖြင့် အဝတ်ကို ကိုင်ဆွဲပြင်ဝတ်၍ မထေရ်၏နောက်မှနောက်မှ ထွက်၍လိုက်လာ၏။

## မိန်းမပျိုကို အဒေါ်ရဟန်းကမြင်ခြင်း။

မထေရ်သည် ထိုမိန်းမကိုမမြင်။ မထေရ်ကိုငံ့လင့်၍ ရှေ့မှသွားနှင့်-သောအဒေါ်ဖြစ်သော ရဟန်းသည် ဆုတ်နစ်ပြန်လည့်၍ ကြည့်ရှုသည်ရှိသော် ထိုသို့သောအမူအရာကိုပြုလျက် ထွက်၍လိုက်သော မိန်းမကိုမြင်လေ၏။နတ်သည် ထိုအဒေါ်ရဟန်းဖြစ်သောရဟန်းသည်မြင်အပ်သည့်အဖြစ်ကိုသိ၍ ကွယ်လေ၏။အဒေါ်ဖြစ်သော ရဟန်းသည် မိမိ၏အထံသို့ ရောက်လာသော ထိုကိုယ်လက်သန့်စင်သောရဟန်းကို ငါ့ရှင်၊အသင့်အား သီလပျက်စီးလေပြီဟု ဆို၏။

ငါ့ရှင်၊ငါ့အား ဤသို့သဘောရှိသော အမှုသည် မရှိပါတကားဟု ပြောသည်ရှိသော် ဤယခုပင်လျှင် အသင်၏ နောက်မှ ထွက်လာသော ဤသို့သော အမူအရာပြုပြင်သော ပျိုမျစ်နုနယ် မိန်းမငယ်တယောက်ကို ငါသည်မြင်အပ်၏၊အသင်က ငါ့အား ဤသို့သဘောရှိသော အမှုသည် မရှိပါဟု အဘယ်ကြောင့် ပြောဆိုသနည်းဟု ပြော၏။ ထိုရဟန်းသည် မိုးကြိုးစက်ဖြင့် ဦးထိပ်ထက်၌ ပစ်အပ်ဘိ သကဲ့သို့ ငါ့ရှင်၊ ငါ့ကို မဖျက်ဆီးပါလင့်။ ငါ့အား ဤသို့သဘောရှိသော အမှုသည် မရှိပေဟု တောင်းပန်ပြောဆို၏။

အဒေါ်ဖြစ်သောရဟန်းက ငါသည် ကိုယ်တိုင်မျက်စိဖြင့် မြင်ရ၏။ အသင်၏စကားကို အဘယ်ကဲ့သို့ ယုံကြည်နိုင်အံ့နည်း ဟု ပြောဆို၍

အတူဘကွမသွားဘဲ တောင်ဝှေးဝတ်ဘာ တပြန်မျှလောက် ခွဲပြီးလျှင် ဖဲသွား၏။ဥပုသ်အိမ်၌လည်း ငါသည် ဤရဟန်းနှင့်အတူတကွ ဥပုသ်ကို မပြုအံ့ဟု ထိုင်နေ၏။ ဤမှတပါးသော ရဟန်းကလည်း အရှင်ဘုရားတို့၊ တပည့်တော်၏သီလ၌ အနည်းငယ်မျှလည်းဖြစ်သော စွန်းငြိမည်းညစ်ခြင်း သည်မရှိပါဟုရဟန်းတို့ကိုလျှောက်၏။ အဖေါ်ဖြစ်သော ရဟန်းကလည်း တပည့်တော်သည် ကိုယ်တိုင်မြင်အပ်ပါသည်ဟု ပြော၏။

နတ်သားသည် ထိုရဟန်းနှင့်အတူတကွ ဥပုသ်ပြုခြင်း၌ အလိုမရှိ သည်ကိုမြင်ရသဖြင့် ငါသည် ဝန်လေးသောအမှုကို ပြုအပ်၏ဟု ကြံ၍ အရှင်ဘုရားတို့၊ ဤအရှင်အား သီလပျက်စီးခြင်းမရှိပါ။တပည့်တော်သည် ရုံစမ်းသည်၏အစွမ်းဖြင့် ဤအမှုကို ပြုအပ်ပါသည်။အရှင်ဘုရားတို့သည် ထိုရဟန်းနှင့်အတူတကွ ဥပုသ်ပြုတော်မူကြ ပါကုန်လော့ဟု လျှောက်-ထား၏၊ ထိုနတ်သား၏ ကောင်းကင်၌ ရပ်တည်လျက် ပြောဆိုသော စကားကိုကြားသိရသောအခါမှ ယုံကြည်၍ ထိုရဟန်းနှင့် အတူတကွ ဥပုသ်ကိုပြု၏။ ထိုမထေရ်နှစ်ပါးတို့သည်ကား ရှေး၌ကဲ့သို့ နူးညံ့သော စိတ်နှလုံးရှိသည်မဟုတ်။ စိတ်ကွဲပြားသော အဖြစ်သို့ ရောက်လေ၏။ ထိုနတ်သားသည် ဤမျှလောက်မကောင်းမှုကံကိုပြုခဲ့၍ အသက်၏အဆုံး၌ မထေရ်တို့သည် ထိုက်သည်အားလျော်စွာ ချမ်းသာသဖြင့် ဖြစ်ကုန်၏။

နတ်သားသည်အဝီစိငရဲ၌ဖြစ်၍တဆူသောဘုရားရှင်၏အကြားကာလ ပတ်လုံး အဝီစိငရဲ၌ကျက်၍ ခံစားရခဲ့ပြီးသော် ဤယခု မြတ်စွာဘုရား သခင်သည် ပွင့်တော်မူသော အခါဝယ် သာဝတ္ထိပြည်၌ ဖြစ်ပြီးလျှင် ကြီးပွါးခြင်းကိုစွဲ၍ သာသနာတော်၌ ရဟန်းပြု၍ ပဥ္စင်းအဖြစ်ကိုရလေ၏။ ထိုမထေရ်၏ ရဟန်းပြုသောနေ့မှစ၍ ထိုမိန်းမအသွင်ရုပ်သည် မထေရ်၏ နောက်မှ အစဉ်တပိုက်လိုက်၍ နေဘိသကဲ့သို့ ထင်မြင်ရ၏။ ထိုကြောင့် မထေရ်အား ကောဏ္ဍဓာနမထေရ်ဟူသော အမည်ကို ပြုကုန်၏။

ဤသည်ကား မထေရ်၏ ရှေးမကောင်းမှုကံတည်း။

## အနာထပိဏ်သူဌေးကြီးစသည်တို့အား မြော်ကြားကြခြင်း။

ထိုသို့သောအခြင်းအရာဖြင့်လှည့်လည်သွားလာ၍နေသော ထိုကောဏ္ဍ ဓာနမထေရ်ကို မြင်၍ ရဟန်းတို့သည် အနာထပိဏ် သူဌေးကြီးကို

ဒါယကာသူဌေးကြီး၊ ဤဒုဿီလရဟန်းကို အသင်၏ကျောင်းမှ နှင်ထုတ်ပါလော။ ဤဒုဿီလရဟန်းကိုမှီ၍ ကြွင်းကုန်သော ရဟန်းတို့အား အရှိန်အစော်မဲ့ခြင်းဖြစ်ပါသည်ဟုပြောကြကုန်၏။ အရှင်ဘုရားတို့ အသို့ပေနည်း။ ကျောင်းတော်၌ မြတ်စွာဘုရားသခင်သည် မရှိသလောဟု မေးလျှောက်သဖြင့် ဒါယကာ၊ ရှိပါ၏ဟု ပြောဆိုကုန်သည်ရှိသော် အရှင်ဘုရားတို့၊ ထိုသို့တပြီးကား ဘုရားရှင်သည်ပင် သိတော်မူလတ္တံ့ဟု လျှောက်လိုက်၏။ ရဟန်းတို့သည် ဝိသာခါဒါယိကာမကြီး၏အထံသို့ သွားရောက်၍လည်း ပြောဆိုကြကုန်၏။ ဝိသာခါ ဒါယိကာမသည်လည်း ထိုရဟန်းတို့အား အနာထပိဏ်သူဌေးကြီး အတူသာလျှင် တုန့်ပြန်စကား လျှောက်ထား-လိုက်၏။ ရဟန်းတို့ သည်လည်း ထိုအနာထပိဏ်သူဌေးကြီး, ဝိသာခါ ဒါယိကာမတို့က မိမိတို့ပြောကြားသောစကားကို ဝန်မခံမလိုက်နာသည်ရှိသော် ပသေနဒီ ကောသလ မင်းကြီးအား တကာတော် မင်းမြတ်၊ ကောသမ္ဗာခနမထေရ်သည် တယောက်သောမိန်းမကို ယူဆောင်လှည့်-လည်လျက် အလုံးစုံသောရဟန်းတို့အား အရှိန်အစော်၊ အကျော်အစောမဲ့ကိုဖြစ်စေ၏။ ထိုမထေရ်ကို အသင်မင်းကြီးတို့၏ တိုင်းနိုင်ငံမှနှင်ထုတ်ပါကုန်လော့ဟု ပြောကြားကြကုန်၏။

## မိန်းမပျိုကို စောင့်ဖမ်းခြင်း။

အရှင်ဘုရားတို့၊ ထိုမထေရ်သည် အဘယ်အရပ်မှာ နေပါသနည်းဟု-မေးလျှောက်သည်ရှိသော် တကာတော်မင်းကြီး၊ ကျောင်းတော်၌နေသည်ဟု ပြောဆိုကြ၏။ အဘယ်မည်သောကျောင်း၌ နေပါသနည်းဟု မေး-လျှောက်ပြန်သဖြင့် ဤအမည်ရှိသော ကျောင်း၌ နေသည်ဟု ပြောကြ၏။ ထိုသို့တပြီးကား အရှင်ဘုရားတို့သည် ကြွတော်မူကြကုန်လော့ တကာ-တော်သည် ထိုမိန်းမကို ဖမ်းအံ့ဟု လျှောက်ထား လိုက်၏၊ ပသေနဒီ ကောသလမင်းကြီးသည် ညချမ်းသောအခါ၌ မြတ်စွာဘုရား ကျောင်း-တော်သို့သွား၍ ကောသမ္ဗာခနမထေရ် သီတင်းသုံးသော ထိုကျောင်းကို မင်းချင်းယောကျ်ားတို့ဖြင့် ဝန်းရံစေ၍ မထေရ်၏ နေရာဌာနသို့ ရှေးရှု သွား၏။

မထေရ်သည်များစွာသောအသံကိုကြား၍ ကျောင်းမှထွက်၍ကြည့်ရှု ပြီးသည်ကာလ ရပ်ဦး၌ရပ်တည်၏၊ ထိုမိန်းမရုပ်အသွင် သည်လည်း

မထေရ်၏နောက်အတိုင်း၌ ရပ်တည်၍နေသည်ကို ပသေနဒိကောသလမင်းကြီးသည်မြင်၏။မထေရ်သည် မင်းကြီး၏လာသည့်အဖြစ်ကိုသိ၍ ကျောင်းပေါ်သို့တက်ပြီးလျှင် ထိုင်နေ၏။မင်းကြီးသည် မထေရ်ကိုရှိမခိုး။ထိုမိန်းမရုပ်ကိုလည်း မမြင်ရလေ။မင်းကြီးသည် တံခါးကြား၌ရင်း၊ပြောင်စောင်း၏အောက်၌ရင်း ကြည့်ရှုသည် ရှိသော် မမြင်ရသောကြောင့် မထေရ်ကို အရှင်ဘုရား၊ ဤအရပ်၌ တယောက်သော မိန်းမကို မြင်ရပါသည်။ ထိုမိန်းမသည် အဘယ်မှာနည်းဟု မေးလျှောက်၏။

တကာတော်မင်းကြီး၊ငါသည် မမြင်ပေဟု ပြောသဖြင့် အရှင်ဘုရား၊ ဤယခုအခါ၌ပင်လျှင် တကာတော်သည် အရှင်ဘုရားတို့၏ နောက်အတိုင်း၌ တည်နေသည်ကိုမြင်ရပါသည်ဟု လျှောက်ထားသော်လည်း တကာတော်မင်းကြီး၊ငါကား မမြင်မိပေဟု မိန့်ဆိုတော်မူ၏။ဤအမှုကား အကြောင်းအသို့ပေနည်းဟု ကြံ၍ အရှင်ဘုရား၊ဤအရပ်မှသာလျှင် ထွက်ကြွတော်မူပါကုန်ဦးဟု လျှောက်လေလျှင် မထေရ်ထွက်သွား၍ မုတ်ဦး၌ တည်ပြန်သည်ရှိသော်” တဖန် ထိုမိန်းမအသွင်ရုပ်သည် မထေရ်၏နောက်အတိုင်း၌ တည်ပြန်၏။မင်းကြီးသည် ထိုမိန်းမအသွင်ရုပ်ကိုမြင်၍ တဖန် အထက်အပြင်ထက်သို့ တက်လေ၏။ မင်းကြီး၏ လာသော အဖြစ်ကို သိ၍ မထေရ်သည် ထိုင်နေ၏။

မင်းကြီးသည် ထိုမိန်းမအသွင်ရုပ်ကို ထိုမှဤမှ ကြည့်ရှုသော်လည်း မမြင်ရသောကြောင့် အရှင်ဘုရား၊ထိုမိန်းမသည် အဘယ်မှာနည်းဟု တဖန် မေးလျှောက်၏။ တကာတော်မင်းကြီး၊ ငါသည်မမြင်ပါဟု ပြောသည် ကာလ အရှင်ဘုရား၊အဘယ်သို့ ပြောဆိုကုန်သနည်း။တကာတော်သည် ယခုပင်လျှင် အရှင်ဘုရား၏နောက်အတိုင်း၌ မြင်လိုက်ပါသည်ဟု လျှောက်၏၊တကာတော် မင်းကြီး၊ လူများအပေါင်းသည်သည်း ငါ၏နောက်မှ-နောက်မှ မိန်းမတယောက်၊လိုက်ပါလှည့်လည်သည်ဟု ပြောဆိုကြ၏။

## ကောသလမင်းကြီးက ဆွမ်းဒါယကာခံခြင်း။

ငါသည်ကား မမြင်ရပေဟု ပြော၏။ မင်းကြီးသည် ဤမထေရ်ပြော-သောစကားသည် သင့်သျော်လျောက်ပတ်ခြင်းဖြစ်ပေသိမ့်မည်ဟု မှတ်၍ တဖန် မထေရ်ကို “အရှင်ဘုရား၊အရှင်သည် ဤအရပ်မှထ၍ ကြွတော်မူပါကုန်ဦး”ဟု လျှောက်သဖြင့် မထေရ်သည် သက်ဆင်း၍ မုတ်ဦး၌

ဘည်သည့်ရှိသော်တဖန်ထိုမိန်းမအသွင်ရုပ်သည် မထေရ်၏နောက်အတွင်၌ ချပ်တည်သည်ကို မြင်ပြန်သောကြောင့် အထက်အပြင်သို့ တက်ရောက် ပြန်၏။

မထေရ်၏အပါးသို့ ကျရောက်ပြန်သောကာလ ထိုမိန်းမအသွင်ရုပ်ကို မမြင်ရ။မင်းကြီးက တဖန် မထေရ်ကို မေးလျှောက် ပြန်၍ မထေရ်က တကာတော်မင်းကြီး၊ ငါသည် မမြင်ပါဟု ပြောဆိုသည် ရှိသော် ဤ မထေရ်ပြောဆိုသောစကားသည် သင့်လျော်မှန်ကန်သည်ဟု သံသယ ကင်းရှင်းဆုံးဖြတ်ခြင်းကိုပြု၍ မထေရ်၏အထံသို့ချဉ်းကပ်ပြီးလျှင် အရှင် ဘုရား၊ဤသို့သဘောရှိသောသီလ ညစ်နွမ်းဘွယ်အကြောင်း မကောင်း သောဝိသဘာဂပုဂ္ဂိုလ်သည် အရှင်ဘုရား၏နောက်အတွင်းမှ လိုက်ပါလှည့်-လည်သည်ကိုမြင်ရသည်ရှိသော် တပါးတယောက်သောသူသည် အရှင် ဘုရားတို့အား ဆွမ်းကို မပေးလှူပါလတ္တံ့။အမြဲမပြတ် တကာတော်၏ နန်းတော်သို့ ကြွဝင်ဘော်မူပါကုန်လော့။ တကာတော်သည် သာလျှင် လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်လုပ်ကျွေး ပြုရပါအံ့ဟု မထေရ်ကို ပင့်ဘိတ်၍ ဖဲသွား၏၊

ရဟန်းတို့သည် 'ငါ့ရှင်တို့၊ ယုတ်မာသော မင်းကြီး၏ ပြုလုပ်သော အမှုအရာကို ကြည့်ရှုပါကုန်လော့။ထိုရဟန်းကို ကျောင်းမှ နှင်ထုတ်ပါ ဟု ပြောဆိုသည်ကို လာရောက် ပြီးသည့်ကာလ၊ လေးပါးသော ပစ္စည်း တို့ဖြင့်ဘိတ်မံ၍သွားလေဘိသည်"ဟု ကဲ့ရဲ့ရှုတ်ချကြကုန်၏။ ထိုကောသမ္ဗာ-ဓာနုမထေရ်ကိုလည်း၊ အိုအချင်း ဒုဿီလ၊ဤယခုအခါ၌ မင်းကြီးသည် လူတန်, လူချိဟု ပြောဆိုနိုင်သည့် အဖြစ်ကို ဖြစ်စေအပ်ပေသည် ဟု ပြောဆိုကြကုန်၏။

[ဤသို့ လူတန် လူချို၏ အဖြစ်ကို မင်းကြီးသည် ပြောဆို နိုင်ခြင်းကို ဖြစ်စေဘိသည် ဟူရာ၌ ထိုမထေရ်သည် ရှေးအတွင်းက ရဟန်းတို့သည် မိမိအား ပြောဆိုကုန်သည်ရှိသော်၊တရုံဘက်မှ ပြန်၍ ပြောဆိုခြင်းငှါ မစွမ်းနိုင်သောကြောင့်၊ အသင်တို့သည်သာ သီလ,မရှိသော ဒုဿီလ၊အသင်တို့သည်သာ လူတန်,လူချို၊ အသင် တို့သည်သာ မိန်းမကိုယူ၍ လှည့်လည် ကုန်ဘိသည်ဟု နှုတ်လှန် ထိုးတတ်သော အလေ့ရှိ၏။ထိုကြောင့် ပြောဆိုလေသဘည်း။]

ထိုရဟန်းတို့သည်လည်း မြတ်စွာဘုရားသခင် အထံသို့ သွားရောက်ချဉ်းကပ်၍။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကောဏ္ဍဓာနမထေရ်သည် 'တပည့်တော်တို့သည် ပြောဆိုအပ်သည်ရှိသော်၊ တပည့်တော်တို့ကို ဒုဿီလအစရှိသည်တို့ကို ဆို၍ ဆဲရေးပါသည်ဟု လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုကောဏ္ဍဓာနမထေရ်ကို ခေါ်စေ၍။ ချစ်သားရဟန်း၊ အသင်သည် ဤသို့ ဆဲရေး ပြောဆိုသောဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၏၊

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည် ဟု လျှောက်သည်ရှိသော်၊ အဘယ်အကြောင်းကြောင့် နည်းဟု မေးတော်မူပြန် သဖြင့်၊ တပည့်တော်နှင့် အတူတကွ တပည့်တော်ကို ထိပါး ပုတ်ခတ်၍ ပြောဆိုသောကြောင့်၊ ဆဲရေးမိပါသည် ဟု လျှောက်၏။ မြတ်စွာဘုရားက။ ချစ်သား ရဟန်းတို့၊ အသင်တို့သည် ဤရဟန်းနှင့် အတူတကွ အဘယ်ကြောင့် ထိပါး ပုတ်ခတ်၍ ပြောဆို ကြသနည်း ဟု မေးတော် မူပြန်သဖြင့်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်း၏ နောက်မှ မိန်းမတယောက် လိုက်ပါ လှည့်လည်သည်ကို မြင်ရသောကြောင့် ပြောဆိုကြပါသည် ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသခင်က။ ချစ်သားရဟန်း၊ ဤရဟန်းတို့က အသင်သည် တယောက်သော မိန်းမနှင့် အတူတကွ လှည့်လည်သည်ကို မြင်ရသောကြောင့် ပြောဆိုကြကုန်သည်။ အသင်သည် မမြင်ရဘဲသျက်သာလျှင် ဤရဟန်းတို့ကို အဘယ်ကြောင့် ဆဲရေးပုတ်ခတ်၍ ပြောဆိုဘိသနည်း။ ရှေး၌ အသင်သည် ယုတ်မာသော သဘောရှိသော အယူကို အမှီပြုပြီးသည့်ကာလ အသင့်အား ဤသို့ ဖြစ်ရသည် မဟုတ်ဘုံလော၊ ဤယခုအခါ၌လည်း ယုတ်မာသော မကောင်းမှုကံကို အဘယ်ကြောင့် စွဲယူပြန်ဘိသနည်း ဟု မိန့်တော်မူ၏၊

## များစွာသောသူတို့ သောတာပန်တည်ခြင်း။

ရဟန်းတို့က။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် ရှေးကပြုခဲ့ဘူးသော မကောင်းမှု ကံသည်ကား အဘယ်သို့ ပါနည်းဟု မေးလျှောက်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရား သခင်သည်

ရဟန်းတို့အား ထိုကောဏ္ဍဓာနမထေရ်၏ ရှေး၌ပြုခဲ့ဘူးသော မကောင်းမှုကံကို ဟောကြားတော်မူပြီး၍ ချစ်သားရဟန်း၊ ဤသို့သော မကောင်းမှုကံကိုမှီ၍ အသင်သည် ဤမျှလောက် ဒေါက်ပြန်ပျက်စီးခြင်းသို့ရောက်ရ၏၊ ဤယခုတဘန် ထိုသို့သဘောရှိသော မကောင်းမှုကို ပြုရစ်ရင် ယုတ်ခြင်းငှါ မသင့်လျော်၊ ဤမှ နောက်ကာလ၌ ရဟန်းဘို့နှင့် အတူတကွ စကားပြောဆိုခြင်းကို မပြုလေလင့်။ အနားမျက်နှာရေးဝန် ပြတ်သော ကြေးခွက်နှင့်တူစွာ အသံဆိတ်သည် ဖြစ်လေသော် ဤသို့ ပြုအပ်သည်ရှိသော် နိဗ္ဗာန်သို့ ရောက်သည်မည်သည် ဖြစ်ပေလိမ့်မည် ဟု မိန့်တော်မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားလျက်၊ ထိုကောဏ္ဍဓာန မထေရ်ကို ဆုံးမတော်မူလိုသောကြောင့်-

**မာဝေါစ ဖရုသံ ကိဉ္စိ၊ ဝုတ္တာ ပဋိဝဒေယျုံ တံ။**
**ဒုက္ခာ ဟိ သာရမ္ဘကထာ၊ ပဋိဒဏ္ဍာ ဖုသေယျုံ တံ။ ။**
**သစေ နေရေသိ အတ္တာနံ၊ ကံသော ဥပဟတော ယထာ။**
**ဧသ ပတ္တောသိ နိဗ္ဗာနံ၊ သာရမ္ဘော တေ န ဝိဇ္ဇတိ။ ။**

ဟူသော ဤနှစ်ဂါထာတို့ကို မိန့်တော်မူ၏။

**အနက်ကား**။ ။ကိဉ္စိ၊ တစုံတယောက်သော ပုဂ္ဂိုလ်ကိုလည်း၊ ဖရုသံ၊ ကြမ်းကြုတ်သော စကားကို။ မာအဝေါစ၊ မဆို သေလင့်။ ဝုတ္တာ၊ သင်ဆိုအပ်သော **သူတို့သည်**။ တံ၊ သင့်ကို၊ ပဋိဝဒေယျုံ၊ ဆိုတုံ့တဖန်၊ ပြန်၍ ဆိုကုန်ရာ၏။ ဟိ၊ ထိုစကားသင့်စွ၊ **သာရမ္ဘကထာ**၊ အကြောင်း လွန်တုံ၊ အစုံ-ပြိုင်ဘွယ်၊ ချုတ်ချယ်သော စကားမည်သည်၊ ဒုက္ခာ ပင်ပန်းဆင်းရဲ၏၊ **တံ၊ သင့်ကို**။ ပဋိဒဏ္ဍာ၊ တုံ့လှည့်တဖန်၊ ပြန်အပ်သော ဒဏ်တို့သည်၊ ဖုသေယျုံ၊ ရောက်လာပေကုန်ရာ၏၊

ဥပဟတော၊ အနားကို ခွဲဖြတ် အပ်သော၊ ကံသော၊ ကြေးနင်း-ခွက်ခွင်းသည့်၊ နိဿဒ္ဒေါယထာ၊ အသံမထွက်သကဲ့သို့၊ နိဿဒ္ဒေါ၊ အသံကင်းတိတ်၊ ဆိတ်သည် ဖြစ်၍ အတ္တာနံ၊ မိမိကိုယ်ကို။ **သစေ** နေရေသိ၊ အကယ်၍နေခြင်းငှါ စွမ်းနိုင်သည်ဖြစ်ခဲ့အံ့၊ ဧဝံ-သင်၊ ဤသို့ နေခြင်းငှါ စွမ်းနိုင်သည် ရှိသော်။ ဧသ တွံ၊ ဤအသင်သည်၊ နိဗ္ဗာနံ၊ ဝါနဘဏ္ဍာ၊ ချုပ်ငြိမ်းရာမှန်၊ ဖြတ်နိဗ္ဗာန်သို့။ ပတ္တော၊ ရောက်သည်၊ အသိ၊ ဖြစ်၏။

တော၊သင့်အား။ သာရမ္ဘော၊ ချုတ်ချယ်ခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ ။ ဤကားအနက်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏၊ ကောဏ္ဍဓာန မထေရ်သည်လည်း မြတ်စွာဘုရား ပေးသနားတော်မူအပ်သော ဆုံးမခြင်းဝါဒ၌ တည်၍ အရဟတ္တဖိုလ်သို့ ရောက်၏။ အရဟတ္တဖိုလ်သို့ ရောက်၍ မကြာမြင့်မီ ကောင်းကင်သို့ တက်ကြွတော်မူ၍၊ ရှေးဦးစွာ စာရေးတံကို ယူလေ့သတည်း။

ဓမ္မပဒ ဒဏ္ဍဝဂ်၌ လေးရပ်မြောက်ဖြစ်သော ကောဏ္ဍဓာန မထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၀-ဒဏ္ဍဝဂ်။ ၅-ဝိသာခါအစရှိကုန်သော ဒါယိကာမတို့၏ ဥပုသ်သုံးသောဝတ္ထု။

**ယထာ ဒဏ္ဍေန**။ ။ဤသို့စသည့်၊ဓမ္မဒေသနာ၊ ပါဠိဂါထာကို၊တဏှာဒေါသ၊ပြန့်ပြောကြ၍၊ကုသလအံ့ရ ပြုလုပ်သောအခါ ကာသဖွဲ့သော်လည်း၊ ဝဋ်သံသရာ၊ ကျင်လည်ရာကို၊ အခါခါတောင့်တ၊ ပြုလုပ်ကြသူ၊ ဖိုလ်လူများစွာ၊ သံသရာ့ မီးစာတို့ကို၊အခါခါ ဆုံးမ၊ ဝိဝဋ္ဋနိဿိတ ကုသိုလ်ကို၊ ပြုစေလိုသော ဆန္ဒဖြင့်၊ ဟောပြတော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ ရပ်နရုဇ်၊ သာဝတ္ထိပြည်၊ ဥဒည်ပြုဗ္ဗာ၊ရှေ့မျက်နှာ၌ ဝိသာခါ ဒါယိကာ၊ မဟာသဒ္ဓ၊ ဥပါသိကာမသည်၊ ဆက်သ လှူဒါန်းအပ်သော တောက်ဆောင်လျှမ်းရုံ၊ ပုဗ္ဗာရုံရှုကျောင်း၌၊ ကိန်းအောင်း စံပယ်တော်မူခိုက်အခါ၊ ဝိသာခါ အမှူးရှိကုန်သော အသီးသီးသော ဥပါသိကာမကြီးငယ်တို့၏ ရည်ရွယ်ထောက်ရှု၊ဥပုသ် သုံးခြင်းအမှုကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိ ပြည်ကြီး၌ တနေ့သော ဥပုသ်နေ့ဝယ် ငါးရာမျှလောက်ကုန်သော မိန်းမကြီးငယ် တရုတ်သည် ဥပုသ်စောင့်သုံးခြင်း အမှုကိုပြု၍

ကျောင်းတော်သို့ သွားကြကုန်၏။ဝိသာခါဒါယိကာမသည် ထိုဥပုသ်သည့် မိန်းမတို့တွင် အရွယ်လွန်ပြီး ကြီးရင့်သော မိန်းမတို့၏ အထံတို့သို့ ချဉ်းကပ်၍။ မိခင်တို့၊ မိခင်တို့သည် အဘယ်အကျိုးငှါ ဥပုသ်စောင့်သုံး ကြပါကုန်သနည်းဟု မေး၏။

အရွယ်လွန်ပြီး ကြီးရင့်သော ထိုမိန်းမတို့က၊ "ချစ်သမီး၊ ငါတို့သည် နတ်ပြည်၌ဖြစ်သော စည်းစိမ်ချမ်းသာကို တောင့်တ၍ ဥပုသ်စောင့်သုံး ကြသည်"ဟု ပြောဆိုသည်ရှိသော်၊ အလယ်အလတ်ရှိသော မိန်းမတို့၏ အထံသို့ကပ်၍၊အသင်တို့သည် အဘယ်သို့သော အကျိုးကို တောင့်တ အလိုရှိကြ၍ ဥပုသ်စောင့်သုံးကြသနည်းဟု မေး၏။

ထိုအလယ်အလတ်ရှိသော မိန်းမတို့က "ငါတို့သည် မချစ်မနှစ်သက် ရန်သူ၊ရန်ဘက်ဖြစ်သော သူတို့နှင့်အတူတကွ ပေါင်းသင်း ဆက်ဆံ၍ နေရခြင်းမှ လွတ်ကင်း ပါစေခြင်း အကျိုးငှါ စောင့်သုံးပါသည်"ဟု ဆိုသည်ရှိသော်၊နုပျိုသော မိန်းမတို့၏ အထံသို့ ချဉ်းကပ်ပြန်၍၊ အသင် တို့သည် အဘယ်ကဲ့သို့သော အလိုဆန္ဒကို တောင့်တရည်မှန်း၍၊ဥပုသ် စောင့်သုံးကြကုန်သနည်းဟု မေး၏။

ပျိုနုသော ထိုမိန်းမတို့ကလည်း "ကျွန်တော်မတို့သည် ရှေးဦးပဋိသန္ဓေ ကိုယ်ဝန်တည်သော ကာလ၌ သားရတနာကို ရပါစေခြင်း အကျိုးငှါ ဥပုသ်စောင့်သုံးပါသည်"ဟု ပြောဆိုသည်ရှိသော်၊တဖန် သတို့သမီးငယ် တို့၏ အထံသို့ သွားရောက် ချဉ်းကပ်ပြန်၍။"ချစ်သမီးတို့၊အသင်တို့သည် အဘယ်သို့သော ဆုတောင်း ပတ္ထနာကို တောင့်တ ရည်သန်ပြီးသော ကာလ၊ဥပုသ်စောင့်သုံးကြကုန်သနည်း"ဟု မေး၏၊

ထိုသတို့သမီးငယ်တို့က "မိခင်၊ ကျွန်တော်မတို့သည် ပျိုမျစ်နုနယ် ငယ်ရွယ်သော အခြစ်၌ပင်လျှင်၊သင့်တင့်လျောက်ပတ် ကောင်းမြတ်သော ခင်ပွန်းအရှင် လင်ယောကျ်ား၏ အိမ်သို့ လိုက်ပါ၊ သွားရောက် ရခြင်း အကျိုးငှါ ဥပုသ်စောင့်သုံးပါသည်"ဟု ပြောဆိုသည်ရှိသော်၊ ဝိသာခါ ဒါယိကာမသည် ပြောဆိုအပ်သော စကားအသုံးရုံကို အကုန်မှတ်သား နာယူပြီးလျှင်၊ ထိုမိန်းမတို့ကို ခေါ်၍ မြတ်စွာဘုရား အထံတော်သို့

သွားရောက်ပြီးသော ကာလ အစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရားသခင်-အား ကြားလျှောက်၏၊

## မိန့်မှာပါးရာတို့ ဆုတောင်းပုံ လျှောက်ထားခြင်း..

ဝိသာခါ လျှောက်ကြားသော ထိုစကားကို ကြားတော်မူ၍၊ ဘုရား-ကိုယ်တော်မြတ်က "ဝိသာခါ ဤသဉ္ဇဝါတို့အား ဓာတိ,ဇရာ, ဗျာဓိ,မရဏာ မည်သည် လက်နှင့်စွဲကိုင်အပ်သောတုတ်လှံကန်ရှိသော နွားကျောင်းသားနှင့် တူ၏၊ ဓာတိသည် ဇရာ၏ အထံသို့၊ ဇရာသည် ဗျာဓိ၏ အထံသို့၊ ဗျာဓိသည် မရဏာ၏ အထံသို့၊ တဆင့်တဆင့် စေလွှတ်၍၊ ထားဖြင့် ပိုင်းဖြတ် အပ်သကဲ့သို့၊ ဇီဝိတိန္ဒြေ အသက်ကို ပယ်ဖျက် ပိုင်းဖြတ်အပ် ကုန်၏၊ ဤသို့ပိုင်းဖြတ်အပ်သော်လည်း ဤသဉ္ဇဝါတို့သည် ဓာတိ,ဇရာ, ဗျာဓိ,မရဏာ ဟု ဆိုအပ်သော ဘေးဒုက္ခခပ်သိမ်း ကင်းငြိမ်းရာရပ်ဌာန နိဗ္ဗာန် တည်းဟူသော ဝိဝဋ္ဋကို တောင့်တခြင်း မည်သည် မရှိကြကုန်။ အဖန်တလဲလဲ အမြဲမပြတ် အထင်ထင် ကျင်လည်ပြေးသွားရာ သံသရာ-တည်းဟူသော ပန့်ဆင်းရဲ၏ ......သာလျှင် တောင့်တကြလေကုန်သည် ဟု မိန့်တော်မူပြီးမှ၊ အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

**ယထာ ဒဏ္ဍေန ဂေါပါလော၊ ဂါဝေါ ပါဇေတိ ဂေါစရံ။**
**ဧဝံ ဇရာ စ မစ္စု စ၊ အာယုံ ပါဇေန္တိ ပါဏိနံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပန်အစရှိသည်အဖြစ်သို့ ရောက်ကုန်၏။

**အနက်ကား။** ။ဂေါပါလော၊လိမ်မာပေပြား၊ နွားကျောင်းသားသည်။ ဒဏ္ဍေန၊နွားကိုနှင်ရန်၊ တုတ်လှံကန်ဖြင့် ဂါဝေါ၊နွားတို့ကို။ ဂေါစရံ၊မြက်,ရေ ပေါများ၊ ကျက်စားရာအရပ်သို့။ ပါဇေတိ ယထာ၊ ရိုက်ပုတ်မောင်းနှင်လေသကဲ့သို့ ဧဝံတထာ.ထိုအတူသာလျှင်။ ဇရာ စ၊အရိုးခေါခေါ၊ အကြောပြိုင်းရယိုင်း၊ ခါးကိုင်းနားထူ၊ ဆံဖြူသွားကြွေ၊ သားရေကြို့ယွင်း၊ အိုမင်းခြင်း ဇရာသည်၎င်း။ မစ္စု စ၊တွေ့ဂေဟမိန်းမော၊ နှစ်မျော သေလွန်ရခြင်း

သည့်ရှင်း။ ပါဏိနံ၊ သတ္တဝါတို့၏၊ အသွေး၊ အသားကို၊ ပါဒေန္တိ၊ နှင်၍စားတတ် သော်ဖြစ်လေကုန်၏။ ဤကား အနက်၊

ဓမ္မပဒဒသကဝဂ်၌ ငါးရပြောက်ဖြစ်သော ပိသာခါအစရှိကုန်သော ဒါယိကာမတို့၏ ဥပုသ်သုံးသော ဝတ္ထုစကားစဉ်ကား ဤတွင်ပြီး၏။

---

## ၁၀ ဒသကဝဂ်။ ၆-စပါးကြီးမြွေပြိတ္တာဝတ္ထု။

**အသပါပါနိ ကမ္မာနိ။** ။အစရှိသည့်၊ ဤဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ မသမာယုတ်ကန်း၊ အပျက်ကြမ်းဖြင့်၊ ထွက်လမ်းမမြင်၊ မှုက်ကန်းဆင်သို့၊ ထင်ရာရှောက်ပေါက်၊ သံသရာလမ်းမှောက်၍၊ ရောက်ယက်ခတ် မိုလ်ခြေ၊ ပေနေတရဘိုကို၊ ကရုဏာရွှေဉာဏ်ဖြင့်၊ ဝေဘန်ဆုံးမ၊ လမ်းပြတော် မူတတ်သော၊ လူ့နတ် ဦးသိပ်၊ မဟာဗုဒ္ဓ၊ နုသာရ ထွန်းထား၊ ဘုရား ကိုယ်တော်မြတ်သည်၊ ငါးရင်ကျောက်ဖိုက်၊ မဏ္ဍပ်ချက်ခြာ၊ ပြည်သာ နဂိုရ်၊ ရာဇဂြိုဟ်မြို့၏တာ်ခွန်၊ ဝေဠုဝန်ကျောင်း၌၊ ဘိန်းအောင်း စံပယ်တော် မူသောအခါ၊ စပါးကြီးမြွေပြိတ္တာကို၊ ရည်ကာသမှု၊ အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အထူးပွင့်အောင် အစဉ်ကား ဤသို့ပေတည်း။
### ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ မဟာမောဂ္ဂလာန် မထေရ်သည် အရှင်လက္ခဏ မထေရ်နှင့် အတူတကွ ဂိဇ္ဈကုဋ် တောင်ထက်မှ ဆင်းသက်တော်မူခဲ့ ကြသည်ရှိသော်၊ ဒိဗ္ဗစက္ခုဖြင့်နှစ်ဆဲ့ငါးယူဇနာသော စပါးကြီးမြွေပြိတ္တာကို မြင်တော်မူ၏။ ထိုမြွေပြိတ္တာ၏ဦးခေါင်းမှထသော မီးတောက်မီးလျှံသည်အခ မြီးအဆုံးတိုင်အောင်သွား၏၊ အဆုံးအမြီးမှထသောမီးလျှံသည် ဦးခေါင်းသို့ တိုင်ရောက်အောင် သွား၍၊ နံပါးနှစ်ဘက်မှထသော မီးတောက် မီးလျှံသည် အလယ်အတိုသို့ တက်ကုန်၏။ အရှင်မောဂ္ဂလာန်မထေရ်သည် ထိုပြိတ္တာကို မြင်၍၊ ပြုံးခြင်းကို ပြုတော်မူ၏၊

လက္ခဏမထေရ်က ပြုံးခြင်း အကြောင်းကို မေးအင်သည့်ရှိသော်။ ငါ့ရှင်၊ ဤပြဿနာကို ဖြေဆိုခြင်းငှါ အခါအခွင့် မဟုတ်သေး။ မြတ်စွာ-

ဘုရား အထံတော်၌ ငါ့ကို မေးလော့ဟု ပြောဆို၍ ရာဇဂြိုဟ်ပြည် တွင်း၌ ဆွမ်းခံ လှည့်လည် ပြီးသော်၊ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ကြသော အခါ၌၊ လက္ခဏမထေရ် မေးအပ်သည် ဖြစ်၍၊ "ငါ့ရှင်၊ထိုအရပ်၌ ငါသည် တကောင်သော ပြိတ္တာကို မြင်အပ်၏။ထို- ပြိတ္တာအား ဤသို့ သဘောရှိသည်မည်သော အတ္တဘောသည် ဖြစ်၏။ ငါသည် ထိုပြိတ္တာကို မြင်သောကြောင့်၊ ဤသို့သဘောရှိသော သတ္တဝါကို ငါ့အား ရှေးအခါက မမြင်ဘူးသေးစွတကား"ဟု နှလုံးသွင်း၍ ပြုံးခြင်းကို ပြုပေသည် ဟု ပြော၏။

မြတ်စွာဘုရား သခင်က၊ ချစ်သားရဟန်းတို့၊ ငါ၏ တပည့်သာဝက တို့သည် မျက်စိအမြင်ရှိသည်ဖြစ်၍ နေကြပေဘုန်စွတကား၊ ဤသို့အစရှိ- သည်ဖြင့် မိန့်ဆိုတော်မူသျက်၊မထေရ်၏ စကားကို တန့်ရပ်စေပြီးလျှင်။ ချစ်သား ရဟန်းတို့၊ ငါဘုရားသည်လည်း ထိုပြိတ္တာကို ဗောဓိပင်ခြေ ပလ္လင်ဖွဲ့၌ သိဘင်းသုံးနေတော်မူစဉ်ကပင်လျှင် မြင်တော်မူအပ်လေ၏။ ယင်းသို့ မြင်အပ်သော်လည်း အကြင်သူတို့သည် ငါဘုရားဟောကြား သော စကားကို မယုံကြည်ကုန်၊ ထိုသူတို့အား အကျိုး စီးပွါးမဲ့ခြင်း ဖြစ်ပေလိမ့်မည် ဟု မဟောကြားဘဲ နေသည်၊ ယခုအခါ၌မူကား ငါ့- သားတော် မောဂ္ဂလာန်ကို သက်သေရသောကြောင့် ဟောကြားတော် မူပေသည်ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် ထိုပြိတ္တာ၏ ရှေးမကောင်းမှု ကံကို မေးလျှောက်ကြဘုန်သည်ဖြစ်၍၊ဤသို့ ဖြေကြားတော်မူ၏။

**ကဿပမြတ်စွာဘုရား ကျောင်းတော်ကို မီးရှို့ခဲ့ခြင်း၊ အတိတ်ဝတ္ထု။**

ချစ်သားရဟန်းတို့၊ ကဿပ မြတ်စွာဘုရားသခင် ပွင့်တော်မူသော အခါ၌ သုမင်္ဂလအမည်ရှိသော သူဌေးကြီးသည် ဥသဘ နှစ်ဆယ်ရှိသော အရပ်၌ ရွှေအုတ်တို့ဖြင့် မြေကြီးကိုခင်း၍ ဝယ်ယူပြီးမှ၊ထိုမျှလောက်သော ဥစ္စာဖြင့်သာလျှင် ကျောင်းကို ဆောက်လုပ်ပြီးသော်၊ ထိုမျှလောက်သော ဥစ္စာကို စွန့်ကြဲသဖြင့် သာလျှင် ကျောင်း ပူဇော်ခြင်းကို ပြုလုပ်စေ၍ ဆောက်နှင်း လှူဒါန်း၏၊ ထိုသုမင်္ဂလသူဌေးကြီးသည် တနေ့သ၌ နံနက် စောစောကပင်လျှင် မြတ်စွာဘုရား အထံတော်သို့ သွားသည်ရှိသော်၊ မြို့တံခါးဝယ် တခုသောစရပ်၌ ဖန်ရည်စွန်းသော အဝတ်ကို ဦးခေါင်းနှင့်

တကွ ရှိရုံ၍ ရွှံ့ညွှန်လိမ်းကပ်သော ခြေတို့ဖြင့် အိပ်နေသော တယောက် သော ခိုးသူကို မြင်၍၊ ခြေ၌ ရွှံ့ညွှန်လိမ်းကပ်သော ဤသူသည်ကား ညဉ့်၌ လှည့်လည်ပြီးသောကာလ၊ အိပ်နေသောလူ ဖြစ်ပေလိမ့်မည် ဟု ဆို၏။

ခိုးသူသည် မျက်နှာကိုဖွင့်၍ ကြည့်ရှုသည်ရှိသော်၊သူဌေးကြီးကို မြင်၍ ရှိစေဦးတော့၊အသင့်အား ပြုအပ်သောအမှုကိုစွာကို သိစေအံ့ဟု ရန်ငြိုးကို ဖွဲ့ပြီးလျှင်၊ ခုနစ်ကြိမ်တိုင်တိုင် လယ်ကို မီးတိုက်လောင်ကျွမ်း စေ၏။ ခုနစ်ကြိမ် တိုင်တိုင် မြို့၌ နွားတို့၏ ခြေတို့ကို ခုတ်ဖြတ်၏။ ခုနစ်ကြိမ် တိုင်တိုင် အိမ်ကို မီးတိုက်လောင်ကျွမ်း စေ၏။ထိုခိုးသူသည် ဤမျှလောက် ဖြင့်လည်း အမျက်ဒေါသကို ငြိမ်းစေခြင်းငှါ မစွမ်းနိုင်ခြင်းကြောင့်၊ ထို- သူမင်္ဂလာသူဌေးကြီး၏ အလုပ်အကျွေးယောက်နှင့် အတူတကွ၊ အဆွေခင်ပွန်း ကျွမ်းဝင်ဆက်ဆံ ပေါင်းသင်း နှီးနှောသည်ကိုပြု၍၊ အသို့နည်း။ အသင်၏ သူဌေးကြီးအား အဘယ်ကို နှစ်သက် မြတ်နိုးအပ်သနည်း ဟု မေးသည် ရှိသော်၊ မြတ်စွာဘုရား သီတင်းသုံးတော်မူသော ဂန္ဓကုဋိတိုက်သည် နှစ်သက်မြတ်နိုးခံဖြစ်ပေ၏၊ ထိုဂန္ဓကုဋိတိုက်ထက် နှစ်သက်မြတ်နိုးသော တပါးသော ဝတ္ထုသည် သူဌေးကြီးအား မရှိဟု ပြော၏။ ခိုးသူသည် ထိုစကားကိုကြား၍ ရှိစေဦးတော့၊ဂန္ဓကုဋိကို မီးတိုက် လောင်ကျွမ်းစေ ပြီး၍၊အမျက်ကို ငြိမ်းစေတော့အံ့ဟု ကြံပြီးလျှင်၊မြတ်စွာဘုရားသခင်သည် ဆွမ်းခံကြွဝင်တော် မူသဲသောအခါ၌ သောက်ရေအိုး, သုံးဆောင်ရေ အိုးတို့ကို ရိုက်ခွဲထုချေ၍၊ ဂန္ဓကုဋိကို မီးတိုက်လေ၏။

ကျောင်းဒါယကာ သူဌေးကြီး စေတနာ။

သူဌေးကြီးသည် ဂန္ဓကုဋိကို မီးလောင်သတဲ့ဟု ကြား၍လာခဲ့သည် ရှိသော်၊မီးတောက် မီးလျှံထသောအခါ၌ ရောက်သွား၍၊ မီးလောင်စွဲသော ဂန္ဓကုဋိကို ကြည့်လျက်၊ သားမြေးဖျားခန့်လောက်မျှသော်လည်း နှလုံး မသက်သာခြင်းကို မပြုမူ၍၊လက်ဝဲလက်မောင်းကို ကွေးပြီးလျှင်၊ လကျာ လက်မောင်းဖြင့် ကြီးစွာသောလက်ပန်းပေါက်ခတ်ခြင်းကို လက်ပန်းပေါက် ခတ်လေ၏။ ထိုအခါ အနီး၌ တည်ရှိကြကုန်သော သူတို့က။ အရှင်၊ ဤမျှလောက်သော ပစ္စည်းဥစ္စာကို ကုန်းလွှတ်၍ ပြုလုပ် လှူဒါန်းအပ်သော

ဂန္ဓကုဋိတိုက်ကို မီးမြိုက်လောင်ကျွမ်းရာ၌ အဘယ်ကြောင့် လက်ပန်းပေါက် ခတ်ပါသနည်း ဟု မေးကြကုန်၏၊

ထိုသူဌေးကြီးက အချင်းမောင်တို့၊ ငါ့အား ဤမျှလောက်သော ကောင်းမှုကုသိုလ်ကံကိုပြု၍ မီးအစရှိကုန်သော ရန်သူမျိုး ငါးပါးတို့နှင့် မဆက်ဆံသော မြတ်စွာဘုရားသခင်၏ သာသနာတော်၌ ပစ္စည်းဥစ္စာ သိုမှီးမြှုပ်နှံခြင်းငှါ ရအပ်ပေ၏၊ ယခုတဖန်လည်း ဤမျှလောက်သော ပစ္စည်းဥစ္စာကို စွန့်လွှတ်၍၊ မြတ်စွာဘုရား သခင်၏ သိတင်းသုံးတော်မူရာ ဖြစ်သော ဂန္ဓကုဋိတိုက်ကို ပြုခြင်းငှါ ရပေတော့မည်ဟု အောက်မေ့နှလုံးသွင်း၍ နှစ်သက် ရွှင်လန်းသော စိတ်ရှိသည့် အဖြစ်ကြောင့်၊ လက်ပန်းပေါက် ခတ်ပေသည်ဟု ပြော၏၊

သူဌေးကြီးအား သတ်သိုသောသူခိုး။

ထိုသူဌေးကြီးသည် တဖန် ထိုမျှလောက်သော ပစ္စည်းဥစ္စာ တို့ကို စွန့်လွှတ်၍ ဂန္ဓကုဋိကိုဆောက်လုပ်စေပြီးလျှင် နှစ်သောင်းသော ရဟန်းတော်အခြံအရံရှိသော မြတ်စွာဘုရားသခင်အား ပေးလှူ၏။ ခိုးသူသည် ထိုသို့ ပြုလုပ်လှူဒါန်းသည်ကိုမြင်၍ "ငါသည် ဤသူဌေးကို မသတ်ဘဲ နှလုံးသက်သာ မျက်နှာညှိုးငယ်သည်ကို ပြုခြင်းငှါ မစွမ်းနိုင်လတ္တံ့။ ရှိစေဦးတော့၊ ထိုသူဌေးကြီးကိုသတ်ပေအံ့" ဟု ကြံ၏ ကြံပြီး၍ကား အဝတ်အရုံ၏အတွင်း၌ ထားငယ်ကို ထည့်သွင်းဖွဲ့ချည်၍ ခုနစ်ရက် ပတ်လုံး သတ်အံ့သောအခွင့်ကို ငံ့လင့်ရှာဖွေကြည့်ရှု လှည့်လည် ပါသော်လည်း သတ်နိုင်အံ့သောအခွင့်ကို မရလေ။

သူဌေးကြီး သည်လည်း ခုနစ်ရက်တို့ပတ်လုံး ဘုရားအမှူး ရှိသော ရဟန်းသံဃာတော်အပေါင်းအား အလှူဒါနကိုပေးလှူ၍ မြတ်စွာဘုရား သခင်ကို ကြည်လင်ညွတ်လျှိုး နှိုးဦးချပြီးသော် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တယောက်သော ယောက်ျားသည် ခုနစ်ကြိမ်တိုင်တိုင် တပည့်တော်၏ငယ်ကို မီးဖြင့်တိုက်ပါသည်၊ခုနစ်ကြိမ်တိုင်တိုင် ခြံ၌ နွားတို့၏ခြေတို့ကိုဖြတ်ပါသည်၊ ခုနစ်ကြိမ်တိုင်တိုင် အိမ်ကိုမီးဖြင့် တိုက်ပါသည်။ဤယခုအခါ ဂန္ဓကုဋိကိုလည်း ထိုယောက်ျားသည်ပင်လျှင် မီးဖြင့်တိုက်အင်သည်ဖြစ်ပါလိမ့်မည် တပည့်တော်သည်ဤအလှူဒါန၌ ရှေးဦးစွာသောအဖို့ကိုထိုယောက်ျားအားပေးဝေပ၏ဟု လျှောက်ကြား၏။

ခိုးသူသည္ ထိုသို႔ေျပာက်ားေသာ သူေဌး၏စကားကို ၾကား၍ "ငါ့အား ၀န္ေလးေသာအမႈကိုျပဳအပ္ေလစြတကား။ဤသို႔ေသာ အျခင္းအရာမ်ားစြာအျပား ျဖစ္မွားျခင္းျပဳအပ္ေသာငါ၌ ဤသူေဌးႀကီးအား အမ်က္ထြက္ျခင္းမွ်ေသာ္လည္း မရွိ။ဤယခုျပဳအပ္ေသာအလွဴဒါန၌လည္း ငါ့အားသာလ်င္ ေ႐ွးဦးစြာေသာအဘို႔ကို ေပးေ၀ေလသည္။ငါသည္ ဤသူေဌးႀကီး၌ ႀကီးစြာေသာအျခင္းအရာတို႔ျဖင့္ ဖ်က္ဆီးျပဳလုပ္ ျဖစ္မွားမိ၏၊ဤသို႔သေဘာ႐ွိေသာသူေတာ္ေကာင္းေယာက်ားကို သည္းမခံေစေသာငါ့အား နတ္တို႔လက္နက္ မိုးၾကိဳးစက္ ဒဏ္သည္လည္း ငါ၏ဦးထိပ္ထက္၌ က်ေရာက္ေပရာ၏"ဟု ၾကံ၍ သူေဌးႀကီး၏ေျခရင္း၌ ၀ပ္စင္းၿပီးေသာ္ အ႐ွင္၊ အကၽြႏ္ုပ္အား သည္းခံေတာ္မူပါေလာ့ဟု ေတာင္းပန္ေျပာဆိုသည့္ကာလ ဤအမႈကား အဘယ္နည္းဟု ေမးသည္႐ွိေသာ္ အ႐ွင္၊ အကၽြႏ္ုပ္သည္ ဤမွ်ေလာက္ေသာ အမႈကို ျပဳလုပ္မိပါသည္။ ထိုေၾကာင့္ အကၽြႏ္ုပ္အား သည္းခံေတာ္မူပါေလာ့ဟု ေျပာ၏။

ထိုအခါ ခိုးသူကိုသူေဌးႀကီးက "အသင္သည္ငါ၏ ဤသို႔ဤသို႔ေသာ ပစၥည္း၀တၳဳကို ဤမွ်ေလာက္ဖ်က္ဆီးျပဳလုပ္အပ္သည္ မဟုတ္ေလာ"ဟု ေမးျမန္း၍ အ႐ွင္၊ေျဖာင့္-ဟုတ္မွန္ပါေပ၏ အကၽြႏ္ုပ္သည္ ျပဳအပ္ေပ၏ဟု ေျပာသည္႐ွိေသာ္ ငါသည္ အသင့္ကိုမျမင္ဘူးေခ်တကား။ အဘယ္ေၾကာင့္ငါ့အား အမ်က္ထြက္၍ ဤသို႔ျပဳဘိသနည္းဟု ေမး၏၊ထိုခိုးသူက တေန႔သ၌ ၿမိဳ႕မွထြက္လာသေသာအခါ ထိုသူေဌးႀကီးဆိုအပ္ေသာစကားကို ေအာက္ေမ့ေစ၍ အကၽြႏ္ုပ္အား ဤသို႔ေသာအေၾကာင္းေၾကာင့္ အမ်က္ေဒါသကို တက္ႂကြျဖစ္ပြါး ေစအပ္ပါသည္ဟု ေျပာ၏၊သူေဌးႀကီးသည္ မိမိဆိုအပ္ေသာစကားကို ေအာက္ေမ့၍ အေမာင္၊ ေျဖာင့္ ဟုတ္ေပ၏။ ငါသည္ဆိုမိေပ၏။ဆိုမိေသာထိုစကားကို ငါ့အား သည္းခံပါေလာ ဟု ခိုးသူကို သည္းခံေစ၍ အေမာင္၊ထေလာ့။ အသင္အား ငါသည္းခံ၏။ အေမာင္အေဖ႐ွိတိုင္း သြားေလေတာ့ဟု ေျပာ၏။

အ႐ွင္၊အကၽြႏ္ုပ္အား အကယ္၍သည္းခံသည္ျဖစ္အံ့။ သားမယားႏွင့္ တကြေသာ အကၽြႏ္ုပ္ကိုအိမ္၌ ခိုင္းေစအပ္ေသာကၽြန္အမႈလုပ္ကိုျပဳပါေလာ့ဟု ေတာင္းပန္ေျပာဆို၏။အေမာင္၊အသင္သည္ ငါ၌ဤမွ်ေလာက္ေျပာဆိုမိ

ကာမျှ၌သာလျှင် ဤသို့သဘောရှိသော ဖျက်ဆီးဖြတ်တောက်ခြင်းကိုပြုတုံ သေး၏။အိမ်၌နေသဖြင့်အသင်နှင့် ဒဲတူတကွတရုံတရသော စကားကိုမျှ ပြောဆိုခြင်းငှါမူ့ဝံ့။အသင်သည် အိမ်၌နေသဖြင့် ငါ့အားပြုဘွယ်ကိစ္စမရှိ။ အမောင်၊ အသင့်အား ငါသည်းခံ၏၊ သွားလေလော့ ဟု ပြောဆို၍ လွှတ်လိုက်၏။

ခိုးသူသည် ထိုသို့သော အမှုကိုပြု၍ အသက်၏အဆုံး၌ အဝီစိငရဲ၌ ဖြစ်ရလေ၏။ရှည်စွာသောနေ့ညဉ့်ပတ်လုံး ထိုအဝီစိငရဲ၌ကျက်၍ ခံစားရ ပြီးသော် အကျိုးကြွင်း၏အစွမ်းဖြင့် ဤယခု ဂိဇ္ဈကုဋ်တောင်၌ ကျက်၍ အလွန်အမင်း ဆင်းရဲခြင်းဒုက္ခကို အစဉ်အတိုင်း ခံစားရ၏၊

## များစွာသောသူတို့ သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ဤသို့အကျယ် အားဖြင့် ထိုပြိတ္တာသည် ပြုခဲ့ဘူးသောရှေးမကောင်းမှုကံကို ဟောတော်မူပြီးမှ ချစ်သားရဟန်းတို့၊ သူမိုက်တို့မည်သည်ကား အကုသိုလ်မကောင်းမှုကံတို့ကို ပြုကုန်သည် ရှိသော် အပြစ်ဝိပါက ခံစားရမည့် ဖြစ်အင်ကို မမြင်မသိကုန်။ နောက်၌ သော်ကား မိမိပြုအပ်သော မကောင်းမှုအကုသိုလ်ကံတို့ဖြင့် ပြင်းထန် လောင်ကျွမ်းစေအပ်သောအခါ မိမိ၏မှီရာဖြစ်သောတောကို မိမိသာလျှင် ဖျက်ဆီးသောတောမီးနှင့် တူကုန်သည်သာလျှင် ဖြစ်ကုန်၏ဟု မိန့်တော် မူပြီးသော် အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလို သောကြောင့်-

**အထ ပါပါနိ ကမ္မာနိ၊ ကရံ ဗာလော န ဗုဇ္ဈတိ။**
**သေဟိ ကမ္မေဟိ ဒုမ္မေဓော၊ အဂ္ဂိဒဍ္ဎောဝ တပ္ပတိ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏၊

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ- ပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ပါပါနိ၊ သူတော်စက်ဆုပ် ယုတ်မာညစ်ညမ်းကုန်- သော။ကမ္မာနိ၊အကုသိုလ်ရ မကောင်းမှုတို့ကို။ ကရံ-ကရောန္တော၊ပြုလုပ် သော။ဗာလော၊သူမိုက်သည်၊ အထ၊ထိုမကောင်းမှုကို ပြုလုပ်သောအခါ၌။ နဗုဇ္ဈတိ၊အပြစ်ဝိပါက ခံစားရမည့်အင်ကို မသိမမြင်။ပန္တော၊ နောက်၌။

သောဒုမ္မေ-၁၊ ပညာအလျှင်း ကင်းရှင်းချို့နဲ့ မဲ့သော ထိုသူရိက်သည်။ သောဟိကေ မွေဟိ၊မိမိဥစ္စာဖြစ်သော ထိုဘ်တို့ကြောင့်။အဂ္ဂိဒဟော၀၊ဟူးဟူး ပြောင်ပြောင် ငရဲမီးလောင်သည်ဖြစ်၍သာလျှင်။ တပ္ပတိ၊ပူလောင်ရ၏။ ဝါ၊အဂ္ဂိဒဟော၊ဟူးဟူးပြောင်ပြောင် ငရဲမီးလောင်သည်ဖြစ်၍ အ၀တပ္ပတိ၊ ပူပန်ရ၏။ ။ဤကားအနက်။

ဓမ္မပဒ ဒုက္ခနိပါတ်၌ ခြောက်ခုမြောက်ဖြစ်သော စပါးကြီးမြွေပြိတ္တာ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၀ ဒုက္ခနိပါတ်။ ၇-မဟာမောဂ္ဂလ္လာန်မထေရ်ဝတ္ထု။

**ယောဒဏ္ဍေန**။ ။ဤသို့စသည့်၊ဓမ္မဒေသနာ၊ပါဌ်ဂါထာကို၊ ဆယ်ဖြာ ဒုက္ခ၊အဖြစ်ကျသဖြင့်၊ ဒဏ္ဍထင်လျှား၊ မဖြစ်မှားထိုက်သော ပုဂ္ဂိုလ်တို့ကို။ မလိုမာန်မျက်၊ ခိုက်ရန်ထွက်၍၊ သတ်ဖျက်ပြစ်မှားခြင်း စသောအားဖြင့်၊ တရားအကုသလ၊ပြုလုပ်ကြသည့်၊ဒုက္ခိတဝေနေ၊ဖိုလ်ခြေတသင်းတို့အား၊ ပြစ်မှားခြင်းလို့လကို၊ မဖြစ်စေရအောင်၊ နည်းသအဖြာဖြာ၊ဒေသနာအချပ်ရပ် တို့ဖြင့် မပြတ်ဆုံးမတော်မူဘတ်သော လူနတ်မကုဋ်၊ အတုလခေါင်ဖျား၊ ဘုရား ကိုယ်တော်မြတ်သည်၊ မဓ္ဓာတ်ဂေါ၀ိန္ဒ၊ ဤသို့စသည့်၊ ရာဇဉာ အသီးသီးတို့၊သိမ်းဆည်းချနဂိုရ်၊မာဂဓိတိုင်းစွန်၊ ဝေဠုဝန်မင်းကျောင်း၌ ကိန်းအောင်း စံ့ ပျော်တော်မူလျက်၊ ပြိုင်ဘက်မချ၊ဆူဋ္ဌိခ၌၊ ထွန်းပလွန်ကဲ၊ လက်ဝဲတော်ရံ၊ မဟာမောဂ္ဂလ္လာန်မထေရ်ကို၊ ဦးတည်ရည်ရွယ်၊အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်း အစဉ်ပုဗ္ဗဉ္စ အစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ တိတ္ထိတို့သည် စုရုံးစည်းဝေး၍ ငါ့ရှင်တို့၊အသင် တို့သည် ရဟန်းဂေါတမအား အဘယ်သို့သောအကြောင်းကြောင့်လာဘ် ပူဇော်သက္ကာရ များစွာပြန့်ပြောခြင်းဖြစ်သည်ဟူ၍ သိကြကုန်၏သလောဟု မေး၏၊ငါတို့သည် မသိကုန် အသင်တို့သည်ကား ၊ သိပါကုန်သလော ဟု ပြန်၍မေးသဖြင့် သြော်-သိပါကုန်၏ မဟာမောဂ္ဂလ္လာန် အမည်ရှိသော မထေရ် ရဟန်းတပါးကို အမှီပြုပြီးသည့်ကာလ လာဘ်ပူဇော်သက္ကာ

များစွာပြန့်ပြောခြင်း ဖြစ်လေသည်။ ထိုမဟာမောဂ္ဂလာန် မထေရ်သည် နတ်ပြည်နတ်ရွာသို့သွားပြီးလျှင် နတ်သမီးနတ်သားတို့သည် ပြုအပ်သော ကုသိုလ်ကောင်းမှုကံကို စိစစ်မေးမြန်း၍ ပြန်လာပြီးသောအခါ လူတို့အား ဤအမည်ရှိသောကောင်းမှု ကုသိုလ်ကံကို စိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ဤသို့-သောသဘောရှိသော စည်းစိမ်ချမ်းသာကို ခံစားရ၏ဟု ပြောဟော၏။

ငရဲသို့သွားရောက်ပြီးသောအခါ ငရဲ၌ဖြစ်ကုန်သောသူတို့၏ ပြုလုပ်ခဲ့သောမကောင်းမှုကံကို စိစစ်မေးမြန်း၍ ပြန်လာခဲ့ပြီးလျှင် လူတို့အား ဤအမည်ရှိသော မကောင်းမှုအကုသိုလ်ကံကို စိမ်ပြုလုပ်ခြင်းကြောင့် ဤသို့သဘောရှိသော ဆင်းရဲဒုက္ခကို အစဉ်ခံစားရကုန်၏ဟု ပြောဟော၏။ လူတို့သည် ထိုမဟာမောဂ္ဂလာန်၏စကားကို ကြားနာရ၍ များစွာသော လာဘ်ပူဇော်သက္ကာ အမြဲဖြာသောပစ္စည်းဝတ္ထုတို့ကို ရှေးရှုဆောင်ယူပေးသူကုန်၏ ထိုကြောင့် လာဘ်ပူဇော်သက္ကာ ပြန့်ပြောခြင်းဖြစ်လေသည်။ အကယ်၍ ထိုမဟာမောဂ္ဂလာန်မထေရ်ကို သတ်ဖြတ်ခြင်းကို ပြုခြင်းငှါ စွမ်းနိုင်သည် ဖြစ်ငြားကုန်အံ့၊ ထိုလာဘ်ပူဇော် သက္ကာရသည် ငါတို့အား ဖြစ်ပေလတ္တံ့ဟု ပြော၏။

## အရှင်မဟာမောဂ္ဂလာန်ကိုသတ်ခြင်း။

ကြွင်းကုန်သော တိတ္ထိတို့က ငါ့ရှင်၊ အသင်ပြောအပ်သောဤအကြောင်းသည်ကား ရှိပေ၏ဟု တိုင်ပင်ကြကုန်၏ တိုင်ပင်ပြီး၍ကား အလုံးစုံသော တိတ္ထိတို့သည် တူမျှသောအလိုရှိကုန်သည်ဖြစ်၍ တစုံတခုသောအမှုကို ရှာကြံပြုလုပ်၍ ထိုမဟာမောဂ္ဂလာန်ကို သတ်စေကုန်အံ့ဟု မိမိ၏အလုပ်အကျွေး ဒါယကာတို့ကို ဆောက်တည် လှူဒါန်းစေ၍ တထောင်သော အသပြာကိုသည်ရှိသော် လူသတ်ခြင်းအမှုကိုပြုလျက် လှည့်လည်ကုန်သောခိုးသူတို့ကို ခေါ်စေပြီးလျှင် မဟာမောဂ္ဂလာန်မည်သော မထေရ်သည် ဣသိဂိလိတောင် ကာလသိလမည်သော ကျောက်ဖျာ၌ နေ၏။ ထိုအရပ်သို့သွားရောက်ပြီးလျှင် ထိုမဟာမောဂ္ဂလာန်မထေရ်ကို သတ်ကြကုန်လော့ဟု ပြောဆို၍ ခိုးသူတို့အား အသပြာတို့ကိုပေးကုန်၏။ ခိုးသူတို့သည် ဥစ္စာကိုနှစ်သက်တပ်မက်သော လောဘကြောင့် ကောင်းပါပြီဟု ဝန်ခံပြီးသော် မထေရ်ကိုသတ်ကုန်အံ့ဟု သွားရောက်ကြ၍ မထေရ် သီတင်းသုံးတော်မူရာအရပ်ကို ဝန်းရံကြကုန်၏၊

မဟာမောဂ္ဂလာန်မထေရ်သည် ထိုခိုးသူတို့ ဝန်းရံအံ့သည့်အဖြစ်ကို သိတော်မူ၍ သံကောက်ပေါက်ဖြင့် ထွက်ပြီးသောကာလ ဖဲကြွတော်မူ၏။ ခိုးသူတို့သည် ထိုနေ့ပတ်လုံး မထေရ်ကိုမတွေ့မမြင်သောကြောင့် တဖန် မိုးသောက်ရောက်သောနေ့၌ သွားရောက်ပြီးလျှင် ဝန်းရံကြကုန်၏၊ မထေရ်သည် သိတော်မူသည် ဖြစ်၍ အထွတ်ချက်ဝန်းကို ဖေါက်ခွဲ ပြီးလျှင် ကောင်းကင်သို့တက်ကြွတော်မူ၏။ ဤသို့သောနည်းဖြင့် ထိုခိုးသူတို့သည် ရှေးဦးစွာသောလ၌၎င်း၊ အလယ်ဖြစ်သောလ၌၎င်း မထေရ်ကိုဖမ်းယူခြင်းငှါ မစွမ်းနိုင်ကုန်။ အဆုံးဖြစ်သောလသို့ ရောက်သည် ရှိသော်ကား မထေရ်သည် မိမိပြုအပ်ခဲ့သော မကောင်းမှုအကုသိုလ်ကံ၏ ဆွဲငင်အပ်သည့်အဖြစ်ကို သိတော်မူသောကြောင့် ဖဲကြွတော်မမူ။ ခိုးသူတို့သည် သွားရောက်၍ မထေရ်ကိုဖမ်းပြီးလျှင် ဆန်ကွဲလုံးခန့်မျှလောက် ကုန်သော အရိုးတို့ကိုပြုကုန်လျက် ထုချေခွဲဖျက်ကုန်၏၊ ထိုသို့ ထုချေရိုက်နှက်ပြီးမှ မထေရ်သေလေပြီဟူသော အမှတ်ဖြင့် တရသော ချုံထက်၌ စွန့်ပစ်၍ ဖဲသွားကြကုန်၏။

## တန်းခိုးပြတော်မူခြင်း။

မထေရ်သည် မြတ်စွာဘုရားသခင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးဖူးမြော်ပြီး၍သာလျှင် ပရိနိဗ္ဗာန်ပြုတော့အံ့ဟု နှလုံးသွင်းတော်မူ၍ အတ္တဘောကို ဈာန်တည်းဟူသော ရစ်ပတ်နှောင်ဖွဲ့ခြင်းဖြင့် ရစ်ပတ်နှောင်ဖွဲ့ပြီးသောအခါ မြဲမြံသည်ကို ပြု၍ ကောင်းကင်ခရီးဖြင့် မြတ်စွာဘုရား အထံတော်သို့သွားရောက်ပြီးလျှင် ဘုရားကိုယ်တော်မြတ်ကို ညွတ်ပြတ် ရိုကျိုး ရှိခိုးဦးတင်ပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ပရိနိဗ္ဗာန်ပြုပါတော့မည်ဟု ကြားလျှောက်၏။

ချစ်သားမောဂ္ဂလာန်၊ အသင်သည် ပရိနိဗ္ဗာန်ပြုအံ့လောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ဪ-ဟုတ်ပါ၏။ ပရိနိဗ္ဗာန်ပြုပါတော့မည် ဟု လျှောက်၏၊ အဘယ်အရပ်ကိုသွား၍ ပရိနိဗ္ဗာန်ပြုတော့အံ့နည်းဟု မေးတော်မူပြန်သည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကာလသိလ အမည်ရသော အရပ်သို့ သွားရောက်၍ ပရိနိဗ္ဗာန်ပြုအံ့ဟု လျှောက်၏။ ထိုသို့တပြီးကား ချစ်သား

မောဂ္ဂလာန်၊ ငါဘုရားအား တရားတော်ကိုဟောခဲ့၍ သွားလေလော့။ ထိုသို့ သဘောရှိသော တပည့်သာဝကအား ငါဘုရား၏ဤသခင်ခါ တွေ့မြင် ရခြင်းသည် နောက်ဆုံးစွန်သောတွေ့မြင်ရခြင်းပေတည်း။ ဤမှရှေ့ကျ နောက် ကာလ၌ တွေ့မြင်ရခြင်း မရှိတော့လေပြီဟု မိန့်တော်မူ၏။

အရှင်မောဂ္ဂလာန်မထေရ်သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာ- ဘုရား၊ အရှင်ဘုရား မိန့်ထားသည့်အတိုင်း ပြုပါမည်ဟု ဝန်ခံလျှောက် ထားပြီးမှ မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးသော် ထန်းတဆင့်ခန့်ပမာဏ ရှိသောကောင်းကင်သို့ တက်ကြွတော်မူ၍ တဖန် သက်ဆင်းပြီးသော် မြတ်စွာဘုရားသခင်ကို ရှိခိုး၍ ထိုနောက် ထန်းနှစ်ဆင့်ခန့်၊ ထိုနောက် ထန်းသုံးဆင့်ခန့်၊ ထိုနောက် ထန်းလေးဆင့်ခန့်၊ ထိုနောက် ထန်းငါးဆင့်ခန့်၊ ထိုနောက် ထန်းခြောက်ဆင့်ခန့်အားဖြင့် အစဉ်အတိုင်း တိုးတက်လာခဲ့၍ ခုနစ်ကြိမ်မြောက်ဝယ် ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်၌ ရပ်တည်လျက် အထူးထူးအပြားပြား များစွာသော တန်ခိုးဣဒ္ဓိပါဋိဟာကို အထပ်ထပ်ပြသည်ကိုပြုပြီးလျှင် တရားတော်ကိုဟောကြား၍ မြတ်စွာ- ဘုရားသခင်ကို ရှိခိုးပြီးလျှင် ကာဠသိလအရပ် တောအုပ်သို့ ကြွသွား၍ ပရိနိဗ္ဗာန် ပြုတော်မူ၏၊

**ခိုးသားတို့ကိုဘာဇ်းခင်းအပြစ်ပေးခြင်း။**

မဟာမောဂ္ဂလာန်မထေရ်ကို ခိုးသူတို့သည် သတ်အပ်ကုန်သတတ် ဟူသောစကားသည် အလုံးစုံသော ဇမ္ဗူဒိပ်ကျွန်းကို ပြန့်နှံ့လေ၏။ အဇာတ- သတ် မင်းကြီးသည် ထိုခိုးသူတို့ကို ရှာမှီးခြင်း အကျိုးငှါ သူလျှို- ယောက်ျားတို့ကို စေလွှတ်၏၊ ထိုခိုးသူတို့ သည်လည်း သေဘင်းကုပ်၌ သေကိုသောက်ကုန်သည်ရှိသော် တယောက်သောခိုးသူသည် တယောက် သောခိုးသူ၏ ကျောက်ကုန်းကို ရိုက်နှက်ပုတ်ခတ်၍ လည်းကျလေ၏။ လည်းကျသောခိုးသူက ရိုက်နှက်သောခိုးသူကိုအဲ အချင်း ဆိုနှင်ခက်သော သူရိုက်၊ အသင်သည် အဘယ်ကြောင့် ငါ၏ကျောက်ကုန်းကို ပုတ်ခတ် ရိုက်နှက်၍ လည်းကျစေဘိသနည်းဟု မြိမ်းချောက်၍ပြော၏။ အဲ အချင်း ကြမ်းကြုတ်သော ခိုးသူ၊ အသို့နည်း အသင်သည် မဟာမောဂ္ဂလာန် မထေရ်ကို ရှေးဦး ရိုက်နှက်ပုတ်ခတ်သလောဟု မေးသဖြင့် အသို့နည်း ငါသည် ရိုက်နှက်ပုတ်ခတ်သည့်အဖြစ်ကို အသင်မသိသလောဟု ပြန်၍

ပြော၏။ "ဤသို့သော အခြင်းအရာဖြင့်ငါသည် ရိုက်နှက်ပုတ်ခတ်အပ်၏။ ငါသည် ရိုက်နှက်ပုတ်ခတ် အပ်၏" ဟု ဖြင်းခုံခိုက်ရန်ဖြစ်ကြသော ထို-ခိုးသူတို့၏စကားကို သူလျှိုယောကျ်ားတို့ ကြားသိ၍ ထိုအလုံးစုံသော ခိုးသူတို့ကို ဖမ်းယူပြီးလျှင် မင်းကြီးအား ကြားလျှောက်ကြကုန်၏။

မင်းကြီးသည် ခိုးသူတို့ကို ခေါ်စေ၍ အသင်တို့သည် မထေရ်ကို သတ်သလောဟု မေးတော်မူ၏။ အရှင်မင်းမြတ်၊ မြေ-သတ်အပ်ပေ၏ ဟု ဝန်ခံ လျှောက်တင်သည်ရှိသော် အသင်တို့ကို အဘယ်သူစေခိုင်း တိုက်တွန်းအပ်သနည်းဟု မေးတော်မူသဖြင့် အချည်းနှီး အဝတ်မဝတ် သောရဟန်းဖြစ်ကုန်သော တိတ္ထိတို့သည် တိုက်တွန်းစေခိုင်းပါသည် ဟု လျှောက်ထား၏။ မင်းကြီးသည် အဝတ်မဝတ်ကုန်သော ငါးရာကုန်သော တိတ္ထိရဟန်းတို့ကို ဖမ်းယူစေ၍ ငါးရာကုန်သောခိုးသူတို့နှင့် အတူတကွ မင်းရင်ပြင်ဝယ် ချက်အတိုင်းအရှည်ပမာဏရှိသော တွင်းတို့၌ တူးမြှုပ်စေ၍ ကောက်ရိုးတို့ဖြင့် ဖုံးအုပ်စေပြီးလျှင် မီးကိုတိုက်ရှို့စေကုန်၏။ ထို နောက် ထိုတိတ္ထိတို့အား မီးလောင်မြိုက်သည့်အဖြစ်ကို သိပြီးသော်သံထွန် သွားတို့ဖြင့် ထွန်စေ၍ အလုံးစုံသော သူတို့ကို အပိုင်းအပိုင်းအတုံးအတုံး ပြုစေကုန်၏။

ရဟန်းတို့သည် တရားသဘင်၌ ငါ့ရှင်တို့၊ မဟာမောဂ္ဂလာန် မထေရ်သည် မိမိအား မသင့်မလျော် မလျောက်ပတ်သည်သာလျှင် ဖြစ်သော သေလွန်ခြင်းဖြင့် သေခြင်းသို့ရောက်ရဘိသည် ဟူသောစကားကို ဖြစ်စေ ကြကုန်၏။ မြတ်စွာဘုရားသခင်သည် တရားသဘင်အစည်းအဝေး ခွင်သို့ ကြွဝင်တော်မူလာပြီးသည့်ကာလ ချစ်သားရဟန်းတို့၊ ငါဘုရားကြွတော် မူလာခဲသော ဤယခုအခါ၌ အဘယ်မည်သောစကားဖြင့် ပြောကြား စည်းဝေးထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသောစကား ပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့၊ ငါ့သားတော် ဖြစ်သောမဟာမောဂ္ဂလာန်သည် ဤခန္ဓာကိုယ်အတ္တဘော အဖြစ်အားသာ လျှင် မိမိအား မသင့်လျော် မလျောက်ပတ်သော သေခြင်းသို့ရောက်ရ၏၊ ထိုမောဂ္ဂလာန်သည် ရှေး၌ပြုခဲ့သော မကောင်းမှု ကံအား သင့်လျော်-လျောက်ပတ်သည်သာလျှင်ဖြစ်သောသေခြင်းသို့ရောက်ရပေ၏ဟုမိန့်တော်

မှုပြီး၍ ရဟန်းတို့က ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ထို မဟာမောဂ္ဂလာန်မထေရ်၏ ရှေး၌ပြုဘူးသော မကောင်းမှုကား အဘယ် နည်းဟု မေးလျှောက်သောကြောင့် အကျယ်ချဲ၍ ဟောကြားတော်မူ၏၊

## အရှင်မဟာမောဂ္ဂလာန်။

## အတိတ်ဝတ္ထု။

လွန်လေပြီးသော ရှေးအခါ၌ ဗာရာဏသီပြည်၌ နေလေ့ရှိသော တယောက်သော အမျိုးကောင်းသားသည် မိမိ ကိုယ်တိုင်သာလျှင် စပါး ထောင်းခြင်း,ဆန်ဖွပ်ခြင်း,ထမင်းဟင်းချက်ခြင်းစသည်တို့ကို ပြုလုပ်လျက် အမိ,အဘ နှစ်ပါးတို့ကို အားထုတ်၍ ပြုပြင်လုပ်ကျွေး၏၊ ထိုအခါ အမျိုးသား၏ အမိအဘတို့က သားကို ချစ်သား၊ အသင်တယောက်ချင်း သာလျှင် အိမ်၌၎င်း၊ တော၌၎င်း၊ အမှုကို ပြုလုပ်ရသောကြောင့်ပင်ပန်း လှပေသည်၊ အသင့်အား တယောက်သော သတို့သမီးကို ဆောင်ယူ ကုန်အံ့ဟု ပြောဆိုကြကုန်၏၊ အမျိုးကောင်းသားက။ အိုမိခင်ဘခင်တို့၊ အကျွန်ုပ်အား ဤသို့သဘောရှိသော အိမ်ရာထွေထွေ့ခြင်းဖြင့် အလိုမရှိပါ။ အကျွန်ုပ်သည် အရှင်မိခင်ဘခင် နှစ်ပါးတို့ အကြင်မျှလောက် အသက် ရှည်၏။ ထိုအသက်ရှည်သည့်လောက် ကာလပတ်လုံး၊ မိမိ၏ လက်ဖြင့် သာလျှင် လုပ်ကျွေးပြုစုပါအံ့ ဟု ပြော၏၊ ထိုသားသည် ပယ်ရှားအပ် သော်လည်းအဖန်ဖန် အထပ်ထပ် အစဉ်မပြတ် သားကို တောင်းပန်၍၊ သတို့သမီးတယောက်ကို ဆောင်ကြကုန်၏၊

### မယား၏ကုန်းစကား။

ထိုသတို့သမီးသည် နှစ်ရက်,သုံးရက်မျှလောက်သာလျှင် အမိ,အဘ နှစ်ပါးတို့ကို လုပ်ကျွေးပြုစု၍၊နောက်၌ ထိုအမိအဘနှစ်ပါးတို့အား ကြည့်ရှု ခြင်းမျှကိုသော်လည်း အလိုမရှိလေ၊ အမောင်ချစ်လင်၊ အသင်၏ အမိ အဘတို့နှင့် အတူတကွ တရသောအိမ်နေရာ၌အနည်း ကျွန်တော်မသည် နေခြင်းငှါ မတွန်းနိုင်ပါဟု၊ချူတ်ချယ်စောင်းမြောင်း ဖြားယောင်းဖြောင့်ဖြ၍ ပြောဆိုပါသော်လည်း၊ ထိုအရှင် ခင်ပွန်းလင် ယောကျ်ားသည် မိမိ၏ စကားကို မနာယူသည့် ရှိသော်၊ ခင်ပွန်းအရှင် လင်ယောကျ်ား၏ အပသို့ သွားသောအခါ၌ သင်ပန်း ရှော်ပိုင်းတို့ကိုရင်း၊ ယာဂုဖတ် အမြှုပ်တို့

ကိုရင်း ယူ၍ ထိုသို့သော အိမ်နေရာ၌ ကြဲဖြန့် လိမ်းကျံ သည်ကို ပြုပြီးလျှင်၊ခင်ပွန်းအရှင် လင်ယောကျ်ားသည် လာ၍၊ ဤအမှုသည်ကား အဘယ်နည်း ဟု မေးအပ်သည်ရှိသော်၊ ဤအမှုသည် မျက်စိကန်းပျက် အသက်အရွယ် အိုမင်း ကြီးရင့်လေကုန်ပြီးသော သူအိုကြီးတို့၏ အမှုပေတည်း။အလုံးစုံသော အိမ်ကို လိမ်းကျံ ညစ်နွမ်းသည်ကို ပြုလုပ်လျက် လှည့်လည်နေထိုင်ကြကုန်သည်၊ ထိုသူအိုကြီးတို့နှင့် အတူတကွ တခုတည်းသော အိမ်နေရာ၌သာလျှင် ကျွန်ုပ်မသည် နေခြင်းငှါ မစွမ်းနိုင်ပါဟု ပြော၏၊

## မိဘနှစ်ပါးကို ပြုစုမွေးသော သား။

ဤသို့သော အခြင်းအရာဖြင့် ထိုမိန်းမသည် ခင်ပွန်းအရှင် လင်ယောကျ်ားကို အဖန်ဖန် အထပ်ထပ် မပြတ်ပြောဆိုအပ်သည်ရှိသော်၊ ဤသို့ သဘောရှိသော ဖြည့်သည်းပူးအပ်ပြီးသော ပါရမီသမ္ဘာရ ပြည့်ဝလုံလောက်သော သတ္တဝါဖြစ်သော ပုဂ္ဂိုလ်သည်သည်း မြင်းခိုင်ဘောင်မျှ ပမာဏမက ဂုဏ်ကျေးဇူး ရှိသောသူနှင့် ပြည့်ဝစုံလင်သော မိခင်ဘခင်နှစ်ပါးတို့နှင့် အတူတကွ ချစ်မြတ်နိုးလှသော မိတ်၏ အဖြစ်သည် ပျက်စီးလေ၏။ ထိုယောကျ်ားသည် ရှိစေဦးတော့၊ ထိုသူတို့အား ပြုအပ်သော အမှုကို သိစေအံ့ဟု ပြောပြီးလျှင်၊ ထိုမိခင်ဘခင် နှစ်ပါးတို့ကို စားဘွယ် သောက်ဘွယ်,ခဲဘွယ် ဘောဇဉ်တို့ဖြင့် ပြုပြင်ကျွေးမွေးပြီး၍၊ အိုမိခင်ဘခင် တို့၊ ဤအမည်ရှိသော အရပ်၌ အသင်တို့၏ အဆွေ အမျိုးသည် အရှင်မိခင်ဘခင်တို့၏ လာရောက်ခြင်းကို ဘောင့်တကြကုန်၏ ထိုအရပ်သို့ သွားကုန်အံ့ဟု ပြောဆိုပြီးသည့်ကာလ။အမိအဘနှစ်ပါးတို့ကို လှည်းယာဉ် ထက်၌ တင်၍ ယူဆောင် ထွက်သွားလျက်၊ တောအုပ် အလယ်သို့ ကျရောက်သောအခါ၌။ ဘခင်၊ ကြိုးတို့ကို ကိုင်ပါလော့။ နွားတို့သည် နှင်တံအမှတ်ဖြင့် သွားပါကုန်လတ္တံ့။ ဤအရပ်၌ ခိုးသူတို့သည် နေကြကုန်၏။အကျွန်ုပ်လှည်းမှ သက်ဆင်းပါဦးအံ့ဟု ပြောဆို၍ ဘခင်၏ လက်၌ ကြိုးတို့ကို ပေးပြီးလျှင်၊ လှည်းမှသက်ဆင်း၍ အတန်ငယ် သွား၍မိသည် ရှိသော်၊အသံကို ဖေါက်ပြန် လှည့်လည်စေ၍ ခိုးသူတို့၏ ထကြွသော အသံကို ပြု၏။

အမိအဘ နှစ်ပါးတို့သည် မျက်စိကွယ်သွင်း အဆင်း သဏ္ဌာန်ကို မမြင်ရ၊ အသံမျှကိုသာ ကြားရသည်ဖြစ်၍၊ ခိုးသူတို့ ထကြွလေကုန်ပြီ ဟူသော အမှတ်ဖြင့်-

"တာတ မယံ မဟာလ္လကာ၊
တွံ အဏ္ဏာနမေဝ ရက္ခာဟိ။ ။

ဟူသော ပါဠိဖြင့် ဟစ်အော်၍ ပြောကုန်၏၊

**အနက်ကား**။ ။တာတ၊ မိခင် ဘခင်၊ မွေးသုတ်သင်၍၊ သိုစဉ်-ကလောက်၊ကြီးပွါးခြင်းသို့ ရောက်ခဲ့ပေသော အမောင်ချစ်သား။မယံ၊မိခင် ဘခင် ဖြစ်ကုန်သော ငါတို့သည်။ မဟလ္လကာ၊ အရွယ်ယိုယွင်း၊ အိုမင်း ကြီးရင့်ကြလေကုန်ပြီ၊ တွံ၊နုနုနယ်နယ်၊ရှုချင်ဘွယ်ဖြင့်၊အရွယ်ရှိသေးသော အသင် သားမောင်သည်၊ အဏ္ဏာနမေဝ၊ မိဘနှစ်ပါး၊ ငါတို့အားကို၊ ပယ်ရှားလွှတ်လို၊ မိမိကိုယ်ကိုသာလျှင်၊ရက္ခာဟိ၊ဘေးမှ လွတ်ကြောင်း၊ ပုန်းအောင်း စောင့်ရှောက်ပါလေလော့။ ။ဤကားအနက်၊

**အဓိပ္ပါယ်ကား**။ ။မိခင်ဘခင် မွေးသုတ်သင်၍ သိုစဉ်ကလောက်၊ ကြီးပွါးခြင်းသို့ ရောက်ခဲ့ပေသော အမောင်ချစ်သား၊ မိခင်ဘခင် ဖြစ်ကုန်သော ငါတို့သည် အရွယ် ယိုယွင်း အိုမင်း ကြီးရင့် ကြလေကုန်ပြီ၊ နုနုနယ်နယ် ရှုချင်ဘွယ်ဖြင့် အရွယ် ရှိပေသော အသင် သားမောင်သည် မိဘနှစ်ပါး ငါတို့အားကို ပယ်ရှားလွှတ်သို မိမိကိုယ်ကိုသာလျှင် ဘေးမှ လွတ်ကြောင်း ပုန်းအောင်း စောင့်ရှောက် ပါဖလေလော့ ဟု ပြောဆို-ဟစ်အော်ကုန်၏။ ထိုယောက်ျားသည် မိခင်ဘခင် နှစ်ပါးတို့၏ သား၌ ချစ်ခင်သော အခြင်းအရာဖြင့် သိုစဉ်ကလောက် ဟစ်အော် ပါသော်လည်း ကရုဏာမဖက် ရက်စက် ကြမ်းကြုတ် ခိုးသူ၏အသံကို ပြုလုပ်ပြီးလျှင် ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ပြီးသော် တောအုပ်၌ စွန့်ပစ်ခဲ့၍ အိမ်သို့ ပြန်သွားလေ၏၊

မြတ်စွာဘုရား သခင်သည် မဟာမောဂ္ဂလာန်မထေရ်၏ ရှေး၌ ပြုခဲ့ဘူးသော ဤသို့သော မကောင်းမှုကံကို ဟောကြားတော်မူပြီး၍။ချစ်သား ရဟန်းတို့၊ ငါ၏သားတော် မောဂ္ဂလာန်သည် ဤမျှသောကံကို ပြုခြင်း-ကြောင့် အသိန်းမက များပြားလှစွာသော နှစ်တို့ပတ်လုံး ငရဲ၌ကျရောက်

ခံစားရပြီး၍၊ အကျိုးကြွင်းဖြင့် တရာသော ခန္ဓာကိုယ်၏အဖြစ်၌ ယခုဘဝ အတူသာလျှင် ရိုက်နှက်ပုတ်ခတ် ထုချေ၍ မှုန့်မှုန့်ညက်ညက် ကြေသျက် သေခြင်းသို့ ရောက်ရ၏။

## ရဟန်းတော်များ သောတာပန်တည်ခြင်း။

ချစ်သား ရဟန်းတို့၊ ဤသို့သော အခြင်းအရာဖြင့် ငါ့သားတော်-မောဂ္ဂလာန်သည် မိမိ ပြုအပ်သော ကံအားလျော်သည်သာလျှင်ဖြစ်သော သေခြင်းကို ရအပ်၏။ ငါးရာကုန်သော ခိုးသူတို့နှင့်တကွ ငါးရာကုန်သော ထိုပုဏ္ဏားတို့သည် မပြစ်မှား ထိုက်သော ငါ၏ သားတော် မောဂ္ဂလာန်၌ ပြစ်မှားခြင်းကြောင့် ထိုအားလျော်သည်သာလျှင်ဖြစ်သော သေခြင်းကို ရကုန်ဘိသည်၊ ဟိုစကားမှန်၏၊ မပြစ်မှားထိုက်သော ပုဂ္ဂိုလ်အား ပြစ်မှား လွန်ကျူးသည် ရှိသော်၊ ဆယ်ပါးသော အကြောင်းတို့ဖြင့် အချည်းနှီး ပျက်စီးခြင်းသို့ ရောက်ရသည်သာလျှင်တည်း ဟု မိန့်တော်မူပြီးသော်၊ အနုသန္ဓေကိုစပ်၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

ယော ဒဏ္ဍေန အဒဏ္ဍေသု၊ အပ္ပဒုဋ္ဌေသု ဒုဿတိ။
ဒသန္နမညတရံ ဌာနံ၊ ခိပ္ပမေဝ နိဂစ္ဆတိ။ ။

ဝေဒနံ ဖရုသံ ဇာနိံ၊ သရီရဿ စ ဘေဒနံ၊
ဂရုကံ ဝါပိ အာဗာဓံ၊ စိတ္တက္ခေပဉ္စ ပါပုဏေ။ ။

ရာဇတော ဝါ ဥပသဂ္ဂံ၊ အဗ္ဘက္ခာနဉ္စ ဒါရုဏံ။
ပရိက္ခယဉ္စ ဉာတီနံ၊ ဘောဂါနဉ္စ ပဘင်္ဂုရံ။ ။

အထဝဿ အဂါရာနိ၊ အဂ္ဂိ ဍဟတိ ပါဝကော။
ကာယဿဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။ ။

ဟူသော ဤလေးဂါထာတို့ကို ဟောတော်မူ၏။

ထိုဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ-ပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ယော နရော၊ အကြင် သူသည်။ အပ္ပဒုဋ္ဌေသု၊ မပြစ်မှား ထိုက်ကုန်သော။ အဒဏ္ဍေသု၊ ကာယဒဏ္ဍ၊ စသည် ကင်းကွာ၊ ရဟန္တာတို့၌။ ဒဏ္ဍေန၊ ကာယဒဏ်စသည်ဖြင့်။ ဒုဿတိ၊ ပြစ်မှားမိခဲ့သည်

ဖြစ်အံ့၊ ဒေသန္တိ၊ဆယ်ပါးကုန်သော ဒုက္ခအကြောင်းတို့တွင်။ အညာတရံ၊ တပါးပါးသော။ ဌာနံ၊ အကြောင်းသို့။ ဝိပ္ပမေဝ၊ သောသောသျှင်လျှင် သာလျှင်။ နိဂစ္ဆတိ၊ ရောက်ရ၏။

ဖရုသံ၊ ကြမ်းကြုတ်သော၊ ဝေဒနံ၊ ဦးခေါင်းရောဂါ၊ အစဖြာသဖြင့်၊ များစွာအပြားရှိသော၊ ဆင်းရဲဝေဒနာသို့ရင်း၊ ဇာနိံ၊ဥစ္စာပြုန်းတီး၊ ပျက်စီး ဆုံးရှုံးခြင်းသို့ရင်း။ သရီရဿ ဘေဒနံ၊ လက်ပြတ်ခြင်းစသော ကိုယ်· အင်္ဂါ၏ ပျက်စီးခြင်းသို့ရင်း။ဂရုကံဝါပိ အာဗာဓံ၊စက္ခုကန်းခြင်း၊ဆွံ့အ၊ ထိုင်းမှိုင်း၊လိုဘိုင်းမဲ့၊နူနာစွဲ ဘပ်ခြင်း အစရှိသော လေးလံကြီးကျယ်သော အနာသို့ရင်း။ စိတ္တက္ခေပဥ္စ၊ စိတ်ပျံ့ခြင်း, ရူးသွပ်ခြင်းသို့ရင်း။

ရာဇတော၊ မင်းကြောင့်။ ဝါ၊ မင်းမှ။ ဥပသဂ္ဂံ ဝါ၊အရေးလျှော့ကျ၊ နေ· ကုန်ပျက်၊ အသက် ဆုံးပါးခြင်းစသော ဘေးသို့ရင်း။ ဒါရုဏံ၊ ကြမ်းကြုတ်စွာသော၊ အဗ္ဘက္ခာနဥ္စ၊ မဟုတ်ဘဲစွတ်၊ သန့်တတ်စွပ်စွဲ ခံရခြင်းသို့ရင်း။ ဉာတိနံ၊ မိမိမှီရာ ကောင်းစွာဖြစ်ခြင်း၌ ငွမ်းနိုင်ကုန်သော ဆွေမျိုးတို့၏။ ပရိက္ခယဥ္စ၊ သေကြေလွင့်ပါး၊ပျက်ပြားကုန်ပျောက်ခြင်းသို့ရင်း၊ ဘောဂါနံ၊ ဥစ္စာဗဓ်တို့၏။ ပဘင်္ဂုနဥ္စ၊ ယိုယွင်းပြုန်းတီး၊ပျက်စီးခြင်းသို့ရင်း။ ပါပုဏေ၊ ရောက်ရာ၏။

အထ၊ ထိုမှတပါး။ အဿ၊ ထိုသူ၏၊ အာဂါရာနိ၊ နေရာအိမ်ရာတို့ကို။ အဂ္ဂိ၊ တကြိမ်, နှစ်ကြိမ်, သုံးကြိမ်၊ ထိန်ထိန်လောင်ညီး၊ ပကာဝသော မီးသည်ရင်း။ ပါဝကော၊ အလိုလိုသာ ကျရောက်လာသော လောင်မီး သည်ရင်း။ ဍယှတိ၊ စွဲလောင်၏။ ဒုပ္ပညော၊ ပညာနည်းသော၊ သော နရော၊ ထိုသူသည်၊ ကာယဿ၊ ကိုယ်ခန္ဓာ၏။ ဘေဒါ၊ ပျက်စီးသည်မှ၊ ပရံ၊ နောက်၌။ နိရယံ၊ ငရဲ၌၊ ဝါ၊ငရဲသို့။ ဥပပဇ္ဇတိ၊လားကပ်၍ ဖြစ်ရလေ၏၊ ။ ဤကားအနက်။

[ဤဝတ္ထုန္ဒြ မဟာ မောဂ္ဂလာန် မထေရ်၏ ‘အကြောင်းကို ဆိုသော· စတ္တာလီသနိပါတ် သရဘင်္ဂဇာတ် အဋ္ဌကထာနှင့် ဤ· မြေပဒအဋ္ဌကထာသည် အနည်းငယ်မျှ အဆိုမညီကြ၊ ဇာတ်· အဋ္ဌကထာ၌ မထေရ်ကို ခိုးသားတို့ ‘လုပ်ကြံရာ၊ ရန်စ်ချက်ကြာ ကြောင်းကို ဆိုသည်။ဤအဋ္ဌကထာ၌ ပဥ္စမေလ, မဇ္ဈိမယာမ,ပစ္ဆိမေလ-

ဟု လက်ပိုင်းခြား၍ ဆိုသည်။ အဘိတ်သေခင်ဝတ္ထုငယ် ဇာတ်-
အဋ္ဌကထာ၌ အမိ,အဘာ နှစ်ပါးဘို့ကို အသေမသတ်၊ အိမ်သို့
ပြန်ဆောင်သည် ဟု ဆိုသည်။ ဤအဋ္ဌကထာ၌ သတ်ဖြတ်၍
တော၌ စွန့်ပစ်ခဲ့ကြောင်းကို ဆိုသည်။

ဤသို့ ကွဲပြားခြင်းသည်ဘာဏကဆေ ငပုဂ္ဂိုလ်တို့၏အလိုသို့
လိုက်ဟန် လက္ခဏာထင်သေသည်၊ ကြံဆင်ခြင်ကြဘုန်း။]

ဓမ္မပဒဒသကဝဂ်၌ ချနှစ်ချမြောက်ဖြစ်သော မဟာမောဂ္ဂလာန်
မထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၀-ဒသကဝဂ်။ ၈-ဗဟုဘဏ္ဍိကရဟန်း၏ဝတ္ထု။

**နံ နဂ္ဂစရိယာ။** ။အစချီသော၊ ဤဂါထာပါဠိ၊ ရှေ့ပါဠိ ညွှန်ပြ၊
ဒေသနာကို၊ တဘျာစရိုက်၊ အလိုလိုက်၍၊ ကိုယ်၌ပစ္စည်း၊ အသီးသီးကို၊
သိမ်းဆည်း ရဆောင်း၍၊မကောင်း အကုသလ၊တိုးပွါးအောင် ပြုကြသော၊
ဒုက္ခိတသဘာဝ၊တို့ကို မြင်လျှင်၊ရွေချင်တော်နှစ်၊ သားချစ် ရာဟုလာကဲ့သို့၊
ကရုဏာ ရှေ့သွားလျက်၊ ဟောကြားဆုံးမတော် မူဘတ်သော၊ လူ,နတ်,
ဗြဟ္မာတို့၏ အထွတ်၊တမွတ် ဥက္ကဋ္ဌ၊အဘုလခေါင်မျှား၊ ဘုရားကိုယ်တော်
ဖြတ်သည်၊ ပြည့်ရပ် သာဝတ္ထိနရပ် တောင်စွန် ဇေတဝန် ရွှေကျောင်း၌၊
ကိန်းအောင်း စံပယ်တော်မူသောကာလ၊ ဗဟုဘဏ္ဍိက အမည်ရှိသော
ရဟန်းတပါးကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေ
သတည်း။

### အကြောင်း အကျဉ်းပွ္ထတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိပြည်၌ နေလေ့ရှိသော တယောက်သော သူကြွယ်သည်
မိမိ၏မယား ခင်ပွန်းမ သေလွန်သည့် အဖြစ်ကြောင့်၊သာသနာတော်ထဲး
ရဟန်းပြုလေ၏။ ထိုသူကြွယ်သည် ရဟန်းပြုသော်လည်း ပရိဝုဏ်ကိုင်း၊
မီးတင်းဘုပ်ကိုရင်း၊ ဘဏ္ဍာ သိုမှီးရာ တိုက်ခန်းကိုရင်း ပြုစေပြီးလျှင်၊
အလုံးစုံသော ဘဏ္ဍာသိုမှီးရာ တိုက်ခန်းကို ဆီ,ထောပတ် စသည်တို့ဖြင့်

ပြည့်စေ၍ ပေဟာန်းပြု၏။ရဟန်းပြုပြီးသောအခါ မိမိ၏ကျွန်တို့ကိုခေါ်စေ၍၊ အလိုရှိတိုင်းသော အစာအာဟာရကို ချက်ပြုတ်စေ၍ စားသောက်၏။များစွာသော ပစ္စည်းဘဏ္ဍာ,ပရိက္ခရာအသုံးအဆောင်လည်းရှိသည် ဖြစ်ပေ၏၊ ညဉ့်အခါ၌ တပါးသော အဝတ်အရုံကို ဝတ်ရုံ၍၊ နေ့အခါ၌ တပါးသော အဝတ်အရုံကို ဝတ်ရုံ၏။နေ့အခါ၌ တပါးသော ကျောင်းအစွန်၌ နေ၏။

## များသောပစ္စည်းဘဏ္ဍာ။

တနေ့သ၌ သင်္ကန်း အိပ်ရာခင်းတို့ကို ခြောက်သွေ့စေသောအားဖြင့် နေပူ၌ ဖြန့်လှန်းသော ထိုသူကြွယ်ရဟန်းအား ကျောင်းစဉ် လှည့်သည် ခြင်းသို့ လှည့်လည်ကုန်သော ရဟန်းတို့သည် တွေ့မြင်၍။ ငါ့ရှင်၊ ဤ-သင်္ကန်း,အိပ်ရာခင်းတို့သည် အဘယ်သူ၏ ဥစ္စာပေနည်း ဟု မေးသဖြင့်၊ ငါ၏ဥစ္စာပေတည်းဟု ဝန်ခံပြောဆိုသည်ရှိသော်။ ငါ့ရှင်၊ မြတ်စွာဘုရား သခင်သည် သုံးထည်သော သင်္ကန်းတို့ကို အနုအညွတ် ခွင့်လွှတ် ပေးသနားအပ်ကုန်သည် မဟုတ်ဘုံပါလော၊အသင်သည် အလို နည်းပါး-သော ဘုရားရှင်၏ သာသနာတော်၌ မွေ့လျော်ခွက်ထမ်း ရဟန်းပြုသည် ဖြစ်ပါလျက်၊ဤသို့သော အခြင်းအရာ များစွာသော ပရိက္ခရာ အသုံး-အဆောင်ရှိသည် ဖြစ်ရလေဘိသနည်းဟု ပြောဆိုပြီးသည့်ကာလ၊ ထို-ရဟန်းကို မြတ်စွာဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့၍။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ဤရဟန်းသည် အလွန် များပြားသော ပစ္စည်းဘဏ္ဍာ ဥစ္စာရှိပါသည်ဟု ကြားလျှောက်ကုန်၏။

မြတ်စွာဘုရား သခင်က ''ချစ်သား ရဟန်း၊ အသင်သည် ပစ္စည်းဘဏ္ဍာ များစွာသော ဥစ္စာရှိသည်ဟူသည် ဟုတ်မှန်ပေ သလော'' ဟု မေးတော်မူ၍ ။''ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည်''ဟု လျှောက်ကြားသည် ရှိသော်။ ချစ်သားရဟန်း၊ အသင်-သည် ငါဘုရားသခင်သည် အလိုနည်းစေခြင်း အကျိုး၌ါ တရားတော်ကို ဟောကြားအပ်ပါလျက်၊အဘယ်ကြောင့် ဤသို့များသော ပစ္စည်းဘဏ္ဍာရှိသည် ဖြစ်လေသနည်းဟု မိန့်တော်မူ၏၊

သူကြွယ် ရဟန်းသည် ထိုမျှလောက် မိန့်ဆိုခြင်းဖြင့်သာလျှင် အမျက် ထွက်သည်ဖြစ်၍၊ဤယခုအခါ၌ တပည့်တော်သည် ဤသို့သောအကြောင်း

အခြင်းအရာဖြင့် လှည့်လည် နေထိုင်ပါတော့မည် ဟု ပြောဆိုပြီးလျှင်၊ ရုံ၍ထားအပ်သော ကိုယ်ရုံကို စွန့်ပစ်၍၊ပရိသတ်အလယ်၌ တထည်သော သက်န်းသင်းပိုင်ကို ဝတ်၍ ရပ်တည်၏။

ထိုအခါ သူကြွယ်ရဟန်းကို မြတ်စွာဘုရားသခင်သည် ထောက်ပံ့တော်မူလျက်၊ ချစ်သားရဟန်း၊ အသင်သည် ဟိရိဩတ္တပ္ပကို ရှာမှီးတတ်သော ရေစောင့်ရက္ခိုသ်ဖြစ်သော ရှေးအခါ၌လည်း ဟိရိဩတ္တပ္ပကို ရှာမှီးလျက်၊တဆဲ့နှစ်နှစ်တို့ ကာလပတ်လုံး နေရ၏၊ဤယခုအခါ၌ အလေးအမြတ်ပြုထိုက်သော ငါဘုရား သာသနာတော်၌ ရဟန်းပြုသည်ဖြစ်ပါလျက်၊ လေးပါးသော ပရိသတ်အလယ်၌ ကိုယ်ရုံကို စွန့်ချပြီးသောအခါ၊ ဟိရိဩတ္တပ္ပကို ပယ်၍ အဘယ်ကြောင့် ရပ်တည်ဘိသနည်း ဟု မိန့်တော်မူ၏။ထိုသူကြွယ် ရဟန်းသည် မြတ်စွာဘုရား စကားတော်ကို ကြား၍၊ရှက်ကြောက်ခြင်း ဟိရိဩတ္တပ္ပကို ထင်စေပြီးလျှင်၊ ထိုကိုယ်ဝတ်သက်န်းကို ကောက်ယူ ဝတ်ရုံပြီး၍၊မြတ်စွာဘုရားသခင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချ သင့်တင့် လျောက်ပတ်သော အရပ်ဒေသ၌ ထိုင်နေ၏။

ရဟန်းတို့သည် ထိုသူကြွယ်ရဟန်း၏ ရှေး၌ဖြစ်ခဲ့ဘူးသော အကြောင်းကို အကျယ်ပိတ္တာရ ဟောပြပါမည့်အကြောင်းနှင့်၊မြတ်စွာဘုရားသခင်ကို တောင်းပန် လျှောက်ထားကုန်၏၊ဘုရားကိုယ်တော်မြတ်သည် အတိတ်ကို ဆောင်၍ ဟောကြားတော်မူ၏၊

## အတိတ်ဝတ္ထု။

## ရေစောင့်ရက္ခိုသ်ဘီလူး။

ချစ်သား ရဟန်းတို့၊ ရှေးလွန်လေပြီးသောအခါ၊ ဗာရာဏသီ ပြည်ကြွင်းကို ရှုနန်းသိမ်းချုပ် မင်းလုပ်တော်မူသော ဘုရင် မင်းမြတ်၏ လက်ျာနတ်ဒေဝီ မဟေသီမိဖုယား၏ ဝမ်းတိုက်၌ ငါဘုရားအလောင်းသည် ပဋိသန္ဓေ တည်နေရွဲပယူ၏၊အချိန်လမြောက် ဖွါးမြင်ခြင်းသို့ ရောက်သဖြင့်၊ဘုန်းတောက်ကြမ္မာ၊ သမ္ဘာထင်လျှား ထိုမင်းသားအားဘွဲ့အမည်ကို ယူသော်နေ့၌၊မဟိံသကုမာရ မင်းသားဟူသော အမည်ကို ပြုကုန်၏။

ထိုမင်းသား၏ ပြေးသွားနိုင်လောက် အရွယ် ရောက်သဖြင့်၊ တယောက်သော သားတော်ကို၊ ဖွါးမြင်ပြန်သဖြင့်၊ ညီတော် ဖြစ်သော ထိုမင်းသားသည် အမည်ဝေါဟာရ စန္ဒကုမာရမည်သည် ဖြစ်ပေ၏။

ထိုမင်းသားတို့၏ မယ်တော်မြတ် လကျာနတ်ဒေဝီ မဟေသီမိဖုယားသည် သေလွန်၍သွားသည်ရှိသော် မင်းများရာဇာသည် ဆင်းဝါသဏ္ဍာန်ကြန်အင်ပြည့်မြောက်တယောက်သောမိဖုယားငယ်ကို အဂ္ဂမဟေသီဒေဝီရာထူး၌ ချီးကျူးမြှောက်စား ထားတော်မူ၏၊ ထိုမိဖုယားသည်လည်း သားတော်တယောက် ဖွါးမြင်လေ၏၊ထိုသားတော်အား သူရိယကုမာရဟူသောအမည်ကို ပြုကြကုန်၏.ထိုသားတော်ကလေးကိုမြင်၍ မင်းကြီးသည် နှစ်သက်ရကား"အသင်မိဖုသား၊အသင်မိဖုယား၏ သားငယ်အားဆုမြတ်ကိုငါပေး၏"ဟု မိန့်တော်မူ၏၊မိဖုယားကလည်း"အရှင်မင်းမြတ်၊ကောင်းလှပါပြီ၊ အလိုရှိသော အခါ၌ ယူပါအံ့" ဟု လျှောက်ထား၍ သားတော်သူရိယကုမာရသည် အရွယ်ကျရောက်သောအခါ၌ မိဖုယားသည် ပြည့်ရှင် မင်းမြတ်ကို"အရှင် မင်းမြတ်၊ အရှင် မင်းမြတ်သည် ကျွန်တော်မ၏ သားအား ဖွါးသန့်စင်သောကာလ၌ ဆုမြတ်ကို ပေးအပ်ပါသည်၊ ထိုပေးအပ်သောဆုကို ဤယခုအခါ၌ ယူလိုသောဆန္ဒရှိပါပြီ၊ ကျွန်တော်မ၏ သားအား မင်းအဖြစ်ကို ပေးသနားတော်မူပါလော" ဟု လျှောက်တင်၏။

ပြည့်ရှင်မင်းကြီးက"အရှင်မိဖုယား၊ငါ၏ သားတော်ကြီး နှစ်ယောက်တို့သည် ထွန်းတောက်သော မီးပုံကြီး၏အလွင် အလွန်ပင်ပြည့်ရုံသော ဘုန်းသက်ရုံးပညာတို့ဖြင့် ထွန်းလင်းတောက်ပလျက် အထင်အရှားခံစားနေဆိုင်လှည့်လည်၍ ရှိကြကုန်သည်၊ အသင်၏ သားတော်ဖြစ်သော ထိုမင်းသားငယ်အား ငါသည် မင်းအဖြစ်ကို ပေးခြင်းငှါ မစွမ်းနိုင်ဟု ပယ်ရှားတားမြစ် ပါသော်လည်း ထိုမိဖုယားက အဖန်တလဲလဲ အမြဲမပြတ်ထင်ကာထပ်ကာ တောင်းပန်လျှောက်တင်သည်ကို သိမြင်တော်မူ၍ "ဤမိဖုယားသည် သူ၏သားကို မင်းအဖြစ် ပေးအပ်ခဲ့သည်ရှိသော် ငါ့သားတော်ကြီးတို့၏လည်း အချည်းနှီးချို့နဲ့ အကျိုးမဲ့မကောင်း ပျက်စီးခြင်း အကြောင်းကိုသော်လည်း ပြုလုပ်ရာ၏"ဟု ကြံဆင်ခြင်တော် မူပြီးသျှင်

သားတော်ကြီးတို့ကိုခေါ် စေပြီးမှ၊ ချစ်သားတို့၊ငါမင်းဖြားသည် သူရိယ ကုမာရမင်းသား ဖွါးမြင်စဉ်အခါ၌ ဆုကို ပေးအပ်၏။ ထိုပေးအပ်သော ဆုကို ဤယခုအခါ၌ သူရိယကုမာရ၏မယ်တော် မိဖုယားသည် သူ၏ သားကို မင်းအဖြစ်ဖြင့် ဆောက်နှင်းအပ်နှံပါမည့်အကြောင်း တောင်းပန် လျှောက်တင်၏၊

ငါသည် ထိုသူရိယကုမာရမင်းသားအား မင်းအဖြစ်ကို ပေးခြင်းငှါ အလိုမရှိ။ ထိုသူရိယကုမာရ၏ မယ်တော်သည် မိမိသားချစ် မင်း၏ အဖြစ်ကိုမရသောကြောင့် အမျက်ဒေါသ ကောခဖြစ်ပွါး အသင်သား- တော်တို့၏ အကျိုးစီးပွါးမဲ့ကိုသော်လည်း ပြုရာ၏၊အသင်ချစ်သားတို့သည် တိုင်းပြည်မှ ထွက်သွားကြကုန်လော၊ တော၌နေပြီးလျှင် ငါဘခင်သည် ကွယ်လွန်ပြောင်းကြွ နတ်ရွာစံသောကာလမှ လာရောက်၍ မင်းအဖြစ်ကို ယူကြကုန်လော့ဟု ပြောဆိုမှာထား စေလွှတ်၏၊

## မင်းသားညီနောင် သုံးယောက်။

မဟိံသကုမာရ,စန္ဒကုမာရမင်းသား ညီနောင်နှစ်ပါးတို့သည် ခမည်း တော်မင်းဖြားကို ညွှတ်တွားရှိကျိုး ရှိခိုးပြီးလျှင် ပြာသာဒ်မှ သက်ဆင်း လျက် သွားသည့်ရှိသော် မင်းရင်ပြင်၌ကစား၍နေသော သူရိယကုမာရ မင်းသားသည် နောင်တော်ဘို့ကိုမြင်၍ ထိုအကြောင်းအသုံးရုံကို အကုန် သိရပြီးသော် နောင်တော်တို့နှင့်အတူတကွ လိုက်သွားပါတော့မည် ဟု ပြောဆို၍ နောင်တော်တို့နှင့် အတူတကွ သာလျှင် ထွက်သွား၏၊ထို မင်းသားသုံးပါးတို့သည် ဟိမဝန္တာသို့ ဝင်သွားကုရောက်သော အခါ၌ ဘုရားအလောင်းဖြစ်သော မဟိံသမင်းသားသည် ခရီးမှဖဲ၍ အမှတ်မရှိ တခုသောသစ်ပင်၏အရင်း၌ ထိုင်နေပြီးလျှင် သူရိယကုမာရမင်းသားကို "ညီချစ်၊ ထိုအိုင်သို့သွား၍ ရေချိုးသုံးသပ် သုံးဆောင် ပြီးသောအခါ ငါတို့၏အတွက်ငှါလည်း ပဒုမာကြာရွက်တို့ဖြင့် ရေကိုဆောင်ယူခဲ့ပါလော့ ဟု ပြောဆိုစေလွှတ်၏။

ထိုအိုင်သည်ကား ဝေဿဝဏ္ဏ နတ်မင်းကြီး၏ အထံမှ တကောင် သောဒကရက္ခိုသ်ဘီလူးသည် ရအပ်သောအိုင်ပေတည်း။ ဝေဿဝဏ္ဏ နတ်မင်းကြီးသည်လည်း ထိုရက္ခိုသ်ကို ဒေဝဓမ္မအမည်ရသောတရားကို

ထင်လျှားသိနိုင်သော သူကိုထား၍ ဒေဝဓမ္မတရားကို သိနိုင်သော သူမှ တပါးသောသူတို့သည် ဤအိုင်သို့သက်ကုန်အံ့။ ဒေဝဓမ္မတရားကိုမသိဘဲ ဤအိုင်သို့ သက်ကုန်သော ထိုသူတို့ကို အသင်စားခြင်းငှါ ရစေသော ဟု အခွင့်ပေး၏။

ထိုအခါမှစ၍ရက္ခိုသ်သည် ထိုအိုင်သို့ သက်ဆင်းတိုင်းသက်ဆင်းတိုင်း သောသူတို့ကို ဒေဝဓမ္မတို့ကိုမေး၍ မသိသောသူတို့ကိုစား၏။ သူရိယ ကုမာရမင်းသားသည်လည်း မရုံစမ်း မဆင်ခြင်မူ၍သာလျှင် ထိုအိုင်သို့ သက်ဆင်းလေ၏။ ရက္ခိုသ်ဘီလူးက အသင်သည် ဒေဝဓမ္မတို့ကို သိ၏ လောဟု မေးအင်သဖြင့် ဒေဝဓမ္မတို့မည်သည် လ,နေတို့ကို ဆိုသည်ဟု ပြော၏။ထိုအခါ သူရိယကုမာရမင်းသားကို အသင်သည် ဒေဝဓမ္မတို့ကို မသိဟုဆို၍ ရေထဲသို့ သွင်းပြီးလျှင် မိမိနေရာ၌ထား၏။

ဘုရားအလောင်း သည်လည်း သူရိယကုမာရ မင်းသား သွားခြင်း ကြာမြင့်သည့်အဖြစ်ကြောင့် စန္ဒကုမာရမင်းသားကိုထပ်၍တဖန် စေလွှတ် ပြန်၏။စန္ဒကုမာရ, မင်းသားသည်လည်း သူရိယကုမာရမင်းသား အတူ သာလျှင် သွားရောက်၍ အိုင်သို့သက်ဆင်းသော ကာလ ဒကရက္ခိုသ်က အသင်သည် ဒေဝဓမ္မတို့ကိုသိ၏လောဟု မေးသဖြင့် ဒေဝဓမ္မတို့မည်သည် လေးပါးသောအရပ်တို့ကို ဆိုသည်ဟု ပြော၏။ဒကရက္ခိုသ်သည်လည်း ထိုစန္ဒကုမာရ မင်းသားကို အသင်သည်လည်း ဒေဝဓမ္မတို့ကို မသိဟု ပြော၍ ရေသို့သွင်းပြီးလျှင် သူရိယကုမာရ မင်းသား အတူသာလျှင် မိမိနေရာ၌ ထား၏။

ဘုရားအလောင်းတော်သည်လည်း ထိုစန္ဒကုမာရမင်းသား ကြာမြင့် သည်ရှိသော် တစုံတခုသောအန္တရာယ် ငြိတွယ်ကျရောက်ခြင်း ရှိပေ-လိမ့်မည်ဟု မိမိကိုယ်တိုင် လိုက်သွားပြီးလျှင် နှစ်ယောက်သောညီတို့၏-လည်း သက်ဆင်းသောခြေရာကိုသာ တွေ့မြင်၍ ပြန်တက်သောခြေရာကို မမြင်သောကြောင့် ဤရေအိုင်သည် ရက္ခိုသ်သိမ်းဆည်း စောင့်ရှောက် အင်သောရေကန် ဖြစ်ပေလိမ့်မည်ဟုသိ၍ သန်လျက်ကိုအိမ်မှနှုတ်ပြီးလျှင် ရပ်တည်၏။

ရက္ခိုသ်သည် အိုင်သို့မသက်ဆင်းသော ဘုရားအလောင်းကို မြင်၍ တစုံတခုအမှုကိစ္စ ပြုလုပ်ရွက်ဆောင်သော ယောက်ျား၏ အသွင်ဖြင့်

လာပြီးလျှင် ဒို-အချင်း ယောက်ျား၊ အသင်သည် ခရီး ပင်ပန်းလျက် အဘယ်ကြောင့် ဤအိုင်သို့သက်ဆင်း၍ ရေချိုးခြင်း, ရေကိုသောက်ခြင်း, ကြာစွယ်ကိုစားခြင်း, ပန်းပန်ခြင်းကို ပြု၍ မသွားဘိသနည်းဟု ပြော၏။ ဘုရားအလောင်းသည် ထိုသူကို မြင်လျှင် ဤသူကား ဘီလူးတည်းဟု သိ၍ အသင်သည် ငါ၏ညီတော်တို့ကို ဖမ်းယူအပ်သလောဟု မေး၏။ သြော်-ဟုတ်ပေ၏။ ငါသည် ဖမ်းယူအပ်သည်ဟု ပြောသဖြင့် အဘယ် အကြောင်းကြောင့် ဖမ်းယူဘိသနည်းဟု မေးပြန်လျှင် ငါသည်ဤအိုင်သို့ သက်ဆင်းတိုင်း သက်ဆင်းတိုင်းသော လူတို့ကိုရ၏ဟု ပြော၍ အသို့ ပေနည်း။ သက်ဆင်းတိုင်းသော အလုံးစုံသောသူတို့ကို ရသလောဟု မေးပြန်သည်ရှိသော် ဒေဝဓမ္မသိသောသူတို့ကို ချန်ထား၍ ကြွင်းသော အလုံးစုံသောသူတို့ကို ရပေသည်ဟု ပြော၏။ ဒေဝဓမ္မမည်သည်ကား ရှိ၏။ အသင့်အား ဒေဝဓမ္မတို့ဖြင့် အလိုရှိသလောဟု မေးပြန်လျှင် သြော်-ဟုတ်ပါပေ၏။ အလိုရှိပါသည်ဟု ပြော၏။ ငါသည် ဟောပေအံ့ဟု ပြော သည်ရှိသော် ထိုသို့ တပြီးကား ဒေဝဓမ္မတို့ကို ဟောပြပါလော့ ဟု တောင်းပန်၏။

## ဒေဝဓမ္မတရားကို ဟောကြားခြင်း။

ဘုရားအလောင်းက ညစ်နွမ်းသောကိုယ်ဖြင့် ငါသည် ဟောခြင်းငှါ မတတ်ကောင်းဟုပြောဆိုသဖြင့် ဘီလူးသည်ဘုရားအလောင်းကို ရေချိုး စေပြီးလျှင် သောက်ရေ သုံးဆောင်ရေတို့ကို သုံးဆောင်စေပြီးမှ တန်းဆာ ဆင်ပြီးသည့်ကာလ တန်းဆာဆင်အပ်သော မဏ္ဍပ်၏အလယ်၌ ပလ္လင်သို့ တက်စေပြီးလျှင် မိမိသည် ဘုရားအလောင်း၏ ခြေရင်း၌ထိုင်နေ၏။ ထို အခါဘီလူးကို ဘုရားအလောင်းသည် ရိုသေစွာ နာလေလော့ဟု မိန့်ဆို ပြီးသည့်ကာလ-

ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မ သမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

**အနက်ကား**။ ။လောကေ၊ သတ္တလောက၌။ ဟိရိဩတ္တပ္ပသမ္ပန္နာ၊ ကာယဒုစရိုက်စသည်တို့ကို ရှက်ခြင်းစက်ဆုပ်တတ်သော ဟိရိတရား,

ကာယဒုစရိုက် ဧသည်တို့ကြောင့် ထိတ်လန့် ကြောက်ရွံ့ တတ်သော ဩတ္တပ္ပတရားနှင့် ပြည့်စုံကုန်သော၊ သုတ္တမွေသမာဟိတာ၊ဟိရိဩတ္တပ္ပ ကိုအရင်းပြု၍ ကျင့်အပ်ကုန်သော ကုသိုလ်တရားတို့နှင့် ပြည့်စုံကုန်သော။ သဒ္ဓါ၊ငြိမ်သက် သိမ်မွေ့သော ကိုယ်,နှုတ်,နှလုံး သုံးပါးအမှူးရှိကုန်သော သပ္ပုရိသ၊သူပြုဘူးသောကျေးဇူးကို သိသောဉာဏ်နှင့် ပြည့်စုံသည်ဖြစ်၍ တင့်တယ်သော ယောကျ်ားမြတ်တို့ကို။ ဒေဝဓမ္မာတိ၊ နတ်တို့၏အကျင့် တရားရှိကုန်သော သူမြတ်တို့ဟူ၍။ဝုစ္စရေ၊ ဘုရားအစရှိသော အရိယာ တို့ကောင်းစွာ ချီးမွမ်းတော်မူအပ်ကုန်၏။ ။ဤကားအနက်။

## ဒေဝဓမ္မတရားကြောင့် ဘီလူးလက်မှလွတ်ခြင်း။

ဘီလူးသည်ဤသို့သောတရားဒေသနာကိုကြားနာရ၍နှစ်သက်ကြည်ညို သော စိတ်ရှိသည် ဖြစ်၍ ဘုရား အလောင်းကို အို-ပညာရှိ၊အကျွန်ုပ် သည် အသင့်အား နှစ်သက်ကြည်ညိုပါ၏။တယောက်သော ညီတော်ကို ပေးအံ့။အဘယ်ညီတော်ကို ဆောင်ယူအံ့နည်းဟု မေးသဖြင့် ညီတော် အငယ်ကိုဆောင်ယူခဲ့လော့ဟု ပြော၏။ပညာရှိ၊ အသင်သည်သက်သက် သော်ကား ဒေဝဓမ္မတို့ကို သိသည်သာလျှင်တည်း၊ အသင်ပညာရှိသည် ထိုဒေဝဓမ္မတို့၌ မကျင့်လတ္တံ့လော ဟု ပြော၏။ အဘယ် အကြောင်း ကြောင့်နည်းဟု မေးသည်ရှိသော် အသင်သည် ညီတော်အကြီးကိုထား၍ ညီတော်အငယ်ကိုဆောင်စေလျက် ကြီးသောသူအား အရိုအသေ မပြု လေဟုပြော၏။အို-ဘီလူး၊ဒေဝဓမ္မတို့ကိုလည်းငါသည်သိပါ၏။ ထိုဒေဝဓမ္မ တို့၌လည်းကျင့်ပါ၏။ ငါတို့သည် ထိုညီတော်အငယ်ကို အကြောင်းပြု၍ ဤတောအုပ်သို့ ဝင်ရောက်ရကုန်သည်။အို-ဘီလူး၊အကြောင်းကို ငါပြော ဦးအံ့။ထိုညီတော်အငယ်ဖြစ်သော သူရိယကုမာရ၏အကျိုးငှါ ငါတို့၏ ခမည်းတော်ကို သူရိယကုမာရ၏မယ်တော်သည် မိမိသားအား ထီးနန်း စည်းစိမ် စိုးပိုင်ရခြင်းတည်းဟူသော မင်းအဖြစ်ကို တောင်း၏။ငါတို့၏ ခမည်းတော်သည် ထိုမိဖုယားဘောင်းသောဆုကို ပေးသနားတော် မမူဘဲ ငါတို့အား အစဉ်စောင့်ရှောက်ခြင်းအကျိုးငှါ တော၌နေခြင်းကို ခွင့်ပေး စေလွှတ်တော်မူ၏။ ထိုညီတော် မင်းသားငယ်သည် ငါတို့ တားမြစ် သော်လည်း မဆုတ်နစ်မပြန်လည်မူ၍ ငါတို့နှင့်အတူတကွ တောထဲသို့

လိုက်ပါ၍လာ၏။ထိုမင်းသားငယ်ကို တောတွင်း၌ တကောင်သောဘီလူး သည် စားအံ့သော်၊ငါ့ကို သူ၌ငါ့ကိုပြောသိ သော်လည်း ငါတို့၏ စကားကို တစုံတယောက်သောသူမျှ မယုံကြည်ပေလတ္တံ့။ ထိုကြောင့် ငါသည် ကဲ့ရဲ့အံ့သော ဘေးမှ ထွေးတော့ရှုံလောက် ကြောက်သည်ဖြစ်၍သာလျှင် ညီတော်အငယ်ကို ဆောင်စေဘိသည်ဟု မိန့်တော်မူ၏။

## ဘီလူးကို တိုင်းပြည်သို့ခေါ်ခဲ့ခြင်း။

ဘီလူးသည် ဘုရားလောင်းအား ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍ ကောင်းသောပညာရှိ၊ အသင်သည်သာလျှင် ဒေဝဓမ္မတို့ကို သိမြင်နိုင်လှ ပါပေသည်ဟု ချီးမွမ်းအံ့ဩ၍ နှစ်ယောက်သောညီတော်တို့ကို ဆောင် ယူပြီးလျှင် ပေးအပ်၏။ ထိုအခါ ဒကရက္ခိုသ်ကို ဘုရားအလောင်းသည် ဘီလူး၏အဖြစ်၌ အာဒီနဝကို ဟောပြမိန့်ဆို၍ ငါးပါးသော သီလတို့၌ တည်စေ၏။ဘုရားအလောင်းသည် ထိုဒကရက္ခိုသ် ကြည့်ရှုစောင့်ရှောက် အပ်သော အစောင့်အရှောက်ရှိသည်ဖြစ်၍ ထိုတောအုပ်၌ပင်လျှင် နေပြီး သော် ခမည်းတော် မင်းမြတ်သည် နတ်ရွာ စံကျွန် သေလွန်ခြင်းကို ပြုသောအခါ ဘီလူးကို ခေါ်ဆောင်ခဲ့၏။

ဗာရာဏသီပြည်သို့ သွားပြီးလျှင် မင်းအဖြစ်ကို ယူ၍ စန္ဒကုမာရ မင်းသားအား အိမ်ရှေ့မင်း အဖြစ်ကို၊ သူရိယကုမာရ မင်းသားအား စစ်သူကြီးအရာကို၊ အသွင်းအသီး ချီးမြှောက် ပေးသနားတော် မူပြီး၍ ဘီလူးအား မွေ့လျော်ဖွယ်ရှိသော အရပ်၌ နေရာနတ်ကွန်းကို ပြုစေပြီး လျှင် အကြင်သို့သောအခြင်းအရာအားဖြင့် ပြုအပ်သည်ရှိသော် လာဘ် လာဘပြန့်ပြော များပြားခြင်းသည်ဖြစ်၏။ ထိုသို့သော အခြင်းအရာဖြင့် ဘီလူးအား ချီးမြှင့်ခြင်းကို ပြုတော်မူ၏။

## ဓာတ်တော်ကို ပေါင်းခြင်း။

မြတ်စွာဘုရားသခင်သည် ဤသို့သောဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့၊ထိုရှေးအခါက ဒကရက္ခိုသ်သည် ဤယခုအခါများစွာ သောပစ္စည်းဘဏ္ဍာရှိသော သုံးကြွယ်ရဟန်းဖြစ်လာ၏။ ညီတော်အငယ် ဖြစ်သော သူရိယကုမာရမင်းသားသည် အာနန္ဒာဖြစ်လာ၏။ စန္ဒကုမာရ

မင်းသားသည် သာဒိပုတ္တရာဖြစ်လာ၏။ မဟိံသကုမာရ မင်းသားသည် ကား ငါဘုရားပင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

ဤသို့ မြတ်စွာဘုရားသခင်သည် ဇေကကနိပါတ် ဒေဝဓမ္မဇာတ်ကို ဟောကြားတော်မူပြီး၍ ချစ်သားရဟန်း၊အသင်သည် ရှေးအခါ၌ ဤသို့ သောအခြင်းအရာဖြင့် ဒေဝဓမ္မတို့ကိုရှာ၍လျက် ရှက်ခြင်း,ကြောက်ခြင်း ဟုဆိုအပ်သော ဟိရိဩတ္တပ္ပနှင့် ပြည့်စုံပြီးသည့် ကာလ လှည့်လည်၍ လာခဲ့ပါလျက်ဤယခုအခါ လေးပါးသောပရိသတ်၏အလယ်၌ ဤသို့သော အကြောင်းဖြင့် ရပ်တည်၍ ငါဘုရားရှေ့တော်မှာ အလိုနည်းသည်ဖြစ်-ပေ၏ဟု ပြောဆိုလျက် မသင့်မလျော်ကန်သော အမှုကို ပြုလေဘိသည်။ ထိုစကားမှန်၏။ ချစ်သားရဟန်း၊ ထိုကိုယ်ဝတ်ကို ပယ်ချွတ်ခြင်း အခ-သည်ညှိမျှဖြင့် သမဏမဟုတ်သေးဟု မိန့်တော်မူပြီးသော် အနုသန္ဓေကို စပ်၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့်-

> န နဂ္ဂစရိယာ န ဇဋာ န ပင်္ကာ၊
> နာနာသကာ ထဏ္ဍိလသာယိကာဝါ။
> ရဇောဇလ္လံ ဥက္ကုဋိကပ္ပဓာနံ၊
> သောဓေန္တိ မစ္စံ အဝိတိဏ္ဏကင်္ခံ။ ။

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။အဝိတိဏ္ဏကင်္ခံ၊သို့လောသို့လော တွေးတောဘတ်စွာ ဝိစိကိစ္ဆာကို မလွန်မြောက်နိုင်သေးသော၊ မစ္စံ၊သတ္တဝါကို။ နဂ္ဂစရိယာ၊ အဝတ်မဝတ်ချွတ်၍ကျင့်သောအကျင့်တို့သည်။န သောဓေန္တိ၊မသုတ်သင် နိုင်ကုန်။ဇဋာ၊ ဆံကျစ်တို့သည်။ န သောဓေန္တိ၊ကုန်။ ပင်္ကာ၊ ကိုယ်၌ လိမ်းကျံသော ရွှံ့ညွန်တို့သည်။န သောဓေန္တိ၊ကုန်။ နာနာသကာ၊အစာ ပယ်ဖြတ် အငတ်နေခြင်းတို့သည်။န သောဓေန္တိ၊ကုန်။ ထဏ္ဍိလသာယိ-ကာဝါ၊မြေ၌အိပ်ခြင်းတို့ သည်လည်း။န သောဓေန္တိ၊ကုန်။ ရဇောဇလ္လံ၊ မြူအညစ်အကြေး ရှက်ထွေးလိမ်းကျံခြင်းသည်။ န သောဓေတိ၊မသုတ်

သင်နိုင်။ ဥက္ကုဋိကပ္ပဓာနံ၊ ဆောင့်ကြောင့်ထိုင်ခြင်း အကျင့်သည်၊ န သောဓေတိ၊ နိုင်။ ။ဤကားအနက်။

ဓမ္မပဒ ဒဏ္ဍဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ဗဟုဘဏ္ဍိက်ရဟန်း၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၀-ဒဏ္ဍဝဂ်။ ၉-သန္တတိအမတ်ကြီး၏ဝတ္ထု။

**အလင်္ကတော** စေ။ ။အစရှိသော၊ ဤဒေသနာ၊ ပါဌ် ဂါထာကို၊ တဗျာဥပါဒါန်၊ ယင်းအရကြောင့်၊ သောကတရား၊ ဖြစ်ပွါးထွေထွေ၊ မိုးလေသို့ရွေသော၊ ဝေနေတသင်း၊ ခပင်းမိုလ်လူကို၊ အပူသောက၊ မပွါး-ရအောင်၊ များစွာသော ဒေသနာတော်ဖြင့်၊ ဖွေကာညွှန်ပြ၊ ဆုံးမတတ်သော၊ လူ, နတ်, ဦးညွှတ်၊ တမွတ် ခေါင်ဖျား၊ မြတ်ဘုရားသည်၊ စည်ကား-ကြက်သရေ၊ တက်ပြိုးဝေသည့်၊ မြေဘုံဝှိလွှန်၊ ပိုက်ထုချွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း စံပယ်တော်မူလျက်၊ လူတွင်ထင်ရှား၊ ကြီးမား-ဘုန်းရှိ သန္တတိအမတ်ကြီးကို၊ မှတ်ပြီးရှေးရှု၊ အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ထိုသန္တတိအမတ်ကြီးသည် တပါးသောအခါ၌ ပသေနဒိကောသလ-မင်းကြီး၏ သိမ်းဆည်းစိုးပိုင်ရေး၊ ရွာဘို့၏ အစွန်ဖြစ်သော ရွာငယ်တရွာ တွင် ဘေးများစွာ နှောက်ယှက်သောကြောင့် ပျက်စီးသည်ကို သိမ်း-ဆည်းစောင့်ရှောက် ငြိမ်သက်စေပြီးလျှင် ပြန်လာခဲ့၏။ ထိုအခါ သန္တတိ အမတ်ကြီးအား ပသေနဒိကောသလမင်းကြီးသည် နှစ်သက်မြတ်နိုးတော် မူသည်ဖြစ်၍၊ ခုနစ်ရက်တို့ပတ်လုံး မင်းအဖြစ်ကို ပေါက်နှင်း အပ်နှံ-ပြီးလျှင်၊ ကခြင်း,သီခြင်း၌ လိမ္မာတတ်မြောက်သော တယောက်သော မိန်းမငယ်ကို ပေးသနားတော် မူ၏။ ထိုအမတ်ကြီးသည် ခုနစ်ရက်တို့ ပတ်လုံး သုရာဖြင့် ယစ်မူး မေ့လျော့သည်ဖြစ်၍၊ ခုနစ်ရက်မြောက်သော နေ့၌ အလုံးစုံသော တန်ဆာတို့ဖြင့် ဖန်းဆာ ဆင်အင်သော မြတ်သော

ဆင်ကျောက်ကုန်းထက်၌ တက်စီးလျက်၊ ရေချိုးဆိပ်သို့သွားသည်ရှိသော်၊ ဆွမ်းအလို့ငှါ ကြွဝင်တော်မူလာသော မြတ်စွာဘုရားသခင်ကို ထံခါး အကြား၌ တွေ့မြင်၍၊ မြတ်သော ဆင်ကျောက်ကုန်းထက်က သာလျှင် ဦးခေါင်းကို လှုပ်ပြီးသည့်ကာလ ရှိခိုး၏။

မြတ်စွာဘုရား သခင်သည် ပြုံးခြင်းကို ပြုတော်မူ၍။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ပြုံးတော်မူခြင်းကို ပြုရာ၌ အကြောင်းအဘယ်သို့ ရှိပါသနည်းဟု အာနန္ဒာမထေရ်သည် မေးလျှောက်အပ်သည်ရှိသော်၊ ပြုံးခြင်းအကြောင်းကို ကြားတော်မူသျက်။ ချစ်သား အာနန္ဒာ၊ အသင်သည် သန္တတိအမတ်ကြီးကို မြင်၏လော၊ အလုံးစုံသော တန်းဆာတို့ဖြင့် တန်းဆာဆင်အပ်သော သန္တတိအမတ်ကြီးသည် ယနေ့ပင်လျှင် အလုံးစုံသော တန်းဆာတို့ကို ဆင်ယင်ဝတ်စားလျက် ငါဘုရားထံမှောက်သို့ လာရောက်ချဉ်းကပ် တရားတော်မြတ်ကို နာရသဖြင့်၊ လေးပါဒရှိသော ဂါထာ၏အဆုံး၌ အလုံးစုံသော ကိလေသာတို့ကို ပယ်သတ်၍ အရဟတ္တဖိုလ်သို့ ရောက်ပြီးလျှင်၊ ထန်း ခုနစ်ဆင့်ခန့် ပမာဏရှိသော အထက်ကောင်းကင်၌ ထိုင်နေပြီးသည့်ကာလ၊ ပရိနိဗ္ဗာန် ပြုလတ္တံ့ဟု မိန့်တော်မူ၏။လူများအပေါင်းသည် အာနန္ဒာမထေရ်နှင့် အတူတကွ မိန့်ဆိုတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ကြားလေ၏။

ထိုသို့ကြားရာ၌ မိစ္ဆာဒိဋ္ဌိတို့က။အို-အချင်းတို့၊နှုတ်မှ စကားဖြစ်ခြင်းမှုကိုသာလျှင် ပြောဆိုသော ရဟန်းဂေါတမ၏ အမူအရာကို ကြည့်ရှုကြပါကုန်လော့။ ယနေ့ ဤသန္တတိအမတ်ကြီးသည် ဤသို့သော အခြင်းအရာဖြင့် သုရာကို သောက်စားယစ်မူး မေ့လျော့ပြီးသည့်ကာလ၊ ဝတ်ဆင်မြဲတိုင်းသော အဝတ်တန်းဆာဖြင့်သာလျှင် ထိုရဟန်းဂေါတမ အထံ၌ တရားကိုကြားနာရ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ သတဲ့။ယနေ့ပင်လျှင် ထိုရဟန်းဂေါတမကို မုသာဝါဒဖြင့် နှိပ်ပေအံ့ဟု ကြံကြကုန်၏။ "ဘမ္မာဒိဋ္ဌိတို့က၊ ဘုရားရှင်တို့၏ ကြီးမြတ်သော အာနုဘော်တော်သည် ဩဘော်-အံ့ဘွယ်ရှိပေစွ။ ယနေ့အခါ ငါတို့သည် ဘုရားသခင်၏ တင့်တယ် စံပယ်ခြင်းကိုရင်း၊သန္တတိ အမတ်ကြီး၏ တင့်တယ် စံပယ်ခြင်းကိုရင်း၊ ရှုမြင်ခြင်းငှါ ရပေကုန်တော့မည်" ဟု ကြံကြကုန်၏။

## ကချေသည်မလေး သေဆုံးခြင်း။

သန္တတိ အမတ်ကြီးသည်လည်း ရေချိုးရာ ဆိပ်၌ နေ့အတိုကာလ ပတ်လုံး ရေ၌ ကစားမြူးထူး၍၊ ဥယျာဉ်သို့ သွားရောက်ပြီးလျှင်၊ သေ-တင်းကုပ်မြေအပြင်၌ထိုင်နေ၏။ ကချေသည် ထိုမိန်းမသည်လည်း သဘင်၏ အလယ်သို့သက်၍ ကခြင်း,သီခြင်းကို ပြခြင်းငှါ အားထုတ်၏။ အမတ်-ကြီးအား ကိုယ်၏တင့်တယ် စံပယ်ခြင်းကိုပြခြင်းငှါ ခုနစ်ရက်ပတ်လုံး နည်းသောအာဟာရရှိသည့်အဖြစ်ကြောင့်၊ ထိုနေ့ပတ်လုံးကခြင်းသီခြင်းကို ပြအပ်သည်ရှိသော်၊ ဝမ်းတွင်း၌ဖြစ်သော သတ္ထကဝါတ အမည်ရှိသော လေသင်ရန်းသည် တက်ကြွဖြစ်ပေါ်လာ၍၊ နှလုံးသားကို စူးဝင်ထိုးကျင့်၍ သွား၏။ ကချေသည် မိန်းမသည် ထိုခဏ၌ပင်လျှင် ဖွင့်သော ခံတွင်း ဖွင့်သော မျက်စိတို့ဖြင့် ရှောင်တခင် သေလွန်လေ၏။

သန္တတိအမတ်ကြီးသည် ထိုမိန်းမကို စူးစမ်းကြပါကုန်လော့ဟု ဆို၍။ အရှင်၊ဇိဝိတ်ချုပ်ပြီဟု ပြောကာမျှ၌သာလျှင် အားကြီးစွာဖြစ်ပွါးသော သောကဖြင့် နှိပ်စက်အပ်သည် ဖြစ်၍၊ ထိုသန္တတိ အမတ်ကြီးအား ခုနစ်ရက် ပတ်လုံး သောက်အပ်သော သုရာတို့သည် ပူလှစွာသော အိုးကင်း၌ ကျအပ်သော ရေပေါက်ကဲ့သို့၊ ထိုခဏခြင်းဖြင့် သာလျှင် ကုန်ခြင်းသို့ ရောက်လေ၏။ သန္တတိ အမတ်ကြီးသည် ပြင်းထန်စွာ ဖြစ်ပွါးသော ဤသို့သော ငါ၏ သောကကို မြတ်စွာဘုရား သခင်ကို ကြဉ်ထား၍၊တပါးသော သူတို့သည် ငြိမ်းချမ်းစေခြင်းငှါ မစွမ်းနိုင်ကုန် လတ္တံ့ဟု နှလုံးသွင်း၍၊စစ်သည်အပေါင်း ခြံရံလျက်၊ ညနေချမ်း အခါ၌ မြတ်စွာဘုရား၏ အထံတော်သို့ လာရောက်ပြီးသည့် ကာလ၊ ရှိခိုးဦးချ ပြီးသော်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား ဤသို့သဘောရှိသော သောကတရားသည် ဖြစ်ပွါး၍ နေပါသည်။ ထိုသို့ ဖြစ်ပွါးသော တပည့်တော်၏ သောကကို အရှင်ဘုရားတို့သည် ငြိမ်းဧ စေခြင်းငှါစွမ်းနိုင်ပေကုန်လိမ့်မည်ဟုမှတ်ထင်သောကြောင့်လာရောက်ခြင်း ဖြစ်ပါသည်။ အရှင်ဘုရားတို့သည် တပည့်တော်၏ မှီခိုကိုးကွယ်ရာသည် ဖြစ်တော်မူပါကုန်လော့ ဟု လျှောက်ကြား၏။

## သန္တတိအမတ်ကြီး ရဟန္တာဖြစ်ခြင်း၊

ထိုအခါ အမတ်ကြီးကို မြတ်စွာဘုရားက။ အသင်သည် ဖြစ်ပွါးသော သောကကို ငြိမ်းစေခြင်းငှါ စွမ်းနိုင်သည်သာလျှင် ဖြစ်သော ငါဘုရား၏ အထံတော်သို့ လာရောက်ပေသည် ဖြစ်ပေသည် ဤမိန်းမသည် ဤသို့သော အကြောင်းဖြင့်သာလျှင် သေလွန်သောအခါ၌ သောကတရား ဖြစ်ပွါး-ငိုကြွေးရသော အသင်၏မျက်စိမှ ကျထွက်ယိုစီးသော မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏ရေထက်ပင်သော်လည်း အလွန်များ စွာ ပိုလွန်များပြားကုန်၏ဟု မိန့်တော်မူပြီးမှ။

> ယံ ပုဗ္ဗေ တံ ဝိသောဓေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
> မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား၊** ။မဟာမတ္တ၊ သန္တတိအမတ်ကြီး။ ယံ၊ အကြင်တဏှာ ကြောင့် ဖြစ်သော ဥပါဒါန်သည်။ ပုဗ္ဗေ၊ ရှေး၌၊ ဓာတံ၊ ဖြစ်၏။ တံ၊ ထိုရှေး၌ဖြစ် သော ဥပါဒါန်ကို။ ဝိသောဓေဟိ၊ သုတ်သင်လေလော့။ ပစ္ဆာ၊ နောက်၌၊ ကိဉ္စနံ၊ တဏှာဖြင့် ငြလမ်းခြင်းကို။ တေ၊ သင့်အား။ မာအဟု၊ မဖြစ်ပါစေလင့်။ မဇ္ဈေ၊ အလယ်၌။ ဥပါဒါန်၊ စွဲလမ်းပူပန်ခြင်းကို။ စေ၊ နော ဂဟေဿသိ၊ အကယ်၍ မယူနဲ့သည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ မယူနဲ့သည်ရှိသော်။ တွံ၊ သင်သည်။ ဥပသန္တော၊ တဏှာရာဂ အစရှိသောအီးတို့မှ ငြိမ်းသည် ဖြစ်၍။ စရိဿသိ၊ နိဗ္ဗာန်သို့ သွားရလတ္တံ့။ ။ဤကားအနက်။

ဂါထာ၏အဆုံး၌ သန္တတိအမတ်ကြီးသည် အရဟတ္တဖိုလ်သို့ ရောက်၍ မိမိ၏ အာယုသင်္ခါရကို ကြည့်ရှုသည်ရှိသော်၊ ထိုဇီဝိတိန္ဒြေ အသက်၏ ပျက်ဆုံးအံ့သော အခါသို့ ရောက်သဖြင့် ယွင်းဖေါက် သွေဖီ မတည် မဖြစ်အံ့သည့် အဖြစ်ကို သိသောကြောင့်၊ ဘုရား ကိုယ်တော်မြတ်ကို "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင် ဘုရားသည် တပည့်တော်အား ပရိနိဗ္ဗာန်ပြုခြင်းကို ခွင့်ပေးသနားတော်မူပါလော"ဟု တောင်းပန်လျှောက်ကြား၏။

မြတ်စွာဘုရားသည် ထိုသန္တတိအမတ်ကြီးပြုခဲ့ဘူးသော ကောင်းမှုကို သိမြင်တော်မူပြီး ဖြစ်သော်လည်း၊ ၎သာဝဲဖြင့် နှိပ်အံ့ဟူ၍ စည်းဝေး

လာရောက်ကုန်သော မိဿာဒိဋ္ဌိတို့သည် အခွင့်ကို မရကုန်လတ္တံ့။ ဘုရား၏ တင့်တယ် စံပယ်ခြင်းကိုရင်း၊ သန္တတိအမတ်ကြီး၏ တင့်တယ် စံပယ် ခြင်းကိုရင်း၊ ကြည့်ရှုကုန်အံ့ဟု စည်းဝေးလာရောက်ကြကုန်သော သမ္မာ-ဒိဋ္ဌိဖြစ်ကုန်သော အမျိုးကောင်းသား, အမျိုးကောင်းသမီးတို့သည် ဤ-အမတ်ကြီးပြုအပ်သော ကုသိုလ်ကောင်းမှုကံကို ကြားနာရသည်ဖြစ်၍၊ ကုသိုလ်ကောင်းမှုတို့၌ နှစ်သက်ရှိသေခြင်းကို ပြုကုန်လတ္တံ့ဟု ဤသို့သော အကြောင်းနှစ်ပါးကို မှတ်ပြီးလျှင်။ အမတ်ကြီး၊ ထိုသို့တပြီးကား အသင် ပြုအပ်ခဲ့သော ကုသိုလ် ကောင်းမှုကံကို ငါဘုရားအား ပြောကြားခဲ့-ဦးလော့။ ပြောကြားသော အခါ၌လည်း မြေကြီး၌ ရပ်တည်လျက်-မပြောကြားမူ၍၊ ထန်းခုနစ်ဆင့်ခန့် ပမာဏရှိသော ကောင်းကင်ထက်၌ တည်နေလျက် ပြောကြားလေလော့ဟု မိန့်တော်မူ၏။

## သန္တတိအမတ်ကြီး ကောင်းကင်မှ တရားဟောခြင်း။

သန္တတိအမတ်ကြီးသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကောင်းလှပါပြီဟု ဝန်ခံလျှောက်ထား၍။ မြတ်စွာဘုရားကို ရှိခိုးပြီးသော်၊ ထန်းတဆင့်ခန့် ပမာဏရှိသော ကောင်းကင်သို့တက်၍ သက်ဆင်းပြန်လာ ပြီးသော်၊ တဖန် မြတ်စွာဘုရားကို ရှိခိုးပြီး၍၊ ထန်းနှစ်ဆင့်ခန့် ပမာဏ ရှိသော ကောင်းကင်ထက်သို့ တက်ပြန်လျက်၊ ဤသို့ အစဉ်အတိုင်း အားဖြင့် သက်၍သက်၍ အဆင့်ဆင့် တက်ပြီးသည့်ကာလ၊ ထန်းခုနစ်-ဆင့်ခန့်ပမာဏရှိသော ကောင်းကင်ထက်၌ ပလ္လင်ဖွဲ့ခွေခြင်းဖြင့် ထိုင်နေ ပြီး၍၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်၏ ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုကုသိုလ်ကံကို နာတော်မူပါကုန်လော့ ဟု လျှောက်၏။

## အတိတ်ဝတ္ထု။

ဤဘဒ္ဒကပ်ကမ္ဘာမှ၊ သချ်ာတွက်ဖွဲ့၊ ဂဏန်းချဲ့သော်၊ ကိုးဆဲ့တကမ္ဘာ ထက်၊ စက္ခုပသာဒ၊ ဝိသေသကြောင်းထင်၊ လွန်ကြည်လင်သော၊ ဝိပဿိ-သခင်၊ ဘုရားရှင် ကိုယ်တော်မြတ်သည်၊ လေးရပ်သောသစ္စာကို သူတကာ မသိ၊ အလိုလို မကျန်၊ သသန္တ။ ရှုဉာဏ်ဖြင့်၊ အမှန်တိတိ၊ ကောန်ဆိ၍၊

အဝတိဝိသိဋ္ဌ၊အဝတုလခေါင်ဖျား၊ဘုရားပွင့်တော်မူသောအခါ၌။တပည့်တော်သည် ပြန့်ပြော စည်ကားလှသော ဗန္ဓုမတီ ပြည်ကြီး၏ အတွင်း၀ယ် တဦးသော အမျိုး၌ဖြစ်၍ ကြံဆင်ခြင်သည်မှာ အဘယ်သို့သောအမှုသည် သူတပါးတို့အား ဖြတ်ခြင်း, သတ်ခြင်း, နှိပ်စက်ခြင်းကို မပြုမလုပ်ရသော အမှု ဖြစ်ပါလိမ့်မည်နည်းဟု ကြံဆင်ခြင်၏။ ဤသို့ ရှုစမ်းဆင်ခြင်သည် ရှိသော်၊တရားနာ ကြွေးကြော်ခြင်းအမှုကိုပြုလျက်၊ လူများ အပေါင်းကို ဆောက်တည်စေပြီးသည့် ကာလ၊ကောင်းမှုတို့ကို ပြု၏။

ဥပေါသထဒိဝသေသု ဥပေါသထံ သမာဒိယထ၊ဒါနံ ဒေထ။
ဓမ္မံ သုဏာထ။ဗုဒ္ဓရတနာဒိဟိ သဒိသံ အညံနာမ နတ္ထိ။ တိဏ္ဏံ
ရတနာနံ သက္ကာရံ ကရောထ။

ဟူသော ပါဠိတို့ဖြင့် ကြွေးကြော်လျက် လှည့်လည်၏။

**အနက်ကား**။ ။ဘော၊အို-လူများအပေါင်းတို့။ ဥပေါသထဒိဝသေသု ဥပုသ်နေ့တို့၌။ ဥပေါသထံ၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ဥပုသ်ကို။ သမာဒိယထ၊ ဆောက်တည်ကြကုန်လော့။ ဒါနံ၊ စွမ်းနိုင်သမျှ ဒါနအလှူကို။ ဒေထ၊ ပေးလှူကြကုန်လော့။ ဓမ္မံ၊ အစ,အလယ်,အဆုံး, သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်မြတ်ကို။ သုဏာထ၊ ကြားနာကြပါကုန်လော့။ ဗုဒ္ဓရတနာဒိဟိ၊ဘုရားရတနာအစရှိသည်တို့နှင့်။ သဒိသံ၊ တူမျှသော။ အညံ၊ တပါးသော၊ ရတနံနာမ၊ ရတနာမည်သည်၊ နတ္ထိ၊မရှိ။ တိဏ္ဏံ ရတနာနံ၊ သုံးပါးကုန်သော ရတနာတို့အား။ သက္ကာရံ၊ ပူဇော်သက္ကာရကို။ကရောထ၊ပြုကြကုန်လော့။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အို-လူများအပေါင်းတို့၊ အသင်တို့သည် ဥပုသ်နေ့တို့၌ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို။ ဆောက်တည် ကြကုန်လော့၊ စွမ်းနိုင်သမျှ ဒါနအလှူကို ပေးလှူကြကုန်လော့။ အစ, အလယ်, အဆုံး သုံးပါးသော ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်မြတ်ကို ကြားနာ ကြပါကုန်လော့။ ဘုရားရတနာ အစရှိသည်တို့နှင့် တူမျှသော တပါးသော ရတနာမည်သည် မရှိ။သုံးပါးကုန်သော ရတနာတို့အား ပူဇော်သက္ကာရကို ပြုကြကုန်လော့ဟု ကြွေးကြော်လျက် လှည့်လည်၏။

## မြင်း,ရထားစသည်ကို ဘုရင်က ပေးခြင်း။

ကြွေးကြော်အပ်သော တပည့်တော်၏ အသံကိုကြား၍၊ ဝိပဿီ-သခင် ဘုရားရှင်၏ ခမည်းတော်ဖြစ်သော ဗန္ဓုမတီမင်းကြီးသည် တပည့်တော်ကို ခေါ်စေ၍။ အမောင်၊ အဘယ်သို့သော အမှုကို ပြုလုပ်၍ လှည့်လည်ဘိသနည်း ဟု မေးတော်မူသည် ဖြစ်၍။ အရှင် မင်းမြတ်၊ သုံးပါးသော ရတနာတို့၏ ဂုဏ်ကျေးဇူးကို ပြ၍ လူများ အပေါင်းကို ကုသိုလ်ကောင်းမှုတို့၌ ဆောက်တည်စေပြီးလျှင် လှည့်လည်ပါသည် ဟု လျှောက်ကြားသည် ရှိသော်၊ အဘယ်သို့သော ဝတ္ထု၌ ထိုင်နေလျက် လှည့်လည်ရဘိသနည်း ဟု တပည့်တော်ကို မေးသောကြောင့်။ အရှင် မင်းမြတ်၊ခြေဖြင့်သာလျှင် သွားလာ လှည့်လည်ရပါသည် ဟု တပည့်-တော်က လျှောက်တင်သည် ရှိသော်။ အမောင်၊ အသင်သည် ဤသို့ လှည့်လည်ခြင်းငှါ မထိုက်။ဤပန်းကုံးကို ပန်ဆင်၍ မြင်း၏ကျောက်ကုန်း ထက်၌ ထိုင်နေပြီးလျှင် လှည့်လည်လေလော့ ဟု တပည့်တော်အား ပုလဲပန်းဆိုင်းနှင့် တူသော ပန်းကုံးကို ချီးမြှင့်တော်မူပြီးသော ကာလ၊ သုံးမအပ်ပြီးသော မြင်းတစီးကို ပေးသနားတော်မူပါသည်။

ထိုအခါ မင်းကြီးသည် ပေးသနားအပ်သော အမှတ်ဖြင့် မြင်း၏ ကျောက်ကုန်းထက်၌ နေပြီးလျှင်၊ ကြွေးကြော်လှည့်လည်သော တပည့်-တော်ကို တဖန် မင်းကြီးက ခေါ်စေပြီးလျှင်။ အမောင်၊ အဘယ်သို့သော အမှုကိုပြုလုပ်၍ လှည့်လည်ဘိသနည်း ဟု မေးတော်မူပြန်သောကြောင့်။ အရှင်မင်းမြတ်၊ ရှေးကကဲ့သို့ပင် နှိုးဆော် တိုက်တွန်းလျက် လှည့်လည်ပါ သည်ဟု လျှောက်တင်သည် ရှိသော်။အမောင်၊ ထိုကဲ့သို့ ကြွေးကြော် ခြင်း အမှုဖြင့် လှည့်လည်သည်ရှိသော်၊မြင်းသည်လည်း မလျောက်ပတ် သေး။ဤ၌ ထိုင်နေပြီး၍ လှည့်လည်လော့ ဟု သိန္ဓောမြင်း လေးကောင် က,သောရထားကို ပေးသနားတော်မူပါသည်။သုံးကြိမ်မြောက် ကျရောက် သော အခါလည်း၊မင်းကြီးသည် တပည့်တော်၏ အသံကိုကြား၍ ခေါ်စေ ပြီးလျှင်။အမောင်၊အဘယ်ကဲ့သို့သောအမှုကို ပြုလျှင်လှည့်လည်သနည်း ဟု မေးတော်မူ၍။ အရှင်မင်းမြတ်၊ ရှေးနည်းအတူသာလျှင် ပြုလုပ်လှည့်လည် ပါသည်ဟု လျှောက်တင်သည် ရှိသော်။ အမောင်၊ ရထားသည်လည်း

အသင် ပြုလုပ်သော ထိုအမှုနှင့် မသင့်မလျော် မလျောက်ပတ်သေးဟု မိန့်တော်မူပြီးလျှင်၊ တပည့်တော်အား ကြီးစွာသော စည်းစိမ်ချမ်းသာကိုရင်း, အသိုးများစွာသိုက်သော တန်းဆာကိုရင်း၊ ချီးမြှင့်တော်မူပြီးမှ တကောင်သော ဆင်ကိုလည်း ပေးသနားတော်မူ၏သည်။

## မွေးပျံ့လှိုင်ကြိုင်သော စန္ဒကူးနံ့။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် အလုံးစုံသော တန်းဆာတို့ဖြင့် တန်းဆာဆင်လျက်၊ ဆင်ကျောက်ကုန်း ထက်၌ ထိုင်နေပြီးသော်၊ အနှစ်ရှစ်သောင်းတို့ ကာသပတ်လုံး တရားနာ ကြွေးကြော်ခြင်း အမှုကို ပြုလုပ်ခဲ့ဘူးပါသည်။ ထိုသို့ ပြုလုပ်ခဲ့ဘူးသော တပည့်တော်အား ဤမျှလောက်သော ကာသပတ်လုံး ဤကိုယ်မှစန္ဒကူး အနံ့သည်ပြန့်နှံ့၍ တကြိုင်ကြိုင်လှိုင်ပါသည်၊ခံတွင်းမှ ကြာညိုပွင့်အနံ့သည် ပြန့်နှံ့သင်းကြိုင် လှိုင်ပါ၏။ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသည်လျှင် တပည့်တော်သည် ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုပါဘည်း ဟု လျှောက်၏။

ဤသို့သောအကြောင်းဖြင့်ထိုသင်္ကြတိအမတ်ကြီးသည်မိမိပြုခဲ့ဘူးသော ရှေးကောင်းမှုကို ဟောကြားပြီး၍၊ ကောင်းကင်၌ ထိုင်နေလျက် သာလျှင် တော်ဓော့ခတ်ကို ဝင်စား၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။ကိုယ်၌ မီးလျှံတို့သည် ထလျက် အသား,အသွေးကို လောင်ကျွမ်းစေ၏။ ချေပနံးတို့ကဲ့သို့သော ဓာတ်တော်တို့သည် ကြွင်းကုန်၏၊

မြတ်စွာဘုရား သခင်သည် စင်ကြယ်သော အဝတ်ကို ဖြန့်စေ၍ ဓာတ်တော်တို့သည် ဖြန့်အပ်သော ထိုအဝတ်၌ ကျကုန်၏။ထိုဓာတ်တော် တို့ကို သပိတ်၌ ထည့်ပြီးလျှင် လူများ အပေါင်းတို့သည် ကြည်သင် ညွတ်လျှိုး ရှိခိုးပူဇော် ရသည်ရှိသော်၊ ကောင်းမှု အတို့ရှိသည် ဖြစ်ပေ လိမ့်မည်ဟု နှလုံးသွင်းတော်မူ၍၊လမ်းစုံလေး၌ ခရီးမ၌ စေတီကို ပြုစေ၏။

## သမဏ-ဗြာဟ္မဏ ပြဿနာ။

ရဟန်းတို့သည် တရားသဘင်၌။ငါ့ရှင်တို့၊ထိုသင်္ကြတိ အမတ်ကြီးသည် ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်၍ ဝတ်ဆင်အပ်သော အဝတ်

တန်းဆာရှိလျက်သာလျှင် ကောင်းကင်၌ ထိုင်နေ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ အသို့ပေနည်း၊ ထိုအမတ်ကြီးကို သမဏဟူ၍ပင် ခေါ်ဆိုခြင်းငှါ အပ်အံ့လော, သို့တည်းမဟုတ် ဗြာဟ္မဏ ဟူ၍ပင် ခေါ်ဆိုခြင်းငှါ အပ်အံ့လော-ဟူသော စကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ကြွဝင်တော်မူလာပြီးသည့်ကာလ၊ ချစ်သားရဟန်းတို့၊ ငါဘုရား ကြွတော်မူလာခဲသော ဤယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြား စည်ဝေး ထိုင်နေကြကုန်သနည်း ဟု မေးတော်မူ၍၊ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော်၊ ချစ်သားရဟန်းတို့၊ ငါဘုရား သားတော်ကို သမဏ ဟူ၍လည်း ဆိုခြင်းငှါ အပ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

**အလင်္ကတော စေပိ သမံ စရေယျ၊**
**သန္တော ဒန္တော နိယတော ဗြဟ္မစာရီ။**
**သဗ္ဗေသု ဘူတေသု နိဓာယ ဒဏ္ဍံ ၊**
**သော ဗြာဟ္မဏော သော သမဏော သ ဘိက္ခု။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ယော နရော၊အကြင်သူသည်။ သန္တော၊ရာဂ အစရှိသောကိလေသာငြိမ်းသည်ဖြစ်၍။ ဒန္တော၊စက္ခုစသောဣန္ဒြေကို ဆုံးမပြီးသည်ဖြစ်၍။နိယတော၊ လေးပါးသော မဂ္ဂနိယာမဖြင့် မြဲသည်ဖြစ်၍။ ဗြဟ္မစာရီ၊မြတ်သောအကျင့်ကို ကျင့်လေ့ရှိသည်ဖြစ်၍။ သဗ္ဗေသု၊ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။ ဘူတေသု၊ သတ္တဝါတို့၌။ ဒဏ္ဍံ၊ ကာယဒဏ္ဍစသည်ကို။နိဓာယ၊မတင်စေရ ချထားအပ်သည်ဖြစ်၍ သမံ၊အညီအညွတ်။ စေ စရေယျ၊ အကယ်၍ကျင့်ငြားအံ့။ သော နရော၊ထိုသူသည်။ အလင်္ကတော ပိ၊အဝတ်တန်းဆာတို့ဖြင့် တန်းဆာဆင်အပ် သော်လည်း။ ဗြာဟ္မဏော၊ မကောင်းမှုမှ အပပြုပြီးသည့် အဖြစ်ကြောင့် ဗြာဟ္မဏလည်း မည်၏။ သော နရော၊ ထိုသူသည်။ သမဏော၊ ငြိမ်းစေအပ်ပြီးသော

မကောင်းမှုရှိသည့်အဖြစ်ကြောင့် သမဏလည်းမည်၏၊ သော နရော၊ ထို သုံသည်၊ ဘိက္ခု၊ ကွဲဖျက်ဖြတ်တောက်အပ်ပြီးသော ကိလေသာရှိသည့် အဖြစ်ကြောင့် ဘိက္ခုလည်းမည်၏။ ၊ ဤကားအနက်။

ဓမ္မပဒဒဏ္ဍဝဂ်၌ ကိုးခုမြောက်ဖြစ်သော သန္တတိအမတ်ကြီး၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏

---

## ၁၀-ဒဏ္ဍဝဂ်။ ၁၀-ပိလောတိကတိဿမထေရ်၏ဝတ္ထု။

ဟိရီနိသေဓော။ ။ဒေစရှိသော၊ ဤဓမ္မဒေသနာ၊ ပါဌ်ဂါထာကို၊ အဝိဇ္ဇာ တည်းဟူသော မြေပြင်၌ သစ်ပင်တည်းဟူသော တဏှာကို၊ ချကာ ရိုက်ပျိုး၊ အရိုက်မျိုးစင်စစ်၊ အမှန်ဖြစ်၍၊ မနှစ်သက်လောက်၊ မချိုးမြောက် အင်္ဂါသောပစ္စည်း၊ အနည်းငယ်ကို၊ ခင်တွယ်တပ်မက်၊ နှစ်သက်တတ်စွာ၊ သတ္တဝါတို့ကို၊ ထိုတဏှာ ကုန်ပြတ်အောင်၊ ဆုံးမတတ်သော ဂုဏ်ဟိတ် အလာကြောင့်၊ သတ္တာတံဆိပ်၊ ခတ်နှိပ်ကျော်ကြား၊ မြတ်စွာဘုရားသည်။ ထက်ပျားဝတီ၊ ဘုံနန်းအိမ်ကို၊ ရှုယ်ချိန်ပြသ၊ လူ့ပြည်သို့ ချဘိသက်ဲ့သို့၊ ထွန်းပအလျှံ၊ ဇေတဝန်ကျောင်းရံ၌၊ စံတော်မူသောကာလ၊ ပိလောတိက အမည်ရသော တိဿရဟန်းကို အကြောင်းပြုသောအားဖြင့် ဟောကြား တော်မူခဲ့ပေသ ဘည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ အာနန္ဒာမထေရ်သည် တရသော ပုဆိုးပိုင်းကို ဝတ်၍ အိုးခြမ်းခွက်ကို လက်၌ကိုင်စွဲပြီးသော ကာလ အစာအာဟာရ ထမင်းစသည်ရဘို့ရန် တောင်းခံလှည့်လည်သော သူငယ်တယောက်ကို တွေ့မြင်၍ အသင်သူငယ်၊ အသို့ပေနည်း။ အသင်အား ဤသို့လှည့်လည် တောင်းခံ၍ အသက်ရှည် ရသောထက် ရဟန်းပြုရသည့် အဖြစ်သည် မမြတ်ပါ သလောဟု မေးတော်မူ၏။ အရှင်ဘုရား၊ တပည့်တော်ကို အဘယ်သူသည် ရဟန်းပြု၍ ပေးပါအံ့နည်းဟု မေးလျှောက်သည်ရှိသော် ငါသည် ရဟန်းပြု၍ ပေးပေအံ့ဟု ပြောဆိုပြီးမှ ထိုသူငယ်ကို ယူဆောင် ခေါ်သွားပြီးလျှင် မိမိလက်ဖြင့် ကိုင်တွယ်ရေချိုး စေပြီးသည့် ကာလ ကမ္မဋ္ဌာန်းကိုပေး၍ ရဟန်းပြုတော်မူ၏။

## ပုဆိုးပိုင်းနှင့်အိုးခြမ်းကွဲ။

ထိုသူငယ် ဝတ်အပ်သော ပုဆိုးပိုင်းကိုဖြန့်၍ ကြည့်ရှုသည်ရှိသော် ရေစစ်ပြုရုံ မျှလောက် လုံလောက်သော တရုံတရသော အပိုင်းအပြတ် အစိတ်ကိုမမြင်သောကြောင့် အိုးခြမ်းခွက်နှင့်တကွ တရသောသစ်ပင်၏ သစ်ခက်၌ ထားစေ၏။ ထိုသူသည် ပေါင်းပြုပြီး၍ ရအပ်သော ပဥ္စင်းအဖြစ်နှိုသဖြင့် ဘုရားရှင်တို့အား ကြီးမားစွာဖြစ်သော လာဘ်ပူဇော်-သက္ကာရကို သုံးဆောင်စားသောက်သျက် အကိုးများစွာထိုက်ဘုန်သော သင်္ကန်းတို့ကို ဖုံးလွှမ်းဝတ်နုံလှည့်လည်ရသည်ရှိသော် ဆူဖြိုးသောကိုယ် ရှိသည်ဖြစ်၍ ဆန့်ကျင်ခြင်းဖြစ်သောကြောင့် "ငါအား လူများအပေါင်း၏ သဒ္ဓါတရား ဖြစ်ပွါးရေးရှု ပေးလှူ ပူဇော်အပ်သော အဝတ်သင်္ကန်းကို ဆင်မြန်းဝတ်ရုံ သုံးဆောင်လှည့်လည်သဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ မိမိ၏ပုဆိုးပိုင်းကိုသာလျှင် ဝတ်ရုံတော့အံ့"ဟု ကြံ၍ ထိုပုဆိုးပိုင်းထားရာ အရပ်သို့သွားပြီးလျှင် ပုဆိုးပိုင်းကိုကိုင်၍ "အရှက်မရှိ အသရေခဲ့သော ဟယ်သူယုတ်၊ ဤသို့သဘောရှိသော မြတ်သွတ်လှစွာသောအဝတ်တို့၏ ဖုံးလွှမ်း ဝတ်ရုံရသော အရာကို ပယ်ကာ စွန့်ပစ်၍ ရတ်ညစ်ချုံချာ လွန်စွာယုတ်ကြမ်းသော ဤပုဆိုးပိုင်းကိုဝတ်ရုံပြီးသည့်ကာလ အိုးခြမ်းခွက်ငယ်ကို လက်ဝယ် ကိုင်စွဲလျက် အမြဲမပြတ် သူယုတ်တို့ လှေ့အိမ်တိုင်း စေ့အောင် တနေ့မခြား စားသောက်ရန် ထမင်း ဟင်းကို တောင်းခံလှည့်လည်ခြင်းငှါ အဘယ်ကြောင့် သွားလိုဘိသနည်း"ဟု ထို ပုဆိုးပိုင်းအိုးခြမ်းခွက်ငယ်ကို ဝတ်ရုံပြုပြီးသည့်ကာလ မိမိသည်ပင်လျှင် မိမိကိုယ်ကိုဆုံးမ၏။ ဆုံးမစဉ်ပင်လျှင် စိတ်သည်တွန့်တို ဆုတ်နစ်လေ၏။

## အရပ်ဟောင်းသို့ ရောက်ခြင်း။

ထိုမထေရ်သည် ပုဆိုးပိုင်းကို ထိုအရပ်၌ပင်လျှင် သိုမှီး၍ ဆုတ်နစ် ပြန်လည်ပြီးသော် ကျောင်းသို့ သာလျှင် သွားလေ၏။ ထိုမထေရ်သည် နှစ်ရက်,သုံးရက်လွန်မြောက်ပြန်သဖြင့် တဖန်လည်းဆန့်ကျင်သောကြောင့် ရှေးနည်းအတူသာလျှင် မိမိကိုယ်ကိုပြောဆိုဆုံးမ၍ ဆုတ်နစ်ပြန်လည်၏။ တဖန်လည်း ထိုရှေးနည်းအတူသာလျှင်ဖြစ်ပြန်၏။ ဤသို့သော အခြင်းအရာ

အားဖြင့် ပြန်ကာသွားကာ များစွာအခါတည်တည် လှည့်လည်သော ထို-ရဟန်းကိုမြင်၍။ ရဟန်းတို့က "ငါ့ရှင်၊ အသင်သည် အဘယ်သို့ ကြာ-ခသာ သွားဘိသနည်း" ဟု မေးကြကုန်၏။

ထိုမထေရ်က ငါ့ရှင်တို့၊ ငါသည် ဆရာ၏အထံသို့ သွားပေသည် ဟု ပြောဆို၍ ဤသို့သောအကြောင်းဖြင့် မိမိ၏ပုဆိုးပိုင်းကိုသာလျှင် အခါ ပြုပြီးသည့်ကာလ မိမိကိုယ်ကို သုံးမတားမြစ်လျက် နှစ်ရက်, သုံးရက် လွန်သဖြင့်သာလျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ရဟန်းတို့က ငါ့ရှင်၊ အသို့ပေနည်း။ ဤယခု အခါ၌ အသင်သည် ဆရာ၏အထံသို့မသွားပြီလော။ ဤလမ်းခရီးသည် နေ့စဉ်မပြတ်အထပ်ထပ် အတည်တည် အသင်လှည့်လည်သော လမ်းခရီး မဟုတ်တုံသော ဟု ပြောဆိုကြကုန်၏၊ ထိုမထေရ်က ငါ့ရှင်တို့၊ ငါသည် ဆရာနှင့်အတူတကွ ရောနှောစပ်ယှက် ပေါင်းဖက်ခြင်းရှိသော်သာလျှင် သွားရောက်ခြင်းရှိပေ သည်။ ဤယခုအခါ၌မူကား ငါ့အား ထိုဆရာနှင့်ပေါင်းဖက်ယှဉ်တွဲ မှီဝဲ စပ်ယှက်ခြင်း ကင်းပြတ်လေပြီ။ ထို့ကြောင့် ငါသည် ဆရာ၏အထံသို့ မသွားပေသတည်းဟု ပြော၏။

ထိုရဟန်းတို့သည် မြတ်စွာဘုရားသခင်အား ဘုန်းတော် ကြီးတော်မူ သောမြတ်စွာဘုရား၊ ပိလောတိကမထေရ်သည် မဂ်ဖိုလ်တရား တပါးသော စကားကို ပြောကြားဖြေဆိုပါသည်ဟု ကြားလျှောက်ကုန်၏၊ ချစ်သား-ရဟန်းတို့၊ အဘယ်သို့သောစကားကို ပြောကြားလေသနည်းဟု မေးတော် မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤအမည် ရှိသောစကားကို ပြောကြားပါသည်ဟု လျှောက်ထားကြကုန်၏။

**သောတာပန် စသည်ဖြစ်ခြင်း။**

မြတ်စွာဘုရားသခင်သည် ထိုသို့လျှောက်ထားသောစကားကို ကြား တော်မူ၍ ချစ်သားရဟန်းတို့၊ ဩော် ဟုတ်ပေ၏၊ ငါ၏သားတော်ဖြစ်-သော ပိလောတိကသည် နှီးနှောရောယှက် ပေါင်းဖက်ခြင်းရှိသော်သာ-လျှင် ဆရာ၏အထံသို့ သွားလေသည်။ ဤယခုအခါ၌ကား ထိုပိလော-တိကအား နှီးနှောရောယှက်ခြင်းကင်းပြတ်လျက် မိမိသည်ပင်လျှင် မိမိ ကိုယ်ကို သုံးမတားမြစ်စင်ကြယ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်လေပြီ ဟု မိန့်တော်မူပြီး၍-

ဟိရိနိသေဓော ပုရိသော၊ကောစိ လောကသ္မိံ ဝိဇ္ဇတိ။
ယော နိန္ဒံ အပဗောဓေတိ၊အဿော ဘဒြော ကသာမိဝ။
အဿော ယထာ ဘဒြော ကသာ နိဝိဋ္ဌော။
အာတာပိနော သံဝေဂိနော ဘဝထ္ထ၊
သဒ္ဓါယ သီလေန ဝီရိယေန စ၊သမာဓိနာ ဓမ္မဝိနိစ္ဆယေန စ။
သမ္ပန္နဝိဇ္ဇာစရဏာ ပတိဿတာ၊ဇဟိဿထ ဒုက္ခမိဒံ အနပ္ပကံ။ ။

ဟူသော ဂါထာတို့ကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။

**အနက်ကား**။ ။ဘဒြော၊ကောင်းသော၊ အဿော၊မြင်းသည်။ကသံ၊ကြိမ်လုံးကို၊အပဟာရကိစ္စဝ၊ ကြဉ်ရှောင်သကဲ့သို့ ယောပုရိသော၊အကြင်ယောက်ျားသည်။ နိန္ဒံ၊ကဲ့ရဲ့ဘွယ်ကို။အပဟာရိတွာ၊ ကြဉ်ရှောင်၍၊နိဗ္ဗာနဘာဝံ၊အပြစ်ကင်းသည့် အဖြစ်ကို။ဗောဓေတိ၊ သိစေ၏၊ ဟိရိနိသေဓော၊ ယုတ်မာသောဝိတက်ကို ကြောက်ရှက်ခြင်းဖြင့် တားမြစ်တတ်သော သော ပုရိသော၊ထိုယောက်ျားသည်။ လောကသ္မိံ၊လူ့ဘောင်လောက၌၊ ကောစိ၊ တစုံတယောက်မျှသာလျှင်။ ဝိဇ္ဇတိ၊ရှိ၏။

ဘဒြော၊ကောင်းသော၊ အဿော၊မြင်းသည်၊ကသာ နိဝိဋ္ဌော၊ ကြိမ်လုံးဖြင့်ခတ်အပ်သည်ရှိသော်၊ အာတာပိယထာ၊လုံ့လရှိသကဲ့သို့၊ အာတာပိနော၊ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိကုန်သည်၊သံဝေဂိနော၊ထိတ်လန့်တုန်လှုပ်ခြင်း ရှိကုန်သည်။ဘဝထ္ထ၊ ဖြစ်ကြကုန်လော၊သဒ္ဓါယ၊ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်းရှိသော သဒ္ဓါတရားဖြင့်၎င်း၊သီလေန စ၊ စတုပါရိသုဒ္ဓိသီလဖြင့်၎င်း၊ ဝီရိယေန စ၊ လုံ့လဝီရိယဖြင့်၎င်း၊ သမာဓိနာ စ၊ သမာဓိဖြင့်၎င်း။ ဓမ္မဝိနိစ္ဆယေန စ၊ တရားဟုတ်ဆုံးဖြတ်ကြောင်းဖြစ်သော ဉာဏ်ဖြင့်၎င်း၊ သမ္ပန္နဝိဇ္ဇာစရဏာ၊ ပြည့်စုံသောဝိဇ္ဇာသုံးပါး,ဝိဇ္ဇာရှစ်ပါး, စရဏာတဆဲ့ငါးပါးရှိကုန်သည်ဖြစ်၍။ ပတိဿတာ၊ ထင်သောသတိ ရှိကုန်သည်ဖြစ်၍။ အနပ္ပကံ၊မနည်းတွက် မနိုင်းသာဉ်အပ်

သည်ဖြစ်၍ အနည်းငယ်မဟုတ်သော၊ ဗုဒ္ဓံဒုက္ခံ၊ဤသံသရာဝဋ်ဆင်းရဲကို၊ ဖယ်သာထ၊စွန့်ရပေကုန်လတ္တံ့။ ။ဤကားအနက်၊

ဓမ္မပဒ ဒဏ္ဍဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော ပိလောတိက တိဿမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၀-ဒဏ္ဍဝဂ်။ ၁၁-သုခသာမဏေ၏ဝတ္ထု။

ဥဒကဉှိ နယန္တိ။ ။အစရှိသည့်၊ အတိပဿ၌၊ ဝိသိဋ္ဌသြဇော၊ပါဌ်-ဂါထာကို၊ သတ္ထုပါဒနန္တ၊ ဝေနေယျတို့ကို၊ ခြောက်ဝစဉ်ိုက်၊ အလိုက်ရေတွက်လျက်၊ နှစ်သက်သည်အားလျော်စွာ၊ စရိတာနုလောမ၊ ဟောပြဆုံးမတော် မူဘတ်သော မြတ်စွာဘုရားသခင်သည်၊ ဂုဏ်အင်ရုံပြည့်၊ သာဝတ္ထိမြို့လကျာ၊ မဟာဇေတဝန်၊ ရိပ်မွန်အွေကျောင်း၌၊ ကိန်းအောင်းစမ္ပယ်တော်မူသောကာလ၊ သုခသာမဏေရ၊နာမ မည်တွင်၊မောင်ရှင်ငယ်တပါးကို၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေ၏။

**အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့တည်း။**

**အတိတ်ဝတ္ထု။**

လွန်လေပြီးသောရှေးအခါ၌ ဗာရာဏသီပြည်ကြီးဝယ် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော သူဌေးကြီးတဦးအား ဂန္ဓအမည်ရှိသော သား-တယောက်သည် ဖြစ်ပေ၏။ မင်းကြီးသည် ထိုဂန္ဓသူဌေးသား၏ ဘခင်ဖြစ်သော သူဌေးကြီးသည် ရတိပြောင်းကြွေ သေလွန်ခြင်းကို ပြုသည်ရှိသော် ထိုဂန္ဓသတို့သားကို ခေါ်စေ၍ ကြီးစွာသော ပူဇော်သက္ကာရဖြင့် ချီးမြှင့်ပြီးသော် ထိုဂန္ဓသတို့သားအားသာလျှင် သူဌေးကြီး ရာထူးကို အထူးမြောက်စား ပေးသနားတော်မူ၏။ သူဌေးသားသည် ထိုအခါမှစ၍ ဂန္ဓသူဌေးဟူသောအမည်သည် ထင်ရှားလေ၏။ ထိုနောက် ဘဏ္ဍာစိုးသည် ဥစ္စာထားရာ တိုက်ခန်းတံခါးကို ဖွင့်လှစ်၍ အရှင်၊ ဤမျှလောက်သော ပစ္စည်းသည်ကား အသင့်ဘခင်၏ ပစ္စည်းဥစ္စာ ပေတည်း။ ဤမျှလောက်-သောဥစ္စာပစ္စည်းသည်ကား အရှင့်အဘိုးတော်၏ပစ္စည်းဥစ္စာပါတည်းဟု ထုတ်ဆောင် ပြီးသည့်ကာလ အသီးအသီးပြော့ဆို ညွှန်ကြားပြသ၏၊ ထိုဂန္ဓသူဌေးသည် ဥစ္စာအရကိုကြည့်ရှုပြီးလျှင် ဘဏ္ဍာစိုး၊အသို့ပေနည်း။

ထိုအမိ, အဘ, အဘိုး, အဘေးတို့သည် ဤပစ္စည်းဥစ္စာကို တရုံတခုမျှ ယူ၍မသွားကြပါကုန်သလောဟု မေး၏။

အရှင်၊ပစ္စည်းဥစ္စာကိုယူ၍ တမလွန်လောကနေရာ က်နေသင့်သောဘဝကို သွားလာနိုင်သောသူမည်သည် တရုံတယောက်မျှမရှိပါ။ သတ္တဝါတို့သည် မိမိပြုအပ်သောကုသိုလ်, အကုသိုလ်ကိုသာလျှင်ယူ၍ သွားရပါကုန်သည်ဟု ပြော၏။ ထိုဂန္ဓသူဌေးသည် ကြီးဆင်ခြင်သည်မှာ "ထိုမိခင်,ဘခင် စသည်တို့သည် ပညာနုံ့နဲ့ ရိုက်မဲ့သည် အဖြစ်ကြောင့် ပစ္စည်းဥစ္စာကို များစွာပွါးစီး တည်စေပြီးသည့်ကာလ စွန့်ပစ်ခဲ့၍ သွားရကုန်သည်၊ ငါ-သည်ကား ထိုပစ္စည်းဥစ္စာအလုံးစုံကို အကုန်ယူငင်၍ သွားအံ့"ဟု ကြံ၏။ ဤသို့ ကြံသော်လည်း အလှူကိုပေးလှူအံ့။ ပူဇော်သက္ကာရကို မှုလည်း ပြုပေအံ့ဟု မကြံမူ၍ ဤအလုံးစုံသော ပစ္စည်းဥစ္စာကို စားသောက်၍ သွားပေအံ့ဟု ကြံ၏။

## တသိန်းတသိန်းတန်ထမင်းစားပွဲ။

ထိုဂန္ဓသူဌေးသည် တသိန်းသောဥစ္စာကို စွန့်လွှတ်၍ ဖလ်ဖြင့်ပြီးသော ရေချိုးအိမ်ကိုပြုစေ၏။ တသိန်းသောအသပြာကိုပေး၍ ဖလ်ဖြင့်ပြီးသည် သာလျှင်ဖြစ်သော ရေချိုးရာအင်းပျဉ်ကို ပြုစေ၏။တသိန်းသောအသပြာ ကိုပေး၍ ထိုင်နေရာပလ္လင်ကိုပြုစေ၏။ တသိန်းသောအသပြာကို ပေး၍ ဘောဇဉ်ထည့်ခွေသာခွက်ကိုပြုစေ၏ တသိန်းသာလျှင်ဖြစ်သောအသပြာကို ပေး၍ ဘောဇဉ်စားရာအနားရပ်၌ မဏ္ဍပ်ကိုပြုစေ၏။တသိန်းသောအသပြာကို ပေး၍ ဘောဇဉ်ခွက်၌ထည့်လောင်းခစား လုပ်ကျွေးရာကိုပြုစေ၏။တသိန်း သာလျှင်ဖြစ်သော အသပြာကိုပေး၍ လေသောက်ပြူတင်းကို တည်လုပ် စေ၏ မိမိ၏နံနက်စာအလို့ငှါ တထောင်သောအသပြာကို ပေး၏။ညစာအ လို့ငှါလည်း တထောင်သောအသပြာကိုသာလျှင်ပေး၏။လပြည့်နေ့၌ကား စားသုံးရန် ခဲဘွယ်ဘောဇဉ်အလို့ငှါ တသိန်းသောအသပြာကိုပေးစေ၏။ ထိုတသိန်း အဘိုးတန် စိမ့်အပ်သော ထမင်းကို သုံးဆောင် စားသောက် သောနေ့၌ တသိန်းသောအသပြာကို စွန့်လွှတ်၍ မြို့ကိုတန်းဆာဆင်ပြီး-သော် "ဂန္ဓသူဌေး၏ ထမင်းဘောဇဉ် စားသုံးသော အခြင်းအရာကို ကြည့်ရှုစေသတည်း"ဟူသောစည်ကို လှည့်လည်စေ၏၊ လူများအပေါင်း သည် ညောင်စောင်းကြီးငယ်တို့ကိုဖွဲ့ချက် စည်းဝေး၏။

ထိုဂန္ဓသုဒြေးသည်လည်း အတိုးတသိန်း ထိုက်သော ရေချိုးအိမ်၌ အတိုးတသိန်း ထိုက်သော အခင်းပျဉ်ဝယ် ထိုင်နေ၏။ တဆဲ့ခြောက်လုံး ကုန်သောနံ့သာရေတို့ဖြင့် ရေချိုးပြီးလျှင် လေသောက်ပြူတင်းကို ဖွင့်လှစ် စေပြီးသည့်ကာလအတိုးတသိန်းထိုက်သောပလ္လင်၌ထိုင်နေ၏။ ထိုသို့ထိုင်နေ သောအခါ ဘောဇဉ်ဘွက်၌သွန်းလောင်းထည့်ဘိုရာ စီရင်အပ်သော အတိုး တသိန်းထိုက်သောနေရာ၌ ဘောဇဉ်ဘွက်ကိုထားပြီးလျှင် အတိုးတသိန်း ထိုက်သော ဘောဇဉ်ကို စီရင်ပွါးများ စေကုန်၏၊ ထိုဂန္ဓသုဒြေးသည် ကချေသည်အပေါင်းခြံရံလျက် ဤသို့သဘောရှိသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းဖြင့် စီမံအပ်သော ထိုဘောဇဉ်ကို စား၏။

## ဇာနပုဒ်တောသွင်းသား။

တပါးသောအခါ၌ တရသောရွာငယ်၌ နေသော တယောက်သော သူသည် မိမိ၏အစာရိက္ခာကို ဆောင်ယူခြင်းငှါ ထင်းသစ်စသည်တို့ကို လှည်း၌ထည့်သွင်း တင်ဆောင်၍ မြို့သို့သွားရောက်ပြီးသည့်ကာလ မိမိ အပေါင်းခင်ပွန်း၏အိမ်၌ နေခြင်းကိုပြု၏။ ထိုအခါ လပြည့်နေ့သည်ဖြစ်၏။ ဂန္ဓသုဒြေး၏ ထမင်းဘောဇဉ်စားသော တင့်တယ်စမွယ်ခြင်းကို ကြည့်ရှု စေသတည်းဟု မြို့၌စည်ကို လှည့်လည်စေကုန်၏။

ထိုအခါ ဇနပုဒ်သား ဖြစ်သည်ဖြစ်သော ထိုယောကျ်ားကို အပေါင်း ခင်ပွန်းဖြစ်သော ယောကျ်ားက အသင်သည် ဂန္ဓသုဒြေး၏ ထမင်း ဘောဇဉ်ကို စားသုံးသော တင့်တယ်စမွယ်ခြင်းကို မြင်ဘူး၏လောဟု မေး၏။အဆွေ၊ တခါတရံမျှ မမြင်ဘူးပါဟု ပြောသည်ရှိသော် ထိုသို့တ- ပြီးကား လာသည့်သွားကြကုန်အံ့ ဂန္ဓသုဒြေးသည် မြို့နှစ်ကို လှည့်လည် ၍၏ ကြီးစွာသော စည်းစိမ်ချမ်းသာကို ကြည့်ရှုကုန်အံ့ဟု ပြောဆို၍ မြို့နေယောကျ်ားသည် ဇနပုဒ်သား ခင်ပွန်းဖြစ်သော ထိုယောကျ်ားကို ခေါ်ဆောင်၍သွား၏။ လူများအပေါင်းသည် ညောင်စောင်းကြီး, ညောင်- စောင်းငယ်၌ တက်ရောက်၍ ကြည့်ရှု၏၊ ဇနပုဒ်ရွာငယ်နေ ဖြစ်သော ယောကျ်ားသည်ထမင်းနံ့ကိုနံ၍သာလျှင် မြို့နေခင်ပွန်းကို“အဆွေ၊ငါ့အား ထိုဘွက်ဝယ် ထည့်ထားအပ်သော ထမင်းခဲ၌ မွတ်သိပ်ခြင်းဖြစ်လေသည်” ဟု ပြော၏။

## ထမင်းတနပ် သုံးနှစ် ကျွန်ခံခြင်း၊။

အဆွေ၊ ဤထမင်းကို မတောင့်တလင့်။ ရခြင်းငှါ မစွမ်းနိုင်လတ္တံ့ဟု ပြော၏။ အဆွေ၊ မရသည်ရှိသော် ငါသည် အသက်ရှင်တော့မည်မဟုတ်ဟု ပြော၏။ ထိုမြို့သားယောက်ျားသည် ဇနပုဒ်ရွာငယ်သား ထိုယောက်ျားကို တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ပရိသာတ်အစွန်၌ ရပ်တည်လျက် အရှင်၊ အသင့်အား ရှိခိုးပါ၏ဟူ၍ သုံးကြိမ် တိုင်တိုင် ကျယ်စွာသောအသံကို ကျူးရင့်သည့်ကာလ ဤသူသည် အဘယ်သူနည်းဟု ဆိုသည်ရှိသော် အရှင်၊ အကျွန်ုပ်ပါတည်းဟု ပြောသဖြင့် ထိုအကြောင်းကား အဘယ်နည်းဟု မေးမြန်လျှင် အရှင်၊ တရသော ဇနပုဒ်ရွာငယ်၌နေသော ဤယောက်ျားသည် အရှင်သူမြတ်တို့၏ခွက်ငယ် ထည့်အင်သောထမင်းခဲ၌ မွတ်သိပ်ခြင်းကိုဖြစ်စေ၏။ တရသော ထမင်းခဲကို ပေးပါစေကုန်လော့ဟု တောင်း၏၊ ရခြင်းငှါ မစွမ်းနိုင်ဟု ပြန်၍ပြောသဖြင့် အဆွေ၊ အဘို့နည်း။ အသင့်အား ကြားအပ်ပြီသောဟု မေး၏။ အဆွေ၊ ငါ့အား ကြားအပ်ပေ၏၊ စင်စစ်သော်ကား ထိုထမင်းခဲကိုရအပ်သည်ရှိသော် အသက်ရှင်ပေလိမ့်မည်။ မရသည်ရှိသော် ငါ့အား သေခြင်းဖြစ်ရတော့အံ့ဟု ပြော၏၊

ထိုယောက်ျားသည် ထပ်၍တဖန် ဤသူသည် ထိုထမင်းခဲကိုမရသည်ရှိသော် သေချပါလိမ့်မည်၊ သို့ဖြစ်၍ ထိုသူအား အသက်ဒိဝိတ်ခွေကို ပေးသနားပါကုန်လောဟု ဟစ်အော်မြန်၏၊ ဂန္ဓသူမြတ်ကလည်း အို-အချင်း၊ ထမင်းခဲမည်သည် တရားသော်လည်းအတိုးထိုက်၏။ နှစ်ရာသော်လည်း အတိုးထိုက်၏၊ အကြွင်းအကြွင်းသို့သောသူသည် တောင်း၏၊ ထိုသို့သော သူအား ပေးအပ်သည်ရှိသော် ငါသည် အဘယ်ကို စားရအံ့နည်း ဟု ပြော၏။ အရှင်၊ ဤယောက်ျားသည် ထမင်းခဲကိုမရသည်ရှိသော် သေချပါတော့မည်။ သို့ဖြစ်၍ ထိုယောက်ျားအား အသက်ဇီဝိတ်ခွေကို ပေးသနား ပါကုန်လောဟု ထပ်၍တဖန် ပြောပြန်၏၊

အချည်းနှီးသက်သက်အားဖြင့်ရခြင်းငှါမတတ်ကောင်း၊၊ သည်ရှိသော် ထိုသူ၏ ဇီဝိတ်ခွေအသက်သည် အကယ်၍ ရှင်သည်ဖြစ်အံ့ သုံးနှစ်တို့ ပတ်လုံး ငါ၏အိမ်၌ အခစားအမှုကို ပြုလုပ်လေလော့။ ဤသို့ ပြုလုပ်အပ်သည်ရှိသော်၊ ထိုသူအား ထမင်း-ခွက်ကိုပေးစေအံ့ဟု သူမြတ်ကပြော၏။

ဇနပုဒ်ရွာသားဖြစ်သော ယောက်ျားသည် သူဌေးပြောသော စကားကိုကြား၍ အဆွေ၊ ဤသို့သူဌေးပြောဆိုတိုင်း ၄ှိ့စေတော့ဟု အပေါ် မြို့·သားခင်ပွန်း ယောက်ျားကို ပြောဆိုပြီးလျှင် သားမယားကို ပယ်စွန့်၍ ထမင်းခွက်ကိုရခြင်းအကျိုးငှါ သုံးနှစ်တို့ပတ်လုံး အခစားအမှုကိုပြုလုပ်တော့မည်ဟု ကြံ၍ သူဌေးကြီးအိမ်သို့ဝင်၏။

ထိုယောက်ျားသည် အခစားအမှုကိုပြုလုပ်သည်ရှိသော် အလုံးစုံသော အမှုကိစ္စတို့ကို ရှိသောကောင်းမွန်စွာ ပြုရာပ်၍ အိမ်၌ငှင်း၊တော၌ငှင်း၊ညဥ့်၌ငှင်း၊နေ့၌ငှင်း အလုံးစုံသောပြုလုပ်ဘွယ်အမှုတို့သည် ပြုအပ်ပြီးသည်သာလျှင် ထင်ကုန်၏။ဘဏ္ဍာတ်ကဟူ၍ ပြောဆိုသည်ရှိသော် အသုံးစုံသော မြို့၌လည်း· ထင်လျှား၏။ ထိုနောက် ထိုယောက်ျားအား ထမင်းခွက်ကို ရပါမည်သော်ငှါ ပြုလုပ်အပ်သော နေ့သည် ပြည့်သည်ရှိသော် သူဌေး၏ ထမင်း စားသုံးသော အမှု ကြီးငယ်ကို ရွက်ဆောင်သော အစေခံ ယောက်ျားက သူဌေးကြီးသို့ ချဉ်းကပ်၍ အရှင်ထမင်းခွက်ကို ရပါအံ့သောငှါ နေ့သည်ပြည့်ပါပြီ။ ထိုသူသည် ပြုနိုင်ခဲသော အမှုကို ပြုအပ်ပါ·သည်၊သုံးနှစ်တို့ပတ်လုံး အခစားအမှုကိုပြုသဖြင့် တရသော အမှုကိစ္စမျှလည်း မချို့ယွင်းမပျက်စီးဘူးပါဟု ပြော၏။

ထိုအခါ သူဌေးကြီးက ထိုအမှုလုပ် ယောက်ျားအား မိမိ ညစာ, နံနက်စာအလို့ငှါ နှစ်ထောင်သော အသပြာတို့ကိုငှင်း၊ ဇနပုဒ်ရွာငယ်သားအမှုလုပ် ထိုယောက်ျား၏ နံနက်စာအလို့ငှါ၊ တထောင်သော အသပြာတို့ကိုငှင်း ပေး၍၊ယနေ့ ငါ့အားပြုလုပ်ဘွယ်ဖြစ်သော အခြွေအရံအစောင့်အရှောက်ကို ဇနပုဒ်ရွာငယ်သား ထိုယောက်ျားအားသာလျှင် ပြုလုပ်ကြကုန်လော့ဟု ပြောဆိုပြီးမှ၊ စိန္တာမဏိ အမည်ရှိသော ချစ်နှစ်သက်သော မယားကို ထား၍၊ ကြွင်းသော လူများ အပေါင်းသည်လည်း ယနေ့ ဇနပုဒ်ရွာငယ်သား ထိုယောက်ျားကို သာလျှင် ခြံရံကြကုန်လော့ ဟု စေခိုင်း၍၊ ထိုအလုံးစုံသော စည်းစိမ်ချမ်းသာကို ဆောင်နှင်း၏၊ ဇနပုဒ်ရွာငယ်သား ထိုယောက်ျားသည် သူဌေးချိုးသော ခေါ်ဖြင့် သူဌေး၏ တိုက်ခန်းအခင်းပျဉ်၌ ထိုင်နေပြီးသော်၊ ရေချိုး၍ သူဌေးဝတ်သော ပုဆိုးတို့ကို ဝတ်ပြီးသည့်ကာလ၊သူဌေးထိုင်နေရာဖြစ်သော ထိုပလ္လင်၌သာလျှင်

ထိုင်နေ၏။သုံ့ဌေးသည်လည်း မြို့၌ ဘတ္တဘာဇိကဒုမည်ရသော သူသည် ဂန္ဓသူဌေးကြီးအိမ်၌ သုံးနှစ်တို့ပတ်လုံး အခစား အမှုကိုပြု၍ ထမင်း-ခွက်ကို ရအပ်၏။

## ခမ်းနားကြီးကျယ်သော ထမင်းစားပွဲ။

ဘတ္တဘာဇိက အမည်ရသော ထိုယောကျ်ား၏ ထမင်း စားသော စည်းစိမ်ချမ်းသာကို ကြည့်ရှုလာစေကုန်သတည်း ဟု စည်ကို လှည့်လည်စေ၏။ လူများ အပေါင်းသည် ဩောင်စောင်းကြီး, ဩောင်စောင်းငယ်၌ တက်ရောက်၍ ကြည့်ရှု၏၊ကြည့်တိုင်း ကြည့်ဘိုင်းသော နေရာအရပ်သည် တန်လှုပ်အပ်သော အခြင်းအရာသို့ရောက်သည် ဖြစ်လေ၏၊ ကချေသည် တို့သည် ခြံရံ၍တည်ကုန်၏။ထိုယောကျ်ား၏ရှေ့မှ ထမင်းခွက်ကို နှစ်သက် ဘွယ်ပင် စီရင်ပွါးများ၍ ထားကုန်၏။

ထိုနောက် ဇနပုဒ်ရွာငယ်သား ထိုယောကျ်ား၏ လက်ဆေးအံ့သော အခါ၀ယ် ဂန္ဓမာဒနတောင်၌ သီတင်း သုံးတော်မူသော တပါးသော ပစ္စေကဗုဒ္ဓါအရှင်သည် ခုနစ်ရက်မြောက်သောနေ့၌ သမာပတ်မှ ထတော်မူ၍၊ အဘယ်သို့သော အရပ်၌ ယနေ့ ဆွမ်းခံလှည့်လည်ခြင်း အလို့ငှါ ကြွသွားရအံ့နည်းဟု ရုံစမ်းဆင်ခြင်သည်ရှိသော်၊ ဘတ္တဘာဇိက အမည် ရသော ရွာငယ်သား ထိုယောကျ်ားကို မြင်တော်မူလေ၏။ ထိုနောက်-ပစ္စေကဗုဒ္ဓ အရှင်အား ဤသို့သောအကြံသည်ဖြစ်၏။"ဤယောကျ်ားသည် သုံးနှစ်တို့ ကာလပတ်လုံး အခစားအမှုကိုပြု၍ ထမင်း ဘောဇဉ်ခွက်ကို ရပေ၏။အသို့ပေနည်း၊ ထိုယောကျ်ားအား သဒ္ဓါတရား ရှိလေသလော မရှိလေသလောဟု ရုံစမ်းဆင်ခြင် ပြန်သည်ရှိသော်၊သဒ္ဓါတရား ရှိသည့် အဖြစ်ကိုသိ၍၊သဒ္ဓါတရား ထင်ရှားရှိပါသော်လည်း၊ အချို့သောသူတို့ကို ချီးမြှင့်ပေးကမ်း လှူဒါန်းခြင်းကိုပြုခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ အသို့နည်း၊ ငါ့ကိုမူကား ချီးမြှင့်ပေးကမ်း လှူဒါန်းခြင်းကို ပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့ လော ဟု ဆင်ခြင်တော်မူပြန်၏။ထိုသို့ ဆင်ခြင်တော်မူသောအခါ၊ ထို-ယောကျ်ားသည် ငါ့အား ချီးမြှင့် ပေးကမ်း လှူဒါန်းခြင်းငှါလည်း စွမ်းနိုင် လတ္တံ့။ ငါ့အား ချီးမြှင့် လှူဒါန်းသည်ကို မှီ၍ ကြီးစွာသော စည်းစိမ် ချမ်းသာကို ရလတ္တံ့"ဟု သိမြင်တော်မူပြီး၍၊ သင်္ကန်းကို ရုံတော်မူ-

ပြီးသော်၊ သပိတ်တော်ကို ယူတော်မူ၍၊ ကောင်းကင်သို့ ပျံတက်ကြွသွားပြီးသော ကာလ၊ ပရိသာတ်အစွန်၌ မကြွသွားမူ၍၊ ထိုယောက်ျား၏ မှေ့တည့်တည့်မှ တန့်ရပ်တော်မူ၍သာလျှင် ကိုယ်ကို ပြတော်မူ၏၊

## အရှင်ပစ္စေကဗုဒ္ဓါအား ဆွမ်းလှူခြင်း။

ထိုယောက်ျားသည် ပစ္စေကဗုဒ္ဓါကို မြင်၍ ကြံဆင်ခြင်သည်မှာ၊ "ငါသည် ရှေးရှေးသော ကာလ ဘဝထိုထို၌ အလှူခံ ပုဂ္ဂိုလ်တို့အား မပေးကမ်း မလှူဒါန်းသဖြင့် ဒါနမရှိသည့် အဖြစ်ကြောင့် တရသော ထမင်းခွက်၏ အကျိုး၌ သုံးနှစ်တို့ကာလပတ်လုံး သူတပါး၏အိမ်၌အခစား အမှုကို ပြုလုပ်ရ၏။ ဤယခုအခါ၌ ဤထမင်းဘောဇဉ်ကို စားရသည် ဖြစ်သော်၊ တနေ့တည်းမျှလောက်သာ ငါ့အား စောင့်ရှောက်ပေရာ၏။ ထို-ထမင်းဘောဇဉ်ကို အရှင်မြတ်အား အကယ်၍ ငါပေးလှူခဲ့သည် ဖြစ်အံ့။ များစွာကုန်သော ကမ္ဘာကုဋေ အထောင်တို့ ကာလပတ်လုံး ငါ့အား စောင့်ရှောက်ပေလတ္တံ့။ ထိုထမင်းဘောဇဉ်ကို အရှင်မြတ်အားသာလျှင် ပေးလှူတော့အံ့" ဟု ကြံ၏။ ကြံပြီး၍ကား၊ ထိုယောက်ျားသည် သုံးနှစ်တို့ ကာလပတ်လုံး အခစားအမှုကိုပြုလုပ်၍ ရအပ်သော ထမင်းခွက်၌ တခဲ-မျှသော ထမင်းကိုလည်း ခံတွင်း၌ မထည့်သွင်း မထားမူ၍၊ ထမင်း-ဘောဇဉ်၌ တပ်မက်သော တဏှာကို ပယ်ဖျောက်ပြီးသော်၊ ကိုယ်တိုင်သာလျှင် ထမင်းခွက်ကို ပင့်မချီယူ၍ ပစ္စေကဗုဒ္ဓါ အရှင့်ထံသို့ သွား-ရောက်ပြီးလျှင်၊ ထမင်းခွက်ကို တပါးသော သူ၏လက်၌ ပေးထားပြီးမှ ငါးပါးသော တည်ရာရှိသော ရှိခိုးခြင်းဖြင့် ရှိခိုးပြီး၍၊ ထမင်းခွက်ကို လက်ဝဲ လက်ဖြင့် ကိုင်ယူပြီးသော်၊ လက်ျာ လက်ဖြင့် ပစ္စေကဗုဒ္ဓါ၏ သပိတ်၌ ထည့်လောင်း၏။ ပစ္စေကဗုဒ္ဓါ အရှင်သည် ထမင်း၏ ထက်ဝက်မျှလောက် ကြွင်းသောအခါ၌ သပိတ်ကို လက်ဖြင့် ပိတ်၏။

ထိုအခါ ဘဒ္ဒဝတိက မည်သော ထိုယောက်ျားက။ အရှင်ဘုန်းတော်ကြီးတော်မူသော အရှင်ဘုရား၊ ဤထမင်းသည် တယောက်သော သူ၏ သာလျှင် အဘို့ပါဘည်း။ နှစ်ဖြာခွဲဝေခြင်းကို ပြုခြင်း၌ မတတ်ကောင်းပါ။ ကေပည့်တော်ကို ယခုပစ္စုပ္ပန်၌ ဤပစ္စုပ္ပန် လောက၌ ချီးမြှင့်ခြင်းကို ပြုတော်မမူပါကုန်လင့်။ တမလွန်လောက၌ ချီးမြှင့်ခြင်းကိုသာလျှင် ပြုတော်မူပါ

ကုန်လော့။အကြွင်းချန်ထားသည်ကို မပြုမူ၍။အကြွင်းမဲ့အကုန် အလုံးစုံကို သာလျှင် ပေးလှူပါအံ့ဟု လျှောက်ကြား၏။

[ထိုစကားမှန်၏၊ မိမိအား အနည်းငယ်ကိုသာလည်း မကြွင်း-ကျန်စေမူ၍၊ အကြွင်းမဲ့အားဖြင့် ပေးလှူအပ်သော ဒါနမည်သည် အကျိုးကြီးမြတ်သည် ဖြစ်ကုန်၏။

ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

အတ္တနော ဟိ ထောကမ္ပိ အနဝသေသေတွာ ဒိန္နံ နိရဝသေသ ဒါနံ နာမ မဟပ္ဖလံ ဟောတိ။ ။

ဟု မိန့်ဘော်မူ၏။

**အနက်ကား**။ ။ဟိ သစ္စံ၊ ထိုစကားမှန်၏။ အတ္တနော၊ မိမိအား။ ထောကမ္ပိ၊ အနည်းငယ် ကိုလည်း။ အနဝသေသေတွာ၊ မကြွင်းစေမူ၍။ ဒိန္နံ၊ပေးလှူအပ်သော။ နိရဝသေသဒါနံ နာမ၊ အကြွင်းမဲ့ ပေးလှူအပ်သော ဒါနမည်သည်။ မဟပ္ဖလံ၊ အကျိုး ကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။ ။ ဤကားအနက်။]

ထိုယောကျ်ားသည် ထိုသို့သော အခြင်းအရာဖြင့် ပြောဆိုပြုလုပ်လျက် အလုံးစုံသော ထမင်း ဘောဇဉ်ကို ပေးလှူပြီးသော်၊ တဖန် ရှိခိုးဦးချ-ပြီး၍-

ဘန္တေ ဇော် ဘတ္တပါတိံ နိဿာယ တိဏ္ဏံ သံဝစ္ဆရာနံ မေ ပရေဂေဟေ ဘတိံ ကရောန္တေန ဒုက္ခံ အနုဘူတံ၊ ဣဒါနိ မေ ဇုတ္တ-ဿာနေ သုခမေဝ ဟောတု။ တုမှေဟိ ဒိဋ္ဌဓမ္မသောဝ ဘာဂိ အဿံ ။ ။

ဟူသော ပါဠိဖြင့် လျှောက်ကြား ပတ္ထနာ၏။

**အနက်ကား**။ ။ဘန္တေ၊ အရှင်ဘုရား၊ ဇော် ဘတ္တပါတိံ၊ တခုသော ထမင်းခွက်ကို။ နိဿာယ၊ အမှီပြု၍။ တိဏ္ဏံ သံဝစ္ဆရာနံ၊ သုံးနှစ်တို့ပတ်လုံး။ မေ-မမ၊တပည့်တော်အား။ ပရေဂေဟေ၊ သူတပါး၏အိမ်၌။ ဘတိံ၊ အခစားအမှုကို။ ကရောန္တေန၊ ပြုလုပ်သောဖြင့်။ ဒုက္ခံ၊အလွန်အကဲ ဆင်းရဲဒုက္ခကို။ အနုဘူတံ၊ အစဉ် ခံစားခဲ့ရပါသည်

ဘုရား။ ဇုဒါနိ၊ ဤယခုအခါ၌၊ နိမ္ဗတ္တဌာနေ၊ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဌာန၌၊ သုခမေဝ၊ ချမ်းသာရိပ်ငြိမ် စည်းစိမ်နှင့်သည်သာလျှင်။ ဟောဘု၊ ဖြစ်ပါစေသတည်း။ တုမှေဟိ၊ အရှင်ဘုရား တို့သည်၊ ဒိဋ္ဌမွေ့သာဝ၊ သိမြင်အပ်သော တရား၏သာလျှင်။ ဘာဂီ၊အဘို့နှင့်သည်။ အသံ၊ဖြစ်ရပါ-လို့၏။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ရှေ့ဘုန်းတော်သခင်အရှင်ဘုရား၊တရသောထမင်းခွက်ကို အဓိပြု၍ သုံးနှစ်တို့ကာလပတ်လုံး၊တပည့်တော်အား သူတပါး၏ အိမ်၌ အစားအမှုကို ပြုလုပ်ရသဖြင့် ကြီးစွာသော ဆင်းရဲ ဒုက္ခကို အစဉ် ခံစားခဲ့ရပါသည် ဘုရား၊ ဤယခုအခါ ဖြစ်တိုင်း ဖြစ်တိုင်းသော ဘုံဌာန၌ ချမ်းသာရိပ်ငြိမ် စည်းစိမ်ကြွယ်ဝ ပေါများလှသည် သာလျှင် ဖြစ်ပါစေသတည်း။ အရှင်ဘုရားတို့ သိမြင်အပ်သော တရား၏သာလျှင် အဘို့နှင့်သည် ဖြစ်ပါစေသတည်းဟု ဆုတောင်းပတ္ထနာ လျှောက်ကြား၏။

ပစ္စေကဗုဒ္ဓါ အရှင်သည်လည်း "ဒါယကာ၊ အသင့်အား အလို့, ခပ်သိမ်းကို ပေးတတ်သော စိန္တာမဏိ ပတ္တမြား ရတနာ ကဲ့သို့ရင်း-ပန္နရသီ ဝါထိရက်စေ့ ထွန်းပြည့်သော လမင်းကဲ့သို့ရင်း၊ဤသို့ တောင့်တ ရည်သန် ကြံစည်တိုင်းသော ဆုတောင်းပဌနာတို့သည် ပြည့်စုံပါစေ-သတည်းဟု အနုမောဒနာကို ပြုလိုသောကြောင့်-

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ခိပ္ပမေဝ သမိဇ္ဈတု၊
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ စန္ဒော ပန္နရသော ယထာ။ ။
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊မဏိဇောတိ ရသော ယထာ။ ။

ဟူသော ဤနှစ်ဂါထာကို မိန့်ဆိုတော်မူ၏။

**အနက်ကား**။ ။ဥပါသကာ၊ဒါယကာ၊ တုယှံ၊သင့်အား။ဝါ၊၏။ ဣစ္ဆိတံ၊ အလိုရှိတိုင်း။ပတ္ထိတံ၊တောင့်တပတ္ထနာသည့်အတိုင်း။ ခိပ္ပမေဝ၊ဆောဆော လျင်လျင်၊ ရှောင်တခင်သာလျှင်။ သမိဇ္ဈတု၊ မချိုကျုံလုံ၊ ပြည့်စုံပါစေ-သတည်း။ ပန္နရသော၊ တဆယ့်ငါးရက်မြောက် ကျရောက်သော။ စန္ဒော၊ လမင်းသည်။ ပူရေတိယထာ၊ ပြည့်လေသကဲ့သို့။ တထာ၊ ထိုအတူ။

သင့်တွေ့၊ အလုံးစုံကုန်သော။ သက်ပျှ၊ အကြံအစည်တို့သည်။ ပူရေန္တု၊ မချိုက်လို ပြည့်စုံပါစေ ကုန်သတည်း။ ။ဥပါသကာ၊ ကာ၊ ၀ုယှံ၊ အား။ ဝါ၏။ ဇ္ဇန္ဒိတံ၊တိုင်း။ ပတ္တိတံ၊တော်တတိုင်း။ ဝိပ္ပမေ၀၊လျှင်။ သမိဇ္ဈတု၊ တည်း။ မဏိဇောတိရသော၊ အလိုခပ်သိမ်းကို ပေးနိုင်သော တခဲနက် ထွန်းလင်းသော အရောင်ရှိသော ပတ္တမြားရတနာသည်၊ သင့်တွေ့အလုံးစုံ ကုန်သော။ သက်ပျှ၊ အကြံအစည်တို့ကို။ ပူရေန္တုယထာ၊ မချိုက်လို ပြည့်စုံစေဘိသကဲ့သို့။ တထာ၊ ထိုအတူ။ သင့်တွေ့၊ အလုံးစုံ ကုန်သော။ သက်ပျှ၊ အကြံအစည်တို့သည်။ ပူရေန္တု၊ မချိုက်လို ပြည့်စုံပါစေကုန်-သတည်း။ ။ဤကားအနက်။

ဤသို့သော အနုမောဒနာ ဂါထာကို ရွတ်ဆိုတော် မူပြီးမှ "ဤလူများ အပေါင်းသည် ဂန္ဓမာဒနတောင်သို့ သွားရောက်သည် တိုင်အောင် ငါ့ကို ကြည့်ရှုလျက် တည်ပါစေသတည်း"ဟု ဓိဋ္ဌာန်တော်မူ၍၊ ကောင်းကင် ခရီးဖြင့် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၏။ လူများအပေါင်းသည်လည်း ပစ္စေကဗုဒ္ဓါအရှင်ကို ကြည့်ရှုလျက်သာလျှင် တည်၏၊ ထိုပစ္စေကဗုဒ္ဓါ အရှင်သည်လည်း ဂန္ဓမာဒနတောင်သို့ ကြွသွားတော်မူ၍၊ ခံယူခဲ့သော ထိုဆွမ်းကို ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့အား ခွဲခြမ်းဝေဘန်၍ ပေး လှူ၏။အလုံးစုံသော ပစ္စေကဗုဒ္ဓါအရှင်တို့သည် မိမိအား မျှတလောက်-ရုံသော ဆွမ်းကို အသီးအသီး ခံယူကြကုန်၏။

[အနည်းငယ်မျှသော ဆွမ်းသည် ငါးရာကုန်သော ပစ္စေက ဗုဒ္ဓါအရှင်တို့အား အဘယ်ကြောင့် လောက်င, ပါလိမ့်မည်နည်း ဟု မကြံစည်အပ်၊ ထိုစကားမှန်၏။ မကြံအပ်, မကြံစည်ထိုက် ကုန်သော လေးပါး ကုန်သော အစိန္တေယျ တို့ကို ဟောတော် မူအပ်ကုန်၏။ ထိုလေးပါးတို့တွင် ဤအရာဌာနသည်ကား ပစ္စေက-ဗုဒ္ဓါ ဝိသယ-မကြံစည်အပ်သော အရာဌာနပေတည်း။

ထိုကြောင့် ၎င်းအဋ္ဌကထာ၌-

အပ္ပေါ ပိဏ္ဍပါတော ကထံ ပဟောတီတိ န စိန္တေတဗ္ဗံ။
စတ္တာရိ ဟိ အစိန္တေယျာနိ၊တတြာယံ ပစ္စေကဗုဒ္ဓါဝိသယော နာမ။ ။

ဟု မိန့်ဆိုတော်မူ၏။

**အနက်ကား**။ ။အပျော်၊ အနည်းငယ်သော၊ ဝိဗ္ဗာပါတော၊ ဆွမ်းသည်။ ကထံ ပဟောဘိ၊ ငါးရာသော ပစ္စေကဗုဒ္ဓါတို့အား အဘယ်ကြောင့် လောက်င,ပါလိမ့်မည်နည်း။ န္တုတိ၊ ဤသို့ နှ စိန္တေတဗ္ဗံ၊ မကြံအပ်။ ဟိသစ္စံ၊ ထိုစကားသည်မှန်၏။ စတ္တာရိ အခင်္ချေယျာနိ၊ လေးပါးကုန်သော မကြံအပ်သည်တို့ကို၊ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏၊ တတြ၊ ထိုလေးပါးတို့တွင်။ အယံ၊ ဤသည်ကား၊ ပစ္စေကဗုဒ္ဓါဝိသယော၊ ပစ္စေကဗုဒ္ဓါဝိသယ အခင်္ချေယျတည်း။ ဣတိ တသ္မာ၊ ထိုကြောင့်။ နှ စိန္တေတဗ္ဗံ၊ မကြံအပ်။ ။ ဤကားအနက်။]

## သူဌေးကြီးက စည်းစိမ်ထက်ဝက် ပေးအပ်ခြင်း။

လူများ အပေါင်းသည်လည်း ပစ္စေကဗုဒ္ဓါ အရှင်တို့အား ဆွမ်းကို ခွဲခြမ်း ဝေဘန်၍ ပေးလှူအပ်သည်ကို မြင်သည်ရှိသော်၊ ကောင်းချီး တသောင်တို့ကို ဖြစ်စေ၏။ မိုးကြီးစက်ကျသော အသံကဲ့သို့ ဖြစ်လေ၏။ ထိုအသံကို ကြား၍။ ဂန္ဓသူဌေးကြီးသည် "ထမင်းတည်းဟူသော အစာ အာဟာရကြောင့် အစားအမှုကို ပြုလုပ်သော ဘတ္တကာဘိက အမည် ရသော ယောကျ်ားသည် ငါပေးအပ်သော စည်းစိမ်ကို ဆောင်ရွက် ခြင်းငှါ မစွမ်းနိုင်ပေလတ္တံ့။ ထိုသို့ မစွမ်းနိုင်ခြင်းကြောင့် လူများအပေါင်း- သည် ပြက်ရယ်မှုပြုလျက် စည်းဝေးဟစ်အော်သည် ဖြစ်ပေလိမ့်မည်"ဟု ကြံ၏၊ ကြံပြီး၍ကား ထိုဂန္ဓသူဌေးသည် ထိုအကြောင်းဖြစ်ပုံ အလုံးစုံကို အကုန်ကြားသိရခြင်း အကျိုးငှါ လူတို့ကို စေလွှတ်၏။

ထိုလူတို့သည် သွားရောက် ကြည့်ရှု ပြန်လာခဲ့ပြီးမှ၊ အရှင်၊ ထို- ယောကျ်ားသည် စည်းစိမ်ချမ်းသာကို ရွက်ဆောင် နိုင်ရုံမျှမက။ ဤသို့ သဘောရှိသည် ဖြစ်ပေသည်ဟု ပြော၍၊ ထိုဖြစ်ခြင်းအလုံးစုံကို အကုန် ပြန်ကြားကုန်၏၊ သူဌေးကြီးသည် ထိုစကားကို ကြား၍သာလျှင် ငါးပါး- သော အဆင်းရှိသောပီတိဖြင့် တွေ့ထိသော ကိုယ်ရှိသည်ဖြစ်၍။ "သြော်- အံ့ဘွယ်ရှိစွ၊ ထိုယောကျ်ားသည် ပြုနိုင်ခဲသောအမှုကို ပြုလုပ်ပေသည်။ ငါသည် ဤမျှလောက်သော ကာလပတ်လုံး ဤသို့သဘောရှိသော စည်း- စိမ်ချမ်းသာ၌ တည်လျက်၊ တစုံတခုသော ဒါနဝတ္ထုကို ပြုရပေးလှူခြင်းငှါ မစွမ်းနိုင်လေ"ဟု ကြံ၍၊ ထိုယောကျ်ားကို ခေါ်စေပြီးလျှင်။ အသင်သည်

၍အမည်ရှိသော အမှုကိုပြုလုပ်အပ်သော ဟူသည် ဟုတ်မှန်ပေသလောဟု မေး၍။ အရှင်၊ ဩဝ် - ဟုတ်မှန်ပါသည် ဟု ပြောသည့်ရှိသော်၊ အချင်း-ယောက်ျား၊ ယခု တထောင်သော အသပြာကိုယူ၍၊ အသင်၏ ဒါန၌ ငါ့အားလည်း ကုသိုလ်အဘို့ကို ပေးပါလော့ဟု ပြော၏၊ ထိုယောက်ျား-သည် သူဌေးပြောဆိုတိုင်းကဲ့ ပြုပေ၏၊ သူဌေးကြီးသည် ထိုယောက်ျား-အား အလုံးစုံသော မိမိ၏ ပစ္စည်းဥစ္စာကို အလယ်၌ ခွဲဝေ၍ ထက်ဝက်-သော ပစ္စည်းဥစ္စာ စည်းစိမ်ကို ပေး၏။

[ထိုယောက်ျားသည် ရုတ်ဘရက်ခဏ သူဌေးကြီး၏အထံမှ ထက်ဝက်သော စည်းစိမ်ချမ်းသာရခြင်းမှာ ဒါနဝတ္ထုကို ပြုရ-လှူဒါန်းသောအရာဝယ် သဒ္ဓါလေးပါးရှိ၏။လေးပါးဟူသော်ကား-

၁-ဝတ္ထုသဒ္ဓါတပါး။
၂-ပစ္စယသဒ္ဓါတပါး။
၃-စေတနာသဒ္ဓါတပါး။
၄-ဂုဏာတိရေက သဒ္ဓါတပါး။ ။အားဖြင့် လေးပါး အပြားရှိ၏။

ထိုလေးပါး တို့တွင် နိရောသမာပတ်မှ ထသော ရဟန္တာ အနာဂါမ်အလှူခံပုဂ္ဂိုလ်သည် ဝတ္ထုသဒ္ဓါမည်၏။

ပစ္စည်းဥစ္စာတို့၏ တရားသဖြင့် သင့်တင့်ညီညွတ်စွာ ဖြစ်ပေါ် ရရှိခြင်းသည် ပစ္စယသဒ္ဓါမည်၏။

လှူသည်မှ ရှေ့အဘို့ဖြစ်သောကာလ, လှူဆဲသောကာလ,လှူပြီး သည့်မှ နောက်အဘို့ကာလဟု ဆိုအပ်သော သုံးပါးသောကာလ တို့၌ စေတနာ၏ နှစ်သက်ဝမ်းသာသော သောမနဿနှင့် တကွ ဉာဏ်နှင့်ယှဉ်သော အဖြစ်သည် စေတနာသဒ္ဓါမည်၏။

အလှူခံပုဂ္ဂိုလ်၏ သမာပတ်မှထသောအဖြစ်သည် ဂုဏာတိ ရေကသဒ္ဓါမည်၏။ထို့ကြောင့် ရင်းအဋ္ဌကထာ၌-

စတဿောဒိ,သဒ္ဓါ နာမ ဝတ္ထုသဒ္ဓါ, ပစ္စယသဒ္ဓါ, စေ-တနာသဒ္ဓါ, ဂုဏာတိရေကသဒ္ဓါတိ။ တတ္ထ နိရောသမာပတ္တိ

တော ဝုဋ္ဌိတော အရဟာ ဝါ အနာဂါမီ ဝါ ဒက္ခိဏေယျော ဝတ္ထု။ သမ္ပဒါနာမ။ ပစ္စယာနံ ဓမ္မေန သမေန ဥပ္ပတ္တိ ပစ္စယသမ္ပဒါနာမ။ ဒါနတော ပုဗ္ဗေ ဒါနကာလေ ပစ္ဆာဘာဂေတိ တီသု ကာလေသု စေတနာယ သောမနဿသဟဂတ ဉာဏသမ္ပယုတ္တ ဘာဝေါ စေတနာသမ္ပဒါနာမ။ ဒက္ခိဏေယျဿ သမာပတ္တိတော ဝုဋ္ဌိတ-ဘာဝေါ ဂုဏာတိရေက သမ္ပဒါနာမာတိ။ ။

ဟူ မိန့်တော်မူ၏။

**အနက်ကား။** ။ဝတ္ထုသမ္ပဒါ၊ ဝတ္ထုသမ္ပဒါရင်း။ ပစ္စယသမ္ပဒါ၊ ပစ္စယသမ္ပဒါရင်း။ စေတနာသမ္ပဒါ၊ စေတနာသမ္ပဒါရင်း။ ဂုဏာတိရေကသမ္ပဒါ၊ ဂုဏာတိရေကသမ္ပဒါရင်း။ ဣတိ၊ ဤသို့။ စတဿောပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ သမ္ပဒါနာမ၊ အလှူ၏ ပြည့်စုံခြင်း သမ္ပဒါတို့မည်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုလေးပါးသော သမ္ပဒါတို့တွင်။ နိရောဓသမာပတ္တိတော၊ နိရောဓ သမာပတ်မှ။ ဝုဋ္ဌိတော၊ ထသော။ အရဟာဝါ၊ ရဟန္တာလည်း ဖြစ်သော။ အနာဂါမီဝါ၊ အနာဂါမ်လည်းဖြစ်သော။ ဒက္ခိဏေယျော၊ အလှူခံထိုက်သော ပုဂ္ဂိုလ်သည်။ ဝတ္ထုသမ္ပဒါနာမ၊ ဝတ္ထုသမ္ပဒါမည်သည်။ ဟောတိ၊ ဖြစ်၏။ ပစ္စယာနံ၊ ပစ္စည်းဥစ္စာတို့၏။ ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်သဖြင့်။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ပစ္စယသမ္ပဒါနာမ၊ ပစ္စယသမ္ပဒါမည်သည်။ ဟောတိ၊ ဖြစ်၏။ ဒါနတော၊ ပေးလှူသည်မှ။ ပုဗ္ဗေ၊ ရှေး၌။ ဒါနကာလေ၊ လှူဆဲသောကာလ၌။ ပစ္ဆာဘာဂေ၊ နောက်အဘို့၌။ ဣတိ၊ ဤသို့။ တီသုကာလေသု၊ သုံးပါးသောကာလ တို့၌။ စေတနာယ၊ စေတနာ၏။ သောမနဿသဟဂတ ဉာဏ-သမ္ပယုတ္တဘာဝေါ၊ သောမနဿ သဟဂုတ် ဉာဏသမ္ပယုတ်၏ အဖြစ်သည်။ စေတနာသမ္ပဒါနာမ၊ စေတနာသမ္ပဒါ မည်သည်။ ဟောတိ၊ ၏။ ဒက္ခိဏေယျဿ၊ အလှူခံထိုက်သောပုဂ္ဂိုလ်၏ သမာ ပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌိတဘာဝေါ၊ ထမြောက်သောအဖြစ်-သည်။ ဂုဏာတိရေကသမ္ပဒါနာမ၊ ဂုဏာတိရေကသမ္ပဒါမည်သည်။ ဟောတိ။ ၏။ ဣတိ၊ ဤသို့။ ဒဠှဖွံ့မှတ်အပ်၏။ ။ဤကားအနက်။

ထိုယောက်ျား၏ အသွယ်ဒါနသည် သေးပါးသော သမ္ပဒါတို့နှင့် ညီညွတ်ပြည့်စုံ၏။ ညီညွတ်ပြည့်စုံပုံဟန်ကား-

၁-ဤယောက်ျား၏ အလှူခံပုဂ္ဂိုလ်သည် ရဟန္တာ ဖြစ်သော ပစ္စေကဗုဒ္ဓါအလှူခံပေတည်း။

၂-အခစားအမှုကိုပြုလုပ်၍ ရအပ်သောပစ္စည်းဖြစ်သဖြင့် တရားသဖြင့်ဖြစ်သော ပစ္စည်းတည်း။

၃-မလှူမီ,လှူဆဲ,လှူပြီးဟူ ဆိုအပ်သောသုံးပါးသော ကာလတို့၌ စင်ကြယ်သော စေတနာ ရှိသည့် အဖြစ်ကြောင့် စေတနာ သမ္ပဒါဖြစ်၏။

၄-သမာပတ်မှ ထမြောက်ကာမျှ ဖြစ်သော ပစ္စေကဗုဒ္ဓါ အရှင်သည်ဂုဏာတိရေကဖြစ်၏။ ။ဤသို့အားဖြင့် လေးပါးကုန်သော သမ္ပဒါတို့သည် ပြည့်စုံကုန်၏။ ထိုလေးပါးသောသမ္ပဒါတို့၏ အစွမ်းသတ္တိဖြင့် မျက်မှောက်သောကိုယ်၏ အဖြစ်၌သာလျှင် ကြီးစွာသော စည်းစိမ်ချမ်းသာသို့ ရောက်လေသတည်း။]

## ဘတ္တဘတိကသူဌေးကြီး။

နောက်အခါ၌လည်း မင်းကြီးသည် ဤယောက်ျားပြုလုပ်သောအမှုကို ကြားသိ၍ ထိုယောက်ျားကိုခေါ်စေပြီးလျှင် တထောင်သောအသပြာကို ပေး၍ ကုသိုလ်အဘို့ကိုယူပြီးမှ နှစ်သက်သောစိတ်ရှိသဖြင့် ကြီးစွာသော စည်းစိမ်ချမ်းသာကို ချီးမြှင့်၍ သူဌေးကြီးအရာကို ပေးသနားတော်မူ၏။ ထိုသူဌေးအား ဘတ္တဘတိကသူဌေးဟူသော အမည်ကိုပြု၏။ ထိုဘတ္တ-ဘတိကသူဌေးသည် ဂန္ဓသူဌေးနှင့် အတူတကွ အပေါင်းအဖော် ဖြစ်၍ တနေရာတည်း၌အတူတကွ စားသောက်ခြင်း စသည်ကိုပြုလျက် အသက်ရှည်သမျှကာလပတ်လုံး တည်နေလျက် ထိုသူဌေး၏ဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်၏။တဆူသော ဘုရားရှင်၏အကြား ကာလပတ်လုံး နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို အစဉ်ခံစား၍ ဂေါတမဘုရား ပွင့်-တော်မူသောဤယခုအခါ၌ သာဝတ္ထိပြည်ဝယ် သာရိပုတ္တရာမထေရ်၏ အလုပ်အကျွေး အမျိုးအိမ်၌ ပဋိသန္ဓေတည်နေ စွဲယူလေ၏။

ထိုနောက် သူငယ်၏မိခင်သည် ရှေးအပ်သောကိုယ်ဝန်၏ အစောင့်-အရှောက်ရှိသည်ဖြစ်၍ နှစ်ရက်သုံးရက်ကိုလွန်သဖြင့် "ငါသည် ငါးရာကုန်သော ရဟန်းတို့နှင့်အတူတကွ သာရိပုတ္တရာမထေရ်အား သာဘရသမည်သောဘောဇဉ်ကို ပေးလှူ၍ ဖန်ရည်စွန်းသောအဝတ်တို့ကို ဝတ်ရုံပြီးသည့်ကာလ ရွှေခွက်ငယ်ကိုယူပြီးလျှင် အစွန်အဆုံးဖြစ်သောနေရာ၌ ထိုင်နေလျက် ထိုရဟန်းတို့၏ စားကြွင်းကို သုံးဆောင် စားသောက်ရပါမူကား ကြော်-ကောင်းလေစွ"ဟူသော ချင်ခြင်းသည်ဖြစ်၍ ထိုချင်ခြင်းဖြစ်တိုင်းသာလျှင် ပြုလုပ်ပြီးသည့်ကာလ ချင်ခြင်းကိုပယ်ဖျောက်စေ၏။

**သုခကုမာရသတို့သား။**

ထိုအမျိုးသမီးသည် ကြွင်းသော မင်္ဂလာတို့၌လည်း ထိုသို့သဘောရှိသောအလှူဒါနကိုပေးလှူ၍ သားကိုဖွါးမြင်ပြီးသော် အမည်မှည့်အံ့သောနေ့၌ အရှင်ဘုရား၊တပည့်တော်မ၏သားအား သိက္ခာပုဒ်တို့ကိုပေးသနားတော်မူပါ ကုန်လော့ဟု အရှင်သာရိပုတ္တရာ မထေရ်ကို လျှောက်၏။ မထေရ်က ဤသူငယ်အား အဘယ်အမည်ရှိသနည်းဟု မေးတော်မူ၏။ အရှင်ဘုရား၊ တပည့်တော်မ၏သား ပဋိသန္ဓေတည်နေသောကာလမှစ၍ ဤအိမ်၌ တစုံတရသော ဆင်းရဲဒုက္ခမည်သည် မဖြစ်ဘူးပါ၊ထိုကြောင့် တပည့်တော်မ၏ ထိုသူငယ်အား"သုခကုမာရ"ဟူသော အမည်သည် ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြားသည်ရှိသော် သူငယ်၏ ထိုအမည်ကိုသာလျှင်ယူ၍ သိက္ခာပုဒ်တို့ကို ပေးသနားတော်မူ၏။

ထိုအခါ သူငယ်၏မိခင်သည် "ငါ့သားငယ်၏ အလိုဆန္ဒ အဇ္ဈာသယကို ငါသည် အဘယ်အခါကာလမှ မဖျက်ဆီးအံ့"ဟု စိတ်အကြံသည်ဖြစ်၏။ ထိုအမျိုးသမီးသည် သားငယ်၏ နားထွင်းမင်္ဂလာ စသည်တို့၌လည်း ရှေးနည်းအတူသာလျှင် အလှူဒါနကိုပေးလှူ၏။

သတို့သား သည်လည်း ခုနစ်နှစ်သား အရွယ်သို့ ကျရောက်သောအခါ၌ မိခင်၊အကျွန်ုပ်သည် မထေရ်၏အထံ၌ ရဟန်းပြုခြင်း၌ အလို-ရှိပါသည်ဟု ခွင့်ပန်၏။ မိခင်က ချစ်သား၊ ကောင်းပါပြီ၊ ငါမိခင်သည် အသင်ချစ်သား၏ အလိုဆန္ဒ အဇ္ဈာသယကို မဖျက်ဆီးပါအံ့ ဟူသော အကြံသည်ရှိပေ၏ဟု ပြောဆိုပြီးမှ မထေရ်ကို ပင့်ဖိတ်၍ ဆွမ်းကျွေးပြီး

သော် အရှင်ဘုရား၊ တပည့်တော်မ၏ သားသည် ရဟန်းပြုခြင်း၌ အလိုရှိပါသည်။ ဤသူငယ်ကို တပည့်တော်မသည် ညချမ်းသောအခါ၌ ကျောင်းတော်သို့ ဆောင်ခဲ့ပါအံ့ဟု လျှောက်ထား လွှတ်သိုက်ပြီးလျှင် ဆွေမျိုးအပေါင်းတို့ကို စည်းဝေးစေ၍ ငါ၏သားငယ်အား လူအဖြစ်၌ ပြုလုပ်ချီးမြှင့်ဘွယ်ရာ စည်းစိမ်ချမ်းသာ အမှုကိစ္စဟူသမျှကို ယနေ့ပင် လျှင် ချီးမြှင့်ခြင်းကို ပြုကုန်အံ့ဟုပြောဆို၍ သားငယ်ကို တန်းဆာဆင်ပြီး သော် ကြီးစွာသော အသရေဖြင့် တင့်တယ်ခြင်းဖြင့် ကျောင်းသို့ဆောင် ယူ၍ မထေရ်အားဆောင်နှင်းအပ်နှံ၏။

## ခုနစ်နှစ်သား သာမဏေ။

မထေရ်သည်လည်း ထိုသူငယ်ကို ဒါသာ သူငယ်၊ ရဟန်းအဖြစ် မည်သည်ပြုနိုင်ခဲ၏။ အသင်သည် မွေ့လျော်ခြင်း၌ စွမ်းနိုင်အံ့လော ဟု မေးတော်မူ၍ အရှင်ဘုရား၊ အရှင်မြတ်တို့၏ အဆုံးအမ ဩဝါဒအရာကို လိုက်နာပြုလုပ် နိုင်ပါလိမ့်မည်ဟု သူငယ်က လျှောက်ထားသည်ရှိသော် ကမ္မဋ္ဌာန်းကို ပေး၍ ရှင်ပြု၏။ သူငယ်၏ မိခင် ဘခင် တို့သည်လည်း သူငယ်အား ရဟန်းပြုပြီးသည်ရှိသော် ပုဗ္ဗေသညာရကို ပြုကုန်လျက် ကျောင်းတော်၏ အတွင်း၌ သာလျှင် ခုနစ်ရက် ပတ်လုံး ဘုရားအမှူး ရှိသောသံဃာအား သာရသဘောဇဉ်ကိုပေးလှူ၍ ညချမ်းသောအခါ၌ မိမိ၏အိမ်သို့ ပြန်သွားကုန်၏။

ရှစ်ရက်မြောက်သော်နေ့၌ သာရိပုတ္တရာမထေရ်သည် ရဟန်းသံဃာ-တော်အပေါင်း ဆွမ်းခံကြွဝင်သည်ရှိသော် သာမဏေကိုသပိတ်သင်္ကန်း ယူစေလျက် ရွာသို့ဆွမ်းအလို့ငှါ ကြွဝင်တော်မူလေ၏။ သာမဏေသည် လမ်းခရီးအကြား၌ မြောင်းတူးသောသူ, မြားဖြောင့်သောသူ, သစ်ခွေ သောသူတို့ကို တွေ့မြင်၍ ရှေး၌ပြဆိုအပ်ခဲ့ပြီးသော ပဏ္ဍိတသာမဏေ ကဲ့သို့ပင်မေး၏။ မထေရ်သည်လည်း ထိုသာမဏေအား ပဏ္ဍိတသာမ-ဏေကိုဖြေကြားဘိသကဲ့သို့သာလျှင် ဖြေကြားတော်မူ၏။ သာမဏေသည် ထိုအကြောင်းတို့ကိုကြား၍ အရှင်ဘုရား၊ အရှင်မြတ်ဘုရားသည် မိမိ၏ သပိတ် သင်္ကန်းကို အရကယ်၍ ယူကုန် သည်ဖြစ်အံ့ တပည့်တော် ဆုတ်နစ်ပြန်လည်လိုပါသည်ဟု လျှောက်ကြားသည့်ကာလ မထေရ်သည် ထိုသာမဏေ၏ အဇ္ဈာသယကို မဖျက်ဆီးမူ၍ ငါ့ရှင်သာမဏေ၊ ငါ၏

သဝိတ် သက်န်းကို ပေးဘိလော့ဟု မိန့်တော်မူ၍ သပိတ် သင်္ကန်းကို ယူအံ့သည်ရှိသော် မထေရ်ကိုရှိခိုး၍ ဆုတ်နစ်ပြန်လည်လျက် အရှင်-ဘုရား၊ တပည့်တော်အား အစာအာဟာရကို ဆောင်ယူခဲ့သည်ရှိသော် သဘာရသဘောဇဉ်ကို ဆောင်ယူတော်မူခဲ့ပါလော့ဟု လျှောက်၏။

ငါ့ရှင်သာမဏေ၊ ထိုသဘာရသဘောဇဉ်ကို အဘယ်အရပ်မှာရနိုင်ပါအံ့နည်းဟု မိန့်တော်မူလျှင်အရှင်ဘုရား၊ကိုယ်တော်အရှင်မြတ်၏ ကောင်းမှုဘုန်းကံကြောင့် မရသော်လည်း တပည့်တော်၏ ကောင်းမှုဘုန်းကံဖြင့် ရပါကုန်လတ္တံ့ဟု လျှောက်ထားလိုက်၏။

## သိကြားမင်းနှင့် နတ်မင်းကြီးတို့က စောင့်ခြင်း။

ထိုအခါ မထေရ်သည် သာမဏေအား သံကောက်ကိုပေး၍ ရွာသို့ဆွမ်းခံခြင်းအလို့ငှါ ကြွဝင်တော်မူ၏။ သာမဏေသည်လည်း ကျောင်းတော်သို့ ပြန်လာ၍ မထေရ်၏ တိုက်ခန်းကို ဖွင့်ဝင်ပြီးသည့် ကာလ တံခါးကိုပိတ်ပြီးသော် မိမိ၏ခန္ဓာကိုယ်၌ ဉာဏ်ကိုသက်စေ၍ထိုင်နေ၏။ ထိုသာမဏေ၏ ဂုဏ်ကျေးဇူးတန်ခိုးရှိန်ကြောင့် တာဝတိံသာပြည်ဝယ် သိကြားမင်း၏နေရာသည် ပူလောင်သောအခြင်းအရာကိုပြ၏။ သိကြားမင်းသည် ထို အကြောင်းသည် အသို့ပေနည်း ဟု ကြည့်ရှုသည်ရှိသော် သာမဏေကိုမြင်၍ သုခသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်သင်္ကန်းကို အပ်နှံခဲ့ပြီးလျှင် ရဟန်းတရားကို အားထုတ်ပြုလုပ်မည် ဟု ဆုတ်နစ်ပြန်လည်၏။ ငါသည် ထိုအရပ်သို့သွားခြင်းငှါ အပ်၏ဟုကြံ၍ လေးယောက်သော နတ်မင်းကြီးတို့ကို ခေါ်စေပြီးလျှင် အမောင်တို့၊ သွားတဲ့ကြကုန်လော့။ ကျောင်း၏အနီး၌ မကောင်းသောအသံရှိကုန်သော ငှက်တို့ကို ပြေးစေကြကုန်လောဟု စေခိုင်း၏။ နတ်မင်းကြီးတို့သည်လည်း သိကြားမင်း စေခိုင်းသည့်အတိုင်း ပြုလုပ်၍ အနီး၌အစောင့်အရှောက်ကို ယူကြကုန်၏။

လနတ်သား နေနတ်သား တို့ကိုလည်း မိမိ၏ ဗိမာန်တို့ကို ကိုင်ယူဆွဲငင်၍ တည်ကြကုန်လော့ဟု စေခိုင်း၏။ ထိုလနတ်သား နေနတ်သားတို့သည်လည်း သိကြားမင်းစေခိုင်းသည့်အတိုင်း ပြုကြကုန်၏။ ကိုယ်-တိုင်လည်း လှည့်လည်ရာဖြစ်သော အရပ်၌ အစောင့်အရှောက်ကိုယူ၏။

ကျောင်းသည့် အသံကင်းတိတ်ဆိတ်သည် ဖြစ်လေ၏။ သာမဏေသည် တည်ကြည်သော စိတ်ရှိသဖြင့် ဝိပဿနာကို ပွါး၍ သုံးပါးသောဖိုလ် တို့သို့ ရောက်လေ၏။

အရှင်သာရိပုတြာရာမထေရ်သည် သာမဏေက သတရသဘောဇဉ်ကို ဆောင်ယူခဲ့ပါလော့ဟု ငါ့အားလျှောက်ထားလိုက်သည်။ အဘယ်သူ၏ အိမ်၌ရခြင်းငှါ တတ်ကောင်းပါအံ့နည်းဟု ကြည့်ရှုတော်မူသည်ရှိသော် အဖျှာသာသနှင့်ပြည့်စုံသော တဦးသော အလုပ်အကျွေးအိမ်ကိုမြင်တော် မူ၍ ထိုအမျိုးအိမ်သို့ ကြွသွားသည်ရှိသော် အရှင်ဘုရားတို့၊ အရှင်မြတ် တို့အား ယနေ့တပည့်တော်တို့၏ နေအိမ်သို့ ကြွလာတော်မူခြင်းတို့ဖြင့် ကောင်းစွာ ပြုအပ်ပေ၏ဟု နှစ်သက်ရွှင်လန်းသော စိတ်ရှိကုန်သော ထို အလုပ်အကျွေး ဒါယကာ ဒါယိကာမ တို့သည် သပိတ်ကို ယူ၍ မထေရ်ကိုထိုင်နေ သီတင်းသုံးစေပြီးလျှင် ယာဂုခဲဖွယ်ကိုပေးလှူပြီးသည့် ကာလ ဆွမ်းစားချိန်ကာလတိုင်အောင် တရားစကားကို လျှောက်ကြား တောင်းပန်သောကြောင့် ထိုဒါယကာ ဒါယိကာမတို့အားအသက်ထက် ဆုံး နှလုံးသွင်းအပ် အောက်မေ့အပ်သော တရားစကားကို ဟောကြား တော်မူပြီးလျှင် အခါကာလကိုမှတ်၍ ဒေသနာကိုပြီးဆုံးစေ၏။

ထိုအခါ မထေရ်အားသတရသဘောဇဉ်ကိုပေးလှူသော် ထိုဘောဇဉ် ကိုခံယူ၍ ကြွသွားတော်မူလိုသော မထေရ်ကို မြင်ရသည် ရှိသော်၊ အရှင်ဘုရားတို့၊ ဘုန်းပေးတော်မူပါကုန်ဦးလော့။ တပါးလည်းဖြစ်သော အဘို့ကိုပေးလှူပါကုန်ဦးအံ့ဟု လျှောက်ထားပြီးမှ မထေရ်ကိုဆွမ်းကျွေး ပြီးလျှင် တဖန်သပိတ်ပြည့်မျှလောက်သောဘောဇဉ်ကို ပေးလှူကြကုန်၏။ မထေရ်သည် ထိုဘောဇဉ်ကိုယူ၍ သာမဏေသည် မွတ်သိပ်ဆာလောင် လှချေမည်ဟု ဆောဆောလျင်လျင် ကျောင်းတော်သို့ ကြွသွားလေ၏။

## မြတ်စွာဘုရားကိုယ်တော်တိုင်ထွက်ကြွ၍တန့်ရပ်တော်မူခြင်း။

ထိုနေ့ပတ်လုံး မြတ်စွာဘုရားသခင်သည် နံနက်စောစော ကပင်လျှင် ကျောင်းတော်မှထွက်၍ ဂန္ဓကုဋိတိုက်၌ထိုင်နေတော်မူလျက်ဆင်ခြင်တော် မူ၏။ ယနေ့သုခသာမဏေသည် ဥပဇ္ဈာယ်ဆရာအား သပိတ်သင်္ကန်းကို ပေးအပ်၍ ရဟန်းတရားကို ပြုလုပ်အားထုတ်အံ့ဟု ဆုတ်နစ်ပြန်လည်

လာ၏။ အသို့နည်း ထိုသာမဏေအား ကိစ္စပြီးဆုံးအံ့လောဟု ဆင်ခြင်တော်မူသည်ရှိသော် ထိုသာမဏေသည် သုံးပါးကုန်သော မဂ်ဖိုလ်တို့သို့ ရောက်အံ့သည့်အဖြစ်ကို မြင်တော်မူ၍ ယနေ့ ဤသာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါစွမ်းနိုင်လတ္တံ့လောဟု အထက်သို့တက်၍ တဖန်အလွန်အားဖြင့်လည်း စူးစမ်းဆင်ခြင်ပြန်သည်ရှိသော် သာရိပုတ္တရာသည် "ငါ၏သာမဏေငယ်သည် ဆာလောင်မွတ်သိပ် လှရော့မည်ဟု လျှင်စွာသောအဟုန်ဖြင့် ဆွမ်းကိုယူဆောင်၍ရွာမှထွက်လာ၏။ အကယ်၍ ဤသာမဏေသည် အရဟတ္တဖိုလ်သို့ မရောက်မီ ဆွမ်းကို ဆောင်ယူပေးမိသည်ဖြစ်အံ့ ဤသာမဏေအား အရဟတ္တဖိုလ်၏အန္တရာယ်ဖြစ်ပေလတ္တံ့။ ငါဘုရားကြွသွား၍ တံခါးမုတ်၌ အစောင့်အရှောက်ကိုယူခြင်းငှါ အပ်၏ဟု ကြံတော်မူ၍ ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော် မူပြီးလျှင် တံခါးမုတ်၌ တန့်ရပ်တော်မူ၍ အစောင့် အရှောက်ကိုယူ၏၊ မထေရ်သည်လည်း ဆွမ်းကိုဆောင်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတ္တရာ မထေရ်ကို အောက်ဖြစ်သော ပဏ္ဍိတသာမဏေဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သာလျှင်လေးပါးကုန်သောပြဿနာတို့ကို မေးတော်မူ၏၊ မထေရ်ကလည်း ဖြေဆိုတော်မူ၏၊ အမေးအဖြေ၏အဆုံး၌သာမဏေသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

မြတ်စွာဘုရားသခင်သည် မထေရ်ကိုခေါ်တော်မူ၍ ချစ်သားသာရိပုတ္တရာ၊ သွားတဲ့ချေ" အသင်၏ သာမဏေအား ဆွမ်းကိုပေးဘိလော့ဟု မိန့်တော်မူ၏။ မထေရ်သည် ကြွသွား၍ တံခါးကို ခေါက်တော်မူ၏။ သာမဏေသည်ထွက်လာ၍ ဥပဇ္ဈာယ်ဆရာအား ဝတ်ကိုပြုလျှင် ငါ့ရှင်သာမဏေ၊ ဆွမ်းစားခြင်းကိစ္စကို ပြုလေလော့ဟု မိန့်တော်မူသည်ရှိသော် မထေရ်အား ဆွမ်းဖြင့်အလိုမရှိသည့် အဖြစ်ကိုသိ၍ ခုနစ်နှစ်သာရှိသော သတို့သားငယ်သည် ထိုခဏ၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်၍ နိဗ္ဗာန်တည်းဟူသော တည်ရာရပ်ဌာနကို ဉာဏ်ဖြင့်ဆင်ခြင်လျက် ဆွမ်းစားခြင်းကိစ္စကိုပြုလျက် သပိတ်ကိုဆေး၏။

ထိုအခါ၌ လေးယောက်သော နတ်မင်းကြီးတို့သည် အစောင့်အရှောက်လွှတ်ကုန်၏။ လ,နတ်သား နေ,နတ်သားတို့သည်လည်း ဗိမာန်

တို့ကို လွှတ်ကြကုန်၏။ သို့ကြား, နတ်မင်းသည်လည်း လှည့်လည်ရာ အရပ်၌ အစောင့်အရှောက်ကို လွှတ်၏။နေမင်းသည် ကောင်းကင်အလယ် ဖြစ်သော မွန်းတည့်ရာ အရပ်ကို လွန်မြောက်သည်ဖြစ်၍သာ ထင်၏။ ရဟန်းတို့သည်၊ ညချမ်းသောအခါသည် ထင်၏။ သာမဏေသည်လည်း ဤယခုအခါ၌သာလျှင် ဆွမ်းစားခြင်းကိစ္စကို ပြုအပ်ပေ၏။အသို့ပေနည်း၊ ယနေ့ နံနက်အခါသည် အားကြီး ကြာမြင့်သည် ဖြစ်လေသလော၊ ညချမ်း သော အခါကာလသည် နည်းလေသလောဟု ပြောဆိုကုန်၏၊

## သောတာပန်စသည် တည်ခြင်း။

မြတ်စွာဘုရား သခင်သည် ကြွတော်မူလာ၍။ ချစ်သား ရဟန်းတို့၊ ငါဘုရား ကြွလာတော်မူဆဲသော ဤယခုအခါ၌ အဘယ် မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်ဘိသနည်း ဟု မေးတော် မူသည့်ကာလ။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ယနေ့သည် အခါခပ်သိမ်းနှင့် မတူမူ၍၊နံနက် အခါသည် အားကြီးကြာမြင့်ခြင်း ဖြစ် ပါသည်။ ညချမ်း အခါသည် နည်းပါသည်၊ သာမဏေ သည်လည်း ဤယခုပင်လျှင် ဆွမ်းစားခြင်း ကိစ္စကို ပြုအပ်ပါသည်။ ထိုသာမဏေ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသည်နှင့် တပြိုင်နက် တချက်တည်း၊ နေသည် မွန်းတည့်ကို လွန်မြောက်သည် ဖြစ်၍သာလျှင် ထင်ပါသည်ဟု လျှောက်-ကုန်သည်ရှိသော်။ ချစ်သားရဟန်းတို့၊ ကောင်းမှု ရှိကုန်သော ပုဂ္ဂိုလ် တို့အား ရဟန်းတရားကို အားထုတ် ပြုလုပ်သော အခါ၌ ဤသို့သော အခြင်းအရာဖြင့်သာလျှင် ဖြစ်တတ်သည်။

ထိုစကားမှန်၏။ ယနေ့ လေးယောက်ကုန်သော နတ်မင်းကြီးတို့သည် အနီးဖြစ်သောအရပ်၌ အစောင့်အရှောက်ကို ယူကြကုန်၏။ လ,နတ်သား နေ,နတ်သားတို့သည် ဗိမာန်တို့ကို ကိုင်ငင်ဆွဲယူ၍ တည်ကုန်၏။ သို့ကြား နတ်မင်းသည် လှည့်လည်ရာအရပ်၌ အစောင့်အရှောက်ကို ယူ၏။ယနေ့ သုခသာမဏေသည် မြောင်းဖြင့်ရေကို ဆောင်ယူကုန်သော သူတို့ကိုရင်း၊ မြားကို ဖြောင့်ကုန်သော မြားသမားတို့ကိုရင်း၊ လှည်းဘီးစက်စသည်ကို ပြုလုပ်ကုန်သော သစ်ခွဲယောကျ်ား လက်သမားတို့ကိုရင်း တွေ့မြင်၍

မိမိကိုယ်ကို ဆုံးမပြီးသည့်ကာလ၊ အရဟတ္တဖိုလ်သို့ရောက်လေသည် ဟု မိန့်တော်မူပြီး၍-

ဥဒကဉှိ နယန္တိ နေတ္တိကာ၊ ဥသုကာရာ ဒမယန္တိ တေဇနံ။
ဒါရုံ ဒမယန္တိ တစ္ဆကာ၊ အတ္တာနံ ဒမယန္တိ သုဗ္ဗတာ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ-ပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။နေတ္တိကာ၊ လယ်ၾပင်တောင်သူ၊ ရေယူသော သူတို့သည်။ ဥဒကံ၊ ရေကို။ နယန္တိ၊ မြောင်းကြီး,မြောင်းငယ်၊ ငင်သွယ် ယူဆောင် ကုန်၏။ ဥသုကာရာ၊ မြားသမားတို့သည်။ တေဇနံ၊ ကောက်ကွေ့သော မြားကို။ ဒမယန္တိ၊ မီးဖြင့်ပြ၍၊ ဖြောင့်ကြကုန်၏။ တစ္ဆကာ၊ သစ်ရွေ-ယောက်ျား လက်သမားတို့သည်။ ဒါရုံ၊ ဘာသာအလျောက်၊ တောမြိုင် အောက်၌။ ပေါက်ရောက် ကြီးပွါးသော သစ်ကို။ ဒမယန္တိ၊ ရွေကြကုန်၏။ သုဗ္ဗတာ၊ ဆိုဆုံးမလွယ်သော သူတော်ကောင်း တို့သည်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒမယန္တိ၊ မဂ္ဂနယ၊ နည်းလမ်းပြ၍၊ ဆုံးမကြကုန်၏။

ဓမ္မပဒ ဒဏ္ဍဝဂ်၌ တဆဲ့တခုမြောက်ဖြစ်သော သုခသာမဏေ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

ဣတိ ဟံသာဝတီနဂရသာ တိဂုမ္ဘစေတိယာသ ဥတ္တ ရာနု ဒိသာဘာဂေ မဟာအာရာမိကဝိဟာရေ ဝသန္တေန စန္ဒိမာတိလဒ္ဓနာမေန အဘိဓဝသိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသေန္တာကတေ ဓမ္မပဒဋ္ဌေ မဟာပကရဏေ ဒဏ္ဍဒဏ္ဍာဿ ဝဂ္ဂဿ မရမ္မဘာ-သတ္ထော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ ဆယ်ခုမြောက်ဖြစ်သော ဒဏ္ဍဝဂ်ကား ဤတွင်ရွေ့ပြီး၏။

## ၁၁-ဇရာဝဂ်။ ၁-ဝိသာခါ၏ အပေါင်းမိန်းမတို့ဝတ္ထု။

**ကိန္နု ဟာသော ကိမာနန္ဒော။** ။အစရှိသော၊သုဘမင်္ဂလာ၊ဩဇာ-သာရ၊ ဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ နှစ်ဖြာ,နှစ်ဘန်၊ ပစ္စုပ္ပန် တမလွန် ဖြစ်သော သောက၌၊ အကျိုးဖလ၊မရမဖြစ်၊ အပြစ်သာ များကုန်သော၊ ဆယ်ပါးကုန်သော သုရာမေရယတို့ကို မစားမသုံးရအောင်၊ ဘော်ပြ-အသစ်၊ယင်းသနစ်ဖြင့်၊ တားမြစ်ဆုံးမတော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ပင်ကသစ်ရုံ၊ဒေဝတုံဝယ်၊ဘုံကြဋ္ဌန်းအောက်၊ တနန်းဆောက် ဘိသို့၊အုံ့လောက် မခန်း၊လမ်းအသွယ်သွယ်၊အိမ်ငယ်,အိမ်ကြီး၊တိုက်ကြီး, တိုက်လတ်၊ အထပ်ထပ်သော ပြာသာဒ်၊ နန်းချပ် မြို့ရိုး၊ ပြအိုး ပစ်စင်၊ အမြောက်တင် ထိုထို၊သူရဲခို ရင်တား၊စသောအားဖြင့်၊ကြီးမား အဖြာဖြာ၊ မြို့အင်္ဂါပြည့်စုံသော၊ဘုံသာဝတ္ထိ၊နရတ်တောင်စွန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်း စံပယ်တော်မူသော ကာလ။ဝိသာခါဒါယိကာမ၏အပေါင်း အပေါင်းမ ဖြစ်ကုန်သော ငါးရာကုန်သော မိန်းမတို့ကို မူ၍တည်၍၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ငါးရာကုန်သော အမျိုးသား တို့သည်“ဤသို့ ပြုလုပ်ထားသည်ရှိသော်၊ငါတို့၏ မယားဖြစ်သော ဤ-မိန်းမတို့သည် မမေ့မလျော့သော နေခြင်း ရှိကုန်သည် ဖြစ်ပေကုန်လိမ့် မည်”ဟု ကြံ၍၊ မိမိ မိမိ၏ မယားတို့ကို ဝိသာခါဒါယိကာမသို့ ဝန်ခံ စေပြီးသည့် ကာလ၊ဆောင်နှင်းအပ်နှံ၍ ထားကြကုန်၏၊ ထိုမိန်းမတို့သည် ဥယျာဉ်သို့ရင်း၊ ကျောင်းသို့ရင်း၊ သွားကြကုန်သည် ရှိသော်၊ ဝိသာခါ ကျောင်းအမနှင့် အတူတကွ သာသျှင် သွားကုန်၏ ထိုမိန်းမတို့သည် တပါးသောအခါ၌ ခုနစ်ရက်ပတ်လုံး သုရာသဘင်သည် ဖြစ်လတ္တံ့ ဟု သဘင်ကို ကြွေးကြော်အပ်သည်ရှိသော်၊ မိမိအရှင် ခင်ပွန်း လင်တို့၏ အလို့ငှါ သောက်ဖို့စီရင်ကြကုန်၏။ထိုခင်ပွန်းလင်ယောက်ျားတို့သည်ခုနစ်ရက် ပတ်လုံး သုရာသဘင်ကို ကစား၍ ရှစ်ရက်မြောက်သော နေ့၌ အမှု-ပြုလုပ်ခြင်းငှါ ထွက်ဝင်သွားလာကုန်၏။

## အရက်သောက်သော မိန်းမငါးရာ။

ထိုမိန်းမတို့ သည်လည်း "ငါတို့သည် ခင်ပွန်း လင်ယောကျ်ားတို့၏ မျက်မှောက်၌ ငသေကိုသောက်ခြင်းငှါ မရကုန်။ ကြွင်းကုန်သော သေ-တို့သည်ရှိကုန်၏။ ဤသေတို့ကို အကြင်သို့သော အခြင်းအရာဖြင့် ငါတို့ သောက်အံ့သည်ရှိသော်။ ထိုခင်ပွန်း လင်ယောကျ်ားတို့သည် မသိကုန်။ ထိုသို့သောအခြင်းအရာဖြင့် သောက်ကုန်အံ့" ဟု ကြံကုန်လျက်၊ ဝိသာခါ၏ အထံသို့ သွားပြီးသည့်ကာလ။ အရှင်မ၊ ငါတို့သည် ဥယျာဉ်ကို လှည့်လည် ရှုမြင်ခြင်းငှါ အလိုရှိပါသည်ဟု ပြော၍၊ မိခင်တို့၊ ကောင်းပြီ၊ ထိုသို့-တပြီးကား၊ ပြုလုပ်ဘွယ်ကိစ္စ အမှုဟူသမျှတို့ကို စီမံပြုရ၍ ထွက်ကြကုန်လော့ဟု ဆိုသည်ရှိသော်၊ ထိုဝိသာခါနှင့် အတူတကွ ဖုံးကွယ်သော အခြင်းအရာဖြင့် သေကိုထုတ်ဆောင်စေ၍ ဥယျာဉ်၌သေကို သောက်-ပြီးသော်၊ မေ့လျော့ကုန်သည်ဖြစ်၍ လှည့်လည်ကုန်၏၊

ဝိသာခါသည်လည်း "ဤမိန်းမတို့သည် မသင့်မလျောက်ပတ်သော အမှုကို ပြုအင်ပေ၏။ ဤယခုအခါ၌ ရဟန်းဂေါတမ၏ တပည့်မ ဖြစ်သော ဝိသာခါသည် သေကိုသောက်၍ လှည့်လည်ဘိသည် ဟု တိတ္ထိတို့သည် ကဲ့ရဲ့ရှုတ်ချကုန်လတ္တံ့" ဟု ကြံ၍၊ ထိုမိန်းမတို့ကို "မိခင်တို့၊ အသင်တို့သည် မသင့်မလျော်သော အမှုကို ပြုအပ်၏။ ငါ့အားလည်း အရှိန်အစော် အကျော်အစောမဲ့ကို ဖြစ်စေအပ်၏၊ အသင်တို့၏အရှင် လင်ယောကျ်ား တို့သည် အသင်တို့အား အမျက်ထွက်ကုန်လတ္တံ့။ ယခုအခါ၌ အသင် တို့သည် အဘယ်သို့ ပြုကုန်လတ္တံ့နည်း" ဟု ပြော၏။ အရှင်မ၊ ငါတို့သည် သူနာ၏ အခြင်းအရာကိုပြ၍ ဖြောင်းဖြပြောဆိုကုန်အံ့ဟု ပြော၏။ မိခင်တို့၊ ထိုသို့တပြီးကား မိမိ၏ ပြုအပ်သော ကံသည်ပင်လျှင် အသင်တို့အား ထင်ရှား ပါကုန်လတ္တံ့ ဟု ပြောဆိုပြီးမှ၊ ထိုမိန်းမတို့သည် အိမ်သို့ ပြန်သွား၍၊ မကျန်းမမာ ရောဂါစွဲကပ်သောသူနာ၏ အမူအရာကို ပြုကြကုန်၏၊

ထိုအခါ ထိုမိန်းမတို့၏ အရှင် လင်ယောကျ်ား တို့သည် ဤအမည် ရှိသော သူတို့သည် အဘယ်မှာနည်း ဟု မေး၍၊ မကျန်းမမာ ဖျားနာ၍ ရှိပါကုန်သည်ဟု ပြောသဖြင့် ကြားသိရကုန်သည် ရှိသော်၊ မချွတ်စင်စစ်

ထိုမိန်းမတို့သည် ကြွင်းကျန်၍ ရှိသော သေတို့ကို သောက်ကုန်သည် ဖြစ်ကုန်လိမ့်မည် ဟု မှတ်၍၊ ထိုမိန်းမတို့ကို ပုတ်ခတ် ညှဉ်းပန်းပြီးလျှင်၊ အချည်းနှီး ပျက်စီးခြင်းသို့ ရောက်စေကုန်၏၊ ထိုမိန်းမတို့သည် နောက်-အဘို့ဖြစ်သော သဘင်အကြိမ်၌လည်း၊ ရှေးနည်းအတူသာလျှင် သေကို သောက်လိုကုန်သည် ဖြစ်သောကြောင့်၊ ဝိသာခါသို့ ချဉ်းကပ်၍။ အရှင်မ၊ ငါတို့အား ဥယျာဉ်သို့ ခေါ်ဆောင်ပါဦး ဟု ဘောင်းပန် ပြောဆိုသည် ရှိသော်။ အသင်တို့သည် ရှေး၌လည်း ငါ့အား အကျော် အစောခဲ့ကို ဖြစ်စေကုန်လျက် သွားကြကုန်၏။ ငါသည် အသင်တို့အား မခေါ်ဆောင်တော့အံ့ဟု ပြောဆို၍ ဝိသာခါက ပယ်မြစ်အပ်သည်ရှိသော်၊ ဤယခုအခါ၌ သေကို သောက်စား မူးယစ်ခြင်းဟု ဆိုအပ်သော ဤသို့သော မေ့လျော့ခြင်းကို ငါတို့ မပြုကုန်တော့အံ့ ဟု ဖြားယောင်း ဖြောင်းဖြသက်သာရာကို ရစေပြီးသော်၊ တဖန် ဝိသာခါသို့ ချဉ်းကပ်၍။ အရှင်မ၊ ငါတို့သည် ဘုရားကိုပူဇော်ခြင်းငှါ အလိုရှိပါကုန်၏ ငါတို့အား ကျောင်း-တော်သို့ ဆောင်ပါကုန်လော့ဟု ပြောဆိုကြကုန်၏။

## အရက်မူး၍ သီဆို,ကခုန်ကြခြင်း။

ဝိသာခါကလည်း မိခင်တို့၊ ဤအမှုသည်သာ သင့်တင့်လျောက်ပတ်ကောင်းမြတ်လှ၏။ သွားတဲ့ကြကုန်လော့။ ပေါင်းချုပ်ကို ပြုကြကုန်သော့ဟု စေခိုင်း၏။ ထိုမိန်းမတို့သည် ပန်းတောင်းတို့ဖြင့် နံ့သာပန်းစသည်တို့ကို ကိုင်ယူပြီးလျှင်၊ သေဖြင့်ပြည့်သော လက်ဆုပ် ခွက်ငယ်တို့ကို လက်-တို့ဖြင့် ကိုင်ဆွဲ၍၊ ပုဆိုးကြီးတို့ကို အပေါ်က ဝတ်ရုံဖုံးအုပ်၍၊ ဝိသာခါသို့ ချဉ်းကပ်ပြီးလျှင်၊ ထိုဝိသာခါနှင့် အတူတကွ ကျောင်းတော်သို့ ဝင်သည်ရှိသော်၊ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်နေ၍၊ လက်ဆုပ်ခွက်ငယ်ဖြင့်သာလျှင် သေကို သောက်ပြီး၍၊ ခွက်ငယ်တို့ကို စွန့်ပစ်ပြီးသော်၊ တရားသဘင်၌ မြတ်စွာဘုရား သခင်၏ ရှေ့တော်မှ ထိုင်နေကြကုန်၏။ ဝိသာခါသည် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမိန်းမတို့အား တရားတော်ကို ဟောကြားတော်မူပါကုန်လော့ ဟု လျှောက်၏။ ထိုမိန်းမတို့သည်လည်း သေသစ်သော အဟုန်ဖြင့် တုန်လှုပ်သော ကိုယ်-ရှိကုန်သည်ဖြစ်၍ ပျော်မြူးကခုန်ကုန်အံ့, သီချင်းသီကုန်အံ့,ဟူသော စိတ်ကို ဖြစ်စေကြကုန်၏။

ထိုအခါ မာရ်နတ်၏ အသင်းပါဖြစ်သော တယောက်သော နတ်သည် ဤမိန်းမတို့၏ ကိုယ်တို့၌ ပူးဝင်၍ရယ်ဟန်းဂေါတမ၏ ရှေ့မှ ပေါက်ပြန်သော အခြင်းအရာကို ပြပေအံ့ ဟု ကြံပြီးလျှင်၊ ထိုမိန်းမတို့၏ ကိုယ်တို့၌ ပူးဝင်ကုန်၏။ ထိုမိန်းမတို့တွင် အချို့သော မိန်းမတို့သည် မြတ်စွာဘုရား ရှေ့တော်မှ လက်ကို ပုတ်ခတ်ရိုက်တီး၍ ရယ်ရွှင်ကုန်၏။ အချို့သော မိန်းမတို့သည် က,ခြင်းငှါ အားထုတ်ကုန်၏ မြတ်စွာဘုရား သခင်သည် ဤအကြောင်းကား အဘယ်သို့နည်း ဟု ဆင်ခြင်တော်မူသည် ရှိသော်၊ ထိုအကြောင်းကို သိတော်မူ၍၊ "ဤယခုအခါ၌ မာရ်နတ်၏ အသင်းပါ-သူတို့အား အခွင့်ကိုရခြင်းငှါ မပေးအံ့ ငါဘုရားသည် ဤမှလောက်သော ကာလပတ်သိမ်း ပါရမီတို့ကို ဖြည့်ဆည်းပူးတော် မူသဖြင့် မာရ်နတ်၏ အသင်းပါသောသူတို့အား အခွင့်ကို ရစေခြင်းငှါ ဖြည့်ဆည်းပူးအပ်သည် မဟုတ်" ဟု ကြံတော်မူ၍၊ ထိုမိန်းမတို့ကို ထိတ်လန့်စေခြင်းငှါ အောက်-မျက်မွေးတော်မှ ညိုသော ရောင်ခြည်တော်တို့ကို လွှတ်တော်မူ၏။

ထိုခဏ၌သာလျှင် အမိုက်အတိ ပြီးသည်ဖြစ်လေ၏၊ ထိုမိန်းမတို့သည် ကြောက်ရွံ့သည် ဖြစ်ကုန်၏၊ သေအံ့သောဘေးဖြင့် ငြိမ်းချောက်အပ်သည် ဖြစ်သောကြောင့်၊ အလွန်ရွံ့ကြောက်သဖြင့် ထိုမိန်းမတို့၏ဝမ်း၌ သုရာသည် ကြေ၍ ယစ်မူးခြင်း ပျောက်လေ၏၊

### သေသောက်ယစ်မူးသော မိန်းမငါးရာ။

မြတ်စွာဘုရားသခင်သည် ထိုင်နေသီတင်းသုံးတော်မူသော ပလ္လင်၌ ကွယ်ပျောက်ခဲ့ပြီးလျှင် မြင်းမိုရ်တောင်ထိပ်၌ တည်တော်မူ၍၊ ဥဏ္ဏာလုံ-မွေရှင်တော်မှ ဖြူသော ရောင်ခြည်တော်ကို လွှတ်တော်မူ၏။ ထိုခဏ၌ သာလျှင် လ,ဗိမာန် တထောင် တက်ကြွထွန်းလင်းဘိသကဲ့သို့ ဖြစ်လေ၏။ ထိုနောက်မှ ထိုမိန်းမတို့ကို ခေါ်တော်မူ၍၊ အသင်တို့သည် ငါဘုရား၏ အထံတော်သို့ လာရောက်ပါကုန်လျက် ယစ်မူး မေ့လျော့၍ လာရောက်ခြင်းငှါ မသင့်။ ယစ်မူး မေ့လျော့ခြင်းကြောင့် မာရ်နတ်၏ အသင်းပါ-ဖြစ်သော နတ်သည် အခွင့်ကိုရ၍ အသင်တို့ကို ရယ်ရွှင်ခြင်း စသည်ကို မပြုသင့်သောအရာ၌ ရယ်ရွှင်ခြင်း စသည်ကို ပြုစေဘိ၏။ ဤယခုအခါ၌ အသင်တို့သည် ရာဂ, အစရှိသော မီးတို့ကို ငြိမ်းစေခြင်း အကျိုးငှါ အားထုတ်သည်ကို ပြုခြင်းငှါ အပ်၏ဟု မိန့်တော်မူပြီး၍·

ကိန္နု ဟာသော ကိမာနန္ဒော၊ နိစ္စံ ပဇ္ဇလိတေ သတိ။
အန္ဓကာရေန ဩနဒ္ဓါ၊ ပဒီပံ န ဂဝေသထ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။နိစ္စံ၊ အမြဲ။ ပဇ္ဇလိတေ၊ ကိလေသာမီး၊ ညီးညီးပြောင်-ပြောင်၊ တောက်လောင်ခြင်း ရှိသည် သတိ၊ ဖြစ်ပါလျက်။ ကိန္နု၊ အဘယ်-ကြောင့်။ ဟာသော၊ ရယ်ရွှင်ခြင်းသည်။ တုမှာကံ၊ သင်တို့အား၊ ဘဝတိ၊ ဖြစ်ပါသနည်း။ ကိံ၊ အဘယ်ကြောင့်။ အာနန္ဒော၊ ဝမ်းမြောက်ခြင်းသည်။ ဘဝတိ၊ ဖြစ်ပါသနည်း။ အန္ဓကာရေန၊ အဝိဇ္ဇာ တည်းဟူသော အမိုက်မှောင် ကြီးသည်။ ဩနဒ္ဓါ၊ ပိတ်ဆီးဖြေးယှက်အပ်ကုန်သော၊ တုမှေ၊ သင်တို့သည်။ ပဒီပံ၊ ပညာတန်းဆောင်၊ ဆီမီးရောင်ကို။ န ဂဝေသထ၊ မရှာမှီးကြပါလေ့ကုန်သနည်း။ ။ဤကား အနက်။

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော ထိုမိန်းမတို့သည် သောတာ-ပတ္တိဖိုလ်၌ တည်ကြကုန်၏၊ မြတ်စွာဘုရား သခင်သည် ထိုမိန်းမတို့၏ မတုန်မလှုပ်သော အစလသဒ္ဓါ၌ တည်သည်၏အဖြစ်ကို သိတော်မူပြီး၍ မြင်းမိုရ်တောင်ထက်မှ သက်ဆင်းကြွလာတော်မူခဲ့ပြီးသော်၊ ဘုရားနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသခင်ကို ဝိသာခါဒါယိကာမက။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသုရာ မည်သည် ယုတ်မာသော သဘော ရှိပါသည်။ ဤသို့ သဘောရှိသည် မည်သော ဤမိန်းမတို့သည် အရှင်ဘုရားကဲ့သို့သော သဘောရှိသော မြတ်စွာဘုရား သခင်၏ ရှေ့မှ ထိုင်နေပါကုန်လျက်၊ ဣရိယာပုထ်မျှကိုလည်း တည်စေခြင်းငှါ မစွမ်းနိုင် ကုန်ဘဲ ထ၍ လက်ကို ရိုက်တီးပုတ်ခတ်ပြီးလျှင်၊ ရယ်ရွှင်ခြင်း, သီခြင်း, ကခြင်း-စသည်တို့ကို အားထုတ်ကြပါကုန်သည်ဟု လျှောက်၏။

မြတ်စွာဘုရားသခင်က။ ချစ်သမီးဝိသာခါ၊ ဪ-ဟုတ်ပေ၏။ ထို-သုရာမည်သည် အလွန်အကြူး အသူးသဖြင့် ယုတ်မာ ညစ်ညမ်းသည် သာလျှင်တည်း။ ထိုသုရာကိုမှီ၍ များစွာကုန်သော သတ္တဝါ တို့သည် အချည်းနှီး ပျက်စီးခြင်းသို့ ရောက်ဘူးလေသည် ဟု မိန့်တော်မူသည့်

ကာလ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုသူရာသည် အဘာယ်အခါ၌စ၍ ဖြစ်ပါသနည်း ဟု မေးလျှောက်သည်ရှိသော်၊ ထို-သူရာ၏ ဖြစ်ခြင်းကို အကျယ်အားဖြင့် ဟောပြတော်မူခြင်းငှါ၊ လွန်လေပြီးသော အတိတ်ကို ဆောင်၍၊ဂုမ္ဘဇာတ်ကို ဟောကြားတော်မူ၏။

(ဤနေရာ၌အတိတ်ဖြစ်သော ဂုမ္ဘဇာတ်သည် ဂါထာသုံးဆယ်မျှလောက်ရှိသဖြင့် အလွန်ကျယ်ဝန်း၍ ဂန္ထဂရု ဖြစ်အံ့ရိုးသောကြောင့် မထည့်လိုက်ပြီ။ ငင်း ဇာတ်ဝတ္ထုကို အလိုရှိကြကုန်သော ပုဂ္ဂိုလ်တို့မှာ တိသနိပါတ် ဇာတ်အဋ္ဌကထာ၌ နှစ်ခုမြောက်သော ဂုမ္ဘဇာတ်အဖွင့်ကို သည်းခံ၍ ကြည့်ရှုတော်မူကြပါကုန်။)

မ္မေပဒဇာရာဝဂ်၌ ရှေးဦးစွာသော ဝိသာခါ၏ အပေါင်းမိန်းမတို့ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၁-ဇရာဝဂ်။ ၂-သိရိမာပြည့်တန်ဆာမ၏ဝတ္ထု။

**ပဿ စိတ္တကတံ။** ။အစခံသော၊ ရက္ခမံ ဒေသနာ၊ ဤသို့သော ပါဠိဂါထာဖြင့်၊ တဗ္ဗာရာဂ၊ အသာဒဖြင့်၊ ကာမနိုင်ငံ၊ စိတ်လိုက်ကြံ၍၊ အတန်တန် စွဲလမ်းတတ်သော၊ ဥပါဒါန်ဖြင့်၊ အကြံပေါက်ပြား၊ မစားနိုင်၊ မအိပ်နိုင်၊ညှိုးမှိုင်ရှောင်ရှောင်၊ ရာဂမီးလောင်ကြသည့်၊ အရှောင် တိုက်မိ၊ အမိုက်ဘိသား၊ ဒုက္ခိတဝေနေ၊ ဗိုလ်ခြေ တရုတ်ကို၊ ကရုဏာဉာဏ်၊ နှီးဆော်ဖန်၍၊ ပြင်းထန်လောင်ညီး၊ ရာဂမီး ငြိမ်းဖြေအောင်၊ ဆေးတော်တည်းဟူသော တရားမြတ်ဖြင့် မပြတ်ဆုံးမ၊ ဖြေသော နိဗ္ဗာန်သောင်သို့၊ ပို့ဆောင် ကယ်ဘင်တော် မူတတ်သော မြတ်စွာဘုရား သခင်သည်၊ မှိုင်းလွင်ညှို့ညှို့၊ ရို့မို့ စိမ်းလဲ့၊ ယိမ်းနွဲ့နွဲ့ဖြင့်၊ တွဲ့ရွဲ့စီရရီ၊ ဝါးတောကို မှီသော၊ တင်ချိုဗျူဟ်၊ သကတ် ဂုဏ်မွန်၊ ဝေဠုဝန် မင်းကျောင်း၌၊ ကိန်းအောင်း စံပယ်တော်မူသော ကာလ၊ ဇီဝကဆရာ၏ နှမ သိရိမာ-အမည်ရှိသော ပြည့်တန်ဆာမကို ပဓာနမှု အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

# အကြောင်း အညွှန့်ပွင့်အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

ထိုသိရိမာပြည့်တန်ဆာမသည် ရာဇဂြိုဟ်ပြည်ကြီး၌ အဆင်းသဏ္ဍာန် ကြန်အင်လက္ခဏာ အလွန်တရာလှပသော ပြည့်တန်ဆာ မိန်းမပေတည်း။ တနှစ်သောဝါတွင်း၌ သုမနသူဌေးသား၏မယား ခင်ပွန်းမ ဖြစ်သော ပုဏ္ဏသူဌေးကြီး သမီး ဥတ္တရာ အမည်ရသော ဥပါသိကာမအား ဖြစ်မှား လွန်ကျူး၍ ထိုဥတ္တရာဥပါသိကာမကို ကန်တော့ဝန်ချ နှစ်သက်စေလိုသည် ဖြစ်၍၊ ထိုဥတ္တရာ ဥပါသိကာမ၏အိမ်၌ ရဟန်း သံဃာတော်နှင့်တကွ ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူသော မြတ်စွာဘုရားသခင်ကို သည်းခံ စေပြီး၍ ထိုနေ့၌ပင်-

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာ လိကဝါဒိနံ။ ။

ဟူသော မြတ်စွာဘုရားသခင်၏ ဆွမ်းအနုမောဒနာ ဒေသနာကို ကြားနာ ရ၍ ထိုဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

(ဤသည်ကား ဤဝတ္ထု၌ အကျဉ်းသဘောပမျှသာတည်း။ အကျယ် ဖြစ်သော စကားကိုကား ကောဓဝဂ် အနုမောဒနာ ဂါထာ၏ အဖွင့်၌သာလျှင် ထင်လျှားစွာ ဖြစ်ပါလတ္တံ့။)

ဤသို့ ပြအပ်ခဲ့ပြီးသော အစဉ် အတိုင်း အားဖြင့် ထိုသိရိမာသည် သောတာပတ္တိဖိုလ်သို့ရောက်၍၊ ရဟန်းသံဃာအပေါင်းကို ပင့်ဖိတ်ပြီးလျှင် တဖန်မိုးသောက် ရောက်သောနေ့၌ ကြီးစွာသောအလှူကို ပေးလှူ၍၊ ရဟန်း သံဃာတော်အား အဋ္ဌကဘတ်ကို အမြဲမပြတ် ဆောက်တည် လှူဒါန်း လုပ်ကျွေး၏။ အဦးအစမှစ၍ အမြဲမပြတ် ရှစ်ပါးကုန်သော ရဟန်းတို့သည် သိရိမာ၏ အိမ်သို့ အကြိမ်အလှည့် အစဉ်အားဖြင့် ကြွသွားတော်မူကြ ကုန်၏။ ထောပတ်ကို ခံယူကြပါကုန်လော့။ နို့ကို ခံယူတော်မူကြပါကုန် လော့ဟု ဤသို့အစရှိသော စကားတို့ကို ပြောကြား၍၊ ထိုရဟန်းတို့၏ သပိတ်တို့ကို ပြည့်စေကုန်၏။ တပါးသော ရဟန်းသည် ရအပ်သော ဆွမ်းသည်လည်း သုံးပါး,လေးပါးလည်း ဖြစ်ကုန်သော ရဟန်းတို့အား

သုံးဆောင် မျှတလေသက်၏။ နေ့တိုင်း နေ့တိုင်း တဆဲ့ခြောက်ကျပ်သော
အသပြာကို ရကြ၍ ပြုလုပ်ကုန်ခန်းစေသဖြင့် ဆွမ်းကို ပေးလှူ၏။

## သိရိမာကို ချစ်ခင်ခဲ့လမ်းသောရဟန်း။

ထိုနောက် တနေ့သ၌ တပါးသော ရဟန်းသည် သိရိမာ၏ အိမ်၌
အဋ္ဌကဘတ်ကို ဘုဉ်းပေး သုံးဆောင်တော်မူပြီး၍ သုံးယူဇနာထက်၌
တရသောကျောင်းသို့ ကြွသွားတော်မူ၏၊ ထိုကျောင်း၌ ညချမ်းသော
အခါဝယ် ဤသို့ သဘောရှိသော အရှုပ်၌ ထိုင်နေ သီတင်းသုံးသော
ထိုရဟန်းကို ငါ့ရှင်၊အသင်သည် အဘယ်ရပ်ကွက်ဌာန အဘယ်သူ၏
အိမ်၌ဆွမ်းကို ခံယူဘုဉ်းပေးသုံးဆောင်၍ လာခဲ့ပေသနည်းဟု မေးကုန်၏။
ငါ့အား သိရိမာ ဒါယိကာမသည် လှူဒါန်းအပ်သော အဋ္ဌကဘတ်ကို
ခံယူသုံးဆောင်၍ လာခဲ့ပေသည်ဟု ပြော၏။ငါ့ရှင်၊ ထိုသိရိမာဒါယိကာ
မသည် မြတ်နိုးနှစ်သက်ဘွယ်ကို ပြုလုပ်၍ ပေးကမ်းလှူဒါန်းပါ၏လော ဟု
မေးသဖြင့် ထိုသိရိမာ၏ လှူဒါန်းအပ်သော ဆွမ်းကို ချီးမွမ်းပြောဆိုခြင်း
ငါမစွမ်းနိုင်။ အလွန်လျှင် မွန်မြတ်သည်ကိုပြု၍ ပေးလှူပေသည်၊ တပါး
တပါးသော ရဟန်းရအပ်သောဆွမ်းသည် သုံးပါးလေးပါးလည်းဖြစ်ကုန်
သော ရဟန်းတို့အား ဘုဉ်းပေးမျှတလောက်၏၊ ထို သိရိမာလှူဒါန်းအပ်
သော လှူဘွယ်ဝတ္ထုထက်လည်း ထိုသိရိမာအား ကြည့်ရှုရခြင်းသည်
သာလျှင် မွန်မြတ်သည်ထက် မွန်မြတ်ပေသည်၊ ထိုမိန်းမသည် "ဤသို့
ဤသို့သော သဘောရှိ၏ စသည်ဖြင့် ထိုသိရိမာ၏ ဂုဏ်ကျေးဇူးတို့ကို
ချီးမွမ်းပြောဆို၏။

ထိုအခါ တပါးသောရဟန်းသည် သိရိမာ၏ ဂုဏ်ကျေးဇူးစကားကို
ကြား၍ မရှုမြင်ရဘဲဖြင့်သာလျှင် ချစ်ခြင်းကို ဖြစ်စေပြီးသော် "ငါသည်
သွားရောက်၍ ထိုသိရိမာကို ရှုမြင်ခြင်းငှါအပ်၏"ဟုကြံ၍ မိမိဝါစဉ်ကို
ပြောကြားပြီး၍ ထို ရဟန်း၏ဝါစဉ်ကို မေးသည်ရှိသော် ငါ့ရှင်၊နက်ဖြန်ခါ
ထိုသိရိမာ၏ အိမ်၌ အသင်သည် သံဃထေရ်ဖြစ်၍ အဋ္ဌကဘတ်ကို
ရလတ္တံ့ဟုပြော၏။ ထိုရဟန်းသည် ပြောဆိုသော စကားကို ကြားရ
သောခဏ၌သာလျှင် သပိတ်သင်္ကန်းကိုယူ၍ ဖဲသွားပြီးသော် စောစော
ကပင်လျှင် နေအရုဏ်တက်သောအခါ၌ ဝရေးတံအဦးကိုယူရာအရပ်သို့

ဝင်သွား၍ ရပ်တည်နေလျက် သဃင်ထေရ်သည်ဖြစ်၍ သိရိမာ၏အိမ်၌ အဋ္ဌကဘတ်ကိုရသော၏။

ထိုရဟန်းကို ပြောကြား လိုက်သော ရဟန်းသည်ပင် ယမန်နေ့က သိရိမာ၏ အိမ်၌ဆွမ်းကိုဘဉ်းပေး၍ ဖဲကြွသွား၏။ ထိုရဟန်းဖဲကြွသွားသော အခါ၌သာလျှင် သိရိမာ၏ကိုယ်၌ မကျန်းမမာရောဂါ ကပ်ငြိခြင်းဖြစ်လေ၏။ ထို့ကြောင့် သိရိမာသည် ဆင်ယင် ဝတ်စားရာ တန်းဆာ အသုံးအဆောင်တို့ကို ချွတ်ထားပြီးလျှင် မိမိကိုယ်ကို မပြုမပြင်မဆင်ယင်ဘဲ ညှိုးငယ်စွာလျောင်း၍နေ၏။ ထိုအခါ သိရိမာအား အလုပ်အကျွေး ကျွန်မတို့သည် အဋ္ဌကဘတ် စာရေးတံအလှည့်ကိုရ၍ ကြွလာတော်မူကြကုန်သော ရဟန်းတို့ကိုမြင်၍ ပြောကြားကြကုန်၏။ ထိုသိရိမာသည်မိမိလက်ဖြင့်သပိတ်တို့ကို လှမ်းယူလင့်၍ရဟန်းတို့ကို ထိုင်နေစေခြင်းငှါလည်းကောင်း ပြုစု လုပ်ကျွေးခြင်းငှါလည်း မစွမ်းနိုင်သောကြောင့် ကျွန်မတို့ကို မိခင်တို့၊သပိတ်တို့ကို ယူ၍ အရှင်မြတ်တို့ကို ထိုင်နေတော် မူစေပြီးလျှင် ယာဂုတို့ကိုတိုက်ပြီးသည့်ကာလ ခဲဘွယ်ကိုပေးလှူပြီးသော် ဆွမ်းစားချိန် တိုင်သောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ပေးလှူကြကုန်လော့ဟု စေခိုင်း၏။

ကျွန်မတို့ကလည်း အရှင်မ၊ ကောင်းပါပြီဟု ဝန်ခံပြီးလျှင် ရဟန်းတို့ကို အိမ်တွင်းသို့ပင့်သွင်း၍ ယာဂုကိုတိုက်ပြီး၍ ခဲဘွယ်ကို ပေးလှူပြီးလျှင် ဆွမ်းစားချိန် တိုင်သောအခါ၌ သပိတ်၌ ဆွမ်းဖြင့် ပြည့်စေ၍ သိရိမာအား ကြားကြကုန်၏။ သိရိမာကလည်း ငါ့ကိုချီပွေ့ယူဆောင်ကြပါကုန်လော၊အရှင်မြတ်တို့ကို ရှိခိုးပါအံ့ဟု ပြောသဖြင့် ထိုကျွန်မတို့သည် ချီပွေ့၍ ရဟန်းတော်တို့၏အထံသို့ ဆောင်ယူသည်ရှိသော် သိရိမာသည် တုန်လှုပ်သော ကိုယ်ရှိသဖြင့်သာလျှင် ရဟန်းတို့ကို ရှိခိုးဦးချ၏။

## သိရိမာကိုစွဲ၍ ဒုက္ခဖြစ်သောရဟန်း။

ထိုရဟန်းသည် သိရိမာကို ကြည့်ရှုပြီးလျှင် "ဤသိရိမာ ဒါယိကာမသည် မမာမကျန်း ဘေးဘျမ်းရောဂါ စွဲကပ်လာသောအခါ၌ သော်လည်း ဤသို့သဘောရှိသော အဆင်းသဏ္ဍာန်၏ တင့်တယ်လှပခြင်းရှိတုံသေး၏။ ရောဂါမရှိ ပကတိ ကျန်းမာသောအခါ၌ အလုံးစုံသော တန်းဆာတို့ကို ဆင်ယင်အပ်သည်ရှိသော် ဤသိရိမာအား အဆင်း၏ ပြည့်စုံခြင်းသည်

အဘယ်သို့သဘောရှိသည် ဖြစ်ပေလိမ့်မည်နည်း”ဟု ကြံ၏။ထိုသို့ ကြံ-သောအခါ၌ ထိုရဟန်းအား တကုဋေမျှလောက်မကသော နှစ်တို့ပတ်လုံး ရဝေးတည်ရှိသော ဂိလေသာသည် လှည့်လည်တိုးပွါး အားကြီးဘက်ကြွလေ၏။ထိုရဟန်းသည် သိမြင်ဆင်ခြင်တတ်သော ဉာဏ်ကင်းသည်ဖြစ်၍ ဆွမ်းကိုစားခြင်းငှါ မစွမ်းနိုင်သောကြောင့် သပိတ်ကိုယူ၍ ကျောင်းသို့သွားပြီးလျှင် သပိတ်ကိုပိတ်၍ သင့်တင့်လျောက်ပတ်သောအရပ်၌ သိမ်း ထားပြီးလျှင် တဘက်သောသင်္ကန်းစွန်းကို ဖြန့်ခင်းပြီးသော် အိပ်နေလေ၏။ ထိုအခါ အဖေါ်ဖြစ်သော တပါးသောရဟန်းက ထိုရဟန်းကို အဖန်ဖန် အထပ်ထပ် မပြတ်ပြောဆို တောင်းပန်ပါသော်လည်း ဆွမ်းကို စားစေခြင်းငှါ မစွမ်းနိုင်၊ထိုရဟန်းသည် ပြတ်သောဆွမ်းရှိသည်ဖြစ်လေ၏။ထိုနေ့ ညနေချမ်းအခါ၌ပင်လျှင် သင်္ဂရိမာသည် သေလွန်ခြင်းကိုပြု၏။ မိမ္ဗိသာရ မင်းကြီးသည် မြတ်စွာဘုရားသခင်အား ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ဇီဝက၏ နှမငယ်ဖြစ်သော သိရိမာသည် သေလွန်ခြင်းကို ပြုပါသည်ဟူသော သတင်းစကားကို စေလွှတ်လိုက်၏။

## သိရိမာကိုကြည့်ရှုရန် မင်းအားဘား။

မြတ်စွာဘုရားသခင်သည်လျှောက်ကြားလာသော ထိုသတင်းစကားကို ကြားတော်မူလျှင် မင်းကြီးအား တကာတော်မင်းကြီး၊ သိရိမာ၏ ရုပ်-အလောင်းကို မီးတိုက်သင်္ဂြိုဟ်ဘွယ်ကိစ္စ မရှိ၊သုကောင်မြုပ်ရာဖြစ်သော သုသာန်၌ အကြင်သို့သော အခြင်းအရာဖြင့် ထားအပ်သည်ရှိသော် ထို သိရိမာ၏ ရုပ်အလောင်းကို ကျီး,ခွေး,သိမ်း,စွန်,လင်းတ အစရှိသော သတ္တဝါတို့သည် မကိုက်ခဲကုန်၊ ထိုသို့သော အခြင်းအရာဖြင့် လျောင်း-စေ၍ စောင့်ရှောက်စေကုန်လော့ဟု အကြောင်းစကား မှာထားစေလွှတ် လိုက်၏။ဗိမ္ဗိသာရ မင်းကြီးသည်လည်း မြတ်စွာဘုရားမိန့်တော်မူသည့် အတိုင်းပြုပေ၏။ အစဉ်အဇီုင်းအားဖြင့် သုံးရက်တို့ကို လွန်ကုန်သည် ရှိသော် လေးရက်မြောက်သောနေ့၌ သိရိမာ၏ရုပ်အလောင်းကိုယ်သည် ဖူးဖူးရောင်သည် ဖြစ်လေ၏။ ကိုးခုကုန်သော အမာဝဝတို့မှ ပိုးလောက်တို့ သည် ယိုစီးကျထွက်ကုန်၏။အလုံးစုံသောကိုယ်သည် ကွဲပျက်သည်ဖြစ်၍ ပုပ်သိုးသော သလေးထမင်း အိုးစရည်းကဲ့သို့ ဖြစ်လေ၏။

မင်းကြီးသည် မြို့တော်၌ "အိမ်စောင့်ဖြစ်သော သူငယ်တို့ကိုထား၍ သိရိမာ၏ရုပ်အလောင်းကို ကြည့်ရှုခြင်းငှါ မလာမရောက်သောသူတို့အား ရှစ်ကျပ်သောအသပြာကို ပေးဆောင်ရခြင်းတည်းဟူသော ဒဏ်ထိုက်စေသတည်း"ဟု စည်ကိုလည်ခေ၏။ မြတ်စွာဘုရားသခင်၏အထံတော်သို့လည်း ဘုရားအမှူးရှိသော ရဟန်းသင်္ဃာတော်အပေါင်းသည် သိရိမာ၏ ရုပ်အလောင်းကို ကြည့်ရှုခြင်းငှါ ကြွလာတော်မူကြပါစေကုန်သတည်းဟု စေလွှတ်လျှောက်ကြားလိုက်၏။ ထိုရဟန်းငယ်သည်လည်း လေးရက်တို့ကာလပတ်လုံး တစုံတခုသောစကားကိုမပြောမဆို။ အစာအာဟာရကိုမယူဘဲ ပြတ်သော ဆွမ်းရှိသည် ဖြစ်၍သာလျှင် အိပ်နေ၏။ သပိတ်၌ ဆွမ်းသည်ပုပ်သိုးသည်ဖြစ်၍ သပိတ်၌ အညစ်အကြေးသည်ထလေ၏။

ထိုအခါ အဖော်ဖြစ်သော ရဟန်းတပါးက ထိုရဟန်းသို့ချဉ်းကပ်၍ ငါ့ရှင်၊ မြတ်စွာဘုရားသခင်သည် သိရိမာကို ရှုမြင်ခြင်းငှါ ကြွတော်မူလတ္တံ့ဟု ပြော၏။ ထိုရဟန်းသည် ပြောဆိုသောစကားကို ကြားရသည့်ကာလ မွတ်သိပ်ဆာလောင်သော်လည်း သိရိမာဟု ဆိုကာမျှ၌သာလျှင် အဆောတလျင်ထ၍ အဘယ်ကိုပြောသနည်းဟု မေး၏။ မြတ်စွာဘုရားသခင်သည် သိရိမာကိုကြည့်ရှုခြင်းငှါ ကြွလတ္တံ့။ အသင်သည်လည်း သွားလတ္တံ့လောဟု ပြောသည်ရှိသော် ငါသည်လိုက်ပေအံ့ဟုပြော၍ပုပ်သိုးသောဆွမ်းကို စွန့်ပစ်ပြီးလျှင် သပိတ်ကို ဆေးကြော၍ သပိတ်အိတ်၌ ထည့်သွင်းထားပြီးသော်၊ ရဟန်းသင်္ဃာတော် အပေါင်းနှင့်တကွ လိုက်သွားလေ၏၊ မြတ်စွာဘုရားသည် ရဟန်းသင်္ဃာတော်အပေါင်း ခြံရံလျက် တဘက်သောနံပါး၌ ရပ်တည်တော်မူ၏။ မင်းပရိသတ်သည်၎င်း၊ ဒါယကာပရိသတ်သည်၎င်း တဘက်တဘက်သောနံပါး၌ အသီးအသီးရပ်တည်ကြကုန်၏။

## သိရိမာကိုယူချင်သူမရှိ။

မြတ်စွာဘုရားသခင်သည် မင်းကြီးကို တကာတော်မင်းကြီး၊ ဤသူသည် အဘယ်သူပေနည်းဟု မေးတော်မူ၏။ ထုံနှံ့တော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဇီဝက၏ နှမငယ် သိရိမာမည်သော သူပါတည်း ဟု လျှောက်သဖြင့် ဖူးဖူးရောင်ထလျက် ဖိုးပေါက်သောအမာဝတို့မှ ထွက်-

ကျယ်ပိုစီးသောပိုးလောက် အပုပ်တို့ဖြင့် ပြည့်သော ဤသူသေကောင်သည် သိရိမာပင်လောဟု မေးတော်မူပြန်လျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဩော်-ဟုတ်ပါပေ၏ဟု ဝန်ခံလျှောက်ကြား၏၊ ထိုသို့-တပြီးကား "အသပြာတထောင်ကိုပေး၍ သိရိမာကိုယူကုန်လော့"ဟူ၍ ကြွေးစည်ကိုလည်စေလောဟု မိန့်တော်မူ၏။မင်းကြီးသည် မြတ်စွာဘုရား မိန့်တော်မူတိုင်းကို ပြုစေ၏။တယောက်သော သူသည်လည်း ငါယူမည်၊ ငါ့အား ဖြစ်ပါစေလော့ဟု ဆိုသောသူ မည်သည်မရှိ၊ မင်းကြီးသည် မြတ်စွာဘုရားသခင်အား ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တရုံတယောက်သော သူတို့မျှ ယူမည့်သူမရှိပါကုန်ဟု လျှောက်ကြား သဖြင့် ထိုသို့တပြီးကား တကာတော်မင်းကြီး၊ အဘိုးကိုယုတ်လျော့စေလော့ဟု မိန့်တော်မူ၏။

မင်းကြီးသည် ငါးရေသောအသပြာတို့ကိုပေး၍ ယူစေကုန်သတည်းဟု စည်ကိုလှည့်လည်စေသည်ရှိသော် တရုံတယောက်သောယူမည့်သူကို မမြင်သောကြောင့် တဖန်ယုတ်လျော့ပြန်၍ နှစ်ရာ့ငါးဆယ်သော အသပြာ နှစ်ရာသော အသပြာ၊ တရာသော အသပြာ၊ ငါးဆယ်သော အသပြာ၊ နှစ်ဆဲ့ငါးကျပ်သော အသပြာ၊ တဆယ်သောအသပြာ၊ ငါးကျပ်သော အသပြာ၊တကျပ်သော အသပြာ၊ ထက်ဝက်သောအသပြာ၊ တပဲသော အသပြာ စသောအားဖြင့် အစဉ်အတိုင်း ယုတ်လျော့၍ လာခဲ့လေရာ တချဉ်ရွေး လောက်သော အသပြာကို ပေး၍ သိရိမာကို ယူစေကုန်သတည်းဟု စည်ကိုလှည့်လည်ပါစေသော်လည်း တရုံတယောက်သော သူသည် ထိုသိရိမာကို အလိုမရှိလေ။ထိုနောက် အဘိုးအခ မပေးရဘဲ အချည်းနှီးသက်သက်သော်သည်း ယူကြကုန်လောဟု စည်ကိုလှည့်သည် စေပြန်၏။ငါသည် ယူအံ့ဟူ၍၎င်း၊ ငါ့အား ဖြစ်ပါစေသတည်းဟူ၍၎င်း ဆိုသောသူမည်သည် တရုံတယောက်မျှ ရှိသည်မဖြစ်။

## ရှစ်သောင်းလေးထောင်သော သတ္တဝါတို့ ကျွတ်တမ်းဇင်ခြင်း။

မင်းကြီးသည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊အဘိုးအခ မပေးရဘဲ အချည်းနှီး သက်သက်ပင်သော်လည်း ယူမည့်သူမရှိပါဟု လျှောက်၏၊ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့၊လူများအပေါင်း

အား ချစ်မြတ်နှိုးအပ်သော မာတုဂါမကို ကြည့်ရှုကြပါ ကုန်လော့။ဤ-ရာဇဂြိုဟ်မြို့၌ပင်လျှင် တထောင်သောအသပြာကိုပေး၍ တနေ့မျှကာလကို ရကြကုန်၏။ ဤယခုအခါ၌မူကား အသိုးအခ မပေးရဘဲ အချည်းနှီး သက်သက်ပင်သော်လည်း ယူမည့်သူ တရုံတယောက်မျှမရှိ။ဤသို့သဘော ရှိသောရုပ်မည်သည် ကုန်ခြင်းပျက်ခြင်းသို့ ရောက်၏။ချစ်သားရဟန်းတို့၊ ကျင်နာနှိပ်စက် တတ်သော အတ္တဘောကို ကြည့်ရှုကြကုန်လော့ ဟု မိန့်တော်မူပြီး၍-

**ပဿ စိတ္တကတံ ဗိမ္ဗံ၊ အရုကာယံ သမုဿိတံ။**
**အာတုရံ ဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံ ဌိတိ။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင် ကုန်သော သတ္တဝါတို့အား အကျွတ်တရားကိုရခြင်းသည် ဖြစ်လေ၏။သိရိမာကိုတပ်မက်၍ နေသောထိုရဟန်းသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အနက်ကား**။ ။စိတ္တကတံ၊ အဝတ်တန်ဆာ ပန်းနံ့သာဖြင့် ဆန်း-ကြယ်စွာပြုအပ်သော။ ဗိမ္ဗံ၊ လက်တတ်ပန်းပုသည် ထုအပ်သောအရုပ်နှင့် တူထသော။ သမုဿိတံ၊ သုံးရာသောအရိုးတို့ဖြင့် စိုက်ဆောက်အပ်သော။ အာတုရံ၊ ကျင်နာခံတတ်သော၊ ဗဟုသင်္ကပ္ပံ၊ များစွာသော လူတို့သည် အထူးထူးအပြားပြား ကြံစည်အပ်သော။ အရုကာယံ၊ ကိုးပေါက်ဒွါရ အမာဝ ရှိသောကိုယ်ကို။ ပဿ၊ စေ့စေ့ငငှ ကြည့်ရှုပါလော့၊ ယဿ၊ အကြင်ကိုယ်၏။ ဓုဝံဌိတိ၊ အမြဲအရှည်။ တည်နေခြင်းသည်။ နတ္ထိ၊ မရှိခဲ့ ချေတကား။ ။ဤကားအနက်။

ဓမ္မပဒ ဇရာဝဂ်၌ နှစ်ခုမြောက်သော သိရိမာပြည့်တန်ဆာမ၏ ဝတ္ထုစကားစဉ်ကား ဤတွင် ရွေ့ပြီး၏။

---

၁၁-ဇရာဝဂ်။ ၃-ဥတ္တရာမထေရီမ၏ဝတ္ထု။

ပရိဇိဏ္ဏမိဒံ။ ။အစဉ်သော၊ သုတ္တန်ဒေသနာ၊ ဤသို့သောပါဠိဂါထာကို မဟာဒုမ၊ အသဒိသရုက္ခ၊ ဗုဒ္ဓဟောပင်မြတ်၏။ ချဉ်းကပ်ရာမူလ၌၊ ဒဿ-သဟဿ၊ ပါရမီကံပါ၍၊ ပေါက်လာထွန်းဘိ၊ ရောင်မျိုးရုံ ဖွန်းအိသဖြင့်၊ ပဏ္ဍိတ

အထွန်တင်သော ပလ္လင်တော်ဝဇိရာသနနှ၍၊ ကိုလေသာသုံးထောင်ဝက်ကို၊ပယ်ဖျက်တော် မူတတ်သော သဗ္ဗညုတကြောင့်၊ သဗ္ဗညုဟူသော အမည်ဘော်ဖြင့်၊ထင်ပေါ် ကျော်ကြားသော ဘုရားကိုယ်တော်မြတ်သည် အတိတ်အဘိတ်ကာလ၊ နိဗ္ဗာန်သို့ဝင်ကြသည့်၊ အရှင်နောင်တော်ဘုရားတို့ စံစားစင်စစ်၊ မဟွန့်ပစ်ရာ၊ ပထဗျာနဂိုရ်၊ မြေဗဟိုရ်အမွန်၊ ဇေတဝန် ရွှေကျောင်း၌ ကိန်းအောင်း စံပယ်တော် မူသောအခါ ဥတ္တရာမည်သော မထေရ်မတပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေ သတည်း။

## အကြောင်း အညှုပ္ပတ္တိအစဉ်ကား ဤသို့တည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ဥတ္တရာမထေရ်မသည် ပဋိသန္ဓေမှ စသောအားဖြင့် အသက်တရာ့နှစ်ဆယ်ရှည်၏ ဆွမ်းအလို့ငှါ လှည့်လည်ကြွဝင်၍ ရအပ်သောဆွမ်းတို့ကို ခရီးအကြား၌ ရဟန်းတပါးကိုတွေ့မြင်၍ အရှင်ဘုရား၊ တပည့်တော်မသည် ဆွမ်းကိုလှူဒါန်းသည်ရှိသော် ခံယူဘော်မူပါအံ့လောဟု ဆွမ်းဖြင့် ပန်ကြားသည်ရှိသော် မငြင်းပယ်မူ၍ ခံယူသောရဟန်းအား အလုံးစုံသော ဆွမ်းကိုပေးလှူ၍ အာဟာရကင်းပြတ်သည် ဖြစ်လေ၏၊ ဤနည်းအတူ နှစ်ရက်မြောက်သောနေ့ သုံးရက်မြောက်သော နေ့၌လည်း ထိုရဟန်းအား သာလျှင် ရှေးယခင်တွေ့ခဲ့သောနေရာ၌ တွေ့မြင်သည်ရှိသော် ထိုနေရာ၌ ပင်လျှင် ဆွမ်းကိုပေးလှူ၍ အာဟာရကင်းပြတ်သည်ဖြစ်လေ၏။လေးရက်မြောက်သောနေ့၌ ဆွမ်းအလို့ငှါ လှည့်လည်သည်ရှိသော် ကျဉ်းမြောင်းရာဖြစ်သော တခုသောအရပ်ဒေသ၌ မြတ်စွာဘုရားကိုတွေ့မြင်၍ လမ်းမှ ဖဲရှောင်သည့် ကာလ တွဲသည်းကျသော မိမိ၏ သင်္ကန်းစွန်းကို နင်းမိ သောကြောင့် တည်တန့်ခြင်းငှါ မစွမ်းနိုင်ဘဲ ပြန်လှန်၍ လည်းလေ၏။ မြတ်စွာဘုရားသခင်သည် ထိုမထေရ်မ၏ အထံသို့ ကြွသွားတော် မူ၍ နှမ၊အသင်၏အတ္တဘောသည် အိုမင်းရင့်ရော်လေပြီ။ မကြာမြင့်မီပင်လျှင် ပျက်စီးသတ္တံ့ဟု မိန့်တော်မူပြီး၍-

> **ပရိဇိဏ္ဏမိဒံ ရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုနံ၊**
>
> **ဘိဇ္ဇတိ ပူတိသံ ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ မထေရ်မသည် သောတာပတ္တိ ဖိုလ်သို့ ရောက်လေ၏။

**အနက်ကား။** ။ဣဒံရူပံ၊ ဤကိုယ်ဟု ဆိုအပ်သော ရူပကာယသည်။ ပရိဇိဏ္ဏံ၊ဆွေးမြေ့ဟောင်းခြင်း၊ အိုမင်းတတ်၏။ရောဂနိဋ္ဌံ၊ ကိုးဆဲ့ခြောက်-ဖြာ၊ရောဂါဝတ္ထုတို့၊ ရဝေးတည်ရာဆိပ်လည်း ဖြစ်၏။ ပဘင်္ဂုရံ၊ ယိုယွင်းပျက်စီး၏။ ပူတိသံ၊ ပုပ်သည်ဖြစ်၍။ ဒေဟော၊ ကိုယ်သည်။ ဘိဇ္ဇတိ၊ .မကြာမြင့်မီပင်လျှင် ပျက်စီးလတ္တံ့။ ဟိ-ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဇီဝိတံ၊ အသက် ဇီဝိတိန္ဒြေသည်၊ မရဏန္တံ၊ သေခြင်းလျှင် အဆုံးရှိ၏။တသ္မာ၊ထိုကြောင့်၊ဘိဇ္ဇတိ၊မကြာမြင့်မီပင်လျှင်ပျက်စီးလတ္တံ့။ ။ ဤကားအနက်။

ဇမ္ဗူပဒီဇရာဝဂ်၌ သုံးချမြောက်ဖြစ်သော ဥတ္တရာမထေရ်မ၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၁-ဇရာဝဂ်။ ၄-များစွာကုန်သော အဓိမာနိကရဟန်းတို့ဝတ္ထု။

**ယာနီ မာနီ။** ။အစရှိသည့်၊အဘိသုန္ဒရ၊ ပသဒ္ဓဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ တဏှာဒေါသ၊မောဟသုံးထပ်၊ရစ်ပတ်ဖြားယောင်းလျက်၊ အပေါင်းသတ္တဝါ၊ဝေနေယျာတို့၏၊ **ခန္ဓာပဉ္စက**၊အသုဘကို၊ သုဘထင်မှတ်၊ အဖန်ဖန် **တပ်ကုန်သော**၊အချပ်ရပ် **သတ္တဝါ**တို့ကို ကောင်းစွာ ဆုံးမတော်မူတတ်သော လူ,နတ်,မကုဋ၊ သုဂတသွန်ထား၊ ဘုရား ကိုယ်တော်မြတ်သည်၊ ပြည်ရပ် **သာဝတ္ထိ**၊ ဒက္ခိဏာအရပ်၊ ကျောင်းမြတ် ရိပ်မွန်၊ ဇေတဝန်ပိဟာရ၌ မှီတော်သည်ပါယ်တော်မူသောအခါ၊ကိုလေသာ မကုန်ခန်း၊ စီးဖြန်း၍ ရအပ်သော ဈာန်မျှဖြင့်၊ရဟန်းကိစ္စပြီးဆုံးပြီဟု ကြံစည်မှတ်ထင်သော ရဟန်းအမျိုးများတို့ကို အကြောင်းပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ပေသတည်း။

**အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။**

ပစ္စုပ္ပန်ဝတ္ထု။

ငါးရာကုန်သော ရဟန်းတို့သည် ဘုရားကိုယ်တော်မြတ်၏ အထံ၌ သင်အံ,စီးဖြန်း ကမ္မဋ္ဌာန်းကိုယူ၍ တောသို့ ဝင်ရောက်ပြီးလျှင်၊ လုံ့လ-

ဝိရိယ ဥဿာဟပြုကုန်လျက် ဈာန်ကို ဖြစ်စေပြီးသော်၊ ကိလေသာတို့၏ ဥပါဒ်မပေါ်လာသဖြင့် ငါတို့အား ရဟန်းကိစ္စ ပြီးဆုံးပေပြီ။ ငါတို့အား ရအပ်သော ငှကျေးဇူးဂုဏ်ကို သုံးဘုံသွန်ရှင်ထား ဘုရားကိုယ်တော်မြတ်အား ကြားလျှောက်ကုန်အံ့ဟု လာခဲ့ကြကုန်၏။ မြတ်စွာဘုရား သခင်သည် ထိုရဟန်းတို့၏ တံခါးမုခ် အဝသို့ ကျရောက်သော အခါ၌ သာလျှင် အာနန္ဒာမထေရ်ကို၊ ချစ်သားအာနန္ဒာ၊ ထိုရဟန်းတို့အား ကျောင်းတော်သို့ ဝင်လာ၍ ငါဘုရားကို ဖူးမြင်ခြင်းဖြင့် ပြုဘွယ်ကိစ္စ မရှိ။ သူကောင် စွန့်ပစ်ရာဖြစ်သော သင်းချိုင်းသို့ သွားရောက်ပြီးလျှင်၊ ထိုသင်းချိုင်းမှ ပြန်လာခဲ့၍ ငါဘုရားကို ကြည့်ရှုဖူးမြော်စေကုန်သတည်း ဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ်သည် ကြွသွားတော်မူ၍ ထိုရဟန်းတို့အား မြတ်စွာဘုရား မိန့်တော်မူသော အကြောင်းကို ပြန်ကြားပေ၏။

ထိုရဟန်းတို့သည် "ငါတို့အား သူကောင် စွန့်ပစ်သော သုသာန်ဖြင့် အဘယ်သို့ ပြုလုပ်အံ့နည်းဟု မငြင်းပယ် မပြောဆိုမူ၍သာလျှင် မြင့်ရှည်စွာသော အခွန့်ကာလကို မြင်တော်မူသော မြတ်စွာ ဘုရားသည် တစုံတခုသော အကြောင်းကို သိမြင်တော်မူသည်ဖြစ်ပေလိမ့်မည်" ဟု ကြံ၍ သုသာန်သို့ သွားပြီးသော်၊ ထိုသုသာန်၌ သူကောင်ပုပ် တို့ကို ကြည့်ရှုကုန်လျက်၊ တရက်၊ နှစ်ရက်ကာလမျှ မြင့်ကြာသည်ဖြစ်၍ စွန့်ပစ် ကျရောက်ကုန်သော သူကောင်ပုပ်တို့၌ အရိုးစုဟူသော အဋ္ဌိကသညာကို ရ၍ ထိုခဏ၌ စွန့်ပစ်ကျရောက်ကုန်သော လတ်တလော ဗိုစွတ်သော သူသေ၏ကိုယ်တို့၌ တပ်မက်ခြင်း ရာဂကို ဖြစ်စေကုန်၏။ ထိုခဏ၌ မိမိတို့အား ညစ်ညူးတတ်စွာ ကိလေသာ ရှိသည့်အဖြစ်ကို သိကြကုန်၏။

## ရဟန်းတော်ငါးရာ

မြတ်စွာဘုရား သခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူသျက် သာလျှင် ကိုယ်ရောင်တော်ကို ပြန့်နှံ့စေ၍ ထိုရဟန်းတို့၏ မျက်မှောက်၌ မိန့်ဆိုတော် မူဘိသကဲ့သို့၊ ချစ်သားရဟန်းတို့၊ အသင်တို့အား ဤသို့ သဘောရှိသော အရိုးစုကိုမြင်၍ ရာဂတည်းဟူသော မွေ့လျော်ခြင်းကို ဖြစ်စေခြင်းငှါ သင့်လျော်လျောက်ပတ်အံ့လော ဟု မိန့်တော်မူပြီး၍-

**ယာနိမာနိ အပတ္ထာနိ၊ အလာဗူနေဝ သာရဒေ။**
**ကာပေါတကာနိ အဋ္ဌီနိ၊ တာနိ ဒိသွာန ကာ ရတိ။ ။**

ဟူသော ဤဂါထာကို ဟောတော်မူ၏။

**အနက်ကား။** ။သာရဒေ၊ တန်ဆောင်မုန်းလ၌။ အပတ္ထာနိ၊ ဖရိုဖရဲ လွင့်ကြဲစွန့်ပစ်အပ်ကုန်သော။ အလာဗူနိဣဝ၊ ဗူးတို့ကဲ့သို့။ အပတ္ထာနိ၊ ဖရိုဖရဲ လွင့်ကြဲစွန့်ပစ်အပ်ကုန်သော။ ကာပေါတကာနိ၊ ခို၏ အဆင်းနှင့်တူသော အဆင်းရှိကုန်သော။ ယာနိ မာနိ၊ ယာနိ ဣမာနိ အဋ္ဌီနိ၊ အကြင် အရိုးတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိ အဋ္ဌီနိ၊ ထိုအရိုးတို့ကို။ ဒိသွာန၊ ကြည့်ရှု ထင်ထင်၊ မြင်ရသည်ဖြစ်၍။ ဝါ၊ မြင်ရသည်ရှိသော်။ ကာရတိ၊ အဘယ်မှာ မွေ့လျော်နိုင်ပါအံ့နည်း။ ။ဤကားအနက်။

ဒေသနာတော်၏အဆုံး၌ ထိုငါးရာကုန်သော ရဟန်းတို့သည် ရပ်တည် မြဲတိုင်းသော ဗုဒ္ဓရိယာပုထ်ဖြင့် သာလျှင်၊ အရဟတ္တဖိုလ်သို့ ရောက်ကြ-ကုန်၏။ မြတ်စွာဘုရားသခင်သည် အဖန်တလဲလဲ အမြဲမပြတ် အထပ်ထပ် ချီးမွမ်းထောမနာသျက် ရှိခိုးကြကုန်၏။

ဖွေ့ပဒ ဇရာဝဂ်၌ လေးခုမြောက်ဖြစ်သော များစွာကုန်သော
အဓိမာနိက ရဟန်းတို့၏ ဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ့ပြီး၏။

---

၁၁-ဇရာဝဂ်။ ၅-ဇနပဒကလျာဏီ ရူပနန္ဒာမထေရိမ၏ ဝတ္ထု။

**အဋ္ဌီနံ နဂရံ ကတံ။** ။အစခံသော၊ မုက္ခမံဒေသနာ၊ ပါဠိဂါထာကို၊ ဇေတဝါကာလ၊ ဆည်းပူးရသည့်၊ ဒဗ္ဗသမ္ဘာ၊ အခွင့်သာသည့် အခိုက်၊ လူ့ဘောင်၌ ထင်လျှားအောင်၊ နတ်များလော့က်လည်း မလှ၊ လူသား-လောက်မကစားဖြင့်၊ အဆင်းလှသည့် ဇချက်ကြောင့်၊ တက်ကြွမာန်ခု၊ အန်တုသမျှ၊ ဒုက္ခိတ သဘ္ဘဝတို့ကို၊ လေးဖြာသမျှ၊ သိမ်းနေ ကပ်လုံး၊ မှတ်မဆုံးသော၊ ဖြည့်ဆုံးစာဂီ၊ ပါရမီ အဆောက်အဦ၊ ပွင့်မှုဖြည့်ဝသဖြင့်၊ ရအပ်သော ရူပအစင်္ကြေယျ၊ ရူပကာယသတော်ကို ပြလျက်၊ မာန်မာန-အရကို၊ တခုမချန်၊ ပယ်လှန်ချိုးဖြတ် ဆုံးမတော်မူတတ်သော၊ လူ့နတ်-

ဦးထိပ်၊ ဓမ္မသဘာဝရထွန်းထား၊ မြတ်ဘုရားသည်၊ နှစ်ပါးဗောဓိ၊ မေ့တာ အဓိဂ္ဂတွင်၊ ပစ္ဆိမ ဗောဓိ အခါ၊ နိယတမျှသုံး၊ ရွှေဘုန်းတော်ကြောင့်-ဖြစ်ရသော၊ ဇေတဝန် မဟာဝိဟာရ၌၊ ဣရိယာပထ လေးဘော်ဖြင့်၊ မှုတတော် မူရိုက်အခါ၊ ပယ်တော်၏ ပမာကဲ့သို့၊ ဥပကာရ ကျေးဇူး၊ အထူးလုပ်ကျွေး၊ မိထွေးတော်ရင်နှစ်၊ သွန်းသစ်သော ရွှေစင်၏ ပမာဏ၊ ဇနပဒကလျာဏီ၊ ရူပနန္ဒာထေရီမကို၊ မှုရည်သမှု၊ အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

ညီတော်နန္ဒမင်းသား၏ ကြင်တော်၊ မိထွေးတော်ဂေါတမီ၏ ရင်နှစ်၊ သမီးချစ်ဖြစ်သော ဇနပဒကလျာဏီ မင်းသမီးသည် တနေ့သောအခါ၌ ကြံဆင်ခြင်သည်မှာ "ငါ၏ မောင်တော် အကြီးသည် လေးကျွန်းလုံးကို အုပ်ဖုံးလွှမ်းမိုး အစိုးရလောက်သော စကြာမင်း ဖြစ်ထိုက်သော မင်း၏ အသရေကိုထွေးစွန့်၍ပစ်အပ်သော တံထွေးပေါက်မျှပမာဏကဲ့သို့ ပယ်ချ စွန့်လွှတ်ပန်ရေစွန်းသော အဝတ်ကို ဝတ်ရုံသမှု ရဟန်းပြု၍၊သုံးဃာဝ သုံးလောက၌ မရပြိုင်ဘက် အဂ္ဂပုဂ္ဂလ အနောမအသဒိသ ပါကဋထင်ရှား ဘုရားဖြစ်တော်မူလေပြီ။ ထိုမောင်တော် အကြီး၏ရင်သွေး သားထွေးနှစ်ဝှာ ရာဟုလာ မင်းသားသည်လည်း ဘုရား သာသနာတော်ထမ်း ရဟန်း ပြုလေပြီ။ တမိဝမ်းတွင်း ရှေ့နောက် ဆင်းသည့် မောင်ရင်းမင်းနံ ငါ့-သက်နှံသည်လည်း ဘုန်းလျှံထွန်းထား နောင်တော်ဘုရားက လှည့်ဖြား သွေးဆောင်ကာ ဆုံးမပါသဖြင့် သာသနာတော်ထမ်း ရဟန်းပြုလေပြီ၊ မေရုတောင်ထက် နိုင်းဆစက်လည်း ဆထက်ကျေးဇူး ဂုဏ်ထူးဥပကာ ရှိလှစွာသော ငါ၏ မယ်တော် ဘုရားသည်လည်း သားတော်ဘုရား၏ထံ တောင်းပန်ခယမ်း ရဟန်းပြုလေပြီ။ ဤမျှလောက်သော ဆွေရင်း မျိုးချာ ပေါင်းများစွာတို့ သာသနာတော်ထမ်း ရဟန်း ပြုကြပါကုန်လျက်လည်း၊ ငါတယောက်ထည်း အချည်းနှီး ခွါရှောင် အိမ်ရာထောင်သော လူ့-ဘောင်၌နေသဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဘုရားသာသနာ ကောင်းစွာ ခွက်ထမ်း ရဟန်းပြုတော့မည်" ဟု ကြံ၏။ ကြံပြီး၍ကား၊ ထိုမင်းသမီးသည် ရဟန်းမိန်းမတို့၏ ကျောင်းသို့ သွားရောက်၍ ရဟန်းပြုလေ၏။

## မြတ်စွာဘုရားထံ မသွားဘဲနေခြင်း။

ထိုသို့ရဟန်းပြုသော်လည်း သဒ္ဓါတရား ဖြစ်ပွါးသောအားဖြင့် ရဟန်း ပြုသည်မဟုတ်။ ဆွေမျိုးဉာတိ အဆိပေါက်ဖော် တော်စပ်သော သူတို့၌ ချစ်ခင် ရုံမက်ခြင်းဖြင့်သာလျှင် ရဟန်း ပြုလေ၏။ ထိုဇနပဒကလျာဏီ ရဟန်း မိန်းမသည် အလွန် အဆင်းလှသည့် အဖြစ်ကြောင့်၊ ရူပနန္ဒာ ဘိက္ခုနီမ, ဟု ထင်လျှား ကျော်စော၏။ မြတ်စွာဘုရား သခင်သည် ရုပ်သည် အနိစ္စ,ဒုက္ခ,အနတ္တ။ဝေဒနာသည် အနိစ္စ,ဒုက္ခ,အနတ္တ။သညာ-သည် အနိစ္စ,ဒုက္ခ,အနတ္တ။သင်္ခါရတို့သည် အနိစ္စ,ဒုက္ခ,အနတ္တ။ဝိညာဏ်-သည် အနိစ္စ,ဒုက္ခ,အနတ္တ-တည်း ဟု ဤသို့သော တရားတော်ကို ဟော-ကြားတော်မူသတည်း ဟု ကြား၍၊ ထိုရူပနန္ဒာဘိက္ခုနီမသည် ''ဤသို့ သဘောရှိသော ရှုချင်စဖွယ်တင့်တယ်လှပသော ငါ၏အဆင်း၌ အပြစ်ကို ပြ၍၊ လောကထွဋ်ထား မောင်တော်ဘုရားသည် တရားဟောတော် မူပေ လိမ့်မည်'' ဟု ကြံ၍၊ မြတ်စွာဘုရား သခင်၏ မျက်မှောက်တော်သို့-မသွားရောက်။

သာဝတ္ထိပြည်၌ နေလေ့ရှိကုန်သော ဒါယကာ ဒါယိကာမတို့သည် နံနက် စောစောကပင်လျှင် အလှူဒါနကို ပေးလှူပြီး၍ ကောင်းစွာခံယူ ဆောက်တည်အပ်သော ဥပုသ်သုံးခြင်း ရှိကုန်လျက်၊ စင်ကြယ် ကောင်း-မြတ်သော အပေါ်တင် ပုဆိုးကို ရုံပြီးသည့်ကာလ၊ ပန်း,နံ့သာ စသည် တို့ကို ထက်စွဲကုန်လျက်၊ ညချမ်းသောအခါ ဇေတဝန် ကျောင်းတော်၌ ရဂုံးစည်းဝေး၍ တရားတော်ကို နာကြကုန်၏။ မြတ်စွာဘုရား တရား ဟောရာ၌ တရားတော်ကို နာလိုသော သဘောဆန္ဒ ဖြစ်ကြကုန်သော ရဟန်းမိန်းမ အပေါင်းတို့သည် ကျောင်းတော်သို့ သွားရောက်၍ တရား-တော်ကို ကြားနာ၏။ တရားတော်ကို ကြားနာ၍ မြို့သို့ ဝင်ကြကုန်သည် ရှိသော်၊မြတ်စွာဘုရား ဂုဏ်ကျေးဇူး စကားကို ပြောဆို ချီးမွမ်းကုန်လျက် သာလျှင် ဝင်သွားကြကုန်၏။

[လေးပါးသော ပမာဏ နှိုင်းယှဉ်ခြင်းရှိသော လောက လူ့ရွာ သတ္တဝါ အရပ်၌ မြတ်စွာဘုရား သခင်ကို ဖူးမြင်ကြရကုန်သော အကြင် သတ္တဝါတို့အား ကြည်ညိုခြင်း မဖြစ်။ ထိုကြည်ညိုခြင်း

မဖြစ်နိုင်သော သတ္တဝါတို့သည် အနည်းငယ်မျှသာ ရှိကုန်၏။ ထို-စကားမှန်၏။အဆင်း၌ နှိုင်းယှဉ်ခြင်း ရှိကုန်သော သတ္တဝါတို့သည် လက္ခဏာတော်ကြီး, လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်အပ်သော ဇမ္ဗုရာဇ်ရွှေစင်အဆင်းကဲ့သို့သောအဆင်း ရှိသော မြတ်စွာဘုရားသခင်၏ ကိုယ်တော်ကိုမြင်၍ ကြည်ညို ကြကုန်၏၊ ကျေးဇူးသတင်း ကြွေးကြော်ကျော်စောခြင်း အသံ၌ နှိုင်းယှဉ်ခြင်း ရှိကြကုန်သော သူတို့သည်လည်း အရာမက များ-ပြားလှကုန်သော ဇာတ်တော် အဖြစ်တော်တို့ကို မှီ၍ ဖြစ်သော မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူး အသံတော်ကိုရင်း၊ အင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော တရားဟောသော အသံတော်ကိုရင်း၊ ကြားနာရ၍ ကြည်ညိုကြကုန်၏။ ခေါင်းပါးသော အရာ၌ နှိုင်း-ယှဉ်ခြင်း ရှိကြကုန်သော သူတို့သည်လည်း မြတ်စွာ ဘုရား-သခင်၏ သင်္ကန်း-အစရှိသော ခေါင်းပါးသော အဖြစ်ကိုစွဲလျက် ကြည်ညိုကြကုန်၏။ တရား၌ နှိုင်းယှဉ်ခြင်း ရှိကုန်သော သူတို့-သည်လည်း အား,ဆယ်ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာ-ဘုရားသခင်၏ သီလတော်သည် ဤသို့ သဘောရှိ၏၊ သမာဓိ-တော်သည် ဤသို့ သဘောရှိ၏။ ပညာတော်သည် ဤသို့ သဘော ရှိ၏။မြတ်စွာဘုရား သခင်သည် သီလအစရှိသော ဂုဏ်တို့ကြောင့် တုဘက်နှိုင်းပြိုင် တစုံတယောက်သောသူမျှ မရှိ ဟု ကြည်ညိုကြ ကုန်၏။

ထိုကြောင့် ရှင်းအဋ္ဌကထာ၌-

စတုပ္ပမာဏိကေ ဟိ လောက သန္နိဝါသေ အပ္ပကာဝ ဘေ သဒ္ဓါ ယေသံ တထာဂတံ ပသာန္တာနံ ပသာဖော် န ဥပ္ပဇ္ဇတိ။ ရူပပ္ပမာဏိကာ ဟိတထာဂတဿ လက္ခဏာ နုဗျဉ္ဇန ပဋိမဏ္ဍိတံ သုဝဏ္ဏဝဏ္ဏံ သရီရံ ဒိသွာ ပသီဒန္တိ။ ဃောသပ္ပမာဏိကာပိ အနေကာနိ ဇာတကသတာနိ နိဿာယ ပဝတ္တံ သဏ္ဍုဂုဏံ ဃောသဉ္စေဝ အဋ္ဌင်္ဂသမ္ပန္နာဂတံ မေဃဒေသနာ ဃောသဥ္စ သုတွာ ပသီဒန္တိ။ လူခပ္ပမာဏိကာပိဿ စီဝရာဒိ လူခတံ ပဋိစ္စ ပသီဒန္တိ။ မေ္ဃပ္ပမာဏိကာပိ ဝေရူပံ ဒသဗလဿ သီလံ။ ဝေရူပေါ် သမာဓိ။

ဝေဠုပါ ပညာ၊ဘဂဝါ သီလာဒိဟိ ဂုဏေဟိ အသမော အပ္ပဋိ
ပုဂ္ဂလောတိ ပသီဒန္တိ။ ။

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ဟိ၊ထိုစကားကို ထင်ရှားအောင် ဆိုသိုက်ဦးအံ့။ စတုပ္ပမာဏိကေ၊ လေးပါးသော နှိုင်းယှဉ်ခြင်း ရှိသော။ လောကသန္နိဝါသေ၊ သတ္တဝါအရပ်၌။တထာဂတံ၊ မြတ်စွာဘုရားသခင်ကို။ပဿန္တာနံ၊ဖူးမြင်ရကုန်သော။ ယေသံသတ္တာနံ၊အကြင်သတ္တဝါတို့အား။ ပသာဒေါ၊ကြည်ညိုခြင်းသည်။ နုပ္ပဇ္ဇတိ၊မဖြစ်။ တေသတ္တာ၊ထိုသတ္တဝါတို့သည်။ အပ္ပကာဝ၊ အနည်းငယ်မျှတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိသစ္စံ၊ထိုစကားမှန်၏။ ရူပပ္ပမာဏိကာ၊ အဆင်း၌နှိုင်းယှဉ်ခြင်း ရှိကုန်သောသူတို့သည်။ တထာဂတဿ၊ မြတ်စွာဘုရားသခင်၏။ လက္ခဏာနုဗျဉ္ဇနပဋိမဏ္ဍိတံ၊လက္ခဏာတော်ကြီး လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ တန်းဆာဆင်အပ်သော။ သုဝဏ္ဏဝဏ္ဏံ၊ရွှေအဆင်းကဲ့သို့ အဆင်းရှိသော။သရီရံ၊ ကိုယ်တော်ကို။ဒိသွာ၊မြင်၍။ ပသီဒန္တိ၊ ကြည်ညိုကြကုန်၏။ ဃောသပ္ပမာဏိကာပိ၊ အသံ၌နှိုင်းယှဉ်ခြင်း ရှိကုန်သော် သူတို့သည်လည်း။ အနေကာနိ၊ များစွာကုန်သော။ ဇာတကသတာနိ၊ ဇာတ်အရာတို့ကို။ နိဿာယ၊ မှီ၍။ ပဝတ္တံ၊ ဖြစ်သော။ သတ္ထုဂုဏဃောသဉ္စေဝ၊ ဘုရား၏ဂုဏ်ကျေးဇူးအသံတော်ကိုရင်း။ အဋ္ဌင်္ဂသမန္နာဂတံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော။ ဓမ္မဒေသနာ ဃောသဉ္စ၊ တရားဟောသော အသံတော်ကိုရင်း။ သုတွာ၊ကြား၍။ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ လူခပ္ပမာဏိကာပိ၊ ခေါင်းပါးသောအဖြစ်၌ နှိုင်းယှဉ်ခြင်းရှိကုန်သောသူတို့သည်လည်း။ အဿ၊ထိုမြတ်စွာဘုရားသခင်၏။ စီဝရာဒိလူခတံ၊ သင်္ကန်းအစရှိသည်၏ ခေါင်းပါးသော အဖြစ်ကို။ပဋိစ္စ၊စွဲ၍။ ပသီဒန္တိ၊ကြည်ညိုကုန်၏။ ဓမ္မပ္ပမာဏိကာပိ၊ တရားတော်၌ နှိုင်းယှဉ်ခြင်းရှိကြသိန်သောသူတို့သည်လည်း။ ဧဝံရူပေါ၊မြတ်စွာဘုရားသခင်၏။ ကုလံ၊သီလတော်သည်။ ဧဝရူပံ၊ဤသို့ သဘောရှိ၏။ သမာဓိ၊ သမာဓိတော်သည်။ ဧဝရူပေါ၊ ဤသို့သဘောရှိ၏။ ပညာ၊ပညာ-

တော်သည်။ ဝေရူပါ၊ ဤသို့သဘောရှိ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သီလာဒိပဟိ ဂုဏေဟိ၊ သီလအစရှိသော ဂုဏ်တို့ဖြင့်။ အသဒိသော၊ တူတော်မမူ၊ အပ္ပဋိပုဂ္ဂလော၊ တူသော ပုဂ္ဂိုလ်မရှိ။ ဣတိ၊ ဤသို့၊ ပသီဒန္တိ၊ ကြည်ညိုကုန်၏။ ။ဤကားအနက်။]

မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူး စကားကို ပြောဆို ချီးမွမ်းထောမနာကြကုန်သော ထိုသူတို့အား ခံတွင်းမဆန့် ပြန့်နှံ့အားကြီးလှပေ၏။ ရူပနန္ဒာမထေရ်မသည် ရဟန်းမိန်းမတို့၏ရင်း၊ ဒါယိကာမိန်းမတို့၏ရင်း အထံမှ မြတ်စွာဘုရားသခင်၏ ဂုဏ်ကျေးဇူး စကားကို ကြားနာရ၍ ကြံဆင်ခြင်သည်မှာ “ငါ၏မောင်တော်ကြီးဖြစ်သော ဘုရားရှင်၏ဂုဏ်ကျေးဇူးကို အလွန်ပင် ပြောဆို ချီးမွမ်းကြ လေသည်။ တနေ့မျှလည်း ငါ၏အဆင်း၌ အပြစ်ကိုပြ၍ မိန့်ဘော်မူသော်လည်း အဘယ်မျှလောက်မိန့်တော်မူနိုင်လတ္တံ့နည်း။ ယခုအခါ ငါသည် ရဟန်းမိန်းမတို့နှင့် အတူ တကွ လိုက်ပါသွားရောက်၍ မိမိကိုယ်ကိုမပြမူ၍သာလျှင် မြတ်စွာဘုရားသခင်ကို ဖူးမြင်၍ ထိုမြတ်စွာဘုရား၏ တရားတော်ကို ကြားနာပြီးသည့်ကာလ ပြန်လာခဲ့တော့အံ့”ဟု ကြံ၏။ ကြံပြီး၍ကား ထိုရူပနန္ဒာမထေရ်မသည် ငါသည် ယနေ့ တရားနာ သွားအံ့ဟု ရဟန်း မိန်းမ တို့အား ကြားပေ၏။

## ဖန်ဆင်းအပ်သော တဆဲ့ခြောက်နှစ်ရွယ် မိန်းမငယ်။

ရဟန်းမိန်းမတို့သည် ဤရူပနန္ဒာသည်ကား ကြာမြင့်ရှည်စွာ ယခုအခါမှ မြတ်စွာဘုရားသခင်အား ခစားဖူးမြော်ခြင်းကို ပြုခြင်းငှါ သွားရောက်လိုသောစိတ် ဖြစ်လာ၏။ ယနေ့ မြတ်စွာဘုရားသခင်သည် ဤရူပနန္ဒာမထေရ်မကို အကြောင်းပြု၍ ဆန်းကြယ်သော ဓမ္မဒေသနာ အဖြာဖြာ အထူးထူးသောနည်းကို ဟောကြားတော်မူလတ္တံ့ဟု နှစ်သက် ရွှင်လန်းသောစိတ် ရှိကုန်သည်ဖြစ်၍ ထိုရူပနန္ဒာ မထေရ်မကို ခေါ်ယူပြီးသည့်ကာလ ထွက်သာခဲ့ကြကုန်၏။ ရူပနန္ဒာမထေရ်မသည် ထွက်လာသောကာလမှစ၍ ငါသည်မိမိကိုယ်ကို မြတ်စွာဘုရားအား မပြမထင် မမြင်စေပေအံ့ဟု ကြံ၏။

မြတ်စွာဘုရားသခင်သည် "ယနေ့ ရူပနန္ဒာသည် ငါဘုရားအားခစား ဆည်းကပ်ခြင်းငှါ လာရောက်လတ္တံ့။ ထိုရူပနန္ဒာအား အဘယ်သို့သော တရားစကား ဟောကြားသုံးမခြင်းဖြင့် သင့်လျော်လျောက်ပတ်အံ့နည်း" ဟု ကြံဆင်ခြင်တော်မူပြီးသော် ဤရူပနန္ဒာသည် အဆင်း၌ အလေးအမြတ် ပြု၏၊ မိမိ၏ခန္ဓာကိုယ် အတ္တဘော၌အားကြီးသော ခင်မင်နှစ်သက်မြတ်နိုး ခြင်းရှိ၏။ ဆူးဖြင့်ဆူးကို ထွင်နုတ်ဘိသကဲ့သို့ ထိုရူပနန္ဒာအား အဆင်းဖြင့် သာလျှင် အဆင်း၌မာနယစ်ခြင်းကို ပယ်ရှားတွန်းလှန် မာနမရှိအောင် ဆုံးမခြင်းသည် သင့်လျော်ပတ်၏"ဟု ဆုံးဖြတ်ခြင်းကိုပြုပြီး၍ ထိုရူပ နန္ဒာမထေရိမ၏ ကျောင်းသို့ ဝင်လာသော အခါ၌ တဆဲ့ခြောက်နှစ်ရွယ် တင့်တယ်သူဆန်း နီမြန်းသောအဝတ်ကို ဝတ်ရုံပြီးသောအခါ အလုံးစုံ သောတန်းဆာတို့ဖြင့် တန်းဆာ ဆင်အပ်သော ယပ်ကို ကိုင်ယူလျက် ကိုယ်တော်မြတ်၏အထံ၌ ယပ်ခပ်တည်နေသော အလွန်အကြူးအထူး သဖြင့် လှပတင့်တယ်ခြင်းရှိသော တယောက်သော မိန်းမငယ်ကို တန်းခိုး တော်၏အစွမ်းဖြင့် ဖန်ဆင်း၍ထားတော်မူ၏။

ထိုဖန်ဆင်း၍ထားအပ်သော မိန်းမငယ်ကို မြတ်စွာဘုရားသခင်သည် ၎င်း၊ ရူပနန္ဒာသည်၎င်း ဤနှစ်ဦးကုန်သော သူတို့သာ မြင်ရ၏။ ရူပနန္ဒာ မထေရိမသည် ရဟန်းမိန်းမတို့နှင့် အတူတကွ ကျောင်းတော်သို့ဝင်၍ ရဟန်းမိန်းမတို့၏ နောက်အဘို့၌ တည်လျက် ငါးပါးသော တည်ရာရှိ သော ရှိခိုးခြင်းဖြင့် မြတ်စွာဘုရားသခင်ကို ရှိခိုးဦးချပြီးလျှင် ရဟန်းမိန်းမ တို့၏ အကြား၌ ထိုင်နေပြီးမှ ခြေဖျားတော်မှစ၍ မြတ်စွာဘုရားကို ကြည့်ရှုလျက် လက္ခဏာတော်ကြီးတို့ဖြင့် ဆန်းကြယ်သော လက္ခဏာ တော်ငယ်တို့ဖြင့် ထွန်းလင်းတောက်ပသော တလံမှုသောက်သော ကိုယ် ရောင်တော်ဖြင့် မြိုးကွန့်ယှက်သန်း ခြံရံအပ်သော ဘုရားရှင်၏ကိုယ်ဘော် ကိုကြည့်ရှု၍ လပြည့် ဝန်းနှင့်တူသော အသရေ ရှိသော မျက်နှာကို ကြည့်မြော်လျက် အနီး၌တည်နေသော မိန်းမရုပ်ကိုမြင်လေ၏။

မထေရိမသည် ထိုမိန်းမရုပ်ကိုကြည့်ရှု၍ မိမိအတ္တဘောကိုကြည့်ရှု သည်ရှိသော် ရွှေဟင်္သာမ၏ရှေ့မှ ကျီးမနှင့်တူသောမိမိကိုယ်ကို အယုတ် အားဖြင့် အောက်မေ့မှတ်ထင်၏။ တန်းခိုးဖြင့်ပြီးသောမိန်းမရုပ်ကို မြင်ရ သော ကာလမှစ၍သာလျှင် မထေရိမအား မျက်စေ့တို့ကို မမှိတ်ကုန်။

ပြောဲ-အံ့ဘွယ်ရှိစွ။ ဤမိန်းမ၏ဆံပင်တို့သည် တင့်တယ်ပေစွ။ ဤမိန်းမ၏ နဖူးသည် တင့်တယ်ပေစွ စသည်တို့ဖြင့် အလုံးစုံကုန်သော ကိုယ်အရပ် အစိတ်တို့၏ လှပတင့်တယ် ရှုချင်ဘွယ်ရှိသော အဆင်း အသရေဖြင့် ကောင်းစွာငင်အပ်သော စိတ်ရှိသည်ဖြစ်၍ ထိုအဆင်း၌ အားကြီးသော ချစ်နှစ်သက်ခြင်းသည် ဖြစ်လေ၏။

## တဆဲ့ခြောက်နှစ်ရွယ် မိန်းမငယ်၏ ဖေါက်ပြန်ပုံ။

မြတ်စွာဘုရား သခင်သည် မထေရ်မအား ထိုမိန်းမ ရုပ်အဆင်း၌ နှစ်သက် မွေ့လျော်သည်ကို သိတော်မူ၍ တရားတော်ကို ဟောကြား တော်မူလိုသောကြောင့် ထိုမိန်းမရုပ်ကို တဆဲ့ခြောက်နှစ်အရွယ်၏အဖြစ်မှ လွန်မြောက်စေပြီးသော် အနှစ် နှစ်ဆယ်အရွယ်မျှလောက် ကျရောက် သည်ကိုပြု၍ပြတော်မူ၏။ ရူပနန္ဒာသည်ကြည့်ရှု၍ ဤအဆင်းသည် ရှေးနှင့် တူသည် မဟုတ်ဟု အနည်းငယ် တပ်မက်ခြင်း ကင်းသောစိတ်ဖြစ်၏။ မြတ်စွာဘုရားသခင်သည် အစဉ်အတိုင်းဖြင့်သာလျှင် ထိုမိန်းမရုပ်အား တကြိမ်သားဖွါးသောအဆင်းကို အလယ်,အလတ် အရွယ်ရှိသောမိန်းမ၏ အဆင်းကို အိုမင်းလေပြီး အရွယ်ကြီးသော မိန်းမ၏အဆင်းကို ပြတော် မူ၏။

ရူပနန္ဒာသည်လည်း ဤအဆင်းသည်လည်း ကွယ်ခဲ့၏။ ဤအဆင်း သည်လည်း ကွယ်ခဲ့၏ဟု အစဉ်အတိုင်းအားဖြင့် သာလျှင် အောက်မေ့ ကြည့်ရှု၍ အိုမင်းသောအခါ၌ ထိုအဆင်းကိုတပ်နှစ်သက်ခြင်း ကင်းလျက် ကျိုးသောသွားရှိသော ဆံဖြူသောဦးခေါင်းရှိသော ဖရိုဖရဲ ကျဲတဲယိုင် ကောက်သောနံရိုးရှိသော တောင်ဝှေးလျှင်လက်စွဲ ကိုင်မှီရာရှိသော တုန် လှုပ်လည်းကျသွားသော အဆင်းကိုမြင်ရသည်ရှိသော် လွန်စွာတပ်မက် နှစ်သက်ခြင်း ကင်းလေ၏။

ထိုနောက် ရူပနန္ဒာမထေရ်မအား မြတ်စွာဘုရားသည် ထိုမိန်းမရုပ်ကို ရောဂါအနာဖြင့် ဘိစီးနှိပ်စက်အပ်သည်ကိုပြု၍ ပြတော်မူ၏၊ ထိုမိန်းမရုပ် သည် ထိုခဏပင်လျှင် တောင်ဝှေးကိုရင်း၊ ထန်းရွက်ကိုရင်း စွန့်ပစ်၍ ကျယ်စွာသောအသံကို ဟစ်အော်မြည်တမ်းလျက် မြေကြီး၌ လည်းကျ ပြီးလျှင် မိမိ၏ကျင်ငယ်, ကျင်ကြီး၌ လိမ့်းကပ်နစ်မြုပ်လျက် ထိုမှဤမှ လူးလှိမ့်လေ၏၊

ရူပနန္ဒာမထေရီမသည် ထိုကဲ့သို့ပေါက်ပြန် ပျက်စီးသည်ကို မြင်ရသည်ရှိသော် အလွန်ပင်တပ်နှစ်သက်ခြင်း ကင်း၏၊ မြတ်စွာဘုရားသခင်သည်လည်း ထိုမိန်းမ၏သေလွန်သော အခြင်းအရာကိုပြပြန်၏။ ထိုခဏ၌ပင်လျှင် ဖူးဖူးရောင်သည့်အဖြစ်သို့ ရောက်လေ၏၊ ကိုးပေါက်တို့မှ အမာဝတို့မှ ပြည်အပုပ်ရေတို့သည်၎င်း၊ ပိုးလောက်တို့သည်၎င်း ယိုစီး၍ ထွက်လာကုန်၏၊ ကျီးအစရှိသည်တို့သည် ရုံးရုံစည်းဝေးလာ၍ ထိုးဆွလုယက်ကုန်၏၊ ရူပနန္ဒာ မထေရီမသည်လည်း ပေါက်ပြန်ပျက်စီးသော ထိုမိန်းမရုပ်ကိုကြည့်၍ "ဤမိန်းမသည် ဤအရပ်၌ပင်လျှင် အိုခြင်းသို့ရောက်၏၊ နာခြင်းသို့ရောက်၏၊ သေခြင်းသို့ရောက်၏။

ငါ၏ဤခန္ဓာကိုယ် အတ္တဘောသည်း ဤမိန်းမ၏အတူသာလျှင် အိုခြင်း, နာခြင်း, သေခြင်းတို့သည် လာရောက်ပေကုန်လတ္တံ့"ဟု မိမိအတ္တဘောကို အနိစ္စအားဖြင့် ရှု၏၊ အနိစ္စအားဖြင့် ရှုမြင်အပ်သည်ရှိသော် ဒုက္ခ, အနတ္တအားဖြင့်လည်း မြင်အပ်သည်သာလျှင်တည်း။ ထိုနောက် မထေရီမအား သုံးပါးသောဘဝတို့သည် ဟူးဟူးပြောင်ပြောင် တောက်လောင်ထိန်ညီးသောမီးပုံကြီးကဲ့သို့၎င်း၊ လည်၌ဖွဲ့ချည်၍ ထားအပ်သော သူကောင်ပုပ်ကဲ့သို့၎င်း ထင်ကုန်၏၊ ကမ္မဋ္ဌာန်းသို့ ရှေးရှုစိတ်သည် ပြေးဝင်၏။

## ရူပနန္ဒာမထေရီမ သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ထိုရူပနန္ဒာမထေရီမအား အနိစ္စအားဖြင့် ထင်မြင်သည့်အဖြစ်ကို သိတော်မူ၍ "အသို့နည်း မိမိအလိုလိုသာလျှင် မိမိ၏တည်ရာကို ပြုခြင်းငှါစွမ်းနိုင်လတ္တံ့လောဟု ကြည့်ရှုတော်မူသည်ရှိသော် မစွမ်းနိုင်ပေလတ္တံ့။ အခြားဖြစ်သောအပမှ အထောက်အပံ့ကို ရခြင်းငှါ သင့်လျော်ပေ၏"ဟု ကြံဆင်ခြင်တော်မူပြီး၍ ထိုမထေရီမအား သင့်လျော်သည်၏ အစွမ်းဖြင့် တရားတော်ကို ဟောကြားတော် မူသို့သောကြောင့်-

> အာတုရံ အသုစိံ ပူတိံ၊ ပဿ နန္ဒေ သမုဿယံ။
> ဥဂ္ဃရန္တံ ပဂ္ဃရန္တံ၊ ဗာလာနံ အဘိပတ္ထိတံ။ ။
> ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
> ဓာတုတော သုညတော ပဿ၊ မာ လောကံ ပုန ရာဂမိ။
> ဘဝေ ဆန္ဒံ ဝိရာဇေတွာ၊ ဥပသန္တော စရိဿသိ။ ။

ဟူသော၍ ဂါထာတို့ကို ဟောကြားတော်မူ၏။

**အနက်ကား**။ ။နန္ဒေ၊ ရူပနန္ဒာ၊ အာတုရံ၊ ကျင်နာထသော။ အသုစိံ၊ မစင်ကြယ်ထသော။ ပူတိံ၊ ပုပ်သိုးထသော။ သမုဿယံ၊ သုံးရာသော အရိုးတို့ဖြင့် စိုက်ထောင် အပ်ထသော၊ ဥဿရန္တံ၊ အထက်သို့လည်း ဖျိုတက်ယိုစီးထသော၊ ပဃရန္တံ၊ အောက်သို့ယိုစီးထသော၊ ဣမံကာယံ၊ ဤကိုယ်ကို ပဿ၊ စေ့စေ့ငငကြည့်ရှုပါလေလော။ဝါ။ကာယံ၊ထိုကိုယ်ကို၊ ဗာလာနံ၊ သူမိုက်တို့အား။ အဘိပတ္ထိတံ၊ အလွန်မြတ်နိုး တောင့်တအပ်၏။

ဣဒံ၊ ငါဘုရားထံပါး၌ တည်ရှိသောဤမိန်းမသည်၊ အသုစိပူတိယထာ၊ မစင်မကြယ် နံ့ရှာဘွယ်ပုပ်သိုး ဆွေးမြေ့သကဲ့သို့ တထာ၊ ထိုအတူ ဝေ၊ အသင်၏ ထိုခန္ဓာကိုယ်သည်။ အသုစိပူတိ၊ မစင်မကြယ် နံ့ရှာဘွယ် ပုပ်သိုး၏။ဝါ၊ထိုအသင်၏ ခန္ဓာကိုယ်သည်။ အသုစိပူတိယထာ၊ မစင် မကြယ် နံ့ရှာဘွယ်ပုပ်သိုးသကဲ့သို့၊ တထာ၊ထိုအတူ ။ဣဒံ၊ငါဘုရား ထံပါး၌ တည်သော ဤမိန်းမသည်လည်း။ အသုစိပူတိ၊ မစင်မကြယ် နံ့ရှာဘွယ်ပုပ်သိုး၏။ ဣမံကာယံ၊ ဤကိုယ်ကို။သုညတော၊ သတ္တဇီဝမှ ဆိတ်သော ဓာတုတော၊ ဓာတ်အားဖြင့်။ ပဿ၊စေ့စေ့ငငအောက်မေ့ပြု၍ ကြည့်ရှုပါလေလော။ ပုန၊တဖန်။လောကံ၊ သတ္တလောကသို့။မာအာဂမိ၊ မကပ်ရောက် မလာလေလင့်၊ ဘဝေ၊ဘဝသုံးပါး၌။ ဆန္ဒံ၊နှစ်သက်သော အလိုဆန္ဒကို၊ ဝိရာဇေတွာ၊ တပ်ခြင်းကင်းစေ၍။ဥပသန္တော၊ ရာဂဒေါသစရိုသည် ကင်းငြိမ်းသည်ဖြစ်၍၊ဝါ၊လျက်။ စရိဿတိ၊နိဗ္ဗာန်သို့ သွားရလတ္တံ့သတည်း။ ။ဤကားအနက်။

### ပေါဟန္တာ၏သဘောမဖြစ်ခြင်း။

ရူပနန္ဒာ ထေရီမသည် ဒေသနာသို့ အစဉ်လျှောက်သဖြင့် ဉာဏ်ကို စေလွှတ်၍ သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ ထိုနောက် ရူပနန္ဒာ-မထေရီမအားအထက်ဖြစ်သော သုံးပါးသောမဂ်ဖိုလ်တို့ကို ဗိပဿနာဖြင့် ထုံစေတော် မူလိုသောကြောင့် သုညတကမ္မဋ္ဌာန်းကို ဟောကြားတော်မူခြင်းငှါ ရူပနန္ဒာ၊ဤကိုယ်အတ္တဘော၌ အနှစ်သာရရှိ၏ဟူသောအမှတ်ကို မပြုလေလင့်။ဤခန္ဓာကိုယ်၌ အနည်းငယ်မျှလည်းဖြစ်သော အနှစ်သာရ သည်မရှိ။ဤခန္ဓာကိုယ်သည် သုံးရာသောအရိုးတို့ကို စိုက်ထောင်အပ်သည်

ဖြစ်၍ အရိုးရုတည်းဟူသော မြို့ပြည့်ရှာမှုသာလျှင်တည်းဟု မိန့်တော်မူပြီး၍-

**အဋ္ဌီနံ နဂရံ ကတံ၊ မံသလောဟိတလေပနံ။**

**ယတ္ထ ဇရာ စ မစ္စု စ၊ မာနော မက္ခော စ ဩဟိတော။ ။**

**ဟူသော** ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ရူပနန္ဒာ မထေရ်မသည် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

**အနက်ကား။** ။အဋ္ဌီနံ၊သုံးရာသော အရိုးဟုဆိုအပ်သောသည့်တိုင်ထုပ်လျှောက်တို့ကို။ နှာရုပိနဒ္ဓ၊အကြော တည်းဟူသော ကြိုးနှယ်ဖြင့်ချည်တုပ် ခြေးယှက်အပ်သည်ဖြစ်၍။ မံသလောဟိတလေပနံ၊ အသားအသွေး တည်းဟူသော မြေဆိုင်သရွတ်ဖြင့် ပွတ်သပ် လိမ်းသံအပ်သည်ဖြစ်၍။နဂရံ၊အတ္တဘောတည်းဟူသော မြို့အိမ်ကို၊ ဂဟကာရကေန၊ တဏှာယောက်ျား လက်သမားသည်၊ ကတံ၊ပြုအပ်၏၊ ယတ္ထ၊အကြင်အတ္တဘောတည်းဟူသောအိမ်၌။ ဇရာ စ၊အိုခြင်းသည်၎င်း။ မစ္စု စ၊သေခြင်းသည်၎င်း။ မာနော စ၊ မာန်ထောင်လွှား ခြင်းသည်၎င်း၊ မက္ခော စ၊ သူပြုဘူးသော ကျေးဇူးကို ဖျက်ချေခြင်းသည်၎င်း။ ဩဟိတော၊ပူးဝင်တည်ရှိလေ၏။ ။ ဤကားအနက်။

ဓမ္မပဒ ဇရာဝဂ်၌ ငါးခုမြောက်သော ဇနပဒကလျာဏီ ရူပနန္ဒာမထေရ်မ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

**၁၁-ဇရာဝဂ်။ ၆-မလ္လိကာမိဖုယား၏ ဝတ္ထု။**

**ဇီရန္တိ ဝေ။** ။အစသွေသော၊ ဤဒေသနာ၊ ပါဠိဂါထာကို၊ သတ္ထာ ကံလှို့၊အကျိုးပေးနို့သဖြင့်၊ တံ့ကာမလှန်၊ မပြန်နိုင်မှု၊ ပညာနူကုန်သော သတ္တဝါတို့ကိုမြင်လျှင်၊ ပညာဆင့်ဆင့်၊ ဉာဏ်ကြီးရင့်အောင်၊ချီးမြှင့်ဆုံးမ တော်မူဘတ်သော၊ သကာတ် အလာကြောင့်၊ သတ္ထာ မည်ရှိ၊ ဓိပတိ ခေါင်ဖျား၊ဘုရားသခင်သည်၊ပြည်ခွင်ဘုမ္မိ၊ သာဝတ္ထိတောင်စွန်၊ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းစံမွေ့ယ်တော်မူသောအခါ၊ အောင်ချာကနက်၊ ထွန်းလက်လျှံမြူ၊ ဂုဏ်ထူးပျံ့သည့်၊မြို့လင်္ကာရာ၊ အဂ္ဂါသဒ္ဓတ္တိ၊သာဝတ္ထိ

မြို့ကြီး၏အရှင်၊ဘုရင်ပသေနဒီ ကောသလမင်းမြတ်၏"ညာနတ် လက်ျာ၊ မဟာဒေဝီ၊မဟေသီခေါင်ဖျား၊ မလ္လိကာ မိဖုယားကို အကြောင်းပြုသော အခါးဖြင့် ဟောကြားတော်မူခဲ့ပေသဘည်း၊

## အကြောင်း အစ္ဆုပ္ပန္နအစဉ်ကား ဤသို့တည်း။

ပစ္စုပ္ပန်ဝတ္ထု။

ထိုမလ္လိကာ မိဖုယားကြီးသည် တနေ့သောအခါ၌ ရေချိုးအိမ်ဘိုက် ခန့်သို့ဝင်၍ ခံတွင်းကိုဆေးကြောပြီးသော် ညွတ်ကိုင်းသောကိုယ်ရှိသည် ဖြစ်၍ သလုံးမြင်းခေါင်းကို ဆေးကြောခြင်း၌ အခါးထုတ်၏။ထိုမိဖုယား ကြီးနှင့် အတူတကွသာသျှင်ဝင်သွားလိုက်ပါသောမင်းအိမ်၌မွေးမြူး၍ထား အပ်သော အကျွမ်းဝင်သော ခွေးတကောင်သည် ရှိ၏၊ထိုခွေးသည် ထို- သို့သော အခြင်းအရာဖြင့် ညွတ်ကိုင်းသောကိုယ် ရှိသည်ဖြစ်၍ သလုံး မြင်းခေါင်းကို ဆေးကြော၍နေသော မိဖုယားကိုမြင်၍ မသူတော်တို့၏ ပေါင်းဖေါ်ခြင်းဖြင့် ပေါင်းဖေါ်ခြင်းကို ပြုအံ့သော၌ အခါးထုတ်၏၊ ထို မိဖုယားကြီးသည် အတွေ့ကို သာသာသောအခါးဖြင့် ရပ်တည်၍ နေ၏။ ပသေနဒီ ကောသလ မင်းကြီးသည် အထက် ဖြစ်သော ပြာသာဒ်၌ လေသောက်ပြူတင်းဖြင့် ကြည့်ရှုသည်ရှိသော် ထိုသို့သောအခြင်းအရာကို မြင်၍ ထိုနောက် ဤမိဘုံမှောက်သို့ မိဖုယားကြီးရောက်လာသောကာသ သူယုတ်မ၊ ပျက်လေလော့။ အဘယ်ကြောင့် ဤသို့ သဘောရှိသည်ကို ပြုဘိသနည်းဟု ဆို၏။

## မလ္လိကာသည် မင်းကြီးအား လှည့်ပတ်ခြင်း။

အရှင်မင်းမြတ်၊ ကျွန်တော်မသည် အဘယ်ကို ပြုအပ်ပါသနည်းဟု မေးသည်ရှိသော် အသင်သည် ခွေးနှင့်အတူတကွ နှီးနှောစပ်ယှက်သည် မဟုတ်တုံလောဟု မိန့်တော်မူလျှင် အရှင်မင်းမြတ်၊ ကျွန်တော်မအား ထိုဒေ မှုသည် မရှိပါဟု လျှောက်တင်သည့်ကာသ ငါသည် ကိုယ်တိုင် မြင်၏။အသင်၏စကားဖြင့် အဘယ်မှာယုံကြည်နိုင်အံ့နည်း။ သူယုတ်မ၊ ပျက်လေလောဟု မိန့်တော်မူ၏။မင်းကြီး၊ အမှတ်မထင် အကြင် တရံ တယောက်သော သူသည် ဤရေချိုး အိမ်သို့ ဝင်သည် ရှိသော် ဤ လေသောက် ပြူတင်းဖြင့် ကြည့်ရှုသော သူ့အား တယောက် သာလျှင်

ဖြစ်သောသူကို နှစ်ယောက် နှစ်ဖြာအားဖြင့် ထင်မြင်ဘတ်ပါသည်။ အရှင်မင်းမြတ်၊ ကျွန်မအား အာကာယ်၌ မယုံနဲ့သည့် ဖြစ်အံ့၊ ထိုရေချိုးအိမ်သို့ ကြွဝင်တော်မူပါလော၊ ကျွန်တော်မသည် ရေချိုးအိမ်သို့ ကြွဝင်သော အရှင်မင်းကြီးကို ဤလေသောက်ပြူတင်းဖြင့် ကြည့်ရှု၍နေပါအံ့ဟု မဟုတ်မမှန်သည်ကို လှည့်ပဘ်ပြောဆို၏၊ မင်းကြီးသည် တွေဝေထိုင်းမှိုင်းသော သဘော ရှိသောကြောင့် မိဖုယား လှည့်ပတ် ပြောဆိုသော စကားကို ယုံကြည်၍ ရေချိုးအိမ်သို့ ဝင်လေ၏။

ထိုမိဖုယားသည်လည်း လေဝင်သောက်ပြူတင်း၌ ရပ်တည်ကြည့်ရှုလျက် ရိုက်မဲသော မင်းကြီး၊ အသင့်အား ဆိတ်မနှင့် အတူတကွ ချေယှက်ပေါင်းဖေါ်ခြင်းကို အဘယ်ကြောင့် ပြုဘိသနည်းဟု ပြော၏။ မင်းကြီးသည်လည်း ချစ်နှမ၊ ငါသည် ဤသို့သဘောရှိသောအမှုကို မပြုမလုပ်ပါဟု ဆိုအင်သော်လည်း ကျွန်တော်မ ကိုယ်ဘိုင် မြင်အပ်၏၊ အရှင်မင်းကြီး စကားဖြင့် အဘယ်မှာ ယုံကြည်နိုင်ပါအံ့နည်းဟု ပြော၏။ ထိုစကားကို ကြား၍ မင်းကြီးသည် "စင်စစ် ဤရေချိုးအိမ်သို့ ဝင်ရောက်သည့်ရှိသော် တယောက်သော သူကိုပင်လျှင် နှစ်ယောက်သော အဖြစ်ဖြင့် ထင်မြင်လေသည်"ဟု ယုံကြည်၏။

## တဆဲ့လေးကုဋေအလှူသည် မ,ကာယ်နိုင်။

မလ္လိကာမိဖုယားသည် "ဤမင်းကြီးသည်ကား ရိုက်မဲတွေဝေသည့် အဖြစ်ကြောင့် ငါလှည့်ပတ်သည်ကို ယုံကြည်၏၊ ငါသည် မကောင်းမှုကို ပြုအပ်၏၊ ခင်ပွန်းသခင် အရှင်ဖြစ်သော ဤမင်းကြီးကိုလည်း မဟုတ်-မမှန်သောအားဖြင့် စွပ်စွဲအပ်၏။ ငါပြုအပ်သော ဤအမှုကို မြတ်စွာဘုရားသခင်သည်လည်း သိတော်မူသတ္တံ့။ နှစ်ပါးကုန်သော အဂ္ဂသာဝကတို့သည်ရင်း,ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့သည်ရင်း၊ သိတော်မူကြ-ပေကုန်လတ္တံ့။ ငါ့အား ဩဝါဒ-ဝန်လေးသော အမှုကို ပြုမိလေစွ" ဟု ကြံ၏။

ဤမလ္လိကာမိဖုယားသည် မင်းကြီး၏ အသဒိသအလှူကို ပေးလှူရာ၌ အပေါင်းအဘော်သည် ဖြစ်ပေ၏။ ထိုအသဒိသ အလှူ၌လည်း တရသော နေ့၌ စွန့်ကြဲလှူဒါန်းအပ်သော အလှူသည် တဆဲ့လေးကုဋေအဘိုးထိုက်၏။

မြတ်စွာဘုရား သခင်အား ပေးလှူအပ်သော ထီးဖြူ၊ ထိုင်နေရာ ပလ္လင်၊ သပိတ်ခြေ၊ ခြေဆေးပျဉ်၊ ဤလေးပါးတို့သည် ဤ၍ဤမျှ ဟု ရေတွက်၍ မပြနိုင်ကုန်။ ထိုမလ္လိကာ မိဖုယားကြီးသည် သေခါနီး ကာလ၌ ဤသို့ သဘောရှိသော ကြီးကျယ်စွာ စွန့်ကြဲလှူဒါန်းအပ်သော ဒါနအစရှိသော ကုသိုလ်ကောင်းမှုကို မအောက်မေ့ နှလုံးမသွင်းမူ၍ မိမိအရှင် ခင်ပွန်းလင်ဖြစ်သော မင်းကြီးအား မဟုတ်မမှန်သော စကားဖြင့် စွပ်စွဲမိသော ထိုမကောင်းမှု ကံကိုသာလျှင် အောက်မေ့ နှလုံးသွင်းလျက် သေလွန်ခြင်းကို ပြုခဲ့သည်ရှိသော် အဝီစိငရဲ၌ ဖြစ်လေ၏၊

အဝီစိမှလွတ်၍ တုသိတာဘုံ၌ဖြစ်ခြင်း။

ပသေနဒိကောသလ မင်းကြီးအား များစွာသောမိဖုယားတို့တွင် ထိုမလ္လိကာ မိဖုယားကြီးအား လွန်ကဲပိုရှိ၍ အလွန်လျှင် ချစ်မြတ်နိုးခြင်း ဖြစ်ပေ၏။ ထိုပသေနဒိ ကောသလ မင်းကြီးသည် အားကြီးစွာသော သောကဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ မိဖုယား၏ချပ်အလောင်းကို ကောင်းစွာ သဂြိုဟ်ခြင်းကို ပြုပြီးသည့်ကာလ၊ ထိုမိဖုယား၏ ဖြစ်ရာအရပ်ကို မေးလျှောက်အံ့ဟု မြတ်စွာဘုရား အထံတော်သို့ သွားလေ၏။ မြတ်စွာဘုရားသခင်သည် အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည်ရှိသော် ထိုမင်းကြီးသည် မိမိကြံစည်၍ လာခဲ့သော အကြောင်းကို မအောက်မေ့မိ၊ ထိုသို့သော အခြင်းအရာဖြင့် မိဋ္ဌာန်ခြင်းကို ပြုတော်မူ၏။

ထိုမင်းကြီးသည်လည်း မြတ်စွာဘုရား အထံတော်၌ တသက်ပတ်လုံး နှလုံးသွင်းအပ်၊ အောက်မေ့အပ်သော တရားစကားကို ကြားနာပြီးသော်၊ နန်းအိမ်တော်သို့ ပြန်ဝင်သော ကာလ၌ အောက်မေ့မိ၍။ အချင်းတို့၊ ငါသည် မလ္လိကာ မိဖုယား၏ ဖြစ်ရာအရပ်ကို မေးလျှောက်အံ့ ဟူ၍၊ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် မေ့လျော့ ခဲ့ဘိသည်။ နက်ဖြန်ခါ၌ တဖန် မေးလျှောက်ပေအံ့ဟု ပြောဆိုချ၍၊ တဖန် မိုးသောက်ရောက်သော နေ့၌လည်း မြတ်စွာဘုရား အထံတော်သို့ သွားပြန်၏။ မြတ်စွာဘုရား သခင်သည်လည်း အစဉ်အတိုင်းအားဖြင့် ခုနစ်ရက်တို့ပတ်လုံး အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည် ရှိသော်၊ ထိုမင်းကြီးသည် မိမိကြံစည်လာရောက်သော အကြောင်းကို မအောက်မေ့မိ၊

ထိုသို့သောအခြင်းအရာဖြင့် မိဋ္ဌာန်ခြင်းကို ပြုတော်မူ၏၊ မလ္လိကာမိဖုယားသည်လည်း ခုနစ်ရက်မျှ ပတ်လုံးသာလျှင် ငရဲ၌ကျက်၍ ခံစားရပြီးသော်၊ ရှစ်ရက်မြောက်သောနေ့၌ ထိုအဝီစိငရဲမှ ရွေ့ခဲ့၍ တုသိတာ နတ်ပြည်၌ ဖြစ်လေ၏၊

မြတ်စွာဘုရား သခင်သည် ထိုမင်းကြီးအား မအောက်မေ့နိုင်သည့် အဖြစ်ကို အဘယ်ကြောင့် ပြုတော်မူလေသနည်း ဟူမူကား၊ထိုမင်းကြီးသည် မလ္လိကာမိဖုယားအား အလွန်လျှင် ချစ်ခင်မြတ်နိုးခြင်း, နှစ်သက်ခြင်း ဖြစ်ပေ၏ မင်းကြီး၏ နှလုံးကို ပွါးစေတတ်သော မိဖုယားပေတည်း။ ထိုကြောင့် ထိုမိဖုယား၏ ငရဲ၌ ခံစားရသော အဖြစ်ကို ကြားသိရသည် ရှိသော်၊ ဤသို့ သဘောရှိသော သဒ္ဓါတရားနှင့် ပြည့်စုံသော မိဖုယားသည်လည်း ငရဲ၌ဖြစ်ရချေသေး၏၊ အလှူဒါနကို ပေးလှူ၍ အသို့ ပြုအံ့နည်းဟု မိစ္ဆာဒိဋ္ဌိအယူကို ယူပြီးလျှင်၊ ငါးရာကုန်သော ရဟန်းတို့အား နန်းအိမ်တော်၌ အမြဲမပြတ် ပေးကမ်းလှူဒါန်းခြင်းကို ဖြစ်စေအပ်သော နိစ္စဘတ်ကို ဖျက်ဆီးစေ၍ ငရဲ၌ဖြစ်ပေရာ၏၊ ထိုကြောင့် မင်းကြီးအား ခုနစ်ရက်ပတ်လုံး မအောက်မေ့နိုင်သည့် အဖြစ်ကို ပြုတော်မူ၍၊ ရှစ်ရက်မြောက်သော နေ့၌ ဆွမ်းအလို့ငှါ လှည့်လည် ကြွဝင်တော်မူသည် ရှိသော်၊ မြတ်စွာဘုရား ကိုယ်တော်တိုင်သာလျှင် မင်းကြီး၏ နန်းအိမ်တော်တံခါးသို့ ကြွသွားတော်မူ၏၊

မင်းကြီးသည် မြတ်စွာဘုရား ကြွတော်မူလာသည် ဟု ကြား၍၊ သပိတ်ကို ယူပြီးသော် ပြာသာဒ်ထက်သို့ တက်ခြင်းငှါ အားထုတ်၏။ မြတ်စွာဘုရား သခင်သည်ကား ရထားတင်းကုပ်၌ ထိုင်နေတော် မူအံ့သောငှါ အခြင်းအရာကို ပြုတော်မူ၏၊ မင်းကြီးသည် မြတ်စွာဘုရားသခင်ကို ထိုရထားတင်းကုပ်၌ပင်လျှင် ထိုင်နေ သီတင်းသုံးတော် မူစေပြီး၍၊ ယာဂု,ခဲဘွယ်ဖြင့် လုပ်ကျွေးပြုစုပြီး၍ ကြည်လင်ညွတ်လျှိုး ရှိခိုးထိုင်နေလျက် သာလျှင်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်သည် မလ္လိကာမိဖုယား၏ ဖြစ်ရာအရပ်ဌာနကို မေးလျှောက်အံ့ဟူ၍ လာရောက်သည်ရှိသော်၊မေ့လျော့၍သာ နေပါသည်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုမလ္လိကာ မိဖုယားသည် အဘယ်အရပ်၌ ဖြစ်ပါလေသနည်းဟု မေးလျှောက်သဖြင့်။ တကာတော်မင်းကြီး၊

တုသိတာနတ်ပြည်၌ ဖြစ်လေသည်ဟု မိန့်တော်မူ၏၊ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုမိန်းမမှ ဘုသိတာ နတ်ပြည်၌ မဖြစ်သည်-ရှိသော်၊ တပါးသော အဘယ်မည်သော သူသည် ဖြစ်နိုင်ပါလတ္တံ့နည်း။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုမိန်းမနှင့်တူသော တစုံ-တယောက်သော မိန်းမသည် မရှိပါ။ ထိုမဉ္လိကာ မိဖုယားအား ထိုင်နေရာ စသည်တို့၌ နက်ဖြန်ခါ မြတ်စွာဘုရား သခင်အား ဤသို့ ဤသို့သော အလှူဒါနကို ပေးလှူအံ့၊ဤအမည်ရှိသောအလှူကို ပြုလုပ်အံ့ဟု ဤသို့သော အခြင်းအရာဖြင့် အလှူဒါနစီရင်ခြင်းကိုထား၍၊တပါးသော ကိစ္စမည်သည် တစုံတခုမျှ မရှိပါ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ထို-မိဖုယား၏ တမလွန်လောကသို့ ပြောင်းသွား သေလွန်သော ကာလမှစ၍၊ တကာတော်အား မိမိကိုယ်ကို ကောင်းမွန်စွာ ရွက်ဆောင် နိုင်ခြင်း-မည်သည် မဟုတ်ပါဟု လျှောက်၏။

## များစွာသောသူတို့ သောကပန်ဖြစ်ခြင်း။

ထိုအခါ မင်းကြီးကို ဘုရား ကိုယ်တော် မြတ်က တကာတော်-မင်းကြီး၊မကြံစည် မစိုးရိမ်သင့်၊ ဤသေခြင်း တရားမည်သည် အလုံးစုံ-သော သတ္တဝါတို့အား မြဲသော သဘောတရားပေတည်းဟု မိန့်တော်-မူပြီး၍၊ တကာတော် မင်းကြီး၊ ဤရထားသည် အဘယ်သူ၏ ရထား နည်းဟု မေးတော်မူ၏၊ မေးတော်မူသော ထိုစကားကို ကြား၍၊ မင်းကြီး သည် ဦးထိပ်ဆက်၌ လက်အုပ်ကို တင်ထား၍၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်၏ ဘိုးတော်ဖြစ်သော မင်းကြီး၏ ရထားပါတည်း ဟု လျှောက်၏၊ ဤရထားကား အဘယ်သူ၏ ရထား နည်းဟု တစီးသော ရထားကို မေးတော်မူပြန်သည် ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်၏ ခမည်းတော် ဖြစ်သော မင်းကြီး၏ ရထားပါတည်း ဟု လျှောက်၏၊ ဤရထားကား အဘယ်သူ၏ ရထားနည်း ဟု တစီးသော ရထားကို မေးတော်မူပြန်သည် ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်၏ ရထား ဖြစ်ပါသည် ဟု လျှောက်၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရား သခင်သည် မေးအပ်သည်ဖြစ်၍ မင်းကြီး လျှောက်ထားသည် ရှိသော်၊

မြတ်စွာဘုရားသခင်က..တကာတော်မင်းကြီး၊အသင့် ဘိုးတော်မင်းကြီး၏ ရထားသည် အသင် မင်းကြီး၏ ခမည်းတော် ရထားသို့ အဘယ်-အကြောင်းကြောင့် မမှီ မရောက်နိုင်သနည်း၊ အသင့် ခမည်းတော်၏ ရထားသည် အသင်မင်းကြီး၏ ရထားကို အဘယ်ကြောင့် မမှီ-မရောက် နိုင်သနည်းဟု မေးတော်မူပြီးမှ။ တကာတော်မင်းကြီး၊ ဤသို့ သဘော ရှိသည်မည်သော ထင်းသစ်သားကို ပြုလုပ်စီမံ၍ ထားအပ်သော ရထား အားသော်လည်း ဆွေးမြေ့ဟောင်းနွမ်း အိုမင်းခြင်းသို့ ရောက်သေး၏၊ အဘယ်မှာ ဆိုဘွယ်ရာ ရှိပါအံ့နည်း။ တကာတော်မင်းကြီး၊ သူတော်ကောင်း တရားအားသာလျှင် ယိုယွင်း ဟောင်းနွမ်းသော ဇရာ,မရှိလေသည်၊သတ္တဝါတို့အား ကြီးရင့် အိုမင်းခြင်း ဇရာ,မရှိသောမည်သည် တရံတယောက်မျှ မရှိဟု မိန့်တော်မူပြီး၍-

ဇီရန္တိ ဝေ ရာဇရထာ သုစိတ္တာ၊
အထော သရီရမ္ပိ ဇရံ ဥပေတိ။
သတဉ္စ ဓမ္မော နဇရံ ဥပေတိ၊
သန္တော ဟဝေ သဗ္ဘိ ပဝေဒယန္တိ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာ-ပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏၊

အနက်ကား။ ။သုစိတ္တာ၊ ကောင်းစွာ ဆန်းကြယ်ကုန်သော။ ရာဇ-ရထာ၊မင်းတို့၏ ရထားတို့သည်။ ဇီရန္တိ၊ဆွေးမြေ့ကုန်၏။ အထော၊ထိုမြို့။ သရီရမ္ပိ၊ ဤခန္ဓာကိုယ်သည်လည်း။ ဇရံ၊ သွားကျိုးဆံဖြူခြင်း စသော အိုမင်းခြင်းသို့။ဥပေတိ၊ကပ်ရောက်၏။သတဉ္စ၊ဘုရားအစရှိသော သူတော် ကောင်းတို့၏၊ ဓမ္မော၊ မဂ်,ဖိုလ်,နိဗ္ဗာန်၊ ကိုးတန်သောဘုတ်၊ ပိဋကတ်ရသ၊ သုခထင်ရှား၊ တရားတော်မြတ်သည်ကား။ ဇရံ၊အိုမင်းခြင်းသို့။န ဥပေတိ၊ မကပ်ရောက်။ သန္တော၊ ဘုရား,အစရှိသော သူတော်ကောင်းတို့သည်။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သဒ္ဓိံ၊တကွ။ ဟဝေ၊စင်စစ်။ ပဝေဒယန္တိ၊ ပြောကြားကုန်၏။ ။ဤကားအနက်။

[ဤဂါထာ၌ ဝေကား၊အနက် မရှိ။ နိပါတ်မျှသာ။ ။တဍ္ဍ ဝေတိနိပါတမတ္တော၊ ။ဟူသော အဋ္ဌကထာအဖွင့်ကိုထောက်။]

ဓမ္မပဒ ဒုတိယ ယမကဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော မလ္လိကာမိဖုယားဧ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၁-ဇရာဝဂ်။ ၇-လာဠုဒါယီမထေရ်ဝတ္ထု။

**အပွင့်သုတ္တန်**။ ။အစခိုသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိ- ဂါထာကို၊ အဂ္ဂဝိဇ္ဇာမော့ဟ၊ အားကြီးလှ၍၊ မန္ဒပညာ၊ ဖြစ်ကုန်ရှာသော၊ ဝေနေယျာ အရိုက်တို့ကို၊ အထိုက်သင့်လျော်၊ ဆုံးမတော် မူတတ်သော၊ ဥက္ကဋ္ဌအတုလ၊ အနန္တဗုဒ္ဓ၊ သမ္ဗုဒ္ဓ ထွန်ထား၊ဘုရားကိုယ်တော်မြတ်သည်၊ နတ်ဝေဇယန်၊ ဗိမာန်တမွန်၊ကောင်းမျိုးလွန်သော၊ဇေတဝန် ဖွေကျောင်း၌၊ ကိန်းအောင်းတော် မူသောအခါ၊ လာဠုဒါယီ၊ အမည်ထင်လျှား၊ မထေရ် တပါးကို၊ အကြောင်းပြုသောအားဖြင့်၊ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ထိုလာဠုဒါယီ မထေရ်သည် မင်္ဂလာကို ပြုလုပ်ကုန်သော သူတို့၏ အိမ်သို့ ကြွသွား၍။ ။"တိရောကုဋ္ဋေသု တိဋ္ဌန္တိ"။ ။ဤသို့ အစရှိသည်ဖြင့်၊မင်္ဂလာနှင့်သော တရားစကားစသည်တို့ကို ဟောကြားပြောဆို၏၊ မင်္ဂလာမရှိသော အဝမင်္ဂလာအမှုကို ပြုလုပ်ကုန်သော သူတို့၏အိမ်သို့ ကြွသွား၍ "တိရောကုဋ္ဋေသု တိဋ္ဌန္တိ" အစရှိသော တရားစကားကို ဟောကြားခြင်း၄၊သင့်လျော်လျောက်ပတ်သော အရာတို့၌ "ဒါနဉ္စ ဓမ္မ- စရိယာ စ" ဤသို့ အစရှိသောနည်းဖြင့် မင်္ဂလာသုတ် တရားစကားကိုရင်း၊ "ယံကိဉ္စိ ဝိတ္တံ ဣဓ ဝါ ဟုရံ ဝါ" ဟူသော ရတနသုတ်ကိုရင်း ဟော- ကြား၏။

ဤသို့သောနည်းဖြင့် ထိုထိုသို့သော အရာတို့၌ သင့်လျော် လျောက်- ပတ်သော တရားစကားကို ဟောကြားမြွက်ဆိုမည်ဟု ကြံပါသော်လည်း၊ သင့်လျော်သော အရာဝတ္ထုအမှုမှ ကပါးသော မသင့်လျော်သောစကားကို

ဟောကြားပြောဆိုမိ၏။ ထိုသို့ ပြောဆိုမိသော်လည်း "ငါသည် အခါ-ဥဒါန်နှင့် မသင့်လျော် မစပ်ဆိုင်သော တရားစကားကို ဟောကြား-ပြောဆိုမိသည်"ဟု မသိလေ။

ရဟန်းတို့သည် ထိုလာဠုဒါယီမထေရ်၏ ဟောကြား ပြောဆိုသည်ကို ကြားသိ၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အသို့ပေနည်း။ လာဠုဒါယီမထေရ်အား မင်္ဂလာ,အမင်္ဂလာ,အရာဌာနတို့၌ ကြွသွားသည် ရှိသော်၊တပါးအခြားသော တရားစကားကို ဟောကြားပြောဆိုလေလျက် မိမိပြောဆိုထိုက်သော အရာဌာန်မှတပါး အခြားသော စကားကိုသာလျှင် ဟောကြား ပြောဆိုပါသည် မဟုတ်ပါတုံလော ဟု ကြားလျှောက်ကြကုန်၏ မြတ်စွာဘုရား သခင်က။ချစ်သားရဟန်းတို့၊ ဤ လာဠုဒါယီသည် ဤသည်ခုအခါ၌သာလျှင် တပါးသော စကားကို ပြောဆိုလျက်၊ တပါးသော စကားကို ပြောဆိုသည် မဟုတ်သေး။ ရှေးအခါ၌လည်း လိမ်လည်-ဖေါက်ပြန် မတော်မမှန်သောအား တပါးသော အခြင်းအရာ အားဖြင့် ပြောကြားဘူးသည် သာလျှင်တည်း ဟု မိန့်တော်မူပြီး၍ အတိတ်ကို-ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု။

## အဂ္ဂိဒတ္တပုဏ္ဏားနှင့် သားသောမဒတ္တ။

ရှေးလွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်ကြီး၌ အဂ္ဂိဒတ္တအမည်ရှိသော ပုဏ္ဏားကြီး၏ သားဖြစ်သော သောမဒတ္တ အမည်ရှိသော သတို့-သားသည် ပြည့်ရှင်မင်းမြတ်အား ခစားလုပ်ကျွေး ဆည်းကပ်၏။ ထို-သောမဒတ္တ လုလင်ကို ပြည့်ရှင်မင်းမြတ်သည် သည်းတွင်းနှလုံး ယုကြုံး-တပ်မှတ် ချစ်မြတ်နိုးခြင်း ဖြစ်ပေ၏။ဘခင်ဖြစ်သော အဂ္ဂိဒတ္တပုဏ္ဏားကြီးသည်ကား လယ်သာလုပ်ခြင်း အမှုကို အမှီပြု၍ အသက်မွေး၏၊ ထို-ပုဏ္ဏားကြီးအား နှစ်ကောင်သော နွားတို့သည် ရှိသည် ဖြစ်ကုန်၏ ထို-နှစ်ကောင်သော နွားတို့တွင် တကောင်သော နွားသည် သေလွန်သော ကြောင့် ပုဏ္ဏားကြီးသည် မိမိ၏သားကို ချစ်သား သောမဒတ္တ၊ မင်းကြီးအား ငါ၏ အလို့ငှါ တောင်းပန် လျှောက်ကြား၍ တကောင်သော နွားကို ဆောင်ယူခဲ့ပါလော့ ဟု ပြော၏။

သောမဒတ္တသည်လည်း "ငါသည် အကယ်၍ မင်းကြီးအား တောင်း-လျှောက်သည် ဖြစ်အံ့၊ ငါ့အား ဖျင်းသိမ် ပေါ့လျော့သော အဖြစ်သည် ထင်ရှားပေလတ္တံ့" ဟု ကြံ၍။ ဘခင်၊ အသင်တို့သည်သာလျှင် မင်းကြီးအား တောင်းဆိုလျှောက်တင်ပါကုန်လော့ဟု ပြောဆိုသဖြင့်၊ ထိုသို့တပြီးကား။ ချစ်သား၊ အသင်သည် မင်းအိမ်နန်းတော်သို့ ခစားခြင်းငှါ သွားသောအခါ ငါ့ကိုခေါ်ယူ၍ သွားပါလော့ဟု ပြောသည်ရှိသော်၊ သောမဒတ္တလုလင်သည် ကြံဆင်ခြင်သည်မှာ ဤဘခင်ပုဏ္ဏားကြီးသည်နှုန့်နှေးသောပညာရှိ၏၊ ရှေ့သို့ လွန်ခြင်းအစရှိသော စကားမှုကိုလည်း မသိ၊ တပါးသောစကားကို ပြောဆိုလိုလျက် တပါးသော အခြင်းအရာစကားကို ပြောဆိုတတ်၏၊ ထိုဘခင်ပုဏ္ဏားကို မင်းကြီးအား ပြောဆို လျှောက်တင်ဘွယ်သော စကားကို သင်ကြားပြီး၍ နန်းအိမ်တော်သို့ ဆောင်ပေအံ့" ဟု ကြံ၏။ ကြံပြီး၍ကား၊ ထိုဘခင်ပုဏ္ဏားကြီးကို ခေါ်ယူပြီးလျှင်၊ ဗီရဏတ္ထမ္ဘက အမည်ရှိသော သုသာန်သို့ သွား၍ မြက်စီးတို့ကို ထုံးဖွဲ့ ချည်နှောင်၍၊ ဤသည်ကား ပြည့်ရှင်မင်းတည်း၊ ဤသည်ကား အိမ်ရှေ့မင်းတည်း၊ ဤသည်ကား-စစ်သူကြီးတည်း ဟု အမှတ်သညာကို ပြုပြီးလျှင်၊ အစဉ်အတိုင်းအားဖြင့် ဘခင်ကိုပြ၍ အရှင်ဘခင်တို့သည် မင်းအိမ်နန်းတော်သို့သွားသည်ရှိသော် ရှေ့သို့ တက်သောအခါ ဤသို့သွားရ၏။

နောက်သို့ ဆုတ်သောအခါ၊ ဤသို့ ဆုတ်ရ၏။ ပြည့်ရှင်မင်းမည်သည် ဤသို့ ပြောဆိုအပ်၏။ အိမ်ရှေ့မင်းမည်သည် ဤသို့ပြောဆိုအပ်၏၊ ပြည့်ရှင်မင်းကြီးသို့ ချဉ်းကပ်၍။ အရှင်မင်းမြတ်၊ အရှင်အား အောင်မြင်ခြင်း ဖြစ်ပါစေသတည်းဟု ဤသို့သော အခြင်းအရာဖြင့် လျှောက်ထားပြီးသော်၊ ဤ-ဂါထာကို ရွတ်၍ နွားကို တောင်းပါကုန်လော့ဟု ပြောဆို၍-

ဒွေမေ ဂေါဏာ မဟာရာဇ၊ ယေဟိ ခေတ္တံ ကသာမသေ၊
တေသု ဧကော မတော ဒေဝ၊ ဒုတိယံ ဒေဟိ ခတ္တိယ။ ။

ဟူသော ဤဂါထာကို သင်ယူစေ၏။

**အနက်ကား**။ ။မဟာရာဇ၊ ပြည်ကြီး သခင်၊ အရှင်မင်းမြတ်၊ မေ-မမ၊ အကျွန်ုပ်အား ဒွေ ဂေါဏာ၊ နှစ်ကောင်သော နွားတို့သည်။ အတ္ထိသန္တိ၊ ရှိပါကုန်၏။ ယေဟိ၊ အကြင်နှစ်ကောင်သော နွားတို့ဖြင့်။ ခေတ္တံ၊ လယ်ကို။

မယံ၊အကျွန်ုပ်တို့သည်၊ ကသာမသေ၊သွန်ပါကုန်၏။ ဒေဝ၊ပြည်ကြီးသခင်၊ အရှင်မင်းမြတ် တေသု၊ထိုနှစ်ကောင်သော နွားတို့တွင်။ ဧကော ဂေါဏော၊ တကောင်သော နွားသည်၊ မတော၊သေခဲ့ပါ၏ ခတ္တိယ၊ ပြည်ကြီးသခင်၊ အရှင်မင်းမြတ်၊ မေ မမ၊ အကျွန်ုပ်အား။ ဒုတိယံ၊ အပေါ် ဖြစ်သော နှစ်ကောင်မြောက်သော၊ ဧကံ ဂေါဏံ၊တကောင်သော နွားကို၊ တွံ၊အရှင်မင်းမြတ်သည်၊ ဒေဟိ၊ပေးသနားတော်မူပါလော့။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ပြည်ကြီးသခင် အရှင်မင်းမြတ်၊ အကျွန်ုပ်အား နှစ်ကောင်သော နွားတို့သည်ရှိကုန်၏၊အကြင် နှစ်ကောင်သော နွားတို့ဖြင့် လယ်ကို ထွန်ရပါကုန်သည်၊ပြည်ကြီးသခင် အရှင်မင်းမြတ်၊ ထိုနှစ်ကောင်သော နွားတို့တွင် တကောင်သောနွားသည် သေလွန်၍ သွားပါသည်။ သို့ဖြစ်ပါ၍ ပြည်ကြီးသခင် အရှင်မင်းမြတ်သည် အကျွန်ုပ်အား အပေါ် ဖြစ်သော နှစ်ကောင်မြောက်သော နွားကို ပေးသနားတော် မူပါလော့ ဟု တောင်းဆိုသတည်း၊

အင်္ဂုတ္တရပုဏ္ဏားကြီးသည် ထိုဂါထာကို တနှစ်မျှလောက် လေ့ကျက်သည်ကိုပြု၍ ဝါရဂ္ဂတနှတ်ရအောင် အလုံးစုံ ပြီးပြင်စေလျက် လေ့ကျက်ပြီးသည့် အဖြစ်ကို သားဖြစ်သော သောမဒတ္တအား ပြန်ကြားသည်ရှိသော်။ ဘခင်၊ထိုသို့ဘပြီးကား တစုံတခုသောလျှင်ဖြစ်သော လက်ဆောင် ပဏ္ဏာကာရကိုယူဆောင်၍ လာခဲ့ပါကုန်လော့၊အကျွန်ုပ်သည် ရှေးဦးစွာ သွားနှင့်ပြီးသည့်ကာလ၊ မင်းကြီး၏ အထံ၌ နေပါအံ့ ဟု ပြောဆိုသည်ရှိသော်၊ ချစ်သား၊ကောင်းလှပြီဟု ဝန်ခံ၍၊လက်ဆောင် ပဏ္ဏာကာရကို ယူပြီးလျှင် သားဖြစ်သော သောမဒတ္တသည်မင်းကြီး၏ အထံဝယ် ခစားတည်ရှိသော အခါ၌ အားထုတ်ခြင်းသို့ ရောက်သည် ဖြစ်၍၊ မင်းအိမ် နန်းတော်သို့ သွားရောက်သည့် ကာလ၊မင်းကြီးသည် နှစ်သက် ရွှင်လန်းသော စိတ်ရှိသဖြင့် ပြုအပ်သော ဝမ်းမြောက် ဝမ်းသာခြင်း ရှိသည်ဖြစ်၍။ ဘခင်၊ မလာစဘူး အထူးဝိသေသ ကြာမြင့်သော ကာလမှ ကြွဝင်တော်မူလာပေကုန်သည်ဘကား၊ဤနေရာ၌ခနဲ့ ထိုင်နေ၍ အကြင်သို့သော ပစ္စည်းဝတ္ထု၊ အကြောင်း အမှုဖြင့် အလိုရှိ၏။ ထိုသို့ အလိုရှိသော ပစ္စည်းဝတ္ထုအကြောင်းအမှုကို လျှောက်တင် ပြောဆိုပါကုန်လော့ဟု ခွင့်ပေးမိန့်ဆိုတော်မူသည်ရှိသော်။

ဒွေ မေ ဂေါဏာ မဟာရာဇ၊ယေဟိ ခေတ္တံ ကသာမသေ၊
တေသု ဧကော မတော ဒေဝ၊ဒုတိယံ ဂဏှ ခတ္တိယ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုလျှောက်တင်၏။

**အနက်ကား။** ။မဟာရာဇ၊ပြည့်ကြီးသခင် အရှင်မင်းမြတ်။မေ-မမ၊ အကျွန်ုပ်အား။ ဒွေဂေါဏာ၊နှစ်ကောင်ကုန်သော နွားတို့သည်။အတ္ထိသန္တိ၊ ရှိပါကုန်၏၊ ယေဟိ၊ အကြင်နှစ်ကောင် ကုန်သော နွားတို့ဖြင့်၊ မယံ၊ အကျွန်ုပ်တို့သည် ခေတ္တံ၊ လယ်ကို၊ ကသာမသေ၊ ထွန်ပါကုန်၏၊ ဒေဝ၊ ပြည့်ကြီးသခင် အရှင်မင်းမြတ် တေသု၊ထိုနှစ်ကောင်ကုန်သောနွားတို့တွင်။ ဧကောဂေါဏော၊ တကောင်သောနွားသည်။ မတော၊သေခဲ့၏။ ခတ္တိယ၊ ပြည့်ကြီးသခင် အရှင်မင်းမြတ်၊ဒုတိယံ၊ နှစ်ကောင်မြောက် အပေါ်ဖြစ်-သော။ဂေါဏံ၊နွားကို။ တွံ၊အရှင်မင်းမြတ်သည်။ ဂဏှ၊ယူတော် မူပါ-လော၊ ။ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ပြည့်ကြီးသခင် အရှင်မင်းမြတ်၊ အကျွန်ုပ်အား နှစ်ကောင်သောနွားတို့သည် ရှိပါကုန်၏။အကြင် နှစ်ကောင်သောနွားတို့ဖြင့် အကျွန်ုပ်သည် လယ်ကို ထွန်ပါကုန်သည်။ ပြည့်ကြီးသခင် အရှင်မင်း မြတ်၊ထိုနှစ်ကောင်သောနွားတို့တွင် တကောင်သောနွားသည် သေလွန်ခဲ့၏ သို့ဖြစ်၍ အရှင်မင်းကြီးသည် အပေါ်ဖြစ်သော နှစ်ကောင်မြောက် သောနွားကို ယူတော်မူပါဟု လျှောက်တင်၏။ မင်းကြီးသည် ဘာခင်၊ အဘယ်ကို ပြောကြား လျှောက်တင် သနည်း၊ ထပ်၍တဖန် ပြောဆို လျှောက်တင်ပါဦးဟု မိန့်တော်မူသည်ရှိသော်လည်း ထိုဂါထာကိုသာလျှင် ရွတ်ဆို လျှောက်တင်၏၊

## မင်းကြီးသည် ပုဏ္ဏားအား ချီးမြှောက်ခြင်း။

မင်းကြီးသည် ထိုပုဏ္ဏားကြီးချွတ်ယွင်းသည်ဖြစ်၍ ပြောဆိုလျှောက် တင်အပ်သည့်အဖြစ်ကို သိသောကြောင့် ပြုံးရယ်ခြင်းကိုပြု၍ သောမဒတ္တ၊ အသင်တို့၏အိမ်၌ နွားတို့သည် ပေါများချေယောင်တကားဟု မိန့်ဆိုသည့် ကာလ အရှင်မင်းမြတ်၊ အရှင်မင်းမြတ်ဘို့သည် ပေးသနားတော်မူအပ် သည်ဖြစ်ပါလိမ့်မည်ဟု လျှောက်တင်သည်ရှိသော် ဘုရားလောင်းအား နှစ်သက်သည်ဖြစ်၍ အဂ္ဂိဒတ္တပုဏ္ဏားကြီးအား တဆဲ့ခြောက်ကောင်သော

နွားတို့ကိုရင်း၊ တန်းဆာဆင်အပ်သော ဘဏ္ဍာကိုရင်း၊ ထိုပုဏ္ဏားကြီး၏ နေရာဖြစ်သောရွာကိုရင်း ပုဏ္ဏားတို့အား ပေးကမ်း ချီးမြှင့်ထိုက်သော ပစ္စည်းဝတ္ထုကို ကြည့်ရှုပေးသနားတော်မူ၍ ကြီးစွာသော အခြံအရံဖြင့် ပုဏ္ဏားကြီးကို လွှတ်လိုက်၏။

အဂ္ဂိဒတ္တပုဏ္ဏားကြီးသည် ကိုယ်လုံးပြူသောသိင်္ဃောမြင်းတို့ဖြင့် က-အပ်သောရထားကိုစီးနင်း၍ များစွာသောအခြံအရံဖြင့် ရွာသို့ထွက်သွားသည့်ကာလ သားဖြစ်သော ဘုရားအလောင်း သောမဒတ္တပုဏ္ဏားသည် ဘခင်ဖြစ်သောပုဏ္ဏားကြီးနှင့် အတူတကွ ရထားစီးသွား၍ ဘခင်ပုဏ္ဏားကြီးအား စကားပြောလိုသည် ဖြစ်သောကြောင့်-

အကာသိ ယောဂံ ရဝပ္ပမတ္တော၊ သံဝစ္ဆရံ ဗြဟ္မစရိယံ ကသ္မိံ။
ဗျာကာသိ အညံ့ ပရိသံဝိဂယှ၊ နနိယမော တာယတိ အပ္ပပညံ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။တာတ၊ဘခင်။ ရဝံ၊မပြတ်။အပ္ပမတ္တော၊ မမေ့မလျော့သည်ဖြစ်၍။ သံဝစ္ဆရံ၊တနှစ်ပတ်လုံး။ဗြဟ္မစရိယံ ကသ္မိံ၊ ဗြဟ္မစရိယကအမည်ရှိသောသုသာန်၌၊ယောဂံ၊လေ့ကျက်ခြင်းလုံ့လကို။ အကာသိ၊ပြု၏၊ ပန၊ထိုသို့ပြုပါလျက်၊ပရိသံ၊ပရိသာတ်သို့။ဝိဂယှ၊သက်ဝင်၍။ အညံ၊တပါးကို။ဗျာကာသိ၊ ပြောဆိုဘိ၏။အပ္ပပညံ၊ နည်းသော ပညာရှိသောသူကို။ နိယမော၊အမြဲ လေ့ကျက်ခြင်းသည်၊ နတာယတိ၊ မစောင့်ရှောက်။ ။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ဘခင်၊အဖန်တလဲလဲ အမြဲမပြတ် မမေ့မလျော့သည်ဖြစ်၍ တနှစ်ပတ်လုံး ဗြဟ္မစရိယက အမည်ရသော သုသာန်၌ လေ့ကျက်ခြင်းလုံ့လကို ပြုအပ်ပေ၏။ထိုသို့ပြုလုပ်ပါသော်လည်း ပရိသာတ်အလယ်သို့ သက်ဝင်ချဉ်းကပ်၍ ပြောဆိုအပ်သည်ရှိသော် ဆိုလိုသော အကြောင်းမှတပါး အခြားသောစကားကို ပြောဆိုမိ၏၊ ဘခင်၊နည်းသော ပညာရှိသောသူကို အမြဲလေ့ကျက်ခြင်းသည် မစောင့်ရှောက်နိုင် ဟု ပြော၏။ ဘုရားလောင်းပြောသော ထိုစကားကိုကြား၍ အဂ္ဂိဒတ္တပုဏ္ဏားကြီးသည် သားဖြစ်သော သောမဒတ္တအား ပြန်ကြား ပြောဆို လိုသည် ဖြစ်သောကြောင့်-

ဒွယံ ယာစနကော တာတ၊ သောမဒတ္တ နိဂစ္ဆတိ။
အလာဘံ ဓနလာဘံ ဝါ၊ ဧဝံ ဓမ္မာ ဟိ ယာစနာ။ ။

ဟူသော ဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။တာတ သောမဒတ္တ၊ ချစ်သား သောမဒတ္တ။ ဓနံ၊ ပစ္စည်းဥစ္စာကို။ယာစနကော၊ သာသာညှင်းပြောင်း တောင်းတတ်သော သူသည်။အလာဘံဝါ၊ မရခြင်းသို့ရင်း၊ဓနလာဘံဝါ၊ ပစ္စည်းဥစ္စာရခြင်းသို့ ရင်း။ဣတိ၊ဤသို့၊ ဒွယံ၊နှစ်ပါးအပြားသို့၊ နိဂစ္ဆတိ၊ရောက်တတ်၏။ ဟိ၊ သစ္စံ၊ထိုစကား မှန်၏။ ယာစနာ၊ တောင်းခြင်းသည်။ ဧဝံဓမ္မာ၊ ဤသို့ သဘောရှိ၏။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ချစ်သားသောမဒတ္တ၊ ပစ္စည်းဥစ္စာကို သာယာ ညှင်းပြောင်း တောင်းတတ်သော သူသည် ပစ္စည်းဥစ္စာ မရခြင်းသို့ရင်း၊ ပစ္စည်းဥစ္စာရခြင်းသို့ရင်း ဤနှစ်ပါးသောအကြောင်းသို့ ရောက်တတ်၏၊ ချစ်သားသောမဒတ္တ၊ ပစ္စည်းဥစ္စာကို တောင်းခံခြင်းသည် ဤသို့သဘောရှိ သတည်းဟု ပြော၏။

## မျာ နွားသာသူတို့ သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ဒုက္ခနိပါတ် သောမဒတ္တဇာတ် ဟုဆိုအပ် သောအတိတ်၌ ဖြစ်သော ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့၊ထိုအခါ ပြည့်ရှင်မင်းဖြစ်သည် ယခုအခါ၌ အာနန္ဒာ ဖြစ်လာ၏၊အဂ္ဂိဒတ္တပုဏ္ဏားသည် လာဠုဒါယီဖြစ်လာ၏၊သောမဒတ္တပုဏ္ဏား သည် ငါဘုရား သာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူပြီးမှ ချစ်သားရဟန်းတို့၊ ဤယခုအခါ၌သာလျှင် မဟုတ်သေး ရှေးသောအခါ ၌လည်း ဤလာဠုဒါယီသည်, မိမိ၏ နည်းသော အကြားအမြင် ရှိသည့် အဖြစ်ကြောင့် တပါးသောစကားကို ပြောကြားမြွက်ဆို လိုလျက် တပါး သောစကားကိုသာလျှင် ပြောဆိုမိ၏။ထိုစကားမှန်၏။ နည်းသောအကြား အမြင်ရှိသောယောကျ်ားသည် နွားပိုက်နွားလားနှင့်တူသော အဘို့ရှိသည် မည်သည်ဖြစ်ပေ၏ဟု မိန့်တော်မူပြီး၍-

အပ္ပဿုတာယံ ပုရိသော၊ ဗလိဗဒ္ဒေါဝ ဇီရတိ။
မံသာနိ တဿ ဝဍ္ဎန္တိ၊ ပညာ တဿ နဝဍ္ဎတိ။ ။

ဟူသောဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာသောလူအပေါင်းတို့သည် သောတာ-ပတ္တိဖိုလ်စသည်တို့သို့ ရောက်လေ၏။

**အနက်ကား။** ။အပ္ပဿုတော၊ နည်းသောအကြားအမြင် ရှိသော။ အယံပုရိသော၊ ဤယောကျ်ားသည်။ ဗလိဗဒ္ဒေါဝ၊ နွားပိုက် နွားလားကဲ့သို့။ ဇီရတိ၊ ကြီးပွါးလာ၏၊ တဿပုရိသဿ၊ ထိုယောကျ်ားအား။ ဝါ၊ ၏။ မံသာနိ၊ အသားတို့သည်သာလျှင်။ ဝဍ္ဎန္တိ၊ တိုးပွါးကုန်၏။ တဿပုရိသဿ၊ ထိုယောကျ်ားအား။ ဝါ၊ ၏။ ပညာ၊ ပညာသည်။ နဝဍ္ဎတိ၊ မတိုးပွါး။ ။ ဤကားအနက်။

ဓမ္မပဒဇရာဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော လာဠုဒါယိမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၁-ဇရာဝဂ်။ ဂ-အာနန္ဒာမထေရ်၏ ဥဒါန်းဂါထာဝတ္ထု။

**အနေကဇာတိသံသာရံ။** ။အစရှိသော၊ သုတ္တန်ဒေသနာ၊ ဥဒါန်းလာသော၊ ဤသို့သော ပါဠိဂါထာကို၊ မဟာအတုလ၊ အာဘိကာချည်၊ ဘိဏ္ဍာသံသာရ၊ ပဝရာဘိဇေဋ္ဌ၊ မုနိဥက္ကဋ္ဌ၊ ဝရုတ္တမ၊ အနုတ္တရ၊ တိလောကမဟိတ၊ သေဋ္ဌဇေဋ္ဌ အနောမ၊ အပ္ပမေယျ၊ အစိန္တေယျ၊ အသဒိသ၊ သဗ္ဗညုတ သတ္တု၊ ဒေဝါတိဒေဝ၊ ရာဇာတိရာဇာ၊ ဆရာမြတ်ဖျား၊ ဘုရားသခင်သည်၊ သစ်ပင်တကာတို့၏ အဓိပတိ၊ ဗောဓိပင်၏အရင်း၊ ထိုင်နေသီတင်းသုံး တော်မူလျက်၊ ဥဒါန်းကျူးရင့်သည့် အစွမ်းဖြင့် ဥဒါန်းကျူးရင့်တော်မူပြီး သော် နောက်အခါကာလ၌ အာနန္ဒာမထေရ်သည် မေးလျှောက်အပ်သည် ဖြစ်၍ ဟောကြားတော်မူ၏။

### အကြောင်း အဋ္ဌုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း။

ထို မြတ်စွာဘုရားသည် ပြဆိုခဲ့ပြီးသော အစဉ်အတိုင်း အားဖြင့် ဗောဓိပင်ရင်း၌ ချဉ်းကပ် ခွင်ပြီး ဒိသီတင်းသုံး ထိုင်နေတော် မူသျက်

နေမဝင်မီပင်လျှင် မာရ်စစ်သည်အပေါင်းကို ဖျက်ဆီးတော်မူ၍ ညဉ့်၏ ပဌမယာမ်၌ ပုဗ္ဗေနိဝါသဉာဏ်ကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသောအမိုက်ကို ပေါက်ခွဲတော်မူ၍ မဇ္ဈိမယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်ကို သုတ်သင်တော်မူ၍ ပစ္ဆိမယာမ်ဝယ် သတ္တဝါတို့၌ သနားခြင်း ရှိသည့် အဖြစ်ကိုစွဲ၍ ပဋိစ္စသမုပ္ပါဒ်၌ ဉာဏ်သက်ဝင်စေပြီးသော ထိုပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံပဋိလုံ၏ အစွမ်းဖြင့် သုံးသပ်တော်မူလျက် နေအရုဏ်တက်သောအခါ၌ ငါမိအလိုလို ကိုယ်တော်တိုင်သာလျှင် သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထိုးထွင်း သိခြင်းသို့ရောက်တော်မူပြီဟု ဆိုအပ်သော ဘုရားအဖြစ်သို့ ရောက်တော်မူပြီး၍ အသိန်းမက များပြားလှကုန်သော ဘုရားရှင်တို့သည် မစွန့်အပ်သော ဥဒါန်း ကျူးရင့်တော်မူခြင်းကို ကျူးရင့်တော်မူလိုသည် ဖြစ်သောကြောင့်-

**အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။**
**ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။ ။**
**ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။**
**သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။**
**ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။ ။**

ဟူသော ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏။

**အနက်ကား။** ။ယသ္မာ၊ အကြင်ကြောင့်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဇာတိ၊ ပဋိသန္ဓေနေရခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။ တသ္မာ၊ ထိုကြောင့်။ ဂဟကာရံ၊ ခန္ဓာအိမ်ကို အကြိမ်များစွာ ဆောက်လုပ်ပါသော တဏှာ ယောက်ျား လက်သမားကို။ ဂဝေသန္တော၊ ရှာမှီးသောငါသည်။ ယေန ဉာဏေန၊ အကြင်ဉာဏ်ဖြင့်။ တံ၊ ထိုတဏှာယောက်ျား လက်သမားကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ အနိဗ္ဗိသံ-အနိဗ္ဗိသန္တော၊ အဝိန္ဒန္တော၊ မရသေးသည် ဖြစ်၍။ အနေကဇာတိသံသာရံ၊ ဘဝများစွာ သံသရာကာလပတ်လုံး။ သန္ဓာဝိဿံ-သံသရိံ၊ ကျင်လည်ပြေးသွားရလေပြီ။ ဂဟကာရက၊ ခန္ဓာအိမ်ကို အကြိမ်များစွာ ပြုတတ်ပါသော တဏှာယောက်ျား။ ဟယ်-လက်သမား။ ဣဒါနိ၊ ယခုအခါ၌။ မယာ၊ ငါသည်။ တွံ၊ သင့်ကို။ ဒိဋ္ဌော၊ သဗ္ဗညုတ ဉာဏ်စက္ခုဖြင့် ကြည့်ရှု၍မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တဖန်။

ဂေဟံ၊အစ္စတော တည်းဟူသောအိမ်ကို။ နကာဘာဟိ၊သင်မပြုရလတ္တံ့။ တေ၊သင်၏။သမ္ဘာ၊ အလုံးစုံဘုန်လော။ ဖါသုကာ၊ကင်လေသော တည်းဟူသောအိမ်ခြင်တို့ကို။ဘဂ္ဂါ၊ ချိုးဖဲ့အပ်ကုန်ပြီ။ ဂဟာကူဋံ၊အာဝိဇ္ဇာတည်းဟူသောအိမ်၏ ချက်ဝန်းအထွဋ်ကို။မယာ၊ငါသည်။ ဝိသင်္ခတံ၊ဖျက်ဆီးအပ်ပြီ။စိတ္တံ၊မေ၊ငါ၏။စိတ္တံ၊စိတ်သည်။ ဝိသင်္ခါရဂတံ၊နိဗ္ဗာန်ကိုအာရုံပြုသည့်အစွမ်းဖြင့် ရောက်ပြီ။တဏှာနံ၊တဏှာတို့၏။ ခယံ၊ကုန်ရာဖြစ်သောအရဟတ္တဖိုလ်သို့။အဇ္ဈဂါ၊ရောက်တော်မူပေပြီ။ ။ဤကားအနက်။

ဓမ္မပဒ ဇရာဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော အာနန္ဒာမထေရ်၏
ဥဒါန်းဂါထာဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၁-ဇရာဝဂ်။ ၉-မဟာဓန သူဌေးသား၏ဝတ္ထု။

**အစရိတွာ။** ။အစဖြာသော၊ ဒေသနာမုက္ခပါဌ်၊ ဤသို့သောဂါထာပါဌ်ကို၊လူနတ်တို့၏ဆရာ၊ မြတ်ဗုဒ္ဓတို့ ဒါမကိုဋ္ဌ်၊ သုံးတိုက်မကုဋ၊ အတုလခေါင်ဖျား၊ဘုရားကိုယ်တော်မြတ်သည်။ လူ့ရပ်အာရုံ၊ ကာမဂုဏ်တို့ဘုံ၊ မခံမမင်၊စွန့်ရှောင်ကြဉ်လျက်၊ တောဝင်ပျော်မွေ့၊ ရနေ့တာပသ၊ ဈာနလာဘီတို့၊ မျှညီ့ရွှင်ပျတော်မူသည့် အရကြောင်း၊ ဣသိပတနဟူသော အမည်၊အတည်တည်သော သားအပေါင်းတို့၊ ခိုအောင်းပျော်တုံ၊တစုံ-တယောက်သောသူမျှ၊ မသတ်မဖျက်၊ ရန်မျက်လွတ်ကင်း၊ ရှင်းရှင်းအေးအေး၊ဘေးမဲ့ပေးရာဖြစ်သောအရကြောင့်၊မိဂဒါယဟူသော အမည်၊ ဤနှစ်ဘည်တို့ဖြင့်၊ ကျော်ချီဝန်းလျား၊ တရားမွေစက်ကို၊ ဟောမြွက်ရာရပ်ထံ၊သူရကန်ယုန်တံဆိပ်ကဲ့သို့၊ ဂုဏ်ဟိတ်ပြန့်လှိုင်သော၊ ဘောမြိုင်ရိပ်ဌာန၌၊မျှတရွှင်ပြုံး၊ သီတင်းသုံးတော်မူသောကာလ၊ မဟာဓနသုံ့ဌေးကြီး၏၊ရင်သွေးချစ်ပွါး၊ သားငယ်တယောက်ကို၊ ကြောင်းထောက်သမှု၊ အရင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသဘည်း။

**အကြောင်း အကျဉ်းပွတ္တိ အစဉ်ကား ဤသို့ပေတည်း။**

ပစ္စုပ္ပန်ဝတ္ထု။

ထိုသူဌေးသားသည် ဗာရာဏသီပြည်၌ ကုဋေရှစ်ဆယ် ဥစ္စာကြွယ်သဖြင့် အသွယ်သွယ်သောရိပ်ငြိမ် စည်းစိမ်ရှိသောအမျိုး၌ ဖြစ်လေ၏။

ထိုအခါ သူငယ်၏ မိခင်ဘခင်ဖြစ်ကုန်သော သူဌေးကြီးတို့သည် ကြံဆင်ခြင်ကြကုန်သည်မှာ "ငါတို့၏အမျိုး၌ ပစ္စည်းဥစ္စာများစွာကြွယ်ဝ ပေါ်များလှ၏။ ထိုပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို သားငယ်အား ငါတို့၏ လက်၌ထား၍ အလိုရှိတိုင်း ချမ်းသာစွာသုံးဆောင်ခံစားစေအံ့။ တပါးသော အမှုကိစ္စဖြင့် ပြုလုပ်ဘွယ်မရှိ"ဟု ကြံကြပြီးမှ ကခြင်း,သီခြင်း,တီးမှုတ်ခြင်းမျှကိုသာလျှင် သင်စေကုန်၏။ ထိုဗာရာဏသီမြို့ကြီး၌ပင်လျှင် ကုဋေရှစ်ဆယ်ကြွယ်ဝသော စည်းစိမ်ရှိသောအမျိုး၌ တယောက်သောသတို့သမီးသည်လည်း ရှိသည်ဖြစ်ပေ၏၊ ထိုသတို့သမီး၏ မိခင်ဘခင်တို့သည်လည်း ဤနည်းအတူ သာလျှင် ကြံစည်ကြ၍ ထိုသတို့သမီးငယ်ကို ကခြင်း,သီခြင်း,တီးမှုတ်ခြင်း မျှကိုသာလျှင် သင်စေ၏။ ထိုသတို့သား သတို့သမီးငယ်ကို အရွယ်ကျရောက်သောအခါ ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာသည် ဖြစ်ပေ၏။ ထိုမှ နောက်အတိုင်း၌ သတို့သားသတို့သမီးတို့၏ မိခင်ဘခင်ဖြစ်ကုန်သော သူဌေးကြီးတို့သည် သေလွန်ခြင်းကိုပြုကြကုန်၏။ ကုဋေတရာ့ခြောက်ဆယ်သော ပစ္စည်းဥစ္စာသည် တခုတည်းသောအိမ်၌ သာလျှင် အပေါင်းအစုသည် ဖြစ်လေ၏။

## သေသောက်ကြူးအို ဥစ္စာဆင်းပုံ။

သူဌေးသားသည် တနေ့၏အတိုင်း၌ သုံးကြိမ်သုံးကြိမ် ပြည့်ရှင်မင်းကြီး အခစားခြင်းသို့ သွားရောက်၏။ ထိုအခါ ဗာရာဏသီ အမည်ထင်ရှားသောထိုမြို့ကြီး၌ သေသောက်ကြူးတို့သည် ကြံကြကုန်သည်မှာ "ဤသူဌေးသားသည် အကယ်၍ သေသောက်ကြူးဖြစ်ခဲ့အံ့၊ ငါတို့အား ချမ်းချမ်းသာသာ ကောင်းမွန်စွာ သေကိုသောက်ရခြင်း ဖြစ်ပေလိမ့်မည်။ ထိုသူဌေးသားကို သေသောက်ကြူး၏အဖြစ်သို့ ရောက်အောင် ဖြားယောင်းလှည့်ပတ်ပြောဆို သင်ပြကုန်အံ့"ဟု ကြံစည်ကြကုန်၏။ ကြံပြီး၍ကား ထိုသေသောက်ကြူးတို့သည်သေကိုယူခဲ့၍ ခဲဘွယ်ဖြစ်သောအသားဟင်းမျိုးတို့ကိုလည်း၊ ဆားပျက်သော သကာခဲတို့ကိုလည်း ပုဆိုးစွန်း၌ဖွဲ့ချည်ပြီးသော် အမြစ်စီးကိုယူ၍ မင်းအိမ်နန်းတော်မှ ပြန်လာလတ္တံ့သောထိုသူဌေးသား၏ လမ်းခရီးကိုကြည့်ရှု မျှော်ငံ့လျက် ထိုင်နေကြကုန်ပြီးသော် ပြန်လာသော သူဌေးသားကိုမြင်၍ သေကိုသောက်ပြီးလျှင် ဆားပျက်သောသကာခဲကို ခံတွင်း၌ထည့်၍ အမြစ်စီးကိုခဲပြီးသည့်ကာလ အနှစ်တရာအသက်ရှည်လို

ပါ၏။သုံဌေးသားကိုမှီ၍ ငါတို့သည်စားသောက်ခြင်းငှါ စွမ်းနိုင်ကုန်သည် ဖြစ်ပါကုန်အံ့ဟု ပြောဆိုကြကုန်၏။

## ကုဋေရှစ်ဆယ်ကုန်ခြင်း။

သူဌေးသားသည် သေသောက်ကြူးတို့၏ စကားကိုကြား၍ နောက်မှ လိုက်လာသော အလုပ်အကျွေးငယ်ကို ဤသူတို့သည် အဘယ်ဝတ္ထုကို သောက်မျိုကုန်ဘိသနည်းဟု မေးသဖြင့် အရှင်၊တရသော အဖျော်ကို သောက်ပါကုန်သည်ဟု ပြော၏။ထိုအဖျော်သည် နှစ်သက်ဖွယ်ရှိသလော ဟု မေးပြန်သည်ရှိသော် အရှင်၊အသက်ရှည်ရှည် တည်နေရသော ဤ လူ့ပြည်လောက၌ ဤအဖျော်နှင့်တူသော သောက်သင့်သောက်ထိုက်သော တစုံတရသောအဖျော်ဝတ္ထုမည်သည် မရှိပါဟု ပြော၏။ထိုသူဌေးသား သည် ဤသို့ဖြစ်ခဲ့သည်ရှိသော် ငါသည်လည်းသောက်ခြင်းငှါ သင့်လျော် လျောက်ပတ်၏ဟု ပြော၍ အနည်းငယ်မျှသော သေကို ဆောင်ယူစေ ပြီးလျှင် သောက်၏။ထိုနောက် မကြာမြင့်မီပင်လျှင် သုံဌေးသား၏ သေ သောက်သောအဖြစ်ကိုသိ၍ သေသောက်ကြူးတို့သည် သူဌေးသားကို ခြံရံကုန်၏၊သွားတိုင်း လာတိုင်းသောအခါ၌ ကြီးစွာသောအခြံအရံရှိသည် ဖြစ်ကုန်၏။ သူဌေးသားသည် တရာသောအသပြာဖြင့်၎င်း၊ နှစ်ရာသော အသပြာဖြင့်၎င်း သေကိုပေးဝယ်ယူဆောင်စေ၍ သောက်သည်ရှိသော် အစဉ်အားဖြင့်သာလျှင် ထိုင်နေရာစသည်တို့၌ အသပြာအစုကို ထား၍ သေကိုသောက်စားလျက် ဤအသပြာဖြင့် ပန်းကိုဝယ်ယူခဲ့လော့။ ဤအသ ပြာဖြင့် နံ့သာကိုဝယ်ယူခဲ့လော့။ ဤသူသည်သီခြင်း၌ လိမ္မာ၏။ ဤသူ သည်ကခြင်း၌ လိမ္မာ၏။ဤသူသည် တီးမှုတ်ခြင်း၌လိမ္မာ၏။ ဤသူအား တထောင်သောအသပြာကို ပေးကြကုန်လော့။ဤသူအား နှစ်ထောင်သော အသပြာကို ပေးကြကုန်လောဟု ဤသို့သော အခြင်းအရာဖြင့် ဖရိုဖရဲ စွန့်ကြဲပစ်လွှင့်လျက် မကြာမီပင်လျှင် မိမိ၏ဥစ္စာဖြစ်သော ကုဋေရှစ်ဆယ် သောအသပြာတို့ကို ကုန်စေ၍ အရှင်၊အသင်၏ ပစ္စည်းဥစ္စာအစုသည် ကုန်ချေပြီဟု ပြောဆိုသည်ရှိသော် အဘယ်သို့နည်း ငါ့မယားခင်ပွန်းမ၏ပစ္စည်း ဥစ္စာသည်မရှိပြီလောဟု မေးသဖြင့် အရှင်၊ရှိပါသေး၏ဟု ပြော၏။

## အားလုံးကုန်ရေ တရားခြောက်ဆယ် ကုန်ခြင်း။

ထိုသို့တပြီးကား ထိုပစ္စည်းဥစ္စာကို ဆောင်ယူခဲ့ကုန်လော့ဟု ပြောဆိုပြီးသော် မယားခင်ပွန်းမမှုပ်သော ထိုပစ္စည်းဥစ္စာအလုံးစုံကို ရှေးနည်းအတူသာလျှင် ကုန်စေ၍ အစဉ်အတိုင်းဖြင့် လယ် အရာမ်,ဥယျာဉ်,ယာဉ်,ဖျည်း,ရထားတို့ကိုလည်း ကုန်စေ၏။ယုတ်သော အပိုင်းအခြားအားဖြင့် အိုးခွက်ဘဏ္ဍာ အခင်းအရုံ ထိုင်နေရာအစရှိသော အလုံးစုံသော မိမိ၏ ပစ္စည်းဥစ္စာကို ရောင်းချဖလှယ်၍ စားသောက်၏။ ထိုနောက် သူဌေးသား အရွယ်ကြီးရင့်သောအခါ၌ အကြွင်းသုံ့တို့သည် သူ့ဌေးသား၏ အမျိုးဥစ္စာ အိမ်နေရာကိုဝယ်ယူ၍၊ ထိုသူတို့သည်သူဌေးသားလင်မယားတို့ကိုအိမ်မှ နှင်ထုတ်ကုန်၏။ ထိုသူဌေးသားသည် မယားကိုဆောင်ယူ၍ သူတပါး၏ အမိနံ့ရံကိုမှီ၍ နေရလျက် အိုးခြမ်းခွက်ကို လက်၌ကိုင်ဆွဲတောင်းခံ လှည့်လည်၍ လူများအပေါင်း၏စားကြွင်းကို စားခြင်းငှါ အားထုတ်၏။

## တောင်းရံစားသောက်ရသော သူဌေးလင်မယား။

ထိုနောက် တနေ့သ၌ ဆွမ်းစားစရပ် တံခါးဝယ် ရပ်တည် ပြီးလျှင် သာမဏေငယ်တို့သည် ပေးအပ်သောစားကြွင်း ထမင်းကိုခံယူကုန်သော သူဌေးသား လင်မယားတို့ကို မြင်တော်မူ၍ မြတ်စွာဘုရားသခင်သည် ပြုံးခြင်းကို ပြုတော်မူ၏။

ထိုအခါ မြတ်စွာဘုရား သခင်ကို အာနန္ဒာမထေရ်က ပြုံးတော်မူခြင်း အကြောင်းကို မေးလျှောက်၏။ မြတ်စွာဘုရား သခင်သည် ပြုံးခြင်း အကြောင်းကို မိန့်တော်မူသိုသောကြောင့်။ ချစ်သားအာနန္ဒာ၊ ဤဗာရာဏသီ မြို့တော်ကြီး၌ ကုဋေ ရှစ်ဆယ်မျှလောက်သော ပစ္စည်းဥစ္စာကို ကုန်စေ၍ မယားကို ယူဆောင်ပြီးသည့်ကာလ၊ထမင်းအစာ အာဟာရ အလို့ငှါ တောင်းခံလှည့်လည်သော မဟာဓနသူဌေးကြီး၏ သားဖြစ်သော ဤသူကို ကြည့်ရှုပါလော့။ဤသူဌေးသားသည် ပဌမအရွယ်၌ ပစ္စည်းကို မကုန်ခန်းစေမူ၍၊ ကုန်သွယ်ခြင်းစသော အမှုကြီးငယ်၌ လုံ့လဝီရိယကို ယှဉ်စေသည်ဖြစ်၍ အကယ်၍ အားထုတ်ခဲ့သည်ဖြစ်အံ့။ ဤဗာရာဏသီ ပြည်ကြီး၌ပင်လျှင် မြတ်သော သူဌေးကြီး ဖြစ်ပေရာ၏။ လူ့ဘောင်မှ ရှောင်ခွါ၍ ငါဘုရား သာသနာတော်သိမ်း အကယ်၍ ရဟန်းပြုခဲ့သည်

ဖြစ်အံ့၊ အရဟတ္တဖိုလ်သို့ ရောက်ပေရာ၏။ ထိုသူဌေးသား၏ မယားခင်ပွန်းမသည်လည်း အနာဂါမိဖိုလ်၌ တည်ပေရာ၏။

မဇ္ဈိမအရွယ်၌ ပစ္စည်းဥစ္စာတို့ကို မကုန်ခန်းစေမူ၍၊ ကုန်သွယ်ခြင်း အစရှိသော အမှုကြီးငယ်၌ လုံ့လပယောဂ အားထုတ်ခြင်း, ဝီရိယကို အကယ်၍ ယှဉ်စေသည် ဖြစ်ခဲ့အံ့၊ အလယ်,အလတ် မြင့်မြတ် ချီးမြောက်နှစ်ဆင့်မြောက်သော သူဌေးကြီး ဖြစ်ပေရာ၏။ လူ့ဘောင်မှ ရှောင်ခွါ၍၊ ငါဘုရား သာသနာတော်ထမ်း ရဟန်း ပြုအံ့သည်ရှိသော်၊ အနာဂါမိဖိုလ်၌ တည်သည် ဖြစ်ပေရာ၏။ ထိုသူဌေးသား၏ မယားခင်ပွန်းမသည်လည်း သကဒါဂါမိဖိုလ်၌ တည်ရာ၏။

ပစ္ဆိမအရွယ်၌ စည်းစိမ်ချမ်းသာ ပစ္စည်းဥစ္စာတို့ကို မကုန်ခန်းစေမူ၍၊ ကုန်သွယ်ခြင်းအစရှိသော အမှုကြီးငယ်၌ အကယ်၍ လုံ့လဝီရိယကို ယှဉ်စေသည် ဖြစ်ခဲ့အံ့၊ သုံးဆင့်မြောက်သော သူဌေးကြီး ဖြစ်ပေရာ၏။ လူ့ဘောင်မှ ရှောင်ခွါ၍၊ ငါဘုရား သာသနာတော်ထမ်း ရဟန်းပြုသည်ရှိသော်လည်း၊ သကဒါဂါမိ၏ အဖြစ်သည် ဖြစ်ပေရာ၏၊ ထိုသူဌေးသား၏ မယားခင်ပွန်းမသည်လည်း သောတာပတ္တိဖိုလ်၌ တည်ပေရာ၏။

## လူ့အချား သောတာပန်တည်ခြင်း။

ဤယခုအခါ၌မူကား၊ ထိုသူဌေးသားသည် လူတို့၏ စည်းစိမ်ချမ်းသာမှ ပျက်စီးဆုတ်ယုတ်၊ ရဟန်း၏ အဖြစ်မှလည်း ပျက်စီးဆုတ်ယုတ်သည် ဖြစ်၍၊ ခြောက်သောညွန်အိုင်၌ ကြံမှိုင်တွေဝေငေးမော၍နေသော ကြိုးကြာ ငှက်ကဲ့သို့ ဖြစ်ရလေတော့သည် ဟု မိန့်တော်မူပြီး၍-

> အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
> ဇိဏ္ဏကောဉ္စာဝ ဈာယန္တိ၊ ခီဏမစ္ဆေဝ ပလ္လလေ။ ။
> အစရိတွာ ဗြဟ္မစရိယံ၊ အလဒ္ဓါ ယောဗ္ဗနေ ဓနံ။
> သေန္တိ စာပါတိခီဏာဝ၊ ပုရာဏာနိ အနုတ္ထုနံ။ ။

ဟူသော ဤနှစ်ဂါထာတို့ကို မိန့်တော်မူ၏၊

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ယောဗ္ဗနေ၊အရွယ်ငယ်ရှိတုံး အခါ၌။ ဗြဟ္မစရိယံ၊ မြတ်-သော အကျင့်ကို။ အစရိတွာ၊ မကျင့်မူ၍။ ဓနံ၊ ပစ္စည်းဥစ္စာကို။ အလဒ္ဓါ၊ မရမူ၍။ ခီဏမစ္ဆေဝ၊ ကုန်ပြီးသော ငါးရှိသည့် သာလျှင် ဖြစ်သော။ ပလ္လလေ၊ ညွန်အိုင်၌။ ဇိဏ္ဏကောဉ္စာ၊ အတောင် ကျိုးပျက်သော ကြိုးကြာ ငှက်အိုတို့သည်။ ဈာယန္တိ ဣဝ၊ ကြံမှိုင်ကုန်သကဲ့သို့။ ဈာယန္တိ၊ ကြံမှိုင် ရကုန်၏။ ။ယောဗ္ဗနေ၊ အရွယ်ရှိတုံးအခါ၌။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ အစရိတွာ၊ မကျင့်မူ၍။ ဓနံ၊ပစ္စည်းဥစ္စာကို။ အလဒ္ဓါ၊ မရမူ၍။ စာပါတိခီဏာဝ၊လေးညှို့မှ လွှတ်သည်သာလျှင် ဖြစ်ကုန်သော။သရာဝ၊ မြားတို့ကဲ့သို့။ ပုရာဏာနိ၊ ရှေးကာလ၌၊ ခံစားရသည်တို့ကို။ အနုတ္ထုနံ-အနုတ္ထုနန္တာ၊ ငြီးတွားအောက်မေ့ ကုန်သည်ဖြစ်၍။ သေန္တိ၊ အိပ်ရ-ကုန်၏။ ။ဤကားအနက်။

ဓမ္မပဒဇရာဝဂ်၌ ကိုးခုမြောက်ဖြစ်သော မဟာဓနသူဌေးသား၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

ဣတိ ဟံသာဝတီနဂရဿ ဇိဂုမ္ဗစေတိယဿ ဥတ္တရာနု ဒိသာဘာဂေ မဟာအာချိဿကဝိဟာရေ ဝသန္တေန စန္ဒိမာဘိလင်္ကာရေန အဓိဝသိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသေန္တေန ကတော ဓမ္မပဒဋ္ဌ မဟာပကရဏော ဧကာဒသမ ဇရာဝဂ္ဂဿ မရမ္မဘာသာ-သင်္ဂဟော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ တဆဲ့တခုမြောက်ဖြစ်သော
ဇရာဝဂ်သည်ကား ဤ၍တွင်ရွေ့ပြီး၏။

## ၁၂-အတ္တဝဂ်။ ၁-ဗောဓိမင်းသား၏ဝတ္ထု။

**အတ္တာနံ စေ။** ။အစချွေသော၊ဤဒေသနာ၊ ပါဠိဂါထာကို၊ သံသရာဆင်းရဲ၊ပြေလာဝဲ၌၊ စွဲမြဲဝင်ငြိ၊ မေ့လျော့ဘိ၍၊ အဘိမုဋ္ဌ၊ သဘာဝကြောင့်၊ ပါဏာတိပါတစသော အကုသိုလ်ကို၊ နှစ်မျိုး အင်ပြိုက်၊ အစဉ်လိုက်ကုန်သော၊ အရိုက်ဝေနေ၊ များတွေကို၊ ဒေသနာဉာဏ်၊ ဝေဘန်ဆုံးမတတ်သော၊ လူ့နတ်ဦးထိပ်၊ ဓမ္မိသရ၊ မုနိန္ဒထွန်းထား၊ ဘုရားကိုယ်တော်မြတ်သည်၊ ပင်လတ်၊ ပင်စောက်၊ ပင်မောက်ပင်မြင့်၊ ခက်ဆင့် ယိမ်းလဲ့၊ စိမ်းနွဲ့နွဲ့ဖြင့်၊ ကျယ်ဖွံ့ဂနိုင်၊ မြိုင်အဆင့်ဆင့်၊ ကြီးမြင့်ဌာန၊ ဘေသကဠာတောအုပ်၌ ရှုရိုသာပထ လေးထွေဖြင့်၊ မှုနေကိန်းအောင်းတော်မူသော အခါ၊ပါဏာတိပါတ်၊ သူသတ်ဒုစရိုက်၊ အပြစ်သိုက်၍၊ မသိုက်သောအား၊ သားရတနာ မရမရှိသော၊ဗောဓိမင်းသားကို၊အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဆွယ်ပွဲညီအစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

ထိုဗောဓိ မင်းသားသည် မြေအပြင်၌ တပါးသော ပြာသာဒ်တို့နှင့် မတူသော ·လှပတင့်တယ်ခြင်းရှိသော ကောင်းကင်သို့ ပျံတက်အံ့သကဲ့သို့သော ကောကနဒအမည်ရှိသောပြာသာဒ်ကိုပြုစေပြီးလျှင်၊ လက်သမားကို အချင်း၊အသင်သည် တပါးသော အရပ်၌လည်း ဤသို့ သဘောရှိသော ပြာသာဒ်ကို ပြုဘူးပြီသော, သို့တည်းမဟုတ်၊ ဤပြာသာဒ်သည် အသင့်-အားဖြင့် ရှေးဦးစွာသော အတတ်ပေလောဟု မေးတော်မူ၏၊

အရှင် မင်းမြတ်၊ ဤပြာသာဒ်သည် အကျွန်ုပ်အား ရှေးဦးစွာသော အတတ်ပါတည်းဟု လျှောက်တင်သည်ရှိသော်၊ ထိုမင်းသားသည် "ဤ-လက်သမားကား တပါးသော သူတို့အားလည်း ဤသို့ သဘောရှိသော ပြာသာဒ်ကို အကယ်၍ ပြုလုပ်ပေးခဲ့သည် ·ဖြစ်အံ့၊ ဤပြာသာဒ်သည် အံ့ဘွယ်သရဲ ထူးကဲ မွန်မြတ်သည် မဖြစ်ပေလတ္တံ့။ ဤလက်သမားကို ငါသည် သတ်ခြင်း၌ရင်း, လက်သမား၏လက်ခြေတို့ကို ဖြတ်ခြင်း၌ရင်း, မျက်စိတို့ကို ထုတ်ပေါက်ခြင်း၌ရင်း ပြုအပ်ပေ၏၊ ဤသို့ ပြုအပ်သည် ရှိသော်၊ဤသို့ သဘောရှိသော ချီးမွမ်းအံ့ဘွယ် တင့်တယ်လျှောက်-

ပတ် ကောင်းမြတ်သော သူတပါး၏ ပြာသာဒ်ကို ပြုလုပ်၍ပေးခြင်းငှါ မစွမ်းနိုင်လတ္တံ့ဟု ကြံ၏။ ကြံပြီး၍ကား၊ ထိုမင်းသားသည် မိမိကြံစည်အပ်သော ထိုအကြောင်းကို မိမိ၏ ချစ်ခင်အပ်သော အပေါင်း ခင်ပွန်းဖြစ်သော သန္ဓိဂက၏ သားမည်သော လုလင်အား ပြောကြား၏။

ထိုလုလင်သည် ''ယုံမှားမဲ့ ဤမင်းသားသည် လက်သမားကို ဖျက်ဆီးလတ္တံ့။ အဘိုး အတိုင်းမသိ ထိုက်သော အတတ်ပညာ တတ်မြောက်ပြီးသော သူသည် ငါ၏မျက်မှောက် ကြည့်ရှုတွေ့မြင်ရပါလျက်၊ မပျက်စီးပါစေသတည်း။ ထိုလက်သမားအား အဖျာ်သညာကိုပေးအံ့''ဟု ကြံပြီးမှ လုလင်သည် လက်သမားသို့ ချဉ်းကပ်၍ အချင်းလက်သမား၊ အသင့်အား ပြာသာဒ်၌ ပြုလုပ်ဘွယ်ကိစ္စသည်ပြီးဆုံးပြီလော၊မပြီးဆုံးလေသေး သလော ဟု မေးလျှင် ပြီးပါပြီဟု ပြောဆိုသည်ရှိသော် မင်းသားသည် အသင့်ကို ဖျက်ဆီးခြင်းငှါ အလိုရှိ၏။ မိမိကိုယ်ကို စောင့်ရှောက် လေလော့ ဟု ပြော၏၊

## ဌက်ရုပ်လေးသာဒ်မျိုး။

လက်သမားကလည်း၊ အရှင်၊ အသင်သည် အကျွန်ုပ်အား သင့်တင့်ကောင်းမြတ်သည်ကို ပြောကြား အပ်ပေ၏၊ အကျွန်ုပ်အား ကြားသိရသဖြင့် ဤအရေး၌ ပြုလုပ်ဘွယ်ကို အကျွန်ုပ်သည် သိပ်တော့အံ့ ဟု ပြောဆိုဝန်ခံ၍၊ အချင်း လက်သမား၊ အသို့ပေနည်း။ ငါတို့၏ ပြာသာဒ်၌ ပြုလုပ်ရွက်ဆောင်ဘွယ် အမှုကိစ္စသည် ပြီးပါပြီလော ဟု ဗောဓိမင်းသားသည် မေးအပ်သည်ရှိသော်၊အရှင်မင်းမြတ်၊ မပြီးဆုံးသေးပါ။ များစွာပင် ကြွင်းကျန်၍ ရှိပါသေးသည် ဟု လျှောက်တင်၏။ အဘယ်မည်သော အမှုသည် ကြွင်းကျန်သနည်းဟု မေးတော်မူပြန်သဖြင့်။ အရှင်မင်းမြတ်၊ နောက်၌ လျှောက်တင်ပါအံ့၊ သစ်တို့ကိုသာလျှင် ဆောင်ပါစေကုန်ဦး-လော့ဟု ပြော၏။ အဘယ်မည်သောသစ်တို့ကို ဆောင်စေရအံ့နည်း ဟု မေးတော် မူပြန်သည် ရှိသော် အရှင်မင်းမြတ်၊ အနှစ် မရှိကုန်သော ခြောက်သွေ့ကုန်သော သစ်တို့ကို ဆောင်ပါစေကုန်လော့ဟု လျှောက်၏။

ဗောဓိမင်းသားသည် လက်သမား လျှောက်တင်တိုင်းသော သစ်တို့ကို ဆောင်ယူစေ၍ပေးသနားတော်မူ၏။ထိုနောက် မင်းသားကိုလက်သမားက။ အရှင်မင်းမြတ်၊ ဤအခါမှစ၍ အကျွန်ုပ်၏ အထံသို့ တရံတယောက်သော

သူမှ မလာမရောက်ပါစေလင့်။အဘယ်ကြောင့်နည်း ဟူမူကား၊ သိမ့်မွေ့နူးညံ့သော အမှုကို ပြုလုပ်ရသော သူအား တပါးသော သူတို့နှင့် အတူတကွ စကားပြောဆိုရသည် ရှိသော်၊ ပြုလုပ်သောအမှုသည် ပျက်စီးချို့ယွင်းခြင်းသည် ဖြစ်တတ်ပါသည်။ထမင်း အစာ အာဟာရ စားချိန်တိုင်သောအခါကာလ၌ အကျွန်ုပ်၏ မယားသည်သာလျှင် အာဟာရကို ဆောင်ယူမို့လာပါလိမ့်မည် ဟု လျှောက်တင်၏။

မင်းသားသည်လည်း ကောင်းပါပြီဟု ဝန်ခံ၏၊ ထိုလက်သမားသည်လည်း တရသောဘိုက်ခန်း၌ ထိုင်နေ၍ မင်းသားမို့လာသော ယောင်းချော်သော သစ်တို့ကို ရွေပြီးလျှင်၊မိမိ၏ သား,မယားအား အတွင်း၌ ထိုင်နေခြင်းငှါလောက်သော ဂဠုန်ငှက်ရုပ်ကိုပြု၍ အစာ အာဟာရ မို့လာသော အခါ၌ မယားကို“ချစ်နှမ၊အိမ်၌ ထင်ရှားရှိသော ပစ္စည်းဥစ္စာ အလုံးစုံတို့ကို အကုန်ရောင်းချ၍ ရွှေ,ငွေကိုသာ ယူခဲ့လော့”ဟု ပြော၏။

မင်းသားသည်လည်း လက်သမားအား အရပ် တပါးသို့ မထွက်မသွားနိုင်စေခြင်း အကျိုးငှါ လက်သမား၏ အိမ်ကို စန်းရံ၍ အစောင့်အရှောက်ကို ထား၏၊ လက်သမားသည်လည်း ငှက်ရုပ်၏ ပြီးသောအခါ၌ ယနေ့ အလုံးစုံသော သားယော်ဘ်တို့ကို ယူဆောင်ပြီးသည့်ကာလ လာခဲ့ဘိလောဟု မယားကိုပြော၍ နံနက်စာ စားပြီးသည်ရှိသော်၊ သား,မယားကို ငှက်ရုပ်၏ဝမ်း၌ ထိုင်နေစေပြီး၍၊လေသောက်ပြူတင်းဖြင့် ထွက်ပြေးလေ၏။ လူအပေါင်းတို့အား အရှင်မင်းမြတ်၊လက်သမားသည် ထွက်ပြေးလေပြီဟု ဟစ်အော်မြည်တမ်း ကုန်စဉ်ပင်လျှင်၊ ထိုလက်သမားသည် ကောင်းကင် ထက်၌ ပျံသွား၍ ဟိမဝန္တာ၌ သက်ဆင်းပြီးလျှင်တရသောမြို့ကို ဖန်ဆင်း တည်ထောင်၍၊ကဋ္ဌဝါဟနမင်းဟူသောအမည်ဖြင့် မင်းဖြစ်လေ၏။

## သား,သမီး,မရနိုင်သော ဗောဓိမင်းသား။

ဗောဓိမင်းသားသည်သည်း ပြာသာဒ်ပူဇော်ခြင်းကိုပြုအံ့ဟု မြတ်စွာဘုရားသခင်ကို ပင့်ဘိတ်ပြီးလျှင်၊ ပြာသာဒ်၌ လေးမျိုး ဘုန်သော နံ့သာတို့ဖြင့် အပြေအပြစ်ကို ပြုပြီးသည့်ကာလ၊ ရှေးဦးစွာသော လှေကားခုံမှ စ၍ ပုဆိုးကို ဖြန့်ခင်း၏။ ထိုမင်းသားသည် သား,သမီး,တယုံတယောက်မျှ မရှိပေသဘတ်။ထိုကြောင့်“ငါသည် သားကိုသော်ရင်း, သမီးကိုသော်ရင်း

အကယ်၍ ရမည်ဖြစ်ခဲ့ပါအံ့၊ မြတ်စွာဘုရား သခင်သည် ဤပုဆိုးအခင်း ထက်သို့ နင်းတက်ပေလတ္တံ့ဟု ကြံစည် ဓိဋ္ဌာန်ပြီးသည့်ကာလ ခင်း၏၊ ထိုမင်းသားသည် မြတ်စွာဘုရား ကြွတော်မူလာသည် ၄၅သော၊ ဘုရား ကိုယ်တော်မြတ်ကို ငါးရင်သော တည်ကြည်ထိခြင်းရှိသော ၄၅ခိုးခြင်းဖြင့် ရှိခိုး၍ သပိတ်ကိုယူပြီးသော်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကြွ၀င်တော်မူပါကုန်လော့ဟု တောင်းပန် လျှောက်ကြား၏၊

မြတ်စွာဘုရားသည် ကြွ၀င်တော်မမူ မင်းသားသည်လည်း နှစ်ကြိမ် သုံးကြိမ်တိုင်တိုင် တောင်းပန် လျှောက်ကြား၏၊ မြတ်စွာဘုရားသခင်သည် ကြွ၀င်တော် မမူဘဲသာလျှင် အာနန္ဒာ မထေရ်ကို ကြည့်တော် မူ၏၊ မထေရ်သည် မြတ်စွာဘုရား ကြည့်တော်မူသော အမှတ်ဖြင့်သာလျှင် မြတ်စွာဘုရားသည် မနင်းမကြွမည့် အဖြစ်ကို သိ၍ "တကာတော်-မင်းသား၊ ထိုပုဆိုးအခင်းကို ဆောင်ယူစေလော့ မြတ်စွာဘုရားသခင်သည် ပုဆိုးအခင်းကို နင်းကြွတော် မမူပေလတ္တံ့"ဟု ပြော၏။ မင်းသားသည် "မြတ်စွာဘုရားသခင်သည် နောက်ဖြစ်သတ္တံ့သော လူများအပေါင်းကို အကြောင်းတစုံတရာ ဖြစ်တို့ရာအခြေး တွေးတော ကြည့်ရှုသည် ဖြစ်ပေ လိမ့်မည်"ဟု အောက်မေ့၍ ပုဆိုးတို့ကို ဆောင်ယူစေ၏။

ထိုမင်းသားသည် ပုဆိုးကို ဆောင်ယူပြီးမှ မြတ်စွာဘုရားသခင်ကို ပြာသာဒ် နန်းတွင်းသို့ ပင့်သွင်းပြီးသော် ယာဂုခဲဘွယ်ဖြင့် ကောင်းစွာ ပြုပြင် စီရင်လုပ်ကျွေး ပူဇော်ပြီး၍ တင့်အင်လျောက်ပတ်သော အရပ်၌ ထိုင်နေလျက်၊ ဦးချညွတ်လျှိုး ရှိခိုးပြီးသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်သည် အရှင်ဘုရားအား ကျေးဇူးဥပကာရ များပြားလှသော ဒါယကာပါတည်း၊ သုံးကြိမ်တိုင်တိုင် ကိုးကွယ်ခြင်းသို့ ရောက်ပါသည်။ ရှေးဦးစွာသော ပဋမအကြိမ်၀ယ် ၀မ်း၌တည်ရှိသေး-လျက် ဂကြိမ်ကိုးကွယ်ခြင်းသို့ ရောက်ပါသည်၊ နှစ်ကြိမ်မြောက်၀ယ် ပျိုမျစ်နုနယ် သူငယ် အခါကာလ၌ ကိုးကွယ်ခြင်းသို့ ရောက်ပါသည်၊ သုံးကြိမ်မြောက်၀ယ် သကြားလိမ်မာသည့် အဖြစ်သို့ ရောက်သောအခါ၌ ကိုးကွယ်ခြင်းသို့ ရောက်ပါသည်၊ ထိုမှလောက် မြဲ၀ဆည်းကပ်သည် ဖြစ်၍ ပြုရလုပ်ကျွေးသော တကာတော်၏ ပုဆိုး အခင်းကို အဘယ် ကြောင့် မနင်းကြွပါကုန်သနည်းဟု မေးလျှောက်၏။

မြတ်စွာဘုရားသခင်က မင်းသား၊အသို့ပေနည်း။အသင်သည် ''ငါကား သားကိုသော်ရင်း၊ သမီးကိုသော်ရင်း အကယ်၍ ရမည်ဖြစ်ခဲ့အံ့ မြတ်စွာ- ဘုရားသခင်သည် ငါ၏ ပုဆိုးအခင်းကို နင်းကြွတော် မူပေလတ္တံ့''ဟု ကြံစည်ဆောက်တည် ပြီးသည့်ကာလ၊ပုဆိုးတို့ကို ခင်းအပ်သည် မဟုတ် တုံလောဟု မေးတော်မူ၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန် ပါပေ၏၊ တကာတော်သည် ကြံစည်ဆောက်တည်၍ ခင်းခဲ့ပါပေသည်ဟု လျှောက် ထားသည်ရှိသော် မင်းသား၊ထို့ကြောင့် ငါဘုရားသည် ပုဆိုးအခင်းကို မနင်းမကြွ ပေသည်ဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား၊အသို့ပေနည်း။ တကာတော်သည် သားကိုသော်ရင်း၊သမီး ကိုသော်ရင်း မရပါအံ့လောဟု မေးလျှောက်သဖြင့် မင်းသား၊ဩ ဟုတ် ပေ၏။မရပေ လတ္တံ့ဟု မိန့်တော်မူလျှင် အဘယ်သို့သော အကြောင်း ကြောင့်ပါနည်းဟု မေးလျှောက်၏။

မင်းသား၊ရှေးဖြစ်သော ကိုယ်၏အဖြစ်၌ မယားခင်ပွန်းနှင့်တကွသော အသင်မင်းသားသည် မေ့လျော့ခြင်းသို့ရောက်ကြ၏။ ထို့ကြောင့် မရပေ လတ္တံ့ဟု မိန့်တော်မူသည့်ကာလ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ- ဘုရား၊အဘယ်သို့သော အခါ၌ပါနည်းဟု မေးလျှောက်ပြန်၏။ ထိုအခါ ဗောဓိမင်းသားအား မြတ်စွာဘုရားသခင်သည် အတိတ်ကို ဆောင်၍ ဟောကြားတော်မူ၏။

## အတိတ်ဝတ္ထု။

## လှေပျက်သော လင်မယား။

လွန်လေပြီးသောရှေးအခါ၌ အရာမက များပြားလှစွာကုန်သောသူတို့ သည် ကြီးစွာသောလှေဖြင့် သမုဒ္ဒရာသို့ ကူးကြကုန်၏ လှေသည် သမုဒ္ဒရာ အလယ်၌ ခွဲပျက်၏၊ နှစ်ယောက်ကုန်သောသမီးခင်ပွန်း လင်မယားတို့ သည် တခုသော ပျဉ်ချပ်ကိုယူ၍ အကြားဖြစ်သော ကျွန်းငယ်တခုသို့ ကူးဝင်ကြကုန်၏ ကြွင်းကုန်သော အလုံးစုံသော လူတို့သည် ထိုသမုဒ္ဒရာ၏ အလယ်၌သာလျှင် သေလွန်ပျက်စီးကြကုန်၏၊ ထိုကျွန်းငယ်၌ များသော ငှက်အပေါင်းသည် နေ၏၊

ထိုသမီးခင်ပွန်း လင်မယားတို့သည် စားသောက်ဘွယ် ဖြစ်သော တရုံတရုံသော ပစ္စည်းဝတ္ထုတို့ကို ကြည့်ရှု၍မမြင်သောကြောင့် ဆား လောင်မွတ်သိပ်ရကား ဒုက်ဥတို့ကို မီးကျီးတို့၌ဖုတ်၍ စားကုန်၏၊ ထိုဒုက်ဥ တို့သည် မစားလောက်ဘုန်သဖြင့် ကုန်ပြန်သည်ရှိသော် ဒုက်ယယ်တို့ကို ဖမ်း၍စားကုန်၏။ ဤသို့သောနည်းဖြင့် ပဌမအရွယ်,မဇ္ဈိမအရွယ်,ပစ္ဆိမ အရွယ်ဟုဆိုအပ်သော အရွယ်သုံးပါး၌ စားသောက်ကုန်သည် သာလျှင် တည်း။

တရသောအရွယ်၌သော်သည်း "ငါတို့သည် သူတပါး၏အသက်ကို သတ်ဖြတ်စားသောက်ခြင်းဟု ဆိုအပ်သောအကုသိုလ်ကိုသာ ပြုကျင့်၍ နေသဖြင့် မသင့်လျော်ချေတကား၊ ထိုအကုသိုလ် တရားကို ပယ်ရှား ဖြတ်တောက်မှ တော်ချေမည်"ဟု နှစ်ယောက်သော လင်မယားတို့တွင် တယောက်သော သူသည်လည်း မမေ့မလျော့ ကြံဆင်ခြင်တတ်သော အပ္ပမာဒ၏အဖြစ်သို့ မရောက်ကြကုန်။

## မောဂ်မင်းသား သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည်ထိုမင်းသား၏ ရှေး၌ပြုခဲ့ဘူးသောဤသို့သော မကောင်းမှုကိုပြတော်မူပြီး၍ မင်းသား၊အသင်သည် ထိုအခါကာလက တရသောအရွယ်၌သော်သည်း မယားနှင့်အတူတကွ မမေ့မလျော့ခြင်း အပ္ပမာဒသို့ အကယ်၍ရောက်ခဲ့သည်ဖြစ်အံ့ တရသောအရွယ်၌ပင်လျှင် သားသည်၎င်း၊ သမီးသည်၎င်း ဖြစ်ပေရာ၏၊ အသင်တို့သမီးခင်ပွန်း လင် မယားနှစ်ယောက်တို့တွင် တယောက်သောသူသည် အကယ်၍ မမေ့ မလျော့သည် ဖြစ်ခဲ့အံ့ ထိုသူကိုစွဲ၍ သားသည်၎င်း၊ သမီးသည်၎င်း ဖြစ်ပေရာ၏၊

မင်းသား၊မိမိကိုယ်ကိုချစ်ခင်မြတ်နိုးအပ်သည်ဘုံ အောက်မေ့မှတ်ထင် သောသူသည် သုံးပါးသောအရွယ်တို့၌ မမေ့မလျော့သဖြင့် မိမိကိုယ်ကို စောင့်ရှောက်အပ်၏၊ ဤသို့ အရွယ်သုံးပါးလုံးတို့၌ စောင့်ရှောက်ခြင်းငှါ မစွမ်းနိုင်သည်ရှိသော် တရသောအရွယ်၌သော်လည်း စောင့်ရှောက်အပ် သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍-

**အတ္တာနမေဝ ပဌမံ ပတိရူပေ နိဝေသယေ။**
**အထညမနုသာသေယျ န ကိလိဿေယျ ပဏ္ဍိတော။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ ဗောဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။အတ္တာနံ၊မိမိကိုယ်ကို။ ပိယံ၊ချစ်မြတ်နိုးအပ်၏ဟူ၍၊ စေဇာနည်၊ အကယ်၍ သိခဲ့ငြားအံ့။ဧဝံသတိ၊ ဤသို့သိသည် ရှိသော်။နံ- အတ္တာနံ၊ထိုမိမိကိုယ်ကို သုရက္ခိတံ၊ကောင်းစွာစောင့်ရှောက်အပ်သည်ကို၊ ကတွာ၊ပြု၍။ ဝါ၊တနည်းကား။ သုရက္ခိတံ၊ ကောင်းစွာ စောင့်ရှောက် အပ်သော။နံအတ္တာနံ၊ ထိုမိမိကိုယ်ကို။ ရက္ခေယျ၊စောင့်ရှောက်၏။တိဏ္ဏံ၊ ပဌမမဇ္ဈိမ၊ပစ္ဆိမဟု၊ ကာလပိုင်းခြား အရွယ်သုံးပါးတို့တွင်။အညတရံ ယာမံ၊တပါးပါးသောအရွယ်၌။ အတ္တာနံ၊မိမိကိုယ်ကို၊ပဏ္ဍိတော၊ကြောင်း ကျိုးမြင်သိ ပညာရှိသည်။ပဋိဇဂ္ဂေယျ၊ သုတ်သင်ပေရာ၏။ ။ဤကားအနက်။

မြေ့ပဒ အတ္တဝဂ်၌ ရှေးဦးစွာသော ဗောဓိမင်းသား၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရှေ့ပြီး၏။

---

## ၁၂ အတ္တဝဂ်။ ၂-ဥပနန္ဒသာကျပုတ္တမထေရ်၏ ဝတ္ထု။

**အတ္တာနမေဝ ပဌမံ။** ။အစခံသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ တဏှာလောဘ မောက်မိုကြွ၍၊ မရ,ရမှု၊ စေ့ငုရှာဘွေ၊ အထွေထွေသော အခမ္ဗတို့ဖြင့်၊ တက်ကြွ မိုက်မဲ၊ စွဲလမ်း တတ်သော သတ္တဝါတို့ကို၊ ရင်းချားဖျားနား၊ မခွဲခြားဘဲ၊ တရားအားအလျော်၊ဆုံးမ တော်မူတတ်သော၊ သဗ္ဗညုတ၊ အဘုလဇ္ဇုနို၊ ပရမိသာရိယ၊ ဉာဏ ခေါင်ဖျား၊ ဘုရားကိုယ်တော်မြတ်သည်၊ အံ့ရပ်ရပ်သော ချီးမွမ်းအံ့ဖွယ် အပေါင်း၊ အကောင်းမျိုး ထူးချွန်သော ဇေတဝန် ကျောင်း၌ ကိန်းအောင်း စံပယ်တော်မူသောကာလ၊ ဥပနန္ဒ မည်ရထင်ရှားသော သာကီဝင် မင်းသား ရဟန်းတပါးကို အကြောင်း ပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အခြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့တည်း။

### ပဉ္စုပ္ပန်ဝတ္ထု။

ထိုအခါ ရှင်ဥပနန္ဒသကျပုတ္တ မထေရ်သည် တရားစကားကို ဟောကြားသုံးမခြင်း၌ ကောင်းစွာ လိမ္မာတတ်မြောက်၏။ အလိုနည်းခြင်း အပြည့်တာ အစရှိသည်နှင့်စပ်သော ထိုမထေရ် ဟောကြားသော တရားစကားကို နာကြားရသည်ဖြစ်၍ များစွာသော ရဟန်းတို့သည် ဝတ်စိဝရိက်သင်္ကန်းတို့ဖြင့် ပူဇော်သျှ ဒါန်း၍ ဓုတင်တို့ကိုဆောက်တည်ကုန်၏၊ ဓုတင်ဆောက်တည်သော ထိုရဟန်းတို့သည် စွန့်လွှတ် အပ်ကုန်သော ပရိက္ခရာတို့ကို ထိုဥပနန္ဒသကျပုတ္တမထေရ်ပင်လျှင် အကုန်သိမ်းယူ၏။ ထိုဥပနန္ဒသကျပုတ္တ မထေရ်သည် တခုသောဝါ၏အတွင်း၌ ဝါဆိုခြင်း၌ နီးလတ်သည်ရှိသော် ဇနပုဒ်သို့သွားလေ၏၊

ထိုအခါ တခုသော ကျောင်းတိုက်၌ ရဟန်းငယ် သာမဏေငယ်တို့သည် ထိုမထေရ်ကို တရားစကား ဟောကြားသုံးမတတ်သော အရာ၌ ချစ်ခင်မြတ်နိုးခြင်းရှိသဖြင့် အရှင်ဘုရားတို့၊ ဤကျောင်း၌ ဝါဆိုကပ်တော်မူကြပါကုန်လော ဟု တောင်းပန်လျှောက်ထားသည့်ကာလ ဤကျောင်း၌ ဝါဆိုသင်္ကန်းအဘယ်လောက် ရတတ်ပါသနည်းဟုမေး၏။ ထိုသာမဏေငယ်တို့က တထည်စီရတတ်ပါသည် ဟု လျှောက်ထားသည် ရှိသော် ထိုကျောင်း၌ ဘိနပ်ကိုထား၍ တပါးသောကျောင်းသို့သွားပြန်၏၊

နှစ်ခုမြောက်သော ကျောင်းသို့သွားရောက်ပြီးလျှင် ဤကျောင်း၌ဝါဆိုသင်္ကန်း အဘယ်မျှလောက် ရတတ်သနည်း ဟု မေး၍ ပုဆိုးနှစ်ထည်မျှလောက် ရတတ်ပါသည်ဟု ပြောသည်ရှိသော် ထိုကျောင်း၌တောင်ဝှေးကိုထား၏။ သုံးခုမြောက်သောကျောင်းသို့ သွားရောက်ပြီးလျှင်ဤကျောင်း၌ ဝါဆိုသင်္ကန်း အဘယ်မျှလောက် ရတတ်ပါသနည်းဟုမေး၏၊ ပုဆိုးသုံးထည်တို့ကို ရတတ်ပါသည်ဟု ပြောသည်ရှိသော် ထိုကျောင်း၌ရေဘူးကိုထား၏။

လေးခုမြောက်သော ကျောင်းသို့ သွားရောက်ပြီးလျှင် ဤကျောင်း၌ အဘယ်မျှလောက်သော ဝါဆိုသင်္ကန်းကို ရတတ်သနည်း ဟု မေး၍

သေးထည်သော ပုဆိုးတို့ကို ရတတ်ပါသည်ဟု ပြောသည် ရှိသော်ကောင်းလှပေပြီ၊ငါသည်ဤကျောင်း၌နေအံ့ဟုဝန်ခံပြောဆို၏။ထိုကျောင်း၌ဝါသို့ကပ်ရောက်၍ လူတို့အားရင်း၊ ရဟန်းတို့အားရင်း ကရားစကားကိုဟောကြားတော်မူပေ၏။

ထိုလူရဟန်းအပေါင်းတို့သည်အရှင်ဉပနန္ဒသကျပုတ္တမထေရ်ကိုများစွာကုန်သော အဝတ်တို့ဖြင့်ရင်း၊များစွာကုန်သောသကၤန်းတို့ဖြင့်ရင်း၊ ပူဇော်လှူဒါန်းချီးမြှင့်ကုန်၏၊ ထိုမထေရ်သည် ဝါကျွတ်သည်ရှိသော် ဤမှတပါးကုန်သော ပဌမ-ဒုတိယ-တတိယ သုံးကျောင်းတို့၌လည်း ငါသည်အသင်တို့၏ကျောင်း၌ အသုံးအဆောင်ဖြစ်သော ပရိက္ခရာကို ထားအပ်သည်အဖြစ်ကြောင့် ဝါဆိုသင်္ကန်းကို ရသင့်ရထိုက်၏၊ အသင်တို့သည် ငါ၏အတွက်ကို ပို့လာစေသတည်းဟူသော သဘင်းစကားကို စေလွှတ်ပြောကြား၍ အလုံးစုံသော ပစ္စည်းဥစ္စာကို ဆောင်ယူစေပြီးလျှင် လှည်းယာဉ်ကိုပြည့်စေ၍ သွားလေ၏၊

**ဓမ္မကထိကဥပနန္ဒ။**

ထိုအခါ တခုသောကျောင်းဘိုက်၌ နှစ်ပါးသောရဟန်းငယ်တို့သည်နှစ်ထည်သော ပုဆိုးဖျင် တို့ကိုရင်း၊ တထည်သော ကမ္ဗလာကိုရင်း ရ၍ အသင့်အား ပုဆိုးတို့သည် ဖြစ်စေကုန်လော။" ငါ့အား ကမ္ဗလာကိုပေးလော့ဟုပြောဆို၍ ခွဲဝေခြင်းငှါ မစွမ်းနိုင်ကြသောကြောင့်၊လမ်းခရီးအနီး၌ထိုင်နေ၍ ငြင်းခုံကြကုန်၏၊ ထိုရဟန်းငယ်တို့အား ဉပနန္ဒသကျပုတ္တမထေရ်သည် ရှေးရှုလာသည်ကိုမြင်လျှင် အရှင်ဘုရား၊အရှင်ဘုရားတို့သည် တပည့်တော်တို့အား ခွဲခြမ်းဝေဘန်၍ ပေးသနားတော်မူပါကုန်လောဟု ပြောဆိုကုန်၏၊

အသင်တို့၏ပစ္စည်းဥစ္စာကို အသင်တို့သာလျှင် ဝေဘန်ကုန်လော့ဟုပြောသည်ရှိသော်၊ တပည့်တော်တို့သည် ခွဲဝေခြင်းငှါ မစွမ်းနိုင်ပါကုန်။အရှင်ဘုရားတို့သည် တပည့်တော်တို့အား ခွဲဝေ၍ပေးပါကုန်လော့ ဟုထပ်၍တဖန် ပြောဆိုတောင်းပန်ကြကုန်၏။ထိုသို့တပြီးကား၊ အသင်တို့သည်ငါပြောဆိုသောစကား၌တည်ကုန်အံ့လောဟု မေးသဖြင့်အရှင်ဘုရား၊ ဪ-ဟုတ်ပါ၏။ အရှင်ဘုရား ပြောဆိုသောစကား၌ တည်ပါကုန်အံ့ဟုပြော၏။ထိုသို့တပြီးကား။ ကောင်းပါပြီဟုဝန်ခံ၍ ထိုရဟန်းနှစ်ပါးတို့အား

နှစ်ထည်သောပုဆိုးဖျင်တို့ကို တပါးလျှင်တထည်ကျ ဝေ၍ပေးသနား၍၊ ဤကမ္ဗလာသည် တရားဟော မွေ့ကထိက ဖြစ်ကုန်သော ငါတို့အား ဝတ်ရုံခြင်းငှါ ယိုက်လျော်၏ ဟု ပြောဆို၍ ကောင်းမွန်ကြီးကျယ်သော ကမ္ဗလာကိုယူပြီးသည့်ကာလ ဖဲသွားလေ၏၊

ဟောန်းငယ်နှစ်ပါးတို့သည် နှလုံးမသာယာသည်ဖြစ်၍၊ ဘုရားအထံတော်သို့ သွားရောက်ပြီးလျှင် ထိုသို့သောအကြောင်းကို ကြားလျှောက်ကြကုန်၏။မြတ်စွာဘုရားသခင်က ချစ်သားရဟန်းတို့၊ ဥပနန္ဒသာကျပုတ္တသည် ဤယခုအခါ၌သာလျှင် အသင်တို့၏ပစ္စည်းဥစ္စာကိုယူ၍၊ အသင်တို့ကို နှလုံးမသက်သာ ကျင်နာဘွယ်ကိုပြုသည် မဟုတ်သေး၊ ရှေး၌လည်း ပြုဘူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍၊ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု။**

**ငါးကြင်းသားနှင့် ဖျံနှစ်ကောင်း။**

ရှေးလွန်လေပြီးသောအခါ၌ ကမ်းခြေက အစဉ် လိုက်သော ဖျံ တကောင်ရင်း၊ ရေနက်၌ လိုက်၍ ရှာဖွေသော ဖျံတကောင်ရင်း ဤသို့ နှစ်ကောင်ကုန်သောဖျံတို့သည် ကြီးစွာသော ငါးကြင်းကိုရ၍ ငါ့အား ခေါင်းပိုင်းအတို့သည် ဖြစ်စေလော။ အသင့်အား အမြီးပိုင်း အတို့သည် ဖြစ်စေလောဟု အချင်းချင်း ကွဲပြားငြင်းခုံခြင်းသို့ ရောက်၍၊ခွဲဝေခြင်းငှါ မစွမ်းနိုင်သောကြောင့်၊ တကောင်သောမြေခွေးကို မြင်လျှင်၊ဦးရိုး ဤ-ငါးကြင်းကို ငါတို့အားခွဲဝေ၍ ပေးပါလောဟု ပြော၏။ မြေခွေးကလည်း ငါသည် မင်း၏တရားဆုံးဖြတ်သောအရာ၌ ထားအပ်သောသူတည်း။ထို တရားဆုံးဖြတ်ရာ၌ ကြာမြင့်စွာ ထိုင်နေရသည်ဖြစ်၍၊ သလုံးမြင်းခေါင်း ညောင်းညာသည်ဖြစ်သောကြောင့်၊ သလုံးမြင်းခေါင်းဆန့်စေခြင်းအကျိုးငှါ လာခဲ့သည်ဖြစ်ပေသည်။ ဤယခုအခါ၌ အသင်တို့ကိုခွဲဝေ၍ ပေးခြင်းငှါ ငါ့အား အချိန်အခွင့်မရှိဟု ပြော၏။

ဦးရိုး၊ဤသို့မပြုပါကုန်လင့်။ ခွဲဝေ၍သာ ပေးပါလောဟု ပြောပြန်၏။ ငါဆုံးဖြတ်သောစကား၌ အသင်တို့တည်ကုန်အံ့လောဟု မေးသဖြင့်၊ဦးရိုး၊ တည်ပါကုန်အံ့ဟု ပြော၏။ထိုသို့တပြီးကား။ ကောင်းပါပြီဟု ဝန်ခံ၍၊ထို မြေခွေးသည် ဦးခေါင်းကိုဖြတ်၍ တခုသောအရပ်၌ ထားသည်ကိုပြု၏။

အမြီးကိုဖြတ်၍ တရသောအရပ်၌ ထားသည်ကိုပြ၏။ဤသို့ ပိုင်းဖြတ်ခွဲဝေထားသည်ကိုပြပြီးသော်၊ အမောင်တို့၊အသင်နှစ်ဦးတို့တွင် အကြင်သူသည်မြစ်နားကမ်းခြေ၌လျှောက်လျက် လှည့်လည်ရ၏။ထိုသူသည်အမြီးပိုင်းကိုယူလေ။ အကြင်သူသည် နက်စွာသောရေ၌ သွားလာလှည့်လည်ရ၏။ထိုသူအား ခေါင်းပိုင်းသည် ဖြစ်စေလော၊ဤအလယ်ပိုင်း သည်ကား တရားဆုံးဖြတ်ချ၍တည်သော ငါ၏အတွက်ဖြစ်ပေလတ္တံ့ဟု ပြောဆို၍၊ထိုဖျံတို့အား သိစေလိုသောကြောင့်-

အနုတီရစာရိ နင်္ဂုဋ္ဌံ၊သီသံ ဂမ္ဘီရစာရိနော။
အထာယံ မဇ္ဈိမော ခဏ္ဍော၊ဓမ္မဋ္ဌဿ ဘဝိဿတိ။ ။

ဟူသော ဤဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။အနုတီရစာရိ၊ကမ်းခြေသို့အစဉ်လျှောက်လိုက်ရသော၊တွံ၊သင်သည်၊နင်္ဂုဋ္ဌံ၊ အမြီးကို။ဂဏှာဟိ၊ ယူလေလော၊ဂမ္ဘီရစာရိနော၊နက်သောရေ၌လှည့်လည်ရသော။ တဝ၊သင့်အား။သီသံ၊ခေါင်းပိုင်းသည်။ ဟောတု၊ဖြစ်စေလော၊ အထ၊ ထို့မှတပါး၊ အယံမဇ္ဈိမောခဏ္ဍော၊ ဤအလယ်ပိုင်းသည် ဓမ္မဋ္ဌဿ၊ တရားဆုံးဖြတ်သောအရာ၌ တည်သော မမ၊ ငါ့အား။ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ။ဤကားအနက်။

ဤသို့သောဂါထာကိုရွတ်ဆိုပြီးမှ အလယ်ပိုင်းကိုယူ၍ ဖဲသွားလေ၏။ ထိုနှစ်ကောင်သော ဖျံတို့သည်လည်း နှလုံးမသာယာသည် ဖြစ်၍ ထိုမြေခွေးကိုကြည့်ရှုပြီးသည့်ကာလ ရပ်တည်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ဤသို့သောအတိတ်ဇာတ်ကိုဆောင်ပြတော်မူပြီး၍၊ချစ်သားရဟန်းတို့၊ ထိုအခါကာလက တကောင်သောငါးကြင်း၏အတွက်ကြောင့် ကွဲပြားငြင်းခုံခြင်း ပြုကုန်သော နှစ်ကောင်သောဖျံတို့သည် အသင် ရဟန်းနှစ်ဦးတို့ ဖြစ်ကြကုန်သည်။ ထိုအခါက ခွဲဝေ၍ပေးသော မြေခွေးသည် ယခုအခါ ဥပနန္ဒသာကျပုတ္တ ဖြစ်လာသည် ဟုဇာတ်ကို ပေါင်းတော်မူပြီး၍၊ ချစ်သားရဟန်းတို့၊ ဤဥပနန္ဒသာကျပုတ္တသည် လွန်လေပြီးသောရှေးအခါ၌လည်း အသင်တို့ကို နှလုံးမသာယာ ကျင်နာခြင်းကိုပြုဘူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီးလျှင်၊ ထိုရဟန်းတို့ကို သက်သာရာရစေ၍၊ဥပနန္ဒသာကျပုတ္တရဟန်းကို ကဲ့ရဲ့ရှုတ်ချတော်မူသျှက်၊

ချစ်သားရဟန်းတို့၊ သူတပါးကို သုံးမသော သူမည်သည် ရှေးဦးစွာ မိမိကိုယ်ကို သင့်တင့် လျောက်ပတ်သော အရာ၌ တည်စေအပ်၏ဟု မိန့်တော်မူပြီး၍-

**အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။**

**အထညမနုသာသေယျ၊ န ကိလိသေယျ ပဏ္ဍိတော။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏၊

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကုန်၏။

**အနက်ကား။** ။အတ္တာနမေဝ၊ မိမိကိုယ်ကိုသာလျှင်။ ပဌမံ၊ ရှေး-ဦးစွာ။ ပတိရူပေ၊ လျောက်ပတ်သော အကျင့်၌။ နိဝေသယေ၊ သွင်းထားဦးရာ၏။ အထ၊ ထို့နောက်မှ၊ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ န ကိလိသေယျ၊ မညစ်ညူးစေရာ။ ။ ဤကားအနက်။

မြေပဒအတ္တဝဂ်၌ နှစ်ခုမြောက်သော ဥပနန္ဒသကျပုတ္တမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၂-အတ္တဝဂ်။ ၃ ပဓာနိကတိဿမထေရ်၏ ဝတ္ထု။

**အတ္တာနဉ္စေ။** ။အစချေသော၊ ဤဒေသနာ၊ ပါဌ်ဂါထာကို၊ အရှင်ဘုရား၊ မသိကြသဖြင့်၊ လုံ့လကြိုးကုတ်၊ မပြုလုပ်သင့်သောအရာ၌၊ ကြီးစွာဥဿာဟ ပြုလုပ်ကြကုန်သော ဝေနေယျ သတ္တဝါကို၊ ကောင်းစွာ ဆုံးမတတ်သော ဂုဏ်သကတ်အလာကြောင့်၊ သတ္ထာမည်တော်မူသော မြတ်စွာဘုရားသခင်သည်၊ လူ့နှင်ဌာန၊ ဘုံဘဝ၌၊ အသဒိသ၊ ဌာနရိပ်မွန်၊ ဇေတဝန်ကျောင်း၌၊ ကိန်းအောင်းစမ္မယ်တော် မူသောကာလ၊ ပဓာနိကတိဿ အမည်ရသော မထေရ်တပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

**အကြောင်း အကျဉ်းမျှကို အစဉ်ကား ဤသို့ပေတည်း။**

ပစ္စုပ္ပန်ဝတ္ထု။

ထိုပဓာနိက တိဿမထေရ်သည်ကား မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကိုသင်ယူ၍၊ ငါးရာသောရဟန်းတို့ကို ခေါ်ဆောင်ပြီးသော်၊

တောကျောင်း၌ ဝါဆိုကပ်ရောက်၍၊ငါ၊ရှင်တို့၊သက်တော်ထင်ရှား ရှိသော မြတ်စွာဘုရားသခင်အထံတော်၌ အသင်တို့အား ကမ္မဋ္ဌာန်းကိုယူခဲ့ပေ၏။ မမေ့မလျော့သည်ဖြစ်၍၊ရဟန်းတရားကို အားထုတ်ကြကုန်လော့ဟု ဆုံးမတော်မူပြီးလျှင်၊ မိမိသည်ကားတိုက်ခန်းသို့သွားရောက်၍လျောင်းပြီးသည့် ကာလ အိပ်၏။ ရဟန်းတို့သည် ပဌမယာမ်၌ စင်္ကြံသွား၍ တရားကို အားထုတ်ပြီးမှ၊မဇ္ဈိမယာမ်၌ ကျောင်းသို့သွားရောက်၍ ဝင်ကုန်၏။

## တရားထူးမရသော ရဟန်းများ။

ထိုမထေရ်သည် အိပ်ရာမှနိုးသောအခါ၌ ထိုရဟန်းတို့၏ အထံသို့ သွား၍၊အသင်တို့သည် အိပ်ပြီးလျှင် ထ၍တဖန် အိပ်ပြန်ကုန်ဘိသည်။ လာလှည့်ကြကုန်လော့။ လျင်စွာထွက်၍ ရဟန်းတရားကို အားထုတ်ကြကုန်လော့ဟု ပြောဆိုပြီးလျှင်၊ မိမိသည် ကျောင်းတွင်းသို့ သွားရောက်၍၊ ရှေးနည်းအတူသာလျှင် အိပ်၏။ဤမှ တပါးသော ရဟန်းတို့သည်လည်း မဇ္ဈိမယာမ်၌ တရားကို အားထုတ်၍၊ ပစ္ဆိမယာမ်၌ „ကျောင်းတွင်းသို့ ဝင်ကြကုန်၏။

ထိုမထေရ်သည် တဖန်လည်း အိပ်ရာမှနိုး၍၊ ရဟန်းတို့၏ အထံသို့ သွားပြီးလျှင် ထိုရဟန်းတို့ကို ကျောင်းမှအပ အပြင်သို့ ထွက်သွား၍ ရဟန်းတရားကိုအားထုတ်စေပြီးမှ မိမိသည် တဖန် ပြန်သွားပြီးသော်၊ ရှေးနည်းအတူသာလျှင် အိပ်ပြန်၏ ထိုမထေရ်သည် အခါခပ်သိမ်းကာလ ပတ်လုံး ဤသို့ပြုအပ်သည်ရှိသော်၊ ထိုရဟန်းတို့သည် သဇ္ဈာယ်ခြင်း ကိုရင်း၊ကမ္မဋ္ဌာန်းကိုရင်း နှလုံးသွင်းခြင်းငှာ မစွမ်းနိုင်ကုန်။ စိတ် ဖေါက်ပြန်ချိုယွင်းခြင်းသို့ ရောက်လေ၏။ထိုရဟန်းတို့သည် ငါတို့၏ဆရာ ကား အလွန်လျှင်အားထုတ်အပ်သော ဝိရိယရှိ၏။ထိုဆရာကို ဝန်းဝိုင်း ဖမ်းဆီးကုန်အံ့ဟု တိုင်ပင်၍ ဖမ်းဆီးကုန်သည်ရှိသော်၊ ထိုဆရာဖြစ်သော မထေရ်၏အမူအရာကိုမြင်၍၊ ငါ၊ရှင်တို့၊ငါတို့၏ဆရာသည် ပျက်စီးလေစွ။ ငါတို့အား အချည်းနှီးသော မြည်တွန်ခြင်းဖြင့် မြည်တွန်ဆုံးမ လေဘိသည်ဟု ပြောဆိုကြကုန်၏။

ကောင်းမွန်စွာ အိပ်မျော်ခြင်းကို မရကုန်သည်ဖြစ်၍၊လွန်စွာအိပ်ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍၊ ပင်ပန်းကုန်သော ထိုရဟန်း တို့အား

တပါးသောရဟန်းမှုသည်လည်း တရားအထူးကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်။ ထိုရဟန်းတို့သည် ဝါကျွတ်သည်ရှိသော်၊ မြတ်စွာဘုရား အထံတော်သို့ သွားရောက်၍ မြတ်စွာဘုရား သခင်သည် ပဋိသန္ထာရကိုပြုပြီးမှ၊ ချစ်သားတို့၊ အသို့ပေနည်း။ အသင်တို့အား မမေ့မလျော့သည်ဖြစ်၍ ရဟန်းတရားကို အားထုတ်ကြကုန်၏လော ဟု မေးတော်မူသည်ရှိသော်။ ရဟန်းတို့သည် ထိုအကြောင်းကို ကြားလျှောက်ကြကုန်၏။

ဘုရားကိုယ်တော်မြတ်က။ ချစ်သားရဟန်းတို့၊ ဤရဟန်းသည် ယခု အခါ၌သာလျှင် အသင်တို့၏ အန္တရာယ်ကို ပြုလုပ်သည် မဟုတ်သေး၊ ရှေးလွန်လေပြီးသောအခါ၌သည်း ဤရဟန်းသည် အသင်တို့၏ အန္တရာယ်ကို ပြုဘူးသည် သာလျှင်တည်း ဟု မိန့်တော်မူ၍ ထိုရဟန်းတို့သည် တောင်းပန်လျှောက်ကြားသောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

**အခန်းတစ်ဝတ္ထု။**

**တောသူသာနိက ကြက်။**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်မြတ်၌ ဗြဟ္မဒတ္တမင်းကြီး သည် လေးဝသောသင်္ဂဟ ဆယ်ပါးသော ရာဇဓမ္မတို့ဖြင့် မကျန်ကုံလုံ ပြည့်စုံစေမှု၊ မင်းပြုတော်မူသည်ရှိသော်၊ ဘုရားအလောင်းတော်သည် ဥဒိစ္စ ပုဏ္ဏားမျိုး၌ဖြစ်၍၊ အရွယ်ဖြစ်မြောက် ကြီးပွါးခြင်းသို့ ရောက်သော အခါ အလုံးစုံသော အတတ်တို့၌ ကမ်းတဘက်ရောက် တတ်မြောက် လိမ္မာသည်ဖြစ်၍၊ ဗာရာဏသီပြည်ကြီး၌ အရပ်ရှစ်မျက်နှာမှ လာရောက် ဆည်းကပ်ကုန်သော တပည့်တို့၏ အမှူးဖြစ်သော ဒိသာပါမောက္ခ ဆရာ သည် ဖြစ်၍၊ ငါးရာကုန်သော လုလင်ပျိုတို့ကို အတတ်ပညာ ကောင်းစွာ ချမှတ်သင်ကြားတော်မူ၏။ ထိုတပည့် လုလင်ပျိုတို့အား သင့်လျော် လျောက်- ပတ်သောအခါကာလကို မြည်တွန်တတ်သော တကောင်သောကြက်သည် ရှိ၏၊ တပည့်သူငယ်တို့သည် ထိုကြက်၏ မြည်တွန်သော အသံဖြင့်ထ၍ အတတ်ကို သင်ကြကုန်၏။ ထိုကြက်သည် သေလွန်ခြင်းကို ပြုလေ၏။

ထိုလုလင်တို့သည် တပါးလည်းဖြစ်သော တကောင်သော ကြက်ကို ရှာမှီးကုန်လျက် လှည့်သည်ကုန်၏။ ထိုအခါ တယောက်သော လုလင်သည် သင်းချိုင်းသုသာန်တော၌ ထင်း,သစ်တို့ကို ထုတ်ဆောင်သည်ရှိသော်၊

တဘောင်သောကြက်ကိုတွေ့မြင်၍ ဆောင်ယူခဲ့ပြီးသောအခါ၊ကောင်းမွန်စွာသော လှောင်အိမ်ချိုင့်၌ထား၍ ကျွေးမွေး သုတ်သင်၏။

ထိုကြက်သည် သုသာန်၌ ကြီးပွါးသည့် အဖြစ်ကြောင့် ဤအမည်ရှိသောအခါ၌ မြည်အံ့ဟု တွန်အပ်၏ဟု မသိသောကြောင့်၊ တရံတခါ ညဉ့်၏ အလွန်စောလွန်းသောအတို၌ မြည်တွန်၏။တရံတခါ နေအရှက်တက်သောကာလ၌ တွန်၏။လုလင်တို့သည် ထိုကြက်၏ အလွန်စောလွန်းသော ညဉ့်အတိုကို မြည်တွန်သောအခါ၌ အတတ်ကို သင်ယူကုန်သည်ရှိသော်၊ နေအရှက် တက်သည့်တိုင်အောင် အတတ်ကို သင်ယူခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ငိုက်မြည်းကုန်သည်ဖြစ်၍ သင်ယူအပ်သော အရာဌာနကိုလည်း မမြင်နိုင်ကြကုန်၊ လင်းစင်မိုးသောက် အားကြီး ရောက်သောအခါ မြည်တွန်သော ကာလ၌ အတတ်ကို သရဇ္ဈာယ်ခြင်း၏ အခွင့်-အချိန်မှုကိုသော်လည်း မရကုန်။ လုလင်တို့သည် ဤကြက်ကား ညဉ့်၏ အလွန်စောလွန်းသော အခါ၌သော်လည်း မြည်တွန်၏။လင်းစင်မိုးသောက် အားကြီးစွာ ရောက်သောအခါ၌သော်လည်း မြည်တွန်၏။

ဤကြက်ကို မှီ၍ ငါတို့အား အတတ်ပညာ ပြီးဆုံးခြင်း မဖြစ်ပေ-လတ္တံ့ဟု တိုင်ပင်ပြောဆို၍၊ ထိုကြက်ကိုဖမ်းယူပြီးလျှင် လည်ကို ညှစ်-သတ်၍ အသက်ကုန်ခြင်းသို့ ရောက်စေပြီးသည့် ကာလ၊ အချိန် အခါ မဟုတ်သည်၌ မြည်တွန်တတ်သော အကာလရဝိအမည်ရှိသောကြက်ကို အကျွန်ုပ်တို့သည် သတ်အပ်ကုန်ပြီဟု ဆရာအား ပြောကြားအပ်သည်ရှိသော်၊ ဒိသာပါမောက္ခ ဆရာသည် အမိ,အဘစသည်တို့၏ အဆုံးမ,ဩဝါဒကိုယူ၍ မကြီးပွါးရသည် ဖြစ်သောကြောင့်၊ သေခြင်းသို့ ရောက်ရှာလေသည်ဟု ပြောဆိုပြီး၍-

အမာတာ ပိတရိ သံဝဍ္ဎော၊အနာစရိယကုလေ ဝသံ။
နာယံ ကာလံ အကာလံ ဝါ၊အဘိဇာနာတိ ကုက္ကုဋော။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုတော်မူ၏။

**အနက်ကား။** ။အမာတာပိတရိသံဝဍ္ဎော၊ အမိ,အဘ၊ အမှီရ၍ အဆုံးအမကို ယူသောအားဖြင့် ကြီးပွါးရသည် မဟုတ်သော။အနာစရိယကုလေ၊ နည်းယူစရာ၊ ဆရာမရှိ၊ မိမိဘာသာ ဖြစ်သော အမျိုး၌။ ဝသံ-

ဝသန္တော၊ နေရသော။ အသံ ကုက္ကုဋ္ဌော၊ ဤ ကြက်သည်။ ကာသံ ဝါ၊ အခါကိုရင်း။အကာသံ ဝါ၊အခါမဟုတ်သည်ကိုရင်း။ နအဘိဇာနာတိ၊မသိနိုင်သေး။ ။ဤကားအနက်။ .

ဤသို့သော အကြောင်းကို ပြတော်မူပြီး၍ ဘုရား အလောင်းသည် အသက်ရှည်သမျှ ကာလပတ်လုံး တည်နေပြီးသော်၊ ကံအားလျော်စွာ လားကပ်ရလေ၏။

## ရဟန်းငါးရာ ရဟန္တာဖြစ်ခြင်း။

မြတ်စွာဘုရားသခင်သည်ဤအကာလရဝိကုက္ကုဋဇာတ်ကိုဟောကြားတော်မူပြီးမှ။ ချစ်သားရဟန်းတို့၊ထိုအခါကာလ၌ အချိန်အခါ မဟုတ်မူ၍ မြည်တွန်တတ်သော ထိုကြက်သည် ယခုအခါ ဤပဓာနိကတိဿမထေရ်ဖြစ်လာသည်။ဤငါးရာသော ရဟန်းတို့သည် ပညာသင်သော လုလင်ပျို ငါးရာတို့ ဖြစ်လာကုန်သည်။ ဒိသာပါမောက္ခ ဆရာသည် ငါဘုရားသာ တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူပြီးမှ၊ချစ်သားရဟန်းတို့၊ သူတပါးကို ဆုံးမသော သူမည်သည် မိမိ ကိုယ်ကို ရှေးဦးစွာ ယဉ်ကျေးအောင် ပြုအပ်၏၊ ဤသို့ ပြုလုပ်၍ ဆုံးမအပ်သည်ရှိသော်၊ မိမိ၏ ယဉ်ကျေးခြင်းရှိသည်ဖြစ်၍ ဆုံးမသည်မည်၏ဟု မိန့်တော်မူပြီး၍·

**အတ္တာနဉ္စေ တထာ ကယိရာ၊ ယထညမနုသာသတိ။**
**သုဒန္တော ဝတ ဒမေထ၊ အတ္တာ ဟိ ကိရ ဒုဒ္ဒမော။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏၊

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သောထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။

**အနက်ကား။** ။ယထာယေန အာစာရေန၊အကြင်သို့သော အကျင့်ဖြင့်။အညံ၊တပါးသော သူကို။အနုသာသတိ၊ အစဉ်ဆုံးမ၏။ တထာတေန အာစာရေန၊ ထိုသို့သော အကျင့်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝါ၊အတ္တာနဉ္စေ-အတ္တာနဉ္စေဝ၊ မိမိကိုယ်ကိုသာလျှင်။ ကယိရာ၊ ပြုရာ၏။ သုဒန္တော၊ ကောင်းစွာယဉ်ကျေးသည်ဖြစ်၍။ ဝတ၊ စင်စစ်။ ဒမေထ၊ ဆုံးမရာ၏။ ဟိ၊သင့်စွ။ အတ္တာ၊ မိမိကိုယ်သည်။ ဝါ၊ အတ္တာဟိ-အတ္တာဝေ၊ မိမိကိုယ်

သည် သာလျှင်။ ဒုဒ္ဒမောကိရ၊ သူတပါးထက် ပိုလွန်တက်၍ အဆုံးမခက်ပေသတတ်၊ ။ဤကားအနက်။

[ဤဝတ္ထု၌ အဝိတ် သာခကေပြရာ ဤအဋ္ဌကထာနှင့် ကြေ-နိပါတ် အာဘာလချပိ ကုဏ္ဍုဋ္ဌဇာတ် အဋ္ဌကထာတို့သည် အဆိုမသင့်ကြ၊ ပစ္စုပ္ပန်အကြောင်း ဇာတ်ပေါင်းနှစ်ဌာနတို့၌ အနည်းငယ်ကွဲပြား၍ ရှိကြ၏။ဆင်ခြင်ကြလေကုန်။]

မွေပဒအတ္တဝဂ်၌ သုံးချပြောက်ဖြစ်သော ပဓာနိကတိဿမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၂-အတ္တဝဂ်။ ၄-ကုမာရကဿပ၏မယ်တော် မထေရီမဝတ္ထု။

**အတ္တနာဟိ အတ္တနာ နာသော။** ။အစရှိသော သည့်၊ မွေဝါဒါ၊ ဤသို့သောဒေသနာကို၊ တဏှာသံယောဇဉ်၊ အားကြီးယှဉ်၍၊ ပူပင်သောက၊ ဒုက္ခထွေထွေ၊ မိုးယံကြီးစွေဘိသို့၊ မချိဖြင်းပြ၊ ခံစားရသော၊ ဝေနေယျတတွေ၊ဗိုလ်ခြေပင်းဘ်ကို၊ အတင်းယူဆောင်လျက်၊ ဒုက္ခဘောင်ဘဝမှ၊ ကင်းပလွတ်မြောက်၊ နိဗ္ဗာန်သို့ရောက်အောင်၊ ချီးမြှောက် ဆုံးမတော်မူတတ်သော၊လူနတ်မဟော၊ ပခုမေခေါင်ဖျား၊ဘုရားသခင်သည်၊ ထက်ခွင်နတ်ချပ်၊မွန်မြတ်သော ဗိမာန်ဆောင်တို့ကို၊ လူ့ဘောင်ဌာနန့်၊ယူပြသည့်ပမာ၊လွန်စွာ ကောင်းမွန်သော၊ ဇေတဝန်ကျောင်းဌ၊ ကိန်းအောင်းစံယ်တော်မူသော ကာလ၊ ကုမာရကဿပမထေရ်၏ မိခင်ဖြစ်သော မထေရ်မတပါးကို အကြောင်း ပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ပေသတည်း၊

အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

ကုမာရကဿပမထေရ်၏ မယ်တော်ဖြစ်သော ထိုမထေရ်မသည် ရာဇဂြိုဟ်မြို့ကြီး၌ ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသော သူဌေးကြီး၏သမီးဖြစ်၍၊သိကြားလိမ်မာသောအရွယ်သို့ ကျရောက်သော အခါကာလမှစ၍ ရဟန်းအဖြစ်ကို ရပါခြင်း၌ ဘောင့်ပန်၏။အဖန်ဖန်အထပ်ထပ် မပြတ်

တောင်းပန်ပါသော်လည်း၊ အမိအဘတို့၏အထံမှ ရဟန်းပြုရန်အခွင့်ကို မရမရှိဘဲ ဒုဂ္ဂုယ်ကြီးမြောက် ကျရောက်သောအခါ ခင်ပွန်းအရှင်လင်-ယောကျ်ားနှင့်အမျိုးအိမ်သို့ လိုက်ပါသွားရောက်ရပြီးသည့်ကာလ၊ ခင်ပွန်းအရှင်လင်ယောကျ်ားကို အိမ်ထွေနတ်၏အသွင် ကြည်လင်နှစ်မျို ရှိသေစွာလုပ်ကျွေးသည်ဖြစ်၍၊ အိမ်ရာထောင်သောလူ့ဘောင်၌ နေရ၏။ ထိုနောက်များမကြာမီပင်လျှင် သူဌေးသမီး၏ဝမ်း၌ ကိုယ်ဝန်တည်လေ၏၊ ထိုသူဌေးသမီးသည်မိမိအား ကိုယ်ဝန်တည်သည့်အဖြစ်ကို မသိမူ၍သာလျှင်ခင်ပွန်း အရှင် လင်ယောကျ်ားကို နှစ်သက်စေ၍ ရဟန်းပြုပါရမည့်အကြောင်းကို ခွင့်တောင်း ပန်ကြား၏။

ထိုအခါ သူဌေးသမီးကို ခင်ပွန်းအရှင်လင်ယောကျ်ားသည် ကြီးစွာသောပူဇော်သက္ကာရဖြင့် ချီးမြှင့်၍၊ ဘိက္ခုနီမကျောင်းသို့ ဆောင်ပြီးလျှင်၊ တစုံတခုသောအကြောင်းကို မသိသည်ဖြစ်သောကြောင့်၊ အရှင်ဒေဝဒတ်၏ အသင်းဖြစ်ကုန်သော ဘိက္ခုနီမတို့ထံ၌ ရဟန်းပြုစေ၏။

## ကိုယ်ဝန်အတွက် အခက်ကြုံခြင်း။

နောက်အတို့အခါ၌ ဘိက္ခုနီမတို့သည် ထိုသူဌေးသမီး ရဟန်းမိန်းမအား ကိုယ်ဝန်ရှိသည့်အဖြစ်ကိုသိ၍၊ ထိုရဟန်းမိန်းမတို့က ဤအမှုသည်အဘယ်နည်းဟု ဆိုကုန်သည်ရှိသော်၊ အရှင်မတို့၊ငါသည် တစုံတခုကိုမျှ မသိပါ၊ စင်စစ်အားဖြင့် ငါ၏သီလသည် ညစ်ညူးကျိုးပေါက်ခြင်းမရှိသည်သာလျှင်တည်းဟု ပြော၏။ ရဟန်းမိန်းမတို့သည် ထိုသူဌေးသမီးရဟန်းမိန်းမကို အရှင်ဒေဝဒတ်၏အထံသို့ ဆောင်၍။ အရှင်ဘုရား၊ ဤရဟန်းမိန်းမသည် သဒ္ဓါတရားဖြစ်ပွါးသဖြင့် ရဟန်းပြုပါသည်။ ဤရဟန်းမိန်းမအားစွဲကပ်တည်ရှိသောကိုယ်ဝန်၏ လူဖြစ်စဉ်အခါက တည်ရှိသည်ကိုရင်း၊ ရဟန်းပြုပြီးသော အခါ၌ တည်ရှိသည်ကိုရင်း၊ အခါကာလကို တပည့်တော်မတို့မသိပါကုန်။ ဤယခုအခါ၌ အဘယ်ကဲ့သို့ ပြုပါကုန်အံ့နည်းဟု မေးလျှောက်ကုန်၏။

အရှင်ဒေဝဒတ်က ငါ၏အဆုံးအမ ဩဝါဒကိုလိုက်နာချက်ဆောင်ကုန်သောရဟန်းမိန်းမတို့အား အရှိန်အစော် အကျော်စောမဲ့ မဖြစ်ပါစေလင့်

ဟု ဤမျှလောက်ကိုသာ ကြံပြီးလျှင်၊ ထိုရဟန်းမိန်းမကို လူထွက်စေကုန်လော့ဟု ပြောလိုက်၏။

အရှင်ဒေဝဒတ်ပြောဆိုလိုက်သော ထိုစကားကိုကြား၍၊ ထိုသူဌေးသမီးရဟန်းမိန်းမငယ်သည် အရှင်မတို့၊ အရှင်မတို့သည် ငါ့ကိုမဖျက်ဆီးပါကုန်လင့်။ ငါသည် အရှင်ဒေဝဒတ်ကို ရည်ညွှန်း၍၊ ရဟန်းပြုအပ်သည်မဟုတ်ပါ။ လာလှည့်ကုန်၊ ငါ့ကို မြတ်စွာဘုရား အထံတော်ဖြစ်သောဇေတဝန်ကျောင်းတော်သို့ ဆောင်ယူ၍ ပို့ကြပါကုန်လောဟု ပြော၏။

ထိုရဟန်းမိန်းမတို့သည် သူဌေးသမီးဖြစ်သော ရဟန်းမိန်းမငယ်ကိုယူဆောင်၍ ဇေတဝန်ကျောင်းတော်သို့ သွားရောက်ပြီးသော်၊ မြတ်စွာဘုရားသခင်အား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသခင်သည် ထိုရဟန်းမိန်းမငယ်အား လူဖြစ်စဉ်အခါ၌ ကိုယ်ဝန်တည်သည့် အဖြစ်ကိုသိတော်မူသော်လည်း၊ သူတပါးတို့ ကဲ့ရဲ့ရှုတ်ချ စွပ်စွဲသော စကားမှလွတ်ကင်းစေခြင်းငှါ ပသေနဒီ ကောသလမင်းကြီး၊ မဟာအနာထပိဏ်သူဌေးကြီး၊ စူဠအနာထပိဏ် သူဌေးကြီး၊ ဝိသာခါ ဥပါသိကာမတို့ကိုရင်း၊ တပါးလည်းဖြစ်ကုန်သော အမျိုးအားဖြင့် မြင့်မြတ်ထင်ရှား ကုန်သောသူတို့ကိုရင်း ခေါ်စေပြီးလျှင်၊ ဥပါလိမထေရ်ကို "ချစ်သားဥပါလိ၊ သွား-တဲ့ချေ၊ လေးပါးသော ပရိသတ်၏အလယ်၌ ဤရဟန်းမိန်းမငယ်၏အမှုကိုသုတ်သင် ရှင်းလင်းလေလော့"ဟု စေခိုင်းတော်မူ၏။

## ကိုယ်ဝန်ဆောင်ကိစ္စ ဝိသာခါရှင်းလင်းချက်။

အရှင်ဥပါလိ မထေရ်သည် မင်းကြီး၏ရှေ့မှ ဝိသာခါဒါယိကာမကိုခေါ်စေပြီးလျှင် ထိုသူတို့အား အဓိကရုဏ်းကို ဝန်ခံစေ၏။ ဝိသာခါဒါယိကာမသည်တင်းတိမ်အကာအရံကိုဝန်းရံစေပြီးလျှင်၊ တင်းတိမ်အရံ၏အတွင်း၌ ထိုရဟန်း မိန်းမငယ်၏ ခြေ,လက်,ချက်,ဝမ်း အဆုံးရှိသည်တို့ကို ကြည့်ရှုပြီးသည့်ကာလ၊ လ,ရက်တို့ကို ရေတွက်မှတ်သား ဆောင်-ယူကြည့်ရှုသည်ရှိသော်၊ လူ၏အဖြစ်၌ ဤရဟန်းမိန်းမငယ်အား ကိုယ်ဝန်ရအပ်သည့် အဖြစ်ကို သိ၍၊ ဥပါလိ မထေရ်အား ထိုအကြောင်းကိုလျှောက်ကြား၏။

ထိုအခါ ဥပါလိမထေရ်သည် ရဟန်း မိန်းမငယ်အား ပရိသာတ် အလယ်၌ စင်ကြယ်သည့်အဖြစ်ကို ဝန်ခံတည်တန့်စေ၏။ ထိုရဟန်းမိန်းမ ငယ်သည် နောက်အဘို့ဖြစ်သောအခါ၌ ပဒုမုတ္တရာမြတ်စွာဘုရား သခင်၏ လက်ထက်တော်၌တောင့်တအပ်သောပတ္ထနာရှိသော ကြီးသောအာနုဘော် ရှိသောသားကို ဖွါးမြင်လေ၏။ ထိုနောက် တနေ့သ၌ ပသေနဒီကောသလ မင်းကြီးသည် ဘိက္ခုနီမကျောင်း၏ အနီး၌ သွားရောက်သည် ရှိသော်၊ သူငယ်၏အသံကိုကြား၍ ဤအသံသည်ကားအဘယ်အသံနည်းဟုမေး၍၊ အရှင်မင်းမြတ်၊ တယောက်သောရဟန်းမိန်းမငယ်သည်သားကိုဖွါးအပ်၏။ ဤအသံသည် ထိုသူငယ်၏ အသံပါတည်းဟု လျှောက်တင်သည်ရှိသော်၊ မင်းကြီးသည် ထိုသူငယ်ကို မိမိ၏နန်းအိမ်တော်သို့ ဆောင်ယူ၍၊ နို့ထိန်း တို့အားပေးအပ်၏၊ ထိုသူငယ်အားအမည်မှည့်သောနေ့၌ ကဿပဟူသော အမည်ကို ပြု၍၊ မင်းသားတို့၏ အဆောင်အရွက် အစောင့်အရှောက်ဖြင့် ကြီးပွါးအပ်သည့်အဖြစ်ကြောင့်၊ ကုမာရကဿပဟူ၍ သိရှိကြကုန်၏။

### ကုမာရကဿပ ရဟန်းပြုခြင်း။

ထိုကုမာရကဿပ မင်းသားငယ်သည် ကစားရာအပြင်၌ သူငယ် တို့ကိုပုတ်ခတ်၍၊အမိအဘမရှိသော ဤသူငယ်သည် တပါးသောကလေး သူငယ်ကိုပုတ်ခတ်ညှဉ်းပန်းဘိသည်ဟု ပြောဆိုသည်ရှိသော်၊မင်းကြီးသို့ ချဉ်းကပ်၍ အရှင်မင်းမြတ်၊အကျွန်ုပ်ကို အမိအဘမဲ့သောသူဟူ၍ ဆိုကြ ပါကုန်သည် အကျွန်ုပ်အား မိခင်ကိုပြောကြားတော် မူကြပါကုန်လော့ဟု မေးလျှောက်သည်ရှိသော်၊ မင်းကြီးသည် နို့ထိန်းတို့ကိုပြ၍၊ ဤသူသည် အသင်၏မိခင်တို့ ပေတည်းဟု ပြောဆိုသည်ရှိသော်၊ အရှင်မင်းမြတ်၊ အကျွန်ုပ်အား မိခင်တို့သည် ဤမျှလောက်များသည် မဖြစ်ပေရာ။အကျွန်ုပ် အား တယောက်သောမိခင်သည်သာလျှင် ဖြစ်ပေရာသည်။ထိုတယောက် သောမိခင်ကို ကြားတော်မူပါကုန်လော့ဟု ပြော၏။မင်းကြီးသည် ဤ-သူငယ်ကိုလှည့်ပတ်ခြင်းငှါ မစွမ်းနိုင်ပြီဟု ကြံ၍။ချစ်သား၊အသင်၏မိခင် သည် ရဟန်းမိန်းမ ပေတည်း။ အသင့်ကို ငါသည် ရဟန်းမိန်းမတို့ ကျောင်းမှ ဆောင်ယူအပ်ပေသည်ဟု ပြော၏၊ ထိုမင်းသားသည် ဤမျှ-လောက်သော စကားကို ကြားရသဖြင့်သာလျှင် ဖြစ်ပွါး တက်ကြွသော သံဝေဂရှိသည်ဖြစ်၍၊ ဘခင်တို့၊အကျွန်ုပ်ကို ရဟန်းပြုပါ ကုန်လော ဟု

ပြော၏။မင်းကြီးကလည်းချစ်သား၊ကောင်း၍ပေပြီဟု ဝန်ခံ၍၊ထိုမင်းသား ငယ်ကို ကြီးစွာသော ပူဇော်သက္ကာရဖြင့် ပူဇော်ချီးမြှင့် ယူဆောင်၍၊ မြတ်စွာဘုရား၏ အဆံတော်၌ ရဟန်းပြုစေ၏၊ထိုမင်းသားသည် ရအပ်သောပဋိဥင်းအဖြစ် ရှိသည်ဖြစ်၍၊ကုမာရကဿပမထေရ် ဟူသောအမည် သည် ထင်ရှား၏။

## တဆဲ့ငါးရပ်သော ပြဿနာ။

ထိုမထေရ်သည် မြတ်စွာဘုရားအထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူ ပြီးလျှင် တောသို့ဝင်၍ လုံ့လအားထုတ် ပါသော်လည်း၊ တရားအထူးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သောကြောင့်၊ ဘဖန် ကမ္မဋ္ဌာန်းကို အထူးပြုစေ၍ သင်ယူဦးအံ့ဟု ကြံ၍၊မြတ်စွာဘုရား အထံတော်သို့သွားပြီးလျှင်၊အရိုက် တော၌နေ၏။ထိုအခါ မထေရ်ကို ကဿပမြတ်စွာဘုရား လက်ထက်၌ အတူတကွ ရဟန်းတရားကိုအားထုတ်၍ အနာဂါမ်ဖိုလ်သို့ရောက်ပြီးလျှင်၊ ဗြဟ္မာဘုံ၌ဖြစ်နေသောရဟန်းသည် ဗြဟ္မာ့ဘုံမှ သက်ဆင်းလာခဲ့ပြီးသော်၊ တဆဲ့ငါးပါးကုန်သော ပြဿနာတို့ကိုမေးပြီးသောအခါ၊ဤပြဿနာတို့ကို မြတ်စွာဘုရားသခင်ကိုထား၍၊ဖြေဆိုခြင်းငှါစွမ်းနိုင်သောတပါးတယောက် သောသူသည် မရှိ သွားတဲ့ချေ၊ မြတ်စွာဘုရားအထံတော်၌ ဤပြဿနာ တို့၏ အနက်ကို သင်ယူ ချေလော့ဟု တိုက်တွန်း၏၊ ထိုမထေရ်သည် အနာဂါမ်ဗြဟ္မာကြီး တိုက်တွန်းပြောဆိုသောအတိုင်းကို ပြု၍ ပြဿနာကို မြတ်စွာဘုရားအား မေးလျှောက်အပ်သည်ရှိသော်၊ ဖြေဆိုသည်၏အဆုံး၌ အရဟတ္တဖိုလ်သို့ ရောက်လေ၏၊

## မယ်တော်နှင့် ပြန်တွေ့ခြင်း။

ထိုကုမာရကဿပမထေရ်၏ ထွက်သွားသော နေ့မှစ၍ တဆဲ့နှစ်နှစ် တို့ပတ်လုံး မယ်တော်ဖြစ်သော မထေရ်မအား မျက်စိတို့မှ မျက်ရည် တို့သည်အစဉ်မပြတ်တစပ်တည်း ယိုစီးကျထွက်သည်ဖြစ်၍၊ပိုးရိမ်ပူဆွေး ငိုကြွေးတမ်းတ၍သာ နေ၏၊ ထိုဘိက္ခုနီမသည် ရင်သွေးသားငယ်နှင့် ကွေကွင်းရသော ဒုက္ခကြောင့် ကျထွက်မိုစွတ်သော မျက်ရည်စီးသော မျက်နှာဖြင့် ဆွမ်းခံခြင်းငှါ လှည့်လည်သောအခါ ခရီးအကြား၌မထေရ်ကို တွေ့မြင်၍။ချစ်သား ချစ်သားဟု မြည်တမ်းဟစ်အော်လျက် ထိုမထေရ်ကို မှီခြင်းငှါ ပြေးလိုက်သည်ရှိသော် ပြန့်လှန်၍ လည်းလေ၏။

ထိုဘိက္ခုနီမသည် သားမြတ်တို့မှ ကျထွက် ယိုစီးသော နို့ရည်တို့ဖြင့် ရိုစွတ်သော သဘာ်နားရှိသည်ဖြစ်၍ လဲရာမှ ထပြီးသော်၊ အမှီပြေးလိုက်၍ သားငယ်မထေရ်ကို ခြေ၌ဖက်၏။ မထေရ်သည် ကြံဆင်ခြင်သည်မှာ "ငါ၏ မယ်တော်ဖြစ်သော ဤမထေရ်မသည် ငါ၏ အထံမှ သာသာ ကောင်းမွန်သောစကားကို အကယ်၍ ရခဲ့သည်ဖြစ်အံ့၊ ငါ၏ မယ်တော် သည် ပျက်စီးရှာပေဘော့မည်၊ ခက်ထန်ကြမ်းကြုတ်သည်ကိုသာလျှင်ပြု၍၊ ဤမယ်တော်နှင့် အတူတကွ စကားပြောဆိုမှ သင့်လျော်တော့မည်" ဟု ကြံ ၏။ ကြံပြီးသည်မှ နောက်အတွင်း၌ ထိုမယ်တော်ကို သင်သည်အဘယ်ကို ပြု၍ လှည့်လည်ဘိသနည်း။ မြတ်စွာဘုရား သာသနာတော်ထမ်း ရဟန်း ဖြစ်ပါလျက် ချစ်ခြင်းမျှကိုသော်သည်း ဖြတ်ခြင်းငှါ မစွမ်းနိုင်ပါသလောဟု ပြော၏၊ ဘိက္ခုနီမသည် "ငါ့သားတော် မထေရ်၏စကားသည် ကြော်-ကြမ်းကြုတ်လေစွတကား" ဟု ကြံ၍၊ ချစ်သား၊ အဘယ်ကို ဆိုပေသနည်း ဟု ပြောသည်ရှိသော် တဖန်လည်း ရှေးနည်း အတူသာလျှင် ပြောဆို သောကြောင့် "ငါသည် ဤသားငယ်ဟူသောအကြောင်းကြောင့် တဆဲ့နှစ် နှစ်တို့ပတ်လုံး မျက်ရည်တို့ကို တည့်တန့် သိမ်းဆီးခြင်းငှါ မစွမ်းနိုင်၊ ဤသားငယ်သည်ကား ယခု ပြောဆိုအပ်သော ဤသို့သော အခြင်းအရာ ဖြင့် ခက်ထန်သော နှလုံးရှိလေသည်၊ ငါ့အား ဤသားဖြင့် အဘယ်အကျိုး ရှိအံ့နည်း" ဟု ကြံ၍၊ သား၌ ချစ်ခင်ခြင်းကို ဖြတ်ပြီးသော်၊ ထိုနေ့၌ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

တပါးသော နောက်အခါ၌ဝယ် တရားသဘင်၌ ရဟန်းတို့သည် ငါ့-ရှင်တို့၊ ဒေဝဒတ်သည် ဤသို့သော အကြောင်းဥပနိဿယ ပြည့်စုံခြင်း ရှိသော ကုမာရကဿပ မထေရ်ကိုင်း၊ မယ်တော် ရဟန်းမိန်းမကိုင်း၊ ပျက်ဆီးအပ်၏၊ မြတ်စွာဘုရား သခင်သည်ကား ထို ကုမာရကဿပ မထေရ်၊ မယ်တော်ရဟန်းမိန်းမတို့၏ ထောက်ဘည်ရာ မှီခိုရာဖြစ်လေ ဘိသည်။ သဗ္ဗညုဝါတို့ကို အစဉ်သနားတော်မူသော မြတ်စွာဘုရားသခင်တို့ မည်သည် ကြော်-အံ့ဖွယ် ရှိစွဟူသောစကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ကြွဝင်တော်မူလာခဲ့၍ ချစ်သား ရဟန်းတို့၊ ငါဘုရား ကြွဝင်တော်မူလာဆဲသော ဤသရအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်သနည်းဟု မေးတော်မူ၍

ဤအမည်ရှိသော အကြောင်းပါတည်းဟု ကြားလျှောက်သည် ရှိသော်၊ ချစ်သားရဟန်းတို့၊ ဤသခ္ခအခါ၌သာလျှင် ငါဘုရားသည် ဤကုမာရကဿပမထေရ်,မယ်တော် ရဟန်းမိန်းမတို့၏ အထောက်အပံ့ ထောက်တည်မှီခိုရာဖြစ်သည် မဟုတ်သေး။ ရှေး၌လည်း ထိုသူတို့၏ ထောက်တည်မှီခိုရာ ဖြစ်ဘူးသည်သာလျှင်တည်း ဟု မိန့်တော်မူ၍၊ ရဟန်းတို့သည် တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု။**

**နိဂြောဓ သမင်မင်း။**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော်၊ ဘုရားအလောင်းသည် သမင်မျိုး၌ ပဋိသန္ဓေယူလေ၏။ ထိုဘုရားအလောင်းသမင်သည် အမိဝမ်းမှ ဖွါးမြင်သောအခါ ကိုယ်ရေအဆင်းသည် ရွှေအဆင်းကဲ့သို့ ဝင်းဝင်းတောက်ပသော အဆင်းရှိ၏။ ဘုရားအလောင်း၏ မျက်စိတို့သည် ပတ္တမြားလုံးနှင့်တူကုန်၏။ ဦးချိုတို့သည် ငွေအဆင်း၏တပြေး ဖွေးဖွေးပြူသော အဆင်းရှိကုန်၏။ ခံတွင်းသည် တွေးတွေးနီသော ကမ္ဗလာရုကဲ့သို့ နီမြန်းသော အဆင်းရှိ၏၊ လက်ဖျား,ခြေဖျား အဆုံးနားတို့၌ ချိပ်ရည်ဖြင့် အပြေအပြစ် ပြုဘိသကဲ့သို့ ဖြစ်၏၊ ဘုရားအလောင်းသမင်၏ အမြီးသည် စာမရီသားမြီးကဲ့သို့ ကြည့်ရှု၍ မငြီးဘွယ် တင့်တယ် လှပပေ၏။ ဘုရားအလောင်းသမင်မင်း၏ ကိုယ်သည် ကြီးကျယ် ပေါက်ဖွါးသော မြင်းငယ်ပမာဏရှိ၏။ ငါးရာသော သမင်တို့ အခြံအရံ ရှိသည်ဖြစ်၍ တော၌ နေခြင်းကို ပြု၏။ အမည်အားဖြင့် နိဂြောဓသမင်မင်းဟူသော အမည်ရှိ၏။

**သာခ သမင်မင်း။**

ဘုရားအလောင်း နေသော တောအုပ်၏ မနီးမဝေး၌လည်း ဘုရားအလောင်းမှ တပါးသော ငါးရာသော သမင် အခြံအရံရှိသော သာခအမည်ရှိသော သမင်မင်းသည် နေ၏။ ထိုသာခ သမင်မင်းသည်လည်း ရွှေအဆင်းကဲ့သို့ အဆင်းရှိသည် ဖြစ်ပေ၏။

ထိုအခါ၌ ဗာရာဏသီ ပုရိကြငှန်းကို သိမ်းမြန်းစိုးချုပ် ထီးဖြူအုပ်၍ မင်းလုပ်တော်မူသော ပြည့်ရှင် မင်းမြတ်သည် သားသမင် သတ်ခြင်း၌ လေ့ကျက်အပ်သည် ဖြစ်ပေ၏၊ သမင်၏ အသားနှင့် ကင်း၍ ပွဲတော်ကို

မသုံးဆောင်။တိုင်းနိုင်ငံသူ ဗိုလ်လူအများတို့အား ပြုလုပ်ရွက်ဆောင်ဘွယ် အသွယ်သွယ်သော အမှုကိစ္စတို့ကို ဖြတ်တောက် ပယ်ထားသည်ကို ပြု၍၊အလုံးစုံလည်း ဖြစ်ကုန်သော နိဂုံး, ဇနပုဒ်နေ လူတို့ကို စည်းဝေးစေပြီးလျှင် နေ့ဘိုင်းမပြတ် သမင်ကို သတ်ခြင်းငှါ တောသို့ လှည့်လည်သွားဝင်ရကုန်၏၊လူတို့သည် ပြည့်ရှင်မင်းမြတ်ကား ငါတို့အား ပြုလုပ်ရွက်ဆောင်ဘွယ်ကိစ္စ၌ ဖြတ်တောက် ပယ်ရှားခြင်းကို ပြု၏။အကယ်၍ ငါတို့သည် ဥယျာဉ်တော်၌ သမင်တို့၏ အစာရိက္ခာကိုထား၍ ရေကို ပြည့်စုံစေပြီးလျှင်၊ များစွာကုန်သော သမင်တို့ကို ဥယျာဉ်၌ ချောက်လှန့်ဆောင်သွင်း၍ တံခါးကို လုံခြုံစွာ ဖွဲ့ပြီးသည့် ကာလ၊ မင်းကြီးအား ဆောင်နှင်း ရကုန်သည် ဖြစ်အံ့၊ ငါတို့အား တောသို့ ဝင်သွားရခြင်း တည်းဟူသော အမှုကိစ္စ ကြောင့်ကြ ပူပန်ရခြင်းသည် ငြိမ်းချမ်းသော ခြင်း ဖြစ်ပေလိမ့်မည်ဟု ကြံဆင်ခြင်ကြကုန်၏။ ကြံပြီး၍ကား၊ ထိုအလုံးစုံသော လူအပေါင်း တို့သည် ဥယျာဉ်တော်၌ သမင်တို့၏ အစာရိက္ခာ ဖြစ်သော မြက်ကို စိုက်ပျိုးပြီးလျှင် ရေကို ပြည့်စုံစေပြီးသည့် ကာလ၊ တံခါးတို့ကို ယှဉ်ဖွဲ့ချည်နှောင်၍ နိဂုံး,ဇနပုဒ်၌ နေကုန်သော အလုံးစုံသော လူတို့သည် ဆောက်ပုတ် အစရှိကုန်သော အထူးထူးသော လက်နက်တို့ကို လက်စွဲကုန်လျက် တောသို့ဝင်ပြီးသော်၊ သမင်တို့ကို ရှာမှီးကုန်လျက်၊အလယ်၌ တည်သော သမင်တို့ကို ဖမ်းယူကုန်အံ့ဟု တယူဇနာမျှလောက်သောအရပ်ကိုဝန်းရံ၍ တဖြေးတဖြေး ချုံ့ကာ-ချုံ့ကာ ရုံးရလာခဲ့သဖြင့်၊ နိဂြောဓသမင်မင်း, သာခသမင်မင်းတို့၏ နေရာအရပ်ကို အလယ်ပြု၍ ဝန်းရံမိကုန်၏၊

ထိုနောက် များစွာသော သမင်တို့ကို မြင်၍၊ သစ်ပင်,ချုံ,မြေကြီးတို့ကို ဆောက်ပုတ်တို့ဖြင့် ပုတ်ခတ် ချောက်လှန့်၍၊ သမင်အပေါင်းတို့ နေရာဖြစ်သော တောအုပ်မှ ခွါထွက်အောင် ထုတ်ဆောင်ခဲ့ပြီးလျှင်၊ သန်လျက်, လှံ,လေး- အစရှိကုန်သော လက်နက်တို့ကို ရွယ်မိုး ပြီးသည့် ကာလ၊ ကြီးစွာသော အသံကို ဟစ်အော်ကုန်လျက် ထိုသမင်အပေါင်းကို ဥယျာဉ်တော်သို့ သွင်းပြီးလျှင်၊တံခါးကို မြဲမြံစွာ ပိတ်ထားပြီးသော်၊ ပြည့်ရှင်မင်းကြီးသို့ ချဉ်းကပ်၍။အရှင်မင်းမြတ်၊ အမြဲမပြတ် သမင်သတ်ခြင်းငှါ တောသို့ဝင်ရကုန်သော အကျွန်ုပ်တို့အား ပြုလုပ်ရွက်ဆောင်ဘွယ်သော

အမှုကိစ္စသည် ပျက်စီး၏။ အကျွန်ုပ်တို့သည် တောမှ သမင်တို့ကို ဖမ်း-ဆောင်ခဲ့၍ အရှင်မင်းကြီးတို့၏ ဥယျာဉ်တော်ကို ပြည့်စေအပ်ပြီ။ ဤနေ့မှစ၍ ထိုသမင်တို့၏ အသားကို သုံးဆောင်တော်မူပါကုန်လော့ ဟု မင်းကြီးအား ပန်ကြား၍ ဖဲသွားကြကုန်၏။

## သမင်ကို နေ့စဉ်သတ်သော ဗာရာဏသီမင်း။

ဗြဟ္မဒတ်မင်းကြီးသည် ထိုလူတို့လျှောက်တင်သော စကားကို ကြား၍ ဥယျာဉ်တော်သို့ သွားရောက်ပြီးလျှင် သမင်တို့ကို ကြည့်ရှုသည်ရှိသော်၊ ရွှေအဆင်းကဲ့သို့ အဆင်းရှိသော နှစ်ကောင်ကုန်သော သမင်မင်းတို့ကို မြင်တော်မူ၍၊ ထိုသမင် မင်းတို့အား ဘေးမဲ့ကို ပေးသနားတော်မူ၏။ ထိုအခါမှစ၍ တရံတခါ မင်းကြီးသည် ကိုယ်တိုင်သွား၍ တကောင်သော သမင်ကိုပစ်သတ်ပြီးလျှင် ဆောင်ယူခဲ့၏၊ တရံတခါ မင်းကြီး၏ စားတော်ကဲသည် သွား၍ ဆောင်ယူ၏၊ သမင်တို့သည် လေးကို မြင်သည်ရှိသော် သေအံ့သောဘေးဖြင့် ခြိမ်းချောက်အပ်ကုန်သည် ဖြစ်၍ ညှိုးနွမ်းကုန်၏၊ နှစ်ချက် သုံးချက် ပစ်ခွင့်ပုဘ်ခတ်သည်ကို ခံရသည်ဖြစ်၍ ပင်ပန်းကြကုန်၏၊ သမင်တို့သည် မမာသကျန်း ဘေးဘျမ်းရောဂါ ကျင်နာနှိပ်စက်ကုန်၏။ အချို့သော သမင်တို့သည်ကား သေခြင်းသို့ ရောက်ကုန်၏။ သမင်အပေါင်းသည် ထိုအကြောင်းကို ဘုရားအလောင်းသမင်မင်းအား ပြောကြားကုန်၏၊

## သမင်အပေါင်း ကာဘိကဝတ် ပြုခြင်း။

ဘုရားအလောင်း သမင်မင်းသည် သာခသမင်မင်းကို ခေါ်ပြီးလျှင်။ အဆွေ၊ များစွာသော သမင်တို့သည် ပျက်စီးကုန်၏။ စင်စစ်အားဖြင့် သေလတ္တံ့မည့်-အမှန်ဖြစ်ခဲ့သော် ချမ်းသာခြင်းမည်သည် မဖြစ်ခဲ့ရာ။ ဤ-အခါမှစ၍ မြှားဖြင့် သမင်တို့ကို မပစ်ခတ်စေလင့်။ သမင်ကို သတ်ရာဖြစ်သော စဉ့်တင်တုံးနေရာ၌ သမင်တို့အား အလှည့်အကြိမ် ဖြစ်စေလော့။ တနေ့သောအဘို့၌ ငါ၏ အခြွေအရံဖြစ်သော သမင်မှ အကြိမ်အလှည့် ရောက်စေသော့၊ တနေ့သောအဘို့၌ အသင်၏ အခြွေအရံဖြစ်သော သမင်မှ အကြိမ်အလှည့် ရောက်စေသော့၊ အကြိမ်အလှည့်သို့ ရောက်သော သမင်သည် သွားပြီးလျှင် သမင်တို့ကို သတ်ရာဖြစ်သော စဉ့်တင်တုံး၌ ဦးခေါင်းကို

ထား၍ အိပ်စေလော့။ ဤသို့ ပြုအပ်သည်ရှိသော် သမင်တို့သည် နှမ်းနယ် ပင်ပန်းခြင်း မဖြစ်ပေကုန်လတ္တံ့ဟု ပြော၏။

သာခသမင်မင်းလည်း အဆွေ၊ ကောင်းပြီ ဟု ဝန်ခံပြောဆိုပြီးလျှင်၊ ထိုအခါမှစ၍ အလှည့်အကြိမ်ရောက်သော သမင်သည်သာလျှင် သွား၍ သမင်တို့ကို ပိုင်းဖြတ် ချင်စဉ်းရာဖြစ်သော စဉ်းတီတုံး၌ လည်ကို တင်-ထား၍ အိပ်၏၊ပြည့်ရှင်မင်းမြတ်၏ စားတော်ကဲသည် လာ၍ စဉ်းတီတုံး ထက်၌ ဦးခေါင်းတင်၍ လျောင်းအိပ်နေသော သမင်ကိုသာလျှင် သတ် ဖြတ်ယူငင်၍ သွား၏၊

## ကိုယ်ဝန်ဆောင် သမင်မ။

ထိုနောက် တနေ့သ၌ သာခသမင်၏ အခြွေအရံဖြစ်သော ရင့်မာသော ပဋိသန္ဓေ ကိုယ်ဝန်ရှိသော တကောင်သော သမင်မအား အလှည့်အကြိမ် ကျရောက်လေ၏၊ ထိုသမင်မသည် သာခ သမင်မင်းသို့ ချဉ်းကပ်၍။ အရှင်၊အကျွန်ုပ်အား ရင့်မာသော ပဋိသန္ဓေ ကိုယ်ဝန် ရှိပါသည်၊သားကို ဖွါးမြင်ပြီးသောအခါမှ နှစ်ကောင်ကုန်သော အကျွန်ုပ်တို့သည် နှစ်ကြိမ် နှစ်လှည့်သို့ ရောက်နိုင်ပါကုန်လိမ့်မည် ယခုအခါ အကျွန်ုပ်အား ကျရောက် သော အကြိမ်အလှည့်ကို လွှဲပါစေဦးလော့ ဟု တောင်းပန် ပြောဆို၏၊ သာခသမင်မင်းက အသင်၏ အလှည့်အကြိမ်ကို တပါးသော သူအား ရောက်စေခြင်းငှါ ငါမစွမ်းနိုင်။အသင်သည်သာလျှင် အသင်၏ အလှည့် အကြိမ်ကို သိ၍ သွားလေလော့ ဟု ပြော၏။

## အသက်ကိုစွန့်၍ သမင်အပေါင်းကို ကယ်ခြင်း။

သမင်မသည် သာခသမင်မင်း၏ အထံမှ ချီးမြှင့်ထောက်ပံ့ခြင်းကို မရသောကြောင့်၊ ဘုရားအလောင်းသမင်မင်းကို ချဉ်းကပ်၍ ဤသို့သော အကြောင်းကို ကြား၏၊ ဘုရားအလောင်းသည် ထိုသမင်မ၏ စကားကို ကြား၍ နှင့်စေတော့၊ အသင်သည် သွားလေတော့၊ ငါသည် အသင်၏ အလှည့်အကြိမ်ကို လွှဲပြောင်းစေအံ့ ဟု ပြောဆို ဝန်ခံလိုက်ပြီးသည့် ကာလ၊ ကိုယ်တိုင်သွားရောက်၍ သမင်တို့ကို ပိုင်းဖြတ် ချင်သတ်ရာ ဖြစ်သော စဉ်းတီတုံး၌ ဦးခေါင်း ထားသည်ကို ပြု၍ လျောင်းအိပ်၏၊ ပြည့်ရှင်မင်းကြီး၏ စားတော်ကဲသည် ဘုရားအလောင်း သမင်မင်းကို

မြင်၍ ဘေးမဲ့ကိုရအပ်သော သမင်သည် ပိုင်းဖြတ် ချထားရာဖြစ်သော သစ်တုံးပေါ်၌ ဦးခေါင်းထား၍ လျောင်းအိပ်ခြင်းကား အကြောင်း အဘယ်သို့ ရှိလေသနည်းဟု လျင်စွာသော အဟုန်ဖြင့်သွား၍ မင်းကြီးအား ကြား-လျှောက်၏။

မင်းကြီးသည် ထိုခဏ၌သာလျှင် ရထားကို တက်စီး၍ ကြီးကျယ်များပြားသော အခြံအရံနှင့်တကွ လာရောက်ပြီးသော်၊ ဘုရားအလောင်းကို မြင်၍ အဆွေ သမင်မင်း၊ ငါသည် အသင့်အား ဘေးမဲ့ကိုပေးအပ်သည် မဟုတ်တုံပါလော၊ အဘယ်ကြောင့် အသင်သည် ဤသစ်တုံး၌ ဦးခေါင်းထားသည်ကို ပြု၍ လျောင်းအိပ်ဘိသနည်းဟု မေး၏၊ မြတ်သောမင်းကြီး၊ ကိုယ်ဝန်ရှိသော တင့်တယ်သော သမင်မသည် လာ၍ ကျွန်တော်မ၏ အလှည့်ကို တပါးသောသူအား ရောက်ပါစေဦးသော့ဟု ပြောဆိုတောင်းပန်၏၊ ငါသည် ထိုသမင်မ၏ သေခြင်းဒုက္ခကို သူတပါး၏ အပေါ်၌ လွှဲဖယ်ပစ်ချ၍ ပေးခြင်းငှါ မစွမ်းနိုင်၊ ငါသည် မိမိ၏ ဇီဝိတ်ငြွေ အသက်ကို ထိုသမင်မအား ပေးလှူ၍ ထိုသမင်မ၏ အထံမှ သေခြင်းဒုက္ခကို ယူပြီးလျှင်၊ ဤသစ်တုံး၌ဦးခေါင်းပြု၍ အိပ်လာပေသည် မြတ်သော မင်းကြီး၊ တပါးလည်းဖြစ်သော တစုံတခုသော တွေးတော ယုံမှားခြင်းကို မဖြစ်ပါစေလင့်ဟု ပြော၏။

## ဘုရားလောင်းနှင့်သမင်ကြောင့် ဘေးမဲ့ဖြစ်ခြင်း။

မင်းကြီးသည် အရှင်ရွှေသမင်မင်း၊ သို့သို့သဘောရှိသော သည်းခံခြင်း မေတ္တာ ကရုဏာတို့ဖြင့် ပြည့်စုံသောသူကို လူတို့တွင်လည်း ငါသည် တစုံတယောက်မျှ မမြင်ဘူးပါ၊ ထိုကြောင့် အသင့်အား ငါသည် ကြည်သို လှသည် ဖြစ်ပေ၏၊ သမင်မင်း၊ ထပါသော့၊ အသင့်အားရင်း၊ ကိုယ်ဝန် ရှိသော ထိုသမင်မအားရင်း၊ ငါသည် ဘေးမဲ့ကို ပေးပါ၏ဟု ပြော၏။ လူတို့ကို အစိုးရတော်မူသော မင်းမြတ်၊ နှစ်ကောင်ကုန်သော ငါတို့သည် ဘေးမဲ့ကို ရသည် ရှိသော်၊ ကြွင်းကုန်သော သမင်တို့ကိုကား အဘယ်သို့ ပြုလတ္တံ့နည်း ဟု မေး၏ သမင်မင်း၊ ကြွင်းကုန်သော သမင်တို့အားလည်း ဘေးမဲ့ကို ပေးပါ၏ဟု ပြောသည့်ကာသ၊ မြတ်သော မင်းကြီး၊ ဤသို့ ပေးအပ်သော်လည်း ဥယျာဉ်၌ ရှိကုန်သော သမင်တို့သည် သာလျှင်

ဘောဇမွဲ့ကို ရကုန်လတ္တံ့၊ ကြွင်းကုန်သော တောထဲ၌ ရှိကုန်သော သမင်တို့ကို အဘယ်သို့ ပြုလတ္တံ့နည်း ဟု မေးပြန်သဖြင့် ကြွင်းကုန်သော သမင်များအားလည်း ဘေးမဲ့ကို ပေးပါအံ့ဟု ပြော၏။

မြတ်သော မင်းကြီး၊ သမင်တို့သည်သာလျှင် ဘေးမဲ့ကို ရကုန်၏၊ ကြွင်းကုန်သော အခြေလေးချောင်းရှိသော သတ္တဝါတို့ကို အဘယ်သို့ ပြုကုန်လတ္တံ့နည်း ဟု မေးပြန်သည်ရှိသော်၊ အရှင်သမင်မင်း၊ အခြေလေးချောင်းရှိကုန်သော ထိုသတ္တဝါတို့အားလည်း ဘေးမဲ့ကို ပေးပါ၏ဟု ပြော၏။ မြတ်သောမင်းကြီး၊ အခြေလေးချောင်း ရှိသော သတ္တဝါတို့ကား ရှေးဦးစွာ ဘေးမဲ့ကို ရပေကုန်ပြီ။ အခြေ နှစ်ချောင်းရှိသော ငှက်အပေါင်း တို့ကို အဘယ်သို့ပြုကုန်လတ္တံ့နည်း ဟု မေးပြန်သည့်ကာလ၊ အရှင်သမင်မင်း၊ အခြေ နှစ်ချောင်းရှိသော ငှက်အပေါင်းတို့အားလည်း ဘေးမဲ့ကို ပေးပါအံ့ ဟု ပြောသဖြင့်။ မြတ်သောမင်းကြီး၊ အခြေ နှစ်ချောင်းရှိသော ငှက်အပေါင်းတို့ကား ရှေးဦးစွာ ဘေးမဲ့ကို ရအောင်ပေကုန်ပြီ။ ရေ၌နေသော လိပ်,ငါးစသော သတ္တဝါတို့ကို အဘယ်သို့ပြုကုန်လတ္တံ့နည်းဟု မေးပြန်သဖြင့် အရှင်သမင်မင်း၊ ထိုသတ္တဝါတို့အားလည်း ဘေးမဲ့ကို ပေးပါ၏ဟု ပြော၏၊

## ရွှေသမင်မင်း တရားဟောခန်း။

ဤသို့သော အစဉ်အတိုင်းအားဖြင့် ဘုရားလောင်းသည် မင်းကြီးကို အလုံးစုံသော သတ္တဝါတို့၏ ဘေးမဲ့ကို တောင်းပြီးလျှင်၊ သျှောင်းရာမှထ၍ ပြည့်ရှင်မင်းကြီးကို ငါးပါးသောသီလတို့၌ တည်စေပြီးသော် မြတ်သော မင်းကြီး၊ တရားကို ကျင့်တော်မူပါလော့။ မယ်တော်, ခမည်းတော်, သားတော်, သမီးတော်, ပုဏ္ဏား, သူကြွယ်, နိဂုံး, ဇနပုဒ်တို့၌ သင့်တင့်လျောင်းမြတ်သဖြင့်တရားကို ကျင့်သည်ရှိသော်၊ ကိုယ်ခန္ဓာ၏ ပျက်စီးချုပ်ကြွေ သေလွန်သည့်အခြားမဲ့ဝယ် ကောင်းသော သူတို့၏ လားရာဖြစ်သော နတ်ရွာသုဂတိသို့ လားကပ်ထုတ်ချောက် ရောက်ရပေလတ္တံ့ဟု ပြည့်ရှင်မင်းကြီးအား ဘုရား၏ တင့်တယ် စံပယ်ခြင်းဖြင့် တရားဟောကို ဟောကြား၍ နှစ်ရက်,သုံးရက်ပတ်လုံး ဥယျာဉ်၌ နေပြီးသော်၊ မင်းကြီးအား အဆုံးအမကို ပေးပြီးသည့် ကာလ၊ သမင်အပေါင်း ခြံရံလျက် တောသို့ ဝင်တော်မူ၏။

## သားကို ဆုံးမခြင်း ။

ပဒုံသဥ္စာရှိသော ထိုသမင်မ သည်လည်း နွားမ၏ နှိုတံနှင့်တူသော သားငယ်ကို ဖွါးမြင်လေ၏။ သားဖြစ်သော ထိုသမင်ငယ်ကလေးသည် ကစား မြူးတူးသည်ရှိသော်၊သာခသမင်မင်း၏ အထံသို့ သွား၏။ ထိုအခါ မိခင်ဖြစ်သော သမင်မသည် သာခ သမင်မင်း၏ အထံသို့ သွားသော သားငယ်ကို မြင်၍။ ချစ်သား၊ ဤအခါမှစ၍ ထိုသာခသမင်၏ အထံသို့ မသွားလေလင့်။နိဂြောဓသမင်မင်း၏ အထံသို့သာလျှင် သွားလေလော့ဟု သားငယ်ကို ဆုံးမလိုသောကြောင့်-

> နိဂြောဓမေဝ သေဝေယျ န သာခ မုပသံဝသေ၊
> နိဂြောဓသ္မိံ မတံ သေယျော၊ယဉ္စေ သာခသ္မိံ ဇီဝိတံ၊ ။

ဟူသော ဤဂါထာကို ရွတ်၏၊

**အနက်ကား။** ။တာတ၊ချစ်သားသမင်ငယ်၊အဘွားနော၊မိမိ၏၊ဟိတ-ကာမော၊ အကျိုးစီးပွါးကို အလိုရှိသောသူသည်။ နိဂြောဓမေဝ၊ နိဂြောဓ သမင်မင်းကို သာလျှင်။ သေဝေယျ၊ မှီဝဲဆည်းကပ် ရာ၏၊ သာခံ၊ သာခ သမင်မင်းကို။ န ဥပသံဝသေ၊မမှီဝဲမဆည်းကပ်ရာ။ နိဂြောဓသ္မိံ၊ နိဂြောဓ သမင်မင်း၏ ခြေရင်း၌၊မတံ၊ ရတော့ချုပ်ကြွေ၊ သေလွန် ရခြင်းသည်။ သေယျော၊ မြတ်သေး၏၊ သာခသ္မိံ၊ သာခသမင်မင်း၏ အထံ၌၊ ဇီဝိတံ၊ အသက်ဇီဝိတ်ငြွေ၊မြင့်ရှည်စွာနေရခြင်းသည်၊ယဉ္စေ သေယျော မမြတ်။ ။ ဤကားအနက်။

**အဓိပ္ပါယ်ကား။** ။ချစ်သား သမင်ငယ်၊ မိမိ၏ အကျိုးစီးပွါးကို အလိုရှိသောသူသည် နိဂြောဓသမင်မင်းကိုသာလျှင် မှီဝဲဆည်းကပ်ရာ၏၊ သာခသမင်မင်းကို မမှီဝဲမဆည်းကပ်ရာ၊ ချစ်သားသမင်ငယ်၊ နိဂြောဓ သမင်မင်း၏ ခြေရင်းရပ်ထံ၌ ချဉ်းကပ်မှီဝဲ ချုတ်လွှဲပြောင်းကြွေ သေလွန် ရခြင်းသည် မြင့်မြတ်သေး၏၊ သာခသမင်မင်း၏ အထံ၌ အသက်ဇီဝိ တ်ငြွေ မြင့်ရှည်စွာ တည်နေ ရခြင်းသည် မမြင့်မြတ် ပေဟု ပြောဆို ဆုံးမ၏။

## ငွေ့သမင်မင်း၏ဩဝါဒကို လိုက်နာခြင်း။

ထိုအခါမှစ၍ မင်းကြီး၏အထံမှ ရအပ်သော ဘေးမဲ့ရှိကုန်သော သမင်တို့သည် လူတို့၏ကောက်ပင်တို့ကို ကိုက်ခဲဖြတ်တောက်၍ စားကုန်၏။ လူတို့သည် ရအပ်သောဘေးမဲ့ရှိသောကြောင့် သမင်တို့ကို သတ်ခြင်းငှါရင်း၊ ပြေးစေခြင်းငှါရင်း မစွမ်းနိုင်ကြကုန်၊ ထိုလူအပေါင်းတို့သည် မင်း-ရင်ပြင်၌ ရုံးစည်းဝေး၍ ပြည့်ရှင်မင်းမြတ်အား ထိုအကြောင်းကို ကြားလျှောက်ကုန်၏၊

ပြည့်ရှင်မင်းကြီးက အချင်းတို့၊ငါသည် ကြည်ညိုသောစိတ် ရှိသောကြောင့် နိဂြောဓသမင်မင်းအား ဆုကိုပေးအပ်၏၊ မူးမတ်နှင့် တကွသော ပြည်သူအများတို့သည် ငါ့အား မနှစ်သက်သဖြင့် တိုင်းပြည်မှ နှင်ထုတ်သည်ဖြစ်၍ ငါသည် မင်းအဖြစ်ကို သော်သည်း စွန့်တော့အံ့၊ နိဂြောဓသမင်မင်းအား ပေးထားအပ်သော ထိုပဋိညာဉ်ကို မဖျက်လို။သွားကြကုန်လော့။ငါ၏ နိုင်ငံတော် အတွင်း၌ တစုံတယောက်သော သူသည် သမင်တို့ကို ပုတ်ခတ်ခြင်းငှါ မရပေဟု ပြောဆိုလိုက်၏၊

နိဂြောဓသမင်မင်းသည် ထိုသို့သော အကြောင်းကို ကြား၍၊သမင် အပေါင်းကို စည်းဝေးစေပြီးသော်၊ ဤအခါမှစ၍ သူတပါးတို့၏ကောက်ကို ကိုက်ခဲခြင်းငှါ မရကုန်လတ္တံ့ဟု ဆုံးမပြီး၍၊ လူအပေါင်းတို့အား ဤယနေ့မှစ၍ ကောက်ကိုပြုလုပ်ကုန်သော သူတို့သည် ကောက်ကိုစောင့်ခြင်းငှါ စောင်းရန်း အကာအရံကို မပြုကြကုန်လင့်။ လယ်ကို စိစစ်၍ သစ်ရွက် အမှတ်ကို ဖွဲ့ကုန်လော့ဟု အကြောင်းကြားပေ၏၊

ထိုအခါမှစ၍ လယ်တို့၌ သစ်ရွက်ဖွဲ့ချည်သော အမှတ်သည် ထင်ရှား ဖြစ်၏။ထိုအခါမှစ၍ သစ်ရွက်အမှတ်ကို လွန်ကျူးဝင်ရောက်သောသမင် မည်သည်မရှိ။ ဤသို့မရှိခြင်းသည် ထိုသမင်တို့အား ဘုရားလောင်း၏ အထံမှ ရအပ်သော အဆုံးအမ ဩဝါဒ ဖြစ်ပေသတတ်၊ ဤသို့သော အခြင်း အရာဖြင့် သမင် အပေါင်းကို ဆုံးမပြီး၍၊ ဘုရားလောင်းသည် အသက်ရှည်သမျှ ကာလပတ်လုံး တည်နေပြီးသော်၊ အခြွေအရံဖြစ်သော သမင်တို့နှင့်တကွ ကံအားလျော်စွာ သွားလေ၏၊ ပြည့်ရှင်မင်းကြီးသည်

ဘုရားလောင်း၏အဆုံးအမ၌တည်၍ ကောင်းမှုကိုပြုပြီးသော်၊ ကံအားလျော်စွာ လားကပ်ရလေ၏။

## ဓာတ်ပေါင်းတော်မူခြင်း။

မြတ်စွာဘုရားသခင်သည် ဧကနိပါတ် ဤနိဂြောဓဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူပြီး၍၊ ချစ်သားရဟန်းတို့၊ ထိုအခါ သာခသမင်မင်းသည် ယခုအခါ၌ ဒေဝဒတ်ဖြစ်လာ၏။ သာခသမင်မင်း၏ အခြွေအရံဖြစ်သောသမင်တို့သည်လည်း ဒေဝဒတ်၏ပရိသာတ်များ ဖြစ်လာကုန်၏။ ပဋိသန္ဓေကိုယ်ဝန်ရှိသော အကြိမ်အလှည့်ကျရောက်သော သမင်မသည် ယခုအခါ ဤမထေရ်မ ဖြစ်လာ၏။သားငယ်ဖြစ်သောသမင်သည် ကုမာရကဿပမထေရ် ဖြစ်လာ၏။ကိုယ်ဝန်ရှိသော သမင်မအား မိမိအသက်ကို စွန့်၍ သမင်သတ်ရာဖြစ်သော စဉ်းတီတုံးသို့သွားရောက်သော နိဂြောဓသမင်သည်ကား ငါဘုရားပင်တည်းဟု ဓာတ်တော်ကို ပေါင်းတော်မူပြီးသည့်ကာလ၊ မထေရ်မသည် သား၌ချစ်ခြင်းကို ဖြတ်တောက်၍ မိမိသည်ပင်လျှင် မိမိ၏တည်ရာပြုသည့်အဖြစ်ကို ပြုပြန်တော်မူပြန်လိုသောကြောင့်၊ ချစ်သားရဟန်းတို့၊ သူတပါး၏နတ်ရွာသုဂတိ လည်းလျှောင်းရာ မဂ်ဖိုလ်တည်းဟူသော လည်းလျှောင်းရာတည်ရှိသဖြင့် မိမိ၌ဖြစ်ခြင်းငှါ မတတ်ကောင်း။ ထို့ကြောင့် မိမိသည်ပင်လျှင် မိမိ၏မှီခို ကိုးကွယ်ရာ ဖြစ်ပေ၏။သူတပါးသည် အဘယ်သို့ပြုလတ္တံ့နည်းဟု မိန့်တော်မူပြီး၍-

> အတ္တာဟိ အတ္တနော နာထော၊
> ကော ဟိ နာထော ပရော သိယာ။
> အတ္တနာဟိ သုဒန္တေန၊
> နာထံ လဘတိ ဒုလ္လဘံ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။အတ္တာဟိ-အတ္တာ ဧဝ၊ မိမိကိုယ်သည် သာလျှင်။ အတ္တနော၊မိမိ၏။ နာထော၊ မှီခိုကိုးကွယ်ရာသည်။ သိယာ၊ ဖြစ်ပေရာ၏။ ပရော၊မိမိမှတပါးသော။ ကော၊အဘယ်မည်သော သူသည်။ နာထော၊

မိမိကိုးကွယ်ရာသည်။ သိယာ၊ဖြစ်ပါချိမ့်အံ့နည်း။ အတ္တနာ၊ မိမိကိုယ်သည်။ သုဒန္တေန၊ကောင်းစွာ ယဉ်ကျေးသဖြင့်။ ဒုလ္လဘံ၊ ရခဲလှစွာသော။ နာထံ၊ အရဟတ္တမဂ်ဖိုလ် တည်းဟူသော ကိုးကွယ်ရာကို။ လဘတိ၊ ရ၏။ ။ဤကား အနက်။

မွေပဒအတ္တဝဂ်၌ လေးခုမြောက်ဖြစ်သော ကုမာရကဿပ၏မယ်တော် မထေရီမ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၂ အတ္တဝဂ်။ ၅-မဟာကာလ ဥပါသကာဝတ္ထု။

**အတ္တနာ ဟိ ကတံ ပါပံ။** ။အစချီသော၊သုဓမ္မနိဒေသနာ၊ဤသို့သော ဂါထာကို၊ ဇေတဝနေ၊ ဗုဒ္ဓမိမရဏာ၊ ဘေးဒုက္ခအများတို့ဖြင့်၊ မျှော်ပါးကျင်လည်၊အတည်တည် ခံစားရကုန်သော၊ ဝေနေယျများစွာ၊ သတ္တဝါတသင်းတို့ကို၊ သန့်ရှင်းသော သာ၊ သိသာနဘဝယ်၊ လူ့ဘောယ်မှ၊အပ မတွက်၊လုံးနက် မှတ်ခြင်းစသော၊ ရှစ်ရပ်အင်္ဂါ၊ ပြည့်ရုံစွာသော အသံတော်ဖြင့်၊ မဟာပေါ်သုံးမတတ်သော၊ မြတ်စွာဘုရား သခင်သည်၊ ပြည်ခွင်သာဝတ္ထိ၊ဒက္ခိဏိမွန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းစံပယ်တော်မူသောကာလ၊ မဟာကာလအမည်ရှိသော၊ သောတာပန်ဒါယကာ တယောက်ကို၊ မြော်ထောက် ရည်ရှု၊ အကြောင်း ပြုသော အားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

### အကြောင်း အကျဉ်းပြုတ္တိ အစဉ်ကား ဤသို့ပေတည်း။
### ပစ္စုပ္ပန်ဝတ္ထု။

ထိုမဟာကာလဥပါသကာသည် တရသောလ၏ ရှစ်ရက်မြောက်သော နေ့၌ ဥပုသ်စောင့်သုံးသည်ဖြစ်၍၊ ကျောင်းတော်၌ အလုံးရုံသော ညဉ့်-ပတ်လုံး တရားတော်ကိုကြားနာ၏ ထိုညဉ့်ဝယ် ခိုးသူတို့သည်တရသော အိမ်၌ အစပ်ကို ခွဲဖျက်ဖြတ်ဘောက် ပြီးလျှင် ပစ္စည်းဘဏ္ဍာ ဥစ္စာကို ယူသည်ရှိသော်၊ ကြေးခွက်၏အသံဖြင့် နိုးကြားကုန်သော ပစ္စည်းရှင်တို့သည် အစဉ်လိုက်အပ်သောကြောင့် ယူအပ်သော ပစ္စည်းဘဏ္ဍာကို စွန့်၍ပြေးကုန်၏။ ပစ္စည်းရှင်တို့သည်လည်း ထိုခိုးသူတို့ကို အစဉ်တစိုက် လိုက်ကုန်သည် သာလျှင်တည်း။ ခိုးသူတို့သည် ထိုထိုသို့သော အရပ်

မျက်နှာသို့ ဝင်မိုးရှောင်ပြေးဝင် ကုန်၏။ တယောက်သော ခိုးသူသည် မြတ်စွာဘုရား ကျောင်းတော်သို့ သွားသောလမ်းခရီးသို့ ပြေးလာခဲ့၍၊ ညဉ့်အခါ၌ တရားတော်ကို ကြားနာပြီးသည့်ကာလ၊ နံနက်စောစောက ပင်လျှင် ရေကန်၏ကမ်းနား၌ မျက်နှာကိုဖွတ်သပ် ဆေးကြောသုတ်သင်၍ နေသော မဟာကာလဥပါသကာ၏ရှေ့မှ ဘဏ္ဍာထုပ်ကိုစွန့်ပစ်၍ ပြေး၏။

ခိုးသူကိုအစဉ်လိုက်ကုန်သော သူတို့သည် ဘဏ္ဍာထုပ်ကိုတွေ့မြင်၍၊ အသင်သည် ငါတို့၏အိမ်အစပ်ကို ဖေါက်ဖျက်ခွဲဝင်ကာ ဘဏ္ဍာထုပ်ကို ခိုးယူ၍ တရားတော်ကို နာဘိသကဲ့သို့ လှည့်လည်ဘိသည်ဟု ခြိမ်း-ချောက်ပြောဆို၍၊မဟာကာလဥပါသကာကို ဖမ်းယူပုတ်ခတ် သတ်ဖြတ်ပြီးလျှင် စွန့်ပစ်၍ သွားကြကုန်၏။

ထိုအခါ နံနက်စောစောကပင်လျှင် သောက်ရေအိုးကို ယူဆောင်၍ သွားရောက်ရေသယ်ကုန်သော သာမဏေငယ်တို့သည် မဟာကာလဥပါ သကာ၏ ရုပ်အလောင်းကို တွေ့မြင်ခဲ့၍၊ကျောင်း၌ တရားတော်ကိုနာ၍ အိပ်နေသောဥပါသကာသည် မသင့်လျော်မလျောက်ပတ်သောသေခြင်းကို ရလေသည်ဟု ပြောဆိုပြီး၍၊ မြတ်စွာဘုရားသခင်ကို ကြားလျှောက်ကြ ကုန်၏။

ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့၊ဤဘဝ-ဟုတ်မှန်ပေ၏။ ဤအတ္တဘော၏အဖြစ်၌ ထိုမဟာကာလ ဥပါသကာသည် မသင့်လျော် မလျောက်ပတ်သော သဘောရှိသောသေခြင်းကို ရအပ်ပေ၏။ထိုမဟာ-ကာလ ဥပါသကာသည် ရှေး၌ ပြုအပ်သော မကောင်းမှု အားကား သင့်လျော်လျောက်ပတ် သည်ကိုသာလျှင် ရအပ်၏ဟု မိန့်တော်မူသည် ရှိသော်၊ထိုရဟန်းတို့ တောင်းပန်အပ်သောကြောင့် ထိုမဟာကာလဥပါ သကာ၏ ရှေး၌ပြုခဲ့ဘူးသော မကောင်းမှုကံကို ဟောကြားတော်မူ၏။

## အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသောအခါဗာရာဏသီပြည့်ရှင်မင်းမြတ်၏တိုင်းနိုင်ငံတော် အတွင်း၌ တရသောအဆုံးစွန်ဖြစ်သော ရွာ၏တောအုပ်၌ ခိုးသူတို့သည် ပုတ်ခတ်လုယက် ဖျက်ဆီးကုန်၏။ ပြည့်ရှင်မင်းမြတ်သည် တောအုပ်ဝ၌ တယောက်သော မင်းချင်း ယောက်ျားကို ထားလေ၏။ ထို မင်းချင်း

ယောက်ျား သည် အခကိုယူ၍ လူတို့ကို ဤမှာဘက်မှ ထိုမှာဘက်သို့ ဆောင်၏။ ထိုမှာဘက်မှ ဤမှာဘက်သို့ ဆောင်၏။

## မိန်းမချောနှင့် ခရီးသွား။

ထိုနောက် တနေ့သ၌ တယောက်သော ယောက်ျားသည် အဆင်းသဏ္ဌာန်အလွန်လှပသောမိမိ၏မယားကို လှည်းယာဉ်ငယ်ထက်သို့တင်၍၊ ထိုအရပ်သို့ရောက်လာ၏။ မင်းချင်းယောက်ျားသည် ထိုမိန်းမကိုမြင်က-တည်းကပင်လျှင်ဖြစ်သောချစ်ခင်ခြင်းရှိသည်ဖြစ်၍ခရီးသွားယောက်ျားက အရှင်၊အကျွန်ုပ်တို့အား တောအုပ်ကို ဗိုလ်ဆောင်လွန်မြောက်ပါစေလောဟု ပြောဆိုသည်ရှိသော်၊ ဤယခုအခါ၌ အချိန်မသင့်မလျော်သောအကာလ အခါ ဖြစ်ချေသည်၊ နံနက်စောစောမှ သာလျှင် လွန်မြောက်စေအံ့ ဟု ပြော၏။ ခရီးသွားယောက်ျားက အရှင်၊အချိန်အခါ ရှိပါသေး၏။ဤယခု အခါပင် ငါတို့အား ဆောင်ပါလောဟု ပြောသဖြင့် ဆုတ်နစ်ပြန်လည်၍၊ ငါတို့၏အိမ်၌သာလျှင် စားဘို့ရာဖြစ်သော အာဟာရ နေရာဌာနဖြစ်ပါလတ္တံ့ဟု ပြောဆိုသော်လည်း ခရီးသွားယောက်ျားသည် ဆုတ်နစ်ပြန်လည် နေထိုင်ခြင်းငှါ အလိုမရှိ။ မင်းချင်းယောက်ျားသည် မိမိစေခိုင်းအပ်သော ယောက်ျားတို့အား အမှတ်သညာကို ပေး၍ လှည်းယာဉ်ကို ဆုတ်နစ်ပြန်လည်စေပြီးသော်၊ အလိုမရှိဘဲသာလျှင် တံခါးမုတ်၌ နေရာဌာနပေး၍ အာဟာရကို စီရင်ကျွေးမွေး၏။

## မကောင်းကြံသော မင်းချင်းယောက်ျား။

မင်းချင်းယောက်ျား၏အိမ်၌ တခုသောပတ္တမြားရတနာသည်ရှိ၏။ ထိုပတ္တမြားရတနာကို ခရီးသွားယောက်ျား၏ လှည်းယာဉ်ကြား၌ထည့်သွင်းထားစေပြီးသည့်ကာလ၊မိုးသောက်ယာမ်အချိန်၌ ခိုးသူတို့ဝင်ရောက်သော အသံကိုပြုစေ၏။ထိုအခါ မင်းချင်းယောက်ျား၏ အလုပ်အကျွေးဖြစ်သော ယောက်ျားတို့သည် အရှင်၊ပတ္တမြားရတနာကို ခိုးသူတို့ဆောင်ယူအပ်ပြီ ဟု ကြားကုန်၏။

ထိုမင်းချင်း ယောက်ျားသည် ရွာတံခါးတို့၌ အစောင့်အရှောက်ကို ထား၍ ရွာတွင်းမှထွက်သောသူတို့ကို ရှာဖွေစစ်ကြကုန်လောဟု ပြော၏။ ခရီးသွားယောက်ျားသည်လည်း နံနက်စောစောကပင်လျှင် လှည်းယာဉ်ကို

ကယှဉ်မောင်းနှင်၍ သွား၏။ ထိုအခါ ခရီးသွားယောကျ်ား၏လှည်းယာဉ်ကို သုတ်သင်ရှာဖွေသည်ရှိသော်၊ မိမိသည်ထားအပ်သော ပတ္တမြားရတနာကို တွေ့မြင်၍ မြိမ်းချောက်ပြီးလျှင်၊ ပတ္တမြားရတနာကို ခိုးယူ၍ ထွက်ပြေးလေဘိသည်ဟု ပုတ်ခတ်ပြီးသော်၊ အရှင်၊ ခိုးသူတို့သည် အကျွန်ုပ်၏ ပတ္တမြားရတနာကို ခိုးယူလေသည်ဟု ပြောဆို၍ ရွာစားအားပြကြကုန်၏။ ရွာစားကလည်း ခရီးသွားယောကျ်ားကို အသင်သည်မင်းချင်းယောကျ်ား၏အိမ်၌ မင်းချင်း ယောကျ်ားက အိပ်ရာနေရာ ပေးပြီးသော် ထမင်း အာဟာရကိုပေး၏။ ထိုသို့ပေးအပ်သောသူ၏ ပတ္တမြားရတနာကို ခိုးယူ၍ သွားလေ၏။ အလွန် ယုတ်မာသောယောကျ်ားကို ဖမ်းဆီးကြကုန်လော့ဟု ပြောဆိုပြီးသည့်ကာလ၊ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ပြီး၍ စွန့်ပစ်စေ၏။

**ရဟန်းများ သောတာပန်တည်ခြင်း။**

ချစ်သားရဟန်းတို့၊ ဤသည်ပင်လျှင် ထိုမဟာကာလဥပါသကာ၏ရှေး၌ ပြုအပ်သောမကောင်းမှုတည်း။ ထိုမင်းချင်းယောကျ်ားသည် ထိုသို့သော ဘဝမှ ရွေ့သည်ရှိသော်၊ အဝီစိငရဲ၌ဖြစ်၍ ထိုအဝီစိငရဲ၌ ရှည်စွာသော နှစ်ညဉ့်ပတ်လုံးကျက်၍ ခံစားခဲ့ရပြီးသော်၊ အကျိုးကြွင်း၏ အစွမ်းဖြင့် တရာသော ကိုယ်၏အဖြစ်၌ ထိုနည်းအတူသာလျှင် ရိုက်နှက်ပုတ်ခတ် အပ်သည်ဖြစ်၍ သေခြင်းသို့ ရောက်ရလေသည်ဟု ဤသို့သော အခြင်းအရာဖြင့် မြတ်စွာဘုရားသခင်သည် မဟာကာလ ဥပါသကာ၏ ရှေး၌ပြု-အပ်သောမကောင်းမှုကံကို ပြတော်မူပြီး၍၊ ချစ်သားရဟန်းတို့၊ ဤအတူသာလျှင် ဤသတ္တဝါတို့ကို မိမိပြုအပ်သော မကောင်းမှု အကုသိုလ်ကံသည်သာလျှင် လေးပါးကုန်သောအပါယ်တို့၌ ပစ်ချဖျက်ဆီးလေသည် ဟု မိန့်တော်မူပြီး၍-

**အတ္တနာ ဟိ ကတံ ပါပံ၊ အတ္တဇံ အတ္တသမ္ဘဝံ။**
**အဘိမတ္ထတိ ဒုမ္မေဓံ၊ ဝဇိရံ ဝါသ္မမယံ မဏိံ။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ရောက်လာ ကုန်သော ရဟန်းတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။အနတ္တမယံ၊ ကျောက်မှ ဖြစ်သော၊ဝဇိရံ၊ ဝရဒိန် မည်သောစိန်သည်၊ မဏိံ၊မြရာကျောက်ကို၊ အဘိမတ္ထတိဣဝ၊ အပိုင်း အပိုင်းအပေါက်အပေါက် ထွင်းဖေါက်ဖျက်ဆီးလေဘိ သကဲ့သို့။အတ္တနာ၊ မိမိသည်.ကတံ၊ ပြုအပ်သော အတ္တဇံ၊ မိမိ၌ဖြစ်သော၊ အတ္တသမ္ဘဝံ၊မိမိ ကိုယ်လျှင်ဖြစ်ကြောင်းရှိသော၊ ပါပံ၊ဒုစရိုဘ်၊ ပါပညစ်ကျူ မကောင်းမှု အကုသိုလ်သည်၊ ဒုမ္မေဓံ၊မိမိ၌ရှာ ပညာခဲ့သောသူကို။ အဘိ မတ္ထတိ၊ မွှေနှောက်ဖျက်ဆီးလေ၏။ ။ဤကားအနက်၊

[ဤဂါထာ၌ ဟိ ဟူသော နိပါတ်ပုဒ်၏ အနက်ကို အဋ္ဌကထာမဖွင့်။ ဒုမ္မေဓံ-ပုဒ်နေရာ ဓ၀-အဖြစ်ဖြင့် ကျရောက်ရမည်အထင် ရှိသော်လည်း ဝေးလွန်းသောကြောင့် မဝံ့။]

မွေပဒအဋ္ဌကထာဝဂ်၌ ငါးခုမြောက်ဖြစ်သော မဟာကာလဥပါသကာ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွှေ့ပြီး၏။

---

## ၁၂ အတ္တဝဂ်။ ၆-ဒေဝဒတ်ဝတ္ထု။

**ယဿ အစ္စန္တ ဒုဿိလျံ**။ ။အစစ်ဘော၊သုတ္တန်ဒေသနာ၊ဤသို့သော ပါဠိဂါထာကို၊ ဆရာဘွဲ့ထား၊ ဘုရားသခင်သည်၊ ကြည်ညိုသင့် ကုသား၊ ရှေး.ပညာကြောင့်။ ကမ္ဘာ့ဆုဋ္ဌ၊ နိမိတ်ရှိသား၊ အသိသုန္ဒရ၊ ဂုဏ်မဟာဖြင့်၊ ဒေဝဒတ်ပေါင်း၊ ပျော်စံအောင်းသား၊ကောင်းမြတ်ရမွန်၊ နန္ဒဝန်ဥယျာဉ်ကို၊ မလွန်နိုင်ကြ၊ တူမမှုသော်လည်း၊ ရူပအစိရ်ကျော်၊ထိန်ထိန်ဝေသား၊ပရမေ ခေါင်ဖျား၊ဘုရားစံမြန်းသည့် အရကြောင့်၊ နတ်နန်းဥယျာဉ်ကို၊ လွန်မည် ဆိုလောက်၊ အံ့ချီးမြှောက်ခဲ့သည့်၊ကြီးမြောက်ထူးချွန်၊ ဝေဠုဝန်ဥယျာဉ်၏ အတွင်း၊တည်ရှင်းပြုဘိ၊ ဗျူပ္ပတ္တိအရကြောင့်၊ ဝေဠုဝနိပဟာရ၊ဖိမ္ဘိသာရ မင်းကြီး၏ကောင်းမှု၊ အသရေပေါင်းရသော၊ ဝေဠုဝန် မင်းကျောင်း၌ ကိန်းအောင်းစံပယ်တော် မူသောအခါ၊ သကျာဝက၊သာကီယာစဉ်ဆက်၊ မပျက်နွယ်မော်၊ အရီးတော်ရင်နှစ်၊ ဇမ္ဗူရာဇ်တမျှ၊ ကိုယ်ရောင်ပသည်၊ ဘဒ္ဒကဌ္ဌနာ၊ ယသော်ရောမိဖုသား၏ မောင်ရင်း၊ သားချင်း ခေါ်အပ်၊ ဒေဝဒတ်ကို၊ရည်မှတ်သမှု၊ အကြောင်းပြုသောအခါးဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အဋ္ဌုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တရံတခါသောနေ့၌ ရဟန်းတို့သည် တရားသဘင် ၌စည်းအဝေး ခွင်ဝယ် "ငါ့ရှင်တို့၊အရှင် ဒေဝဒတ်သည် သီလမရှိ။ ယုတ်မာသော သဘောအကျင့်ရှိ၏၊ ဒုဿီလအမှုကို ပြုသဖြင့်သာလျှင်၊ ကြီးပွါးသော တဏှာဖြင့် အဇာတသတ်မင်းကို ချီးမြှင့်ပြီးလျှင် ကြီးကျယ်ပြန့်ပြောသော လာဘ်ပူဇော်သက္ကာရဖြစ်စေ၍ အဇာတသတ်မင်းကို ဘခင်အားသတ်ခြင်း၌ ဆောက်တည်ပြုလုပ်စေပြီးသော်၊ ထိုအဇာတသတ်မင်းနှင့် အတူ တကွတပေါင်းတည်းဖြစ်၍၊ အထူးထူးအပြားပြား များစွာသောအခြင်း အရာဖြင့် မြတ်စွာဘုရားသခင်အား သတ်ခြင်းငှါ လုံ့လပြုလေသည်" ဟူသောစကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသခင်သည် ကြွတော်မူလာ၍။ချစ်သားရဟန်းတို့၊ငါဘုရားကြွတော်မူလာသဲသော ဤယခုအခါ၌ အဘယ်သို့သောစကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း ဟု မေးတော်မူ၍၊ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြား သည်ရှိသော်၊ချစ်သားရဟန်းတို့၊ ဤယခုအခါ၌သာလျှင် ဒေဝဒတ်သည် ငါဘုရားအား သတ်ခြင်းငှါ လုံ့လပြုသည် မဟုတ်သေး။ ရှေးလွန်လေ ပြီးသော အခါ၌လည်း ဒေဝဒတ်သည် အထူးထူးအပြားပြား များသော အခြင်းအရာဖြင့် ငါဘုရားအားသတ်ခြင်းငှါ လုံ့လပြုဘူးသည်သာလျှင် တည်းဟု မိန့်တော်မူပြီး၍၊ ရဟန်းတို့ တောင်းပန် အပ်သောကြောင့်၊ အတိတ်ကို ဆောင်တော်မူ၏။

### အတိတ်ဝတ္ထု။

### အန္ဋုကာမုခိုး။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်ကြီး၌ ဗြဟ္မဒတ္တ မင်းသည် တိုင်းတွင်းပြည်သူ ဗိုလ်လူသတ္တဝါတို့ကို ဆေးဖြာသော သင်္ဂဟမ္မဖြင့် ချီးပမြှောက်လစ် မင်းအဖြစ်ကို ပြုတော်မူသည်ရှိသော်၊ ဘုရားအလောင်း သည်တောအောင်းခိုကပ်ဆတ်အမျိုး၌ဖြစ်၍တခုသော တောအခွင်၌သစ်သီး ကြီးငယ်တို့ကို လျက်ခဲနေ၏။ထိုဘုရားအလောင်းဆတ်မင်းသည်တရံသော အခါ၌ အသီးနှင့်ပြည့်စုံသော ယမနေ့ပင်၌ ယမနေသီးတို့ကို စားလျက်

လှည့်လည်၏။ထိုအခါ ရှာ၍နေလေ့ရှိသော ငြမ်းကိုဖွဲ့၍ သားကောင်တို့ကို သတ်တတ်သည့်အရပ်ကြောင့်၊ အနူကအမည်ရှိသော တသောက်ဒေသ မုဆိုးသည် အသီးသီးသော သစ်ပင်ရင်းတို့၌ သားတို့၏ ခြေရာတို့ကို မုံးစမ်းပြီးသော်၊ သစ်ပင်၏အထက်ဝယ် ငြမ်းစင်ကိုဖွဲ့၍၊ ထိုငြမ်းစင်၌ ထိုင်နေပြီးသောကာလ၊သစ်သီးတို့ကို ခဲခြင်းငှါလာကုန်သော သားကောင် တို့ကို လှံဖြင့်ထိုးသတ်၍၊ ရအပ်သောအသားကို ရောင်းချလျက် အသက် မွေးခြင်းကို ပြု၏။

ထိုမုဆိုးသည် တနေ့သ၌ ယမနေပင်၏အရင်းဝယ် ဘုရားအလောင်း၏ ခြေရာကို မြင်၍၊ ထိုယမနေပင်၌ ငြမ်းစင်ကိုဖွဲ့ချည်ပြီးသော်၊ စောစောက ပင်လျှင် အစာအာဟာရတို့ကို စားသောက်၍ လှံကိုယူပြီးသော်၊တောသို့ ဝင်၍ ထိုယမနေပင်ထက်သို့ တက်ရောက် ပြီးသည့်ကာလ ငြမ်းစင်၌ ထိုင်နေ၏။

**သဘင်ကောင်းသော ဆတ်မင်း။**

ဘုရားလောင်းသည်လည်း စောစောကပင်လျှင် နေရာအရပ်မှ ထွက် ခဲ့၍ ယမနေသီးတို့ကို ခဲအံ့ဟု လာခဲ့သည် ရှိသော်၊ ထိုသစ်ပင်ရင်းသို့ အဆောတလျင် မဝင်မူ၍“တရံတခါ ငြမ်းစင်ဖြင့်သားကောင်ကို သတ် ဖြတ်ကုန်သော မုဆိုးတို့သည် သစ်ပင်တို့၌ ငြမ်းစင်ကို ဖွဲ့ချည်၍ ငုံလင့် နေတတ်ကြကုန်၏ ဤသို့သဘောရှိသော ဘေးရန်သည် ရှိလေသလော”ဟု စူးစမ်းဆင်ခြင်လျက် အပြင်ဘက်မှသာလျှင် ရပ်၏။

မုဆိုးသည်လည်း ဘုရားအလောင်း၏ မလာခြင်းကို သိ၍၊သစ်ပင်၌ ထိုင်နေလျက် သာလျှင် ယမနေသီးတို့ကို ပစ်လွှင့်၍ ဘုရားလောင်း၏ ရှေ့မှ ကျစေ၏။ ဘုရားလောင်းသည် ဤသစ်သီးတို့ကား လာရောက်၍ ရှေ့မှကျကုန်၏။သစ်ပင်၏အထက်၌ မုဆိုး ရှိနဲ့ယောင်တကားဟု အဖန်ဖန် အထပ်ထပ် ကြည့်ရှုသည်ရှိသော် မုဆိုးကိုမြင်၍. မမြင်ယောင်ပြုပြီးသည့် ကာလ။ အိုအချင်းသစ်ပင်၊ တွဲလည်းမပြုတ် ဖြောင့်မတ်စွာ ဆွဲအပ်ဘိ သကဲ့သို့ ဖြောင့်မှတ်စွာသာလျှင် အသီးတို့ကို ကျစေ၏။ ယနေ့၌ကား အသင်အား ရုက္ခမွေ့ကို စွန့်အပ်၏။ဤသို့သော အခြင်းအရာဖြင့် အသင် သည် ရုက္ခမွေ့ကို စွန့်အပ်သောကြောင့် ငါသည်လည်း တပါးသော သစ်

ပင်ရင်းသို့ သွားရောက် ချဉ်းကပ်၍ ငါ၏အစာအာဟာရကို ရှာမှီး၍ စားတော့မည်ဟု ပြောဆိုပြီး၍-

ဉာတ မေတံ ကုရင်္ဂဿ၊ ယံ တွံ သေပဏ္ဏိ သေယျာသိ၊
အညံ သေပဏ္ဏိ ဂစ္ဆာမိ၊ န မေ တေ ရုစ္စတေ ဖလံ။ ။

ဟူသော ဂါထာကို ရွတ်၏။

**အနက်ကား။** ။သေပဏ္ဏိ၊ အိုယာမနေပင်။ တွံ၊ သင်သည်။ ယံ-သေယျာသိ၊အကြင် ငါ့ရှေ့သို့ သစ်သီးကို ဖရိုဖရဲ ကြဲ၍ချ၏၊ ဧတံ၊ထိုအကြောင်းကို၊ ဝါ၊ထိုအကြောင်းသည်။ကုရင်္ဂဿ၊သတ်သည်။ ဝါ၊အား။ ဉာတံ၊သိအပ်ပြီ။ဝါ၊ထင်လျှားပြီ။ မေ၊ငါသည်။ တေ၊အသင်သစ်ပင်၏။ဖလံ၊အသီးကို။ နရုစ္စတေ၊မနှစ်သက်၊ သေပဏ္ဏိ၊ အိုယာမနေပင်။ အဟံ၊ငါသည်။ အညံ၊တပါးသောသစ်ပင်သို့။ဂစ္ဆာမိ၊သွားတော့အံ့။ ။ဤကားအနက်။

ထိုအခါ ဘုရားလောင်းအား မုဆိုးသည် မြှမ်းစင်၌ ထိုင်နေလျက်သာလျှင် လှံကိုပစ်လွှတ်၍ သွားလေလော့။ယခုအခါ ငါ့အား ချွတ်ယွင်းခြင်း ဖြစ်ခဲ့၏ဟု ပြော၏၊ ဘုရားအလောင်းသည် ဆုတ်နစ် ပြန်လည်၍ရပ်တည်လျက် အိုအချင်း သောကျား၊ ဤယခု အခါ၌လည်း ငါ့ကို အသင်သည် အကယ်၍ကား ချွတ်ယွင်းပေအံ့။ ယင်းသို့ပင် ငါ့ကို ချွတ်ယွင်းသော်လည်း ရှစ်ထပ်သော ငရဲကြီး, တဆဲ့ခြောက် 'ထပ်သော ဥဿဒငရဲငယ်,ငါးပါးအပြားရှိသော နှောင်ဖွဲ့ခြင်း အစရှိကုန်သော ကမ္မကရဏာတို့သည် အသင့်အား မချွတ်ယွင်း သည်သာလျှင်တည်း ဟု ပြောဆို၍ ထွက်ပြေးပြီးသော်၊ အလိုရှိသည်အတိုင်း သွားလေ၏။ မုဆိုးသည်လည်း သစ်ပင်မှ သက်ဆင်း၍ အလိုရှိသည့်အတိုင်း သွား၏။

## များစွာသောသူတို့ သောတာပန်တည်ခြင်း။

ချစ်သားရဟန်းတို့၊ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါဘုရားအား သတ်ခြင်း၌ လုံ့လပြုသည် မဟုတ်သေး၊ရှေး၌လည်း သတ်ခြင်း၌ လုံ့လပြုသော်လည်း မစွမ်းနိုင်ဘဲ ရှိဘူးသည်သာလျှင်တည်း ဟု ဟောကြားတော်မူပြီး၍။ ချစ်သားရဟန်းတို့၊ စင်စစ် သီလမရှိသော ပုဂ္ဂိုလ်မည်သည် ဒုဿီလအမှုကို ပြုလုပ်သဖြင့် ဖြစ်သောတဏှာသည် မိုရာ သစ်ပင်ကို မြေးယှက် ဖျက်ဆီး ချိုးဖွဲ့သော မာလောနွယ်ကဲ့သို့ မှီရာ

ဖြစ်သော ထိုသူကို ဗဲ့ချိုးဖျက်ဆီးလျက် ငရဲစသည်တို့၌ ထည့်သွင်း ပစ်ချလိုက်လေတော့သည် ဟု မိန့်တော်မူပြီး၍-

**ယဿ အစ္စန္တဒုဿိလျံ၊**
**မာလုဝါ သာလ မိဝေါ တ္ထတံ။**
**ကရောတိ သော တထတ္တာနံ၊**
**ယထာ နံ ဣစ္ဆတိ ဒိသော။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။ဩတ္ထတံ၊ သစ်ပင်အလုံးကို ဖုံးလွှမ်း ရစ်ပတ်သော။ မာလုဝါ၊ မာလုဝါနွယ်သည်။ သာလံ၊ မြီရာသစ်ပင်ကို၊ ပါတေတိ ဣဝ၊ လည်းကျစေသကဲ့သို့။ အစ္စန္တဒုဿိလျံ၊ စင်စစ် သီလမရှိသော သူတို့၏ အဖြစ်တည်းဟူသော တဏှာသည်၊ ယဿ ပုဂ္ဂလဿ၊ အကြင် ပုဂ္ဂိုလ်အား။ ဩတ္ထတံ၊ လွှမ်းမိုးဖုံးအုပ်၍ တည်၏။ တံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ သော-ဒုဿီလဘာဝေါ၊ ထိုသီလ မရှိသော သူ၏ အဖြစ်တည်းဟူသော တဏှာသည်။ အပါယေသု၊ လေးပါးကုန်သော အပါယ်တို့၌။ ပါတေတိ၊ ကျစေ၏။ နံ ပုဂ္ဂလံ၊ ထိုပုဂ္ဂိုလ်ကို၊ ဒိသော၊ အကျိုးမဲ့ကို အလိုရှိသော ရန်သူသည်။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ ဣစ္ဆတိ၊ အလိုရှိ၏။ တထာ၊ ထိုသို့သော အခြင်းအရာဖြင့်၊ အတ္တာနံ၊ မိမိကိုယ်ကို။ ကရောတိ၊ ပြု၏။ ။ ဤကားအနက်။

[ဤဝတ္ထု၌ အတိတ်ကိုဆောင်ရာဝယ်။ ။ကုရုင်မိဂဇာတကာဒိနိ ကထေတွာ။ ။ဟူ၍ အဋ္ဌကထာ ဖွင့်ဆိုသောကြောင့် ဤ-အရာနှင့်သက်ဆိုင်သော ကုရုင်မိဂဇာတ်မှတပါးသော ဇာတ်တော်တို့သည် များစွာပင် ရှိသေး၏။ ကျမ်းအငြိးအဆုံး သတ်နိုင်ရန် ခဲယဉ်းလှလေသောကြောင့် မထည့်သွင်းလိုက်ပေပြီ။]

ဓမ္မပဒအဋ္ဌကထာ၌ ခြောက်ခုမြောက်ဖြစ်သော အရှင်ဒေဝဒတ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရှေ့ပြီး၏။

---

၇-သုက္ကရုံ။ ပ။ ဒုက္ကရုံ။ ။သုက္ကရာနီ။ ပ။ ဒုက္ကရုံ။ ။ဤနှစ်ဂါထာတို့ဖြင့် ဟောကြားတော်မူရာဖြစ်သော သံယုတ္တဒေ ပရိသတ္တန ဝတ္ထုသည်ကား စကားအစဉ်အားဖြင့် သော်၎င်း၊ ဂါထာတို့၏ အနက်အားဖြင့် သော်၎င်း၊ ပဏ္ဍိတဝဂ္ဂ အရှင်ဒေဝဒတ် သံယုတ္တကို သင်းခွဲသော ဝတ္ထု၌ ပြဆိုအပ်ခဲ့-ပေပြီ။ ။ဤကားအနက်။

---

## ၁၂-အဘိဓာဝဂ်။ ၈-ကာလမထေရ်၏ဝတ္ထု။

**ယော သာသနံ။** ။အခြစ်သော၊ သုတ္တန် ဒေသနာ၊ ဤသို့သော ပါဠိ-ဂါထာကို၊ ဓမ္မာရာမ မဟာဝိဟာရ၊ ပါဠိပြည်မကျေး။ မကောင်းမှုတရားတို့၊ ဖြစ်ပွါး အားကြီးသဖြင့်၊ ဘိစိး လိုက်ကြ၊ မသိုက်တန်သော အရာ၌၊ အခါခါ ဖြစ်မှားလေ့ရှိသော၊ အများသဘာဝါ၊ ဝေနေယျာ တရုက်ို၊ ကြည့်ရှုမစ၊ ထိုဓမ္မာရာမ မဟာဝိဟာရ တရားကိုပယ်ရှားစွန့်ပစ်အောင်၊ တားမြစ် ဆုံးမတော်မူတတ်သော၊ လူ့နတ်၊ ဦးထိပ်၊ မြတ်သခင်၊ လောကထွဋ်ထား၊ ဘုရား သခင်သည်၊ ပြည်ခွင်ဘုမ္မိ၊ သာဝတ္ထိတောင်ရပ်၊ ဇေတဝန် ကျောင်းမြတ်၌၊ ချဉ်းကပ်ရှင်ပြီး၊ သိတင်းသုံးမှုဘတော်မူသော အခါဝယ်၊ ကာလအမည် ရှိသော မထေရ်ကို၊ ဦးတည်ရည်ရွ၊ အကြောင်းပြုသောအားဖြင့်၊ ဟော-ကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဆုံးပွတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

**သာဝတ္ထိပြည်၌** နေလေ့ရှိသော တယောက်သော မိန်းမသည် ကာလ မထေရ်ကို မိခင်၏ အရာ၌တည်၍ ပြုစုလုပ်ကျွေး၏။ ထိုမိန်းမ၏ အနီး ဖြစ်သောအိမ်၌ လူတို့သည် မြတ်စွာဘုရား အထံတော်၌ တရားတော်ကို ကြားနာ၍ ပြန်လာခဲ့သောအခါ "ဘုရားတို့မည်သည် သြော်-အံ့ဘွယ် ရှိပါပေစွ။မြတ်စွာဘုရား ဟောကြားတော်မူအပ်သော တရားတော်သည် သြော်-သာယာ ကောင်းမွန်လှပေစွ" ဟု ချီးမွမ်း ဆောမနာကြကုန်၏။ ထိုမိန်းမသည် အိမ်နီးချင်း ဖြစ်သော လူတို့၏ ချီးမွမ်း ပြောဆိုသော စကားကို ကြား၍ အရှင်ဘုရား၊ တပည့်တော်မသည်လည်း မြတ်စွာ-

ဘုရားသခင်၏ တရားတော်ကို ကြားနာလိုပါသည်ဟု ကာလမထေရ်အား ကြားလျှောက်၏။

**တရားမနာခံနိုင်တားမြစ်သောရဟန်း။**

ကာလမထေရ်က ဒါယိကာမကြီး၊ မြတ်စွာဘုရား အထံတော်သို့ မသွားလေလင့်ဟု တားမြစ်၏၊ ထိုမိန်းမသည် တဖန် မိုးသောက်ရောက်သောနေ့၌လည်း ပြောကြား၏။ မထေရ်သည်လည်း တားမြစ်၏။ သုံးကြိမ်မြောက်အောင် လျှောက်ကြားသဖြင့်၊ မထေရ်သည် သုံးကြိမ်တိုင်အောင် တားမြစ်သော်လည်း ထိုမိန်းမသည် မြတ်စွာဘုရား တရားတော်ကို ကြားနာလိုသည်သာ ဖြစ်ပေ၏။

ထိုကာလ မထေရ်သည် အဘယ် အကြောင်းကြောင့်၊ ထိုမိန်းမကို တားမြစ်လေဘိသနည်းဟူမူကား "မြတ်စွာဘုရား အထံတော်၌ တရားတော်ကို ကြားနာရသည်ရှိသော်၊ ငါ၌ ခင်မင်ခြင်း ပျက်လတ္တံ့" ဟု မထေရ်အား ဤသို့သော အကြံသည် ဖြစ်ပေသတတ်။ ထိုကြောင့်-တားမြစ်လေသတည်း။

ထိုမိန်းမသည်လည်း တနေ့သ၌ နံနက်စောစောကပင်လျှင်။ နံနက်စာ စားပြီးသော်၊ ဥပုသ်ကို ဆောက်တည်၍။ ချစ်သမီး၊ ငါတို့ အရှင်မြတ်ကြွလာသည်ရှိသော်၊အရှင်မြတ်ကို ရှိသေကောင်းမွန်စွာ လုပ်ကျွေး ပြုရပါလော့ ဟု သမီးကို စေခိုင်းခဲ့ပြီးသော် ကျောင်းတော်သို့ သွားလေ၏။ ထိုမိန်းမ၏ သမီးသည်လည်း ထိုရဟန်း ကြွလာသော အခါ၌ ရှိသေကောင်းမွန်စွာ လုပ်ကျွေး၍ ဒါယိကာမကြီးသည် အဘယ်မှာနည်း ဟု မေးသည် ရှိသော်၊ တရားနာခြင်းငှါ မြတ်စွာဘုရား ကျောင်းတော်သို့ သွားပါသည်ဟု လျှောက်၏။

ကာလမထေရ်သည် ထိုသို့ လျှောက်သော စကားကို ကြားလျှင်၊ ဝမ်း၌တက်ကြွသော အမျက်ဒေါသဖြင့် တုန်လှုပ်သော စိတ်ရှိသည် ဖြစ်၍ ဤယခုအခါ၌ ထိုဒါယိကာမကြီးသည် ငါ၌ခင်မင်ကြည်ညိုခြင်း ပျက်လေပြီဟု လျင်စွာသော အဟုန်ဖြင့် လိုက်သွားသည်ရှိသော်၊ မြတ်စွာဘုရား အထံ၌ တရားတော်ကို နာသျက်နေသည်ကို တွေ့မြင်၍၊ မြတ်စွာဘုရားသခင်ကို "ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမိန်းမသည်

နုံ့နှေးသော ပညာရှိပါသည်၊ သိမ်မွေ့နူးညံ့သော တရားစကားကို မသိပါ။ ဤမိန်းမအား၊ ခန္ဓာအစရှိသည်တို့နှင့် စပ်သော သိမ်မွေ့နူးညံ့သော တရားစကားကို မဟောကြားမူ၍၊ ဒါနကထာ,သီလကထာမျှကိုသာလျှင် ဟောကြားခြင်းငှါ သင့်လျော်ပါသည်”ဟု လျှောက်၏။

## ဥပါသိကာ၀မ သောတာပန်တည်ခြင်း။

မြတ်စွာဘုရား သခင်သည် ထိုရဟန်း၏ အစွန်သောကို သိ၍၊အသင်သည် ပညာနည်း၏၊ ယုတ်မာသော အလိုရမွက် အယူကိုမှီ၍ ဘုရားရှင်တို့၏ အဆုံးအမကို တားမြစ်ပိတ်ပင်၏၊မိမိအား မိမိဖျက်ဆီး သတ်ဖြတ်ခြင်းကိုသာလျှင် လုံ့လပြုလေဘိသည်ဟု မိန့်တော်မူပြီး၍-

> ယော သာသနံ အရဟတံ၊အရိယာနံ ဓမ္မဇီဝိနံ။
> ပဋိက္ကောသတိ ဒုမ္မေဓော၊ဒိဋ္ဌိံ နိဿာယ ပါပိကံ။
> ဖလာနိ ကဋ္ဌကဿေဝ၊အတ္တဃာတာယ ဖလ္လတိ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ဥပါသိကာမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။ဒုမ္မေဓော၊ ပညာကင်းမဲ့သော။ ယော၊ နရော၊အကြင်လူသည်။ ပါပိကံ၊ယုတ်မာသော။ ဒိဋ္ဌိံ၊အယူကို။နိဿာယ၊မှီ၍။ ဓမ္မဇီဝိနံ၊ တရားသဖြင့် အသက်မွေးကုန်သော၊ အရဟတံ၊ ပူဇော်အထူးကို ခံထိုက်ကုန်သော၊ အရိယာနံ၊ ဘုရားအစရှိသော အရိယာပုဂ္ဂိုလ်တို့၏၊ သာသနံ၊ အဆုံးအမတော်ကို၊ ပဋိက္ကောသတိ၊တားမြစ်၏။ တဿ နရဿ၊ ထိုလူ၏။ သာဒိဋ္ဌိ၊ ထိုမကောင်းသော အယူသည်။ ကဋ္ဌကဿ၊ ဝါးပင်၏။ ဖလာနိ၊ အသီးတို့သည်။ အတ္တဃာတာယ၊မိမိတည်းဟူသော ဝါးပင်ကို သတ်ခြင်းငှါသာလျှင်။ ဖလ္လတိဣဝ၊ သီးလာသကဲ့သို့။ အတ္တဃာတာယ၊ မိမိတည်းဟူသော ကိုယ်ကို သတ်ခြင်း,ဖျက်ဆီးခြင်း, အလို့ငှါသာလျှင်။ ဖလ္လတိ၊ ဖြစ်လာ၏။ ။ဤကားအနက်။

မွေပဒအတ္တဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော ကာလမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၂-အဘ္ဘန္တ၀ဂ်။ ၉-ရှုဏ္ဍကာလဥပါသကာဝတ္ထု။

**အဘ္ဘနာ ဟိ ကာတံ။** ။အစစခံသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ အဝိဇ္ဇာမောဟ၊ ဖုံးလွှမ်းကြ၍၊ ကမ္ဘာသကတာဉာဏ်၊ မထက်သန်မပွင့်၊ မကြီးမြင့်သော သဒ္ဓါဝါတ္တိကို၊ အဖြာဖြာသော ဒေသနာ နယဖြင့်၊ ထိုကမ္ဘာသကတာဉာဏ်၊ ထက်သန်ကြီးရင့်အောင်၊ ချီးမြှင့်ဆုံးမ တော်မူတတ်သော၊ဟိတ်ပိသော အရာကြောင့်၊သဘ္ဘာမည်တော်မူသော မြတ်စွာဘုရား သခင်သည်၊ ဇိတဘာံဆိပ်၊ နှမိတ်ရင်းခံ၊ ဇာတိ မှန်သော၊ ကံ့ကုလသ၊ ကျိူးပစ်ချသည့်၊ ဇေတမင်းသား၏ ဥယျာဉ်ကို၊တည်ထွင် ဆောက်လုပ်သည့် အရကြောင့်၊ဇေတဝနဝိဟာရ၊ နာမထူး၍၊ ဇေတဝန ကျောင်းမြတ်၌၊ လေးရပ်သော ဣရိယာပထဖြင့်၊မျှတတော် မူသောကာလ၊ ရှုဏ္ဍကာလ အမည်ရှိသော ဒါယကာတယောက်ကို မြော်ထောက်သမှု၊ အကြောင်း ပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တနေ့သော နေ့အခါ၌ လွန်ခဲ့ပြီးသော မဟာကာလ ဥပါသကာ၏ ဝတ္ထု၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် ဥမင်ကို ဖေါက်၍ ခိုး၄က် ယူငင်ကုန်သော ခိုးသူတို့ကို ပစ္စည်းရှင် ဖြစ်ကုန်သော သူတို့သည် အစဉ် လိုက်ကုန်သည်ရှိသော်၊ ညဉ့်အခါ့အခါ မြတ်စွာဘုရား ကျောင်းတော်၌ တရားတော်ကို ကြားနာ၍ နံနက်စောစောကပင်လျှင် ကျောင်းမှထွက်ခဲ့ ပြီးသည့်ကာလ၊သာဝတ္ထိပြည်သို့ ရှေးရှုသွားသော ရှုဏ္ဍကာလ ဥပါသကာ၏ ရှေ့မှာဘဏ္ဍာထုပ်ကို ချထားစွန့်ပစ်၍ ပြေးကုန်၏၊

လူတို့သည် ထိုရှုဏ္ဍကာလကို တွေ့မြင်၍ ဤသူသည် ညဉ့်အခါ၌ ခိုးသူအမှုကို ပြုပြီးလျှင်၊တရားတော်ကို ကြားနာဘိသကဲ့သို့ လှည့်လည် ဘိ၏၊ထိုသူကို ဖမ်းဆီးကြကုန်လော့ ဟု ပြောဆို၍ ဖမ်းဆီးတုပ်နှောင် ပုတ်ခတ်ကြကုန်၏၊ ဒိုးထိန်းသည် ကျွန်မသည် ရေချိုးဆိပ်သို့ သွားသည် ရှိသော်၊ထိုရှုဏ္ဍကာလ ဥပါသကာကို မြင်၍။အရှင်တို့၊ ဖဲသွားကြကုန်လော့၊ ဤသူသည် ဤသို့သဘောရှိသော ခိုး၄က်ခြင်းအမှုကို ပြုလုပ်မည် မဟုတ် ဟု ပြောဆိုပြီးသည့်ကာလ၊ထိုရှုဏ္ဍကာလဥပါသကာကို လွှတ်စေကုန်၏။

စူဠကာလဥပါသကာသည် မြတ်စွာဘုရား ကျောင်းတော်သို့ သွား၍။ အရှင်ဘုရားတို့၊တပည့်တော်ကိုလူတို့သည် ဖျက်ဆီးအံ့၏။အိုးထိန်းသည် ကျွန်မကိုအမှီရ၍ တပည့်တော်၏ ဇီဝိတ်ခြေအသက်ကိုရအပ်ပေသည်ဟု ရဟန်းတို့အားကြားလျှောက်၏။ ရဟန်းတို့သည် မြတ်စွာဘုရားသခင်အား ထိုအကြောင်းကို ကြားလျှောက်ကုန်၏။

မြတ်စွာဘုရား သခင်သည် ထိုရဟန်းတို့ လျှောက်သော စကားကို ကြားတော်မူ၍။ ချစ်သားရဟန်းတို့၊ စူဠကာလ ဥပါသကာသည် အိုး-ထိန်းသည်ကျွန်မကိုအမှီရသည်ဖြစ်၍ရင်း,မိမိအား အကုသိုလ်မကောင်းမှုကံကို မပြုလုပ်သည်၏ အဖြစ်ကြောင့်ရင်း အသက် ဇီဝိတ်ခြေ အသက်ကို ရလေသည်။ချစ်သား ရဟန်းတို့၊ ဤသတ္တဝါတို့မည်သည် မိမိအကုသိုလ်မကောင်းမှုကို ပြုလုပ်ခြင်းကြောင့်၊ငရဲအစရှိသည်တို့၌ မိမိသည်ပင်လျှင် ညစ်နွမ်းပင်ပန်း ခံစားရကုန်၏။ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခြင်းကြောင့်၊ လူ,နတ်တို့၏ ဘဝဟုဆိုအပ်သော သုဂတိသို့ရင်း, နိဗ္ဗာန်သို့ရင်း,လားကပ်ထုတ်ချောက် ရောက်ရကုန်၏။ မိမိသည် ကုသိုလ်ကောင်းမှုကို ပြုလုပ်ဆည်းပူးခြင်းကြောင့် မိမိသည်ပင်လျှင် စင်ကြယ်သန့်ရှင်း ကောင်းမြတ်ခြင်း ဖြစ်ရလေသည် ဟု မိန့်တော်မူပြီး၍-

**အတ္တနာ ဟိ ကတံ ပါပံ၊အတ္တနာ သံကိလိဿတိ။**

**အတ္တနာ အကတံ ပါပံ၊အတ္တနာဝ ဝိသုဇ္ဈတိ။**

**သုဒ္ဓီ အသုဒ္ဓိ ပစ္စတ္တံ၊နာညော အညံ ဝိသောဓယေ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ကာလဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်သော၊ ပါပံ၊ မကောင်းမှုသည်။ အတ္တနာဟိ-အတ္တနာ ဧဝ၊ မိမိ ကိုယ်ကိုသာလျှင်။ သံကိလိဿတိ၊ ညစ်နွမ်းစေ၏။ (တနည်းကား) အတ္တနာ၊သည်။ ပါပံ၊ မကောင်းမှုကို။ စေကတံ၊အကယ်၍ ပြုသည်ဖြစ်အံ့။ အတ္တနာဟိ-အတ္တနာ ဧဝ၊ မိမိကိုယ်သည် သာလျှင်။ သံကိလိဿတိ၊ ညစ်နွမ်းရ၏။ အတ္တနာ၊ မိမိသည်။ ပါပံ၊မကောင်းမှုကို။ စေအကတံ၊ အကယ်၍ မပြုသည်ဖြစ်အံ့၊

အတ္တနာ၀၊ မိမိ ကိုယ်သည်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။ သုဒ္ဓိ၊ စင်ကြယ်သော ကုသိုလ်သည်ရင်း။ အသုဒ္ဓိ၊ မစင်ကြယ်သော အကုသိုလ် သည်ရင်း၊ ပစ္စတ္တံ၊ ပြုလုပ်သော သူတို့အားသာလျှင် အကျိုးကို ဖြစ်စေ သဖြင့် အသီးသီး မရောနှောသည်သာလျှင်တည်း။ အညော၊ တပါးသော ပုဂ္ဂိုလ်သည်၊ အညံ၊ တပါးသော ပုဂ္ဂိုလ်ကို။နု ဝိသောဓယေ၊ မသုတ်သင် နိုင်ရာ။ ။ဤကားအနက်။

ဓမ္မပဒအတ္တဝဂ်၌ ကိုးခုမြောက်ဖြစ်သော စူဠကာလဥပါသကာ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၂-အတ္တဝဂ်။ ၁၀-အတ္တဒတ္ထမထေရ်၏ဝတ္ထု။

**အတ္တဒတ္ထံ** ။အစရှိသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ လျော်စွာစရိုက်၊ အလိုလိုက်၍၊ ကွတ်ဆိုက်သဖြင့်၊ သင့်တင့်ကြိမ်လင့်၊ အချိန်သင့်ကို၊ နှိုင်းချင့်ထောက်ညှာ၊ အဖြာဖြာသော ဒေသနာ ဓမ္မဖြင့်၊ သုံးမဟာပြသော၊ သုံးလောက မျက်ရှု၊ **သဗ္ဗညူ**ခေါင်ဖျား၊ ဘုရား**သခင်** **သည်**၊ ဘုံခွင်ရိပ်မွန်၊ ကောင်းမျိုး လွန်သော ဇေတဝန် ကျောင်း၌၊ ကိန်းအောင်းစံပယ်တော် မူသောကာလ၊ အတ္တဒတ္ထ မည်ရသော မထေရ်မြတ်အား၊ ရဟန်းဘော်တပါးကို၊ အကြောင်းပြုသော အားဖြင့်၊ ဟောကြားတော် မူခဲ့ပေသဘည်း။

**အကြောင်း အကျဉ်းချုပ်အစဉ်ကား ဤသို့ပေတည်း။**

ပစ္စုပ္ပန်ဝတ္ထု။

မြတ်စွာဘုရားသခင်သည်ပရိနိဗ္ဗာန်ပြုတော်မူခါနီးအခါကာလ၌။ချစ်သား ရဟန်းတို့၊ ငါဘုရားသည် ဤမှလေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် ပြုတော့အံ့ဟု မိန့်တော်မူသည်ရှိသော်၊ ထိတ်လန့်တုန်လှုပ်ခြင်း ရှိကုန်သော ခုနစ်ရာကုန်သော ပုထုဇဉ် ရဟန်းတို့သည် မြတ်စွာဘုရားသခင် အထံ တော်မှ စွန့်လွှတ်ပယ်၍ တပါးသော နေရာသို့ မသွားမူ၍။ ငါ့ရှင်တို့၊ အဘယ်သို့ ပြုကြပါကုန်အံ့နည်း ဟု တိုင်ပင်ပြောဆိုလျက် လှည့်လည် ကုန်၏။အတ္တဒတ္ထ မထေရ်သည်ကား မြတ်စွာဘုရားသခင်သည် လေးလကို လွန်မြောက် သဖြင့်၊ ပရိနိဗ္ဗာန် ပြုတော် မူပေသတဲ့။ "ငါသည်လည်း

မကောင်းသော ရောဂါရှိသည် ဖြစ်၏၊ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်ပင်လျှင် အရဟတ္တဖိုလ်ကို ရခြင်းအကျိုးငှါ အားထုတ်ပေဖို့” ဟု ကြံ၏။ ကြံပြီး၍ကား၊ ထိုအဠ္ဌဒဋ္ဌ မထေရ်သည် ရဟန်းတို့၏ အထံသို့ မသွား၊ ရဟန်းတရားကိုသာ အားထုတ်၍ နေ၏။

## အဠ္ဌဒဋ္ဌမထေရ်။

ထိုအခါ ရဟန်းတို့က အဠ္ဌဒဋ္ဌ မထေရ်ကို “ငါ့ရှင်၊ အသင်သည် ငါတို့၏ စည်းဝေးရာထံရပ်သို့ အဘယ်ကြောင့် မချဉ်းကပ်မလာရောက်သနည်း။ ကြံစည်ပြောဆိုဘွယ်ရာဖြစ်သော တစုံတခုသော စကားကို အဘယ်ကြောင့် မပြောကြား မတိုင်ပင်သနည်း ဟု ပြောဆိုကြပြီး၍၊ ရဟန်းတို့သည် အဠ္ဌဒဋ္ဌမထေရ်ကို မြတ်စွာဘုရား အထံတော်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤရဟန်းသည် ဤသို့သဘောရှိသည် မည်သည်ကို ပြုလုပ်ပါသည်ဟု ကြားလျှောက်ကြကုန်၏၊မြတ်စွာဘုရား သခင်ကသည်း ထိုအဠ္ဌဒဋ္ဌ မထေရ်ကို။ ချစ်သား၊ အသင်သည် အဘယ်ကြောင့် ဤသို့ ပြုလုပ်ဘိသနည်း ဟု မေးတော်မူသည်ရှိသော်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် လေးလကို လွန်မြောက်သဖြင့် ပရိနိဗ္ဗာန် ပြုကုန်လတ္တံ့ ဖြစ်ပါသည်။ သို့ဖြစ်၍ တပည့်တော်သည် အရှင်ဘုရားတို့ သက်တော်ထင်ရှားရှိတော် မူကုန်စဉ်ပင်လျှင် အရဟတ္တဖိုလ်ကို ရောက်ခြင်းငှါ အားထုတ်အံ့ ဟု နှလုံးသွင်း၍ ရဟန်းတရားကို အားထုတ်ပါသည် ဟု လျှောက်၏။

## အဠ္ဌဒဋ္ဌမထေရ် ရဟန္တာဖြစ်ခြင်း။

မြတ်စွာဘုရားသခင်သည် ထိုအဠ္ဌဒဋ္ဌ မထေရ်အား ကောင်းချီးပေးတော်မူ၍။ချစ်သားရဟန်းတို့၊ အကြင်ပုဂ္ဂိုလ်အား ငါဘုရား၌ ချစ်ခင်ကြည်ညိုခြင်း ရှိ၏။ ထိုပုဂ္ဂိုလ်သည် အဠ္ဌဒဋ္ဌမထေရ်နှင့် အလားတူဖြစ်ခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏။ ထိုစကားမှန်၏။နံ့သာစသည်တို့ဖြင့် ပူဇော်ကုန်သောသူတို့သည် ငါဘုရားကို မိမိအကျိုးကိစ္စပြီးစေသောအားဖြင့် စင်စစ်ပူဇော်သည်မမည်ကုန်၊ လောကုတ္တရာဘုရားကိုးပါးအား သင့်လျော်လျောက်ပတ်သော အကျင့်မြတ်ကို မပြတ်အားထုတ်ကျင့်သည်

နှံ့သော်ကား၊ မိမိ၏ အလိုရှိအပ်သော ကိစ္စကို ပြီးစေသောအားဖြင့် ငါ-ဘုရားကို ရချုပ်ပူဇော်သည် မည်ပေကုန်၏။ ထိုကြောင့် တပါးသော ပုဂ္ဂိုလ်သည်လည်း အတ္တဒတ္ထမထေရ်နှင့် တူသည်သာလျှင် ဖြစ်ပေရာ၏ ဟု မိန့်တော်မူပြီး၍-

**အတ္တဒတ္ထံ ပရတ္ထေန၊ ဗဟုနာပိ န ဟာပယေ။**
**အတ္တဒတ္ထ မဘိညာယ၊ သဒတ္ထပသုတော သိယာ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ အတ္တဒတ္ထမထေရ်သည် အရဟတ္တဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။ဗဟုနာပိ၊ များစွာလည်း ဖြစ်သော။ ပရတ္ထေန၊ သူတပါး၏အကျိုးစီးပွါးကြောင့်။ အတ္တဒတ္ထံ၊ အနည်းငယ်မျှသော မိမိ၏ စီးပွါးကို။ န ဟာပယေ၊ မယုတ်စေရာ။ အတ္တဒတ္ထံ၊ မိမိ၏ အကျိုးစီးပွါးကို။ အဘိညာယ၊ အမှန်တိတိ ဉာဏ်ဖြင့်သိ၍။ သဒတ္ထပသုတော၊ မိမိအကျိုး စီးပွါးကိုပွါးများစေသဖြင့် လေ့ကျက်အပ်သည်။ သိယာ၊ ဖြစ်ပေရာ၏။ ။ ဤကားအနက်။

ဓမ္မပဒအတ္တဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော အတ္တဒတ္ထမထေရ်၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

ဣတိ ဟံသာဝတီနဂရဿ တိရုမ္မစေတိယဿ ဥတ္တရာနု ဒိသာဘာဂေ မဟာအာရညိကဝိဟာရေ ဝသန္တေန စန္ဒိမာတိလဒ္ဓနာမေန အဗ္ဘဝသိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသေန္တာကတေ ဓမ္မပဒဝတ္ထု မဟာပကရဏေ ဒွါဒသမံ အတ္တဝဂ္ဂဿ မရမ္မဘာသာ-သဏ္ဌော နိဋ္ဌိတော။

ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့၌ တဆဲ့နှစ်ခုမြောက်ဖြစ်သော
အတ္တဝဂ်သည်ကား ဤတွင်ရွေ့ပြီး၏။

## ၁၃-လောကဝဂ်။ ၁-အညတရ ရဟန်းငယ်၏ဝတ္ထု။

ဟီနံ ဓမ္မံ။ ။အခြစခံသော၊ သုဝဏ္ဏဒေသနာ ဤသို့သော ပါဌ်ဂါထာကို၊ အာဃာတဝတ္ထု၊ရန်ငြိုးရဖြင့်၊ စိတ်ခုမိုက်မျက်၊ ပြင်းစွာထွက်၍၊ ရက်စက်ကြမ်းကြုတ်၊ ဖရုသဝါစာ စကားတို့ကို၊ ပြောကြားဆဲရေး၊ ညစ်ကြေးတင်ဘိ၊ဒုက္ခိတဝေနေ၊ ဗိုလ်ခြေပင်းတို့ကို၊တံသင်းနှင့်တူသော ထိုဒေါသကိုနှုတ်ချပယ်ဖျက်၊ အစဉ်ထွက်အောင်၊ နယဂ္ဂါပါ၊မြတ်ဓမ္မဖြင့်၊ ဆုံးမတတ်ပိုင်၊ သဘာတ်ရိပ် အလာကြောင့်၊ သတ္တာ မည်တော် မူသော မြတ်စွာဘုရားသခင်သည်၊ ဝန်းကျင်ဝေနေ၊ ဗိုလ်ခြေအများတို့၊ညွတ်တွားကော်ရော်၊ ပူဇော်မြတ်နိုး၊ရှိခိုးဦးထားရာ၊ လေးပါးကုန်သော စေတီတော်အရတို့တွင်၊ ပရိဘောဂ စေတီတော်စစ်၊ အမှန်ဖြစ်သဖြင့်၊ သစ်သစ်ထူးမွန်၊ကောင်းမျိုး လွန်သော၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်းစံယှဉ်တော် မူခိုက်အခါ၊ သညာအမည်၊ ဖွဲ့ချည်တင်ထား၊ မထင်လျှားသောရဟန်းငယ်ဘပါးကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အကျဉ်းမျှသော အစဉ်စကား ဤသို့တည်း။

#### ပစ္စုပ္ပန်ဝတ္ထု။

မထင်မရှားသော မထေရ်တပါးသည် ရဟန်းငယ်တပါးနှင့်အတူတကွ နံနက်စောစောဘပင်လျှင် ဝိသာခါ ဒါယိကာမကြီး၏အိမ်သို့ ကြွသွားလေ၏။ဝိသာခါ ဒါယိကာမကြီး၏အိမ်၌ ငါးရာကုန်သော ရဟန်းတို့အားမုံ့ယာဂုကို အမြဲမပြတ် တည်ထားအပ်သည်ဖြစ်ပေ၏။ မထေရ်သည် ထိုဝိသာခါ ဒါယိကာမကြီး၏အိမ်၌ ယာဂုကိုသောက်၍၊ ရဟန်းငယ်ကို ထိုင်နေစေခဲ့ပြီးလျှင်၊ မိမိသည် တပါးသောအိမ်သို့ ကြွသွားလေ၏။

### ဝိသာခါ၏ မြေး။

ထိုအခါ၌လည်း ဝိသာခါဒါယိကာမကြီးသား၏ သမီးငယ်တယောက်သည် အဖွါးဖြစ်သောဝိသာခါ၏အရာ၌ တည်လျက်၊ရဟန်းတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ပြုလုပ်၍၊ထိုရဟန်းငယ်၏ အလို့ငှါ ဧချကိုစစ်အပ်သည်ရှိသော်၊ရေအိုးစရည်း၌ မိမိ၏မျက်နှာရိပ်ကိုမြင်၍ ပြုံးရယ်၏၊ ရဟန်းငယ်သည်လည်း သတို့သမီးငယ်ကို ကြည့်၍ ပြုံးရယ်၏။ ထိုသတို့သမီးသည်

ပြီးရယ်သော ထိုရဟန်းငယ်ကိုမြင်လျှင် ဦးခေါင်းပြတ်လေပြီးသောသူက ပြီးရယ်ဘိသလောဟု ပြော၏။

ထိုအခါ သတို့သမီးကို· ရဟန်းငယ်က အသင်သည် ပြတ်သော ဦးခေါင်းရှိ၏၊ အသင်၏အမိအဘတို့သည်လည်း ပြတ်သောဦးခေါင်းရှိကုန် ၏ဟု ဆဲရေး၏။ သတို့သမီးသည် ဝိုက်ကြွေးလျက်၊ စမိုဒိမ်၌ တည်ရှိသော အဖွါးကြီး၏အထံသို့ သွားရောက်သည့်ကာလ၊ ချစ်သမီး၊ ဤအမှုသည် အဘယ်နည်း ဟု မေးသည် ရှိသော်၊ သတို့သမီးက ထိုအကြောင်းကို ကြား၏။

## ဆွမ်းခံရင်း ရန်ဖြစ်သောရဟန်း။

ဝိသာခါဒါယိကာမသည် ရဟန်းငယ်၏အထံသို့ လာခဲ့၍၊ အရှင်ဘုရား အမျက်ထွက်တော်မမူပါလင့်။ ထိုသတို့သမီးသည် အရှင်ဘုရားကိုဆဲရေး သည်မဟုတ်ပါ။ ဖြတ်အပ်သော လက်သည်းခြေသည်းရှိသော ဖြတ်အပ် သော အဝတ်အရုံကို ဝတ်ရုံအပ်သော အလယ်၌ ပိုင်းဖြတ်အပ်သော အိုးခြမ်းခွက်ကို လက်ဖြင့်ကိုင်ယူ၍၊ ဆွမ်းအလို့ငှါ လှည့်လည် ရသော အရှင်မြတ်အား အလွန်ဝန်လေးလှပါသည်ဟု လျှောက်၏။

ရဟန်းငယ်က ဒါယိကာမကြီး၊ သြော်-ဟုတ်ပေ၏ အသင်သည်ငါ့အား ဖြတ်အပ်သော ဆံရှိခြင်းအစရှိသောအဖြစ်ကို သိပေ၏၊ အသင်၏မြေး ဖြစ်သော ထိုသတို့သမီးငယ်အား ငါ့ကို ဦးခေါင်းပြတ်ကိုပြု၍ ဆဲရေး ခြင်းငှါ အင်သလောဟု မေး၏၊ ဝိသာခါ ဒါယိကာမကြီးသည် ရဟန်း ငယ်ကို သက်သာ ငြိမ်းအေးခြင်း ရစိမ့်သောငှါ မစွမ်းနိုင်။ မြေးငယ် ဖြစ်သော သတို့သမီးကိုလည်း ကောင်းမွန်သက်သာရာ ရစိမ့်သောငှါ မစွမ်းနိုင်လေ။

ထိုခဏ၌ မထေရ် ကြွလာ၍။ ဒါယိကာမကြီး၊ ဤအမှုသည်ကား အဘယ်နည်းဟု မေးသည်ရှိသော်၊ ထိုအကြောင်းကို ပြန်ပြောင်းလျှောက် ထား ကြားသိအပ်သည် ဖြစ်၍၊ ရဟန်းငယ်ကို ဆုံးမလိုသောကြောင့်။ ငါ့ရှင်၊ ဖဲလေလော့။ ဤသတို့သမီးသည် ဖြတ်အပ်သောဆံ လက်သည်း ခြေသည်း အဝတ်ရှိသော ပိုင်းဖြတ်အပ်သော· အိုးခြမ်းခွက်ကို လက်၌

ကိုင်စွဲယူငင်၍၊ ဆွမ်းအလို့ငှါ လှည့်လည်ရသော အသင့်အားဆဲရေးမည် မဟုတ်ပေ။အသင်သည် ဆိတ်ဆိတ်နေသည်ဖြစ်လေလော့ဟု ပြော၏။

ရဟန်းငယ်က အရှင်ဘုရား၊ ဩော်-ဟုတ်ပါ ပေ၏။ အသို့နည်း အရှင်ဘုရား တို့သည် မိမိ၏ အလုပ်အကျွေး ဖြစ်သော ဒါယိကာမကို မခြိမ်းခြောက် မမောင်းမဲမူ၍၊ တပည့်တော်ကိုသာ ခြိမ်းခြောက် မောင်းမဲ ကုန်သလော၊ တပည့်တော်ကိုဦးခေါင်းပြတ်ဟုဆဲရေးခြင်းငှါ အပ်သလော ဟု ပြန်၍မေး၏။ထိုခဏ၌ မြတ်စွာဘုရားကြွတော်မူလာ၍ ဤအမှုသည် ကား အဘယ်နည်းဟု မေးတော်မူ၏။ ဝိသာခါ ဒါယိကာမကြီးသည် ဖြစ်ရင်းမူလမှစ၍ ထိုအကြောင်းအလုံးစုံကို အကုန်လျှောက်ထား၏။

မြတ်စွာဘုရားသခင်သည် ထိုရဟန်းငယ်အား သောတာပတ္တိမဂ်သို့ ရောက်အံ့သောအကြောင်း ဥပနိဿယ ပြည့်ဝရုံလင်ခြင်းကို မြင်တော်မူသောကြောင့်။ "ငါဘုရားသည် ဤရဟန်းငယ်ကို လိုအင်နှစ်မြိုက် အစဉ်လိုက်၍ ဆုံးမခြင်းငှါ အပ်ပေ၏"ဟု ကြံတော်မူ၍၊ ဝိသာခါဒါယိ-ကာမကြီးကို "ဝိသာခါ၊အသို့ပေနည်း။ အသင်၏မြေးဖြစ်သော သတို့သမီးငယ်က ပြတ်အပ်သောဆံရှိသောအဖြစ်အစရှိသည်မျှဖြင့် ငါဘုရား၏ တပည့်သားတော်ကို ပြတ်သောဦးခေါင်းရှိသည်ကို ပြု၍၊ဆဲရေးခြင်းငှါ အပ်သလောဟု မေးတော်မူ၏။

ရဟန်းငယ်သည် ထိုခဏ၌ပင်လျှင် နေရာမှထပြီးသော် လက်အုပ်ကို ချီ၍၊ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုပြဿနာကို အရှင်ဘုရားတို့သည်သာ ကောင်းစွာ သိပါကုန်သည်၊ တပည့်တော် တို့၏ ဥပဇ္ဈာယ်ဆရာသည်၎င်း၊ ဤဒါယိကာမကြီးသည်၎င်း ကောင်းစွာ မသိပါ ကုန်ဟု လျှောက်၏။

### ရန်ဖြစ်သောရဟန်း သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ရဟန်းငယ်၏ မိမိအားလျော်သောအဖြစ်ကို သိ၍ ကာမဂုဏ်ကိုအကြောင်းပြုပြီးလျှင်၊ ရယ်ရွှင်သောအဖြစ်မည်သည် ယုတ်သောသဘောရှိ၏၊ ယုတ်သောသဘောရှိသည် မည်သောတရားကို မှီဝဲခြင်းငှါ မလျောက်ပတ်၊ မေ့လျော့သဖြင့် ယုတ်သော တရားတို့နှင့် အတူတကွ ပေါင်းသင်း ဆက်ဆံ လက်ခံနှီးနှော၍ နေခြင်းငှါ မသင့် မလျောက်ပတ်ဟု မိန့်တော်မူပြီး၍-

**ဟီနံ ဓမ္မံ န သေဝေယျ၊ ပမာဒေန န သံဝသေ။**
**မိစ္ဆာဒိဋ္ဌိံ န သေဝေယျ၊ န သိယာ လောကဝဍ္ဎနော။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ ရဟန်းငယ်သည် သောတာပတ္တိ ဖိုလ်၌ တည်လေ၏၊

**အနက်ကား။** ။ဟီနံဓမ္မံ၊ ယုတ်သော ကာမဂုဏ်တရားကို။ ဝါ၊ အပါယ်စသည့်တို့၌ ကျစေတတ်သော ယုတ်သောတရားကို။ နသေဝေယျ၊ မမှီဝဲရာ။ ပမာဒေန၊ သတိကင်း၍ မေ့လျော့သဖြင့်။ နသံဝသေ၊ မမှီဝဲရာ။ မိစ္ဆာဒိဋ္ဌိံ၊ မိစ္ဆာအယူကိုလည်း။ နသေဝေယျ၊ မမှီဝဲရာ။ ဇော့၊ ဤသို့ပြုအပ်သည်ရှိသော်၊ လောကဝဍ္ဎနော၊ သောက၏ ကျယ်ပွါးခြင်းသည်။ ဝါ၊ လောကကိုကျယ်ပွါးစေသည်။ နသိယာ၊ မဖြစ်ပေရာ။ ။ဤကားအနက်။

ဓမ္မပဒလောကဝဂ်၌ ရှေးဦးစွာသော မထင်ရှားသောရဟန်းငယ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၃-လောကဝဂ်။ ၂-သုဒ္ဓေါဒန မင်းကြီး၏ဝတ္ထု။

**ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ။** ။ဤသို့စသည့်၊ ဓမ္မဒေသနာ၊ ပါဠိဂါထာကို၊ ဆရာထွန့်ထား၊ ဘုရားရှင်ကိုယ်တော်မြတ်သည်၊ ရသေ့တာပသ ကပိလ အရှင်၏၊မှီရှင်သော **သင်္ခမ်းရာကို**၊ ကောင်းစွာပြုပြင်၊ တည်ထွင်သည့် အရကြောင့်၊ ကပိလဝတ္ထု၊ သမ္ဗုတိပညတ်၊ ရအပ်သော မြို့ကြီး၏အနီး၊ ကြီးကျယ်ဆောက်အုံ၊ နိဂြောဓာရုံရွှေကျောင်း၌၊ ကိန်းအောင်းစံပယ်တော် မူသုက်၊အနဂ္ဃဂုဏ်မှူး၊ ကျေးဇူးကြီးလှသည့်၊ ခမည်းတော် သုဒ္ဓေါဒန မင်းတရားကို အကြောင်း ပြုသော အားဖြင့် ဟောကြားတော် မူခဲ့ ပေသတည်း။

**အကြောင်း အထွေထွေနှင့်အစဉ်ကား ဤသို့ပေတည်း။**
ပဌမပွဲ့ဝတ္ထု။

တပါးသောအခါ၌ မြတ်စွာဘုရားသခင်သည် ရှေးဦးစွာသောကြွသွားခြင်းဖြင့် ကပိလပြည်သို့ ကြွသွားတော်မူ၍၊ဆွေတော် မျိုးတော်တို့သည် ခရီးဦးကြိုဆိုလျက် နိဂြောဓာရုံသို့ ရောက်တော်မူပြီးသော်၊ ဆွေတော်

မျိုးတော်တို့၏ မာနမာနတမ်းခွန် လွန်စွာသွက်ကြွသည်ကို နှိမ့်ချချိုးဖဲ့တော်မူခြင်းငှါ အႏထက်ကောင်းကင်၌ ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍ ထိုရတနာစင်္ကြံ၌ စင်္ကြံကြွတော်မူလျက် တရားတော်ကိုဟောကြားတော်မူ၏။ဆွေတော် မျိုးတော်အပေါင်းတို့သည် ကြည်ညိုနှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍၊သုဒ္ဓေါဒနခမည်းတော်မင်းကြီးကို အစပြု၍အလုံးစုံသောဆွေတော်မျိုးတော်တို့သည် ရှိခိုးကြကုန်၏၊ ထိုဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရဝဿမည်သောမိုးကို ရွာစေတော်မူ၏။

ထိုပေါက္ခရဝဿမိုးကို အံ့ဩခြင်းပြုသောအားဖြင့် လူများအပေါင်းသည် စကားကို ဖြစ်စေအပ်သည် ရှိသော်။ ချစ်သားရဟန်းတို့၊ ဤယခု အႏခါ၌ သာလျှင် ငါဘုရားသည် ဆွေတော် မျိုးတော် တို့၏ အစည်းအဝေး၌ ပေါက္ခရဝဿမိုးကို ရွာစေဘူးသည် မဟုတ်သေး။ ရှေး၌လည်း ငါဘုရားသည် ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌ ပေါက္ခရဝဿမိုးကို ရွာစေဘူးသည် သာလျှင်တည်းဟု မိန့်တော်မူပြီးသော်၊ ဝေဿန္တရာဇာတ်ကို ဟောကြားတော်မူ၏၊ တရားဒေသနာကိုကြားနာရပြီး၍ ဖဲသွားကြကုန်သည်ရှိသော်၊ ဆွေတော်မျိုးတော်အပေါင်းတို့တွင် တယောက်သောသူမျှလည်း မြတ်စွာဘုရားသခင်ကို မပင့်ဘိတ်။ ခမည်းတော်သုဒ္ဓေါဒန မင်းကြီးသည်လည်း ''ငါ၏သားတော်သည် ငါ၏နန်းအိမ်တော်သို့ မကြွလာသည်ရှိသော်၊ အဘယ်အရပ်သို့ ကြွသွားလတ္တံ့နည်း''ဟု ကြံတော်မူ၍၊ မြတ်စွာဘုရားသခင်ကို မပင့်ဘိတ်မူ၍သာလျှင် သွားလေ၏။ သွားသည်ရှိသော်ကား နန်းအိမ်တော်၌နှစ်သောင်းမျှလောက်ကုန်သော ရဟန်းတော်တို့၏အလို့ငှါ ယာဂုအစရှိသည်တို့ကို စီရင်စေပြီး၍၊နေရာတို့ကို ခင်းထားစေ၏။

## ခမည်းတော်အိမ်မကြွဘဲ ဆွမ်းခံကြွတော်မူခြင်း။

နက်ဖြန်မိုးသောက် ရောက်သောနေ့၌ မြတ်စွာဘုရားသခင်သည်လည်း ဆွမ်းအလို့ငှါ ကြွဝင်သည်ရှိသော်။ ''အသို့ပေနည်း။ လွန်တော်မူကုန်ပြီးသောဘုရားရှင်တို့သည် ခမည်းတော်၏ပြည်ရွာနေစဉ်သို့ ကျရောက်သောကာလ၊ဖြောင့်စွာသာလျှင် ဆွေတော် မျိုးတော်တို့၏ နန်းအိမ်တော်သို့ကြွဝင်တော် မူကုန်သလော၊ သို့တည်းမဟုတ် အစဉ်အတိုင်းအားဖြင့်

ဆွမ်းခံခြင်းငှါ လှည့်လည်တော် မူကြကုန်သလော”ဟု ဆင်ခြင်တော် မူသည်ရှိသော်၊ အစဉ်အတိုင်းအားဖြင့် ဆွမ်းခံခြင်းငှါ လှည့်လည်တော် မူကြကုန်သည်တို့ကို မြင်တော်မူသောကြောင့်၊ ရှေးဦးစွာသောအမိမှစ၍ ဆွမ်းအလို့ငှါ လှည့်လည်ကြွသွားတော်မူ၏။ ရဟုလာမာတာ ယသော်ရော မိဖုယားသည် ပြာသာဒ် အမြင့်ထက်၌ ထိုင်နေလျက် သားလျှင် မြတ်စွာဘုရားကို မြင်၍၊ ထိုအကြောင်းကို မင်းကြီးအား ကြားလျှောက် ပေ၏။

သုဒ္ဓေါဒန မင်းကြီးသည် ပုဆိုးအဝတ်ကို ပြုပြင် ဝတ်ဆင်ခြင်းငှါ မစွမ်းနိုင်ဘဲ၊ လက်ဖြင့်ကိုင်ဆွဲလျက် လျင်စွာသောအဟုန်ဖြင့် ထွက်သွား ပြီးသော်၊ မြတ်စွာဘုရားကို ရှိခိုး၍ ချစ်သား၊ အဘယ်ကြောင့် ခမည်း တော်ကို ဖျက်ဆီးဘိသနည်း။ အိမ်စဉ်အတိုင်း ဆွမ်းခံခြင်းငှါ လှည့်လည် သဖြင့် လွန်စွာသောအရှက်ကို ဖြစ်စေအပ်၏။ အသင် သားတော်တို့အား ဤကပိလဝတ်မြို့တော်ကြီး၌သာလျှင် ရွှေထမ်းစင်စသည်တို့ဖြင့် လှည့်လည် ပျော်ပါး သွားလာ၍နေပါလျက် ဆွမ်းအာဟာရအတွက်ကြောင့် အိမ်စဉ် မပျက် အဆက်မပြတ် လှည့်ပတ်ခြင်းငှါ မသင့်မလျော် မလျောက်ပတ် သည်မဟုတ်တုံလော။အဘယ်ကြောင့် ခမည်းတော်ကို အရှက်ရစေဘိ သနည်းဟု မေးလျှောက်၏။

## သုဒ္ဓေါဒနမင်းကြီး သောတာပန်တည်ခြင်း။

ခမည်းတော်မင်းကြီး၊ ငါဘုရားသည် အသင်မင်းကြီးကို အရှက်ရစေ သည်မဟုတ်။မိမိ၏အမျိုးအနွယ်ကို အစဉ်လိုက်၍ ကျင့်ခြင်းငှါ ဆွမ်းခံ ကြွလာပေသည် ဟု မိန့်တော်မူ၏။ သားတော်ဘုရား၊ အသို့ပေနည်း။ ခမည်းတော်၏ အဆက်အနွယ်၌ ဆွမ်းခံခြင်း အလို့ငှါ လှည့်လည်၍ အသက်မွေးသောသူမည်သည် မရှိချေတကားဟု လျှောက်ကြားသဖြင့်။ ခမည်းတော်မင်းကြီး၊ ထိုအနွယ်သည်ကား အသင်ခမည်းတော်မင်းကြီး၏ အနွယ်ပေတည်း။ ဤအနွယ်သည်ကား ငါဘုရား၏ အနွယ်ပေတည်း။ အထောင်မက များပြားလှကုန်သော ရှေးရှေး၌ ဖြစ်ကုန်ပြီးသော ငါ၏ နောင်တော်ဘုရားတို့သည် ဆွမ်းခံခြင်းအလို့ငှါ လှည့်လည်တော် မူကုန် သည်ဖြစ်၍သာလျှင်၊ အသက်မွေးမှုတော်မူကြကုန်သည်ဟု မိန့်တော်မူ ပြီး၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့်-

ဥဋ္ဌိဟေ နပ္ပမဇ္ဇေယျ၊ ဓမ္မံ သုစရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။ ။
ဓမ္မံ စရေ သုစရိတံ၊ န နံ ဒုစ္စရိတံ စရေ။
ဓမ္မစာရီ သုခံ သေတိ၊ အသ္မိံ လောကေ ပရမှိ စ။ ။

ဟူသော ဤနှစ်ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် လမ်းခရီးအကြား၀ယ် ရပ်တည်လျက်ပင် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

**အနက်ကား**။ ။ဥဋ္ဌိဋ္ဌေ၊အိမ်မိမ်စဉ်မပြတ် သူတပါးအိမ်သို့ ချဉ်းကပ်ရပ်တည်၍ရသောဆွမ်း၌။နပ္ပမဇ္ဇေယျ၊မမေ့မလျော့ရာ။သုစရိတံ၊ကောင်းစွာကျင့်အပ်သော ဓမ္မံ၊ ဆွမ်းလှည့်ခံအပ်သော အကျင့်မြတ်ကို။ စရေ၊ကျင့်ရာ၏။ဓမ္မစာရီ၊ ဆွမ်းခံသဖြင့် ဝတ်အကျင့်ကို ကျင့်လေ့ရှိသော သူသည်။ အသ္မိံ လောကေ စ၊ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌၎င်း။ ပရမှိ စ၊တမလွန်လောကနောက်နောင်သောဘဝ၌၎င်း။ သုခံ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ သေတိ၊ဣရိယာလေးသွေ နေထိုင်မျှတ၏။

သုစရိတံ၊ ကောင်းစွာ ကျင့်အပ်သော၊ဓမ္မံ၊ တရားတော်ကို။ စရေ၊ကျင့်ရာ၏။ဒုစ္စရိတံ၊ မကောင်းသဖြင့် ကျင့်အပ်သော။နံ၊ထိုမသူတော်တို့၏တရားကို။နစရေ၊ မကျင့်ရာ။ဓမ္မစာရီ၊ တရားတော်ကို ကျင့်သောသူသည်။ အသ္မိံ လောကေ စ၊ ယခုပစ္စက္ခ ပစ္စုပ္ပန်ဘဝ၌၎င်း။ ပရမှိ စ၊ တမလွန်လောက နောက်နောင်သော ဘဝ၌၎င်း၊ သုခံ၊ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ။ သေတိ၊ ဣရိယာလေးထွေ နေထိုင်မျှတ ၏။ ။ဤကား အနက်။

မွေပဒလော်ကဝဂ်၌ နှစ်ခုမြောက်ဖြစ်သော သုဒ္ဓေါဒနမင်းကြီး၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၃-လောကဝဂ်။ ၃-ငါးရာကုန်သော ဝိပဿကာရဟန်းတို့၏ဝတ္ထု။

**ယထာ ဗုဗ္ဗုဠကံ**။ ။အစခံသော၊ သုတ္တန် ဒေသနာ၊ ဤသို့သော ပါဠိဂါထာကို၊ ပညာကင်းမဲ့၊ အလှည့်ကြိုက်ကြုံသဖြင့်၊ သုံးဘုံလောက

ပြေးသွား၍နေရသော၊ သံသရာ့အစ၊ သတ္တဝါတို့ကို၊ မဟာဝဇီရ၊ ဉာဏ-ဓွျှာဘုန်းဖြင့်၊ ဟုန်းဟုန်းလျှံပြောင်၊ ပညာရောင်ကို၊ ထွန်းထောင် စေတော်မူဘိသည့်အလား၊ သနားချီးမြှင့်၊ အခွင့်အလျော်၊ ဆုံးမ ပေးသနားတော်မူတတ်သော၊ လူ့နတ်အထွတ်၊ တမွတ်မှန်ကူ၊ သယမ္ဘူ မြတ်ဖျား၊ ဘုရား သခင်သည်၊ ယခင်အမည်၊ တင်ချည်ဘွဲ့သာ၊ မပျောက်ပသည့်၊ နာမထူးချွန်၊ ဇေတဝန်ကျောင်းတော်၌၊ ကိန်းအောင်း သီတင်းသုံးနေတော်မူသောအခါ၊ ငါးရာကုန်သော ဥပသာသနာ့ရှသော ရဟန်းအများတို့ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

## အကြောင်းအဆက်ဝတ္ထု အစဦးကား ဤသို့တည်း။

## ပဉ္စသတ ဥပါသက ဝတ္ထု။

ထိုငါးရာကုန်သော ရဟန်းတို့သည် မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောသို့ဝင်၍ လုံ့လပြုပါကုန်သော်လည်း တရား အထူးကို မရကြသောကြောင့် "မြတ်စွာဘုရား အထံတော်၌ ကမ္မဋ္ဌာန်းအထူးကို တဖန် သင်ယူကုန်ဦးအံ့"ဟု ကြံ၍၊ မြတ်စွာဘုရား အထံတော်သို့ လာခဲ့ကုန်သည်ရှိသော်၊ လမ်းခရီး အကြား၌ တံလျှပ်ကမ္မဋ္ဌာန်းကိုသာ ပွါးများကုန်၍သာလျှင် လာခဲ့ကြကုန်၏။

ထိုရဟန်းတို့၏ ကျောင်းသို့ဝင်ရောက်သော ခဏ၌သာလျှင် မိုးသည်းကြီးသည်းထန်စွာ သွန်းချရွာခဲ့၏။ ရဟန်းတို့သည် ထိုထိုသို့သော ကျောင်းတို့၏ မုခ်ဦးတို့၌ ရပ်တည်၍ သေး၏အဟုန်ဖြင့် တိုက်ခတ် ထကြွပြီးသည့်ကာလ ပျက်စီးကုန်သော ရေပွက်တို့ကို မြင်ရသည်ရှိသော်၊ ဤခန္ဓာကိုယ်အတ္တဘောသည်လည်း ဖြစ်၍ ပျက်တတ်သော သဘောရှိသဖြင့်၊ ရေ-ပွက်နှင့် တူသည်သာလျှင်ဘည်းဟူသော အာရုံကို ယူကြကုန်၏။

## ရဟန္တာဖြစ်သော တံလျှပ်ကမ္မဋ္ဌာန်း။

မြတ်စွာဘုရားသခင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးထိုင်နေတော်မူလျက်သာလျှင် ထိုရဟန်းတို့ကို ကြည့်ရှုထင်ထင် မြင်တော်မူ၍၊ ရဟန်းတို့နှင့် အတူတကွ စကားပြောဆိုတော် မူလျက်သာလျှင် ကိုယ်ရောင်တော်ကို ဖွင့်လွှတ်ပြန့်နှံ့စေ၍-

**ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။**
**ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ ငါးရာကုန်သော ရဟန်းတို့သည် ရပ်တည်ရာ အရပ်၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

**အနက်ကား။** ။ပုဗ္ဗုဠကံ၊ ထလျက်-ထလျက်၊ လျင်မြန်စွာ ပျက်တတ်သော ရေပွက်ကို။ ပဿေယထာ၊ ဖြစ်၍ ပျက်သည်ဟု ရှုရသကဲ့သို့။ လောကံ၊ ခန္ဓာအစရှိသော လောကကို ပဿေ၊ ဖြစ်၍ ပျက်တတ်သည်ဟု ရှုရာ၏။ မရီစိကံ၊ ကောင်းကင်တံမ်ထပ်၊ အလျှံပြတ်သော၊ အရောင်-တံလျှပ်ကို၊ ပဿေယထာ၊ ယူ၍မရ၊ အချည်းနှီးမျှသာ ဟု ရှုရသကဲ့သို့။ လောကံ၊ ခန္ဓာအစရှိသော လောကကို ပဿေ၊ ယူ၍မရ၊ အချည်းနှီးသာ ဟု ရှုရာ၏။ ဧဝံ၊ ဤသို့၊ လောကံ၊ ခန္ဓာအစရှိသော လောကကို။ အဝေက္ခန္တံ၊ ဖန်ဖန်စေ့ငု၊ ဉာဏ်စက္ခုဖြင့်၊ ကြည့်ရှုသော ရဟန်းကို၊ မစ္စုရာဇာ၊ သတ္တဝါတို့၏ အသက်ကို၊ ပယ်ဖျက်ချွင်း၊ ရှင်သေမင်းသည်၊ န ပဿတိ၊ မမြင်နိုင်။ ။ဤကားအနက်။

ဓမ္မပဒလောကဝဂ်၌ သုံးခုမြောက်ဖြစ်သော ငါးရာကုန်သော
ဝိပဿကရဟန်းတို့၏ ဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ့ပြီး၏။

---

**၁၃-လောကဝဂ်။ ၄-အဘယမင်းသား၏ဝတ္ထု။**

**ဧထ ပဿထိမံ လောကံ။** ။အစရှိသော၊ သုတ္တန်ဒေသနာ၊ ဤသို့သော ပါဠိဂါထာထို၊ ဟညာကင်းကြိုက်၊ မောဟာရိက်ကြောင့်၊ နှစ်ခြိုက်တပ်မက်၊ စွဲချက် ပြင်းပြ၊ ပုရိသ ဇန္တု၊ အစရှိသဖြင့်၊ မငြိတရား၊ ထင်လျှား ရှေးရှု၊ နှလုံးမူလျက်၊ အပုသောက၊ ဖြစ်ပွါးရသော၊ ခေနေယျ သတ္တဝါ၊ ကိလေသာ မီးစာတို့ကို၊ ကရုဏာမူလ၊ ပဋ္ဌာနပညာ၊ နှစ်ဖြာ,နှစ်ဝ၊ ပခုမတ္တ သဘာဝကို၊ ပြသ,ဖွင့်ဆွဲ၊ မီးစာထဲမှ၊ ဖယ်သွဲ သုတ်သင်၊ ကမ္ဘာတင် ဆုံးမတော်မူတတ်သော အလာကြောင့်၊ သတ္ထာမည်ဘိ၊ ဓိပတိ ဘုန်းရှိ၊ ပုဂ္ဂိုလ်-တကာတို့၏ ထွဋ်ထား၊ ဘုရားသခင်သည်၊ ရာဇဂြိုဟ်အမှီ၊ ဝေဠုဝန်

မင်းကျောင်း၌၊ ကိန်းအောင်း စံပယ်တော်မူသောအခါ၊ ကျောင်းဒါယကာ ဖြစ်သော ဗိမ္ဗိသာရမင်းကြီး၏ ရင်သွေး၊ဆေးဆရာ ဇီဝက၏ ခမည်းတော် ဘုရား၊အဘယမင်းသားကို အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အစ္ဆုပ္ပန္နဝတ္ထု အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ရာဇဂြိုဟ်ပြည်ကြီး၌ ဘုရင်ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံတော် အစွန် အဖျား ဖြစ်သော တခုသော ရွာငယ်သည် ပျက်ပြား တုန်လှုပ်သည် ဖြစ်သောကြောင့် ခမည်းတော်မင်းမြတ် စေလွှတ်တော် မူအပ်သည်ဖြစ်၍၊ အရေးပေါ် ပစ္စန္တရွာငယ်သို့ သွား၍ ပိပြားသောဝပ် ညီညွတ် ငြိမ်သက်စေ ပြီးသော်၊ ပြန်လာသော အဘယမင်းသားအား ခမည်းတော်ဗိမ္ဗိသာရ မင်းကြီးသည် နှစ်သက်တော်မူလှသောကြောင့် ကခြင်း၊သီခြင်း၌ လိမ္မာ တတ်မြောက်သော တယောက်သော ကချေသည်မကို ချီးမြှင့် ပေးသနား တော်မူ၍၊ ထိုအဘယမင်းသားအား ခုနစ်ရက် ပတ်လုံး မင်းအဖြစ်ကို ပေးတော်မူ၏။

### ခုနစ်ရက် မင်းဖြစ်ခြင်း။

အဘယမင်းသည် ခုနစ်ရက်ပတ်လုံး နန်းအိမ်တော်မှ အပပြင်ဘက်သို့ မထွက်မသွားဘဲသာလျှင် မင်း၏အသရေကို ခံစားလျက် ရှစ်ရက်မြောက် သောနေ့၌ မြစ်ဆိပ်သို့ သွားရောက်ပြီးသော်၊ ရေချိုး သုံးသပ်ပြီးလျှင် ဥယျာဉ်တော်ကို ဝင်၍၊ သန္တတိ အမတ်ကြီးကဲ့သို့ ကခြင်း၊ သီခြင်း၌ လိမ္မာသော ထိုကချေသည် မိန်းမငယ်၏ သီခြင်း၊ သီဆို ကပြသည်ကို ကြည့်ရှုလျက် ထိုင်နေတော်မူ၏။

ကချေသည် မိန်းမသည်လည်း၊ထိုခဏ၌သာလျှင် သန္တတိအမတ်ကြီး၏ ကချေသည် မိန်းမငယ်ကဲ့သို့ သတ္ထကဝါတ အမည် ရှိသော လေသင်ရုန်း တို့၏ အစွမ်းသတ္တိကြောင့် သေလွန်ခြင်းကို ပြု၏။အဘယ မင်းသားသည် သေလွန်၍ သွားရှာသော ထိုကချေသည် မိန်းမအား အကြောင်းပြုသော အားဖြင့် သောကတရား အားကြီးစွာ ဖြစ်ပွါးလာ၏၊“ဤသို့ ဖြစ်ပွါးသော ငါ၏ သောကကို ဘုရားကိုယ်တော်မြတ်ကို ထား၍၊တပါးသော သူသည်

ငြိမ်းစေခြင်းငှါ မစွမ်းနိုင်လတ္တံ့”ဟု ကြံ၍၊ မြတ်စွာဘုရား အထံတော်သို့ သွားရောက် ချဉ်းကပ်ပြီးသော်။ ဘုန်းတော် အလွန် ကြီးတော်မူသော မြတ်စွာဘုရား၊တပည့်တော်အား ဖြစ်ပွါး ပူပန်ရသော သောကတရားကို ပယ်ရှား ငြိမ်းစေတော်မူပါကုန်လော့ ဟု လျှောက်ကြား၏။

**အဘယမင်းသား သောတာပန်တည်ခြင်း။**

မြတ်စွာဘုရား သခင်သည် ထိုမင်းသားကို သက်သာရာ ရစေ၍၊ မင်းသား၊အသင်သည် ဤကဲ့သို့သော မိန်းမငယ်၏ ဤသို့သော နည်းဖြင့် သာလျှင် သေလွန်သောအခါ၌ စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းရသဖြင့်၊ ဖြစ်ပေါ်ကျဆင်းကုန်သော မျက်ရည်တို့၏ အစမထင် ကျင်လည် ပြေး သွားရာဖြစ်သော သံသရာ၌ ဤရွေ့ဤမျှဟု ပိုင်းခြားရေတွက်၍ ပြစရာ ပမာဏ မရှိ။အလွန်ပင် များပြားပေသည်ဟု မိန့်တော်မူပြီး၍၊ ထိုဒေသနာ တော်ဖြင့် သောက၏ နည်းသည့်အဖြစ်ကို သိတော်မူပြီး၍။ မင်းသား၊ မစိုးရိမ် မကြောင့်ကြလင့်၊ဤအရာသည် မိုက်ကုန်သော လူတို့အား တွန့်တို ဆုတ်နစ်သော ဘ ဖြစ်ပွါးသော အရာပေတည်း ဟု မိန့်တော်မူပြီး၍-

**ဧထ ပဿထိမံ လောကံ၊စိတ္တံ ရာဇရထူ ပမံ။**
**ယတ္ထ ဗာလာ ဝိသီဒန္တိ၊နတ္ထိ သင်္ဂေါ ဝိဇာနတံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏ အဆုံး၌ အဘယမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

**အနက်ကား။** ။ဧထ၊ လာလှည့်ကုန်လော့၊ စိတ္တံ၊ ရတနာခုနစ်ပါး စသည်တို့ဖြင့် ဆန်းကြယ်သော၊ ရာဇရထူပမံ၊ မင်းစီးရထားလျှင် ဥပမာ ရှိသော။ဣမံလောကံ၊ဤလောကဟု ဆိုအပ်သော အတ္တဘောကို။ ပဿထ၊ စေ့စေ့ရှု၊ အောက်မေ့ ပြု၍၊ ကြည့်ရှု ကြလေကုန်လော့။ ယတ္ထ၊ အကြင် လောကတည်းဟူသော အတ္တဘော၌။ ဗာလာ၊သူမိုက်တို့သည်။ ဝိသီဒန္တိ၊ နစ်ကုန်၏။ ဝိဇာနတံ၊ သိ၊ကြားလိမ်မာကုန်သော သူတို့အား။ သင်္ဂေါ၊ တွယ်တာကပ်ငြိခြင်းသည်။ နတ္ထိ၊မရှိ။ ။ဤကားအနက်။

ဓမ္မပဒ လောကဝဂ်၌ လေးခုမြောက်ဖြစ်သော အဘယမင်းသား၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

——

## ၁၃-လောကဝဂ်။ ၅-သမ္ဗန္ဓနမထေရ်၏ဝတ္ထု။

ယော ပုဗ္ဗေ။ ။အစလွေ့သော၊ ဤဒေသနာ၊ ရှေ့ဗျာဒိတ်ညွှန်း၊မိန့်ရှုခွန်းကို၊ လေးဘုန်းမြင့်မိရ်၊ မျှားထိုထိုတို့တွင်၊ အဟို စက္ကဝါ၊ ဒီပါအထပ်ထပ်တို့၌၊ မြေမြတ်မရှိ၊ ဇမ္ဗူဒီပျက်နှာ၊ တောင်လက်ျာ ဌာန၊မဇ္ဈိမဒေသ၏၊ ချက်မဗဟို၊ မြေများကိုပဟု၊ ခေါ်ဆိုထိုက်ညွှန်း၊ ဦးစွန်းမော့မော့၊ ကန်တော့ခံရာ၊ မြတ်နေရာတွင်၊ ပေါက်လာဆန်းဘိ၊ ပင်ဗောဓိ အခြေတွင်၊ လေးတွေ့သော မဂ်ညာဏ်ဖြင့်၊ရန်ကိလေသာ၊ဝေါ်င်းများစွာကို၊ ကောင်းစွာ ဖျက်၍၊ ညွှဉ်းဆဲဘတ်သော သဘာတ်အလာကြောင့်၊သတ္တာ မည်တော်မူသော မြတ်စွာဘုရား သခင်သည်၊ အစဉ်ထင်လျှား၊ နောင်ဘုရားတို့၊ စံစားနေမှု၊ အဝိဇဟိတ ဌာနဖြစ်သော၊ ဇေတဝန် ကျောင်းတော်၌၊ လေးဘေ်သော ဣရိယာပထဖြင့်၊ မှတော်မူသော ကာလ၊ သမ္ဗန္ဓန အမည်ရှိသော မထေရ်တပါးကို အကြောင်း ပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ထို သမ္ဗန္ဓနမထေရ်သည် နံနက်စောစော အခါပဟူ၍ရင်း, ညနေချမ်းအခါပဟူ၍ရင်း၊ ဤသို့သော အခြင်းအရာဖြင့် အခါ အပိုင်းအခြား အဟိုင်းအရှည် ထားခြင်းကိုမပြုမူ၍ အစဉ်မပြတ် တံမြက်လှဲ၍သာသျှင် လှည့်လည်၏ ထိုမထေရ်သည် တနေ့သ၌ တံမြက်ဆုပ်ကိုကိုင်ယူ၍ နေ့သန့်ရာ အခရပ်၌ ထိုင်နေသီတင်းသုံးတော်မူသော ရေဝတ မထေရ်၏ အထံသို့ သွား၍ ဤမထေရ်သည် အားကြီး ပျင်းရိလှ၏၊လူများအပေါင်း၏ သဒ္ဓါတရား ထင်ရှားရှေ့ရှု ပေးလှူအပ်သော ပစ္စည်း ဝတ္ထုကို သုံးဆောင်စားသောက်ပြီးလျှင် လာရောက်ပြီးသည့်ကာလ ထိုင်နေလေတော့သည်။ အသို့ပေနည်း၊ ထိုမထေရ်အား တံမြက်ဆုပ်ကို ကိုင်ယူ၍ တခုသော နေရာအခရပ်ကို တံမြက်လှဲခြင်းငှါ မအောင်သလောဟု ပြော၏။မထေရ်သည် ထိုရဟန်းအား အဆုံးအမကို ပေးအံ့ဟု ကြံတော်မူ၍ ငါ့ရှင်၊ လာခဲ့ဦးလော့ဟု ခေါ်သဖြင့်။ အရှင်ဘုရား၊ အကြောင်း အဘယ်သို့ ပါနည်းဟု ပြန်၍ မေးလျှောက်သည်ရှိသော်၊ ငါ့ရှင်၊ သွားတဲ့ချေ ရေချိုး သုံးသပ်၍

လာခဲ့လော့ဟု နိုင်းစေတော်မူ၏။ ထိုမထေရ်သည် ရေဝတမထေရ် မိန့်ဆို နိုင်းစေသည့်အတိုင်းကို ပြု၏။

## သမ္မဇ္ဇနမထေရ် ရဟန္တာဖြစ်ခြင်း။

ထိုနောက်မှ မထေရ်ကို ရေဝတမထေရ်က သင့်တင့်လျောက်ပတ် တရသောအရပ်၌ ထိုင်နေစေပြီး၍ ဆုံးမတော်မူလိုသောကြောင့်။ ငါ့ရှင်၊ ရဟန်းမည်သည် အခါခပ်သိမ်း ကာလပတ်လုံး တံမြက်ကိုလှဲသဖြင့် လှည့်လည်ခြင်းငှါ မအပ်။ နံနက် စောစောကပင်လျှင် တံမြက် လှဲပြီးသော်၊ ဆွမ်းခံ လှည့်လည်၍ ဆွမ်းခံရွာမှ ဖဲသဖြင့် လာရောက်ပြီးသော အခါ ညဥ့်သန့်ရာ၌ရင်း, နေ့သန့်ရာ၌ရင်း, ထိုင်နေသဖြင့်၊ ဒွတ္တိံသာ ကာရကို သရဇ္ဈာယ်၍ ခန္ဓာကိုယ် အတ္တဘော၌ ခယဝယကို ထင်စေ ပြီးလျှင်၊ ညနေချမ်းသောအခါ၌ထ၍ တံမြက်လှဲခြင်းငှါ အပ်၏။ အမြဲမပြတ် အခါ ခပ်သိမ်း ကာလပတ်လုံး တံမြက်မလှဲမူ၍ မိမိ၏ အခွင့်အခါ မည်သည် ကိုလည်း ပြုအပ်ပေ၏ဟု မိန့်တော်မူ၏။

ထိုသမ္မဇ္ဇနမထေရ်သည် ရေဝတမထေရ်၏ ဆုံးမဩဝါဒ၌ တည်၍ မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏၊ထိုထိုသော အရပ် ဌာနသည် အမှိုက်တို့ဖြင့် ကျရောက်ရှုပ်ထွေးသည် ဖြစ်၏။

## များစွာသောသူတို့ သောတာပန်ဘည်ခြင်း။

ထိုအခါ သမ္မဇ္ဇနမထေရ်ကို ရဟန်းတို့က ငါ့ရှင် သမ္မဇ္ဇနမထေရ်၊ ထိုထိုသို့သော အရပ်သည် အမှိုက်တို့ ကျရောက်ရှုပ်ထွေး၍နေ၏၊အဘယ် ကြောင့် တံမြက်မလှဲသနည်း ဟု ပြောဆိုကြကုန်၏၊ အရှင် ဘုရားတို့၊ တပည့်တော်သည် မေ့လျော့သောအခါ၌ ဤသို့ ပြုအပ်ပါသည်၊ ဤယခု အခါ၌မူကား မမေ့မလျော့သည် ဖြစ်ပေသည်ဟု လျှောက်၏၊ ရဟန်း-တို့က ဤမထေရ်သည် ငါတို့ ပြောဆိုအပ်သည်မှတပါး အခြားဖြစ်သော အရဟတ္တဖိုလ် စကားကို ပြောကြား ဖြေဆိုဘိသည်ဟု မြတ်စွာဘုရား သခင်အား လျှောက်ကြားကုန်၏။

ဘုရား ကိုယ်တော်မြတ်က ချစ်သားရဟန်းတို့၊ ဩော်-ဟုတ်ပေ၏။ ငါ၏သားတော်သည် ရှေးမေ့လျော့စဉ်အခါ၌ တံမြက်လှဲ၍လှည့်လည်၏။

ဤယခုအခါ၌ကား မဂ်,ဖိုလ်တည်းဟူသော ချမ်းသာဖြင့် လွန်စေလျက် နေသည်ဖြစ်သောကြောင့် တံမြက်မလှဲလေသည် ဟု မိန့်တော်မူပြီး၍-

ယော ပုဗ္ဗေဝ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်သေကုန်၏။

**အနက်အား**။ ။ယောဘိက္ခု၊အကြင်ရဟန်းသည်။ ပုဗ္ဗေဝ၊ရှေးဦးကသာလျှင်။ ပမဇ္ဇိတွာ၊ မေ့လျော့၍။ ပစ္ဆာ၊ နောက်၌။ နပ္ပမဇ္ဇတိ၊ မမေ့မလျော့၊ သောဘိက္ခု၊ ထိုရဟန်းသည်၊ အဗ္ဘာ၊ ဖုံးကွယ် မြူးယှက်တတ်သော တိမ်တိုက်မှ။ မုတ္တော၊လွတ်ထွက်သော။ စန္ဒိမာ၊ သသကိန်ဘ်၊ ယုန်ပြာသာဒ်လ ဗိမာန်သည်။ဣမံလောကံ၊ဤသြကာသလောကကို။ပဘာသေတိဣဝ၊ ဘောက်ပ ထွန်းလင်းစေသကဲ့သို့။ ဣမံ လောကံ၊ ဤခန္ဓာစသော လောကကို။ ပဘာသေတိ၊ ပညာတန်းဆောင်၊ ဉာဏ်အရောင်ဖြင့်၊ မှောင်မရှိရ၊တောက်ပထွန်းလင်းစေ၏။ ။ဤကားအနက်။

ဓမ္မပဒ လောကဝဂ်၌ ငါးခုမြောက်ဖြစ်သော သမ္မဇ္ဇနမထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၃-လောကဝဂ်။ ၆-အင်္ဂုလိမာလမထေရ်၏ဝတ္ထု။

**ယဿ ပါပံ**။ ။အစရှိသော၊ သုတ္တန် ဒေသနာ၊ ပါ၌ ဂါထာဟု၊ ဒေသနာစကား၊နှုတ်တော်ထွက်ကို၊ အမျက်ကြမ်းကြုတ်၊ သတ်ပုတ်ညှဉ်းဆဲ၊ လွန်ကဲသော ဒေါသရှိသော သတ္တဝါကို၊ကောင်းစွာဆုံးမ၊ ထိုဒေါသအမျက်ကို၊ ဖျက်ဆီးတော် မူဘတ်သော၊ လူ,နတ်,ဗြဟ္မာ၊ မုနိထွဋ်ထား၊ ဘုရားသခင်သည်၊ ပြည်ခွင်ဘုမ္မိ၊ သာဝတ္ထိ တောင်စွန်၊ ဇေတဝန် ရွှေကျောင်း၌၊ ကိန်းအောင်း စံပယ်တော် မူသောကာလ၊ အင်္ဂုလိမာလ အမည်ရသော မထေရ်မြတ် တပါးကို၊ အကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အညှာ့ပွတ္တိ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ဤအရှင်အင်္ဂုလိမာလမထေရ်သည် သာဝတ္ထိပြည်ကြီးကို အစိုးရတော်မူသော ပသေနဒိ ကောသလ မင်းမြတ်၏ ပုရောဟိတ် ပုဏ္ဏားကြီး၏ ခင်ပွန်းမဖြစ်သော မန္တာဏီ အမည်ရှိသော ပုဏ္ဏေးမ၏ဝမ်း၌ ပဋိသန္ဓေ တည်နေစွဲယူလေ၏၊ ပုဏ္ဏေးမသည် အစဉ်အတိုင်းအားဖြင့် ပဋိသန္ဓေကို ကောင်းစွာ စောင့်ရှောက်ရွက်ဆောင်လျက် အချိန်ကာလ ပြည့်ဝခြင်းသို့ ရောက်သည် ရှိသော်၊ ညဉ့်အခါ၌ ကိုယ်ဝန်မှ ထမြောက် ဖွါးမြင်ခြင်း ဖြစ်ပေ၏။ ထိုသူငယ်၏ အမိဝမ်းမှ ဖွါးမြင်ထွက်ရောက်သော အခါဝယ် အလုံးစုံသော မြို့တော်၌ လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ပ ကုန်၏။ မင်္ဂလာကိုပြုလျက် ကြက်သရေရှိသော အိပ်ရာ၌ ကောင်းမွန်စွာ ထားအပ်သော မင်းကြီး၏ လက်စွဲတော် သန်လျက်သည်လည်း အလျှံ ပြောင်ပြောင် တောက်ပ၏။

### ပုရောဟိတ်ပုဏ္ဏား။

ပုဏ္ဏားကြီးလည်း အိမ်မှထွက်၍ ကောင်းကင် အထက် နက္ခတ်ကို ကြည့်ရှုသည်ရှိသော်၊ ခိုးသူ၏ နက္ခတ်ဖြင့် ဖွါးမြင်လာသည့် အဖြစ်ကို သိ၍ နံနက်မိုးသောက် လင်းစင်ခြင်းသို့ ရောက်သည်ရှိသော်၊ ညီလာ သဘင် အခစား ဝင်ရာဖြစ်သောအခါ၌ မင်းကြီး၏ အထံသို့သွား၍ ကောင်းမွန် သက်သာ ချမ်းသာစွာ အိပ်ပျော် စက်တော် ခေါ်ရသည့် အဖြစ်ကို မေး- လျှောက်၏။

မင်းကြီးက "ဆရာပုဏ္ဏား၊ငါအား အဘယ်မှာ ချမ်းသာစွာ အိပ်ပျော် စက်တော် ခေါ်နိုင်ပါအံ့နည်း။ငါ၏ မင်္ဂလာ လက်နက်တော်သည် အရောင် ပြောင်ပြောင် တောက်ပ၏၊ တိုင်းပြည်စိုးလစ် မင်းအဖြစ် အားသော်၎င်း, အသက်ဇီဝိတ်ဌြေ အားသော်၎င်း, တစုံတခုသော အန္တရာယ် ငြိတွယ် ကျရောက် ဖြစ်ပေါ်လိမ့်မည် အောက်မေ့ မှတ်ထင်ပေသည်"ဟု မိန့်တော် မူ၏၊ ပုရောဟိတ်ပုဏ္ဏားက။ အရှင်မင်းမြတ်၊ စိုးရိမ်၍ ကြောင့်ကြတော် မမူပါလင့်။ အကျွန်ုပ်၏အိမ်၌ သူငယ်ကို ဖွါးမြင်ပါသည်၊ ထိုသူငယ်၏ အာနုဘော်ကြောင့် ဖြစ်ပါသည်။ အရှင်မင်းမြတ်၊ သက်သက်သော်ကား

အရှင်မင်းမြတ်၏ နန်းအိမ်တော်၌သော လက်နက်တို့သည် အလျှံပြောင်-ပြောင် တောက်ပသည် မဟုတ်သေး၊ အလုံးရုံမြို့၌ ရှိကုန်သော လက်နက်တို့သည် အလျှံပြောင်ပြောင် တောက်ပကုန်၏ဟု လျှောက်၏။

ဆရာ၊အသို့ ဖြစ်လတ္တံ့နည်းဟု မေးတော်မူပြန်သည် ရှိသော် အရှင်မင်းမြတ်၊ခိုးသူ ဖြစ်ပါလိမ့်မည်ဟု လျှောက်၏။အသို့နည်း။ တယောက်တည်းလှည့်လည်သော ခိုးသူကြီးတည်း ဖြစ်အံ့လော။ သို့တည်းမဟုတ်၊ ကြမ်းကြုတ်ခက်ထန်စက် တိုင်းပြည်ကိုဖျက်အံ့သော ခိုးသူတည်းဖြစ်အံ့လော ဟု မေးတော်မူပြန်သဖြင့်။ အရှင်မင်းမြတ်၊ တယောက်တည်းလှည့်လည်သောခိုးသူ ဖြစ်ပါလိမ့်မည်ဟု လျှောက်၏။ဤသို့လျှောက်ပြီးမှ မင်းကြီး၏ စိတ်နှလုံးကို ယူကြိုးနှစ်သက် စေလိုသောကြောင့်။ အရှင်မင်းမြတ်၊ဖွါးစအရွယ် ထိုသူငယ်ကလေးကို ယူဆောင် ကွပ်မျက်တော် မူကြပါကုန်လော့ဟု လျှောက်၏။

### အဟိံသက လုလင်။

အချင်းပုရောဟိတ် ပုဏ္ဏားကြီး၊တယောက်တည်း လှည့်လည်သော ခိုးသူဖြစ်ခဲ့မူကား အသို့ပြုအံ့နည်း။ မင်းပယ်တထောင်မျှ လောက်သော လယ်၌ တခုသော သလေးနှံကဲ့သို့ ဖြစ်ပေအံ့သောည်း။ ထိုသူငယ်ကို ကောင်းစွာပြုပြင် သုတ်သင်ကျွေးမွေးကြ ကုန်လော့ဟု မိန့်တော်မူ၏။ ထိုသူငယ်အား အမည်မှည့်အံ့သောနေ့၌ အိပ်ရာ၌ထားအပ်သော မင်္ဂလာသံလျက်သည်၎င်း၊ ဝါဂွမ်းစိုင်အထက်၌ ထားအပ်သော ထား စသော လက်နက်တို့သည်၎င်းအရောင်ပြောင်ပြောင်တောက်ပကုန်သော်လည်းတစုံတယောက်သောသူကိုမျှ မထိပါးမညှဉ်းဆဲကုန်၊ထိုကြောင့်ထိုသူငယ်အား အဟိံသကဟူသောအမည်ကို ပြုကြကုန်၏။ ထိုသူငယ်သည် အရွယ်ကြီးမြောက် အတတ်ပညာသင်ချိန်သို့ရောက်သောအခါ၌ အတတ်ပညာကို ကောင်းစွာ သင်ယူစိမ့်သော၄ါ တက္ကသိုလ်တိုင်းပြည်သို့ စေလွှတ်ကြကုန်၏။

ထိုအဟိံသကလုလင်သည် အတတ်ပညာတည်းဟူသော အတွင်းနေတပည့်ဖြစ်၍ အတတ်ပညာကိုသင်ယူစေ၏။ ထိုအဟိံသကလုလင်သည် ဆရာ၌ ပြုဘွယ်ဖြစ်သော ဝတ်ကြီးဝတ်ငယ်တို့ကို ပြည့်စုံအောင် ပြုရ

သောကြောင့်၊ဆရာကြီးသည် အလွန်ချစ်ခင်မြတ်နိုးခြင်း ဖြစ်ပေ၏၊ကြွင်းကျန်သော အတွင်းနေတပည့်တို့သည် အပြဖြစ်ကုန်၏။

## မကောင်းကြံသော ကျောင်းသားများ။

ထိုတပည့်တို့သည် အဟိံသကလုလင်၏ လာရောက်သော ကာလမှစ၍၊ ငါတို့ကို ပြောဆိုသုံးမခြင်း မထင်မြင်ကုန်၊ အဟိံသက လုလင်ကို ဆရာကြီးနှင့် အချစ်ပျက်စိမ့်သော၄ါ အဘယ်သို့ ခွဲပျက်ကုန်အံ့နည်း ဟု စည်းဝေးရထိုင်၍ တိုင်ပင်ကြကုန်သည်ရှိသော်၊ အလုံးစုံသောငါတို့ထက် ပိုလွန်ထက်မြက်သော ပညာရှိသောကြောင့်၊ ပညာမဲ့သည် ဟူ၍လည်း ပြောဆိုဂုံးချောခြင်း၄ါ မတတ်ကောင်း၊ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသည့် အဖြစ်ကြောင့်၊ ဝတ်ကြီးဝတ်ငယ် မပြည့်စုံဟူ၍လည်း ပြောဆိုဂုံးချောခြင်း၄ါ မတတ်ကောင်း၊ အမျိုးမြင့်မြတ် ဇာတ်နှင့် ပြည့်စုံသည့် အဖြစ်ကြောင့်၊ယုတ်သောအမျိုးဇာတ် ရှိသည်ဟူ၍လည်း ပြောဆိုဂုံးချောခြင်း၄ါမတတ်ကောင်း။ ဤသို့ဖြစ်ခဲ့သော် အဘယ်သို့ပြုကုန်အံ့နည်းဟု ထပ်၍ တဖန် တိုင်ပင်ကြပြန်သည်ရှိသော်၊ ထိုနောက်မှ ကြမ်းကြုတ်ခက်ထန်သော ဆရာ၏ အန္တရာယ်ကို ပြုလုပ်သည်ဖြစ်၍၊ ဆရာ၏မယားနှင့် ဖြစ်မှားခြင်းကို ပြုသည်ဟု ပြောဆိုဂုံးချောပြီးလျှင်၊ ထိုအဟိံသကကို ခွဲဖြတ်ဖျက်ဆီးကုန်အံ့ဟု တိုင်ပင်ကြကုန်၏။

ထိုနောက်မှ တပည့်တို့သည် အစုအစုပြုလုပ် စည်းဝေး၍၊ ရှေးဦးစွာသောတပည့်အစုတို့သည် ဆရာကိုချဉ်းကပ်၍ ရှိခိုးချပ်တည်ကြကုန်၏။ အမောင်တို့၊ အကြောင်းအသို့နည်းဟု မေးသည်ရှိသော်၊ဤအိမ်၌ တခုသောစကားကို ကြားရပါကုန်သည်ဟု ပြော၏။အမောင်တို့၊ အဘယ်သို့ကြားသနည်းဟု မေးသဖြင့် အဟိံသကလုလင်သည် အရှင်ဆရာတို့၏ အကြား၌ ခင်ပွန်းမ,မယားနှင့် ဖြစ်မှားလွန်ကျူးသည် မှတ်ထင်ကြသည်ဟု ကြားရကြောင်းကို ပြော၏။

ဆရာကခြိမ်းချောက်၍ သူယုတ်မာတို့၊သွားကြကုန်လော့။ ငါ၏သားကို ငါ၏အကြား၌ အချစ်ကို မဖျက်ဆီးကြကုန်လင့် ဟု ပြောဆို၍ ငင်ထွေးထွေးလိုက်၏၊ထိုနောက် ဤမှတပါးလည်းဖြစ်ကုန်သော သုံးဦးကုန်သော တပည့်အစုတို့သည်လာရောက်၍၊ရှေးနည်းအတူသာလျှင်ပြောဆိုပြီးသည့်

ကာလ။ အရှင်ဆရာမြတ်၊ အကျွန်ုပ်တို့၏ စကားကို မယုံကြည်တော်မူသည်ရှိသော်၊ ဖူးစမ်းဆင်ခြင်တော်မူ၍ သိတော်မူပါ ကုန်လော့ ဟု ပြောဆိုကြကုန်၏။

## အဟိံသကလုလင်ကို သတ်ရန်ကြံစည်သော ဆရာကြီး။

ဆရာကြီးသည် မိမိ၏ခင်ပွန်းမယားက အဟိံသက သတို့သားကို ချစ်ခင်သဖြင့် ပြောဆိုခိုင်းစေသည်တို့ကို မြင်၍၊ "ဤသူတို့သည် နှီးနှော စပ်ယှက်ယောင်တကား" ဟု အချစ်ပျက်ပြီးလျှင်၊ အဟိံသကသတို့သားကို သတ်ပေအံ့ဟု ကြံ၏။ ထိုနောက် ဆင်ခြင်ပြန်သည်မှာ "အကယ်၍ငါသည် ဤသတို့သားကို သတ်ခဲ့သည်ဖြစ်အံ့။ ဒိသာပါမောက္ခ ဆရာကြီးသည် မိမိ၏အထံသို့ အတတ်သင်ယူခြင်းငှါ လာရောက်ကုန်သော သူငယ်တို့ကို အသေးဖြစ်စေပြီးသည့်ကာလ၊ ဇိဝိတ်ခြွေအသက်မှ ပယ်ဖျက်ချသော်လေဘိသည်ဟု အရှိန်အစော် မဲ့ခြင်းဖြစ်၍၊ တဖန် တရံတယောက် မျှသော သူသည်အတတ်ပညာကိုသင်ယူခြင်းငှါ ငါ၏ထံမှောက်သို့ မလာမရောက် ပေလတ္တံ့။ ဤသို့မလာမရောက်သည်ရှိသော်၊ ငါ့အား လာဘ်ပူဇော်သက္ကာရ ဆုတ်ယုတ်ခြင်းဖြစ်ပေလတ္တံ့၊ ထိုသို့ မပြုလုပ်မူ၍၊ အဟိံသကသတို့သားကို အတတ် ပြီးဆုံးအံ့သော ဥပစာရဟု လှည့်ပတ်ပြောဆို၍၊ ခရီးသွား လူတထောင်ကို သတ်လေလော့ဟု ပြောဆိုအံ့။ ထိုခရီးသွား လူအပေါင်း တို့တွင် တရံတယောက်သောသူသည် ပြန်လှန်ထမြောက်၍၊ ထိုအဟိံ သကသတို့သားကို သတ်ပေလတ္တံ့" ဟု ကြံစည်အောက်မေ့၏။

## ဆရာကြီး၏ ခိုင်းစေချက်။

ထိုနောက် အဟိံသကသတို့သားကိုခေါ်၍။ ချစ်သား အဟိံသက၊ လာလှည့်လော့။ ခရီးသွား လူတထောင်ကို သတ်လေလော့။ ဤသို့သတ် အပ်သည်ရှိသော်၊ အသင့်အား အတတ်၏ဥပစာရကို ပြုအပ်သည်ဖြစ်ပေ လိမ့်မည်ဟု ပြော၏။ ဆရာမြတ်၊ အကျွန်ုပ်အား သူတပါးတို့ကိုမညှဉ်းဆဲ အပ်သောအမျိုး ဖြစ်ပါသည်။ ခရီးသွားလူတို့ကို သတ်ခြင်းငှါ မစွမ်းနိုင် ပါဟု ပြော၏။

ချစ်သားအဟိံသက၊ မရအပ်သော ဥပစာရရှိသော အတတ်သည် အကျိုးတို့ကိုမပေးနိုင်ဟု ပြောဆိုသဖြင့်၊ ထိုအဟိံသက သတို့သားသည်

ငါးပါးသော လက်နက်တို့ကို ယူပြီးလျှင်၊ဆရာကိုရှိခိုး၍ တောအုပ်သို့ဝင်ရောက်ပြီးသည့်ကာလ၊ တောအုပ်သို့ဝင်ရာအရပ် တောအုပ်မှထွက်ရာအရပ်၌ငုံ့ ဆိုင်းပုန်းအောင်းရပ်တည်၍လူတို့ကိုသတ်၏။အဝတ်ကိုသော်၎င်း၊ ဥဒ္ဒြီးရစ်ကိုသော်၎င်း တစုံတခုကိုမျှမယူ။ တယောက်သောသူ, နှစ်ယောက်သောသူတို့ကို သတ်အပ်လေ့ပြီးမှ ထုတ်ယူခြင်းမျှာ်ိသော ပြုလျက်သွား၏။ ရေတွက်ခြင်းကိုလည်း မှတ်သား လေ့ကျက်၍ မထားမိ။

ဤအဟိံသကသတို့သားသည် ပကတိအားဖြင့်လည်း ပညာရှိသောသူပေတည်း။ ယင်းသို့ပင် ပညာရှိသော်လည်း သူတပါး၏ အသက်ကိုပယ်ဖျက်သတ်ချရသော ပါဏာတိပါတကို ပြုသောသူ့အား စိတ်သည်မတည်ကြည်။ ထိုကြောင့် အဟိံသကသတို့သားသည် အစဉ်အတိုင်းအားဖြင့် အရေအတွက်ကိုသည်း မမှတ်သားမိ၊တခုတခုသော လက်-ချောင်းကိုဖြတ်၍ ချထားရေတွက်ပါသော်လည်း ထားရာအရပ်၌ လက်-ချောင်းတို့ ပျက်စီးပျောက်ရှ ကုန်၏။ ထိုနောင်မှ ကြိုးဖြင့် ထိုးဖေါက်၍ လက်ချောင်းပန်းကုံးကို ပြုပြီးလျှင် ယူဆောင်၏။ထိုသို့ ယူဆောင်သောကြောင့်သာလျှင် အဟိံသက သတို့သားအား အင်္ဂုလိမာလ ဟူသော အမည်သည် ထင်ရှားဖြစ်၏။

## အင်္ဂုလိမာလကြောင့် ရွာတွေပျက်စီးကုန်ခြင်း။

ထိုအင်္ဂုလိမာလသည် အလုံးစုံသော တောအုပ်ကို လူတို့လှည့်လည်သွားလာခြင်းပြုသည်ကို ကင်းပြတ်စေ၏။ထင်းအစရှိသည်တို့၏ အကျိုးငှါ တောသို့သွားရောက်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် တစုံတယောက်မျှမရှိ။ညဉ့်အခါ၌ ရွာတွင်းသို့ ဝင်လာပြီးသော်၊ ခြေဖြင့် ကျောက်ကန်ပုတ်ခတ် တံခါးကိုဖွင့်လှပ်၏။ထိုနောက် တံခါးကိုဖွင့်လှပ်ပြီးသည်နှင့် တပြိုင်နက်သာလျှင်သတ်၍ တယောက်ယောက်သောသူကို ယူပြီးသည့်ကာလ သွား၏။ရွာ၌ တည်ကြကုန်သော လူများအပေါင်းတို့သည် ချမ်းသာ ခြင်းငှါမစွမ်းနိုင်သောကြောင့်၊ စုရုံးစည်းဝေး၍ နိဂုံး၌ပေါင်းဆုံ တည်နေကြကုန်၏။

တဖန် နိဂုံးသည်လည်း တည်တန့်ခြင်းငှါ မစွမ်းနိုင်သောကြောင့်၊မြို့၌ပေါင်းဆုံစုဝေးတည်လာကုန်၏။ လူတို့သည် သုံးယူဇနာမှစ၍၊အိမ်တို့ကို

စွန့်ပစ်ပြီးသည့်ကာလ၊ သုံငယ်တို့ကိုလက်တို့၍ ကိုင်ဖွဲ့ပြီးသော်လာခဲ့ကြ၍ သာဝတ္ထိပြည်ကြီးကို ရုံပြီးလျှင်၊ သစ်ခက်တဲအိမ်ကို ဖွဲ့နေပြီးမှမင်းချင်ပြင်၌ ရချုံးစည်းဝေး၍၊ အရှင်မင်းမြတ်၊ အရှင်မင်းမြတ်၏ တိုင်းပြည်၌ အင်္ဂုလိမာလ အမည်ရှိသော ခိုးသူသည် လူတို့ကိုသတ်ဖြတ် ရွာအရပ်တို့ကို ဖျက်ဆီး၍ ပျက်စီးလွန်ကဲသော ဆင်းရဲဒုက္ခကို တွေ့ကြုံကြရ ပါကုန်ပြီ။ ဘုန်းတော်ကြီးတော်မူသော အရှင်မင်းမြတ်သည် တိုင်းပြည်သူ တိုင်း-ပြည်သားတို့အား သနားကြင်နာတော်မူပါသဖြင့်၊ ခိုးသူ၏ရန်ကို ပယ်-လှန်နှိမ်နင်း ဖျက်ဆီးတော်မူပါကုန်လော့ဟု ဟစ်အော်ကုန်သျက် ငိုကြွေး မြည်တမ်းကြကုန်၏။

## အင်္ဂုလိမာလ မိခင်။

ပုရောဟိတ်ပုဏ္ဏားက အင်္ဂုလိမာလခိုးသူဟူသည် ငါ၏သား အဟိံသကဖြစ်ပေလိမ့်မည်ဟု သိ၍၊မယားပုဏ္ဏေးမကို။ ဒိုအရှင်မ၊ အင်္ဂုလိ-မာလမည်သော ခိုးသူသည် ယခုဖြစ်ပေါ်၍နေသည်၊ထိုအင်္ဂုလိမာလခိုးသူသည် တပါးသောသူမဟုတ်။ အသင်၏သား အဟိံသကပင်တည်း။ ဤယခုအခါ၌ ပြည့်ရှင်မင်းမြတ်သည် ထိုအသင်၏သားခိုးသူကိုဖမ်းယူခြင်းငှါထွက်တော်မူသတ္တံ့။ အသို့ပြုအံ့နည်းဟုပြော၏၊ အရှင်ချစ်လင်၊ဤသို့ဖြစ်ခဲ့လျှင် သွားတဲ့ပါချေ။ ကျွန်ဘော်မ၏သားကို ခေါ်ယူ၍ ပေးပါလော့ဟု ပြော၏ ချစ်နှမ၊ငါသည် သွား၍ခေါ်ယူခြင်းငှါ မဝံ့ဟု ပြော၏။

မိခင်တို့၏နှလုံးမည်သည်ကား သားသမီးတို့၏အပေါ်၌ အလွန်နူးညံ့သိမ်မွေ့သည် ဖြင်ပေ၏။ ထိုကြောင့် ပုဏ္ဏေးမသည် အမောင်ချစ်သင်၊ အသင်မသွားဝံ့ခဲ့သည်ရှိသော်၊ ကျွန်တော်မ၏သားကို ကျွန်တော်မသွား၍ ခေါ်ဆောင်ပါတော့မည်ဟု ပြောဆို၍ ထွက်သွား၏။

ထိုနေ့မိုးသောက်ယံ၌ မြတ်စွာဘုရားသခင်သည် လောကကိုကြည့်ရှု တော်မူသည်ရှိသော်၊ အင်္ဂုလိမာလခိုးသူကို မြင်တော်မူ၍ "ငါဘုရား ကြွသွားသည် ရှိသော်၊ ထိုခိုးသူအား ချမ်းသာခြင်း ဖြစ်ပေလတ္တံ့။ ရွာ မဟုတ်သောတောအုပ်၌တည်လျက်လေးပါဒရှိသောဂါထာကိုကြားနာရ၍၊ ငါဘုရား၏အထံ၌ ရဟန်းပြုပြီးလျှင် ခြောက်ပါးသော အဘိညာဉ်တို့ကို မျက်မှောက်ပြုရလတ္တံ့။အကယ်၍ ငါဘုရားမကြွသွားသည် ဖြစ်အံ့၊အမိ၌

ဖြစ်မှားသတ်ဖြတ်၍ သံသရာဝဋ်ဒုက္ခမှ မထုတ်ဆောင် မကယ်တင်နိုင်သည်ဖြစ်ပေလတ္တံ့။ ထိုခိုးသူအား ငါဘုရားသည်ချီးမြှင့်ခြင်းကို ပြုအံ့" ဟု ကြံတော်မူ၍၊ နံနက်အခါ၌ သင်္ကန်းကို ဝတ်ရုံ၍ သပိတ်သွမ်းအသွယ်ပြီ လှည့်လည်ကြွဝင်ပြီးသော်၊ ပြုအပ်ပြီးသော ဆွမ်းစားခြင်းကိစ္စ ရှိသည်ဖြစ်၍ ထိုခိုးသူအား ချီးမြှင့်လိုသည် ဖြစ်သောကြောင့် ကျောင်းတော်မှ ထွက်ကြွတော်မူခဲ့၏။

## အင်္ဂုလိမာလ မြတ်စွာဘုရားနှင့်တွေ့ခြင်း။

အင်္ဂုလိမာလ ခိုးသူသည်လည်း မြင့်ရှည်စွာသော နေညဥ့်ပတ်လုံး မကောင်းသော ဘောဇဉ်အာဟာရကို စားသောက်၍ နေရသဖြင့်၎င်း၊ ယုတ်ကြမ်းလှစွာသော အိပ်ရာနေရာ၌ ဆင်းရဲငြိုငြင်စွာ အိပ်နေရ သဖြင့်၎င်း ငြီးငွေ့ဆန့်ကျင်ခြင်း ဖြစ်လေ၏။ "အဘယ်မျှလောက်သော လူကို သတ်ဖြတ်အပ်လေ ပြီနည်း"ဟု ရေတွက်စိစစ်ကြည့်ရှုသည် ရှိသော်၊ တယောက်ယုတ် တထောင် ကုန်သော လူတို့ကို သတ်အပ်ပေပြီ ဟု ရေတွက်ကြည့်ရှု၏။

အင်္ဂုလိမာလ ခိုးသူသည် ဤယခုအခါ၌ တယောက်သောသူကိုရ၍ တထောင်ပြည့်ပေလတ္တံ့ဟု အမှတ်ရှိသည်ဖြစ်၍၊ အကြင်သူကို ငါသည် ရှေးဦးစွာမြင်၏၊ ထိုသူကိုသတ်ပြီးလျှင် အရေအတွက်ကို ဖြည့်ပြီးသော်၊ အတက်၏ဥပစာရကိုပြု၍ ဆံမုတ်ဆိတ်ကို ရိတ်ချပယ်၍၎င်း ရေချိုးသုံးသပ်ပြီးသည့်ကာလ ကောင်းမွန်စွာသော အဝတ်တို့ကို လဲလှယ်ဝတ်ဆင်၍၊ မိခင်ဘခင်တို့ကို ကြည့်ရှုဖူးမြင်ရတော့အံ့"ဟု ကြံပြီးလျှင်၊ တောအုပ်၏ အလယ်မှ တောအုပ်သို့လာခဲ့၍ တခုသောအရပ်၌ ရပ်တည်ကြည့်ရှုသော အခါ မြတ်စွာဘုရားသခင်ကို မြင်လေ၏။

မြင်လျှင်မြင်ချင်း ပြင်းထန်လျှင်မြန်စွာ ပြေးလိုက်၏။ မြတ်စွာဘုရား သခင်သည် ၃ယူဇနာတလင်းအပြင်ကိုပြု၍ ကိုယ်တော်သည်အလယ်၌ ဖြစ်၏။ ခိုးသူသည် အစွန်း၌ဖြစ်၏။ ထိုအင်္ဂုလိမာလသည် ဤယခုအခါ၌ထိုရဟန်းကို မှီအောင်လိုက်၍ ဖမ်းတော့အံ့ဟု အားအစွမ်းကုန်လွှတ်သဖြင့် ပြေးလိုက်၏။ မြတ်စွာဘုရားသခင်သည် တလင်းကွင်းပြင် အဆုံး၌ ဖြစ်၏၊ အင်္ဂုလိမာလခိုးသူသည် ဤတလင်းကွင်းပြင်အလယ်၌ရောက်ရှိသည်ဖြစ်၏။ အင်္ဂုလိမာလသည် ဤတလင်းကွင်းပြင်၌ သာလျှင် ထိုရဟန်းကို အမှီလိုက်၍

ဖမ်းယူတော့အံ့”ဟု ကြံပြီးလျှင်၊လျင်စွာသောအဟုန်ဖြင့် ပြေးလိုက်ပြန်၏။ မြတ်စွာဘုရား သခင်သည် ထိုခိုးသူ၏ရှေ့မှ မြောင်းကိုရှင်း၊ တဘက် ဆည်ကန်ကိုရှင်း ပြတော်မူ၍၊ထိုသို့သော အကြောင်းဖြင့် သုံးယူဇနာ ရှိသောအရပ်တို့သို့ ခေါ်ဆောင်၍ ကြွတော်မူ၏။

အင်္ဂုလိမာလခိုးသူသည် ပင်ပန်းနွမ်းနယ်၍ ခံတွင်းခြောက် ကပ်၏။ကိုယ်တို့မှချွေးတို့သည်ကျထွက်ကုန်၏။ထိုအခါ အင်္ဂုလိမာလခိုးသူ အား "အိုရဟန်း၊ အသင့်အား အံ့ဩဘွယ် ရှိလေစွ”ဟု ဤသို့သော အကြံသည်ဖြစ်လေ၏။ ထိုနောက် "ထိုရဟန်းကိုဖမ်း၍ သတ်အံ့”ဟု ကြံ ပြီးလျှင်၊အိုရဟန်း၊ ရပ်ဦးလော့၊ရပ်ဦးလော့ဟု ပြော၏။ထိုအခါ ဘုရား ကိုယ်တော်မြတ်က ငါသည်ကား ရပ်တည်သည်သာလျှင်တည်း။ အသင် သည်သာလျှင် မရပ်ပေသည်ဟု ပြော၏။ ထိုအခါ အင်္ဂုလိမာလက "ဤရဟန်းသည် သွားလျက်နေသည်ကို ရပ်သည်မည်သည်ဟု ပြောဆို ဘိသည်။ငါသည် ရပ်တည်၍ နေပါလျက်ကို ရပ်တည်သည်မဟုတ်ဟု ပြောဆိုဘိသည်။ ဤရဟန်းကို ငါသည် မေးဦးအံ့”ဟု ကြံ၍၊အိုရဟန်း၊ အသင်သည် အဘယ်ကြောင့် ရပ်တည်သည် မည်သနည်း။ ငါသည် အဘယ်ကြောင့် ရပ်တည်သည် မမည်သနည်းဟု မေး၏။

## အင်္ဂုလိမာလ ပေဘိက္ခုရဟန်း ဖြစ်ခြင်း။

ဘုရားကိုယ်တော်မြတ်က "အချင်းအင်္ဂုလိမာလ၊ ငါသည် သတ္တဝါ တို့၌ထိပါးပုတ်ခတ် သတ်ဖြတ်ခြင်းဟု ဆိုအပ်သောဒဏ်ကိုပယ်၍၊သတ္တဝါ တို့၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်း, သည်းခံခြင်း, ပညာဖြင့် ဆင်ခြင် အောက်မေ့ခြင်း, မညှဉ်းဆဲမပုတ်ခတ်ခြင်း သာရဏီယ ကျင့်ဝတ်ဓမ္မတို့၌ တည်ပေ၏။ထိုကြောင့် ငါသည် ရပ်တည်သည် မည်၏၊ အသင်သည် သတ္တဝါတို့၌ ညှဉ်းဆဲပုတ်ခတ် သတ်ဖြတ်ခြင်းဟု ဆိုအပ်သော ဒဏ်ကို တင်၍၊ဤမှအတိုင်းအရှည်ရှိကုန်သော တထောင်ဇာကုန်သော သတ္တဝါတို့ကို သတ်ဖြတ်လျက်၊ သတ္တဝါတို့၌ မေတ္တာသက်ဝင် ချစ်ခင်ခြင်း၌ရှင်း၊သည်းခံ ခြင်း၌ရှင်း, မညှဉ်းဆဲမပုတ်ခတ်ခြင်း၌ရှင်း,သာရဏီယ ကျင့်ဝတ်တို့၌ရှင်း မတည်ပေ၊ ထိုကြောင့် အသင်သည် မရပ်တည်သောသူ မည်၏ ဟု မိန့်တော်မူ၏။

ထိုနောက် အင်္ဂုလိမာလခိုးသူသည် "ဤရဟန်းကား ခြင်္သေ့မင်းကဲ့သို့ ရဲရှင့်တည်ကြည် ကြီးကျယ်သောကြုံးဝါးခြင်းကို ကြုံးဝါး၏။ ဤရဟန်းသည် တပါးသောသူ မဖြစ်ပေသတ္တံ့။ မဟာမာယာ မိဖုယား၏ သားတော် ဖြစ်သော ရဟန်းမင်း ဖြစ်ပေလိမ့်မည်။ ထိုကြောင့်သာလျှင် ဤကဲ့သို့ ကြုံးဝါးခြင်းကို ပြုပေသည်။ ငါသည် ရဟန်းမင်းစစ် ဖြစ်တော်မူပေသော မြတ်စွာဘုရားသခင်ကိုဖူးမြင်ရချေပြီတကား။ ရဟန်းမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် ငါ့အားချီးမြှင့်သည်ကို ပြုခြင်းငှါ ကြွတော်မူလာချေသည်တကား"ဟု ကြံ၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်အား အရှင်မြတ်ကို မဖူးမြင်ရခြင်းသည် ကြာမြင့်လှလေပြီတကားဟု ဤသို့အစရှိသောစကားကို လျှောက်ကြား၍၊ ငါးပါးသော လက်နက်တို့ကို စွန့်ပစ်ပြီးလျှင်၊ ဘုရားသခင်ထံသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်၏။

ထိုအခါ မြတ်စွာဘုရားသခင်သည် ထိုအင်္ဂုလိမာလအား ရှေးရှေးသော အခါကာလက သီလရှိသောပုဂ္ဂိုလ်တို့အား ရှစ်ပါးသော ပရိက္ခရာဥစ္စာ ပစ္စည်း ချီးမြှင့်ပေးကမ်းသည့်အဖြစ်ကို သိမြင်တော်မူသောကြောင့်၊ ဆဒ္ဒန်ဆင်မင်း နှာမောင်းနှင့်တူသော လက်ျာလက်မောင်းတော်ကို ဆန့်တန်းတော်မူ၍-

ဧဟိ ဘိက္ခု၊ သွာခါတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တကိရိယာယ"။ ။

ဟူသောပါဠိဖြင့် မိန့်တော်မူ၏။

**အနက်ကား**။ ။ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလင့်။ သွာခါတော၊ ကောင်းစွာဟောတော်မူအပ်သော။ ဓမ္မော၊ တရားတော်ကို။ စရ၊ ကျင့်လေလော့။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လေလော့။ ။ ဤကားအနက်။

ထိုအင်္ဂုလိမာလသည် ဧဟိဘိက္ခု ခေါ်တော်မူသော မြတ်စွာဘုရား စကားတော်နှင့် တပြိုင်နက်သာလျှင် တန်းဆိုးဖြင့်ပြီးသော သပိတ်သင်္ကန်းကိုရလေ၏။ ထိုခဏ၌သာလျှင် လူ၏အသွင်ကွယ်ပျောက် ရဟန်းအသွင်

ထင်ရှားဖြစ်လေ၏။ ရဟန်းဖြစ်ပြီးသည်မှနောက်၌မြတ်စွာဘုရားသခင်သည် ထိုအင်္ဂုလိမာလရဟန်းကို နောက်လိုက် အလုပ်အကျွေး ရဟန်းပြုသဖြင့် သဒ္ဓိတ်သက်နိုးကိုယူစေ၍ ကျောင်းတော်သို့ ကြွတော်မူ၏။

မယ်တော်ဖြစ်သော မန္တာနီပုဏ္ဏေးမသည်လည်း ရှစ်ဥသဘမှလောက် သောတောအရပ်၌ အကြားမလပ် နှံ့စပ်အောင်ဖွေရှာလျက်။ ချစ်သား အဟိံသက၊ အဘယ်အရပ်၌ ရပ်တည်ဘိသနည်း။ အဘယ်အရပ်၌ ထိုင်နေဘိသနည်း။ အဘယ်အရပ်သို့ လှည့်လည်ဘိ သနည်း။ သင့်ေ- ကိုယ်ဝန်ကို ဆောင်လွယ်ပြီးသည့်ကာလ မွေးဖွါးခဲ့ရပေသည်။ အနန္တ ဂုဏ်အင် ကျေးဇူးရှင်ဖြစ်သော ငါမိခင်နှင့် အတူတကွ အသင်ချစ်သား သည် အဘယ်ကြောင့် စကားမပြောမဆိုလေ ပါသနည်းဟု ပြောဆို မြည်တမ်း လှည့်လည်လျက် မတွေ့မြင်သည်ရှိသော်၊ ဤအရပ်မှသာလျှင် ပြန်သွားလေ၏။

## ကောသလမင်းကြီး အင်္ဂုလိမာလဖမ်းရန် ထွက်တော်မူခြင်း။

သာဝတ္ထိပြည်ကြီးရှင် ဘုရင် ပသေနဒိ ကောသလ မင်းကြီးသည် စစ်သည်မိုလ်ပါတို့ကို ရုံးရုံးစီ၍ ခိုးသူကိုဖမ်းယူခြင်းငှါ မြို့မှထွက်လာခဲ့၍ မြတ်စွာဘုရား ကျောင်းတော်သို့ ရှေးဦးစွာဝင်သွား၏ ထိုမင်းကြီးသည် မြတ်စွာဘုရားကျောင်းတော်သို့ ဝင်သွားခြင်းမှာ မင်းကြီးသည် အင်္ဂုလိ မာလခိုးသူအား ရွံ့ကြောက်၏။ စိတ်ကမူကား သွားခြင်းငှါအလိုမရှိ။ သို့ပင် မသွားလိုသော်လည်း၊ သူတပါးတို့ကဲ့ရဲ့အပ်သည်မှ ကြောက်သဖြင့် ထွက်ကြွတော်မူ၏။ ထိုကြောင့်ပသေနဒိကောသလမင်းကြီးအား “ငါသည် မြတ်စွာဘုရား အထံတော်သို့ ရှေးဦးစွာဝင်ရောက် ထိုင်နေအံ့။ မြတ်စွာ ဘုရားသခင်ကအဘယ်ကြောင့် စစ်သည်မိုလ်ပါကိုယူ၍ ထွက်လာသနည်း ဟု မေးတော်မူလတ္တံ့။ ထိုသို့မေးတော်မူသောအခါ ငါသည်အကြောင်းကို ကြားလျှောက်အံ့။ မြတ်စွာဘုရား သခင်သည် ငါ့ကို သက်သက်သော တမလွန်လောက အကျိုးဖြင့်သာ ချီးမြှင့်တော်မူသည် မဟုတ်။ မျက်- မှောက်ပစ္စုပ္ပန် အကျိုးဖြင့်လည်း ချီးမြှင့်တော်မူသည် သာလျှင်တည်း။ ငါ့အားအကယ်၍ အောင်နိုင်လတ္တံ့သည်ဖြစ်အံ့။ မြတ်စွာဘုရား သခင်သည် တိတ်တဆိတ် သည်းခံတော် မူလတ္တံ့။ အကယ်၍ ရှုံးခြင်းဖြစ်လတ္တံ့

သည်ဖြစ်ခဲ့အံ့။ တကာတော် မင်းကြီး၊အသင်မင်းကြီးအား တယောက် သောခိုးသူကို အကြောင်းပြု၍သွားသဖြင့် အဘယ်အကျိုး ရှိအံ့နည်းဟု မိန့်ဆိုတော်မူလတ္တံ့။" ထိုသို့ မိန့်ဆိုတော်မူသည်ရှိသော်၊ လူများအပေါင်း သည်ငါ၊အား ပြည့်ရှင်မင်းကြီးသည် ခိုးသူကို ဖမ်းယူခြင်းငှါ ထွက်သွား ပါလျက် မြတ်စွာဘုရားသခင်သည် ဆုတ်နစ်ပြန်လည် စေတိသည်ဟု သိကြကုန်၍၊ ငါ၊အား ကဲ့ရဲ့ရှုတ်ချခြင်းမှ လွတ်ပေလတ္တံ့"ဟု ကြံ၍၊ မြတ်စွာ ဘုရားသခင် ကိုယ်တော် မြတ်၏ ထံသို့ ဝင်ရောက်လေ သတည်း။

ပသေနဒိကောသလမင်းကြီးသည် မြတ်စွာဘုရားသခင်ကို ကြည်လင် ညွတ်လျှိုး ရှိခိုးဦးချ ထိုင်နေ၏။ဘုရားကိုယ်တော်မြတ်က တကာတော် မင်းကြီး၊များစွာသော စစ်သည် ဗိုလ်ပါတို့ဖြင့် ရရုံးစည်းဝေးလျက် အတိ အရပ်သို့ သွားအံ့နည်းဟု မေးတော်မူသဖြင့်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အင်္ဂုလိမာလ အမည်ရသော ခိုးသူအား ဖမ်းယူခြင်းငှါ သွားလိုပါသောကြောင့် ထွက်လာပါသည် ဟု လျှောက်၏။ မြတ်စွာဘုရား သခင်က။ တကာတော်မင်းကြီး၊အင်္ဂုလိမာလ ခိုးသူသည် ဆံရိတ်ဆိတ်ကို ပယ်ချ၍ ဖန်ရည်စွန်းသော အဝတ်တို့ကို ဝတ်ရုံလျက်၊ ပါဏာတိပါတ-အစရှိသည်တို့မှ ကြဉ်ရှောင်သဖြင့် ကောင်းမြတ်သော အကျင့်ကို ကျင့် ပြီးသော်၊ အိမ်ရာထောင်သော လူ့ဘောင်မှ ခွါရှောင်ထွက်မြန်း ရဟန်း ပြုသည်ကိုအကယ်၍ တွေ့မြင်ခဲ့သည်ဖြစ်အံ့၊ထိုအင်္ဂုလိမာလကို အဘယ်သို့ ပြုမည်နည်းဟု မေးတော်မူ၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်သည် ရှိသေမြတ်နိုး ရှိခိုးလုပ်ကျွေးပါကုန်အံ့။ ခရီးဦးကြို့ဆို၍ နေရာဖြင့် ပင့်ဖိတ် ပါကုန်အံ့၊ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး-ဝ်လေးပါးသော ပစ္စည်းတို့ဖြင့် ချီးမြှင့်ပေးကမ်း လှူဒါန်းပါကုန်အံ့၊ ထိုအင်္ဂုလိမာလအား တရားအားလျော် သော်အစောင့်အရှောက်ဖြင့် လုံခြုံစွာ စောင့်ရှောက်စေခြင်းငှါ စီမံပါကုန်အံ့။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ယုတ်မာသော အကျင့် ရှိသော သီလအလျဉ်း ကင်းရှင်းသော ထိုခိုးသူအား ဤသို့သဘော ရှိသော သီလ စောင့်စည်းခြင်းသည် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း ဟု လျှောက်၏၊ ပြည့်ရှင်မင်းကြီးနှင့် မြတ်စွာဘုရားသခင်သည် စကား ပြော-

ဆိုသော ထိုအခါ၌ အရှင် အင်္ဂုလိမာလသည် မြတ်စွာဘုရား သခင်၏ အနီး၌ ထိုင်နေပေ၏။

## ဘုရင့်စစ်သည်တော်များ ထွက်ပြေးကြခြင်း။

ထိုအခါ မြတ်စွာဘုရားသခင်သည် လက်ျာလက်ရုံးတော်ကိုမြှောက်ချီတော်မူ၍ ပသေနဒိကောသလမင်းကြီးကို တကာတော် မင်းကြီး၊ထိုသူသည် အင်္ဂုလိမာလခိုးသူပင်တည်းဟု ညွှန်ကြားပြသ မိန့်ဆိုတော်မူ၏။

ထိုအခါ ပသေနဒိကောသလမင်းကြီးအား ကြက်သီးမွေးညှင်းထခြင်း, ကိုယ်ခက်ထရော်ရှိခြင်း, ရွံ့ကြောက် တုန်လှုပ်ခြင်းတို့သည် ဖြစ်လေ၏။ ကြွင်းကုန်သော လူများအပေါင်းတို့သည်လည်း ထိတ်လန့် ကြောက်ရွံ့ ကုန်သည်ဖြစ်၍၊လက်၌ ကိုင်ဆွဲအပ်သော လက်နက်တို့ကို ချလွှတ်စွန့်ပစ်၍ မိမိ,မိမိတို့ ရှေးရှုရာ အရပ်သို့သာလျှင် ပြေးသွားပြီးသော်၊ မြို့သို့ဝင်၍ တံခါးကို ပိတ်ပြီးမှ ပြအိုး,ပစ်စင်တို့သို့တက်၍ ကြည့်ရှုလျက် တည်နေ၏။ "အင်္ဂုလိမာလခိုးသူသည် ငါ့ထံသို့ မင်းကြီးဖမ်းယူခြင်းငှါလာလိမ့်မည် ဟု သိနိုင်၍ ရှေးဦးစွာ လာရောက်ပြီးလျှင် ဇေတဝန်ကျောင်းတော်၌နေလျက် မင်းကြီးကို ခိုးသူဖမ်းယူ၍ သွားလေပြီ။ ငါတို့သည်ကား ထွက်ပြေးလာ သောကြောင့် လွတ်ပေသည်"ဟု အချင်းချင်း ပြောဆိုကြကုန်၏။

## ပန္နည်းလေးပါး ဒါယကာခံခြင်း။

ထိုအခါ မြတ်စွာဘုရားသခင်သည် ပသေနဒိကောသလ မင်းကြီးအား ကြောက်ရွံ့ထိတ်လန့်တုန်လှုပ်ခြင်း, ကြက်သီးမွေးညှင်းထခြင်း,ဖြစ်သည်ကို သိတော်မူ၍၊ တကာတော် မင်းကြီး၊ မကြောက်မရွံ့လေထင့်။ အသင် မင်းကြီးအား ဤအင်္ဂုလိမာလမှ ဘေးမရှိပေပြီ ဟု မိန့်တော်မူ၏။

ထိုအခါ၌ မင်းကြီးအား ကြောက်ရွံ့ခြင်း' ကြက်သီးမွေးညှင်းထခြင်း, ကိုယ်ခက်ထရော် ဖြစ်ခြင်း,ငြိမ်းပျောက်၍ အရှင်- အင်္ဂုလိမာလအထံသို့ လာရောက်ချဉ်းကပ်၍ ညွှင်ပျပ်ဝပ်လျှိုး ရှိခိုးပြီးသော်။ အရှင် အင်္ဂုလိမာလ ဟူသည် အရှင်ဘုရားပေလော ဟု မေးလျှောက်၏။ တကာတော်မင်းကြီး၊ သြော်-ဟုတ်ပေ၏ဟု မိန့်ဆိုသဖြင့် အရှင်၏ဘခင်သည် အဘယ် အနွယ် ပါနည်း၊အရှင်၏မိခင်သည် အဘယ်အနွယ်ပါနည်း ဟု မေးလျှောက်၏။

တကာတော် မင်းကြီး၊ ငါ၏ဘခင်သည် ဘဂ္ဂဝ အနွယ်ဘည်း၊ ငါ၏ မိခင်သည် မန္တာနီ အနွယ် တည်းဟု ပြော၏။ အရှင်ဘုရား၊ အရှင်-မြတ်သည် ဘဂ္ဂဝပုရောဟိတ် ပုဏ္ဏား မန္တာနီပုဏ္ဏေးမသား ဖြစ်ခဲ့ပါမူ သာသနာတော်၌ မွေ့လျော်တော် မူပါ၏လော။ အရှင်မြတ်အား တကာ-တော်သည် သင်္ကန်း၊ဆွမ်း၊ကျောင်း၊သူနာ၏ အထောက်အပံ့ ဖြစ်သော ဆေး၊အသုံးအဆောင်တို့ကို လှူဒါန်း ချီးမြှင့် ကြောင့်ကြခြင်းကို ပြုပါအံ့ဟု ပင့်ဘိတ်လျှောက်ထား၏။

ထိုအခါ၌အရှင်အင်္ဂုလိမာလသည် အရညကင်ရတင့်၊ပိဏ္ဍပါတ်ရတင်၊ ပံသုကူရတင်၊ တိစီဝရိက်ရတင် ဆောက်တည်သည် ဖြစ်သောကြောင့် တကာတော် မင်းကြီး၊ ရှိစေတော့။ ငါ့အား သင်္ကန်း ပြည့်စုံပေပြီ ဟု မိန့်တော်မူ၏။ ·

ထိုနောက် ပသေနဒိကောသလ မင်းကြီးသည် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်၏ထံသို့ သွားရောက်ချဉ်းကပ် ရှိခိုး ထိုင်နေပြီးသော်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အံ့ဘွယ်ရှိလေစွ၊ မဖြစ်ဘူးမြဲ ဖြစ်လေစွ။ မြတ်စွာဘုရားသခင်သည် မယဉ်ကျေးသေသူကို ယဉ်ကျေး အောင် ဆုံးမတော် မူနိုင်ပါပေ၏။မငြိမ်းကေုန်သော သူတို့အား ငြိမ်းစေ ကုန်သည် ဖြစ်၍ ဆုံးမတော် မူနိုင်ပါပေကုန်၏။ ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား၊တကာတော်တို့သည် ဒဏ်ဖြင့်သော်၎င်း၊လက်နက် ဖြင့်သော်၎င်း၊ယဉ်ကျေးအောင် ဆုံးမခြင်းငှါ မစွမ်းနိုင်ပါကုန်။ ထိုအရာကို မြတ်စွာဘုရား သခင်သည် ဒဏ်ဖြင့်သော်၎င်း၊ လက်နက်ဖြင့်သော်၎င်း၊ မကူမဖက် သက်သက် ယဉ်ကျေးအောင် ဆုံးမတော် မူနိုင်ပါပေသည်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော် တို့သည် ပြုဘွယ်ကိစ္စများပြားလှသည် ဖြစ်သောကြောင့် ပြန်သွားပါကုန်ဦးအံ့ ဟု ပန်ကြား၏။

တကာတော်မင်းကြီး၊ ဤယခုအခါ၌ တကာတော်မင်းကြီးအား ပြန်-သွားအပ်သော အခါကာလကို သိလေလော့ဟု မိန့်တော်မူသဖြင့်၊မင်းကြီး သည် နေရာမှထ၍ မြတ်စွာဘုရား သခင်ကို ရှိခိုးပြီးသော် လက်ျာရစ် လှည့်လည်သည်ကိုပြု၍ ဖဲသွားလေ၏။

## ဆွမ်းအတွက် အခက်ကြုံခြင်း။

ထိုနောက် အရှင်အင်္ဂုလိမာလမထေရ်သည် နံနက်အခါ၌ သင်္ကန်းကို ဝတ်ရုံ၍ သပိတ်ကို ယူပြီးသော် သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူ၏။ လူတို့သည်လည်း အင်္ဂုလိမာလ မထေရ်ကို မြင်၍ ထိတ်လန့်လည်း ထိတ်လန့်ကုန်၏၊ ပြေးလည်း ပြေးကုန်၏၊ တံခါးကိုလည်း ပိတ်ကုန်၏၊ အချို့သောသူတို့သည် အင်္ဂုလိမာလတည်းဟု ကြားကာမျှဖြင့် သာလျှင် ထွက်ပြေး၍ တောသို့ ဝင်ကုန်၏။ အချို့သော သူတို့သည် အိမ်သို့ ပြေးဝင်၍ တံခါးကို ပိတ်ထားကုန်၏၊ ပြေးခြင်းငှါ မစွမ်းနိုင် ကုန်သော သူတို့သည် ကျောက်ကုန်းကိုပေး၍ တည်နေကုန်၏။ မထေရ် သည် တမှုတ်မျှသော ယာဂုကိုရင်း, တယောက်ချို မျှလောက်သော ဆွမ်းကိုရင်း မရ၊ ဆွမ်းဖြင့် ပင်ပန်း၏။

မြို့ပြင်၌မရသည်ရှိသော် မြို့တွင်းသည်ကား အလုံးစုံသော သူတို့နှင့် ဆက်ဆံ၏ ဟု နှလုံးသွင်း၍ မြို့တွင်းသို့ ကြွဝင်တော်မူပြန်၏။ အကြင် တံခါးဖြင့် မထေရ်ကြွဝင်တော်မူ၏။ ထိုတံခါး၌ အင်္ဂုလိမာလ လာသတည်း ဟု ကြား၍ အထွန့် တထောင်တို့၏ ကျိုးပြတ်၍ ကျအံ့သကဲ့သို့သော အကြောင်းသည် ဖြစ်၏။ ဤသို့သော အခြင်းအရာဖြင့် မထေရ်အား မျှလောက်ရုံမျှသော ဆွမ်း,ယာဂုကို မရသည်ဖြစ်၍ ပင်ပန်း နွမ်းနယ် လေ၏။

## မီးဖွါးခြင်း ဒုက္ခ။

ထိုနောက် ဖြစ်သော တနေ့သောအခါ၌ အရှင် အင်္ဂုလိမာလသည် သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံကြွဝင်၍၊ အိမ်စဉ်အတိုင်း လှည့်လည်သည် ရှိသော် ကိုယ်ဝန်မှ မထမြောက်နိုင်သည် ဖြစ်၍ တွေဝေမိန်းမော နစ်မျော ခံစားရသော ဒုက္ခရှိသော မိန်းမတယောက်ကို တွေ့မြင်၍ “အို-အချင်းတို့၊ သတ္တဝါတို့သည် ပင်ပန်းဆင်းရဲ လေကုန်စွတကား။ အို-အချင်းတို့၊ သတ္တဝါ တို့သည် ပင်ပန်းဆင်းရဲ လေကုန်စွတကား” ဟူသော အကြံသည် ဖြစ်၏။ ထိုနောက် မထေရ်သည် သာဝတ္ထိမြို့တွင်း၌ ဆွမ်းခံ လှည့်လည်၍ ညချမ်း သောအခါ ဆွမ်းခံရွာမှ ဖဲသည်ရှိသော်၊ မြတ်စွာဘုရား သီတင်းသုံးတော် မူရာဖြစ်သော အရပ်သို့ သွားရောက်ချဉ်းကပ်၍ ဘုန်းတော် ကြီးသော

မြတ်စွာဘုရား၊ တပည့်တော်သည် နံနက်အခါ၌ သာဝတ္ထိ မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်၍ အိမ်စဉ်အတိုင်း လှည့်လည်သည် ရှိသော်၊ ကိုယ်ဝန်မှ မထမြောက်နိုင်သည် ဖြစ်၍ တွေဝေမိန်းမော နစ်မျောသော အားဖြင့် ဆင်းရဲဒုက္ခကို ခံစားရသော မထင်မရှားသော တယောက်သော မိန်းမကို တွေ့မြင်ရသောကြောင့်။ အို-အချင်းတို့၊ သတ္တဝါတို့သည် အလွန် တရာ ပင်ပန်းဆင်းရဲလေကုန်စွ ဟု ဆင်ခြင်မိပါသည်ဟု လျှောက်၏။

## မီးဖွါးလွယ်သော အင်္ဂုလိမာလပရိတ်တော်။

ချစ်သား အင်္ဂုလိမာလ၊ ထိုသို့ဘပြီးကား အသင်သည် ထိုမိန်းမရှိရာ အရပ်သို့ သွားရောက်ချဉ်းကပ်၍ ထိုမိန်းမကို-

> ယတော အဟံ ဘဂိနိ အရိယာယ ဇာတိယာ ဇာတော။ နာဘိဇာနာမိ သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊ တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ။

ဤသို့သော ပါဠ်ကို ရွတ်ဆို ပြောကြားလေလော့ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ဘဂိနိ၊ နှမ။အဟံ၊ ငါသည်၊ယတော၊အကြင် အခါမှ၊ ပဋ္ဌာယ၊စ၍။ အရိယာယဇာတိယာ၊ အရိယာဇာတ်ဖြင့်။ ဇာတော၊ဖြစ်၏။ တတော၊ ထိုအရိယာဇာတ် ဖြစ်သောအခါမှ၊ ပဋ္ဌာယ၊စ၍။ သဉ္စိစ္စ၊သေစေ လိုသော စေတနာဖြင့် စေ့ဆော်၍။ပါဏံ၊သတ္တဝါကို။ ဇီဝိတာ၊ဇီဝိတိန္ဒြေမှ။ ဝေါရောပေတာ၊ ချသတ်အံ့၏ ဟူ၍။ နာဘိဇာနာမိ၊ ငါမသိစဘူး။ တေန သစ္စေန၊ထိုသို့မှန်သော စကားကြောင့်၊ တေ၊အသင် ချစ်နှမအား။ သောတ္ထိ၊ ချမ်းသာခြင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။ ဂဗ္ဘဿ၊ ကိုယ်ဝန်၏။ သောတ္ထိ၊ ချမ်းသာခြင်းသည်၊ ဟောတု၊ ဖြစ်ပါစေသတည်း။ ။ဤကား-အနက်။

ထိုသို့ မြတ်စွာဘုရား မိန့်ဆိုတော်မူသော စကားကိုကြား၍။ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ရှေးအခါ၌ များစွာသော သတ္တဝါတို့ကို ဇီဝိတိန္ဒြေမှ ချသတ်အံ့၏။သို့ဖြစ်၍ ယခုအခါ တပည့်တော် ဤကဲ့သို့ ပြောဆိုသည်ရှိသော် သိလျက် ချွတ်ယွင်းသော စကားကို လိမ်လည် လှည့်ဖြား၍ ပြောဆိုသည် မဖြစ်ပြီလော ဟု လျှောက်၏။

ချစ်သားအင်္ဂုလိမာလ၊အသင်သည် ထိုမိန်းမ၏ အထံသို့ ချဉ်းကပ်၍ ဤသို့သော စကားကိုသာ ပြောကြားလေလော့ဟု တဖန် ထပ်၍ မိန့်တော်မူသဖြင့်၊ကောင်းပါပြီ အရှင်ဘုရား ဟု ဝန်ခံ၍၊ထိုကိုယ်ဝန်ဆောင်သော မိန်းမ၏အထံသို့ အင်္ဂုလိမာလမထေရ်သည် ကြွတော်မူ၏။ မိန်းမတို့၏ ကိုယ်ဝန်မှ ထမြောက်ရာ အချပ်မည်သည် လူယောကျ်ား သည်လည်း ချဉ်းကပ်ခြင်းငှါ မတတ်ကောင်း၊ မထေရ်သည် အဘယ်ကြောင့် ကြွလာသနည်းဟု မေးသည်ရှိသော်၊ အင်္ဂုလိမာလမထေရ်သည် သစ္စာ အမှုကို ပြု၍ ချမ်းသာသည်ကို ပြုခြင်းငှါ ကြွတော့်မူလာသည်ဟု ကြားစေ၏။

ထိုနောက်မှ လူများ အပေါင်းတို့သည် ကိုယ်ဝန်ဆောင်သော မိန်းမကို တင်းတိမ်ဖြင့် ဝန်းရံ၍ မထေရ်အား အကာအရံ၏ ပြင်ပဘက်၌ နေရာကို ခင်းစေကုန်၏။ မထေရ်သည် ခင်းထားအပ်သော ထိုနေရာ၌ ထိုင်နေတော်မူလျက် "ယတော အဟံ ဘဂိနီ" အစရှိသော မြတ်စွာဘုရား ပေး-သနားတော်မူသော ပရိတ်တော်ဖြင့် သစ္စာကို ပြုတော်မူ၏။

## အင်္ဂုလိမာလ ပရိတ်တော်၏ တန်းခိုး။

သစ္စာကို ပြုသည်နှင့် တပြိုင်နက်သာလျှင် ဓမ္မကရိုဏ်မှ ယိုစီးကျလာသော ရေကဲ့သို့ သုံ့ငယ်သည် အမိဝမ်းမှ ထွက်လာ၏။မိခင်နှင့်တကွသော သားတို့အား ချမ်းသာခြင်း ဖြစ်ပေ၏။

[ဤပရိတ်တော်သည် မဖျက်ဆီး မတားမြစ်နိုင်သော ဘေး-အန္တရာယ် မည်သည် တစုံတခုမျှ မရှိ၊ အသုံးရုံသော ဘေး-အန္တရာယ်ကိုတားမြစ်ဖျက်ဆီးနိုင်သည်သာလျှင်တည်း။ထိုကြောင့် ထိုပရိတ်တော်ကို မဟာပရိတ်မည်၏ဟူ၍ ဆိုအပ်ပေ၏။

ထိုကြောင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ၌-

ဣမဿ ပန ပရိတ္တဿ န ကိဉ္စိ ပရိဿယံ န မဒ္ဒတိ။ မဟာပရိတ္တံ နာမေတံ့ ဝုတ္တံ။ ။ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ပန၊ အထူးကို ဆိုဦးအံ့။ ဣမဿ ပရိတ္တဿ၊ ဤ-ပရိတ်တော်သည်။ ကိဉ္စိ ပရိဿယံ၊ အချို့သော ဘေးအန္တရာယ် ကို။န မဒ္ဒတိ၊မချိုးဖွဲ့ မဖျက်ဆီးနိုင်သည်ကား။န ၊မဟုတ် ယသ္မာ၊

အကြင့်ကြောင့်၊ မဒ္ဒတိ ၆၀၊ချိုးဖဲ့ဖျက်ဆီးနိုင်သည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။ ထေ၊ ထိုပရိတ်တော်သည်။ မဟာပရိတ္တံ နာမ၊ မဟာပရိတ်တော်မည်၏။ ဧတံ၊ ဤသို့။ ဂုတ္တံ၊ မိန့်အပ်၏။ ။ ဤကားအနက်။

နောက်၌လည်း မထေရ် သစ္စာပြုသော နေရာ၌ အင်းပျဉ်ကို ခင်းထားကုန်၏၊ ကိုယ်ဝန်မှ မထမြောက်နိုင်သည်ဖြစ်၍ တွေဝေ မိန်းမောကုန်သော မိန်းမတို့ကို ဆောင်ယူ၍ ထိုအင်းပျဉ်၌ အိပ် စေကုန်၏။အိပ်စေသော ထိုခဏ၌သာလျှင် ချမ်းသာစွာ ကိုယ်ဝန်မှ ထမြောက်ခြင်း ဖြစ်ပေ၏၊ အကြင် မိန်းမသည် အားနည်းသည့် အဖြစ်ကြောင့် ထိုအင်းပျဉ်နေရာသို့ ဆောင်ယူခြင်းငှါ မစွမ်းနိုင် ကုန်၊ ထိုမိန်းမတို့အား အင်းပျဉ် ဆေးသောရေကို ယူဆောင်၍ ဦးခေါင်း၌ သွန်းလောင်းကုန်၏။ ထိုရေကို သွန်းလောင်းသောခဏ၌ သာလျှင် ကိုယ်ဝန်မှ ထမြောက်ခြင်းဖြစ်ပေ၏။တပါးသော ရောဂါ ကိုလည်း ငြိမ်းစေနိုင်၏။ ထိုပရိတ်တော်သည် ကမ္ဘာ ဆုံးသည် တိုင်အောင် တည်နိုင်လောက်သော တန်ခိုး အာနုဘော် ရှိပေ လတ္တံ့။

အသို့ပေနည်း၊ မြတ်စွာဘုရား သခင်သည် အင်္ဂုလိမာလ မထေရ်ကို ဆေးကုခြင်း အမှုကို ပြုစေဘိသလော ဟူတုံ့ခဲ့အံ့။ ဆေးကုခြင်း အမှုကို ပြုစေသည် မဟုတ်၊မထေရ်ကိုမြင်၍ လူ- အပေါင်းတို့သည် ကြောက်လန့်ကြသောကြောင့် ထွက်ပြေးကုန်၏။ မထေရ်သည် ဆွမ်းအာဟာရဖြင့် ပင်ပန်း နွမ်းနယ်၏၊ ရဟန်း တရားကို အားထုတ်ခြင်းငှါ မစွမ်းနိုင်။ထိုကြောင့် မထေရ်အား ချီးမြှင့်တော်မူသဖြင့် သစ္စာမှုခြင်းကို ပြုစေ၏။ဤသို့ ပြုအပ်သည် ရှိသော်၊ လူများ အပေါင်းတို့သည် မထေရ်အား ဤယခုအခါ၌ အင်္ဂုလိမာလ မထေရ်သည် မေတ္တာစိတ်ကိုရ၍ သစ္စာမှုခြင်းဖြင့် လူတို့အား ချမ်းသာသည့် အဖြစ်ကို ပြုပေ၏ ဟု မထေရ်ကို မှီဝဲဆည်းကပ် အပ်ပေသည် ဟု အောက်မေ့ကုန်လတ္တံ့။ ထိုသို့ အောက်မေ့ မှီဝဲဆည်းကပ် ခြင်းကြောင့် ဆွမ်း အာဟာရဖြင့် မပင်ပန်းဘဲ ရဟန်းတရားကို အားထုတ်ခြင်းငှါ စွမ်းနိုင်ပေလတ္တံ့

ဟု မထေရ်ကို ချီးမြှင့်သဖြင့် သစ္စာမှုခြင်းကို ပြုစေ၏။ သစ္စာမှုခြင်းသည် ဆေးကုသည် မဟုတ် ဟု မှတ်ရာ၏။

ဤနေရာ၌ ပါဠိသာခကကို ကျယ်အံ့မိုးသောကြောင့် မထည့်လိုက်ပေပြီ။ အလိုရှိသော ပုဂ္ဂိုလ်တို့မှာ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ တဆဲ့နှစ်ကြောင်းပေ ဖေါချပ်၊ ဝမ်းဘက်၌ ကြည့်ရှု၍ ယူတော်မူကြပ လေကုန်။]

ရဟန်းတရားကို အားထုတ်ပေအံ့ဟု မူလ ကမ္မဋ္ဌာန်းကိုယူ၍ ညဉ့်-သန့်ရာ၌ ထိုင်နေသော မထေရ်၏ စိတ်သည် ကမ္မဋ္ဌာန်းသို့ ရှေးရှုမသွား၊ တောအုပ်၌တည်၍ လူတို့အား သတ်သော အရာသည်သာလျှင် ထင်လျှားသည် ဖြစ်၏။ အကျွန်ုပ်သည် ဆင်းရဲသော သူပါတည်း၊ အကျွန်ုပ်သည် ငယ်သော သားပါတည်း။ အရှင်၊ အကျွန်ုပ်အား အသက်ကို ပေးသနားတော်မူပါသော့ ဟု သေအံ့သော ဘေးဖြင့် ကြောက်ကုန်သော သူတို့၏ တောင်းပန်ဟစ်အော်သော အခြင်းအရာသည်ရင်း, လက်ခြေ၏ ဖေါက်ပြန်ခြင်းသည် သာလျှင်ရင်း ထင်ခြင်းသို့ ရောက်၏။ ထိုအင်္ဂုလိမာလ မထေရ်သည် နှလုံးမသာယာခြင်း ရှိသည်ဖြစ်၍ ထိုနေရာမှသာလျှင် ထသွား၏။

## အရှင်အင်္ဂုလိမာလ ရဟန္တာဖြစ်ခြင်း။

ထိုနောက် မြတ်စွာဘုရားသခင်သည် ထိုအင်္ဂုလိမာလ မထေရ်အား ထိုသို့ အောက်မေ့ခြင်း, နှလုံးသွင်းခြင်း ဟု ဆိုအပ်သော အဖြစ်ကို ကြောင့်ကြမဲ့ ပြုစေ၍သာလျှင် ဥပဿနာကို ပွါးစေသဖြင့် မကြာမြင့်မီပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ထိုနောက် တနေ့သောအခါ၌ အင်္ဂုလိမာလမထေရ်သည် နံနက်အခါဝယ် သင်္ကန်းကိုဝတ်ရုံ၍ သပိတ်ကို လက်စွဲ ကိုင်ယူပြီးလျှင်၊ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူ၏။

ထိုအခါ၌ တပါးသော အခြင်းအရာဖြင့် ခဲကိုပစ်ကုန်သည် ရှိသော်၊ အရှင်အင်္ဂုလိမာလ၏ကိုယ်၌ ခဲတို့သည် ကျကုန်၏။ ထိုသို့ ခဲကျခြင်းကြောင့် သပိတ်သည်လည်း ကွဲလေ၏။ ဦးခေါင်းကွဲပျက် ကျထွက် ယိုစီးသော သွေးဖြင့် ပြန့်နှံ့စိုစွတ်သော ဒုကုဋ်ရှိသဖြင့် ပြန်လာခဲ့ပြီးသော်၊ မြတ်စွာဘုရား အထံသို့ ချဉ်းကပ်လေ၏။ မြတ်စွာဘုရား သခင်သည် အဝေးမှ

ဈေး၌ရှုလာသော အင်္ဂုလိမာလ မထေရ်ကို မြင်၍၊ မကောင်းမှု အပ-ပြုပြီးသော ချစ်သား အင်္ဂုလိမာလ၊ သည်းခံလေလော့၊ချစ်သား အင်္ဂုလိ-မာလ၊အသင်သည် ပြုခဲ့သောမကောင်းမှုကံ၏ အကျိုးဆက်ဖြင့် အရာ-အထောင်မက များပြားလှစွာသော နှစ်တို့ပတ်သုံး ငရဲ၌ ကျက်၍ ခံစား ရပေရာ၏။အသင်သည် ထိုကံ၏အကျိုးကို မျက်မှောက် ပစ္စုပ္ပန် ဖြစ်သော အတ္တဘော၌သာလျှင် ခံစားရလေဘိသည်ဟု မိန့်တော်မူ၏။ ထိုနောက် အရှင်အင်္ဂုလိမာလမထေရ်သည် ဆိတ်ကွယ်ရာသို့ကပ်လျက်တယောက်-ထည်းတည်း ကိန်းအောင်းပြီးသည့်ကာလ ဝိမုတ္တိချမ်းသာကို ခံစားတော် မူ၏။ ထိုအခါ၌-

> ယော ပုဗ္ဗေ ပမဇ္ဇိတွာ၊ ပစ္ဆာ သော နပ္ပမဇ္ဇတိ။
> သော မံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။

ဟူသော ဤဥဒါန်းကို ကျူးရင့်တော်မူ၏။

**အနက်ကား။** ။ယော ပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ ပုဗ္ဗေ၊ရှေး၌ ပင်လျှင်၊ပမဇ္ဇိတွာ၊ မေ့လျော့၍၊ပစ္ဆာ၊နောက်၌။ နပ္ပမဇ္ဇတိ၊မမေ့မလျော့။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊တိမ်တိုက်မှ၊မုတ္တော၊လွတ်သော၊ စန္ဒိမာ ဣဝ၊ လမင်းကဲ့သို့၊ဣမံ လောကံ၊ ဤ သတ္တလောကကို။ ပဘာ-သေတိ၊အရောင်ဝင်းဝင်း၊ထွန်းလင်းတောက်ပစေ၏။ ။ဤကားအနက်။

ဤသို့အစရှိသောနည်းဖြင့် ဥဒါန်းကိုကျူးရင့်တော်မူပြီး၍ ခန္ဓကမ္ဗဇ ရုပ်အကြွင်းမဲ့ချုပ်သော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ရဟန်းတို့သည် "ငါ့ရှင်တို့၊ အင်္ဂုလိမာလမထေရ်သည် အဘယ်အရပ်၌ ဖြစ်ပါလိမ့်မည်နည်း" ဟု တရားသဘင်၌ စကားကိုဖြစ်စေကြ ကုန်၏။ မြတ်စွာဘုရား သခင်သည် ကြွတော်မူလာပြီးသည့် ကာလ၊ ချစ်သား ရဟန်းတို့၊ငါဘုရား ကြွတော်မူလာခဲသော ဤယခုအခါ၌ အဘယ်သို့-သောစကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော် မူ၍၊ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အင်္ဂုလိမာလမထေရ်၏ ဖြစ်ရာ အရပ်စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေပါကုန်သည် ဟု လျှောက်သည်ရှိသော်၊ ချစ်သားရဟန်းတို့၊ငါ၏သားတော်သည် ပရိနိဗ္ဗာန် ပြုလေပြီဟု မိန့်တော်မူ၏။

## များစွာသောသူတို့ သောတာပန်တည်ခြင်း။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမျှလောက်သော လူတို့ကိုသတ်၍ ပရိနိဗ္ဗာန်ပြုသေးသလောဟု မေးလျှောက်ကုန် သဖြင့်။ ချစ်သားရဟန်းတို့၊ပြောဲ ဟုတ်ပေ၏။ ထိုငါ၏ သားတော် ဖြစ်သော အင်္ဂုလိမာလသည် ရှေးအခါ၌ ကောင်းသောအဆွေခင်ပွန်း တစုံတယောက် ကိုမျှ မရမတွေ့သောကြောင့် ဤမျှလောက်သော အကုသိုလ်ကို ပြုမိ-ပေသည် နောက်၌သော်ကား ကောင်းသောအဆွေခင်ပွန်း တည်းဟူသော အထောက်အပံ့ကို ရသည်ဖြစ်၍၊ မမေ့မလျော့သည် ဖြစ်ပေ၏။ထိုကြောင့် အင်္ဂုလိမာလအား ထိုရှေး၌ပြုအပ်သော မကောင်းမှုကံကို အရဟတ္တမဂ် တည်းဟူသော ကုသိုလ်ဖြင့် ပိတ်ပင်မြစ်တား ပယ်ရှားအပ်ပေပြီ ဟု မိန့်တော်မူပြီး၍-

**ယဿ ပါပံ ကတံ ကမ္မံ၊ကုသလေန ပိဓီယတိ။**
**သော မံ လောကံ ပဘာသေတိ၊အဗ္ဘာ မုတ္တောဝ စန္ဒိမာ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ယဿ ပုဂ္ဂလဿ၊အကြင်ပုဂ္ဂိုလ်အား။ကတံ၊ပြုအပ် သော။ပါပံကမ္မံ၊ မကောင်းမှုအကုသိုလ်ကံကို။ ကုသလေန၊ အရဟတ္တမဂ် ကုသိုလ်ဖြင့်၊ပိဓီယတိ၊ ပယ်ဖြတ်အပ်၏။ သောပုဂ္ဂလော၊ထိုပုဂ္ဂိုလ်သည်။ အဗ္ဘာ၊တိမ်တိုက်မှ၊ မုတ္တော၊ကင်းလွတ်သော၊ စန္ဒိမာ၊လမင်းသည်။ဣမံ လောကံ၊ဤဩကာသလောကကို။ ပဘာသေတိဣဝ၊ အရောင်ဝင်းဝင်း။ ထွန်းလင်းတောက်ပစေသကဲ့သို့။ ဣမံလောကံ၊ဤခန္ဓာ အစရှိသောသင်္ခါရ လောကကို။ပဘာသေတိ၊ ထွန်းလင်းတောက်ပစေ၏။ ။ဤကားအနက်။

မ္မေပဒလောကဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော အင်္ဂုလိမာလ မထေရ်၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

———

## ၁၃-လောကဝဂ်။ ၇-ရက်ကန်းသည် သမီးငယ်၏ဝတ္ထု။

**အနှိဘူတော။** ။အစရှိသော၊ ဓမ္မဒေသနာ၊ ဤသို့သောပါဠိဂါထာကို။ အဝိဇ္ဇာတည်းဟူသော ညွှန်ဖြင့်။ အလွှန်ဖုံးအုပ်၍၊ ဟုတ်မှန်သည့်အတိုင်းကိုမသိ။ အတိမုဋ္ဌ၊ ဝေနေယျသတ္တဝါတို့ကို၊ သိရာသိကြောင်း၊ ကောင်းမွန်သောနည်းနယဖြင့်၊ဆုံးမတော်မူတတ်သော၊ လူနတ်သွင့်ထား၊ ဘုရားကိုယ်တော်မြတ်သည်၊ ပြည်ရပ်အာဠဝီ၊နေတည် လူပေါင်းတို့၊ညွတ်ပြောင်းဝပ်လျိုး၊တင်ကိုးရာဌာန၊အဂ္ဂါဠဝ နတ်ကွန်း၏အနီး၌၊မျှသီးမွေ့ထုံး၊ သီတင်းသုံးနေတော်မူသောကာလ၊ မရဏာဿတိကမ္မဋ္ဌာန်းကို၊ စီးဖြန်းပွါးများလေ့ ရှိသော၊ ရက်ကန်းသည် သတို့သမီးငယ် တယောက်ကို၊ မြော်ထောက်သမှု၊ အကြောင်းပြုသော အားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အတ္ထုပ္ပတ္တိအစဉ်ကား ဤသို့ပေတည်း။

#### ပစ္စုပ္ပန်ဝတ္ထု။

တရံတခါသောနေ့၌ မြတ်စွာဘုရားသခင်သည် အာဠဝီပြည်သို့ ကြွ-ရောက်တော်မူသည်ရှိသော်၊ အာဠဝီပြည်သူပြည်သား ယောကျ်ားမိန်းမ အပေါင်းတို့သည် မြတ်စွာဘုရားသခင်ကို ပင့်ဘိတ်၍၊ အလှူဒါနကိုပေးလှူ ၏။မြတ်စွာဘုရားသခင်သည် ဆွမ်းစားခြင်းကိစ္စပြီးသည်၏အဆုံး၌ အနုမောဒနာကို ပြုတော်မူသည်ရှိသော်-

> အဒ္ဓုဝံ မေ ဇီဝိတံ ဓုဝံ မေ မရဏံ၊
> အဝဿံ မယာ မရိတဗ္ဗ မေဝ။
> မရဏပရိယောသာနံ မေ ဇီဝိတံ၊
> ဇီဝိတမေဝ အနိယတံ မရဏံ နိယတံ။ ။

ဤသို့သော အခြင်းအရာဖြင့် မရဏာဿတိကို ပွါးများ ကုန်လေလော့ ဟု ဟောကြားတော်မူ၏။

**အနက်ကား။** ။မေ၊ငါ၏။ ဇီဝိတံ၊ဇီဝိတိန္ဒြေသည်။ အဒ္ဓုဝံ၊မမြဲ။မေ၊ ငါ့အား။, မရဏံ၊ သေခြင်းသည်။ ဓုဝံ၊မြဲ၏။ မယာ၊ငါသည်။ အဝဿံ၊ မချွတ်။ မရိတဗ္ဗမေဝ၊သေအံ့သာလျှင် ကတည်း။မေ၊ငါ၏။ ဇီဝိတံ၊ ဇီဝိ-

တင်ခွေ့သည်။မရဏာပရိယောသာနံ၊ သေခြင်းလျှင်အဆုံးရှိ၏။ ဇီဝိတမေဝ၊ ဇီဝိတင်ခွေ့သည်သာလျှင်။ အနိယတံ၊မမြဲ၊ မရဏံ၊သေခြင်းသည်။နိယတံ၊ မြဲ၏။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ငါ၏ ဇီဝိတင်ခွေ့သည် အမြဲမဟုတ်။ ငါ့အား သေခြင်းသည်မြဲ၏။ ငါသည် မချွတ်မလွဲ အမြဲကေန် အမှန်မုချ သေရအံ့သာလျှင်တည်း။ငါ၏ ဇီဝိတင်ခွေ့သည် သေခြင်းအဆုံးရှိ၏။ ဇီဝိတင်ခွေ့သည်သာလျှင်မမြဲသည်။ သေခြင်းမူကား အမြဲစင်စစ်ဖြစ်၏။ ဤသို့သော နည်းဖြင့် မရဏာသတိကို ပွါးများကြ ကုန်လော့၊ အကြင် သူတို့အား မရဏာသတိကိုမပွါးများ၊ ထိုသူတို့သည် နောက်ဖြစ်သောအခါ၌ ထက်-သန်လျင်မြန်သော အဆိပ်ရှိသော မြွေကို တွေ့မြင်ရသော်၊ ထိတ်ကြောက် တုန်လှုပ်ကုန်သော လက်၌ကိုင်စွဲအပ်သော တရုတ်တချမ်းသော တုတ်လှံကန်မပါသော ယောကျ်ားကဲ့သို့ ကြောက်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍၊ကြောက်မက်ဘွယ် ဟစ်အော်မြည်တမ်းကုန်သည်၊ သေလွန်ခြင်းကို ပြုရကုန်၏။အကြင်သူတို့အား သေခြင်းကိုပွါးများအပ်၏၊ ထိုသူတို့သည် အခါမှသာလျှင် လျင်မြန်ထက်မြက်သော အဆိပ်ရှိသော မြွေကိုမြင်၍၊ တုတ်လှံကန်ဖြင့်ဖမ်းယူပြီးသော်၊စွန့်ပစ်၍ ရပ်တည်နေနိုင်သောယောကျ်ားကဲ့သို့၊ နောက်အဆွိ ဖြစ်သော အခါ၌ မတုန်လှုပ် မထိတ်လန့်ကုန်။ သို့ဖြစ်သောကြောင့်၊ မရဏာသတိကမ္မဋ္ဌာန်းကို ပွါးများအပ်ပေသည်ဟု ဟောတော်မူ၏။

ဟောကြားတော်မူအပ်သော ထိုတရားဒေသနာကို ကြားနာရသော်လည်း၊ကြွင်းကုန်သော လူအပေါင်းတို့သည် မိမိတို့၏ပြုဘွယ်ကိစ္စ အမှုဟူသမျှ၌သာလျှင် လေ့ကျက်သည် ဖြစ်ပေကုန်၏။ တဆဲ့ခြောက်နှစ်အရွယ်ရှိသော ရက်ကန်းသည် သတို့သမီးငယ်ဘဲယောက်သည်ကား "မြတ်စွာဘုရားရှင်တို့၏ ဟောကြားဆုံးမတော် မူအပ်သော စကားတော်သည် ပြောဘ် အံ့ဘွယ်ရှိစွ။ငါသည် မရဏာသတိကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများခြင်းငှါ အပ်ပေ၏"ဟု ကြံ၍၊နေ့ညဉ့်ပတ်လုံး မရဏာသတိ ကမ္မဋ္ဌာန်းကို သာလျှင် စီးဖြန်းပွါးများ၏။ မြတ်စွာဘုရားသခင်သည်လည်း ထိုအာဠဝိပြည်မှထွက်၍၊ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူ၏။

## ရက်ကန်းသည်မခလေး။

ထိုရက်ကန်းသည်သတို့သမီးငယ်သည်လည်း သုံးနှစ်တို့ကာလပတ်လုံး မရဏာဿတိ ကမ္မဋ္ဌာန်းကို ပွါးများသည် သာလျှင်တည်း။ ထိုနောက် တနေ့သ၌ သုံးတိုက်မကရှ အတုလထွန်းထား မြတ်စွာဘုရား သခင်သည် မိုးသောက်ယံ၌ လောကကိုကြည့်ရှုတော်မူသည်ရှိသော်၊ ကိုယ်တော်မြတ် ဉာဏ်တော်တည်းဟူသော ကွန်ယက်၏အတွင်းသို့ ဝင်လာသော ထို-ရက်ကန်းသည် သတို့သမီးငယ်ကို မြင်တော်မူ၍၊ အသို့ဖြစ်လတ္တံ့နည်းဟု စဉ်းစားဆင်ခြင်တော် မူသည်ရှိသော်၊ ထိုသတို့သမီးငယ်သည် ငါဘုရား ဟောကြားအပ်သော တရားတော်ကို ကြားနာရသောနေ့မှစ၍၊ သုံးနှစ်တို့ ကာလပတ်လုံး မရဏာဿတိ ကမ္မဋ္ဌာန်းကို ပွါးများအပ်ပေ၏၊ ဤသခု အခါ၌ “ငါဘုရားသည် ထိုအာဠဝီပြည်သို့ ကြွသွား၍၊ ဤသတို့သမီး ငယ်ကို လေးပါးသောပြဿနာတို့ကို မေးပြီးလျှင်၊ ထိုသတို့သမီးသည် ဖြေဆိုအပ်သည်ရှိသော်၊ လေးပါးသောအရပ်တို့၌ ကောင်းချီးကိုပေး၍၊ဤ ဂါထာကိုဟောတော်မူပေအံ့၊ဂါထာ၏အဆုံး၌ထိုသတို့သမီးအားသောတာ ပတ္တိဖိုလ်၌တည်ပေလတ္တံ့။ထိုသတို့သမီးကိုမှီ၍၊လူများအပေါင်းအားလည်း အကျိုးစီးပွါးများသည် သာလျှင်ဖြစ်သော ဓမ္မဒေသနာသည် ဖြစ်ပေ လတ္တံ့”ဟု သိမြင်တော်မူသောကြောင့်၊ ငါးရာသောရဟန်းတို့ ခြံရံလျက် ဇေတဝန်ကျောင်းတော်မှ ထွက်လာ၍ အစဉ်အတိုင်းအားဖြင့် အာဠဝီပြည် အဂ္ဂါဠဝကျောင်းသို့ ကြွတော်မူ၏။

အာဠဝီပြည်သူပြည်သား ယောက်ျားမိန်းမအပေါင်းတို့သည် မြတ်စွာ ဘုရားကြွလာတော်မူသည်ဟု ကြားသိ၍၊ကျောင်းသို့ သွားရောက်ပြီးလျှင် ပင့်ဘိတ် ကြကုန်၏။ ထိုအခါ ရက်ကန်းသည်သတို့သမီးသည် မြတ်စွာ ဘုရား၏ ကြွလာခြင်းကိုကြား၍၊ ငါ၏ဘခင် အရှင်ဆရာမြတ်ဖြစ်ဘော် မူသော လပြည့်ဝန်းကဲ့သို့ ထွန်းလင်းစွာယ် တင့်တယ်သော ရွှေမျက်နှာ တော်ရှိတော်မူသော မဟာဂေါတမမည်တော်မူသောမြတ်စွာဘုရားသခင် သည် ယခုငါတို့နေရာဖြစ်သော ဤအာဠဝီပြည်သို့ ကြွလာတော်မူသတဲ့ ဟု နှစ်သက်ရွှင်လန်းသောစိတ် ရှိသည်ဖြစ်၍၊ဤမှရေတွက် သုံးနှစ်တို့၏ အထက်၌ ရွှေအဆင်းကဲ့သို့ အဆင်းရှိတော်မူသောမြတ်စွာဘုရားသခင်ကို

ငါ့အား ဖူးမြင်လိုက်ရဘူးပေပြီ။ ဤယခုအခါ၌ မြတ်စွာဘုရား သခင်၏ ရွှေအဆင်းကဲ့သို့ အဆင်းရှိသော ကိုယ်တော်မြတ်ကို ဖူးမြင်ခြင်းငှါရင်း၊ ချိုမြိန်ကောင်းမြတ်သော အရသာသြဇာရှိသောအဆုံးအမတရားတော်ကို နာခြင်းငှါရင်း ရပေတော့မည်''ဟု ကြံ၏။

သတို့သမီးငယ်၏ ဘခင်သည်လည်း ရက်ကန်းရက်ရာ တင်းကုပ်သို့ သွားသည်ရှိသော်၊ ချစ်သမီး၊ ငါ့အား သူတပါး၏ပုဆိုးကို ရက်ကန်းစင်ထက်သို့ တင်ထားအပ်၏၊ ထိုပုဆိုးအား တထွာမျှလောက် သာသျှင် မပြီးဆုံးသေးသည့်ဖြစ်၍ ကြွင်းကျန်၏။ထိုအကြွင်းအကျန်ကို ယနေ့ပြီးဆုံးစေအံ့ လျင်မြန်စွာ ရက်ဖေါက်ကိုလုံး၍ ဆောင်ယူခဲ့လော့ဟု မှာကြား ပြောဆို၏။

သတို့သမီးငယ်သည် ကြံဆင်ခြင်သည်မှာ ''ငါသည် မြတ်စွာဘုရား တရားတော်ကိုနာခြင်းငှါ အလိုရှိ၏။ကျေးဇူးအရှင် မွေးဘခင်သည်လည်း ငါ့ကို ဤသို့မှာထားပြောဆို၏။ အသို့နည်း မြတ်စွာဘုရားတရားတော်ကို တည်းနာအံ့လော။ သို့တည်းမဟုတ် ဘခင်အား ရက်ဖေါက်ကို လုံး၍ သော်လည်း ဖို့ဆောင်ရအံ့လော''ဟု ကြံ၏။ထိုနောက်တဖန် ဆင်ခြင်ပြန် သည်မှာ ''ဘခင်သည် ရက်ဖေါက်လုံး၍ မဖို့ဆောင်သည်ရှိသော်၊ ငါ့ကို ရိုက်နှက်ပုတ်ခတ် ပေရာ၏။ထို့ကြောင့် ရက်ဖေါက်ကိုလုံး၍ ဘခင်အား ပေးပြီးသော်၊နောက်မှ တရားတော်ကိုနာတော့မည်''ဟု ကြံ၍၊အင်းပျဉ်၌ ထိုင်နေပြီးလျှင် ရက်ဖေါက်ကိုလုံး၏။

## မြတ်စွာဘုရားသည် တရားမဟော။

အာဠဝိပြည်သူ ပြည်သားဒါယကာ ဒါယိကာမ အပေါင်းတို့သည် လည်း မြတ်စွာဘုရားသခင်ကို လုပ်ကျွေးပြီးသော်၊ သပိတ်တော်ကိုယူ၍ အနုမောဒနာပြုခြင်းအကျိုးငှါ ပေးလှူကြကုန်၏ မြတ်စွာဘုရားသခင်သည် အကြင်သတို့သမီးငယ်ကို အမှီပြု၍၊သုံးဆယ်ရှိသော ခရီးကို ငါဘုရား ကြွတော်မူလာခဲ့၏။ ထိုသတို့သမီးသည် ယခုလည်းအခွင့်ကို မရသေး ထိုသတို့သမီးသည် အခွင့်ကိုရသော်သာလျှင် အနုမောဒနာကို ပြုပေအံ့ဟု ဆိတ်ဆိတ်ထိုင်နေတော်မူ၏။

ဤသို့ ဆိတ်ဆိတ်ထိုင်နေသည်လည်းဖြစ်သော မြတ်စွာဘုရားသခင်-ကို နတ်ဖြဟ္မာနှင့်တကွသော လူအပေါင်းတို့တွင် တစုံတယောက်သော သူမျှ ပြောဆို လျှောက်ထားခြင်းငှါ မစွမ်းနိုင်။ ထို ရက်ကန်းသည်သတို့သမီးငယ် သည်လည်း ရက်ဖေါက်ကို လုံး၍ ခြင်းတောင်း၌ ထည့်ပြီးကာလ၊ ဘခင်၏အထံသို့ သွားသည်ရှိသော်၊ ပရိသတ်အစွန်၌ ရပ်တည်၍ မြတ်စွာဘုရားသခင်ကို ကြည့်ရှုလျက်သာ တည်နေ၏။

## မြတ်စွာဘုရားထံသို့ သွားခြင်း။

မြတ်စွာဘုရားသခင်သည်လည်း ရွှေမရိုးစည်နှင့်တူသောလည်တော်ကို ချီတော်မူ၍၊ ရက်ကန်းသည် သတို့သမီးငယ်ကို ကြည့်တော်မူ၏။ သတို့သမီးငယ်သည်လည်း မြတ်စွာဘုရားကြည့်တော်မူသော အကြောင်းဖြင့် မြတ်စွာဘုရားသခင်သည် ဤသို့သဘောရှိသော ပရိသတ်၏အလယ်၌ ထိုင်နေတော် မူလျက်၊ ငါ့ကိုကြည့်ရှုခြင်းသည် ငါ၏လာရောက်ခြင်းကို တောင့်တတော်မူဘိသည်၊ ကိုယ်တော်မြတ်၏အထံသို့ ငါ၏ လာရောက်ခြင်းကိုသာလျှင် ရည်သန်တော်မူဘိသည်ဟု သိ၍၊ ထို သတို့သမီးသည် ရက်ဖေါက် တောင်းကို ချပြီးသော်၊ မြတ်စွာဘုရား အထံ တော်သို့ သွားလေ၏။

မြတ်စွာဘုရား သခင်သည် အဘယ်ကြောင့် ထိုသတို့သမီးငယ်ကို ကြည့်လေဘိသနည်းဟူမူကား။ ဤသို့သော အကြံတော်သည် ဖြစ်ပေ-သတတ်။ "ဤသတို့သမီးငယ်သည်ဤအရပ်မှသွားသည်ရှိသော် ပုထုဇန်၏ သေလွန်သည်ကိုပြု၍ မမြဲသောဂတိ ရှိသည်ဖြစ်ပေသတတ်။ ငါဘုရား၏ အထံသို့လာရောက်၍ သွားသည်ရှိသော်၊ သောတာပတ္တိဖိုလ်သို့ ရောက်ပြီးလျှင် မြဲသောဂတိရှိသည်ဖြစ်၍ တုသိတာဘုံ၌ဖြစ်လတ္တံ့။ ထိုသတို့သမီးငယ်အား ထိုနေ့၌ သေလွန်ခြင်းမှ လွတ်ခြင်းမည်သည် မရှိ။ ဤသို့သောအကြောင်းကို မြင်တော်မူ၍ ကြည့်ရှုတော်မူလေသတည်း။

## ပုစ္ဆာ လေးခု။

သတို့သမီးသည်လည်း ကြည့်ရှုတော်မူသော အမှတ်ဖြင့် သာလျှင် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်၍၊ ခြောက်သွယ်သောရောင်ခြည်တော်၏ အတွင်းသို့ဝင်ပြီးသော်၊ ရှိခိုးဦးချပြီးသည့်ကာလ သင့်တင့်လျောက်ပတ်

တခုသောအရပ်၌ တည်နေ၏။ မြတ်စွာဘုရား သခင်သည် ဤသို့သဘော ရှိသော ပရိသတ်၏အလယ်၌ မြတ်စွာဘုရားသခင်ကို ရှိခိုးဦးချ၍၊ ထို သတ္တုသမီး ဆိတ်ဆိတ်ထိုင်နေသောခဏ၌သာလျှင်၊ သတ္တုသမီးကို-

(၁) သတ္တုသမီးငယ်၊ အသင်သည် အဘယ်မှလာသနည်း ဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မ မသိပါဟု လျှောက်၏။

(၂) အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော် မူပြန်သည် ရှိသော်၊ ဘုန်းတော် ကြီးတော် မူသော မြတ်စွာဘုရား၊ အဘယ်အရပ်သို့ သွားရမည်မသိပါဟု လျှောက်၏။

(၃) အသင် မသိသလောဟု မေးတော် မူပြန်သဖြင့် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ သိပါ၏ဟု လျှောက်၏။

(၄) အသင်သိ၏လောဟု မေးတော်မူပြန်လျှင်။ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား၊ မသိပါဘုရားဟု လျှောက်၍-

ဤသို့သော အစဉ်အတိုင်းအားဖြင့် မြတ်စွာဘုရား သခင်သည် ထိုသတ္တု သမီးငယ်ကို လေးပါးသောပြဿနာတို့ကို မေးတော်မူ၏၊

## ရက်ကန်းသည့်မလေးအား လူအများက ကဲ့ရဲ့ရှုတ်ချခြင်း။

လူများ အပေါင်းသည် "အိုအချင်းတို့၊ ဤရက်ကန်းသည် သတ္တုသမီး ငယ်ကို ကြည့်ရှုကြပါကုန်လော့။ ဤသတ္တုသမီးငယ်သည် ဘုံသုံးပါး၌ အတုမရှိသော အဂ္ဂပုဂ္ဂလဖြစ်တော်မူသော မြတ်စွာဘုရားသခင်နှင့်အတူ တကွ စကားပြောဆိုလျက်၊ မခံ့ညားမရိုသေ အလိုရှိတိုင်းအလိုရှိတိုင်း ကိုသာ ပြောဆိုလေဘိသည်။ ဤသတ္တုသမီးသည် အဘယ်အရပ်မှလာ ကုန်သနည်းဟု မေးတော်မူသည် ရှိသော်၊ ရက်ကန်းသည့်အိမ်မှ လာပါ သည်ဟု လျှောက်ထားအပ်သည် မဟုတ်ပါတုံလော။ အဘယ်အရပ်သို့ သွားအံ့နည်းဟု မေးတော်မူသည်ရှိသော်၊ ရက်ကန်းယက်ရာတင်းကုပ်သို့ သွားပါအံ့ဟု လျှောက်အပ်သည် မဟုတ်ပါတုံလော"ဟု ကဲ့ရဲ့ ရှုတ်ချ ပြောဆိုကြကုန်၏။

မြတ်စွာဘုရား သခင်သည် လူများအပေါင်းတို့ကို အသံကျင်းတိတ် ဆိတ်သည်ကို ပြုပြီး၍-

(၁) သတို့သမီးငယ်၊ အသင်သည် အဘယ်အရပ်မှလာသနည်း ဟု ငါဘုရား မေးအပ်သည် ရှိသော်၊ မသိပါဘုရား ဟု အဘယ် -အကြောင်းကြောင့် လျှောက်ထား ပြောဆိုဘိ သနည်းဟုမေးတော်မူ၏။

ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ၏ ရက်ကန်းသည်အိမ်မှ လာခဲ့သောအဖြစ်ကို သိတော်မူပါကုန်၏၊အဘယ်မှ လာသနည်းဟု မေးတော်မူသောအရာ၌ အဘယ်သို့သော ဘဝမှ လာရောက်၍၊ ဤရက်ကန်းသည် သမီးငယ်ဘဝ၌ ဖြစ်-လာဘိသနည်း ဟု မေးတော်မူသို ပါကုန်သည်၊ တပည့်တော်မသည် အဘယ်သို့သောဘဝမှ လာရောက်၍၊ဤဘဝ၌ ဖြစ်ရသည်ဟူ၍ မသိပါ။ ထိုကြောင့် လျှောက်ထားခြင်းဖြစ်ပါသည်ဟု လျှောက်၏။

ထိုအခါ သတို့သမီးငယ်အား မြတ်စွာဘုရား သခင်သည် သတို့-သမီးငယ်၊ကောင်း၏။ကောင်း၏။ ငါဘုရားမေးအပ်သော အမေးပုစ္ဆာကို အသင်ဖြေဆိုအပ်ပေသည် ဟု ရှေးဦးစွာ ကောင်းချီးပေးတော်မူ၍၊ ထို ထက်အလွန်လည်း-

(၂) သတို့သမီးငယ်၊ အဘယ်အရပ်သို့ သွားလတ္တံ့နည်း ဟု တဖန် ငါဘုရား မေးအပ်သည်ရှိသော်၊ မသိပါဘုရားဟူ၍ အဘယ်ကြောင့် လျှောက်ထားဘိ သနည်းဟု မေးတော် မူပြန်၏။

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊အရှင် ဘုရားတို့သည် တပည့်တော်မ ရက်ဖေါက်တောင်းကို ယူ၍၊ ရက်ကန်းယက်ရာ ဖြစ်-သောတင်းကုပ်သို့ သွားလတ္တံ့သည်ကို သိတော်မူပါကုန်၏။ဤဘဝမှသွားရောက်၍ အဘယ်ဘဝ၌ ဖြစ်ရလတ္တံ့နည်းဟု မေးတော်မူလိုပါကုန်သည်။ တပည့်တော်မသည် ဤဘဝမှ စုတေသေလွန်သည်ရှိသော်၊ အဘယ်သို့ သောဘဝ၌ သွားရောက်၍ ဖြစ်ရလတ္တံ့သည်ကို မသိနိုင်ပါဘုရား ဟု လျှောက်၏။

ထိုသို့ လျှောက်သောအခါ သတို့သမီးငယ်အား ဘုရားကိုယ်တော် မြတ်က ငါမေးအပ်သောပြဿနာကို အသင်သည်သာလျှင် ဖြေဆိုနိုင် ပေသည်ဟု နှစ်ကြိမ်မြောက်ကောင်းချီးကို ပေးတော်မူပြီး၍၊ထိုနောက်-

(၃) အဘယ်ကြောင့် မသိသနည်း ဟု ငါဘုရား မေးသည်ရှိသော်၊ သိပါ၏ဘုရားဟူ၍ အသင်လျှောက်ထားခြင်းသည် အဘယ်ကိုရည်၍ လျှောက်ထားဘိသနည်းဟု အထက်သို့ တက်၍တဖန် မေးတော်မူပြန်၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် ကေန်မုချ အားဖြင့် သေရမည့် အဖြစ်ကို သိပါ၏။ ထိုကြောင့် ဤသို့ လျှောက်ထားပါသည်ဟု ဖြေ၏။

ထိုသို့သောအခါ၌လည်း သတ္တိသမီးငယ်အားဘုရား ကိုယ်တော်မြတ်က ငါမေးအပ်သောပြဿနာကို အသင်သည်ဖြေဆိုပေသည်ဟု သုံးကြိမ် မြောက်ကောင်းချီးကို ပေးတော်မူ၍၊ထိုနောက်-

(၄) သိ၏လောဟု ငါဘုရားမေးအပ်သည်ရှိသော်၊ မသိပါဘုရားဟူ၍ အသင်အဘယ်ကြောင့် လျှောက်ထားဘိသနည်းဟု တက်၍တဖန် မေးတော်မူပြန်သည် ရှိသော်-

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည် ကေန်မုချအားဖြင့် သေရမည့်အဖြစ်ကိုမူကား သိပါ၏။ထိုသို့ပင်သိသော်လည်း တပည့်တော်မအား ညဉ့်အခါ၊နေ့အခါ၊နံနက်အခါ စသည်တွင် ဤအခါမည်ရှိသော အခါကာလ၌ သေသိမ့်မည်ဟူ၍ မသိနိုင်ပါ။ ထိုကြောင့် ဤသို့လျှောက်ထားပါသည်ဟု ဖြေ၏။

## ရက်ကန်းသည်မလေး သောတာပန်တည်ခြင်း။

ထိုအခါ သတ္တိသမီးငယ်အား ဘုရား ကိုယ်တော်မြတ်က ငါဘုရားမေးအပ်သောပြဿနာကို အသင်သာလျှင် ဖြေဆိုအပ်ပေသည်ဟု လေးကြိမ်မြောက် ကောင်းချီးကိုပေးတော်မူ၍၊ ပရိသတ်ကိုခေါ်တော်မူပြီးလျှင် ဤမျှလောက်များပြားကုန်သော အသင်တို့သည် ဤသတ္တိသမီးငယ် ပြောဆိုအပ်သော စကားကို မသိကြကုန်။အသင်တို့သည် သက်သက်ကဲ့ရဲ့ရှုတ်ချတတ်ကုန်သည် သာတည်း။ထိုစကားမှန်၏။ အကြင်သူတို့အား ပညာတည်းဟူသော မျက်စိသည်မရှိ။ ထိုသူတို့သည် ကန်းသောသူတို့မည်ကုန်သည် သာတည်း။ အကြင်သူတို့အား ပညာတည်း ဟူသော

မျက်စိသည်ရှိ၏၊ ထိုသူတို့သာလျှင် မျက်စိအမြင်ရှိသော သူတို့မည်ပေ၏ ဟု မိန့်တော်မူပြီး၍-

**အန္ဓဘူတော အယံ လောကော၊တနုကေတ္ထ ဝိပဿတိ။**

**သကုဏော ဇာလမုတ္တောဝ၊အပ္ပေါ သဂ္ဂါယ ဂစ္ဆတိ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။အယံ လောကော၊ ဤလူများ အပေါင်းသည်။ အန္ဓဘူတော၊ပညာစက္ခု၊ မရှိမထင်၊မမြင်လမ်းပန်း၊ အကန်းအတိသာ ဖြစ်၏။ ဧတ္ထ၊ ဤလူများအပေါင်း၌။ တနုကော၊ အနည်းငယ်မျှသော သူသည်။ ဝိပဿတိ၊ အနိစ္စ,စသည်၏အစွမ်းဖြင့် တရားကိုမြင်နိုင်၏။ ဇာလမုတ္တော၊ မုဆိုးလက်နက် ပိုက်ကွန်ယက်မှ လွတ်,ထွက် နိုင်သော၊ သကုဏော၊ ပိုက်ကွန်တွင်းအား ဝင်မိများသော ငှက်သည်၊အပ္ပေါဣဝ၊ နည်းသကဲ့သို့။ ဇာလမုတ္တော၊ မရဏာကွန်ယက်၊ သေမင်းလက်မှ လွတ်ထွက်၍ သဂ္ဂါယ၊ နတ်ရွာနိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားရောက်ရသော သူသည်။ အပ္ပေါ၊ နည်းလှစွာ၏။ ။ဤကားအနက်။

ဒေသနာတော်၏ အဆုံး၌ ရက်ကန်းသည် သတို့သမီး ငယ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ရောက်လာကုန်သော များစွာကုန်သော လူများအပေါင်းအားလည်း အကျိုးရှိသည်သာလျှင် ဖြစ်သော မွေ့ဒေသနာ သည် ဖြစ်ပေ၏။

## တုသိတာနတ်ပြည်၌ ဖြစ်ခြင်း။

ရက်ကန်းသည် သတို့သမီးငယ် သည်လည်း ချက်ဖေါက် တောင်းကို ယူ၍ ဘခင်၏ အထံသို့ သွားလေ၏။ ဘခင်ဖြစ်သော ရက်ကန်းသည် သည်လည်း ထိုင်လျက်သာလျှင် အိပ်နေ၏၊ ထိုသတို့သမီး ငယ်အား အမှတ်မရသည် ဖြစ်၍သာလျှင် ရက်ဖေါက်တောင်းကို အနီးသို့ချဉ်းကပ် ဆောင်ဖို့ ချထားလိုက်သည်ရှိသော်၊ ရက်ဖေါက်တောင်းသည် လက်ဆိပ် အစွန်းကို ထိခိုက်၍ အသံမြည်လျက်ကျ၏၊

ရက်ကန်းသည်,သည် အိပ်ရာမှ လန့်နိုး၍၊ မိမိယူအပ်သော အမှတ်ဖြင့် သာလျှင်, လက်ဆိပ်ကို ငင်၏၊လက်ဆိပ်စွန်းသည် သတို့သမီး၏ ရင်ကို သွား၍ ပုတ်ခတ်၏ သတို့သမီးငယ်သည် ထိုနေရာ၌ပင် သေလွန်ခြင်းကို

ပြုခဲ့၍၊ ဘုသိတာနုတ်ပြည်၌ ဖြစ်လေ၏။ ဘခင် ရက်ကန်းသည်သည် မိမိ၏ သမီးငယ်ကို ကြည့်ရှုသည်ရှိသော်၊ သွေးအလိမ်းအလိမ်း ကပ်ငြိသော ကိုယ်ဖြင့် လဲကျ၍ သေသည်ကို မြင်လေ၏။

## အဘ, ရဟန်းပြုပြီး ရဟန္တာဖြစ်ခြင်း။

ထိုအခါ ရက်ကန်းသည်အားအားကြီးစွာသော စိုးရိမ်ပူဆွေးခြင်းသောက သည် ဖြစ်၏။ ထိုရက်ကန်းသည်သည် "ငါ့အား ဖြစ်ပွါးသော သောက တရားကို ဘုရားရှင်ကို ထား၍ တပါးသော သူတို့သည် ငြိမ်းစေခြင်းငှါ မစွမ်းနိုင်လတ္တံ့" ဟု အောက်မေ့၍ ငိုကြွေး မြည်တမ်းလျက် မြတ်စွာ-ဘုရား အထံတော်သို့ သွားရောက်ပြီးလျှင် ထိုအကြောင်းကို ကြား-လျှောက်၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် အား ဖြစ်ပွါးသော သောကကို ငြိမ်းစေတော် မူကြပါကုန်လော့ ဟု လျှောက်၏။

မြတ်စွာဘုရားသခင်သည် ထိုရက်ကန်းသည်ကို သက်သာရာ ရစေ၍။ ဒါယကာ၊ မစိုးရိမ် မပူဆွေးသင့်၊ အစမထင် ကျင်လည် ပြေးသွားရာ ရှည်ဝေးလှစွာသော သံသရာ၌ အသင် ဒါယကာအား ဤနည်းအတူ သာလျှင် သမီးငယ် သေလွန်သောအခါ၌ စိုးရိမ်ပူဆွေး ငိုကြွေးသည် ဖြစ်၍ ယိုစီးကျထွက်ကုန်သော မျက်ရည်တို့သည် လေးစင်းကုန်သော မဟာသမုဒ္ဒရာတို့၏ ရေထက်ပင်သော်လည်း ပိုလွန်များပြားသေး၏ ဟု မိန့်တော်မူ၍၊ အနမတဂ္ဂ တရားစကားကို ဟောကြားတော်မူ၏၊

ထိုရက်ကန်းသည် ဒါယကာသည် ခေါင်းပါးသော သောကရှိသည် ဖြစ်၍၊ မြတ်စွာဘုရား သခင်သို့ ရဟန်းအဖြစ်ကို တောင်းပန် ပြီးသော် ရအပ်သော ပဉ္စင်းအဖြစ် ရှိသည်ဖြစ်၍ မကြာမြင့်မီပင်လျှင် အရဟတ္တ ဖိုလ်သို့ ရောက်လေ၏။

ဓမ္မပဒလောကဝဂ်၌ ခုနစ်ခုမြောက်ဖြစ်သော ရက်ကန်းသည်
သည်တို့သမီးငယ်၏ ဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ့ပြီး၏။

## ၁၃-လောကဝဂ်။ ၈-သုံးကျိပ်ကုန်သော ရဟန်းတို့၏ဝတ္ထု။

**ဟံသာ ဒိစ္စပထေ။** ။အစသော ဤဒေသနာ၊ ပါဠိဂါထာကို၊ သံသရာတည်းဟူသော စက်၌၊ အဆက်မပြတ်၊ လည်စေ တတ်သည့်၊ အရပ်ရပ် ကိလေသာ၊ထောင်ငါးရာ အစရကို၊ လေးရသော မဂ်ဉာဏ်ဖြင့်၊ ပယ်လှန် ပြတ်စဲအောင်၊ ညှဉ်းဆဲ သတ်ဖြတ်တော် မူသော၊ လူ့နတ် ဗြဟ္မာ၊ သတ္တဝါတို့၏ သင်းကျစ်၊မွေ့ရာဇာ ခေါင်ဖျား၊ ဘုရားသခင်သည်၊ အစဉ်ထာဝရ၊ ပါကဋကဲမွန်သော ဇေတဝန် ဖွေ့ကျောင်း၌၊ ကိန်းအောင်း တော်မူသောကာလ၊သုံးကျိပ်မျှလောက်ကုန်သော ရဟန်းတော်အရှင်များ တို့ကို အကြောင်းပြုသောအားဖြင့် ဟောကြားတော်မူခဲ့ပေသတည်း။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

တနေ့သောအခါ၌ သုံးကျိပ်မျှလောက်ကုန်သော ကိုထိုသော အရပ် မျက်နှာ၌ နေထိုင်မျှတကုန်သော ရဟန်းတို့သည် မြတ်စွာဘုရားသခင်ကို ချဉ်းကပ် ခစားကြကုန်၏။အာနန္ဒာမထေရ်သည် မြတ်စွာဘုရားသခင်အား ဝတ်ကြီး,ဝတ်ငယ်ကို ပြုချိန်တိုင်သောအခါ၌ လာခဲ့၍ ထိုအာဂန္တုက ရဟန်းတို့ကို မြင်သည်ရှိသော်၊ မြတ်စွာဘုရားသခင်သည် ဤအာဂန္တုက ရဟန်းတို့နှင့် အတူတကွ ပဋိသန္ထာရကထာကို ပြုပြီးသောကာလဝယ် ဝတ်ကြီး,ဝတ်ငယ်ကို ပြုတော့မည်ဟု နှလုံးသွင်း၍၊တံခါးမုခ်၌ ရပ်ဘည် စောင့်ဆိုင်း၍ နေ၏။ မြတ်စွာဘုရား သခင်သည်လည်း ထိုအာဂန္တုက ရဟန်းတို့နှင့် အတူတကွ ပဋိသန္ထာရကထာကိုပြု၍၊ ထိုရဟန်းတို့အား အသက်ထက်ဆုံး နှလုံးသွင်းအပ်, အောက်မေ့အပ်သော တရားစကားကို ဟောကြားတော်မူ၏။ ထိုသို့ ဟော့ကြားတော်မူသော တရားစကားကို ကြားနာရ၍၊ အလုံးစုံသည်း ဖြစ်ကုန်သော သုံးကျိပ်မျှလောက်ကုန်သော ထိုရဟန်းတို့သည် အရဟတ္တဖိုလ်သို့ ရောက်၍၊ ကောင်းကင် ခရီးဖြင့် ဖဲကြွတော်မူကြကုန်၏၊

အာနန္ဒာ မထေရ်သည် ထိုအာဂန္တုက ရဟန်းတို့ မထွက်ကြွလာ ကြာမြင့်ရှည်စွာ ငံ့ဆိုင်းရသည်ရှိသော်၊ မြတ်စွာဘုရားသခင် အရှင်သို့

ချဉ်းကပ်၍။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤယခုအခါ၌ ပင်လျှင် သုံးကျိပ်မျှလောက် ကုန်သော ရဟန်းတို့သည် အရှင်ဘုရား၏ ထံမှောက်သို့ လာရောက်သည့်တို့ကို တွေ့မြင်ရပါကုန်သည်၊ ထိုရဟန်း တို့သည် အဘယ်မှာ တည်နေပါကုန်သနည်းဟု မေးလျှောက်၏။ ချစ်သား အာနန္ဒာ၊ ဖဲသွားကြလေကုန်ပြီဟု မိန့်တော်မူသည်ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်ခရီးဖြင့် ဖဲသွား ပါကုန်သနည်း ဟု မေးလျှောက်၏။

## များစွာသောသူတို့ သောဟာပန်ဘည်ခြင်း။

ချစ်သား အာနန္ဒာ၊ ကောင်းကင်ခရီးဖြင့် ဖဲ့သွားကုန်သည်ဟု မိန့်တော် မူလျှင်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ထိုရဟန်းတို့သည် ရဟန္တာဘို့ပေလောဟု မေးလျှောက်သဖြင့်။ ချစ်သား အာနန္ဒာ သြော်- ဟုတ်ပေ၏၊ ငါဘုရား၏ အထံတော်၌ တရားတော်ကို ကြားနာရ၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်သည်။ ထိုခဏ၌ ကောင်းကင်ဖြင့် ပျံသွား သော ဟသ်ာငှက်ကဲ့သို့ ကောင်းကင် ခရီးဖြင့် ဖဲသွားကြလေကုန်ပြီ။ ချစ်သား အာနန္ဒာ၊ အကြင် ပုဂ္ဂိုလ်အား လေးပါးသော ဣဒ္ဓိပါဒ်တို့ကို ကောင်းစွာ ပွါးများ အပ်ကုန်၏။ ထိုပုဂ္ဂိုလ်သည် ဟသ်ာ ငှက်ကဲ့သို့ ကောင်းကင် ခရီးဖြင့် သွားလေသည် သာလျှင်တည်း ဟု မိန့်တော် မူပြီး၍-

**ဟံသာ ဒိစ္စပထေ ယန္တိ၊ အာကာသေ ယန္တိ ဣဒ္ဓိယာ။**

**နိယျန္တိ ဓီရာ လောကမှာ၊ ဇေတွာ မာရံ သဝါဟနံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကား။** ။ဟံသာ၊ ဟသ်ာငှက်တို့သည်၊ အာဒိစ္စပထေ၊ နေ၏ လမ်းကြောင်း ကောင်းကင်ခရီး၌၊ ယန္တိ၊ သွားကုန်၏။ ဣဒ္ဓိယာ၊ တန်ခိုး ရှိကုန်သော ပုဂ္ဂိုလ်တို့သည်၊ အာကာသေ၊ အဇဋာကာသဖြင့်၊ ထက်ကောင်းကင်၌။ ယန္တိ၊ သွားလာကုန်၏။ ဓီရာ၊ ပညာရှိတို့သည်၊ သဝါဟနံ၊ စစ်သည် ဗိုလ်ပါနှင့်

တကွသော။ မာရ်၏မာရ်မင်းကို။ ဖိတွာ၊အောင်၍။ လောကမှာ၊ဝဋ်ဆင်းရဲ ဟု ဆိုအပ်သော လောကမှ၊ နိယျန္တိ၊ ထွက်မြောက်ကုန်၏။ ။ဤကား-အနက်။

ဓမ္မပဒ လောကဝဂ်၌ ရှစ်ခုမြောက်ဖြစ်သော သုံးကျိပ်ကုန်သော ရဟန်းတို့၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၃-လောကဝဂ်။ ၉-စိဉ္စမာနဝိကာ မိန်းမ၏ဝတ္ထု။

**ဧကံ ဓမ္မံ** ။အစခံသော၊ သုတ္တန်ဒေသနာ၊ ပါဠ်ဂါထာကို၊မုသာဝါဒ၊ အမွေ ဝတ္ထုဖြင့်၊ ပြုဖူ အားထုတ်မိသော ပုဂ္ဂိုလ်သည်၊ ထိုထိုသော အကုသိုလ်၊ ကမ္မပထအရာကို၊ မပြုဝံ့သည်သော မရှိ၍ရဲဝံ့ဘိသဖြင့်၊ အတိ-ဒုစ္စရိတ၊ အကုသိုလမူလစင်စစ်၊ အမှန်ဖြစ်သော၊ ယုတ်ညစ်ဘေး၊ မုသာဝါဒ၊ ထိုစကားကို၊ ပယ်ရှားအောင် ကြံဖန်၊ အတန်တန် ဆုံးမတော်သော၊ သဗ္ဗညုတဉာဏ်ဆိပ်၊ဂုဏ်ဟိတ် ထောမနာ၊စောမြတ်စွာသည်၊ဗြာဝဿနဒီ၊ စိုးမြိုင်ဘိ၊ သာဝတ္ထိ ပြည်မွန်၊ ဇေတဝန် ကျောင်း၌ ကိန်းအောင်း စံပယ်တော် မူသော ကာလ၊ ဝိဋ္ဌမာဏဝိကာ အမည်ရှိသော မိန်းမ တယောက်ကို မြော်သောက်သမှု၊ အကြောင်းပြုသောအားဖြင့် ဟော-ကြားတော်မူခဲ့ပေသတည်း၊

အကြောင်း အတ္ထုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပဌမဗုဒ္ဓကာလ၌ ပဌမဗောဓိ၌ ဝဋ္ဋုပ္ပန်ဝတ္ထု။

ဝါတော်နှစ်ဆယ်ဟုဆိုအပ်သော ပဌမဗောဓိ၌ မြတ်စွာဘုရားသခင် အား များစွာကုန်သော တပည့်သာဝက တို့သည်၎င်း၊ အတိုင်းအရှည် မရှိကုန်သော လူနတ်ဗြဟ္မာတို့သည်၎င်း အရိယာအဖြစ် တည်းဟူသော တည်ရာသို့ သက်ကုန်သည်ရှိသော်၊ ပြန့်နှံ့ထင်လျှား ကျော်စောသော ဂုဏ်ကျေးဇူးတော်အပေါင်း၌ ညွတ်ပြောင်းစေတနာ သဒ္ဓါဗလဝဆည်း-ကပ်ပူဇော် ကြသောအားဖြင့် များမြတ်ပြန့်ပြော ကြီးကျယ်စွာ လာဘ်-ပူဇော်သက္ကာရသည် ထင်ရှားဖြစ်ပေ၏၊ သာသနာတော်မှ အပ ဗာဟိရ ဖြစ်ကုန်သော တိတ္ထိတို့သည် ပျက်စီးခြောက်တတ်သော လာဘ်ပူဇော်

သင်္ကာရ ရှိကုန်သည်ဖြစ်၍၊ အားရှုသိမ်ကျွန်းမှ နေဝန်းထွန်းတက်သော အခါ၌ အရောင်အဝါမကြွ ကွယ်ပျောက်ပသော ပိုးရုံကြူးတမျှ ပမာဏ ရှိသည် ဖြစ်ကုန်၏။

## အဆင်းလှသော ဝိဋ္ဋမာဏဝိကာ။

ထိုတိတ္ထိတို့သည် ခရီးမဲ့ရပ်တည်၍ အသို့နည်း၊ ရဟန်းဂေါတမသည် သာလျှင် ဘုရားလော ငါတို့သည်လည်း ဘုရားဖြစ်ပါကုန်သည်။ အသို့ နည်း ရဟန်းဂေါတမအား လှူအပ်သောအလှူသည်သာလျှင် အကျိုးကြီး မြတ်သလော၊ ငါတို့အား ပေးလှူအပ်သောအလှူသည်လည်း အကျိုးကြီး မြတ်ပါသည်သာတည်း။ ငါတို့အားလည်း ပေးလှူကြပါကုန်လော။ပူဇော် သက္ကာရကိုလည်း ပြုကြကုန်လောဟု ဤသို့သောအခြင်းအရာဖြင့် လူ-တို့ကိုသိစေသော်လည်း၊ လာဘ်ပူဇော်သက္ကာရကို မရကုန်သောကြောင့် ဆိတ်ကွယ်ရာအရပ်၌ စုရုံးစည်းဝေး၍ အဘယ်သို့သော အကြောင်းဖြင့် ရဟန်းဂေါတမအား လူတို့၏အကြား၌ ကျေးဖူးခဲ့ကို ဖြစ်စေ၍၊ လာဘ်-ပူဇော်သက္ကာရကို ဖျက်ဆီးကြကုန်အံ့နည်းဟု တိုင်ပင်ကြကုန်၏။

ထိုအခါ သာဝတ္ထိပြည်၌ ဝိဋ္ဋမာဏဝိကာ အမည်ရှိသော တယောက် သော ပရိဗိုဇ်မသည် မြတ်သောအဆင်းကို ဆောင်၏၊ တင့်တယ်ခြင်း အထွဋ်အထိပ်သို့ရောက်၏၊ နတ်သမီးကဲ့သို့ ထိုပရိဗိုဇ်မ၏ကိုယ်မှ အရောင် တို့သည်ထွက်ကုန်၏။ ထိုအခါ ကြမ်းကြုတ်သော တိုင်ပင်ကြံစည်ခြင်း ရှိသော တယောက်သောတိတ္ထိက ဝိဋ္ဋမာဏဝိကာကိုစွဲ၍ရဟန်းဂေါတမ၏ ကျေးဖူးအရှိန်အစော်ခဲ့ကို ဖြစ်စေ၍၊လာဘ် ပူဇော်သက္ကာရကို ဖျက်ဆီး ကုန်အံ့ဟု ပြော၏။

တိတ္ထိတို့က ဤအကြောင်းသည် တင့်တယ်ကောင်းမြတ်စွာရှိပေ၏ ဟု ဝန်ခံကြကုန်၏။ထိုနောက် ဝိဋ္ဋမာဏဝိကာ ပရိဗိုဇ်မသည် တိတ္ထိတို့အရံသို့ သွား၍ ရှိခိုးပြီးသော် တည်နေ၏။တိတ္ထိတို့သည် ထိုပရိဗိုဇ်မနှင့်အတူတကွ စကားမပြောဆိုကြကုန်။ ထိုပရိဗိုဇ်မသည် "အသို့နည်း ငါ့အားအပြစ် ပင်ရှိလေသလော"ဟု အောက်မေ့၍ အရှင်ဘုရားတို့၊ တပည့်တော်မသည် သုံးကြိမ်မြောက်အောင် ရှိခိုးပါ၏ဟု လျှောက်ထား ပြီးသော်၊ အရှင် ဘုရားတို့၊ တပည့်တော်မအား အဘယ်သို့သောအပြစ် ရှိပါသနည်း။

အဘယ်ကြောင့် တပည့်တော်မနှင့် အတူတကွ စကားမပြောမဆိုကြပါ သနည်းဟု မေးလျှောက်၏။

ချစ်နှမ၊ အသင်သို့နည်း။ ရဟန်းဂေါတမသည် ငါတို့ကိုနှိပ်စက်ညှဉ်းပန်း၏။ ငါတို့အား ပျက်စီးဆုတ်ယုတ်သော လာဘ်ပူဇော်သက္ကာရ ရှိသည်ကို မြင်၍ လှည့်လည်နေဘိ သည်ကို အသင် မသိသလောဟု ပြော၏။ အရှင် ဘုရားတို့၊ တပည့်တော်မ မသိပါ။ ဤအရာ၌ တပည့်တော်မသည် အဘယ် ကဲ့သို့ ပြုအပ်ပါသနည်းဟု မေးလျှောက်သဖြင့်။ ချစ်နှမ၊ အသင်သည် ငါတို့၏ချမ်းသာခြင်းကို အကယ်၍အလိုရှိသည်ဖြစ်အံ့၊ မိမိကိုယ်ကိုစွဲ၍ ရဟန်းဂေါတမ၏ကျေးဇူးမဲ့ကို ဖြစ်စေပြီးသော်၊ လာဘ်ပူဇော် သက္ကာရကို ပျက်ဆီးစေလော့ဟု ပြော၏။

## မိန်းမမာယာကို အသုံးပြုခြင်း။

ထိုစိဉ္စမာနဝိကာ ပရိဗိုဇ်မသည် အရှင်ဘုရားတို့၊ ကောင်းပါပြီ။ ဤ-ဝန်သည် တပည့်တော်မ၏တာဝန် ဖြစ်ပါစေတော့။ အရှင်တို့သည် မစိုးရိမ် မကြောင့်ကြပါကုန်လင့်ဟု ပြောဆို၍ ဖဲသွားပြီးသော်၊ မိန်းမမာယာ၌ လိမ္မာတတ်မြောက်သည့်အဖြစ်ကြောင့်၊ ထိုအခါမှစ၍ သာဝတ္ထိပြည်၌ နေလေ့ရှိသော ဒါယကာ ဒါယိကာမအပေါင်းတို့၏ တရားစကားကိုကြား နာပြီး၍၊ ဇေတဝန်ကျောင်းတော်မှ ထွက်ပြန်ကြသောအခါ၌ ပိုးပရုံအဆင်း ကဲ့သို့ အဆင်းရှိသော ပုဆိုးကိုရုံ၍၊ နံ့သာပန်း စသည် လက်စွဲလျက် ဇေတဝန်ကျောင်းတော်သို့ ရှေ့ရှုသွား၏။

ဤအခါ၌ အဘယ်အရပ်သို့ သွားသနည်းဟု မေးကုန်သည် ရှိသော်၊ ငါ၏သွားရာအရပ်ဖြင့် အသင်တို့အား အဘယ်အကျိုးရှိအံ့နည်းဟု ဆို၍၊ ဇေတဝန်ကျောင်းတော်အနီးဝယ် တိတ္ထိတို့၏အရံ၌နေ၍ နံနက်စောစောမှ သာလျှင် အဦးအဖျားဖူးမြော်ခြင်းကို ဖူးမြော်ကုန်အံ့ဟု ဒါယကာတို့သည် မြို့မှထွက်လာသည်ရှိသော်၊ ဇေတဝန်ကျောင်းတော်၏ အတွင်းမှ ထ၍ လာဘိသကဲ့သို့ဖြစ်၍ မြို့သို့ဝင်သွား၏။ အဘယ်အရပ်မှလာသသနည်းဟု မေးကုန်သည်ရှိသော်၊ ငါ၏လာရာအရပ်ဖြင့် အသင်တို့အားပြောကြား၍ အဘယ်အကျိုးရှိအံ့နည်းဟု ဆို၍၊ ထိုစိဉ္စမာနဝိကာပရိဗိုဇ်မသည် အစဉ် အတိုင်း လခွဲကိုလွန်သဖြင့် မေးအပ်ကုန်သည်ရှိသော်၊ ဇေတဝန်ကျောင်း

ဘော်၌ ရဟန်းဂေါတမနှင့်အတူတကွ တရသောဂန္ဓကုဋိတိုက်၌ အိပ်နေထလာခြင်းဖြစ်ပေသည်ဟု ပြော၏။ပုထုဇဉ် ဖြစ်ကုန်သော လူတို့အား "ဤစကားသည် ဟုတ်မှန်အံ့လော။ မဟုတ်မမှန်ဘဲပင် ရှိအံ့လော" ဟု တွေးတောယုံမှားခြင်းကို ဖြစ်စေ၍၊ သုံးလ,လေးလကို လွန်မြောက်သဖြင့် ပုဆိုးပိုင်းတို့ဖြင့် ဝမ်းကိုဝန်းရံပြီးသော်၊ကိုယ်ဝန်ရှိသော အဆင်းကိုပြ၍ အထက်၌ နီသောပုဆိုးကို ရုံပြီးလျှင်၊ရဟန်း ဂေါတမကိုစွဲ၍ ကိုယ်ဝန် တည်နေလေသည်ဟု သူမိုက်တို့ကိုယုံကြည်စေပြီးသည့်ကာသ၊ ရှစ်လ, ကိုးလကိုလွန်သဖြင့် ဝမ်း၌သစ်သားပျဉ်ချပ်ကိုဖွဲ့ချည်၍ အထက်၌ပုဆိုးကို ခြုံပြီးသော်၊လက်ဘမိုး ခြေဘမိုးအပြင်တို့ကို နွားမေးရိုးဖြင့်ရိုက်နှက်စေ၍ ဝမ်းကိုပြပြီးလျှင် ပင်ပန်းနွမ်းနယ်သော ကိုယ်ရှုခြင်းအမူအရာရှိသည်ဖြစ်၍-

## ကိုယ်ဝန်ဆောင်ဟန်ပြုလျက် စွပ်စွဲခြင်း။

ညနေချမ်းအခါ၌ မြတ်စွာဘုရားသခင်သည် တန်းဆာဆင်အပ်သော တရားဟောနေရာ၌ ထိုင်နေတော်မူလျက် တရားတော်ကိုဟောကြားတော်မူသည်ရှိသော်၊ 'တရားသဘင်သို့သွား၍ မြတ်စွာဘုရားသခင်၏ ရှေ့မှ ရပ်ပြီးလျှင်-

ရဟန်းကြီး၊ လူများအပေါင်းအား တရားတော်ကိုသာ ဟောကြား၍နေဘိ၏၊ အသင်၏ အသံသည် သာယာပါပေ၏၊ သွား, နှုတ်ခမ်းသည် ကောင်းမွန်ချောမော ပြေပြစ်သည်ဖြစ်၍ ထိပေ၏။ ငါသည်ကား အသင့်ကိုစွဲ၍ ကိုယ်ဝန်ခံသောကြောင့် ရင့်ကျက်ပြည့်ရုံသောကိုယ်ဝန်ရှိသည် ဖြစ်လေပြီ။ငါ၏ သားဖွါးရာအိမ်ကို လည်းမသိ။ဆီဦးထောပတ် ဆီအစရှိသည်တို့ကို ကိုယ်တိုင်မပြုလုပ်လိုသည်ရှိသော်၊ အလုပ်အကျွေး ဖြစ်ကုန်သော သူတို့တွင် အမှတ်မရှိ။ တယောက်ယောက်လည်းဖြစ်သော ကောသလမင်းကြီးကိုသော်၎င်း၊ အနာထပိဏ်သူဌေးကြီးကိုသော်၎င်း၊ ဝိသာခါ ဥပါသိကာမကို သော်၎င်း ဤစိဥ္စမာနဝိကာအား ပြုသင့်ပြုထိုက်သည်နှင့်ယှဉ်သည်ကို ပြုလုပ်၍ပေးလိုက်ပါသောဟု မပြောဆို။ အသင်သည် မွေ့လျော်ခြင်း၌သာလျှင် သိသည်။ ကိုယ်ဝန်၏ အစောင့်အရှောက်ကို မသိ။

ဟု မစင်အခဲအခိုင်ကိုလက်ဖြင့်ကိုင်ယူ၍ ကောင်းကင်၌တောက်ထွန်းသော လဝန်းကို ဖျက်ဆီးပစ်ခတ်ခြင်းငှါ ရုံ့လက်ပြုဘိသကဲ့သို့၊ လေးပါးသော ပရိသာတ်၏အလယ်၌ မြတ်စွာဘုရားသခင်ကို ဆဲရေး၏။

မြတ်စွာဘုရား သခင်သည် တရားစကားကို တန့်ရပ် တည်ထား၍ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာကျူးရင့်တော် မူသျက်၊ အိုနှမ၊ အသင်သည် ပြောဆိုအပ်သောစကား၏ ဟုတ်မှန်သည့် အဖြစ်ကိုရင်း၊ ချွတ်ယွင်းသည့် အဖြစ်ကိုရင်း၊ ငါဘုရားသည် သာလျှင်ရင်း၊ အသင်သည်ရင်း နှစ်ဦး သောသူတို့သာ သိကြကုန်သည်ဟု မိန့်တော်မူ၏။

အိုရဟန်းကြီး၊ အသင်သည်ရင်း၊ ငါသည်ရင်း သိအပ်သည့်အဖြစ် သည် ဖြော်-ဟုတ်မှန်ပေ၏။ ထိုအကြောင်းကို အဘယ်သူတို့ သိနိုင်ကုန်-အံ့နည်းဟု စိဥ္စမာနဝိကာက ပြန်၍ပြော၏။

## စိဥ္စမာနဝိကာ မြေမျိုခြင်း။

ထိုခဏ၌ သိကြားမင်း၏စံနေရာဖြစ်သောဗိမာန်သည် ပူလောင်သော အခြင်းအရာကိုပြလေ၏။ သိကြားမင်း ဆင်ခြင်သည်ရှိသော်၊ စိဥ္စမာန-ဝိကာမိန်းမသည် မြတ်စွာဘုရားသခင်ကို မဟုတ်မမှန်သော အားဖြင့် စွပ်စွဲဆဲရေး လေဘိသည်ဟု သိ၍၊ “ဤဝတ္ထုကို သုတ်သင်ပေအံ့” ဟု ကြံပြီးလျှင်၊ လေးယောက်ကုန်သော နတ်သားတို့နှင့်အတူတကွသက်ဆင်း လာခဲ့၏။ နတ်သားတို့သည် ကြွက်ငယ်တို့ဖြစ်၍ သစ်သား ပျဉ်ချပ်အား ဖွဲ့ချည်အပ်သောကြိုးတို့ကို တပြိုင်နက်ဘည်းသာလျှင် ကိုက်ဖြတ်ကုန်၏။ လွှမ်းဖုံး ဝတ်ရုံအပ်သောအဆိုးကို လေသည်ပင့်တိုက်လေ၏။ သစ်သား ပျဉ်ချပ်ဝန်းသည် ပြုတ်ကျသည်ရှိသော်၊ စိဥ္စမာနဝိကာမိန်းမ၏ ခြေဘခိုး အပြင်၌ကျ၍ နှစ်ဘက်သောခြေဖျားတို့သည် ကျိုးပျက်ကုန်၏။

လူအပေါင်းတို့သည်လည်း သူယုတ်မသည် မြတ်စွာဘုရားသခင်ကို စွပ်စွဲဆဲရေးဘိသည်ဟု၊ ဦးခေါင်း၌တံတွေးကို ထွေးစွန့်ကျရောက်စေ၍၊ ခဲတုတ်စသည်တို့ကို လက်စွဲကုန်လျက် ဇေတဝန်ကျောင်းတော်မှ ပစ်ခတ် ရိုက်ပုတ် နှင်ထုတ်ကုန်၏။ ထိုနောက် မြတ်စွာဘုရားသခင်၏ ပကတိသော မျက်စိတော်မြင်ရာအရပ်ကို လွန်မြောက်သောအခါ၌ မဟာပထဝီမြေကြီး သည်နှစ်ခြမ်းကွဲ၍ ဟင်းလင်းအပေါက်ကိုပေး၏။ အဝီစိငရဲမှ ငရဲမီးလျှံ

တို့သည်ထကုန်၏။ ထိုစိဥ္စမာနပိကာသည် အမျိုးမိဘတို့ ပေးအပ်သော ကမ္ဗလာကိုရုံဘိသကဲ့သို့ အဝီစိငရဲမီးဖြင့် လွှမ်းခြုံဆင်းသွား၍ အဝီစိ၌ ဖြစ်လေ၏၊ သာသနာတော်မှ အပဖြစ်ကုန်သောတိတ္ထိတို့အား လာဘ်ပူဇော် သက္ကာရသည် ရှေးကအောက် ယုတ်လျော့လေ၏။

မြတ်စွာဘုရားသခင်အား အတိုင်းအထက်အလွန် တိုးပွါးခြင်းဖြစ် သေ၏။ တဖန်ရိုးသောက် ရောက်သောနေ့၌ ရဟန်းတို့သည်တရားသဘင် ဝယ် ငါ့ရှင်တို့၊ စိဥ္စမာနသည် ဤသို့သော အခြင်းအရာဖြင့် ကြီးကျယ် မြင့်မြတ်သော ကျေးဇူးဂုဏ်ရှိတော်မူသော မြတ်သောအလှူကို ခံတော် မူထိုက်သော မြတ်စွာဘုရားသခင်ကို မဟုတ်မမှန်သောအားဖြင့် စွပ်စွဲ ဆဲရေးသောကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရလေဘိသည် ဟူသောစကားကို ဖြစ်စေကြကုန်၏။

မြတ်စွာဘုရားသခင်သည် ကြွလာတော်မူပြီးလျှင်။ချစ်သားရဟန်းတို့၊ ငါဘုရား ကြွတော်မူလာဆဲသော ဤသခုအခါ၌ အဘယ် မည်သော စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်း ဟု မေးတော် မူ၍၊ ဤအမည်ရှိသော အကြောင်းပါတည်း ဟု ကြားလျှောက်သည် ရှိသော် ချစ်သားရဟန်းတို့၊ ဤစိဥ္စမာနပိကာသည် ဤယခုအခါ၌သာလျှင် ငါဘုရားကို မဟုတ်မလျှားသော အားဖြင့် ပြောကြား စွပ်စွဲ ဆဲရေး ဘူးသည် မဟုတ်သေး၊ ရှေးအခါ၌လည်း ထိုစိဥ္စမာနပိကာသည် ငါ- ဘုရားကို မဟုတ်မလျှား မုသားစကားဖြင့် ပြောကြားစွပ်စွဲ ဆဲရေးခြင်း ကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ဘူးသည်သာလျှင်တည်း ဟု မိန့်တော်မူ၍၊ ရဟန်းတို့ တောင်းပန် အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏၊

## အတိတ်ဝတ္ထု။

### မဟာပဒုမ မင်းသား။

ချစ်သားရဟန်းတို့၊ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် အသီးသီးသော ရာဇမ္ဗေသာဂိဟာ ဟ်ဖြင့် ညီမျှ- သမှု မင်းပြုတော်မူသည်ရှိသော်၊ ငါဘုရား အလောင်းတော်သည် ထို- ဗြဟ္မဒတ်မင်း၏ သက်နှင်းညာမှတ် လက်ျာနတ်ဒေဝီ မဟေသီမိဖုယားကြီး

ဝမ်း၌ စွဲလမ်းသန္ဓေ တည့်နေကိန်းအောင်း ပြီးသည့်ကာလ၊အချိန်ကျသဖြင့် ဖွါးမြင်လာသောအခါ ပွင့်သစ်စသော ပဒုမာကြာ၏ အဆင်းရေနှင့် အနေ တူမျှ ကြက်သရေရှိလှသော မျက်နှာတော် ရှိသည့်အဖြစ်ကြောင့်၊ ထို-မင်းသားအား မဟာပဒုမ ဟူသောအမည်ကို မှည့်ခေါ်သမုတ်ကုန်၏။ ထိုမဟာပဒုမမင်းသားသည် အရွယ်သို့ ရောက်သည်ရှိသော်၊ တက္ကသိုလ် ပြည်သို့ သွား၍ တတ်ကောင်းဘွယ်ရာ များစွာအကုန် အလုံးစုံသော အတတ်တို့ကို သင်ယူပြီးလျှင် တဖန် ပြန်လာခဲ့၏။ ထိုအခါ မဟာပဒုမ မင်းသား၏ မယ်တော်မိဖုယားကြီးသည် နတ်ရွာ စံလွန်တော်မူလေ၏၊ ဗြဟ္မဒတ် မင်းကြီးသည်လည်း တပါးသော မင်းသမီးကို မိဖုယားကြီး အရာကို ပေးသနား၍ သားတော် မဟာပဒုမမင်းသားကို အိမ်ရှေ့မင်း အရာသို့ ဆောင်နှင်းတော်မူ၏။နောက်အဘို့ ဖြစ်သော တပါးသော အခါ၌ ဗြဟ္မဒတ် မင်းကြီးသည် ထကြွပုန်ကန်သော ပစ္စန္တရာဇ်ကို ငြိမ်းစေအံ့ သော၄ါ မိဖုယားကြီးကို ချစ်နှမ၊အသင်သည် ဤနန်းတော်၌ ကောင်းမွန် ချမ်းသာစွာ နေလေလော့။ ငါသည် ပုန်ကန်ထကြွသော ပစ္စန္တရာဇ်ကို ငြိမ်းစေအံ့သော၄ါ သွားဦးအံ့ဟု ပြော၏။

အရှင်မင်းမြတ်၊ကျွန်တော်မသည် ဤနန်းတော်၌ မနေရစ်သိုပါ။ အရှင် မင်းမြတ်နှင့်အတူတကွသာလျှင် လိုက်ပါအံ့ဟု တင်လျှောက်သည်ရှိသော် စစ်ထိုးရာ၌ များပြားသော အပြစ်အာစာရကိုပြ၍ ငါပြန်လာသည်တိုင်-အောင် မဆန့်ကျင်သည်ဖြစ်၍ နေရစ်ပါလေလော့။ငါ၏ သားတော်ဖြစ်သော မဟာပဒုမ မင်းသားကို အကြင် အခြင်းဖြင့် မှာထား စေခိုင်းခဲ့သည် ရှိသော်၊ အသင် ချစ်နှမအား ပြုအပ်သောကိစ္စတို့ကို မမေ့မလျော့သည် ဖြစ်ပေရာ၏။ထိုအခြင်းအရာဖြင့် မှာထားစေခိုင်းခဲ့၍ သွားပါအံ့ဟု ပြောဆို ပြီးသည့်ကာလ မင်းကြီးထွက်သွားပြီးသော်၊ရန်သူတို့ကို သုံးမပြီးလျှင် ပျက်စီးသော ပစ္စန္တရာဇ် ဇနပုဒ်ရွာကို ကောင်းစွာတည်ထား ပြန်လာခဲ့ ပြီး၍၊မြို့၏အပ၌ သစ်တပ်ကို ဖွဲ့ပြီးသောကာလ နေတော်မူ၏။ မဟာ-ပဒုမမင်းသားသည်လည်း ခမည်းတော်မင်းကြီး ပြန်လာသောအဖြစ်ကို သိ၍ မြို့တော်ကို တန်းဆာဆင်စေပြီးလျှင် နန်းတော်ကို သုတ်သင်စေ၍ တယောက်တပါးတည်းသာလျှင် မိဖုယား၏အထံသို့ ဝင်သွားလေ၏။

## မိဖုယားကြီး မှားသော အချုပ်။

မိဖုယားကြီး သည်လည်း အဆင်းသဏ္ဍာန် ကြွန်အင် လက္ခဏာ ကောင်းစွာတင့်တယ် လှပခြင်းအရသို့ ရောက်သော် ဘုရားလောင်းကို မြင်လျှင် တပ်ငြိသော ရာဂစိတ် ရှိသည်ဖြစ်၍၊ မဟာပဒုမ မင်းသားသည် မိဖုယားကြီးကို ရှိခိုး၍။ မယ်တော်၊အကျွန်ုပ်တို့သည် အဘယ်ကို ပြုရပါအံ့နည်း ဟု မေး၏။ ထိုအခါ မဟာပဒုမ မင်းသားကို အသင်သည် အဘယ်သို့ ငါ့ကို ပြောဆိုသနည်း ဟု နေရာမှထ၍ မင်းသား၏လက်၌ ကိုင်ပြီးသော်၊အိပ်ရာသို့ တက်လော့ဟု ဆို၏။

မယ်တော်၊ အဘယ် အကြောင်းကြောင့်နည်း ဟု ဆိုသည်ရှိသော်၊ အကြင် ရှေ့လောက် ကာလပတ်လုံး ပြည့်ရှင် မင်းမြတ်သည် နန်းရပ် ပြည်တွင်းသို့ မကြွဝင်တော်မူလာသေး၊ ထိုရှေ့လောက် ကာလပတ်လုံး ငါတို့နှစ်ယောက်သည် ကိလေသာအာရုံ ကာမဂုဏ်ဖြင့် မွေ့ရန်မွေ့လျော် ကုန်အံ့ဟု ပြောဆို၏။ မယ်တော်၊ အသင်သည် အကျွန်ုပ်၏ မယ်တော် လည်း ဖြစ်ခဲ့ပါသည်၊ ခင်ပွန်းအရှင် လင်ယောကျ်ားရှိသော မိန်းမလည်း ဖြစ်ခဲ့ပါသည်၊ အကျွန်ုပ် သားတော်သည် ခင်ပွန်းအရှင် လင်ယောကျ်ား ရှိသော မိန်းမကို တပ်သောကိလေသာ၏ အစွမ်းဖြင့် ဣန္ဒြေတို့ကို ဖျက်၍ ကြည့်ဘူးသည်ဟူ၍ မရှိပါ။ အဘယ် အကြောင်းကြောင့်လျှင် အသင် မယ်တော်နှင့်အတူတကွ ဤသို့သဘောရှိသော ယုတ်မာသော အကျင့်ကို ကျင့်ပါအံ့နည်း ဟု ပြောဆို၏။

မိဖုယားကြီးသည် နှစ်ကြိမ်,သုံးကြိမ် ဖြားယောင်းဖျောင်းဖျ ပြော ဆို၍ မိမိအလိုသို့ မလိုက်သည်ရှိသော်၊ငါ၏စကားကို အသင် မလိုက်နာ ပြီလော့ ဟု မေးသဖြင့်၊ မလိုက်နာလိုပါ ဟု ဆိုလျှင် ထိုသို့တပြီးကား၊ ပြည့်ရှင် မင်းမြတ်အား လျှောက်ကြား၍ အသင်၏ ဦးခေါင်းကို ထောင်း-ထောင်းဖြတ်စေအံ့ ဟု ခြိမ်းခြောက်ပြေးဆို၏။

မဟာပဒုမမင်းသားကလည်း အသင် အလိုရှိတိုင်း ပြောလေလော့-ဟု မိဖုယားကြီးကို ရှက်နိုးစေ၍ ထွက်သွားသော၏။

မိဖုယားသည် ကြံဆင်ခြင်သည်မှာ "ဤအိမ်ရှေ့မင်းသည် ရှေးဦးစွာ သွားရောက်၍ ပြည့်ကြီးသခင် အရှင်မင်းမြတ်အား အကယ်၍ လျှောက်-ကြားသည် ဖြစ်ခဲ့အံ့၊ငါ၏ဇီဝိတ်ခြွေအသက်သည် ရှိတော့မည် မဟုတ်။

ငါသည် ရှေးဦးစွာ မင်းကို ကြားလျှောက်ပေအံ့” ဟု ကြံ၏။ ကြံပြီး၍ကား ထိုမိဖုယားသည် ဘောဇဉ်အာဟာရကို စားပြီးလျှင် ညစ်နွမ်းသော အဝတ်ကိုဝတ်ရုံ၍ ကိုယ်၌ လက်သည်းကုပ်ခြစ်သော ဒဏ်ရာတို့ကို ပြုပြီးလျှင် မင်းကြီးသည် မိဖုယား၊အဘယ်မှာနည်းဟု ငါ့ကို မေးခဲ့သည် ရှိသော်၊ မကျန်းမမာ ဖျားနာသည်ဟု တင်လျှောက်ကြကုန်လော့ ဟူ၍ အလုပ်အကျွေး အစေအပါး မိန်းမတို့အား မှာထား၍ ကြက်သရေ တိုက်ခန်း၌ အိပ်နေ၏။

## မာသာဖြင့် တင်လျှောက်ချက်။

ဗြဟ္မဒတ်မင်းကြီးသည်လည်း မြို့တော်သို့ ဝင်လာ၍ နေရာနန်းတော်သို့ တက်ဘော်မူပြီးလျှင်။ မိဖုယားကြီးကို မမြင်သောကြောင့် မိဖုယားကြီး အဝီမှာနည်းဟု မေးတော်မူ၍၊ ကြက်သရေရှိသော တိုက်ခန်း၌ ရှိကြောင်းကို လျှောက်တင်သည်ရှိသော်၊ ကြွဝင်တော်မူလာခဲ့၍၊ ချစ်နှမ၊ အသို့ ပေနည်း။ အသင်အား မချမ်းမသာ ရောဂါစွဲကပ်သလောဟု မေးတော်မူသည့် ကာလ၊ မိဖုယားသည် မင်းကြီး မေးတော်မူသော စကားကို မကြားဟန် ပြု၍၊ သုံးကြိမ်တိုင်အောင် မေးတော်မူသော်လည်း စကား မဆို ဆိတ်ဆိတ်သာနေ၏။

ချစ်နှမ၊ အဘယ်ကြောင့် စကားမပြောမဆို ဆိတ်ဆိတ်နေဘိသနည်း ဟု မေးတော်မူပြန်လျှင်၊ မြတ်သော မောင်တော်မင်းကြီး၊ အသို့ မိန့်တော်မူပါသနည်း၊ ခင်ပွန်းအရှင် လင်မရှိသော မိန်းမပင်သော်လည်း ကျွန်တော်မ ကဲ့သို့ ဖြစ်ရမည် မဟုတ်ပါ ဟု လျှောက်သဖြင့်၊ အဘယ် သူသည် အသင့်အား ညှဉ်းဆဲသနည်း၊ လျင်စွာ ငါ့အား ပြောကြားဘိလော့။ ထိုသူ၏ ဦးခေါင်းကို ဖြတ်ပိုင်းအံ့ဟု မိန့်တော်မူသည်ရှိသော်-

မောင်တော် မင်းမြတ်၊ အရှင်သည် အဘယ်သူကို မြို့၌ အစောင့်အရှောက်ထား၍ ထွက်သွားတော်မူပါသနည်း ဟု မေးလျှောက်သဖြင့်၊ ငါ၏သားတော် မဟာပဒုမ အိမ်ရှေ့ မင်းသားကို ထားခဲ့၍ သွားပေသည်ဟု ပြောသည့် ကာလ၊ ထိုပဒုမ မင်းသားသည် ကျွန်တော်မ၏ နေရာသို့လာ၍ ယုတ်မာသော အကျင့်ကို ပြုကျင့်အံ့သော အခြင်းအရာဖြင့် “ငါသည် အသင်၏ မယ်တော် ဖြစ်ပါသည်” ဟု ကျွန်တော်မ

တားမြစ်တောင် ပန်ပါသော်လည်း ထိုမဟာပဒုမ မင်းသားသည် ငါ့ကို ထား၍ ငါ့မှတပါးသော မင်းမည်သည်မရှိဟု ကျွန်တော်မကို ကိုလေသော ဖြင့် မွေ့လျော်အံ့ဟု ပြောဆို၍၊မိမိ၏ အလိုသို့ မလိုက်သည် ရှိသော် ဆံပင်ကိုဆွဲကိုင်၍ ထိုမှဤမှ ငေ့ဝင်လူးလျက် ပြင်းထန်စွာ ရိုက်နှက်ပုတ်ခတ် လဲကျစေပြီးသည့်ကာလ သွားပါသည်ဟု တင်လျှောက်၏။

## မတရားသော မင်းကြီး။

မင်းကြီးသည် မစူးစမ်း မဆင်ခြင် လျင်သော ဒေါသရှိ ရှိသော မြွေကဲ့သို့ ပြင်းထန်စွာ အမျက်ထွက်တော်မူ၍ မင်းချင်းယောကျ်ားတို့ကို အိုအချင်းတို့၊ သွားကြချေကုန်။ ပဒုမမင်းသားကို ဖမ်းဆီး တုပ်နှောင် ဆောင်ယူခဲ့ကုန်လော့ဟု စေခိုင်းတော်မူ၏။ မင်းစေ သောကျ်ားတို့လည်း မြို့အလုံးကို အုပ်ဖုံး လွှမ်းမိုးဘိသကဲ့သို့ အိမ်ရှေ့မင်း၏ အထံသို့သွား၍ အိမ်ရှေ့မင်းသားကို တုပ်ဖွဲ့ချည်နှောင် ပုတ်ခတ်ရိုက်နှက် ကြိုးထက်ပြန် ဖွဲ့ပြီးသော်၊နီသောပန်းကုံးကို လည်၌စွပ်၍ ဆောင်ယူခဲ့ကုန်၏။ထိုမဟာပဒုမမင်းသားသည် ဤအမှုကား မိဖုယားယုတ်၏ အမှုပေတည်း ဟု သိတော် မူသောကြောင့်၊အို-အချင်းတို့၊ငါသည် ခမည်းတော် မင်းကြီး၏ အပြစ်ကို မပြု ငါ့အား တစုံတရာအပြစ်မရှိဟု ပြောဆို မြည်တမ်းလျက် လိုက်လာ၏။

မြို့အလုံးသည် ပြည့်ရှင်မင်းမြတ်ကား မိဖုယား၏စကားကို နာယူ၍ မဟာပဒုမမင်းသားကို သတ်စေသတတ်ဟု ချောက်ချားတုန်လှုပ် အုတ်-အုတ်ကျက်ကျက်ဖြစ်၍၊ စည်းဝေး ကုန်ပြီးလျှင် မင်းသား၏ ခြေရင်း၌ ဝပ်စင်း၍၊ အရှင်သားတော်၊ ဤအမှုသည် အရှင် မင်းသား တို့အား မလျော်ကပ်ပတ်ချေ တကားဟုဆို၍ သည်းစွာသောအသံဖြင့် ငိုကြွေးကြ ကုန်၏။

ထိုအခါ အိမ်ရှေ့မင်းကိုဆောင်ယူ၍ မင်းကြီးအား ပြကုန်၏။ မင်းသား ကိုမြင်လျှင် ခမည်းတော်မင်းကြီးသည် အမျက်ကိုသိမ်းဆည်းအံ့သောငှါ မစွမ်းနိုင်သည်ဖြစ်၍၊ ဤမင်းသားသည် ငါ့ကိုတုပလျက် မင်း၏အသွင် ကိုလည်းပြုဘိ၏။ ငါ၏ သားတော်ဖြစ်ပါလျက် ငါ၏မိဖုယားကြီး၌ ပြစ်-မှားခြင်းကိုလည်းပြု၏။ သွားကြချေကုန်၊ခိုးသူချရာကမ်းပါးပြတ်၌ ချသဖြင့် ဖျက်ဆီးပျက်စီးခြင်းသို့ ရောက်စေကုန်လော့ဟု မင်းချင်းယောကျ်ားတို့ကို

မိန့်ဆိုစေခိုင်းတော်မူ၏။ ဘုရားလောင်း မဟာမဒုမမင်းသားက ခမည်းတော်မင်းမြတ်၊ ဤသို့သဘောရှိသော အပြစ်အခါစာခြသည် အကျွန်ုပ်သားတော်အား မရှိပါ။ မိန်းမစကားကိုနာယူတော်မူ၍ မချက်ဆီးပ်လင့်ဟု တောင်းပန်လျှောက်တင်၏၊

မင်းကြီးသည် သားတော်လျှောက်တင်သော စကားကို နာယူတော်မမူ ထိုနောက် တသောင်းခြောက်ထောင် မှုသောက်ကုန်သော နန်းတွင်းသူအပေါင်း တို့သည် ချစ်သား မဟာပဒုမ၊ အသင့်အား မသင့်တင့်မလျော်ပတ်သောဤသို့သဘောရှိသောအမှုကိုဖြစ်ပေါ်ရှိချေ၏တကားဟု ပြောဆိုကုန်၍ ဟစ်အော်ငိုကြွေး မြည်တမ်းကုန်၏၊

အလုံးစုံသော ခတ္တိယမဟာသာလအစရှိကုန်သော သူမှူးမတ်သေနာပတိတို့သည်ရုံး၍။ အရှင်မင်းကြီး၊ သားတော် အိမ်ရှေ့မင်းမြတ်သည် အကျင့်သီလ ဂုဏ်ကျေးဇူးအထူးဖြင့် ပြည့်စုံသောသူလည်း ဖြစ်ပါသည်။ တိုင်းပြည်ထီးနန်း အမွေကိုခံ၍၊ အမျိုးအနွယ်ကို စောင့်ရှောက်လတ္တံ့သော သူလည်း ဖြစ်ပါသည်၊ မိဖုရား၏စကားကို နာယူတော်မူ၍ မစိစစ်ဘဲ ဖျက်ဆီးသတ်ဖြတ်တော် မမူပါလင့်။ ပြည့်ကြီးသော်နှင်း ဘုရင်မင်းတို့ မည်သည်ကား ရုံစမ်းဆင်ခြင်၍သာပြုလေ့ရှိသည်ဖြစ်ပေရာ၏ဟု လျှောက်ကြားလိုသည် ဖြစ်သောကြောင့်-

န ဒိဋ္ဌာ ပရတော ဒေါသံ၊ အဏုထူလာနိ သဗ္ဗသော။
ဣဿရော ပဏယေ ဒဏ္ဍံ၊ သာမံ အပ္ပဋိဝေက္ခိယ။ ။

ယောစ အပ္ပဋိဝေက္ခိတွာ၊ ဒဏ္ဍံ ကုဗ္ဗတိ ခတ္တိယော။
သကဏ္ဋကံ သော ဂိလတိ၊ ဇစ္စန္ဓောဝ သမက္ခိကံ။ ။

အဒဏ္ဍိယံ ဒဏ္ဍယတိ၊ ဒဏ္ဍိယဉ္စ အဒဏ္ဍိယံ။
အန္ဓောဝ ဝိသမံ မဂ္ဂံ၊ နဇာနာတိ သမာသမံ။ ။

ယောစ ဧတာနိ ဌာနာနိ၊ အဏုထူလာနိ သဗ္ဗသော။
သုဒိဋ္ဌ မနုသာသေယျ၊ သဝေ ကာရိတု မရဟတိ။ ။

နေကန္တမုဒုနာ သက္ကာ၊ ဧကန္တတိခိဏေန ဝါ။
အတ္တံ မဟတ္တေ ဌာပေတုံ၊ တသ္မာ ဥဘယ မာစရေ။ ။

ပရိဗ္ဗျူတော ရဒုံ ဟောဘိ၊ အာဇီဝကော စ ဝေရပိ။
ဇေတဗ္ဗ ဥဘယံ ဥတ္တွာ၊ အနုမဇ္ဈ သမာစရေ။ ။
ဗဟူ ပိ ရတ္တော ဘာသေယျ၊ ဒုဗ္ဗော ပိ ဗဟုံ ဘာသတိ။
န ဇုတ္တိကာရဏာ ရာဇ၊ ပုတ္တံ ဃာတေတု မရဟာသိ။ ။

ဟူသော ခုနစ်ဂါထာတို့ကို ရွတ်ဆိုကုန်၏။

**အနက်ကား။** ။မဟာရာဇ၊ ပြည့်ကြီးသခင် အရှင်မင်းမြတ်၊ ပရေ-တော-ပရသော၊ သူတပါး၏ဒေါသံ၊ အပြစ်အနာစာချက်ကို၊ နဒိဋ္ဌာ၊ မသိမထင် မတွေ့မမြင်တော်မူ၍။ သဗ္ဗသော-သဗ္ဗာနိ၊ အလုံးစုံကုန်သော။ အဏု-ထူလာနိ၊ ငယ်ငယ်ကြီးကြီး ဖြစ်သောအပြစ်တို့ကို။ ဇူသငရော၊ လူများ သော်နှင်း ပြည့်ရှင်မင်းသည်။ ပရသာ၊သူတပါး၏။ ဝစနံ၊ ပြောဆိုသော စကားကို ပဟာယ၊ ပယ်စွန့်၍၊ သာမံ၊ကိုယ်တိုင်။ အပ္ပဋိဝေက္ခိယ၊မစုံစမ်း မဆင်ခြင်မူ၍။ ဒဏ္ဍံ၊မင်းဒဏ်ကို။ န ပဏယေ၊မထားရာ။

မဟာရာဇ၊ရေမြေသနင်း အရှင်မင်းမြတ်၊ ယောခတ္တိယော၊ အကြင် ပြည့်ရှင်မင်းသည်ကား။ အပ္ပဋိဝေက္ခိတွာ၊ အပြစ်ဒေါသကိုမဆင်ခြင်မူ၍။ ဒဏ္ဍံ၊လက်ခြေဖြတ်ခြင်းစသော မင်းဒဏ်ကို။ကုပ္ပတိ၊ ပြုခဲ့အံ့၊သောခတ္တိ-ယော၊မိမိအကျိုးစီးပွါး ပျက်စီးကြောင်းကို ပြုတတ်သော ထိုမင်းသည်။ ဧစ္စန္ဒွော၊ အမိဝမ်းတွင်းက အသင်းကိုမရသော ဧစ္စန္ဒွယောကျ်ားသည်။ သခဏ္ဍကံ၊ယင်ကောင်ရှိသော ဘောဇနံ၊ဘောဇဉ်ကို၊ ဂိလတိ ဣဝ၊မျိုဘိ သကဲ့သို့။ သကဏ္ဍကံ၊ အဆူးရှိသော ဘောဇနံ၊ဘောဇဉ်ကို။ ဂိလတိ၊ မျိုသည်မည်၏။

မဟာရာဇ၊ပြည်ကြီး သော်နှင်း အရှင်မင်းမြတ်။ ယောဘ၊ အကြင် ပြည့်ရှင်မင်းသည်ကား။ အဒဏ္ဍိယံ၊ ဒဏ်မပေးထိုက်သော သူကို။ဒဏ္ဍိ ယတိ၊ဒဏ်ကို ပေး၏။ ဒဏ္ဍိယဉ္စ၊ ဒဏ်ပေး ထိုက်သော သူကိုလည်း။ အဒဏ္ဍိယံ၊ဒဏ်မပေးမူ၍။ အန္ဓောနော၊မိမိ၏။ ရုစိမေဝ၊အလိုကိုသာလျှင်။ ကရောတိ၊ပြုဘိ၏။ သော၊ထိုပြည့်ရှင်မင်းသည်။ အန္ဓော၊ သူကန်းသည်၊ ဝိသမံ၊မညီညွတ်သော၊ မဂ္ဂံ၊ခရီးကို။ နဇာနာတိ ဣဝ၊ မသိဘိသကဲ့သို့၊ သမာသမံ၊ ညီညွတ်သည် မညီညွတ်သည်ကို၊ နဇာနာတိ၊ မသိသည် မည်၏။ သမာသမံ၊ ညီညွတ်သည် မညီညွတ်သည်ကို။အဇာနတော၊ မသိ

ဘဲလျက်။ဝေဝတော၊ ပြေးသောသူ၏ပါဒေါ၊ ခြေသည်။ပါသာဘာဒိသုံ၊ ကျောက်အစ ရှိသည်တို့၌။ ပက္ခလတောဇူဝ၊ ချွတ်ချော် တိမ်းလည်း သက်ဲသို့ စတုသုအပါယေသု၊ လေးပါးကုန်သော အပါယ်တို့၌၊မဟာဒုက္ခံ၊ ကြီးစွာသောဆင်းရဲသို့။ ပါပုဏာတိ၊ ရောက်ဘတ်၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယော၊အကြင် ပြည့်ရှင်မင်းသည်။ ဗောဓိဋ္ဌာနဒါနံစ၊ ထိုဒါန်ပေးခြင်းတို့၏ အကြောင်းတို့ကိုရင်း။ဒါန္တဲ ကရဏာသုပိ၊ဒါန်ပေးခြင်း၏ အကြောင်းတို့တွင်လည်း။ သဗ္ဗသော-သမ္ဘာနိ၊ အလုံးစုံကုန်သော၊ အဏုထူလာနိ၊ အပြစ်ငယ်, အပြစ်ကြီး တို့ကိုရင်း။ အတိဝေကပ္ပါယ၊ညာဏ်ဖြင့် စုံစမ်းဆင်ခြင်၍။ သုဒိဋ္ဌံ၊ကောင်းစွာမြင်သည်ကို။ ဒိသွာ၊မြင်၍၊ အနုသာသေသု၊အပြစ်အလျောက် ဆုံးမရာ၏ သောရာဇ၊ ထိုအပြစ်အလျောက် ဆုံးမစီရင်သောမင်းသည်။ ဝေ၊စင်စစ်။ ဟာရိတံ၊ တိုင်းပြည်၌ အဆုံးအမကိုပြုခြင်းငှါ။ အရဟာသိ၊ထိုက်၏၊

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧကန္တမုဒုနာ၊စင်စစ်အားဖြင့် နူးညံ့ သောအကျင့်ဖြင့်။ အတ္တံ မိမိကိုယ်ကို။ မဟတ္တေ၊မြတ်သော အမိုးရသော အဖြစ်၌၊ဌာပေတုံ၊ ထားခြင်းငှါ။နသက္ကာ၊ မတတ်နိုင်။ဧကန္တတိခိဏေန-ဝါ၊စင်စစ် ထက်လွန်းသော အကျင့်ဖြင့်လည်း။ အတ္တံ၊ မိမိကိုယ်ကို၊ မဟတ္တေ၊ မြတ်သော အမိုးရသော အဖြစ်၌ ဌာပေတုံ၊ ထားခြင်းငှါ။ ယသ္မာ၊အကြင်ကြောင့်။နသက္ကာ၊ မတတ်နိုင်။တသ္မာ၊ ထိုကြောင့်။ဥဘယံ၊ အနုအသက်နှစ်ပါးစုံကို။ အာစရေ၊ကျင့်ရာ၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။မုဒု၊နူးညံ့သော ပြည့်ရှင်မင်းသည်။ ပရိဘူတော၊ ပြည်သူတို့ လွှမ်းမိုးလျက် မထေမဲ့မြင်ပြုအပ်သည်၊ ဟောတိ၊ဖြစ်၏။ အတိတိက္ခောစ၊ အလွန်ထက်လွန်းသော ပြည့်ရှင်မင်းသည်သည်း။ ဝေရဝါ၊ရန်များသည်။ ဟောတိ၊ဖြစ်၏။ ဧတဉ္စဥဘယံ၊ ဤနှစ်ပါးစုံကိုလည်း၊ အနုမဇ္ဈံ၊အလျော် ဖြစ်သော အလတ်ဖြစ်သော အကျင့်ကို သမာစရေ၊ကောင်းစွာ ကျင့်ရာ၏။

မဟာရာဇ၊ ပြည်ကြီးသော်နှင့် အရှင်မင်းမြတ်၊ ရတ္တော၊ရာဂကြီး သောသူသည်လည်း၊ ဗဟုံ၊များစွာ ဘာသေသု၊ ပြောဆိုရာ၏။ဒုဋ္ဌောပိ၊ ဒေါသကြီးသောသူသည်လည်း၊ ဗဟုံ၊များစွာ ဘာသတိ၊ ပြောဆိုရာ၏၊ ဣတ္ထိကာရဏာ၊ မိန်းမဟုသော အကြောင်းကြောင့်။ ပုတ္တံ၊ ဇီးနန်း

သျှောက်ပတ်းသားတော်မြတ်ကို။ ဃာတေတုံ၊သတ်ခြင်းငှါ။ နအရဟာသိ၊ မထိုက်၊ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ပြည်ကြီးသေဌ်နှင်း အရှင်မင်းမြတ်၊ အကြင်သို့ သဘောရှိသော ရေမြေသေဌ်နှင်း ပြည့်ရှင်မင်း မည်သည်ကား အပြစ် ဒေါသကို မရုံစမ်းမဆင်ခြင် မူ၍၊ လက်ခြေဖြတ်ခြင်း စသော မင်းဒဏ်ကို ပြုခဲ့သည်ဖြစ်အံ့။ မိမိ အကျိုးစီးပွါး ပျက်စီးကြောင်းကို ပြုတတ်သော ထိုမင်းသည် အမိဝမ်းတွင်းက စက္ခုအလင်းမရ ဇစ္စန္ဓ ယောကျ်ားသည် ယင်ကောင်ရှိသောဘောဇဉ်ကို စားမျိုဘိသကဲ့သို့၊ ဆူးရှိသောဘောဇဉ် ကို စားမျိုဘိ သကဲ့သို့ ဖြစ်တတ်ပါသည်။ပြည်ကြီး သေဌ်နှင်း အရှင် မင်းမြတ်၊ အကြင်ပြည့်ရှင်မင်းသည် ဒဏ်မပေးထိုက်သောသူကို ဒဏ်-ပေး၏. ဒဏ်ပေထိုက်သောသူကို ဒဏ်မပေးမူ၍၊ မိမိအလိုကိုသာလျှင် ပြုဘိ၏၊ ထိုပြည့်ရှင်မင်းသည် စက္ခုကန်းသောသူသည် မညီမညွတ်မပြေ ပြစ်သောခရီးကို မသိဘိသကဲ့သို့ ညီညွတ်သည် မညီညွတ်သည်ကို မသိ-သည်မည်ပါသည်၊ ညီညွတ်သည် မညီညွတ်သည်ကို မသိဘဲလျက်၊ပြေး သွားသောသူ၏ခြေသည် ကျောက်အစရှိသည်တို့၌ တိုက်ခိုက်ချော်ချွတ် တိမ်းလည်းဘိသကဲ့သို့၊လေးပါးကုန်သောအပါယ်တို့၌ ကြီးစွာသောဆင်းရဲ သို့ ရောက်တတ်ပါသည်။

မြတ်သော မင်းကြီး၊ အကြင် ပြည့်ရှင် မင်းသည် ဒဏ်ပေးခြင်း၏ အကြောင်းတို့ကိုရင်း၊ ဒဏ်ပေးခြင်း၏ အကြောင်းတို့တွင် အလုံးရုံကုန်-သောအပြစ်ငယ် အပြစ်ကြီးတို့ကိုရင်း မိမိ၏ဉာဏ်အမြင်ဖြင့် ရုံစမ်းဆင်-ခြင်၍၊ကောင်းစွာသိမြင်ပြီးလျှင် အပြစ်အလျောက် ဆုံးမပေးရာ၏။ ထိုသို့ အပြစ်အလျောက် ဆုံးမတတ်သော မင်းသည်သာလျှင် စင်စစ်အားဖြင့် တိုင်းပြည်၌ စိုးရင်အုပ်ချုပ် မင်းပြုလုပ်ပြီးသောအခါ အဆုံးအမကို စီရင် ခြင်းငှါ ထိုက်ပေ၏။

မြတ်သောမင်းကြီး၊ စင်စစ်အားဖြင့် နူးညံ့သိမ်မွေ့ ပြေပြစ်သော အကျင့်ရှိသောသူသည် မိမိကိုယ်ကို ကြီးကျယ်မြင့်မြတ်သော အစိုးရ-သောအဖြစ်၌ မြဲမြံစိုင်ခံ့တည်တန့်စေခြင်းငှါ မတတ်ကောင်း။ စင်စစ် ထက်မြက်လွန်းသော အကျင့်ဖြင့်လည်း မိမိကိုယ်ကို ကြီးကျယ်မြင့်မြတ်

သော အစိုးရသောမင်း၏အဖြစ်၌ မြဲမြံခိုင်ခံ့တည်တန့်စေခြင်းငှါ မတတ်ကောင်း။ ထို့ကြောင့် ပြည်ကြီးသေ၌နင်း မင်းတို့မည်သည် နူးညံ့သိမ်မွေ့ခြင်း, ထက်မြက်ခြင်း နှစ်ပါးစုံကို အကုန်ပင် ကျင့်ပေရာ၏။ မြတ်သော မင်းကြီး၊ နူးညံ့သိမ်မွေ့ပြေပြစ်သော ပြည့်ရှင်မင်းသည်ပြည်သူတို့ လွှမ်းမိုးဘိစီးနှိုင်စက်လျက် မထေမဲ့မြင်ပြုအပ်ပေ၏။ အလွန်ထက်မြက် လွန်းသော ပြည့်ရှင်မင် သည်လည်း သူပုန်ရန်သူများ သည် ဖြစ်တတ်၏။ ထို့ကြောင့် နူးညံ့သိမ်မွေ့ခြင်း, ထက်မြက်ခြင်း နှစ်ပါးစုံကို သင့်လျော် လျောက်ပတ်ကောင်းမြတ်သော မနူးညံ့သော မထက်မြက်လွန်းသော အလယ်အလတ်ဖြစ်သောအကျင့်ကို ကောင်းစွာကျင့်ပေရာ၏။

အရှင်မင်းကြီး၊ ရာဂကြီးသောသူသည်လည်း စကားများစွာ ပြောဆိုရာ၏၊ ဒေါသကြီးသော သူသည်လည်း စကားများစွာ ပြောဆိုတတ်၏။ မိန်းမ တည်းဟူသော အကြောင်းကြောင့် ထိုးမွေ, နန်းမွေကို အရှည်ဆက်ခံ စံလတ္တံ့သည် ဖြစ်သော သင့်တင့် လျောက်ပတ် သားတော်မြတ်ကို သတ်ခြင်းငှါ မထိုက်ပါဟု အထူးထူးသော အကြောင်းတို့ဖြင့် တင်လျှောက်ပါကုန်သော်လည်း မှူး,မတ် သေနာပတိတို့သည် မိမိတို့၏ စကားကို ယူစိမ့်သောငှါ မတတ်နိုင်ကုန်။

သားတော် မဟာပဒုမမင်းသားသည် တင်လျှောက် တောင်းပန်ပါသော်လည်း မိမိ၏ စကားကို ယူစိမ့်သောငှါ မတတ်နိုင်ကုန်၊ မိုက်လှစွာသော မင်းကြီးသည် "သွားတဲ့ချေဘုန်၊ ထိုမင်းသားကို ခိုးသူတို့ချသတ်ရာ ဖြစ်သော ကမ်းပါးပြတ်၌ ပစ်ချ သတ်ဖျက်လေကုန်" ဟု စေခိုင်းလိုရကား-

သဗ္ဗောဝ လောကော ကေတော၊ ဗုဒ္ဓိ စ အလ ဗေဟိကာ။
တေနာ ဟံ ပဋိပဇ္ဇိဿံ၊ ဂစ္ဆ ပက္ခိပတေထ နံ။ ။

ဟူသော ဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။တောဝန္တော အမစ္စာ၊ အို-အမတ် အပေါင်းတို့။ သဗ္ဗောဝ၊ အလုံးစုံသာလျှင်ဖြစ်သော။ လောကော၊ လူအပေါင်းသည်။ ကေတော၊ တပေါင်းတည်း။ ကုမာရဿ၊ မင်းသား၏။ ပက္ခော၊ အပင်းအသင်းသည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ဗုဒ္ဓိစ၊ ဤမိန်းမသည်ကား။ ဧကိကာ၊

တယောက်တည်း သာတည်း တေန၊ ထိုကြောင့်။ အယာံ၊ ငါသည်။ ပဒိုပဋ္ဌိသံ၊ ပီရင်ပေအွံ။ ဂစ္ဆ၊ သွားကဲ့ချေ၊ နံ၊ ထိုမင်းသားကို။ ပက္ခိပတေယ၊ ကမ်းပါးပြတ်၌ ချသတ်လေကုန်လော့၊ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အို-အမတ်အပေါင်းတို့၊ တိုင်းပြည်နှင့် တကွသော အလုံးစုံသော လူများအပေါင်းသည် တပေါင်းတစုတည်းဖြစ်၍၊ မင်းသား၏ အပင်းအသင်း ဖြစ်ကြလေ၏ ငါ၏မိန်းမဖြစ်သော ဤမိဖုယားမှာမူကား အပေါ် အပင်းအသင်း မရှိမူ၍ တယောက်တည်းသာ ဖြစ်ခဲ့၏၊ ထိုကြောင့် ငါသည် စီရင်လိုက်အံ့၊ သွားတဲ့ကြချေ၊ ထိုမင်းသားကို ခိုးသူတို့ချသတ်ရာ ဖြစ်သော ကမ်းပါးပြတ်၌ ချသတ်ကုန်ဘိလော့ဟု အာဏာ ပေးတော်မူ၏။

ထိုသို့ အာဏာ ပေးတော်မူသည်ရှိသော်၊ တသောင်း ခြောက်ထောင်မျှသောကုန်သော နန်းတွင်းသူ အပေါင်းတို့တွင် တယောက်သော သူမျှလည်း ပကတိသော မိမိ၏ကိုယ်ဖြင့် တည်တန့်ခြင်းငှါ မစွမ်းနိုင်။ အလုံးစုံသော ပြည်သူ အပေါင်းတို့ သည်လည်း လက်နှစ်ဘက် တို့ကို မြှောက်၍ ဆံပင်တို့ကို ဖရိုဖရဲကြဲစေကုန်လျက် ငိုကြွေး မြည်တမ်းကုန်၏။ မင်းကြီးသည် ''ဤလူများ အပေါင်းတို့သည် မင်းသားအား ကမ်းပါးပြတ်၌ ချသတ်ခြင်းကို ကန့်ကွက် တားမြစ်သော်လည်း တားမြစ်ပေရာ၏'' ဟု ကြံ၍၊ အခြွေအရံနှင့်တကွ ကိုယ်တိုင် လိုက်သွားပြီးသော်၊ လူအများတို့ ငိုကြွေးမြည်တမ်းစဉ် ခြေထောက်ရိုးမျှော် ဦးခေါင်းစောက်ထိုး ကိုင်စေ၍ ကမ်းပါးပြတ်၌ ချစေ၏၊

## နဂါးပြည်၌ခံပြီးမှ ရဟန်းပြုခြင်း။

ထိုအခါ မဟာပဒုမမင်းသား၏ မေတ္တာအာနုဘော်ကြောင့် တောင်စောင့်နတ်သည် မဟာပဒုမမင်းသား၊ မကြောက်လင့်ဟု ပြောဆို၍၊ မင်းသားကို သက်သာရာရစေပြီးလျှင် လက်နှစ်ဘက်တို့ဖြင့် ယူပွေ့၍၊ ရင်ခွင်၌ထားလျက် နတ်၏အတွေ့ဖြင့်သက်သာစေ၍ တောင်ခြေရင်း၌တည်ရှိသော နဂါးမင်း၏ ပါးပျဉ်းထက်၌ ထား၏ နဂါးမင်းသည် ဘုရားလောင်း မင်းသားကို နဂါးပြည်သို့ ဆောင်ယူပြီးလျှင် မိမိ၏ စည်းစိမ်ကို အလယ်၌ ခွဲဝေ၍ ပေးကမ်း ချီးမြှင့်တော်မူ၏၊

မဟာပဒုမမင်းသားသည် တနှစ်ပတ်လုံး နဂါးပြည်၌ စံနေ၍။ အရှင် နဂါးမင်း၊ ငါသည် လူ့ပြည်သို့ သွားလိုပါသည် ဟု ပြောဆိုသည်ရှိသော်၊ အဘယ်အရပ်သို့ သွားအံ့နည်း ဟု မေးသဖြင့်၊ ဟိမဝန္တာသို့ သွား၍ ရဟန်း ပြုပါအံ့ဟု ဆို၏။ နဂါးမင်းသည် ကောင်းပြီဟု ဝန်ခံ၍ မဟာပဒုမမင်းသားကို လူ့ပြည်ခရီး၌ ထားပြီးလျှင်၊ ရဟန်း ပရိက္ခရာတို့ကို ပေးလှူခဲ့၍ မိမိနေရာ နဂါးပြည်သို့သာလျှင် ပြန်သွား၏။

မဟာပဒုမမင်းသားသည်လည်း ဟိမဝန္တာတော အရပ်သို့ ချဉ်းကပ်ဝင်မြန်း ရသော့ရဟန်းပြုပြီးလျှင် ဈာန်,အဘိညာဉ်တို့ကို, ဖြစ်စေ၍ တော၌ ဖြစ်သော သစ်မြစ်,သစ်သီး တည်းဟူသော အစာ အာဟာရရှိသည် ဖြစ်၍၊ဟိမဝန္တာ၌ နေတော်မူ၏။

မုဆိုးနှင့်တွေ့ခြင်း။

ထိုအခါ ဗာရာဏသီ ပြည်၌ နေလေ့ရှိသော တောသည် မုဆိုး တယောက်သည် ထိုအရပ်သို့ ရောက်သွား၍ ဘုရားအလောင်း မဟာပဒုမမင်းသားကို မြင်လျှင် အရှင်မြတ်သည် မဟာပဒုမမင်းသား မဟုတ်ပါတုံလောဟု မေးလျှောက်၍၊ အချင်းမုဆိုး၊ သြော်-ဟုတ်ပေ၏ဟု မိန့်-ဆိုတော်မူသည် ရှိသော်၊ ဘုရားအလောင်း ရသေ့မြတ်ကို ညွတ်ပျပ် ရှိကျိုး ရှိခိုးဦးချ၍ ဘုရားလောင်း၏ အထံ၌ နှစ်ရက်,သုံးရက်နေပြီးသော်၊ ဗာရာဏသီပြည်သို့ ပြန်သွား၍ ဗြဟ္မဒတ် မင်းကြီးအား အရှင်မင်းမြတ်၊ အရှင်မြတ်၏ သားတော်ဖြစ်သော အိမ်ရှေ့ မင်းသားသည် ဟိမဝန္တာ အရပ်၌ ရသေ့ ရဟန်းပြု၍ သစ်ရွက်မိုးသော ကျောင်း၌ နေပါသည်၊ အကျွန်ုပ်သည် ထိုအိမ်ရှေ့မင်းသား၏အထံ၌ နှစ်ရက် သုံးရက်မျှ နေ၍ ပြန်လာခဲ့ပါသည် ဟု တင်လျှောက်၏။

ထိုသို့ တင်လျှောက်သော စကားကိုကြား၍ ဗြဟ္မဒတ် မင်းကြီးက အသင်မုဆိုး၊ အသင်သည် မျက်မှောက်ထင်ထင် တွေ့မြင်ခဲ့သလော ဟု မေးတော်မူပြန်သည် ရှိသော်၊ အရှင်မင်းမြတ်၊ အကျွန်ုပ် ကိုယ်တိုင် မျက်မှောက် ထင်ထင် တွေ့မြင်ခဲ့ရပါသည် ဟု လျှောက်၏၊ ယင်းသို့ တင်လျှောက်သောအခါ၊ ဗြဟ္မဒတ်မင်းကြီးသည် စစ်သည် ဗိုလ်ပါအပေါင်း ခြံရံလျက်၊ ဟိမဝန္တာသို့ သွားရောက်ပြီးလျှင် တောစွန်း၌ သစ်တပ်

တည်၍ အမတ်အပေါင်း ခြံရံပြီးသောအခါ သစ်ရွက်ငိုးသော ကျောင်းသို့ ဝင်သွား၍ သစ်ရွက်မိုးသော ကျောင်းတံခါး၌ ထိုင်နေတော် မူသော ရွှေအဆင်းနှင့် တူသော အဆင်းရှိသော ဘုရားအလောင်းကို မြင်လျှင် ရှိခိုးဦးချ၍ သင့်တင့်လျောက်ပတ်သောအရပ်၌ ထိုင်နေလေ၏၊

မှူးမတ် အပေါင်းတို့သည်လည်း ရှိခိုးဦးချ၍ စကားပြောဆိုခြင်းကို ပြုလျက် ထိုင်နေကြကုန်၏။ ဘုရားလောင်း သည်ထည်း ခမည်းတော် မင်းမြတ်ကို လျောက်ပတ်သော စကား ပြောကြား မေးမြန်း ခြင်းကို ပြုတော်မူ၏။

**သားတော်အား အကြောင်းခံ မေးမြန်းခြင်း။**

ထိုအခါ ဗြဟ္မဒတ်မင်းကြီးက ချစ်သား၊အသင်သည် အလွန်နက်သော ကမ်းပါးပြတ်၌ ပစ်ချစေပါလျက် အဘယ်ကြောင့် အသက်မသေ တည်နေ ရပါလေသနည်း ဟု သားတော် ဘုရားလောင်းကို မေးမြန်း လိုသည် ဖြစ်သောကြောင့်-

အနေကတာလေ နရကေ၊ ဂမ္ဘီရေ သုဒုရုတ္တရေ။
ပါတိတော ဂိရိဒုဂ္ဂသ္မိံ၊ ကေန တွံ တတ္ထ နာမရိ၊

ဟူသော ဂါထာကို ရွတ်ဆိုတော်မူ၏။

**အနက်ကား**။ ။တာတ၊ ချစ်သား။ အနေကတာလေ၊ များစွာသော ထန်းပင် ပမာဏရှိသော၊နရကေ၊နရက်ချောက်ဟု ဆိုအပ်သော။ဂမ္ဘီရေ၊ နက်စွာသော။ သုဒုရုတ္တရေ၊ အလွန်တက်နိုင်ခဲသော၊ ဂိရိဒုဂ္ဂသ္မိံ၊ တောင်-ကမ်းပါးပြတ်၌။ ပါတိတော၊ ကျစေအပ်လျက်။ ကေန၊အဘယ်အကြောင်း ကြောင့်။ တတ္ထ၊ထိုတောင်ချောက်ကမ်းပါးပြတ်၌။ တွံ၊သင်ချစ်သားသည်။ နာမရိ၊ မသေပါလေသနည်း။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။အသင်ချစ်သား၊ များစွာသော ထန်းပင်တို့ဖြင့် ဓိစဉ်၍ ပြတ်အပ်သော ပမာဏ ရှိသော အလွန် နက်သည့် အတွက် ကြောင့် နရက်ချောက်ဟူ၍ ခေါ်ဆိုသမုတ်အပ်သော လွန်စွာ နက်သဖြင့် တက်နိုင်ခဲသော တောင်ချောက် ကမ်းပါးပြတ်၌ ကျစေ အပ်ပါလျက် အဘယ်သို့သော အတွက်ကြောင့် ထိုတောင်ချောက် ကမ်းပါးပြတ်၌ အသင်ချစ်သားသည် မသေဘဲ ရှိပါလေသနည်းဟု မေးတော်မူ၏။

ဘုရားအလောင်းသည် မိမိအသက်ရှည်သောအကြောင်းကို ခမည်း
တော်မင်းကြီးအား ပြန်ကြားလိုသည် ဖြစ်သောကြောင့်-

နာဂေါ ဇာတဖလော တဿ၊ ထာမဝါ ဂိရိသာနုဇော။
ပဗ္ဗဂ္ဂတိ မံ ဘောဂေဟိ၊ တေနာ ဟံ တတ္ထ နာမရိံ။

ဟူသော ဤဂါထာကို ရွတ်၏။

**အနက်ကား**။ ။မဟာရာဇ၊ ခမည်းတော် မင်းမြတ်။ တဿ၊ ထိုကမ်း-
ပါးပြတ်၌။ ဇာတဖလော၊ ပြန့်သောပါးပျဉ်းရှိသော။ ထာမဝါ၊ အားအစွမ်း
ရှိသော။ ဂိရိသာနုဇော၊ တောင်လျှို တောင်ဂှမ်း၌ ဖြစ်သော။ နာဂေါ၊ နဂါး
မင်းသည်။ ပတန်၊ ကျသော၊ မံ၊ ငါ့ကို ဘောဂေဟိ၊ ကိုယ်အခွေတို့ဖြင့်။
ပဗ္ဗဂ္ဂတိ၊ အသီးခံလင့်၍ ယူပေ၏ တေန၊ ထိုကြောင့်။ အဟံ၊ ငါသည် တတ္ထ၊
ထိုတောင်ချောက် ကမ်းပါးပြတ်၌။ နာမရိံ၊ မသေလေ သတည်း။
ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ခမည်းတော်မင်းမြတ်၊ ထိုတောင်ချောက်ကမ်း-
ပါးပြတ်၌ ပြန့်သောပါးပျဉ်းရှိသော ကြီးကျယ်သောအားအစွမ်းနှင့် ပြည့်စုံ
သော တောင်လျှို တောင်ဂှမ်း၌ ဖြစ်သော နဂါးမင်းသည် အရှင် ခမည်း
တော်တို့ ပစ်ချအပ်သည်ဖြစ်၍၊ ကျသောငါ့ကို ကိုယ်အခွေတို့ဖြင့်
အသီးကြိုဆို၍ ယူလင့်ပေ၏။ ထိုသို့ နဂါးမင်း ယူလင့်သော အကြောင်း
ကြောင့်၊ သားတော်ဖြစ်သောငါသည် ထိုတောင်ချောက် ကမ်းပါးပြတ်၌
မသေပေသတည်းဟု ပြော၏။

ဘုရားအလောင်းပြောဆိုသောစကားကိုကြား၍ ခမည်းတော်ဗြဟ္မဒတ်
မင်းကြီးသည် သားတော်ဘုရားလောင်းအား တိုင်းပြည်သို့ ပြန်လည်ရာ၌
တောင်းပန်ပြောဆိုလိုသည် ဖြစ်သောကြောင့်-

ဧဟိ တံ ပဋိနေဿာမိ၊ ရာဇပုတ္တ သကံ ဃရံ။
ရဇ္ဇံ ကာရေဟိ ဘဒ္ဒန္တေ၊ ကိံ အရညေ ကရိဿသိ။

ဟူသောဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။ရာဇပုတ္တ၊ ငါတည်းဟူသော မင်း၏ ရင်သွေးအစစ်
ဖြစ်ပေသော အသင်သားတော်မင်းသား။ ဧဟိ၊ လာလှည့်။ တံ၊ သင်ချစ်သား
ကို။ သကံ ဃရံ၊ မိမိနေပျော် နန်းအိမ်တော်သို့။ ပဋိနေဿာမိ၊ ပြန်၍ဆောင်

ငါဆောင်ပြန်ပါအံ့။ တေ၊ သင်ချစ်သားအား။ ဘဒ္ဒံ၊ ကောင်းခြင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေဟိ၊ ပြုလေလော့။ အရညေ၊ လူသူမနီး တောကြီးအလယ်၌။ ကိံ ကရိဿသိ၊ အသို့ပြုအံ့နည်း။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ငါတည်း ဟူသောမင်း၏ ရင်နှစ်သားတော်စစ်ဖြစ်ပေသော အသင်မင်းသား၊ လာလှည့်လော့။ အသင်ချစ်သားကို မိမိနေပျော်နန်းအိမ်တော်သို့ ငါမည်းတော်သည် ပြန်၍တဖန် ဆောင်ယူပြန်ပါအံ့ အသင်ချစ်သားအား သင့်တင့်ကောင်းမြတ်ခြင်း ဖြစ်ပါစေသတည်း။ မင်းအဖြစ်ကို ပြုတော်မူလော့။ လူသူမနီး တောကြီးအလယ်၌ နေသဖြင့်၊ အသင်ချစ်သားအား အဘယ်သို့ပြုအံ့နည်းဟု ပြော၏။

ဘုရားအလောင်းရသေ့သည် ခမည်းတော်တောင်းပန်သောစကားကို ကြား၍၊ ပယ်ရှားလိုသည် ဖြစ်သောကြောင့်-

ယထာ ဂိလိတွာ ဗဠိသံ၊ ဥဒ္ဓရေယျ သလောဟိတံ။
ဥဒ္ဓရိတွာ သုခီ အဿ၊ ဧဝံ ပဿာမိ အတ္တနိ။ ။

ဟူသောဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။မဟာရာဇ၊ ခမည်းတော်မင်းမြတ်။ ဗဠိသံ၊ ငါးမျှားချိတ်ကို။ ဂိလိတွာ၊ မျို၍။ သလောဟိတံ၊ သွေးနှင့်တကွ။ ဥဒ္ဓရေယျ၊ ယထာ၊ သွေးအန်သကဲ့သို့။ တထာ၊ ထိုအတူ။ ဥဒ္ဓရိတွာ၊ ထွေးအန်သည်ရှိသော်။ သုခီ၊ ချမ်းသာခြင်းရှိသည်။ အဿ၊ ဖြစ်ရာ၏။ အတ္တနိ၊ မိမိ၌၊ သုခံ၊ ချမ်းသာခြင်းကို။ ပဿာမိ၊ မြင်၏။ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ခမည်းတော် မင်းမြတ်၊ ငါးမျှားချိတ်ကို မျို၍ သွေးနှင့်တကွ သွေးအန်သကဲ့သို့၊ ထိုအတူသာလျှင် ထွေးအန် အပ်သည်ရှိသော်၊ ချမ်းသာခြင်း ဖြစ်ပေရာ၏၊ ထိုသို့ ဖြစ်ရသော ချမ်းသာကို မိမိကိုယ်၌ ကောင်းစွာထင်ထင် ကြည့်ရှု၍ မြင်ပေ၏ဟု ပြော၏။

ထိုနောက် ခမည်းတော်မင်းကြီးသည် ဘုရားအလောင်းရသေ့ပြောဆိုသောစကားကို တဖန်မေးပြန်လိုသည် ဖြစ်သောကြောင့်-

ကိံ နု တွံ ဗဠိသံ ဗြူသိ၊ ကိံ တွံ ဗြူသိ သလောဟိတံ။
ကိံ နု တွံ ဥဗ္ဗတံ ဗြူသိ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။ ။

ဟူသောဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။တဿာဘ၊ ချစ်သား။ တွံ၊သင်ချစ်သားသည်။ ကိံ၊ အဘာယ်ကို ဗဋ္ဋိသံ၊ ငါးမျှားချိတ်ဟူ၍။ ဗြူသိနု၊ ဆိုဘိသနည်း။ ကိံ၊ အဘာယ်ကို သလောဟိတံ၊ သွေးနှင့်တကွဟူ၍ ဗြူသိနု၊ဆိုသေးဘိသနည်း။ ကိံ၊အဘာယ်ကို တွံ၊ အသင်ချစ်သားသည်။ ဥဍ္ဍတံ၊နှုတ်အန်အပ်၏ဟူ၍။ ဗြူသိနု၊ ဆိုသနည်း။ ပုဋ္ဌောတော၊မေးအပ်သော အသင် ချစ်သားသည်။ မေ မမ၊ခမည်းတော်အား။ အက္ခာဟိ၊ဖြေကြားပါလော၊ ။ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ချစ်သား၊အသင်ချစ်သားသည် အဘာယ်ကိုငါး-မျှားချိတ်ဟူ၍ ဆိုဘိသနည်း။ အဘာယ်ကို သွေးနှင့်တကွဟူ၍ ဆိုလေသနည်း။ အဘာယ်ကို အသင်ချစ်သားသည် နှုတ်အန်အပ်၏ဟူ၍ဆိုသနည်း။ ဤသို့စစ်ဆေး မသိသည့်အရေးကြောင့်၊မေးမြန်းအပ်သော အသင်ချစ်သားသည် ခမည်းတော်ငါ့မင်းဖျားအား ဖြန့်ကြားဖြေဆိုပါဘိလောဟု မေး-လျှောက်၏။

ခမည်းတော် မေးလျှောက်သော စကားကို ဖြေဆိုတော် မူလိုသော ဘုရားအလောင်း ရသေ့မြတ်သည်-

> ကာမာ ဘံ ဗဋ္ဋိသံ ဗြူမိ၊ဟတ္ထိအဿံ သလောဟိတံ။
> စတ္တာ ဟံ ဥဍ္ဍတံ ဗြူမိ၊ဧဝံ ဇာနာဟိ ခတ္တိယ။ ။

ဟူသောဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။ခတ္တိယ၊ ရေမြေသခင်မင်း။ ခမည်းတော် ပြည့်ရှင်မင်းမြတ်။ ကာမေ၊ လောကီအာရုံ ကာမဂုဏ်တို့ကို။ ဗဋ္ဋိသံ၊ငါးမျှားချိတ်ဟူ၍။အဟံ၊ငါသည်။ဗြူမိ၊ဆိုပေ၏။ ဟတ္ထိအဿံ၊ဆင်,မြင်းကို သလော-ဟိတံ၊သွေးနှင့်တကွဟူ၍။ ဗြူမိ၊ဆိုပေ၏။ အဟံ၊ငါသည် စတ္တံ၊ပယ်စွန့်အပ်သည်ကို။, ဥဍ္ဍတံ၊ နှုတ်အန်ခြင်းဟူ၍၊ ဗြူမိ၊ဆို၏၊ ဧဝံ၊ဤသို့၊တွံ၊ အသင်ခမည်းတော် မင်းမြတ်သည်။ ဇာနာဟိ၊သိတော်မူလေလော။ ။ ဤကားအနက်။

**အဓိပ္ပါယ်ကား**။ ။ရေမြေသခင်နင်းခမည်းတော်မြတ်၊လောကီအာရုံ ကာမဂုဏ်တို့ကို ငါးမျှားချိတ်ဟူ၍ ငါဆိုပေ၏။ ဆင်,မြင်း စသည်ကို သွေးနှင့်တကွဟူ၍ ဆို၏။ ငါသည်ဤသို့ ဆင်,မြင်းစသည်နှင့် တကွသော လောကီအာရုံ ကာမဂုဏ်တို့ကို အလုံးစုံပယ်ရှားခြင်း, စွန့်ပစ်ခြင်းကို

နှုတ်အန်ခြင်းဟူ၍ ဆိုပေ၏။ ဤသို့သော အခြင်းအရာဖြင့် အသော် ခမည်း တော်မင်းမြတ်သည် သတ်မှတ်သိရှိတော် မူပါလေလော့ဟု ဖြေဆိုတော် မူ၏၊

## သားတော်ခုသေ့အား ဝန်ချကန်တော့ခြင်း။

ခမည်းတော်မင်းကြီးသည် သားတော်ဘုရားလောင်း ရသေ့၏စကား ကိုကြားရလျှင်၊ နှစ်သိုဝမ်းမြောက်ခြင်းသို့ ရောက်သည်ဖြစ်၍၊ အလောင်း တော်ရသေ့၏ ခြေရင်း၌ ဝပ်ပြီးလျှင်။ ချစ်သား၊ ငါသည် အလွန်ရိုက်ခဲ တွေဝေသောကြောင့် ဂုံးချောသော မိန်းမ၏စကားကို လိုက်နာ၍ ဤသို့- သဘောရှိသော အကျင့်အာစာရ သီလဂုဏ်နှင့် ပြည့်စုံသော အသင် ချစ်သား၌ ပြစ်မှားခြင်းကို ပြုမိပေ၏၊ ငါ့အား အပြစ်ကိုမထားဘဲ သည်းခံတော်မူပါလော့ဟု ကန်တော့ဝန်ချ၏၊

မြတ်သောခမည်းတော်မင်းကြီး၊ အရှင်မင်းကြီး၏အပြစ်ကို ငါသည် သည်းခံပါ၏၊ ထတော်မူပါလော့၊ ဤအခါမှစ၍ မစုံစမ်းမဆင်ခြင်ပြုသည် မဖြစ်လေလင့်ဟု မိန့်တော်မူသည်ရှိသော်၊ ချစ်သား၊ အသင်ချစ်သားသည် ခမည်းတော်၏ဥစ္စာဖြစ်သော ထီးဖြူကိုဆောင်ယူ၍၊ တိုင်းပြည်အလုံးကို သုံးမသည်ရှိသော်သော်၊ ငါ့အားသည်းခံသည် မည်ပေလိမ့်မည်ဟု ပြော ဆိုတောင်းပန်၏၊ ခမည်းတော်မင်းကြီး၊ ငါ့အားမင်းအဖြစ်ဖြင့် အသို- မရှိပြီ ခမည်းတော်မင်းကြီးသည် ရာဇဓမ္မဆယ်ပါးကို မလွှဲမပျက်စေ သဖြင့် သေးသွေးသော အဂတိတရားတို့ကို ပယ်ရှားစွန့်ပစ်ပြီးသောအခါ တရားနှင့်ညီစွာမင်းပြုတော်မူပါလော့ဟု ဘုရားလောင်းရသေ့သည်ခမည်း တော်မင်းကြီးအား အဆုံးအမကို ပေးတော်မူ၏။

## မတရားပြုသော့မိဖုယား အသတ်ခံရခြင်း။

မြဟ္မဒတ်မင်းကြီးသည် သားတော်ကိုခေါ်ဆောင်၍ မရသောကြောင့် ငိုကြွေးမြည်တမ်း၍ တိုင်းပြည်သို့ ပြန်သွားသည်ရှိသော်၊ ခရီးအကြား၌ မှူးမတ်သေနာပတိတို့ကို အချင်းတို့၊ အဘယ်သူကိုအမှီပြု၍ ဤသို့သဘော ရှိသောအကျင့်သီလ အာစာရကျေးဇူးဂုဏ်နှင့် ပြည့်စုံသော သားတော် မြတ်နှင့်ငါသည် ကွေကွင်းခြင်းသို့ ရောက်ရဘိသနည်းဟု မေးတော်မူ သဖြင့် မြတ်သောမင်းကြီး၊ မိဖုယားကြီးကိုအမှီပြု၍ ဤသို့သဘောရှိသော

အကျင့်သီလ အသေခံရအောင်ဖွဲ့ဂုဏ်အထူးနှင့် ပြည့်စုံသောသားတော်နှင့် အတူတကွမနေရမှု၍၊ ကွေကွင်းရခြင်းသို့ ရောက်ရပါသည် ဟု တင်-လျှောက်ကုန်၏။

ပြဟ္မဒတ် မင်းကြီးသည် ယုတ်မာလှစွာသော ထို မိဖုယားကြီးကို ဦးခေါင်းတွဲလည်း ခြေထောက်မိုးမျှော် ငုံ၍ယူစေ၍၊ ခိုးသူတို့ချသတ်ရာ ကမ်းပါးပြတ်၌ ချသတ်စေပြီးလျှင်၊ မြို့တော်သို့ဝင်၍ တရားနှင့်အညီမင်း-ပြုတော်မူ၏။

ဇာတ်တော်ကို ပေါင်းတော်မူခြင်း။

မြတ်စွာဘုရားသခင်သည် ချစ်သားရဟန်းတို့၊ ဤစိဋ္ဌမာနုပိကာသည် ယခုအခါ၌သာလျှင်ငါဘုရားကို စွပ်စွဲဖျက်ဆီးသောကြောင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ရသည်မဟုတ်သေး၊ ရှေးအခါ၌လည်းရောက်ဘူးလေပြီဟု မိန့်တော်မူ၍။ ချစ်သားရဟန်းတို့၊ ယခုအခါ၌ စိဋ္ဌမာနုပိကာသည် ထိုရှေးအခါက မဟာပဒုမမင်းသား၏ မိထွေးတော် မိဖုယားကြီး ဖြစ်ဘူးပြီ။ ယခုအခါ ဒေဝဒတ်သည် ထိုရှေးအခါက မဟာပဒုမမင်းသား၏ ခမည်းတော် ပြဟ္မဒတ်မင်းကြီးဖြစ်ဘူးပြီ၊ ယခုအခါ အာနန္ဒာသည် ထိုအခါ နဂါးမင်း ဖြစ်ဘူးလေပြီ။ ယခုအခါ သာရိပုတ္တရာသည် ထိုအခါက တောင်စောင့်နတ်မင်း ဖြစ်ဘူးပြီ။ ယခုအခါ ငါဘုရားသည်သျှင် ထိုအခါ မဟာပဒုမမင်းသား ဖြစ်ဘူးလေပြီဟု ဇာတ်တော်ကိုပေါင်းတော်မူ၏။

များစွာသောသူတို့ သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်သည် ဒွါဒသနိပါတ် မဟာပဒုမ ဇာတ်တော်ဖြင့် ဤသို့သောအနက်ကို ပြတော်မူပြီးသော်၊ ချစ်သားရဟန်းတို့၊ သစ္စာစကား ဟုဆိုအပ်သော တခုသောတရားကိုပယ်စွန့်၍၊ မုသာဝါဒ၌တည်ကုန်သော စွန့်လွှတ်ချွတ်ထွင်အပ်သော တမလွန်လောကရှိကုန်သော သူတို့အား မပြုအပ်သော ဒုစရိုက်မည်သည် မရှိဟု မိန့်ဆိုတော်မူပြီး၍-

**ဧကံ ဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ ။**

ဟူသောဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သတ္တဝါတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်လေကုန်၏။

**အနက်ကားခ။** ။ဤကဲ့ မြေ့တရသော သစ္စာတရားကို။ အတိတ်သော၊ လွန်ထသော ပုဒ်သော ဗိုဒ်သော၊ ချွတ်ယွင်းသောစကားကို ဆိုလေ့ရှိထသော၊ ဝိတ္တိဏ္ဏပဒလောကသော၊ချွအင်သောတမလွန်လောကရှိထသော၊ဇန္တုနေသော၊ သတ္တဝါ အား၊အကာရိယံ၊မပြုအပ်မပြုမိသော၊ပါပံ၊ မကောင်းမှုမည်သည်။ နတ္ထိ၊မရှိ၊ ။ဤကားအနက်၊

မြေ့ဒလောကဝဂ်၌ ကိုးခုမြောက်ဖြစ်သော စိဥ္စမာနဝိကာမိန်းမ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

၁၃-လောကဝဂ်။ ၁၀-အသဒိသဒါန ဝတ္ထု။

**န ဝေ ကဒရိယာ။** ။အစပြုသော၊ ဤဂါထာပါဌ်၊မုခပါဌ်ကို မြင့်မြတ်သမ္ဗုဒ္ဓ၊အကျိုးမှိုသား၊ ဒါန၏ဆန့်ကျင်ဘက်၊ မြေးယှက်ညစ်ဘိ၊မစ္ဆရိယ မြေ့လွှမ်းမိုးကြသျက်၊ မချမ်းသာ၊သတ္တဝါတို့ကို၊ ကရုဏာညက်၊ထက်သန်ကြီးရင့် ချီးမြှင့်ဆုံးမတော်မူတတ်သော၊ လူနတ်ထွတ်ထား၊ ဘုရားသခင်သည်၊ ပြည့်အင်ဖြိုးဘိ၊ ဂုဏ်ထူးမှိုသည့်။ သာဝတ္ထိမြို့၏တမ်းခွန်၊ ဇေတဝန်ရွှေကျောင်း၌၊ ကိန်းအောင်းစံပယ်တော် မူသောအခါ၊ ရာဇပသေနဒီ၊ ခေါ်တွင်ညီလျက်၊ အမည်ထင်လျှား၊ ထွဋ်မင်းဖျားသည်။ ညွတ်တွားကော်ခေါ်၊ ပူဇော်လှူဒါန်းအပ်သော အရ၊ အသဒိသဒါနကို။ မူလရည်ရှု အကြောင်း ပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အညှာပွင့်ဘိအစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါ၌ မြတ်စွာဘုရားသခင်သည် အရပ်ရပ်အပြည်ပြည်သို့ ဒေသစာရီ လှည့်လည်ကြွမြန်းတော် မူပြီးသော်၊ သဃာတော် ငါးရာခညောင်းခြံရံလျက်၊ တဖန် ဇေတဝန်ကျောင်းတော်သို့ ပြန်လည် ကြွဝင်တော်မူသာ၏၊ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားကျောင်းတော်သို့ သွားရောက်၍၊ မြတ်စွာဘုရားသခင်ကို ရှိခိုးဦးချ ပင့်ဘိတ်ပြီး

သော်၊တဖန်မိုးသောက် ရောက်သောနေ့၌ အာဂန္တုကအလှူဒါနကို စီရင်၍၊ငါ၏ဒါနကို ကြည့်ရှုလာကြစေကုန်သတည်းဟု မြို့သူမြို့သားအပေါင်းတို့ကို ခေါ်စေ၏။ မြို့သူမြို့သား ယောက်ျား,မိန်းမ အပေါင်းတို့သည် လာရောက်၍ မင်းကြီး၏အလှူဒါနကို ကြည့်ရှုပြီးသော်၊ တဖန်မိုးသောက် ရောက်သောနေ့၌ မြို့သူမြို့သားတို့သည်လည်း မြတ်စွာဘုရားကိုပင့်ဘိတ်၍၊ အလှူဒါနကိုစီရင်ပြီးသော်၊ ငါတို့၏အလှူဒါနကိုလည်း ပြည့်ရှင်မင်းမြတ်သည် ကြွလာကြည့်ရှုတော်မူပါလော့ဟု မင်းကြီးအား သတင်းစကား လျှောက်ကြား ပေးပို့ကုန်၏။

## မင်းနှင့်ပြည်သူ အပြိုင်အဆိုင် လှူဒါန်းကြခြင်း။

ပသေနဒိ ကောသလမင်းကြီးသည်၊ မြို့သူမြို့သားတို့ ပြုလုပ်လှူဒါန်း အပ်သောဒါနကိုမြင်၍ "ဤမြို့သူမြို့သား အပေါင်းတို့သည် ငါ့မင်းမြတ် ပြုရလှူဒါန်းအပ်သောဒါနထက် ပိုလွန်မွန်မြတ်သည်ကိုပြုအပ်၏။ ငါသည် လည်း တဖန်အလှူဒါနကို ပြုလုပ်လှူဒါန်းဦးအံ့"ဟု ကြံပြီးသော်၊ နက်ဖြန် မိုးသောက် ရောက်သောနေ့၌လည်း အလှူဒါနကို စီရင်ပြန်၏၊ မြို့သူမြို့သား အပေါင်းတို့သည်လည်း မင်းကြီးပြုလုပ်လှူဒါန်းသော ထိုအလှူဒါနကိုမြင်၍ တဖန်မိုးသောက် ရောက်သောနေ့၌ ဒါနဝတ္ထုကို ပြုရစီရံကြကုန်၏။ ဤသို့ သောနည်းဖြင့်သာလျှင် ပြည့်ရှင်မင်းကြီးသည် မြို့သူမြို့သားအပေါင်းတို့ကို ရှုံးစေခြင်းငှါမစွမ်းနိုင်။ မြို့သူမြို့သားတို့သည်လည်း ပြည့်ရှင်မင်းကြီးကို ရှုံးစေခြင်းငှါမစွမ်းနိုင်လေ၊ ထိုနောက် ခြောက်ကြိမ်မြောက်၌ မြို့သူမြို့သား အပေါင်းတို့သည် အဆတရာကိုရင်း, အဆံ့တထောင်ကိုရင်း ပွါးစေ၍၊ အကြင်သို့သောအခြင်းအရာဖြင့် ပြုလုပ်အပ်သည်ရှိသော်၊ ဤသူတို့သှူဒါန်း အပ်သောအလှူဒါန၌ ဤအမည်ရှိသော အလှူဒါနဝတ္ထုကားမပါမရှိချေဟု ပြောဆိုခြင်းငှါမစွမ်းနိုင်။ ဤသို့သောအခြင်းအရာဖြင့် ဒါနဝတ္ထုကိုပြုရစီရင် ကုန်၏။

ပသေနဒိကောသလမင်းကြီးသည် မြို့သူမြို့သားတို့ ပြုရလှူဒါန်းအပ် သော ထိုအလှူဒါနကိုမြင်၍၊ "ငါသည် ဤသူတို့၏အလှူဒါနထက် ပိုမို-လွန်မွန်မြတ်သည်ကိုပြုခြင်းငှါ အကယ်၍ မစွမ်းနိုင်ခဲ့သည်ဖြစ်အံ့၊ငါ့အား အသက်ရှည်ရှည် တည်နေရသဖြင့် အဘယ်အကျိုးရှိတော့အံ့နည်း" ဟု အကြောင်းကို ကြံစည်လျက်၊လျောင်းအိပ်နေ၏။

ထိုအခါ မလ္လိကာမိဖုယားကြီးသည် မင်းကြီးသို့ချဉ်းကပ်၍၊ မောင်တော်သခင် အရှင်မင်းမြတ်၊ အဘယ်သို့သောအကြောင်းကြောင့် ဤသို့ လျှောင်းအိပ်၍ နေဘိသနည်း။ အဘယ်သို့သော အကြောင်းကြောင့် မောင်တော်သခင် အရှင်မင်းမြတ်၏ ရုပ်ကာယဣန္ဒြေတော်တို့သည် ပင်ပန်း နွမ်းနယ်ဘိ သကဲ့သို့ ဖြစ်ရပါသနည်း ဟု မေးလျှောက်၏၊ မင်းကြီးက အရှင်မိဖုယား၊အသင်သည် ဤယခု ငါ၌ဖြစ်သော အကြောင်းကို မသိသလောဟု ပြန်၍မေးသဖြင့်။ အရှင်မင်းမြတ်၊ မသိပါဟူ၍ လျှောက်ထားသည်ရှိသော်၊ပသေနဒိ ကောသလမင်းကြီးသည် မလ္လိကာမိဖုယားကြီးအား ထိုအကြောင်းအလုံးစုံကို အကုန်ပြန်ကြားတော် မူလေ၏။

## ပြည်သူတို့မပြုနိုင်သော အသဒိသဒါန။

ထိုအခါ မလ္လိကာမိဖုယားကြီးက ပသေနဒိကောသလ မင်းကြီးကို မောင်တော်မင်းမြတ်၊ စိုးရိမ်ကြောင့်ကြတော် မမူပါလင့်။ အသို့နည်း။ မောင်တော်မင်းမြတ်သည် မြေကြီးကိုအစိုးရသော ပြည့်ရှင်မင်းမြတ်ကို ပြည်သူပြည်သားတို့က ရှုံးစေသည်ဟူ၍ မြင်ဘူးကြားဘူးပါ သလော။ ကျွန်တော်မသည် ထိုသူတို့၏အလှူဒါနထက် ကဲတက်ပိုလွန်သော အလှူဒါနကိုစီရင်ပါအံ့ဟု လျှောက်၏ သူဘပါးတို့မတူနိုင်သော အသဒိသဒါနကို စီရင်လိုသဖြင့် မလ္လိကာမိဖုယားသည် ပြည့်ရှင် မင်းမြတ်အား ဤသို့ လျှောက်ကြား၏။

အရှင်မင်းမြတ်၊ နဘဲသားပျဉ်ချပ်တို့ဖြင့် ငါးရာကုန်သောရဟန်းတို့၏ အတွင်း၌ လှည့်လည်ထိုင်နေ ဒ္ဓိတင်းသုံးတော်မူရာဖြစ်သော မဏ္ဍပ်ကို ပြုစေတော်မူလော။ ကြွင်းကုန်သောသူတို့သည် အပပြင်ဘက်၌ လှည့်-လည်၍ ထိုင်နေကုန်သတ္တံ့။ ငါးရာကုန်သော ထီးဖြူတို့ကို ပြုစေတော်မူလော ထိုငါးရာကုန်သော ထီးဖြူတို့ကိုယူ၍၊ငါးရာကုန်သောဆင်တို့သည် ငါးရာကုန်သော ရဟန်းတော်တို့၏ အထက်၌ ထီးကိုဆောင်းမိုးလျက် တည်ကုန်လတ္တံ့။ ရှစ်ခု,ဆယ်ခုလည်းဖြစ်သော ရွှေလှေတို့ကိုပြုစေတော် မူလော၊ ထိုရွှေလှေတို့သည် မဏ္ဍပ်၏အလယ်၌ ဖြစ်ကုန်လတ္တံ့။ နှစ်ပါး, နှစ်ပါးကုန်သော ရဟန်းတော်တို့၏ အကြား၌ တယောက် တယောက်သောမင်းသမီးတို့သည် ထိုင်နေ၍၊နံ့သာတို့ကိုကြိတ်ကုန်လတ္တံ့၊တယောက် တယောက်သော မင်းသမီးသည်ယပ်ကို ကိုင်ယူ၍၊နှစ်ပါးနှစ်ပါးကုန်သော

ရဟန်းတော်တို့ကို ယမ်းလေခပ်လျက်တည်ကုန်လတ္တံ့။ ကြွင်းကုန်သော မင်းသမီးတို့သည် ကြိတ်တိုင်းကြိတ်တိုင်းသော နံ့သာတို့ကိုဆောင်ယူ၍ ဖွါလျှော့တို့၌ထည့်ကုန်လတ္တံ့။ ထိုမင်းသမီးတို့တွင် အချို့ကုန်သောမင်းသမီးတို့သည် ကြာစည်းတို့ကိုကိုင်ယူ၍၊ ဖွါလျှော့တို့၌ထည့်အပ်ကုန်သော နံ့သာတို့ကိုမွှေနှောက်၍၊ မွှေးကြိုင်သောအခိုးအငွေ့ထုံကို ယူစေကုန်လတ္တံ့။

အရှင်မင်းမြတ်၊ပြည်သူတို့အား မင်းသမီး မရှိ။ထီးဖြူတို့သည်လည်း မရှိ။ဆင်တို့သည်လည်းမရှိ။ဤသို့ သောအကြောင်းတို့ဖြင့် ပြုအပ်ကုန်သည် ရှိသော်၊မြို့သူမြို့သားတို့သည် ရှုံးပေကုန်လတ္တံ့။ မြတ်သောမင်းကြီး၊ဤသို့ သောအခြင်းအရာအားဖြင့် ပြုတော်မူလောဟု လျှောက်၏။

မင်းကြီးကလည်း အရှင်မိဖုယား၊ကောင်း၏။ အသင်သည် ငါ့အား ကောင်းမြတ်သည်ကို ညွှန်ကြားအပ်၏ဟု ဝန်ခံတော်မူ၍၊ ထိုမလ္လိကာ မိဖုသားဝန်ခံပြောဆိုအပ်သော အမှတ်ဖြင့်သာလျှင် အလုံးစုံကိုပြုစေ၏။

## အင်္ဂုလိမာလနှင့် ဆင်ရိုင်း။

တပါးသောရဟန်းအား တကောင်သောဆင်သည် မလောက်ဘဲရှိလေ ၏၊ထိုအခါ မင်းကြီးက မလ္လိကာမိဖုယားကို ချစ်နှမ၊တပါးသောရဟန်း အား တကောင်သောဆင်သည်မလောက် ကြွင်းကျန်၍ရှိလေပြီ။ အဘယ် သို့ပြုလုပ်ပါကုန်အံ့နည်းဟု မေး၏။အရှင်မင်းကြီး၊ ငါးရာသောဆင်တို့သည် ပြည့်စုံအောင်မရှိသလောဟု မေးလျှောက်သဖြင့်၊ အရှင်မိဖုယား၊ငါးရာ သောဆင်တို့မူကား ပြည့်စုံအောင်ရှိပေ၏။ ထိုသို့ပင် ရှိကုန်သော်လည်း ကြွင်းကုန်သောဆင်တို့သည် ကြမ်းကြုတ်ကုန်၏။ ထိုဆင်တို့သည် ရဟန်း တော်တို့ကိုမြင်၍သာလျှင် ဝေရမ္ဘလေကဲ့သို့ ကြမ်းကြုတ်သည်ဖြစ်ကုန်၏ ဟု ပြော၏။

အရှင်မင်းမြတ်၊ ကျွန်တော်မသည် ကြမ်းကြုတ်သောဆင်ပေါက်ငယ် တကောင်၏ ထီးဖြူကိုယူ၍ ရပ်တည်ရာအရပ်ကို သိပါ၏ဟု လျှောက်-တင်သဖြင့်၊အဘယ်အရပ်၌ ထိုဆင်ကိုထားပါအံ့နည်းဟု မေးတော်မူသည် ရှိသော်၊အရှင်အင်္ဂုလိမာလ၏အထံ၌ ထားတော်မူပါလော့ဟု လျှောက်-တင်၏။မင်းကြီးသည်လည်း မလ္လိကာမိဖုယား ပြောဆိုတိုင်းကိုပင်ပြုစေ ၏။ဆင်ပေါက်သည် အမြီးကို သိုဖုင်းပေါင်ကြား၌ထား၍ နှစ်ဘက်သော

နားတို့ကိုချပြီးသော် မျက်စိတို့ကို ဒိတ်ပြီးလျှင် ရပ်တည်၏၊ လူအများ အပေါင်းသည် ဤသို့သဘောရှိသည်မည်သော ကြမ်းကြုတ်သောဆင်အား သေးမရှိသည်ကို ပြုအပ်ပေသည်ဟု ထိုဆင်ကိုကြည့်ရှု၏၊

## တဆဲ့လေးကုဋေတန် အလှူကြီး။

မင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်ကို ဂိုသေကောင်း မွန်စွာလုပ်ကျွေးပြီးသော် မြတ်စွာဘုရားသခင်ကို ရှိခိုးပြီး၍။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ တကားတော်၏ ဤအလှူတင်းကုပ်၌ ကပ္ပိယဘဏ္ဍာလည်းဖြစ်သော အကပ္ပိယဘဏ္ဍာလည်းဖြစ်သော အလုံးစုံ သောပစ္စည်းဥစ္စာကို အရှင်ဘုရားတို့အားသာလျှင် လှူဒါန်းပါ၏ဟုလျှောက် ၏။ထိုအလှူဒါန၌ တနေ့ချင်းဖြင့်သာလျှင် စွန့်ကြဲလှူဒါန်းခြင်းသည် တဆဲ့ လေးကုဋေသော အဘိုးထိုက်တန်ခြင်း ဖြစ်၏၊

မြတ်စွာဘုရားသခင်အား လှူဒါန်းအပ်သောထီးဖြူ, ထိုင်နေရာပလ္လင်, သဒိတ်ခြေ,ခြေဆေးအင်းပျဉ်ဟု ဆိုအပ်သော ဤလေးရပ်တို့သည် ဤရွေ့ ညီမျှဟု ရေတွက်မပြနိုင်သော အဘိုးရှိသည် သာလျှင်တည်း။ ဤသို့ သဘောရှိသော ဒါနကို ပြုလုပ်၍၊ ဘုရားရှင်တို့အား တဖန်လှူခြင်းငှါ စွမ်းနိုင်သော မည်သည်မဖြစ်။ ထိုကြောင့်သာလျှင် ထိုအလှူဒါနသည် အသဒိသဒါနဟု ထင်ရှားလေ၏။

## ကာလအမတ်နှင့် ဇုဏှအမတ်။

အလုံးစုံသော ဘုရားရှင်တို့အား တကြိမ်တကြိမ် ထိုအသဒိသဒါန အလှူမျိုးသည် ရတော်မူမြဲသာလျှင် ဖြစ်ပေသတတ်။အလုံးစုံသောရွက်- ဆောင်ဘွယ် အမှုကိစ္စတို့ကို မိန်းမတို့သည်သာ စီမံရွက်ဆောင် ရ၏။ ပသေနဒိကောသလမင်းကြီးအား ကာလအမတ်, ဇုဏှအမတ်အားဖြင့် နှစ်ယောက်ကုန်သော အမတ်တို့သည်ရှိကုန်၏။ ထိုနှစ်ယောက်ကုန်သော အမတ်တို့တွင် ကာလအမတ်က ကြံဆင်ခြင်သည်မှာ''မင်းအိမ်နန်းတော်မှ ဖြစ်သော မင်းကြီး၏ပစ္စည်းဥစ္စာတို့သည် ဩော်-ဆုတ်ယုတ် လေကုန်စွ။ တနေ့ချင်းဖြင့်သာလျှင် တဆဲ့လေးကုဋေသော ဥစ္စာတို့သည် ကုန်ခြင်းသို့ ရောက်၏ ဤရဟန်းတို့သည် ကြီးကျယ် မွန်မြတ်သဖြင့် လှူဒါန်းအပ်သော

ဤသို့သောအလှူဒါနကို သုံးဆောင်စားသောက်၍၊ ကျောင်းသို့ပြန်သွား ပြီးလျှင် လျောင်းလျက် အိပ်ကုန်လတ္တံ့။ မင်းကြီး၏ ပစ္စည်းဥစ္စာသည် ဩော်-ပျောက်ပျက်လေစွ”ဟု ကြံ၏။

ဇုဏှအမတ်သည် ကြံဆင်ခြင်သည်မှာ “ပြည့်ရှင်မင်းမြတ် လှူဒါန်း သောဒါနသည် ဩော်-ကောင်းမွန်စွာ ပေးလှူအပ်လေစွ။ မင်း၏အဖြစ်၌ မတည်ဘဲ ဤသို့သဘောရှိသော အလှူဒါနကိုပေးလှူခြင်းငှါ မစွမ်းနိုင်ပေ ရာ။အလုံးစုံသော သတ္တဝါတို့အား ကုသိုလ်အဘို့ကို မပေးဝေသော မည်သည်မရှိ။ငါသည်ကား ဤအလှူဒါနကို ဝမ်းမြောက်ဝမ်းသာ အနု- မောဒနာပြုအံ့”ဟု ကြံ၏။

မြတ်စွာဘုရားသခင်၏ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ မင်း- ကြီးသည် အနုမောဒနာ ပြုစေခြင်းအကျိုးငှါ သပိတ်တော်ကို ယူ၏။ မြတ်စွာဘုရားသခင်သည် ကြံဆင်ခြင်တော်မူသည်မှာ “ပြည့်ရှင်မင်းကြီး သည် ကြီးစွာသောအဟုန်ကို ဖြစ်စေသဖြင့် များမြတ်သောအလှူကို ပေး လှူအပ်၏။အသို့နည်း၊ လူများအပေါင်းသည် စိတ်ကိုကြည်ညိုစေခြင်းငှါ စွမ်းနိုင်အံ့လော မစွမ်းနိုင်ဘဲပင် ရှိအံ့လော”ဟု စဉ်းစားဆင်ခြင်တော်မူ၏။ ထိုသို့ဆင်ခြင်တော်မူသော မြတ်စွာဘုရားသည် ထိုနှစ်ယောက်ကုန်သော အမတ်တို့၏စိတ်အလိုကို သိတော်မူ၍၊မင်းကြီး၏ အလှူဒါနအား သင့်- လျော်လျောက်ပတ်သည်သာလျှင် ဖြစ်သောအနုမောဒနာကို အကယ်၍ ပြုသည်ဖြစ်အံ့၊ ကာလအမတ်၏ ဦးခေါင်းဦးထိပ်သည် ခုနစ်ခွဲကွဲပေ လတ္တံ့၊၊ဇုဏှအမတ်သည် သောတာပတ္တိဖိုလ်၌ တည်ပေလတ္တံ့ဟုသိတော် မူသောကြောင့် ကာလအမတ်၌ အစဉ်သနားတော်မူခြင်းကိုစွဲ၍၊ ဤသို့ သဘောရှိသော အသဒိသဒါနကို ပြုလုပ်လှူဒါန်း၍၊တည်နေသော မင်းကြီး အား လေးပါဒမျှလောက်ရှိသော ဂါထာကိုသာလျှင် ဟောကြား၍ နေရာမှ ထပြီးသော်၊ ကျောင်းတော်သို့ ကြွတော်မူ၏။

ရဟန်းတို့သည် အင်္ဂုလိမာလ မထေရ်ကို “ငါ့ရှင်၊ အသို့ပေနည်း။ အသင့်ကိုကြမ်းကြုတ်သောဆင်သည် ထီးဖြူကိုဆောင်း၍ တည်နေသည် ကိုမြင်ရသောအခါ ထွေ့ကြောက်ခြင်း ဖြစ်ပါသလော”ဟု မေးကြကုန်၏။ ငါ့ရှင်တို့၊မကြောက်ပါဟု ပြန်ပြောသဖြင့်၊ ထိုရဟန်းတို့သည် မြတ်စွာ-

ဘုရားသခင်သို့ချဉ်းကပ်၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အင်္ဂုလိမာလမထေရ်သည် တပါးသော အရဟတ္တဖိုလ်စကားကို ပြောကြားဖြေဆိုပါသည်ဟု လျှောက်ကြကုန်၏။ ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့၊ အင်္ဂုလိမာလမထေရ်သည် မကြောက်ရွံ့၊ ထိုစကားမှန်၏။ ရဟန္တာအစစ် ဖြစ်ကုန်သောဥသဘတို့၏အတွင်း၌ ကြီးကျယ်မြင့်မြတ်သောဥသဘဖြစ်ကုန်သော ငါ၏သားတော်နှင့်တူကုန်သော ရဟန်းတို့သည် မ ရွံ့ကြောက်ကုန်ဟု မိန့်တော်မူပြီး၍-

ဥသဘံ ပဝရံ ဝီရံ၊ မဟေသိံ ဝိဇိတာဝိနံ။
အနေဇံ နှာတကံ ဗုဒ္ဓံ၊ တ မဟံ ဗြူမိ ဗြာဟ္မဏံ၊ ။

ဟူသော ဗြာဟ္မဏဝဂ်သာ ဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌သည်း များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား**။ ။ဥသဘံ၊ မကြောက်ရွံ့ မတုန်လှုပ်သည်ဖြစ်၍ ဥသဘနှင့်တူထသော၊ ပဝရံ၊ မြင့်မြတ်သော၊ ဝီရံ၊ လုံ့လဝီရိယနှင့်ပြည့်စုံထသော၊ မဟေသိံ၊ သီလက္ခန္ဓအစရှိသော ကျေးဇူးအပေါင်းကို ရှာပြီးထသော၊ ဝိဇိတာဝိနံ၊ သုံးပါးမာရ်ကို ချိုးလှန်ရတ်ထွင် အောင်မြင်ပြီးထသော၊ အနေဇံ၊ တဏှာလည်း ကင်းပြီးထသော၊ နှာတကံ၊ မဂ်တည်းဟူသော ရေဖြင့်ဆေးကျော်ပြီးသော ကိလေသာရှိထသော၊ ဗုဒ္ဓံ၊ သိအပ်ပြီးသော သစ္စာလေးပါးရှိထသော။ တံတာဒိသံ၊ ထိုသို့သဘောရှိသော၊ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို၊ ဗြာဟ္မဏံ၊ မကောင်းမှုမှ အပပြုပြီးဟူ၍။ အဟံ၊ သင်တို့ဆရာ ငါဘုရားသည် ဗြူမိ၊ ဟောတော်မူ၏၊ ။ဤကားအနက်။

ပသေနဒီ ကောသလ မင်းကြီးသည်လည်း နှလုံးမသာယာခြင်းသို့ ရောက်၍၊ ဤသို့သဘောရှိသည် မည်သောပရိသတ်၌ အလှူဒါနကိုပေးလှူပြီးလျှင်တည်နေသောငါ့အား သင့်လျော်သျောက်ပတ်သော အနုမောဒနာကိုမပြုမူ၍၊ တဂါထာမျှကိုသာလျှင် ဟောတော်မူပြီးသော်၊ "မြတ်စွာဘုရားသခင်သည် နေရာမှထ၍ ကြွတော်မူလေသည်။ ငါသည် မြတ်စွာဘုရားသခင်အား သင့်လျော် လျောက်ပတ်သော အလှူဒါနကို မပြုမူ၍၊

မသင့်လျော်မလျောက်ပတ်သည်ကို ပြုမိသည်ဖြစ်ပေလတ္တံ့။ အဝိသော ကပ္ပိယဘဏ္ဍာကိုမပေးလှူမူ၍မအဝိသောအကပ္ပိယဘဏ္ဍာကိုသော်လည်း ပေးလှူမိသည်ဖြစ်ပေလတ္တံ့။ မြတ်စွာဘုရားသခင်သည် ငါ့အားအမျက် ထွက်သည်မဖြစ်ပေရာ၊ ထိုသို့မဖြစ်ခဲ့ပြန်သည် ရှိသော်၊ အသဒိသဒါန မည်သည် ဒါနအားလျော်စွာ အနုမောဒနာကိုပြုခြင်းငှါ အဝိပါသည်”ဟု ကြံပြီးလျှင်၊ကျောင်းတော်သို့ လိုက်သွား၍ မြတ်စွာဘုရားသခင်ကို ရှိခိုး ပြီးလျှင် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အသို့ပေနည်း။ တကာတော်သည်လှူအပ်သည်နှင့်စပ်သောအလှူဒါနကိုမ သှူမိလေသလော။ သို့တည်းမဟုတ် ဒါနအားလျော်သောအဝိသော ပစ္စည်းဘဏ္ဍာကိုမလှူမူ၍ မအဝိသောပစ္စည်းဘဏ္ဍာကို ထည့်လှူမိလေသလောဟု မေးလျှောက်၏။ တကာတော်မင်းကြီး၊ ဤအကြောင်းကား အဘယ်နည်းဟု ပြန်၍မေး သဖြင့်၊အရှင်ဘုရားတို့သည် တကာတော်၏ဒါနအား လျောက်ပတ်သော တရားအနုမောဒနာကို မပြုပါဘုန်းဟု လျှောက်၏။

## ကာလအမတ်ကို တိုင်းပြည်မှနှင်ထုတ်တော် မူခြင်း။

တကာတော်မင်းကြီး၊ အသင်သည် သင့်လျော် လျောက်ပတ်သည် သာလျှင်ဖြစ်သော အလှူဒါနကိုပေးလှူအပ်၏။ထိုစကားမှန်၏။ထိုအသဒိသ ဒါနမည်သည် တဆူသောဘုရားအား တကြိမ်သာလျှင် ပေးလှူခြင်းငှါ တတ်ကောင်း၏ တဖန် ဤသို့သဘောရှိသည် မည်သောဒါနကို ပေးလှူ နိုင်ခဲလှသည်ဟု မိန့်တော်မူ၏ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ ထိုသို့ဖြစ်ပါလျက် အဘယ်သို့သောအကြောင်းကြောင့် တကာတော်၏ ဒါနအားလျော်သော အနုမောဒနာကို မပြုပါကုန်သနည်းဟု မေးလျှောက် သဖြင့် တကာတော်မင်းကြီး၊ ပရိသတ်၏မစင်ကြယ်သည့်အဖြစ်ကြောင့် မပြုပေသည်ဟု မိန့်တော်မူသည်ရှိသော်၊ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ပရိသတ်အပြစ်သည် အဘယ်ပါနည်းဟု လျှောက်၏။

ထိုအခါ ပသေနဒိကောသလမင်းကြီးအား မြတ်စွာဘုရားသခင်သည် နှစ်ယောက်ကုန်သော အမတ်တို့၏ စိတ်အလို ကြံစည်အောက်မေ့ခြင်းကို ကြားတော်မူ၍၊ ကာလ အမတ်၌ အစဉ်သနားဘော် မူသည်ကို စွဲ၍

အနုမောဒနာမပြုသည့်အဖြစ်ကို မိန့်ဆိုတော်မူ၏။ မင်းကြီးသည် “အချင်း ကာလအမတ်၊ အသင်သည် ဤသို့ အောက်မေ့ကြံစည်သော ဟူသည် ဟုတ်မှန်ပေသလော” ဟု မေးတော်မူ၍။ ဟုတ်မှန်ပါသည်ဟု လျှောက်-တင်သည်ရှိသော်၊အသင်၏ ပစ္စည်းဥစ္စာ တစုံတခုကိုမျှ မယူမူ၍ ငါ၏ သားမယားနှင့်တကွ ငါ၌ ထင်ရှားရှိသော မိမိ၏ ပစ္စည်းဥစ္စာကို မိမိ ပေးလှူရာ၌ အသင့်အား အဘယ်သို့သော နှိပ်စက်ခြင်းရှိသနည်း၊သွား-လေလော့။အကြောင်း ပစ္စည်းဥစ္စာ စည်းစိမ်ချမ်းသာကို အသင့်အား ငါ-မင်းဖြစ်သည် ပေးကမ်း ချီးမြှင့်တော်မူအပ်၏။ထိုပစ္စည်းဥစ္စာ စည်းစိမ် ချမ်းသာသည် ပေးကမ်းချီးမြှင့်အပ်သည်ပင် ဖြစ်ပါစေတော့။ ငါစိုးပိုင်ရာ ဖြစ်သော တိုင်းပြည်မှ ထွက်သွားလေလော့ ဟု ထိုကာလ အမတ်ကို တိုင်းပြည်မှ နှင်ထုတ်ပြီးသော်၊ ဇုဏှအမတ်ကို ခေါ်တော်မူ၍။ အချင်း-ဇုဏှအမတ်၊ အသင့်အား ဤသို့ ကြံစည် အောက်မေ့သော ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူလျှင် အရှင်မင်းမြတ်၊ ဟုတ်ပါသည်ဟု လျှောက်သည်ရှိသော် ဦးလေး၊ကောင်းမြတ်လှပေ၏။အသင့်အား ငါသည် ကြည်ညိုခြင်း ဖြစ်ပေ၏။ အသင်သည် ငါ၏အလုပ်အကျွေး အခြွေအရံ ပစ္စည်းဥစ္စာကို ယူ၍ ငါသည် ပေးလှူအပ်သော အမှတ်ဖြင့် သာလျှင် ခုနစ်ရက်တို့ပတ်လုံး အလှူဒါနကို ပေးလှူလေလော့ ဟု မိန့်တော်မူပြီးလျှင် ခုနစ်ရက်ပတ်လုံး မင်းအဖြစ်ကို ဆောင်နှင်း၍၊ မြတ်စွာဘုရား သခင်ကို ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ သူမိုက်၏အကြောင်းကို ကြည့်ရှုတော် မူကြပါကုန်လော့၊ တကာတော်သည် ဤသို့ ပေးလှူရာ၌ ပြစ်မှား ပုတ်ခတ်ခြင်းကို ပေးလေသည် ဟု လျှောက်၏။

## ဇုဏှအမတ် သောတာပန်တည်ခြင်း။

မြတ်စွာဘုရားသခင်က တကာတော်မင်းကြီး၊ ဩော်-ဟုတ်ပေ၏။ သူမိုက်တို့မည်သည် သူတပါးတို့ အလှူဒါနကို မနှစ်သက်နိုင်ငှာသာကြောင့် ဒုဂ္ဂတိဘဝလျှင် လည်းလျောင်းရာရှိသည် ဖြစ်ကုန်၏။ပညာရှိတို့သည်ကား သူတပါးတို့၏ ဒါနကိုလည်း နှစ်သက်ဝမ်းမြောက်၍ နတ်ရွာ သုဂတိ တည်းဟူသော လည်းလျောင်းရာ ရှိကုန်သည် သာလျှင်တည်း ဟု မိန့်တော်မူပြီး၍-

နဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ၊
ဗာလာ ဟဝေ နပ္ပသံသန္တိ ဒါနံ။
ဓီရော စ ဒါနံ အနုမောဒမာနော၊
တေနေဝ သော ဟောတိ သုခီ ပရတ္ထ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။ကဒရိယာ၊ ဝန်တိုသော သူတို့သည်။ ဝေ၊ စင်စစ်။ ဒေဝလောကံ၊ နတ်ပြည်, နတ်ရွာသို့၊ န ဝဇန္တိ၊ မရောက်ကုန်။ ဗာလာ၊ သူမိုက်တို့သည်။ ဟဝေ၊ စင်စစ်၊ ဒါနံ၊ ပေးကမ်းချီးမြှင့်သော အလှူဒါနကို။ နပ္ပသံသန္တိ၊ မချီးမွမ်းကြကုန်။ ဓီရော စ၊ ပညာရှိသော သူသည်သာလျှင်။ ဒါနံ၊ ပေးကမ်း ချီးမြှင့်သော အလှူဒါနကို။ အနုမောဒမာနော၊ နှစ်သက် ဝမ်းမြောက်၏။ တေနေဝ၊ ထိုသို့ နှစ်သက် ဝမ်းမြောက်သော်ကြောင့် သာလျှင်၊ သော ဓီရော၊ ထိုပညာရှိသောသူသည်၊ ပရတ္ထ၊ တမလွန်လောက နောင်ဘဝ၌။ သုခီ၊ ချမ်းသာခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကား-အနက်။

ဒေသနာတော်၏ အဆုံး၌၊ ဇုဏှ အမတ်သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုးများသည် သာလျှင်ဖြစ်သော တရားဒေသနာသည် ဖြစ်၏။ ဇုဏှ အမတ်သည်လည်း သောတာပန် ဖြစ်၍၊ ခုနစ်ရက်ပတ်လုံး မင်းကြီးသည် ပေးအပ်သော အမှတ်ဖြင့်သာလျှင် အလှူဒါနကို ပေးလှူ၏။

ဓမ္မပဒ လောကဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော
အသဒိသဒါနဝတ္ထုစကားစဉ်ကား
ဤတွင်ရွေ့ပြီး၏။

---

## ၁၃-လောကဝဂ်။ ၁၁-အနာထပိဏ်သူဌေး၏သားဖြစ်သော ကာလသတို့သား၏ဝတ္ထု။

**ပထဗျာ ဧကရဇ္ဇေန။** ။ဤသို့စသည့်၊ ဓမ္မဒေသနာ၊ ပါဌ်ဂါထာကို၊ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူ၍၊ အနာထပိဏ်သူဌေး၏ သားဖြစ်သော ကာလ ကို၊ ... ။

ဘုရားရှင်သည်၊ ထက်ခွင်ဝတိံ၊မာသိန်စံမြန်း၊ နဖော်နန်းနေရာ၌၊ စိတ္တလတာ မည်သော ဥယျာဉ်ကို၊ ရယ်ရွှင်ဘွယ်မှု၊ ပြက်ရယ် ပြုဘိသကဲ့သို့၊ ရှုဆုံ အပေါင်း၊ ညွှတ်ပြောင်းနွဲ့အိ၊ ပီတိသောမန၊ အလောလော ကြွစေတတ် သည့်၊ ဇေတမင်းသား၏ ဥယျာဉ်ကို၊ တည်ယွင် ဆောက်လုပ်သည့် အရကြောင့်၊ ဇေတဝန မဟာဝိဟာရ၊တင်ပြဖွဲ့ချီး၊ ကျောင်းတော်ကြီး၌၊ လေးသီးယာပထ၊ မျှတတော်မူစဉ်အခါ၊ ကာလအမည်ရှိသော အနာ-ထပိဏ်သူဌေးကြီး၏သားကိုအကြောင်းပြုသောအားဖြင့် ဟောကြားတော် မူခဲ့ပေသတည်း။

## အကြောင်း အညွှန်းပွင့်ဘို့ အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

ထိုကာလအမည်ရှိသော သူဌေးသားသည် ထိုသို့ သဘောရှိသော သဒ္ဓါတရား အလူအားဖြင့် ပြည့်စုံသော သူဌေးကြီး၏ သားဖြစ်ပါလျက်လည်း၊ မြတ်စွာဘုရား အထံတော်သို့ သွားခြင်းငှါ အလိုမရှိ၊ အိမ်သို့ မြတ်စွာဘုရား ကြွလာတော် မူသောအခါ၌ ဖူးမျှော်ခြင်းငှါ အလိုမရှိ၊ တရားတော်ကို နာခြင်းငှါ အလိုမရှိ၊ သံဃာတော်၏ ဝေယျာဝစ္စကို ပြုခြင်းငှါ အလိုမရှိ။ဘခင်ဖြစ်သော အနာထပိဏ်သူဌေးကြီးက ချစ်သား၊ ဤသို့ မပြုပါလင့်ဟု ပြောဆို ဆုံးမသော်လည်း၊ ထိုဘခင်၏ စကားကို မနာယူ။ထိုနောက် သူဌေးကြီးသည် ကြံဆင်ခြင်သည်မှာ''ငါ၏သားသည် ဤသို့သဘောရှိသော အယူကိုယူ၍ လှည့်လည် ပြောင်းကြွေ သေလွန် သည်ရှိသော်၊ အဝီစိလျှင် လည်းလျောင်းရာရှိသည် ဖြစ်ပေတော့မည်။ ငါသည် ထင်ရှားတည့်တည့် သိမြင်ပါလျက်၊ ငါ၏သားသည် ငရဲသို့ သွားရမည်ဟူသော ဤအမှုသည်လည်း မသင့်တင့် မလျောက်ပတ်။ ဤလောက၌ ဥစ္စာကိုပေးသဖြင့်၊ မဖြောင်းတောက် မပျက်ဆီးသော သတ္တဝါ မည်သည် မရှိ၊ဥစ္စာဖြင့်ဖြားယောင်း၍ ထိုအယူကို ဖြတ်ပေအံ့''ဟု ကြံ၏။ ကြံပြီး၍ကား၊ထိုကာလသတို့သားကို ချစ်သား၊ဥပုသ်ကို စောင့်သုံးပြီးလျှင် မြတ်စွာဘုရား ကျောင်းတော်သို့ သွား၍ တရားတော်ကို နာပြီးသော် ပြန်လာခဲ့လော့။ အသင်အား တရာသော အသပြာကို ပေးအံ့ဟု ပြော၏။ ဘခင်၊ အသပြာကို ပေးကုန်လတ္တံ့လောဟု မေးသဖြင့်။ချစ်သား၊ပေးပါမည်ဟု ဝန်ခံပြောဆို၏။

## အသပြာကိုမက်၍ ဥပုသ်စောင့်သူ။

ထိုကာလ သူဌေးသားသည် သုံးကြိမ်မြောက်အောင် ပဋိညာဉ်ကို ယူစေပြီးလျှင် ဥပုသ် စောင့်သုံးသည်ဖြစ်၍ ကျောင်းတော်သို့ သွား၏။ ထို သူဌေးသားအား တရားတော်ကို နာခြင်း၌ ကြောင့်ကြခြင်း ကိစ္စမရှိ၊ ချမ်းသာသော နေရာတို့၌ အိပ်နေ၍၊ နံနက်စောစောကပင်လျှင် အိမ်သို့ သွား၏။

ထိုအခါ ဘခင်ဖြစ်သော သူဌေးကြီးသည် ငါ၏သားသည် ဥပုသ် စောင့်သုံးသည် ဖြစ်ပေသည်။ ထိုငါ၏သားအား လျင်မြန်စွာ ယာဂုစသည် တို့ကို ဆောင်ယူခဲ့ကြပါကုန်သော့ဟု ပြောဆို၍ ပေးစေ၏။ ထိုကာလ သူဌေးသားသည် အသပြာတို့ကို မရသေးသည်ရှိသော် မစားအံ့ ဟူ၍ ဆောင်ယူခဲ့တိုင်းသော ယာဂုစသည်ကို ပယ်၏၊ ထိုအခါ သူဌေးကြီး သည် သား၏ နှိပ်စက် ပြောဆိုသည်ကို သည်းမခံနိုင် သောကြောင့် အသပြာထုပ်ကို ပေးစေ၏။

ကာလသူဌေးသားသည် ထိုအသပြာထုပ်ကို လက်ဖြင့်ကိုင်၍သာလျှင် အာဟာရကို သုံးဆောင်၏။ ထိုနောက် တဖန် မိုးသောက်ရောက်သောနေ့၌ သူဌေးကြီးသည် မိမိ၏သားကာလကို ချစ်သား၊ အသပြာ တထောင်ကို အသင့်အား ပေးပါအံ့၊ မြတ်စွာဘုရား ရှေ့တော်မှ တည်နေ၍ တခုသော တရားပုဒ်ကို အားထုတ်သင်ယူ၍ ပြန်လာခဲ့လော့ဟု စေလွှတ်၏။

## အသပြာမက်၍ တရားနာ၍ သောတာပန်တည်ခြင်း။

သူဌေးသားကာလသည် ကျောင်းသို့ သွားပြီးသော်၊ မြတ်စွာဘုရား ရှေ့တော်မှ တည်နေ၍ သာလျှင်၊ တခုတည်းသာလျှင် ဖြစ်သော ပုဒ်ကို အားထုတ် သင်ယူ၍ ပြေးသွားခြင်းငှါ အလိုရှိသည် ဖြစ်ပေ၏၊ ထိုအခါ မြတ်စွာဘုရားသခင်သည် သူဌေးသားအား မမှတ်မိသောအခြင်းအရာကို ပြု၏။ သူဌေးသားသည် ထိုပုဒ်ကို မမှတ်မိသောကြောင့်၊ အထက်ဖြစ်သော ပုဒ်ကို သင်ယူအံ့ဟု လျှောက်၍ ကြားနာ၏၊

[သင်ယူဦးအံ့ဟု ကြားနာသည်ရှိသော်၊ ရိုသေစွာကြားနာသည် မည်ပေသတတ်။ ဤသို့ကြားနာကုန်သော သူတို့အားလည်း တရား တော်သည် သောတာပတ္တိမဂ်စသည်တို့ကို ပေးသတတ်။

ထိုကြောင့် အဋ္ဌကထာ၌-

ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော ယုဝါ ဗလီ အာလသိယံ ဥပေတော။
သံသန္နသင်္ကပ္ပမနော ကုသီတော ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။ ။

ဟု မိန့်တော်မူ၏။

**အနက်ကား။** ။ဥဋ္ဌာနကာလမှိ၊ သင်ယူဦးအံ့။ ဟူတိ၊ ဤသို့ နှလုံးသွင်း၍။ အနုဋ္ဌဟာနော၊ နာသည့်ရှိသော် သာလျှင်။ ဗလီ၊ ရှိသော်လည်း။ အာလသိယံ ဥပေတော၊ နာသည်မည်ကုန်သတတ်။ ဝေဠ္ဌု၊ ဤသို့လျှင်။ အနုဋ္ဌဟာနံ၊ ကြားနာကုန်သော သူတို့အား။ ဝါ၊တို့၏။ ဓမ္မော၊ တရားတော်သည် သောတာပတ္တိမဂ္ဂါဒယော၊ သောတာ-ပတ္တိမဂ်စသည်တို့ကို။ ဒေတိ ကိရ၊ ပေးပေသတတ်။ ။ဤကား-အနက်။]

ထိုသူငွေးသား ကာလသည်လည်း သင်ယူဦးအံ့ ဟု နှလုံးသွင်း၍ တရားတော်ကို နာ၏။

မြတ်စွာဘုရားသခင်လည်း မမှတ်မိသော အခြင်းအရာကို ပြုတော်မူ၏။ သူဌေးသားသည် အထက်ဖြစ်သောပုဒ်ကို သင်ယူပါဦးမည် ဟု လျှောက်၍တရားတော်ကို ကြားနာလျက်သာလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

သူဌေးသား ကာလသည် တဖန် မိုးသောက်ရောက်သောနေ့၌ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်နှင့်အတူတကွသာလျှင် သာဝတ္ထိပြည်သို့ ဝင်၏။သူဌေးကြီးသည် ထိုသို့သောအခြင်းအရာကိုမြင်၍၊ယနေ့ ငါ့သား၏ အခြင်းအရာသည် နှစ်သက်ဘွယ် ရှိ၏ဟု ကြံ၏ သူဌေးသားအားလည်း ဤသို့သော အကြံသည်ဖြစ်၏။"ငါ၏အဘသည် ယနေ့ မြတ်စွာဘုရား အထံတော်၌ တည်နေသော ငါ့အား စင်စစ်အားဖြင့် အသပြာတို့ကို မပေးပေရာ၊ယင်းသို့ ပေးသည်ရှိသော်၊ အသပြာ ဟူသော အကြောင်း ကြောင့် ငါ၏ ဥပုသ်စောင့်သုံးသော အဖြစ်ကို သူတပါး မသိအောင် ဖုံးလွှမ်းရပါဘိမူကား၊ကြော်ကောင်းလေစွ" ဟု ကြံ၏။

မြတ်စွာဘုရား သခင်သည်ကား သူဌေးသားအား ယမန်နေ့က အသပြာဟူသော အကြောင်းကြောင့်၊ဥပုသ် စောင့်သုံးသည့် အဖြစ်ကို

သိတော်မူ၏၊ သူဌေးကြီးသည် ဘုရားအမှူးရှိသော သံဃာတော်အား ယာဂုကို ပေးလှူ၍ သားအားလည်း ပေးစေ၏။ ထိုသူဌေးသားသည် ဆိတ်ဆိတ် ထိုင်နေသည်ဖြစ်၍သာလျှင် ယာဂုကို သောက်၏။ ခဲဘွယ်-ဘောဇဉ် ထမင်းအာဟာရကို စား၏၊ သူဌေးကြီးသည် မြတ်စွာဘုရား ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ မိမိ၏သားရှေ့မှ တထောင်သော အသပြာထုပ်ကို ထားစေ၍၊ ချစ်သား၊ အသင့်ကို ငါသည် အသပြာ တထောင်ပေးပါမည် ဟူ၍ ပြောဆိုပြီးသော်၊ ဥပုသ်ကို ဆောက်တည်စေ၍ ကျောင်းတော်သို့ စေလွှတ်အပ်၏။ ဤဘဏ္ဍာထုပ်သည် အသင့်အား ပေးအပ်သော အသပြာတထောင်တို့တည်းဟု ပြော၏၊

## သောတာပန်တည်၍ အသပြာတထောင်မယူ။

သူဌေးသားသည် မြတ်စွာဘုရား ရှေဘော်မှ အသပြာကို ပေးအပ်သည်ကို မြင်၍၊ ရှက်နိုးသောကြောင့် အကျွန်ုပ်အား အသပြာတို့ဖြင့် အသိ မရှိပါဟု ပယ်၏။ ချစ်သား၊ ယူပါသော့ဟု ဆိုသော်လည်း မယူဘဲနေလေ၏။ ထိုအခါ ဘခင်ဖြစ်သော သူဌေးကြီးသည် မြတ်စွာဘုရားသခင်ကို ရှိခိုး၍။ ဘုန်းဘော် ကြီးတော်မူသော မြတ်စွာဘုရား၊ ယနေ့ တပည့်တော်သား၏ အခြင်းအရာသည် နှစ်သက်ဘွယ်ချ ရှိလှပါပေသည် ဟု လျှောက်သဖြင့် သူဌေးကြီး၊ အကြောင်း အသို့နည်းဟု မေးတော်မူသည်ရှိသော်၊ တပည့် တော်သည် ဤသားကို ရှေးဖြစ်သောနေ့၌ အသပြာတထောင်ကို အသင့် အား ပေးအံ့ဟု ပြောဆို၍ ကျောင်းသို့စေလွှတ်ပါသည်။ တဖန် မိုးသောက် ရောက်သောနေ့၌ အသပြာတို့ကို လက်ဝယ် မခံသည်ရှိသော်၊ အစာ-အာဟာရကို စားခြင်း၌ အသိမရှိပါ၊ ယနေ့မှာမူကား အသပြာတို့ကို တပည့်တော် ပေးအပ်သော်လည်း အသိမရှိ၊ ပယ်ရှားပါသည် ဟု လျှောက်၏။

## စကြဝတေးမင်း စည်းစိမ်စသည်ထက် မြတ်သော သောတာပန်။

မြတ်စွာဘုရားသခင်က ဒါယကာ သူဌေးကြီး၊ ဩဝါဒ-ဟုတ်ပေ၏။ ယနေ့ အသင်၏သားအား စကြဝတေးမင်း၏ စည်းစိမ်ချမ်းသာထက်ရင်း,

နတ်မင်း,ဗြဟ္မာမင်းတို့၏ စည်းစိမ်ချမ်းသာထက်ငင်း,ကဲလွန်ဟူးမြတ်သော သောတာပတ္တိဖိုလ်သို့သာလျှင် ရောက်အောင်လေပြီဟု မိန့်တော်မူပြီး၍-

**ပထဗျာ ဧကရဇ္ဇေန၊ သဂ္ဂဿ ဂမနေန ဝါ။**
**သဗ္ဗလောကာဓိပစ္စေန၊ သောတာပတ္တိဖလံ ဝရံ။ ။**

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

ဒေသနာတော်၏အဆုံး၌ များ စွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

**အနက်ကား။** ။ပထဗျာ၊ မြေပြင်အလုံး၌။ ဧကရဇ္ဇေန၊ တယောက် တည်းသော မင်းအဖြစ် တည်းဟူသော စကြာမင်း ဖြစ်ရသည်ထက်ငင်း။ သဂ္ဂဿ၊နည်ပြည်,ဗြဟ္မာ့ပြည်သို့၊ ဂမနေန ဝါ၊သွားရောက်ရသည်ထက် ငင်း။ သဗ္ဗလောကာဓိပစ္စေန ဝါ၊ နဂါး,ဂဠုန်,ကုမ္ဘဏ် အစ၊ အလုံးရုံသော လောကကို အစိုးရသည်ထက်ငင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိ ဖိုလ်သည်။ဝရံ၊မြင့်မြတ်၏၊ ။ဤကားအနက်၊

မွေပဒ လောကဝဂ်၌ တဆဲ့တခုမြောက်ဖြစ်သော အနာထပိဏ် သူဌေး၏သား ကာလ၏ ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

ဣတိ ဟံသာဝတီနဂရဿ ဝိဂုမ္ဘစေတိယဿ ဥတ္တ ရာနု ဒိသာဘာဂေ မဟာအာချည်ကပိဟာရေ ဝသန္တေန စန္ဒိမာဝိလဒ္ဓနာမေန အဂ္ဂဝံသိကေန ဂဏဝါစကေန ဘိက္ခုနာ မရမ္မဘာသာယ ဒေသန္တောကာစော ဓမ္မပဒဋ္ဌ မဟာပကရဏာ တေရသမ လောကဝဂ္ဂဿ မရမ္မဘာ- သတ္ထော နိဋ္ဌိတော။

မွေပဒပါဠိတော် အဋ္ဌကထာတို့၌ တဆဲ့သုံးခုမြောက်ဖြစ်သော လောကဝဂ်သည် ဤတွင်ရွေ့ပြီးဆုံး၏။

## ၁၄-ဗုဒ္ဓဝဂ်။ ၁-မာဂဏ္ဍိယပုဏ္ဏားကြီး၏ဝတ္ထု။

**ယဿ ဇိတံ။** ။အစခံသော၊ သာမုက္ကံသြဝါ၊ ဒေသနာကို၊ တဏှာ-မာန၊ ဤသို့စသည့်၊ ပါပည်စ်ကျူ၊မကောင်းမှု တရားတို့၊ ဖြစ်ပွါးသွမ်းရိုး၊ မိုက်မျိုးအစစ်၊ ဖြစ်ကြကုန်သူ၊ဝေနေ လူတို့ကို၊ ချွတ်ယူဆုံးမ၊ ကယ်ဘင်တော်မူတတ်သော၊လူ့,နတ်,ထွန်းထား၊ဘုရားသဗ္ဗည္ဗူ၊အတုလ ဘုန်းခေါင်သည်၊ ညောင်ဗုဒ္ဓယော၊ ပင်ခြေသန့်ရှင်း၌၊ သီတင်းသုံးတော် မူသျက်၊ မိုက်မျက်မာန်ဇုတ်၊ ရန်ပြုလုပ်သော်း၊ ယုတ်မာစိတ်တွင်း၊ မာရ်မင်း၏ သမီးတို့ကို၊ အသီးမြော်ရှု၊ အကြောင်း ပြုသောအားဖြင့်၊ ဟောကြားတော်မူခဲ့ပေသတည်း။ ။ဒေသနာတော်သည်ကား သာဝတ္ထိပြည်၌ ဖြစ်၏။

### အကြောင်း အဋ္ဌုပ္ပတ္တိ အစဉ်ကား ဤသို့ပေတည်း။

ပစ္စုပ္ပန်ဝတ္ထု။

ကုရုတိုင်း၌ မာဂဏ္ဍိအမည်ရှိသော ပုဏ္ဏားကြီး၏သမီးသည် မာဂဏ္ဍိအမည်ရှိသည်သာလျှင်ဖြစ်၏။ မြင့်မြတ်သော အဆင်းသဏ္ဌာန်ကိုဆောင်၏။ ထိုမာဂဏ္ဍိ ပုဏ္ဏားကြီး၏ သမီးကို တောင့်တကုန်လျက် များစွာကုန်သော ဗြာဟ္မဏမဟာသာလတို့သည်၎င်း၊ များစွာကုန်သော ခတ္တိယမဟာသာလတို့သည်၎င်း၊အသင်၏သမီးကို ငါတို့အား ထိမ်းမြားပေးဖို့စေသတည်းဟု မာဂဏ္ဍိပုဏ္ဏားကြီးအား သတင်းစကားကို ပြောကြား စေလွှတ်ကုန်၏။

မာဂဏ္ဍိ ပုဏ္ဏားကြီးသည်သည်း အသင်တို့သည် ငါ၏သမီးအား မထိုက်လျော်ကုန် ဟု အလုံးစုံသော သူတို့ကို မြစ်ပယ်သည်သာလျှင်တည်း။ထိုနောက် တနေ့သ၌ သုံးတိုက်မကျွန်၊ အတုလထွန်းထား၊မြတ်စွာဘုရားသည်၊ အားကြီးစဉ်မြောက်၊ မိုးသောက်ယာမ် ကာလ၌ လောကကို ကြည့်ရှုတော် မူသည်ရှိသော်၊ ကိုယ်တော်မြတ် ညဏ်တော် တည်း-ဟူသော ကွန်ယက်၏အတွင်းသို့ ဝင်လာသော မာဂဏ္ဍိပုဏ္ဏားကြီးကို မြင်တော်မူ၍ အသို့ဖြစ်လတ္တံ့နည်း ,ဟု ဆင်ခြင်တော် မူပြန်သည်ရှိသော် ပုဏ္ဏားကြီးအားရင်း, ပုဏ္ဏေးမအားရင်း,သုံးပါးသော မဂ်ဖိုလ်တို့၏ ရရန်-ရကြောင်း အကြောင်း ဥပနိဿယ ပြည့်ဝစုံလင်ခြင်းရှိသည်ကို မြင်တော်မူလေ၏။

## သမီးမာဂဏ္ဍီကို သိမ်းပိုက်ရန် လျှောက်ထားခြင်း။

ပုဏ္ဏားကြီးသည်လည်း ရွာ၏အပြင်၌ အမြဲမပြတ် မီးကို ပူဇော် ပုဇ်-ကျွေး၏။ မြတ်စွာဘုရားသခင်သည် နံနက် စောစောမှသာလျှင် သပိတ်သင်္ကန်းကို ယူတော်မူ၍ ပုဏ္ဏားကြီးသည် မီးပူဇော်လုပ်ကျွေးရာဖြစ်သော ထိုအရပ်သို့ ကြွတော်မူ၏။ ပုဏ္ဏားကြီးသည် ဘုရားသခင်၏ အဆင်းအသရေတော်ကို ကြည့်ရှုလျက် "ဤလောက၌ ဤသို့နှင့်တူသော တစုံ-တယောက်သော ယောကျ်ားမည်သည် မရှိ။ ငါ၏ သမီးအား သင့်လျော်လျောက်ပတ်သော သူပေတည်း၊ ဤယောကျ်ားအား ငါ၏ သမီးကို ပေးပေအံ့"ဟု ကြံ၍ မြတ်စွာဘုရားသခင်ကို အရှင်ရဟန်း၊ ငါ့အား သမီးတယောက်သည်ရှိ၏။ ထိုသမီးအား သင့်လျော်လျောက်ပတ်သော တစုံ-တယောက်သောယောကျ်ားကို ငါသည်ကြည့်ရှု၍မမြင်သောကြောင့်၊ ထို-သမီးကို တစုံတယောက်သော သူအား မပေးဆောင်ဘဲ နေပါသည်။ အသင်သည်ကား ငါ၏ သမီးဖြစ်သော ထိုမိန်းမငယ်အား သင့်လျော်လျောက်ပတ်၏။ ငါသည် အသင့်အား သမီးကို ခြေရင်း၌ အလုပ်-အကျွေးပြု၍ ပေးခြင်းငှါ အလိုရှိပါ၏၊ အကြင်မျှလောက် ထိုသမီးကို ငါသည် ခေါ်ဆောင်ခဲ့ပါအံ့။ ထိုမျှလောက် ကာလပတ်လုံး အသင်သည် ဤအရပ်၌သာလျှင် ငံ့ဆိုင်းရပ်တည် ပါဦးလော့ ဟု ပြော၏။ မြတ်စွာ-ဘုရားသခင်သည် ထိုပုဏ္ဏားကြီး၏ စကားကို ကြား၍၊ နှစ်သက်လည်း နှစ်သက်တော် မမူ၊ မြစ်ပယ်လည်း မြစ်ပယ်တော် မမူ၊ ပုဏ္ဏားကြီးသည်လည်း အိမ်သို့ လျင်စွာသွား၍ ပုဏ္ဏေးမကို အို-ရှင်မ၊ ယနေ့ ငါ၏ သမီးအား သင့်လျော် လျောက်ပတ်သော ယောကျ်ားကို တွေ့မြင်ခဲ့သည်။ ထိုယောကျ်ားအား သမီးကို ပေးကုန်အံ့ဟု ပြောဆို၍၊ သမီးကို တန်းဆာဆင်စေပြီးသော် ခေါ်ဆောင်ခဲ့၍ ပုဏ္ဏေးမနှင့် အတူတကွ ထိုအရပ်သို့ သွားလေ၏။

## မြတ်စွာဘုရား ခြေတော်ရာ။

လူများအပေါင်းသည်လည်း အုတ်အုတ်ကျက်ကျက် ဖြစ်၍ ထွက်၏။ မြတ်စွာဘုရားသခင်သည်လည်း ပုဏ္ဏား ပြောဆိုအပ်သောနေရာ၌ မတည်နေမူ၍၊ ထိုနေရာ၌ ခြေတော်ရာ ပဒစေတီကို ပြုတော်မူပြီးသော်၊ တပါးသော နေရာအရပ်၌ တန့်ရပ် တည့်နေတော်မူ၏။

[ဘုရားရှင်တို့၏ ပဒစေတီသည် ဤခြေတော်ရာကို ဤအမည်ရှိသောသူသည် မြင်စေသတည်းဟု မိဋ္ဌာန်တော်မူ၍ နင်းရာအရပ်၌သာလျှင် ထင်ပေသတတ်။ ကြွင်းသောအရပ်၌ ထိုခြေတော်ရာကို တွေ့မြင်ရသောသူ မည်သည့်မရှိ။

ထိုကြောင့် ဋီကာအဋ္ဌကထာ၌-

ဗုဒ္ဓါနံ ဟိရ ပဒစေတိယံ ဣမံ အသုကော နာမ ပဿတူတိ အဓိဋ္ဌဟိတွာ အက္ကန္တဋ္ဌာနေယေဝ ပညာယတိ၊ သေသဋ္ဌာနေ တံ ပဿန္တော နာမ နတ္ထိ။''

ဟု မိန့်တော်မူ၏။

**အနက်ကား**။ ။ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ပ-စေတိယံ၊ ခြေတော်ရာစေတီသည်။ ဣမံ၊ ဤခြေတော်ရာကို။ အသုကောနာမ၊ ဤအမည်ရှိသောသူသည်။ ပဿတု၊ မြင်စေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌဟိတွာ၊ မိဋ္ဌာန် ဆောက်တည်တော်မူ၍။ အက္ကန္တဋ္ဌာနေယေဝ၊ နင်းတော်မူရာအရပ်၌သာလျှင်။ ပညာယတိ ကိရ၊ ထင်ပေသတတ်။ သေသဋ္ဌာနေ၊ ကြွင်းသောအရပ်၌။ တံ၊ ထိုခြေတော်ရာကို။ ပဿန္တောနာမ၊ တွေ့မြင်ရခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ။ဤကားအနက်။]

ပုဏ္ဏားကြီးသည် မိမိနှင့်အတူတကွ သွားအပ်သော ထိုပုဏ္ဏေးမက "ထိုယောကျ်ား အဘယ်မှာနည်း" ဟု မေးသည်ရှိသော်၊ ဤအရပ်၌တန့်ရပ်တည်နေပါဦးဟု ပြောဆိုမှာထားခဲ့ပေသည် ဟု ပြော၍ ကြည့်ရှုသည်ရှိသော်၊ ခြေရာကိုမြင်၍ ဤခြေရာသည် ထိုယောကျ်ား၏ခြေရာပေတည်းဟု ပြ၍၊ ပုဏ္ဏေးမသည် လက္ခဏာသတ္တာန်၌ လိမ္မာတတ်မြောက်သည့်အဖြစ်ကြောင့်၊ ပုဏ္ဏားကြီး၊ ဤခြေရာသည် ကာမဂုဏ်စည်းစိမ်ကို ခံစားသောသူ၏ ခြေရာမဟုတ်ဟု ပြောလျှင်၊ ပုဏ္ဏားကြီးက ဒိုရှင်မ၊ အသင်သည်ရေခွက်၌ မိကျောင်းကို မြင်ရသကဲ့သို့ တွေ့မြင်ရလေသည်။ ငါသည် ထိုရဟန်းကို ကိုယ်တိုင်တွေ့မြင်အပ်ပေသည်၊ သမီးကိုအသင့်အားပေးအံ့ဟု ငါဆိုသောအခါ၊ ထိုရဟန်းကလည်း ဝန်တံခံဆိတ်၍ သည်းခံအပ်ပေ၏ဟု ပြောသည်ရှိသော်၊ ပုဏ္ဏားကြီး၊ အသင်သည် ဤသို့သောအခြင်းအရာဖြင့် အကယ်၍ကား ပြောဆို၏။ ထိုသို့ပင် အသင်ပြောဆိုသော်လည်း

ဤခြေရာသည် ကိလေသာကင်းပြီးသော ပုဂ္ဂိုလ်၏ခြေရာ အမှန်ဖြစ်သ-
လျှင်ကတည်းဟု ပြော၍-

ရတ္တဿ ဟိ ဥက္ကုဋိကံ ပဒံ ဘဝေ၊
ဒုဋ္ဌဿ ဟောတိ သဟသာ နုပီဠိတံ။
မုဠှဿ ဟောတိ အဝကဍ္ဍိတံ ပဒံ၊
ဝိဝဋ္ဋစ္ဆဒဿိဒ မီဒိသံ ပဒံ။ ။

ဟူသောဤဂါထာကို ရွတ်၏။

**အနက်ကား**။ ။ဗြာဟ္မဏ၊ ပုဏ္ဏားကြီး၊ ရတ္တဿဟိ-ရတ္တဿဝေ၊ ရာဂတပ်မက် နှစ်သက်ခြင်းရှိသော သူ၏သာလျှင်၊ ဥက္ကုဋိကံ၊ဆောင့်-ကြောင့်ထိုင်ဘိသကဲ့သို့သော၊ ပဒံ၊ခြေရာသည်။ ဘဝေ၊ဖြစ်၏။ဒုဋ္ဌဿ၊ ဒေါသအမျက်ရှိသောသူ၏။ ပဒံ၊ခြေရာသည်။ သဟသာနုပီဠိတံ၊အဆော တလျင် နင်းဘိသကဲ့သို့ စဉ်းငယ်သိမ်သည်၊ ဟောတိ၊ ဖြစ်၏။မုဠှဿ၊ မောဟဖြင့် တွေဝေသောသူ၏။ ပဒံ၊ခြေရာသည်။ အဝကဍ္ဍိတံ၊ ငင်၍ဆွဲအပ်သည်၊ဟောတိ၊ ဖြစ်၏။ဝိဝဋ္ဋစ္ဆဒဿ၊ ဝန်ကင်းပြတ်ပြီးသော ပုဂ္ဂိုလ်အား ဤဒိသံ၊ဤသို့ သဘောရှိသော၊ဣဒံ-ပဒံ၊ ဤခြေရာသည်။ဝါ၊ ဤဒိသံ၊ဤသို့သဘောရှိသော၊ ဣဒံ-ပဒံ၊ဤခြေရာသည်။၊ ဝိဝဋ္ဋစ္ဆဒဿ၊ ဝန်ကင်းပြတ်သော သူ၏။ ပဒံ၊ ခြေရာသည်။ ဟောတိ၊ ဖြစ်၏။ ။ ဤကားအနက်။

ထိုနောက် ပုဏ္ဏေးမကို ပုဏ္ဏားကြီးက အိုရှင်မ၊ မြည်တွန်ပြောဆိုခြင်း မပြုပါလင့်။ဆိတ်ဆိတ် ဖြစ်၍သာလျှင် လာနေ့လော့ဟု ပြော၍သွားသည် ရှိသော်၊ မြတ်စွာဘုရားသခင်ကို မြင်၍၊ ဤရဟန်းသည် ငါပြောသော ထိုယောက်ျားပင်တည်းဟု ပုဏ္ဏေးမအားပြပြီးလျှင် ဘုရားသခင်ထံသို့ ချဉ်းကပ်၍။အိုရဟန်း၊ငါ၏သမီးကို အသင့်အားပေးအံ့ဟု ဆို၏၊မြတ်စွာ-ဘုရားသခင်သည် ငါ့အားအသင်၏သမီးဖြင့် အလိုမရှိဟု မိန့်တော်မမူဘဲ၊ ပုဏ္ဏားကြီး၊ စင်စစ်အားဖြင့် အကြောင်းကိုငါပြောဆိုပေအံ့၊ အသင်နာ လတ္တံ့လောဟု မိန့်တော်မူ၍၊ အိုရဟန်း၊ပြောဆိုပါလော့။ နာပါအံ့ဟု ဆို-သည်ရှိသော်၊တောထွက်တော် မူသောအခါမှစ၍၊အတိတ်ကို ဆောင်၍ ပြတော်မူ၏။

[ဂန္ဓာဂရုဖြစ်အံ့ပိုး၍ စကားစပ်မိခိုက်မှ အကျဉ်း သခေပဖြင့် ဆက်လက်၍ ပြလိုက်ဦးအံ့။]

ဘုရားလောင်းသိဒ္ဓတ္ထမင်းသားသည် မင်း၏အသရေကို ပယ်စွန့်လျက်၊ ကဏ္ဍကမြင်းကို စီးနင်းပြီးသောအခါ၊ ဆန္နအမတ်လျှင် အဖေါ်ရှိသည် ဖြစ်၍၊တောထွက်တော်မူသည်ရှိသော်၊ မြို့တံခါး၌တည်သောမာရ်နတ် မင်းက "သိဒ္ဓတ္ထမင်းသား၊ ဆုတ်နစ်ပြန်သွားပါလော၊ ဤနေ့မှခုနစ်ရက် မြောက်ကျရောက်သောနေ့၌ အသင့်အားစကြာရတနာ ထင်လျှားစွာဖြစ် ပါလိမ့်မည်"ဟု ဆိုသည်ရှိသော်၊မာရ်နတ်မင်း၊ ထိုစကြာရတနာဖြစ်မည် ကိုငါသည် သိပါ၏၊ငါ့အား ထိုစကြာရတနာဖြင့် အလိုမရှိဟု မိန့်တော် မူ၏။

**မာရ်နတ်မင်းသဒိုးတော် သုံးယောက်။**

ထိုသို့ဖြစ်လျှင် အသင်သည် အဘယ်အကျိုးငှါ တောထွက်သနည်းဟု မေးသဖြင့် သဗ္ဗညုတဉာဏ်တော်ကို ရခြင်းအကျိုးငှါ တောထွက်လို သည်ဟု မိန့်တော်မူ၏။ထိုသို့တပြီးကား ယနေ့မှစ၍ ကာမဝိတက်စသည် တို့တွင် တပါးပါးသော ဝိတက်ကို အသင်သည် အကယ်၍ ကြံစည် အောက်မေ့သည်ဖြစ်အံ့၊ အသင့်အားပြုအပ်သည်ကို သိစေအံ့ဟု ဆို၏။

မာရ်နတ်မင်းသည် ထိုအခါမှစ၍ ချွတ်ယွင်းသောအခွင့်ကို ရှာကြံ ကြည့်ရှုလျက်၊ ခုနစ်နှစ်တို့ပတ်လုံး ဘုရားအလောင်း၏ နောက်သို့သာ အစဉ်တစိုက်လိုက်၏။ မြတ်စွာဘုရားသခင် သည်လည်း ခြောက်နှစ်တို့ ပတ်လုံး ပြုကျင့်နိုင်ခဲလှစွာသော ဒုက္ကရစရိယာအကျင့်ကို ပြုကျင့်တော် မူ၍၊အသီးဖြစ်သော အား‚လုံ့‚လအစွမ်းဟု ဆိုအပ်သောယောက်ျားမြတ် တို့၏အခြင်းအရာကိုမှီ၍၊ ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်ကိုထိုးထွင်း၍ သိတော်မူပြီးသောအခါ၊ ဝိမုတ္တိသုခကို ခံစားတော်မူလျက်၊ ငါးရမြောက် သောသတ္တာဟဝယ် အဇပါလ ညောင်ပင်ရင်း၌ သီတင်းသုံး ထိုင်နေ တော်မူ၏။

ထိုအခါ မာရ်နတ်မင်းသည် ဤသိဒ္ဓတ္ထမင်းသားကား ဤမျှလောက် သောကာလပတ်လုံး ငါသည် သူ၏နောက်၌ အစဉ်တစိုက်လိုက်၍ ပျက်စီး ချွတ်ယွင်းသောအခွင့်ကို ရှာဒိုးကြည့်ရှုပါသော်လည်း၊ဤသိဒ္ဓတ္ထမင်းသား

အားတစုံတရ ချွတ်ချော်တိမ်းပါးသောအမှုကို ကြည့်ရှုထင်ထင် မမြင်ရလေ၊ ဤယခုအခါ၌ ထိုသိဒ္ဓတ္ထမင်းသားသည် ငါ၏စိုးပိုင်ရာ ဖြစ်သော အရပ်ဌာနကိုလွန်မြောက်လေပြီဟု နှလုံးမသာယာခြင်းသို့ ရောက်သည်ဖြစ်၍၊ ခရီးမ၌ထိုင်နေ၏။ ထိုအခါ တဏှာ,အရတိ,ရာဂါ အမည်ရှိကုန်-သော မာရ်နတ်မင်း၏ သမီးတော် သုံးယောက်တို့သည် "ငါတို့ခမည်း-တော်သည် ကြည့်ရှု၍မမြင်။ ယခုအတိအရင်မှာ ရှိလေသနည်း" ဟု ကြည့်ရှုသည်ရှိသော်၊ ထိုသို့သော အခြင်းအရာအားဖြင့် ထိုင်နေသော မာရ်နတ်မင်းကိုမြင်၍၊ အနီးသို့ချဉ်းကပ်လျက်၊ ဘခင်၊ အရှင်သည်အဘယ်သို့သောအကြောင်းကြောင့် နှလုံးမသက်သာ ကျင်နာတွေးယိုင် ကြံမှိုင်ခြင်း ဖြစ်ရပါလေသနည်းဟု မေးကုန်၏။ မာရ်နတ်မင်းသည် မိမိ၏ သမီးတော်တို့အား ထိုအကြောင်းကို ပြန်ကြား၏။

ထိုအခါ သမီးတော်တို့က မာရ်နတ်မင်းကို ဘခင်၊မစိုးရိမ်မကြောင့်ကြပါလင့်။ ကျွန်တော်မတို့သည် ထိုသိဒ္ဓတ် မင်းသားကို မိမိအလိုသို့ လိုက်သည်တို့ကိုပြု၍ ဆောင်ယူပါကုန်အံ့" ဟု ပြောကုန်၏။ ချစ်သမီးတို့၊ ဤသိဒ္ဓတ် မင်းသားကို တစုံတယောက်သော သူသည် အလိုသို့လိုက်သည်ကိုပြုခြင်းငှါ မစွမ်းနိုင်ဟု ပြော၏။ဘခင်၊ကျွန်တော်မတို့သည် မိန်းမမည်ပါကုန်သည်။ဤယခုအခါ၌ပင်လျှင် ထိုသိဒ္ဓတ်မင်းသားကို ရာဂတည်းဟူသောကြော့ကွင်း အစရှိသည်တို့ဖြင့် ဖွဲ့ချည်၍ ဆောင်ယူပါကုန်အံ့။ အရှင်ဘခင်တို့သည် မစိုးရိမ်မကြောင့်ကြံတော် မူပါကုန်လင့်ဟု ပြောဆိုကုန်ပြီးသော်၊ မြတ်စွာဘုရားသခင်ထံသို့ ချဉ်းကပ်၍၊ အရှင်ဘုရား ငါတို့သည် အသင်၏ခြေရင်း၌ အလုပ်အကျွေး ပြုပါကုန်အံ့ဟု ပြောဆိုကုန်၏။

မြတ်စွာဘုရားသခင်သည် ထိုမာရ်နတ်မင်းသမီးတို့၏ ပြောဆိုသော စကားကို နှလုံးသွင်းခြင်းပြုတော်မမူ။ မျက်စိတို့ကို ဖွင့်၍မျှသော်လည်း ကြည့်တော်မမူ။

တဖန် မာရ်နတ်မင်း၏သမီးတို့သည် အမြတ်အယုတ် ဖြစ်ကုန်သော ယောကျ်ားတို့၏အလိုတို့သည် "အချို့သောယောကျ်ားသည် သတို့သမီးငယ်တို့၌ချစ်ခင်နှစ်သက်ခြင်း ဖြစ်ပေသည်။အချို့သောယောကျ်ားတို့သည် ပဌမအရွယ်၌ တည်ရှိသောမိန်းမတို့၌ ချစ်ခင်နှစ်သက်ခြင်း ဖြစ်ပေသည်။ အချို့သောယောကျ်ားသည် မဇ္ဈိမအရွယ်၌တည်သော မိန်းမတို့၌ ချစ်ခင်

နှစ်သက်ခြင်း ဖြစ်ငှပေသည်။ အချို့ယောက်ျားတို့သည် ပဉ္စမအရွယ်၌ တည်သော မိန်းမတို့၌ ချစ်ခင်နှစ်သက်ခြင်း ဖြစ်ပေသည်။ အသုံးသုံး အပြားပြား များစွာရှိကုန်သော အခြင်းအရာတို့ဖြင့် ပြလျက်၊ ထိုသို့သတ် မင်းသားကို ဖြားယောင်းကုန်အံ့”ဟု တိုင်ပင်၍၊ တယောက်တယောက် သော သတို့သမီးငယ်အဆင့်းကို တနေ့ချင်းအဘို့ဖြင့် တရာတရာသော ကိုယ်၏အဖြစ်တို့ကို ဖန်ဆင်း၍၊ သတို့သမီးငယ်၏အရွယ်, သားမဖွါး သေးသော မိန်းမငယ်၏အရွယ်, တကြိမ်သားဖွါးသော မိန်းမ၏အရွယ်, အလတ်ဖြစ်သော မိန်းမ၏အရွယ်, မိန်းမကြီး၏ အရွယ်တို့ကိုပြ၍၊ ခုနစ် ကြိမ်တိုင်တိုင် မြတ်စွာဘုရား သခင်သို့ ချဉ်းကပ်ပြီးလျှင်။ ရှင်ဂေါတမ၊ ငါတို့သည် အသင်၏ခြေရင်း၌ အလုပ်အကျွေး ဖြစ်ပါကုန်အံ့ဟု ပြောဆို ကုန်၏။

ထိုသို့ပြောဆိုသော စကားကိုသည်း မြတ်စွာဘုရား နှလုံးသွင်းခြင်း ပြုတော်မမူ"အနုတ္တရ ဥပဓိသင်္ခါရဖြစ်သော နိဗ္ဗာန်ချမ်းသာကိုသာ နှလုံး သွင်းတော်မူ၏။

မာရ်နတ်မင်းသမီးတို့အား ဟောတော်မူသောဂါထာ။

မြတ်စွာဘုရားသခင်သည် ဤသို့ပြုသော်လည်း ' ထိုနတ်သမီးတို့သည် တဖန် လာကြကုန်ပြန်သည် သာလျှင်တည်း။ထိုအခါ မြတ်စွာဘုရားက အသင်တို့သည် အဘယ်သို့သောအကြောင်းကိုမြင်၍၊ ဤသို့လုံ့လပြုကုန် ဘိသနည်း။ကင်းသော ရာဂရှိကုန်သော ပုဂ္ဂိုလ်တို့၏ရှေ့မှ ဤသို့သဘော ရှိသည်မည်သောအမှုကို ပြုခြင်းငှါမလျောက်ပတ်။လာခြင်းကောင်းသော ငါဘုရားအား ရာဂစသည်တို့ကို ပယ်အပ်ကုန်ပြီ။ ထိုရာဂကင်းသော ဘုရားရှင်ကိုအသင်တို့သည် အဘယ်သို့သောအကြောင်းဖြင့် မိမိအလိုသို့ လိုက်ပါအောင် ဆောင်နိုင်ကုန်လတ္တံ့နည်းဟု မိန့်တော်မူပြီး၍-

ယဿ ဇိတံနာဝ ဇီယတိ၊
ဇိတ မဿ နော ယာတိ ကောစိ လောကေ။
တံ ဗုဒ္ဓ မနန္တဂေါစရံ၊
အပဒံ ကေန ပဒေန နေဿထ။ ။

**ယာသသ ဇာလိနီ ဝိသတ္တိကာ၊**
**တဏှာ နတ္ထိ ကုဟိဉ္စိ နေတဝေ။**
**တံ ဗုဒ္ဓ မနန္တဂေါစရံ၊**
**အပဒံ ကေန ပဒေန နေဿထ။**

ဟူသော ဤနှစ်ဂါထာတို့ကို ရွတ်တော်မူ၏။

**အနက်ကား။** ။ယဿ-သမ္မာသမ္ဗုဒ္ဓဿ၊ အကြင် မြတ်စွာဘုရား အား။ဇိတံ၊ အောင်အပ်ပြီးသော ကိလေသာကို။ နာဝဇီယတိ၊ တဖန် ထပ်၍မအောင်အပ်။ လောကေ၊လောက၌။ အဿ၊ထိုမြတ်စွာဘုရားအား။ ဇိတံ၊အောင်အပ်ပြီးသော ကိလေသာသည်။ ကောစိ၊တစုံတခုမျှ။နော-ယာတိ၊အစဉ်မလိုက်။ အနန္တဂေါစရံ၊သဗ္ဗညုတ ဉာဏ်အစွမ်းဖြင့် အဆုံး မရှိသော၊ကျက်စားရာ အာရုံရှိထသော။အပဒံ၊ ရာဂစသောအကြောင်း မရှိထသော။ တံဗုဒ္ဓံ၊ ထိုဘုရားရှင်ကို။ ကေနပဒေန၊ အဘယ်သို့သော အကြောင်းဖြင့်။တုမှေ၊သင်တို့သည်။ နေဿထ၊ဆောင်ကုန်အံ့နည်း။

ယဿ ဗုဒ္ဓဿ၊ အကြင်မြတ်စွာဘုရားအား။ ကုဟိဉ္စိ၊တစုံတခုသော လောကကို။နေတဝေ၊ ဆောင်ခြင်းငှါ။ဇာလိနီ၊ ရစ်ပတ်ခြေးယှက် ကွန်-ယက်နှင့်တူစွာထသော။ဝိသတ္တိကာ၊လျှင်သော၊အဆိပ် သဘောရှိထသော။ တဏှာ၊တဏှာသည်။ နတ္ထိ၊မရှိ။အနန္တဂေါစရံ၊ သဗ္ဗညုတဉာဏ်အစွမ်း ဖြင့် အဆုံးမရှိသောကျက်စားရာ အာရုံရှိထသော။အပဒံ၊ ရာဂစသော အကြောင်းမရှိထသော။ တံဗုဒ္ဓံ၊ထိုဘုရားရှင်ကို။ ကေနပဒေန၊အဘယ်သို့ သော အကြောင်းဖြင့်။ တုမှေ၊ သင်တို့သည်။ နေဿထ၊ ဆောင်ကုန် အံ့နည်း။ ။ဤကားအနက်။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော နတ်တို့သည်အကျွတ်တရား ကိုရခြင်း ဖြစ်လေကုန်၏။မာရ်နတ်မင်း၏ သမီးတို့သည်လည်း ထိုအရပ် ၌ပင်လျှင် ကွယ်ပျောက်ကုန်၏။

**မာဂဏ္ဍီပုဏ္ဏားကြီး ခင်ပွန်းလင်မယား အနာဂါမ်တည်ခြင်း။**

မြတ်စွာဘုရားသခင်သည် ဤသို့သောဓမ္မဒေသနာကို ဆောင်တော်မူ၍၊ မာဂဏ္ဍီပုဏ္ဏားကြီး၊ ငါဘုရားသည် ရှေးအခါ၌ ဤသုံးယောက်ကုန်သော မာရ်နတ်မင်း၏သမီးတို့ကို တွေ့မြင်ခဲ့ဘူး၏။ ထိုမာရ်နတ်၏သမီးတို့သည်

သာသိပ်စသည်တို့ဖြင့် ဖုစ်ပတ်သွေး ဖွဲ့ခြင်းမရှိဘဲ ရွှေတိုင်နှင့်တူသောခန္ဓာကိုယ်နှင့်ပြည့်စုံကုန်၏၊ ထိုအခါ၌လည်းငါဘုရားအား မေထုန်၌အလိုဆန္ဒသည်မဖြစ်၊ အသင့်သမီး၏ကိုယ်သည် သုံးဆဲ့နှစ်ပါးသော အခြင်းအရာ၏အရေအဝေးဖြစ်၍ အထူးထူးသောရိုးမျိုးတို့ဖြင့် ပြည့်ဝ၏။ အပ၌ ဆန်း-ကြယ်စွာပြုလုပ်၍ထားအပ်သော မစင်အိုးနှင့်တူ၏၊ ဤအသင်၏သမီးသည်လှေကားခုံ၌ အကယ်၍တည်နေသည်ဖြစ်အံ့။ နင်းတက်သောငါ၏ခြေသည် မစင်မကြယ် ရွံ့ရှာဘွယ်လိမ်းကျံခြင်း ဖြစ်ရာ၏၊ ထိုကြောင့် အသင့်သမီး၏ကိုယ်ကို ငါဘုရား၏ခြေဖြင့်သော်လည်း မထိလိုဟု မိန့်တော်မူပြီး၍-

ဒိသွာန တဏှံ အရတိ ဥ္စ ရာဂံ၊
နာ ဟောသိ ဆန္ဒော မေထုနသ္မိံ။
ကိံမေ ဣဒံ မုတ္တကရီသပုဏ္ဏံ၊
ပါဒါပိ နံ သမ္ဖုသိတုံ န ဣစ္ဆေ။ ။

ဟူသောဤဂါထာကို မိန့်တော်မူ၏၊

ဒေသနာတော်၏အဆုံး၌ နှစ်ယောက်ကုန်သော မာဂဏ္ဍီပုဏ္ဏားကြီးခင်ပွန်းလင်မယားတို့သည် အနာဂါမိဖိုလ်၌ တည်လေကုန်၏။

**အနက်ကား**။ ။မာဂဏ္ဍိယ၊ မာဂဏ္ဍီပုဏ္ဏားကြီး၊ တဏှဥ္စ၊ တဏှာမည်သောနတ်သွီးကိုရင်း။ အရတိဥ္စ၊ အရတိမည်သော နတ်သွီးကိုရင်း။ ရာဂဥ္စ၊ ရာဂါအမည်ရှိသော နတ်သွီးကိုရင်း။ ဒိသွာန၊ မြင်ရ၍ ဝါ၊ မြင်ရသည်ရှိသော် ဝါ၊ မြင်ရသောကြောင့်လည်း။ မေ၊ ငါဘုရားအား။ မေထုနသ္မိံ၊ မေထုန်အကျင့်၌။ ဆန္ဒော၊ အလိုရှိသည်။ နအဟောသိ၊ မဖြစ်ဘူးလေ။ မုတ္တကရီသပုဏ္ဏံ၊ ကျင်ကြီးကျင်ငယ်ဖြင့်ပြည့်သော။ ဣဒံ၊ ဤသင်၏သမီးကို။ ဒိသွာန၊ ၍၊ မေ၊ ငါဘုရားအား။ မေထုနသ္မိံ၌။ ဆန္ဒော၊ အလိုသည်။ ကိံ အဟောသိ၊ အသို့ဖြစ်အံ့နည်း။ နံ၊ ထိုအသင်၏သမီးကို။ ပါဒါပိ၊ ခြေမျှဖြင့်လည်း။ သမ္ဖုသိတုံ၊ တွေ့ထိခြင်းငှါ၊ နဣစ္ဆေ၊ အလိုမရှိ။ ။ဤကားအနက်။

မွေ့ပဒဗုဒ္ဓဝဂ်၌ ရှေးဦးစွာသော မာဂဏ္ဍိယပုဏ္ဏားကြီး၏
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

---

## ၁၄-ဗုန္ဓဝဂ်။ ၂-နတ်ပြည်မှ ဆင်းသက်တော်မူသော ဝတ္ထု။

ယော ဈာနပ္ပသုတာ။ ။အစဖြာသော၊ ဒေသနာမုခပါဌ်၊ ဤသို့သော ဂါထာပါဌ်ကို။ ဇေတုနတ်တို့ထွန်းထုံး၊ မြတ်စွာဘုရားသည်၊ ရှေးဖျား ဘုန်း-ခေါင်၊နောင်တော်တို့လမ်း၊ မြေတာဆုံးတမ်းဖြင့်၊ ဖြောင့်မှန်းမတွန့်၊ညီစွာကွန့်၍၊မစွန့်ရာဒေသ၊ အဝိဇ္ဇာဟိတဋ္ဌာနဖြစ်သော၊ သင်္ကဿ မြို့တံခါး၌၊ များစွာနတ်လူ၊ ဝေနေသူတို့ကို၊ ကြည်ရှုမှတ်သား၊ အကြောင်းပြုသော အဘေးဖြင့် ဟောကြားတော်မူခဲ့ ပေသတည်း။ ။ဧ သနာတော်သည်ကား ရာဇဂြိုဟ်ပြည်၌ ဖြစ်၏။

### အကြောင်း အကျဉ်းပြုအံ့အစဉ်ကား ဤသို့ပေတည်း။

### ပစ္စုပ္ပန်ဝတ္ထု။

တပါးသောအခါဝယ် ရာဇဂြိုဟ်ပြည်၌နေလေ့ရှိသော သူဌေးကြီးသည် ဘေးအန္တရာယ် ငြိတွယ်ခြင်းမှ လွတ်ကင်း စေခြင်းငှါလည်းကောင်း၊ မေ့သျော့သဖြင့် ပျောက်ကျကုန်သော အဝတ်တန်းဆာစသည်တို့ကို စောင့်ရှောက်ခြင်းအကျိုး ငှါလည်း ပိုက်ကွန်တည်းဟူသော ပခြုပ်အကာအရံကို ဝန်းရံစေ၍၊ဂင်္ဂါမြစ်၌ ရေကစားခြင်းကို ကစားမြူးထူး၏။ထိုအခါ! တခုသော စန္ဒကူးနီ သစ်ပင်သည် ဂင်္ဂါမြစ်၏ အထက်ကမ်းထိပ်၌ ပေါက်ရောက်၏။ ဂင်္ဂါမြစ်ရေဖြင့် တိုက်ချဲ့ဆေးကြောအပ်သော အမြစ်ရှိသည်ဖြစ်၍ လည်းကျပြီးသော်၊ ထိုထိုသောအရပ်၌ တည်ရှိသောကျောက်တို့၌ တိုက်ခိုက်တိုး၀ှေ့၍၊ကျိုးပွဲပျက်စီးလျက် ဖရိုဖရဲကျဲလေ၏။ ထိုနောက်မှ တခုသော သောက်ရေအိုးပမာဏရှိသော စန္ဒကူးအသားတုံးသည် ကျောက်တို့ဖြင့် ပွတ်လျက်၊ ရေလှိုင်းတံပိုးအဟုန်ဖြင့် တုန်လှုပ်ပေါ်မျောသည် ဖြစ်၍ မှော်သေးမှော်ဖတ်တို့ဖြင့် ငြိကပ်မြေးယှက် အစဉ်အားဖြင့် မျောသာခဲ့ပြီးသော်၊သူဌေး၏ပိုက်ကွန်၌ ငြိလေ၏။သူဌေးသည် ဤဝတ္ထုကားအဘယ်နည်းဟု ပြော၍၊ သစ်သားအိုးတည်း ဟု ကြားသိလျှင်၊ ထိုဝတ္ထုကို ဆောင်ယူစေပြီးသော်၊ဤသစ်သားသည် အဘယ်မည်သော သစ်သားပေနည်းဟု စုံစမ်းခြင်းအကျိုးငှါ ပဲခွပ်ဖြင့်ခွဲစေ၏ ထိုခဏ၌သာလျှင် နှစ်သက်ဘွယ်သော အဆင်းရှိသော စန္ဒကူးနီသည် ထင်လျှား၏။ သူဌေးသည် သမ္မာဒိဋ္ဌိလည်းမဟုတ်။ မိစ္ဆာဒိဋ္ဌိလည်းမဟုတ်၊ အလယ်အလတ်ဖြစ်သော လျစ်လျူရှုခြင်း နှလုံးရှိ၏။

## ခန္ဒကူးသပိတ်နှင့် တိတ္ထိဆရာကြီးများ။

ထိုသူဌေးသည် ငါ၏အိမ်၌ စန္ဒကူးနီသည် များစွာပေါ်ရှိ၏။ ဤဝတ္ထုဖြင့် အဘယ်ကို ပြုရအံ့နည်းဟု ကြံ၏။ ထိုနောက် သူဌေးအား အကြံဖြစ်ပြန်သည်မှာ "ဤလောက၌ ငါတို့သည် ရဟန္တာ တို့တည်း။ ငါတို့သည် ရဟန္တာတို့တည်း"ဟု ပြောဆို ဝံ့ကုန်သော သူတို့သည် များကုန်၏။ ငါသည် တပါးသောရဟန္တာကိုလည်း မမြင်ဘူး၊အိမ်၌ပွတ်ကို ယှဉ်တိုက်စေ၍ သပိတ်ကို ရေးခြစ် ပြုလုပ်စေပြီးလျှင် ဆိုင်း၌ထား၍ ဝါးအဆင့်ဆင့်ဆက်သဖြင့် အတောင်ခြောက်ဆယ်မျှလောက်သော ကောင်းကင်၌ တွဲလွဲဆွဲစေပြီးလျှင် ရဟန္တာသည် အကယ်၍ ရှိသည်ဖြစ်အံ့၊ ဤသပိတ်ကို ကောင်းကင်ဖြင့် ကြွလာ၍ ယူတော်မူစေကုန်သတည်းဟု ဆိုအံ့၊အကြင်ပုဂ္ဂိုလ်သည် ထိုသပိတ်ကို ယူနိုင်လတ္တံ့။ ထိုထိုပုဂ္ဂိုလ်အား သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်ခြင်းသို့ ရောက်တော့အံ့ဟု ကြံ၏၊ ကြံအပ်ပြီးသော အမှတ်ဖြင့်သာလျှင် သပိတ်ကို ပွတ်တိုက် ရေးခြစ်ပြီးသော်၊ ဝါးအဆင့်ဆင့် ဆက်သဖြင့်၊ဖိုက်ထောင် စေပြီးမှ အကြင် ပုဂ္ဂိုလ်သည် ဤလောက၌ ရဟန္တာစင်စစ် အမှန်ဖြစ်ပေ၏။ ထိုပုဂ္ဂိုလ်သည် ကောင်းကင်ဖြင့် ကြွလာတော်မူ၍ ဤသပိတ်ကို ယူစေသတည်းဟု ဆို၏။

ခြောက်ယောက်ကုန်သော တိတ္ထိဆရာကြီးတို့သည် ငါတို့အားသာလျှင် လျောက်ပတ်၏၊ ငါတို့အားသာလျှင် ထိုသပိတ်ကိုပေးပါလော့ဟု ပြောဆိုကုန်၏။ သူဌေးကလည်း ကောင်းကင်ဖြင့် ကြွလာ၍ ယူတော်မူကုန်လော့ဟု လျှောက်၏။ ထိုနောက် ခြောက်ရက်မြောက်သောနေ့၌ နိဂဏ္ဌနာဋပုတ္တသည် အတွင်းနေ တပည့်တို့ကို "အသင်တို့ သွားကြကုန်လော့၊ သူဌေးကို ဤသို့ပြောဆိုကြကုန်လော့။ ငါတို့၏ဆရာအား လျောက်ပတ်၏။ အနည်းငယ်မျှသော ဝတ္ထု၏အကြောင်းကြောင့်သာလျှင်၊ ကောင်းကင်ဖြင့် ကြွလာစေခြင်းကို မပြုပါလင့်၊ ထိုသပိတ်ကို ငါတို့အား ပေးပါလော"ဟူ၍ ပြောဆိုကြကုန်လော့ ဟု စေလွှတ်၏။

ထိုတပည့်တို့သည် အိမ်သို့သွားရောက်၍ သူဌေးကို ဆရာမှာထားသောအတိုင်း ပြောဆိုလေ၏။ သူဌေးသည် "ကောင်းကင်ဖြင့် ကြွလာ၍ ယူခြင်းငှါ စွမ်းနိုင်သော်သာလျှင် ယူစေသတည်း"ဟု ပြော၏။ နာဋပုတ္တ

ဆရာသည် မိမိကိုယ်တိုင် သွားလိုသောအခါ အခက္ကင်းနေ တပည့်တို့အား "ငါသည် တဘက်သောလက်, တဘက်သောခြေကို မြှောက်ချီ၍ ပျံတက်လိုဘိသကဲ့သို့ ဖြစ်အံ့၊ အသင်တို့က ငါ့ကို "ဆရာ အသို့ ပြုကုန်သနည်း။ သစ်ဖြင့်ပြီးသောသပိတ်၏အကြောင်းကြောင့်၊ ဖုံးလွှမ်းအပ်သော အဒုဟတ္တ ဂုဏ်ကို လူများအပေါင်းအား မပြပါလင့်" ဟု ပြောဆို၍၊ လက်တို့ကိုရင်း, ခြေတို့ကိုရင်း, ကိုင်ဆွဲငင်လျက် မြေကြီး၌ ကျစေကြကုန်လော့ဟု အမှတ်သညာကို ပေး၏။

ယင်းသို့ အမှတ်သညာကိုပေး၍ ပြောဆိုမှာထားပြီးမှ၊ ထိုနာဋပုတ္တ ဆရာသည် အိမ်သို့သွားရောက်၍ သူဌေးကို "သူဌေးကြီး၊ ဤသပိတ်သည် ငါ့အား လျောက်ပတ်၏၊ တပါးသော သူတို့အား မလျောက်ပတ်။ အနည်းငယ်မျှသော ဝတ္ထု၏အကြောင်းကြောင့်သာလျှင် ကောင်းကင်၌ ပျံတက်ခြင်းကို မှူစ်သက်ပါလင့်၊ ငါ့အား သပိတ်ကိုပေးဘိလော့" ဟု ပြော၏။ "အရှင်ဘုရားတို့၊ ကောင်းကင်ဖြင့် ပျံတက်၍သာလျှင် ယူတော်မူကုန်လော့" ဟု ပြောသည်ရှိသော်၊ ထိုနောက်မှ နာဋပုတ္တဆရာက "ထိုသို့-တပြီးကား ဖဲကြကုန်လော့၊ ဖဲကြကုန်လော့" ဟု တပည့်တို့ကို ဖယ်ရှားစေပြီးလျှင် ကောင်းကင်သို့ ပျံတက်အံ့ဟု တဘက်သော လက်ကိုရင်း, တဘက်သော ခြေကိုရင်း, မြှောက်ပင့်၏။

ထိုအခါ နာဋပုတ္တဆရာကို တပည့်တို့က "ဆရာ၊ အဘယ်မည်သော အမှုကိုပြုလုပ်ကုန်လတ္တံ့နည်း၊ ညစ်ငြမ်းယုတ်မာသော သူယုတ်၏ သစ်ဖြင့်ပြီးသော သပိတ်၏ အကြောင်းကြောင့် ဖုံးလွှမ်းအပ်သော ဂုဏ်တို့ကို လူများအပေါင်းအား ပြသဖြင့် အဘယ်အကျိုးရှိအံ့နည်း" ဟု ပြောဆို၍ နာဋပုတ္တဆရာကို လက်ခြေတို့၌ ဆွဲယူကိုင်ငင်ပြီးသော်၊ မြေကြီး၌ ကျစေကုန်၏။

ထိုနာဋပုတ္တဆရာက သူဌေးကို "ဒါယကာ သူဌေးကြီး၊ ဤတပည့်တို့သည်ပျံတက်ခြင်းငှါအခွင့်ကို မပေးကုန် သို့ဖြစ်၍ ဤသပိတ်ကို ငါ့အား ပေးလှူဘိလော့" ဟု ပြောဆိုသည် ရှိသော်၊ အရှင်ဘုရားတို့၊ ပျံတက်၍ ယူတော်မူပါကုန်လော့" ဟု လျှောက်၏။

ဤသို့သောနည်းဖြင့် တိတ္ထိတို့သည် ခြောက်ရက်တို့ပတ်သိုး လုံ့လကို ပြုကုန်သော်လည်း ထိုသပိတ်ကို မရကုန်သည်သာလျှင်တည်း။

## ပိဏ္ဍောလဘာရဒွါဇမထေရ်။

ခုနစ်ရက်မြောက် ကျရောက်သောနေ့၌ အရှင်မောဂ္ဂလာန် မထေရ်အားရင်း, အရှင် ပိဏ္ဍောလဘာရဒွါဇ မထေရ် အားရင်း, ရာဇဂြိုဟ်မြို့တွင်း၌ ဆွမ်းခံခြင်းငှါ လှည့်လည်ကုန်အံ့ဟု ကြွတော်မူ၍ တခုသော ကျောက်ဖျာထက်၌ ရပ်တည်လျက် သင်္ကန်းကို ရုံတော်မူသောအခါ သေသောက်ကြူး တို့သည် အို-အချင်းတို့၊ ရှေးအခါ၌ ခြောက်ယောက်ကုန်သော ဆရာကြီးတို့သည် "လောက၌ ငါတို့သည် ရဟန္တာတို့ ဖြစ်ကုန်၏" ဟု လှည့်လည်ကုန်၏။

ရာဇဂြိုဟ်ပြည် သူဌေးကြီး၏ အိမ်ဝ၌ သပိတ်ကို စိုက်ထူ၍ တင်ထားအပ်သည်ကား ယနေ့ ခုနစ်ရက်ရှိပြီ၊ "ရဟန္တာအကယ်၍ ရှိအံ့၊ ကောင်း-ကင်ဖြင့် ကြွလာ၍ ယူတော်မူပါစေသတည်း" ဟု ပြောဆိုသော်လည်း တယောက်သော သူသည် "ငါသည် ရဟန္တာဘည်း" ဟု ကောင်းကင်၌ တက်ကြွယူနိုင်သော သူသည် မရှိ၊ ယခုလောက၌ ရဟန္တာတို့၏ မရှိသည့် အဖြစ်ကို သိရပေတော့သည် ဟူသော စကားကို ဖြစ်စေကြကုန်၏။

ထိုစကားကို ကြား၍ အရှင် မဟာမောဂ္ဂလာန်သည် အရှင်ပိဏ္ဍောလဘာရဒွါဇကို "ငါ့ရှင် ဘာရဒွါဇ၊ ဤသေသောက်ကြူးတို့သည် မြတ်စွာ-ဘုရားသခင်၏ သာသနာတော်ကို သိမ်းကျုံးဘိသကဲ့သို့ ထိပါးပုတ်ခတ် ပြောဆိုကြသည်ကို အသင့်အား ကြားအပ်သည် မဟုတ် တုံလော။ အသင်သည်လည်း ကြီးသော တန်းခိုးရှိ၏၊ ကြီးသော အာနုဘော် ရှိ၏၊ သွားတဲ့ချေသော့။ ထိုသပိတ်ကို ကောင်းကင်ဖြင့် သွား၍ ယူချေလော့ ဟု မိန့်ဆို၏။

## သုံးဂါဝုတ်ရှိသော ကျောက်ဖျာကြီး။

ငါ့ရှင်မဟာမောဂ္ဂလာန်၊ အသင်သည် တန်းခိုးကြီးကုန်သော သူတို့ထက် လွန်ကဲ ထူးမြတ်သော ပုဂ္ဂိုလ် ဖြစ်ပေ၏၊ အသင်သည် ထိုသပိတ်ကို ယူလေလော့၊ အသင် မယူသည်ရှိသော်ကား ငါသည် ယူပေအံ့ဟု ပြော၏။ ငါ့ရှင် ယူလေလော့ဟု ဆိုသည်ရှိသော်၊ အရှင် ပိဏ္ဍောလဘာရဒွါဇသည် အဘိညာဉ်၏ အခြေဖြစ်သော စတုတ္ထဈာန်ကို ဝင်စား၍၊ ခြေမဖြင့် သုံးဂါဝုတ်ရှိသော ကျောက်ဖျာကြီးကို ခြေကြားဖြင့်ညှပ်ယူလျှင်းရိုးလျက်၊

လဲဝါ၀ွမ်းကဲ့သို့ ကောင်းကင်၌တည်စေပြီးသော်၊ ရာဇဂြိုဟ်မြို့၏ အထက်၌ ခုနစ်ကြိမ်တိုင်တိုင် လှည့်လည်၏။

ထိုကျောက်ဖျာကြီးသည် သုံးဂါဝုတ် ပမာဏရှိသော မြို့ကြီးအား ပိတ်အုံသကဲ့သို့ ထင်၏၊ မြို့သူမြို့သား အပေါင်းတို့သည် "ကျောက်ဖျာကြီးသည် ငါတို့အား ဖွမ်းမိုး ဘိညှပ်သတ် ယူတော့မည်" ဟု ကြောက်လန့်ကုန်သည်ဖြစ်သောကြောင့်၊ ဇန်းစသည်တို့ကို ဦးထိပ်ထက်၌ တင်ဆောင်၍ ပုန်းအောင်းကြကုန်၏၊ ခုနစ်ကြိမ်မြောက်၌ မထေရ်သည် ကျောက်ဖျာကြီးကို ခွဲ၍ မိမိကိုယ်ကို ပြတော်မူ၏။ လူများအပေါင်းသည် မထေရ်ကို မြင်၍ အရှင်ပိဏ္ဍောလဘာရဒွါဇ၊ အရှင်ဘုရား၏ ကျောက်ဖျာကြီးကို မြဲမြံစွာ ပြု၍ ဆောင်ယူတော်မူပါလော့။ အလုံးစုံလည်းဖြစ်သော တပည့်တော်တို့အား မဖျက်ဆီးပါလင့် ဟု ဟစ်အော် တောင်းပန် ကုန်၏။ မထေရ်သည် ကျောက်ဖျာကြီးကို ခြေဖျားဖြင့် တွန်းချ စွန့်လွှတ်လိုက်၏၊ ထိုကျောက်ဖျာကြီးသည် ကျသွား၍ တည်မြဲတိုင်းသော နေရာ၌သာ တည်လေ၏။

## သူဌေးကြီးသည် အရှင်ပိဏ္ဍောလအား လှူဒါန်းခြင်း။

မထေရ်သည် သူဌေး၏အိမ်အထက်၌ ရပ်တည်တော်မူ၏၊ မထေရ်ကို မြင်၍ သူဌေးသည် ရင်ဖြင့် ဝပ်ပြီးသော် အရှင်၊ သက်တော်မူပါလော့ဟု လျှောက်ကြား တောင်းပန်လျက်၊ ကောင်းကင်မှ သက်ဆင်းတော် မူလာသော မထေရ်ကိုထိုင်နေစေပြီးလျှင် သပိတ်ကိုချစေ၍ စတုမဓုရဖြင့် ပြည့်သည်ကို ပြုပြီးလျှင်၊ မထေရ်အား သပိတ်ကို ပေးလှူ၏။ မထေရ်သည် သပိတ်ကိုခံယူ၍ ကျောင်းတော်သို့ ရှေးရှုကြွသွားတော်မူ၏။ ထိုအခါ အကြင်သူတို့သည် တောသို့ သွားကုန်သည် ဖြစ်၍ငင်း, ဆိတ်ငြိမ်ရာသို့ သွားသည်ဖြစ်၍ငင်း, ထိုမထေရ်၏ တန်းခိုးပြာဋိဟာကို မဖူးမြင်လိုက်ကြရကုန်၊ ထိုသူတို့သည် ရုံးစည်းဝေး၍ ငါတို့အားလည်း တန်းခိုးပြာဋိဟာကို ပြတော်မူပါဦးလော့ ဟု တောင်းပန်၍၊ မထေရ်သို့ အစဉ်လိုက်ကြကုန်၏။

မထေရ်သည် ထိုထိုသော လူတို့အား တန်းခိုး ပြာဋိဟာကို ပြ၍သာလျှင် ကျောင်းတော်သို့ ကြွတော်မူ၏။ မြတ်စွာဘုရား သခင်သည်

အစဉ်လိုက်၍ ဟစ်အော်၍ ကြွေးကြော်ကုန်သဖြင့် ပွဲတင်တင်သော လူများ အပေါင်း၏ အသံကို ကြားတော်မူ၍။ချစ်သား အာနန္ဒာ၊ ဤအသံသည် အဘယ်သူ၏ အသံနည်း ဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ငွေပြသတာရဲ့ရွှေ ပုဏ္ဏား မထေရ်သည် ကောင်းကင် ခရီးဖြင့် တက်ကြွ၍ စန္ဒကူးသပိတ်ကို ယူအပ်၏၊ ထိုမထေရ်၏အထံ၌ ဤသို့သော အသံဖြစ်ပါသည်ဟု လျှောက်ထားသဖြင့် ကြားသိတော် မူရသောအခါ၊ဘာရဒွါဇ မထေရ်ကို ခေါ်တော်မူပြီးလျှင် အသင်သည် ဤသို့ ပြုလုပ်သော ဟူသည် ဟုတ်မှန်ပေသလော ဟု မေးတော်မူ၍ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန်ပါသည် ဟု လျှောက်သည်ရှိသော် ချစ်သား ဘာရဒွါဇ၊ အသင်သည် အဘယ်ကြောင့် ဤသို့ ပြုဘိသနည်း ဟု မထေရ်အား ကဲ့ရဲ့တော်မူ၍ ထိုသပိတ်ကို အပိုင်းအပိုင်းခွဲဖျက်စေပြီးလျှင် ရဟန်းတို့အား မျက်စဉ်းမှုန့် ကြိတ်ခြင်းအကျိုးငှါ ပေးလှူစေ၍ သိက္ခာပုဒ်ကို ပညတ်တော်မူပေ၏။

## တိတ္ထိတို့သည် တန်းခိုးပြိုင်ရန် အားထုတ်ကြခြင်း။

တိတ္ထိတို့သည် ရဟန်း ဂေါတမသည် ထိုသပိတ်ကို ခွဲဖျက်စေပြီးလျှင် တန်းခိုးပြာဋိဟာကို မပြုစေခြင်းအကျိုးငှါ သိက္ခာပုဒ်ကို ပညတ်တော်မူသတဲ့ဟု ကြား၍ ရဟန်းဂေါတမ၏ တပည့် သာဝကတို့သည် ပညတ်အပ်သော သိက္ခာပုဒ်ကို အသက် ဟူသော အကြောင်းကြောင့်လည်း မလွန်ကျူးကုန်၊ ရဟန်း ဂေါတမသည်လည်း မိမိ ပညတ်အပ်သော ထိုသိက္ခာပုဒ်ကို စောင့်ရှောက်လတ္တံ့ သည်သာလျှင်တည်း။ ဤယခုအခါ၌ ငါတို့သည် အခွင့်ကို ရပေပြီဟု ကြံ၍ ထိုတိတ္ထိတို့သည် မြို့၏ခရီးမတို့၌ ပြောကြားလျက် လှည့်လည်ကုန်၏။

ငါတို့သည် မိမိဂုဏ်ကို စောင့်ရှောက်ကုန်လျက် ရှေး၌သစ်သားဖြင့် ပြီးသော သပိတ်၏ အကြောင်းကြောင့် မိမိဂုဏ်ကို လူများအပေါင်းအား မပြကုန်။ ရဟန်းဂေါတမ၏ တပည့် သာဝကတို့သည် သပိတ်ဟူသော အကြောင်းကြောင့် မိမိဂုဏ်ကို လူအပေါင်းအား ပြကြကုန်ပြီ။ ရဟန်း ဂေါတမသည်ကား မိမိ၏ပညာနှင့်သည့် အဖြစ်ကြောင့် သပိတ်ကို ခွဲဖျက် စေ၍ သိက္ခာပုဒ် ပညတ်လေသည်။ဤယခုအခါ၌ ငါတို့သည် ထိုအရှင်

ဂေါတမနှင့် အတူတကွ တန်ခိုးပြာဋိဟာ ပြိုင်ဆိုင်၍ ပြုခြင်းကို ပြုပါ ကုန်အံ့ ဟု ပြောဆိုကြကုန်၏။

## ဗိမ္ဗိသာရမင်းကြီး။

ဗိမ္ဗိသာရ မင်းကြီးသည် ထိုစကားကို ကြား၍ မြတ်စွာဘုရား အထံတော်သို့ သွားပြီးလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊အရှင်ဘုရားတို့သည် ,တန်ခိုး ပြာဋိဟာကို မပြုရခြင်း အကျိုးငှါ တပည့်သာဝကတို့အား သိက္ခာပုဒ်ပညတ်သောမှုသည် ဟုတ်မှန်ပါသလော ဟု မေးလျှောက်သဖြင့် "တကာတော် မင်းကြီး၊ ဩဝ်-ဟုတ်ပေ၏" ဟု မိန့်တော်မူ၏။ဤသရအခါ၌ တိတ္ထိတို့သည် အရှင်ဘုရားတို့နှင့် အတူတကွ တန်းခိုးပြာဋိဟာကို ပြိုင်ဆိုင်ပြုသခြင်းကို ပြုလိုကုန်သည် ဟု ပြောဆိုကြ ကုန်၏။ယခု အဘယ်ကဲ့သို့ ပြုလုပ်ပါကုန်အံ့နည်းဟု လျှောက်၏။

တကာတော် မင်းကြီး၊ ထိုထိုတိတ္ထိတို့သည် တန်းခိုးပြာဋိဟာ ပြုခြင်းကို ပြုကုန်သည်ရှိသော် ငါဘုရားသည်လည်း တန်းခိုးပြာဋိဟာကို ပြုခြင်းကို ပြုတော်မူအံ့ဟု မိန့်တော်မူ၏။အရှင်ဘုရားတို့သည် သိက္ခာပုဒ်ကို ပညတ်တော်မူသည် မဟုတ်တုံလော" ဟု မေးလျှောက်သဖြင့် တကာတော်-မင်းကြီး၊ငါဘုရားသည် မိမိအား သိက္ခာပုဒ်ပညတ်သည် မဟုတ်၊ငါ-ဘုရား၏တပည့်သား သာဝကတို့အားသာလျှင် ပညတ်တော်မူပေ၏ ဟု မိန့်တော်မူ၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင် ဘုရားတို့ကို ချန်ထား၍ တပါးသော သူတို့၌ သိက္ခာပုဒ် ပညတ်ခြင်းမည်သည် ဖြစ်ပေသလောဟု မေးလျှောက်ပြန်သည်ရှိသော်။ထိုသို့တပြီးကား တကာတော်-မင်းကြီး၊ အသင့်ကိုသာလျှင် ဤအရာ၌ ငါဘုရားမေးအံ့၊ တကာတော်-မင်းကြီး၊အသင်၏တိုင်းပြည်နိုင်ငံ၌ ဥယျာဉ်သည် ရှိသည် မဟုတ်တုံလော ဟု မေးတော်မူသဖြင့်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ရှိပါ၏ဟု လျှောက်၏။တကာတော်မင်းကြီး၊ ထိုဥယျာဉ်၌ လူများအပေါင်းသည် သခွက်သီးစသည်တို့ကို အခုကယ်၍ စားခဲ့သည်ဖြစ်အံ့၊အသို့ပြုအပ်သနည်း ဟု မေးတော်မူလျှင်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဒဏ်-ထိုက်ပါသည် ဟု လျှောက်၏။

တကာတော်မင်းကြီးသည်ကား စားခြင်းငှါရပါသလောဟု မေးတော်မူပြန်သော်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဩဇာ-ရပါ၏၊ တကာတော်အား ဒဏ်မရှိပါ၊ တကာတော်သည် မိမိဥစ္စာကို စားခြင်းငှါ ရပါသည်ဟု လျှောက်၏၊ တကာတော်မင်းကြီး၊ အသင့်အား ယူဇနာ သုံးရာရှိသော တိုင်းနိုင်ငံတော်အတွင်း၌ အာဏာတော်စက်သည် ပြန့်နှံ့၍ ဖြစ်၏။ မိမိ၏ဥယျာဉ်၌ သရက်သီး စသည်တို့ကို စားသော အသင်မင်းကြီး အား ဒဏ်ထိုက်သည် မရှိ၊ တပါးသော သူတို့အားသာ ဒဏ်ထိုက်သည် ရှိဘိသကဲ့သို့၊ ဤအတူ စကြာဠာ ကုဋေတသိန်း၌ ငါဘုရား၏မွေစက် အာဏာသည် ပြန့်နှံ့၍ ဖြစ်၏။ သိက္ခာပုဒ် ပညတ်ခြင်းကြောင့် မိမိအား လွန်ကျူးခြင်း မည်သည် မရှိ။ တပါးသော သူတို့အားကား ရှိပေ၏။ ငါ-ဘုရား ကိုယ်တော်တိုင် တန်ခိုးပြာဋိဟာ ပြုခြင်းကို ပြုတော်မူအံ့ ဟု မိန့်တော်မူ၏။

## တိတ္ထိဆရာကြီးများ စိတ်မကောင်းဖြစ်ကြခြင်း။

တိတ္ထိတို့သည် မြတ်စွာဘုရား မိန့်တော်မူသော ထိုစကားကို တဆင့် ကြား၍၊ ယခုအခါ၌ ငါတို့သည် ပျက်စီးခြင်း ဖြစ်ကုန်ပြီ။ ရဟန်း-ဂေါတမသည် တပည့်သာဝကတို့အားသာလျှင် သိက္ခာပုဒ်ကို ပညတ် အပ်၏၊ မိမိအား မပညတ်အပ်၊ ကိုယ်တိုင်သာလျှင် တန်ခိုး ပြာဋိဟာကို ပြုလိုသတတ်။ အသို့ ပြုကုန်အံ့နည်း ဟု တိုင်ပင်ကုန်၏၊ ဗိမ္ဗိသာရမင်းကြီး သည် မြတ်စွာဘုရား သခင်ကို "ဘုန်းတော် ကြီးတော်မူသော မြတ်စွာ-ဘုရား၊ အဘယ်အခါ၌ တန်ခိုးပြာဋိဟာကို ပြုကုန်လတ္တံ့နည်းဟု မေး-လျှောက်သည်ရှိသော်။ တကာတော်မင်းကြီး၊ ဤအခါမှ လေးလတို့ကို လွန်မြောက်သဖြင့်၊ ဝါဆိုလပြည့်နေ့၌ပြုပေအံ့" ဟု မိန့်တော်မူ၏၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အရပ်၌ ပြုပါကုန်လတ္တံ့နည်း ဟု မေးလျှောက်ပြန်သဖြင့်။ တကာတော် မင်းကြီး၊ သာဝတ္ထိပြည်ကို မှီ၍ ပြုပေအံ့ဟု မိန့်တော်မူ၏။

[ အဘယ်ကြောင့် မြတ်စွာဘုရားသခင်သည် ဤသို့ဝေးသော အရပ်ကို ညွှန်ကြားတော်မူသနည်း ဟူမူကား။ ထိုအရပ်သည် အလုံးစုံသော ဘုရားရှင်တို့၏ တန်ခိုးပြာဋိဟာ ပြုတော်မူသော

နေရာဖြစ်ပေ၏။ ထိုကြောင့် ညွှန်ကြားတော်မူ၏။ တနည်းမှာ။ လူ-အပေါင်းအား ရဂုံးစည်းဝေးစေခြင်း အကျိုးငှါလည်း ဝေးသော အရပ်ကိုသာလျှင် ညွှန်ကြားတော်မူသတည်း။

ထိုကြောင့် ရင်းအဋ္ဌကထာ၌-

ကသ္မာပန သတ္ထာ ဧဝံ ဒူရဋ္ဌာနံ အပဒိသိတိ၊ ယသ္မာ တံ သဗ္ဗဗုဒ္ဓါနံ မဟာပါဋိဟာရိယကရဏဋ္ဌာနံ။ အပိစ မဟာဇနဿ သန္နိပါတနတ္ထာယ ပိ ဒူရဋ္ဌာန မေဝ အပဒိသိတိ။ ။

ဟု မိန့်တော်မူ၏။

ကသ္မာပန၊ အဘယ်ကြောင့်ကား။ သတ္ထာ၊ မြတ်စွာဘုရား သခင်သည်။ ဧဝံ၊ ဤသို့။ ဒူရဋ္ဌာနံ၊ ဝေးသော အရပ်ကို။ အပဒိသိ၊ ညွှန်ကြားတော် မူပါလေသနည်း။ ဣတိ၊ ဤသို့။ စေပုစ္ဆေယျ၊ အကယ်၍မေးခဲ့ငြားအံ့။ ယသ္မာ၊ အကြင်ကြောင့်။ တံဌာနံ၊ ထိုအရပ်သည်။ သဗ္ဗဗုဒ္ဓါနံ၊ အလုံးစုံသောဘုရားရှင်တို့၏။ မဟာပါဋိဟာ-ရိယကရဏဋ္ဌာနံ၊ ကြီးစွာသောပြာဋိဟာကို ပြုတော်မူရာအရပ် ပေတည်း။ တသ္မာ၊ ထိုကြောင့်။ အပဒိသိ၊ ညွှန်ကြားတော် မူပေ၏။ အပိစအပရေနယော၊ နည်းတပါးကား။ ယော၊ ငါသည်။ ဝုတ္တော၊ မိန့်ဦးအံ့။ မဟာဇနဿ၊ လူများအပေါင်းအား။ သန္နိပါတနတ္ထာယပိ၊ စည်းဝေးစေခြင်း အကျိုးငှါလည်း။ ဒူရဋ္ဌာနမေဝ၊ ဝေးသော အရပ်ကိုသာလျှင်။ အပဒိသိ၊ ညွှန်ကြားတော်မူ၏။ ဣတိ၊ ဤသို့။ ဝိသဇ္ဇေတဗ္ဗံ၊ ဖြေကြားအပ်၏။ ။ဤကားအနက်။]

တိတ္ထိတို့သည် ထိုစကားကိုကြား၍၊ "ဤအခါမှ လေးလတို့၏ လွန်-မြောက်သဖြင့် ရဟန်းဂေါတမသည် သာဝတ္ထိပြည်၌ တန်ခိုးပြာဋိဟာကို ပြုလတ္တံ့သတဲ့" ဤယခုအခါ၌ ထိုရဟန်းဂေါတမကို မလွှတ်မူ၍သာလျှင် ငါတို့အစဉ်လိုက်ကုန်အံ့။ လူများအပေါင်းသည် ငါတို့ကိုမြင်၍၊ ဤအမှုကား အဘယ်နည်းဟု မေးလတ္တံ့။ ထိုသို့မေးသောအခါ "ငါတို့သည် ရဟန်း ဂေါတမနှင့်အတူတကွ တန်ခိုးပြာဋိဟာပြုခြင်းကို ပြုကုန်အံ့"ဟု ပြောဆို ကြကုန်၏ ယခုအခါ ထိုရဟန်းဂေါတမသည် ထွက်ပြေး၏။ ထိုကြောင့် ငါတို့သည် ထိုရဟန်းဂေါတမအား ထွက်ပြေးခြင်းကိုမပေးမူ၍ အစဉ်

လိုက်ကုန်သည်ဟု လူများအပေါင်းအား ပြောဆိုကုန်အံ့”ဟူ၍ တိုင်ပင်ကြံစည်ကြကုန်၏။

မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်မြို့၌ ဆွမ်းအလို့ငှါလှည့်လည်၍ ထွက်ကြွတော်မူ၏။ တိတ္ထိတို့သည်လည်း မြတ်စွာဘုရားသခင်၏နောက်မှ သာလျှင်ထွက်၍ ဆွမ်းစားခြင်းကိုသော ပြုသောအရပ်၌နေကုန်၏၊ မြတ်စွာဘုရားသိဘင်း သုံးတော်မူသောအရပ်၌ တဖန်မိုးသောက် ရောက်သော နေ့ဝယ် တိတ္ထိတို့သည် နံနက်စာစားခြင်းကို ပြုကုန်၏။ ထိုတိတ္ထိတို့ကို လူတို့က ဤအမှုကားအဘယ်နည်းဟု မေးကုန်သည်ရှိသော်၊ အောက်၌ ကြံစည်အပ်သောအမှတ်ဖြင့်သာလျှင် ပြောကြားကုန်၏။ လူများအပေါင်းသည်လည်း တန်ခိုးပြာဋိဟာကို ကြည့်ရှုကုန်အံ့ ဟု အစဉ်လိုက်၏။ မြတ်စွာဘုရားသခင်သည် အစဉ်အတိုင်းအားဖြင့်သွား၍ သာဝတ္ထိပြည်သို့ ရောက်၏။

**တိတ္ထိဆရာကြီးများ၏ မဏ္ဍပ်။**

တိတ္ထိတို့သည်လည်း မြတ်စွာဘုရားသခင်နှင့် အတူတကွ သွား၍၊ အလုပ်အကျွေးဖြစ်သော ဒါယကာတို့ကို ဆောက်တည်လျှုဒါန်းစေပြီးသော်၊ တသိန်းသော အသပြာကိုရ၍၊ ရှားသစ်သည်တိုင်တို့ဖြင့် မဏ္ဍပ်တို့ကို ပြုစေပြီးလျှင် ကြာပန်းတို့ဖြင့် ဖုံးလွှမ်းစေ၍၊ ဤအရပ်၌ တန်ခိုးပြာဋိဟာကို ပြုကုန်အံ့ဟု ထိုင်နေကုန်၏။

ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားသခင်သို့ချဉ်းကပ်၍၊ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တိတ္ထိတို့သည် မဏ္ဍပ်ကိုပြုအပ်၏။ တကာတော်သည် အရှင်ဘုရားတို့၏မဏ္ဍပ်ကို ပြုပါအံ့ဟု လျှောက်၏။ တကာတော်မင်းကြီး၊ ငါဘုရားအား မဏ္ဍပ်ပြုသူကိုသော မရှိဟုမိန့်တော်မူ၏၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တကာတော်ကို ထား၍ အဘယ်မည်သော တပါးသောသူသည် ပြုခြင်းငှါ စွမ်းနိုင်ပါလတ္တံ့နည်း ဟု မေးလျှောက်သဖြင့်။ တကာတော်မင်းကြီး၊ သိကြားနတ်မင်းသည် ပြုလုပ်ပေလတ္တံ့ဟု မိန့်တော်မူ၏။

ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ် အရပ်၌ တန်ခိုးပြာဋိဟာကို ပြုကုန်လတ္တံ့နည်းဟု မေးလျှောက်ပြန်သည်ရှိသော်၊

တကာတော်မင်းကြီး၊ ကဏ္ဍာမည်သော သရက်ပင်ရင်း၌ "ပြုပေအံ့" ဟု မိန့်တော်မူ၏။ တိတ္ထိတို့သည် သရက်ပင်ရင်း၌ တန်းခိုးပြာဋိဟာကိုပြုလတ္တံ့ သတဲ့ဟု ကြား၍၊ မိမိအလုပ်အကျွေးဖြစ်သော ဒါယကာ၊ ဒါယိကာမတို့အား ပြောကြားပြီးလျှင်၊ ယူဇနာအတွင်းဖြစ်သောအရပ်၌ ယုတ်သော အပိုင်းအခြားအားဖြင့် ထိုနေ့၌ပေါက်သော သရက်ပင်ငယ်မျှ ကိုလည်း မကြွင်းကျန်စေမူ၍ နုတ်ယူပြီးသော်၊ တော၌ ပစ်စေကုန်၏။ မြတ်စွာဘုရားသခင်သည် ဝါဆိုလပြည့်နေ့၌ မြို့တွင်းသို့ကြွဝင်တော်မူ၏။

## ဥယျာဉ်စောင့် ကဏ္ဍာ။

မင်းကြီး၏ဥယျာဉ်စောင့် ကဏ္ဍာမည်သောယောကျာ်းသည် ပြောက်ကျားသော၃ပိုးရှတို့သည် ပြုအင်သော အထုပ်၏အတွင်း၌ ကြီးစွာသော တသုံးသော သရက်သီးမှည့်ကိုမြင်၍ ထိုသရက်သီး၏ အနံ့အရသာ၌ တပ်မက်သော လောဘကြောင့်၊ ကျရောက်နားနေကုန်သော ကျီးတို့ကို တွက်ပြေးစေပြီးသျှင်၊ မင်းကြီးသုံးဆောင်တော် မူအံ့သော အကျိုးငှါ ဆွတ်ယူ၍သွားသည်ရှိသော်၊ လမ်းခရီးအကြား၌ မြတ်စွာဘုရားသခင်ကို မြင်၍၊ "မင်းကြီးသည် ဤသရက်သီးကိုသုံးဆောင်ရသည်ရှိသော် ငါ့အား ရှစ်ကျပ်သော အသပြာတို့ကိုရင်း, တဆဲ့ခြောက်ကျပ်သော အသပြာ တို့ကိုရင်း ပေးပေရာ၏။ ထိုအသပြာသည် ငါ့အား တရသော ခန္ဓာကိုယ် အတွက်ဘော၌လည်း အသက်မွေးခြင်းငှါ မစွမ်းနိုင်။ အကယ်၍ ငါသည် ဤသရက်သီးကို မြတ်စွာဘုရား သခင်အား ပေးလှူသည် ဖြစ်အံ့၊ မချွတ် စင်စစ်ထိုအလှူသည် ငါ့အား ရှည်မြင့်စွာသော နေ့ညဉ့်ကာလပတ်သုံး အကျိုးစီးပွါးကို ရွက်ဆောင်သည် ဖြစ်ပေလတ္တံ့" ဟု ကြံ၍၊ ကြံပြီး၍ကား ထိုဥယျာဉ်စောင့် ယောကျာ်းသည် သရက်သီးမှည့်ကို မြတ်စွာဘုရား သခင်အား ဆွတ်ကပ်၏။

## အတောင်ငါးဆယ်မြင့်သော သရက်ပင်။

မြတ်စွာဘုရားသခင်သည် အာနန္ဒာမထေရ်ကို ကြည့်တော်မူ၏။ ထို အခါ မထေရ်သည် နတ်မင်းကြီးလေးယောက်သည် ပေးလှူအပ်သော သပိတ်ကိုထုတ်ဆောင်၍၊ မြတ်စွာဘုရားလက်တော်၌ ထား၏ မြတ်စွာ-

ဘုရားသခင်သည် ၊သပိတ်ကိုညွတ်စေပြီးသော် သခွက်သီးကိုခံယူတော်မူ၍၊ ထိုအရပ်၌ပင်လျှင် ထိုင်နေတော်မူအံ့သော အခြင်းအရာကိုပြတော်မူ၏။ မထေရ်သည် သင်္ကန်းကိုဖြန့်ခင်း၍ ပေး၏။

ထိုနောက် မြတ်စွာဘုရားသည် ဤနေရာ၌ ထိုင်တော်မူသည်ရှိသော်၊ အာနန္ဒာမထေရ်သည် သောက်ရေခိုစစ်၍ သခွက်သီးမှည့်ကို နယ်ပြီးသော်၊ အဖျော်ကိုပြု၍ ပေး၏၊ မြတ်စွာဘုရား သခင်သည် သခွက်သီးအဖျော်ကိုသောက်ပြီးသော်၊ ကဏ္ဍမည်သောဥယျာဉ်စောင့် ယောက်ျားကို "ဤသခွက်စေ့ကို ဤနေရာ၌ပင်လျှင် မြေမှုန့်ကိုယက်၍ စိုက်လေသော့" ဟု မိန့်တော်မူ၏။

ဥယျာဉ်စောင့် ယောက်ျားသည် မြတ်စွာဘုရား မိန့်တော်မူသော အတိုင်းပြု၏၊ မြတ်စွာဘုရားသခင်သည် ထိုသခွက်စေ့၏အထက်၌ လက်ကို ဆေးတော်မူ၏၊ လက်တို့ကို ဆေးကာမျှဖြင့်သာလျှင် ထွန်တုံးရင်းမျှလောက် ပမာဏရှိသော ပင်စည်ရှိသည်ဖြစ်၍၊ အခေါက်အားဖြင့် ငါးဆယ်ရှိသော သခွက်ပင်သည် ပေါက်လေ၏။

သေးပါးသော အရပ်မျက်နှာတို့၌ တခက်တခက်စီ အထက်၌တခက် အားဖြင့် ငါးခုသောခက်မကြီးတို့သည် အတောင်ငါးဆယ် ရှိသည်ဖြစ်ကုန်၏၊ ထိုသခွက်ပင်သည် ထိုခဏ၌သာလျှင် အပွင့်အသီးဖြင့် ဖုံးလွှမ်းသည်ဖြစ်၍၊ အချို့အချို့သောနေရာ၌ မှည့်သောသခွက်သီး အခိုင်သည် ဖြစ်၏၊ နောက်မှ ကြွလာတော်မူကုန်သော ရဟန်းတို့သည် သခွက်သီးမှည့်တို့ကို ဘုဉ်းပေးကုန်၍သာလျှင် ကြွလာတော်မူကြကုန်၏။

ပသေနဒိကောသလမင်းကြီးသည် ဤသို့သဘောရှိသော သခွက်ပင် ပေါက်ပေသတတ်ဟု ကြား၍၊ ထို သခွက်ပင်ကို တစုံတယောက်သော သူသည် မချိုးဖွဲ့ မဖြတ်ပိုင်းစေလင့်ဟု အစောင့်အရှောက်ကို ထားတော်မူ၏။ ထိုသခွက်ပင်သည် ကဏ္ဍအမည်ရှိသော ဥယျာဉ်စောင့်သည် စိုက်-ပျိုးအပ်သည့်အဖြစ်ကြောင့်၊ ကဏ္ဍသခွက်ပင်ဟူသော အမည်သည်သာ လျှင်ထင်လျှား၏။ သေသောက်ကြူးတို့သည်လည်း သခွက်သီးမှည့်တို့ကို စား၍ ကြွင်းကြွင်းစွာသော ဆိုနိုင်ခက်ခဲသော အိုး-အချင်းတို့တို့၊ ရဟန်း ဂေါတမသည် ကဏ္ဍမည်သော သခွက်ပင်ရင်း၌ တန်းခိုးပြာဋိဟာကို

ပြုလတ္တံ့။အသင်တို့သည် ယူဇနာအတွင်း၌ ထိုရွှေပင့်ပေါက်သည်လည်း ဖြစ်သော သရက်ပင်ငယ်တို့ကိုသော်လည်း နုတ်ပယ်၍ ပစ်အပ်ကုန်၏။ ဤသည်ကား ဂဏ္ဍာအမည်ရှိသော သရက်ပင်တည်းဟု ဟစ်အော်ပြော ဆို၍၊ထိုတိတ္ထိတို့ကို စားကြွင်းဖြစ်သော သရက်စေ့တို့ဖြင့် ပစ်ခတ်ကုန်၏။

## တိတ္ထိဆရာကြီးများ ထွက်ပြေးခြင်း။

သိကြားမင်းသည် လေနတ်သားကို တိတ္ထိတို့၏ မဏ္ဍပ်ကို လေဖြင့် တိုက်ခွါ၍ အလျှံထိန်ထိန် ပူရှိန်သောမြေပြင်၌ ကျစေလော့ဟု စေခိုင်း၏၊ လေနတ်သားသည် သိကြားမင်းစေခိုင်းသောအတိုင်းကို ပြုပေ၏။နေနတ် သားကိုလည်း နေဝန်းကိုဆွဲငင်နှိမ့်ချသျက် ပူစေဘိလော့ဟု စေခိုင်း၏၊ထို နေနတ်သားသည်လည်း သိကြားမင်း စေခိုင်းသော အတိုင်း ပြုပေ၏။ တဖန်သိကြားမင်းသည်လေနတ်သားကို လေဝန်းကိုတိုက်ခတ်ထစေလျက် သွားလေလော့ဟု စေခိုင်း၏၊လေနတ်သားသည် သိကြားမင်းစေခိုင်းသော အတိုင်းကိုပြုလျက် တိတ္ထိတို့၏ချွေးတို့ဖြင့် ယိုစီးကျထွက်သော ကိုယ်၌ မြူမှုန့်အလုံးတို့ဖြင့် ကြဲ၏။

ထိုတိတ္ထိတို့သည် နီသောမြေညက်နှင့်တူသည် ဖြစ်ကုန်၏။မိုးနတ် သားကိုလည်း ကြီးစွာကုန်သောမိုးရေပေါက်တို့ကို ကျစေကုန်လော့ဟု စေခိုင်းတော်မူ၏။ မိုးနတ်သားသည် သိကြားမင်းစေခိုင်းသောအတိုင်း ကိုပြု၏၊ထိုအခါ တိတ္ထိတို့၏ ကိုယ်သည် နွားပြောက်နှင့် တူသည်ဖြစ် လေ၏။ထိုနိဂဏ္ဌတို့သည် ရှက်နိုးကုန်သည်ဖြစ်၍၊ ရှေးရှုရာရှေးရှုရာအရပ် တို့ကိုသာလျှင် ပြေးသွားကုန်၏။ ထိုသို့ ပြေးသွားကုန်သည် ရှိသော်၊ ပူရဏကဿပ၏ အလုပ်အကျွေးဖြစ်သော လယ်ထွန်သမား ယောကျ်ား တယောက်သည် ဤယခုအခါ၌ ငါ့အရှင်တို့၏ တန်ခိုးပြာဋိဟာကို ပြုအံ့ သောအခါ တန်ချေပြီ။သွားရောက်၍ ပြာဋိဟာကိုရှုအံ့ဟု ကြံ၍၊နွားတို့ကို လွှတ်ပြီးလျှင် နံနက်စောစောမှလာ၍လျှင် ဆောင်ယူခဲ့သောယာဂုအိုးကိုရင်း ကြိုးကိုရင်း ယူ၍လာခဲ့သည်ရှိသော်၊ ထိုသို့သောအခြင်းအရာဖြင့် ပြေး- သွားသောပူရဏကဿပကို မြင်၍ အရှင်ဘုရား၊ ယနေ့အရှင်မြတ်တို့၏ တန်ခိုးပြာဋိဟာကို ကြည့်ရှုအံ့ဟု လာခဲ့ပါသည်။အရှင်တို့သည် အဘယ် အရပ်သို့ သွားကုန်လတ္တံ့နည်းဟု မေး၏။ဒါယကာ၊အသင့်အား တန်ခိုး

ပြာဋိဟာကိုရှုသဖြင့် အဘယ်အကျိုးရှိအံ့နည်း။ အသင်၏ ဤအိုးကိုရင်း, ဤကြိုးကိုရင်း ငါ့အားပေးလိုက်ပါလောဟု ပြောဆိုပြီးလျှင်၊ ထိုဒါယကာ ပေးလှူအပ်သော အိုးကိုရင်း,ကြိုးကိုရင်းယူ၍ မြစ်ကမ်းသို့ သွားပြီးသော်၊ အိုးကိုကြိုးဖြင့် မိမိ၏လည်ပင်း၌ဖွဲ့ချည်၍ ရှက်သောကြောင့်၊ တစုံတခုသော စကားကိုမပြောဆိုဘဲ ရေအိုင်၌သက်ဆင်း ကျရောက်၍ ရေပွက်တို့ကို ထစေပြီးသော်၊ သေလွန်ခြင်းကိုပြု၍ အဝီစိငရဲ၌ ဖြစ်လေ၏။

မြတ်စွာဘုရားသခင်သည် ကောင်းကင်၌ ရတနာဖြင့်ပြီးသောစင်္ကြံကို ဖန်ဆင်းတော်မူ၏။ ထိုစင်္ကြံ၏တဘက်သောအစွန်းသည် အရှေ့စကြဝဠာ မျက်နှာရေဝန်းဖြစ်၏၊ တဘက်သော အစွန်းသည် အနောက်စကြဝဠာ မျက်နှာရေဝန်းဖြစ်၏၊ မြတ်စွာဘုရားသခင်သည် သုံးဆဲ့ခြောက်ယူဇနာ ရှိသောအရပ်၌ ပရိသတ်ရုံးစည်းဝေးမိသော်၊ ညနေချမ်းအခါ၌ ယခု တန်ခိုး ပြာဋိဟာကိုပြအံ့သောအချိန် တန်ပြီဟု ဂန္ဓကုဋိတိုက်မှ ထွက်ကြွတော်မူ၍၊ အဦး၌ ရပ်တည်တော်မူ၏။

## ဃရဏီ-ဥပါသိကာမ။

ထိုအခါ မြတ်စွာဘုရားသခင်ကို ဃရဏီအမည်ရှိသော ကြီးသော တန်ခိုးရှိသော အနာဂါမိဥပါသိကာမ တယောက်သည် မြတ်စွာဘုရားသခင်သို့ချဉ်းကပ်၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မကဲ့သို့သောသမီးသည် ထင်လျှားရှိပါလျက် အရှင်မြတ်ဘုရားအား ပင်ပန်းဘွယ်ကိစ္စမရှိပါ။ တပည့်တော်မသည် တန်ခိုးပြာဋိဟာကိုပြုပါအံ့ဟု လျှောက်၏။ ချစ်သမီးဃရဏီ၊ အသင်သည် အဘယ်သို့ တန်ခိုး ပြာဋိဟာကို ပြုလတ္တံ့နည်းဟု မေးတော်မူသည်ရှိသော်၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တခုသောစကြဝဠာတိုက်၌ ကြီးစွာသောမြေထုကို ရေပြု၍ ရေကြက်မ ငှက်ကဲ့သို့ငုပ်၍ အရှေ့စကြဝဠာ မျက်နှာဝ၌ မိမိကိုယ်ကို ပြပါအံ့ ထို့နောက် အနောက်,မြောက်,တောင် စကြဝဠာမျက်နှာရေးဝတို့၌မိမိကိုယ်ကိုပြပါအံ့၊ ထို့နောက်ထိုအရပ်တို့မှငုပ်လျှိုးခဲ့၍၊ အလယ်၌ မိမိကိုယ်ကိုပြပါအံ့၊ ထိုအခါ ဤသူသည်အဘယ်သူနည်းဟု မေးသည်ရှိသော်၊ ဃရဏီအမည်ရှိသော သူတည်းဟု ပြောဆိုပါကုန်လတ္တံ့။ ထိုသို့ ပြောဆိုကုန်သည်ရှိသော်၊ ဤမိန်းမ၏အာနုဘော်သည်လည်း ဤမျှလောက်

ရှိတုံသေး၏။ မြတ်စွာဘုရားသခင်၏ တန်းခိုးအာနုဘော်သည်ကား အဘယ်သို့သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု ဤသို့ကြံစည်ကြောက်ရွံ့၍ တိတ္ထိတို့သည် အရှင်မြတ်တို့ကို မကြည့်ရှုဝံ့မူ၍သာလျှင် ပြေးသွားပါကုန်လတ္တံ့ဟု လျှောက်၏။ ထိုအခါ ဃရဏီဥပါသိကာမကို မြတ်စွာဘုရားသခင်က၊ ချစ်သမီးဃရဏီ၊ အသင်အား ဤသို့သဘောရှိသော တန်းခိုးပြာဋိဟာကို ပြုခြင်းငှါ စွမ်းနိုင်သည့်အဖြစ်ကို ငါဘုရားသိတော်မူ၏၊ ယင်းသို့ပင် သိတော်မူသော်လည်း ဤပရိသတ်သည် အသင်၏ အကျိုးငှါ ဖွဲ့စည်းအပ်သောပန်းထုပ်ကဲ့သို့ စည်းဝေးလာရောက်ကြသည် မဟုတ်ဟု မိန့်ဆို၍ ပယ်တော်မူ၏။

ထိုမိန်းမသည် မြတ်စွာဘုရားကား ငါ့အားခွင့်ပြုတော်မမူ။ စင်စစ်သဖြင့် ငါ့ထက်လွန်ကဲ ထူးမြတ်သော တန်းခိုးပြာဋိဟာကို ပြုခြင်းငှါ စွမ်းနိုင်သော တပါးသောသူသည် ရှိသည်ဖြစ်ပေလိမ့်မည်ဟု နှလုံးသွင်း၍ သင့်တင့်လျောက်ပတ်သောအရပ်၌ တည်နေ၏။

## စူဠအနာထပိဏ်သူဌေး။

မြတ်စွာဘုရားသခင် သည်လည်း ဤသို့မေးအပ်သည် ရှိသော်၊ "ထိုသူတို့၏ဂုဏ်သည် ထင်ရှားခြင်း ဖြစ်ပေသတ္တံ့။ ထိုသူတို့သည်လည်း သုံးဆဲ့ခြောက် ယူဇနာရှိသော ပရိသတ်၏အလယ်၌ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောကျူးရင့်ခြင်းကိုကျူးရင့်ပေလတ္တံ့"ဟုအောက်မေ့တော်မူသည် ဖြစ်၍၊ တပါးသော သူတို့ကိုလည်း ရှေးဦးစွာ မမြစ်ပယ်မူ၍၊ အသင်တို့သည် အဘယ်သို့သော တန်းခိုးပြာဋိဟာကို ပြုကုန်လတ္တံ့နည်း ဟု မေးတော်မူ၏၊ ထိုသူတို့ကလည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဤသို့ပြုပါကုန်အံ့ဟု မြတ်စွာဘုရား ရှေ့တော်မှသာလျှင် ခြင်္သေ့မင်းကဲ့သို့ ရဲရင့်သောကြုံးဝါးခြင်းကို ကြုံးဝါးကုန်၏၊

ထိုကြုံးဝါးကုန်သောသူတို့တွင် စူဠအနာထပိဏ်သူဌေးသည် ငါသို့သဘောရှိသော အနာဂါမိဥပါသကာ တည်းဟူသောသားသည် ထင်ရှားရှိပါလျက် မြတ်စွာဘုရားသခင်အား ပင်ပန်းသောကိစ္စကို ပြုဘွယ်မရှိဟု ကြံပြီးလျှင်။ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား၊ တပည့်တော်သည်

တန်းခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၍၊ အဘယ်သို့ပြုအံ့နည်းဟု မေးတော်မူသည်ရှိသော်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် တဆဲ့နှစ်ယူဇနာရှိသော ပြဗ္ဗာမင်း၏ကိုယ်အဖြစ်ကို ဖန်ဆင်း၍ ဤပရိသတ်၏အလယ်၌ ကြီးစွာသော မိုးခြိမ်းသည်နှင့်တူသော အသံဖြင့် ပြဟ္မာမင်း၏လက်ပန်းပေါက် ခတ်ခြင်းမည်သည်ကို ပေါက်ခတ်ပါအံ့။ လူများအပေါင်းသည် ဤအသံသည်ကား အဘယ်အသံနည်း ဟု မေးသည်ရှိသော်၊ ရှင်ဥပ္ပလဝဏ်ထေရီ၏ ပြဟ္မာမင်းကဲ့သို့ လက်ပန်းပေါက်ခတ်သောအသံ ဖြစ်ပေသတဲ့ဟု ပြောဆိုပါကုန်လတ္တံ့။ တိတ္ထိတို့သည် ဒါယကာအားရှေးဦးစွာ ဤသို့သောအာနုဘော် ရှိတုံသေး၏၊ ဘုရားရှင်တို့၏အာနုဘော်သည် အဘယ်သို့သဘောရှိသည် ဖြစ်ပေလတ္တံ့နည်းဟု ရွံ့ကြောက်၍ အရှင်ဘုရားတို့ကို မကြည့်ရှုဝံ့ဘဲ ထွက်ပြေးပါကုန်လတ္တံ့ဟု လျှောက်၏။ မြတ်စွာဘုရားသခင်သည် အသင်၏ အာနုဘော်ကို ငါဘုရားသိတော်မူ၏ဟု မိန့်ဆိုတော်မူပြီး၍ ထိုရှင်ဥပ္ပလဝဏ်ထေရီအားလည်း ရှေးနည်း အတူသာလျှင် မြစ်ပယ်၍ တန်းခိုးပြာဋိဟာပြုခြင်းကို ခွင့်ပြုတော်မမူ၊

**စီရအမည်ရှိသော သာမဏေငယ်မ။**

ထိုနောက် ပဋိသန္ဓေဒါသို့ရောက်သော ခုနစ်နှစ်ရွယ်မျှသာရှိသေးသော စီရအမည်ရှိသော သာမဏေမငယ်တယောက်သည် မြတ်စွာဘုရားသခင်ကိုရှိခိုး၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည်တန်းခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်၏။ ချစ်သမီးစီရ၊ အဘယ်သို့ပြုလတ္တံ့နည်းဟု မေးတော်မူသည်ရှိသော်၊ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ မြင်းမိုရ်တောင်ကိုင်း, စကြဝဠာတောင်ကိုင်း, ဟိမဝန္တာတောင်ကိုင်း ငှသင်ယူ၍ ဤအရပ်၌ အစဉ်အတိုင်းထားပြီးလျှင် တပည့်တော်မသည် ဟင်္သာငှက်မကဲ့သို့ ထိုထိုသောတောင်မှ ထွက်၍၊ မကပ်မငြိပျံသွားကျနေခြင်းကိုပြုပါအံ့။ လူများအပေါင်းသည် တပည့်တော်မကိုမြင်၍ ဤသူကားအဘယ်နည်းဟု မေးသည်ရှိသော်၊ စီရ သာမဏေမငယ်တည်းဟု ပြောဆိုပါကုန်လတ္တံ့။ တိတ္ထိတို့သည် ရှေးဦးစွာ ခုနစ်နှစ်ရွယ်မျှသာရှိသော သာမဏေမငယ်အား ဤသို့သော အာနုဘော်ရှိတုံသေး၏။ ဘုရားအာနုဘော်သည် အဘယ်သို့သဘောရှိသည် ဖြစ်လတ္တံ့နည်းဟု

အရှင်ဘုရားတို့ကို မကြည်ညို့မှု၍သာလျှင် ထွက်ပြေးပါကုန်၏ လတ္တံ့ဟု လျှောက်၏။ မြတ်စွာဘုရားသခင်သည် အသင်၏အာနုဘော်ကို ငါဘုရားသိ၏ဟု မိန့်တော်မူပြီးမှ ရှေးနည်းအတူသာလျှင် ပယ်တော်မူ၏။

## စုန္ဒ သာမဏေဝတ်။

ထိုနောက် ပဒိုသမ္ဘိဒါသို့ရောက်သော ကုန်ပြီးသောအာသဝေါတရားရှိသော စုန္ဒမည်သော သာမဏေငယ် တပါးသည် ပဒိုသမ္ဘိ အားဖြင့် ခုနစ်နှစ်မျှသာရှိသေးလျက် မြတ်စွာဘုရားသခင်သို့ ချဉ်းကပ်၍၊ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊တပည့်တော်သည် တန်းခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်လျှင်။ ချစ်သားစုန္ဒ၊အသင်သည် အဘယ်သို့ပြုလတ္တံ့နည်းဟု မေးတော်မူသည်ရှိသော်၊ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား။ တပည့်တော်သည် ဇမ္ဗူဒိပ်ကျွန်း၏ တံခွန်သဖွယ် ဖြစ်သော မဟာဇမ္ဗူသပြေပင်ကြီးကို ပင်စည်၌ကိုင်တွယ်ဆွဲလှုပ်၍ သပြေသီးတို့ကို ဆောင်ယူပြီးသော်၊ ဤပရိသတ်တို့အား စားစေပါအံ့၊ ပင်လယ် ကသစ်ပန်းတို့ကိုဆောင်ယူပြီးသော်၊ အရှင်ဘုရားအား ရှိခိုးပါအံ့ဟုလျှောက်၏။ မြတ်စွာဘုရားသခင်သည် ချစ်သားစုန္ဒ၊အသင်၏အာနုဘော်ကို ငါဘုရားသိ၏ဟု ရှေးနည်းအတူသာလျှင် မိန့်ဆို၍၊ ထိုစုန္ဒသာမဏေ၏ တန်းခိုးပြာဋိဟာပြုခြင်းကိုလည်း မြစ်ပယ်တော်မူ၏။

## ဥပ္ပလဝဏ် ထေရီမ။

ထိုနောက် ဥပ္ပလဝဏ္ဏာမထေရ်မသည် မြတ်စွာဘုရားသခင်ကိုရှိခိုး၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်မသည်တန်းခိုး ပြာဋိဟာကို ပြုပါအံ့ဟုလျှောက်သည်ရှိသော်၊ အသင်သည် အဘယ်သို့ ပြုအံ့နည်းဟုမေးတော်မူသည်ရှိသော်၊ဘုန်းတော်ကြီးတော်မူသောမြတ်စွာ ဘုရား၊ တပည့်တော်မသည် ထက်ဝန်းကျင်မှ တဆဲ့နှစ်ယူဇနာ ရှိသော ပရိသတ်ကိုပြ၍လှည့်သည်သည်မှသုံးဆဲ့ခြောက်ယူဇနာရှိသော၊ပရိသတ် ဖြင့်ခြံရံလျက် စကြာမင်းဖြစ်၍ လာရောက်ပြီးသော်၊ အရှင်ဘုရားတို့ကို ရှိခိုးပါအံ့ဟုလျှောက်၏၊ မြတ်စွာဘုရားသခင်သည် အသင်၏အာနုဘော် ကို ငါဘုရားသိ၏ဟု မိန့်တော်မူပြီးမှ ရှေးနည်းအတူသာလျှင် ထိုဥပ္ပလ- ဝဏ္ဏာမထေရ်မ၏တန်းခိုး ပြာဋိဟာပြုခြင်းကိုလည်း မြစ်ပယ်တော်မူ၏။

## မဟာမောဂ္ဂလာန်။

ထိုနောက် မဟာမောဂ္ဂလာန် မထေရ်သည် မြတ်စွာဘုရားသခင်ကို ရှိခိုး၍၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် တန်းခိုးပြာဋိဟာကို ပြုပါအံ့ဟု လျှောက်ထားသောအခါ၊ အသင်သည် အသို့ပြုအံ့နည်းဟု မေးတော်မူသဖြင့်၊ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊ မြင်းမိုရ်တောင်မင်းကို သွားကြား၌ ထားသည်ကို ပြု၍ ပဲစေ့၊ မုန်ညင်းစေ့ကဲ့သို့ ကိုက်ဝါးသည်ကိုပြုပါအံ့ဟု လျှောက်၏။

ချစ်သားမောဂ္ဂလာန်၊ အသင်၏ အစွမ်းသတ္တိ တန်းခိုး ပြာဋိဟာသည် ဤမျှပင်လော၊တပါးသော တန်းခိုးပြာဋိဟာကို အဘယ်သို့ ပြုအံ့နည်း ဟု မေးတော် မူပြန်သဖြင့်။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ ဤမဟာပထဝီမြေကြီးကို ဖျာကဲ့သို့လိပ်၍ လက်ချောင်းကြား၌ ညှပ်ထားသည်ကို ပြုအံ့ဟု လျှောက်၏၊

ချစ်သားမောဂ္ဂလာန်၊ အသင်၏ အစွမ်းသတ္တိဖြစ်သော တန်းခိုးသည် ဤမျှပင်လော၊တပါးသော တန်းခိုးပြာဋိဟာကို အဘယ်ကဲ့သို့ ပြုလတ္တံ့နည်းဟု မေးတော် မူပြန်သည်ရှိသော်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ မဟာပထဝီမြေကြီးကို အိုးထိမ်းစက်ကဲ့သို့ အောက်၊ အထက်ပြန်လှန်၍ လူများအပေါင်းကို မြေအောက်၌ တည်ရှိသော မြေဩဇာကို စားပါစေအံ့ဟု လျှောက်၏။

ချစ်သားမောဂ္ဂလာန်၊ အသင်၏ အစွမ်းသတ္တိ တန်းခိုးသည် ဤမျှပင်လော၊ တပါးသော တန်းခိုးပြာဋိဟာကို အဘယ်သို့ ပြုအံ့နည်း ဟု မေးတော်မူပြန်လျှင်။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ လက်ဝဲလက်၌ မြေကြီးကို ပြု၍ ဤ သတ္တဝါတို့ကို လက်ျာ လက်ဖြင့် တပါးသော ကျွန်း၌ တင်ထားပါအံ့ဟု လျှောက်၏။

ချစ်သား မောဂ္ဂလာန်၊ အသင်၏ အစွမ်းသတ္တိ တန်းခိုးသည် ဤမျှပင်လော၊ ထိုထက်လွန်ကဲသော တပါးသော တန်းခိုး ပြာဋိဟာကို အဘယ်သို့ ပြုအံ့နည်းဟု မေးတော်မူပြန်သဖြင့်၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ မြင့်မိုရ်တောင်ကို ထီးရိုးပြုလုပ်၍ မဟာပထဝီမြေကြီးကို ပင့်မြောက်ပြီးလျှင်၊ထိုမြင့်မိုရ်တောင် တည်းဟူသော ထီးရိုး၏

အထက်၌ ထီးရွက်ဖြင့် ဖြန့်တင်၍ ထီးလက်ပွဲလျက် ဆောင်းသွားရသော ရဟန်းကဲ့သို့ တဘက်သော လက်ဖြင့် ယူငင် ကိုင်ဆောင် ပြီးသော် ဘောင်းကင်း၌ စင်္ကြံ လျှောက်ပါအံ့ဟု လျှောက်၏။

မြတ်စွာဘုရားသခင်သည် ချစ်သားမောဂ္ဂလာန်၊ အသင်၏ တန်းခိုး အာနုဘော်ကို ငါဘုရား သိတော်မူ၏ ဟု မိန့်တော်မူပြီးမှ ရှေးနည်းအတူသာလျှင် ထိုရှင်မောဂ္ဂလာန်၏ တန်းခိုးပြာဋိဟာ ပြုခြင်းကို ခွင့်ပေးတော် မမူ၊ ရှင်မောဂ္ဂလာန် ကလည်း မြတ်စွာဘုရား သခင်သည် ငါ့ထက် ကဲ့လွန် ထူးမြတ်သော တန်းခိုး ပြာဋိဟာကို ပြုခြင်း၌ စွမ်းနိုင်သောသူကို သိမြင်တော် မူချေယောင်တကားဟု ကြံ၍ သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေ၏။

ထိုအခါ အရှင်မောဂ္ဂလာန်ကို ဘုရားကိုယ်တော်မြတ်က။ ချစ်သားမောဂ္ဂလာန်၊ ဤပန်းထုပ်သည် သင်၏ အကျိုး၌ ဖွဲ့စည်း အပ်သော ပန်းထုပ် မဟုတ်၊ ထိုစကားမှန်၏၊ သူတပါးတို့နှင့် မတူမတန်သော ဝန်ရှိသော ငါဘုရား ရွက်ဆောင်ဘွယ်ရာ ဖြစ်သော ဝန်ကို တပါးသော သူသည် ရွက်ဆောင်ခြင်း၌ စွမ်းနိုင်သော သူမည်သည် မရှိချေ။ ဤယခု ဘုရား ဖြစ်တော်မူသောအခါ၌ ငါဘုရား ရွက်ဆောင်ဘွယ်ရာ ဖြစ်သော ဝန်ကို ရွက်ဆောင်ခြင်း၌ စွမ်းနိုင်သော သူမည်သည် မရှိသည်ကား အကြီးတကာယ် ချီးမွမ်းအံ့ဘွယ် မဖြစ်လှသေး၊ အတိတ် တိရစ္ဆာန် အမျိုးဝယ် ဖြစ်သော အခါ၌လည်း၊ ငါဘုရား၏ ရွက်ဆောင်ဘွယ်ရာ ဖြစ်သော ဝန်ကို ရွက်ဆောင်ခြင်း၌ စွမ်းနိုင်သော တပါးတယောက်သော သူမည်သည် မဖြစ်ဘူးသည် သာလျှင်တည်း ဟု မိန့်တော် မူပြီး၍။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အခါ၌ ပါနည်း ဟု မထေရ်က မေးလျှောက်အပ်သည်ရှိသော်၊ မြတ်စွာဘုရား သခင်သည် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ် မင်းကြီးသည် မင်းအဖြစ်ကို ပြုတော်မူသည်ရှိသော်၊ ဘုရားအလောင်းတော်သည် နွားအမျိုး၌ ဖြစ်လေ၏။ ထိုအခါ ဘုရားလောင်းနွားကို အရှင်ဖြစ်သော

သူတို့သည် ငယ်စဉ် ကာလကပင်လျှင် တယောက်သော အသက်ကြီးရင့်လေပြီးသော မိန်းမအို၏အိမ်၌ တည်းခိုနေထိုင်ရသည်ဖြစ်၍ ထိုမိန်းမအိုအား အိမ်၌တည်းခိုနေထိုင်ရသော အခတိုးအခတည်း ဟု ပိုင်းခြား မှတ်သား၍ ပေးဆောင်ကုန်၏။

## အဖွါးအိုနှင့် ဘုရားလောင်း နွားဥသဘ။

ထိုမိန်းမအိုကြီးသည် ဘုရားလောင်း နွားငယ်ကို ယာဂု, ထမင်း စသည်တို့ဖြင့် လုပ်ကျွေးပြုစုလျက် သားအရာ၌ ထား၍ မွေးပေ၏။ ထိုနွားသည် အဖွါးအိုမကြီး မွေးမြူအပ်သည့် အဖြစ်ကြောင့်၎င်း, မည်းနက်သော မျက်စဉ်းညို အဆင်းရှိသည်၏ အဖြစ်ကြောင့်၎င်း, အယျိကာကာဠက-ဟူ၍သာလျှင် အမည်ထင်ရှား၏။ ထိုနွားသည် တဖြည်းဖြည်း အားဖြင့် ကြီးပွါးထွားခြောက် အရွယ်သို့ ရောက်သည်ရှိသော် ရွာ၌ ရှိသော နွားတို့နှင့်အတူတကွ လှည့်လည်၍ ကျက်စား၏။ ကောင်းမြတ်သော အကျင့်သီလနှင့် ပြည့်စုံ၏၊ ရွာသူ သားငယ်တို့သည် ဦးချိုတို့၌၎င်း, နားတို့၌၎င်း, လည်တို့၌၎င်း, ကိုင်၍တွဲလျားဆွဲကုန်၏၊ အမြီး၌ ကိုင်ဆွဲ၍ ကစားကုန်၏၊ ကျောက်ကုန်းထက်၌လည်း တက်စီးကုန်၏။

ထိုဘုရားအလောင်း နွားသည် တနေ့သ၌ ငါ၏အမိသည် ဆင်းရဲငြိုငြင် ပင်ပန်း နွမ်းနယ်၏။ ငါ့ကို သားအရာ၌ ထား၍ ဆင်းရဲသဖြင့် သာလျှင် မွေးမြူအပ်ပေ၏။ ငါသည် အခစား အမှုကိုပြုလုပ်၍ အမိအိုကို ဆင်းရဲ ဒုက္ခမှ လွတ်စေရပါမူကား သြော် - ကောင်းလေစွ ဟု ကြံ၍ ဘုရားအလောင်းနွားသည် ထိုနေ့မှစ၍ အခွင့်ကိုစုံစမ်းလျက် သွားလာ၏။

တနေ့သ၌ တယောက်သော လှည်းကုန်သည် သားသည် လှည်းငါးရာတို့ဖြင့် မညီညွတ်နက်ရှိုင်းသော ဆိပ်ကမ်းသို့ ရောက်လေ၏။ ထိုလှည်းကုန်သည်၏ နွားတို့သည် လှည်းတို့ကို ဘက်စေအံ့သောငှါ မတတ်နိုင်ကုန်။ ငါးရာကုန်သော လှည်းတို့၌ ထမ်းပိုး အဆုံ့ဆင့်ဖြင့် က,အပ်ကုန်သော နွားတို့သည် တစီးသော လှည်းကိုမျှသော်လည်း ထုတ်ဆောင်အံ့သောငှါ မစွမ်းနိုင်ကြကုန်။ ဘုရားအလောင်းသည်လည်း နွားတို့နှင့် အတူတကွ မြစ်ဆိပ်ကမ်းနား၏ အနီး၌ လှည့်လည်၏။

လှည်းကုန်သည် သားသည် နွားတို့၏ လက္ခဏာကိုမြင်သော ကျမ်းကို တတ်မြောက်၏။ ထိုနွားတို့၏အတွင်း၌ ဤလှည်းတို့ကို ထုတ်ဆောင်ခြင်းငှါ

စွမ်းနိုင်သော နွားဥသဘ အာဇာနည်ကို ကြည့်ရှု ရုံမျှသည်ရှိသော်၊ ဘုရားအလောင်းကို မြင်၍၊ ဤအာဇာနည်နွားသည် ငါ၏ လှည်းတို့ကို ထုတ်ဆောင် ခြင်းငှါ စွမ်းနိုင်လတ္တံ့။ အဘယ် သူသည့်လျှင် ထိုနွား၏ အရှင်နည်းဟု မေး၏။ မေးပြီး၍ကား ငါသည် ဤနွားကိုယူ၍ လှည်းတို့၌ က,ပြီးသည်ရှိသော်၊ အခကို ပေးပါအံ့ဟု ပြောဆို၏။

နွားကျောင်းသားတို့က ယူ၍သာ က,လော့၊ ဤနွား၏ အရှင်သည် ဤအရပ်၌ မရှိဟု ပြော၏။ လှည်းကုန်သည် သာ သည် ဘုရားအလောင်း နွား ကို နှာခေါင်း၌ ကြိုးသယ်ဖြင့် ဖွဲ့၍ ဆွဲငင်အံ့သည် ရှိသော်၊ လှုပ်ရှား စိမ့်သောငှါ မတတ်နိုင်။ ဘုရားအလောင်းသည် အတိုး အခကို ဆိုမှ လိုက်အံ့ဟု ကြံ၍ မလိုက်ဘဲ နေပေသတတ်။ လှည်းကုန်သည် သားသည် ဘုရားအလောင်း၏ အလိုကို သိ၍။ အရှင်၊ အသင်သည် လှည်းငါးရာတို့ကို ထုတ်ဆောင်အံ့သည် ရှိသော်၊ တရသော လှည်း၏ နှစ်သပြာစီတို့ကို အတိုးအခပြု၍ အသပြာတထောင်ကို ပေးပါအံ့ဟု ဆို၏။

## လှည်းငါးရာကို တင်ဆောင်ခြင်း။

ထိုအခါ ဘုရားလောင်းနွားသည် မိမိအလိုလိုသာလျှင် လိုက်သွား၏။ ထိုသို့ လိုက်သွားသောအခါ ဘုရားလောင်းနွားကို ယောကျ်ားတို့သည် ရှေ့လှည်းတို့၌ က,ကုန်၏။ ထိုအခါ ဘုရားအလောင်းသည် လှည်းတို့ကို တဟုန်တည်းဖြင့်သာ ဆွဲငင်၍ ကြည်းကုန်းထက်၌ တည်စေ၏။ ဤသို့သော နည်းဖြင့်သာလျှင် ငါးရာသော လှည်းတို့ကို ဆွဲဘင်၏။ လှည်းကုန်သည် သားသည် ကိစ္စပြီးဆုံးသော အခါ တစီးတစီးသော လှည်း၏ တသပြာ-တသပြာသော အခကိုရ၍ ငါးရာကုန်သော ဥစ္စာတို့ကို ထုပ်ပြီးလျှင် ဘုရားလောင်း၏ လည်ပင်း၌ ဖွဲ့ချည်၏။

ဘုရားလောင်းသည် "ငါ့အား ဤသူသည် ပိုင်းခြားတိုင်းသော 'အတိုး အခကိုမပေး၊ ယခု ထိုသူအား သွားစိမ့်သောငှါ ခရီးလမ်းကိုမပေးအံ့" ဟု အလုံးရုံသော လှည်းတို့၏ ရှေ့မှ လမ်းခရီးကို ဖိလာ ကန့်လန့် တားဟန့်၍ ရပ်၏။ ဖဲသွားစိမ့်သောငှါ လုံ့လကို ပြုပါကုန်သော်လည်း ဘုရားလောင်း နွားကို ဖဲသွားစိမ့်သောငှါ မတတ်နိုင်ကုန်။ လှည်းကုန်သည် သားသည် "ဤနွားကား မိမိအတိုးအခ၏ ယုတ်လျော့သည့်အဖြစ်ကို သိခဲ့ယောင်

တကား''ဟု ကြံ၍ တန်ရသော လှည်း၌ နှစ်သပြာ၊ နှစ်သပြာသော အတိုးအခတို့ကိုပြု၍ ဤဥစ္စာထုပ်သည် အသင်၏ လှည်းတို့ကို ထုတ်ဆောင်သော အတိုးအခတည်းဟု အသပြာ တထောင်ထုပ်ကို လည်ပင်း၌ ဆွဲ၍ပေး၏။ ဘုရားလောင်းနွားသည် တထောင်သော ဥစ္စာထုပ်ကိုယူ၍ အမိ မိန်းမအိုု၏ အထံသို့ သွား၏။

ရွာသူ သားငယ်တို့သည် အဘယ်မည်သော သူသည် ဤအထုပ်ကို အယျိကကာလက လည်၌ဆွဲပေသနည်းဟု ဘုရားအလောင်းနွား၏ အထံသို့လာကုန်၏၊ ဘုရားအလောင်းသည် သူငယ်တို့ကိုပြန်းချောက်လိုက်၍ အဝေးမှလျှင် ထွက်ပြေးစေလျက် အမိမိန်းမအိုု၏အထံသို့ သွား၏။ ငါးရာသောလှည်းတို့ကို ထုတ်ဆောင်အပ်သည့်အဖြစ်ကြောင့် နီသောမျက်စိတို့ဖြင့် ပင်ပန်းသောအခြင်းအရာသည် ထင်၏။

အဘွားအိုမသည် ဘုရားအလောင်းလည်၌ဥစ္စာထုပ်ကိုမြင်၍ ချစ်သား၊ ဤဥစ္စာကို အသင်သည် အဘယ်မှာ ရ၍ပေသနည်းဟု မေးပြီးလျှင်၊ နွားကျောင်းသားတို့ကိုလည်း မေးမြန်းစုံစမ်းသဖြင့် ထိုအကြောင်းကိုကြားသိရပြီးသော်၊ ချစ်သား၊ အသင်သည် ရအပ်သောအတိုးအခဖြင့် ငါသည် အသက်ကို မွေးမြူလိုသလော၊ အဘယ်ကြောင့် ဤသို့သဘောရှိသော ဆင်းရဲကို ခံဘိသနည်းဟု ဆို၍ ဘုရားအလောင်း နွားကို ရေနွေးဖြင့် ရေချိုးစေပြီးသောအခါ၊ ကိုယ်အလုံးကို ဆီဖြင့်လိမ်းကျံပြီးလျှင် ရေကို သောက်စေ၍ သျောက်ပတ်သော ဘောဇဉ်ကို ကျွေးမွေး၍ အေးချမ်းသက်သာရာကို ရစေ၏။

အသက်၏အဆုံး၌ ဘုရားအလောင်းနှင့်တကွ အဘွားအိုမသည် ကံအားလျော်စွာ လားလေ၏။

ချစ်သားမောဂ္ဂလာန်၊ ငါဘုရားသည် ယခုအခါ၌သာလျှင် သူတပါးတို့ မတူမတန်နိုင်သောဝန်ကို ရွက်ဆောင်နိုင်သည်မဟုတ်သေး၊ ရှေး၌လည်း ရွက်ဆောင်ဘူးသည် သာလျှင်တည်းဟု လွန်လေပြီးသော အတိတ်ကို ဆောင်တော်မူ၍-

ယတော ယတော ဂရု ဓုရံ၊ ယတော ဂမ္ဘီရဝတ္တနီ။
တဒါဿု ကဏှံ ယုဉ္ဇန္တိ၊ သွာ သုဒံ ဝဟတေ ဓုရံ။ ။

ဟူသော ဤဂါထာကို ဟောတော်မူ၏။

**အနက်ကား။** ။ယတော-ယတော၊ အကြင်အကြင် အရပ်၌။ရမံ၊ ဝန်သည်။ဂရု၊လေးသည်။ ဟောတိ၊ဖြစ်ငြားအံ့။ အညော၊တပါးကုန်သော။ ဗလိဗဒ္ဒါ၊နွားပိုက်တို့သည်။ ဥက္ခိပိတုံ၊ချီခြင်းငှါ။ နသက္ကောန္တိ၊မစွမ်းနိုင်ကုန်။ယတော၊အကြင်အရပ်၌၊ ဥဒကစိက္ခလ္လမဟာကုတာသဝါ၊ ရေညွှန်များသည့်အဖြစ်ကြောင့်ရင်း။ ဝိသမဆိန္နပပါတဘာဝေနဝါ၊ မညီမညွတ်ပျက်သောကမ်းပါးပြတ် ရှိသည့်အဖြစ်ကြောင့်ရင်း။ ဂန္တုံ၊ရဝတ္တနို၊သွား-ခြင်းငှါ၊ နက်နဲခဲယဉ်းသော ခရီးသည် ဟောတိ၊ ဖြစ်၏။တဒါ၊ထိုအခါ၌။ အညေ၊တပါးကုန်သော။ ဗလိဗဒ္ဒေ၊ဝန်ဆောင် နွားတို့ကို။ အပနေတွာ၊ ပယ်၍။ကဏ္ဍုံ၊ မျက်စဉ်းတောင်သို့ အရောင်လက်လက် မည်းနက်သော အဆင်းရှိသော အယျိကကာလက အမည်ရှိသောနွားဥသဘကို ယုဇ္ဇန္တိ၊ ကကုန်၏၊သော၊ထိုအယျိကကာဠက နွားဥသဘသည်။တံရမံ၊ထိုလေးစွာသောဝန်ကို။ဝဟတေ၊ ရွက်ဆောင်၏။ ။ဤကားအနက်။

[အဿုကားအနက်ပရှိ နိပါတ်မှသာ၊ဇာတ်ပေါင်း၌ အယျိကကာလက မည်သောနွားသည် မြတ်စွာဘုရားသခင် ဖြစ်တော်မူ၏ အဘွားအိုမသည် ဥပ္ပလဝဏ်မထေရ်မဖြစ်၏။ထိုမှတပါးသော နန္ဒိဝိသာလ ဇာတ်ကိုလည်း ထင်ရှားပြီ ဖြစ်သောကြောင့်ရင်း၊ ကျယ်အံ့ပိုးသောကြောင့်ရင်း အတိတ်ကိုဆောင်၍မချဲ့ဘဲ ဂါထာ၏ အနက်ရှိသမျှကိုသာ ယောဇနာ၍ ပြလိုက်ပါအံ့။]

မနာပမေဝ ဘာသေယျ၊နာမနာပံ ကုဒါစနံ။
မနာပံ ဘာသမာနဿ၊ဂရုံ ဘာရံ ဥဒဗ္ဗဟိ။
ဓနဉ္စ နံ အလဘေသိ၊တေန စတ္တမနော အဟု။ ။

**အနက်ကား။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ပရေသံ၊ တပါးသောသူ့နှင့်။ ဘာသမာနော၊ ပြောဆိုသောသူသည်။ မနာပမေဝ၊ နှစ်သက်ဘွယ်သော စကားကိုသာလျှင်။ဘာသေယျ၊ ပြောဆိုရာ၏။အမနာပံ၊ မနှစ်သက်ဘွယ်သောစကားကို။ ကုဒါစနံ၊တရံတခါစ်မျှ။ နဘာသေယျ၊ မပြောဆိုရာ။ မနာပံ၊နှစ်သက်ဘွယ်ကို။ ဘာသမာနဿ၊ ပြောဆိုသောပုဏ္ဏား၏၊ဂရုံ၊ လေးသော ဘာရံ၊ လှည်းတရာဝန်ကို။ ဥဒဗ္ဗဟိ၊ ရွက်ဆောင်ပြီ။ နံ၊ထို-ပုဏ္ဏားကို။ဓနဉ္စ၊ ဥစ္စာကိုလည်း။အလဘေသိ၊ ရစေပြီ။ဖြော့ဘွဲ့ဆော၊ပုဏ္ဏား

သည်။တေနစ၊ ထိုသို့ရဇ်သောကြောင့်လည်း။ အတ္တမနော၊ နှစ်လိုဝမ်းသာသည်။အဟု၊ဖြစ်ပြီ။ ။ဤကားအနက်။

မြတ်စွာဘုရားသခင်သည် ဤသို့သောဓာတ်တော်ကို ဟောကြားတော်မူပြီးသည့်ကာသ၊ ရတနာစင်္ကြံထက်သို့ ကြွတက်တော်မူပြီး၍၊ရှေ့တည့်တည့်မှ တဆဲ့နှစ်ယူဇနာ, အနောက်အရပ်မှ တဆဲ့နှစ်ယူဇနာ, မြောက်အရပ်မှ တဆဲ့နှစ်ယူဇနာ, တောင်အရပ်မှ တဆဲ့နှစ်ယူဇနာ အားဖြင့် အသီးအသီး တည်ရှိသည်ဖြစ်၍၊ အဖြောင့်အားဖြင့် ဖိုင်းခြားရေတွက်သည်ရှိသော်၊နှစ်ဆဲ့လေး ယူဇနာရှိသော ပရိသာတ်၏အလယ်၌ မြတ်စွာဘုရားသခင်သည် ယမိုက်ပြာဋိဟာကို ပြုတော်မူ၏။

မြတ်စွာဘုရား ယမိုက်ပြာဋိဟာ ပြုတော်မူသော အခြင်းအရာကို အနည်းငယ်မျှ ပြဆိုပေအံ့။

## အစုံအစုံသော ယမကပြာဋိဟာ။

ဤအရာ၌ မြတ်စွာဘုရားသခင်သည် သာဝကတို့နှင့် မဆက်ဆံသော အစုံသောပြာဋိဟာကို ပြုတော်မူ၏။

မြတ်စွာဘုရားသခင်၏ အထက်ဖြစ်သော ကိုယ်တော်မှ မီး-အလျှံသည်ဖြစ်၏။ အောက်ဖြစ်သော ကိုယ်တော်မှ ရေအယဉ်-သည်ဖြစ်၏။

အောက်ဖြစ်သော ကိုယ်တော်မှ မီးအလျှံဖြစ်သော အခါ အထက်ဖြစ်သော ကိုယ်တော်အတွက်မှ ရေအယဉ်သည်ဖြစ်၏။

ရှေ့ဖြစ်သော ကိုယ်တော်အတွက်မှ မီးအလျှံဖြစ်သော အခါ နောက်ဖြစ်သော ကိုယ်တော်အတွက်မှ ရေအယဉ်သည် ဖြစ်၏။

နောက်ဖြစ်သော ကိုယ်တော်အတွက်မှ မီးအလျှံဖြစ်သော အခါ ရှေ့ဖြစ်သော ကိုယ်တော်အတွက်မှ ရေအယဉ်ဖြစ်၏။

လက်ျာမျက်လုံးတော်မှမီးအလျှံဖြစ်သောအခါ လက်ဝဲမျက်လုံးတော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲမျက်လုံးတော်မှ မီးအလျှံဖြစ်သောအခါ လက်ျာမျက်-လုံးတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာနားတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲနားတော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲနားတော်မှ မီးအလျှံဖြစ်သောအခါ လက်ျာနားတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာ နှာခေါင်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲနှာခေါင်းတော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲ နှာခေါင်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ျာနှာခေါင်းတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာ ပခုံးစွန်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲပခုံးစွန်းတော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲပခုံးစွန်းတော်မှ မီးအလျှံဖြစ်သောအခါ လက်ျာပခုံးစွန်းတော်မှ ရေအယဉ်ဖြစ်၏။

လက်ျာလက်တော်မှ မီးအလျှံ ဖြစ်သော အခါ လက်ဝဲလက်တော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲလက်တော်မှ မီးအလျှံဖြစ်သောအခါ လက်ျာလက်တော်မှ ရေအယဉ်ဖြစ်၏။

လက်ျာနံပါးမှမီးအလျှံဖြစ်သောအခါ လက်ဝဲနံပါးမှ ရေအယဉ်ဖြစ်၏။

လက်ဝဲနံပါးမှမီးအလျှံဖြစ်သောအခါ လက်ျာနံပါးမှ ရေအယဉ်ဖြစ်၏။

လက်ျာခြေတော်မှ မီးအလျှံဖြစ်သောအခါ လက်ဝဲခြေတော်မှ ရေအယဉ်ဖြစ်၏။

လက်ဝဲခြေတော်မှ မီးအလျှံဖြစ်သောအခါ လက်ျာခြေတော်မှ ရေအယဉ်ဖြစ်၏။

များစွာကုန်သော လက်ချောင်းတော်ကြားတို့တွင် တခုသော လက်ချောင်းတော်ကြားက မီးအလျှံဖြစ်သည်ရှိသော် တခုသော လက်ချောင်းတော်ကြားက ရေအယဉ်ဖြစ်၏။

မျိုးစွာကုန်သော မွေးညှင်းတော်တွင်းတို့တွင် တခုသောမွေး ညှင်းတော်တွင်းမှ မီးအလျှံဖြစ်သောအခါ တခုသော မွေးညှင်း တော်တွင်းမှ ရေအယဉ်ဖြစ်၏၊

ညိုသောရောင်ခြည်တော်၊ ရွှေသောရောင်ခြည်တော်၊ နီသော ရောင်ခြည်တော်၊ ဖြူသောရောင်ခြည်တော်၊ မောင်းသောရောင် ခြည်တော်၊ ပြိုးပြိုးပြက်သော ရောင်ခြည်တော်ဟု ဆိုအပ်ကုန်-သော ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် စင်္ကြံကြွတော်မူ၏၊

မြတ်စွာဘုရားသခင်သည် ရပ်လည်းရပ်တော်မူ၏၊ ထိုင်လည်းထိုင်-တော်မူ၏။ လျောင်းခြင်းကိုလည်း ပြုတော်မူ၏။ နိမ္မိတကိုယ်စား ဘုရား သခင်သည်လည်း ရပ်လည်းရပ်တော်မူ၏၊ ထိုင်လည်းထိုင်တော် မူ၏။ လျောင်းခြင်းကိုလည်း ပြုတော်မူ၏။

ဤသည်လျှင် မြတ်စွာဘုရားသခင်အား အစုံအစုံသောတန်းခိုးပြာဋိ ဟာကိုပြရာ၌ လျှင်မြန်သည်ထက် အထူးသဖြင့် လျှင်မြန်သော ဉာဏ်-တော်တည်း။

ဤသို့သောတန်းခိုးပြာဋိဟာကို မြတ်စွာဘုရားသခင်သည် ထိုရတနာ စင်္ကြံ၌ စင်္ကြံကြွ၍ ပြုတော်မူ၏။

ထိုမြတ်စွာဘုရား သခင်အား တေဇောကသိုဏ်း ဝင်စားသည်၏ အစွမ်းဖြင့်၊ အထက်ဖြစ်သော ကိုယ်တော်အတွင်းမှ မီးအလျှံဖြစ်၏၊ အာပေါ ကသိုဏ်းဝင်စားသည်၏အစွမ်းဖြင့်၊ အောက်ဖြစ်သောကိုယ်တော်အတွင်းမှ ရေအယဉ်ဖြစ်၏ဟု မှတ်ရာ၏၊ ရေအယဉ် ဖြစ်ရာအရပ်မှ မီးအလျှံ၊ မီး-အလျှံဖြစ်ရာအရပ်မှ ရေအယဉ်ဖြစ်သည်ဟူ၍ မမှတ်ရာ။

ဤအရာ၌ မီးအလျှံသည်လည်း ရေအယဉ်နှင့်မရောနှော။ ရေအယဉ် သည်လည်း မီးအလျှံတို့နှင့် မရောနှောဘဲ နှစ်ပါးစုံသော ရေအယဉ် မီး-အလျှံသည် ဗြဟ္မာ့ဘုံတိုင်အောင် ပျံတက်၍၊ စကြဝဠာ မျက်နှာရေးဝ၌ ကျ၏။ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်မှ ထွက်သောခြောက်သွယ် သော ရောင်ခြည်တော်တို့သည် အိုးတွင်ဖြင့်သွန်းလောင်း အပ်ကုန်သော ရွှေမှုန့်ကဲ့သို့၎င်း, စက်ယန္တရားဖြွန်းမှ ကျထွက်သော ရွှေရေအယဉ်ကဲ့သို့

ရင်း တခုသောစကြဝဠာတိုက်မှ ပျံတက်၍၊ဖြူဖွေးသောသို့ ထိနိုက်လျက်၊ ဆုတ်နစ်ပြန်လည်လာခဲ့ပြီးသောအခါ၊ စကြဝဠာမျက်နှာရေးဝကိုသာလျှင် ယူကုန်၏ တခုသော စကြဝဠာတိုက်သည် ကောက်ရသော အခြင်တို့ဖြင့် ဖုံးအုပ်အပ်သော ဗောဓိအိမ်ကဲ့သို့၊ တပြိုင်နက်သော ဒုလင်းအရောင် သည်ဖြစ်၏။ထိုနေ့ပတ်လုံး မြတ်စွာဘုရားသခင်သည် စကြံကြွ၍ဟန်းခိုး ပြာဋိဟာကို ပြုတော်မူသျက်၊ အကြားအကြား၌ လူများအပေါင်းအား တရားတော်ကို ဟောတော်မူ၏။ ဟောတော်မူသည် ရှိသော်၊ အားထုတ် ခြင်းကင်းသည်ကို မပြုမူ၍၊ထိုမိမိ၏ခန္ဓာ ဒြပ်တော်ကိုလည်း သက်သာရာ ရစေ၍ နေတော်မူခြင်းကို ပေးတော်မူသေး၏။

ထိုခဏ၌ လူများအပေါင်းသည် ကောင်းချီးကိုဖြစ်စေ၏။ထိုသို့ကောင်း ချီးကိုဖြစ်စေသောအခါ၌ မြတ်စွာဘုရားသခင်သည် ထိုမျှလောက် များ-ပြားစွာသော ပရိသတ်၌ စိတ်ကိုကြည့်ရှုသည် ရှိသော်၊ တယောက် တယောက်သောသူ၏ စိတ်အလိုကို တဆဲ့ခြောက်ပါးသော အခြင်းအရာ ၏အစွမ်းဖြင့် သိမြင်တော်မူ၏။ ဤသို့လျှင် ဘုရားရှင်တို့၏စိတ်သည် လျင် သောဖြစ်ခြင်းရှိ၏။ အကြင်အကြင်သို့သောသူသည် အကြင်အကြင်သို့ သော တရားတော်တို့၌၎င်း, အကြင်အကြင်သို့သော တန်းခိုးပြာဋိဟာ တို့၌၎င်း ကြည်ညိုနှစ်သက်သောစိတ် ရှိကုန်၏၊ထိုထိုသို့သော ပုဂ္ဂိုလ်၏ အလိုဆန္ဒ အဇ္ဈာသယ၏ အစွမ်းဖြင့်သာလျှင် တရားတော် ကိုလည်း ဟောကြားတော်မူ၏။ တန်းခိုးပြာဋိဟာကိုလည်း ပြုတော်မူ၏။

ဤသို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် တရားတော်ကို ဟောကြားတော် မူသည်ရှိသော်၎င်း, တန်းခိုးပြာဋိဟာကို ပြုတော်မူ-သော်၎င်း လူများအပေါင်းသည် အကျွတ်တရားကို ရခြင်းဖြစ်လေ၏၊

## မြတ်စွာဘုရားကိုယ်တော်နှင့် နိမ္မိတဘုရား။

မြတ်စွာဘုရားသခင်သည် ထိုသို့သော အစည်းအဝေး၌ မိမိ၏စိတ် တော်ကိုယူ၍၊ပြဿနာကို မေးခြင်းငှါ၎င်း, မေးအပ်သော ပြဿနာကို ဖြေဆိုခြင်းငှါ၎င်း စွမ်းနိုင်သောတစုံတယောက်မျှသော သူကိုမြင်တော်မမူ သောကြောင့်၊နိမ္မိတကိုယ်တော်ပွါး ဘုရားကိုဖန်ဆင်းတော်မူ၏။ထိုနိမ္မိတ ဘုရားသည် မေးအပ်သောပြဿနာကို မြတ်စွာဘုရားသခင်သည် ဖြေ-

ဆိုတော်မူ၏။မြတ်စွာဘုရား မေးအပ်သောပြဿနာကို နိမ္မိတဘုရားသည် ဖြေဆိုတော်မူ၏။ မြတ်စွာဘုရားသခင် စင်္ကြံကြွတော် မူသောအခါ၌ နိမ္မိတဘုရားသည် ရပ်တော်မူခြင်းစသော ဣရိယာပုထ်တို့တွင် တပါးပါး သောဣရိယာပုထ်ကို ပြုတော်မူ၏။ နိမ္မိတဘုရား စင်္ကြံကြွတော်မူသော အခါ၌ မြတ်စွာဘုရားသခင်သည် ရပ်တော်မူခြင်းစသော ဣရိယာပုထ် တို့တွင် တပါးပါးသောဣရိယာပုထ်ကို ပြုတော်မူ၏။

## တာဝတိံသာနတ်ပြည်တွင် ဝါဆိုတော်မူခြင်း။

ဤသို့သောအခြင်းအရာဖြင့် ဖန်ဆင်းပြသတော်မူအပ်သော တန်ခိုး တော်ကို မြင်ရသောကြောင့်၎င်း, တရားတော်ကို ကြားနာရသောကြောင့် ၎င်း ထိုအစည်းအဝေး၌ ကုဋေနှစ်ဆယ်လောက်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရခြင်းဖြစ်လေ၏။

မြတ်စွာဘုရား သခင်သည် တန်ခိုးပြာဋိဟာကို ပြုတော်မူပြီးသည် ရှိသော်၊လွန်လေပြီးသော ရှေးနောင်တော်ဘုရားတို့သည် ဤသို့ တန်ခိုး ပြာဋိဟာကိုပြုပြီး၍၊အဘယ်သို့သောအရပ်၌ ဝါကပ်ဆိုတော်မူကြပေကုန် သနည်းဟု ဆင်ခြင်တော်မူသောအခါ၊ တာဝတိံသာနတ်ရပ်၌ ဝါကပ် တော်မူကြ၍၊ ကြီးလှသောကျေးဇူးရှင် မွေးမိခင်အား အစဉ်သတ်မှတ် အဘိဓမ္မာပိဋကတ်ကို မပြတ်ပိုင်းခြား ဟောကြားတော် မူကြကုန်သည် တို့ကိုမြင်တော်မူသောကြောင့်၊ လက်ျာခြေတော်ကို ပင့်ချီတော်မူပြီးသော် ယုဂန္ဓိုရ်တောင်ထိပ်၌ ထားတော်မူ၍၊ လက်ဝဲခြေတော်ကို ပင့်ချီတော် မူပြီးသော်၊မြင်းမိုရ်တောင်ထိပ်၌ ထားတော်မူ၏။

ဤသို့သောအခြင်းအရာဖြင့် ယူဇနာခြောက်သန်း ရှစ်သိန်းအမြင့်ရှိသော နေရာ၌ သုံးခုသောခြေလှမ်းတော်အကြိမ် နှစ်ခုကုန်သော ခြေရာတော် တို့သည်ဖြစ်ကုန်၏။ မြတ်စွာဘုရားသခင်သည် ခြေတော်ကိုဆန့်၍နင်းကြွ တော်မူသည်ဟူ၍ မမှတ်အပ်။မြတ်စွာဘုရားသခင်၏ ခြေတော်ကိုချသော အခါ၌သာလျှင် ထိုတောင်တို့သည် ခြေတော်ရင်းသို့လာရောက်၍ ခံကြ ကုန်၏။မြတ်စွာဘုရား နင်းတော်မူသောအခါ၌ ထိုတောင်တို့သည် ထ၍ မိမိနေရာ၌သာလျှင် တည်ကုန်၏။

## သိကြားမင်း၏ စိတ်အကြံ။

သိကြားမင်းသည် မြတ်စွာဘုရားသခင်ကို မြင်၍၊ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ မြတ်စွာဘုရားသခင်သည် ဤယခုဝါဆိုရ၌ ဝါဆိုခြင်းသို့ ကပ်ရောက်ချေသောင် တကား။ များစွာကုန်သော နတ်တို့အားလည်း ကျေးဇူးများသည်ဖြစ်ပေလတ္တံ့။ ဤကျောက်ဖျာ၌ မြတ်စွာဘုရားသခင် သည် ဝါသို့ကပ်တော်မူသည်ရှိသော်၊ တပါးသောနတ်တို့သည် လက်ကို သော်လည်း တင်ထားခြင်းငှါ မစွမ်းနိုင် ကုန်လတ္တံ့။ ဤပဏ္ဍုကမ္ဗလာ ကျောက်ဖျာသည် အလျားအားဖြင့် ယူဇနာခြောက်ဆယ် ရှိ၏။ အပြန့် အားဖြင့် ယူဇနာငါးဆယ်ရှိ၏။ အထုအားဖြင့် တဆယ့်ငါးယူဇနာ ရှိ၏၊ ဤမျှလောက်ကြီးကျယ်သော ကျောက်ဖျာသည် မြတ်စွာဘုရားထိုင်နေတော် မူသည်ရှိသော် အချည်းနှီးဖြစ်ပေလတ္တံ့ဟု ကြံ၏။

မြတ်စွာဘုရား သခင်သည် သိကြားမင်း၏အလိုကို သိတော်မူ၍၊ ကိုယ်တော်မြတ်၏ တန်ခိုးတော်ဖြင့် ဒုကုဋ်တော်ကို ကျောက်နေရာကို ဖုံးအုပ်လိုက်ချ၏၊ သိကြားမင်းသည် သင်္ကန်းတော်ကိုမူကား ရှေးဦးစွာ ဖုံးအုပ်လျက်ချခြင်း၏၊ ကိုယ်တော်သည်ကား အနည်းငယ်မျှသော တစိတ် တဒေသအရပ်၌ ထိုင်နေတော်မူလတ္တံ့ဟု ကြံ၏။ မြတ်စွာဘုရားသခင် သည် သိကြားမင်း၏အလိုကိုသိ၍ နိမ့်သောအင်းပျဉ်ကို လွှမ်းမိုးဖုံးအုပ် ထိုင်နေသော ပံသုကူဆောင်မထေရ်ကဲ့သို့ ပဏ္ဍုကမ္ဗလာကျောက်နေရာကို သင်္ကန်း၏အတွင်း ပြု၍သာလျှင် ထိုင်နေတော်မူ၏။

## လူအများမှ ငိုကြွေးကြခြင်း။

လူများအပေါင်းတို့သည်လည်း ထိုခဏ၌သာလျှင် မြတ်စွာဘုရားသခင် ကိုကြည့်ရှုသည်ရှိသော် မမြင်ရကုန်သောကြောင့်၊ လမင်း၏ဝင်သွားသော အခါကဲ့သို့၎င်း, နေမင်း၏ဝင်သွားသော အခါကဲ့သို့၎င်း ဖြစ်လေ၏။ လူ-များအပေါင်းသည် ဤသို့သောငိုကြွေး မြည်တမ်းခြင်းအသံကို ငိုကြွေး မြည်တမ်းလိုသည် ဖြစ်သောကြောင့်-

ဂတော နု စိတ္တကူဋံ ဝါ၊ ကေလာသံ ဝါ ယုဂန္ဓရံ။
န နော ဒေက္ခေမှ သမ္ဗုဒ္ဓံ၊ လောကဇေဋ္ဌံ နရာသဘံ။ ။

ဟူသော ဤဂါထာကို ရွတ်ဆိုလျက် ငိုကြွေးမြည်တမ်းလေ၏။

**အနက်ကား။** ။သမ္ဗုဒ္ဓေါ၊သဗ္ဗညုလေးအင် သိမြင်တတ်သော ဘုရား မြတ်သည်။စိတ္တကူနံ့ဝါ၊စိတ္တကူငှတောင်သို့ရင်း။ ကေလာသံဝါ၊ကေလာသ တောင်သို့ရင်း။ယုဂန္ဓရံဝါ၊ ယုဂန္ဓိုရ်တောင်သို့ရင်း။ ဂစ္ဆေ၊ ကြွတော် မူလေသလော။လောကဇေဋ္ဌံ၊ လူသုံးဦးတို့၏ အကြီးအမှူးဖြစ်တော်မူသော။ နရာသဘံ၊လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဦးဆောင်နွားပြ ဥသဘာသဖွယ် လည်းဖြစ်တော်မူထသော။ တံဗုဒ္ဓံ၊ သဗ္ဗညုလေးအင် သိမြင်တတ်တတ် ထို ဘုရားမြတ်ကို။နော၊ ငါတို့အား။နဒက္ခေမု၊ မမြင်ရချေကုန်တကား။ ။ ဤကားအနက်။

တပါးသော သူတို့သည်ကား မြတ်စွာဘုရားသခင်တို့ မည်သည် ဆိတ်ငြိမ်ရာအရပ်၌ နှလုံးရွှင်ပျော် မွေ့လျော်တော်မူ၏။ ထိုမြတ်စွာဘုရား သည် ဤသို့သဘောရှိသော ပရိသတ်၌ ဤသို့သဘောရှိသော တန်းခိုး ပြာဋိဟာကိုပြ၍ ရှက်နိုးသောကြောင့်၊ တိုင်းတပါးသို့သော်ရင်း, ဇနပုဒ် တပါးသို့သော်ရင်း ကြွသွားတော်မူသည် ဖြစ်ပေလိမ့်မည်။ ဤယခုအခါ ငါတို့အား မြတ်စွာဘုရားသခင်ကို ဖူးမြင်ရပါကုန် ဦးတော့အံ့လော ဟု ငိုကြွေးမြည်တမ်းလျက်-

> ပဝိဝေကရတော မိရော၊ နိ မံ လောကံ ပုနေဟိတိ။
> န နော ဒက္ခေမု သမ္ဗုဒ္ဓံ၊လောကဇေဋ္ဌံ နရာသဘံ။

ဟူသောဤဂါထာကို ရွတ်ဆို၏။

**အနက်ကား။** ။ပဝိဝေကရတော၊ ဆိတ်ငြိမ်ရာသို့ ချဉ်းကပ်မွေ့- လျော် သီတင်းသုံးတော်မူတတ်သော။ ဓိရော၊မြဲမြံခိုင်ခံ့ တည်တန့်သော သမာဓိရှိတော်မူသော မြတ်စွာဘုရားသခင်သည်။ ဣမံလောကံ၊ ငါတို့ နေရာ ရပ်ရွာဒေသ ဤလောကသို့။ နပုနေဟိတိ၊ တဖန် ပြန်ကြွတော်မမူ လာပေလတ္တံ့။လောကဇေဋ္ဌံ၊ လူသုံးဦးတို့၏ အကြီးအမှူးဖြစ်တော် မူထ သော။နရာသဘံ၊ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ဦးဆောင်နွားပြ ဥသဘာ သဖွယ်လည်း ဖြစ်တော်မူထသော။ သမ္ဗုဒ္ဓံ၊သဗ္ဗညုလေးအင် သိမြင်တတ်- တတ် ဘုရားမြတ်ကို။ နော၊ငါတို့အား။ နဒက္ခေမု၊ မဖူးမြင် ရချေကုန် တကား။ ။ဤကားအနက်။

## အရှင်မဟာမောဂ္ဂလာန်အား လျှောက်ထားကြခြင်း။

ထိုလူများအပေါင်းသည် အရှင်မဟာမောဂ္ဂလာန်မထေရ်ကို အရှင်-ဘုရား၊ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်အဘယ်အရပ်သို့ ကြွတော်မူသနည်းဟု မေးလျှောက်ကြကုန်၏၊ မဟာမောဂ္ဂလာန်မထေရ်သည် မိမိသိသော်လည်း သူတပါးတို့အားလည်း ဂုဏ်ကျေးဇူးတရား ထင်လျှားပါစေလိုသော အဇ္ဈာသယဖြင့် အနုရုဒ္ဓါမထေရ်ကို မေးလျှောက်ကြကုန်လော့ဟု မိန့်တော်မူ၏၊ ထိုလူများ အပေါင်းတို့သည် အနုရုဒ္ဓါမထေရ်သို့ချဉ်းကပ်၍ အရှင်ဘုရား၊ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည် အဘယ်အရပ်သို့ ကြွသွားတော်မူပါသနည်းဟု မေးလျှောက်ကုန်၏၊တာဝတိံသာနတ်ပြည်ဝယ် ပဏ္ဍုကမ္ဗလာကျောက်ဖျာ၌ ဝါကပ်တော်မူ၍ မယ်တော်ဖြစ်သော သန္တုသိတနတ်သားအား အဘိဓမ္မာ-ပိဋကတ်တရားကို ဟောကြားတော်မူခြင်းငှါ ကြွတော်မူလေသည် ဟု ပြော၏။

အရှင်ဘုရား၊ အဘယ်အခါ၌ တာဝတိံသာနတ်ပြည်မှ သက်ဆင်း ပြန်ကြွတော် မူလာပါအံ့နည်းဟု မေးလျှောက်ကုန် ပြန်သည်ရှိသော်၊ သုံးလတို့ပတ်လုံး အဘိဓမ္မာပိဋကတ် တရားတော်မြတ်ကို သက်မှတ် ပိုင်းခြား ဟောကြားတော်မူ၍၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာ နေ့၌ ကြွတော်မူလာလတ္တံ့ဟု မိန့်တော်မူ၏။

ထိုလူများအပေါင်းတို့သည် မြတ်စွာဘုရားသခင်ကို မဖူးမြင်ရမူ၍၊ ငါတို့ မသွားကုန်အံ့ဟု ထိုအရပ်၌သာလျှင်၊ သစ်ခက်အရံကို ဖွဲ့ချည် နေထိုင်ကြကုန်၏။ ထိုသူတို့၏နေရာအရပ်အမိုးသည် အထက်ကောင်းကင် ဟင်းလင်း အပြင်သည်သာလျှင် ဖြစ်ပေ၏၊များပြား အားကြီးစွာသော ထိုပရိသတ်၌ကိုယ်အညစ်အကြေး မသန့်စင်သောအရာမည်သည်မထင်။ မဟာပထဝီမြေကြီးသည် ဟင်းလင်းပွင့်၍ မသန့်စင်သောအညစ်အကြေး ဟူသမျှကို သိမ်းယူ၏။အလုံးစုံသောအရပ်၌ စင်ကြယ်သန့်ရှင်းသည်သာ လျှင်ဖြစ်သော မြေအပြင်သည် ဖြစ်၏။

## ရှင်ဥအနာထပိဏ်သူဌေး။

မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မမူမီ ရှေးဦးကပင်လျှင် မောဂ္ဂလာန်မထေရ်ကို ချစ်သားမောဂ္ဂလာန်၊ အသင်သည် သိုပရိသာတ်၌ တရားတော်ကို ဟောကြားလေလော့။ ရှင်ဥအနာထပိဏ်သူဌေးသည် အာဟာရကိုပေးလှူလတ္တံ့ဟု မိန့်မှာတော်မူခဲ့၏၊ ထိုကြောင့် ဤနေရာ၌နေသမျှ ဝါတွင်းသုံးလတို့ပတ်လုံး ရှင်ဥအနာထပိဏ်သူဌေးသည်သာလျှင် ထိုပရိသာတ်၏ နံနက်စာစားသောအခါ၌ ယာဂု, ထမင်း, ခဲဘွယ်, ကွမ်း, ဆီ လိမ်းကျံအင်သောနံ့သာ, ပန်းဆင်အင်သောပန်းတို့ကို ပေးလှူ၏။

မဟာမောဂ္ဂလာန်မထေရ်သည် တရားတော်ကိုဟောကြားတော်မူ၏။ တန်းခိုးပြာဋိဟာကို ဖူးမြင်ခြင်း၌ လာဘိုင်းလာဘိုင်းသော သူတို့မေးအပ်သော အမေးပုစ္ဆာတို့ကိုလည်း ဖြေဆိုတော်မူ၏။

မြတ်စွာဘုရားသခင်သည်လည်း မယ်တော်ဖြစ်ခဲ့ဘူးသောသန္တုသိတနတ်သားအား အဘိဓမ္မာတရားကို ဟောကြားတော်မူခြင်း၌ ပဏ္ဍုကမ္ဗလာကျောက်ဖျာထက်၌ဝါဆိုကပ်တော်မူသည်ရှိသော်တသောင်းသော စကြဝဠာတိုက်၌ နေထိုင်ကုန်သော နတ်ဗြဟ္မာအပေါင်းတို့သည် စည်းဝေးလာရောက်ခြံရံကုန်၏။ ထိုအကြောင်းကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သိလာယံ ပဏ္ဍုကမ္ဗလေ။
ပါရိစ္ဆတ္တကမူလမှိ၊ ဝိဟာသိ ပုရိသုတ္တမော။ ။
ဒသသု လောကဓာတူသု၊ သန္နိပတိတွာန ဒေဝတာ။
ပယိရုပါသန္တိ သမ္ဗုဒ္ဓံ၊ ဝသန္တံ နဂမုဒ္ဓနိ။ ။
န ကောစိ ဒေဝေါ ဝဏ္ဏေန၊ သမ္ဗုဒ္ဓဿ ဝိရောစတိ။
သဗ္ဗေ ဒေဝေ အတိက္ကမ္မ၊ သမ္ဗုဒ္ဓေါဝ ဝိရောစတိ။ ။

ဟူသောသုံးဂါထာတို့ကို မိန့်တော်မူခဲ့ပေ၏။

**အနက်ကား**။ ။ပုရိသုတ္တမော၊ ယောက်ျားမြတ်စစ် ဖြစ်တော်မူပေသော။ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင်သည်။ ယဒါ၊အကြင်အခါ၌။တာဝတိံ

သေ၊ သုံးကျိပ်သုံးပါးသော သိကြားနတ်မင်းတို့၏ ပျော်ခင်းစရာ တာဝတိံသာနတ်ပြည်၌၊ ပါရိစ္ဆတ္တကမူလ၌၊ ပင်လယ်ကသစ်ပင်၏အရင်း၌။ ပဏ္ဍုကမ္ဗလေ၊ ပဏ္ဍုကမ္ဗလဟု ဆိုအပ်သော သိလာယံ၊ ကျောက်နေရာ၌။ ဝိဟာသိ၊ သီတင်းသုံး စံနေတော်မူ၏။ တဒါ၊ ထိုအခါ၌၊ ဒသသု လောကဓာတူသု၊ တသောင်းသော လောကဓာတ်တို့၌၊ ဝသန္တာ၊ နေကုန်သော ဒေဝတာ၊ နတ်ဗြဟ္မာ အပေါင်းတို့သည်၊ သန္နိပတိတွာ၊ စုရုံးစည်းဝေး နဂမုဒ္ဒနီ၊ မြင်းမိုရ်၏ တောင်ထိပ်ဖြစ်သော ပင်လယ်ကသစ်ပင်ရင်း ခင်းကျင်းအပ်သောကျောက်နေရာ၌၊ ဝသန္တံ၊ သီတင်းသုံးစံနေတော်မူသော တထာဂတံ မြတ်စွာဘုရားသခင်ကို။ ပယိရုပါသန္တိ၊ မှီဝဲဆည်းကပ် ကြကုန်၏။

ကောစိဒ္ဒေဝေါ၊ တစုံကယောက်သော နတ်ဗြဟ္မာသည်။ ဝဏ္ဏေန၊ အဆင်းအရောင်ဖြင့်။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားသခင်အား၊ အတိက္ကမ္မ၊ လွန်မြောက်၍။ နဝိရောစတိ၊ မတင့်တယ်နိုင်။ သဗ္ဗေဒေဝေ၊ အလုံးစုံကုန်သော နတ်ဗြဟ္မာအပေါင်းတို့ကို။ အတိက္ကမ္မ၊ လွန်မြောက်တော်မူ၍။ သမ္ဗုဒ္ဓေါဝ၊ မြတ်စွာဘုရားသခင်သည်သာလျှင်။ ဝိရောစတိ၊ တင့်တယ်တော်မူပေ၏၊ ။ဤကားအနက်။

## ဣန္ဒကနှင့် အင်္ကုရနတ်သား။

ဤသို့သောအခြင်းအရာဖြင့် အလုံးစုံသော နတ်ဗြဟ္မာအပေါင်းတို့ကို ကိုယ်တော့်ရောင်ခြည်ဖြင့် လွှမ်းမိုး၍၊ သီတင်းသုံး စံနေတော်မူသော မြတ်စွာဘုရားသခင်အား မယ်တော်ဖြစ်သောနတ်သားသည် ထုသိတာဗိမာန်မှ လာခဲ့၍၊ လက်ျာနံပါး၌ထိုင်နေ၏။ ဣန္ဒကနတ်သားသည်လည်း လာခဲ့ပြီးသော်၊ လက်ျာနံပါး၌သာလျှင် ထိုင်နေ၏။ အင်္ကုရနတ်သားသည် လက်ဝဲနံပါး၌ ထိုင်နေ၏။

ထိုအင်္ကုရနတ်သားသည် တန်ခိုးကြီးကုန်သော နတ်ဗြဟ္မာတို့ စည်းဝေးလာရောက်ကုန်သည်ရှိသော်၊ နေရာမှတဖြည်းဖြည်း ဖဲသွား၍၊ တဆဲ့နှစ်ယူဇနာရှိသောအရပ်၌ အခွင့်ကိုရလေ၏။ ဣန္ဒကနတ်သားသည် မိမိထိုင်နေမြဲတိုင်းဖြစ်သော ထိုနေရာ၌သာလျှင် ထိုင်နေ၏။ မြတ်စွာဘုရားသခင်သည် ထိုနှစ်ယောက်ကုန်သောနတ်သားတို့ကို ကြည့်ရှုတော်မူ၍၊ မိမိသာသနာတော်၌အလှူခံထိုက်ကုန်သောပုဂ္ဂိုလ်တို့အားပေးလှူအပ်သော

အလှူဒါန၏အကျိုးကြီးမြက်သည့် အဖြစ်ကိုသိစေတော်မူသိုသောကြောင့်။ အချင်းအင်္ကုရ၊ အသင်သည် ကြာမြင့်ရှည်စွာသော ကာလပမြတ်စွာဘုရား သာသနာတော်နှင့် ငါဘုရား၏သာသနာတော်အကြား၌ အနှစ်တသောင်း ကာလပတ်လုံးတဆဲ့နှစ်ယူဇနာရှိသောခုံလောက်အစဉ်ကိုပြု၍ကြီးစွာသော အလှူကိုပေးလှူအပ်၏၊ ဤယခုအခါ၌ ငါဘုရားသခင်၏အစည် အဝေးသို့ ဝင်ရောက်သည် ရှိသော်၊ တဆဲ့နှစ်ယူဇနာ ဝေးကွာ၍သာန ရပ်ဒေသ၌ [illegible]ကိုရ၏၊ ဤအရာ၌ အကြောင်းကား အဘယ်သို့ ပေနည်းဟု ဤသို့ သောစကားတော်ကို မိန့်တော်မူ၏။

အကြောင်းကို ပါဠိတော်စကားဖြင့် ထင်ရှားပြလိုသော အဋ္ဌကထာ ဆရာသည်-

ဩလောကေတွာန သမ္ဗုဒ္ဓေါ၊ အင်္ကုရဉ္စာပိ ဣန္ဒကံ။
ဒက္ခိဏေယျံ ပိဘာဝေန္တော၊ ဣဒံ ဝစန မဗြဝိ။ ။

မဟာဒါနံ တယာ ဒိန္နံ၊ အင်္ကုရ ဒီဃမန္တရေ။
အတိဒူရေ နိသိန္နော သိ၊ အာဂစ္ဆ မမ သန္တိကေ။ ။

ဟူသောဤနှစ်ဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင်သည်။ အင်္ကုရဉ္စာပိ၊ အင်္ကုရနတ်သားကိုလည်း။ ဣန္ဒကဉ္စ၊ ဣန္ဒကနတ်သားကိုလည်း။ ဩလောကေတွာန၊ ကြည့်ရှုတော်မူပြီး၍။ ဒက္ခိဏေယျံ၊ မြတ်သောအလှူခံကို၊ ပိဘာဝေန္တော၊ ထင်ရှားစွာပြလို၍။ ဝါ၊ ပြလိုသောကြောင့်။ ဣဒံဝစနံ၊ ဤသို့သော စကားကို။ အဗြဝိ၊ မိန့်ဆိုတော်မူပြီ။

အင်္ကုရ၊ အချင်းအင်္ကုရ။ တယာ၊ သင်သည်။ ဒီဃမန္တရေ၊ မြင့်ရှည် စွာသော အကြားကာလပတ်လုံး။ မဟာဒါနံ၊ ကြီးစွာသော အလှူကို။ ဒိန္နံ၊ ပေးလှူအပ်၏။ မမ၊ ငါဘုရား၏ သန္တိကေ၊ အထံ၌။ အာဂစ္ဆ၊ လာ၍။ အတိဒူရေ၊ အလွန်ဝေးသောအရပ်၌၊ ကသ္မာ၊ အဘယ်ကြောင့်။ နိသိန္နော၊ ထိုင်နေရသည်။ အသိ၊ ဖြစ်သနည်း။ ။ ဤကားအနက်။

မြတ်စွာဘုရားသခင် မိန့်တော်မူသော ထိုအသံတော်သည် မြေအပြင် သို့ရောက်လေ၏။ အလုံးစုံလည်း ဖြစ်ကုန်သော ပရိသတ်တို့သည် ထို-

စကားတော်ကို ကြားနာရကုန်၏။ ဤသို့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်သည် တိုက်တွန်းစိစစ်တော် မူအပ်သော အကျိုးရနတ်သားသည် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ မြင့်မြတ်သော အလှူခံမှ ဆိတ်သော ကြီးကျယ်များပြားစွာလှူအပ်သောထိုအလှူဒါနဖြင့် အဘယ်မျှ အံ့နည်း။ ဤဣန္ဒကနတ်သားသည်မြင့်မြတ်သောအလှူခံပုဂ္ဂိုလ်အား အနည်းငယ်မျှသောဒါနကိုပေးလှူ၍၊ ကြယ်တာရာအပေါင်း၏အလယ်၌ ထွန်းလင်းတင့်တယ်သောလမင်းကဲ့သို့၊ တာဝတိံသာဘုံ၌ တင့်တယ်ပါပေ၏ဟု လျှောက်၏။

ထိုအကြောင်းကို ပါဠိတော်စကားဖြင့် ထင်ရှားပြလိုသော အဋ္ဌကထာဆရာသည်-

> ဓောဒိတော ဘာဝိတတ္တေန၊ အင်္ကုရော ဧတ မဗြဝိ။
> ဂိဟ္ တိ မယ့် တေန ဒါနေန၊ ဒက္ခိဏေယျေန သုညတံ။ ။
>
> အယံ သော ဣန္ဒကော ယက္ခော၊ ဒဇ္ဇာ ဒါနံ ပရိတ္တကံ။
> အတိရောစတိ အမှေဟိ၊ စန္ဒော တာရဂဏေ ယထာ၊ ။

ဟူသောဤနှစ်ဂါထာတို့ကို မိန့်တော်မူခဲ့၏။

**အနက်ကား**။ ။ဘာဝိတတ္တေန၊ ထင်ပျားပြစေလိုသဖြင့်။ ဓောဒိတော၊တိုက်တွန်းအပ်သော အင်္ကုရနတ်သားသည်။ ဧတံ၀စနံ၊ဤသို့သော စကားကို။အဗြဝိ၊ လျှောက်ပြီ။ ဘန္တေ၊ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား။ ဒက္ခိဏေယျေန၊ မြတ်သောအလှူခံမှ။ သုညတံ-သုည တသာ၊ဆိတ်သော။မယှံ၊ တာဝတိံသာတော်အား။ တေနဒါနေန၊ ထိုကြီးစွာသောအလှူဒါနဖြင့်။ကိံ၊ အဘယ်သို့ပြုရအံ့နည်း။

ဣန္ဒကော၊ ဣန္ဒကမည်သော။ အယံသောယက္ခော၊ ဤနတ်သည်။ ပရိတ္တကံ၊အနည်းငယ် မျှသော ဒါနံ၊ အလှူကို။ဒဇ္ဇာ-ဒတွာ၊ ပေးလှူ၍။ တာရဂဏေ၊ကြယ်တာရာအပေါင်း၌။ စန္ဒောသထာ၊လမင်းကဲ့သို့။ အမှေဟိ၊တာဝတိံသာတော်တို့ထက်။ အတိရောစတိ၊သာလွန်ပိုမို၍ တင့်တယ်၏။ ။ ဤကားအနက်။

ဤသို့ လျှောက်ဟင်သည်ရှိသော်၊ မြတ်စွာဘုရားသခင်သည် ဣန္ဒကနတ်သားကို အချင်းဣန္ဒကနတ်သား၊ အသင်သည် ငါဘုရားသခင်၏

လက်ျာနံပါး၌ထိုင်နေလျက်၊ အချပ်တပါးသို့မဖဲသွားမူ၍သာလျှင် အဘယ်ကြောင့်ထိုင်နေခြင်းငှါ စွမ်းနိုင်သနည်းဟု မေးတော်မူ၏၊ ဣန္ဒကနတ်သားက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်သည် ကောင်းသောလယ်မြေ၌ အနည်းငယ်မျှသောမျိုးစေ့ကို စိုက်ပျိုးမိသော လယ်လုပ်ယောကျ်ားကဲ့သို့ မြင့်မြတ်သောအလှူခံ၏ပြည့်စုံခြင်းကို ရအပ်ပါသည်ဟု မြင့်မြတ်သော အလှူခံကို ချီးမွမ်းသောမနာ ထင်ရှားပြလိုသောကြောင့်-

ဥစ္စာဂ်လေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုကံ ရောပိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာ ပိ တောသေတိ ကဿကံ။ ။
တထေဝ ဒါနံ ဗဟုကံ၊ ဒုဿီလေသု ပတိဋ္ဌိတံ။
န ဝိပုလံ ဖလံ ဟောတိ၊ နာ ပိ တောသေတိ ဒါယကံ။ ။
ယထာပိ ဘဒ္ဒကေ ခေတ္တေ၊ ဗီဇံ အပ္ပံ ပိ ရောပိတံ။
သမ္မာဓာရေ ပဝေစ္ဆန္တေ၊ ဖလံ တောသေတိ ကဿကံ။ ။
တထေဝ သီလဝန္တေသု၊ ဂုဏဝန္တေသု တာဒိသု။
အပ္ပကံ ပိ ကတာကာရံ၊ ပုညံ ဟောတိ မဟပ္ဖလံ။ ။

ဟူသော လေးဂါထာတို့ကို ရွက်ဆို၏။

**အနက်ကား**။ ။ဥစ္စာဂ်လေ၊ကြပ်တည်း ကုံးခေါင်ဖြစ်သော၊ ခေတ္တေ၊ လယ်မြေ၌။ဗဟုကံ၊ များစွာ ရောပိတံ၊ စိုက်ပျိုးအပ်သော၊ ဗီဇံ၊ မျိုးစေ့သည်။ဝိပုလံ၊ပြန့်ပြောသော၊ ဖလံ၊အသီးသည်။ဝါ၊ကို။ နဟောတိ၊မဖြစ်။ ဝါ၊မဖြစ်စေ။ကဿကံပိ၊ဘောင်သူယောကျ်ား လယ်ထွန်သမားကိုလည်း။ နာပိတောသေတိယထာ၊ မနှစ်သက်စေသကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ဒုဿီလေသု၊ သီလအလျှင်း ကင်းရှင်းချို့နဲ့ မဲ့ကုန်သောဒုဿီလတို့၌။ပတိဋ္ဌိတံ၊တည်သော။ ဝါ၊တည်စေအပ်သော။ ဗဟုကံ၊များစွာသော။ ဒါနံ၊အလှူဒါနသည်။ ဝိပုလံ၊ကြီးကျယ်ပြန့်ပြောသော။ ဖလံ၊အကျိုးသည်။ ဝါ၊ကို။နဟောတိ၊ မဖြစ်၊ ဝါ၊မဖြစ်စေ။ ဒါယကံပိ၊ပေးလှူသူ ဒါယကာကိုလည်း။ နတောသေတိ၊ မနှစ်သက်စေ။

ဘဒ္ဒကေ၊ကောင်းသော။ ခေတ္တေ၊လယ်မြေ၌။ ရောပိတံ၊စိုက်ပျိုးအပ်သော။အပ္ပံပိ၊အနည်းငယ်လည်းဖြစ်သော၊ ဗီဇံ၊မျိုးစေ့သည်။သမ္မာဓာရေ၊

ကောင်းစွာရေအာသဉ်ကို ဆောင်ခြင်းသည်။ ပဝတ္တနွေ၊ဖြစ်လတ်သည်ရှိသော်။ဖလံ၊ များသောအသီးသည်။ ဟောတိ၊၏။ကာသကာ၊ တောင်သူ ယောက်ျား လယ်လုပ်သမားကို။ တောသေတိ၊ယထာပိ၊ နှစ်သက်စေ သကဲ့သို့လည်း-

တထေဝ၊ထိုအတူသာလျှင်။ သီလဝန္တေသု၊သီလရှိကုန်သော။ ဂုဏဝန္တေသု၊ ဂုဏ်ကျေးဇူးရှိကုန်သော။ တာဒိသု၊ထိုသို့ သဘောရှိသော အလှူခံပုဂ္ဂိုလ်တို့၌။ ကတာကာရံ၊ပြုအပ်သော အခြင်းအရာရှိသော။အပ္ပကမ္ပိ၊ အနည်းငယ်လည်း ဖြစ်သော၊ ပုညံ၊ကောင်းမှုသည်။ မဟပ္ဖလံ၊ ကြီးကျယ်များပြတ်သော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ။ဤကား အနက်။

## ဣန္ဒကနတ်သား ကောင်းမှု။

ထိုဣန္ဒကနတ်သား၏ ရှေးကောင်းမှုသည် အဘယ်နည်းဟူမူကား- ထိုဣန္ဒကနတ်သားသည် ရွာ၏အတွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူသော အနုရုဒ္ဓါမထေရ်အား မိမိစားရန်အလို့ငှါ ဆောင်ယူအပ်သော ထမင်းမှ တယောက်ချီမျှလောက်သောဆွမ်းကို ပေးလှူပေ၏၊ထိုသို့ပေးလှူ အပ်သော ဣန္ဒကနတ်သား၏ အလှူကောင်းမှုသည် အနှစ်တသောင်းတို့ ကာလပတ်လုံး တဆဲ့နှစ်ယူဇနာရှိသော အရပ်ကို ခုံလောက်အစဉ်စပ် သည်ကိုပြု၍၊ပြုလုပ်လှူဒါန်းအပ်သော အင်္ကုရနတ်သား၏ဒါနထက် အကျိုး ကြီးမြတ်သည် ဖြစ်လေသတည်း။ ထိုကြောင့် ဤသို့ လျှောက်ထားလေ သတည်း။

ဤသို့ဣန္ဒကနတ်သား လျှောက်သည်ရှိသော်၊ဘုရားကိုယ်တော်မြတ်က အချင်းအင်္ကုရနတ်သား အလှူဒါနသည် ရွေးချယ်ဝိစိစ်၍ ပေးလှူခြင်းငှါ အပ်၏။ဤသို့ ရွေးချယ်ဝိစိစ်၍ ပေးလှူအပ်သည်ရှိသော်၊ ကောင်းသော လယ်မြေတို့၌ စိုက်ပျိုးအပ်သောမျိုးစေ့ကဲ့သို့ အကျိုးကြီးမြတ်သည်ဖြစ် ပေ၏။အသင်သည်ကား ထိုသို့သောအခြင်းအရာဖြင့် ရွေးချယ်ဝိစိစ်ခြင်း ကိုမပြု။ထိုကြောင့် အသင်လှူအပ်သော ဒါနသည် အကျိုးကြီးမြတ်ခြင်း မဖြစ်လေသည်ဟု မိန့်တော်မူပြီးမှ ဤသို့သောအကြောင်းကို ထင်ရှားစွာ ပြတော်မူလိုသောကြောင့်-

ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊
ယတ္ထ ဒိန္နံ မဟပ္ဖလံ။
ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊
ယေ ဒက္ခိဏေယျာ ဣဓ ဇီဝလောကေ။
ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊
ဗီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။ ။

ဟူသောဂါထာကို မိန့်တော်မူ၏။

**အနက်ကား**။ ။အကိုရ၊ အင်္ကုရနတ်သား။ ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ ဒိန္နံ၊ ပေးလှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးဖြတ်သည်။ ဟောတိ၊ ဖြစ်၏၊ တတ္ထ၊ ထိုပုဂ္ဂိုလ်၌။ ဝိစေယျ၊ ရွေးချယ် စိစစ်၍။ ဒါနံ၊ အလှူကို။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏၊ ဝိစေယျ၊ ရွေးချယ်ဝိစစ်၍၊ ဒါနံ ပေးသောအလှူကို။ သုဂတပသတ္ထံ၊ မြတ်စွာဘုရား ချီးမွမ်းတော်မူအပ်၏၊ ဣဓဇီဝလောကေ၊ ဤလူ့ပြည်၌။ ယေပုဂ္ဂလာ၊ အကြင် ပုဂ္ဂိုလ် တို့သည်၊ ဒက္ခိဏေယျာ၊ မြတ်သောအလှူကို ခံထိုက်ကုန်၏။ ဧတေသုပုဂ္ဂလေသု၊ ထိုပုဂ္ဂိုလ်တို့၌။ ဒိန္နာနိ၊ ပေးလှူကုန်သော အလှူတို့သည်၊ မဟပ္ဖလာနိ၊ ကြီးမြတ်သောအကျိုး ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ကိံဣဝ၊ ဥပမာဆို အဘယ်သို့နည်း ဟူမူကား။သုခေတ္တေ၊ ကောင်းသောလယ်မြေ၌၊ ဝုတ္တာနိ၊ ပိုက်ပျိုးအပ်ကုန်သော။ ဗီဇာနိယထာ၊ မျိုးစေ့တို့ကဲ့သို့တည်း။ ။ဤကားအနက်။

ဤသို့သောဓမ္မဒေသနာကို ဟောကြားတော်မူပြီး၍၊ ထိုဆက်အလွန် လည်း တရားတော်ကို ဟောကြားတော်မူပြန်လိုသောကြောင့်-

တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။ ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။ ။
တိဏဒေါသာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ၊
တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။ ။
တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။ ။

တည္ဆာဝဂ်လာ ဤလေးဂါထာတို့ကို မိန့်တော်မူ၏။

**အနက်ကား**။ ။ခေတ္တာနိ၊လယ်ယာတို့သည်။ တိဏဒေါသာနိ၊မြက်ပင်ပေါက်ရောက်ခြင်းတို့ကြောင့် အပြစ်ရှိကုန်၏။ အယံပဇာ၊ ဤသတ္တဝါအပေါင်းတို့သည်၊ ရာဂဒေါသာ၊ ရာဂကြောင့်အပြစ်ရှိကုန်၏။ တသ္မာဟိ-တသ္မာဧဝ၊ ထိုကြောင့်သာလျှင်။ ဝီတရာဂေသု၊ကင်းသောရာဂရှိကုန်သော ပုဂ္ဂိုလ်တို့၌။ဝါ၊ တို့အား။ဒိန္နံ၊ပေးလှူအပ်သော အလှူသည်။မဟပ္ဖလံ၊ကြီးသောအကျိုးရှိသည် ဟောတိ၊ဖြစ်၏။ ခေတ္တာနိ၊တို့သည်၊တိဏဒေါသာနိ၊ကုန်၏၊အယံပဇာ၊တို့သည်၊ဒေါသဒေါသာ၊ ဒေါသကြောင့်အပြစ်ရှိကုန်၏။ တသ္မာဟိ-တသ္မာဧဝ၊ သာလျှင်။ ဝီတဒေါသေသု၊ ဒေါသကင်းသော ပုဂ္ဂိုလ်တို့၌၊ဝါ၊တို့အား။ ဒိန္နံ၊သည်၊မဟပ္ဖလံ၊ သည် ဟောတိ၊၏။

ခေတ္တာနိ၊တို့သည်။ တိဏဒေါသာနိ၊ကုန်၏။ အယံပဇာ၊ တို့သည်။ မောဟဒေါသာ၊ မောဟကြောင့် အပြစ်ရှိကုန်၏။ တသ္မာဟိ-တသ္မာဧဝ၊ ကြောင့်လျှင်။ဝီတမောဟေသု၊ ကင်းသောမောဟရှိသော ပုဂ္ဂိုလ်တို့၌။ ဒိန္နံ၊သည်။ မဟပ္ဖလံ၊ သည်။ဟောတိ၊၏၊ ခေတ္တာနိ၊တို့သည်။ တိဏ-ဒေါသာနိ၊ကုန်၏။အယံပဇာ၊တို့သည်၊ ဣစ္ဆာဒေါသာ၊ အလိုရမ္မက်ကြောင့် အပြစ်ရှိကုန်၏၊ တသ္မာဟိ-တသ္မာဧဝ၊ ထိုကြောင့်သာလျှင်။ဝိဂတိစ္ဆေသု၊ အလိုရမ္မက်ကင်းသော ပုဂ္ဂိုလ်တို့၌။ဒိန္နံ၊ သည်။မဟပ္ဖလံ၊ သည်။ဟောတိ၊၏၊ ။ဤကားအနက်။

ဒေသနာတော်၏အဆုံး၌အင်္ကုရနတ်သား,ဣန္ဒကနတ်သား နှစ်သောက်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။တာဝတိံသာ နတ်ပြည်၌ ဟောကြားတော်မူအပ်သော ဒေသနာတော်သည် လူများအပေါင်းအား လည်း အကျိုးများသော ဓမ္မဒေသနာဖြစ်ပေ၏။

အင်္ကုရဝတ္ထု ပြီး၏။

**အဘိဓမ္မာ တရားတော်။**

ထိုနောက်မြတ်စွာဘုရားသခင်သည် နတ်ပြဟ္မာပရိသတ်၏ အလယ်၌ သီတင်းသုံးစံနေတော်မူလျက် မယ်တော်ဖြစ်ဘူးခဲ့သော သန္တုသိတနတ်သားကို အကြောင်းပြုသောအားဖြင့်-

"ကုသလာ ဓမ္မာ အကုသလာ ဓမ္မာ အဗျာကတာ ဓမ္မာ"

အစဖြာသော အဘိဓမ္မာပိဋကတ်ကို ဝါတွင်းသုံးလပတ်လုံး အစဉ်မပြတ် တန့်ရပ်နားနေခြင်းမရှိမူ၍ ဟောကြားတော်မူ၏။ ဟောကြားတော်မူလျက်

သော်လည်း မြတ်စွာဘုရားသခင်သည် ဆွမ်းခံကြွတော်မူချိန်တိုင်သော အခါ၌ "ငါဘုရားကြွတော်မူလာသော အချိန်ကာလတိုင်အောင် တရားတော်ကို ဟောကြားစေသတည်း"ဟု နိမ္မိတဘုရားကို ဖန်ဆင်းပြီးလျှင်၊ ဟိမဝန္တာသို့ကြွသွား၍ နာဂလတာဒန်ပူကို သုံးဆောင်တော်မူပြီးသော်၊ အနောတတ္တအိုင်၌ ခံတွင်းကို ဆေးကြောပြီးလျှင်၊ ဥတ္တရကုရုကျွန်းမှ ဆွမ်းကိုဆောင်၍ ကြီးစွာသော အင်ကြင်းပင်ရိပ်အပြင်၌ ထိုင်နေတော်မူလျက်၊ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူ၏။ သာရိပုတ္တရာမထေရ်သည် ထိုအရပ်သို့သွားရောက်၍ မြတ်စွာဘုရားသခင်အား ဝတ်ကြီးဝတ်ငယ်ကိုပြု၏။မြတ်စွာဘုရားသခင်သည် ဆွမ်းစားခြင်းကိစ္စပြီးဆုံးသောအခါ၌။ ချစ်သားသာရိပုတ္တရာ၊ ယနေ့ငါဘုရားသည် ဤမျှလောက်သောတရားကို ဟောကြားအပ်၏။ အသင်သည် မိမိအတွင်းနေ တပည့်ဖြစ်ကုန်သော ရဟန်းတို့အား ချပို့လေလော့ဟု မထေရ်အား မိန့်တော်မူ၏။

မြတ်စွာဘုရားသခင်၏ ရေမီးအစုံဟု ဆိုအပ်သောတန်းခိုးပြာဋိဟာ၌ ကြည်ညို၍၊ငါးရာကုန်သော အမျိုးကောင်းသားတို့သည် အရှင်သာရိပုတ္တရာမထေရ်အထံ၌ ရဟန်းပြုကုန်၏။ ထိုရဟန်းတို့ကိုရည်၍၊မြတ်စွာဘုရားသခင်သည် အရှင်သာရိပုတ္တရာ မထေရ်ကို ဤသို့ မိန့်ဆိုတော်မူလေသတည်း။

မိန့်ဆိုတော် မူပြီးသော်၊ မြတ်စွာဘုရား သခင်သည် နတ်ပြည်သို့ ကြွသွားတော်မူ၍၊ နိမ္မိတကိုယ်စား ဘုရားသည် ဟောကြားအပ်သော အရပ်မှ ဆက်စပ်၍ ကိုယ်တော်သည် တရားတော်ကို ဟောကြားတော်မူ၏။ သာရိပုတ္တရာမထေရ်သည်လည်း ပြန်သွား၍ အတွင်းနေ တပည့်ဖြစ်ကုန်သော ထိုရဟန်းတို့အား အဘိဓမ္မာတရားကို ဟောကြားတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား နတ်ပြည်၌ သီတင်းသုံးတော်မူလျက်သာလျှင်၊အဘိဓမ္မာ ခုနစ်ကျမ်းကို သင်ယူဆောင်ရွက်ကုန်၏။

## အဘိဓမ္မာ ရှေးဦးသင် ရဟန်းတော်များ။

ထိုရဟန်းတို့၏ အကြောင်းကား ဤသို့ပေတည်း။ ထိုရဟန်းတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ငယ်စွာသော လင်းနို့တို့သည် ဖြစ်ကုန်၍ တခုသော လိုဏ်ခေါင်း၌ တွဲလဲဆွဲကုန်လျက် စင်္ကြံကြွပြီ

လျှင် အဘိဓမ္မာကို သချင်္ဂါယ် ကုန်သော နှစ်ပါးကုန်သော မထေရ်တို့၏ အသံကိုကြား၍ အသံ၌ တရားတော်တည်းဟူသော နိမိတ်ကို ယူကုန်၏။ ထိုလင်းနို့တို့သည် ဤသည်တို့ကား ခန္ဓာမည်ကုန်၏၊ ဤသည်တို့ကား ဓာတ်မည်ကုန်၏ ဟု မသိဘဲ 'အသံ၌ တရားတည်းဟူသော နိမိတ်ကို ယူကာမျှဖြင့်သာလျှင် ထိုဘဝမှ ရွေ၍ နတ်ပြည်၌ဖြစ်ကုန်၏။

ထိုနတ်တို့သည် တဆူသော ဘုရားရှင်၏အကြား ကာလပတ်လုံး နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာကို အစဥ်ခံစား၍ ထိုဘဝမှ ရွေ့ခဲ့သည်ရှိသော်၊ သာဝတ္ထိပြည်ဝယ် အသီးအသီးသော အမျိုးအိမ်တို့၌ ဖြစ်ကုန်၏။ မြတ်စွာဘုရားသခင် ပူဇော်မှုအပ်သော ရေ,မီး,အရုံသော တန်းခိုးပြာဋိဟာ၌ဖြစ်သော ကြည်ညိုခြင်း ရှိကြသဖြင့်၊ အရှင်သာရိပုတ္တရာ မထေရ်၏ အထံ၌ ရဟန်းပြု၍ လူတို့၏ပြည်၌ အလုံးစုံသော သူတို့၏ ရှေးဦးစွာ အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်သည် ဖြစ်ကုန်၏။

## မယ်တော် သန္တုသိတနတ်သား သောတာပန်ဖြစ်ခြင်း။

မြတ်စွာဘုရား သခင်သည်လည်း ထိုသို့သော အကြောင်းဖြင့်သာလျှင် နတ်,ဗြဟ္မာ,အပေါင်းတို့အားဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူ၏ ဒေသနာတော်၏အဆုံး၌ ကုဋေ ရှစ်သောင်းမျှလောက်ကုန်သော နတ်,ဗြဟ္မာ,အပေါင်းတို့အား သစ္စာလေးပါးတရားကို ပိုင်းခြားသိမြင်သဖြင့် အကျွတ်တရားကို ရခြင်းဖြစ်လေ၏။ မယ်တော်-မဟာမာယာဖြစ်ခဲ့ဘူးသော သန္တုသိတနတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။

လူ့ပြည်၌တည်ရှိသော အဝနီးအားဖြင့် သုံးဆဲ့ခြောက် ယူဇနာရှိသော ပရိသာတ်တို့သည် ဤယခုအခါ ခုနစ်ရက်မြောက်သော နေ့၌ မဟာပဝါရဏာနေ့ ဖြစ်လတ္တံ့တော့မည် ဟု မဟာမောဂ္ဂလာန် မထေရ်သို့ ချဥ်းကပ်၍၊ အရှင်ဘုရား၊ မြတ်စွာဘုရားသခင်၏ နတ်ပြည်မှ သက်ဆင်းအံ့သောနေ့ဖြစ်ခြင်းငှါ အပ်ပါသည် မဟုတ်တုံလော၊ တပည့်တော်တို့သည် မြတ်စွာဘုရားကို မဖူးမြင်ရဘဲ မပြန်သွားပါကုန်အံ့ ဟု လျှောက်၏။

## မြတ်စွာဘုရားအား လျှောက်ထားခြင်း။

အရှင် မောဂ္ဂလာန်သည် လျှောက်ထားသော စကားကို ကြား၍၊ ဒါယကာတို့၊ ကောင်းပြီ ဟု ဝန်ခံပြောဆိုပြီးသော်၊ ထိုအရပ်၌သာလျှင်

မြေကြီး၌ဒုပ်၍ မြင့်မိုရ်တောင်ခြေသို့ ရှေးရှုတက်သည်ကို ပရိသာတ်တို့ မြင်စေကုန်သတည်းဟု ဓိဋ္ဌာန်တော်မူ၍၊ ပတ္တမြားရတနာဖြင့် သီအံပ်သော ဖျော့တော့သော အဆင်းရှိသော ကမ္ဗလာချည်ကဲ့သို့ ထင်လျှားသော အဆင်းသဏ္ဍာန် ရှိသည့်ဖြစ်၍သာလျှင် မြင့်မိုရ်တောင်၏ အလယ်ဖြင့် တက်ကြွတော်မူ၏။

လူတို့သည်လည်း အရှင်မောဂ္ဂလာန် မထေရ်ကို တယူဇနာမျှလောက် တက်ရောက်ပြီ နှစ်ယူဇနာမျှလောက် တက်ရောက်ပြီ စသည်တို့ဖြင့် ပြော ဆိုသျက် ကြည့်ရှုကြကုန်၏။ အရှင်မောဂ္ဂလာန် မထေရ် သည်လည်း မြတ်စွာဘုရား၏ခြေတော်ကို ဦးခေါင်းဖြင့်• ပင့်မြှောက်ဘိသကဲ့သို့ တက် သွားပြီးသော်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ပရိသာတ် တို့သည် အရှင် ဘုရားတို့ကို ဖူးမြင်၍သာလျှင် သွားလိုကုန် ပါသည်။ အဘယ်အခါ၌ လူ့ပြည်သို့ သက်ဆင်းတော်မူပါကုန်အံ့နည်း ဟု မေး လျှောက်၏။

ချစ်သားမောဂ္ဂလာန်၊အသင်၏ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာ သည် အဘယ်အရပ်၌ နေသနည်း ဟု မေးတော်မူသဖြင့်။ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား၊သင်္ကဿပြည်၌ ဝါကပ်ဆိုပါသည်ဟု လျှောက်၏။ ချစ်သား မောဂ္ဂလာန်၊ ငါဘုရားသည် ဤမှ ခုနစ်ရက် မြောက်သော မဟာပဝါရဏာနေ့၌ သင်္ကဿမြို့၏ တံခါး၌ သက်ဆင်းတော်မူအံ့၊ ငါ- ဘုရားကို„ဖူးမြင်လိုကုန်သော သူတို့သည် ထိုသင်္ကဿမြို့၏ တံခါးသို့ လာရောက် စေကုန်သတည်း။ သာဝတ္ထိပြည်မှ သင်္ကဿမြို့ တံခါးသို့ ယူဇနာသုံးဆယ် ဝေးကွာကုန်၏၊ ဤမျှလောက်သော လမ်းခရီး၌ တစုံ- တယောက်သော သူအား သုံးဆောင်ဘွယ်ရာ ရိက္ခာယူဘွယ် ကိစ္စမရှိ၊ ဥပုသ်သုံးသည်ဖြစ်၍ ကျောင်းဦးသို့ တရားနာခြင်းငှါ သွားသောအခါ ကဲ့သို့ လာရောက်ကြကုန်လော့ ဟူ၍ ထိုပရိသာတ်တို့အား ကြားလေလော့ ဟု မိန့်တော်မူ၏၊

အရှင်မောဂ္ဂလာန် မထေရ်သည်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကောင်းပါပြီဟု လျှောက်ထား၍ လူ့ပြည်သို့ ကြွလာ- ပြီးသောအခါ၊ မြတ်စွာဘုရား မိန့်တော်မူတိုင်း ကြား၏။

## "တာဝတိံသာမှ သက်ဆင်းတော်မူခြင်း။

မြတ်စွာဘုရား သခင်သည် ဝါကျွတ်၍ ပဝါရဏာ ပြုပြီးသည့်ရှိသော်၊ သိကြားမင်းအား တကာတော် သိကြားမင်း၊ ငါဘုရား သည် လူတို့၏ ခရီးလမ်းကြောင်းသို့ ကြွတော်မူအံ့ဟု ကြားတော်မူ၏။ သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်း, ပတ္တမြားဖြင့် ပြီးသော စောင်းတန်း, ငွေဖြင့် ပြီးသော စောင်းတန်းအားဖြင့် သုံးရသော စောင်းတန်း လှေခါးတို့ကို ဖန်ဆင်း၏၊ ထိုစောင်းတန်းတို့၏ အခြေတို့သည် သင်္ကာသနမြို့၏ တံခါး၌ တည်ကုန်၏၊ စောင်းတန်း၏ အဦးတို့သည် မြင်းမိုရ်တောင်ထိပ်၌ တည်ကုန်၏၊ ထိုသုံးရသော စောင်းတန်း လှေခါးတို့တွင် လက်ျာဖြစ်သော နံပါး၌ ရွှေဖြင့်ပြီးသော စောင်းတန်းသည် နတ်တို့၏ သက်ဆင်းရာဖြစ်ပေ၏၊ လက်ဝဲနံပါး၌ ငွေဖြင့် ပြီးသော စောင်းတန်း လှေခါးသည် ဗြဟ္မာတို့၏ သက်ဆင်းရာ ဖြစ်ပေ၏၊ အလယ်၌ ဖြစ်သော ပတ္တမြားဖြင့် ပြီးသော စောင်းတန်း လှေခါးသည် မြတ်စွာဘုရားသခင်၏ သက်ဆင်းတော်မူရာ ဖြစ်ပေ၏။

မြတ်စွာဘုရားသခင်သည်လည်း မြင်းမိုရ်တောင်ထိပ်၌ ရပ်၍ နတ်ပြည်မှ သက်ဆင်းတော်မူသောအခါ၌ တန်ခိုး ပြာဋိဟာကို ပြုတော်မူ၍ အထက်သို့ ကြည့်တော်မူ၏၊ ဗြဟ္မာ့ပြည်တိုင်အောင် တပြိုင်နက် တချက် တည်းသော ဟင်းလင်းအပြင်သည် ဖြစ်ကုန်၏၊ အောက်သို့ ကြည့်ရှုတော်မူသောအခါ၊ အဝီစိငရဲတိုင်အောင် တခုတည်းသော ဟင်းလင်းအပြင်သည် ဖြစ်၏၊ ဝိလာဖြစ်သော အရပ်ရှစ်မျက်နှာသို့ ကြည့်ရှုတော် မူသောအခါ၊ အသိန်းမက များပြားလှစွာသော စကြဝဠာတို့သည် တခုတည်းသော ဟင်းလင်းအပြင်တို့ ဖြစ်ကုန်၏၊ နတ်ဗြဟ္မာတို့သည် လူတို့ကို မြင်ရကုန်၏၊ လူတို့သည်လည်း နတ်ဗြဟ္မာတို့ကို မြင်ရကုန်၏၊ အလုံးစုံသော နတ်,လူ, ဗြဟ္မာတို့သည် မျက်မှောက် ဖြစ်၍သာလျှင် မြင်ရကုန်၏။

မြတ်စွာဘုရား သခင်သည် နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဥ္ဇိဋ္ဌ၊ ပဘဿရ-ဟု ဆိုအပ်ကုန်သော ခြောက်သွယ်သော ရောင်ခြည်တော် တို့ကို လွှတ်တော်မူ၏။

## ရွှေ၊ ငွေ၊ ပတ္တမြား၊ စောင်းတန်းသုံးခု။

ထိုနေ့၌ မြတ်စွာဘုရား အသရေတော်ကို ကြည့်ရှု ဖူးမြော်၍ အဝန်းအားဖြင့် သုံးဆဲ့ခြောက် ယူဇနာရှိသော ပရိသာတ်၌ တယောက်သော သူသည်လည်း ဘုရား၏အဖြစ်ကို မတောင့်တသော သူမည်သည်မရှိ။ ရွှေဖြင့်ပြီးသော စောင်းတန်းဖြင့် နတ်တို့သည် သက်ဆင်းကုန်၏၊ ငွေဖြင့်ပြီးသောစောင်းတန်းဖြင့် ဗြဟ္မာတို့သည် သက်ဆင်းကုန်၏၊ ပတ္တမြားဖြင့်ပြီးသော စောင်းတန်းဖြင့် မြတ်စွာဘုရား သခင်သည် သက်ဆင်းတော်မူ၏။

ပဉ္စသိခ အမည်ရသော ဦးစွန်းငါးလုံး ထုံးဖွဲ့အပ်သော ဂန္ဓဗ္ဗနတ်သားသည် ဝါးမှည့်အဆင်းရှိသော စောင်းကိုယူ၍ လက်ျာနံပါး၌ တည်ပြီးလျှင် မြတ်စွာဘုရားသခင်အား သီချင်းကိုသီ၍ သာသာစွာသော နတ်စောင်း၏အသံဖြင့် ပူဇော်ခြင်းကိုပြုလျက် သက်ဆင်း၏၊ ချီးမြှင့်ခြင်းကိုပြုတတ်သော မာတလိနတ်သားသည် လက်ဝဲ နံပါး၌တည်၍ နတ်၌ဖြစ်သော နံ့သာ-ပန်းနွယ်၊ ပန်းပွင့်ကို ကိုင်စွဲပြီးသော် ရှိခိုးလျက် ပူဇော်ခြင်းကိုပြု၍ သက်-ဆင်း၏၊ မဟာဗြဟ္မာမင်းသည် ထီးကိုဆောင်မိုး၏၊ သုယာမနတ်သားသည် သားမြီးယပ်ကို ဆောင်၏။

မြတ်စွာဘုရား သခင်သည် ဤသို့သော အခြံအရံနှင့်တကွ သက်-ဆင်းတော်မူ၍ သင်္ကဿမြို့၏တံခါး၌ တည်တော်မူ၏။

သာရိပုတ္တရာမထေရ်သည်လည်း လာရောက်၍၊ မြတ်စွာဘုရားသခင်ကို ရှိခိုးပြီးသော် သာရိပုတ္တရာ မထေရ်သည် ထိုသို့သဘောရှိသော ဘုရား၏ အသရေတော်ဖြင့် သက်ဆင်းတော် မူသော မြတ်စွာဘုရားကို ဤမှ ရှေ့-အတိတ်၌ တရံတခါမျှ မမြင်ဘူးလေ။ ထို့ကြောင့်-

န မေ ဒိဋ္ဌော ဣတော ပုဗ္ဗေ၊ န သုတော ဥဒ ကဿစိ။
ဧဝံ ဝဂ္ဂုဂတော သတ္ထာ၊ တုသိတာ ဂဏိမာ ဂတော။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား**။ ။ဣတော၊ ဤမှ။ ပုဗ္ဗေ၊ ရှေး၌။ မေ-မယာ၊ တပည့်တော်အား။ န ဒိဋ္ဌော၊ မမြင်ဘူးချေတကား။ ဥဒ၊ မမြင်ဘူးသည်မှတပါး။ ကဿစိ၊

တရုတ်တယောက်သော သုံ၏။သင်္ကာ၊ အထိမှ။ နသုတော၊ ပါဆင့်၏ကား ပြောသိမ်အားကိုမျှ မကြားရဘူးချေတကား။ ဝေ၊ ဤသို့။ ဝဋ္ဋဂတော၊ တင့်တယ်စံပယ်ခြင်းသို့ ရောက်သော သတ္တဝါ၊မြတ်စွာဘုရား သခင်သည် ဂဏိမာ၊များစွာသော အခြံအရံရှိ၍သည်ဖြစ်၍၊တုသိတာ၊နှစ်သက်ဘွယ်ရာ တာဝတ်ိံသာနတ်ပြည်မှ၊အဝဂတော၊ကြွတော်မူလာချေသည်တကား။

**တနည်းကား။** ။ဝေ၊ ဤသို့။ တုသိတာ၊ နှစ်သက်ဘွယ်ရာ ရှိသော။ ၊ဂဏိမာ ဂတော၊ အခြံအရံ အပေါင်းနှင့် ကြွတော်မူလာသော၊ ဝေ- ဝဋ္ဋဂတော၊ ဤသို့ တင့်တယ် စံပယ်ခြင်းသို့ ရောက်သော။ သတ္တဝါ၊ မြတ်စွာဘုရားကို။ ရူတော၊မှ။ ပုဗ္ဗေ၊၌။ မေ-မမ၊အား။ န ဒိဋ္ဌော၊တကား။ ဥဒ၊တပါး။ ကဿစိ၊၏။ သင်္ကာ၊မှ။ န သုတော၊တကား။ ။ဤကား- အနက်။

ဤသို့စသည်တို့ဖြင့် မိမိနှစ်သက်ခြင်းကို ဖြပြီး၍။ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား ယနေ့ အလုံးစုံသော လူ့,နတ်,ဗြဟ္မာတို့သည်လည်း အရှင်ဘုရားတို့အား ချစ်မြတ်နိုးပါကုန်သည်၊ တောင့်တပါကုန်သည် ဟု ကြားလျှောက်၏။

## အကျွတ်တရားရသူပေါင်း ကုဋေသုံးဆယ်။

ထိုအခါ အရှင်သာရိပုတ္တရာ မထေရ်ကို ဘုရားကိုယ်တော်မြတ်က ချစ်သား သာရိပုတ္တရာ၊ ဤသို့ သဘောရှိသည်တို့နှင့် ပြည့်စုံကုန်သော ဘုရားရှင်တို့ကို ဗြဟ္မာ,နတ်,လူတို့အား ချစ်ခင်မြတ်နိုးခြင်းဖြစ်ကုန်သည် သာလျှင်တည်း ဟု မိန့်တော်မူပြီး၍ တရားဘော်ကို ဟောကြားတော် မူလိုသောကြောင့်-

> ယေ ဈာနပ္ပသုတာ ဓီရာ၊နေက္ခမ္မူပသမေ ရတာ။
> ဒေဝါ ပိ တေသံ ပိဟယန္တိ၊သမ္ဗုဒ္ဓါနံ သတီမတံ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား၊** ။ယေဓီရာ၊ အကြင် ပညာရှိတို့သည်။ ဈာနပ္ပသုတာ၊ ဈာန်၌ လေ့ကျက်ကုန်၏။နေက္ခမ္မူပသမေ၊ကာမဂုဏ်မှ ထွက်မြောက်ခြင်း, ကိလေသာငြိမ်းခြင်း၌။ရတာ၊မွေ့လျော်ကုန်၏။ သမ္ဗုဒ္ဓါနံ၊သစ္စာလေးပါးကို

သိကုန်သော။ သဘင်မဆော်၊ လွှန်ကဲသော သတိရှိကုန်သော။ တေသံ မိရာနံ၊ ထိုပညာရှိတို့အား။ ဒေဝါပိ၊ နတ်ဗြဟ္မာတို့ သည်လည်း။ ပိဟယန္တိ၊ ချစ်ခြတ်နိုးကုန်၏။ ။ဤကားအနက်။

ဒေသနာတော်၏ အဆုံး၌ ကုဋေသုံးဆယ်မျှလောက်ကုန်သော သတ္တဝါတို့အား အကျွတ်တရားကို ရခြင်းဖြစ်လေ၏။

ရှင်သာရိပုတ္တရာ မထေရ်၏ အတူနေ တပည့်ဖြစ်ကုန်သော ငါးရာကုန်သောရဟန်းတို့သည် အရဟတ္တဖိုလ်၌တည်ကုန်၏။

ပွင့်တော်မူလေကုန်ပြီးသော အလုံးစုံသော ဘုရားရှင်တို့အား မစွန့်အပ်သည့်သာလျှင် ဖြစ်သော ယမိုက်ပြာဋိဟာကိုပြု၍ နတ်ပြည်၌ ဝါကပ်ဆိုတော်မူပြီးသော်၊ သက်သာ မြို့တံခါး၌ သက်တော်မူ၏။ ထိုသက်သာမြို့တံခါး၌ ရှေးဦးစွာသော လက်ျာခြေတော်၏ တည်တော်မူရာအရပ်သည် အစလစေတီ တည်ရာ အရပ်မည်သည် ဖြစ်ပေ၏။

## ပြဿနာ မေးတော်မူခြင်း။

မြတ်စွာဘုရားသခင်သည် ထိုသက်သာ မြို့တံခါး၌ ရပ်တည်တော်မူ၍ ပုထုဇဉ်စသည်တို့၏ အရာတို့၌ ပြဿနာကို မေးတော်မူ၏။ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် မိမိအရာ၌ မေးအပ်သော ပြဿနာကို ဖြေဆို၍ သောတာပန်အရာ၌ မေးအပ်သော ပြဿနာကို ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကုန်။ သောတာပန်ပုဂ္ဂိုလ်သည် သကဒါဂါမ် အရာ၌၊ သကဒါဂါမ် ပုဂ္ဂိုလ်သည် အနာဂါမ် အရာ၌၊ အနာဂါမ်ပုဂ္ဂိုလ်သည် ရဟန္တာအရာ၌ မေးအပ်သော ပြဿနာကို ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကြကုန်။ မဟာမောဂ္ဂလာန် မထေရ် အရာ၌ မေးအပ်သော ပြဿနာကို ကြွင်းကုန်သော မဟာ သာဝကတို့သည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်ကုန်၊ သာရိပုတ္တရာ မထေရ် အရာ၌ မဟာမောဂ္ဂလာန် မထေရ်သည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်၊ ဘုရား၏ အရာ၌လည်း သာရိပုတ္တရာ မထေရ်သည်လည်း ဖြေဆိုခြင်းငှါ မစွမ်းနိုင်သည်သာလျှင်တည်း။

ထိုမြတ်စွာဘုရားသည်လည်း အရှေ့မျက်နှာကို အစပြု၍ အလုံးစုံသော အရပ်မျက်နှာတို့ကို ကြည့်ရှုတော်မူ၏။ အလုံးစုံသော အရပ်မျက်နှာတို့၌

တခုတည်းသော ဟင်းလင်း အပြင်သည်သာလျှင် ဖြစ်လေ၏။ အခရပ် ၅စ်မျက်နှာတို့၌ နတ်,လူတို့သည်၎င်း,အထက်၌ ဗြဟ္မာ့ပြည်တိုင်အောင်၊ အောက်၌ မြေ၌ တည်ကုန်သော ယက္ခပြည်, နဂါး, ဂဠုန်တို့ သည်၎င်း, လက်အုပ်ကို ချီမိုး၍ ရှိခိုးပြီးသော်။ဘုန်းတော် ကြီးတော်မူသော မြတ်စွာ-ဘုရား၊၏အရပ်၌ ထိုပြဿနာကို ဖြေဆိုနိုင်သောသူ မရှိပါ။ အရှင်မြတ် သည်သာလျှင် ဤအရာ၌ ရံစမ်းတော်မူပါကုန်လော့ ဟု လျှောက်ကုန်၏။ မေးအပ်သော ပြဿနာကား-

ယေ စ သင်္ခတဓမ္မာ သေခါ၊ ယေ စ ဲ သေခါ ပုထူ ဣဓ။
တေသံ နိပကော ဣရိယံ၊ ပုဋ္ဌော မေ ဗြူဟိ မာရိသ၊

ဟူသည်တည်း။

**အနက်ကား**။ ။ ဣဓ၊ ဤ လောက၌။ ယေ စ သင်္ခတဓမ္မာ၊ အကြင် သင်္ခတတရားတို့သည်၎င်း သေ စ သေခါ၊အကြင် သေခ ပုဂ္ဂိုလ်တို့သည် ၎င်း။ ပုထူ၊များကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ နိပကော၊ ရင့်သောပညာ ရှိသော၊ မာရိသ၊ ချင်း။ တေသံ၊ ထိုသင်္ခတတရား သေခပုဂ္ဂိုလ်တို့၏။ အရိယံ၊ ဖြစ်သော အရာကို။ ပုဋ္ဌော- ပုစ္ဆသော၊ မေးအပ်သော။ မေ- မမ၊ ငါ့အား။ ဗြူဟိ၊ ဖြေဆိုပါလော့။ ။ဤကားအနက်။

မြတ်စွာဘုရား သခင်သည် သာရိပုတ္တရာ မထေရ်ကား ပင်ပန်း၏၊ ဘုရားအရာ၌ မေးအပ်သော ပြဿနာကိုကြား၍၊မြတ်စွာဘုရား သခင် သည် ငါ့ကို သေခ,အသေခတို့၏ ရောက်ကြောင်း အကျင့်ကို မေးတော် မူလေသည်ဟု ပြဿနာ၌ ယုံမှားကင်း၏၊ခန္ဓာ အစရှိသည်တို့တွင်ကား အဘယ်မည်သော ခန္ဓာကို အရင်းမူလဖြင့်၊ဤအကျင့်ကို ပြောဆိုလျက် ငါသည် မြတ်စွာဘုရား၏ အလိုတော်ကို ယူခြင်းငှါ စွမ်းနိုင်အံ့လော၊ မစွမ်းနိုင်အံ့လော ဟု မြတ်စွာဘုရား၏ အလိုတော်၌ ယုံမှား၏။ ထို-သာရိပုတ္တရာသည် ငါဘုရား နည်းကို မပေးသည်ရှိသော်၊ ဖြေဆိုခြင်းငှါ မစွမ်းနိုင်လတ္တံ့။ထိုသာရိပုတ္တရာအား နည်းကို ပေးအံ့ဟု နှလုံးသွင်းတော် မူ၍ နည်းကို ညွှန်ပြလိုသောကြောင့်-

"ဘူတ မိဒံ သာရိပုတ္တ သမနုပဿသိ"။

ဟူသော ပါဠိကို မိန့်တော်မူ၏။

အနက်ကား။ ။သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ဣဓ ဘူတံ၊ ဤမဟာဘုတ်ကို။ သမနုပဿသိ၊ ကောင်းစွာ ရှုလေလော့၊ ။ဤကား-အနက်။

ဤသို့သော အခြင်းအရာဖြင့် နည်းပေးတော်မူခြင်းမှာ သာရိပုတ္တရာသည် ငါဘုရား၏ အလိုကိုယူ၍ ဖြေဆိုသည်ရှိသော်၊ ခန္ဓာ၏ အစွမ်းဖြင့် ဖြေဆိုလတ္တံ့ဟု ဤသို့သော အကြံတော်သည် ဖြစ်ပေသတတ်။ ထိုကြောင့် ဤကဲ့သို့ နည်းပေးလေသပေသည်း။

အရှင်သာရိပုတ္တရာမထေရ်အား နည်းပေးသည်နှင့် တကွနက် ထို-ပြဿနာသည် တရာသော နည်းဖြင့်ရင်း,တထောင်သော နည်းဖြင့်ရင်း, တသိန်းသော နည်းဖြင့်ရင်း ထင်၏။

## အရှင်သာရိပုတ္တရာ ပညာ။

ထိုအရှင် သာရိပုတ္တရာသည် မြတ်စွာဘုရား ပေးတော်မူအပ်သော နည်း၌တည်၍ ပြဿနာကို ဖြေဆိုတော်မူ၏။ မြတ်စွာဘုရား သခင်ကိုထား၍၊ သာရိပုတ္တရာမထေရ်၏ ပြဿနာကိုမှီလိုက်ခြင်းငှါ စွမ်းနိုင်သော သူမည်သည် တစုံတယောက်မျှမရှိ၊ ထိုကြောင့်သာလျှင် မထေရ်သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊တပည့်တော်သည် အလုံးစုံ စကြဝဠာတိုက်ကို မိုဃ်းရွာသည်ရှိသော်၊ ဤမျှလောက်သော မိုဃ်းရေပေါက်တို့သည် မဟာသမုဒ္ဒရာ၌ ကျကုန်၏။ ဤမျှလောက်သော မိုဃ်းရေပေါက်တို့သည် မြေကြီး၌ကျကုန်၏၊ ဤမျှလောက်သော မိုဃ်းရေပေါက်တို့သည် တောင်၌ ကျကုန်၏ဟု ရေတွက်၍ ပိုင်းခြားရေးသားခြင်းသို့ တင်ခြင်းငှါ စွမ်းနိုင်ပါသည်ဟု မြတ်စွာဘုရားရှေ့တော်မှ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါး၏။

ဘုရားကိုယ်တော်မြတ်ကလည်း ချစ်သားသာရိပုတ္တရာ၊ ထိုမိုဃ်းရေပေါက်တို့ကို အသင်ရေတွက်ခြင်းငှါ စွမ်းနိုင်သည်၏အဖြစ်ကို ငါဘုရား သိတော်မူပေ၏ဟု မိန့်တော်မူ၏။

အရှင်သာရိပုတ္တရာမထေရ်၏ ပညာကြီးကျယ်သောအရာ၌ ဥပမာ မည်သည်မရှိ။ ထိုသို့ နှိုင်းပြစရာ ဥပမာမရှိသောကြောင့်သာလျှင်

ဂဂ်ါယ ဝါလုကာ ခိယေ၊ ဥဒကံ ခိယေ မဟဏ္ဏဝေ။
မဟိယံ မတ္တိကာ ခိယေ၊ န ခိယေ မမ ဗုဒ္ဓိယာ။ ။

ဟူသော ဤဂါထာကို မိန့်တော်မူ၏။

**အနက်ကား။** ။ဂင်္ဂါယံ၊ ဂင်္ဂါမြစ်၌၊ ဝါလုကာ၊ သဲထုသည်။ ခိယေ၊ ကုန်ရာ၏။ မဟဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဥဒကံ၊ ရေသည်၊ ခိယေ၊ ကုန်ရာ၏။ မဟိယံ၊ မြေကြီး၌။ မတ္တိကာ၊ မြေမှုန့်သည်။ ခိယေ၊ ကုန်ရာ၏။ မမ၊ ငါ၏၊ ဗုဒ္ဓိယာ၊ ပညာသည်။ န ခိယေ၊ မကုန်ရာ။ ။ဤကားအနက်။

ရဟန်းတို့သည် ထိုသို့ဖြေဆိုသောစကားကိုကြား၍အကြောင်းပြဿနာကို မေးအပ်သည်ရှိသော်၊ အလုံးစုံလည်း ဖြစ်သော လူများအပေါင်းသည် ဖြေဆိုခြင်းငှါ မစွမ်းနိုင်၊ ထိုပြဿနာကို တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ တပါးတည်းသာလျှင် ဖြေဆိုနိုင်သေးသည် ဟူသော စကားကိုဖြစ်စေကြကုန်၏ မြတ်စွာဘုရားသခင်သည် ထိုစကားကို ကြား-တော်မူ၍။ချစ်သားရဟန်းတို့၊ ငါ့သားတော်သာရိပုတ္တရာသည် ဤယခု အခါ၌သာလျှင် အကြောင်း ပြဿနာကို လူများအပေါင်းတို့သည် ဖြေဆို ခြင်းငှါ မစွမ်းနိုင်။ထိုသူတပါး ဖြေဆိုခြင်းငှါမစွမ်းနိုင်သော ပြဿနာကို ဖြေဆိုသည်မဟုတ်သေး ရှေး၌လည်း ဤသာရိပုတ္တရာသည်ဖြေဆိုဘူးသည် သာလျှင်တည်းဟု မိန့်တော်မူပြီး၍ အတိတ်ကိုဆောင်တော်မူ၏။

## အတိတ်ဝတ္ထု။

လွန်လေပြီးသော ရှေးအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ္တမည် တော်မူသောမင်းကြီးသည် အသီးသီးသော ကျင့်ဝတ်တို့ဖြင့် မချွတ်ကုံလုံ ပြည့်စုံသမှု မင်းပြုတော်မူသည်ရှိသော်၊ ဘုရားအလောင်းသည် ဥဒိစ္စ-ပုဏ္ဏားမျိုး၌ဖြစ်၍၊ အရွယ်အဘိုင်းကြီးပွါး၍ ပညာသင်ချိန်တိုင်သောအခါ၊ တက္ကသိုလ်ပြည်သို့သွားရောက်၍ဒိသာပါမောက္ခ ဆရာ၏အထံ၌ မကျန် ကုံလုံ အလုံးစုံသော အတတ်တို့ကို သင်ပြီးသော်၊ တက္ကသိုလ်ပြည်မှ ပြန်လာခဲ့၍၊ ကာမဂုဏ်တို့ကို ပယ်စွန့်လျက်၊ ရသေ့ရဟန်း ပြုပြီးလျှင် ငါးပါးသောအဘိညာဉ် ရှစ်ပါးသောသမာပတ်တို့ကိုဖြစ်စေ၍၊ ဟိမဝန္တာ တော၌ နေ၏။

ဘုရားလောင်းအား အခြံအရံတပည့် ရသေ့ငါးရာတို့သည် ရှိသည်ဖြစ်ကုန်၏ ဘုရားလောင်း၏ တပည့်ကြီးဖြစ်သောရသေ့သည် မိုးကျသောအခါ ကာလ၌ ကျရောက်သည်ရှိသော်၊ နှစ်ရာငါးဆယ်သော တပည့်ရသေ့အပေါင်းကိုယူ၍၊ ချဉ်ဆားမှီဝဲအံ့သောအလို့ငှါ လူ့ပြည်သို့သွား၏။

ထိုအခါ ဘုရားလောင်းရသေ့၏ ရဟေ့သေလွန်သော ကာလသည်ဖြစ်၏ ရဟေ့သေလွန်ခါနီးအခါ၌ဘုရားလောင်းကိုတပည့်တို့ကဆရာသည် အဘယ်ကျေးဇူးကို ရပါသနည်းဟု ရအပ်သောတရားကို မေးကုန်၏။ ဘုရားလောင်သည် တစုံတခုသောစကားကို မပြောမဆို "နတ္ထိ ကိဉ္စိ"ဟု ပြောဆို၍ ရဟေ့သည်ရှိသော်၊အာဘဿရဗြဟ္မာ့ဘုံ၌ ဖြစ်လေ၏။

ထိုစကားသည်မှန်၏။ဘုရားအလောင်းတော်တို့သည် အရူပသမာပတ်ကိုရကုန်သော်လည်း၊ အရူပဗြဟ္မာဘုံသည် နိယတဗျာဒိတ် ရပြီးသော ဘုရားလောင်းတို့၏ လားကမ်ရာအရပ်မဟုတ် ဖြစ်သောကြောင့် အရူပဘုံ၌ မဖြစ်ကုန်။

တပည့်တော်သည် ငါတို့၏ဆရာအား ရအပ်သောတရား မရှိဟု သဂြိုဟ်ရာဖြစ်သောသုသာန်၌ ပူဇော်သက္ကာရကိုမပြုကုန်။ တပည့်ကြီးသည်ပြန်လာခဲ့၍၊ ငါတို့ဆရာသည် အဘယ်မှာနည်းဟု မေးသည်ရှိသော်၊ ရဟေ့သေလွန်ပြီဟု ကြားသိ၍၊ဆရာ၏ ရအပ်သောတရားကို မေးလိုက်ကြကုန်သလောဟု ဆိုသဖြင့်၊မေးလိုက်ပါကုန်၏ ဟု ပြောဆိုကုန်သည်ရှိသော်၊ငါတို့ဆရာသည် အဘယ်သို့ပြောဆိုသနည်းဟု မေး၏။

ဆရာသည် "နတ္ထိ ကိဉ္စိ"ဟု ပြောဆိုပါသည်။ ထိုသို့ပြောဆိုသောကြောင့်၊ငါတို့၏ဆရာသည် တစုံတခုမျှသောတရားကို မရချေတကားဟု အောက်မေ့၍၊ဆရာအား ပူဇော်သက္ကာရကို မပြုပါကုန်ဟု ဆိုကုန်၏။

သင်တို့အား ဆရာဆိုသော စကား၏အနက်ကို မသိကြကုန်။ ငါတို့၏ဆရာသည် အာကိဉ္စညာယတနသမာပတ်ကို ရတော်မူသည်ဟု ပြော၏။ ထိုရသေ့တို့သည် တပည့်ကြီးဖြစ်သောရသေ့က အဖန်ဖန်ပြောဆိုပါသော်လည်း မယုံကြည်ကြကုန်။ ဘုရားအလောင်း အာဘဿရဗြဟ္မာကြီးသည် ထိုအကြောင်းကိုသိ၍၊ အလွန်မိုက်ကုန်သောရသေ့တို့သည် ငါ၏တပည့်ကြီး၏စကားကို မမှတ်သားမယုံကြည်ကြကုန်။ ရသေ့တို့အား ထင်ရှားစွာ

ပြုပေအံ့ဟု ဖြဟ္မာ့ပြည်မှသက်ဆင်းလာခဲ့၍၊ ရသေ့တို့၏ကျောင်း/သိမ်ဝိမ်း ထိပ်အပြင်ဖြစ်သော အထက်ကောင်းကင်၌ ကြီးစွာသောတန်းခိုးအာနု- ဘော်ဖြင့်ရပ်တည်၍ တပည့်ကြီး၏ပညာအစွမ်းကို ချီးမွမ်းလိုရကား-

ပရောသဟဿံ ပိ သမာဂတာနံ၊
ကန္ဒေယျုံ တေ ဝဿသတံ အပညာ။
ဧကော ဝ သေယျော ပုရိသော သပညော၊
ယော ဘာသိတဿ ဝိဇာနာတိ အတ္ထံ။ ။

ဟူသောဤဂါထာကို ရွတ်ဆို၏။

**အနက်ကား**။ ။သမာဂတာနံ၊ အညီအညွတ် စည်းဝေးကုန်သော သူတို့၏။ပရောသဟဿံပိ၊ အထောင်အလွန်သည်လည်း။ စေသိယာ၊ အကယ်၍ဖြစ်ခဲ့ငြားအံ့။အပညာ၊ပညာကင်းမဲ့ကုန်သော။တေ၊ထိုတထောင် အလွန်ရှိကုန်သော ထိုသူတို့သည်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ကန္ဒေယျုံ၊ ငိုကြွေးမြည်တမ်း ကုန်ငြားအံ့။ အတ္ထံ ဝါ၊ အနက်ကိုရင်း။ ကာရဏံ ဝါ၊အကြောင်းကိုရင်း။နေဝဇာနေယျုံ၊မသိမထင်ကုန်ရာ။တသ္မာ၊ ထိုကြောင့်။သော ပုရိသော၊ အကြင်ယောက်ျားသည်။ ဘာသိတဿ၊ ဆိုအပ်သောစကား၏။အတ္ထံ၊ အနက်ကို ဝိဇာနာတိ၊ သိနိုင်၏ သပညော၊ ပညာရှိသော ဧကောဝ၊ တယောက်တည်း သာလျှင်ဖြစ်သော။ သော ပုရိသော၊ထိုယောက်ျားသည်၊ သေယျော၊တထောင်ရှိသော သူတို့ထက် မြင့်မြတ်၏။ ။ဤကားအနက်။

ဤသို့သောအခြင်းအရာဖြင့် ဘုရားအလောင်းဖြဟ္မာမင်းသည် ကောင်း ကင်၌ ရပ်တည်လျက်သာလျှင် တရားဟော၍၊ တပည့်အပေါင်းတို့ကို သိစေပြီးလျှင် ဖြဟ္မာ့ပြည်သို့ပြန်သွား၏။ထိုရသေ့တို့သည်လည်းအသက်၏ အဆုံး၌ ဖြဟ္မာ့ပြည်သို့ လားကုန်၏။

မြတ်စွာဘုရားသခင်သည် ဤသို့သောမွေ့ဒေသနာတော်ကို ဆောင်- တော်မူ၍။ချစ်သားရဟန်းတို့၊ ဤယခုအခါ သာရိပုတ္တရာသည် ထိုအခါက ရသေ့တပည့်ကြီးဖြစ်ဘူးပြီ။ ယခုအခါ ငါဘုရားသည်ပင်လျှင် ထိုအခါ အာဘဿရဖြဟ္မာကြီး ဖြစ်ဘူးပြီဟု ဇာတ်တော်ကိုပေါင်းရုံး၍၊ အကျယ် အားဖြင့် ဟောကြားတော်မူ၏။

[မြတ်စွာဘုရားသခင်သည် တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ သက်ဆင်းကြွတော်မူရန် သိကြားမင်းဖန်ဆင်းအပ်သော စောင်းတန်း၏ အရေးကို ပြဆိုရာ၌ ဤဓမ္မပဒအဋ္ဌကထာကြီးနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီးသည် အဆိုမညီညွတ်ကြ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာကြီး၌ အလယ်၌ ပတ္တမြားစောင်းတန်း, လက်ဝဲ၌ နတ်တို့သက်ဆင်းရာ ရွှေစောင်းတန်း, လက်ျာ၌ ဗြဟ္မာတို့သက်ဆင်းရာ ငွေစောင်းတန်းဟု မိန့်ဆိုလေသည်။ ယခုဤဝတ္ထုတော်ကြီးကျမ်းမှာမူကား အမှီပြုရင်းပဋ္ဌာန ဓမ္မပဒအဋ္ဌကထာကြီးအတိုင်း ရေးသားလိုက်ပါသည်၊ သည်းခံ၍ ကြည့်ရှုတော်မူကြပါစေသတည်း။]

ဓမ္မပဒဗုဒ္ဓဝင်၌ နှစ်ခုမြောက်ဖြစ်သော ဒေဝေါရောဟန
ဝတ္ထုစကားစဉ်ကား ဤတွင်ရွေ့ပြီး၏။

## “ဆရာတော်-အသျှင်စန္ဒိမာမှု”
## ဓမ္မပဒဝတ္ထုတော်ကြီး ၅-တွဲအနက်
## တတိယတွဲ ဤတွင်ရွေ့ပြီး၏။

---

### သတိပြုရန်။

[ဆရာတော် အသျှင်စန္ဒိမာမှု-ဓမ္မပဒဝတ္ထုတော်ကြီးသည်၊ ရဟန်း-ရှင်-လူ-ပြည်သူအများ နှစ်သက်ကြသဖြင့်၊ အချို့သောသူတို့က ထင်ယောင်ထင်မှား ရေးသား၍ အဟုတ်အမှန်ပြုလုပ်သည်များကို တွေ့ရှိရသောကြောင့် “ဆရာတော် အသျှင်စန္ဒိမာမှု”-စာအုပ်ကို သေသေချာချာကြည့်ရှု၍ ဝယ်ယူတော်မူကြပါကုန်။ အမှား ဝယ်မိမည်ကို စိုးရိမ်ခြင်း မကင်းရှိသဖြင့်၊ အထူးသတိပေး မှာကြားလိုက်ပါသည်။]